
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[illegible]

## သမ္ဗုဒ္ဓေဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသော ဥတ္တိ၊ သဗ္ဗ သတ္တုန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဗျဂ္ဃာန္တရာယော၊ ဂစ္ဆအမှမို ဩကာသေ တိဋ္ဌတိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ့နတ်ပြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းမယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျှက် . . .

မဂ္ဂဇင်း

အမှတ် (၂၀၈)၊ ၂၀၁၃ ခုနှစ်၊ မေလ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ထူးထူးခြားခြား ကံတလူဘုရား | မင်းဂုဏ် | ၅ |
| ၂။ | မြန်မာ့ရွှေတိဂုံ၊ သီရိလင်္ကာမှ မဟာစေတီ | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) | ၂၀ |
| ၃။ | နှင်းဦးမေတ္တာ လူတိုင်းမှာ | ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ ပါမောက္ခချုပ် | ၄၂ |
| ၄။ | မန္တန် | ကျိုက်လတ်သန်းထိုက်(LL.B) | ၄၇ |
| ၅။ | ရန်ကုန်မြို့လယ် သိမ်ကြီးဈေးအနီးရှိ ရှေးဟောင်းကျိုက်မြတ်သံချို ရဟန္တာမဟာသိမ်တော်ကြီး | တက္ကသိုလ်မျိုး | ၄၉ |
| ၆။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝေဒနာနုပဿနာရှုနည်း အလုပ်ပေးတရားတော် | ဓမ္မဒါန | ၆၂ |
| ၇။ | ကုသိနာရုံ အင်ကြင်းစုံ၌ ဗုဒ္ဓနောက်ဆုံးဟောကြားသော တရား | ပထမံဆရာကြီးဦးအောင်သူ | ၆၉ |
| ၈။ | သူဦး ကိုယ်ဦး ၃ မြွာပူး | ယောဆရာတော် | ၇၃ |
| ၉။ | ခေတ်ကောင်းတစ်ရာ ရွှေမြန်မာတရားတော် | မောင်ရဲလေး(ဟင်္သာတ) | ၈၀ |
| ၁၀။ | ဟင်္သာသို့ လွမ်းတော်မူလို့ စာကိုစီတယ် | တက္ကသိုလ်တင်ဟန်ကျော် | ၈၃ |
| ၁၁။ | ထူးမှထူး | အရှင်ဆန္ဒာဓိက | ၉၈ |
| ၁၂။ | ဥဏှိုသ သီသ လက္ခဏာတော်ကို ကြည်ညိုခြင်း | မောင်ဉာဏ်လင်း(တောင်ကုတ်) | ၁၀၄ |
| ၁၃။ | ပျက်အစဉ် ပြင်ခဏကို လက်ကမ်းကြိုဆိုကြည့်ခြင်း | ကိုအေးမင်း(ပဲခူး) | ၁၀၆ |
| ၁၄။ | အကုသိုလ်တရားကိုယ်နှင့် အကုသိုလ်တရား | မာမကာ(သုတေသီ) | ၁၁၀ |
| ၁၅။ | တောင်တန်းသာသနာပြု ဘဒ္ဒန္တကုသာရိယ (ကန့်ဘလူ)၏ သာသနာပြုခရီးနှင့် အနာဂတ်ခြေလှမ်းများ | မောင်ယဉ်ဝင်း(ဒေါ်ပုံ) | ၁၁၃ |
| ၁၆။ | မဟူရာည၏ ကြေကွဲရိပ် | အောင်သာကျော် | ၁၁၈ |
| ၁၇။ | စွဲလမ်းမှု၏ အနားသတ်မျဉ်း | ခွန်တင်မြင့် | ၁၂၃ |
| ၁၈။ | သားကောင်းမိခင်ကြီးတစ်ဦး အကြောင်း | ဒေါ်ကြည်ကြည်မြ(မြန်အောင်) | ၁၂၇ |
| ၁၉။ | စွဲလမ်းစိတ် | ကောင်းစံဟိန်း(ဖန်နေဝန်း) | ၁၃၄ |
| ၂၀။ | အယူခံမောင်ကျောက်တိုင်နှင့် ဖွတ်မရ ဓားမဆုံး | မောင်ကျောက်တိုင် | ၁၃၈ |
| ၂၁။ | နိုဥ | တိမ်ပျံဝင်းလက် | ၁၄၄ |
| ၂၂။ | အစကတည်းက ယဉ်သကို | မြမြလှိုင် | ၁၄၈ |
| ၂၃။ | ယုံကြည်မှုသည် အောင်မြင်ခြင်းကိုဖြစ်စေ | မင်းသိန်းကြည် | ၁၅၂ |
| ၂၄။ | မွေးမေကျေးဇူး အထူးသိကာ ပေးဆပ်လာမှ ချမ်းသာရ၏ | ယောဂီတိုးအောင် | ၁၅၅ |
| ၂၅။ | ဘယ်ပန်းချီ ရေးလို့မမီ | သစ္စာဦး(ဇေယျာမြေ) | ၁၅၈ |
| ၂၆။ | အရေးသုံးပါး | ညွှန့်မောင်ဦး | ၁၆၄ |
| ၂၇။ | နေမှုထိုင်မှု သတိပြုစေချင်နှင့် စဉ်းစားရမည့် ကွင်းဆက်များ | ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၁၆၈ |
| ၂၈။ | အန်ကူတန်၏ ကြောင်ရုပ်မဟူရာ | မောင်မောင်ကြီး(လှိုင်နယ်မြေ) | ၁၇၄ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒဏ္ဍာရီလေလား မြန်နန်းပုံရယ် | ရိုရိုငွေ | ၁၈၆ |
| နိဗ္ဗာန ပစ္စယနာဂရာဇာ ဆင်ဖြူတော် | စံ-ကောတု | ၁၉၁ |
| အမျိုးသား နိုင်ငံရေးသစ် | စိုးမြင့်သိန်း | ၁၉၆ |
| အရှင်တိဿနှစ်ပါး | ဆင်ဖြူကျွန်းအောင်သိန်း | ၂၀၂ |
| ထူးခြားဆန်းကြယ်သည့် ပတ္တမြားကြောင်မျက်ရှင် | စိန်နဝရတ် | ၂၀၆ |
| ငှန့်လျှင် စားရသည်ဆိုသော်လည်း | သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်) | ၂၀၈ |
| ခုနစ်နေ့သားသမီးများ | | |
| အမြဲတမ်း အဆောင်ပြုလုပ်ထားရန် | မင်းသုခ(မန်းတက္ကသိုလ်) | ၂၁၂ |
| မှန်းရက်ပါဘူး ငယ်ချစ်ဦး | အောင်ကြည်သန်း(ဇောင်တော်သီ) | ၂၁၃ |
| အစွဲအလမ်းကြီးသူ | ထွေး(မန်းတက္ကသိုလ်) | ၂၂၁ |
| သကြန်မိုးရေ တန်ခူးလေနဲ့ နွေဦးတေးသံ | လင်းပြည့်စုံ | ၂၂၄ |
| မေတ္တာတရား၏စေစားချက် | နေဝန်းနီ | ၂၃၂ |
| ကျေနပ်ပါတယ် အချစ်ရယ် | တွင်းကြီးသားတင်ဝင်းဦး | ၂၃၈ |
| ဆေးဖက်ဝင် သံပရာသီးနှင့် | | |
| ဂမ္ဘီရဓာတ်ဆင်ယတြာ | ဂမ္ဘီရဆရာလှမျိုး | ၂၄၅ |
| ဝန္ဒဝင်သူရဲကောင်းများ | ထန်းတပင်စန်းလွင် | ၂၄၈ |
| တစ်ခေါက်တစ်ခါ ဘိုးဘွားရိပ်သာသို့ | | |
| ရောက်ရာဝယ် | သာစည်အောင်တင် | ၂၅၇ |
| နဝရတ် သျှတ္တရဂမ္ဘီရ | ဆရာဦးခန့်ကျော် | ၂၆၁ |
| ကျွမြစ်ပေါ်မှ တံတားအမှတ် (၂၇၇) | လှမိုး(ပညာရေး) | ၂၆၈ |
| ဘားနတ်ပိဋကတ်တိုက် | ဓာတ်ပုံမောင်မောင်အေး | ၂၇၂ |
| အိပ်မက်ထဲက မွေးဌာနေ | စိန်ဝင်းမော် | ၂၇၃ |
| သီပေါမင်းရောင်းချခဲ့သော | | |
| အမေရိကန်နိုင်ငံရောက် တောင်းတစ်လုံး | နန်းပွင့်စံ(အင်းတော်လေး) | ၂၇၇ |
| သူတစ်ပုံဖြာ ဤကမ္ဘာ | ဖိုးရွှေလမင်း၊ မောင်ကောင်းယဉ် | ၂၈၀ |
| ငါးအရိုးမျက်သော် | မိုးစက်အဏ္ဏဝါ(ရောဝတီ) | ၂၈၈ |
| ဆေးကောင်းလျှင် တစ်စက် | အောင်ကို | ၂၈၈ |
| ဆောက်သန်းကင်းရေး ပြုလုပ်ပေး | နတ်မောက်ကောင်းမွန်မြင့် | ၂၈၉ |
| ခံတွင်းရန့် သင်းပျံ့စေဖို့ | နတ်မောက်မင်းသန့်နိုင် | ၂၈၉ |
| သေဖြတ်မှာကြောက်လို့ တွေးပူနေသူတွေအတွက် | | |
| ဆေးတစ်ခွက် | စနေဒေါင်း(တွင်းကြီး) | ၂၉၀ |
| မြင်းခွေးဆေးနဲ့ ညှင်းကင်းဝေးစေရေး | မိုးစက်အဏ္ဏဝါ(ရောဝတီ) | ၂၉၁ |
| နွားယား နွားချေပျောက် ဆေးမြီးတို | တင်ဝင်းနိုင်(ထမင်းဈေးမြို့) | ၂၉၁ |
| အမျိုးသမီးငယ်များနှင့် ခန္ဓာကိုယ်အလေးချိန် | | |
| လျှော့ချခြင်းပြဿနာ | ဘိုဒေ | ၂၉၂ |
| ကျော့ကျင့်ခန်းပြုလုပ်ရာတွင် | | |
| သင်းပြင်၏အရေးပါမှု | ဘိုဒေ | ၂၉၃ |







www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉။ | လေ့ကျင့်ခန်းအထောက်အကူပြု ပစ္စည်းကိရိယာ ရွေးချယ်ခြင်း ........ ဘိုခေ | ၂၉၄ |
| ၆၀။ | လိပ်ခေါင်းရောဂါ မဖြစ်အောင် ကာကွယ်နည်း ........ အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၉၅ |
| ၆၁။ | နှလုံးရောဂါရှင်များအတွက် နှလုံးသန်စွမ်း လေ့ကျင့်ခန်း ........ ရိုရိုငွေ | ၂၉၈ |
| ၆၂။ | ကျန်းမာရေးနှင့် ကာယလေ့ကျင့်ခန်း ........ တော်မြင့်(ငှက်ဖျား) | ၃၀၀ |
| ၆၃။ | အရှောင်အတိမ်း အိမ်ထောင်ရေး ........ လှတိုး(စိတ်ပညာ) | ၃၀၃ |
| ၆၄။ | အစားဆင်ခြင် ရောဂါစင် ........ ရေကျော်စိုးအောင် | ၃၀၆ |
| ၆၅။ | ရုတ်တရက် လေဖြတ်ခံရသော လူနာအတွက် သွေးဖောက်ပြီး အမြန်ပြန်လည် ကယ်ဆယ်ကုသနည်း ........ မောင်အင်တာနက် | ၃၀၇ |
| ၆၆။ | ပိုလန်နှင့် မနဲ့လေး ........ ဆွေရှိန်း(အင်ပူ) | ၃၀၈ |
| ၆၇။ | နတ္တလင်းမှာ အပြတ်ရှင်းခဲ့တဲ့ နမော်နမဲ့ခင်အကြောင်း ........ မောင်မောင်မိုးအောင် | ၃၁၀ |
| ၆၈။ | နောက်ဆုံးဆန္ဒ ပြည့်ဝသော်လည်း ........ တိုးခ | ၃၁၄ |
| ၆၉။ | နမော်နမဲ့ခင်ရဲ့ ဇာတ်ဇာတ်ကြွအသွင် ........ ဟန်သီလင် | ၃၁၈ |
| ၇၀။ | ကဲဟယ် ကဲဟယ် ........ ရွှေခင် | ၃၂၀ |
| ၇၁။ | ဗျို့ ကုန်းပေါ်က မိန်းမကြီးတွေ ........ ခင်ခင်အေး | ၃၂၂ |
| ၇၂။ | ဆရာသော်တာဆွေနှင့် မှန်ရာဇဝင် ........ သုဝဏ္ဏကျော်စိန် | ၃၂၄ |
| ၇၃။ | အဲဒီလူကြီး ........ စောနိုင်ထူး | ၃၂၆ |
| ၇၄။ | ဆည်းလည်းလေးများ ........ သဲသိမ့်သိမ့် | ၃၂၇ |
| ၇၅။ | ကာတွန်းကဏ္ဍ ........ ကလောင်စုံ | ၃၃၀ |
| ၇၆။ | ပြုံးရယ်ရယ်ဟား ဟာသများ ........ ကလောင်စုံ | ၃၃၄ |
| ၇၇။ | ဇာတ်ကြီးဆယ်ဘွဲ့ ပဟေဠိ ပေါ်တဲ့ပေဒင် ........ ကောင်းစံဟိန်း(ဖန်နေဝန်း) | ၃၃၆ |
| ၇၈။ | သူခေါ်ရင် လာပါ လာပါ ........ စောနိုင်ထူး | ၃၃၈ |
| ၇၉။ | လယ်တီဆရာတော်ဘုရားကြီး၏ အန္တရာယ်ကင်း တံဆိပ်တော်နှင့် လယ်တီတရားသတင်းစာ ........ ရှင်ဣန္ဒြေဘာသ | ၃၄၂ |
| ၈၀။ | မိန်းမတို့၏ကောင်းခြင်း ခြောက်ဆယ့်လေးရပ် ........ စိန်ဇောတိက | ၃၄၄ |
| ၈၁။ | နာညတြဂါထာအစွမ်း အံ့မခန်း ........ သက်ဟေမာ(သာကေတ) | ၃၄၇ |
| ၈၂။ | နာမည်သိလျှင် ဗေဒင်ဟောပါ ........ မိုးအောင်(ချောင်းဆုံ) | ၃၄၈ |
| ၈၃။ | မုဆိုးဖို မုဆိုးမ ဘာကြောင့်ဖြစ်ကြရသလဲ ........ ဆရာဦးအောင်မြိုင် | ၃၅၀ |
| ၈၄။ | ၂၀၁၃ ခုနှစ်၊ မေလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ ........ ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၅၃ |
| ၈၅။ | ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့် မေလ ဟောကိန်းများ ........ ဆရာဦးခန့်ကျော် | ၃၅၆ |



**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**
ညက်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ ၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုး
စိုးမြင့်လေး၊ စကျွ၊ ရဲရင့်နိုင်၊ ဒေါ်ဇော်ဇော်

**အတွင်းပလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထ
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလ
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင်

**အထွေထွေ**
အောင်ဝင်းသန့်၊ အောင်အောင်

**မန္တလေး**
ထွန်းဦးစာပေ

**အုပ်ရေ**
၁၀၀၀

**ရောင်းဈေး**
၂၁၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com



ကံတလူ ဆုတောင်းပြည့်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား ကံတလူဘုရား

မင်းဝဏ်

[illegible] ဝေဘူမဆေခံမြတ်ကြီး ပရိနိဗ္ဗာန် ပြုတော်မူခဲ့ရာ [illegible] အဖွဲ့မြှုရင်း အလောင်းတော် [illegible] ဘုရ်ကာ ထင်ရှားကျော်ကြားလျက် [illegible] စိတ်အေးချမ်းသာစွာ စာရေးသူတို့ [illegible]ခဲ့ကြရာ ညနေပိုင်းတွင် Win Unity [illegible] သို့ [illegible]ရောက်ရှိခဲ့ကြသည်။

[illegible] သို့ဟိုတယ်နှင့် မျက်စောင်းထိုးတွင်ရှိသော [illegible]ဆိုင် "Golden Orange Restaurant" [illegible] ပေါ့ပေါ့ပါးပါးပိုင်းဖွဲ့ကာ စားသုံးခဲ့ကြပြီး ဟိုတယ်သို့ [illegible] ညအိပ်အနားယူခဲ့ကြသည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် ဟိုတယ်မှ တည်ခင်းဧည့်ခံ ကျွေးမွေးသည့် နံနက်စာကို မြိန်ရှက်စွာ သုံးဆောင်ခဲ့ကြပြီး စစ်ကိုင်းမြို့သို့ ထွက်ခွာခဲ့ကြသည်။

ထိုကဲ့သို့ ထွက်ခွာခဲ့ကြရာတွင် ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကံတလူအရပ်ရှိ "ကံတလူ မဟာအောင်မြေစေတီတော်" သို့ ရောက်ရှိခဲ့ကြသည်။ ကံတလူဘုရားသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဖြတရော်ကျေးရွာအုပ်စု စစ်ကိုင်း-မုံရွာ အဝေးပြေးကားလမ်းမကြီး၏ တောင်ဘက်တွင် ရှိသည်။ စစ်ကိုင်းမြို့နှင့် ၁၂ မိုင် ကွာဝေးသည်။

သက္ကရာဇ် ၈၀၄ ခုနှစ်တွင် တောင်တွင်းမင်းသီရိဇေယျသူရ တည်ထားတော်မူခဲ့သည်။ ထို့နောက် အင်းဝဘုရင် နရပတိပဝရ မဟာဓမ္မရာဇာဓိပတိမင်းကြီးက ပြုပြင်မွမ်းမံခဲ့သည်ဟု ဆိုသည်။

ကံတလူဘုရားဟူ၍ ယခင်က တစ်စွန်းတစ်စ ကြားဖူးနားဝရှိခဲ့ဖူးသော်လည်း ကြားဖူးရုံမျှသာ။ "ကံတလူ" ဟူသော ဘွဲ့မည်တော်သည်ပင် စိတ်ဝင်စားဖွယ် ကောင်းနေသည်။ ထိုစဉ်က နိုင်ငံတော်အကြီးအကဲများကပင် ထိုဘုရားစေတီကို တည်ခဲ့သယောင်နှင့် "နာလန်မထူရင် ကံတလူကိုသွား" ဟူသော တစ်ဆင့်စကား ပြောဆိုသံများလည်း ပေါ်ထွက်ခဲ့ဖူးသည်ကို မှတ်သားမိခဲ့ဖူးသည်။




စစ်ကိုင်းသို့ မထွက်ခွာမီ Win Unity Hotel တွင် စာရေးသူတို့ဘုရားဖူးအဖွဲ့ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com




စာရေးသူတို့ တည်းခိုခဲ့သည့် Win Unity Hotel အလှမြင်ကွင်း



Win Unity Hotel ရှိ ရေကူးကန်



ကံတလူဘုရားရှေ့ ဈေးဆိုင်တန်း

ထိုကဲ့သို့စိတ်ဝင်စားဖွယ်ကောင်းသော စေတီတော်သို့ သခုမှပင် ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် ဖူးမြင်ခွင့်ကြုံရပေပြီ။

စေတီတော် ပရိဝုဏ်ရှေ့တွင် ကျယ်ဝန်းသည့် ယာဉ်ရပ်နားရန် နေရာရှိပြီး ဒေသထွက်ပစ္စည်းများ၊ ဘုရားတွင်




ဂန္ဓကုဋိတိုက် အဝင်မြင်ကွင်း

ကပ်လှူပူဇော်ရန် လှူဖွယ်ပစ္စည်းများရောင်းချသည့် ဈေးဆိုင်တန်းများလည်းရှိသည်။

စာရေးသူတို့အဖွဲ့နှင့် မရှေးမနှောင်းပင် အခြားဘုရားဖူးအဖွဲ့ကားများလည်း တစ်စီးပြီးတစ်စီး ဆိုက်ရောက်လာကြသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ဘုရားဖူးခရီးသွား ကားကြီးများ ဆိုက်ရောက်လာကြပြီး ခရီးသွားများ ကားပေါ်မှ ဆင်းလိုက်သည်နှင့် အပြေးအလွှား ရောက်ရှိလာကြသည်က လှူဖွယ်ပစ္စည်းရောင်းသည့် ဈေးသည်များ။

အောင်အိုး ဟုခေါ်သော ထီး၊ တံခွန်၊ ကုက္ကား၊ သာသနာ့အလံတော်လေးများနှင့်တကွ အောင်သပြေပန်းများ စိုက်ထိုးထားသည့် ပန်းအိုးလေးများ ကိုယ်စီကိုင်ကာ ရောင်းချလာကြသည်။ ဤအောင်အိုးလေးများကို ကံတလူဘုရားတွင် အဓိဋ္ဌာန်ပြုကာ လှူဒါန်းပူဇော်ပါက ကံကောင်း၊ ကံမြင့်၊ ကံပွင့်လာကာ ကံတလူလူလွှင့်လျက် လိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြောင်းလည်း ယင်းတို့၏ဆိုစကား ကြားသိခဲ့ရသည်။

ကံတလူလူလွှင့်ကာ ကံပွင့် ကံမြင့်လိုသူ ဘုရားဖူးအများစုမှာလည်း ထိုပန်းအိုးလေးများကို အပြိုင်အဆိုင်ပင် ဝယ်ယူနေကြသဖြင့် လတ်တလောအားဖြင့် ရောင်းပန်းပွင့်ကာ ကံမြင့်နေကြသူများမှာ ထိုဈေးသည်လေးများ ဖြစ်နေသည်ကို ကြည့်ရင်း ရောင်းသူဝယ်သူ အသံတူကာ ကြည်ဖြူဆန္ဒပြည့်ဝနေကြသည့် မြင်ကွင်းအပေါ် မုဒိတာပွားမိခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားတော်ကြီး၏မျက်နှာတော်အား အနီးကပ်ဖူးတွေ့ရပုံ







ဂန္ဓကုဋိတိုက်အတွင်း စံပယ်တော်မူလျက်ရှိသော
ဘူမိဖဿမုဒြာရုပ်ပွားတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ကံတလူတုရား
ဂန္ဓကုဋိတိုက် မြင်ကွင်း




ထိုပန်းအိုးလေးများ ကိုယ်စီကိုင်ကာ ကံတလူဘုရားအတွင်းသို့ ပြုံးပျော်ကြည်နူးစွာ ဝင်ရောက်နေကြသည့် ဘုရားဖူးများနည်းတူ စာရေးသူလည်း ဇနီးဖြစ်သူ ဝယ်ယူပေးလာသည့် ပန်းအိုးလေးကိုကိုင်ကာ ဘုရားအတွင်းသို့ ဝင်ရောက်ဖြစ်ခဲ့သည်။

စေတီတော်မှာ လိုဏ်ပုံသဏ္ဌာန် တည်ဆောက်ထားပြီး ဝင်ပေါက်မျက်နှာစာတွင် တံကဲပုံ ကနုတ်ပန်းဖော် မြန်မာမှုအနုလက်ရာများဖြင့် လှပတင့်တယ် ရှုချင်စဖွယ် ခြယ်မှုန်းထားသည်။ ဝင်ပေါက်ဝဲယာ တစ်ဖက်တစ်ချက်တွင် သံဃာတော် နှစ်ပါးစီတို့က ဘုရားရှင်အား ကြာပန်းဖြင့် ပူဇော်နေဟန် မတ်ရပ်ရုပ်တုတော်များ ထုဆစ်ပုံဖော်ထားရှိသည်ကို ထူးထူးခြားခြား တွေ့ရသည်။

ထို့ထက်ပို၍ ထူးခြားသည်မှာ ရုပ်တုတော်များကိုယ်ပေါ်တွင်စလွယ်သိုင်းကာ ဆွဲပေးထားသည့် ဇရာမပုတီးကုံးကြီးများပင်။

ဝင်ပေါက်မျက်နှာစာတွင် "ကံတလူဘုရား" ဟူသော အဝါရောင် ကမ္ပည်းစာလုံးက ပေါ်လွင်ထင်ရှားလျက်ရှိသည်။ ထိုမျက်နှာစာ အတွင်းဘက်သို့ ဝင်ရောက်လိုက်သည်နှင့် လိုဏ်ဂူအတွင်းရှိ မှန်စီရွှေချ ဂန္ဓကုဋိတိုက်အတွင်းဝယ် စံပယ်တော်မူလျက်ရှိသော ကျောက်ဆင်းတု ဘူမိဖဿမုဒြာ ရုပ်ပွားတော်ကြီးကို ကြည်ညိုဖွယ်ရာ ဖူးတွေ့လိုက်ရသည်။

မတူညီသည့် မြင်ကွင်းနှစ်ခုပေါ်တွင် အခြေခံကာ မတူညီသော ခံစားချက်နှစ်ခု စာရေးသူ၏ ရင်တွင်း၌ တစ်ခုပြီးတစ်ခု ခံစားလိုက်ရသည်ကို သတိထားမိလိုက်သည်။



ဈေးသည်ဈေးဝယ် မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဝင်ခေါ်တံခါးဦး



ရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အအုံ
ထစ်စီတိတစ်ဒေသ မြင်ကွင်း

[illegible]ကြီးများ စလွယ်သိုင်းကာ ဆွဲပေးထား [illegible] မြင်တွေ့ရသည့် ခံစားချက်နှင့် [illegible] ထုတ်ဖော်မပြောလိုတော့ပြီ။

[illegible]ရာ ဘူမိဖသမုဒြာရုပ်ပွားတော်ကြီးအား [illegible]ရသည်တွင်မူ အလောင်းတော်သိဒ္ဓတ္ထ ဘုရား [illegible] ရောက်ရှိတော်မူခဲ့ပုံကို ပြန်လည်ပုံဖော် စဉ်းစားရင်း [illegible]ဝဏ်တော် ကျေးဇူးတော်တို့ကို မှတ်မှတ်ထင်ထင် [illegible]ကာ ကြည်ညိုပူဇော်ဖြစ်ခဲ့သည်။

အလောင်းတော်သိဒ္ဓတ္ထသည် လူသာမန်တို့ ကျင့်နိုင်ခဲ့သော ဒုက္ကရစရိယာကျင့်စဉ်ကို ခြောက်နှစ်တိုင် ကျင့်ကြံပွားများ အားထုတ်တော်မူခဲ့သော်လည်း သံသရာထွက်ရပ်လမ်းကို မြင်တော်မမူသဖြင့် ထိုကျင့်စဉ်ကို ပယ်စွန့်ကာ "မဇ္ဈိမပဋိပဒါ" ခေါ် အလယ်အလတ် လမ်းစဉ်ကို ကျင့်သုံးဆောက်တည်ရန် ဆုံးဖြတ်တော်မူခဲ့သည်။

အလယ်အလတ် လမ်းစဉ်ကို ကျင့်သုံးရန် ခန္ဓာကိုယ်အင်အားရှိမှ ဖြစ်နိုင်မည်ကို ဆင်ခြင်တော်မူမိသည်နှင့် ဆွမ်းခံကာ အစာအာဟာရကို ပြန်လည်မှီဝဲတော်မူခဲ့သည်။ ထိုအခါ ဒုက္ကရစရိယာ ကျင့်ခဲ့စဉ်က အနီးကပ် အလုပ်အကျွေး ပြုစုခဲ့ကြသည့် ပဉ္စဝဂ္ဂီတို့သည် အလောင်းတော်အား စိတ်ပျက်အားလျော့ကာ မိဂဒါဝုန်သို့ ထွက်ခွာသွားကြလေသည်။

အလောင်းတော်သိဒ္ဓတ္ထသည် အလယ်အလတ်ကျင့်စဉ်၏ အခြေခံဖြစ်သော အာနာပါနကျင့်စဉ်ကို ပွားများအားထုတ်တော်မူခဲ့ရာ ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်များ ပြန်လည်ပေါ်ထွန်းလာခဲ့ပြီး စတုတ္ထအရူပဈာန်ခေါ် နေဝသညာနာသညာယတနဈာန်ကို ရရှိတော်မူခဲ့လေသည်။

အလောင်းတော်သိဒ္ဓတ္ထသည် ဥရုဝေလ တောအနီးရှိ သေနနိဂုံးရွာသို့ ဆွမ်းခံကြွလေ့ရှိသည်။ ထိုရွာတွင် နေထိုင်သော သုဇာတာအမည်ရှိ သူဌေးသမီးသည်လည်း မိမိတောင်းသည့်ဆု ပြည့်ခဲ့သဖြင့် ကဆုန်လပြည့်နေ့ ရောက်လေတိုင်း ထိုရွာရှိ ညောင်ပင်စောင့် ရုက္ခစိုးနတ်မင်းအား နှစ်စဉ်သွားရောက် ပူဇော်ပသလေ့ရှိသည်။

ယခုအကြိမ် ကဆုန်လပြည့်နေ့တွင် အလောင်းတော်သိဒ္ဓတ္ထသည် ထိုရွာရှိ ညောင်ပင်အောက်၌ တောက်ပသောကိုယ်ရောင်ကိုယ်ဝါဖြင့် ထိုင်နေတော်မူစဉ် သုဇာတာသည်





စေတီတော်ရင်ပြင်ပေါ်ရှိ သာသနိကအဆောက်အအုံများ



www.burmeseclassic.com

www.burmeseclassic.com

သည်း တိုက်ဆိုင်စွာပင် ထိုညောင်ပင်သို့ ရောက်ရှိလာခဲ့သည်။ သုဇာတာသည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ဈာန်ဝင်စားတော်မူလျက်ရှိသော အလောင်းတော်သိဒ္ဓတ္ထအား မြင်တွေ့လိုက်သည်တွင် ရုက္ခစိုးနတ်မင်းကိုယ်တိုင် အပူဇော်ခံသည်ဟု အောက်မေ့လျက် ရွှေခွက်နှင့်တကွသော ယနာနို့ဆွမ်းကို ဆက်ကပ်လှူဒါန်းခဲ့လေသည်။

အလောင်းတော်သည် သုဇာတာလှူဒါန်းသည့် ယနာနို့ဆွမ်းကို ၄၉ လုတ် ဘုဉ်းပေးတော်မူခဲ့ပြီးနောက် နေရဉ္ဇရာမြစ်သို့ ချဉ်းကပ်တော်မူကာ "ယနေ့ ငါ ဘုရားဖြစ်မည် မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေသတည်း"ဟု အဓိဋ္ဌာန်ပြုလျက် မြစ်ရေ၌မျှောလိုက်ရာ ရွှေခွက်သည် ရေညာသို့ အတောင်ရှစ်ဆယ်ခန့် ဆန်တက်ပြီးနောက် နစ်မြုပ်၍ သွားလေသည်။

ထို့နောက် အလောင်းတော်သည် နေရဉ္ဇရာမြစ်ကမ်းအနီး အင်ကြင်းတော၌ နေ့သန့်တော်မူကာ သတိပဋ္ဌာန်တရားကို ရှုပွားတော်မူလေသည်။ ညနေခင်းတွင် ဗောဓိညောင်ပင်ရှိရာအရပ်သို့ ကြွတော်မူရာလမ်း၌ မြက်ထမ်းသမား သောတ္ထိယ လှူဒါန်းသော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့သည်။ ဘုရားအလောင်းတော်သည် ဗောဓိပင်ခြေသို့ဝင်ကာ လက်ယာရစ်သုံးပတ်ပတ်ပြီးလျှင် ထိုမြက်ရှစ်ဆုပ်ကို ဖြန့်ခင်းတော်မူလိုက်ရာ အလွန်တရာ ဆန်းကြယ်လှစွာသော "အပရာဇိတရတနာပလ္လင်တော်" ပေါ်ထွန်းလာလေသည်။

ဘုရားအလောင်းတော်သည် ဗောဓိပင်ကို ကျောပေးလျက် အရှေ့အရပ်သို့ မျက်နှာမူကာ ဗောဓိပင်ခြေရှိ ရတနာပလ္လင်တော်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူပြီးလျှင် "အရေအကြော အရိုးတို့သာ ကြွင်းကျန်၍ အသားအသွေးတို့ ခြောက်ခန်းသွားပါစေ ဘုရားမဖြစ်သမျှ ဤတင်ပျဉ်ခွေကို ငါ မဖျက်တော့အံ့" ဟု ခိုင်မြဲစွာ အဓိဋ္ဌာန်ပြု၍ ထိုင်တော်မူလျက် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ စတုတ္ထဈာန် ဝင်စားနေတော်မူလေသည်။

ထိုအခါ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်သည် နတ်မိုက်နတ်ဆိုး အမျိုးမျိုးသော နတ်မိစ္ဆာအသင်းအပင်းများကို စုရုံးလျက် အလောင်းတော်ထံမှောက်သို့ နတ်စစ်တပ်ကြီးဖြင့် ချီတက်ရောက်ရှိလာလေသည်။ မာရ်နတ်သည် ဂိရိမေခလာဆင်ကြီးကို စီးလျက် လက်ရုံးပေါင်းတစ်ထောင် ဖန်ဆင်းကာ လက်ရုံးတစ်ဖက်လျှင် လက်နက်တစ်မျိုးစီ ကိုင်ဆောင်ထားသည်။

မာရ်နတ်စစ်တပ်ကြီးမှာ ရှေ့၌ ၁၂ ယူဇနာ၊ လက်ယာဘက်၌ ၁၂ ယူဇနာ၊ လက်ဝဲဘက်၌ ၁၂ ယူဇနာ၊ အထက်၌ ၉ ယူဇနာမြင့်၍ နောက်ဘက်၌ စကြဝဠာတိုက် အဆုံးတိုင်ပင် များပြားလှသည်။ ကြိမ်းမောင်းကြွေးကြော် ဟစ်အော်သံများသည်လည်း ကမ္ဘာပျက်သကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှသည်။ မာရ်နတ်သည် ဘုရားအလောင်းတော်အား မုန်တိုင်းလက်နက်၊ ရေအဟုန်လက်နက်၊ ကျောက်ခဲမိုးလက်နက်၊ ဓားမိုးလှံမိုးလက်နက်၊ မီးကျီးမိုးလက်နက်၊ ပြာပူမိုးလက်နက်၊ သဲပူမိုးလက်နက်၊ ညွန်ပူမိုးလက်နက်၊ အမိုက်မှောင်လက်နက်ဟူသော ပြင်းထန်လှသည့် လက်နက်ကြီး ကိုးပါးတို့ဖြင့် တိုက်ခိုက်သည့်တိုင် သက်ရောက်မှု တစ်စုံတစ်ရာ မရှိသဖြင့် မာရ်နတ်သည် ဥက္ကာခဲကြီးများကို ကျစေသည်။ စကြဝဠာတစ်ခွင်လုံး အခိုးများဖုံးနေစေသည်။ မိုးကြိုးပေါင်း ထောင်နှင့်ချီကာ ပစ်လွှတ်သည်။

နောက်ဆုံးတွင် အလောင်းတော်၏ ဦးခေါင်းတော်ကို ချိန်ရွယ်ကာ စက်လက်နက်ဖြင့် ပစ်လွှတ်လေသည်။ စက်လက်နက်၏ အစွမ်းကား မြေပြင်ကိုပစ်လွှတ်လျှင် ၁၂ နှစ်တိုင် မြက်ပင်မျှ မပေါက်နိုင်တော့။ ကောင်းကင်သို့ ပစ်လွှတ်လျှင် ၁၂ နှစ်တိုင် မိုးရေတစ်ပေါက်မျှ မကျနိုင်တော့။ မြင်းမိုရ်တောင်ကို ပစ်လျှင် မြင်းမိုရ်တောင် နှစ်ခြမ်းကွဲနိုင်သည်။ ထိုစက်လက်နက်သည် အလောင်းတော်ထံသို့ ရောက်သည်တွင်မူ ခြေတော်ရင်း၌ ခြေသုတ်ကြိုးဝန်းပမာ ခွေလျက်သား ကျရောက်လျက်သာ ရှိချေတော့သည်။

မာရ်နတ်သည် လက်နက်မျိုးစုံ အကုန်သုံးကာ အစွမ်းကုန် တိုက်ခိုက်သည့်တိုင် လုံးဝထိရောက်မှု မရှိသဖြင့် ကြီးစွာအရှက်ရလျက်ရှိရာမှ စကားဖြင့် အနိုင်ယူရန် "ဗောဓိပင်နှင့် ရွှေပလ္လင်ကား မာရ်နတ်ပိုင်သည်ဖြစ်၍ ချက်ချင်း ထွက်ခွာဖယ်ရှားပေးလော့" ဟု ဘုရားအလောင်းအား တောင်းဆိုလေသည်။ မာရ်နတ်ဘက်တော်သား မာရ်စစ်သည်အပေါင်းတို့ကလည်း ရှေ့နောက်ဝဲယာ ဝိုင်းရံကြလျက် ဗောဓိပင်နှင့် ရွှေပလ္လင်ကို မာရ်နတ်သာ ပိုင်ဆိုင်ကြောင်း တစ်ခဲနက်ဟစ်အော်ကာ သက်သေခံကြသည်။

ဘုရားအလောင်းတော်မှာမူ သက်သေခံမည့်သူ တစ်စုံတစ်ယောက်မျှမရှိသဖြင့် သဗ္ဗညုတဉာဏ်တော်၏အထောက်အပံ့ဖြစ်သော ဤဗောဓိပင်နှင့် ရွှေပလ္လင်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီတော်ဆယ်ပါး အပြားသုံးဆယ် ဖြည့်ဆည်းခဲ့သည်ကို "သင်မဟာပထဝီမြေကြီး သိသည်မဟုတ်ပါလော" ဟု လက်ယာလက်တော်ဖြင့် မဟာပထဝီမြေကြီးကို သက်သေညွှန်းတော်မူလေသည်။

ထိုအခါ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါလည်ပတ်လျက် သည်းထန်စွာ တုန်ခါမြည်ဟည်းလေသည်။ မဟာပထဝီမြေကြီး၏ တုန်ခါမြည်ဟည်းသံကြောင့် မြင်းမိုရ်တောင်နှင့် တောင်စဉ်ခုနစ်ထပ်၊ ဟိမဝန္တာတောင်တို့သည်လည်း တုန်ခါမြည်ဟည်းကြကုန်သည်။

ကောင်းကင် တစ်ခွင်တစ်ပြင်လုံးမှာလည်း မီးပေါက်မီးပွားများ ဖြစ်ပေါ်လျက် ကြောက်မက်ဖွယ်ရာ အသံများ




www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်ပေါ် တွင် ဖူးတွေ့ရသည့် စျာနစခြာ ရုပ်ပွားတော်



ရင်ပြင်တော်ပေါ် တွင် ဖူးတွေ့ရသည့် နဂါးရုံဘုရား ရုပ်ပွားတော်

ထစ်ချုန်းမြည်ဟည်းကာ ထောင်ပေါင်းများစွာသော မိုးကြိုးများ ကျလာကုန်သည်ဖြစ်ရာ မာရ်နတ်နှင့်တကွ မာရ်စစ်သည် အပေါင်းတို့သည် အားထားကိုးကွယ်ရာမဲ့လျက် ကြောက်လန့်တကြား ခြေဦးတည့်ရာ ဖရိုဖရဲ တကွဲတပြား ပြေးလွှားရှောင်ခွာကြလေတော့သည်။ ဤသို့ဖြင့် ဘုရားအလောင်းတော်သည် နေမဝင်မီ ဒေဝပုတ္တမာရ်ခေါ် မာရ်နတ်ရန်ကို အောင်မြင်တော်မူခဲ့သည်။

မဟာပထဝီမြေကြီးအား သက်သေပြုကာ မာရ်နတ်ရန်ကို အောင်မြင်တော်မူခဲ့ပုံ ဖော်ညွှန်းသည့် ဘူမိဖဿမုဒြာ ရုပ်ပွားဆင်းတုတော်ကြီးကို မြတ်မြတ်နိုးနိုး ရှိခိုးပူဇော်ပြီးနောက် ရုပ်ပွားတော်ကြီး ရှေ့တော်မှောက်ရှိ ပန်းတင်ခုံပေါ်တွင် အစီအရီ ရှိနေကြသည့် ထီး၊ တံခွန်၊ ကုက္ကား၊ သာသနာ့အလံလေးများနှင့်တကွ အောင်သပြေပန်းများ ပါဝင်သော ပန်းအိုးလေးများနှင့် အလားတူ စာရေးသူ ယူဆောင်လာသည့် ပန်းအိုးလေးကိုလည်း သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ရည်စူးကာ လှူဒါန်းပူဇော်ဖြစ်ခဲ့သည်။ ထိုဂန္ဓကုဋိတိုက် အတွင်းဝယ် **Split Type** လေအေးပေးစက်တစ်လုံး တပ်ဆင်ထားသည်ကို တွေ့ရသဖြင့် ထိုကုသိုလ်ရှင်၏ လှူဒါန်းမှုကိုလည်း ဝမ်းမြောက်နုမော် သာဓုခေါ်မိခဲ့သေးသည်။

ထို့နောက် ဂန္ဓကုဋိတိုက်တော်အတွင်းမှ ထွက်ခဲ့ကြပြီး စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ဖူးမြော်ခဲ့ကြရာ စေတီတော်အနောက်ဘက်တွင် အောင်မြေစေတီတော်ကို ဖူးတွေ့ရသည်။ ထိုအောင်မြေစေတီတော်၏ အပြင်ဘက် နံရံကပ်လျက်တွင် "ကံတလူ မဟာအောင်မြေ စေတီတော်မြတ်ကျောက်စာ" ဟူ၍ ခေါင်းစီးရေးထိုးထားသည့် ကမ္ပည်းကျောက်စာတစ်ချပ်ကို တွေ့ရသည်။


ထိုကျောက်စာတွင် ရေးထိုးထားချက်များအရ စေတီတော် ဒါယကာ၊ ဒါယိကာမတို့မှာ ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်မို့မို့မြင့်အောင် (ရုပ်ရှင်သရုပ်ဆောင်)တို့ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်း အေးချမ်းသာယာဝပြောစည်ပင်စေရန် ရည်သန်၍လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် မိုးတင်းနေထိုင်ကြကုန်သောလှည်းနေလေ့အောင်း မြင်းဖောင်းမကျန် ရဟန်းရှင်လူ ပြည်သူအများတို့ စည်းစိမ်ဥစ္စာ ရတနာများ ကြွယ်ဝပြည့်ဖြိုး အလျှံပယ်တိုးပွားစေရန် ရည်သန်၍လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိ ခုနစ်ရက်သားသမီးအားလုံး မိမိတို့၏ လိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပြီး ကိုယ်စိတ်နှစ်ပါးထာဝရပျော်ရွှင် ချမ်းမြေ့စေရေး ရှေးရှုလျက်လည်းကောင်း ဤမဟာအောင်မြေ စေတီတော်မြတ်ကို တည်ထားလှူဒါန်းကိုးကွယ်ကြောင်း သိရသည်။ ကျောက်စာ ရေးထိုးသည့်ကာလမှာ ကောဇာသက္ကရာဇ် ၁၃၅၃ ခုနှစ် ကဆုန်လပြည့်နေ့ စနေနေ့ ခရစ်နှစ် ၁၉၉၁ ခုနှစ် ဧပြီလ ၂၇ ရက် စနေနေ့ ဟူ၍ ဖော်ပြထားသည်။






www.burmeseclassic.com

www.burmeseclassic.com



မဟာအောင်မြေစေတီ



ထံတလူ မဟာအောင်မြေ စေတီတျောက်စာ

ရှစ်မြှောင့်ပုံ ဖိနပ်တော်ပေါ်ရှိ အုတ်တိုက်လိုဏ်ပေါ်တွင် စေတီငယ်တည်ထားပြီး ထိုအုတ်တိုက်အလယ်တွင် အောင်မြေထားရှိသည်ကို တွေ့ရသည်။ စေတီတော်လိုဏ်အတွင်းသို့ ဝင်ပေါက်ရှစ်ပေါက်ရှိပြီး အတွင်းပတ်လမ်းတွင် ဝင်ပေါက်လေးပေါက်ရှိသည်။ အတွင်းပတ်လမ်းဝင်ပေါက်ဝဲယာတစ်ဖက်တစ်ချက်တွင် အချိုးအစားကျနလှပတင့်တယ်သည့် နတ်ရုပ်တုတစ်ခုစီရှိသည်။ အတွင်းနံရံများ တိုင်များကို မှန်စီရွှေချ အနုလက်ရာများဖြင့် ခြယ်မှုန်းထားသည်။ အောင်မြေအလယ်တည့်တည့်တွင် အလှူခံပုံး ထောင်ထားသည်ကို တွေ့ရသည်။ ကံတလူပန်းအိုးလေးများကိုကိုင်ကာ အဓိဋ္ဌာန်ပြုပြီး အောင်မြေကို လက်ယာရစ်ပတ်ကာ ဆုတောင်းပါက ဆုတောင်းပြည့်ပြီး ထိုထီး၊ တံခွန်၊ အောင်သပြေပန်း စသည်တို့ကို အိမ်တွင်ထားရှိပါက ကံမြင့်၊ ကံပွင့်ကာ ကံကောင်းသည်ဟုဆိုသဖြင့် ထိုအတိုင်း လိုက်နာဆောင်ရွက်နေသူများကို တွေ့ရပြီး အချို့မှာမူ ပန်းအိုးများကို ဘုရားရုပ်ပွားတော်ရှေ့ရှိ ပန်းတင်ခုံပေါ်တွင်သာ လှူဒါန်းသွားကြသည်ကိုလည်း တွေ့ရသည်။

ကံတလူဘုရားရှေ့သို့ စတင်ရောက်ရှိစဉ်ကပင် လက်ယာဘက်ခြမ်း၌ အရှင်ဥပဂုတ္တ မင်္ဂလာရေကန်တော် ဟူသော နှုတ်ဖူးစီးစာတန်းကြီးကို တွေ့ခဲ့ရသည်။ ထိုမင်္ဂလာရေကန်တော်ကြီးမှာ ဘုရားပရိဝုဏ်အတွင်းဝယ် ကွန်ကရစ်ကန်ပေါင်တို့ဖြင့် ခိုင်မာသပ်ရပ်စွာတည်ဆောက်ထားပြီး ထိုကန်တော်အတွင်းရှိ စံကျောင်းတော်အတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသော အရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ် ရုပ်တုတော်ကိုလည်း ဖူးတွေ့ရသည်။

ထိုကန်ပေါင်အနီးတွင် နဂါးရုံရုပ်ပွားတော် တစ်ဆူကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ ထိုနဂါးရုံရုပ်ပွားတော်ကို ဖူးမြော်ရင်းမှ နဂါးရုံရုပ်ပွားတော် ထုလုပ်ပူဇော်ဖြစ်ခဲ့ပုံကို ပြန်လည်ပုံဖော် စဉ်းစားနေမိသည်။


အလောင်းတော်သိဒ္ဓတ္ထသည် သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နေမဝင်မီတွင် မဟာပထဝီမြေကြီးအား သက်သေပြုကာ မာရ်နတ်ရန်ကို အောင်မြင်တော်မူခဲ့ပြီးနောက် ထိုနေ့ ညဉ့်ဦးယံတွင် ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံတွင် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံတွင် အာသဝက္ခယဉာဏ်တော်တို့ကို ရရှိပိုင်ဆိုင်တော်မူကာ ကိလေသာရန်အပေါင်းကို ထောင်ထောင်ညက်ညက် ကျေစေလျက် သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် သုံးလူထွတ်ထားဘုရားအဖြစ်ကို ရတော်မူခဲ့သည်။

ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပြီးသည်တွင် ဘုရားရှင်သည် အပရာဇိတပလ္လင်တော်ထက်ဝယ် အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက် ဖလသမာပတ် ဝင်စားတော်မူကာ ခုနစ်ရက်တိုင်တိုင် စံပယ်တော်မူလေသည်။ ဘုရားဖြစ်တော်မူပြီးနောက် ပလ္လင်တော်ထက်ဝယ် ပထမဦးဆုံး ခုနစ်ရက်တိုင်တိုင် စံပယ်တော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




မင်္ဂလာရေကန်တော်အတွင်းရှိ ရှင်ဥပဂုတ္တရုပ်တုတော်



မဟာအောင်မြေစေတီတော်အတွင်း မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ရှင်ဗုဒ္ဓစင်္ကြံတော်ရာစေတီတော်

ဤပထမသတ္တာဟကို ပလ္လင်္ကသတ္တာဟဟုခေါ်သည်။

ထိုကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ် ပလ္လင်တော်ပေါ်တွင် စံပယ်တော်မူနေသည်ကို ပလ္လင်တော်ပေါ်၌ တပ်မက်မှု ရှိသေးသည်ဟူသော နတ်ဗြဟ္မာတို့၏ ယုံမှားမှုကို ပယ်ခွာရန် အရဟတ္တဖိုလ် သမာပတ်မှ ထတော်မူကာ ကောင်းကင်သို့ ပျံတက်၍ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့သည်။ ထို့နောက် ဗောဓိပင်၏ အရှေ့မြောက်ဘက် ၄၈ တောင်ကွာ အရပ်၌ ရပ်တော်မူကာ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိရာ ဖြစ်သော မဟာဗောဓိပင်နှင့် အပရာဇိတ ရွှေပလ္လင်တော်တို့ကို အောင်ပွဲခံတော်မူခဲ့သည့် နေရာအဖြစ် ခုနစ်ရက်တိုင် မျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်ရှုတော်မူလေသည်။ ဤဒုတိယသတ္တာဟကို အနိမိသသတ္တာဟ ဟုခေါ်သည်။

ထို့နောက် ဗောဓိပင်နှင့် နှစ်လံအကွာ အနိမိသကုန်းနှင့် ဗောဓိပင်တို့အကြားတွင် အရှေ့အနောက် အတောင် ၆၀ အလျားရှိသော ရတနာစင်္ကြံတော်ကို ဖန်ဆင်းတော်မူကာ ခုနစ်ရက်တိုင်တိုင် စင်္ကြံကြွလျက် ဖလသမာပတ်ချမ်းသာကို ခံစားတော်မူလေသည်။ ထိုတတိယသတ္တာဟကို စင်္ကမသတ္တာဟ ဟုခေါ်သည်။

ထိုမှတစ်ဖန် ဗောဓိပင်၏ အနောက်မြောက်ထောင့် ၅၂ တောင်အကွာ၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်တော်တွင် ခုနစ်ရက် စံနေတော်မူကာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဉာဏ်တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူလေသည်။ ထိုအဘိဓမ္မာ ခုနစ်ကျမ်း၏ နောက်ဆုံးကျမ်းဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်တော်မူရာ နက်ရှိုင်းကျယ်ဝန်းလှသော အနန္တနယသမန္တ မဟာပဋ္ဌာန်းကျမ်းကြီးနှင့် လျော်ညီစွာ အလိုတော်ရှိတိုင်း ဉာဏ်ကွန့်မြူးခွင့် ရရှိသဖြင့် ဘုရားရှင်၏ဉာဏ်တော်သည် ကြည်လင်၍ လာခဲ့သည်။

ဉာဏ်တော်၏ကြည်လင်မှုကြောင့် ယှဉ်ဖော် ယှဉ်ဖက် စိတ်စေတသိက်များနှင့် စိတ္တဇရုပ်များပါ ကြည်လင်တောက်ပလာကာ ဘုရားရှင်၏ ရူပကာယတော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့ ထွက်ပေါ်ကွန့်မြူး၍လာလေသည်။ ထိုရောင်ခြည်တော်များသည် အဆုံးအပိုင်းအခြားမရှိသည့် အနန္တစကြဝဠာအတွင်းဝယ် ယခုအချိန်အထိ ဖြန့်ကြက်ကွန့်မြူးနေဆဲဖြစ်သည်ဟု အဋ္ဌကထာဆရာများက ဖွင့်ဆိုကြသည်။ ထိုကဲ့သို့ နတ်တို့ဖန်ဆင်းအပ်သည့် ရတနာဃရရွှေအိမ်တော်တွင် စတုတ္ထသတ္တာဟ စံနေတော်မူသည်ကို ရတနာဃရသတ္တာဟဟုခေါ်သည်။

ဘုရားရှင်သည် ရတနာဃရ ရွှေအိမ်တော်တွင် ခုနစ်ရက် စံပယ်တော်မူခဲ့ပြီးနောက် ဗောဓိပင်၏ အရှေ့စူးစူး ၁၂၈ တောင်အကွာရှိ အဇပါလညောင်ပင်ရင်းသို့ ကြွတော်မူကာ ခုနစ်ရက်တိုင်တိုင် ဖလသမာပတ် ဝင်စားတော်မူခဲ့သည်။ ထိုသို့ စံပယ်တော်မူနေစဉ်တွင် မာရ်နတ်မင်းသည် ဘုရားရှင်နှင့် မနီးမဝေး စင်္ကြံလမ်းပေါ်၌ မှိုင်တွေငေးငိုင်ကာ ထိုင်နေရာမှ "ငါသည် သိဒ္ဓတ္ထမင်းသားကဲ့သို့ ဒါန၊ သီလ စသော ပါရမီဆယ်ပါးကို ဖြည့်ကျင့်ဆည်းပူးခဲ့ခြင်း မရှိသောကြောင့် သူနှင့် တန်းတူညီမျှ ငါ မရနိုင်တော့ချေ"ဟု စဉ်းစားမိပြီး မြေကြီးပေါ်၌ ၁၆ ချောင်းသော အရေးအကြောင်းတို့ကို ရေးခြစ်၍ နေလေသည်။

ထိုအခါ မာရ်နတ်၏ သမီးသုံးယောက်တို့သည် ဖခင်၏ စိတ်ဆင်းရဲပင်ပန်းမှုကို မကြည့်ရက်သဖြင့် ရဟန်းကြီးဂေါတမကို မိန်းမမာယာဖြင့် ဖြားယောင်းသွေးဆောင်ကာ ဖခင်ထံမှောက် အရောက် ခေါ်ဆောင်လာမည်ဟုဆိုကာ ဘုရားရှင်ထံသွားရောက်ကြလျက် နည်းမျိုးစုံဖြင့် ဖြားယောင်းသွေးဆောင်ကြလေသည်။ သို့ရာတွင် ကိလေသာတဏှာ တွယ်တာတပ်မက်မှု ကင်းပြီးဖြစ်သော ဘုရားရှင်အား သွေးဆောင်ဖြားယောင်း၍ မရသဖြင့် မာရ်နတ်၏သမီးသုံးယောက်တို့ လက်လျှော့ခဲ့ကြရသည်။ ဤဆိတ်ကျောင်းညောင်ပင်တွင် စံနေတော်မူသည့် ပဉ္စမသတ္တာဟကို အဇပါလသတ္တာဟဟု ခေါ်သည်။

ဗောဓိပင်၏ အရှေ့တောင်ဘက် အတောင် ၂၀၀ အကွာခန့်တွင် မုစလိန္ဒာရေအိုင်ရှိပြီး ထိုရေအိုင်အနီးတွင် ကျည်းပင်တစ်ပင်ရှိသည်။ ဘုရားရှင်သည် အဇပါလညောင်ပင်ရင်းတွင် ခုနစ်ရက် စံပယ်တော်မူခဲ့ပြီးနောက် ထိုမုစလိန္ဒာ ရေအိုင်အနီးရှိ ကျည်းပင်ရင်းသို့ ကြွရောက်တော်မူကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အရဟတ္တဖိုလ် ချမ်းသာကို ခံစားတော်မူနေစဉ် အခါမဲ့မိုးကြီး သည်းထန်စွာ ရွာသွန်းခဲ့လေသည်။

ထိုအခါ မုစလိန္ဒာအိုင်အတွင်းမှ နဂါးမင်းသည် ဘုရားရှင်အား မိုးဒဏ်မှကာကွယ်ရန် မိမိ၏ခန္ဓာကိုယ်ဖြင့် ခုနစ်ခွေရစ်ပတ်၍ ခန်းမကြီးသဖွယ်ပြုကာ အပေါ်မှ ပါးပျဉ်းဖြင့်အုပ်ကာ မိုးပေးထားခဲ့သည်။ နဂါးမင်းသည် မိမိ၏တန်ခိုးဖြင့် ဗိမာန်တော် ဖန်ဆင်းနိုင်သော်လည်း ပိုမိုအကျိုးဒေဿနာများ



www.burmeseclassic.com

www.burmeseclassic.com

ရန် ခန္ဓာကိုယ်ကို အသုံးပြုခြင်းဖြစ်သည်။ သည်းထန်စွာ ရွာသော ထိုမိုးသည် ခုနစ်ရက်တိုင် စွေရွာသည်ဖြစ်ရာ ဘုရားရှင် စင်္ကြံကြွလိုပါက ကြွတော်မူနိုင်ရန် နဂါးမင်းပြုလုပ်ပေးထားသော်လည်း ဘုရားရှင်သည် ကိုင်လျက်သာပင် ခုနစ်ရက်တိုင် အရဟတ္တဖိုလ်ချမ်းသာကို ခံစားနေတော်မူခဲ့သည်။ ဤဆဋ္ဌမသတ္တာဟကို မုစလိန္ဒာသတ္တာဟ ဟုခေါ်သည်။

ခုနစ်ရက်မြောက် မိုးလေကင်းစင်ပြီးသည်နှင့် ဘုရားရှင်သည် ဗောဓိပင်၏တောင်ဘက် ၃၈ တောင်ကွာဝေးသော ရာဇာယတန လင်းလွန်းပင်အောက်သို့ ကြွရောက်တော်မူကာ ခုနစ်ရက်ပတ်လုံး သမာပတ်ဝင်စားတော်မူလေသည်။ ထိုလင်းလွန်းပင်အောက်တွင် ဘုရားရှင် ခုနစ်ရက် သီတင်းသုံးပြီးသည်တွင် စုစုပေါင်း ၄၉ ရက် ပြည့်မြောက်ပြီဖြစ်၍ ဖလသမာပတ် ဝင်စားတော်မူရာမှ ထတော်မူခဲ့သည်။


ထိုအခါ သိကြားမင်းသည် ဘုရားရှင်အား သျှိသျှားသီး ဆက်ကပ်လာသည်ကို ဘုဉ်းပေးတော်မူ၍ ဝမ်းသက်စေတော်မူသည်။ ထို့နောက် သိကြားမင်းကပ်လှူသော ကွမ်းရိုးတံပူကိုဝါး၍ အနဝတတ်ရေစင်ဖြင့် မျက်နှာသစ်တော်မူသည်။ ထိုခုနစ်ရက် ခုနစ်လီ ၄၉ ရက်အတွင်း မျက်နှာတော်သစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းမရှိဘဲ အလိုလိုသန့်စင်နေသည်။ မည်သည့်အာဟာရကိုမျှ ဘုဉ်းပေးတော်မမူ။ သုဇာတာ၏ ဃနာနို့ဆွမ်းသည် ၄၉ ရက်လုံးလုံး အာဟာရကိစ္စကို ထိန်းထားနိုင်ခဲ့ကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက် ကြည်သင်ချမ်းမြေ့တော်မူလျက် ရှိသည်။

ထိုအချိန်တွင် ဥက္ကလာပတိုင်း ပေါက္ခရဝတီမြို့သား တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြရာမှ ဆွေမျိုးတော်စပ်ခဲ့ဖူးသော နတ်၏ညွှန်ပြချက်အရ ဘုရားရှင်အား ဖူးမြော်ရန် လင်းလွန်းပင်အောက်သို့ ရောက်ရှိခဲ့ကြပြီး ဘုရားရှင်အား ပျားမုန့်ဆုပ်နှင့် မုန့်ကြွပ်ကျစ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထိုကုန်သည်ညီနောင်တို့သည် မြန်မာနိုင်ငံသားများဖြစ်ကြပြီး ဘုရားနှင့်တရား သရဏဂုံနှစ်ပါး (ဒွေဝါစိက သရဏဂုံ)ကို ပထမဆုံး ကိုးကွယ်ဆည်းကပ်ခွင့်ရသော ဥပါသကာများ ဖြစ်ကြလေသည်။

ထို့နောက် အမြဲကိုးကွယ်ဆည်းကပ်ရန် ချီးမြှင့်ပါမည့်အကြောင်း ကုန်သည်ညီနောင်တို့က လျှောက်ထားကြသဖြင့် ဘုရားရှင်သည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ပါလာသော ဆံတော်ရှစ်ဆူကို ချီးမြှင့်တော်မူလိုက်လေသည်။

ထိုညီနောင် နှစ်ယောက်တို့သည် ဥက္ကလာပတိုင်းသို့ ပြန်ရောက်ကြသောအခါ သိင်္ဂုတ္တရကုန်းတော်၌ တိကျွမ္ဗမည်သော စေတီတည်၍ ဆံတော်များကို ဌာပနာကြလေသည်။



အရိပ်ဝေဆာ ဘုရားဖူးများ နားနေရာ

ထိုစေတီမှာ ယခုအခါ မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်မြတ်ပင်တည်း။

သို့ဖြစ်၍ မြန်မာနိုင်ငံသားများသည် ဘုရားကို ဦးစွာဖူးရခြင်း၊ ဦးစွာဆွမ်းကပ်လှူရခြင်း၊ ဦးစွာသရဏဂုံတည်ရခြင်း၊ ဦးစွာဆံတော်ကိုးကွယ်ခွင့်ရခြင်း၊ ဦးစွာစေတီတည်ရခြင်း ဟူသော ဦးငါးဦး အခွင့်ထူးရရှိခဲ့ကြသူများ ဖြစ်သည်။

ထိုကဲ့သို့ သတ္တမသတ္တာဟအဖြစ် ရာဇာယတန လင်းလွန်းပင်ပေါက်ရာ အရပ်၌ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာ ခံစားတော်မူခြင်းကို ရာဇာယတနသတ္တာဟ စံနေတော်မူခြင်းဟု ခေါ်သည်။

ဘုရားရှင်၏ သတ္တသတ္တာဟ ခုနစ်နေရာတွင် ခုနစ်ရက်စီ သီတင်းသုံးတော်မူခဲ့သည်များအနက် ဆဋ္ဌမသတ္တာဟဖြစ်သော မုစလိန္ဒာအိုင်အနီး ကျည်းပင်အောက်၌ သီတင်းသုံးတော်မူစဉ် အခါမဲ့ရွာသွန်းခဲ့သော သည်းထန်လှသည့် မိုးဒဏ်မှ ကာကွယ်ပေးခဲ့သည့် နဂါးမင်း၏ သဒ္ဓါတရားနှင့် ဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်တို့ကို ရည်စူးကာ နဂါးရုံရုပ်ပွားတော်များကို ပူဇော်ခဲ့ကြခြင်းဖြစ်ပေသည်။


ကျယ်ဝန်းသည့် ကံတလူဘုရား ဝတ္ထုကံမြေအတွင်းရှိ ပရိဝုဏ်အတွင်း၌ ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာ တည်ဆောက်လှူဒါန်းထားကြသည့် စေတီတော်ငယ်များ၊ မြန်မာမှု အနုလက်ရာများဖြင့် ခြယ်မှုန်းထားသည့် တန်ဆောင်း၊ ဇရပ်၊ ပြာသာဒ်၊ ကျောင်းဆောင်များ၊ အရှင်ဥပဂုတ္တ မင်္ဂလာရေကန်တော်၊ နဂါးရုံဘုရားရုပ်ပွားတော်၊ တံခွန်တိုင် စသည့် သာသနိက အဆောက်အအုံများအပြင် ဘုရားဖူးများ အပန်းဖြေ နားနေနိုင်ကြစေရန် ပန်းရုံများ၊ ခုံတန်းများကိုလည်း စနစ်တကျ တည်ဆောက်ထားသည်ကို တွေ့ရသည်။

မဟာအောင်မြေ ဆုတောင်းပြည့် ကံတလူဘုရား၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဦးဆောင်နာယကကြီးများ၊ နာယကကြီးများနှင့် ဂေါပကအဖွဲ့ စာရင်းကိုလည်း မှတ်တမ်းတင်ဖြစ်ခဲ့ရာ . . .



www.burmeseclassic.com

www.burmeseclassic.com





တံထလူဘုရား ဝရိပ္ပဝင်းအတွင်းရှိ စေတီတော်ငယ်များ၊ သာသနိကအဆောက်အအုံများနှင့်တံခွန်တိုင်များ



## ဂြေဝါဒါစရိယ ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တဝီရိယ — သီရိဟေမာကျောင်း၊ စစ်ကိုင်းတောင်ရိုး။

၂။ ဘဒ္ဒန္တသောဘဏ — သာသနာ့အလင်းရောင်ကျောင်း၊ စစ်ကိုင်းမြို့။

၃။ ဘဒ္ဒန္တသေဋ္ဌိလ — ရန်အောင်မင်္ဂလာ တပ်ဦးကျောင်း၊ စစ်ကိုင်းမြို့။

၄။ ဘဒ္ဒန္တဓမ္မပိယာလင်္ကာရ — လေးကျွန်းမြေအုတ်ကျောင်း၊ စစ်ကိုင်းမြို့။

## ဦးဆောင်နာယကကြီးများ

၁။ ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့။

၂။ တိုင်းမှူး
အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ မုံရွာမြို့။

၃။ တပ်မမှူး
အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်၊ စစ်ကိုင်းမြို့။

## နာယကကြီးများ

၁။ ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့။

၂။ ခရိုင်လဝကဦးစီးမှူး
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့။

၃။ ခရိုင်သာသနာရေးမှူး
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့။

၄။ မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းမြို့။


၅။ ဒုရဲမှူး
မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းမြို့။



www.burmeseclassic.com

www.burmeseclassic.com





ရင်ပြင်တော်ပေါ်ရှိ စေတီတော်များနှင့် သာသနိက အဆောက်အအုံများ





**ဂေါပကအဖွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးဝင်းနိုင် | ဥက္ကဋ္ဌ | ရွာထောင်ရပ်ကွက်၊ စစ်ကိုင်းမြို့။ |
| ၂။ | ဦးချို | ဘဏ္ဍာရေးမှူး | ဆင်တပ်ကျေးရွာ၊ စစ်ကိုင်းမြို့။ |
| ၃။ | ဦးမောင်မောင်နိုင် | စာရင်းစစ် | ကုန်းရွာ၊ စစ်ကိုင်းမြို့နယ်။ |
| ၄။ | ဦးတင်မောင်သန်း | အဖွဲ့ဝင် | ဖြတနော်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်။ |
| ၅။ | ဦးခင်မောင်စန်း | အတွင်းရေးမှူး | ဖြတနော်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်။ |

တို့ ဖြစ်သည်ကို တွေ့ရသည်။

"နာလန်မထူရင် ကံတလူကိုသွား" ဟူ၍ စာရေးသူ ငယ်စဉ်က ကြားဖူးနားဝ မှတ်သားခဲ့ဖူးသော ကံတလူဘုရားသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိဖူးမြော် တွေ့ရှိခဲ့ရပုံများကို စာရှုသူများ မျှဝေခံစားနိုင်ရန်နှင့် အခွင့်အခါသင့်ပါက တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော်နိုင်ကြစေရန် သတင်းကောင်း ပါးရေးသားလိုက်ရပေသည်။

❒ မင်းဂုဏ်

**ကျမ်းကိုး**

* ဂုဏ်တော်အနန္တမြတ်ဗုဒ္ဓ ခေါ် ဂုဏ်တော်အဖွင့်ကျမ်း။ သာသနာရေးဦးစီးဌာန။





www.burmeseclassic.com

www.burmeseclassic.com

# မြန်မာမှာ ရွှေတိဂုံ သီဟိုဠ်မှာ မဟာစေတီ

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရေး-သု)



ရှေးဟောင်းကျောင်းတော်မှကျောက်တိုင်ဟောင်းများနှင့် မဟာစေတီတော်ကြီး

မြတ်စွာဘုရားရှင်၏ ညှပ်ရိုးတော်ကိန်းဝပ်ရာ **ထူပါရာမ စေတီတော်**တည်ရှိရာ ကုန်းကလေးမှ ကိုယ်တို့ပြန်ဆင်းလာခဲ့ကြ၏။ ထို့နောက်တွင်ကား ခရီးသွားအဖွဲ့နှင့် ခရီးသွားရသူတို့၏ထုံးစံအတိုင်း စုရပ်သို့ ကသောကမျော ပြေးကြရသည်။ ဤထူပါရာမစေတီတော်မှ လှမ်းမြင်ရသည့် မြတ်စွာဘုရား၏နှစ်ထပ်သင်္ကန်းကြီးနှင့် သပိတ်တော်ဌာပနာထားရာ သီရိလင်္ကာနိုင်ငံ၏ ဂုဏ်ကျက်သရေဆောင် မဟာစေတီ (Maha Ceti)တော်ကြီးသို့ ဆက်လက် သွားရောက်ကာ လှေ့လာဖူးမြော်ကြရန် ဖြစ်ပါသည်။

ကျောက်တိုင်ဟောင်းများ ထိုးထိုးထောင်ထောင်နှင့် ထူပါရာမစေတီတော်ကြီးကား ထန်းပင်အုပ်အုပ်ကြားတွင် ကျန်ရစ်ခဲ့ပြန်လေ၏။ သို့သော် ထိုစေတီတော်နှင့် ကျောက်တိုင်ရှည်ကြီးများသည် သီရိလင်္ကာနိုင်ငံ၏ ထူးခြားသော ပုံရိပ်များအဖြစ် အမြင်အာရုံတွင် စွဲထင်နေတော့မည်ကား အမှန်ပင်ဖြစ်တော့သည်။



မဟာစေတီတော်ကြီးအဝင်လမ်းမှ မြန်မာ့စိန်ဖူးတော်

**မဟာစေတီတော်ကြီး (ရုဝဏ်ဝေဠုစေယပုထိုးတော်) *(Ruvanveli Dagaba)*** ----------

လန်ကာသားတို့က ရုဝဏ်ဝေဠုစေယ (Ruwanveli saya - Ruwanveliseya) ဟုခေါ်သည့် မဟာစေတီတော်ကြီးကိုလည်း ဆက်လက်ဖူးမြော်ခွင့်ရခဲ့ပါသည်။ စေတီတော်ကြီး၏အခြားအမည်များမှာ မဟာစေတီ (Mahathupa)၊




အနုရာဓပူရမြို့တောင်၊ မဟာစေတီတော်ကြီးသို့ဝင်လမ်းမုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



Swarnamali Chaitya)၊ (Ruvanmali stupa) နှင့် Rathnamali Dagaba) ဟု ဖြစ်ပါသည်။ တကယ်တော့ ကိုယ်တို့မြန်မာပြည်မှ ရွှေတိဂုံစေတီတော်ကြီးလိုပင် မဟာစေတီကြီးကလည်း သီရိလင်္ကာ၏ တိုင်းပြည်ဂုဏ်ဆောင် အမွန်အမြတ် ရတနာတစ်ပါး ဖြစ်၏။

ပြည်တွင်းပြည်ပမှ ဘုရားဖူးအများအပြားလာရောက် ...နေရာဖြစ်သဖြင့် ကားရပ်နားရာ စခန်းကျယ်ကြီးကို ဘုရား...ကြီး ပရဝဏ်ဘေးတွင် သီးသန့်ပြုလုပ်ပေးထားသဖြင့် ယင်း...နေရာတွင် ကားကိုရပ်ထားခဲ့ကြကာ လမ်းလျှောက်ဝင်ခဲ့ကြ...သည်။ မဟာစေတီသို့ အဝင်လမ်းတစ်လျှောက်ကား ရှည်...လျားသလောက် ဘုရားဖူးများဖြင့် ပြည့်နှက်နေလေ၏။ ဘုရား...ကြီးမှာ အတော်ပင်ကျယ်ဝန်းလှပါသည်။ ထိုမဟာစေတီ...တော်ကြီးတွင် မြတ်စွာဘုရား၏ နှစ်ထပ်သက်န်းကြီးနှင့် ...ဓိတ်တော် ဌာပနာထားသည်ဆိုသဖြင့် နှစ်ထပ်သင်္ကန်းကြီး ...သည်ကို သိလိုမိသွားသည်။ နှစ်ထပ်သင်္ကန်းကြီးတွင် တစ်...လျှင် အကွက် ၃၀ ကျော် ပါဝင်သည်ဟု ကျောက်...တောင်း ဘုန်းကြီးက သွားရင်းလာရင်း ရှင်းပြလေ၏။

ဘုန်းတော်ကြီးများနှင့်အတူ ဘုရားဖူးထွက်ရခြင်း၏ ...ကျိုးပေတကား။ မြန်မာပြည်အညာဘက်က ကံတလူ ...ဘုရားမှာလည်း သည်ခေတ်မှာပင် နှစ်ထပ်သင်္ကန်းကြီး လှူခဲ့...ကြောင်း ပြောပြသည်။

### ...ဒါနကုသိုလ်အမော် စိန်ဖူးတော်

စေတီတော်ကြီးအဝင်ဝတွင် ဂိတ်ပေါက်သီးခြားရှိကာ ...ခြုံရေးအတွက် ကျား,မခွဲခြားကာ စစ်ဆေးနေ၏။ ထိုဂိတ် ...ပေါက်အနီးတွင် မဟာစေတီတော်စိန်ဖူးတော်ကြီး အနီးကပ် ...ကို ဗီနိုင်း(Vinyl)ပုံ ထုတ်ကာ ကြီးမားသော ဘုတ်ကြီးဖြင့် ...ထောင်ပြထားရာ အသေးစိတ် မြင်နိုင်ခဲ့သည်။ ငှက်ပျောဖူး ...ပုံသဏ္ဌာန်ရှိသော သလင်း(Quartz)စိန်ဖူးတော်ကြီးပင်။ စိန်ဖူး ...တော်မှာ အမြင့် သံတောင်၁တောင်၊ လုံးပတ်-သံတောင် ...တောင်၂မိုက် ၉လက်သစ်နှင့် ကလပ်တော်မှာ အမြင့် ၁ပေ ...လက်မ ရှိပါသည်။ ထိုစိန်ဖူးတော်ကြီးကား မြန်မာပြည်မှ ...လှူထားခြင်းဖြစ်ကြောင်း၊ သီရိလင်္ကာ မလာမီကပင် ကြားသိ ...ထားသဖြင့် ပိုစိတ်ဝင်စားနေမိ၏။ မြန်မာသက္ကရာဇ် ၁၃၀၂ ...နှစ် နယုန်လဆန်း ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံ မိုးကုတ် ...မြို့မှ စေတနာရှင်များက သူတို့ဒေသထွက် ထိုစိန်ဖူးတော်ကို ...လှူဒါန်းထားခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ကာလတန်ဖိုးဖြင့်ပင် ...သိန်းကျော်လေသည်။ ၁၉၃၈ခုနှစ် (မြန်မာသက္ကရာဇ် ...၁၃၀၀ ပြည့်နှစ်)တွင် ကိုလံဘိုမြို့မှ မဟာမကုဋာရာမ ဆရာ...တော်ဘုရားကြီး မြန်မာနိုင်ငံ၊ မိုးကုတ်မြို့သို့ ကြွလာကာ ...ဥ်လက်ခံတော်မူပြီး သီဟိုဠ်သို့ ပင့်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

ဂိတ်ပေါက်ကို လွန်သည်နှင့် အဝင်လမ်း၏ လက်ဝဲဘက်တစ်လျှောက်တွင် အနက်ရောင်ကျောက်စာချပ်ကြီးများ စီတန်းလျက် ထောင်မတ်စွာ စိုက်ထူပြထားသည်ကို တွေ့လိုက်ရ၏။ မျက်မှောက်ခေတ် ရေးထိုးထားသော ဘုရားသမိုင်း ကျောက်စာများဖြစ်သည်။ ဆင်ဟာလီဘာသာဖြင့် ရေးထိုးထားသလို ကျောဘက်တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် သီးသန့်ရေးထိုးထားကြောင်း ဆိုင်းဘုတ်လေးဖြင့် လမ်းညွှန်ထားသည်။ ကျောက်စာချပ်ကြီးများမှာ လူတစ်ရပ်ခန့်ပင် ကြီးမားသည်။ အပြေးအလွှား ဖတ်ကြည့်ရာ 'ဓာတုပရိနိဗ္ဗာန' အကြောင်း ရေးထိုးထားခြင်းကိုလည်း တွေ့ရသဖြင့် စိတ်ဝင်စားသွားမိ၏။

သို့သော် စိမ်ပြေနပြေ ဖတ်ရှုနေဖို့အခွင့်အရေးမရှိ။ ကိစ္စမရှိပါ၊ ဓာတ်ပုံရိုက်ယူခဲ့ပြီး အိမ်ရောက်မှသာ ကွန်ပျူတာဖြင့် အေးအေးဆေးဆေး ဖတ်ရှုတော့မည်။ ကျောက်စာချပ်များအထက်နားတွင်ကား စိန်ဖူးတော်ကြီး၏ပုံတော်ကို ဘုတ်(Board)တစ်ခု ထောင်ထားပြန်သေးသည်။ ထိုဘုတ်ကတော့ အဆန်း၊ ကြည့်နေရင်းကပင် ရှုထောင့်အမျိုးမျိုးမှ စိန်ဖူးတော်၏ပုံများကို တစ်မျိုးပြီးတစ်မျိုး ပြောင်းပြသွားအောင် စီစဉ်ထားသဖြင့် မော့ကြည့်နေကြသူတွေ အများအပြားရှိနေ၏။ သို့သော် ကိုယ်တို့မြန်မာပြည်က ရွှေတိဂုံဘုရားမှာလို စိန်ဖူးတော်ကို မြင်အောင်ကြည့်နိုင်သည့် မှန်ပြောင်းပါထားပေးနိုင်လျှင် ပိုကောင်းမည်ဟု စဉ်းစားမိလိုက်သေးသည်။

### အိန္ဒိယမှ သီရိလင်္ကာသို့လက်ဆောင်

မလှမ်းမကမ်းတစ်နေရာတွင်ကား အိန္ဒိယဝန်ကြီးချုပ် ဂျဝါဟာလာနေရူး(Shri Jawaharlal Nehru)မှ သူ၏မိတ်ဆွေ ကွယ်လွန်သူ သီရိလင်္ကာခေါင်းဆောင်ကြီးမစ္စတာဘန်ဒရာနာကေး (Mr.S.W.R.D Bandaranaike)သို့ အမှတ်တရ 'မြင့်မြတ်သော သီရိလင်္ကာ ဗုဒ္ဓနယ်မြေ ဘုရားဖူးလက်ဆောင်' အဖြစ်ပေးလှူထားသော အထိမ်းအမှတ် မှတ်တမ်းစာလေး တစ်ခုကိုလည်း တွေ့လိုက်ရသည်။

ယင်းဘေးတွင်ကား ကျောက်တုံးကြီး တစ်ခုလုံးကို ထွင်းထားသော ၁၀ ပေခန့်ရှည်သည့် ကျောက်ရေထည့်ကန် တစ်ခုကိုလည်း မြင်ရ၏။ ကျောက်ဆောင် ကျောက်သားပေါများသော နိုင်ငံမို့ ကျောက်ကို အမျိုးစုံထွင်းထု အသုံးချတတ်ကြလေသည်။ ထို့နောက်တွင်ကား ထိုးထိုးထောင်ထောင် ကျောက်တိုင်ဟောင်းများကို ဖြတ်ပြီးဝင်လိုက်ရာ စေတီတော်ခြေရင်းသို့ ရောက်သွားသည်။ ထိုကျောက်တိုင်များမှာ ရှေးခေတ်က ဇာန်ဆောင်း၊ ကျောင်းတော်များ၏ အကြွင်းအကျန်များ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အဝင်လမ်း လက်ယာဘက်တွင်တော့ မှန်တို့ဖြင့်ကာရံအလုံပိတ်ထားသော 'ဆီမီးရုံ'ရှိသည်။ တန်းစီပြုလုပ်ပေးထားသော သံမဏိ ဆီမီးခွက်စင်များ၊ ဖယောင်းတိုင်ခုံများလည်း ထားရှိပေးသည်။ ဘုရားကြီးကို ဆီမီးပူဇော်လိုပါကသည်နေရာတွင် စိတ်ကြိုက်ထွန်းညှိပူဇော်နိုင်သည်။ စေတီတော်ကိုလည်း ဆီမီးလှူရင်း လှမ်းမြင်ဖူးမြော်နိုင်သည်။ မြန်မာပြည်တွင် ပျောက်ကွယ်လုပြီဖြစ်သော ဆီမီးခွက်တွင်မီးစာတပ်ကာ ထွန်းညှိသောအလေ့ကို သည်မှာတွေ့ရသည်။

မှန်လုံအိမ်ထဲမှ မီးခိုးမှိုင်းများက စေတီတော်ဖြူဖြူကြီးကိုလည်း မညစ်ပတ်စေတော့၊ ဘုရားဖူးများကိုလည်း ညှော်နံ့မရစေတော့ပေ၊ ကောင်းလေစွ။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးခေတ်ပေကိုး။

ဆီမီးရုံဘေးတွင် လေးထောင့်ပုံ ကျောက်တိုင်ရှည်ရှည်တစ်ခုစိုက်ထူထားသည်။ တံခွန်တိုင်တော့မဟုတ်။ တစ်စုံတစ်ခုသော အထိမ်းအမှတ်ကျောက်တိုင် ဖြစ်မည်။ အောက်တွင်ကမ္ပည်းစာပါသော်လည်း ဖတ်ချိန်မရှိ၍ သိချင်စိတ်ကို မျိုချလိုက်ရ၏။ ဘဝင်တော့ မကျလှ။ ဘေးမှာ ကောင်းကောင်းပြောပြနိုင်မည့်သူပါလျှင် ကောင်းလေစွ။

## စေတီတော်ကြီး ဖွဲ့စည်းတည်ဆောက်ထားပုံ

စေတီတော်သို့ အတက်လှေကားထိပ် တစ်ဖက်တစ်ချက်ရှိ လေးထောင့်အုတ်ခုံမြင့်ပေါ်တွင် လက်နှစ်ဖက်စာကျော်ကျော်ရှိသော ကျောက်သပိတ်တစ်လုံးစီ တင်ထားပါသည်။ ယင်းပေါ်တွင် မျောက်များ ထိုင်နေကြ၏။ မျောက်ကလေးများမှာ အမြီးအတော်ရှည်ပြီး အမွေးအရေစိုလှသည်။

ထူပဝံသကျမ်း(Thupavamsa)တွင် စေတီတော်ကြီးတည်ဆောက်ပုံကို အသေးစိတ် ဖော်ပြထားသည်။ စေတီတော်ကို ခိုင်မာသောမြေအပြင်မှ ၁၀ ပေ မြင့်သော ရင်ပြင်တော်ပေါ်တွင် တည်ထားသည်။ ကျောက်ပြားများ ခင်းထားသည့် ထိုရင်ပြင် ပရဝဏ်ကို (Salapatala)ဟု ခေါ်၏။ ထိုစက်ဝိုင်းပုံရှိသော ကျောက်ပြားအခင်းများကို ဘုရင်မဟာဒသိကမဟာနာဂ (King Mahadathika Mahanaga) က တည်ဆောက်ပေးခဲ့သည်။

ယင်း၏ အောက်ဘက်ရှိ သဲများ ခင်းထားသော ပရဝဏ်ကိုမူ Valimaluwa ဟု ခေါ်ပါသည်။ ယင်းကို ဗောလသနာဂ Ballathanaga က ပရက္ကမဗာဟုမင်းစေတီတော်ကို ပြုပြင်တည်ဆောက်စဉ်က ပြုလုပ်ပေးခဲ့သည်။ တစ်ဖက်လျှင် ပေ ၅၀၀ ခန့်ရှိသော မဟာရံတံတိုင်း တစ်ဖက်စီတွင် ဆင်ရုပ် ၄၇၅ ရုပ်စီရှိရာ တံတိုင်းလေးဖက်တွင် ဆင်ရုပ်ပေါင်း ၁၉၀၀ ရှိနေ၏။ အုတ်တံတိုင်းဖြူဖြူတွင် အရွယ်တူဆင်မည်းမည်းများ တန်းစီလျက်ရပ်နေကြသလို ကိုယ်ထည်မပါ၊ ခေါင်း၊ နှာမောင်း၊ အစွယ်နှင့်ရှေ့ခြေများသာ ပြုလုပ်ထားသည်။ အစွယ်များကတော့ ဖွေးဖြူနေ၏။ ဆင်ပုံသဏ္ဌာန်များမှာ တစ်ကောင်ချင်းသည်ပင် လှပသေသပ်သော လက်ရာများ ဖြစ်နေကြ၏။

စေတီတော်ကြီး၏ ဉာဏ်တော်မှာ စေတီတော်၊ ထီးတော်နှင့် စိန်ဖူးတော်အထိ သံတောင် ၁၃၇ တောင် (၁၀၃ မီတာ)မြင့်ပြီး၊ ဖိနပ်တော်အကျယ် သံတောင် ၆၆၆ တောင် ၂ မိုက်၊ အချင်း ၂၂၂ တောင် ၄ လက်မ(အဝန်း ၂၈၇မီတာ) ရှိ ကြီးမားသည့် ပုထိုးတော်ကြီး ဖြစ်ပါသည်။

စေတီတော်၏ ကိုယ်ထည်အနေမှာ ကမ္ဘာလုံးခြမ်းပုံဖြစ်ပြီး သီရိလင်္ကာစေတီများ ထုံးစံအတိုင်း အဖြူရောင်သင်္ကန်းကော်သာ ကပ်လှူထား၏။ သို့သော် စေတီကိုယ်ထည်အောက်ခြေတွင် ပြာ-နီ-ဖြူ ကန့်လန့်စင်း သင်္ကန်းတော်ရောင်စုံတစ်ခု ရစ်ပတ်လှူဒါန်းထားရာ အဖြူရောင်ကိုယ်ထည်နှင့်တင့်တယ်လှပနေပါပြီ။ စေတီတစ်ပတ်မှ ပိတ်အတော်ကုန်ပေမည်။ စေတီကြီး၏အောက်ခြေတွင် ဆေးဖြူသင်္ကန်းမကပ်ဆင်ထားသော ကျောက်အုတ်အညိုနုများ စီထားသည့်အပိုင်းကိုလည်း လေ့လာနိုင်ပါသည်။ ကျောက်စီပုံမှာ ယနေ့ခေတ်အတိုင်းပင် ဖြစ်သည်။ ဖောင်းရစ်များကိုမူ အလိုက်သင့်အဝိုက်အခုံး ထွင်းထားသော ကျောက်များဖြင့် ဆက်ပြီးစီထားပါသည်။

စေတီတော်ကြီး၏ဓာတ်တော်တိုက် ဟာမိက (Harmika)မှာ သီဟိုဠ်စေတီတို့ ထုံးစံအတိုင်းပင် လေးထောင့်စပ်စပ်သေတ္တာပုံ ဖြစ်ပါသည်။ မျက်နှာပြင်လေးမျက်နှာတွင် တရုတ်ကတ်တံခါးရွက်များကဲ့သို့ အထစ်လေးများဖြင့် တန်ဆာဆင်ထားပြီး အလယ်တွင် စက်ဝိုင်းပုံနေတံဆိပ်နှင့် လူမျက်နှာပါရှိ၏။ သီရိလင်္ကာတစ်ဝိုက်တွင် ထိုနေကြာပန်းလို စက်ဝန်းနှင့်လူမျက်နှာကို အတော်ပင်သုံးကြလေသည်။ မင်္ဂလာရှိသော အမှတ်အသား (Auspicious Symbol) တစ်ခုပင် ဖြစ်ပေမည်။ ကန္ဒီစွယ်တော်လှည့်ပွဲတွင်လည်း ထို'နေမျက်နှာ' ကြေးပြားဝိုင်းများကို လက်ကိုင်ရိုးရှည်ဖြင့် ကိုင်ဆောင်လှည့်လည်ကြသေးသည်။ 'နေနဲ့လနဲ့နှစ်ပါးပြိုင်၊ သိကြားကိုယ်တိုင်မမယ်ယောက်ျား'လို့တော်င် ကိုယ်တို့မြန်မာတွေလည်း သံချပ်ထိုးတတ်ကြသေးသည် မဟုတ်လား။ စေတီတော် ဓာတ်တော်တိုက် အတွင်းတွင် အဖိုးတန်လှသည့် ရွှေနှင့်အခြားကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ရုပ်တုဆင်းတုများ ဓာတ်တော်များကို ဌာပနာထားသည်။

ဓာတ်တော်တိုက် အထက်တွင်ကား စည်ပိုင်းကဲ့သို့ ပြောင်းရှည်ပုံ အပိုင်းခံထားသည်။ ယင်းတွင် မကိုဋ်ပေါင်းထုပ်များဆောင်းထားသည့် မတ်ရပ်နတ်ရုပ်ရှစ်ရုပ်ကို အရပ်ရှစ်မျက်နှာတွင် မုခ်ကပ်တိမ်တိမ်လေးများဖြင့် ထည့်သွင်းထား၏။ ထိုစည်ပုံ အထက်တွင်မှ ထုလုံးချွန်ကို မှောက်ထားသည့်သဏ္ဌာန်ရှိကာ ဖောင်းရစ်စိပ်စိပ်လေးများစွာဖြင့်ရစ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

### စေတီကြီး၏ ရွှေထီးတော်

ဖြူဖြူဖွေးဖွေး စေတီတော်ကြီး၏ထိပ်ဆုံးအထွတ်တွင် ရွှေထီးတော်နှင့် စိန်ဖူးတော်ရှိလေသည်။ အဖြူပေါ် ဆင့်ထားသည့် ရွှေထီးတော်ကား အပြာရောင်ကောင်း တွင် ဝင်းလက်နေပေသည်။ ထီးတော်တွင် ငှက်မြတ်နား သည့် ကြက်လျှာတံခွန်များ မပါ။ ထီးတော်ထိပ်ဖျားတွင် ဌှန်း၊ ဆွဲသွားဖူး စသည်တို့မရှိ။ ထီးတော်၏ဝင်ရိုးရှိသော် လည်း ထူထားရန် ငှက်ပျောဖူး မထား။ ထီးတော် (Crown)မှာ ချွန်အပြား ဝိုင်းဆင့်ထားသော ဆတ္တာဝလိ (Sattravali, Chattravali) အမျိုးအစားဖြစ်သည်။ အထက်သို့ မြင့်တက် လေ ထီးအဆင့်ဆင့်သေးငယ်လေ (Tape-ring Spire) ၏။ ထီးတော်အောက်ခြေမှာမူ ကန်တော့မှောက်ထားပုံ ပြီး ယင်းအပေါ်မှစက်ဝိုင်းပုံကို အနည်းငယ် ဖိပြားထားဟန် ရှက်သုံးဆင့် ခံထားသည်။ အထက်ဆုံးမှ စက်ဝိုင်းပြားပုံ၏ အောက်တွင် ဖောင်းရစ်များပါသော ထုချွန်ပုံ ခံထားသေး သည်။ ဤလက်ရှိထီးတော်မှာ အသစ်ဖြစ်ပြီး သံတောင် ၁၆ တောင် (၂၄ ပေ)၊ ထီးအဝ အကျယ်အဝန်း သံတောင် ၁၀ တောင် (၁၅ ပေ)၊ အချင်း သံတောင် ၂ တောင် ၈ လက်မ (၃ ပေ) ရှိသည်။

### စေတီတော်ကြီး၏ထည်ဝါခံ့ညား မုခ်ဦးများ

စေတီတော်၏ အရပ်လေးမျက်နှာတွင် ဆင်ရုပ်၊ မြင်း ရုပ်များဖြင့် တစ်ရစ်ခြင်းခံလျက် တန်ဆာဆင်ထားသော မျက်နှာစာ မုခ်ဦး(Vahalkada)များ ရှိကြသည်။ မုခ်ဦးများ သည်း အဖြူရောင်ပင် သုတ်လိမ်းထားပြီး အောက်ခြေပိုင်း မှ ချောကလက်ရောင်ဆေးဖြင့် သုတ်ထားလေ၏။ မုခ်ဦး ၏ အထက်ပိုင်းအလယ်တွင် မုခ်ကပ်(Niche)များရှိပြီး သမာဓိမုဒြာ (Samadhi Mudra)ဟန် ဆင်းတုတော်များ သည့်သွင်းပူဇော်ထားသည်။ မုခ်ဦးတိုင်၏အောက်ခြေတွင် ဆောင့်ကြောင့်ထိုင်လျက် ပန်းစိုက်အိုး ကလသာအိုး(Kalasa Pot)ကို ခေါင်းဖြင့် ပင့်ရွက်ထားသော လူဝကြီးရုပ်၊ ပန်းစိုက် အိုးထဲမှ ဆင်နှစ်ကောင်ကျောချင်းဆိုင်ရုပ်၊ ယင်းအထက်မှ ခြင်္သေ့နှစ်ကောင် ကျောချင်းဆိုင် ရုပ်များမှာ အလွန်ကြည့် ကောင်းလှသောလက်ရာများ ဖြစ်ကြသည်။ ယင်းမုခ်ဦးတို့ အပေါ်တွင်ကား မျောက်များသည် လွတ်လပ်စွာ ဆော့ကစား နေကြလေ၏။ စေတီတော်ရင်ပြင်ထောင့်များတွင် ဆီမီးထွန်း သည့် ရှစ်မြှောင့်မှန်လုံ ဆီမီးရုံလေးများကိုလည်း တွေ့ရပါ သည်။ ရင်ပြင်ကို သဘာဝ ကျောက်သားအညိုရောင်များဖြင့် အလှဉ်းသင့်သလို ဆက်စပ်ခင်းထားရာ လက်မှုပညာမြောက် သော စပ်စောင်ကောင်းတစ်ထည်လို ခံ့ညားလှပနေ၏။ နေ့ခေတ် စက်ရုံထုတ် ကျောက်ပြားများခင်းထားသည်နှင့် မတူဘဲ ပညာသားလည်း ပါလှသည်။ နေ့လယ်ခင်းဖြစ်သော် လည်း ကျောက်ပြားများကို ဖိနပ်မပါဘဲ နင်းရသည့်တိုင်မပူပါ။

ထို့ပြင် ကျောက်ဖြင့်တည်ထားသော စေတီတော်ကြီး ၏ပုံတူစေတီတော်ငယ်တစ်ဆူလည်း ရင်ပြင်တော်ပေါ်တွင် တည်ထားပါသည်။ ထိုစေတီတော်အငယ်ကို အရင်ဆုံးပုံစံ ထုတ်ကာ တည်ထားသည်ဆိုလျှင်ဖြင့် နောင်တော်ကြီးစေတီ ပင်ဖြစ်ချိမ့်မည်ထင်ရဲ့။ စေတီတော်ရင်ပြင်တွင် ဆင်ဟာလီ စာဖြင့် ကျောက်စာချပ်ကြီး စိုက်ထူထားသည်ကိုလည်း တွေ့ခဲ့ ရပါသည်။

### မဟာစေတီတော်နှင့် ဓာတုပရိနိဗ္ဗာန်

ထီးတော်အထက်မှ စိန်ဖူးတော်(Crest gem)ကို မြန်မာပြည်မှ လှူဒါန်းထားကြောင်း သူတို့နိုင်ငံထုတ် ဘုရား သမိုင်းစာအုပ်များတွင် ရေးသားဖော်ပြထားသည်။ စေတီ တော်ဝင်းအတွင်းတွင် စိုက်ထူထားသော ကျောက်စာများတွင် လည်း ရေးထိုးထားပါသည်။

စိန်ဖူးတော်ကို မြင်အောင်ဖူးမြော်နည်းကို မင်္ဂလာဒိုး ကျိုက္ကလှဲ၊ မင်းကျောင်းဆရာတော်က သီရိလင်္ကာခရီး မစမီ လေးတွင်ပင် လမ်းညွှန်မှုပေးလိုက်သေးသည်။ စေတီတော် ကြီးကို နဖူးနှင့်တိုက်ပြီး ဖူးနိုင်သည်အထိ အနီးကပ်ဖူးပါ၊ စိန်ဖူး တော်ကို မမြင်ရပါ။ ပြီးလျှင် နောက်သို့ တစ်လှမ်းပြန်ဆုတ်ပြီး မော့ကြည့်လိုက်ပါ၊ စိန်ဖူးတော်ကို မြင်ရပါမည်ဟူ၏။

ထို့ပြင် မဟာစေတီတွင် ဌာပနာထားသောဓာတ်တော် မွေတော်များသည် တစ်နေ့သောအခါတွင် တစ်စုတစ်ဝေး တည်းပျောက်ကွယ်ပြီး ဒုတိယအကြိမ် ပရိနိဗ္ဗာန်ပြုသကဲ့သို့ (ဓာတုပရိနိဗ္ဗာန် ပြုဖြစ်လိမ့်မည်) ဟုလည်း ဆိုသေးသည်။ ယင်းသို့ ဖြစ်လာလိမ့်မည်ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟော ကြားခဲ့ဖူးကြောင်း၊ ထိုတစ်နေ့သောအခါကို မှန်းဆကြည့်ပြီး ယခုလို ဓာတ်တော်များကိန်းဝပ်နေခိုက် ဖူးခွင့်ရတုန်း ဖူးထား သည်ဟူသော အသိဖြင့် စေတီတော်ကြီးကိုဖူးပါက ဝမ်းနည်း ဖွယ်လည်းကောင်းလှပြီး ကြက်သီးဖြန်းဖြန်းထသည်အထိ ခံစားရကြောင်း မိန့်မှာလိုက်ပါသေးသည်။

### ဓာတုပရိနိဗ္ဗာနဆိုသည်မှာ

မဟာစေတီကြီးတွင် စိုက်ထူထားသော ကျောက်စာ များကို ရိုက်ယူခဲ့သောဓာတ်ပုံများမှ အိမ်ပြန်အရောက်တွင် လေ့လာဖတ်ရှုကြည့်မိပါသည်။ ထိုကျောက်စာများတွင် စေတီ တော်ကြီးအတွက် ရှင်မဟိန္ဒမှ ဗျာဒိတ်တော်ပေးခဲ့ပုံ၊ စေတီ တော်ကြီးတည်ဆောက်ခဲ့ပုံစသည့် သမိုင်းကြောင်းများအပြင် ဓာတုပရိနိဗ္ဗာန အကြောင်းလည်း ရှင်းလင်းပြထားသည်ကို တွေ့ရှိရလေသည်။ မြတ်စွာဘုရား၏ ဓာတ်တော်များ ဓာတု ပရိနိဗ္ဗာန (Parinibbana of the relics of the Buddha)



www.burmeseclassic.com

www.burmeseclassic.com

ပြု သည်ဆိုခြင်းမှာ ဗုဒ္ဓသာသနာတော်သည် နှစ်ပေါင်း ၅၀၀၀ ပြည့်မြောက်သော(ဘီအီး-၅၀၀၀ခုနှစ်)တွင် အဆုံးသတ်ခြင်းသို့ရောက်ရှိကွယ်ပျောက်လိမ့်မည်။ ထိုအခါ သီရိလင်္ကာကျွန်းတစ်ခွင်ရှိ နေရာအနှံ့အပြားတွင် ကိန်းဝပ်နေသောဘုရားရှင်၏ဓာတ်တော်များသည် ဤမဟာစေတီတော်ကြီးတွင် ရှိနှင့်နေပြီးသော ဓာတ်တော်များနှင့် လာပေါင်းကာ စေတီ၏အထွတ်တွင် စုစည်းသွားလိမ့်မည်။ ယင်းဓာတ်တော်တို့နှင့်အတူ နဂါးပြည်၊ ဗြဟ္မာ့ပြည်၊ နတ်ပြည်တို့မှ ဓာတ်တော်များလည်းလာရောက်ပေါင်းစုလိမ့်မည်။ ထိုအခါ ဓာတ်တော်အပေါင်းအစုသည် မုန်ညင်းစေ့အရွယ်(a mastard seed)မျှသာ ရှိချိမ့်မည်။ ထို့နောက် ယင်းဓာတ်တော်တို့သည် ဇယမဟာဗောဓိ (Jaya Sri Mahabodhi)သို့ ကြွရောက်ကာ လက္ခဏာတော်ကြီး ၃၂ပါး၊ လက္ခဏာတော်အငယ်အပါး ၈၀ ပါရှိသော ဗုဒ္ဓအသွင်ဆောင်လိမ့်မည်။ ပြီးလျှင် ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာပြတော်မူလိမ့်မည်။ ထို့နောက် နတ်သိကြားတို့အလယ်တွင် ဓာတ်တော်အစုသည် အလိုလျှောက် တေဇောဓာတ်လောင်ကျွမ်းကာ ပျောက်ကွယ်သွားလိမ့်မည်။ ထိုကာလမတိုင်မီအထိသာ ဓာတ်တော်အစုသည် ဤစေတီတော်တွင် ကိန်းဝပ်လျက် ရောင်ခြည်တော်များကို လွှတ်ကာ အထင်အရှား ပြနေမည်ဖြစ်ပါသည်။ "သို့ဖြစ်ရာ ဘုရားရှင်၏ ကိုယ်ခန္ဓာတော်မှ ဖြစ်ပေါ်ခဲ့သော ဓာတ်တော်တို့ ပေါင်းစုကိန်းဝပ်နေရာ ဤရုဝဏ်ဝေလီ့စေတီတော်ကြီးကို အကျွန်ုပ်သည် နှလုံးပီတိဖြင့် သဒ္ဓါကြည်ညိုစွာ ပူဇော်ပါ၏။ သာဓု-သာဓု-သာဓုဟု ကျောက်စာတွင် ရေးထိုးအဆုံးသတ်ထားပါသည်။

### စေတီတော်ကြီး၏ဒါယကာ ဒုဋ္ဌဂါမဏိမင်းကြီး

စေတီတော်ကြီး၏ဒါယကာမှာ ဘီစီ၂ ရာစုခေတ်တွင် အုပ်ချုပ်မင်းလုပ်တော်မူခဲ့သော ဘုရင် ဒုဋ္ဌဂါမဏိ(King Dutugemunu-Duttha Gamani) ဖြစ်သည်။

ဒုဋ္ဌဂါမဏိသည် ရောဟဏ(Rohana)မှ ကာကဝဏ္ဏတိဿ (Kakavanna Tissa) ၏သားတော်ဖြစ်သည်။ သူသည် စဦးပိုင်း သီဟိုဠ်ဗုဒ္ဓဘာသာသမိုင်း၏ ကြီးမြတ်လှသော အမျိုးသားသူရဲကောင်းကြီး ဖြစ်သည်မှာလည်း သံသယမရှိအောင် ထင်ရှားလှသည်။ ပြည်ပမှ ထိုးနှက်မှုများကို တွန်းလှန်ကာ ဗုဒ္ဓသာသနာကို လွတ်လပ်စွာ ပွင့်လန်းလာအောင် စည်းလုံးလုပ်ဆောင်နိုင်ခဲ့သူလည်း ဖြစ်၏။ ထိုမင်းကြီး၏ စစ်ကြွေးကြော်သံမှာ "ဘုရင့်နိုင်ငံတော်အတွက် မဟုတ်၊ ဗုဒ္ဓသာသနာတော်အတွက် ဖြစ်သည်။ Not for kingdom, but for Buddhism." ဟုဖြစ်သည်။ ယင်းသည်ပင် ဆင်ဟာလီတို့၏ အမျိုးသားရေးဝါဒအစ ဖြစ်ခဲ့လေသည်။ ဆင်ဟာလီမျိုးနွယ် (Sinhalese race) တစ်စုလုံးသည် ထိုဂါမဏိလုလင်ပျို၏ အောင်လံတံခွန်အောက်တွင် စုရုံးတိုးဝင်ခဲ့ကြ၏။ ကျန်းမာလန်းဆန်းပြီး နုသစ်သောသွေး တို့သည် ဗုဒ္ဓသာသနာအတွက် ဟစ်ကြွေးကာ စီးဆင်းလာ ကြ၏။ ဒေသစွဲနှင့် အမျိုးသားစိတ်ဓာတ်တို့ ပေါင်းစပ်ကာ ဆင်ဟာလီတစ်မျိုးလုံး နိုးထလာကြတော့သည်။ သို့ဖြစ် သီဟိုဠ်တစ်ကျွန်းလုံးသည် ချွင်းချက်မရှိ ဗုဒ္ဓဘာသာဝင်ချည်း ဖြစ်လာကြတော့သည်။

ကျူးကျော်လာသူ တမီးလ်ဘုရင် ဧလာရ (King Elara)ကို အောင်နိုင်ပြီးနောက် ဒုဋ္ဌဂါမဏိ(၁၀၁-၇၇ဘီစီ) သည် သီရိလင်္ကာတစ်ကျွန်းလုံး၏ အရှင်သခင်ဖြစ်လာခဲ့၏။ ထောင်ပေါင်းများစွာသော လူများကို ကယ်မကူညီခဲ့ကာ ပျက်စီးဆုံးရှုံးမှုများကို ပြုပြင်ပေးခဲ့သည်။ ဗုဒ္ဓသာသနာကို စောင့်ရှောက်မြှင့်တင်လိုသောမင်း ဖြစ်လိုသည့် သူ၏ဆန္ဒ အတိုင်း မဟာစေတီကြီး၊ မရိစိဝဋ္ဋနစေတီ(Mirisawetiya) (မြွတ်သီးတောင့်စေတီ)နှင့် ဥပေါသထသီလဆောက်တည်ရာ (Upo -satha house)ကိုးထပ်ကျောင်းတော်၊ ကြေးပြာသာဒ်တော်လောဟပါသာဒ(Lohapasada-Lovamahapara-Brazwn Palace) စသည့် ဘာသာရေး အဆောက်အအုံများစွာကို တည်ဆောက်လှူဒါန်းခဲ့သည်။ မရိစိဝဋ္ဋနစေတီကို သုံးနှစ်ကြာတည်ခဲ့ရပြီး သန်း ၁၉၀ မျှ အကုန်အကျခံခဲ့ရ၏။ ကြေးပြာသာဒ်တော်အတွက်လည်း သန်း ၃၀၀ ထပ်မံကုန်ကျခဲ့သည်။ ထို့ပြင် မဟာဗောဓိပင်အတွက် တစ်သိန်းကုန်ကျ လှူဒါန်းခဲ့သည်။ ယင်းတို့အနက် မဟာစေတီတော်ကြီးသည် အထင်ရှားဆုံး ဖြစ်လေသည်။

### ဝိသာခါပွဲတော်များ၏အစ

ဒေဝါနံပိယတိဿမင်းကြီး၏ ကျောက်စာကို ဖတ်ရှုပြီး သည့်နောက်တွင် သူ၏ဒုတိယအကြီးဆုံးဖြစ်သော မဟာစေတီကြီးကို တည်တော်မူခဲ့ခြင်း ဖြစ်သည်။ မဟာစေတီတော်ကြီးကို သူသည် ဗုဒ္ဓဘာသာကို မိမိလူမျိုးများအတွက် ခိုင်မာအောင် ပြုလုပ်ခဲ့သည့်နည်းတူ အခြားသော အတိုင်းတိုင်းအပြည်ပြည်မှ လေးစားခံညားအောင်လည်း စွမ်းဆောင်လေသည်။ မဟာဝံသအဆိုအရ နိုင်ငံခြားတိုင်းပြည်မှလည်း ဘုရားဖူးအများအပြားသည် မဟာစေတီတော်ကြီး၏ ဗုဒ္ဓ ပူဇနီယပွဲတော်သို့ ကြွရောက်လာခဲ့သည်ဟုသိရသည်။ ယင်း ခေတ် ဝိသာခါပွဲတော်(Vesak Festival)များ၏ အစသည် ထိုကာလမှပင် မြစ်ဖျားခံခဲ့၏။ ဒုဋ္ဌဂါမဏိမင်းလက်ထက်တွင် ဝိသာခါပူဇာပွဲတော် (Vesakhapuja)များကို ၂၄ ကြိမ်မျှ ကျင်းပပေးခဲ့သည်ဟု ဆိုကြသည်။ ထိုမင်းကို ဆက်ခံအုပ်ချုပ် သော ညီတော် သဒ္ဓတိဿမင်း (Saddha-Tissa) (၇၇-၅၉ ဘီစီ)သည်လည်း ဗုဒ္ဓသာသနာတော်အတွက် များစွာ ဆောင်ပေးခဲ့ပြန်၏။ ထိုမင်း ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းပေါင်းများစွာအနက် အနုရာဓပူရမှ ဒက္ခိဏ



www.burmeseclassic.com

www.burmeseclassic.com



မဟာစေတီတော်ကြီးသို့ အဝေးမြင်ရှုခင်း

ကျောင်းတော် (Dakkhinagiri Vihara)မှာ သီဟိုဠ် သာသနာတော်အတွက် နောက်ပိုင်းတွင် အရေးပါသော အခန်းတဏ္ဍမှ ပါဝင်ခဲ့လေသည်။

စေတီတော်ကြီး တည်ထားတော်မူခဲ့သော ထိုကုသိုလ်ရှင် ဒုဋ္ဌဂါမဏိမင်းတရားကြီး စေတီတော်အား ကန်တော့နေပုံ ကျောက်သားရုပ်တုကို ရင်ပြင်တော်အရှေ့ဘက် တစ်နေရာတွင် မြင်တွေ့နိုင်သည်။ ယင်းနှင့်မနီးမဝေးတွင်ကား အာရုံခံတန်ဆောင်းနှင့်ပြတိုက်လည်း ရှိနေသည်။ ပြတိုက်ထဲတွင် တမီးလ်ဘုရင် ဧဠာရ(King Elara)နှင့် ဒုဋ္ဌဂါမဏိမင်းကြီးတို့ စစ်ထိုးနေပုံရုပ်တုနှင့် နောက်ခံပန်းချီများ ရှိသည်။ ထို့ပြင် ဆင်းတုတော်ဆောင်တွင်လည်း ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော ဘုရားရှင်တို့၏ ဆင်းတုတော်လေးဆူနှင့် ပွင့်တော်မမူရသေးသော ဘုရားရှင်တို့၏ ဆင်းတုတော်များ ရှိနေလေ၏။ ဆင်းတုတော်တို့သည် မတ်ရပ်အနေအထားတွင်ရှိပြီး လက်တော်နှစ်ဖက်လုံးကို တံတောင်ဆစ်မှကွေးကာ အပေါ်သို့ ပခုံးတော်အစွန်းအထိ မြှောက်ထားကြလေသည်။ ပြတိုက်အတွင်း အပြင်တွင် နံရံဆေးရေးပန်းချီများ နေရာမလပ်ရေးခြယ်ထားရာ တံခါးဘောင်များကိုပင် မချန်ပေ။ စေတီတော်၏ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် ဒုဋ္ဌဂါမဏိမင်း လှူထားခဲ့သော အမြင့် ၄ ပေ၊ အဝအကျယ် အချင်း ၅ ပေခန့်အရွယ် ကျောက်သပိတ်ကြီးများ ရှိနေသည်။

***မဟာစေတီ၏နောက်ခံသမိုင်း***

သီရိဓမ္မာသောကမင်းကြီး၏ သားတော်တစ်ဖြစ်လဲ ရှင်မဟိန္ဒ (Arahant Mahinda) နှင့် ဒေဝါနံပိယတိဿ မင်းကြီးတို့ မှူးမတ်၊ ပရိသတ်များ ခြံရံလျက် မဟာမေဃဝန် ဥယျာဉ်အတွင်းသို့ ကြွချီလာကြသည်။ မကုဓရေကန်အနီး၊ ကုန်းကြောတစ်ခုသို့ ရောက်လာခိုက်တွင် ဥယျာဉ်စောင့်က မင်းကြီးထံ စံကားပန်းရှစ်ဆုပ်ဆက်ကပ်ရာ မင်းကြီးလည်း မထေရ်မြတ်ထံ လှူတော်မူလေ၏။ မထေရ်မြတ်လည်း ပန်းတို့အား မြေအပြင်သို့ ကြဲတော်မူလေရာ မြေကြီးသည် ပြင်းစွာ တုန်လှုပ်သွားခဲ့သည်။






မဟာစေတီတော်ကြီးရှေ့ထားထိပ်မှ မျောက်များ



www.burmeseclassic.com

www.burmeseclassic.com




မဟာစေတီတော်ကြီးရင်ပြင်ရှိပြတိုက်မှ ရုပ်တုတော်နှင့်ပန်းချီများ



www.burmeseclassic.com


www.burmeseclassic.com





မဟာစေတီတော်ကြီးရင်ပြင်ရှိပြတိုက်မှ ရုပ်တုတော်နှင့်ပန်းချီများ





www.burmeseclassic.com

www.burmeseclassic.com



မဟာစေတီတော်ကြီးသို့မီးပူဇော်ရာ မီးထွန်းရုံ

ထိုအကြောင်းခြင်းရာကို မင်းကြီးက မေးလျှောက်လေရာ "ဤနေရာကား ပွင့်ထွန်းတော်မူခဲ့ပြီးသော ဘုရားလေးဆူ (four previous Buddhas)တို့ တရားကျင့်သုံးမှီဝဲသုံးဆောင်ခဲ့ရာ၊ သမာပတ္တိ (Samapatti)ပြုခဲ့ရာအရပ် ဖြစ်၏။ နောင်အခါ၌ ဘုရားရှင်တို့၏ ကိုယ်တော်အစိတ်ဖြစ်သော ဓာတ်တော် တစ်ဒေါန(drona)ကိုသိုမှီးရာ-သံတောင်၁၂၀ မြင့်ပြီး ထင်ရှားကျော်ကြားသည့် ဟေမမာလီအမည်ရှိ စေတီတော်ကြီးဖြစ်လတ္တံ့"ဟု မထေရ်မြတ်က ဗျာဒိတ်(forecast) ပေးလေသည်။ ထို့ပြင် "အရှင်မင်းကြီးမှ တိုက်ရိုက်ဆင်းသက်လာသည့် မျိုးဆက်ဖြစ်သော ဒုဋ္ဌဂါမဏိအဘယမည်သော ဘုန်းတန်ခိုးရှင်မင်းသည် ဘုရားသာသနာတော်ကို လွန်စွာမြတ်နိုးလျက် လူနတ်တို့အကျိုးငှာ ဤကုန်းကြောတွင် မဟာစေတီအမည်ရှိ စေတီကြီးတည်လတ္တံ့" ဟုလည်း မိန့်ကြားခဲ့လေ၏။ မင်းကြီးလည်း အရှင်မြတ် မိန့်တော်မူသည်များကို ကျောက်စာတိုင်(Stone pillar)၌ ကမ္ပည်းအက္ခရာရေးထိုးပြီး ထိုကုန်းကြောအရပ်တွင် စိုက်ထူထားခဲ့သည်။ ထို့ပြင် ယင်းစာသား များကို ရွှေပေလွှာချပ်ပေါ်တွင် ရေးထွင်းကာ ကြုတ်တစ်ခုတွင်ထည့်ပြီး နန်းတော်ဦးတွင် မြှုပ်နှံခဲ့လေ၏။

## စေတီတော်ကြီးအတွက် ဆောက်လုပ်ရေး ကုန်ကြမ်းပစ္စည်းများ

ဒုဋ္ဌဂါမဏိမင်း(သာသနာတော်နှစ် ဘီအီး ၃၂၈-၄၀၆) လက်ထက်သို့ ရောက်လာပြီးသည့်နောက် တစ်ရက်သော အခါတွင် မင်းကြီးသည် စေတီတော်တည်လိုသည့် ဆန္ဒဖြစ်ပေါ်လာခဲ့၏။ သို့သော် စေတီတော်ကြီး တည်ဆောက်မှုအတွက် လိုအပ်သည့် များပြားလှစွာသော ဆောက်လုပ်ရေး ကုန်ကြမ်းပစ္စည်းများအဖို့မူ ပြည်သူအများကို ဒုက္ခမပွားစေလိုခဲ့ပေ။ ယင်းပြဿနာအတွက် နတ်သိကြားမျှားက တစ်နေ့အတွင်းပင် ကူညီစောင်မလေသည်။ ထိုသည်၏ နောက်တစ်နေ့တွင်ကား တောလိုက်မုဆိုးတစ်ဦး ရောက်လာကာ အနုရာဓပူရမြို့တော်မှ မြောက်ဘက် ၈ မိုင်ခန့် (တစ်ယူဇနာ-a yojana) အကွာအဝေးရှိ ဂမ္ဘီယ(Gambhira) မြစ်ကမ်းပါး အနီးတွင် အသင့်ဖုတ်လုပ်ပြီးသော အုတ်များတွေ့ရှိရကြောင်း သံတော်ဦးတင်လေသည်။ တစ်ဖန် မရှေးမနှောင်းတွင်ပင် အနုရာဓပူရမြို့တော်မှ သုံးလေးယူဇနာ အနီးပတ်ဝန်းကျင်ရှိ အာစာရပိတ္ထိ၊ တမ္ဗပိတ္ထိ၊ သုမနဝါပိ၊ ရိဒိဂူ၊ ဥရုဝေလ၊ ပေလဝါပိ (Avuruviti, Tambavita, Saman Vava, Ridi Cave,



မဟာစေတီတော်ကြီးအဝင်မှ ဘုရားသမိုင်းကျောက်စာချပ်များ




မဟာစေတီတော်ကြီး၏ဆင်ခံအုတ်တံတိုင်း



www.burmeseclassic.com

www.burmeseclassic.com






Uruvela, Pelavapi) စသောမြို့များ၊ ရွာများ၊ ဂူများမှလည်း လူသည်းအစီးပေါင်းများစွာ တိုက်၍မကုန်နိုင်သော ပတ္တမြား၊ မှုလဲ၊ သန္တာ၊ ငွေ၊ ခဲ၊ ကြေးနီနှင့် ရွှေချောင်းများကို တွေ့ရကြောင်း အသီးသီး သတင်းပေးလာကြ၏။ မင်းကြီးလည်း ထိုပစ္စည်းများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဆုတော်ငွေများ ပေးသနားလေသည်။ ထို့ပြင်

နဂါးပြည်(Naga) စသည်တို့မှလည်း တိုးကွယ်ဌာပနာရန် ဓာတ်တော်မွေတော်များကို ဆက်သလာပြန်ရာ မြတ်စွာဘုရား၏ ဓာတ်တော် တစ်စိတ်မျှ စေတီတော်တွင် ကိန်းဝပ်စေခဲ့၏။

မဟာစေတီတော်ကြီးကို တစ်ပတ်လှည့်ဖူးရင်း ကိုယ့်အသထွက် ရတနာတစ်ပါးဖြစ်သည့် သလင်းစိန်ဖူးတော်ကြီးကို ညအလှတွင်ဖူးမြင်ရအောင် ညဘက်တော့ တစ်ခေါက်ပြန်လာခွင့်ရပါစေဟု ဆုတောင်းလိုက်မိ၏။ အနုရာဓပူရမြို့တောင်းသို့ ပထမဆုံးဝင်ရောက်လာခဲ့သည့် ညကပင် ဖွေးဖွေးလွှတ်သော မဟာစေတီတော်ကြီးအထက်မှ တဖျပ်ဖျပ်လက်နေသော စိန်ဖူးတော်ပြာလဲ့လဲ့ကို ခပ်ဝေးဝေးမှ လှမ်းဖူးခဲ့ပြီးသား။ သေသေချာချာ ဘုရားရင်ပြင်တော်မှနေပြီး စိန်ဖူးတော်ကို ဖူးကြည့်ချင်သေးသည်လေ။ ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုပါလျှင်။



မဟာစေတီတော်ကြီး၏ဆင်ခံအုတ်တံတိုင်း

### *ထူးခြားဆန်းပြား စေတီတော်အခြေပြုတည်ဆောက်ခဲ့ပုံများ*

သာသနာတော်နှစ် ၃၂၇၊ ဝိသာခါလပြည့်နေ့(Vesak-May)တွင် စေတီတော်ကို ပန္နက်ချသည်။ စိုက်ထူထားသော ကျောက်စာတိုင်ကို ဖယ်ရှားကာ မြေညှိသည်။ ထို့နောက် မြေအပြင်ကို ၇ ကုဗအထိ တူးလိုက်ကြ၏။ စစ်သည်တော်များ သယ်ဆောင်ယူလာသော ကျောက်ချောတုံးများဖြင့် ယင်းနေရာကိုဖြည့်ကာ လက်ကိုင်ရိုးတပ် တူကြီးများဖြင့် ထုချကြ၏။ ဆင်ကြီးများဖြင့် ခေါက်ပြန်လဲလဲနင်းကာ မြေသိပ်ကြ၏။ ဈာန်ရသာမကျောလေးများ ဟိမဝန္တာမှသယ်ယူလာသော ထောပတ်ရောင်မြေစေးဖြင့် ယင်းအပေါ်မှ ဖုံးအုပ်ကြပြန်၏။ ထပ်၍လည်း အုတ်ခဲ၊ သရွတ်ကြမ်း၊ ကော်စေး၊ သံကွန်ရက်၊ ကျောက်စရစ်ခဲ၊ သဘာဝကျောက်သား ပုံဆောင်



မဟာစေတီတော်ကြီးသို့လာရောက်သော ကလေးငယ်တစ်ဦး





www.burmeseclassic.com

www.burmeseclassic.com




မဟာစေတီတော်ကြီးဘေးမှ မုခ်ဆောင်များ

ခဲနှင့် ကျောက်ပြားကျောက်ချပ်များကို လိုအပ်သလို အလွှာလိုက် အုပ်မိုးဖြည့်သိပ်ကြ၏။ သစ်စေး၊ သကာရည်များကိုလည်း အပေါ်မှ ထပ်လောင်းခဲ့ကြ၏။ ထို့နောက် အပေါ်မှနေပြီး လက်ရှစ်သစ်မျှထူသော သတ္တုပြားများဖြင့် အုပ်မိုးကြပြန်၏။ ယင်းအထက်မှ နှမ်းဆီနှင့် စိန်ကိုရောကာ သွန်းလောင်းကြပြီး လက်ခုနစ်သစ်ထူသော ငွေပြားဖြင့် ဖုံးအုပ်ကြပြန်သည်။ သို့ဖြင့် မဟာစေတီကြီး၏ အခြေခံအုတ်မြစ်ကို တည်ဆောက်လိုက်ကြလေ၏။

## *စေတီတော်ကြီးကိုပန္နက်ချခဲ့သော ရဟန္တာပုဂ္ဂိုလ်များ*

ထိုအခါမှစ၍ စေတီတော်ကြီး တည်ရာနေရာသို့ ဇမ္ဗူဒီပါကျွန်းအလုံးမှ သန်း ၉၆၀ မျှလောက်သော အရိယာပုဂ္ဂိုလ်အပေါင်းတို့သည် ကောင်းကင်ခရီးဖြင့် ကြွရောက်ကာ ချီးမြှောက်ကြသည်ဟု အဆိုရှိ၏။ တစ်လပြည့်မြောက်သည့် လပြည့်နေ့တွင်ကား ပန္နက်တော်ချခဲ့လေသည်။

မင်းကြီးကလည်း "ငါ စွန့်စားတည်ဆောက်ရသော ဤလုပ်ငန်းရပ်ကြီး အလုံးစုံပြီးမြောက် အောင်မြင်စေရေးအတွက် စေတီတော်ကြီး၏ထောင့်စုံမှ ဘုရား၊ တရား၊ သံဃာနှင့် ရှင်အာနန္ဒာ အစရှိသော ရဟန္တာများ ဝိုင်းဝန်းစောင့်ရှောက်ကြပါစေသား"ဟု ဆုတောင်းခဲ့လေ၏။ ထိုဘုရားတည်ခြင်းကိစ္စတွင် ရှင်အိန္ဒဂုတ္တမထေရ်မြတ်ကြီး (Arahant Indagutta)မှလည်း ကြီးကြပ်စောင်မ လမ်းညွှန်ပြခဲ့လေသည်။ ထို့ပြင် သိဒ္ဓတ္ထ၊ မန္ဂလ၊ ပဒုမ၊ သီဝလိ အစရှိသော ရဟန္တာကြီး ဆယ့်တစ်ပါးမှလည်း အနီး ကပ်ကူညီခဲ့လေ၏။ စေတီတော်ကြီး ကြီးခြင်း၊ သေးခြင်း၊ သင့်တော်သည့် အရွယ်အစားရှိခြင်းတို့ကို ကြည့်ရှုညွှန်ကြားပေးခဲ့သည်။ ရွှေအိုးရှစ်လုံး၊ ငွေအိုးရှစ်လုံးကိုလည်း ရေပြည့်ကရား ၁၀၈ ခု ခြံရံလျက် စေတီတော်၏ အလယ်တွင် ထည့်သွင်းဌာပနာခဲ့ကြသည်။ ငွေအုတ် ၁၀၈ လုံးခြံရံလျက် ရွှေအုတ် ၈ လုံးကိုလည်း ထောင့်များတွင် ထည့်သွင်းကြလေ၏။ စိတ္တသေနရဟန္တာမှ နံ့သာစေးထုပ်ကို စေတီတော်၏အရှေ့ဘက်ခြမ်းတွင် မြှုပ်နှံပေးကာ ဇေယသေနရဟန္တာက ရေစင်တော်သွန်းပေးလေ၏။ မင်္ဂလာအချိန် ကျရောက်သောအခါ အမတ်ကြီး စူပရာတိတ္တိတမှ နံ့သာထုပ်ပေါ်တွင် ရွှေအုတ်ကိုတင်ပြီး စံပယ်ပန်းများ ကြဲချလိုက်သောအခါတွင်ကား နှစ်သိန်းလေးသောင်း ယူဇနာမျှသော မြေအပြင်သည် ရိုက်ဟည်းမြည်ကြွေး ကောင်းချီးပေးလေ၏။ မိဘနှစ်ပါးစုံရှိသော အမတ်ကြီး ရှစ်ဦးမှလည်း အခြားသော ရှစ်ထောင့်ရှစ်နေရာမှနေ၍ ရွှေအုတ်များကို မြှုပ်ပေးလေသည်။ ထိုစဉ်ခိုက်တွင် ပိယတိဿရဟန္တာမြတ်မှ ချီးမြှင့်သော တရားတော်များကို နာကြားရသည့် ပရိသတ်လေးသောင်းသည် ရဟန္တာဖြစ်သွားကြပြီး အခြားပရိသတ်လေးသောင်းကား သောတာပန် (Sotapatti) ဖြစ်ကြကုန်၏။ ကျန်တစ်ထောင်ကား သကဒါဂါမ်၊ နောက်တစ်ထောင်ကား အနာဂါမ်၊ တစ်သောင်းရှစ်ထောင်သော ဘိက္ခုနှင့် တစ်သောင်းလေးထောင်သော ဘိက္ခုနီတို့ကား ရဟန္တာအဖြစ်ကို ရောက်ကြလေကုန်၏။






www.burmeseclassic.com

www.burmeseclassic.com



မဟာစေတီတော်ကြီးကျောက်တံခွန်တိုင်၏အခြေ



မဟာစေတီတော်ကြီးရင်ပြင်မှ ပုံစံတူစေတီငယ်နှင့်
ကျောက်ခင်းရင်ပြင်တော်

## စေတီတော်ကြီး၏ ဓာတ်တော်တိုက်တည်ဆောက်ခြင်း

တည်ဆောက်ရာတွင် အလွန်ကျွမ်းကျင်သူများကိုသာ ရွေးချယ်ဆောက်လုပ်စေခဲ့သည်။ မြေငလျင်ဒဏ် ခံနိုင်အောင်လည်း စီမံခဲ့၏။ ဓာတုဂဗ္ဘ ဓာတ်တော်တိုက်(Dhatugarba-Relic chamber) တည်ဆောက်ရာတွင်လည်း ဥတ္တရနှင့် သုမဏ ရဟန္တာ သာမဏေနှစ်ပါးသည် လက်ရှစ်သစ်ထူပြီး ဗေဒုရန်း ၈၀ ကုဗရှိသော နို့နှစ်ရောင် ကျောက်ပြား ၆ချပ်ကို ဥတ္တရကုရုမှ သယ်ဆောင်ယူလာခဲ့ကြ၏။ တစ်ချပ်ကို အောက်မှာခံလျက် လေးချပ်ကိုဘေးမှာရံပြီး နောက်ဆုံးတစ်ချပ်ကို အဖုံးအဖြစ် သုံးခဲ့ကြသည်။ ဓာတ်တော်တိုက်အတွင်း၌ကား ရတနာခုနစ်ပါးအစစ်ကို သုံးလျက် ဗုဒ္ဓ၏ဖြစ်စဉ်များကို ဒီပင်္ကရာ ဘုရားရှင်လက်ထက် ပါရမီဖြည့်ဆည်းရသည်မှ ဘုရားအဖြစ်သို့ရောက်ရှိကာ ပရိနိဗ္ဗာန်စံဝင်သည်အထိ၊ ထို့မှ သီရိလင်္ကာကျွန်းသို့ သာသနာပြန့်ပွားရောက်ရှိသည်အထိကို သရုပ်ဖော်စေ၏။ အလယ်တွင်ကား ဆယ်သန်းတန်စိန်ပလ္လင် တော်ပေါ်၌ ရွှေသားအစစ်ဗုဒ္ဓရုပ်ပွားတော်ကို အရှေ့ဘက်သို့ မျက်နှာမူလျက် စံပယ်စေ၏။ ကျန်မျက်နှာလေးဖက်တွင်လည်း တစ်ခုလျှင် ဆယ်သန်းစီတန်သော ရတနာခုနစ်ပါးဖြင့် ပြုလုပ်သည့်ပလ္လင်နှင့် ဆင်းတုတော်များကို ထည့်သွင်းလေ၏။ ထို့ပြင် ဗောဓိပင်ဘက်သို့ခေါင်းပြုသော မြတ်စွာဘုရားစံရာ ငွေသလွန်ကိုလည်း ရတနာခုနစ်ပါးစီခြယ်လျက် ဆယ်သန်းတန် ပြုလုပ်ထည့်သွင်းလေ၏။ ဘုရင်မင်းတရားကြီး၏ ဖြည့်ဆည်းခဲ့သော ပါရမီ၊ ပြုလုပ်ခဲ့သော ဒါနကုသိုလ်များ၊ နတ်သိကြားတို့၏ စောင့်ရှောက်မှုနှင့် ရဟန္တာတို့၏ စွမ်းရည်ဖြင့် စေတီတော်တည်ဆောက်ခြင်းသည် အဆုံးသို့တိုင်ခဲ့လေသည်။ ထို့ပြင် တည်ဆောက်သူတို့၏ စိတ်စွမ်းအားကိုလည်း နတ်သိကြားတို့က အစမှအဆုံးတိုင် ပူးကပ်စောင့်ရှောက်ခဲ့လေ၏။ လုပ်ငန်းဦးစီးရသူ ရှင်အိန္ဒဂုတ္တမထေရ်မြတ်ကြီးကိုလည်း လူသာမန်တို့ထက် သာလွန်သော အာရုံစွမ်းရည် ခြောက်ပါးဖြင့် ပြည့်စုံစေခဲ့လေသည်။

## ဘုရားအကာမင်းတရားကြီး၏နောက်ဆုံးခရီး


သို့ဖြင့် စေတီတည်ဆောက်ပြီးကာ ဓာတ်တော်ပိတ်ပွဲသို့ နီးကပ်လာခဲ့သည်။ ဒုဋ္ဌဂါမဏိမင်းကြီးလည်း ရဟန္တာများနှင့်တိုင်ပင်ကာ လပြည့်နေ့တွင် ဓာတ်တော်များထည့်သွင်းကိန်းဝပ်စေရန် ရက်ကို စီစဉ်ရွေးချယ်ခဲ့သည်။ ရဟန္တာ မထေရ်မြတ်များကိုလည်း ဓာတ်တော်များပင့်ဆောင်လာရန် ပန်ကြားထားလေ၏။ ယင်းသည်ပင် ဗုဒ္ဓ၏အလိုကျဖြစ်သည်။ ဘုရားရှင်သည်သူ၏ဓာတ်တော်တစ်ဒေါနကို မူရင်းကိန်းဝပ်နေရာ ဇမ္ဗူဒီပရှိ ရာမဂါမ(Ramagama)မှ နဂါးမင်းတို့ပြည်၊ ထို့မှ ဤရုဝဏ်ဝေဠီစေတီတော်ကြီးသို့ ကြွရောက်စေလိုခဲ့သည်။ သီရိလင်္ကာပြည်သူများကလည်း ထိုသို့ဓာတ်တော်များ ရောက်ရှိ ကြည်ညိုရမည့် ပွဲတော်ကြီးအတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဆင်နွှဲရန် အားခဲနေကြ၏။





www.burmeseclassic.com

www.burmeseclassic.com




မဟာစေတီတော်ကြီးရင်ပြင်မှ ရှစ်မြှောင့်မီးထွန်းရုံ

ဓာတ်တော်တို့သည် ကောင်းကင်ယံသို့ ပျံတက်ကာ ဘုရားရှင်အသွင်ဖြင့် တည်၏။ ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာလည်း ပြတော်မူ၏။ ထိုဖြစ်ရပ်ကိုဖူးမြင်ရသော သန်း ၁၂၀ သော လူတို့သည်လည်း ရဟန္တာဖြစ်ကြကုန်၏။ များစွာတို့လည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ကြကုန်၏။ ထို့နောက် လဲလျောင်းနေဟန်ရှိသော ဗုဒ္ဓ၏အသွင်သဏ္ဌာန်သည် ကြုတ်ထဲသို့ ဝင်ရောက်ကိန်းဝပ်သွားလေ၏။ ကြည်နူးဝမ်းမြောက်လှသော မင်းကြီးလည်း ဓာတ်တော်ကြုတ်ကို ဦးခေါင်းထက်၌ ပင့်ဆောင်လျက် မြောက်အရပ်သို့ ခေါင်းပြုထားသည့် ရတနာခုနစ်ပါး စီခြယ်ထားသော တစ်ကုဋေတန်ငွေသလွန်တွင် ကိန်းဝပ်စေ၏။ သီရိလက်ာသားတို့ ပူဇော်လှူဒါန်းထားသော ရွှေကြုတ်ငွေကြုတ်တစ်ထောင်အတွင်းသို့လည်း ဓာတ်တော်တို့သည် ကိန်းဝပ်ကုန်၏။

သို့သော် . . .

ဝမ်းနည်းစရာကောင်းသည်ကား မဟာစေတီကြီး၏ ဒကာတော် ဒုဋ္ဌဂါမဏိမင်းကြီးသည် ဘုရားကြီးမပြီးမီ နတ်ရွာစံသွားခြင်းပင် ဖြစ်သည်။ စေတီတော်ကြီး အုတ်ရိုးစီအပြီး အင်္ဂတေမလိမ်းကျံရသေး၊ ထီးတော် မတင်ရသေးမီ ဓာတ်တော်တိုက်အထိသာ ရောက်ရှိပြီးစီးချိန်တွင် မင်းကြီးသည် သည်းထန်စွာ နာမကျန်းဖြစ်လာခဲ့၏။ ညီတော် သဒ္ဓါတိဿက မင်းကြီး မျက်စိမမှိတ်ခင် ကြည်ညိုသွားနိုင်ရန် အပ်ချုပ်သမားများကို ခေါ်လျက် ဉာဏ်ဖြင့်ကူပြီး ကြံစည်ရလေသည်။ ရက်ပိုင်းမျှဖြင့် အဝတ်ပိတ်စသစ်များ ဖုံးအုပ်ချုပ်လုပ်ကာ စေတီတော်ကြီးပြီးစီးနေဟန် ပြင်ဆင်ဖန်တီးမွမ်းမံကာ မင်းကြီးအား စေတီတော်ပြီးမြောက်ပြီဖြစ်ကြောင်း လျှောက်တင်ကြလေ၏။ စေတီတော်ရင်ပြင် လေးဖက်လုံး၌ နိုင်ငံအသီးသီးမှ ၉၆ ကုဋေမျှသော ရဟန္တာမထေရ်မြတ်များလည်း ကြွလာကြကာ ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။ မင်းကြီး ၂၄ နှစ်တာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရင်း သာသနာတော်အတွက် ပေးဆက်လှူဒါန်းခဲ့သမျှ ကောင်းမှုအစုစုကိုလည်း ရွတ်ဆိုပေးလေ၏။ မင်းကြီးလည်း မဟာစေတီကြီးအား လက်အုပ်ချီလျက် "ငါ၏ ခန္ဓာကိုယ်အားလည်း သာသနာအတွက် ပေးအပ်ပါ၏" ဟု အာရုံပြုရင်း နတ်ရွာစံလေရာ တုသိတာနတ်ပြည်(Tusita Celestial Realm)သို့ ရောက်သောဟူ၏။

ထို့နောက် သဒ္ဓါတိဿမင်း (Saddhatissa, BE 406-424)နန်းမွေဆက်ခံကာ မပြီးပြတ်သေးသော စေတီတော် တည်ဆောက်ရေးကို ဆက်လက်လုပ်ဆောင်လေသည်။ ဆင်ရုပ်ခံပရဝဏ်ကိုလည်း တည်ဆောက်လေ၏။ ထိုကာလက စေတီတော်သည် ဉာဏ်တော် ၁၂၀ ကုဗ မြင့်လေသည်။ တစ်ဖန် ဘီအီး ၄၂၄ - ၄၃၄ တွင် နန်းစံသော ဘုရင် လဇ္ဇိတိဿ (Lajjitissa)က လှူဒါန်းပူဇော်ရန် စကြံအဆင့်သုံးဆင့်ကို ရွှေဒင်္ဂါး သုံးသိန်း အကုန်အကျခံလျက် တည်ဆောက်ပြန်လေသည်။ ထို့ပြင် မြေဖို့ကာ မျက်နှာပြင်ကိုလည်း ညှိယူရာ တစ်သိန်း ထပ်မံကုန်ကျလေ၏။



မဟာစေတီတော်ကြီးရင်ပြင်မှ ထိပိဋကဆရာတော်ကြီးဝါယာမိန္ဒ



www.burmeseclassic.com

www.burmeseclassic.com


ဘုရင် ခေါလ္လတာနဂ (Khallatanaga) (ဘီအီး ၄၃၄-၄၄၀) ကလည်း သဲခင်းထားသော အပြင်ပရဝဏ်ကို အနားသတ်တံတိုင်း တည်ဆောက်ခဲ့သည်။ ဘုရင် ဘာတိကဘယ (Bhatikabhaya) (ဘီအီး ၅၂၄-၅၅၂) ကမူ မိမိ၏ ကိုယ်ပိုင်တိုးပွားသော ငွေဖြင့် စကြံနှစ်ဆင့်ဆောက်လုပ်ပြီး ထယ်ပန်းခင်းများကိုလည်း တစ်ယူဇနာအထိ စိုက်ပျိုးပေးခဲ့သည်။

ထို့ပြင် စေတီအောက်ခြေမှ အမြင့်ဆုံးထီးတော်အထိ ကို လက်လေးသစ်မျှထူသော မွှေးကြိုင်သည့်သရွတ်များဖြင့် အုပ်ကာ ပန်းစိုက်ပေးခြင်းဖြင့် စေတီတစ်ဆူလုံးကို ပန်းခုံးကြီး သွယ် ဖြစ်စေခဲ့၏။ နောက်ထပ် ပွဲသဘင်တစ်ခုတွင်လည်း စေတီအလုံးကို လက်နှစ်သစ်မျှ သရွတ်ဖုံးကာ ပန်းတို့ဖြင့် လွှမ်းပြန်လေ၏။ ထို့ပြင် အဘယဝီဝ (Abhaya Vava) န်တော်မှ ရေတို့ကို စက်အားဖြင့် စုပ်ယူကာ စေတီတစ်ဆူ လုံးကို ဖျန်းပက် ရေသပ္ပါယ်တော်မူခဲ့၏။ ရာနှင့်ချီသော ည်းတို့ဖြင့် တိုက်ယူလာသော ထုံးတို့ကို နှမ်းဆီဖြင့်ရောကာ အပေါ်မှ သရွတ်ကိုင်ပြန်၏။ ယင်းအပေါ်မှ သန္တာကျောက် များကို ကွန်ရက်သဖွယ်အုပ်၏။ ကြည်ညိုသဒ္ဓါပွားများစွာဖြင့် ည်းဘီးမျှ အရွယ်ရှိသော ရွှေကြာပွင့်များကို ချိတ်ဆွဲခဲ့ ပြန်၏။

ထိုစဉ်အတွင်း အမျိုးမျိုးသော တူရိယာပစ္စည်းများကို ည်း တီးမှုတ်စေကာ ပူဇော်ခဲ့လေ၏။ ထို့အပြင် စေတီတော် ကြီး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လည်း မြေများကို လှူခဲ့သေးသည်။



မဟာစေတီတော်ကြီးရင်ပြင်မှ ဘုရားဖူးများ



မဟာစေတီတော်ကြီးနှင့် ရှေးခေတ်လက်ကျန်ကျောက်တိုင်ငုတ်များ

ဘုရင် မဟာဒါသိကမဟာနာဂ (Mahadathika mahanaga)(ဘီအီး၅၅၂-၅၆၄)သည်လည်း ရင်ပြင်တော်ကြီး ကို ကျောက်တုံးများဖြင့်ခင်းကာ အပြင်မှ သဲပြင်ဝန်းရံခင်း သောလမ်းဖြင့် အဝန်းကျယ်စေ၏။ ဘုရင်အမန္ဒဂါမဏိ အဘယ (Amandagarmani abhaya) (ဘီအီး ၅၆၅-၅၇၄)ကမူ ရှိရင်းထီးတော်ပေါ်မှ ဒုတိယထီးတော်ကို စိုက်ထူ ခဲ့ပြန်သည်။ ထို့ပြင် အောက်ခြေရင်ပြင် ဝေဒီ(Vedi)ကို တည် ဆောက်ကာ ယင်းအပေါ်မှ ထပ်ဆင့်ခဲ့ပြန်၏။ ဘုရင်ဝသဘ (Vasabha)(ဘီအီး၆၀၈-၆၅၂)ကလည်း ထောင်ပေါင်း များစွာသော မီးတိုင်များကို လှူဒါန်းခဲ့၏။ ဘုရင် ပထမ သီရိနာဂ (Sirinaga the First) (ဘီအီး၇၃၈-၇၅၇)ကမူ ကြီးကျယ်ခမ်းနားသော ရွှေထီးတော် တင်လှူခဲ့ပြန်၏။


ဆက်လက်၍ကား ဘုရင်ပထမသံဃတိဿ (San ghatissa) (ဘီအီး၇၉၀-၇၉၄)သည် ထိပ်တွင် အဖိုးတန် ကျောက်မျက်စက်ဝန်း တပ်ထားသော ရွှေထီးတော်၊ ဓာတ် တော်တိုက်၏ မျက်နှာပြင်လေးဖက် အလယ်တွင် အဖိုး တစ်သိန်းစီထိုက်သော ကျောက်မျက်များ တပ်ဆင်ထားသည့် နေလုံးလေးစင်း၊ တင်လှူပွဲ အခမ်းအနားသို့ ကြွချီတော်မူ လာသော ရဟန်းလေးသောင်းအတွက် တစ်ပါးလျှင် သင်္ကန်း ၆ စုံစီ လှူလေ၏။

ဘုရင်သီရိသံဃဗောဓိ(Siri Sanghabodhi) (ဘီအီး ၇၉၄-၇၉၆)လက်ထက်တွင်ကား တစ်ကျွန်းလုံးတွင် မိုးခေါင်



www.burmeseclassic.com

www.burmeseclassic.com



မဟာစေတီတော်ကြီး၏ရှုထောင့်အဖုံဖုံမှ ပုံတော်များ




www.burmeseclassic.com

www.burmeseclassic.com



မဟာစေတီတော်ကြီး၏ရွှေထောင့်အဖုံဖုံမှ ပုံတော်များ



www.burmeseclassic.com

www.burmeseclassic.com

လေရာ မင်းကြီးလည်း စေတီတော် ရင်ပြင်တော်တွင် လဲလျောင်းလျက် "မိုးရေ မစိုစွတ်ခဲ့သမျှ ဤစေတီ [illegible] သည်မှာပင် အသေခံအံ့" ဟု အဓိဋ္ဌာန်ပြုလိုက်ရာ ကျွန်းအနှံ့တွင် မိုးများ ရွာကျလာလေခဲ့၏။

ဘုရင်မိတ္တသေန(Mittasena)(ဘီအီး၉၉၅-၉၉၆) ကလည်း [illegible] ဆင်ရုပ်တံတိုင်း၊ ဘုရင်ဓာတုသေန (Dhatusena) (ဘီအီး၁၀၀၂-၁၀၁၀)ကမူ [illegible] ပြုပြင်ခြင်း သရွတ်ကိုင်ခြင်းနှင့် [illegible] ကျောက်မှတ်များပါသော ရွှေထီးတော် တင်လှူခြင်း၊ ဘုရင်မဟာနာဂ(Mahanaga)(ဘီအီး၁၁၁၆-၁၁၁၈) က မိုးကြိုးလွှဲတပ်ဆင်ခြင်း၊ ဆင်ရုပ်တံတိုင်းတည်ဆောက်ခြင်း၊ သရွတ်ကိုင်ခြင်းနှင့် ဆေးသုတ်သက်န်းတော် ကပ်လှူခြင်း။


ဘုရင်ပထမအဂ္ဂဘို(Agbo)(ဘီအီး၁၁၁၈-၁၁၅၁) ရွှေပြားကပ်ကျောက်ထီးတော် တင်လှူခြင်း၊ အဖိုးတန်ကျောက်မျက်များစီခြယ်ခြင်း။ ဘုရင်ဒလမုဂလန် (Dalamugalan) (ဘီအီး ၁၁၆၁-၁၁၆၆) စေတီတော်ပြင်ဆင်သက်န်းတော်ကပ်လှူခြင်း။ ဘုရင်ဒုတိယကဿပ(Kassapa the Second)(ဘီအီး၁၁၉၃-၁၂၀၂)စေတီတော်ကို အကြီးစားလှူဒါန်းပူဇော်ခြင်း။

ဘုရင်ဒုတိယသေန (Sena the Second) (ဘီအီး ၁၃၉၆-၁၄၃၀)-နန်းတက်ပွဲကိုစေတီတော် ရင်ပြင်တွင် ပြုလုပ်ခဲ့ခြင်း။ ဘုရင်ပဉ္စမကဿပ (Kassapa the Fifth) (ဘီအီး ၁၄၅၇-၁၄၆၆) မိဖုရားရာဇိနီ(Rajini)၏ ပိုးအပေါ်ရုံကိုလှူဒါန်းခဲ့ခြင်း။ ဘုရင်စတုတ္ထမဟိန္ဒ (Mahinda the Fourth) (ဘီအီး ၁၄၉၉-၁၅၁၅) ပိုးအပေါ်ရုံ၊ ပန်း၊ နံ့သာ၊ ပန်းကုံးနှင့် အမွှေးတိုင်များ လှူဒါန်းကာ သီဆိုပွဲ၊ ကပွဲများကျင်းပခဲ့ခြင်း။ သံဃာတော်များအား သက်န်းဆက်ကပ်ခြင်း။ မိဖုရား ကတ္တိ (Kitti)မှလည်း ၁၂ ကုဗရှည်သော ရွှေတံခွန်လှူဒါန်းခဲ့ခြင်း။

ပထမပရက္ကမဗာဟုမင်း(Parakramabahu) (ဘီအီး ၁၆၉၆-၁၇၂၉) စေတီတော်ကို ဖျက်ဆီးခဲ့သူ စောလမင်း (Chola)အား အနိုင်တိုက်ခဲ့ပြီး စေတီတော်ကို ၁၂၀ ကုဗအထိမြှင့်တင်ကာ ပြင်ဆင်မှုပြုလုပ်ခဲ့ခြင်း။ အခမ်းအနားပြင်ဆင်ထားရာသို့ ကြွရောက်လာသော ရဟန်းများအားထီးမိုးထားသော နတ်ဒေဝတာကဲ့သို့ ဝတ်ဆင်ထားသည့် မင်းတရားကြီးက ခေါင်းလောင်းထိုးလျက် ပစ္စည်းလေးပါး လှူဒါန်းကာ ဆီမီးပူဇော်ခြင်း။

နိဿင်္ကမောလမင်း(Nissankamalla) (ဘီအီး ၁၇၃၀-၁၇၃၉) လည်း စစ်သည်အများ ခြံရံလျက် ရောက်ရှိလာပြီး စေတီရင်ပြင်တွင် ပုလဲများ ကြဲပက်ကာ ရွှေပန်းငွေပန်းများလှူဒါန်းကာ ဆီမီးနံ့သာများ တစ်ပတ်ကြာလှူဒါန်းခြင်း၊ သတ်မှတ်ထားသော ဆည်ကြီး ၁၂ ခုတွင် ငါးဖမ်းခြင်း၊ ၇ ဂါဝုတ်အချင်းဝက်ရှိသော နယ်မြေအတွင်း ငှက်ပစ်ခြင်း၊ တိရစ္ဆာန်များ သတ်ဖြတ်ခြင်းများကို တားမြစ်ခြင်း။ တစ်နှစ်အတွင်း အခွန်အကောက် ကင်းလွတ်စေခြင်း။ စေတီတော်ဝင်းအတွင်း၌ နတ်သိကြားများ ပူဇော်နိုင်ရန် ပုံစံတူစေတီတော်အငယ်များ တည်ဆောက်ခြင်း။

မိဖုရားကလျာဏဝတီ(Kalyanavati) (ဘီအီး၁၇၄၅-၁၇၅၁)၏ လက်ဝတ်ရတနာများ၊ ပိယဝတုဘမ် ဝိဇယာန (Pirivatubim Vijayana)နှင့် သူကြင်ရာ သုဓမ္မာဒေဝီ




မဟာစေတီတော်ကြီးအား အဆင့်ဆင့်ဖူးမြော်ပုံ



www.burmeseclassic.com

www.burmeseclassic.com





မဟာစေတီတော်ကြီး၏ခေါင်းတော်ထိုက်၊ ဖောင်းရစ်များနှင့်ထီးတော်



မဟာစေတီတော်ကြီး၏အောက်ခြေနှင့်
ဆက်ကပ်လှူဒါန်းထားသော သာသနာ့အလံများ



မဟာစေတီတော်ကြီးရပ်ပြိုင်ပေါ် မှ ဆင်တာလီကျောက်စာ

(Sumedha Devi)၊ တူတော်မောင် လင်္ကာဓိကာရိတောတဒနဒီဝေါနာ(Lankadhikari Totadanav Devalnav) တို့လှူဒါန်းသည့် အမျိုးအမည် ၈၈၈၀ မျှ ကွဲပြားသော အဝတ်များဖြင့် ချုပ်လုပ်ထားသည့် သင်္ကန်းတော်။ လမ်းများကို မုခ်ခုံးများဆင်လျက် တစ်ပတ်ကြာ ပွဲတော်ကျင်းပ၍ စေတီတော်အကြောင်း ဖွဲ့သီကြခြင်း၊ စေတီတော်၏ တတိယပစ္စယံမှ ပန်းတင်ခုံတွင် ပန်းများ၊ အမွှေးနံ့သာများ ကပ်လှူကြခြင်း။ ဒုတိယပရက္ကမဗာဟုမင်း (ဘီအီး၁၇၇၃-၁၈၁၃)သည် ပြင်ပကျူးကျော်သူတို့ ဖျက်ဆီးသွားသော စေတီတော်ကို ပြန်လည်တည်ဆောက်ကာ ထီးအသစ်တင်ခြင်း။ စတုတ္ထမြောက်ဝိဇယဗာဟုမင်း(Vijarabahu the Fourth) (ဘီအီး ၁၈၁၃-၁၈၁၅)ကား သူ့ဖခမည်းတော် လုပ်ဆောင်ခဲ့သော ကိစ္စများကို အဆုံးသတ်စေကာ သံဃာတော်များကိုလည်း လှူဒါန်းခဲ့သည်။

ဤကား စေတီတော်ဝင်းအတွင်းရှိ ထိုကျောက်စာတွင် အတိတ်ကာလမှ သံဃာ၊ မင်းမိဖုရားနှင့် လူသာမန်များ အပါအဝင် ပုဂ္ဂိုလ်အမျိုးမျိုး၏ လှူဒါန်းမှုများကို ရေးထိုးမှတ်တမ်းတင်ထားခြင်းများ ဖြစ်လေသည်။

### နောက်ပိုင်းခေတ်ပြောင်းလဲမှုများ

အနုရာဓပူရနယ်မြေသည် ရာစုနှစ်ပေါင်းများစွာ ရှင်သန်ကျန်ရစ်နေဆဲဖြစ်၏။ သို့သော် ယနေ့ခေတ် ဖူးမြင်ရသည့်အတိုင်း မမြင်ရသေးသည့် ကာလတွင်မူ စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



မဟာစေတီတော်ကြီး
ရင်ပြင်တော်ပေါ် မှ
ဗုဒ္ဓဆင်းတုတော်

ကြီးသည် သစ်တောများ ဖုံးလွှမ်းနေသည့် ပုံသဏ္ဌာန်မပီပြင်သော အုတ်ပုံကြီးသာ ဖြစ်လေသည်။ သာသနာနှစ် ၂၃၉၆ ခုနှစ်တွင်ကား ကုသိုလ်ရှင်တစ်စုသည် ထိပ်ပိုင်းအထိတက်ကာ အထွတ်တင်ခဲ့ကြ၏။ ဘီအီး ၂၄၁၅ ခုတွင်ကား ဆရာတော် နရပတီသုမနသာမထေရ် (Naravati Sumana sama Thero) ဦးဆောင်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ပြုလုပ်ခဲ့သည်။ ပြည်သူအများ၏ ပါဝင်ကူညီ လှူဒါန်းမှုဖြင့် စေတီကိုယ်ထည် စက်ဝိုင်းခြမ်းအခုံးကြီးသည် ပေ ၄၀ သို့ ရောက်လာခဲ့၏။ ဘီအီး ၂၄၄၅ ခုတွင်ကား(Walisingha Harish-chandra) စေတီတော်ဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီး ပေါ်ပေါက်လာရာ ယင်း၏ ပူးပေါင်းပါဝင်မှုဖြင့် ကြီးမားသော ငွေကြေးထောက်ပံ့မှုများ ရရှိခဲ့သည်။ ဒေသခံဆရာဝန်ကြီး၊ (Ranshiyel Kumara singha of Avariwatta)၊ (Henegama Appuhamy of Akurassa) နှင့် ကျွန်းတစ်ကျွန်းလုံးမှ ကုသိုလ်ရှင်များ၏ ကူညီမှုများလည်းရခဲ့ကာ အဆုံးတိုင် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဘီအီး ၂၄၈၃ ခုနှစ်၊ ဝိသာခါ လပြည့်နေ့တွင်ကား ၂၄ ပေ အမြင့်ရှိသော ထီးတော်ကိုတင်နိုင်ခဲ့၏။ ထီးတော်၏ အထွတ်တွင်ကား မြန်မာနိုင်ငံမှ ကုသိုလ်ရှင်များ လှူဒါန်းသည့် ၁၂ လက်မရှိသော စိန်ဖူးတော်ကိုတင်ခဲ့လေသည်။ ယခုအခါ စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၂၉၂ ပေရှိပြီး ကိုယ်ထည်အောက်ခြေ အဝန်းအပိုင်းသည် ၂၉၅ ပေ အချင်းရှိပါသည်။ ဘီအီး ၂၅၄၉ ခုနှစ်၊ မတ်လ၊ (Madin) လပြည့်နေ့တွင်ကား အရိယမဂ္ဂအဖွဲ့(Ariyamagga Organisation)၏ ကြိုးပမ်းမှု၊ ကမ္ဘာတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်များ၏လှူဒါန်းမှု၊ ဆရာတော်ကြီး(Na-uyane Ariya Dhamma Maha Thero)၊ ဌာနမှူး၊ (Kalyani Yogasarama Sanstha) အကြံပေးအဖွဲ့ဥက္ကဋ္ဌ၊ တိပိဋကအာဂုံဆောင် ဝိပဿနာပြဆရာကြီး၊ (Pallegama Sirinivasa Maha Thero) ဆရာတော်ကြီး၊ (Chief of the Atamasathàna-Pallegama Hemaratana Maha Thero) ဆရာတော်ကြီး၊ ရုဝဏ်ဝေဠီကျောင်းတော် တာဝန်ချုပ်တို့၏ လမ်းညွှန်မှုများဖြင့် အောက်ပါ ကုသိုလ်ကောင်းမှုအစုစုကို ပြုနိုင်ခဲ့ကြပါသည်။



မဟာစေတီတော်ကြီး၏ဒါယကာများရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



မဟာစေတီတော်ကြီးအနီးမှ
ရှေးဟောင်းကျောင်းပျက်တစ်ခု၏အောက်ခြေ

သာသနာသက္ကရာဇ်၂၅၅၀ခုနှစ်၊ ဧပြီလ၂၇ ရက်နေ့တွင်တား စေတီတော်ကြီးပတ်လည်ရှိ ပန်းတင်ခုံများပေါ်တွင် ကြာငုံကြာဖူးကြာပွင့်များကို ပြည့်မောက်အောင်တင်ပြီး ကပ်လှူခြင်း၊ ရောင်စဉ်ခြောက်သွယ်ဖြာသည့် ဗုဒ္ဓသာသနာ့အလံများဖြင့် စေတီတော်ဝင်းအပြည့် လွှင့်ထူတန်ဆာဆင်နိုင်ခြင်း၊ စေတီတော်ကိုယ်လုံးတော် ၁၂ ပေ အမြင့်အထိ သာသနာ့အလံများဖြင့် လွှမ်းခြုံနိုင်ခြင်း၊ ထောင်ပေါင်းများစွာသော မီးအိမ်များဖြင့် ဆီမီးကပ်လှူခြင်း၊ ပရိက္ခရာရှစ်ပါး (Atapirikara) ၂၀၀၀ ပေးလှူနိုင်ခြင်း၊ ညလုံးပေါက်ပရိတ်တော်များ ရွတ်ဆိုနိုင်ခဲ့ခြင်း၊ ဗုဒ္ဓသာသနာတော်ကြီး တစ်ကမ္ဘာလုံးကို လွှမ်းခြုံနိုင်စေရန် ကြိုးပမ်းရန် သန္နိဋ္ဌာန်ချမှတ်နိုင်ခဲ့ခြင်းနှင့် ရင်းနိုက်ကျောက်သားပေါ်တွင် စေတီတော်ကြီး၏သမိုင်းကြောင်းကို ဤကျောက်စာများဖြင့် ရေးထိုးနိုင်ခဲ့ခြင်းတို့ ဖြစ်ပါသည်။ ယင်းလုပ်ရပ်များ အားလုံးသည်ကား ရှေးဟောင်းသုတေသနဌာန၊ ဗဟိုယဉ်ကျေးမှု ရန်ပုံငွေအဖွဲ့ (Central Cultural Fund)၊ ဗုဒ္ဓဘာသာဝင် ကမ္ဘာ့ပြည်သူများ၏ စေတနာ ထက်သန်စွာ လှူဒါန်းမှုများကြောင့် အကောင်အထည်ပေါ်ရခြင်း ဖြစ်ပေသည်။

### မဟာစေတီကြီးမှဇာတ်လမ်းတစ်ပုဒ်

ဘုရားတစ်ပတ် လှည့်လည်ဖူးအပြီးတွင်ကား စေတီတော်ပေါ်မှ ကိုယ်တို့အဖွဲ့သားများ ပြန်ဆင်းခဲ့ကြပြန်ပါသည်။



မဟာစေတီတော်ကြီးရေတားအဆင်းမှ ကျောက်ထွင်းကန်ဝယ်

စုရပ်နေရာသို့အပြန် ဘုရားကားများ၊ ဓာတ်ပုံစာအုပ်များကို လာရောက်ရောင်းချကြရာ လက်ဆောင်ပေးရန် ဝယ်ယူကြပြန်ပါသည်။ ခပ်တည်တည်နှင့် ရယ်စရာ ပြောတတ်သော မြောက်ဒဂုံ၊ ပင်လုံဆေးရုံကြီးရှေ့ နှင်းဆီရိပ်သာမှ အစ်မကြီး ဒေါ်ခင်မြင့်က "ကိုအေးရေ ဒီမဟာစေတီကြီးမှာလေ ကြာပန်းတစ်ထောင်၊ ဆီမီးတစ်ထောင်၊ ဆွမ်းတစ်ထောင်နဲ့ တံခွန်ကုက္ကားတစ်ထောင် လှူပြီးရင် နောက်ပွင့်မယ့် အရိမေတ္တေယျဘုရားကို ဖူးခွင့်ကြုံသတဲ့။ ကျွန်မတို့ အဲဒီလို တစ်ထောင်စီ ပြည့်အောင် ဘယ်လိုလုပ်ကြရမှာလဲ" ဟုမေးလာ၏။ သည်ကိစ္စတော့ အစ်မကြီး တကယ်စိတ်ဝင်စားနေပုံရ၏။

"ခုလို ဗျာယီးဗျာယာ ပုဆိန်ပေါက် ဘုရားရှိခိုးရုံနဲ့တော့ မဖြစ်နိုင်ဘူး အစ်မ၊ နောက်တစ်ခေါက် တိုး(Tour)နဲ့မဟုတ်ဘဲ သတ်သတ်ပြန်လာပြီး ဟိုတယ်မှာတည်းရင်း ရက်တစ်ထောင်လောက် အကြာကြီးနေခဲ့" ဟု ပြောလိုက်ရ၏။ ထို့နောက် ဇာတ်စကားပြန်နှီးပြီး ခရီးဆက်ကြပြန်သည်။ ဘုရားတစ်ဆူနှင့်တစ်ဆူအကူး ကားပေါ်တွင် စကားစမြည်ပြောကြရသည်။ ဒူးနာသဖြင့် ဘုရားပေါ်အထိ မတက်နိုင်ခဲ့ဘဲ အောက်ခြေမှပဲဖူးလိုက်ရသည့် သွားဆရာဝန်ကြီး ဒေါက်တာစိုးလင်းက သူကြားဖူးသော မဟာစေတီနှင့်ပတ်သက်သည့် ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြသည်။

တစ်ခုသောကာလက ကိုရင်ငယ်လေးတစ်ပါးသည် ဘုရားကြီးပေါ် တက်ဆော့ရင်း ခြေချော်လက်ချော် ပြုတ်ကျခဲ့၏။ ကယ်သူမဲ့နေသော ထိုခဏတွင် ကိုရင်ငယ်လေးက "ငါ့အား ဓဇဂ္ဂပရိတ်တော်သည် စောင့်ရှောက်ပါစေသတည်း၊ ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု"ဟု တိုင်တည်လိုက်၏။ ထိုစဉ် စေတီတော်မှ ထောက်ရာ တည်ရာများ အလိုလျောက်ပေါ်လာကာ ကိုရင်လေးကို ကယ်လိုက်သဖြင့် အသက်နှင့်ခန္ဓာ အိုးစားမကွဲရဘဲ ဖြစ်သွားလေသတဲ့။

သို့ဖြင့် ဓဇဂ္ဂပရိတ်တော်အကြောင်း သိလိုလာပြန်၏။ တိပိဋကဓရ ရေစကြိုဆရာတော် ဦးဝါယမိန္ဒက "ဓဇဂ္ဂဆိုတာရဲ့ အနက်အဓိပ္ပာယ်ကတော့ အလံတံခွန်လို့' ဆိုပါတယ်၊





www.burmeseclassic.com

www.burmeseclassic.com

ဒိဗ္ဗဂူပရိတ်တော်အကြောင်းပြောရရင် သိကြားမင်းနဲ့ အသုရာက အစချီရလိမ့်မယ်" ရှင်းလင်းပြပါသည်။

ဇဗ္ဗသုတ်ကား မြတ်စွာဘုရားရှင်က သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေစဉ် ရဟန်းသံဃာတို့အား ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။ သံယုတ်ပါဠိတော်၊ သက္ကသံယုတ်တွင် ပါဝင်လေသည်။ ထူးခြားချက်မှာ ထိုသုတ်ကို ဟောကြားတော်မူရာတွင် မည်သည့်ပုဂ္ဂိုလ်က မေးလျှောက်၍၊ မည်သည်ကို အကြောင်းပြု၍ဟုမျှ ဖော်ပြထားခြင်းမရှိပါ။ သိကြားမင်းကြီး၏အယူအဆများ၊ ပြောကြားချက်များ ပြည့်စုံမှု မရှိသဖြင့် ပြည့်စုံသွားရန် ဟောကြားခြင်းသာ ဖြစ်ပါသည်။

### အသူရာနဲ့သိကြားမင်းမှစခဲ့သည့် ဇဗ္ဗပရိတ်တော်

မဂဓတိုင်း၊ မစလရွာသား မာဃနှင့် သူငယ်ချင်း ၃၃ ဦးတို့သည် လူ့ရွာတွင် လမ်းပြင်၊ တံတားခင်း၊ ဇရပ်ဆောက် စသည့် လူမှုရေး အလုပ်များကို စေတနာအလျောက် လုပ်ခဲ့သဖြင့် သေပြီးနောက် နတ်ပြည်ခြောက်ထပ်ရှိ ဒုတိယထပ်၏ နတ်သားများအဖြစ် ရောက်သွားကြ၏။ သူတို့အား ဒေသခံနတ်များက ဂုဏ်ပြုသောအားဖြင့် ယစ်မူးစေသော နတ်အဖျော်ရည်တို့ဖြင့် စားပွဲခင်းကာ ကြိုဆိုကြ၏။ မာဃနှင့်အဖွဲ့လည်း သောက်ဟန်ပြုကာ မသောက်သုံးကြပေ။ ဒေသခံနတ်များ အပျော်လွန်ပြီး အသောက်ကြူးကာ မူးရူးသတိလစ်မှ သူတို့အား ထိုနတ်ဘုံနှင့်မထိုက်ဟု ဖယ်ရှားလိုက်ကြ၏။ မူလပိုင်ဆိုင်သူ နတ်များမရှိတော့သောအခါ ခေါင်းဆောင်သူ မာဃအား ထိုနတ်ဘုံ၏ အကြီးအကဲအဖြစ် ခန့်အပ်ကာ စွမ်းဆောင်နိုင်သူ (သက္က)ဟု ဘွဲ့မည်သစ် ပေးအပ်ကြ၏။ ထိုသက္ကကို မြန်မာတို့က သိကြားဟု ခေါ်ခြင်းဖြစ်၏။ ထိုဘုံသည်လည်း သိကြားမင်းနှင့် အဖော်၃၃(တိသ-၃၀)တို့ စံရာဖြစ်သဖြင့် တာဝတိံသာဟု တွင်လာခဲ့၏။ ဖယ်ရှားခံလိုက်ရသူ နတ်များလည်း သမုဒ္ဒရာထဲသို့ ကျမသွားဘဲ သူတို့၏ ဘုန်းကံ



မဘောစေတီတော်ကြီးမှ အိန္ဒိယဝန်ကြီးချုပ်-ဂျဝါဟာလာနေရူး၏လက်ခံဆောင်

ကြောင့် မြင်းမိုရ်တောင်၏ အစွန်းတစ်ခုတွင် တင်နေကာ သူတို့စံခဲ့ဖူးသော နတ်ဘုံအတိုင်း ဘုံတစ်ခုဖြစ်ပေါ်လာပြီး စံစားနေကြ၏။ ထိုဘုံသစ်နှင့် ဘုံဟောင်းကား အစစအရာရာ တူညီကြသဖြင့် ဘုံသစ်သို့ ရောက်နေကြောင်းပင် ထိုနတ်တို့ မသိကြ။ သို့ရာတွင် သူတို့၏ကိုယ်ရောင်ကိုယ်ဝါ တောက်ပမှု မရှိခြင်း၊ တန်ခိုးဣဒ္ဓိအနည်းငယ် လျော့ပါးခြင်းတို့ကြောင့် ထိုဘုံသစ်လည်း အသူရာဟု တွင်လာ၏။

သို့သော် တစ်နှစ်တစ်ခါ ရာသီပန်းပွင့်လေမှ မူလဘုံမှာကဲ့သို့ ပင်လယ်ကသစ်ပန်းမပွင့်ဘဲ၊ ဘုံသစ်တွင် သခွတ်ပွင့်ပွင့်လေသည်။ ထိုခြားနားချက်တစ်ခုသာ ရှိသဖြင့် သခွတ်ပွင့်ချိန်တိုင်းတွင်မှ သူတို့ဘုံကိုအပိုင်စီးခံရကာ သူတို့အဖယ်ရှားခံရကြောင်းသတိရကာ အသူရာတို့လည်း မူရင်း တာဝတိံသာဘုံသို့ တက်၍စစ်ခင်းကြလေ၏။ (စာရေးဆရာမကြီး ခင်နှင်းယု၏ နာမည်ကျော် သခွတ်ပန်းဝတ္ထုမှာ ဤအချက်ကို အခြေတည်ထားခြင်း ဖြစ်လေသည်)။ သို့သော် တာဝတိံသာကား စစ်တိုက်ယူ၍ မရသောမြို့(အယုဇ္ဈပူရ) ဖြစ်နေသဖြင့် မနိုင်နိုင်ဘဲ စစ်ရှုံး၍သာ ပြန်လာကြရ၏။

ထိုသို့ စစ်တိုက်၍ မနိုင်နိုင်အောင်လည်း တာဝတိံသာတွင် နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ယက္ခ စသည့် အစောင့်အရှောက် အာလိန်ငါးဆင့်စီမံထား၏။ အသူရာတို့ လာတိုက်တိုင်းလည်း ထိုအဆင့်ဆင့်သော အစောင့်များနှင့် ရင်ဆိုင်ရမည် ဖြစ်၏။ (ထိုအဘောကိုယူကာ ယခုခေတ်တွင် ဘုရားစေတီများ၌



မဟာ့စေတီတော်ကြီးသို့ပန်းတပ်နေသော ဆင်တာလီမကြီးတစ်ဦး





www.burmeseclassic.com

www.burmeseclassic.com

အာလိန်ငါးဆင့်ဟုစီမံကာ တည်ဆောက်လာကြခြင်း ဖြစ်သည်ဟု ဆရာတော်က မိန့်ပါသေးသည်)။ ထိုအစောင့်များကို ဖယ်ရှားနိုင်လျှင်သော်မှ နောက်ဆုံးတွင် သိကြားမင်းက ကိုယ်တိုင်ထားသည့် သိကြားရုပ်တုကိုတွေ့လျှင် အသူရာတို့ ကြောက်ရွံ့ပြီး ပြန်ပြေးကြရပြန်၏။

စစ်မြေ့တို့၏ သဘောတရားအရ နိုင်သူ၊ ရှုံးသူ မဟူတိုက်နေရင်း ခက်ခဲပင်ပန်းမှုများကြောင့် စိတ်ဓာတ်ကျတတ်ကြ၏။ ထိုအခါ နတ်စစ်သည်တို့ စိတ်ဓာတ်ခွန်အားတက်ဖို့ရာ သိကြားမင်းက သူစီးနင်းလိုက်ပါလာသည့် ရထားဦးထိပ်ပိုင်းမှာ စိုက်ထူထားသည့် အလံကိုကြည့်စေ၏။ ထိုအလံကို မကြည့်မိကြလျှင် ပဇာပတိ၊ ဤသာန၊ ဝရုဏ နတ်မင်းတို့ စီးနင်းလာသည့် ရထားဦးမှအလံကို ကြည့်စေ၏။ ထိုသို့ကြည့်ခြင်းဖြင့် ကြောက်ရွံ့ခြင်း၊ ရင်တုန်ခြင်း၊ ကြက်သီးမွေးညင်းတို့ထခြင်းတို့မှ ကင်းစေမည်ဟုဆို၏။ သို့သော် ထိုသို့ကြည့်ခြင်းဖြင့် ကြောက်ရွံ့ခြင်းမှ ကင်းသည်လည်းရှိ မကင်းသည်လည်းရှိကြကုန်၏။ ထိုသို့ဖြစ်ရခြင်းမှာ သိကြားမင်းကိုယ်တိုင်က ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးသောကြောင့် ဖြစ်၏။ သို့ဖြစ်ရာ မှောာအရပ်သို့ ဝင်သည်ဖြစ်စေ၊ သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားသည်ဖြစ်စေ အမြဲတမ်း ကြောက်ရွံ့ခြင်းကင်းစေရန် ရာဂ၊ ဒေါသ၊ မောဟကင်းသော ဘုရား၊ တရား၊ သံဃာတို့ကိုသာ ဆင်ခြင်အောက်မေ့ကြပါကုန်ဟု ဘုရားရှင်က ဟောကြားလေသည်။

### *နတ်ပြည်လားကြသော မင်းကောင်းမင်းမြတ်များ*

တစ်ယောက်ကတော့ သည်အဖြစ်အပျက်သည် မဟာစေတီတွင်မဟုတ်ဘဲ "ဒီဃဝါပီစေတီတော်" (Dhiga vapi)မှာ ဖြစ်ပျက်ခဲ့သည်ဟုလည်း ဆိုလေသည်။ ဘုရားပေါ်တက်ဆော့သော ကိုရင်လေး မဟုတ်ဘဲ ဘုရားတည်ဆောက်စဉ်ကာလက အုတ်စီအပြီး အပေါ်လွှာကို အချောကိုင်နေစဉ်တာဝန်အရ တက်ရောက်သော ရဟန်းတစ်ပါး ဖြစ်သည်၊ တစ်နေ့တွင် ခေါင်းလောင်းပုံအထက်နား တစ်နေရာမှ လျှောကျခဲ့၏၊ ထိုရဟန်းငယ်လည်း သေဘေးကို ကြောက်လန့်သောကြောင့် အလန့်တကြား အော်ဟစ်လိုက်စဉ် အောက်မှ ရဟန်းတို့က ငါ့ရှင် ဇေဂ္ဂသုတ်ကို ဆင်ခြင်လော့ဟု သတိပေးလိုက်ရာမှ ရဟန်းငယ်လည်း ဇေဂ္ဂသုတ်ပရိတ်သည် ငါ့အားစောင့်ရှောက်ပါလော့ဟု ဆိုလိုက်၏။ ထိုစကားအဆုံးတွင် စေတီတော်ကြီးအတွင်းမှ အုတ်နှစ်ချပ် အစွန်းထွက်လာကာ ရဟန်းငယ်၏ ခြေနှစ်ဖက်အောက်တွင် ခံလိုက်သဖြင့် ခြေနင်းစရာ ရသွားသည်။ သို့ဖြင့် ဆက်လက်လျှောမကျတော့။ ထို့နောက်တွင် ကျန်ရဟန်းများက နွယ်ကြိုးလျှော်ကားဖြင့် ကူညီကယ်ဆယ်နိုင်ကြသဖြင့် အသက်ဘေးမှ လွတ်သွားရသည်ဟုဆို၏။

မည်သို့ဆိုစေ ဇေဂ္ဂသုတ်တော်၏ အကျိုးအာနိသင်နှင့် အဓိပ္ပာယ်ကိုတော့ တစ်သက်မမေ့နိုင်အောင် မှတ်မိသွားရပြီဖြစ်၏။ ထို့ပြင် ဇေဂ္ဂသုတ်၏အစွမ်းသည် ထိုသုတ်ကို အောက်မေ့ရုံမျှဖြင့်ပင် ကောင်းကင်၌သော်လည်း ရပ်တည်နိုင်လေသည်။ နှုတ်တက်ရွရွ ဆိုကြလျှင်ကား အကျိုးအာနိသင်သည် အထူးညွှန်းဆိုစရာပင် မလိုတော့ချေ။

အထက်ပါ ပုံပြင်လေးတွင် ကိုရင်လေး သို့မဟုတ် ရဟန်းငယ်သည် သုတ်တစ်ခုလုံးကို ရွတ်ဆိုလိုက်သည် မဟုတ်ဘဲ သတိရလိုက်ရုံဖြင့်ပင် အသက်ဘေးမှ ကင်းဝေးသွားရလေ၏။ ကံကောင်းစွာပင် ကိုယ်တို့ကားပေါ်တွင် စာတတ်ပေတတ် ဆရာတော်ကြီးနှစ်ပါး ပါလာသဖြင့် ဗဟုသုတလည်း ရရသည်။

မဟာစေတီကြီးနှင့် ပတ်သက်၍ပြောကြရင်း "ဘုရင်တွေသေရင် ဘယ်ရောက်သွားကြသလဲ"ဟု လျှောက်ထားကြည့်ရာ ကျောက်ပန်းတောင်း ဆရာတော်က "နတ်ပြည်လားတယ်ပြောကြတာပဲ ဒကာကြီး။ နတ်ရွာစံတယ်လို့ ဆိုသလေ"ဟု မိန့်လေသည်။ ကားပေါ်ပါလာသော ခရီးသွားအားလုံး ရယ်မောမိကြပါသည်။ ဒုဋ္ဌဂါမဏိမင်းကြီးကတော့ တကယ်ပဲ နတ်ပြည်လားမည်ဟု ထင်မိပါသည်။

❐ ထိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး–ဘု)


**<u>စာကိုး။</u>**

(Robert E.Fisher, Buddhist Art and Architecture, Thames and Hudson Ltd, London, 1993)

(Walpola Rahula, History of Buddhism in Ceylon, The Anuradhapura Period, Buddhist Cultural Centre,1993,3rd p)

(Dr Than Tun, Buddhist Arts and Architecture, May,2002)

(Wilhelm Geiger, Ph.D-Mahavamsa)

(K.Samar ana yake-Famous kings of ancient Sri Lanka) (Sri .Lanka Ancient Cities) (Sri Lanka Pilgrim's Guide)

(ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး-မဟာဝင်ဝတ္ထု)

(နိုင်ငံတော်ဗုဒ္ဓသာသန-မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ)


(သဒ္ဓမ္မမဏ္ဍိုင်ဆရာတော် ဘဒ္ဒန္တနာဂသေန-ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရာ သီရိလင်္ကာ)

(ဦးမင်းငြိမ်းဇော်၊ မဟာပရိတ်ကြီး၊ စိတ်ကူးချိုချိုအနုပညာ၊ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ၊ ရန်ကုန်)




www.burmeseclassic.com

www.burmeseclassic.com




# နှစ်ဦးမေတ္တာ လူတိုင်းမှာ

ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ

(Ph.D)

ပါမောက္ခချုပ်၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

## မှတ်တမ်း

ရန်ကုန်မြို့၊ ရွှေဂုံတိုင်ဆေးရုံ SSC, OPD ခန်းမ၌ ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နှစ်သစ်မင်္ဂလာ မေတ္တာသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော "နှစ်ဦးမေတ္တာ လူတိုင်းမှာ" တရားဒေသနာတော်။

ယခုလို နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်အခါသမယ ပြောင်းလဲရောက်ရှိလာတဲ့အခါ လူတွေဟာ တစ်ဦးနဲ့တစ်ဦး နှုတ်ခွန်းဆက်ကြတယ်။ ကမ္ဘာသုံးခုနှစ်လို့ ဆိုရမယ့် ၂၀၁၂ ခုနှစ်ရဲ့ နှစ်သစ်အခါသမယကို ကြိုဆိုတဲ့အနေနဲ့ အားလုံး တစ်ဦးအပေါ် တစ်ဦး မေတ္တာထားကြပြီး "နှစ်သစ်မင်္ဂလာ အခါသမယမှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ" "Happy New Year To You" လို့ပြောကြတာပေါ့။ တကယ်တော့ လောကလူသားတွေဟာ ဒီကနေ့ ဘာကိုလိုလားကြတာလဲလို့ဆိုရင် ပျော်ရွှင်ချမ်းမြေ့မှု လို့ဆိုတဲ့ Happiness ကို လိုလားကြတယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။ ပျော်ရွှင်ချမ်းမြေ့မှု၊ ဘဝမှာ ထာဝရပျော်ရွှင်နိုင်ဖို့ လူတွေ နေ့စဉ် ကြိုးပမ်းအားထုတ်နေကြတယ်။ ဒီအချက်ကိုလည်းပဲ မြတ်စွာဘုရားက ဟောကြားခဲ့တာ ရှိတယ်။

မြတ်စွာဘုရား ဟောတဲ့အထဲမယ် လူတွေရဲ့ဆန္ဒကို ထုတ်ဖော်ပြီး "သုခကာမာ ဒုက္ခပဋိကူလာ" လို့ဆိုတဲ့ စကားရှိတယ်။ လူတိုင်း လူတိုင်းဟာ ဆင်းရဲဒုက္ခကို ရွံရှာမုန်းတီးကြတယ်။ ဘယ်သူမှ မဆင်းရဲချင်ကြဘူး။ သုခကာမ - ချမ်းသာပျော်ရွှင်မှုကို မြတ်နိုးကြတယ်။ ဒါက လူတိုင်း လူတိုင်းမှာ ရှိနေတဲ့ဆန္ဒပဲ။ အဲဒီဆန္ဒကို ထုတ်ဖော်ကြတဲ့အခါမှာတော့ ဘာသာအမျိုးမျိုး၊ ဆရာအမျိုးမျိုး ဟောကြားတယ်။ မိမိတို့ရဲ့ ယုံကြည်ချက်၊ ယူဆချက်အတိုင်း ပျော်ရွှင် ချမ်းမြေ့မှုကို ရအောင်ရှာကြတယ်။ ဘယ်နည်းနဲ့ရရ ရတဲ့ပျော်ရွှင်ချမ်းမြေ့မှုကို လိုလားကြလို့ ရနိုင်တဲ့နည်းလမ်းအမျိုးမျိုး အသုံးချပြီး ပျော်ရွှင်ချမ်းမြေ့မှုကို ရှာကြတာပဲ။

ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့တရားမေတ္တာဟာ လူမျိုးနဲ့လည်း မသက်ဆိုင်ဘူး၊ ဘာသာတရားဆိုတဲ့ ကိုးကွယ်မှုနဲ့လည်း မသက်ဆိုင်ဘူး။ ဘယ်ပုဂ္ဂိုလ်ပဲ လိုက်နာလိုက်နာ၊ ဘယ်ပုဂ္ဂိုလ်ပဲ ကျင့်သုံးကျင့်သုံး မေတ္တာဆိုတာဟာ အားလုံးအတွက်ပဲ ပြီ





www.burmeseclassic.com

www.burmeseclassic.com

ဘယ်၊ ဆိုပါစို့၊ အခုလို လူသားတွေရဲ့ ကျန်းမာရေးကို တစ်ထောက်တစ်လမ်းက စောင့်ရှောက်ပေးနေတဲ့ ဆေးရုံဆေးခန်းတွေမှာ အသုံးပြုတဲ့ဆေးတွေဟာ ဘယ်လူမျိုးပဲလာကုကု ကျန်းမာမှုအတွက် အထောက်အကူဖြစ်တာတွေချည်းပဲနော်။ လူမျိုးကွဲပြားသည့်အတွက် ဆေးဝါးက အကျိုးမဖြစ်ဘူးလို့ မရှိဘူး၊ ဘာသာမတူညီသည့်အတွက် ဆေးဝါးက အကျိုးမဖြစ်ဘူးလို့ မရှိဘူး။ လူသားအားလုံးအတွက် ဒီဆေးဝါးဟာ ရောဂါပျောက်ကင်းပြီး ကျန်းမာမှုကို ရရှိစေတာ တညီတည်းပဲ။ ထို့အတူပဲ မေတ္တာဆိုတဲ့တရားဟာ သဘာဝကဖြစ်ပေါ်နေတဲ့ အရာ ဖြစ်သောကြောင့် အဲဒီသဘာဝတရားအတိုင်း လိုက်နာကျင့်သုံးမယ်ဆိုရင် မည်သည့်လူမျိုး လိုက်နာသည်ဖြစ်စေ၊ မည်သည့်ဘာသာဝင် လိုက်နာသည်ဖြစ်စေ တညီတည်းသော အကျိုးကိုရမှာ သေချာပါတယ်။

ဥပမာအားဖြင့် နေရာဌာနတစ်ခုကို ဦးတည်ပြီး ဖောက်ထားတဲ့ လမ်းမကြီးပေါ် တက်ရောက်ပြီး ဘယ်သူပဲ လျှောက်လျှောက် လမ်းဆုံးလို့ရှိရင် အဲဒီစခန်းကို ရောက်ကြမှာချည်းပဲနော်။ ဒီလမ်းပေါ် လျှောက်ရင် ဒီစခန်းရောက်မယ် ဆိုတာ အင်မတန်မှ သေချာတဲ့ကိစ္စ။ ဒါကြောင့်မို့ ဘုန်းကြီး အနေနဲ့ ဒီကနေ့ "နှစ်ဦးမေတ္တာ လူတိုင်းမှာ" ဆိုတာ ဟောမှာပါ။ မေတ္တာဆိုတဲ့ တရားဟာ လူမျိုးနဲ့လည်း သက်ဆိုင်တာ မဟုတ်ဘူး။ ဘာသာနဲ့လည်း သက်ဆိုင်တာမဟုတ်ဘူး။ ဘယ်သူပဲ အသုံးချချ ထိုမေတ္တာတရားရဲ့ စွမ်းအားကို ရကြမှာပဲ ဖြစ်တယ်။

မေတ္တာဆိုတာ နေရာတကာ အရေးကြီးတယ်။ အခုလို ၂၀၁၂ ခုနှစ် စတင်တဲ့နေ့မှာ ဒီတစ်နှစ်တာ ကာလပတ်လုံး ပြောသမျှ၊ ဆိုသမျှ၊ စိတ်ကူးသမျှတွေဟာ မေတ္တာနဲ့ လုပ်ဆောင်သွားကြမယ်ဆိုရင် အားလုံးအတွက် အကျိုးဖြစ်ထွန်းမယ်ဆိုတာ သေချာတယ်။ ကိုယ့်အတွက်လည်း အကျိုးဖြစ်ထွန်းမှာပဲ။ သူများအတွက်လည်း အကျိုးဖြစ်ထွန်းမှာပဲ။ လူတိုင်းအတွက်လည်း အကျိုးဖြစ်ထွန်းမှာပဲ။ လူတိုင်း လူတိုင်းရဲ့ နှလုံးသားထဲမှာ အခုလို နှစ်သစ်အခါသမယမှာ မေတ္တာတရား ကိန်းဝပ်နေအောင် ကြိုးစားရမယ်။

မေတ္တာဆိုတာ "မိတ်ဆွေတို့ရဲ့ စိတ်ဓာတ်၊ မိတ်တွေရဲ့ စိတ်နေသဘောထား" လို့ အဓိပ္ပာယ်ရတယ်။ ပါဠိစကားလုံးပဲ။ မိတ္တဿ ဧသာ မေတ္တာ = မိတ်ဆွေရဲ့ စိတ်နေသဘောထား။ မိတ်ဆွေရဲ့ စိတ်နေသဘောထား ဘယ်လိုရှိသလဲ။ မိတ်ဆွေရဲ့ စိတ်နေသဘောထားသည် မိမိနဲ့ ခင်မင်သူတွေအားလုံး ကြီးပွားတိုးတက်စေချင်တယ်၊ ပျော်ရွှင်ချမ်းမြေ့စေချင်တယ်။ အဲဒီစိတ်ဓာတ်ကို အကန့်အသတ်ထားရမလားလို့ဆိုတော့ မိတ်ဆွေတွေရဲ့ စိတ်ဓာတ်ကို အားလုံးအပေါ်မှာ ထားနိုင်အောင် ကြိုးစားရမယ်။ ကိုယ့်မိတ်ဆွေ ဟုတ်သည်ဖြစ်စေ၊ ကိုယ့်မိတ်ဆွေ မဟုတ်သည်ဖြစ်စေ၊ ကိုယ်နဲ့မသင့်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်စေ၊ ဘယ် ပုဂ္ဂိုလ်တွေပေါ်ဖြစ်ဖြစ် အားလုံးအပေါ်မှာ အဲဒီ စိတ်ဓာတ်ကို ဖြန့်ကျက်ထားနိုင်တာကို မေတ္တာလို့ ခေါ်တာ။ အဲဒီလို ဖြန့်ကျက်ထားနိုင်အောင် ကြိုးစားဖို့ ဘုန်းကြီးတို့ တစ်တွေ လုပ်ကြရမယ်။

ဒီမေတ္တာဆိုတဲ့ တရားဟာ လူတွေရဲ့နှလုံးသားထဲမှာ အခြေခံအားဖြင့် ပါရှိနေသော်လည်းပဲ တိုးတက်လာအောင် မလုပ်ဘူးဆိုလို့ရှိရင် ဒီမေတ္တာဟာ တိုးပွားလာမှာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ လေ့ကျင့်ပြီးတော့ မေတ္တာနှလုံးသား ရင်ထဲမှာ ပြန့်ပွားလာအောင် ကြိုးစားအားထုတ်ရမယ်။

မေတ္တာကို မြတ်စွာဘုရားက သုံးမျိုးခွဲပြထားတယ်။ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာလို့။

မနောကံမေတ္တာက စပြောမယ်။ "အားလုံးအဆင်ပြေကြပါစေ၊ ချမ်းသာကြပါစေ၊ ပျော်ရွှင်ကြပါစေ၊ အခက်အခဲ မရှိကြပါစေနဲ့" လို့ အကျိုးစီးပွားကို လိုလားတဲ့ စိတ်နေသဘောထားလေးကို မနောကံမေတ္တာလို့ ခေါ်တယ်။

အဲဒီမနောကံမေတ္တာကို အားလုံးအပေါ်မှာ ဖြန့်ကျက်ပြီး သမာဓိစွမ်းအားတွေနဲ့ တွဲဖက်ထားလိုက်ရင် ဈာန်တောင်ရမယ်။ မြတ်စွာဘုရားက ဒီမေတ္တာဈာန်ကုသိုလ်ရဲ့ စွမ်းအားနဲ့ လူ့ဘဝ ကုန်ဆုံးတဲ့အခါမှာ နောက်ဘဝ ဗြဟ္မာဘုံရောက်နိုင်တယ်လို့ စွမ်းအားရှိတဲ့ ကုသိုလ်တစ်ခု အနေနဲ့ ဟောတော်မူတယ်။

မနောကံမေတ္တာ ရှိသလို ဝစီကံမေတ္တာ ဆိုတာလည်း ရှိတယ်။ တစ်ဦးနဲ့တစ်ဦး ကောင်းကျိုးချမ်းသာ ရစေနိုင်တဲ့ စကားတွေကို ပြောတယ်၊ အကြံပေးမယ်၊ အကြံကောင်းတွေ ပေးတယ်၊ သတိပေးတယ်။ ဒီလို တစ်ဦးနဲ့တစ်ဦး နှုတ်၏စောင့်မခြင်း မေတ္တာအရင်းခံတဲ့ အပြောအဆိုများနဲ့ ပြောဆိုကူညီပေးခြင်း၊ ဒါလည်း လောကမှာ အင်မတန်မှ အရေးကြီးတယ်။

မိဘတွေက သားသမီးတွေကို "ဘယ်လိုမနေနဲ့၊ ဘယ်လိုမထိုင်နဲ့၊ ဘာလုပ်သင့်တယ်၊ ဘာမလုပ်သင့်ဘူး" စသည်ဖြင့် ကိုယ့်သားသမီးကို အရိပ်တကြည့်ကြည့် ပြောဆိုဆုံးမပေးသလိုပဲ ကိုယ့်ပတ်ဝန်းကျင်က ပုဂ္ဂိုလ်တွေကိုလည်းပဲ ကောင်းတဲ့အကြံဉာဏ်လေးတွေပေးပြီး ပြောဆိုတာ ဒါ ဝစီကံမေတ္တာလို့ခေါ်တယ်။

နောက်တစ်ခါ ကာယကံမေတ္တာလို့ဆိုတယ်။ တစ်စုံတစ်ခု ကိုယ့်ရှေ့မှာ၊ ဆိုပါစို့ လူတစ်ယောက်ဟာ ကိုယ့်ရှေ့မှာ အရေးကြီးတဲ့ ပိုက်ဆံအိတ်ကလေးတို့၊ တယ်လီဖုန်းတို့ မေ့ကျန်ရစ်ခဲ့တယ်ဆိုရင် သိမ်းပေးထားတယ်၊ အကြောင်းကြားပေးတယ်၊ မပျောက်မပျက်အောင် လုပ်ပေးထားတယ်။ ဒါ ကာယကံမေတ္တာလို့ ခေါ်တယ်။

သွားတဲ့ လာတဲ့ လမ်းတွေမှာ ခလုတ်မထိ ဆူးမငြိအောင် သူများမမြင်တာတွေကို ဖယ်ရှားပေးတယ်၊ ကိုယ်အရင်တွေ့ရင် ကိုယ်ဖယ်ရှားပေးလိုက်တယ်။ ဆိုလိုတာက

www.burmeseclassic.com

"ဘယ်သူမှ ဒုက္ခမရောက်အောင် ကိုယ်မြင်တဲ့အခါမှာ ဆောင်ရွက်လုပ်ကိုင်ပေးသွားတာလေးတွေ" ဒါတို ကာယကံမေတ္တာလို့ခေါ်တာ။ မနောကံမေတ္တာရှိသလို ဝစီကံမေတ္တာလည်းရှိဖို့လိုတယ်။ ကာယကံမေတ္တာလည်း ရှိဖို့လိုတယ်။ ယခုလိုနှစ်ဦးကာလ ရောက်လာတဲ့အချိန်ကစပြီးတော့ ဘယ်အခါပဲဖြစ်ဖြစ် မေတ္တာနဲ့ဆက်ဆံတာ၊ အခုလို ဆေးရုံတို့ ဆေးခန်းတို့ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေ ရောက်လာတတ်တာတုံးဆိုတော့ ရောဂါစွဲကပ်လို့ ထိုရောဂါအတွက် စိတ်သောကရောက်တဲ့ပုဂ္ဂိုလ်တွေ ရောက်လာကြတာ။ ဆရာဝန်၊ ဆရာမနဲ့တွေ့လိုက်တဲ့အခါ ရောဂါအကြောင်း ကျကျနန ရှင်းပြလိုက်ရုံနဲ့ပဲ ဆရာဝန်၊ ဆရာမက ကျကျနန ရှင်းပြလို့ ရောဂါဟာတစ်ဝက်လောက် သက်သာသွားတယ်။

"ဘယ်ဆေးသောက်ရင် စားရင် ပျောက်ပါတယ်၊ မပူပါနဲ့၊ ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ မသိသေးတာတွေကို သိအောင် လမ်းညွှန်မှုပေးလိုက်တယ်" ဆိုလို့ရှိရင် ဒါက ကိုယ့်အတွက် မေတ္တာမနောကံ၊ မေတ္တာဝစီကံ၊ မေတ္တာကာယကံတွေ ဖြစ်တာပဲ။

မေတ္တာပုဗ္ဗင်္ဂမံ ဝေဇ္ဇသိပ္ပံ။ ဝေဇ္ဇသိပ္ပံ - ဆေးပညာအတတ်ဟာ၊ မေတ္တာပုဗ္ဗင်္ဂမံ -- မေတ္တာနဲ့ဦးဆောင်ပြီးတော့ပြုလုပ်ရတဲ့ အလုပ်ကိစ္စဖြစ်တယ်။ ဒါကြောင့် မေတ္တာထားမယ်ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့ လုပ်ငန်းကြီးပဲ၊ မြင့်မြတ်တဲ့အလုပ်ပဲ။ တချို့အလုပ်က လုပ်တဲ့ကိစ္စကိုက မြင့်မြတ်တာမဟုတ်ဘူး။ အခု ဒီဆေးဝါးကုသပေးတဲ့ အလုပ်ဆိုတာ အင်မတန်မှ မြင့်မြတ်တဲ့အလုပ်၊ မြင့်မြတ်တဲ့အလုပ်ကို ထပ်ပိုးပေးရမှာတော့ ကိုယ့်ရဲ့စိတ်နေသဘောထားလေးပဲ။ မေတ္တာစိတ်လေး ထပ်ပိုးပေးလိုက်လို့ရှိရင် အလုပ်က မြင့်မြတ်ပြီးသားဖြစ်သည့်အတွက်ကြောင့် အားလုံးဟာ မြင့်မြတ်သွားတယ်။ စိတ်ကလည်း မြင့်မြတ်တယ်။ အလုပ်ကလည်း မြင့်မြတ်တယ်ဆိုတော့ နှစ်ထပ်ကွမ်း မြင့်မြတ်တယ်။ ပြီးပြည့်စုံတယ်။ ကုသိုလ်ဖြစ်တဲ့ လုပ်ငန်းတစ်ခုလို့ ပြောရမယ်။ ဒါက ဟုတ်၊ မဟုတ် ကိုယ့်ဟာကိုယ်ပဲ ဆင်ခြင်သုံးသပ်လို့ရပါတယ်။

ဆရာဇီဝက ပညာသင်မလို့လုပ်တဲ့အခါမှာ သူစဉ်းစားတဲ့အထဲမှာ ပါတယ်။ "ဘယ်ပညာ ငါသင်ရ ကောင်းမလဲ" လို့ စဉ်းစားတယ်။ ပညာရပ်တွေ အများကြီး သူစဉ်းစားမိတဲ့အထဲမယ် မကျန်းမမာတဲ့ ပုဂ္ဂိုလ်တွေကို ကျန်းမာအောင်ကုစားပေးတဲ့ ဆေးသမားတို့ရဲ့ အတတ်ပညာဟာ မကျန်းမာတဲ့သူကို ကျန်းမာအောင်လုပ်ပေးတာ ဖြစ်သောကြောင့် အလုပ်ကိုက မေတ္တာထားတဲ့အလုပ်ဖြစ်သွားတယ်။ ဒါကြောင့်မို့လို့ "ဒီအလုပ်လောက် မွန်မြတ်တာမရှိဘူး" လို့ဆိုပြီး ဆေးပညာအလုပ်ကို ရွေးချယ်တာလေ။

အဲဒီတော့ ကိုယ်လုပ်နေတဲ့ လုပ်ငန်းဟာ အင်မတန်မှ မြင့်မြတ်တဲ့အလုပ် ဖြစ်တယ်ဆိုတာ ရှေးဦးစွာ ခံယူထားပြီး မြင့်မြတ်တဲ့အလုပ်ကို မြင့်မြတ်တဲ့စိတ်ဓာတ်နဲ့ အကောင်အထည်ဖော်ရမယ်။ "တို့ဟာ နေ့စဉ်နဲ့အမျှ ကုသိုလ်ရတဲ့ လုပ်ငန်းကြီးတစ်ခု လုပ်နေရတယ်" လို့ ဝမ်းသာရတယ်။

တချို့က ပြောကောင်းပြောလိမ့်မယ်။ ဒါက Business လုပ်ငန်းပဲ။ ပိုက်ဆံရလို့ လုပ်တာလို့။ ပိုက်ဆံရလို့ လုပ်တယ်လို့ ဆိုပေမယ့် စိတ်ဓာတ်မြင့်မြတ်ရင် (ကိုယ်မျှော်ကိုးတာက ငွေကြေးမနေ မဟုတ်ဘဲနဲ့နော်) တစ်ဖက်သားရဲ့ ရောဂါဝေဒနာ ပျောက်ကင်းရေးကို အာရုံစိုက်နေတဲ့အချိန်မှာဖြစ်တဲ့ စိတ်ကို ကုသိုလ်စိတ်လို့ ခေါ်တာပဲ။ အဲဒီ ကုသိုလ်စိတ်ကို ကိုယ်အရယူဖို့ လိုတယ်။

အေး. . . ရောက်လာတဲ့ လူနာအပေါ်မှာ "ဒီလူနာဆီက ပိုက်ဆံများများရအောင် လုပ်လိုက်မယ်"ဆိုရင်တော့ ဒါ ကုသိုလ်စိတ်မဟုတ်ဘူးပေါ့နော်။ ရောက်လာတဲ့ လူနာဟာ ရှိတဲ့ရောဂါ အမှန်အကန်သိရအောင် စစ်ဆေးပြီး "ဒီဆေးနဲ့ ကုရင် ရောဂါပျောက်တယ်၊ အမှန်အတိုင်း ကုသပေးတယ်၊ သူ့ကို ကူညီပေးတယ်၊ ရောဂါ ပျောက်ကင်းကြပါစေ၊ ချမ်းသာပါစေ" လို့ စိတ်ထားတယ်။ ဒါ မေတ္တာပဲ။

မေတ္တာဟာ ဘယ်သူ့သန္တာန်မှာပဲဖြစ်ဖြစ် ကုသလာ အနဝဇ္ဇသုခဝိပါက လက္ခဏာ - အပြစ်ကင်းတယ်တဲ့။ အပြစ်မရှိတဲ့ အရာတစ်ခု။ အပြစ်မရှိဘူးဆိုတာ ဘယ်သူက အပြစ်တင်စရာမှမရှိတာ။ မကောင်းတာ ကောင်းအောင်လုပ်ပေးတယ်ဆိုတာ အပြစ်ပြောစရာမရှိဘူး။ ဒါက အပြစ်မဟုတ်ဘူး။ အပြစ်က ဒီ့ပြင်ဟာ။ ဆိုပါစို့၊ ရောဂါပျောက်အောင် လုပ်ပေးတာက အပြစ်မဟုတ်ဘူး။ ဒီ့ပြင်ကိစ္စ လုပ်ရင်တော့ အပြစ်ပေါ့။

ဥပမာမယ် "ရောဂါမရှိဘဲနဲ့ ရှိတယ်" လို့ပြောပြီး ငွေကြေးများများရအောင်လုပ်ရင်တော့ ဒါ အပြစ်ပဲ။ ရှိတာကို ရှိတဲ့အတိုင်း ပြောပြပြီး "ဒါက ဒီရောဂါ ဒီလိုကုရမယ်၊ ငွေကြေး ဒီလောက်ကုန်ကျလိမ့်မယ်" ဒီဟာက အပြစ်မဟုတ်ဘူးလေ။ ဒါက မှန်ကန်တဲ့အလုပ်ပဲ။ ဒီလိုပဲ ပြောတာ။

အဲဒါကြောင့် ရောဂါပျောက်စေချင်တဲ့ စိတ်က မေတ္တာစိတ်ဓာတ်ပဲပေါ့။ အေး. . . သမားတို့အတတ်ဟာ မေတ္တာအခြေခံပြီးတော့ လုပ်ရတာဖြစ်သောကြောင့် အဲဒီမေတ္တာအခြေခံတဲ့စိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် အင်မတန်မှ ကုသိုလ်ရပါတယ်။ ကုသိုလ်ရအောင် စိတ်ထဲမှာ နှလုံးသွင်းဖို့ပဲ အရေးကြီးပါတယ်။

မြတ်စွာဘုရားကလည်း Intention ကိုပဲ အဓိကထားတာပါ။ ကိုယ့်ရဲ့စိတ်နေသဘောထား သန့်ရှင်းတယ်၊ မသန့်ရှင်းဘူးဆိုတာ ကိုယ်အသိဆုံးပဲနော်။

Intention က ဘာလဲ။ ရောဂါပျောက်ဖို့ပဲ။ ရောဂါရှင်က ဆေးဝါး၊ ကုသခတွေ ပေးတာက ဒါ သူတို့အပိုင်းနော်၊ သူတို့အပိုင်း။ ကိုယ်က ရောဂါပျောက်အောင် စေတနာနဲ့



www.burmeseclassic.com

www.burmeseclassic.com

တာ ဒါက မေတ္တာလုပ်ငန်းတစ်ခု။ အဲဒီတော့ "နေ့စဉ်နဲ့ ကုသိုလ်ရနေတဲ့ အလုပ်ကြီးကို တို့လုပ်ရတယ်" လို့ ထဲမှာ ဒီလိုအောက်မေ့ကြရမှာပဲ။ အင်မတန်ကောင်းတယ်လို့ ပြောရမယ်။

အဲဒီတော့ ကုသိုလ်ရနိုင်တာက ဒါတင်ပဲလားဆိုတော့ ဘူး။ ကုသိုလ်ရနိုင်တာ အများကြီးရှိသေးတယ်။ လမ်း ကားမောင်းသွားရင်းလည်း ကုသိုလ်ရအောင် လုပ်လို့ရ တယ်။ ဥပမာမယ် ကားတစ်စီးက ကိုယ့်ကိုလမ်းတောင်းတယ်၊ ပေးလိုက်တယ်၊ ဟော ကုသိုလ်ရတာပဲ။ တချို့ပုဂ္ဂိုလ်များက ညီးကမ်းဖောက်ဖျက်ပြီး တိုးဝင်လာတယ်။ ကိုယ်က ပေးလိုက်တယ်။ ဒါလည်း ကုသိုလ်ပဲ။ အမှန်တော့ ကုသိုလ်ဖြစ်နိုင်တဲ့ အရာတွေ၊ ဟိုတစ်ဖက်သားအပေါ်မှာ နိုင်တယ်ဆိုရင် ကိုယ့်အတွက် အရှုံးမရှိပါဘူးတဲ့။

မည်သည့်ကိစ္စမှာပဲဖြစ်ဖြစ် ဆက်ဆံသမျှဟာ မေတ္တာ ဆံပါ။ မေတ္တာတရားနဲ့ ဆက်ဆံခြင်းဟာ လူမျိုးမရွေး သာမရွေးအတွက် အဆင်ပြေတယ်။ ဘယ်ပုဂ္ဂိုလ်ပဲဖြစ် မေတ္တာနဲ့ဆက်ဆံရင် ကိုယ့်ရဲ့ရင်ထဲ နှလုံးသားထဲမှာ ပြိကင်းတယ်။ အပြစ်ကင်းတယ်ဆိုတဲ့ သဘောတရားက ကိုယ့်ရဲ့ရင်ထဲ နှလုံးထဲမှာ အကုသိုလ်မဖြစ်တာ၊ အကုသိုလ် ဘာကမှ တကယ်ကြောက်စရာကောင်းတာ။ သို့သော် တလူတွေဟာ ဘယ်ကိစ္စဖြစ်ဖြစ် ကိုယ်က မနာခံဘူး တဲ့ မာနတရားကို ရှေ့တန်းတင်လိုက်ကြတယ်။ မေတ္တာ တ်ကွယ်သွားတတ်တယ်။ မာနက လောကမှာ အရာရာ ဆိုးတတ်တယ်။

အရာရာကို တိုးတက်စေတာလည်း ဒီ မာနပဲ။ ကြောင့်မို့လို့ မာနနဲ့ ပတ်သက်တဲ့အခါမှာ ကောင်းတဲ့မာန၊ ကောင်းတဲ့မာန၊ မှီဝဲထိုက်တဲ့ မာန၊ မမှီဝဲထိုက်တဲ့ မာနလို့ တယ်။

မှီဝဲထိုက်တဲ့မာန ဆိုတာ ကြီးပွားတိုးတက်စေတဲ့ မာန မျိုး မှီဝဲထိုက်တယ်။ ကြီးပွားတိုးတက်မှုကို မဖြစ်စေဘူး။ ယုတ်စေတတ်တဲ့ မာနမျိုးကျတော့ မမှီဝဲထိုက်ဘူး။ အောင်ပြောရမယ် ဆိုလို့ရှိရင် "သူတောင် ဖြစ်အောင်လုပ် သေးတာ၊ ငါ ဘာလို့မဖြစ်ရမှာလဲ၊ ဖြစ်အောင်လုပ်မယ်" တိုးတက်ကြီးပွားရေးအတွက် ဒီလိုမာနမျိုးတော့ ထားရ အဲဒီမာနမျိုး မထားဘဲ ကောဓမာနလို့ဆိုတဲ့ "မဟုတ် ဘာဖြစ်လို့ခံရမှာလဲ၊ ကိုယ့်စော်ကားတာ ငုံ့ခံလို့မရဘူး" မာနမျိုးကျတော့ ပြဿနာတွေ ဖြစ်ပွားစေတယ်ပေါ့။ နာတွေ ဖြစ်ပွားလာပြီး အကုသိုလ်တွေ တိုးပွားလာနေ တယ်။

ဒါကြောင့်မို့ ဆက်ဆံတဲ့အခါမှာ မေတ္တာနဲ့ဆက်ဆံရ မေတ္တာနဲ့ ဆက်ဆံပြီးတဲ့အခါမှာ ဘာလုပ်ဖို့လိုတုန်းဆို မေတ္တာနဲ့ဆက်ဆံမှု ခိုင်မာဖို့အတွက် ခန္တီတရားနဲ့ သည်းခံ ရမယ်။ ခန္တီဆိုတာ "အောင့်အည်းထားနိုင်ခြင်း (သို့မဟုတ်) ကိုယ့်စိတ်ကို ထိန်းနိုင်တဲ့ စွမ်းရည်သတ္တိ" ကိုခေါ်တယ်။ ဒါကြောင့်မို့ ခန္တီရဲ့အဓိပ္ပာယ် ဖွင့်ဆိုတဲ့အခါမှာ သူက သာမန် အားဖြင့် ပြောမယ်ဆိုလို့ရှိရင် ခန္တီ - Patience ဒီလို ပြောတာနော်။ အဲဒီတော့ အဓိပ္ပာယ်က သိပ်မပေါ်ဘူး။

တကယ် အဓိပ္ပာယ်ပေါ်အောင် ခန္တီဆိုတာ ဘာလဲဆို ရင် "စိတ်စွမ်းအင်တစ်မျိုး"ပဲ။ စိတ်စွမ်းအင်တစ်မျိုးဆိုတာ "ဆန့်ကျင်ဘက်တွေနဲ့ ကြုံတွေ့လာသော်လည်းပဲ ပြောင်းလဲ တုန့်လှုပ်ခြင်းမရှိတဲ့ စိတ်စွမ်းအင်တစ်မျိုး"ကို ခန္တီလို့ခေါ်တယ်။ Ability to you maintain mental position ပဲ။ ဥပမာမယ် လူတစ်ယောက်ဟာ ပျော်ရွှင်နေတဲ့ စိတ်ကလေးနဲ့ ပြုံးပျော် နေတဲ့အချိန်မှာ တစ်ဖက်သားက ကိုယ့်ကိုလာပြီး စော်ကား တယ်။ သူ့ရဲ့စော်ကားမှုကို "စော်ကားရမလား" လို့ဆိုပြီး မာန် မာနတွေ ဝင်လာလိုက်တဲ့အခါမှာ တုံ့ပြန်လာတယ်။ စိတ်ထဲ က မခံချင်ဖြစ်လာတယ်။ နှုတ်နဲ့တုံ့ပြန်တယ်၊ လက်နဲ့တုံ့ပြန် တယ်။ အဲဒီလို စိတ်ထဲက မခံချင်ဖြစ်လာတဲ့ အချိန်ကတည်း ကပဲ သူဟာ Maintain မလုပ်နိုင်တော့ဘူးလို့ ပြောတာပဲနော်။

ပျော်ရွှင်နေတဲ့ စိတ်ကလေးကို Maintain မလုပ်နိုင် ဘူး။ အဲဒီ Maintain လုပ်နိုင်တဲ့ စွမ်းရည်သတ္တိ သူ့မှာမရှိဘူး။ မရှိသည့်အတွက်ကြောင့် ဒေါသထွက်တယ်။ တုံ့ပြန်လာ တယ်။ အဲဒီတော့ သည်းခံတယ်ဆိုတဲ့ အဓိပ္ပာယ်က သူဘယ် လိုပဲပြောပြော ကိုယ်က Maintain လုပ်တာပဲ။ Maintain လုပ်နိုင်တဲ့ သဘော။ ကိုယ့်ရဲ့ ပျော်ရွှင်ချမ်းမြေ့နေတဲ့ စိတ် မှတ်အနေအထားလေးကို ပြောင်းမသွားအောင် သူပြော သမျှကို လက်ခံစဉ်းစားတာမျိုး မလုပ်တဲ့သဘော။ ကိုယ့်ရဲ့ မူလပျော်ရွှင်နေတဲ့ Normal mental position ပေါ့။ အဲဒါလေး ကို Maintain လုပ်ထားတယ်။ အဲဒါကိုမှ ခန္တီလို့ ခေါ်တာ။

ပြန်မပြောရဲလို့ ငုံ့ပြီးတော့ခံနေတယ်၊ ပြန်မပြောဘူး။ ကြောက်လို့ဖြစ်စေ၊ တခြားကိစ္စနဲ့ဖြစ်စေ သို့သော် ရင်ထဲက တော့ မကျေနပ်မှုတွေ ဖြစ်နေတယ်ဆိုရင် ခန္တီမဟုတ်ဘူး။ ခန္တီရဲ့သဘောဟာ "အလွန်မြင့်မြတ်တယ်"။

မြတ်စွာဘုရား ကိုယ်တိုင်တောင်မှပဲ ဒီဆဲရေးခြင်း ဆိုတာကို ခံရတယ်။ အဲဒီလို ခံရတဲ့အခါမှာ မြတ်စွာဘုရားက အပြုံးမပျက် သူပြောနေတုန်း အသာနေလိုက်တယ်။ လက်ခံ မနေဘူး။ မြတ်စွာဘုရားက သူပြောတဲ့အပေါ်မှာ လိုက်ပြီး တော့ စိတ်စနိုးစနောင့်ဖြစ်တာမျိုး မရှိဘူး။ သူပြောလို့ ပြီး သွားပြီဆိုတဲ့အခါ ဘုရားက ရှင်းပြတယ်။

"မင်းအိမ်မှာ ဧည့်သည်တွေ မလာဘူးလား" တဲ့။ "လာ တယ်" "လာတဲ့အခါမှာ မုန့်ပဲသရေစာတွေနဲ့ ဧည့်မခံဘူးလား" တဲ့။ "ဧည့်ခံတယ်" "အဲဒီ မုန့်ပဲသရေစာတွေကို အဲဒီဧည့်သည် က စားမသွားဘူးဆိုရင် ဘယ်သူ့ဟာတွေလဲ"ဆိုတော့ "ဒါက ကျွန်ုပ်ဟာပဲ"ပြောတယ်။





www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားက "အေး ငါ့ကို မင်းက ဆဲရေးခြင်းဖြင့် ညှော်ခဲ့တာ၊ မင်းညှော်ခဲ့တဲ့ဟာတွေ ငါ ဆစ်ခုမှ လက်မခံဘူး၊ မင်းဟာတွေပဲ" လို့ ဒီလိုပြန်ပြီး မိန့်ကြားတဲ့စကား ရှိတယ်နော်။ အဲဒီဥပမာလို "လက်မခံတဲ့လက်ဆောင်" လို့ ထားရမယ်။

တစ်စုံတစ်ယောက်က ကိုယ့်ကို ဒေါသဖြစ်စရာ လာပြောရင် ကိုယ်က လက်ခံပြီးတော့ မစဉ်းစားဘူး။ ဒီ့အတွက် ဒါ လက်မခံတဲ့လက်ဆောင်လို့ ခေါ်တယ်။ သူပေးသော်လည်း ကိုယ်လက်မခံဘူး။ လက်မခံသည့်အတွက်ကြောင့် ကိုယ့်စိတ်ရဲ့ အခြေအနေမှာ ဘာမှဖြစ်မသွားဘူး။ အဲဒါမျိုးကျမှ ခန္တီ လို့ပြောတာနော်။ မေတ္တာ နဲ့ဆက်ဆံပြီး ခန္တီ နဲ့သည်းခံနိုင်စွမ်းရှိမှ အလုပ်ကိစ္စဆိုတာ အောင်မြင်တယ် တဲ့။

နောက်တစ်ခုက ဘာလဲလို့ဆိုရင် ဥပေက္ခာနဲ့ ခွင့်လွှတ်နိုင်ရမယ်။ လောကလူတွေက ခွင့်မလွှတ်နိုင်ကြဘူးပေါ့နော်။ ခွင့်မလွှတ်နိုင်တာလည်း မာနကြောင့်ပဲ။ တကယ် မေတ္တာတရားနဲ့ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်ပေးမေမယ်လို့ ဥပေက္ခာ မထားနိုင်လို့ရှိရင် ခွင့်မလွှတ်နိုင်ပြန်ဘူး။ ဥပေက္ခာတရားဆိုတာ ခွင့်လွှတ်နိုင်တဲ့ စွမ်းအားသတ္တိရှိတယ်။

တစ်ဦးတစ်ယောက်က ဘာတွေပဲလုပ်လုပ် အဲဒီလုပ်သမျှတွေအပေါ်မှာ မှတ်သားမထားဘူး။ အမှတ်မထားဘူး။ ကိုယ်လုပ်သင့်တဲ့အလုပ်ကို လုပ်သွားတယ်။ ဒါကို ဥပေက္ခာလို့ခေါ်တာနော်။ တချို့က အဓိပ္ပာယ်ပြောင်းလဲပြီး ဥပေက္ခာကို ပြောကြတယ်။ မတည့်တဲ့လူတစ်ယောက်ကို ဥပေက္ခာပြုထားတယ်၊ ခေါ်လည်းမခေါ်ဘူး၊ ပြောလည်းမပြောဘူး၊ ဒီလိုပစ်ထားတာကို ဥပေက္ခာလို့ ဒီလို ထင်ကြတယ်။

ဥပေက္ခာရဲ့သဘောက အဲဒီလိုမဟုတ်ဘူး။ အင်မတန်မှ မြင့်မြတ်တယ်။ လူတစ်ယောက် ကိုယ့်အပေါ်မှာ စော်ကားမော်ကား ပြောတဲ့စကား၊ သူ့ရဲ့လုပ်ရပ်တွေအပေါ်မှာ အမှတ်မထားဘဲနဲ့ ကိုယ်လုပ်သင့်တယ်ထင်လို့ရှိရင် လုပ်ပေးတယ်နော်၊ လူတစ်ယောက်ရဲ့ စော်ကားမှုကို အမှတ်မထားဘူး။ ချီးမွမ်းမှုကိုလည်း အမှတ်မထားဘူး။ လုပ်သင့်တာကို လုပ်ပေးတယ်။

လောကလူသားတွေက ကိုယ့်ကို ချီးမွမ်းလို့ရှိရင် ပိုလုပ်ပေးတယ်။ ကိုယ့်ကို ကဲ့ရဲ့လို့ရှိရင် ပစ်ထားတယ်။ အဲဒါဟာ ဥပေက္ခာမဟုတ်ဘူး။ ဥပေက္ခာရဲ့သဘောက ကိုယ်က ချီးမွမ်းရင်လည်း အမှတ်မထားဘူး။ ကဲ့ရဲ့လို့ ရှုတ်ချရင်လည်း အမှတ်မထားဘူး။ နှစ်ခုစလုံးကို အလေးမထားဘဲနဲ့ စိတ်ထဲမှာ သိမ်းမထားဘဲနဲ့ လုပ်သင့်တဲ့အလုပ်ကို လုပ်ပေးတာ။ စိတ်မှာတ် ပြောင်းလဲမှုမရှိဘူး။ မေတ္တာ၊ ခန္တီတို့ရဲ့ လုပ်ငန်းတွေကို သူက ဆက်လက်လုပ်ပေးတယ်။ အဲဒါက ဥပေက္ခာလို့ ခေါ်တယ်။

နောက် တစ်ခုက လောကလူသားတွေဟာ ကိုယ်က မေတ္တာရှိလို့ လုပ်ပေးပေမယ်လို့ ဥပေက္ခာမထားနိုင်ကြဘူး။ "ကူညီထားတဲ့သူက ကိုယ့်ကိုမကူဘူး" ဆိုတဲ့ အချိန်ကျရင် သူက မကျေနပ်ဖြစ်ပြန်ရော။ အဲဒါ ဥပေက္ခာမထားနိုင်တာနော်။ ဥပေက္ခာထားနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ . . .

"ငါ့ကို ကူညီသည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေ ငါကူညီတာက ငါ့ကိစ္စ၊ သူက ငါ့ကို အသိအမှတ်ပြုသည်ဖြစ်စေ၊ အသိအမှတ်မပြုသည်ဖြစ်စေ၊ အသိအမှတ် ပြုခြင်း၊ မပြုခြင်း ဆိုတဲ့အပေါ်မှာ ကိုယ်က လျစ်လျူရှုနိုင်တယ်" နော်။ သူ့ဆီက တုံ့ပြန်လာတာကို ဘာတစ်ခုမှ မမျှော်လင့်တာ။ အဲဒါက ဥပေက္ခာ။ဘုန်းကြီးတို့ နေ့စဉ်နဲ့အမျှ ဘဝခရီးကို လျှောက်လှမ်းနေကြတဲ့အခါမှာ လူတိုင်း လူတိုင်းဟာ ပတ်ဝန်းကျင်တွေနဲ့ နေကြရတာဖြစ်တယ်။ ပတ်ဝန်းကျင်တွေနဲ့ ဆက်ဆံတိုင်း မေတ္တာတရားနဲ့ ဆက်ဆံပါ။ မေတ္တာတရားနဲ့ ဆက်ဆံတယ် ဆိုတာ အကောင်းကိုသာ ကြည့်ပြီး ကောင်းကွက်ကလေးကို ရှာပြီး မေတ္တာပွားနိုင်ရမယ်။ "သူ့ရဲ့အကျိုးစီးပွား ငါဘာလုပ်ပေးနိုင်သလဲ၊ လုပ်ပေးနိုင်တာ လုပ်ပေးမယ်"။ ဟော၊ လူတစ်ဖက်သားရဲ့ အကျိုးစီးပွားကို မျှော်လင့်တယ်၊ လုပ်ပေးချင်တယ်၊ အဲဒါ မေတ္တာတရား။

အဲ. . .တစ်ဖက်သားက ကိုယ်အဆင်မပြေတဲ့ကိစ္စတွေ၊ ကိုယ်လုပ်ပေးတဲ့အတိုင်း အဆင်မပြေတဲ့ကိစ္စတွေကို ထော်လော်ကန့်လန့်လုပ်လာတယ်၊ ပြောလာတယ် ဆိုရင် သည်းခံနိုင်စွမ်းအား ထားရမယ်။ နောက်တစ်ခါ ဥပေက္ခာနဲ့ လျစ်လျူရှုနိုင်ရမယ်။ ဥပေက္ခာနဲ့ ခွင့်လွှတ်နိုင်ရမယ်ပေါ့။ ခွင့်မလွှတ်နိုင်ဘူးဆိုရင် ပြဿနာတက်တာပဲနော်။

အဲဒီလို မေတ္တာရယ်၊ ခန္တီရယ်၊ ဥပေက္ခာရယ် ဒီတရားသုံးပါးကို လက်ကိုင်ထားပြီးတော့ ကျင့်သုံးမယ်ဆိုရင် မည်သည့်ပုဂ္ဂိုလ်မှာပဲဖြစ်ဖြစ် ပြဿနာဆိုတာ ပြေလည်သွားမှာပဲ။ အဲဒီတော့ ဒါတင်လားလို့ဆိုတော့ မဟုတ်ဘူး။ အင်မတန်မှ မြင့်မြတ်တဲ့အလုပ်တွေဆိုတာ ရှိသေးတယ်။

လူ့လောကမှာ နေတဲ့ပုဂ္ဂိုလ်ဟာ လောကဓံ ဆိုတာတော့ ရှိမှာချည်းပဲ။ ရှိတဲ့အခါ ဒီတရားတွေကို လက်ကိုင်ထားပြီး ကိုယ့်ဘက်က မမှားဖို့တစ်ခုပဲ ကိုယ်က ဂရုစိုက်ရမယ်။ ကျန်တာတွေ ဂရုစိုက်စရာ မလိုဘူးပေါ့။ အဲဒီတော့ ကိုယ့်ဘက်က မမှားအောင် ဂရုစိုက်တယ်၊ စေတနာမှန်ဖို့ ဂရုစိုက်တယ်။ ကိုယ်စေတနာမှန်တာကို တစ်ဖက်သားက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဒါ ကိုယ့်အလုပ် မဟုတ်ဘူး။

မြတ်စွာဘုရားလို ပုဂ္ဂိုလ်တောင်မှပဲ အမြင်မကြည်တဲ့ပုဂ္ဂိုလ်တွေ ရှိတာပဲလေ။ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြတ်စွာဘုရားက တစ်ဖက်သားရဲ့ အကျိုးစီးပွားကို လိုလားတဲ့စိတ် ဘယ်တော့မှ မပျက်ဘူးပေါ့။

(ဆက်ရန်)

❒ ဒေါက်တာဓမ္မဿာမိဘိဝံသ (Ph.D)
ဓမ္မာစရိယ၊ အဖြည်ပြည့်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်





www.burmeseclassic.com

www.burmeseclassic.com

# မန္တန်

ကျိုက်လတ်သန်းထိုက်
(LL.B)



မန္တန် ဆိုတာ ရှေးဟောင်း အတတ်ပညာရပ်တစ်ခုပါ။

မန္တန်နဲ့ပတ်သက်လို့ သုတ်သီလက္ခန်၊ အပဒါန်၊ ဓမ္မပဒ၊ ဥတေနဝတ္ထု၊ မဟာသုတသောမဇာတ်၊ ပဒကုသလမာဏဝဇာတ်၊ ခရပတ္တဇာတ်၊ အပရန္တဇာတ်၊ ဘူရိဒတ်ဇာတ်၊ ဝေဒဗ္ဗဇာတ်၊ စတုတ္ထနိပါတ် ဖြဟ္မဆတ္တဇာတ်၊ သဗ္ဗပါဠိကဇာတ်၊ အမ္ဗဖလဇာတ်၊ သဋ္ဌိဝဇာတ်နှင့် စေတိယဇာတ်တို့မှာ အသီးသီးပြဆိုထားကြပါတယ်။

မန္တန် (၁၉)မျိုးရှိပါတယ်။ ယင်းတို့မှာ . . .

၁။ စူဠဂန္ဓာရီမန္တန်

ကောင်းကင်သို့ ပျံသန်းနိုင်တဲ့ အတတ်ပညာပါ။ တစ်ပါးသူရဲ့ စိတ်ကိုလည်း သိနိုင်ပါတယ်။ ပိလိန္ဒဝစ္ဆမထေရ်ဟာ ဘုရားရှင်နှင့် မတွေ့မီအချိန်ကပင် အဆိုပါ စူဠဂန္ဓာရီမန္တန် အတတ်ကို ကောင်းစွာ တတ်မြောက်ခဲ့သူပါ။

၂။ မဟာဂန္ဓာရီမန္တန်

ယင်းမန္တန်ဟာ စူဠဂန္ဓာရီမန္တန်ထက် အစွမ်းထက်ပါတယ်။ အတိတ်ဘဝက အဖြစ်အပျက်တွေကို ပြန်လည်မြင်နိုင်တဲ့ မန္တန်အတတ်ပညာပါ။ ယင်းမန္တန်ကို သုတ်သီလက္ခန်၊ ဓမ္မပဒ၊ အပဒါန်တွေမှာ ဖော်ပြထားပါတယ်။

၃။ အလမ္ပာယ်မန္တန်

အဆိုပါမန္တန်ကို မန်းလိုက်ရင် နဂါးမင်းတို့ရဲ့ နားထဲမှာ ရဲရဲညီးညီး သံတံကျင်နဲ့ထိုးလိုက်သလို ခံစားရပါတယ်။ ယင်းမန္တန်ကို ဗာရာဏသီပြည်သားလုလင်တစ်ဦးဟာ တက္ကသိုလ်ပြည်မှ သင်ယူတတ်မြောက်ခဲ့တယ်လို့ စမ္ပေယျဇာတ်မှာ ပြဆိုထားပါတယ်။

www.burmeseclassic.com

၄။ ဆဝသီသမန္တန်

သေသူရဲ့ ဦးခေါင်းခွံကိုယူပြီး အဆိုပါမန္တန်နဲ့ ရွတ်မန်းရင် သေသူဟာ ဘယ်ဘဝရောက်နေတယ်။ ငရဲမှာ ငရဲသား အဖြစ်နဲ့ ငရဲခံနေရတယ်။ ဒါမှမဟုတ် ပြိတ္တာဘဝ ကျရောက်နေတယ် ဆိုတာကို ကောင်းစွာသိရှိနိုင်တယ်လို့ စမွေယျအင်္ဂုတ္တိုရ် အပဒါန်တို့မှာ ပြဆိုထားပါတယ်။

၅။ ဟတ္ထိကန္တာမန္တန်

အဆိုပါမန္တန်ကိုရွတ်ရင် ဆင်ရိုင်းကိုပင် ယဉ်ပါးအောင် ပြုလုပ်နိုင်ပြီး အဆိုပါဆင်ကိုလည်း မိမိတို့အလိုရှိရာကို ခိုင်းစေနိုင်ပါတယ်။ အဲဒီဆင်ရိုင်းကို အလိုမရှိတော့လို့ နှင်ထုတ်ချင်ရင်လည်း နှင်ထုတ်နိုင်ပါတယ်လို့ ဓမ္မပဒ ဉတေနဝတ္ထုမှာ ပြဆိုထားပါတယ်။ ဆင်နိုင်မန္တန်ဖြစ်ပါတယ်။

၆။ ဇနဂမန္တန်

အဆိုပါမန္တန်ကို ပေါရိသာဒမန္တန်လို့လည်း ခေါ်ပါတယ်။ လူသားများရဲ့ ခွန်အားကို လွန်စွာမှ ကြီးမားအောင် ပြုလုပ်နိုင်ပါတယ်။ ဒါတင်မက လေ အလျဉ်လိုလည်း လျင်မြန်ဖျတ်လတ်စေနိုင်ပါတယ်။ တန်ခိုးလည်း ကြီးမားပါသေးတယ်။ ရဲလည်းရဲရင့်စေနိုင်ပါသေးတယ်လို့ မဟာသုတသောမဇာတ်မှာ ပြဆိုထားပါတယ်။

၇။ စိန္တာမဏိမန္တန်

လွန်ခဲ့တဲ့ ၁၂ နှစ်ခန့်က ပျောက်ဆုံးသွားတဲ့ ဉစ္စာပစ္စည်းတွေကို အဆိုပါမန္တန်ရွတ်ဖတ်လိုက်တာနဲ့ အလွယ်တကူပြန်ရတယ်လို့ ပဒကုသလမာဏဝဇာတ်မှာ ပြဆိုထားပါတယ်။

၈။ နာဂဒဿာဝီမန္တန်

တန်ခိုးရှိတဲ့ နဂါးတွေ ကိုယ်ပျောက်လို့မရနိုင်အောင် အဆိုပါမန္တန်ကို ရွတ်ခြင်းဖြင့် ဟန့်တားနိုင်တယ်လို့ ခရပတ္တဇာတ်မှာ ပြဆိုထားပါတယ်။

၉။ သဗ္ဗရုဒ ဝိဇာနနမန္တန်

အဆိုပါမန္တန်ကိုရွတ်ရင် သတ္တဝါတွေရဲ့ ဘာသာစကား အမျိုးမျိုးကို ကောင်းစွာ သိရှိနိုင်တယ်လို့ အပရန္တဇာတ်မှာ ပြဆိုထားပါတယ်။

၁၀။ သုပဏ္ဏမန္တန်

အဆိုပါမန္တန်ကို ရွတ်ခြင်းဖြင့် ယင်းမန္တန်သံကို ကြားရတဲ့ နဂါးတွေဟာ သေရမလောက် ကြောက်ရွံ့ကြတယ်လို့ ဘူရိဒတ်ဇာတ်မှာ ပြဆိုထားပါတယ်။

၁၁။ ဝေဒဗ္ဗမန္တန်

အဆိုပါမန္တန်ကို ရွတ်ရင် ရတနာမိုးပင် ရွာသွန်းနိုင်တယ်လို့ ဝေဒဗ္ဗဇာတ်မှာ ပြဆိုထားပါတယ်။

၁၂။ နိမိဥစ္စာရဏမန္တန်

အဆိုပါမန္တန်ကို ရွတ်ရင် မြေကြီးထဲမှာရှိနေတဲ့ ရွှေအိုးဟာ ဘယ်နေရာဘယ်ဌာနမှာ ရှိနေတယ် ဆိုတာကို ကောင်းစွာ သိရှိနိုင်တယ်လို့ စတုက္ကနိပါတ် ပြဟ္မဆတ္တဇာတ်မှာ ပြဆိုထားပါတယ်။

၁၃။ ပထဝီဇယမန္တန်

အဆိုပါ မန္တန်ကို ရွတ်ရင် လူအများက မိမိကို ချီးမြှောက်တာကိုပင် ခံရတယ်လို့ သဗ္ဗဒါဌိကဇာတ်မှာ ပြဆိုထားပါတယ်။

၁၄။ အကာလဖလမန္တန်

အဆိုပါမန္တန်ကို ရွတ်ခြင်းဖြင့် အချိန်အခါမဟုတ်ဘဲ သစ်ပင်တွေကနေ အသီးများ အမြောက်အမြား သီးစေနိုင်ပြီး အဆိုပါအသီးတွေကိုလည်း မိုးသီးမိုးပေါက်များ မြေပေါ် သို့ ကြွေကျသလိုလည်းဖြစ်စေနိုင်တယ်လို့ အမ္ဗဖလဇာတ်မှာ ပြဆိုထားပါတယ်။

၁၅။ မတကုဋ္ဌာပကမန္တန်

အဆိုပါမန္တန်ကို ရွတ်ရင် သေပြီးတဲ့လူကို ပြန်လည်ပြီး အသက်ပြန်ရှင်နိုင်တယ်လို့ သဉ္စိဝဇာတ်မှာ ပြဆိုထားပါတယ်။

၁၆။ ဘူမိဝိဇ္ဇာမန္တန်

အဆိုပါမန္တန်ကို ရွတ်ရင် မြေကြီးထဲကို အတောင် ၈၀ အထိပင် မြင်နိုင်စွမ်းရှိပါတယ်။ ယင်းမန္တန်ကြောင့်လည်း အောင်မြေကို ရရှိပြီး အဆိုပါအောင်မြေပေါ်ကိုရောက်ရင် သမင်ကလည်း ကျားကိုနိုင်၊ ဖားကလည်း မြွေကိုနိုင်ရတယ်လို့ သုတ်သီလက္ခန် သုတ္တနိပါတ် အဋ္ဌကထာတွေမှာ ပြဆိုထားပါတယ်။

၁၇။ မတကာလဝိဇာနနမန္တန်

အဆိုပါမန္တန်ကို ရွတ်ရင် သေမယ့်အချိန်ကို ကောင်းစွာသိရှိနိုင်တယ်လို့ ဓမ္မပဒ အဋ္ဌကထာ အာယုဝဍ္ဎနသုတ်မှာ ပြဆိုထားပါတယ်။

၁၈။ ဘူတဝိဇ္ဇာမန္တန်

အဆိုပါမန္တန်ကို ရွတ်ရင် အလွ[...]တရာ ကြောက်စရာကောင်းတဲ့ ပုံ[...]အမျိုးမျိုးကို ထင်ထင်ရှားရှားပေါ်ပေါက်စေနိုင်တယ်လို့ စေတိယဇာတ်မှာ ပြဆိုထားပါတယ်။

၁၉။ ဒိဗ္ဗမန္တန်

အဆိုပါမန္တန်ကို ရွတ်ရင် မြွေကို[...]နိုင်တဲ့အပြင် နဂါးကိုပင် ဖမ်းယူနိုင်တယ်လို့ စမွေယျဇာတ်မှာ ပြဆိုထားပါတယ်။

အဆိုပါမန္တန်များကို ယုံကြည်စွာ ရွတ်ဆိုခြင်းဖြင့် လိုအင်ဆန္ဒများ ပြည့်[...]နိုင်ကြပါစေ။

❒ ကျော်လတ်ထွန်းထိုက်
(LL.B)





www.burmeseclassic.com

www.burmeseclassic.com

### ရန်ကုန်မြို့လယ် သိမ်ကြီးဈေးအနီးရှိ

# ရှေးဟောင်း ကျိုက်မြတ်သံချို ရဟန္တာမဟာသိမ်တော်ကြီး

### တက္ကသိုလ်မျိုး



ရှေးနှစ်ပေါင်းနှစ်ထောင်ကျော်က သိမ်တော်ကြီးကို ဆက်လက်ထိန်းသိမ်းတော်ခဲ့သည့် ဆရာတော်ကြီး ဦးဝိတ္တသ

စာရေးသူသည် တက္ကသိုလ်ဆရာဘဝမှ နုတ်ထွက်ခဲ့ ပြီးနောက် ၁၉၈၉ ခုနှစ်တွင် ကုန်ဈေးတန်းလမ်း ကျားသက်န်း ကုန်ရာဆိုင်ကို မိဘတို့၏ တာဝန်ပေးချက်အရ ကြီးကြပ် ချုပ် လုပ်ကိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ်အထိ လုပ်ကိုင်ခဲ့ရာ ဟာသိမ်တော်ကြီးနှင့် စာရေးသူ ရင်းနှီးခဲ့သည်။ နေ့လယ် ခင်း အားလပ်ချိန်များတွင် စာရေးသူသည် မဟာသိမ်တော် ကြီးအတွင်း သွားရောက်၍ ဘုရားဝတ်ပြုလေ့ရှိသည်။ အေး ဆေးဆေး ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ရွတ်ပွားခြင်း၊ ဂါထာ တော်များ ရွတ်ပွားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

နွေဘက် နေ့ခင်းနေ့လယ် ပူပြင်းသောအချိန်တွင် ဟာသိမ်တော်ကြီးအတွင်း၌ အေးချမ်းလှ၍ စာရေးသူ ဝင် ရောက်နားနေခဲ့သည်။ အလွန်အေးချမ်းသော ပရိဝုဏ်ဖြစ်၍ ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ဦးချ ကန်တော့ရင်း ကုသိုလ်ပြု ခဲ့သည်။

မဟာသိမ်တော်ကြီးသည် ရန်ကုန်မြို့လယ် ကုန်ဈေး တန်းလမ်းနှင့် ၂၆ လမ်းကြား မဟာဗန္ဓုလလမ်းမကြီးပေါ်၌ တည်ရှိခဲ့ရာ လူစည်ကားလှ၍ လူသံ ကားသံတို့ကတော့ အလွန်ဆူညံလှသည်။ ထိုဆူညံသံများမှလွဲ၍ သိမ်တော်ကြီး အတွင်း၌ ဗုဒ္ဓဘုရားရှင် ရုပ်ပွားတော်များ၏ ကြည်ညိုဖွယ် သပ္ပာယ်မှုကြောင့် စိတ်အေးချမ်းလှပေသည်။

စာရေးသူသည် ၁၉၉၀ ဝန်းကျင်မှ ယနေ့အထိ မဟာ သိမ်တော်ကြီးနှင့် ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာခဲ့သော်လည်း သာမန်သိမ်တော်ကြီး၊ သာမန်သာသနိက အဆောက်အအုံ တစ်ခုအဖြစ်သာ သိထားခဲ့သည်။ ထို့ထက်ပို၍ မလေ့လာမိ ခဲ့ပေ။

စာရေးသူသည် ၁၉၇၁ ခုနှစ် တက္ကသိုလ်နည်းပြဆရာ ဘဝမှစ၍ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ရွှေတူ၊ အိုးဝေ၊ ဖြူနီညိုပြာ၊ မှန်ပြောင်း၊ ဝတ်မှုန် စသည့်ဂျာနယ် မဂ္ဂဇင်းတို့၌ ဝတ္ထုဆောင်းပါးများ ရေးသားခဲ့သည်။ ငယ်ရွယ် သူတစ်ယောက်ဖြစ်၍ အကြောင်းအရာ အစုံရေးသားခဲ့သော် လည်း ဘာသာရေးနှင့် ပတ်သက်၍ကား မရေးသားခဲ့ဖူးပေ။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပုသိမ်ကောလိပ်သို့ ပြောင်းပြီးနောက် စာပေနယ်နှင့် အဆက်အသွယ် ပြတ်ခဲ့ရ သည်။ အိမ်ထောင်သည်ဘဝ၊ ကလေးအဖေဘဝ ရောက်၍ ဝါသနာကို စွန့်ခဲ့ရသည်။ နောက်ပိုင်း ရန်ကုန်ပညာရေး တက္ကသိုလ်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရသော်လည်း စာပေနယ် သို့ ပြန်မရောက်ဖြစ်တော့ပေ။ ဝမ်းရေးအတွက် တက္ကသိုလ် ဆရာဘဝကို စွန့်၍ ကျူရှင်ဆရာလောကသို့ ဝင်ရောက်ရလေ သောအခါ စာပေနယ်နှင့် ပို၍ဝေးရတော့သည်။

စာရေးသူသည် ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီး ၂၀၀၇ ခုနှစ် ၌ ဗုဒ္ဓဂယာဘုရားဖူးခရီး သွားခဲ့ရာမှ ဝါသနာဘာဂီဆက် တိုင်းမီ ဆိုသည့် စကားအရ စာရေးသူ စာပြန်ရေးဖြစ်တော့ သည်။ ဗုဒ္ဓဂယာ ဘုရားဖူးမှတ်တမ်းကို သူရဇ္ဇမဂ္ဂဇင်းနှင့် သိဒ္ဓိမိုး မဂ္ဂဇင်းတို့၌ ရေးသားခဲ့သလို ကျန်မဂ္ဂဇင်းများ၌လည်း ဘာသာ ရေးဆောင်းပါးများ ရေးဖြစ်လာသည်။ အသက်အရွယ်အရ ဘာသာတရားကို ပိုမိုကိုင်းရှိုင်းလာ၍လောမသိ၊ ဘာသာရေး စာပေများကို ဖတ်ရှုလေ့လာမှု များလာသည်။ မိရိုးဖလာ ဗုဒ္ဓ ဘာသာဝင်ဘဝမှ ဗုဒ္ဓဘာသာဝင်စစ်စစ်အဖြစ် ခံယူလာသလို သီလ၊ ဒါန၊ ဘာဝနာ စောင့်ထိန်းအားထုတ်မှုကို ပြုလာသည်။ မကြာမီ ရင်ဆိုင်ရတော့မည့် သေခြင်းတရားအတွက် ပြင်ဆင် လာရတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာမဟာသိမ်တော်ကြီးအတွင်းရှိ ရှေးဟောင်းမုဒ္ဒရုပ်ပွားတော်များ



ဉာဏ်တော်မြင့်မားသည့်
မြတ်စွာဘုရားရုပ်ပွားတော်ကြီးအား အနီးကပ်ဖူးမြော်ရပုံ



ရုပ်ပွားတော်မြတ်ကြီး၏ လ
သိတင်းသုံးတော်မူသော ဆင်းတု အား အနီး



www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်ကြီး၏ထောင့်ထတ်နံရံနှင့် ထပ်လျှက်တည်ထားသော စေတီတော်လေးဆူ

ဘုရား သမိုင်းများကို မဂ္ဂဇင်းအသီးသီး၌ ရေးသား ပူဇော်ခဲ့သောအခါ၌ စာရေးသူသည် သာမန်သိမ်တော်ကြီး၊ သာမန်ကျောင်းတော်ကြီးတစ်ဆူဟု ထင်မှတ်ခဲ့သော မဟာသိမ်တော်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော် ကာလက တည်ထားတော်မူခဲ့သော ရဟန္တာသိမ်တော်ကြီး တစ်ဆူ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်ကိန်းဝပ်စံပယ်တော်မူရာ ကျိုက်မဲသံကရော (ဝါ) ကျိုက်မဲသံချို (ဝါ) ကျိုက်မြတ်သံချို ဟူသော ဘွဲ့အမည်သုံးမည်ရ ဆံတော်ရှင်စေတီတော် မြတ်တည်ရာ အရပ်ပင်ဖြစ်ပါတကား ဟူသော အသိတရား ဝင်လာပြီး မဟာသိမ်တော်ကြီးကို ယခင်ကာလများကထက် ပို၍ ကြည်ညိုသဒ္ဓါတရား ထက်သန်စွာ အလေးထား ပူဇော်မိပေတော့သည်။

*


မဟာသိမ်တော်ကြီး တည်ရှိရာ နေရာသည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်ကာလက ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်စစ်ကိန်းဝပ်စံပယ်တော်မူသော ကျိုက်မဲသံကရော (ကျိုက်မဲသံချိုနှင့် ကျိုက်မြတ်သံချိုဟုလည်း ဘွဲ့အမည်တွင်သည်) စေတီတော်တည်ရှိရာ နေရာဖြစ်သလို ထိုဆံတော်ရှင်စေတီတော်နှင့် တစ်ပြိုင်တည်း ပေါ်ထွန်းတည်ဆောက်ခဲ့ပြီး စေတီတော်အနီးတွင် ရဟန္တာရှစ်ပါး သမုတ်တော်မူခဲ့သည့် စေတီတော်ဘွဲ့အမည်အတိုင်း ကျိုက်မဲသံကရော

ထို့ကြောင့် စာရေးသူသည် စာပေနယ်သို့ ပြန်လည်ဝင်ရောက်လာရာတွင် ဘာသာရေးဆောင်းပါးများကိုအထူးပြုရေးသား၍ သာသနာပြုခဲ့သည်။ အထူးသဖြင့် ဘုရားသမိုင်းများကို ရေးသားပူဇော်ခဲ့သည်။ ထိုသို့ ဘုရားသမိုင်းများကို ရေးသားလာသောအခါ . . .

ကျိုက်အသုတ်စေတီတော် (ဆူးလေစေတီတော်)
ကျိုက်ခေါက်စေတီတော်
ကျိုက္ကဆံစေတီတော်
ကျိုက်ကမာစိန်စေတီတော်



ရဟန္တာသိမ်တော်ကြီး၏ အနောက်ထတ်နံရံ



ရဟန္တာသိမ်တော်ကြီး၏ မြောက်ထတ်ဝင်ပေါက်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်မြတ်သံချိစေတီတော် ဓမ္မိဗုဒ္ဓ ဘုရားလေးစေတီတော်နှင့် ဟုဉ်တွင်းဖူးမော်ရပုံ



၁၉၁၅ ခုနှစ် သိမ်တော်ကြီးအား စတင်တည်ဆောက်ပြီးနောက် ရေးဆွဲထားသော ရေဆေးပန်းချီကား (ယနေ့ နံရံလက်ရာနှင့် အတူတူပင်ဖြစ်သည်)

(ဘုရားဖြူဆရာတော်ဘုရားကြီး၏ ကျိုက်ကမာစိန်စေတီသမိုင်း၌ ကျိုက်ပိသံကရော သိမ်တော်ဟု ဖော်ပြထားသည်) ကျိုက်မဲသံချို၊ ကျိုက်မြတ်သံချို ဟူသော သုံးမျိုးတွင်သည့် ရဟန္တာမဟာသိမ်တော်ကြီး နေရာ၌ တည်ထားသော ရှေးဟောင်းရဟန္တာသိမ်တော်ကြီး တစ်ဆူပင် ဖြစ်ပေသည်။

ရဟန္တာမဟာသိမ်တော်ကြီးနှင့် ကျိုက်မြတ်သံချိစေတီတော်ကြီး ပေါ်ထွန်းလာပုံကို အကျဉ်းချုံး၍ တင်ပြရသော် . .

သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် သာသနာပြုမင်းကြီးဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်၏ မိန့်မှာချက်အရ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုရန် ရဟန္တာမထေရ်မြတ်များ ဦးဆောင်စေပြီး စေလွှတ်တော်မူခဲ့သည်။ ထိုရဟန္တာမထေရ်မြတ်များနှင့်အတူ အဇာတသတ်မင်းကြီး သိမ်းဆည်းထားသော မြတ်စွာဘုရားရှင်၏ ဓာတ်တော်များ ကိန်းဝပ်စံပယ်တော်မူရာ ဓာတ်တော်တိုက်ကိုဖွင့်၍ ဘုရားရှင်၏ ဓာတ်တော် မွေတော်များကိုပါ ယူဆောင်စေ၍ သာသနာပြုခရီး စေလွှတ်ခဲ့သည်။

အသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒရဟန္တာမထေရ်မြတ်သည် သီဟိုဠ်ကျွန်းသို့ ကြွရောက်၍ သာသနာပြုတော်မူလေသည်။ အရှင်မဟိန္ဒမထေရ်မြတ်သည် သီဟိုဠ်



မွမ်းမံပြင်ဆင်လာသော သိမ်တော်ကြီး၏ ယခုလက်ရှိပုံတော်

ပြည့်ရှင် ကိုယ်တိုင်၏ ကိုးကွယ်ယုံကြည်မှုကို ခံယူ၍ ဗုဒ္ဓသာသနာကို သီဟိုဠ်ကျွန်း၌ ထွန်းလင်းတောက်ပစေခဲ့သည်။

အရှင်မဟိန္ဒမထေရ်မြတ်၏ တပည့်သံဃာတော်များ ဖြစ်သည့် အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုစိ စသည့် ရဟန္တာမထေရ်မြတ် ရှစ်ပါးသည် သာသနာသက္ကရာဇ် ၂၃- ၂၃၉ ခုနှစ်တွင် မြန်မာနိုင်ငံ ဖြစ်တည်လာမည့် ရာမညတိုင်း သုဝဏ္ဏဘူမိ သထုံပြည်နှင့် တြိဝက်ကျွန်းသို့ သာသနာပြုရန် ကြွရောက်တော်မူခဲ့သည်။ တြိဝက်ကျွန်း ခေါ် သီဟဒီပကျွန်းသည် ယနေ့ သန်လျင်မြို့ပင် ဖြစ်သည်။

ရဟန္တာမထေရ်မြတ်တို့သည် သန်လျင်မြို့၌ ထီးနန်းစိုးစံနေသည့် သီဟဒီပမင်းခေါ် ဘောဂသေနမင်းအား စေတီတည်ထားကိုးကွယ်ရန် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်မြတ်နှင့် သရီရဓာတ်တော်များ ပေးအပ်ခဲ့သည်။ သီဟဒီပမင်းကြီးသည် သီဟိုဠ်ကျွန်း၌ ပေါ်ပေါက်နေသော ရေဘေးဆိုးကြီး ဆိုက်ရောက်နေ၍ ထိုရေဘေးဆိုးကြီး၏ အန္တရာယ်မှ တားကွယ်ရန် သီဟိုဠ်ပြည့်ရှင် ဒေဝါနံပိယတိဿမင်းကြီး အလိုရှိသော "ဝေပုလ္လပတ္တမြားရတနာ" မြတ်ကို ရှင်ယသ အမှူးရှိသော ရဟန္တာအရှင်မြတ် ရှစ်ပါးထံ ပေးလျှုခဲ့သည်။

သီဟဒီပမင်းကြီးသည် ရဟန္တာမထေရ်မြတ် ရှစ်ပါးထံ ပေးလှူတော်မူစဉ် . . .

"အရှင်မြတ်များ ဤဝေပုလ္လပတ္တမြားရတနာကို ကျွန်ုပ်၏ အဆွေတော် ဒေဝါနံပိယတိဿမင်းကြီးအား ပေးအပ်ပြီး ကျွန်ုပ်၏ သန်လျင်ကျွန်းသို့ တစ်ဖန် ပြန်လည်ကြွတော်မူပါ" ဟူ၍ တောင်းပန်လျှောက်ထားခဲ့သည်။

ရှင်ယသ အမှူးရှိသော ရဟန္တာရှစ်ပါးသည် သီဟိုဠ်ကျွန်းသို့ ပြန်ကြွပြီးနောက် သီဟိုဠ်မင်းကြီး ဒေဝါနံပိယတိဿ ပေးအပ်လှူဒါန်းလိုက်သည့် ဆံတော်(၁၆)ဆူ၊ ဓာတ်တော်(၁၃)ဆူတို့ကို ပင့်ဆောင်လာခဲ့ပြီး သန်လျင်ကျွန်းသို့ ပြန်ကြွတော်မူကာ သီဟဒီပမင်းကြီးအား ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ သီဟဒီပမင်းကြီးသည် လွန်စွာဝမ်းမြောက်၍ ရဟန္တာမထေရ်မြတ် ရှစ်ပါး ဦးဆောင်လျက် ...တော်



www.burmeseclassic.com

www.burmeseclassic.com

ပြောက်ဆူ ဓာတ်တော်ဆယ်ဆူ တို့ကို ဌာပနာ၍ ဦးစွာပထမ ကျိုက္ကဆံ စေတီတော်မြတ်ကြီးကို စတင်တည်ထားတော်မူသည်။

ကျိုက္ကဆံစေတီတော် တည်ထားတော်မူပြီးနောက် သန်လျင်မင်းကြီး သီဟာဒီပသည် အရှင်ယသ အမှူးရှိသော ရဟန္တာရှစ်ပါးဖြင့် ကျိုက္ကဆံစေတီတော်အနီး၌ စတင်၍ သိမ် တည်ဆောက်ခဲ့သလို ကျန်အရပ်ဒေသတို့၌လည်း သိမ်များ တည်ဆောက်၍ ရဟန္တာမထေရ်မြတ်တို့ ကိုယ်တော်တိုင် သိမ် သမုတ်တော်မူခဲ့သည်။ သီဟာဒီပမင်းကြီးကိုယ်တိုင် သိမ် မြေကို ခံတော်မူလေသည်။

ရဟန္တာမထေရ်မြတ်ရှစ်ပါး သမုတ်တော်မူခဲ့သော ရဟန္တာသိမ် စုစုပေါင်း (၉)ခုရှိသည်။ ရဟန္တာများ သိမ်သမုတ် ၍ တည်ထားသော သိမ်တော် ကိုးခုမှာ . . .

(၁) ရှင်ယသသိမ်တော်
(၂) တာမွှေသိမ်တော်
(၃) ဒေဝသာဂရသိမ်ဖြူသိမ်တော်
(၄) ရွှေတိဂုံရဟန္တာသိမ်တော်
(၅) ကျားကူးသိမ်တော်
(၆) ကျိုက်ပီသံကရောသိမ်တော် (ကျိုက်မြတ်သံချိုသိမ်တော်)
(၇) ခရေပင်ကုန်းသိမ်တော်
(၈) ကသစ်ပင်ကုန်းသိမ်တော်
(၉) သစ်တိုပင်ကုန်းသိမ်တော် တို့ဖြစ်သည်။

ထိုသိမ်တော်များအနက် ကျိုက်မြတ်သံချိုသိမ်တော်မှာ စာရေးသူ ယခုရေးသားတင်ပြနေသည့် မဟာသိမ်တော်ကြီးပင် ဖြစ်သည်။ ထိုရဟန္တာမဟာသိမ်တော်ကြီးကို အစွဲပြု၍ ကိုလိုနီခေတ်က "စူရတီဘုရားဘဇာဈေး"ဟုခေါ်သော ဈေးသည် မဟာသိမ်တော်ကြီးကို အစွဲပြု၍ "သိမ်ကြီးဈေး" ဟု အမည်တွင်လာခြင်းပင် ဖြစ်သည်။

ရဟန္တာမထေရ်မြတ်တို့ သိမ်သမုတ်ခဲ့သော ရဟန္တာ သိမ်တော်ကြီး ကိုးလုံးအနက် အလုံမြို့နယ် ဂျူမခါနာဆေးရုံနှင့် ဆရာမှတ်ကြီးအိမ်အကြား သစ်တိုပင်ကုန်း ကျောင်းတိုက် အတွင်း၌ တည်ရှိခဲ့သော "သစ်တိုပင်ကုန်း သိမ်တော်ကြီး" မှာ ယခု မရှိတော့ပေ။

ထို့နည်းတူ ဗိုလ်အောင်ကျော်လမ်းနှင့် ယခင် သူရိယ သတင်းစာတိုက်ဟောင်း တောင်ဘက် ဟိန္ဒူဘုရားကျောင်း နေရာ၌တည်ရှိသော ကသစ်ပင်ကုန်းသိမ်တော်မှာလည်း ယခု မရှိတော့ပေ။

ဆူးလေစေတီတော်ကြီး၏ အရှေ့မြောက်ထောင့် (ယခု မြို့တော်ခန်းမ အရှေ့မြောက်ဘက်)၌ ရှိခဲ့ဖူးသော ခရေပင်ကျောင်းတိုက်အတွင်း၌ တည်ရှိခြင်းကြောင့် ခရေပင် ကုန်းသိမ်မှာလည်း ယခုမရှိတော့ပေ။ ကျန်ရှိသော သိမ် မြောက်ခုသာ တည်ရှိတော့သည်။ ထိုမြောက်သိမ်အနက် ရွှေတိဂုံရဟန္တာသိမ်တော်ကြီး၊ သိမ်ဖြူလမ်းရှိ ဒေဝသာဂရ သိမ်ဖြူသိမ်တော်၊ ကျိုက္ကဆံဘုရားအနီးရှိ ရှင်ယသသိမ်တော်၊ ကျားကူးကျောင်းတိုက်အတွင်းရှိ ကျားကူးသိမ်တော်နှင့် သိမ်ကြီးဈေးအနီးရှိ ရဟန္တာသိမ်တော်ကြီး (ကျိုက်မြတ်သံချိုသိမ်တော်) တို့မှာ ယနေ့တိုင် ထင်ထင်ရှားရှား တည်ရှိနေသော သိမ်တော်များပင် ဖြစ်သည်။

ယနေ့ မဟာသိမ်တော်ကြီးအဖြစ် လည်းကောင်း၊ ရဟန္တာသိမ်တော်ကြီးအဖြစ်လည်းကောင်း ထင်ရှားနေသည့် သိမ်တော်ကြီးသည် ရန်ကုန်မြို့လယ်ကောင်၌ တည်ရှိသလို သွားရေးလာရေး လွယ်ကူ၍ လူသိများခဲ့သည်။ သို့သော် လည်း ဗုဒ္ဓဘာသာဝင် သူတော်စင် အများစုသည် "မြတ်စွာ ဘုရားကျောင်းတော်ကြီး" ကိုပင် ရဟန္တာသိမ်တော်ဟု ထင် မှတ်မှားခဲ့ကြသည်။ မြတ်စွာဘုရားကျောင်းတော်ကြီးမှာ မဟာ ဗန္ဓုလလမ်းမပေါ်သို့ မျက်နှာလှည့်၍ တည်ဆောက်ထား သော လွန်စွာခမ်းနားလှသည့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆင်းတု တော်ပေါင်းများစွာ သပ္ပာယ်စွာ ကိန်းဝပ်စံပယ်နေတော်မူ သည့် ကျောင်းတော်ကြီးဖြစ်သည်။ ထိုမြတ်စွာဘုရားကျောင်း တော်ကြီးသည် ရဟန္တာသိမ်တော်ကြီး မဟုတ်ပေ။ ထိုကျောင်း တော်ကြီး၏ အနောက်ဘက် ဝင်ပေါက်တံခါးမှတစ်ဆင့် ဝင် ရောက်မှ ရဟန္တာသိမ်တော်ကြီးထံ ရောက်ရှိပြီး ကြည်ညိုနိုင် မည် ဖြစ်သည်။

မဟာသိမ်တော်ကြီးသည် မြတ်စွာဘုရားကျောင်း တော်ကြီး၏ အနောက်ဘက် သံဃာတော်များ သီတင်းသုံးရာ ကျောင်းဆောင်ကျောင်းတိုက်တို့၏ အလယ်၌တည်ရှိသော ကြောင့် သာမန်အားဖြင့် ရောက်ရှိသူ သတိပြုမိသူ နည်းလှ သည်။ စာရေးသူအနေဖြင့် မြတ်စွာဘုရားကျောင်းတော်ကြီး နှင့် မဟာသိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အဆူဆူ နှင့် ပတ်သက်၍ နောက်ပိုင်းတွင် ဆက်လက်ရေးသား ပူဇော် ပါဦးမည်။ ယခု တစ်ဆက်တစ်စပ်တည်း ရေးသားတင်ပြလို သည်မှာ ကျိုက်မဲသံကရော၊ ကျိုက်မဲသံချို၊ ကျိုက်မြတ်သံချို ဟူ၍ ဘွဲ့တော်သုံးမည်ရ သန်လျင်မင်းကြီး သီဟာဒီပ တည် ထားခဲ့သော ဆံတော်ရှင် စေတီတော်မြတ်အကြောင်းပင်ဖြစ် ပေသည်။

*

ကျိုက္ကဆံစေတီတော် တည်ထားပြီးနောက် သီဟာဒီပ မင်းကြီးသည် အရှင်ယသ အမှူးရှိသော ရဟန္တာအရှင်မြတ် ရှစ်ပါးတို့ဖြင့် သိမ်တော်ကိုးသိမ်ကို သိမ်သမုတ်၍ တည်ထား ခဲ့လေသည်။ သီဟာဒီပမင်းကြီး၏ သာသနာပြုလုပ်ငန်းကြီး အောင်မြင်ရခြင်းမှာ သီဟိုဠ်ကျွန်းမှ ကြွတော်မူလာသည့် အရှင်ယသ ရဟန္တာမထေရ်မြတ်ကြီး၏ ကြိုးပမ်းဆောင်ရွက် ပေးမှုကြောင့်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အရှင်ယသ မထေရ်မြတ်ကြီးသည် သီဟိုဠ်ပြည့်ရှင် ဒေဝါနံပိယတိဿမင်းကြီး၏ ဆန္ဒအရ ဘုရားရှင်၏ ဓမ္မလက်ဆောင်တော် ဓာတ်တော်များဖြင့် ဝေပုလ္လပတ္တမြားကြီးကို ရယူတော်မူရန် ပထမသထုံပြည် (သုဝဏ္ဏဘုမ္မိ) သို့ ကြွတော်မူသည်။

ဝေပုလ္လပတ္တမြားကြီးသည် သထုံ၌မရှိကြောင်း သိရသောအခါ ပတ္တမြားရှိရာ သန်လျင်သို့ ကြွတော်မူခဲ့ပြီး သီဟဒီပမင်းကြီးထံမှ ဝေပုလ္လပတ္တမြားကြီးအား ရယူအလှူခံခဲ့သည်။

ပတ္တမြားကြီး ရရှိပြီးနောက် သီဟိုဠ်ကျွန်းသို့ ပြန်လည်ကြွတော်မူခဲ့သည်။ သီဟိုဠ်ပြည့်ရှင်ထံ ဝေပုလ္လပတ္တမြားကြီးအား ဆက်သပြီးနောက် ဒေဝါနံပိယတိဿမင်းကြီး၏ ဓမ္မလက်ဆောင်တော် ဆံတော်(၁၈)ဆူနှင့် ဓာတ်တော် (၃၃)ဆူတို့ ဝင့်ဆောင်ခဲ့ပြီး သန်လျင်မင်းကြီး သီဟဒီပမင်းကြီးထံသို့ ပေးအပ်ခဲ့သည်။

မင်းကြီးသည် ရဟန္တာမထေရ်မြတ်ရှင်ယသ အမှူးပြုသော ရဟန္တာရှစ်ပါးတို့အား ကျိုက္ကဆံစေတီတော်နှင့် ရဟန္တာသိမ်တော်ကြီး ကိုးသိမ်ကို သိမ်သမုတ်၍ တည်ထားတော်မူလေသည်။ ကျိုက္ကဆံစေတီတော်၏ ဘွဲ့အမည်မှာ . . . ကျိုက်သည် ဘုရား၊ ဆံကား ရဟန္တာ ဟူ၍ဖြစ်ရာ ရဟန္တာရှစ်ပါး ကြပ်မတ်တည်ထားသော ဘုရားဟူ၍ အဓိပ္ပာယ်ရလေသည်။

ရဟန္တာမထေရ်မြတ်ကြီး ရှင်ယသမထေရ်သည် သာသနာတော်အတွက် နှစ်တိုတိုအတွင်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်တော်မူရ၍ လွန်စွာပင်ပန်းတော်မူခဲ့သည်။ ကျိုက္ကဆံစေတီတော်နှင့် သိမ်ကိုးလုံးသမုတ်တော်မူပြီးနောက် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

အရှင်ယသမထေရ်မြတ် ပရိနိဗ္ဗာန်ပြုပြီးနောက် သန်လျင်ပြည့်ရှင် သီဟဒီပမင်းကြီးသည် ကြီးစွာကြေကွဲတော်မူခဲ့ရသည်။ လွန်စွာလည်း စိတ်နှလုံး ထိခိုက်တော်မူရှာသည်။ ဤကဲ့သို့ သီဟဒီပမင်းကြီး ခံစားရပုံကို ဘုရားဖြူကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တနရိန္ဒာဘိဝံသက-

သာသနံ ဇောဟယိတွာန
ယသထေရော ဘဝန္တဂူ
သန်လျင်ဒိပက္ကဿရဿ
ရာဇဿ ဟဒယာနလော

ဟူ၍ ပါဠိတော်ဖြင့် ရေးသားဖွဲ့ဆိုခဲ့သည်။ အနက်အဓိပ္ပာယ်မှာ . . .

"အရှင်ယသမထေရ်သူမြတ်သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို ထွန်းလင်းတောက်ပစေတော်မူပြီး၍ ဘဝဆုံးရာ နိဗ္ဗာန်သို့ ကြွသွားတော်မူခဲ့လေပြီ။ သန်လျင်ကျွန်းကို အစိုးရသော သီဟဒီပမင်းကြီး၏ နှလုံးကြေကွဲ ဝမ်းနည်းခြင်းသည် ဖြစ်ခဲ့လေပြီ" ဟူ၍ဖြစ်သည်။


ရဟန္တာမထေရ်မြတ် ရှင်ယသ ပရိနိဗ္ဗာန်ပြုပြီးနောက် လွန်စွာ စိတ်နှလုံးကြေကွဲတော်မူလျက်ရှိသော သီဟဒီပမင်းကြီးသည် ရှင်ယသ ပင့်ဆောင်လာသော ကျန်ရှိနေသည့် ဆံတော်ဆယ်ဆူနှင့် ဓာတ်တော် ၁၂ ဆူတို့ကို မဟာသူရသေန စစ်သူကြီး အမတ်သူရဲကြီး တစ်ကျိပ်တို့အား တစ်ဦးလျှင် ဆံတော်တစ်ဆူနှင့် ဓာတ်တော်များကို ခွဲဝေပေးပြီး မိမိကိုယ်စား စေတီတော် ဆယ်ဆူ တည်ထားကိုးကွယ်ရန် စီစဉ်သည်။ ထိုသို့ စေတီတော်များ တည်ထားရန် စတင်ဆောင်ရွက်သော ကာလမှာ သာသနာနှစ် ၂၃၉ ခုနှစ်ပင် ဖြစ်သည်။ အမတ်သူရဲကြီး ဆယ်ဦးတည်ထားသော ဗုဒ္ဓမြတ်စွာဘုရားရှင် ဆံတော်ကိန်းဝပ်စံပယ်တော်မူရာ ဆံတော်ရှင်စေတီတော်တို့မှာ . . .

(၁) ကျိုက္ကဆံစေတီတော်
(၂) ကျိုက်အသုတ်စေတီတော် (ဆူးလေစေတီတော်)
(၃) ကျိုက်မဲသံကရောစေတီတော် (ကျိုက်မြတ်သံချိစေတီတော်)
(၄) ကျိုက်ကမာကမုစေတီတော် (အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ယခု ဒူရကာဟိန္ဒူဘုရားရှိခိုးကျောင်းအနီး၌ တည်ရှိသည်။ ယခုအခါ ထိုစေတီ မရှိတော့ပေ။)
(၅) ကျိုက်ဒေးတဲ့စေတီတော် (ထိုစေတီတော်သည် နောင်အခါ ဘုရားငုတ်တိုဖြစ်၍ ဘုန်းကြီးလမ်းနှင့် ကျုံးကြီးလမ်းဆုံ၌ တည်ရှိသည်။ ထိုစေတီအနီး၌ ထောင်မှူးများရပ်ကွက်ရှိဖူး၍ ထောင်မှူးဘုရား ဟူ၍လည်း ခေါ်သည်။)
(၆) ကျိုက်ဖွဲကမော့စေတီတော် (ထိုစေတီတော်မှာ ယခုမရှိတော့ပြီ။ ထိုစေတီနေရာ၌ ကူရှင်ဟိုက်စကူးကျောင်းကြီး ဖြစ်တည်ခဲ့သည်။)
(၇) ကျိုက်ဒင်မဲစေတီတော် (ဒင်မဲအမတ် ဦးဆောင်တည်ခဲ့၍ ကျိုက်ဒင်မဲဘွဲ့တော်တွင်ခြင်းဖြစ်သည်။ ထိုစေတီတော်လည်း ယခု မရှိတော့ပြီ။)
(၈) ကျိုက်ခမောက်စန္ဒတ်စေတီတော် (ဝင်ဒါမီယာလမ်းရှေးအခေါ် ဆံတော်ကြိုလမ်း၌ စေတီတည်ထားသည်။ ယခု မရှိတော့ပေ။)
(၉) ကျိုက်ခပေါက်ဆွတ်စေတီ (မင်းလက်ဝဲဘုရားဟု အမည်တွင်ခဲ့သည်။ ယခုအခါ အလံတင်ဘုရား၊ အလံပြဘုရားဟု ခေါ်ကြသည်။ ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံစေတီအနီး၌ တည်ရှိသည်။)
(၁၀) ကျိုက်ဒေးအပ်စေတီတော် (ဗိုလ်တထောင်စေတီတော်)
(၁၁) ကျိုက်ကမာစိန်စေတီတော် (ဗိုလ်တထောင်ဘုရားလမ်း ဘုရားဖြူကျောင်း၌ရှိသည်။)



www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်ကြီး၏မြောက်ဘက် အဝင်မုခ်ဝအပေါ်ရှိ
သိမ်တော်ကြီးပြင်ဆင်မှုမှတ်တမ်း


အထက်ပါအတိုင်း သန်လျင်ဘုရင် သီဟဒီပမင်းကြီးသည် ရှင်ယသမထေရ်မြတ် ပင့်လာသော ဆံတော်များနှင့် တည်ထားတော်မူခဲ့သည်၊ ထိုသို့ တည်ထားတော်မူသည့် စေတီတော်(၁၁)ဆူတွင် ကျိုက်မဲသံကရော ခေါ် ကျိုက်မြတ်သံချိုစေတီတော်မှာ တစ်ဆူအပါအဝင် ဖြစ်သည်၊

ကျိုက်မြတ်သံချို ဆံတော်ရှင်စေတီတော်သည် ပန်းဘဲတန်းမြို့နယ်ရှိ သိမ်ကြီးဈေး ဇီရုံ ယခင်နာရီစင်နေရာ၌ တည်ထားခြင်းဖြစ်သည်။ ထိုစေတီတော်မြတ်သည် ကျိုက်မဲသံကရော ကျိုက်မဲသံချို၊ ကျိုက်မြတ်သံချို ဟူ၍ ဘွဲ့အမည်သုံးမျိုးဖြင့် ခေါ်တွင်ကြသည်။


ကျိုက်မြတ်သံချိုစေတီတော်သည် ရွှေဘုံနေတော်ကုန်းတော် အရှေ့မြောက်အရပ်၌ တည်ထားသော နောင်တော်ကြီးစေတီထက်ပင် ဘဏ်တော်မြင့်ကြောင်း မှတ်တမ်းများအရ သိရသည်။ ကျိုက်မြတ်သံချိုဘုရားတည်ရာ ကုန်းမြေသည် ဆူးလေစေတီတော်ကဲ့သို့ပင် တံတိုင်းကို အုတ်ဖြင့်ဝိုင်း၍ ကာရံထားသည်။ မဟာရာမ်တံတိုင်းများကို သစ်သားဖြင့် ပြုလုပ်ထားသည်။ ဘုရားစောင်းတန်းလေးသွယ် (အရှေ့ အနောက် တောင် မြောက်)ထားရှိသည်။ စေတီတော်ဝန်းကျင်၌ မြေအုတ်ကြွပ်မိုးထားသော ဇရပ်ကြီးများ တည်ထား၍ စေတီတော်ပရိဝုဏ်သည် သာယာစိုပြည်ပြီး ဆိတ်ငြိမ်လျက်ရှိသည်။

အင်္ဂလိပ်နယ်ချဲ့ ဒုတိယစစ်ပြီးသောအခါ ရန်ကုန်မြို့ အပါအဝင် အောက်မြန်မာနိုင်ငံ တစ်ခုလုံး အင်္ဂလိပ်နယ်ချဲ့ လက်အောက် ကျရောက်ရသည်။ ၁၈၅၂ ခု နောက်ပိုင်း ရန်ကုန်မြို့ကို အင်္ဂလိပ်တို့ မြို့သစ်စတင်တည်ဆောက်ခဲ့သည်။ ၁၈၅၄ ခုနှစ်၌ ရန်ကုန်မြို့သစ် တည်ဆောက်ရန် မြို့ကွက်အသစ်ရိုက်ခဲ့သည်။

လမ်းများဖောက်ခြင်း၊ တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ ချိုင့်ဝှမ်းများ မြေဖို့ခြင်းများ ပြုလုပ်ပြီး အရှေ့အနောက် သွယ်တန်းသော လမ်းမကြီးများဖောက်သလို တောင်မြောက်


OVĀDA PĀTIMOKKHA GĀTHĀ DHAMMACETIYA
STONE INSCRIPTION OF EXHORTATION VERSES
( BRIEF SUMMARY OF BUDDHISM )
1 - KHANTĪ PARAMAṀ TAPO TITIKKHĀ,
NIBBĀNAṀ PARAMAṀ VADANTI BUDDHĀ;
NA HI PABBAJITO PARŪPAGHĀTĪ,
NA SAMAṆO HOTI PARAṀ VIHEṬHAYANTO.
FORBEARING PATIENCE IS THE HIGHEST MORAL PRACTICE,
NIBBĀNA IS SUPREME, SAY THE BUDDHAS.
A BHIKKHU DOES NOT HARM OTHERS;
ONE WHO HARMS OTHERS IS NOT A BHIKKHU.
2 - SABBAPĀPASSA AKARAṆAṀ,
KUSALASSA UPASAMPADĀ;
SACITTA PARIYODAPANAṀ,
ETAṀ BUDDHĀNA SĀSANAṀ.
NOT TO DO EVIL,
TO CULTIVATE MERIT,
TO PURIFY ONE'S MIND,
THIS IS THE TEACHING OF THE BUDDHAS.
3 - ANŪPAVĀDO ANŪPAGHĀTO,
PĀTIMOKKHE CA SAṀVARO,
MATTAÑÑUTĀ CA BHATTASMIṀ,
PANTAÑCA SAYANĀSANAṀ,
ADHICITTE CA ĀYOGO,
ETAṀ BUDDHĀNA SĀSANAṀ.
NOT TO REVILE, NOT TO DO ANY HARM, TO PRACTISE RESTRAINT IN THE FUNDAMENTAL PRECEPTS, TO BE MODERATE IN TAKING FOOD, TO DWELL IN A SECLUDED PLACE, INTENT ON HIGHER THOUGHTS,
THIS IS THE TEACHING OF THE BUDDHAS.
DONATED BY U MYINT SHWE-DAW AYE AYE THEIN (ASSOCIATION FOR FOSTERING AND LOVING-KINDNESS) DAUGHTER MA KHINE HLA WAI, SONS MG THEIN AUNG, MG TUN AYE 137/139 BOTVIE STREET, LATHA TOWNSHIP, YANGON. (5TH NOVEMBER 19..)

သိမ်တော်ကြီးအတွင်းရှိ အရှေ့ဘက်နံရံ၌ အင်္ဂလိပ်ဘာသာနှင့် ရေးထိုးထားသော ဩဝါဒပါတိမောက်



သိမ်တော်ကြီး၏အရှေ့ဘက်နံရံ၌ ပါဠိနှင့်မြန်မာနှစ်ဘာသာဖြင့် ရေးထိုးထားသော ဩဝါဒပါတိမောက်



www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်ကြီးအတွင်းရှိ ရုပ်တော်မူရုပ်ပွားတော်မြတ်အား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ

သွယ်တန်းထားသော လမ်းသွယ်များကို စတင်ဖောက်လုပ်ခဲ့သည်။

လူနေအိမ်ကွက်များအပြင် ကုလားကုမ္ပဏီလုပ်ငန်းရှင်များကို ဈေးများဆောက်ခွင့်ပြုခဲ့ရာ သိမ်ကြီးဈေးဟု အမည်တွင်မည့် ဈေးကြီးနေရာတွင် နယ်ချဲ့လက်ပါးစေ အိန္ဒိယနိုင်ငံသား စူရတီလူမျိုး အရင်းရှင်များက စူရတီဈေးကြီးကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ထိုဈေးနေရာသည် ဆံတော်ရှင်စေတီတော် ကျိုက်မြတ်သံချို တည်ရာနေရာပင် ဖြစ်သည်။

အင်္ဂလိပ်တို့သည် ကျိုက်မြတ်သံချိုစေတီတော်ကြီးအား လမ်းဖောက်ရာနှင့် မလွတ်၍ဟု အကြောင်းပြကာ မြန်မာနှစ် ၁၂၁၆ ခုနှစ် (၁၈၅၄ ခုနှစ်) ၌ ဖျက်မိန့်သတ်မှတ်ပြီး စတင်ဖြိုဖျက်လေသည်။

အထက်ကြေးဝိုင်းတော်ကြီး နေရာမှ ကြိုးနှင့်ဆွဲချ၍ ဖြိုဖျက်ခဲ့သည်။ ကျိုက်မြတ်သံချိုစေတီတော်ကြီးကို စတင်ဖြိုသည့်နေ့မှစ၍ ညဘက်၌ စေတီတော်ကြီးမှ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးခဲ့သည်မှာ ရက်အတော်ပင်ကြာခဲ့သည်။ ကျိုက်မြတ်သံချိုစေတီတော်မှ ရောင်ခြည်တော်များသည် အရှေ့ဘက်အရပ်၌ရှိသော ဆူးလေစေတီတော်မြတ်ထံ ကူးပြောင်းဆက်သွယ်ခဲ့သည်ကို ထိုအချိန်က လူအများ မျက်မြင်ကိုယ်တွေ့ ဖူးမြော်ရလေသည်။ ဖူးမြင်ရသူများအနေနှင့်လည်း ကျိုက်မြတ်သံချိုစေတီတော်မြတ်ကြီး၏ တန်ခိုးတော်ကို မျက်ဝါးထင်ထင် ဖူးမြော်ရ၍ ဦးချကန်တော့ရင်း ကျိုက်မြတ်သံချို စေတီတော်မြတ်ကြီးအား ဖြိုချဖျက်ဆီးနေမှုအပေါ် ရင်ထုမနာ စိတ်သောကများ ဖြစ်ပွားခဲ့ရလေသည်။

ဓာတ်တော်မွေတော် ဆံတော်တို့သည် ကိုးကွယ်သူမရှိသော အရပ်၌ တည်တံ့မနေ၊ ကိုးကွယ်ပူဇော်မည့်သူရှိရာ အရပ်ရှိ စေတီပုထိုး ဆင်းတုရုပ်ပွားထံသို့ ကြွတော်မူကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။

ထို့ကြောင့် ကျိုက်မြတ်သံချိုစေတီတော်၌ ရဟန္တာ မထေရ်မြတ် ရှင်ယသ ပင့်ဆောင်လာသော မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်နှင့် ဓာတ်တော် မွေတော်တို့သည် ဆုတောင်းပြည့် ဆံတော်စေတီတော် ဆူးလေစေတီတော်မြတ်ကြီးထံသို့ ကြွမြန်းတော်မူခဲ့သည်မှာ အထင်အရှား ဖြစ်သည်။

ကျိုက်မြတ်သံချိုစေတီတော်မြတ်ကြီးအား ဖြိုဖျက်ရာတွင် စေတီတော်အထက်ပိုင်းသည် တောင်ဘက်သို့ ပြိုကျသွားခဲ့ရသည်။ စေတီတော်ကြီးကို ဖြိုဖျက်နေစဉ် ရောင်ခြည်တော်များသည် ရက်ပေါင်းများစွာ ကွန့်မြူးနေပုံကို ဖူးမြော်ကြရသော ဗုဒ္ဓဘာသာဝင်တို့သည် စိတ်နှလုံးထိခိုက်၍ ငိုကြွေးကြသူများနှင့် စိတ်သောက ရောက်ရသူများရှိသလို ဘာသာသာသနာအတွက် မခံမရပ်နိုင်၍ အံကြိတ်ဝမ်းနည်းကြသူများမှာလည်း များစွာ ရှိခဲ့ကြသည်။



သိမ်တော်ကြီးရှိ သိမ်တိုင်များအနက် တစ်ခုသော သိမ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်မြတ်ကြီးအား ဖြိုဖျက်ပြီးနောက် နယ်ချဲ့ ကိုလိုနီ အုပ်ချုပ်သူတို့သည် စေတီတည်ရှိရာမြေကို လူမျိုးကုလားများထံ ရောင်းချလိုက်ရာမှ ကျိုက်မြတ်သံချို ...ခေါ်ကွယ်ခဲ့ရသည်။ ဘွဲ့သုံးဘွဲ့ရ ကျိုက်မြတ်သံချို စေတီ ...အနီး၌ ရဟန္တာမထေရ်မြတ်ကြီးများဖြစ်သည့် အရှင် ... အမှူးပြုသော ရဟန္တာမထေရ် ရှစ်ပါး သိမ်သမုတ်၍ ...ထားသော ရဟန္တာသိမ်တော်ကြီးမှာလည်း စေတီတော် ...၏ ဘွဲ့သုံးမည်ဖြစ်သည့် ကျိုက်မဲသံကရော၊ ကျိုက်မဲ ... ကျိုက်မြတ်သံချို ဟူသော အမည်တွင်လာခဲ့သည်။ ...တော်ကြီး ဖြိုဖျက်ခံရပြီးနောက်ပိုင်း၌ ကျိုက်မြတ်သံချို ...န္တာသိမ်တော်ကြီးအဖြစ် လည်းကောင်း၊ ရဟန္တာမဟာ ...တော်ကြီးဟူ၍ လည်းကောင်း ခေါ်တွင်ခဲ့သည်။

ကိုလိုနီခေတ်ကာလ၌ပင် ကုလားသူဌေး အရင်းရှင်တို့ ...ဆောက်ခဲ့သည့် စူရတီဈေးကြီးကို မြန်မာလူမျိုးတို့အနေ ...ရဟန္တာသိမ်တော်ကြီးအနီး၌ တည်ရှိလေသောကြောင့် "...ကြီးဈေး" ဟု ခေါ်တွင်ရာမှ ယနေ့တိုင် ထိုအမည်တွင် ...ခြင်းပင် ဖြစ်ပေသည်။

ဤနေရာ၌ ရဟန္တာမဟာသိမ်တော်ကြီးနှင့် ကျိုက်မဲ ...ရော ခေါ် ကျိုက်မြတ်သံချိုစေတီတော်မြတ်ကြီးတို့၏ ...ဖြစ်စဉ်ဖြစ်ရပ်တို့ကို အပြည့်အစုံနီးပါး ကြိုးစားတင်ပြ ...သည်။ ပြီးပြည့်စုံပြီဟု မပြောလိုပါ။ ဤသို့ စေတီတော် ...ကြီးနှင့် ရဟန္တာသိမ်တော်ကြီးအကြောင်းကို လေ့လာရေး ...ခြင်းမှာ စာရှုသူ ဘုရားဖူးအပေါင်းအနေနှင့် ယနေ့မျက်မှောက် တည်ရှိနေသော ရဟန္တာမဟာသိမ်တော်ကြီးနှင့် ပတ်သက်၍ သိရှိစေလိုသောကြောင့်ပင် ဖြစ်ပေသည်။

*

ရန်ကုန်မြို့လယ်ကောင်၌ရှိသော သိမ်ကြီးဈေးကို မသိသူမရှိသလောက် ရှားပါးလှသည်။ သိမ်ကြီးဈေးနှင့်ကပ်လျက်ရှိသော ရဟန္တာမဟာသိမ်တော်ကြီးနှင့် ပတ်သက်၍ကား သိသူနည်းလှသည်။ မဟာဗန္ဓုလလမ်းဘက်သို့ မျက်နှာမူထားသော မြင့်မားသည့် နာရီစင်ကြီး၏နောက်၌ တည်ရှိသော မြတ်စွာဘုရားကျောင်းတော်ကြီးကိုပင် ရဟန္တာသိမ်တော်ကြီးဟု ထင်မှတ်မှားခဲ့ကြသည်။

မြတ်စွာဘုရားကျောင်းတော်ကြီး အတွင်း၌ ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ရုပ်ပွားဆင်းတုတော်များမှာ မရေမတွက်နိုင်အောင် များပြားလှသလို ဧကန်တော် မြင့်မားလှသည့် ဆင်းတုတော်ကြီးများ၊ ဧကန်တော်အလယ်အလတ် ဆင်းတုတော်ကြီးများသည် မှန်ခန်းများအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

မှန်ခန်းအပြင်ဘက်၌လည်း ကျောက်ဆင်းတုတော်၊ ကြေးဆင်းတုတော် များစွာမှာ မုဒြာအမျိုးမျိုးနှင့် ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ အလယ်မှန်ခန်းအတွင်း၌လည်း ရှေးဟောင်းလက်ရာ ဆင်းတုတော်များစွာကို သပ္ပာယ်စွာ ဖူးမြင်ရသည်။ မြတ်စွာဘုရားကျောင်းတော်ကြီး၏ ဘေးပတ်လည် ထပ်ခိုးပေါ်၌လည်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်အဆူဆူကို ရွှေသက်န်းရောင်တဝင်းဝင်းနှင့် ဖူးတွေ့ရသည်။



ရဟန္တာ မဟာသိမ်တော်ကြီးတည်ရာ မြောက်ဘက်ရှိ မြတ်စွာဘုရားကျောင်းတော်ကြီး (သိမ်တော်...ကြီးရှေ့...)



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားကျောင်းတော်ကြီးအတွင်း
သီတင်းသုံးတော်မူနေသည့် ရွှေဟောင်းလက်ရာ
ဗုဒ္ဓရုပ်ပွားဆင်းတုတော်



မြတ်စွာဘုရားကျောင်းတော်ကြီးအတွင်း
သီတင်းသုံးတော်မူနေသည့် ရွှေဟောင်းလက်ရာ
ဗုဒ္ဓရုပ်ပွားဆင်းတုတော်

မြတ်စွာဘုရားရှင် ကျောင်းတော်ကြီးအတွင်းရှိ ကြည်ညိုဖွယ်ကောင်းလှသော ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ရင်း ဝင်ရောက်ဖူးမြော်သူတို့၏ စိတ်တွင်း ဤကျောင်းတော်ကြီးပင် ရဟန္တာသိမ်တော်ကြီးဟု မှတ်ယူခဲ့ကြပြီး ကျေနပ်စွာဖြင့် ပြန်လည် ထွက်ခွာလာတတ်ကြသည်။

အမှန်တကယ် ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်က ရှင်ယသ ရဟန္တာမထေရ်မြတ်၊ အရှင်သောဏမထေရ်မြတ်၊ အရှင်သုဓိမထေရ်မြတ်တို့ အမှူးပြုသော ရဟန္တာမထေရ်မြတ် ရှစ်ပါး သိမ်သမုတ်ခဲ့သော ရဟန္တာသိမ်တော်ကြီးသည် မြတ်စွာဘုရားကျောင်းတော်ကြီး၏ အနောက်ဘက်၌ တည်ရှိသည်ကို ပြည်သူအများစု သတိမမူမိကြပေ။

ရဟန္တာသိမ်တော်ကြီးသည် မြတ်စွာဘုရားကျောင်းတော်ကြီး၏အနောက်ဘက်၌ တည်ရှိသလို ကုန်ဈေးတန်းလမ်းဘက်၌ တည်ဆောက်ထားသော သံဃာတော်များ သီတင်းသုံးတော်မူသည့် လေးထပ်ကျောင်းကြီး၏အနောက်နှင့် ၂၆ လမ်းရှိ ထပ်မံတိုးချဲ့ ဆောက်လုပ်ထားသော သံဃာဆောင်တို့၏ အနောက် (မြတ်စွာဘုရားကျောင်းတော်ကြီး၊ ကုန်ဈေးတန်းလမ်းရှိ သံဃာဆောင်၊ ၂၆ လမ်းရှိ သံဃာများ သီတင်းသုံးရာကျောင်းတို့၏အလယ်)၌ တည်ရှိသောကြောင့် ရဟန္တာမဟာသိမ်တော်ကြီး တည်ရှိနေကြောင်း သတိမမူမိကြ ခြင်း ဖြစ်သည်။

နာရီစင်ကြီးနှင့် ခမ်းနားထည်ဝါလှသော မြတ်စွာ ဘုရား ကျောင်းတော်ကြီးကိုပင် ရဟန္တာမဟာသိမ်တော်ကြီး အဖြစ် ထင်မှတ်ကာ ဖူးမြော်ကြည်ညိုကြခြင်း ဖြစ်သည်။

စာရေးသူကိုယ်တိုင် နှစ်ပေါင်းများစွာ ထိုကဲ့သို့ထင် မှတ်ပြီး ရဟန္တာမဟာသိမ်တော်ကြီးကို ဝင်ရောက်ကြည့် မဖူးမြော်မိခဲ့ပေ။ တစ်နေ့သောအခါ၌ စာရေးသူ ကြီးကြ လုပ်ကိုင်နေသည့် ကုန်ဈေးတန်းဆိုင်သို့ ပန်းတောဆရာတော် ကြွရောက်လာပြီး ရဟန္တာမဟာသိမ်တော်ကြီး၌ တပည့် သံဃာတော်တစ်ပါး သိက္ခာထပ် အလှူမင်္ဂလာသို့ ကြွရော လာကြောင်း ပြောရာမှ စာရေးသူသည် ရဟန္တာမဟာသိ တော်ကြီး တည်ရှိရာအမှန်ကို သိရတော့သည်။

ပန်းတောဆရာတော်ကြီး၏ မိန့်မှာချက်စကားကြော ရဟန္တာသိမ်တော်ကြီးအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် မြတ်များအား သွားရောက်ဖူးမြော်ကြည်ညိုရင်း လိုသော ကို တောင်းမိပေသည်။ ထိုစဉ်ကာလသည် လွန်ခဲ့သော ပေါင်း နှစ်ဆယ်ကျော်ကာလဖြစ်၍ တောင်းသော ဆုသည် လောဘ၊ ဒေါသ၊ မောဟနှင့် မကင်းခဲ့ပေ။





www.burmeseclassic.com

www.burmeseclassic.com



ြတ်စွာဘုရားကျောင်းတော်ကြီး၌ ကိန်းဝပ်စံပယ်တော်မူသည့် ကြေးဆင်းတုပုံတော်



မြတ်စွာဘုရားကျောင်းတော်ကြီး၌ ကိန်းဝပ်စံပယ်တော်မူသည့် ကြေးဆင်းတုပုံတော်

ယခုတစ်ဖန် ဤဆောင်းပါးရေးရန် ပြီးခဲ့သော ရက် ိုင်းအတွင်းက ရဟန္တာမဟာသိမ်တော်ကြီးထံသို့ ရောက်ရှိ ိုင်သောအခါ၌ကား သိမ်တော်ကြီးအတွင်းရှိ ကြည်ညိုဖွယ် ိုင်တော်မူ ရုပ်ပွားတော်ကြီးနှင့် ရုပ်ပွားတော်ကြီး၏ ဘေး ောင်းဖက်တစ်ချက်၌ရှိသော ရပ်တော်မူ ဗုဒ္ဓမြတ်စွာ ရုပ်ပွား တော်၊ ထိုင်တော်မူ ရုပ်ပွားတော်များထံမှောက်၌ လောဘ ေါသ မောဟနှင့်ကင်းသောဆုကို တောင်းခဲ့မိပေသည်။ ဆက်အားဖြင့် ခုနစ်ဆယ်ကာလသို့ ရောက်ရှိနေပြီး သေ ြင်းတရားကို မကြာမီရင်ဆိုင်ရတော့မည်ဖြစ်၍ လောဘ၊ ေါသ၊ မောဟ ဆုကို တောင်းခဲ့သော် အပါယ်သို့သွားရာ ်မ်းအား ရောက်လိုပါ၏ဟု ဆုတောင်းသည့်ပမာ ဖြစ်ပေ တော့မည်။

ရဟန္တာမဟာသိမ်တော်ကြီး (ဝါ) ကျိုက်မြတ်သံချို ဟန္တာသိမ်တော်ကြီးသည် ယနေ့တိုင် တည်တံ့နေရခြင်းမှာ ဆရာတော်ကြီး ဦးဝိလာသ၏ ကြိုးပမ်းခဲ့မှုကြောင့် ဖြစ်ပေ သည်။ မဟာသိမ်တော်ကြီးနှင့် ကျောင်းတော်ကြီးသည် မာမင်းအဆက်ဆက် တည်ရှိပြီး ရှေးပိုင်းကာလ မှတ်တမ်း း အတိအကျမရှိ၍ သမိုင်းဖြစ်စဉ် ဖြစ်ရပ်မှန်ကို မဖော်ပြ ိုင်သော်လည်း ၁၈၅၄ ခု နောက်ပိုင်းကာလ၌ မဟာသိမ် တော်ကြီး ကျောင်းတိုက်နှင့်ဆိုင်သော မှတ်တမ်းအတိအကျ ှိရသည်။ ၁၈၅၄ ခုနှစ်၌ ရန်ကုန်အရေးပိုင်သည် မဟာ သိမ်တော်ကြီးကျောင်းတည်ရာ သာသနာ့မြေ ဂရန်မြေအဖြစ် သတ်မှတ်ထုတ်ပေးသည့် ကာလမှစ၍ အတိအကျ သိခဲ့ရ သည်။

ထိုမှတ်တမ်းများအရ မဟာသိမ်တော်ကြီးကျောင်း တိုက်၌ အောက်ပါအတိုင်း ဆရာတော်စဉ်ဆက် အုပ်ချုပ် နာယကပြု ထိန်းသိမ်းခဲ့သည်။

(၁) ဆရာတော် ဦးပညာသာရနှင့် ဦးပါရမီဝံသ
(၂) ဆရာတော် ဦးစန္ဒ
(၃) ဆရာတော် ဦးကေလာသ
(၄) ဆရာတော် ဦးဝိလာသ (၁၉၀၈-၁၉၅၃)




မြတ်စွာဘုရားကျောင်းတော်ကြီးအတွင်းသိတင်းသုံးတော်မူနေသည့် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋိတိုက်အပေါ် ထပ်နှင့်အောက်ထပ်တွင်
ဗုဒ္ဓမြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်များ စံပယ်တော်မူပုံ



မြတ်စွာဘုရားကျောင်းတော်ကြီးအတွင်းရှိ
ရှေးဟောင်းရုပ်ပွားတော်အဆူဆူ

(၅) ဦးဇဋိလ၊ ဦးဉာဏိန္ဒ၊ ဦးပညိန္ဒ၊ ဦးဣန္ဒောဘာသနှင့် ဦးကေသရတို့ ငါးဦးပါဝင်သော နာယကအဖွဲ့ (၁၉၅၃-၁၉၇၈)

(၆) ဆိပ်ကြီးဆရာတော် ဦးပုညနှင့် အနောက်ပိန္နဲကုန်းကျောင်းတိုက်ဆရာတော် ဦးရေဝတတို့ ပါဝင်သော နာယကအဖွဲ့ (၁၉၈၁ အထိ)

အထက်ပါကဲ့သို့ မဟာသိမ်တော်ကြီးကျောင်းတိုက်၌ ဆရာတော်အစဉ်အဆက် နာယကပြုတော်မူခဲ့သည့်အနက် ဆရာတော်ဦးဝိလာသ လက်ထက်မှစ၍ မဟာသိမ်တော်ကြီး



မြတ်စွာဘုရားကျောင်းတော်ကြီးအတွင်းရှိ
ဆုတောင်းပြည့်ကြေးဆင်းတုတော်

နှင့် သိမ်တော်ကြီးကျောင်းတိုက်သာသနာ ပွင့်လင်းလာခဲ့သည်။ ဆရာတော်ဦးဝိလာသသည် သက်တော်(၂၀)အရွယ် မြန်မာနှစ် ၁၂၇၀ ပြည့်နှစ် တပို့တွဲလဆန်း ၅ ရက် တနင်္လာနေ့တွင် အဘိုးတော်သူ သိမ်ကြီးဆရာတော် ဦးကေလာသသည် သိမ်ကြီးဥပစာ အရံအကွင်းရှိ ဂရုဘဏ်လဟု ဘဏ်ကျောင်းဘဏ္ဍာများအား မြေးဖြစ်သူ ဦးဝိလာသကို သက်သေများရှေ့မှောက်၌ အပြီးအပိုင် လွှဲပြောင်းလှူဒါန်းခဲ့သည်။

ထိုအချိန်မှစ၍ သိမ်တော်ကြီးနှင့် ကျောင်းတို့၏ စည်ပင်တိုးတက် အခွန့်ရှည်စွာ တည်ရှိရေးသည် ဆရာတော်ဦးဝိလာသ၏ တာဝန်ဖြစ်လာခဲ့သည်။ ၁၉၀၈ ခုနှစ်၌ အဘိုးဖြစ်သူမှ လွှဲအပ်သောတာဝန်ကို ဆရာတော် ဦးဝိလာသကြီးပမ်း၍ ဆောင်ရွက်နေစဉ် ၁၉၁၅ ခုတွင် ကုန်စျေးတန်းလမ်း၌ နေထိုင်သော ကျောင်းဒါယကာ ဦးဇမောင်၊ ကျောင်းဒါယိကာမ ဒေါ်ဒေါ်မြစ် တို့သည် ရဟန္တာမဟာသိမ်တော်ကြီးကို အသစ်တည်ဆောက်ခဲ့သည်။

ယနေ့ ဖူးတွေ့နေရသော သိမ်တော်ကြီးသည် ထိုစဉ်က လက်ရာပင်ဖြစ်သည်။ နောက်ပိုင်း ပြုပြင်မွမ်းမံမှုသာပြုပြီး မူလလက်ရာမပျက် ထားခဲ့သည်။ ယနေ့မှစ၍ရေတွက်သော် မဟာသိမ်တော်ကြီး၏ အသစ်တည်ဆောက်ခဲ့သော ကာလမှ (၉၆)နှစ်ကျော်ကာလသို့ ရောက်ခဲ့ပေပြီ။ ထို့ကြောင့် မဟာ



www.burmeseclassic.com

www.burmeseclassic.com

...တော်ကြီးသည် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံ ...ခုအဖြစ် သတ်မှတ်ခဲ့သော် မှားမည်မဟုတ်ပေ။

ထိုသိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ...တော်မြင့်မားလှသည့် ရုပ်ပွားတော်ကြီးနှင့် ဘေး ...ဘက်တစ်ချက်၌ သီတင်းသုံးတော်မူသော ရုပ်ပွားတော် အဆူဆူမှာလည်း သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသည်။ သိမ် ...ကြီးအတွင်းပိုင်း၌ ရှေးမူလလက်ရာမပျက် ပြုပြင်ထိန်း ...ထား၍ ရှေးဟောင်းအဆောက်အအုံ တစ်ခုအတွင်းသို့ ...ကနေသည့်အလား ခံစားမိပေသည်။

သိမ်တော်ကြီး အရှေ့ဘက်နံရံတွင် ဩဝါဒပါတိ ...ကိအား အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနှင့် ကျောက်ထက် ...ရာတင်ထားသည်ကိုလည်း တွေ့ရသည်။

သိမ်တော်ကြီး၏ခေါင်းရင်း (တောင်ဘက်)ပြင်ပ၌ ...ကိယ် လေးဆူကိုလည်း တည်ထားခဲ့သည်။ သိမ်တော် ...ကြီးတစ်ခုလုံးအား ပေါ်လွင်ရန် ဓာတ်ပုံမှတ်တမ်း ရိုက်ယူရန် ...ကျဉ်းမြောင်းလွန်းလှ၍ ဘေးနှင့်မျက်နှာစာ လက်ရာ ...သာ မှတ်တမ်းပြု ဓာတ်ပုံရိုက်ယူနိုင်ခဲ့သည်။

သိမ်တော်ကြီး၏မြောက်ဘက်ဝင်ပေါက် အထက်၌ ...တော်ကြီးအား မွမ်းမံပြင်ဆင်သည့် အလှူရှင်အမည် ...သည်းမှတ်တမ်းကိုလည်း တွေ့ရပေသည်။

*

"ကျိုက်မြတ်သံချို မဟာသိမ်တော်ကြီး"နှင့် ပတ်သက် ...သော သိမှတ်ဖွယ်ရာ အတော်များများကို စာရေးသူ ကြိုးစား ... တင်ပြခဲ့ပေသည်။

စာရှုသူများအနေနှင့် သိမ်ကြီးဈေးအနီး၌ တည်ရှိ ...သော မြတ်စွာဘုရား ကျောင်းတော်ကြီး (သိမ်တော်ကြီး ...) အတွင်းရှိ ရှေးဟောင်းရုပ်ပွားတော် အဆူဆူကို ...ကြည်ညိုရင်း သဒ္ဓါတရားပွားများနိုင်သလို ကျိုက်မြတ် ...ချို မဟာသိမ်တော်ကြီး အတွင်းရှိ ရှေးဟောင်းဆုတောင်း ...ဘုရားများအား ဝင်ရောက်ဖူးမြော် ကြည်ညိုခြင်းဖြင့် ...မှောက်ဘဝအရေး၊ နောင်သံသရာအရေးအတွက် ဆုမွန် ... တောင်းယူနိုင်ကြောင်း ထပ်မံ၍ တိုက်တွန်းရေးသား ...သည်။

စာရေးသူ၏ မိဘများ ကိုးကွယ်ဆည်းကပ်ခဲ့သော ...ကတန်းမြို့နယ်ရှိ ပန်းတောဆရာတော်ကြီး ဦးနန္ဒော ...သ သက်တော်ထင်ရှားရှိစဉ်က စာရေးသူကို အလေးထား ... ဖော်အဓိဋ္ဌာန်ဝင်ရန် ရဟန္တာသိမ်တော်ကြီး ငါးဆူကို ...ပြခဲ့ဖူးသည်။

ထိုရဟန္တာသိမ်တော်ကြီး ငါးဆူမှာ . . .

(၁) မဟာသိမ်တော်ကြီး (ကျိုက်မြတ်သံချို ရဟန္တာမဟာ သိမ်တော်ကြီး)

(၂) ရဟန္တာသိမ်တော်ကြီး (ရွှေတိဂုံစေတီအနီး၌ ရှိသည်)

(၃) ဒေဝသာဂရသိမ်ဖြူတော်ကြီး (သိမ်ဖြူလမ်းနှင့် ဦးအုံး ခိုင်လမ်းထောင့် တောင်ကုန်းပေါ်၌ရှိသည့် ကြီးမားလှ သော သိမ်ကြီး ဖြစ်သည်)

(၄) ရှင်ယသ သိမ်တော်ကြီး (ကျိုက္ကဆံဘုရား စနေထောင့် ၌တည်ရှိသည်)

(၅) ကျားကူးသိမ်တော်ကြီး (ရွှေတိဂုံဘုရားလမ်း ကျားကူး ကျောင်းတိုက်အတွင်း၌ တည်ရှိသည်)

တို့ဖြစ်သည်။ အထက်ပါ သိမ်ငါးသိမ်သည် သီဟိုဠ် ကျွန်းမှ ကြွရောက်လာသည့် ရဟန္တာအရှင်မြတ် ရှင်ယသ အမှူးပြုသော ရဟန္တာမထေရ်မြတ် ရှစ်ပါးတို့ ကိုယ်တော်တိုင် သိမ်သမုတ်ပေးတော်မူခဲ့သော သိမ်တော်များ ဖြစ်သည်။

ထို့ကြောင့် ပန်းတောဆရာတော်ကြီးက ထိုရဟန္တာ သိမ်တော်ငါးဆူ၌ အဓိဋ္ဌာန်ဝင်ရန် တိုက်တွန်းပြောဆိုခြင်း ဖြစ်မည်ဟု စာရေးသူ ယခုအသက်အရွယ်ရောက်မှပင် တွေး မိတော့သည်။ ဆရာတော်ကြီး မိန့်ကြားတော်မူခဲ့သည့် လွန် ခဲ့သော နှစ်နှစ်ဆယ်ကျော်အတွင်းကမူ ဤသိမ်တော်များ အကြောင်းကို မလေ့လာ မသိရှိထား၍ အလေးမထားမိပေ။

ယခုအခါ အတွေ့အကြုံ၊ အသက်အရွယ်၊ လေ့လာမှု များအရ ထိုသိမ်တော်ကြီးများအကြောင်းကို သိလာသော အခါ စာရေးသူကိုယ်တိုင် အဓိဋ္ဌာန်ဝင်ရန် ဆုံးဖြတ်ထားပြီး စာရှုသူများလည်း ထိုရဟန္တာသိမ်တော်ကြီးများထံသို့ သွား ရောက်ကြည်ညို အဓိဋ္ဌာန်ဝင်ကြရန် တိုက်တွန်းရေးသားလိုက် ရပါသည်။

အထူးသဖြင့် ကျိုက်မြတ်သံချို စေတီတော်ကြီး၏ ဟိတ်ဓာတ်ကိန်းဝပ်တော်မူရာ မဟာသိမ်တော်ကြီးကို ဝင် ရောက်ဖူးမြော် ကြည်ညိုရင်း အဓိဋ္ဌာန်ဝင်ကြရန် တိုက်တွန်း လိုက်ရပေသည်။

❒ ထက္ကသိုလ်မျိုး

**ကိုးကားရေးသားသည့်စာအုပ်များ**


၁။ ဆံတော်ရှင် ကျိုက်ကမာစိန်ဘုရားသမိုင်း၊
ဘုရားဖြူကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ သီရိပဝရ ဓမ္မာစရိယ၊ ဝိနယ ပါရဂူ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ (၂၀၀၁)

၂။ ကျိုက်မြတ်သံချို မဟာသိမ်တော်ကြီးသမိုင်း၊
၁၉၈၈ ခုနှစ် ဇွန်လ ၉ ရက် မဟာသိမ်တော်ကြီးသမိုင်း ပြုစုရေးအဖွဲ့

၃။ ဆူးလေစေတီတော် သမိုင်းအကျဉ်း၊
၁၉၈၉ ခု၊ ဆူးလေဂေါပကအဖွဲ့

၄။ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်သမိုင်း
၂၀၀၆ ခု၊ ဦးတင်ရှိန်

၅။ ကိုယ်တိုင်သွားရောက် လေ့လာမှု




www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာတိုက်ကျောင်း မန္တလေးမြို့

ဦးချစ်ဆွေမမွှာရုံ၌ ဟောကြားဆုံးမတော်မူသော

# ဝေဒနာ ရုပ်သေနာရှုနည်း အလုပ်ပေးတရားတော်

(ယခင်လမှအဆက်)

သူတို့က သတ်မှာသေချာတော့ကို ကဲ ဓာဓ = ရာဓ ရေ ဝေဒနာ = ဝေဒနာသည်၊ မာရော = သတ်တာသည်၊ အဿ ဘဝေယျ = ဖြစ်ရာ၏၊ သူက သတ်တယ်ကွာတဲ့။

အဲဒီတော့ မင်းတို့က ဒီလိုလုပ်ကွတဲ့။ မင်းတို့က သူ့ကို ပြန်သတ် (မှန်ပါ)။ ရှုတဲ့ပုဂ္ဂိုလ်က သူ့ကို ပြန်သတ်ပါတဲ့ (မှန်ပါဘုရား)၊

ဒါဖြင့် သူက သတ်လို့ ကျုပ်တို့သေမလား၊ သူ့ကို ကျုပ်တို့က သတ်မလား (သူ့ကို သတ်ရပါမယ်ဘုရား)။ အပြောကတော့ လွယ်လောက်ပါပေ့ဗျာ၊ အပြောကတော့ လွယ်လောက်ပါရဲ့ ဒကာ ဒကာမတို့ ရှုမှသေမှာနော် (မှန်ပါ)၊

သို့သော် သတ်ကောင်းတယ်လို့ သိတဲ့တစ်လုံးပဲ ဘုန်းကြီးသည် အင်မတန် ဝမ်းသာပါပြီ (မှန်ပါဘုရား)။ ဦးဖဲရင်တို့ ဘဝများဌာ သံသရာက ဘယ်သူကချည်း သတ်ခဲ့သတုံး (ဝေဒနာကချည်း သတ်ခဲ့ပါတယ် ဘုရား)။

ကျုပ်တို့ကဖြင့် သတ်ခဲ့လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့က ဝေဒနာသတ်ခဲ့လို့ရှိရင် သေမင်းအောင်ပွဲယူတဲ့ မသေစာမှန် ပြည်နိဗ္ဗာန်ရောက်မှာပေါ့ (မှန်ပါဘုရား)။ သဘောကျပလား (ကျပါပြီ)။ အခုတော့ သူကချည်း သတ်နေတယ် (မှန်ပါဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူကချည်း သတ်နေသလဲ (ဝေဒနာကချည်း ...နေပါတယ် ဘုရား)။ ကျွပ်တို့က သတ်ခဲ့တဲ့ဘဝများရှိ ...သား (မရှိပါဘုရား)။

ဒီတစ်ခါသတ်ရင်သတ် မသတ်လို့ရှိရင်တော့ ခင်ဗျား ...တိုင်း သူ့လက်တွင်း ခေါင်းစင်းသေရမယ် စိတ်ကူး (မှန် ...ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သတ်ဆိုတာ တခြားမဟုတ် ... ဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှု (မှန်ပါ့ ဘုရား)။ ...တကျပလား (ကျပါပြီ ဘုရား)။

ဝေဒနာတွေကို ဖြစ်ပျက်မြင်အောင်ရှုပြီး မုန်းနေ ...င်လည်း နိဗ္ဗိန္ဒဉာဏ် တက်အောင်ရှုချ (မှန်ပါ့ ဘုရား)။ ...သည်ကားလို့ဆိုရင် ဖြစ်တာလည်း ဒုက္ခသစ္စာ၊ ပျက် ...ည်း ဒုက္ခသစ္စာလို့ သိအောင်ရှုပါ (မှန်ပါ့ဘုရား)။ ...ဖြစ်တာလည်း (ဒုက္ခသစ္စာပါဘုရား)။ ပျက်တာက ... (ဒုက္ခသစ္စာပါဘုရား)။

အဲ- ဒီကဲ့သို့ သူ့ကို ပိုင်ပိုင်နိုင်နိုင် သိသွားလို့ရှိရင် ...တွေ အကုန်ချုပ်မယ် (မှန်ပါ့)။ ဝေဒနာချုပ်တော့ ...င်၊ ဝေဒနာနဲ့ သဟဇာတဖြစ်တဲ့ သညာသင်္ခါရတွေ ... (ချုပ်သွားပါတယ် ဘုရား)။ ဝေဒနာနဲ့ သဟဇာတဖြစ် ... ချုပ်တရားတွေကော (ချုပ်သွားပါတယ်ဘုရား)။

အဲဒီကျတော့ "နာမရူပနိရောဓာ ဝိညာဏ နိရောဓော" ...တယ် (ဖြစ်ပါတယ် ဘုရား)။ နာမရူပနိရောဓာ နာမ် ...ခြင်းကြောင့် ဝိညာဉ်ချုပ်တယ်၊ သဘောကျပလား ...ဘုရား)။

တဲ- နာမ်ရုပ်ချုပ်လို့ရှိရင်ဖြင့် သံယုတ်ပါဠိတော်မှာ ...ချာ ဟောပါတယ်။ "ဝိညာဏနိရောဓာ နာမရူပ ...ော၊ နာမရူပနိရောဓာ ဝိညာဏနိရောဓော" ဆိုတော့ ... ဒကာမတွေ တစ်ခုချုပ်ရင် ဘာတဲ့တုံး (အကုန်ချုပ် ...် ဘုရား)။

တစ်ခုချုပ် အကုန်ချုပ်တာပဲလို့ မပြောဘူးလား (ပြော ...ဘုရား)။ ဝိညာဉ်ချုပ်ရင် နာမ်ရုပ်ချုပ်ပါတယ်၊ နာမ် ...ရင် (ဝိညာဉ်ချုပ်ပါတယ်)။ ဝိညာဉ်ချုပ်တယ်ဆိုတော့ ...း မစုံလား (စုံပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးဟာ ဘာသစ္စာတရားလဲ (ဒုက္ခသစ္စာ ... ဒုက္ခသစ္စာ ချုပ်သွားတယ်ဆိုကတည်းကိုက ဒကာ၊ ...တို့ ကျုပ်တို့ ဒုက္ခဝဋ်မှ မကျွတ်လား (ကျွတ်ပါတယ် ... ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝေဒနာပေါ်ရာကို လိုက်ကြ ...ယ် (မှန်ပါ့)။ ဝေဒနာပေါ်ရာကို လိုက်ကြရလိမ့်မယ် ... မျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာလည်း ဥပေက္ခာ ...ပေါ်တိုင်း လိုက်ပါနော် (မှန်ပါ့)။ တစ်ကိုယ်လုံးမှာ ...နာပေါ်လည်း (လိုက်ရမှာပဲ ဘုရား)။ ဖြစ်ပျက်ရှုပေး ပါနော်(မှန်ပါ့)။ ဒုက္ခဝေဒနာပေါ်ကော (ဖြစ်ပျက်ရှုပေး ရပါမယ်)။ ဝမ်းထဲမှာ စည်းစိမ်ဥစ္စာ ရတနာလို့ သောမနဿ ပေါ်ကော (ဖြစ်ပျက်ရှုရပါမယ်)။ ဒေါမနဿပေါ်ရင်လည်း (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

အေး ကိုယ်နဲ့မဆိုင်သေးတဲ့အခါကျလို့ရှိရင် ကမ္မသ ကာပဲ ထားတဲ့အခါကော မပါဘူးလား (ပါပါတယ်ဘုရား)။

ကိုယ်နဲ့ ဆွေမျိုးကလည်းမတော်၊ ဘာမှလည်းမတော် တဲ့ ပုဂ္ဂိုလ်ကြားရရုံတင် ကြားရတဲ့အခါကျတော့ ဦးခင်မောင် တို့က ဘာထားလိုက်သတုံး (ဥပေက္ခာထားပါတယ်ဘုရား)။

ကမ္မသကာပဲကွာ သေမျိုးချည်းပဲ မလာဘူးလား (လာ ပါတယ်)။ အင်း ကိုယ်နဲ့နည်းနည်းစပ်လာတဲ့အခါကျတော့ ဒီအသံထွက်ကဲ့လား (မထွက်ပါဘုရား)။ ဖြစ်မှုဖြစ်ရပလေ၊ မလာဘူးလား (လာပါတယ်ဘုရား)။

ဒါကြောင့် ကိုယ်နဲ့မစပ်တဲ့ပုဂ္ဂိုလ်ကျတော့ သေမျိုး ချည်းပဲကွာ၊ ဥပေက္ခာဆိုတဲ့ အမိပ္ပာယ် မလာဘူးလား (လာပါ တယ်ဘုရား)။

ဒါဖြင့် ဥပေက္ခာလာတော့ ဘာလုပ်ရမလဲ (ဖြစ်ပျက် ရှုရပါမယ်)။ ဩော်. . . ဖြစ်မှုဖြစ်ရလေ လာရင်ကော (ဖြစ် ပျက်ရှုရမှာပါပဲ)။ ဖြစ်မှုဖြစ်ရပလေဆိုတော့ ဦးခင်မောင်ရေ ဒေါသ၊ သောက မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

အဲ. . . ဒေါသ၊ သောက ဆိုတော့ ဒါဟာ ဒေါမနဿ ဝေဒနာပဲ မဟုတ်လား (မှန်လှပါ)။ ဘာလုပ်ရမလဲ (ဖြစ်ပျက် ရှုရပါမယ်)။ ဒါဖြင့် ဖြစ်မှုဖြစ်ရပလေလို့ လာရင်လည်း ဘာ လုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်)။ ကမ္မသကာလို့ ထားတဲ့ ဝေဒနာလာရင်ကော (ဖြစ်ပျက်ရှုရမှာပါပဲဘုရား)။

ဩော်. . . ဒီပုဂ္ဂိုလ် တစ်ျုပ်ဖြင့် မျက်လုံးထဲကတောင် မပျောက်သေးဘူးလို့ ဆိုရင်ကော (ဖြစ်ပျက်ရှုရမှာပါပဲ)။ အဲဒါ ခင်လုံးကလေးတွေ သောမနဿဝေဒနာလာတာ (မှန်ပါ့)။ ဒါကလေးကျတော့လည်း ဘယ့်နှယ်လုပ်ရမလဲ (ဖြစ်ပျက်ရှု ရပါမယ်)။

ဒါဖြင့် အားလုံးသည်ကားလို့ဆိုရင် ဘုန်းကြီးက ဖြစ် ပျက်ရှုရမယ်လို့ ခိုင်းလို့ရမှာလား။ သူတို့ဖြစ်ပျက်ကို ကျုပ်တို့က မြင်အောင် လိုက်ရမှာလား (သူတို့ဖြစ်ပျက်ကို မြင်အောင် လိုက်ရမှာပါဘုရား)။

ဒါ အရေးကြီးပါတယ် အခုပြောတဲ့စကားဟာ(မှန်ပါ့)။ ဘုရားက ရှုခိုင်းလို့ ရှုရတယ်။ ဘုန်းကြီးက ရှုခိုင်းလို့ ရှုရတယ် ဆိုလို့ရှိရင်ဖြင့် သညာဖြစ်နေပါတယ် (မှန်ပါ့ဘုရား)။

သူတို့ဖြစ်ပျက်က သူတို့ဖြစ်ပျက်ပြီးသကာလနေတဲ့ သဘာဝမှ အနိစ္စတရားကြီးကို ကျုပ်တို့က အနိစ္စဉာဏ်နဲ့ မှန်မှန်မြင်ဖို့ အရေးကြီးပါတယ် (မှန်ပါ့ ဘုရား)။ ဦးခင်မောင် ဒီစကား အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား)။ အင်မတန် အရေးကြီးတယ်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝေဒနာဟာ ဒီနေ့ နှစ်လုံး တည်းပဲ။ ဒီတရားပွဲမှာက မှတ်သွားပါတော့၊ နာရီလည်းစေ့နေလို့နော် (မှန်ပါ့)။ ကိုယ်က သတ်လို့ရှိရင် နိဗ္ဗာန်ရောက်မယ် (မှန်ပါ့ဘုရား)။ သူက သတ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ သေပွဲဝင်ရလိမ့်မယ် (မှန်ပါ့ဘုရား)။ ကိုယ်က သတ်နိုင်ရင် (နိဗ္ဗာန်ရောက်ပါမယ်)။ သူက သတ်နိုင်လို့ရှိရင် (သေပွဲဝင်ရလိမ့်မယ်)။ အဲဒါ ကြိုက်တာ ယူပေတော့ ခင်ဗျားတို့ (မှန်ပါ့ဘုရား)။

သူက သတ်တာ ကြိုက်သလား၊ ကိုယ်က သတ်ရတာ ကောင်းသလား (ကိုယ်ကသတ်ရတာ ကောင်းပါတယ်ဘုရား)။ ဒါဖြင့် အမြဲတမ်း ဝေဒနာဖြစ်ပျက်မြင်အောင်ရှု (မှန်ပါ့ဘုရား)။ ရှုဖန်များလာရင် ဘာဖြစ်မယ် (မုန်းပါတယ်ဘုရား)။

မုန်းပြီးရင် ဘာဖြစ်မယ်ထင်သတုံး (ဆုံးသွားပါတယ်)။ မုန်းပြီးရင် ဝေဒနာတွေဟာ ရှုလို့ကိုရှာမတွေ့ဘူး ဆုံးသွားလိမ့်မယ် (မှန်ပါ့ဘုရား)။ ဆုံးသွားလို့ရှိရင် "ဝေဒနာနံခယော ဘိက္ခု နိစ္ဆာတော ပရိနိဗ္ဗုတော" (မှန်ပါ့ဘုရား)။

ဝေဒနာကုန်ရင် နောက်က တဏှာပါကုန်တာပဲကွတဲ့ (မှန်ပါ့)။ တဏှာကုန်ရင် တဏှာနိရောဓော နိဗ္ဗာနံကွလို့ ဘာမှ မစိုးရိမ်နဲ့တဲ့ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ကိုင်း. . . ယနေ့ ဒီတင် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

## အဖုံးငါးပါး ဖွင့်လှစ်နည်း အလုပ်ပေးတရားတော်

တရားကို နားက နာပါလို့ သတိပေးလိုက်တယ်နော်။ တရားကို နားကထောင်ပါ၊ ဉာဏ်ကခန္ဓာလှည့်ပါ၊ တရားကို (နားကထောင်ရပါမယ်)။ ဉာဏ်ကတော့ (ခန္ဓာဘက်လှည့်ရပါမယ် ဘုရား)။ အင်း. . နားကတော့ ဘာလုပ်ကြရမယ် (နားထောင် ရပါမယ်)။ တရားကိုပဲ နားထောင်ရမယ်နော် (မှန်ပါ့)။ ကိုယ့်ရှိတဲ့ ဉာဏ်ကလေးကကော (ခန္ဓာဘက်လှည့်ရပါမယ်ဘုရား)။

ခန္ဓာဘက်လှည့်ကြပါတဲ့၊ အဲဒီကဲ့သို့ နာခဲ့လို့ရှိရင်ဖြင့် တရားကိုနားထောင်၊ ဉာဏ်က ခန္ဓာဘက် လှည့်လို့ရှိရင်ဖြင့် ခန္ဓာပြောတာကို ဉာဏ်က မြင်ပါလိမ့်မယ်နော် (မှန်ပါ့ဘုရား)။

ခန္ဓာပြောတာကို ဉာဏ်က မြင်ခဲ့သည်ရှိသော် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေသည် သူများပြောမယုံဘဲနဲ့ ခန္ဓာပြောကို ယုံလာပါလိမ့်မယ်ဆိုတာ ဧကန်ပေါ့ဗျာ (မှန်ပါ့ဘုရား)။ သူများပြောကို ယုံစရာရှိသေးသလား (မရှိပါဘုရား)။ ခန္ဓာက ပြောတာကတော့ (ယုံရမှာပါဘုရား)။

ခန္ဓာက ပြောတာကတော့ ယုံရမှာချည်း ဧကန်ဖြစ်နေတော့ ဩော် ခန္ဓာသည် ဘာခန္ဓာပါလိမ့်မလဲ ဆိုတဲ့ဉစ္စာ ခန္ဓာက ပြောပါလိမ့်မယ် (မှန်ပါ့ဘုရား)။

ခန္ဓာက ပြောတာကို ဒကာ၊ ဒကာမတွေက ဉာဏ်နဲ့ နားထောင်ပြီဆိုမှဖြင့် ခန္ဓာက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" လို့ ဒီပြင် ဘာမှမပြောဘူး။ ဒုက္ခသစ္စာချည်းပါပဲလို့သာ ပြောလိုက်တယ် (မှန်လှပါဘုရား)။ ဘယ်လိုများပြောမယ် ထင်ကြသလဲ (ဒုက္ခသစ္စာချည်းပဲလို့ ပြောပါတယ်ဘုရား)။

ဒုက္ခသစ္စာချည်းပဲလို့ ခန္ဓာကပြောတဲ့အခါကျလို့ ရှိရင် ဉာဏ်က ကြည့်လိုက်တဲ့အခါကျတော့ ဩော်. . . ဒါ ဒုက္ခသစ္စာ ဆိုတဲ့ ဉစ္စာကို ခန္ဓာကပြောတာကို ဉာဏ်ကသိပြီဆိုမှဖြင့် သမုဒယသစ္စာ တဏှာလောဘက အနားမကပ်နိုင်တော့ဘူး (မှန်လှပါဘုရား)။

ဘယ့်နှယ်ကြောင့် မကပ်နိုင်ပါလိမ့်မလဲလို့ အမေး ထုတ်တော့မှ ဒကာ၊ ဒကာမတို့ ခန္ဓာကပြောတာကို ကိုယ်က အမှန်သိသောကြောင့် သံသရာတစ်ခုလုံး လိမ်လည်ကောက် ကျစ်တဲ့အထဲမှာ သမုဒယသစ္စာ တဏှာလောဘလောက် လိမ်လည်ကောက်ကျစ်တာ မရှိပါဘူး (မှန်လှပါဘုရား)။

အဲဒီလိမ်လည်ကောက်ကျစ်တဲ့ တရားဟာ လိမ်လည် ကောက်ကျစ်ခွင့်ကို မရအောင် ခန္ဓာကပြောတာကို ဉာဏ်က မြင်ကြည့်လို့ရှိရင်လည်း သမုဒယသစ္စာ သေပါလိမ့်မယ် (မှန် လှပါ ဘုရား)။

သမုဒယသစ္စာ သေတော့ကို ဒကာ၊ ဒကာမတို့ တဏှာနိရောဓော နိဗ္ဗာနံ ဆိုတဲ့ဉစ္စာဟာ ပေါ်လာပါလိမ့်မယ် (မှန်လှပါဘုရား)။

အဲဒါကြောင့် ဒီနေ့ တရားနာနည်းကို ဒကာ၊ ဒကာမတွေ သင်ပေးနေပါတယ်၊ နားက ဘာထောင်ရမယ် (တရားကို ထောင်ရပါမယ် ဘုရား)။

အေး. . . ဆရာဘုန်းကြီးက ခန္ဓာတရား ဟောနေတဲ့ အတွက် ခန္ဓာတရားကို နားထောင်ပါ (မှန်ပါ့)။ ဉာဏ်ကိုတော့ ဘုန်းကြီးဆီမလှည့်ဘဲနဲ့ ဒကာ၊ ဒကာမတွေ ကိုယ့်ခန္ဓာဘက် ကိုယ်လှည့်လိုက်ပါ (မှန်ပါ့ ဘုရား)။ ဉာဏ်က ဘယ်လှည့်ရ မလဲ (ကိုယ့်ခန္ဓာဘက် လှည့်ရပါမယ်ဘုရား)။

ဉာဏ်က ကိုယ့်ခန္ဓာဘက် ကိုယ်လှည့်လိုက်ပြီလို့ ဆိုမှ ဖြင့် ခန္ဓာက ဘာသစ္စာလို့ ပြောပါ့မလဲ (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ခန္ဓာက ဒုက္ခသစ္စာလို့ ဧကန်ပြောတဲ့အခါ ကျတော့ ဉာဏ်က ခေါင်းညိတ်ပြီးသကာလ ဩော်. . . ဟုတ် သားပဲ၊ ဩော်. . . ဟုတ်သားပဲဆိုပြီး လိုက်လိုက်လို့ရှိရင်ဖြင့် တစ်သံသရာလုံး လိမ်လည်ကောက်ကျစ် လှည့်ဖြားပြီးသကာ လ ဟိုပုံကောင်းနိုးနိုး ဒီပုံကောင်းနိုးနိုးနဲ့ နိဗ္ဗာန်ရှာလာတာ တဏှာလှည့်စားပြီး ရှာလာတဲ့ နိဗ္ဗာန်ဟာဖြင့် ကွယ်ပျောက် ပြီးသကာလ တဏှာလက်ညှိုးညွှန်ရာ မရောက်ဘဲနဲ့ ဉာဏ် လက်ညှိုးညွှန်ရာကို ဒကာ၊ ဒကာမတွေ ဧကန်တကယ် ရောက်ကြပါလိမ့်မယ်ဆိုတာ မှတ်ရလိမ့်မယ်နော် (မှန်လှပါ ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

ကိုင်း. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဿနာရှုမှ ခန္ဓာကို ဉာဏ်နဲ့လှည့်ပါဆိုတော့ ဝိပဿနာရှု နာပါလို့ဆိုတဲ့ အဓိပ္ပာယ်ပါပဲ (မှန်လှပါဘုရား)။ ရှင်းကြ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ခန္ဓာအစကလေးတော့ ပြောပေး မယ် ဒကာ၊ ဒကာမတို့ နေ့တိုင်းပြောလို့ရှိရင်ဖြင့် အဝိဇ္ဇာ ယာ သင်္ခါရာဆိုတာ မလာပေဘူးလား (လာပါတယ် )။ သင်္ခါရပစ္စယာ ခန္ဓာငါးပါးလို့ ဆရာဘုန်းကြီးက ဘူးလား (ဟောပါတယ် ဘုရား)။

အဲ. . . သင်္ခါရပစ္စယာ ဝိညာဏံရယ် သဠာယတန ဝေဒနာတွေကို စာလိုဆိုရင် သုတ္တန်နည်းနဲ့ မှန်ပြား လည်း ခန္ဓာစစ်စစ်မှာ အဘိဓမ္မာနည်းနဲ့ ဝေဖန်လိုက် ခန္ဓာငါးပါး ပေါ်လာတယ် (မှန်ပါ့ဘုရား)။ အင်း. . . အဝိဇ္ဇာ သင်္ခါရက ဘာများ တည်ထောင်လိုက်ပါလိမ့် (ခန္ဓာငါးပါးတည်ထောင်ပါတယ် ဘုရား)။

ဒါ ပြောချင်လို့ ပြောရတာ မဟုတ်ပါဘူး ဒကာ၊ ဒကာ နဂိုကတည်းက ယောက်ျားမပါ၊ မိန်းမ မပါ၊ ငါမပါ၊ ပါ သိပါစေတော့လို့ (မှန်ပါ့ ဘုရား)။ ဒီထဲပါကြသေးရဲ့ (မပါပါ ဘုရား)။

ယောက်ျား၊ မိန်းမ၊ ငါ၊ သူတစ်ပါး ဆိုတာတွေ ဒကာ၊ ဒကာမတွေ ပထမဖြစ်လာကတည်းက မပါဘူးဆိုတာ သိလို့ ဖြင့် နောက်မှ ဩော်. . . သမုတိသစ္စာနဲ့ ပြောဆိုဖြစ်ကြ အောင်လို့၊ မုသားမဖြစ်အောင်လို့ ပြောတဲ့စကားတော့ မှန် ။ ယောက်ျား၊ မိန်းမကို ကျုပ်ဝိပဿနာရှုတဲ့ နေရာ သူ့ကို အတည်မပြုဘဲနဲ့ ပင်ကိုက လာတာကို အတည် သကာလ ဝိပဿနာဉာဏ်နဲ့ ရှုကြလို့ရှိရင်ဖြင့် သက္ကာ ဒိဋ္ဌိက ပြုတ်ပြီးသားဖြစ်ပါတယ် (မှန်ပါ့ဘုရား)။ သဿက ည်းပြုတ်ပြီး၊ ဥစ္ဆေဒလည်း ပြုတ်ပြီးသားဖြစ်ပါတယ်ဆိုတာ တိုင်းပြောရတယ် (မှန်ပါ့ဘုရား)။

အဲဒါကြောင့် တရားသားချည်း ပြောနေတဲ့နေ့မို့ ဒကာ၊ ဒကာမတွေ အဝိဇ္ဇာ သင်္ခါရာက ဘာလုပ်လိုက်ပါလိမ့် (ခန္ဓာငါးပါး လုပ်လိုက်ပါတယ် ဘုရား)။

အင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ လူမိုက်လည်း ခန္ဓာ ငါးပါးလုပ်လိုက်တာပဲ (မှန်ပါ့)။ လူလိမ္မာကော (ခန္ဓာငါးပါးပဲ ဘုရား)။ ခန္ဓာငါးပါး လုပ်တာချင်း အတူတူပဲဆိုတာ သေချာ လား (သေချာပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် လူမိုက်နဲ့ လူလိမ္မာ ဘာများ ထူးပါ လိမ့်မလဲဆိုတာ ဗာလပဏ္ဍိတသုတ် သံယုတ်ပါဠိတော်ကြီးမှာ လူမိုက်နဲ့ လူလိမ္မာ ဘာများထူးပါလိမ့်မလဲဆိုတဲ့ဥစ္စာ အလာ မှာ မထူးဘူးဆိုတာ သေချာသွားတယ် (မှန်ပါ့ဘုရား)။

လူမိုက်လည်း အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ် တာပဲ (မှန်ပါ့)။ လူလိမ္မာကော ဒကာ၊ ဒကာမတို့ (ခန္ဓာငါးပါးပဲ ဖြစ်ပါတယ်ဘုရား)။ ခန္ဓာငါးပါး ဖြစ်ကြတာပဲဆိုတော့ ဩော် . . . လူမိုက်လည်း ခန္ဓာငါးပါးဖြစ်၊ လူလိမ္မာလည်း ခန္ဓာငါးပါး ဖြစ်တယ် ဆိုတာ သိနေကြတော့ ခန္ဓာငါးပါးဖြစ်တာကို ဒကာ၊ ဒကာမတွေ ပိုင်ပိုင်နိုင်နိုင် ကိုယ့်ခန္ဓာငါးပါးဟာ ဒီအကြောင်း ကြောင့် ဖြစ်တယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင် သိလာရင်လည်း ဘုန်းကြီးက ဩော်. . . နဂိုကတည်းက ငါလည်း မပါ၊ သူလည်းမပါ၊ ယောက်ျားလည်းမပါ၊ မိန်းမလည်းမပါ၊ အမေ လည်းမပါ၊ အဖေလည်းမပါ ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ဘာသာလျှင် ဧကန်ရှိ၊ တကယ်ရှိပါလိမ့် (ခန္ဓာငါးပါး သာ ဧကန်ရှိပါတယ်ဘုရား)။ ခန္ဓာငါးပါးသာလျှင် ဧကန်ရှိ၊ တကယ်ရှိတယ်ဆိုတော့ ဩော်. . . အစကမပါတာ နောက်မှ မြို့ထဲ ရွာထဲမှာ မွေးမိ ဖွားမိတာနဲ့ ပြောသံကြား၊ ဆိုသံကြား တွေကြောင့် သမုတိသစ္စာကို တကယ်ထင်ပြီးသကာလ အမေ ရယ် အဖေရယ် ငါရယ် သူရယ် ဆိုတာတွေ ချုပ်ကွယ်ပြီး လာတာတွေကို အခု အရင်းကနေ ပြလိုက်တော့ မရှင်းသေး ဘူးလား (ရှင်းပါတယ် ဘုရား)။

ဩော်. . . အရင်က နဂိုက လာခဲ့တာက ဒကာ၊ ဒကာမတွေ အဝိဇ္ဇာသင်္ခါရက ပြုလုပ်လိုက်တာက ဘာပါလိမ့် (ခန္ဓာငါးပါးပါ ဘုရား)။ ဒီခန္ဓာငါးပါးကို အဝိဇ္ဇာသင်္ခါရက လည်း လုပ်လိုက်တယ်။ ဩော်. . . အဝိဇ္ဇာသင်္ခါရကတော့ အတိတ်ကအကြောင်းပေါ့ဗျာ (မှန်ပါ့ဘုရား)။

အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုပြင်တဲ့တရား (မှန် ပါ့)။ အဝိဇ္ဇာ သင်္ခါရ ပြုပြင်လိုက်တာက ဒကာ၊ ဒကာမတို့ အခု ဘာနဲ့အတူတူ နေကြရ ထိုင်ကြရပါလိမ့်မလဲ (ခန္ဓာငါးပါး နဲ့ နေကြရပါတယ်ဘုရား)။ ခန္ဓာငါးပါးနဲ့ အတူတူ နေကြရ ထိုင်ကြရတယ်ဆိုတာ မရှင်းသေးဘူးလား (ရှင်းပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် ဒီတရားပွဲမှာ ယောက်ျားတွေများ လား၊ မိန်းမတွေများလား၊ ခန္ဓာငါးပါးချည်းပဲလားလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ (ခန္ဓာငါးပါးချည်းပါပဲ ဘုရား)။

ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒီလိုပိုင်ပိုင်နိုင်နိုင် ဉာဏ်ထဲမှာ သိထားတော့မှ ဝိပဿနာရှုတော့ ဒကာသစ်တို့ ဦးခင်မောင် တို့ မရှင်းပေဘူးလား (ရှင်းပါတယ်ဘုရား)။

အဲဒါဖြင့် အစကတည်းက သက္ကာယဒိဋ္ဌိ ပြုတ်ပြီး သကာလ ဒီထဲမှာ ခန္ဓာငါးပါးပဲ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား မိန်းမ ပါသေးရဲ့လား (မပါပါဘုရား)။

အင်း. . . ဒါ ဘယ်ကများ လာပါလိမ့်။ သိကြား ဗြဟ္မာ၊ ဘုရားလာပြီး ဖန်ဆင်းလေရော့လားလို့ မေးတော့ မသိတဲ့အဝိဇ္ဇာ ပြုပြင်မှုသင်္ခါရကြောင့် ပေါ်လာတာပဲ (မှန်လှ ပါဘုရား)။ မသိတာက (အဝိဇ္ဇာပါ ဘုရား)။ ပြုပြင်မှုက (သင်္ခါရပါ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဪ. . . မသိတဲ့ အဝိဇ္ဇာ၊ ပြုပြင်မှု သင်္ခါရကြောင့် ဘာများ ဖြစ်လာကြပါလိမ့် (ခန္ဓာငါးပါး ဖြစ်လာပါတယ် ဘုရား)။

အေး. . . ခန္ဓာငါးပါး ဖြစ်လာတယ်ဆိုတော့ ယခု တရားနာနေကြတာတွေ အားလုံး ရှင်းကြပါတော့။ ယောကျ်ားလည်းမပါဘူး မိန်းမလည်းမပါဘူး နတ်ပဲ မပါခဲ့တဲ့ဥစ္စာ။ ခန္ဓာငါးပါး ခန္ဓာငါးပါးပါပဲ (မှန်ပါ့ဘုရား)။

ဒီခန္ဓာငါးပါး ပျက်ပြန်လို့ရှိရင် နောက်ခန္ဓာငါးပါးက အဝိဇ္ဇာသင်္ခါရက အစားထိုးမှာပဲ (မှန်ပါ့ဘုရား)။ ဒို့ပြင် ဘာ ထိုးစရာ လိုသေးသလဲ (မလိုပါဘုရား)။

ဒီခန္ဓာငါးပါး ဖျတ်ဆို ပျက်သွားမယ်၊ ဘယ်သူက အစားထိုးရမယ် (အဝိဇ္ဇာသင်္ခါရကပါ)။ အဝိဇ္ဇာသင်္ခါရကနေပြီး ပြန်ပြီးအစားထိုးတော့ ခန္ဓာငါးပါးပဲ ပြန်ထိုးတယ် (မှန်ပါ့)။ ခန္ဓာငါးပါးပျက်တော့ ဘယ်သူက အစားထိုးသလဲ (အဝိဇ္ဇာသင်္ခါရကပါ)။ အဝိဇ္ဇာသင်္ခါရကတော့ သဘောကျပါပြီ ဒကာ၊ ဒကာမတို့။ ဘာတွေများ ပြန်ပြီးအစားထိုးလိုက်ပါလိမ့် (ခန္ဓာငါးပါးပါ ဘုရား)။အေး. . . ခန္ဓာငါးပါးပဲ အစားထိုးလိုက်တော့ ဪ. . အဝိဇ္ဇာသင်္ခါရကြောင့် ဥဒယဗ္ဗယဉာဏ် ဟောရမယ်ဆိုတော့ အဝိဇ္ဇာတို့၊ တဏှာတို့၊ ဥပါဒါန်တို့၊ ကံတို့ ပါမလာဘူးလား (ပါလာပါတယ် ဘုရား)။

ယခုလို ပဝတ္တိအခါမှာတော့ ခန္ဓာငါးပါးဟာ ဖြစ်တော့ ဖြစ်တာပဲ၊ သူတို့လည်း အကြောင်းမကင်းဘူးဆိုတော့ နေ့တိုင်းစားသောက်နေတဲ့ အာဟာရကလေးကလည်း ဒကာ၊ ဒကာမတွေကို နှိပ်ထိန်းသဖွယ် စောင့်ရပါတယ် (မှန်လှပါ ဘုရား)။ နှိပ်ထိန်းသဖွယ် စောင့်နေရတယ်နော် (မှန်လှပါ)။ အဝိဇ္ဇာသင်္ခါရကတော့ မွေးထုတ်တယ် (မှန်ပါ့)။

အဝိဇ္ဇာသင်္ခါရကတော့ (မွေးထုတ်ပါတယ် ဘုရား)။ ဘာကိုမွေးထုတ်လိုက်ပါလိမ့် (ခန္ဓာငါးပါးပါ ဘုရား)။ မွေးထုတ်ပြီး သူကတော့ ပစ်ထားတာ ဒကာ၊ ဒကာမတို့ (မှန်ပါ့)။

သူက ပစ်ပြီးသကာလ ထားတဲ့အခါကျတော့ ဒကာ၊ ဒကာမတွေမှာ နေ့တိုင်း အမေကကျွေးတဲ့ အစာအာဟာရ ကိုယ်တိုင်စားနိုင်တဲ့အခါ ကိုယ်တိုင်စားသောက်တဲ့ အစာအာဟာရ ဩဇာဓာတ်တွေကနေပြီး သကာလ ဒီခန္ဓာကြီး မထောက်ပံ့ရဘူးလားဗျာ (ထောက်ပံ့ရပါတယ် ဘုရား)။

ဪ. . . ဒါကြောင့် အာဟာရကြောင့် ဘာဖြစ်ပါလိမ့်ဗျာ (ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား)။ ဪ. . . နေရာကျလိုက်တာ ဒကာ၊ ဒကာမတို့ အဝိဇ္ဇာတို့၊ သင်္ခါရတို့၊ အာဟာရတို့ကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ကံ အာဟာရဆိုတာတွေ ယနေ့ ပေါ်မသွားသေးဘူးလား (ပေါ်သွားပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့၊ ဒီခန္ဓာငါးပါးထဲ ငါ၊ သူ တစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဘယ့်နှယ်တုံး (မပါပါဘုရား)။

သိကြား၊ ဗြဟ္မာ၊ ဘုရား လာပြီး ဖန်ဆင်းတာကော ဟုတ်
ရဲ့လား (မဟုတ်ပါ ဘုရား)။

မဟုတ်ပါဘူးတဲ့၊ အဝိဇ္ဇာ သင်္ခါရတို့ အာဟာရ
နေပြီး တည်ထောင်တာဆိုတာ မသေချာဘူးလား (သေ
ပါတယ် ဘုရား)။ ဒီအထဲက ဪ. . . ဒီအကြောင်း
ကြောင့် ဖြစ်တဲ့ ဒီအကျိုးတရားဆိုတာကော မသေချာ
လား (သေချာပါတယ် ဘုရား)။

ဪ. . . ဒါဖြင့် အကျိုးတရား ခန္ဓာငါးပါး၊ သ
ကျကြပလား (မှန်ပါ့ဘုရား)။ အကျိုးတရား (ခန္ဓာငါး
ဘုရား)။ ဪ. . . ဒကာ၊ ဒကာမတွေ အခု ဘာနဲ့များ
ထိုင်ကြပါလိမ့်မတုံးလို့ မေးတော့ အကျိုးတရား ခန္ဓာငါး
နေကြပါတယ်ဆိုတာ ရှင်းကြပလား (ရှင်းပါပြီ)။
နေကြပါလိမ့် (အကျိုးတရား ခန္ဓာငါးပါးနဲ့ နေကြပါ
ဘုရား)။ အကျိုးတရားဆိုတာ သိလိုက်တဲ့အခါကျတော့
မှားခြင်း ဝိစိကိစ္ဆာ စင်ပါတယ်နော် (မှန်ပါ့)။

ဒီအကြောင်းကြောင့်ဖြစ်တဲ့ ဒီအကျိုးတရားဆို
အကြောင်းနဲ့အကျိုး သိလိုက်ခြင်းကြောင့် သိကြား၊ ဗြ
ဘုရား လာပြီးသကာလ ထာဝရတွေက ဖန်ဆင်းတာ မ
တော့ဘူးဆိုတာ သိသဖြင့် ယုံမှားခြင်း ဝိစိကိစ္ဆာ စင်
ဘူးလား (စင်သွားပါတယ် ဘုရား)။

ခန္ဓာငါးပါးလို့သိသဖြင့် ငါ၊ သူတစ်ပါး၊ ယော
မိန်းမဆိုတဲ့ ဒိဋ္ဌိကကော (စင်ပါတယ်ဘုရား)။ ဟော. . .
ဝိစိကိစ္ဆာ စင်သွားပြီ (မှန်ပါ့ဘုရား)။ ရှင်းကြပလား (ရှင်း
ဒီခန္ဓာငါးပါးဟာ အကြောင်းတရားလား၊ အကျိုးတရား
ဒကာ၊ ဒကာမတို့ (အကျိုးတရားပါဘုရား)။ အကျိုး
ဆိုကတည်းက အကြောင်းကြောင့်ဖြစ်တာပေါ့နော် (မှ

ဪ. . . ဒါဖြင့် အကြောင်းတရားကြောင့်ဖြ
အကျိုးတရား ခန္ဓာငါးပါးဟာ အကျိုးတရားလို့ သိလိုက်
ဝိစိကိစ္ဆာ စင်သွားတယ် (မှန်ပါ့)။ သိကြား ဗြဟ္မာ
လာပြီး တည်ထောင်တာလို့ ဆိုလို့ရသေးရဲ့လား(မရပါဘု
ထာဝရ ဖန်ဆင်းတာတွေကော ဟုတ်သေးရဲ့လား (မဟု
ဘုရား)။

ဪ. . . ဒီလိုသိလိုက်သဖြင့် ဘာစင်သွား
(ဝိစိကိစ္ဆာစင်ပါတယ်)။ ဝိစိကိစ္ဆာ စင်သွားတယ်နော် (မှ
ဒီအကြောင်းတွေက ပြုလိုက်တဲ့ အကျိုးတရားထဲမှာ
တစ်ပါး၊ ယောကျ်ား၊ မိန်းမ ပါသေးရဲ့လား။ ခန္ဓာချည်းပဲ
(ခန္ဓာချည်းပါ ဘုရား)။

ခန္ဓာချည်းပဲလို့ သိလိုက်သဖြင့် ငါ၊ သူတစ်ပါး
သေးဘူးလား (စင်ပါတယ် ဘုရား)။ ဒါဖြင့် ခန္ဓာကို ခ
သိရင် ဒိဋ္ဌိစင်ပါတယ် (မှန်ပါ့)။ ခန္ဓာဖြစ်ကြောင်းကို သိ
လို့ရှိရင် ဝိစိကိစ္ဆာစင်ပါတယ် (မှန်လှပါဘုရား)။ ခ
ကြောင်း သိလိုက်ရင် (ဝိစိကိစ္ဆာ စင်ပါတယ်ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

## ခန္ဓာကပြောတာကို

## ကိုယ်က ဘာမှန်းသိသောကြောင့်

## သံသရာတစ်ခုလုံး

## လိမ်လည်ကောက်ကျစ်တဲ့ဘဝထဲမှာ

## သမုဒယသစ္စာ တဏှာလောဘလောက်

## လိမ်လည်ကောက်ကျစ်တာ မရှိပါဘူး

ဩော်. . . ဒါဖြင့် ဒီလို စင်ပြီးသကာလမှ ဒကာ၊ ဒကာမတွေ ဝိပဿနာရှုလိုက်ရလို့ရှိရင်ဖြင့် စူဠသောတာပန် ဖြစ်ပြီးမှ မဟာသောတာပန်ဖြစ်ခန်းကို လှမ်းလိုက်ရလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ဝန်လေးစရာ မရှိတော့ဘူး (မှန်ပါ့ဘုရား)။

ဝန်လေးစရာ မရှိတော့ဘူး၊ ကြိုးစားပြီးသကာလ တရားကိုနာပြီး ခန္ဓာဉာဏ် လှည့်ပေးလိုက်လို့ရှိရင်ဖြင့် နေရာကျတော့မှာပဲဆိုတာ သဘောကျကြပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ နေ့တိုင်းဟောနေတဲ့ တရားတလည်း မဆုံးသေးတော့ လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးလို့ မေးလိုက်တဲ့အခါကျတော့ လူမိုက်လည်း အဝိဇ္ဇာ သင်္ခါရ အာဟာရတို့ကြောင့် ခန္ဓာငါးပါး ဖြစ်တာနော် (မှန်ပါ့)။ လူလိမ္မာကော ဘာကြောင့်ဖြစ်သတုံး (ဒါကြောင့်ပါပဲ ဘုရား)။

သို့သော် လူမိုက်မှာတော့ ယခုလို ပဝတ္တိ ခန္ဓာငါးပါး နောက်ကနေပြီးသကာလ အဝိဇ္ဇာတဏှာ ပြန်လိုက်တယ် (မှန်ပါ့ ဘုရား)။ မလိုက်ဘူးလား (လိုက်ပါတယ် ဘုရား)။

အဝိဇ္ဇာတဏှာတွေ ပြန်လိုက်တဲ့အခါ အဝိဇ္ဇာဆိုတာ ခန္ဓာကိုယ် ဒုက္ခသစ္စာလို့ မသိတာ ဘာခေါ်ကြမယ် (အဝိဇ္ဇာပါ ဘုရား)။ တဏှာဆိုတာက မသိတာ ရမ်းမခင်ဘူးလား (ခင်ပါတယ် ဘုရား)။

အဲ. . . အဝိဇ္ဇာ သင်္ခါရဟာ အဝိဇ္ဇာ သင်္ခါရ ပြန်လိုက်လာဘူးလား (လိုက်လာပါတယ် ဘုရား)။ တစ်နည်း အဝိဇ္ဇာ သင်္ခါရကော ပြန်လိုက်မလာဘူးလား (ပြန်လိုက်ပါတယ်)။ လိုက်လာရင် ဘာများဖြစ်ဦးမှာပါလိမ့်မတုံး၊ သေသည်၏ အခြား၌ (ခန္ဓာငါးပါးပဲ ဖြစ်မှာပါ ဘုရား)။

ဩော်. . . ဒါဖြင့် လူမိုက်သည်ကားလို့ ဆိုလို့ရှိရင် အဝိဇ္ဇာ သင်္ခါရက လာပြီး အဝိဇ္ဇာ သင်္ခါရ ပြန်ကောက်မိတာနဲ့ ခန္ဓာဒုက္ခ နှစ်ချက်ထပ်ရတယ်ဆိုရင်ဖြင့် မလွဲတော့ဘူးပေါ့ (မှန်လှပါ ဘုရား)။ ပစ္စုပ္ပန်ဘဝမှာလည်း ဒုက္ခသစ္စာ ခန္ဓာကြီး ရတယ် (မှန်လှပါ ဘုရား)။

ငင်းခန္ဓာငါးပါး ဒုက္ခသစ္စာလို့ မသိတာက အဝိဇ္ဇာ၊ အရမ်းခင်တာက တဏှာ၊ ဘဝတဏှာက ခင်ပြီးသကာလနေသောကြောင့် ခန္ဓာငါးပါးပဲ ပြန်ရတော့ ခန္ဓာငါးပါးရတဲ့ အနာဂတ်ခန္ဓာကလည်း ဘာသစ္စာဆိုကြမလဲ (ဒုက္ခသစ္စာပါဘုရား)။ အို၊ နာ၊ သေ ပါသကိုးဗျ (မှန်ပါ့ ဘုရား)။ မပါဘူးလား (ပါပါတယ်ဘုရား)။ ဒီခန္ဓာကြီးကလည်း (အို၊ နာ၊ သေ ပါပါတယ် ဘုရား)။ ဩော်. . . အို၊ နာ၊ သေကို မသိတဲ့အတွက် အို၊ နာ၊ သေကို မသိတာက ယခုဘဝပေါ်တဲ့ အဝိဇ္ဇာ (မှန်ပါ့)။ အို၊ နာ၊ သေ ဒုက္ခသစ္စာကြီး မသိဘဲနဲ့ ခင်နေတာက တဏှာ (မှန်ပါ့ ဘုရား)။

ဒီအဝိဇ္ဇာ တဏှာတွေ ခန္ဓာကိုလှည့်ပြီး လိုက်လာတာနဲ့ ဒကာ၊ ဒကာမတို့ စုတိမနေ သေလွန်ပြန်တော့ ဘာတွေများ ပြန်ရပါလိမ့် (ခန္ဓာငါးပါး ပြန်ရပါတယ်)။ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားပဲ ပြန်မရဘူးလား (ပြန်ရပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် ဒုက္ခထဲကလာပြီး သူဘယ်များသွားရှာပါလိမ့် (ဒုက္ခထဲသွားပါတယ် ဘုရား)။ ဒါဖြင့်ဗျာ အမြတ်ထွက်သေးရဲ့လားလို့ မေးလိုက်ပါတယ် (မထွက်ပါ ဘုရား)။ အရှုံးထဲကလာပြီး (အရှုံးထဲပဲ ပြန်သွားပါတယ် ဘုရား)။

သံသရာခရီးသည် ဝန်ထမ်းသမားအဖြစ်နဲ့ နေပြီး ဝန်ထမ်းသမားပဲ ပြန်ဖြစ်ရတယ်ဆိုတော့ ကူလီက ကူလီပြန်ဖြစ်တယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ကူလီခေါင်းတောင် မတပ်လိုက်ရပါလား (မှန်ပါ့ ဘုရား)။ အင်မတန် မနာဘူးလား (နာပါတယ် ဘုရား)။

အေး. . . ဒါကြောင့် လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ ယခု ခန္ဓာငါးပါးနောက်က အဝိဇ္ဇာတဏှာ လိုက်လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ လူမိုက်ပဲ (မှန်ပါ့ဘုရား)။

မဂ္ဂပြဟ္မစရိယာအကျင့် လိုက်လိုက်ရင်တော့ ဘယ့်နှယ်ဆိုကြပါ့မလဲ (လူလိမ္မာပါဘုရား)။ မဂ္ဂပြဟ္မစရိယာအကျင့်ဆိုတဲ့ မဂ္ဂင်ငါးပါး လိုက်လိုက်တဲ့အခါကျတော့ နောက် ခန္ဓာငါးပါး လာသေးရဲ့လား (မလာပါဘုရား)။

အင်း. . . လူလိမ္မာက ဒီဒုက္ခပြီးရင် နောက်ဒုက္ခပြတ်ပါရဲ့လား (ပြတ်ပါတယ် ဘုရား)။ လူမိုက်ကတော့ (မပြတ်ပါ ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ လူလိမ္မာနဲ့ လူမိုက် ဘာထူးပါလိမ့်မလဲဆိုတော့ အဝိဇ္ဇာ တဏှာလိုက်တာ လူမိုက် (မှန်လှပါဘုရား)။ မဂ္ဂပြဟ္မစရိယာအကျင့် လိုက်တာက (လူလိမ္မာပါ ဘုရား)။

လူလိမ္မာပဲဆိုတော့ ဒီဒကာ၊ ဒကာမတွေက အခု ဒီပွဲထဲမှာတော့ဖြင့် ခင်ဗျားတို့သည်ကားလို့ဆိုရင် လူမိုက်အဖြစ်ကို ကြောက်ပါပေ့ါဘုရားဆိုတာ တစ်ပွဲလုံး ညည်းကြမှာပဲ နော် (မှန်ပါ့ ဘုရား)။

ကြောက်လို့ရှိရင်ဖြင့် ဒီခန္ဓာကြီးကို ခင်ဗျားတို့က ခုနက တရားဟောစက ပြောတဲ့အတိုင်း နားထောင်ပြီးသကာလ ဉာဏ်က ခန္ဓာဘက် လှည့်လိုက်လို့ရှိရင် ဝိဇ္ဇာဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com

မယ် (မှန်ပါ့)။ ဝိဇ္ဇာဖြစ်ရင် တက်လာသေးရဲ့လား (မလာပါ ဘုရား)။ ဪ. . . ဒါသည်ကားလို့ဆိုရင် မဂ္ဂဗြဟ္မစရိယာ အကျင့်၏ အစပဲဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ကိုင်း. . . ဒါဖြင့် မဂ္ဂဗြဟ္မစရိယာအကျင့်ပဲ ကျင့်ကြပါစို့ (မှန်ပါ့ဘုရား)။ ဒကာ၊ ဒကာမတို့ ဘာလုပ်ကြမယ် (မဂ္ဂဗြဟ္မစရိယာအကျင့်ကို ကျင့်ရပါမယ် ဘုရား)။ မဂ္ဂဗြဟ္မစရိယာ အကျင့် ကျင့်ကြပါစို့ ဒကာ၊ ဒကာမတို့။ နို့မဟုတ်လို့ရှိရင် ကျုပ်တို့ အမှောင်ထဲကလာပြီး အမှောင်ထဲရောက်တော့မယ် (မှန်ပါ့ ဘုရား)။

အရင် ခန္ဓာငါးပါးကို မသိတော့ အမှောင်ထဲက မလာဘူးလား (လာပါတယ် ဘုရား)။ နောက်တော့ ခန္ဓာငါးပါး ရပြန်တော့လည်း အမှောင်ထဲပဲ ဘယ့်နှယ်တုံး (ပြန်သွားပါတယ်)။ အမှောင်ထဲကလာပြီး အမှောင်ထဲရောက်တဲ့ ပုဂ္ဂိုလ်ဟာ အလင်းကို တွေ့လိုက်သေးရဲ့လား (မတွေ့လိုက်ရပါဘုရား)။ အဲဒါကြောင့် အာလောကောဥဒပါဒိ ဆိုတဲ့ ဉာဏ်အလင်းကို မရလိုက်တာ အလွန်နာတာပဲ (မှန်ပါ့)။ ဘာမရလိုက်ပါလိမ့် (ဉာဏ်အလင်းကို မရလိုက်တာပါ ဘုရား)။ ဒါကြောင့် အာလောကောဥဒပါဒိ ဆိုတာ မဖြစ်နိုင်ဘူးနော် (မှန်ပါ့ဘုရား)။

သိပ်ကြောက်စရာကောင်းပါကလား ဒကာ၊ ဒကာမတို့ (ကြောက်စရာ ကောင်းပါတယ် ဘုရား)။ ဒကာ၊ ဒကာမတို့ တိရစ္ဆာန်ကလေးတွေများ ဒီနွားတို့ မြင်းတို့ အစာစားနေတဲ့အခါကျတော့ အောက်ကြည့်စားသလား၊ အထက်ကြည့်စားသလား (အောက်ကြည့်စားပါတယ် ဘုရား)။ ဪ. . အထက်မှာ ဘာရှိတယ်လို့ သိသေးရဲ့လား (မသိပါဘုရား)။

ဒါဖြင့် နဂိုကတည်းက သူဟာ အောက်ကြည့်စားနေတော့ကိုတဲ့ ဒကာ၊ ဒကာမတို့ နောက်မှာ အပါယ်လေးပါးပဲ ရှိတယ် (မှန်ပါ့)။ အထက်မှာ သုဂတိနတ်ပြည်၊ ဗြဟ္မာပြည် ရှိတယ်၊ အဲဒီကို မျှော်မှန်းနိုင်သေးရဲ့လား (မမှန်းနိုင်ပါဘုရား)။

အဲဒီလိုပဲ မင်္ဂဖိုလ်မှ ဖီလာအဖြစ်နဲ့ တိရော=မင်္ဂဖိုလ်မှ ဖီလာ 'အစ္ဆနာ ဘဝိဿတိ' ဆိုတဲ့အတိုင်း၊ တိရစ္ဆာန် = မင်္ဂဖိုလ်ဖီလာဆိုတဲ့အတိုင်း ခင်ဗျားတို့လည်းတဲ့ အောက်သံသရာချည်း လှည့်နေခဲ့ရတဲ့အတွက် ဘုရားအဆူဆူနဲ့ လွဲခဲ့ရပါတယ် (မှန်လှပါ ဘုရား)။

ဒီတစ်ခါ မဂ္ဂဗြဟ္မစရိယာအကျင့် ကျင့်လိုက်လို့ရှိရင်ဖြင့် ဘုရားသာသနာရှိတုန်းမှာ ငါတို့ဖြင့် အလင်းရောင်ခိုမိပြီး သကာလ အမှောင်ပျောက်လို့ အလင်းရောက်ပြီး အမှောင်ထဲက လာခြားသော်လည်း ဒီတစ်ခါ အလင်းသွားပါတော့မယ်ဆိုတဲ့စိတ် မွေးပြီး တရားနာကြပါနော် (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် မဂ္ဂဗြဟ္မစရိယာအကျင့်ဆိုတာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ (မှန်ပါ့ဘုရား)။ ပုဗ္ဗဘာဂမင်္ဂလို့ ခေါ်တယ် (မှန်ပါ့ ဘုရား)။

ပုဗ္ဗက = ရှေး၊ ဘာဂက = အဖို့ပေါ့ဗျာ (မှန်ပါ့)။ ပုဗ္ဗဘာဂမင်္ဂဆိုတာ ဒကာ၊ ဒကာမတို့ ဒီပုဗ္ဗဘာဂမင်္ဂ မရှိဘဲနဲ့ လောကုတ္တရာမင်္ဂ မလိုက်နိုင်ဘူးတဲ့ (မှန်လှပါ ဘုရား)။ ပုဗ္ဗဘာဂမင်္ဂမရှိဘဲနဲ့ (လောကုတ္တရာမင်္ဂ မလိုက်နိုင်ပါဘုရား)။

ဒါဖြင့် ဒီမင်္ဂမှ ရှေ့က ဒကာ၊ ဒကာမတွေက မရှုလို့ရှိရင် ရှစ်ပါးပြည့်တဲ့ လောကုတ္တရာမင်္ဂဟာ ဘယ်နည်းနဲ့မှ ပေါ်ကြမလဲ (မပေါ်နိုင်ပါ ဘုရား)။

ဒါကြောင့် နေ့တိုင်းပဲ သတိပေးတယ်။ ဒကာ၊ ဒကာမတို့ နားကြီးကြီးနဲ့ထောင်ပါ။ သူသည် အနန္တရပစ္စယော = အခြားမရှိမှု၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း (မှန်ပါ့ဘုရား)။ ဘာတဲ့တုံး (အနန္တရပစ္စယောပါ ဘုရား)။ အနန္တရ ပစ္စယော ဆိုတာ အခြားမရှိဘူးနော် (မှန်ပါ့ ဘုရား)။

ဟောဒီမင်္ဂ လာပြီးလို့ရှိရင် ဒကာ၊ ဒကာမတို့ သူသာ အောင်အောင်မြင်မြင် ဖြစ်လို့ရှိရင် နောက်က လောကုတ္တရာမင်္ဂဆိုတဲ့ သောတာပန်တည်မည့်မင်္ဂဟာ လာတော့မှာပဲ (မှန်ပါ့ ဘုရား)။ ဒါဖြင့် ဒီမင်္ဂက ကျေးဇူးပြုမှ လောကုတ္တရာလာမှာ (မှန်ပါ့)။ ဒါဖြင့် ဒီမင်္ဂမှ မလုပ်တဲ့ ပုဂ္ဂိုလ်မျိုးဖြင့် လောကုတ္တရာမင်္ဂရဖို့ အဝေးကြီးပေါ့ဗျာ (ဝေးပါတယ် ဘုရား)။ ဒါကြောင့် ဒကာမတွေ အကြီးစားကြီး ကြိုးစားလိုက်စမ်းပါ။ လမ်းညွှန်ကောင်းနဲ့ တွေ့နေတုန်း၊ ဆရာသမားတွေ ထင်ရှားရှိနေကြတုန်း ပိဋကတ်သုံးပုံတွေ မကွယ်ခင်၊ ပြောနိုင် ဆိုနိုင်တဲ့ ပုဂ္ဂိုလ်တွေ မသေခင် ဒကာ၊ ဒကာမတွေ ကြိုးစားပါဆိုတာ ဘုန်းကြီးက အားလုံးအတွက်ပဲ တိုက်တွန်းတယ်နော် (မှန်လှပါဘုရား)။

ကဲ. . . မဂ္ဂဗြဟ္မစရိယာအကျင့် ကျင့်တာဟာ လူလိမ္မာနော် (မှန်လှပါ ဘုရား)။ မဂ္ဂဗြဟ္မစရိယာအကျင့်ကို မကျင့်ရင် ဘာတဲ့ (မှန်လှပါ ဘုရား)။

ဪ. . . ဒါဖြင့် ဒီအကျင့်မျိုး မကျင့်ရသေးလို့ရှိရင်ဖြင့် တို့ဘယ်အထဲကတုံးဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထားတဲ့အတွက် ဦးခင်မောင် ဝေဖန်စရာအထူးလိုသေးရဲ့လား (မလိုပါ ဘုရား)။

အင်း ဟင်. . . ဘယ်အထဲ ပါသွားပါလိမ့် (လူမိုက်ထဲ ပါသွားပါတယ် ဘုရား)။ လူမိုက်ထဲ ပါသွားတယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ကျုပ်သည် အမိဝမ်းကတည်းက တော်တော် လိမ္မာယဉ်ကျေးပြီး နေခဲ့ကြပါတယ်လို့ ဆိုတဲ့ အပြောစကားတွေဟာ အလကားဖြစ်သွားပါတယ် (မှန်ပါ့ ဘုရား)။ ဘာကြောင့်လဲ၊ မဂ္ဂဗြဟ္မစရိယာအကျင့်ဆိုတာ မကျင့်ရသေးဘူး (မှန်ပါ့)။

(ဆက်ရန်)

❒ ခမ္ဘီး



www.burmeseclassic.com

www.burmeseclassic.com




ပင်အင်ကြင်းတို့၏ အငုံအဖူး အပွင့်တို့က ပြန့်ကျဲ၍နေကြသည်။ နတ်တို့၏ အမွှေးနံ့သာ မျိုးစုံတို့ကလည်း ဆက်ကောင်းကင်မှ တဖွားဖွားကျဆင်းလာကြသည်။ နတ်စည် နတ်ညှင်း နတ်ဆောင်း နတ်တေးချင်းတို့ကလည်း ညင်ညင်သာသာ သီကျူးလာကြလေသည်။ နွေကာလတို့၏ အထွတ်အခေါင်ဖြစ်သော ကဆုန်လပြည့်နေ့တွင် အင်ကြင်းပန်းတို့ ဖူးပွင့်မြဲ မဟုတ်ပါ။ သို့ပါလျက် ဒီနေ့ချမ်းမှာ ပင်တိုင်းစေ့မျှ ဖူးပွင့်ဝေဆာနေကြပါ၏။ နွေဥတု တန်ခူးလ မိဿရာသီ၊ သူတို့၏ အခါမီစဉ်တုန်းကလည်း သူတို့၏ ရာသီပွဲတော်ကြီးကို ကျင်းပခဲ့ကြပြီဖြစ်ပါသည်။ ယခုတစ်ဖန် ပွင့်လာကြပြန်ချေပြီ။

သူတို့တင်မက နတ်တို့၏ ပန်းမန်နံ့သာ တေးထံတျာတို့ကပင် ပါလာကြသေးသည်။ သူတို့တစ်တွေသည် ဒီနှစ်အဖို့ ပျော်ပြီးရင်းပျော်ဖြင့် ပျော်ခင်းပြု၍ပင် အားမရကြရှာသလား။



www.burmeseclassic.com

www.burmeseclassic.com

အမှန်မှာတော့ ထိုသို့ မဟုတ်ပါပေ။ မလ္လာမင်းတို့၏ ပျော်စံရာ ထိုသည့် ဥယျာဉ်သာဝယ် ရှင်တော်မြတ်ဘုရားသည် မထသော ကျိန်းစက်ခြင်းဖြင့် ကျိန်းစက်တော်မူနေပါသည်။

သက်တော် ရှစ်ဆယ်အရွယ် အိုပိုင်းသို့ ရောက်တော်မူသည်တွင် မြတ်စွာဘုရားက မိမိကိုယ်ကိုယ် ခနော်ခနဲ့ လှည်းအိုကြီးဟူ၍ ဥပမာပြုတော်မူခဲ့လေသည်။ နောက်ဆုံးအကြိမ် ဝေဠုဝရွာတွင် ဝါကပ်တော်မူစဉ်က ကျရောက်ခဲ့သော သွေးဝမ်းရောဂါသည် ပြင်းထန်လှချေ၏။ အသက်ကိုပင် ထုတ်ငင်သွားတော့မည်ကဲ့သို့ ရှိဘိ၏။ ဒီအတိုင်းသာ ဝေဒနာဆက်လက်ခံစားနေရမည်ဆိုလျှင် မြန်မကြာ ခန္ဓာသိမ်းရန်ပင် ရှိတော့မည်။ ဒီတစ်နေ့တွင် ဘုရားရှင်အား အကြံအစည်တစ်ခုပေါ်ပေါက်လာလေသည်။

"ငါသည် အလုပ်အကျွေးတို့ကို အသိမပေးမူဘဲ ရဟန်းသံဃာကို အဆုံးအမ မပေးရသေးဘဲ ပရိနိဗ္ဗာန်ပြု၍ မတော်သေးပေ။ ဤဝေဒနာကို ဖလသမာပတ် ဝီရိယအစွမ်းဖြင့် ဖယ်ရှားတွန်းလှန်ကာ အသက်တည်တံ့အောင် ဆောက်တည်ပေအံ့"ဟု ဤကဲ့သို့ အကြံဖြစ်ပေါ်ကာ မဟာဝိပဿနာအစွမ်းဖြင့် ဝင်စားအပ်သော ဖလသမာပတ်အစွမ်းဖြင့် သွေးဝမ်းရောဂါများ ရပ်ဆိုင်း၍ သွားတော့၏။ ဤသို့နှင့် လှည်းအိုကြီးသည် ဗုန်းခနဲ မလဲဘဲ ဆေးဝါးမပါဘဲလျက် တရွေ့ရွေ့လှိမ့်၍ လာနိုင်ခဲ့ပြန်လေသည်။

သို့သော် ရောဂါသည် ပျောက်သွားသည် မဟုတ်။ ဖလသမာဖတ်ကို ဖြတ်တော်မူလိုက်သည်နှင့် တစ်ကျော့တစ်ဖန် ကျရောက်၍ လာပြန်သည်။ ဒါယကာ စုန္ဒ၏အိမ်မှ ဆွမ်းဘုဉ်းပေး၍ ခရီးဆက်လက် ထွက်ခွာလာချိန်တွင် ဖြစ်ပေသည်။

"ချစ်သား အာနန္ဒာ . . . ဆွမ်းဒါယကာကို စုန္ဒအား နှလုံးမသာယာခြင်းများဖြစ်နေခဲ့ပါလျှင် ဤသို့ဖျောင်းဖျ၍ ပေးပါလေ၊ ဒါယကာ စုန္ဒ သင့်မှာ အရတော်လေစွ သင့်ဆွမ်းကို ဘုဉ်းပေးပြီးမှ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ငါသည် ဘုရားရှင် ရှေ့တော်မှောက်မှာ ဤသို့ ကြားနာမှတ်သားရဖူး၏၊ ဘုရား ဖြစ်တော်မူသောနေ့က လှူသော ဆွမ်းအလှူတို့ထက် အကျိုးအာနိသင် လွန်ကဲပိုမိုကြကုန်၏ဟု ဤသို့ ဖျောင်းဖျနှစ်သိမ့်၍ ပေးရစ်ပါလေ" ဆွမ်းဒါယကာ စုန္ဒ၏ စိတ်နှလုံး မသာမယာ မဖြစ်စိမ့်သောငှာ မှာကြားတော်မူရလေသည်။

ဒါယကာ စုန္ဒတို့နေရာ ပါဝါမြို့နှင့် ယခု အင်ကြင်းမြိုင်သည် ခရီးတာ သုံးဂါဝုတ် (ဆယ်မိုင်ခရီး)တွင် ဘုရားရှင်သည် နှစ်ဆယ့်ငါးကြိမ်မျှပင် အနားယူတော်မူခဲ့ရပေသည်။ တိရညဝတီမြစ်ကို ကူးမိ၍ ဤမှာဘက် အင်ကြင်းမြိုင်ရိပ်ကို နင်းမိလျှင်ကား ကိုယ်တော်သည် လှမ်းချီခြင်းငှာ မစွမ်းနိုင်တော့ပြီဖြစ်၍ အရှင်အာနန္ဒာနှင့် အရှင်စုန္ဒတို့က တစ်ဖက်စီမှ ဖေးမကူတွဲ၍ လာခဲ့ကြရလေသည်။ ဇရာဗျာဓိ တရားတို့သည် အားတော်ဆယ်ပါး၏အရှင် ဘုရားကိုယ်တော်မြတ်ကိုပင် ဤမျှ နှိပ်စက်ကြပါပေ၏။ ခဏအကြာတွင် မရဏတရားကြီးက အပြီးသတ် ချေမှုန်းလာချေဦးတော့မည် မဟုတ်ပါလော။ ထို့ကြောင့်ပင် အင်ကြင်းမြိုင် တစ်ခွင်လုံးနှင့်တကွသော တပည့်ပရိသတ် လူနတ်ဗြဟ္မာတို့က နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်နေကြရခြင်း ဖြစ်ပါပေ၏။ မချိကြေကွဲ ငိုပွဲကြီးဆင်နေကြရခြင်း ဖြစ်ပါ၏။

ဘုရားရှင်မှ . . . "အာနန္ဒာ စိုးရိမ်ပူဆွေးပြီး မနေလင့်၊ ချစ်ခင်အပ်သော နှစ်သက်အပ်သော သတ္တဝါ သင်္ခါရ ရှိရှိသမျှတို့နှင့် တစ်နေ့တွင် ရှင်ကွဲသော်လည်းကောင်း၊ သေကွဲသော်လည်းကောင်း၊ ကပြောင်းကပြန် ဖြစ်ရခြင်းသော်လည်းကောင်း မသွေမုချ တွေ့ရလတ္တံ့ဟု ငါဘုရား ဟောကြားခဲ့ပြီ မဟုတ်ပါလော"

မျက်ကွယ်ဖြစ်ရာ တံခါးတစ်ဖက်ကို ခိုမှီကာ ငိုကြွေးနေသည့် အရှင်အာနန္ဒာကို ဘုရားရှင်က ခေါ်ယူ၍ တရားပြတော်မူပါသည်။

ထိုအချိန်တွင် ဤသို့သော အဖြစ်နှင့် ကြုံတွေ့ရမည်ဟု အရှင်အာနန္ဒာသိထားပြီးဖြစ်ပါသည်။ သို့ပါသော် ထိုစဉ်အခါများတုန်းက ဤမျှလောက် နှလုံးကြေကွဲခြင်း မဖြစ်ပါ။ ဘုရားရှင်၏ နောက်တော်ပါး အမြဲတမ်း အလုပ်အကျွေးဖြစ်သည့် အားလျော်စွာ ဝတ်ကြီး ဝတ်ငယ်ပြုစု၍ လာနိုင်ခဲ့ပါသည်။ ရေပူရေချမ်းကမ်းလှမ်းဖွယ်ကိစ္စများဖြင့် ငိုချင်စိတ်ကို မျိုသိပ်၍ ထားနိုင်ခဲ့ပါသည်။ ယခုတော့ ဤသို့ မထားနိုင်တော့ပြီ။ သူ့မှာ သေက္ခပုဂ္ဂိုလ်မျှသာ ဖြစ်သေးသည် ရဟန်းတို့လမ်းစဉ်ကို ညွှန်ပြခေါ်ဆောင်တော်မူမည့် ဆရာသခင်ကဖြင့် ပရိနိဗ္ဗာန်ပြုတော့မှာတကား။ ဘုရားရှင် ခေါ်တော်မမူဘူးဆိုပါလျှင် ထိုနေရာက မထတမ်းငိုနေမိမည် ဖြစ်ပါသည်။ ခေါ်တော်မူ၍ သို့ကလို တရားချလိုက်သောအခါမှာကား အရှင်အာနန္ဒာ ပင့်သက်ရှိုက်သံသည် တဖြည်းဖြည်း ငြိမ်ကျသွားရပေသည်။

အာနန္ဒာသည် ပြုအပ်ပြီးသော ကောင်းမှုရှိသူ ဖြစ်ပေသည်။ ရဟန်းတရားကို ကြိုးစား အားထုတ်ပါလေ။ မကြာမီ ရဟန္တာ ဖြစ်နိုင်ပါလိမ့်မည်။ ဤကဲ့သို့ ဆက်လက်၍ အားပေးနှစ်သိမ့်တော်မူပြီးနောက် ကုသိနာရုံမြို့ရှိ မလ္လာမင်းတို့ထံ အကျိုးအကြောင်း ပြောကြားရန် စေလွှတ်တော်မူလေသည်။ အရှင်အာနန္ဒာ ထသွားသည်နှင့် ရဟန်းပရိသတ်တွင် ပဓာနခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများမှာ သိသိသာသာကြီး နည်း၍ ဟာသွားလေသည်။ လက်ယာရံ အရှင်သာရိပုတ္တရာ၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် ထိုအရှင်နှစ်ပါးသည် စောစောပိုင်းကပင် ပရိနိဗ္ဗာန်ပြုတော်မူသွားကြပေပြီ။ ရှေးဦးဆုံးတပည့် အရှင်ကောဏ္ဍညလည်း မရှိတော့ပြီ။





www.burmeseclassic.com

www.burmeseclassic.com



ရင်နှစ်သည်းခြာ အရှင်ရာဟု
သော်မှ ယခုအချိန်အထိ မရှိတော့
တကား။ အရှင်မဟာကဿပ ကိုယ်
ကြီးကား သက်တော်ထင်ရှား ရှိပါ
၏၊ သို့သော် သူသည် ဤပရိသတ်
ခင်မပါ။ ဤနေရာတွင် မရှိပေ။

အနောက်ခွင်တွင် နေမင်း၏
ရောင်ခြည်ကွင်းတို့က ရှင်းလင်းကွယ်
ပျောက်၍ သွားပါပြီ။ အရှေ့အင်ကြင်း
ပင်တို့ထက်မှ ဝိုင်းစက်စက် လမင်းကြီး
ထွက်ပြူစပြု၍လာပါတော့သည်။
အရှင်မဟာကဿပကိုယ်တော်မြတ်ကြီး
သာရှိနေပါလျှင် နေမင်းအကွယ်တွင်
လမင်းကြီးပေါ်ထွက်လာသကဲ့သို့ ရဟန်း
အပေါင်းတို့သည် အားတက်သရောရှိပါ
ချေမည်။ သို့သော် ထိုကိုယ်တော်မြတ်
ကြီးသည်ကား ဤနေရာသို့ ဦးတည်၍
လျှောက်လာနေတုန်းသာ ရှိပါသေး
သည်။

"အို ဝသိဋ္ဌနွယ်ဖွားတို့ ဤညဉ့်၏
ပစ္ဆိမယံတွင် ဘုရားရှင် ပရိနိဗ္ဗာန်ပြု
တော်မူတော့မည်၊ လာလှည့်ကြကုန်
လော့၊ ငါတို့နယ်မြေထဲမှာ ဘုရားရှင်
ပရိနိဗ္ဗာန်ပြုတော်မူပါလျက် ငါတို့သည်
နောက်ဆုံးအချိန်မှာ မဖူးမြော်ရလေခြင်း
ဟု နောင်တ တစ်ဖန် ပူပန်မနေကြရပါ
စေနှင့်"။ အရှင်အာနန္ဒာက ဖိတ်ခေါ်
လိုက်သည်။ လွှတ်သဘင်တွင် စည်းဝေး
တိုင်ပင်နေကြသည့် မလ္လာအမျိုးသားတို့
အံ့အားသင့်၍ လာကြရပေသည်။ တစ်
ဆက်တည်းပင် နှမြောတသ ယူကျုံးမရ
ခြင်းများ ဖြစ်ပေါ်လာကာ လွှတ်သဘင်
တစ်ခုလုံး သောသောအုတ်အုတ် ဖြစ်
သွားရတော့၏။ ဘုရားရှင် ပရိနိဗ္ဗာန်
ပြုမူတာ မြန်လွန်းလှလေစွတကား။
လောက၏ မျက်စိကွယ်ချိန် မြန်လွန်းလှ
လေစွတကား ဟုပြောဆိုကြ၏။ မလ္လာ
အမျိုးသား အမျိုးသမီးတစ်သိုက်တစ်အုံ
ကြီးသည် အရှင်အာနန္ဒာနောက်က
လိုက်ပါလာကြလေသည်။

ဝေဒနာကို သတိသမ္ပဇဉ်ဖြင့်
သည်းခံကျိန်းစက်တော်မူနေသော မြတ်
စွာဘုရားအား ဦးခိုက်ရှိခိုးကြလေသည်။
မလ္လာမင်းတို့၏ ပရိသတ်ကိုယ်စီဖြင့်
ရှိခိုးခြင်းသည် တော်တော်ညဉ့်နက်မှ
ပြီးဆုံးသွားတော့သည်။ လစန္ဒာသည်
ထက်ကောင်းကင်ဗဟိုချက်မှ အနောက်
ဘက်သို့ တိမ်းငဲ့ဝဲသွားလေသည်။
လောကီဗေဒင်ပညာရပ်များအရသော်
ကား ကဆုန်လပြည့်နေ့မှ လပြည့်ကျော်
တစ်ရက်သို့ အကူးအပြောင်းကို အရုဏ်
တက်ခြင်းဖြင့် သတ်မှတ်ထားသော သာ
သနာတော် အလိုအားဖြင့် ကဆုန်
လပြည့်နေ့ပင် ဖြစ်ပါချေ၏။

ဘုရားရှင်၏ ချထားအပ်သော
နားဝပသာဒတွင် အရှင်အာနန္ဒာနှင့်
တစ်စုံတစ်ယောက်တို့ အချီအချစကား
ပြောသံများ ဝင်ရောက်လာလေသည်။

"မတော်ဘူး ငါ့ရှင်သုဘဒ္ဒ ဘုရား
ရှင်ကို မနှိပ်စက်ပါနဲ့တော့၊ ဘုရားရှင်
ပင်ပန်းလှပါပြီ"

"အရှင်ဘုရားအာနန္ဒာ ဘုရားရှင်
တို့မည်သည် လောကလူ့ဘုံမှာ တစ်
ခါက် တစ်ခါမျှသာ ပွင့်တော်မူကြ
သည်ဟု သက်ကြီးရွယ်အို ပရိဗိုဇ်များ
ထံမှ ကြားသိထားရပါသည်၊ ယခုည
နောက်ဆုံးပင် ဘုရားရှင် ပရိနိဗ္ဗာန်
ပြုတော်မူပါတော့မည်၊ တပည့်တော်
မှာ ယုံမှားခြင်းကိုပယ်ဖျောက်၍ တရား
စကား ဟောကြားနိုင်လိမ့်မည်ဟုလဲ
တပည့်တော် ယုံကြည်ပါသည်၊ အို . .
အရှင်အာနန္ဒာ တပည့်တော် ဘုရားရှင်
ကို ဖူးတွေ့ပါရစေဘုရား"

ဤတစ်ညမှ လွန်ခဲ့သော် နောင်
တစ်ချိန် မျှော်လင့်ဖွယ် မရှိတော့ပြီကို
အစင်းသိပြီး ဖြစ်နေသဖြင့် သုဘဒ္ဒ
ပရိဗိုဇ်က ဇွဲကောင်းကောင်းနှင့် အခွင့်
တောင်းနေပေသည်။ ပရိဗိုဇ် အမျိုး
အမည်များစွာ ရှိသည့်အနက် သုဘဒ္ဒမှာ
အဝတ်ဝတ်သော အမျိုးအစားထဲက
ဖြစ်လေသည်။ ပစ္စည်းဥစ္စာ များစွာ
ကြွယ်ဝသော မျိုးရိုးမှ ပရိဗိုဇ်ပြုကာ
တောထွက်လာခဲ့သူ ဖြစ်လေသည်။
ပွင့်ဖို့ရန်အချိန်တန်၍ လမင်းကို ငံ့လင့်
နေသော ကုမုဒြာကြာဖြူသဖွယ် သူ
သည် ဘုရားရှင်ကို ဖူးတွေ့ရန် လာခဲ့
သည်။ သို့သော် အရှင်အာနန္ဒာက တိမ်
တောင်သဖွယ် ဖုံးကွယ်၍ နေပါပြီ။

ထိုစဉ် . . .

"အာနန္ဒာ သုဘဒ္ဒကို မတားမြစ်
ပါနှင့်"

မျက်နှာဝန်းအောက်က တိမ်
တောင် တိမ်ခဲကို လမင်းကြီးကိုယ်တိုင်
က ဖယ်ရှားလိုက်ချေပြီ။

"သွားပေတော့ ငါ့ရှင်"ဟု အရှင်
အာနန္ဒာက ခွင့်ပြုလိုက်သဖြင့် သုဘဒ္ဒ
သည် ဘုရားရှင် ရှေ့တော်မှောက်သို့
ရောက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရှိခိုးဦးချပြီးလျှင် ပူရဏကဿပ အစရှိသော ဘုရားဘွဲ့ခံပုဂ္ဂိုလ်တို့၏ ဟောပြောချက်များသည် သံသရာမှ ထွက်ရာ ထွက်ကြောင်း တကယ် ဟုတ် မဟုတ်မေးမြန်းလျှောက်ထားပါလေ၏။

"သုဘဒ္ဒ ဒီဟာတွေ အသာ ထားလိုက်ကြစို့၊ တရားသဘောသက် သက်ကိုသာ ငါ ဟောကြားမည်" ဟု ဘုရားရှင်က အစချီလာမည့် စကားများကို လှီးလွှဲပစ်တော်မူလိုက်ကာ . .

"သုဘဒ္ဒ အရိယာမဂ္ဂင်ရှစ်ပါး မရှိသော သာသနာတွင် သောတာပန် ဟူသော ပထမရဟန်းလဲမရှိနိုင်၊ သကဒါဂါမ်ဟူသော ဒုတိယရဟန်းလဲမရှိနိုင်ပေ၊ သုဘဒ္ဒ အရိယာ မဂ္ဂင်ရှစ်ပါးရှိသော ငါဘုရား၏ သာသနာ၌သာလျှင် ထိုလေးမျိုးသောရဟန်းတို့ ရှိကြပေသည်၊ အခြားသော အယူဝါဒတို့သည် ထိုလေးမျိုးသော ရဟန်းတို့မှ ကင်းဆိတ်ကြကုန်၏၊ သုဘဒ္ဒ ဤရဟန်းတို့သည် ငါ ဟောကြားအပ်သည့် လမ်းစဉ်အတိုင်း ကောင်းမွန်စွာ ကျင့်ကြံအားထုတ်၍ နေကြကုန်ငြားအံ့ လောကလူ့ရွာသည် ရဟန္တာတို့မှ မဆိတ်သုဉ်းဘဲရှိလေအံ့"

အမြင်မှန်ရလေပြီးသော သုဘဒ္ဒသည် ဘုရားရှင် အထံတော်မှ ရဟန်းပြုခွင့်ကို ထပ်မံရရှိပြီးနောက် ထိုညတွင်းချင်းပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ရလေတော့၏။

"အာနန္ဒာ ငါဘုရား မရှိလတ်သော် ငါတို့မှာ ဆရာမရှိတော့ပြီ၊ မြတ်သောစကားတော်သည် ဆရာသခင်မှ ကင်းကွာခဲ့ချေပြီ၊ ဤသို့များ မမှတ်ကြလေနှင့်၊ ငါ ဘုရားသည် သင်တို့အား တရားဓမ္မကို ဟောကြားခဲ့ပြီးပြီ၊ ဝိနည်းကျင့်ဝတ်ကိုလည်း ပညတ်ခဲ့ပြီးပြီ၊ ထိုတရားဓမ္မ ဝိနည်းကျင့်ဝတ်တို့သည် သင်တို့၏ ဆရာအဖြစ် နေရစ်ခဲ့ကြပေလိမ့်မည်"

နောက်ဆုံးအကြိမ် ပစ္ဆိမယံသို့ ရောက်လေပြီဖြစ်၍ မှာထားဖွယ်ရှိသည်များကို မိန့်တော်မူရလေသည်။ အရှင်အာနန္ဒာ၊ အရှင်စုန္ဒ၊ အရှင်ဥပဝါဏ၊ အရှင်အနုရုဒ္ဓါ အစရှိသော သံဃာ အပေါင်းသည် ချောင်းဟန့်သံ လက်ဆစ်ချိုးသံကိုမျှ မထွက်ပေါ်လာစေသော တိတ်ဆိတ်ခြင်းဖြင့် နားစွင့်၍နေကြလေသည်။

"အာနန္ဒာ ယခုအခါ ရဟန်းတို့သည် ကြီးသူ ငယ်သူမရွေးတစ်ဦး ငါ့ရှင်ဟု ခေါ်ဝေါ်ကြသကဲ့သို့ ငါဘုရားလွန်သော ထိုသို့ မခေါ်ရစ်ကြလေနှင့်တော့၊ ကြီးသောရဟန်းက ငယ်သောရဟန်းကို အမည်အားဖြင့်ဖြစ်စေ၊ အနွယ်အားဖြင့်ဖြစ်စေ ငါ့ရှင်ဟူ၍ပင်ဖြစ်စေ ခေါ်ပြောနိုင်သည်၊ ငယ်သော ရဟန်းကမူ ကြီးသောရဟန်းကို အရှင်ဘုရားဟု ခေါ်ရမည်၊ ထို့နောက် ကာလ ဒေသ ပယောဂအားလျော်စွာ ပညတ်ထားအပ်သော သိက္ခာပုဒ်အသေးစားများနှင့် ပတ်သက်၍ သံဃာ၏ သဘောဆန္ဒအတိုင်း ကျင့်သုံးနိုင်ကြစေရန် သိက္ခာပုဒ် အသေးစားများကို သံဃာသည် အလိုရှိက ပယ်နုတ်လေ"

ဟု ခွင့်ပြုတော်မူပြီးလျှင် အရှင်အာနန္ဒာအား ဆန္နကို ဗြဟ္မဒဏ်ထားဖို့ မိန့်မှာတော်မူလေသည်။ ဆန္နရဟန်းသည် ဘုရားရှင်နှင့် အနီးဆုံးသော မာန်ဖြင့် သံဃာစကားကို နားမထောင်လေ။ ထို့ကြောင့် ဆန္နရဟန်းသည် သူပြောလိုရာပြောစေ၊ သူ့ကို သံဃာက မဆုံးမနှင့်။ ဤသို့ ဖယ်ကြဉ်ထားလိုက်ပါမှ သူ ဘာသာ မာန်ကျပြီး တရားရမည့်အရေးကြောင့် မှာထားတော်မူရခြင်း ဖြစ်ပေသည်။ မိန့်မှာရန် အကြောင်းအရာများ ကုန်ဆုံးခါနီးလာသည်နှင့်အမျှ နောက်ဆုံးညဉ့်ယံသည် ကုန်ဆုံးခါနီးလာလေသည်။ ငွေဝန်းစန္ဒာသည် အနောက်တစ်ခွင် အင်ကြင်းပင်ကြားမှ ဘုရားရှင်၏ မျက်နှာတော်ကို နံ့သာရောင်ဖြည်တို့ဖြင့် ပူဇော်၍ နေလေတော့သည်။

"ရဟန်းတို့ သင်တို့ကို ငါဘုရား မှာကြားတော်မူခဲ့သည့် သင်္ခါရတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏၊ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံရစ်ကြစေသတည်း"

လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားထားအပ်သော ဓမ္မက္ခန္ဓာတို့ကို ဤတရားတစ်ပုဒ်၌ အကျဉ်းချုပ်၍ ဟောပြတော်မူပြီးလျှင် ဘုရားရှင်သည် ဈာန်သမာပတ်အဆင့်ဆင့်ကို ဝင်စားတော်မူလေသည်။ ဈာန်သမာပတ်များကို အပြန်အလှန် ဝင်စားတော်မူကာ စတုတ္ထဈာန်မှ အထတွင် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

တစ်ခုသော အင်ကြင်းပင်ရိပ်တွင် ဖွားမြင်သည်မှအစပြု၍ လာခဲ့သော ဘဝတစ်လျှောက်တာ ခရီးရှည်သည် တစ်ခုသောအင်ကြင်းပင်ရိပ်တွင် အဆုံးသတ်၍ သွားပါလေတော့သည်။ နောက်ထပ် ခရီးဆက်စရာ မရှိတော့ပါပြီ။

သူတော်စင်အမျိုးသားကောင်းတို့ သတိသံဝေဂရယူရန် ဌာနလေးပါး ရှိသည့်အနက် ပရိနိဗ္ဗာန်ပြုတော်မူရာ ဤအင်ကြင်းတောသည် တစ်ခု အပါအဝင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူ၍ နှစ်ပေါင်း (၂၅၀၀)လွန်လာပြီဖြစ်သော ယခုအချိန်ကား ထိုနေရာဌာနတွင် အင်ကြင်းပင်တို့ ရှိမှရှိကြသေးရဲ့လား မဆိုနိုင်ပါ။ သို့ရာတွင် ထိုအင်ကြင်းရိပ်တွင် ဘုရားရှင် ဟောမိန့်ထားခဲ့သော ဩဝါဒ ဒေသနာများသည်ကား တပည့်သာဝကတို့အား အမြဲတမ်းပင် သတိပေးလျက်ရှိပါသည်။ သံဝေဂတရားကို ပွားများစေလျက် ရှိကြပါစေသတည်း။

❒ ပထမံဆရာကြီးဦးအောင်ထူ


ကျမ်းကိုး

ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်မှ ထုတ်နုတ်ပါသည်။ အပ္ပမာဒ ဓမ္မရသ မဂ္ဂဇင်းအတွဲ-၂၊ အမှတ်-၆၀/၂၀၀၁ ခု၊ ဇွန်လ ဝတ္တုသီရိဒေ သားသော ဆောင်းပါးမှ ထပ်မံပူဇော်ပါကြောင်း ဝန်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com




ယခု ၁၃၇၄ ခုနှစ် တပေါင်းလဟာ ဘုန်းကြီးအိုကြီးရဲ့ (၆၉)နှစ်ပြည့်တဲ့အချိန်လည်း ဖြစ်တယ်။ အထူးအားဖြင့်တော့ ဘုန်းကြီးအိုကြီးရဲ့ ရဟန်းဥပဇ္ဈာယ်ဆရာတော် ဖြစ်တော်မူတဲ့ တတိယကန်တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိသုတမဟာထေရ်မြတ်ကြီး ပျံလွန်တော်မူတာ နှစ်(၄၀) တိတိ ပြည့်တဲ့ အချိန်လည်း ဖြစ်ပါတယ်။ တတိယ ကန်တောရ ဆရာတော်ဘုရားကြီးဟာ ၁၃၃၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့၊ သက်တော် (၈၆)၊ သိက္ခာတော် (၆၅) ဝါအရွယ်မှာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါတယ်။ အဲဒီအချိန်မှာဘုန်းကြီးအိုကြီးက (၂၉)နှစ်၊(၁၀)ဝါရနေပါပြီ။

တတိယ ကန်တောရဆရာတော်ကြီးဟာ ဘုန်းကြီးအိုကြီး ၁၃၂၂ ခုနှစ် ကန်တောရ ကိုရင်ဝတ်ချိန်တုန်းက ည ဘုရားဝတ်ပြီးပြီဆိုရင် မကြာမကြာပဲ "လက်ပန်ကိုရင် လာခဲ့ဦးကွဲ့" လို့ မိန့်ကြားတော်မူတတ်ပါတယ်။ ဆရာတော်ကြီးနားရောက်သွားတာနဲ့ "လက်ပန်ကိုရင် ပျော်ရဲ့လားကွဲ့"လို့မေးနေကျပါ။

ဆရာတော်ကြီးက ဘုန်းကြီးအိုကြီးရဲ့ ဘွဲ့နာမည်ကိုမခေါ်ဘူး။ လက်ပန်သားဖြစ်လို့ လက်ပန်ကိုရင်လို့ပဲ ခေါ်တယ်။ "မှန်ပါ၊ ပျော်အောင်နေပါတယ်ဘုရား" လို့လျှောက်တော့ "အေးအေး၊ ကုသိုလ်နဲ့ ပျော်ပျော်နေနိုင်အောင် ကြိုးစားကွဲ့၊ မပျော် ပျော်အောင် ကိုယ့်ဟာကိုယ် မကြာမကြာ ဆုံးမကွဲ့၊ ကိုယ်ပြောတာကို ကိုယ်နားထောင်နေရတာဟာ ဂုဏ်အရှိဆုံးပဲကွဲ့" လို့ မိန့်ကြားတတ်ပါတယ်။

ဆရာတော်ကြီးဟာ "မောင်ကေလာသတို့၊ မောင်နန္ဒိမာတို့၊ မောင်သာကိန္ဒတို့ လက်ပန်ကိုရင်ကို ကြည့်စောင့်ရှောက်ပေးကြကွဲ့" လို့ မေတ္တာနဲ့ မိန့်ကြားပေးတတ်သလို မိမိအနားကို မကြာမကြာခေါ်လို့လည်း အားပေးစကားတွေ၊ လမ်းညွှန်ဆုံးမ ဩဝါဒစကားတွေ နာလို့မဝနိုင်အောင် မိန့်ကြားတော်မူလေ့ ရှိပါတယ်။

အဲဒီတုန်းက ဆရာတော့်သက်တော် (၇၅)နှစ်ပဲ ရှိပါလိမ့်ဦးမယ်။ မေတ္တာ ကရုဏာ ကြီးမားတော်မူလှတဲ့ ဆရာတော်ကြီးရဲ့ မကြာမကြာ အနားကို ခေါ်ဆုံးမမှု၊ သံယောဇဉ်ပရိသတ်အလယ် မကြာမကြာ ဆုံးမလမ်းညွှန်မှုတွေကို ရခဲ့လို့ ဘုန်းကြီးအိုကြီးမှာ တွန့်ဆုတ်တဲ့စိတ်တွေ မဖြစ်ခဲ့ဘဲ တက်ကြွနိုးကြားတဲ့စိတ်တွေသာ ဖြစ်ခဲ့ရပါတယ်။

***ဆရာသမား အဆုံးအမဆိုတာ တပည့်ရဲ့ တကယ့်အားအစစ်ပဲလေ။***

နမော.ဇာတိဒီဏာဿ
ဝယမမ္မှာ သခ်ီရာ၊ အပ္ပမာဒေန သမ္ပာဒေထ

- ဖွားဖက်သုံးယောက်၊ တကောက်ကောက်၊
  ကိုယ့်နောက် လိုက်လာ၏။
- ကုသိုလ်ကံမှာ၊ ဆွေမျိုးသာ၊
  ကောင်းစွာ လိုက်လာ၏။
- လူ့ဒုက္ခမှာ၊ သူစိမ်းသာ (တစိမ်းသာ)၊
  ကပ်ကာ လိုက်လာ၏။
- ကိလေသာမှာ၊ ရန်သူသာ၊
  ပူးကာ လိုက်လာ၏။
- သူစိမ်း (တစိမ်း) ရန်သူ၊ နှိပ်စက်ဟူ၊
  အပူတိုး၍ ငိုရ၏။
- မွေးနေ့အခါ၊ သူဦးပါ၊
  လွန်စွာ ဆင်းရဲ၏။
- သူဦး ကိုယ်ဦး၊ ၃ မြွာပူး၊
  ကိုယ်ဦးရအောင် သတိရှိ။





www.burmeseclassic.com

www.burmeseclassic.com

ဆုံးမလမ်းညွှန် သွန်သင်မှု အလွန်ကောင်းမွန်တော်မူလှတဲ့ ဆရာတော်ကြီးဟာ ဘုန်းကြီးအိုကြီးရဲ့ သာသနာစိတ်ပျိုးပင်ကို ပျိုးပေးခဲ့တယ်။ မကြာမကြာ ရေလောင်းပေါင်းသင်စောင့်ရှောက်ပေးခဲ့တယ်။

ဘုန်းကြီးအိုကြီး ရဟန်းဖြစ်ပြီးလို့ မြို့ကို ပညာသင်ရောက်နေတဲ့ အချိန်မှာတောင် "မောင်သာကိန္ဒ မောင်သိရိန္ဒဆီကိုလဲ မကြာမကြာ အားပေးတဲ့စာလေးတွေ ရေးပေးကွဲ့၊ တို့က ခိုင်းတယ်လို့ ရေးပေါ့ကွယ်၊ အားငယ်နေလိမ့်မယ်ကွယ်" လို့ မိန့်ကြားတယ်လို့ ဆိုပါတယ်။

တပည့်လေး မပျက်စီးရအောင် အဝေးကနေ အမြဲစောင့်ရှောက်ပေးနေခဲ့ပါတယ်။ ရဟန်းဖြစ်မှပဲ ဆရာတော်ကြီးက ဘုန်းကြီးအိုကြီးရဲ့ ဘွဲ့နာမည်ကို ခေါ်ပါတယ်။

တပည့်ကို သာသနာမှာ ကြီးပွားတိုးတက်စေလိုလှတဲ့ သာသနာစိတ် ပြည့်ဝတော်မူလှတဲ့ ဆရာတော်ကြီးဟာ ခန္ဓာရဲ့ မခိုင်မြဲတဲ့ အနိစ္စသဘောအရ လွန်တော်မူခဲ့ပါပြီ။ လွန်တော်မူတာ ယခု နှစ်(၄၀)ပြည့်ပါပြီ။ နိဗ္ဗာန်မရမီ ခန္ဓာရှိနေသမျှတော့ ဘဝတိုင်း ပျက်နေရဦးမှာပဲ။ ဘုန်းကြီးအိုကြီးလည်း အရင်ဘဝက ပျက်ခဲ့ သေခဲ့လို့ ဒီဘဝကို ရောက်လာတာပါ။ ရောက်လာတဲ့နေ့ရှိရင် ပြန်သွားရတဲ့နေ့လည်း ရှိရမှာပေါ့။

ဗုဒ္ဓသာသနာနှင့် တွေ့ကြုံခွင့်ရနေတဲ့ ယခုဘဝဟာ ဘဝခန္ဓာ သံသရာ ဒုက္ခလမ်းဆုံးအောင်ကျင့်ဖို့ အကောင်းဆုံးအချိန်ပဲ။ ယခုဘဝထဲမှာလည်း ယနေ့ပေါ့။ ယနေ့ထဲမှာလည်း ယခုပေါ့။ ကိုယ့်ဘဝမှာ ယခုထက် သေချာတဲ့အချိန် လုံးဝမရှိဘူးလေ။

ဘုန်းကြီးအိုကြီး အပါအဝင် လူအားလုံးဟာ ဖွားဖက်သုံးယောက်ခေါ်တဲ့ သုံးမြွာပူးနဲ့ ဖွားမြင်ခဲ့ကြတာချည်းပါ။

(၁) လူ့ဘဝနှင့်ထိုက်တန်တဲ့ ဗုဒ္ဓသာသနာ၊ ရတနာသုံးပါးနှင့်ထိုက်တန်တဲ့ အတိတ်ကုသိုလ်ကံဆိုတဲ့ ဆွေမျိုးလည်း ပါလာတယ်။ လူတိုင်းမှာ လူ့ဘဝနှင့်ထိုက်တန်တဲ့ကံ ပါကြပေမယ့် သာသနာရတနာနှင့် တန်တဲ့ကံကတော့ လူတိုင်းမှာ မပါဝင်နိုင်ပါဘူး။ သာသနာရတနာနှင့်တန်တဲ့ ကံပါလာသူတိုင်း တကယ်ကံကောင်းတဲ့ လူတွေပါ။ ဉာဏ်နှင့်ဝီရိယ ဆက်ကောင်းရင် သေချာပေါက် တက်သွားရုံပဲ။

(၂) ခန္ဓာနှင့်မကင်းနိုင်လို့ ဒုက္ခဆိုတဲ့ သူစိမ်း(တစိမ်း) လည်း ပါလာတယ်။ လူတိုင်း ဒုက္ခနှင့် တန်တယ်ပေါ့။

(၃) ပုထုဇဉ်နှင့် မကင်းနိုင်လို့ ကိလေသာဆိုတဲ့ရန်သူလည်း ပါလာတယ်။ ပုထုဇဉ်လူသားတိုင်း ကိလေသာနှင့်လည်း တန်တယ်ပေါ့။ အတိတ်ကုသိုလ်ကံက ဖြစ်ဆဲအနေနဲ့ ပါခဲ့တာမဟုတ်ဘဲ ဖြစ်ပြီးတဲ့ သတ္တိအနေနဲ့သာ ပါခဲ့တာဖြစ်လို့ ကိလေသာနှင့်အတူ တွဲဖြစ်နိုင်ခွင့်ရှိတယ်။

ဖြစ်ဆဲကုသိုလ်နှင့် ဖြစ်ဆဲ ကိလေသာ လုံးဝတွဲဖြစ်ခွင့်မရှိပါဘူး။ လူတိုင်း အဲဒီသုံးမြွာပူးနဲ့ မွေးဖွားခဲ့ကြတာပါ။

လောကမှာ တစ်ခါတစ်ရံ သုံးမြွာပူး မွေးဖွားတဲ့လူတွေ ရှိတတ်ကြပါတယ်။ ဒီသုံးယောက်မှာ အရင်ဆုံးမွေးဖွားသူက အကြီးဆုံးပေါ့။ အလယ်ဖွားသူက အလတ်ပေါ့။ နောက်ဆုံးဖွားသူက အငယ်ဆုံးပေါ့။ တစ်သက်လုံး ဒီတိုင်းပုံသေ သတ်မှတ်သွားရုံပဲ။ လူတိုင်းရဲ့ ဖွားတုန်းက ပါလာခဲ့တဲ့ ဆွေမျိုး တစိမ်း၊ ရန်သူ သုံးမြွာပူးမှာတော့ အကြီး၊ အငယ် ပုံသေသတ်မှတ်ချက်ဆိုတာ မရှိပါဘူး။ လက်ဦးရာက အကြီးလုပ်မှာပါ။ သူဦးကိုယ်ဦး ပြိုင်နေကြပါတယ်။

အတိတ်ကုသိုလ်ကံ ဆွေမျိုးက လူ့ဘဝ ခန္ဓာအကျိုးကို ပေးလိုက်သော်လည်း ဉာဏ်မပါသေးပါဘူး။ အတိတ်ဘဝက ရခဲ့တဲ့ အတတ်ပညာဉာဏ်လည်း အတိတ်ဘဝ နောက်ဆုံးချိန်မှာ ခန္ဓာချုပ်ခို မားပြသုံးယောက်ဖြစ်တဲ့ အိုနာသေဒုက္ခတွေရဲ့ ဖျက်ဆီးပစ်တာ ခံခဲ့ရတယ်။ ယခုဘဝ ရောက်လာတော့လည်း ဇာတိဒုက္ခကြောင့် အလွန်ဆင်းရဲ ပင်ပန်းလွန်းလို့ သညာသိတောင် မထင်ရှားသေးဘူး။ စိတ်ဝိညာဏ်သိ လောက်ပဲ ရှိသေးတာ။ သညာသိ မထင်ရှားသေးတော့ ဉာဏ်ပညာသိကို ဖော်လို့ မရသေးဘူး။

ပညာသိကို သညာသိနဲ့ ဖော်ရတာပါ။ ဒုက္ခနှင့် ကိလေသာဆိုတာက တရားပိုင်းဆိုင်ရာ အသိဉာဏ်ရှိမှ အနိုင်ယူလွှမ်းမိုးနိုင်တာမျိုးပါ။ တွန်းလှန်ခုခံ အနိုင်ယူနိုင်တဲ့ဉာဏ် မရှိသေးတာကို အခွင့်ကောင်းယူလို့ တစိမ်းဒုက္ခနှင့် ရန်သူ ကိလေသာပေါင်းပြီး ဖွားခါစ ကလေးလေးကို ထထောင်းတက်နင်း အနိုင်ကျင့်ကြတယ်။ ကလေးလေး မခံမရပ်နိုင်ဖြစ်လို့ "အူဝဲ အူဝဲ" နဲ့ ငိုပြီးဖွားခဲ့ရတယ်။ သုံးမြွာပူးမှာ သူဦးသွားပြီလေ။ ကြီးလာလို့ တရားအသိ ရလာတဲ့အခါမှာတော့ ကိုယ်ကချည်းဦးအောင် သတိထား ကြိုးစားရုံပေါ့။

## ၂။ ဦးသူက အကြီးလုပ်ရုံပေါ့

* သတိမပါ၊ အသိကွာ၊
သူသာ လက်ဦးချေ။
* သတိတွဲကာ၊ အသိပါ၊
ကိုယ်သာ လက်ဦးပေ။

တစိမ်းဒုက္ခနှင့် ရန်သူကိလေသာက သူပေါ့။ ဆွေမျိုးကုသိုလ်က ကိုယ်ပေါ့။ မွေးဖွားစဉ်က သူနှင့်ကိုယ် အကြီးအငယ်ချယ်ကြည့်ပေါ့။ သုံးမြွာပူးမှာ ဘယ်သူအကြီးဆုံးတဲ့လဲ။ ဆွေမျိုးကုသိုလ်ကံက ပြောတယ်။ တရားသဘောနဲ့ပဲ ပြောတာ "ဒီလူ့ဘဝခန္ဓာကို ကျုပ်ပေးလိုက်တာဖြစ်လို့ လူဖြစ်ရေးမှာ ကျုပ်က ပဓာနအကျဆုံးပါ၊ ဒါကြောင့် ကျုပ်သာ အကြီးဆုံးဖြစ်ပါတယ်" တဲ့။

အဲဒါကို တစိမ်းဒုက္ခက ကန့်ကွက်တယ်။ "ဘယ်ဟုတ်ရမှာလဲ၊ ဒုက္ခဆိုတာ အစမထင် သံသရာကစ ပါလာတဲ့ ခန္ဓာနှင့်ဒုက္ခ အမြဲတွဲလာခဲ့တာ၊ ကုသိုလ်ကံက ကုသိုလ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

...တုန်း လုပ်နိုင်မှ ပါလာနိုင်တာ၊ ဒုက္ခက ပိုပြီး သမ္မာရင့်လှ ...ပြီ ဒါကြောင့် တစိမ်းဒုက္ခဖြစ်တဲ့ ကျုပ်သာ အကြီးဆုံးပါ" ...။

အဲဒါကို ရန်သူကိလေသာက ကန့်ကွက်ပြန်ရော။ ...ဘယ်ဟုတ်ရမှာလဲဗျာ၊ ဒုက္ခဆိုတာ ကိလေသာလက်ထဲမှာ ... ဒုက္ခရဲ့အကြောင်းရင်း တရားခံဟာ ကိလေသာပဲ၊ ကိလေ ...သာက ဒုက္ခထက်ပိုပြီး ပဓာနကျပါတယ်၊ ဒါကြောင့် ရန်သူ ...ကိလေသာဖြစ်တဲ့ ကျုပ်သာ အကြီးဆုံးပါ" တဲ့။

မွေးဖွားစဉ်တုန်းက ရန်သူကိလေသာ အကြီးဆုံးဆိုပဲ။ ဒါကြောင့် မွေးဖွားခါစ ကလေးလေး ငိုခဲ့ရတာကိုး။ ဟုတ်ပါ ...တယ်၊ ဒုက္ခက ကိလေသာနှင့်ပေါင်းမှ ငိုရလောက်အောင် ...ဖြစ်တတ်တာပါ။ သတိကောင်းလို့ ကိလေသာနှင့် ခွဲထားနိုင် ...ရင် ဒုက္ခဟာ ဆွေမျိုးကုသိုလ်နှင့် လာပေါင်းရလောက်အောင် ...သဘောကောင်းတတ်ပါတယ်။

ကလေးငယ်ဘဝကစ လူ့တစ်သက်တာ ကာလပတ် ...လုံး အပန်းမပြေသေးလို့ သညာသိမပေါ်သမျှ၊ သညာသိ ...ပေါ်လာတော့လည်း ပညာသိမပေါ်သမျှ၊ ပညာသိပေါ်လာ ...ပြန်တော့လည်း သတိနဲ့ ပညာသိကို မဖော်သမျှ၊ သတိကင်း ...လွတ်နေသမျှ ဒုက္ခနှင့်ပေါင်းပြီး ကိလေသာကပဲ အမြဲတမ်း ...အကြီးအကဲ လုပ်နေမှာပါ။ ကုသိုလ်က ဒါမှမဟုတ် လူက ...ကိလေသာကို အစ်ကိုကြီး၊ ဒုက္ခကို အစ်ကိုလေး ခေါ်နေရဦး ...မှာဖြစ်တယ်။ ကုသိုလ်က ဒါမှမဟုတ် လူက နောက်လိုက် ...ညီလေးပဲ လုပ်နေရမယ်။ သတိလွတ်ရင် ဉာဏ်ပျောက်ပြီး ...သူတို့ကပဲ နေရာယူ လက်ဦးနေကြမှာပါ။

ကျင့်စဉ်တရားအရာမှာ အကြီးကျယ်ဆုံးဖြစ်တဲ့ သတိ ...ကို ဖော်ထုတ်ထားနိုင်မှ သတိနဲ့ ကိလေသာကိုဖယ်၊ ဉာဏ်နဲ့ ...ဒုက္ခကို အနိုင်ယူလွှမ်းမိုးလို့ ကိုယ်က ဒါမှမဟုတ် ကုသိုလ်က ...အရာရာမှာ အစ်ကိုကြီး လူကြီးလုပ်နိုင်ခွင့် ရပါလိမ့်မယ်။ ...ကိုယ်က ရှေ့ကနေ ကြီးချင်ရင် အသိပညာ များများရအောင် ...လေ့လာထားရမယ်။ သတိမြဲမြဲ ကိုင်ထားရမယ်လေ။ ဒုက္ခနှင့် ...ကိလေသာဟာ ဆိုးကြပေမယ့် သတိဉာဏ်အကောင်း ကိုယ့် ...မှာရှိနေသလောက် အနိုင်ယူနိုင်ပါတယ်။ အဆိုးနိုင်သလောက် ...အကောင်းပိုင်ရမြဲပါ။

တစ်ရက်ကုန်သွားတိုင်း တစ်ရက်နှင့်တန်အောင် တစ် ...ရက်နှင့်ညီမျှအောင် ကြီးရင့် အိုမင်းသွားတယ်။ အဘိုးကြီး ...အဘွားကြီးဖြစ်အောင် အိုမှ ဇရာလို့ခေါ်တာ မဟုတ်ဘူး။ ...နောက ရင့်လာတာ၊ ငယ်ရာက ကြီးလာတာကိုလည်း ဇရာ ...လို့ ခေါ်ရတာပဲ။ နေ့တိုင်း တစ်ရက်နှုန်းကိုက်အောင် ကြီးရင့် ...သွားတာပါ လုံးဝ ရပ်နားချိန်မရှိပါဘူး။ ကြီးရင့်တယ်ဆိုတာ ...သေတဲ့မရဏဘက်ကို တွန်းပို့နေတာပါ။ သေဖို့တစ်ရက် ပိုနီး ...လာတယ်ပေါ့။ သတိလွတ်နေလို့ တစ်ရက်နှုန်းကိုက်အောင် ...ကောင်းမှုမပြုနိုင်ရင်၊ ကိုယ့်ဟာကိုယ် မကယ်ဆယ်နိုင်ရင်

တစ်နေ့တာအ...ဖ် ဇရာဒုက္ခကပဲ အစ်ကိုကြီး လူကြီးလုပ် သွားတော့မှာပေါ့။ သူကပဲ ဦးတော့တာကိုး။

ကြီးရင့်တိုင်း၊ အိုနေတိုင်း၊ ပြောင်းလဲတိုင်း ဖြစ်ပျက် နှစ်တန် နှိပ်စက်ဒဏ်ဆိုတဲ့ သင်္ခါရဒုက္ခအနာက အမြဲရှိနေ တယ်။ သတိ မထားရင် မသိရဘူး။ ဒီအနာနှိပ်စက်ရုံလောက် တော့ နှိပ်စက်ခံရတုန်းမှာ ခံနိုင်စွမ်းရှိပါသေးတယ်။ နှိပ်စက် ဖန်များလာလို့ အိုဒဏ်နဲ့ ဒုက္ခထုပ်ကို ဖြေပြလိုက်တော့မှ မခံ နိုင်အောင် ဖြစ်လာတတ်တယ်။ "ကျုပ်တို့ အဆက်မပြတ် နှိပ်စက်တွန်းပို့လိုက်လို့ ဒီလိုအိုလာရတာဗျ" လို့ ပြောသလို ပဲပေါ့။ ရိုက်ချက်နဲ့ ပြောင်းနေတာကိုး။

ပြီးတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်း တစ်ခုခုဖောက်ပြန်လာရင် အနာတစ်မျိုးမျိုး အချိန်မရွေးပေါ် ပေါက်လာတတ်တယ်။ အကြောင်းဖောက်ပြန်တာ ကြီးလာ သလောက် အနာလည်း ကြီးလာတတ်ပါတယ်။ အတိတ်ကံ ဆိုးကြောင့်လည်း အနာရလာတတ်တယ်။ ပစ္စုပ္ပန်ကံဆိုး ကြောင့်လည်း အချိန်မရွေး အနာရလာတတ်တယ်။ ပစ္စုပ္ပန် အသိ သတိ ကင်းလွတ်လို့ ကိုယ့်ဟာကိုယ် အပြုအပြင် တိမ်း ပါးချွတ်ချော် ချို့ယွင်းတာတို့၊ မဆင်မခြင် လုပ်မိတာတို့ကို ပစ္စုပ္ပန်ကံဆိုးတယ် ဆိုရတာပါ။ သတိလွတ်လို့ စိတ်အနေ အထား မှားသွားတာကြောင့် အလုပ်ချွတ်ချော် မှားယွင်းသွား တာကို ပစ္စုပ္ပန်ကံဆိုးတယ်လို့ ဆိုနိုင်တာပဲ။ ကံဆိုတာ အလုပ် ပဲလေ။

သတိကင်းလွတ်ပြီး မဆင်မခြင် သွားလာလုပ်ကိုင်မိ လို့၊ မဆင်မခြင် အဆင်းအတက် လုပ်မိလို့ ထိခိုက်ချော်လဲ ချော်ကျတာနဲ့ ရုတ်တရက် အကျိုးအကန်း လူမမာဖြစ်သွား တတ်တာတွေ လောကမှာ များများကြီးပါ။ အသွားမတော် တစ်လှမ်းပဲလေ။ သတိမထားဘဲ ရောက်ဆဲဥတုနှင့် ညီညွတ် အောင် မဆင်မခြင် နေမိလို့ နှာစေး၊ ချောင်းဆိုး၊ အသံဝင် စတဲ့ နာဒုက္ခတွေ အချိန်မရွေး ရလာနိုင်တယ်။ မဆင်မခြင် အကြိုက်ကို ဦးစားပေးစားမိလို့ ဝမ်းပျက် ဝမ်းလျှော ဝမ်းအောင့် ဝမ်းနာ စတဲ့ အနာတွေ ပေါ်လာနိုင်တယ်။ သတိ မထားရင် ပစ္စုပ္ပန်ကံဆိုးလို့ ရောက်လာနိုင်တဲ့ အနာတွေက အစုံတန်းစီလို့ပဲ။

တစ်နေ့ နှစ်ခါကုလို့တောင် မပျောက်နိုင်တဲ့ ဆာနာ ဒုက္ခကလည်း နေ့တိုင်း အမြဲရှိနေတယ်။ အဆာပြေရုံလောက် သာ စားနေကြရင်၊ သတိထားလို့ ကုသိုလ်ရအောင် မစားနိုင် ကြရင် ကိလေသာနှင့်ပေါင်းပြီး ဆာနာဒုက္ခကပဲ အစ်ကိုကြီး လုပ်နေမှာပါ။

ဒီတော့ အတိတ်ကံကြောင့် အကြောင်းဖောက်ပြန်လို့ ရလာတဲ့ အနာတွေ၊ သတိလွတ်လို့ ပစ္စုပ္ပန် ချွတ်ချော် တိမ်းပါးမှု မတော်တဆတွေကြောင့် ရုတ်တရက် ရလာတတ် တဲ့ အနာတွေ၊ ခန္ဓာမှာရှိနေတဲ့ သဘာဝအနာတွေဟာ သတိ





www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်မကူရင် အနာဒုက္ခတွေ လက်ဦးပြီး နာဒုက္ခတွေကပဲ အစ်ကိုကြီး လုပ်နေကြမှာပါ။

အခါမရွေး၊ နေရာမရွေး၊ အလုပ်မရွေး သတိလွတ်တိုင်း ကိလေသာတစ်မျိုးမျိုး ဝင်ရောက်လာနိုင်ပါတယ်။ သမ္မာရင့်လှပြီဖြစ်တဲ့ ကိလေသာဟာ ပမာဒတံခါးပေါက်ပွင့်လာတာနဲ့ ဝင်လာဖို့ အမြဲချောင်းနေတယ်။ ကိလေသာဝင်လာရင် စိတ်ရဲ့ ပင်ကိုထိန်းချုပ်နိုင်တဲ့ စွမ်းအားတွေပျောက်ပြီး ယိမ်းယိုင်သွားတတ်တယ်။ စိတ်တွေ ပူလောင်ရှုပ်ထွေး ညစ်ပေသွားနိုင်ပါတယ်။ စိတ်တွေ မကျန်းမာ မချမ်းသာတော့ဘဲ နာသွားနိုင်ပါတယ်။ စိတ်နာတော့ ရုပ်နာပါ ထပ်တိုးလာနိုင်တယ်။ သတိလွတ်တိုင်း စိတ်အနာဆိုတဲ့ ကိလေသာလက်ဦးပြီး သူပဲ ရှေ့ကနေ အစ်ကိုကြီး လုပ်နေမှာပါ။

ကုသိုလ်ဆွေမျိုးက အရာရာမှာ အစ်ကိုကြီးလုပ်ချင်ရင် တရားလုပ်ငန်းအရာမှာ အကြီးကျယ်ဆုံးဖြစ်တဲ့ သတိကို အမြဲကိုင်ထားမယ်။ ဒါမှ သတိနဲ့ကိလေသာကို အနိုင်ယူလို့ ဉာဏ်နဲ့ ဒုက္ခကို လွှမ်းမိုးပြီး ကုသိုလ်လမ်း ပွင့်သွားမယ်။ သတိရှိနေသလောက် ကုသိုလ်လက်ဦးမယ်လေ။ သတိပျောက်ရင်တော့ ကုသိုလ်က အောက်ကို နောက်ကို ရောက်သွားမှာပါ။

## ၃။ စိတ်အားထက်သန် လှူတာဝန်

* ဆိုးတာ ကောင်းတာ၊ ဤနှစ်ဖြာ၊
ရောကာနေရ လူ့ဘဝ။

* ဒုက္ခများစွာ၊ ကိလေသာ၊
ဆိုးတာတွေလည်း ရှိနေကြ။

* သိက္ခာသုံးဖြာ၊ တရားသာ၊
ကောင်းတာတွေလည်း ရှိနေကြ။

* ခန္ဓာဆင်းရဲ၊ တွေ့ကြုံမြဲ၊
ရှောင်လွှဲဖယ်မရ။

* အဆိပ်မပါ၊ ဒုက္ခမှာ၊
ရှိပါသော်လည်း ပါယ်မကျ။

* ကိလေသာမှာ၊ ဆိုးစေကာမူ၊ သတိကူ၊
အပူကင်းအောင် ရှောင်၍ရ။

* အပူကင်းစင်၊ ဒုက္ခမြင်၊
စွမ်းအင်တိုး၍ အနိုင်ရ။

* အဆိပ်ပြင်းကာ၊ ကိလေသာ၊
မခွာနိုင်က အပါယ်ကျ။

* ဆိုးတာကိုဖယ်၊ ကောင်းတာဆယ်၊
ရွေးချယ်တတ်မှ အကောင်းရ။

* ကိလေသာနိုင်၊ ဒုက္ခနိုင်၊
ကြံ့ခိုင်သတိ ဉာဏ်ရှိရ။

* ကိလေသာလွတ်၊ ဒုက္ခလွတ်၊
အမြတ်မဂ်ဖိုလ် နိဗ္ဗာန်ရ။

* ဆိုးတာနိုင်နင်း၊ ကောင်းမှုသွင်းပြား၊
စိတ်အားထက်သန်၊ လှူတာဝန်၊
ဇောက်ကျကြရ။

(၁) ဗုဒ္ဓသာသနာလည်းရှိ ရတနာသုံးပါးလည်းရှိ
ကုသိုလ်နယ်မြေ တရားနယ်မြေဖြစ်တဲ့ မြန်မာ့မြေပေါ် လူဖြ
ခွင့်ရတဲ့ မိမိတို့အားလုံးဟာ ကုသိုလ်နှင့်အလွန်ထိုက်တန်
များ ဖြစ်ကြတယ်။ အတိတ်ကုသိုလ်ကံက "အရှိန်ရတုန်း
ကုသိုလ်ကို ဇောက်လုပ်ရမယ်" လို့ တာဝန်ပေးလာတယ်
ကုသိုလ်ကံနှင့်အတူ ဓာတ်ချင်းတူတဲ့ ကုသိုလ်တာဝန်လည်
ပါလာခဲ့တယ်။ ကုသိုလ်ကံက "ကျွန်ုပ်မှာရှိသလောက် မထိ
မချန် ကောင်းကျိုးကို ပေးပါမယ်၊ ဆက်ကာဆက်ကာ
ကောင်းကျိုးပေးနိုင်အောင် ကုသိုလ်ကို နေ့စဉ်မပြတ် လု
ပေးပါ"လို့ တာဝန်ပေးနေသလိုပါပဲ။

ကုသိုလ်ဆိုတာ "အကြောင်းညီရင် လုပ်မယ်
အကြောင်းမညီရင် မလုပ်သေးဘူး" လို့ ဆင်ခြေပေးခွင့်ရှိ
ဝတ္တရားမျိုး မဟုတ်ဘဲ မဖြစ်မနေ အကြောင်းညီအောင်
ကြီးပြီး မဖြစ်မနေ ဇောက်လုပ်ရမယ့် တာဝန်မျိုးသာ ဖြစ်
တယ်။

လူနှင့်ကုသိုလ်ဆိုတာ ခွဲခွာလို့ မရစကောင်းပါဘူ
လူသာ ကုသိုလ်နှင့်အတန်ဆုံး၊ ကုသိုလ်သာ လူနှင့်အတန်ဆုံ
ပါ။ လူနှင့်ကုသိုလ် ခွဲခွာနေလိုက်ရင် ဒုက္ခနှင့်ကိလေသာ
နှောင့်ယှက်လာမှာပဲ။

ကုသိုလ်ဟာ ဆွေမျိုးတာဝန်ဖြစ်လို့ သဘောကော
မှန်း သိနေတဲ့လူဟာ ကုသိုလ်တာဝန်ကို ငြင်းပယ်မိတ
တယ်။ "အကြောင်းမညီသေးလို့ ပစ္စည်းမပြည့်စုံသေးလို့ အ
မလုပ်နိုင်သေးဘူး၊ အလုပ်များပြား မအားလပ်သေးလို့ သိ
မစောင့်နိုင်သေးဘူး၊ သမာဓိပွားချိန် မရသေးဘူး၊ ဝိပဿ
အားမထုတ်နိုင်သေးဘူး" လို့ အကြောင်းပြပြီး အကန့်အသ
မရှိ ရွှေ့နေမိတတ်တယ်။

အဲဒီလို ငြင်းနေ ရွှေ့နေတဲ့အခါ ကုသိုလ်က တ
သဘောနဲ့ ပြောလာတတ်တယ်။ "အသင်လူသားရဲ့သဘော
အတိုင်း ငြင်းလိုလဲ ငြင်းနိုင်တယ်၊ ရွှေ့လိုလဲ ရွှေ့နိုင်တ
ဒါပေမဲ့ ကုသိုလ်ဆိုတာ ဝတ္တရားမဟုတ်ဘဲ တာဝန်ဖြစ်နေ
မငြင်းပယ်သင့်၊ မရွှေ့သင့်ဘူး၊ ယခုတိုင်း ဇောက်လုပ်နေ
တယ်၊ အသင်လူသားကို အဆိုးကင်းအောင် အကောင်းပြ
အောင် အားလုံးတာဝန်ယူပေးနိုင်တဲ့ အရာဟာ ကုသို
တစ်မျိုးတည်းပဲရှိတယ်၊ ကုသိုလ်တာဝန်မဲ့သွားရင် အ
လူသားအတွက် မှီခိုအားထားရာ ကင်းမဲ့သွားလိမ့်မ
အတိတ်ကပါလာတဲ့ ကုသိုလ်ကံက တာဝန်ကျေအေ
ကောင်းကျိုးပေးသွားမှာဖြစ်လို့ အဆက်မပြတ် ကောင်း
တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်အောင် ကုသိုလ်
ဇောက်လုပ်သင့်ပါတယ်"တဲ့။ ကုသိုလ်ဆိုတာ ဆွေမျိုးတ





www.burmeseclassic.com

www.burmeseclassic.com

(၂) သုံးမြွာပူးထဲမှာ ပါလာတဲ့ ဒုက္ခက လူကို ဒုက္ခတာဝန်ပါ ပေးလာတယ်။ "အသင်လူသားဟာ ဆင်းရဲရမယ်၊ ဆင်းရဲကိုးယူရမယ်၊ ဒုက္ခမျိုးစုံ လက်ခံရမယ်၊ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ လုံးဝ ငြင်းပယ်ခွင့်မရှိ" လို့ ပေးတာပါ။ ခန္ဓာနှင့် ဒုက္ခ မကင်းနိုင်လို့ လူဟာ ဒုက္ခတာဝန်ကိုလည်း ထမ်းရမယ်။ ဒုက္ခဟာ ကုသိုလ်လို ဆွေမျိုးတာဝန်မဟုတ်ဘဲ တစ်မ်းတာဝန်သာဖြစ်နေလို့ ကုသိုလ်လို သဘောမကောင်းဘူး ငြင်းပယ်ခွင့် ရွှေ့ခွင့် လုံးဝ မရှိဘူး။

"အကြောင်းမညီသေး၊ မအားလပ်သေးလို့ မအိုချင်သေးဘူး၊ မနာချင်သေးဘူး၊ ကုသိုလ် မပြည့်စုံသေးလို့ မသေချင်သေးပါဘူး၊ နှစ်ပေါင်း ၃၀ လောက် ရွှေ့ပေးပါ" လို့ ငြင်းပယ်လို့လည်းမရ၊ ရွှေ့လို့လည်းမရ၊ ကေန်ထမ်းဆောင်ရမယ်။ "လုံးဝ လျှော့မပေးနိုင်ဘူး၊ တစ်စက္ကန့်မှ ရွှေ့မပေးနိုင်ဘူး၊ အခုဆိုအခု ချက်ချင်း အိုပါ နာပါ သေပါ" လို့ အလွန်တင်းမာတယ်။

ဒုက္ခဆိုတာ တစ်မ်းတာဝန်ပါ။ တစ်မ်းဒုက္ခတာဝန်ကို ငြင်းပယ်ခွင့် ရွှေ့ခွင့်မရှိလို့ ပေးလာသမျှ ကေန်လက်ခံ ထမ်းဆောင်ရသလို ဆွေမျိုးကုသိုလ် တာဝန်ကိုလည်း မချွတ်ကေန်လက်ခံထမ်းဆောင်ရမှာပါ။ လုံးဝ မငြင်းပယ်သင့်၊ မရွှေ့သင့်ပါဘူး။ ဒုက္ခအပေါ် ဩဇာညောင်းလို့ အနိုင်ယူ လွှမ်းမိုးနိုင်တဲ့ အရာဆိုလို့ ကုသိုလ်တစ်မျိုးတည်းသာ ရှိတာဖြစ်လို့ပါ။

(၃) သုံးမြွာပူးထဲမှာပါတဲ့ ကိလေသာက "အသင်လူသားဟာ ပူရမယ်၊ ရှုပ်ရမယ်၊ ညစ်ရမယ်၊ ပူဆွေးငိုကြွေးရမယ်၊ ငမ်းနည်းကြေကွဲရမယ်၊ ကောင်းတာမှန်တာကို အကုန်ငြင်းပယ်ရမယ်၊ မကောင်းတာ မမှန်တာကို အကုန်လုပ်ရမယ်၊ သူများနှင့် ရန်ဖြစ်ရမယ်၊ မိုက်ရမယ်၊ ရိုင်းရမယ်၊ ရမ်းရမယ်၊ ကြမ်းရမယ်၊ ရက်စက်ရမယ်" လို့ ကိလေသာတာဝန်ကိုလည်း ပေးလာတယ်။ ကိလေသာကို မောဟဦးဆောင်တာဆိုတော့ မိုက်မိုက်ကန်းကန်း တာဝန်ပေးတတ်ပါတယ်။ ပုထုဇဉ်နှင့် ကိလေသာ မကင်းနိုင်လို့ လူဟာ ကိလေသာတာဝန်ကိုလည်း ထမ်းရမှာပဲ။

ကိလေသာဟာ ရန်သူတာဝန်ဖြစ်လို့ ကုသိုလ်လို သဘောမကောင်းဘူး။ တင်းမာတယ်။ သတိလွတ်လို့ အသိမြတ်နေရင် ငြင်းပယ်နိုင်စွမ်း မရှိဘူး။ ဒါပေမဲ့ ငြင်းပယ်ခွင့်ရှိဘူး။

ငြင်းပယ်နိုင်စွမ်းရှိတဲ့ သတိဉာဏ်ရှိနေဖို့ပဲ လိုအပ်တာပါ။ သတိဉာဏ်ရှိရင် တကယ်ငြင်းပယ်နိုင်ပါတယ်။ မဖြစ်မီတားနိုင်တယ်။ ဖြစ်လာရင် ဖယ်ရှားနိုင်တယ်။

ကုသိုလ်တာဝန်ဟာ ဒုက္ခတာဝန်နှင့် တွဲထမ်းလို့ ဖြစ်နိုင်ပေမယ့် ကိလေသာတာဝန်နှင့် တွဲထမ်းလို့ မဖြစ်နိုင်ပါဘူး။ ဆွေမျိုးဟာ တစ်မ်းနှင့်တွဲနေနိုင်သော်လည်း ရန်သူနှင့် တွဲမနေနိုင်ပါဘူး။ ကိလေသာဆိုတာ ရန်သူတာဝန်ပါ။ တကယ်တော့ ဆွေမျိုးတာဝန်ကျေရင် ရန်သူတာဝန် ပေါ့သွားတယ်။ နောက်ဆုတ်သွားတယ်။ ရန်သူတာဝန်ကျေရင် ဆွေမျိုးတာဝန် ထပ်လပ်သွားတယ်။ တိမ်းပါးချွတ်ချော်သွားပါတယ်။

ဆွေမျိုးကုသိုလ်တာဝန်၊ တစ်မ်းဒုက္ခတာဝန်၊ ရန်သူကိလေသာတာဝန်ဟာ လူတိုင်းထမ်းရမယ့် မွေးရာပါတာဝန်သုံးရပ်ဖြစ်တယ်။ ကုသိုလ်တာဝန်ဟာ သဘောကောင်းတော့ ငြင်းပယ်ရင် ဖြစ်နိုင်ပေမယ့် ကိုယ့်ကို အစ အဆုံး အားလုံး တာဝန်ယူသွားမှာဖြစ်လို့ လုံးဝမငြင်းပယ်ဘဲ ကေန်ထမ်းရမယ့် တာဝန် ဖြစ်ပါတယ်။

ဒုက္ခဟာ ဆင်းရဲအောင် ညှဉ်းဆဲတာကြောင့် ရှောင်ရငြင်းပယ်ရမယ့် တာဝန်ဖြစ်သော်လည်း ဒုက္ခကို ရှောင်ရှားငြင်းပယ်နိုင်လောက်အောင် ကိုယ့်မှာ အသိဉာဏ်တရားစွမ်းအား မရှိသေးသမျှ မလွှဲသာ မရှောင်သာ ထမ်းနေရမယ့် တာဝန်ပါ။ မလွှဲမရှောင်သာလို့ ထမ်းနေရတဲ့ ဒုက္ခနှင့် ရင်းနှီးအောင် ပေါင်းတတ်ရမယ်။ ဒုက္ခတာဝန်ကို ကုသိုလ်တာဝန်နှင့်ပေါင်းမိအောင် သတိထား ကြိုးစားနေရမယ်၊ ကျင့်ဉာဏ်ပေါ်လာရင် ဉာဏ်က ဒုက္ခအပေါ် လွှမ်းမိုးအနိုင်ယူနိုင်တော့တာပါ။ ဒုက္ခဟာ ပယ်စွန့်ရမယ့် တာဝန်မဟုတ်ဘဲ ဉာဏ်နဲ့ သိအောင်၊ လွှမ်းမိုးနိုင်အောင် ကျင့်ဆောင်နေရမယ့် တာဝန်သာ ဖြစ်ပါတယ်။

ဒုက္ခက ဆိုးပေမယ့် အဆိပ်မပါလို့ ဒုက္ခသက်သက်ကြောင့် လူအပါယ်မကျရောက်နိုင်ပါဘူး။ ကိလေသာအဆိုးမှာ အဆိပ်ပါနေလို့ ကိလေသာကြောင့် အကုသိုလ်ဒုစရိုက်တိုးပွားပြီး လူအပါယ်ကျရောက်နိုင်တယ်။ ကိလေသာဟာ အဆိပ်ပြင်းသော်လည်း သတိ ဝီရိယ အပ္ပမာဒတရားနဲ့ အနိုင်ယူဖယ်ရှားနိုင်တဲ့ တရားပါ။ လုံးဝအပြတ် ကင်းပျောက်သည်အထိ အဆင့်ဆင့် ပယ်စွန့်နေရမယ်။ ပယ်စွန့်နိုင်အောင် အဆက်မပြတ် အမြဲကြိုးစားနေရမယ်။ ကိလေသာကို သတိ ဝီရိယနဲ့ ကန့်ခွာထိန်းချုပ် ဖယ်ရှားနိုင်ရင် ဉာဏ်ပေါ်လာလို့ ဉာဏ်နဲ့ဒုက္ခကိုပါ အနိုင်ယူနိုင်ပါတယ်။

ဒုက္ခဟာ ကိလေသာနှင့် ပေါင်းမိရင် အလွန်ဆိုးတတ်စွာတတ်တယ်။ သတိထားပြီး ကိလေသာနှင့် ဒုက္ခ ခွဲခွာပေးလိုက်ရင် ဒုက္ခဟာ ဉာဏ်အောက်မှာ အရှုခံကုသိုလ်အာရုံအဖြစ် ပြောင်းလဲပေးတတ်တယ်။ သတိကြီးကြီးနဲ့ ဒုက္ခနှင့် ကိလေသာ ခွဲထားလိုက်ရင် ကုသိုလ်ရခွင့်တွေ အဆက်မပြတ်ရနိုင်ပါတယ်။ ခန္ဓာဒုက္ခ ခပ်ပြင်းပြင်းပေါ်လာရင် "ကျားကိုက်ခံရတာနှင့်ယှဉ်လိုက်ရင် ဘာဟုတ်သေးလို့လဲ၊ အသေးအဖွဲပဲ ရှိသေးတာ၊ ကျားပါးစပ်ထဲတောင် တရားရှုပွားနိုင်သူ ရှိသေးတာ" ကျားကိုက်ခံရလောက်အောင် ဒုက္ခပြင်းထန်ပြန်တော့ "အဝီစိငရဲနှင့်ယှဉ်လိုက်ရင် ဘာဟုတ်သေးလို့လဲ၊ ငရဲမှာ တရားရှုမှတ်လို့ လုံးဝမရနိုင်ဘူး၊ ယခု ရနိုင်သေးတယ်" လို့ ကိလေသာကင်းသလောက် ဒုက္ခအပေါ် စိတ်အားတင်းနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မွေးရာပါတာဝန် သုံးမျိုးထဲမှာ သူတို့ဘက်ကကြည့်ရင် ဆွေမျိုးကုသိုလ်က အဆိုးဖယ် အကောင်းကြွယ်ဖို့ ကောင်းကျိုးပေးတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းပေးတယ်။

မာတ်ကူးပြီး ကုသိုလ်အသစ်တွေ အဆက်မပြတ် ထပ်လုပ်နေဖို့လည်း တာဝန်ပေးတယ်၊ တစိမ်းဒုက္ခက တားမရဆီးမရ တင်းတင်းမာမာနဲ့ ဆင်းရဲအောင် ညှဉ်းဆဲတဲ့တာဝန်ကို ထမ်းပေးတယ်၊ ရန်သူကိလေသာက ပူလောင်ညစ်နွမ်းအမြင်တန်းအောင် စိတ်ပင်ပန်းဆင်းရဲအောင် လူ့ပင်ကိုစိတ်ပျောက်အောင် ရှုံ့မြှိုက်ညှဉ်းဆဲ နှိပ်စက်ဖျက်ဆီးတဲ့ တာဝန်ကို ထမ်းပေးပါတယ်။

ကိုယ့်ဘက်က ကြည့်လိုက်ရင် လူဆိုတာ ကုသိုလ်ကို အဆက်မပြတ် မပြီးမချင်း အမြဲတမ်းဖြစ်ပေါ် တိုးပွားနေအောင် ကြိုးစားနေရမယ်။ အရဟတ္တမဂ်ရောက်မှပဲ ကုသိုလ်ပြီးမှာပါ။

ဒုက္ခကို ဉာဏ်နဲ့ပိုင်းခြားသိနိုင်အောင် တက်ရောက်လွှမ်းမိုး အနိုင်ယူနိုင်အောင် ကြိုးစားနေရမယ်။ ကိလေသာကို သိက္ခာသုံးပါး မြတ်တရားနဲ့ အဆင့်ဆင့် လုံးဝအမြစ်ပြတ်ကင်းသွားသည်ထိ ပယ်ခွာစွန့်ပစ်နေရမယ်။ လူ့တာဝန် သုံးရပ်ကို အကျဉ်းချုံး ပေါင်းလိုက်ရင် "လူဆိုဘာ ကုသိုလ်ကို အဆက်မပြတ် အမြဲကေန် လုပ်နေရမယ်" လို့ တစ်ခုတည်းသာ ပေါ်ထွက်လာတယ်။

ကုသိုလ်ကို ဘယ်လောက်ထိ လုပ်ရမလဲဆိုတော့ ဒုက္ခအပေါ် ဉာဏ်နဲ့ လုံးဝအနိုင်ယူနိုင်သည်ထိ ကိလေသာ လုံးဝ ကင်းစင်သည်ထိ လုပ်နေရမယ်။

ကုသိုလ်ပြုတိုင်း ဦးတည်ချက်ထား ဆုတောင်းတော့လည်း လောကီစည်းစိမ်ချမ်းသာ့ သက်သက်လောက်ကိုသာ တောင့်တရည်ရွယ်ရင် ဒုက္ခနှင့်ကိလေသာအောက် ဒူးထောက်အညံ့ခံနေရခြင်းသာဖြစ်လို့ လူ့တာဝန်မကျေဘူး။

ဒီလိုတောင့်တ ရည်ရွယ်လို့ ပြုလုပ်ရရှိထားတဲ့ ကုသိုလ်ဟာ တာဝန်ကျေတဲ့ ကုသိုလ်မဟုတ်ဘူး။ ကိလေသာ လမ်းဆုံးတဲ့ မဂ်ဖိုလ်ထိ၊ ဒုက္ခလမ်းဆုံးတဲ့ နိဗ္ဗာန်ထိ တောင့်တရည်ရွယ်မှ ဒုက္ခကိလေသာအပေါ် အနိုင်ယူ လွှမ်းမိုးနိုင်တာဖြစ်လို့ လူ့တာဝန်ကျေပါတယ်။ ဒီလိုလမ်းဆုံးထိ ဦးတည်ပြုလုပ်ရရှိထားတဲ့ ကုသိုလ်မျိုးသာ တာဝန်ကျေတဲ့ကုသိုလ်မျိုး ဖြစ်ပါတယ်။ကုသိုလ်ပြုရင် ဉာဏ်နဲ့အရွေးတတ်မှ အကောင်းရမယ်။ လူ့ခန္ဓာမှာ ဒုက္ခကိလေသာ အဆိုးလည်း ရှိနေတယ်။ သိက္ခာသုံးပါး မြတ်တရားဆိုတဲ့ အကောင်းလည်း ထုတ်ယူတတ်သလောက် ရနိုင်တယ်။ အဆိုးအကောင်း ရောနှောနေလို့ အကောင်းရအောင် ဉာဏ်နဲ့ရွေးယူရမယ်။ ကြိုက်တာကို မရွေးဘဲ ကောင်းတာကိုရွေးရမယ်။ စိတ်အားထက်သန်မှ လူ့တာဝန် ကျေကြမယ်လေ။

၅။ မွေးနေ့ကောင်းမှု နေ့စဉ်ပြု

* ဒုက္ခများစွာ၊ ကိလေသာ၊
ဆိုးတာနေ့စဉ် ပြိုင်ရ၏။
* တရားဖြည့်မှ၊ အနိုင်ရ၊
မုချစွမ်းအားပြည့်။
* တစ်နှစ်တစ်ခါ၊ မွေးနေ့မှာ၊
လွန်စွာကြာလွန်း၏။
* နေ့ရောညပါ၊ မရပ်ပါဘဲ၊
ဇရာတုံ့ပြန်၊ နှိပ်စက်ဒဏ်၊
လေးလံမှုတွေ များလာ၏။
* နေ့ရောညပါ၊ မရပ်ပါဘဲ၊
ဇရာမီးလောင်၊ အားလုံးပြောင်ဖို့၊
သေအောင်နှိပ်စက်၊ ရိုက်ချက်ပြင်းပြား၊
မရပ်နား၊ ဝါးစားပစ်နေ၏။
* နေ့ရောညပါ၊ မွေးနေ့သာ၊
မြဲစွာ သတိရှိ။
* မွေးနေ့အခါ၊ နေ့တိုင်းသာ၊
မြဲစွာ သတိရှိ။
* အချိန်တိုင်းသာ၊ မွေးနေ့ပါ၊
မြဲစွာ သတိရှိ။
* အိပ်ရာထလာ၊ မွေးနေ့ပါ။
အိပ်ရာဝင်က သေတာကြည့်။
* အိပ်ရာထလာ၊ ကုသိုလ်သာ၊
ဦးစွာရအောင်ဖြည့်။
(အိပ်ရာကထ၊ မြတ်ပုည၊
တက်ကြွ စတင်ဖြည့်)
* ကုသိုလ်ကိုသာ စပြုပါက၊ အိမ်ကိစ္စ၊
နောက်မှ လိုက်လာ၏။
* ညချမ်းရောက်လာ၊ အိပ်သောခါ၊
သေချာ စစ်ဆေးကြည့်။
* စုံလင်မှသာ၊ အိပ်ရပါ၊
လိုတာ ပြန်၍ဖြည့်။
* ကုသိုလ်မပါ၊ ရှက်ကြောက်ရာ၊
ဆိုးတာ ကိုယ့်ကိုနိုင်ကြ၏။
* ကုသိုလ်ပါမှ၊ အားတက်ရ၊
ကိုယ်ကဆိုးတာ နိုင်ရ၏။
* မွေးနေ့ကောင်းမှု၊ နေ့စဉ်ပြု၊
ယခုတိုင်းပင် တန်ဖိုးရှိ။

လူ့ဘဝမှာ မွေးဖွားလာကတည်းကစလို့ ဒုက္ခကိလေသာအဆိုး နှစ်မျိုးနှင့် နေ့စဉ် ယှဉ်ပြိုင်နေရပါတယ်။ လူတွေက အိပ်ကြ နားကြပေမယ့် သူတို့နှစ်ခုကတော့ မအိပ်မနားကြပါဘူး။ သူတို့ကို အနိုင်ယူနိုင်တဲ့ စွမ်းအားက တရားတော်မှု





www.burmeseclassic.com

www.burmeseclassic.com

တည်းပဲ ရှိတာပါ။ အဆိုးနှစ်ခုက နောက်က အဆက်မပြတ် လိုက်ပြိုင်နေတော့ သူတို့ကို အနိုင်ယူနိုင်တဲ့ တရားကိုလည်း အဆက်မပြတ် ဖြည့်ပေးနေရမှာပါ။ တရားကိုလျှော့ထားလိုက်တာနဲ့ အဆိုးနှစ်ခုက ခေါင်းထောင်တင်းမာလာပြီး ရှေ့ကို ဘက်လာကြပါလိမ့်မယ်။

အများအားဖြင့် မွေးနေ့အစစ်နှင့် ရက်ချင်းတူတဲ့ ဒါမှ မဟုတ် မွေးနေ့အစစ်နှင့် နီးစပ်တဲ့ရက်ကိုယူပြီး တစ်နှစ်မှ တစ်ခါ မွေးနေ့အလှူ လုပ်တတ်ကြပါတယ်။ ဝါထပ်တဲ့နှစ် ပထမဝါဆိုလမှာ မွေးဖွားတဲ့လူတစ်ယောက်က . . .

"တပည့်တော် မွေးနေ့က ရှင်းတယ်ဘုရား၊ ပထမဝါဆိုလမှာ မွေးတာဆိုတော့ ဝါထပ်နှစ်မှပဲ မွေးနေ့အလှူ လုပ်တယ်ဘုရား၊ သုံးလေးနှစ်လောက်ကြာမှ အလှူလုပ်ဖြစ်တယ်ဘုရား" လို့ လျှောက်ပါတယ်။

မွေးနေ့အစစ်တုန်းက ငိုပြီး မွေးဖွားခဲ့ရလို့ မင်္ဂလာ မဖြစ်ခဲ့တာကြောင့် ကုသိုလ်မှုန်းသိလို့ မင်္ဂလာဖြစ်အောင် ပြုနိုင်တဲ့အရွယ်ရောက်တော့မှ တစ်နှစ်တစ်ခါ ကြုံရတဲ့ ဘုရား နီးရာ တစ်ရက်ကိုယူပြီး မွေးနေ့လုပ်ရတဲ့ သဘောပါ။ လူ့ဘဝရောက်လာတာကို တစ်နှစ်တစ်ခါ ဂုဏ်ယူတာလည်း ဖြစ်နိုင်တယ်ပေါ့။

ဗုဒ္ဓသာသနာ ရတနာကြောပေါ် ရောက်လာတဲ့ လူတစ်ယောက်အတွက် လူ့ဘဝဟာ တကယ်ဂုဏ်ယူထိုက်ပါတယ်။ လူ့ဘဝမှာ တကယ်ဂုဏ်ယူရမယ့် ဂုဏ်အစစ်က ကောင်းမှုတရား တစ်မျိုးတည်းပါ။ ကျန်တဲ့လောကနှင့် ဆက်စပ်တဲ့ ဂုဏ်အားလုံးကတော့ အချိန်တန်ရင် ပျောက်ကွယ်ပျက်လွင့်သွားရတဲ့ ဧည့်သည်ဂုဏ်တွေပါ။ ကောင်းမှုတရားလို ခိုင်မာတာ မဟုတ်ပါဘူး။ ဒုက္ခနှင့်ကိလေသာကို ခြေ ဖန်ကျောပေးပြီး မဂ်ဖိုလ်နိဗ္ဗာန်နှင့် ချိတ်ဆက်ထားတဲ့ ပါရမီ အနစ် ကုသိုလ်စစ်သာ တကယ်ယူနေရမယ့် လူ့သားဂုဏ် ပါ။

တစ်နှစ်တစ်ခါ မွေးနေ့အထိမ်းအမှတ်လုပ်တာက ကိုယ့်အသက် "ဘယ်နှနှစ်ရှိပြီ" လို့ အသိအမှတ်ပြုတာလောက် ကောင်းပါတယ်။ မွေးနေ့ကောင်းမှုကိုတော့ နေ့တိုင်းပဲ လုပ်ရမှာပါ။ မွေးနေ့ကောင်းမှုကို တစ်နှစ်တစ်ခါ၊ ဝါထပ်နှစ် မှာ မွေးဖွားသူအတွက် သုံးလေးနှစ်မှ တစ်ခါလုပ်နေရင် အလွန်ကြာလွန်းပါတယ်။ လူ့ဘဝပြိုင်ဘက် ဒုက္ခနှင့်ကိလေသာဆိုတာက နေ့တိုင်း မရပ်မနား အလုံးအရင်းနဲ့ လိုက်နေကြတာပဲ။

သူတို့ကိုနိုင်တဲ့ ကောင်းမှုတရားအလုပ်ကို တစ်ရက် လောက် ရပ်ထားလိုက်တာနဲ့ သူတို့က ရှေ့ကိုကျော်တက်ဖို့ အားစုလာကြပြီလေ။ များလာရင် လူကိုထောင်းထုနှိပ်စက် အနိုင်ကျင့်လာတော့မှာပါ။ ချွတ်မရအောင် ကြေးတွေ ကပ် လာတော့မယ်။

ဇရာက နေ့ရောညပါ မရပ်မနား နှိပ်စက်နေတယ်။ ရိုက်ချက်ပြင်းပြင်းနဲ့ မရပ်မနား ရိုက်နှက်ဝါးစားပစ်နေတယ်။ အိုမင်းရင့်ရော်လာမှ ဇရာခေါ်တာ မဟုတ်ဘူး။ အဆက် မပြတ် ကြီးရင့်နေတဲ့ သဘောကိုလည်း ဇရာခေါ်တာပဲ။ တစ်ရက်ကုန်သွားတာနဲ့ တစ်ရက်နှုန်း ကြီးရင့်အိုမင်းသွားတာပါ။ သခါရဒုက်ခ နှိပ်စက်ခံရတဲ့ အနာလည်း တစ်ရက်နှုန်း နာသွားတယ်။ အကြောင်းဖောက်ပြန်လို့ အနာပေါ်လာရင် အနာပိုပြင်းတယ်ပေါ့။ သတိလွတ်နေရင် ကိလေသာအပူရှိန် လည်း တစ်ရက်လောင်မြိုက်သွားတာပါ။ ဒုက္ခနှင့်ကိလေသာ အပေါ် အနိုင်ယူလွှမ်းမိုးနိုင်တဲ့ စွမ်းအားက ကောင်းမှုတရား တစ်မျိုးတည်းပဲ ရှိတယ်လေ။

တစ်နှစ်ဆိုတဲ့အချိန် ရောက်လာအောင်၊ တစ်နှစ်တာ သတ်မှတ်တဲ့ မွေးနေ့ကာလ ရောက်လာအောင် စက္ကန့် မိနစ် နာရီ ရက် လတွေ အဆင့်ဆင့်ပြောင်းရွှေ့ တက်လာခဲ့ရတာပါ။ ဒါကြောင့် စက္ကန့် မိနစ် နာရီ ရက် လတွေကိုလည်း စကားနဲ့ မွေးနေ့ခေါ်ရင် ဖြစ်နိုင်တာပဲ။ စက္ကန့် မိနစ် နာရီတွေက သတိအားနည်းသေးရင် မိအောင် မိအောင် ဖမ်းနိုင်ဖို့ခက်ခဲနေတတ်သေးတာဖြစ်လို့ တစ်ရက်ဆိုတဲ့ မွေးနေ့ကိုတော့ မိအောင် မိအောင် ဖမ်းနိုင် လိုက်နိုင်ဖို့ သတိထားကြိုးစားပေးရမယ်။ တစ်ရက်ကို တစ်သက်လောက် တန်ဖိုးထားပေးရမယ်ပေါ့။ နေ့တိုင်း မွေးနေ့ချည်းပါ။ တကယ်တော့ အချိန်တိုင်း ပြောင်းရွှေ့ပြီး အလဲအလှယ် လုပ်နေတာကြောင့် အချိန်တိုင်း မွေးနေ့ချည်းပါပဲ။

ဘဝတစ်သိန်း ကြာလို့တောင်မှ၊ ကမ္ဘာတစ်သိန်း ကြာလို့တောင်မှ ဗုဒ္ဓသာသနာ ရတနာကို တစ်ခါကြုံဖို့ ခက်ခဲတာကြောင့် ဗုဒ္ဓသာသနာ ရတနာလောကထဲ ပေါ်လာပြန်တော့လည်း လူတစ်သိန်း တစ်ယောက် လက်ခံနိုင်ဖို့ ခက်ခဲတာကြောင့် ဗုဒ္ဓသာသနာနှင့် တွေ့ကြုံနေရတဲ့ လူတစ်ယောက်အတွက် တစ်ရက်ကို တစ်သက်လောက်ပဲ တန်ဖိုးထားသင့်ပါတယ်။ ဒီလိုတန်ဖိုးထားမှလည်း အချိန်မီတရားစွမ်းအား စုဆောင်းမိမှာပါ။ နေ့စဉ်နေ့တိုင်း အိပ်ရာထလာရင် ဘဝသစ်တစ်ခု ပြန်စလာပြီ၊ မွေးနေ့တစ်ခု ရောက်ပြန်ပြီလို့ သဘောထားရမယ်။ အိပ်ရာဝင်ချိန် ရောက်လာရင် ဘဝလေးတစ်ခု သေရပြန်ပြီလို့ သဘောထားရမယ်။ ညအိပ်တာဟာ အသေလေး သေတာပဲလေ။


(ဆက်ရန်)

❒ ယောဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



နဝမတင်္ဂါစာရ မဟာထေရ်မြတ်၏

# ခေတ်ကောင်းတစ်ရာ ရွှေမြန်မာတရားတော်

မောင်ရဲလေး (ဟင်္သာတ)

အောက်မြန်မာပြည် တနင်္သာရီတိုင်းဒေသကြီးမှ မောင်တော်ကျွန်း ဆရာတော်သည် ကိုလိုနီခေတ် အတွေ့အကြုံများကို သုံးသပ်၍ ခေတ်ဆိုးတစ်ရာ သံဝေဂစာကို ရေးသားတော်မူခဲ့ပါသည်။

ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်မှ နဝမတင်္ဂါစာရ မဟာထေရ်မြတ်သည် ၁၉၇၃ ခုနှစ် တောရဆောက်တည်စဉ်က မြန်မာလူမျိုးတို့ ဘုန်းကျက်သရေတိုးတက်စေရန် ကျင့်ကြံအားထုတ်ရမည့် ခေတ်ကောင်းတစ်ရာ ရွှေမြန်မာတရားတော်ကို ရေးသားတော်မူခဲ့ပါသည်။

မဇ္ဈိမဒေသ၊ အိန္ဒိယဗုဒ္ဓဂယာသို့ ဘုရားဖူး တရားကျင့် သာသနာပြု ကြွတော်မူချိန် ၁၉၉၆ ခုနှစ်တွင် ထိုတရားတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောကြားချီးမြှင့်တော်မူခဲ့ပါသည်။

(၁) သုံးပါးရတနာ၊ ယုံကြည်ပါ၊
ချမ်းသာပွားမည့်ခေတ်။

(၂) ကုသိုလ်ဓမ္မ၊ မမေ့ကြ၊
ကြီးပွားကြမည့်ခေတ်။

(၃) မကောင်းမှုမှန်၊
ရှက်ကြောက်ရန်၊
ဧကန်မြတ်သည့်ခေတ်။

(၄) လောဘမကြီး၊ အလိုပြီး၊
ကောင်းချီးသာသည့်ခေတ်။

(၅) ဒေါသလွန်နည်း၊ မေတ္တာကဲ၊
လူမွဲကင်းသည့်ခေတ်။

(၆) ချစ်ခြင်းမပြု၊ လျစ်လျူရှု၊
အပူနည်းသည့်ခေတ်။

(၇) ကိုယ်စိတ်ငြိမ်းချမ်း၊
လွန်ရွှင်လန်း၊
အပူနည်းသည့်ခေတ်။

(၈) ကိုယ်စိတ်ပေါ့ပါး၊ ပြည့်ခွန်အား
ထွန်းကားလာမည့်ခေတ်။

(၉) ကိုယ်စိတ်နူးညံ့၊ ဂုဏ်ထူးပြန့်၊
လွန်သန့်စင်သည့်ခေတ်။

(၁၀) ကိုယ်စိတ်ခံ့ညား၊ ဆင့်မြင့်မား
ကောင်းစားနိုင်သည့်ခေတ်။

(၁၁) ကိုယ်စိတ်ကျွမ်းကျင်၊
ရှေ့တန်းတင်၊
အောင်မြင်ကြမည့်ခေတ်။

(၁၂) ကိုယ်စိတ်ဖြောင့်စင်း၊
ဂုဏ်ရည်ဝင်း၊
ထင်လင်းသာသည့်ခေတ်။

(၁၃) ကောင်းစွာပြောဆို၊ နှုတ်ခွန်း
အကျိုးလိုသည့်ခေတ်။

(၁၄) ကောင်းစွာလုပ်ကိုင်၊ စီးပွားပြ
နိုင်ငံမြင့်သည့်ခေတ်။

(၁၅) ကောင်းစွာသက်မွေး၊
လွန်စိတ်အေး၊
သူဌေးများသည့်ခေတ်။

(၁၆) ကြင်နာသနား၊
စောင့်ရှောက်ထား၊
တရားထွန်းသည့်ခေတ်။

(၁၇) အများချမ်းသာ၊ လွန်ဝမ်းသာ
သာယာကြသည့်ခေတ်။

(၁၈) ပညာကြီးမား၊ မြန်မာ့အား
လေးစားကြသည့်ခေတ်။

(၁၉) ဘုရား၊ တရား၊ သံဃာအား
ထူးခြားပူဇော်ကြသည့်ခေ





www.burmeseclassic.com

www.burmeseclassic.com

(၂၀) သဒ္ဓါပညာ၊ စုံလင်စွာ၊
လှုတာများသည့်ခေတ်။
(၂၁) ကိုယ်မှာချမ်းသာ၊ မြတ်သစ္စာ၊
မေတ္တာပွားသည့်ခေတ်။
(၂၂) တရားပေစာ၊ ဟောကြားရာ၊
လိုက်နာကြသည့်ခေတ်။
(၂၃) ရဟန်းသာမဏေ၊ လွန်ရိုသေ၊
အနေတတ်သည့်ခေတ်။
(၂၄) သက်ကြီးပုဂ္ဂိုလ်၊ ပြည်သူကို၊
လွန်ရိုသေသည့်ခေတ်။
(၂၅) မြတ်လှဆရာ၊ တွေ့ဆုံကာ၊
မှန်စွာဆည်းကပ်ကြသည့်ခေတ်။
(၂၆) သားနှင့်အဖ၊ စိတ်နေမျှ၊
ချစ်ခင်ကြသည့်ခေတ်။
(၂၇) တပည့်ဆရာ၊ ညီညွတ်စွာ၊
ချမ်းသာရသည့်ခေတ်။
(၂၈) ပညာရှိများ၊ လွန်ထင်ရှား၊
တရားအောင်သည့်ခေတ်။
(၂၉) ဇနီးမောင်နှံ၊ ချစ်ခင်ရန်၊
အမှန်ကျင့်သည့်ခေတ်။
(၃၀) ရွှေငွေခနေ၊ ပေါကြွယ်ဝ၊
အရတော်သည့်ခေတ်။
(၃၁) တိုက်ကြီးဂေဟာ၊ ဗိမာန်သာ၊
များစွာပေါသည့်ခေတ်။
(၃၂) မိတ္တဆွေညာ၊ ပြည့်စုံစွာ၊
ဥစ္စာခနပေါသည့်ခေတ်။
(၃၃) လင်နဲ့မယား၊ မေတ္တာပွား၊
စိတ်ထားကောင်းသည့်ခေတ်။
(၃၄) လမ်းသွားလမ်းလာ၊ လူတကာ၊
ချမ်းသာကြသည့်ခေတ်။
(၃၅) လမ်းကောင်းလမ်းမှန်၊
မှဂ်လေးတန်၊
အမြန်ရမည့်ခေတ်။
(၃၆) သူတော်ကောင်းများ၊
လွန်တိုးပွား၊
ကြိုးစားကြသည့်ခေတ်။
(၃၇) လမ်းကောင်းလမ်းမြတ်၊
မဂ်လေးရပ်၊
အမြတ်ရမည့်ခေတ်။
(၃၈) နိုင်ငံပြည့်အောင်၊
အလင်းဆောင်၊
အမှောင်ပျောက်သည့်ခေတ်။
(၃၉) ဆွေမျိုးတိုင်းရင်း၊ အချင်းချင်း၊
ပြည်တွင်းသာသည့်ခေတ်။
(၄၀) နေ့ရောညပါ၊ လွန်ချမ်းသာ၊
မေတ္တာပွားသည့်ခေတ်။
(၄၁) ဂုဏ်အင်များခြင်း၊ ဆွေမျိုးရင်း၊
ကောင်းခြင်းဖြာသည့်ခေတ်။
(၄၂) ပစ္စည်းလည်းကောင်း၊
လူလည်းကောင်း၊
အကောင်းစုံသည့်ခေတ်။
(၄၃) ဆွမ်း၊ ဆီမီး၊ ပန်း၊ ဝေဆာလန်း၊
တိုင်းခန်းသာသည့်ခေတ်။
(၄၄) မုတင်ကမ္ဗဌာန်း၊ မြတ်ရဟန်း၊
နည်းလမ်းညွှန်သည့်ခေတ်။
(၄၅) တိုင်းခန်းပြည်သာ၊ အဘိဓမ္မာ၊
လေ့လာများသည့်ခေတ်။
(၄၆) တစ်နေ့တခြား၊ ကုသိုလ်ပွား၊
တရားစောင့်သည့်ခေတ်။
(၄၇) တရားသဘော၊ ပြည့်စုံတော၊
ကျင့်သောကာလခေတ်။
(၄၈) ကိုယ်ကျင့်တရား၊ လွန်ပြည့်ပြား၊
ကောင်းစားကြသည့်ခေတ်။
(၄၉) ဆွေမျိုးချမ်းသာ၊ ကူညီကာ၊
ဝမ်းသာကြသည့်ခေတ်။
(၅၀) လူငယ်လူကြီး၊ ပြောဆိုနှီး၊
ဘုန်းကြီးကြမည့်ခေတ်။
(၅၁) ကျေးဇူး ရှိ၊ မရှိ၊
ထောက်မကြည့်၊
စိတ်ကောင်းပြည့်သည့်ခေတ်။
(၅၂) သစ်သီးအာရာမ်၊
ပန်းအာရာမ်၊
စီမံစိုက်သည့်ခေတ်။
(၅၃) တည်းခိုနားနေ၊ အရိပ်ဝေ၊
စိုက်လေသပြေခေတ်။
(၅၄) ချောင်းမြောင်းနွံများ၊
လမ်းအများ၊
တံတားခင်းသည့်ခေတ်။
(၅၅) စိတ်ထားကြည်လင်၊
ရေချမ်းစင်၊
တီထွင်ကြသည့်ခေတ်။
(၅၆) ရေတွင်းရေကန် ပြုစီမံ၊
ထက်သန်ကြသည့်ခေတ်။
(၅၇) ဂူ၊ ကျောင်း၊ ဇရပ်၊
ဆောက်လုပ်အပ်၊
အမြတ်ထွန်းသည့် ခေတ်။
(၅၈) ဘုရားစေတီ၊ မြို့တိုင်းတည်၊
တိုင်းပြည်သာသည့်ခေတ်။
(၅၉) တရားတော်စက်၊ အာဏာစက်၊
မပျက်ဇံအောင်သည့်ခေတ်။
(၆၀) ကျောက်ထီးပမာ၊ ခိုင်ခံ့စွာ၊
သာသနာပြုသည့်ခေတ်။
(၆၁) ကျောက်ထီးပမာ၊ လေးနက်စွာ၊
သာသနာပြုသည့်ခေတ်။
(၆၂) ကျောက်ထီးပမာ၊ မြင့်မြတ်စွာ၊
သာသနာပြုသည့်ခေတ်။
(၆၃) ကျောက်ထီးပမာ၊ အေးငြိမ်းစွာ၊
သာသနာပြုသည့်ခေတ်။
(၆၄) ဗဟိုကျောက်ထီး၊ တရားမှီး၊
ရိပ်ကြီးခိုသည့်ခေတ်။
(၆၅) လူမိုက်ရှောင်ရှား၊ ချမ်းသာများ၊
ကြီးပွားကြသည့်ခေတ်။
(၆၆) ပညာရှိပေါင်း၊
ဂုဏ်ရည်လောင်း၊
ကောင်းစားကြသည့်ခေတ်။
(၆၇) ပူဇော်ထိုက်မှန်၊ ပူဇော်ပြန်၊
အယူမှန်သည့်ခေတ်။
(၆၈) အားလုံးမြို့ရွာ၊ ဖွံ့ဖြိုးလာ၊
ဘုန်းကံသာသည့်ခေတ်။
(၆၉) ရှေးကပြုဖူး၊ ကုသိုလ်ထူး၊
မဂ်ဉာဏ်ကူးမည့်ခေတ်။
(၇၀) ကိုယ်နှင့်စိတ်များ၊
စောင့်ထိန်းထား၊
တိုးပွားကြမည့်ခေတ်။
(၇၁) ကြားမြင်သုတ၊
ပြည့်ကြွယ်ဝ၊ ကမ္ဘာစံပြခေတ်။
(၇၂) စက်မှုလက်မှု၊ အတတ်စု၊
တိုင်းပြုပြည်ပြုခေတ်။
(၇၃) ဥပဒေအား၊ လွန်လေးစား၊
အမှားနည်းသည့်ခေတ်။
(၇၄) စကားပြောဆို၊ သာယာချို၊
ဂုဏ်ပိုကြသည့်ခေတ်။
(၇၅) မာတာပီတ၊ မိနှင့်ဘ၊
စောင့်ရှောက်ကြသည့်ခေတ်။
(၇၆) သားနှင့်မယား၊ လုပ်ကျွေးငြား၊
စိတ်ထားကောင်းသည့်ခေတ်။



www.burmeseclassic.com

www.burmeseclassic.com

(၇၇) အလုပ်မှန်က၊ မရှုပ်ရ၊
မြန်မာ့စံပြခေတ်။

(၇၈) တောရောမြို့ပါ၊ လှုကြတာ၊
ခြိမ့်ခြိမ့်သာသည့်ခေတ်။

(၇၉) တရားစခန်း၊ ကျင့်ဖြောင့်တန်း၊
နိဗ္ဗာန်မြန်းမည့်ခေတ်။

(၈၀) တိုင်းရင်းပြည်သား၊ ဆွေမျိုးများ၊
လွန်မြောက်စားသည့်ခေတ်။

(၈၁) အပြစ်ကင်းစင်၊ အလုပ်ဝင်၊
ပျော်ရွှင်ကြသည့်ခေတ်။

(၈၂) မကောင်းမှုများ၊ ကိုယ်နှုတ်အား၊
ရှောင်ရှားကြသည့်ခေတ်။

(၈၃) မကောင်းမှုမှန်၊ စိတ်မကြံ၊
နိုင်ငံသာသည့်ခေတ်။

(၈၄) မူးယစ်သောက်စား၊
ရှောင်ကြဉ်ငြား၊
ကြီးပွားကြမည့်ခေတ်။

(၈၅) ကုသိုလ်မှန်က၊ ညီညွတ်ကြ၊
ဘယကင်းသည့်ခေတ်။

(၈၆) ရိုသေထိုက်က၊ ရိုသေရ၊
သူခိုးတိုးသည့်ခေတ်။

(၈၇) စိတ်မမြောက်မှန်၊ နှိမ့်ချပြန်၊
ငါမာန်ကင်းသည့်ခေတ်။

(၈၈) တရားလက်စွဲ၊ လွန်ရောင့်ရဲ၊
အောင်မြင်အောင်သည့်ခေတ်။

(၈၉) ကျေးဇူးရှိက၊ ကျေးဆပ်ကြ၊
ဘဝကောင်းသည့်ခေတ်။

(၉၀) သြဝါဒခံ၊ ဉာဏ်ရင့်သန်၊
နိုင်ငံချွန်သည့်ခေတ်။

(၉၁) ခန္တီတရား၊ လက်ကိုင်ထား၊
ဘုရားကြိုက်သည့်ခေတ်။

(၉၂) ဆုံးမနာခံ၊ စိတ်အားမှန်၊
အမြန်တက်မည့်ခေတ်။

(၉၃) ထေရ်ရှင်သူမြတ်၊
လွန်ဆည်းကပ်၊
ထူးမြတ်လှသည့်ခေတ်။

(၉၄) ညီနှိုင်းစည်းဝေး၊ နှီးနှောပေး၊
မနှေးအောင်မည့်ခေတ်။

(၉၅) ချွေတာခြိုးခြံ၊ စုဆောင်းပြန်၊
ကြံ့စည်အောင်မည့်ခေတ်။

(၉၆) ပြဟ္မစိုရ်တရား၊ လက်ကိုင်ထား၊
နတ်များကူသည့်ခေတ်။

(၉၇) လေးမင်လေးဖိုလ်၊
ကျွတ်တမ်းခို၊
အလိုကင်းမည့်ခေတ်။

(၉၈) အမြိုက်နိဗ္ဗာန်၊ ဝင်ရောက်ပြန်၊
အမှန်ဓအေးမည့်ခေတ်။

(၉၉) လောကစံကြံ့၊ စိတ်မဖြုံ၊
ဂုဏ်ရောင်လွှမ်းသည့်ခေတ်။

(၁၀၀) မစိုးရိမ်ရ၊ ဘေးကင်းကြ၊
ရာဂကင်းမည့်ခေတ်။

ဤခေတ်တစ်ရာ၊ သံပေါက်စာ
မြန်မာ့မြန်မာ ရတနာ ဝေဖြာတိုးေ
သော်ဝ်။

ဤခေတ်တစ်ရာ၊ သံပေါက်စာ
မြန်မာ့မြန်မာ မင်္ဂလာ တေဇာဖြိုးေ
သော်ဝ်။

ဤခေတ်တစ်ရာ၊ သံပေါက်စာ
မြန်မာ့မြန်မာ စေတနာ ကမ္ဘာစိုးေ
သော်ဝ်။

❐ မောင်ရိုးဆွေး(ဟသ်ာထ)

ကျမ်းကိုး
ဗုဒ္ဓဝါဒအကျဉ်းချုပ်ကျမ်း(နိဗ္ဗာန်လမ်းညွှန်)


ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ

# ဇီဝကကျော်
# တိုင်းရင်းဆေးကုခန်း

**HIV, CANCER, LEUKEMIA, HB-HC နှင့်**

**အထွေထွေနာတာရှည်ရောဂါများကိုကုသပေးပါသည်**

သမားတော် ဦးသန်းညွှန့်
B.A., D.T.Med; D.B.L., D.F.T.,D.Eng
တဆ-၁၀၈၉
အမှတ်(၃၄၈)၊ ရွှေဘုံသာလမ်း (အထက်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၀၀၆၈၁၁၊ ၀၉ ၇၃၁၄၇၈၁၁၊ ၀၁ ၂၀၉၀၅၇




www.burmeseclassic.com

www.burmeseclassic.com




# ဟင်္သာတသို့ လွမ်းတော်မူလို့ စာကိုစီတယ်

ဟိုက်ဒရိုဂျင် နှစ်ဆ
အောက်ဆီဂျင်က တစ်ဆ
အချိုးမျှတ ပေါင်းစပ်ကြလျှင်
လောကလူ့မြေ အေးချမ်းစေသည့်
စိမ့်တွေ စမ်းတွေ ချောင်းတွေ မြစ်တွေ
ပင်လယ်ဝေအောင်
ရေဖြစ်လေသည့် သဘာဝရှိသတဲ့။
သူငယ်ချင်း. . .
မင်းတို့က နှစ်ဆ
တို့က တစ်ဆ။
တို့က နှစ်ဆ
မင်းတို့က တစ်ဆ။
အချိုးမျှတ ပေါင်းစပ်ကြလျှင်
လောကလူ့ဘောင် မီးရှို့တောင်မှ
လောင်မှာ မဟုတ်ဘူး သူငယ်ချင်း။

www.burmeseclassic.com

www.burmeseclassic.com

အင်း. . . အကြောင်းတစ်ခုတော့ ရှိတန်ကောင်းပါရဲ့လို့သာ အံ့ဩစိတ်ကို တိတ်တိတ်ဖြေရပါတယ်လေ။

တကယ်တော့ အဲဒီကဗျာလေးကို စာဆက်အကွာရာ အနေနဲ့ မြင်တွေ့ ဖတ်ရှုခွင့်ရခဲ့တာ နှစ်ပေါင်းသုံးဆယ်နီးပါး ရှိခဲ့ပြီ။ ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ပေဖူးလွှာမဂ္ဂဇင်းမှာ ဖော်ပြခဲ့တာပါ။ ဆရာတက္ကသိုလ်မင်းမော်ရဲ့ နာမည်ကျော် "သူငယ်ချင်း" ကဗျာစုတွေထဲက "ဓာတုဗေဒ" အမည်ရတဲ့ ကဗျာပေါ့။ အခု သတိရမိတာက အပိုဒ်ပေါင်းရှစ်ပိုဒ်ရှိတဲ့အထဲမှာ နောက်ဆုံး နှစ်ပိုဒ်ကိုသာ သတိရမိတာပါ။

တကယ်ဆို ဒီလောက်ရှည်လျားတဲ့ ကာလယန္တရား ကြိတ်ချေမှုထဲမှာ ဒီကဗျာအပိုင်းအစလေးဟာ မေတ္တာကမ္ဘာများဖြင့် ခြားလေပြီဖြစ်သင့်တာပေါ့။ ဘာကြောင့် မဖြစ်တာပါလိမ့်။ အင်း. . . ဖြတ်သန်းရတဲ့ ဘဝရေအလျဉ်မှာ ထင်ဟပ်လာတဲ့ပုံရိပ်တွေက "ဓာတုဗေဒ" ကဗျာလေးနဲ့ မျဉ်းပြိုင်ပြေးနေလေတော့ တရိပ်ရိပ်နဲ့ လိုက်ပါစီးမျောခဲ့ဟန် တူပါတယ်။ အခုပဲ ကြည့်လေ၊ ဖျတ်ခနဲအကွေ့မှာ ရိပ်ခနဲ တွေ့လိုက်ရပြန်ပြီကော။ ဆိုခဲ့သလို အကြောင်းတစ်ခုတော့ ရှိမှာပါလေ။

အဲဒီလို စိတ်ဖြေလျှော့ပြီး ကျေးလက်ရှုခင်းတွေဘက် မျက်စိရောက်သွားတဲ့အခါ "ဒူးယား" ဆိုတဲ့ ရွာကလေးကို ဖြတ်ကျော်နေတာ သိလိုက်ရတယ်။ အဒီအချိန်မှာပဲ ကားတီဗွီကနေ နာမည်ကျော် အဆိုတော်တစ်ဦးရဲ့ သီချင်းသံက ပျံ့လွင့်လာတယ်။ ဘာတဲ့။ "အိမ်မှာ ထမင်းစားရတာမကောင်းဘူး" ဆိုလားပဲ။

ဒီတော့မှ မနက်စာ ထမင်းမစားရသေးတာ သတိရသွားတယ်။ ကားက လမ်းတစ်ဝက်လောက်အရောက်မှာ ဆိုင်အကြီးကြီးတစ်ဆိုင်ရှေ့မှာ ရပ်ပေးပေမယ့် ကားရပ်နားချိန်က နည်းလွန်းတာရယ်၊ စားပွဲထိုးလေးတွေက မနိုင်မနင်းဖြစ်နေတာရယ်ကြောင့် ထမင်းမပြောနဲ့ လက်ဖက်ရည်တောင် မှာမသောက်ရဲပါဘူး။ လက်ဖက်ရည် ရောက်မလာခင် ကားထွက်သွားမှာ စိုးလို့ပါ။ အခုလို သတိရမိသွားမှ ဗိုက်ကလည်း တဂွီဂွီမြည်လာတယ်။ လက်က နာရီကို ကြည့်လိုက်တော့ နေ့လယ် ၂ နာရီ။

မွန်းကျပ်လာတဲ့ စိတ်တွေကို ဖြေလျှော့တဲ့အနေနဲ့ အပြင်ဘက်က ရှုခင်းတွေဘက် အာရုံပြောင်းမယ်အလုပ်မှာပဲ ဟသ်ာတမြို့အဝင် မုခ်ဦးကြီးကို ဘွားခနဲမြင်လိုက်ရတော့မှ လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားတော့တယ်။ ဘာပဲပြောပြော "ဟသ်ာတဆီ ရည်လျက်မလင်း" ခဲ့ရတဲ့ မိမိရဲ့ဆန္ဒတွေဟာ အခုတော့ ပြည့်ဝခဲ့ပြီပေါ့။

ဟုတ်ပါတယ်။ အင်္ဂလန်ကို မရောက်ရင် နေပါစေ၊ ဟိုနိုင်ငံ ဒီနိုင်ငံတွေကိုလည်း မရောက်ရလို့ အရေးမကြီးပါဘူး။ မြန်မာပြည်ထဲက ဟသ်ာတ၊ ရန်ကုန်ရွှေမြို့တော်ကနေ အလှမ်းမဝေးလှတဲ့ ဟသ်ာတကိုတော့ ရောက်ဖူးချင်ပါတယ်။ ဒါကြောင့်လည်း သွားမယ် သွားမယ် တကဲကဲ အားခဲလာလိုက်တာ ရည်ရွယ်ရာ မရောက်ခဲ့ရပါဘူး။ ဟိုကိစ္စလေး အကြောင်းပြုပြီး သွားမယ်လုပ်လိုက် ဝေ့သွားလိုက်၊ ဒီကိစ္စလေး အကြောင်းပြုပြီး သွားမယ်လုပ်လိုက် ကွေ့သွားလိုက် အဲဒါနဲ့ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်ပြီး "ဟသ်ာတဆီ ရည်လျက်မလင်း" လို့ ခပ်ငေါ့ငေါ့လေး လုပ်ထားမိတဲ့အထိပါပဲ။

ဒီကြားထဲ ဆရာမ "မအိ"ရဲ့ . . .

***"သူများမြို့တွေပေါ်က တိမ်တွေလိုပဲ***
***ငါ့မြို့မှာလည်း ပြာတယ်။***
***မြစ်အနောက်ဘက်ကိုကူးခဲ့***
***နှလုံးသားတိုင်းကို အနုပညာနဲ့ ထူးခတ်ထား***
***သူ့အလိုလို ခမ်းနားပြီးသားမြို့။***
***နေလို့ထိုင်လို့ကောင်းရုံ***
***မြို့ဟာ နှင်းစောင်လေး တခြုံခြုံ***
***နွေဟာ ယပ်တောင်တဖျပ်ဖျပ်***
***မြစ်ဝကျွန်းပေါ်-မြေလတ်***
***စပ်ကူးမပ်ကူးနေရာ။***
***လွမ်းစရာပေမယ့်***
***လွမ်းတတ်ဖို့လည်း လိုသေးတယ်။***
***ရင်ဆို့ဖွယ် ပုံရိပ်များ***
***အတိတ်တံခါး တစ်ချပ်ပြီးတစ်ချပ်***
***ဖျတ်ခနဲ ဖျတ်ခနဲ ဆွဲဖွင့်"။***

ဆိုတဲ့ ဟသ်ာတမြို့တံခါးတွေကို တစ်ချပ်ပြီးတစ်ချပ် ဆွဲဖွင့်နေသံကြားလိုက်ရတော့ 'ဟသ်ာတဆီ ရည်လျက်မလင်း' ခဲ့တဲ့စိတ်ဝိညာဉ်ဟာ ငှက်သွင်ပျံကြွမတတ်သော် ဖြစ်ရတော့တာပဲ။

ဆရာမ မအိဟာ စာကြောင်းရေ ၁၃၇ ကြောင်းရှိတဲ့ "အသံအက်သွားတဲ့ကဗျာ" ခေါင်းစဉ်တပ်ထားတဲ့ ကဗျာရှည်ကြီးကို ၂၀၀၆ ခုနှစ် မေလထုတ် မဟေသီစာမဂ္ဂဇင်းထဲမှာ တခမ်းတနားရေးဖွဲ့လိုက်တာပါ။ အဲဒီကဗျာဟာ ဟသ်ာတမြို့သူ ကဗျာဆရာမရဲ့ "ဟသ်ာတသို့ လွမ်းတော်မူလို့ စာကိုစီ" တဲ့ ကဗျာတစ်ပုဒ်ပါပဲ။

အဲဒီ အသံအက်သွားတဲ့ကဗျာရဲ့ တစ်နေရာမှာ ဟသ်ာတပုံရိပ်တွေကို အခုလို တစ်အုံတစ်ခဲ တွေ့လိုက်ရသေးတယ်။

***"လောကရေးရာ ဘာမှ မသိသေးတဲ့***
***(၅)နှစ်သမီးရဲ့ ရင်ထဲ***
***ခုံဖိနပ်တစ်ဖက် စွဲနစ်ခဲ့ဖူးသလို***
***(၅၈)နှစ်ရှိပြီဖြစ်တဲ့ မိန်းမတစ်ယောက်***
***လူလားမြောက်ကြီးပြင်း***
***သေမင်းနဲ့ ရှိတ်ကင်းလုပ်ရတော့မယ့်ကာလ***





www.burmeseclassic.com

www.burmeseclassic.com

*အာဂလည်း အာဂ[illegible]*
*မင်းကို ဟသ်ာတရဲ့*
*နှင်းဝေဝေ မနက်ခင်းမှာ ရှာ*
*ဗိုလ်ဝဆိုင်မှာ ရှာ*
*Hello မှာ ရှာ*
*Selection မှာ ရှာ*
*မိုင်ဒါဈေးထဲမှာ ရှာ*
*ငါးမျက်နှာဘုရားမှာ ရှာ*
*အတွင်းပတ္တမြားမှာ ရှာ*
*ဟာဂျီးနီးယား(၁)လမ်းထဲမှာ ရှာ*
*လာနေကျ ထိုင်နေကျ*
*ငါ့ခြံ ခုံတန်းလျားလေးမှာ ရှာ"။*

ဆရာမ ဘာကိုရှာနေပါလိမ့်။ သူ ရှာနေတာကိုကော တွေ့ရဲ့လား။ အဲဒီလို မသိနိုးနား မေးခွန်းများနဲ့အတူ မနက်ခင်းမှာ နှင်းတဝေဝေ လှနေမယ့် ဟသ်ာတမြို့အလှကို တဝကြီး ကြည့်ချင်နေမိပြီ။ ဗိုလ်ဝဆိုင်က ဘာတွေရောင်းပါလိမ့်။ Hello တို့၊ Selection တို့ကတော့ လက်ဖက်ရည်ဆိုင်တွေ ထင်ပါရဲ့။ မိုင်ဒါဈေးထဲမှာ ဘာတွေပေါပါသလဲ။ ငါးမျက်နှာဘုရားတို့၊ အတွင်းပတ္တမြားတို့ဆိုတာ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားတွေ ဖြစ်လိမ့်မယ်။ ဟာဂျီးနီးယား (၁)လမ်းက ဘယ်လို လမ်းကလေးပါလဲ။ ရင်ထဲမှာ သိချင်စိတ်တွေနဲ့အတူ ဟသ်ာတမြို့ဆီ ရောက်ချင်စိတ်တွေ ဗလောင်ဆူခဲ့တယ်။

အသံအက်သွားတဲ့ ကဗျာထဲမှာ အခုလို ခပ်အက်အက်အသံလေးကို ဆွေးဆွေးမြည့်မြည့် ကြားလိုက်ရသေးတယ်။

*"ငါ့အပူကို*
*မြို့ကလူတွေ ကူကြတယ်*
*ရောဝတီ တစ်လှိုင်းပြီး တစ်လှိုင်း*
*နှင်း တစ်ပွင့် တစ်ပွင့်တိုင်း*
*ဖုန် တစ်မျှင် တစ်မျှင်တိုင်းမှာ*
*မျက်ရည်တွေလည်း ဝိုင်းလို့။*
*စုံနံ့သာမြိုင်ကို ဘေးချိတ်ပစ်လိုက်တယ်*
*သားချော့တေးကို မေ့သွားတယ်*
*မြို့ မရောက်ခင် ကားပေါ်*
*ဗိုလ်မြတ်ထွန်းတံတား ဖြတ်ကျော်ရင်ပဲ*
*နင့်ကို ဆာစိတ်တွေ ကဲလာ*
*ရင်ထဲမှာ ဗလောင်ဆူ တသိမ့်သိမ့်*
*အတိတ်ဆိုတာ*
*မေ့စရာမှ မဟုတ်ဘဲ ကောင်လေးရယ်"။*

ဩော်. . . ဆရာမ ရှာနေတာ ဟသ်ာတမြို့ပေါ်က ကောင်လေးတစ်ယောက်ပဲ။ ဘယ်ကောင်လေးပါလိမ့်။ ဘယ်လို ကောင်လေးပါလိမ့်။ အသံအက်သွားတဲ့ ကဗျာထဲမှာ [illegible] တယ်နားမှာလဲ၊ ဘယ်သူလဲ။ ဟော. . တွေ့ပါပြီ။

*"မီးလောင်မြေမှာ အပင်ပေါက်*
*မီးသင့်မြေထက် ပန်းပွင့်*
*လန်းသတဲ့ စွင့်သတဲ့*
*မောင်လင်းခက် ဟသ်ာတ*
*သူ့အချင်းမြှုပ်ရာမြေ"။*

ဒို. . . ဟုတ်တယ်၊ ဆရာမရဲ့ ကောင်လေးကို သိလိုက်ရတဲ့အချိန်မှာ "ဒို" ဆိုတဲ့ အာမေဍိတ်ဟာ ရင်ထဲက နေ အထိတ်တလန့် ခုန်ထွက်သွားတယ်။ တကယ်တော့ "မောင်လင်းခက်-ဟသ်ာတ" ဆိုတာ သူကလည်းချစ်တဲ့၊ သူ့ကိုလည်းချစ်တဲ့ စာပေ ကဗျာ လောကသားတွေနဲ့ ဝေးတစ်မြေခြားခဲ့လေပြီပဲ။ အသံအက်သွားတဲ့ ကဗျာထဲမှာ အခုလို ကမ္ပည်းထိုးထားတာလေ။

*"တို့ တစ်မြို့တည်းသားချင်း နှောင်ဖွဲ့*
*ကောင်လေးနဲ့ မျက်နှာချင်းဆိုင်*
*ဗိုလ်ဝဆိုင်မှာ*
*Hello မှာ*
*Selection မှာ။*
*ဒါတွေဟာ မမြဲတဲ့ အနိစ္စလို့*
*ပြဆိုချင်တာလား*
*မင်း မတရားခဲ့ဘူး ကောင်လေး*
*အစုအဝေးထဲက အရင်ဆုံးခွဲထွက်*
*နှစ်ဆန်းတစ်ရက်နေ့မှာမှတဲ့ကွာ*
*တမင်တကာကြီး ရက်ရက်စက်စက်"*

ဆိုလိုချင်တာက အသံအက်သွားတဲ့ ကဗျာဟာ ဟသ်ာတရည်မှန်းချက်တွေကို လောင်စာဖြည့်ပေးနေသလို ရှိခဲ့ရတယ်။ ဒီကဗျာလေးရဲ့ သက်တမ်းနဲ့ ချင့်တွက်လိုက်ရင်ပဲ ရည်ရွယ်ရာ ဟသ်ာတအလွမ်းတွေဟာ ခြောက်နှစ်တာကျော်လွန်ခဲ့ပါပေ့။

အခုတော့ သကျနွယ်(ရွှေပင်လယ်)ဆီကတစ်ဆင့် ဟသ်ာတမြို့ မြစ်ကွေ့ပရိယတ္တိ စာသင်တိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီ အရှင်သူမြတ်ရဲ့ ရွှေရတုမွေးနေ့မင်္ဂလာပူဇော်ပွဲ ဖိတ်ကြားလွှာ ချီးမြှင့်ခံရတဲ့အခါ ဟသ်ာတအလွမ်းတွေ ပြေရတော့မယ်ဆိုပြီး ဝမ်းသာမိတာ အမှန်ပါ။ ထပ်ဆင့်ပြီးတော့ ဝမ်းသာစရာ ဖြစ်ရတာက ဟသ်ာတခရီးစဉ် စရိတ်စက အားလုံးအတွက် လင်းလွန်းခင်စာပေ ဦးသိန်းလွင်(ကျောက်ပုထိုး)က တာဝန်ယူစီစဉ်ပေးမယ် ဆိုတာပါပဲ။ ကျေးဇူးကမ္ဘာ တင်ရပါတယ်လေ။

အခုလို ဟသ်ာတအတွေးမျှင်တွေ ဝန်းယှက်ဝေဖြာနေတုန်းမှာပဲ စီးနင်းလိုက်ပါလာတဲ့ ကားကြီးဟာ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကြီးရှေ့မှာ တိတိကျကျရပ်နားလိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

လက်က နာရီကိုကြည့်လိုက်တော့ မွန်းလွဲ ၂ နာရီခွဲ။ ကိုင်း . . . အခုတော့ ဟသ်ာတမြေပေါ်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ခြေချမိရပြီပေါ့။

မြစ်ကွေ့ကျောင်းဝင်းကြီးထဲကနေ သကျနွယ်(ရွှေပင်လယ်)က ခပ်သွက်သွက်ထွက်လာပြီး မိမိတို့အဖွဲ့ကို ဆီးကြိုပါတယ်။ ကျောင်းဝင်းထဲကို ဦးဆောင်ခေါ်ယူသွားပြီးတော့ ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီနဲ့ မိတ်ဆက်ပေးတယ်။ မိမိတို့လည်း ရွှေရတုမွေးနေ့မင်္ဂလာရှင် ဆရာတော်ကို ဝတ်ဖြည့်ကန်တော့ကြတယ်။ ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီက မိမိတို့အဖွဲ့ကို ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်စကားတွေ ပြောကြားပြီး ဆုတောင်းမေတ္တာတွေလည်း ပို့သပေးတော်မူပါတယ်။ ဝေယျာဝစ္စ အကျိုးဆောင်တွေကလည်း မိမိတို့ အဆာပြေ အမောပြေ စားသောက်ဖို့ အစားအသောက် မုန့်ပဲသရေစာတွေ ဝေဝေဆာဆာနဲ့ ဧည့်ခံကျွေးမွေးပါတယ်။

ပြောရမယ်ဆိုရင် မိမိဟာ အခုမွန်းလွဲ ၃ နာရီလောက်



မြစ်ကွေ့တိုက်အုပ်ဆရာတော် ရွှေရတုမွေးနေ့မင်္ဂလာ စာရေးတံမဲအလှူတော်

ရှိနေတဲ့အချိန်ထိ နံနက်စာ မစားရသေးပါဘူး။ ပုဇွန်တောင် လိပ်ကန်လမ်းက ရွှေထက်လင်းမှာ နံနက် ၇ နာရီခွဲလောက် ဦးသိန်းလွင်(ကျောက်ပုထိုး)နဲ့ လက်ဖက်ရည်အတူသောက်ခဲ့ကြတာပဲ ရှိပါတယ်။ ဆာမယ်ဆို ဆာပြီပေါ့။ ဆာလည်းဆာခဲ့တယ်။ ဒါပေမဲ့ အခုတော့ အဲဒီဆာလောင်မွတ်သိပ်မှုတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။ ဟသ်ာတဆီ ရည်လျက် မလင်းနိုင်ခဲ့တာ ခုတော့ လင်းခဲ့ရပြီလေ။ ဒါကြောင့်လည်း ဝမ်းသာပီတိတွေနဲ့အတူ အလိုလို ပြည့်နေတော့တယ် ထင်ပါရဲ့။ ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီရဲ့ လှိုက်လှဲပျူငှာမှု၊ ဆုတောင်းမေတ္တာ ပေးဝေမှုတွေကလည်း နှလုံးစိတ်ဝမ်း အေးချမ်းသာယာ ရှိခဲ့ရတာမို့ မွတ်သိပ်မှုတွေလည်း ကင်းစင်သွားပြီ ထင်ပါတယ်။

မင်္ဂလာပါ ဟသ်ာတရေ။ အမြဲတသ စွဲလမ်းခဲ့ရတဲ့ ဟသ်ာတရဲ့ လှိုက်လှဲနွေးထွေးမှုဟာ ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ခညောင်းနေတော့တာမို့ တသခဲ့ရ စွဲလမ်းခဲ့ရတာတွေအတွက် အနွမ်းပြေ စမ်းရေသောက်ရသလို ရှိခဲ့ရပါတယ်။

အဲဒီလို မိမိတို့အဖွဲ့ သက်သောင့်သက်သာ အပန်းဖြေပြီးတော့ ညနေ မစောင်းတစောင်းလေး ဖြစ်သွားပါပြီ။ အဲဒီမှာ သကျနွယ် (ရွှေပင်လယ်)က ဦးဆောင်ပြီးတော့ မိမိတို့ တည်းခိုရမယ့်နေရာကို လိုက်ပို့ပေးပါတယ်။ မိမိတို့ တည်းခိုရမယ့် နေရာကတော့ "အရိန္ဒမာ" တဲ့။ အသစ်စက်စက် နှစ်ထပ်မိုတယ် ဖြစ်ပါတယ်။ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း နေချင့်စဖွယ် နေရာလေးပါပဲ။ မိမိတည်းခိုရတဲ့ အခန်းနံပါတ်က (၉) ဖြစ်ပါတယ်။

ညနေ ၅ နာရီလောက်မှာတော့ ရေမိုးချိုး အဝတ်အစားလဲပြီး လင်းလွန်းခင်က ညီငယ်လေးနဲ့အတူ လမ်းလျှောက်ထွက်ပါတယ်။ အဲဒီအချိန်မှာ နေက ချိုသွားပြီလေ။ ဒါကြောင့်လည်း အရိန္ဒမာကနေ အပြင်ထွက်လိုက်တာနဲ့ ဆည်းဆာရောင်အသွေးတွေနဲ့ ပက်ဖျန်းထားတဲ့ ဟသ်ာတမြေဟာ နေခြည်မှာ ရွှေရည်လောင်းထားသလိုပါပဲ။ အတားအဆီးမဲ့ ပြန့်ပြောချင်တိုင်း ပြန့်ပြောနေတဲ့ လယ်ကွင်းပြင်ကြီးက မြကျောက်ဖျာကြီး ခင်းထားသလိုပါပဲ။ လက်ဝဲဘက် ခပ်ယွန်းယွန်းကို မှန်းမျှော်လိုက်တဲ့အခါ ရွှေရောင်ဝင်းအိနေတဲ့ ဦးပါရဲ့ စေတီတော်မြတ်ကြီးကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့လိုက်ရတယ်။

ဒါနဲ့ ဦးပါရဲ့ စေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့ဖို့ ညီငယ်လေးနဲ့အတူ ထွက်ခဲ့ကြတယ်။ ဦးပါရဲ့ စေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့ပြီးတဲ့အခါ လက်ယာရစ်တစ်ပတ် လှည့်ဖူးကြတယ်။ လှည့်ဖူးပြီးတော့ တံခွန်တိုင်ကြီးနားမှာ ထိုင်ကြတယ်။ ဘုရားထီးတော်ကနေ လွင့်ပျံလာတဲ့ ဆည်းလည်းသံ တလွင်လွင်လေးတွေက သန္တရသ ငြိမ်းချမ်းရေးအလှကို ဖြန့်ဝေပေးနေသလို ရှိပါတယ်။ တိတ်ဆိတ်ငြိမ်သက်တဲ့ ပတ်ဝန်းကျင် အနေအထားမှာ ဧရာဝတီရဲ့ ရေစီးသံတွေကိုလည်း ခပ်သဲ့သဲ့ကြားနေရသလို ရှိတယ်။ မြစ်မင်းဧရာဝတီဟာ ဦးပါရဲ့စေတီတော် ခြေတော်ရင်းကနေ ဝပ်စင်းစီးဆင်းနေတာလေ။



တည်းခိုခဲ့ရသော အရိန္ဒမာဧည့်ရိပ်မွန်



www.burmeseclassic.com

www.burmeseclassic.com





ပြည်လုံးကပ်ကြော်
ဦးပါရဲစေတီတော်

"ဒေါသထန်ပြင်း မာန်မတင်းပါနဲ့ ချစ်သောဇရာဝတီရေ" လို့ ခပ်ဖွဖွလေး ပြောမိရတယ်။ မှတ်တမ်းတွေထဲမှာ ဖတ်ဖူးတာက ၁၉၅၈ ခုနှစ်လောက်မှာ ဧရာဝတီမြစ်ရေ တိုက်စားဒဏ်ကြောင့် ဟင်္သာတမြစ်ကမ်းပါးဟာ တအိအိပြိုဆင်းခဲ့ရပြီး လူနေအိမ်ခြေတချို့ ပြောင်းရွှေ့ခဲ့ရတယ်။ ဦးပါရဲစေတီတော်ကြီးကိုလည်း မြစ်ရေတိုက်စားလာမယ့် အခြေအနေမျိုး ဖြစ်လာခဲ့တာမို့ ဟင်္သာတမြို့သူမြို့သားတွေဟာ မဆုတ်မနစ်သော ဇွဲလုံ့လ၊ စွန့်လွှတ်စွန့်စားသော သတ္တိသွေးတွေနဲ့ အကြိတ်အနယ် ကာကွယ်ခဲ့ရတယ်။

နောက်ဆုံးမှာ ဦးပါရဲ စေတီတော်မြတ်ကြီးရဲ့ တန်ခိုးတော်၊ မြို့သူမြို့သားတွေရဲ့ အားမာန်သတ္တိအစွမ်းတွေနဲ့ ဧရာဝတီကို အောင်နိုင်ခဲ့ကြတယ်။ အခုဆိုရင် နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပြီပေါ့။ ဒီကြားထဲမှာလည်း ဟင်္သာတမြစ်ကမ်းပါး ထိန်းသိမ်းရေးတွေကို အခါအားလျော်စွာ ပြုလုပ်ခဲ့ကြတယ်။ တတ်နိုင်ရင်တော့ အခုလို ပွင့်လင်းမြင်သာပြီး နိုင်ငံတကာရဲ့ အထောက်အပံ့တွေ ရရှိလာတဲ့ ကာလမှာ ဟင်္သာတမြစ်ကမ်းပါး ထာဝရဘည်ငြိမ် ခိုင်မာရေးအတွက် အမြော်အမြင် ကြီးကြီးမားမားထားပြီး ဖော်ဆောင်သင့်တယ်လို့လည်း တွေးမိတယ်။ သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်မှုနဲ့ အနိုင်ယူရမယ်ဆိုတဲ့ အသိဟာ မျက်ခြည်မပြတ်သင့်ပါဘူး။

ပြောရမယ်ဆိုရင် ဟင်္သာတမြို့ဟာ မြန်မာနိုင်ငံရဲ့ လူဦးရေသိပ်သည်းမှု (Population Density) တစ်မိုင်ပတ်




ဓမ္မိတစ်ကောက်
အဖူးမြော်ရောက်ခဲ့ရာ
ဇလွန်ပြည်တော်ပြန်
နတ်လမ်းသာယာ



www.burmeseclassic.com

www.burmeseclassic.com

လည်အတွင်း အထူထပ်ဆုံးဖြစ်တယ်လို့ ပညာရှင်များက တိုင်းတာတွက်ချက်ထားတဲ့ နယ်မြေ ဖြစ်ပါတယ်။ ပြီးတော့ ဟံသာတမြို့ဟာ သမိုင်းမှတ်တမ်း အထောက်အထားများအရ လေးမည်ရမြို့၊ ငါးမည်ရမြို့ ခေါ်တွင်သိမှတ် စံထားအပ်တဲ့ သမိုင်းဝင် မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။

ဟံသာတမြို့ဟာ ရှေးအခါက မွန်တို့ဌာနေ မဏ္ဍလ သုံးရပ်ရှိတဲ့အနက် ကုသိမမဏ္ဍလ (ပုသိမ် ၃၂ မြို့)မှာ တစ်မြို့ အပါအဝင်ဖြစ်ခဲ့တယ်။ ဟံသာတနဲ့ ဥမ္မာဒန္တီ၊ ဟံသာတနဲ့ တပင်ရွှေထီး၊ ဟံသာတနဲ့ အလောင်းဘုရား၊ ဟံသာတနဲ့ နန္ဒယော်ဓာ၊ ဟံသာတနဲ့ ဘိုးတော်ဘုရား၊ ဟံသာတနဲ့ မိုက်ကယ်ဆိုင်း (Michael Symes)၊ ဟံသာတနဲ့ သာယာဝတီမင်း၊ ဟံသာတနဲ့ အနောက်နန်းမတော် မမြကလေး၊ ဟံသာတနဲ့ လှိုင်ထိပ်ခေါင်တင်၊ ဟံသာတနဲ့ ညောင်ရမ်းမြို့စား မိဖုရား၊ ဟံသာတနဲ့ ဘထွေးတော်ဦးမှူး၊ ဟံသာတနဲ့ မလေးဖြူ၊ ဟံသာတနဲ့ မင်းတုန်းမင်း၊ ဟံသာတနဲ့ မြောက်နန်းမိဖုရားမသဲ၊ ဟံသာတနဲ့ လင်ပန်းမိဖုရား၊ ဟံသာတနဲ့ သက်ပန်းမိဖုရား၊ ဟံသာတနဲ့ သရစိမ်းမိဖုရား၊ ဟံသာတနဲ့ လက်ျာမင်းထင်၊ ဟံသာတနဲ့ နောင်မွန်ထိပ်ခေါင်တင်၊ ဟံသာတနဲ့ ဗိုလ်မြတ်ထွန်း၊ ဟံသာတနဲ့ ဆရာမှတ်ကြီး (Dr. Marks) စတဲ့ စိတ်ဝင်စားစရာ သမိုင်းဝင်ဖြစ်ရပ်တွေဟာ ဟံသာတရဲ့ သမိုင်းဝိညာဉ်တွေအဖြစ် သက်ဝင်ရှင်သန်နေကြပါတယ်။

ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် စတဲ့ ခေတ်အဆက်ဆက်မှာလည်း ဟံသာတခရိုင်အတွင်းကနေ ထူးချွန်ထင်ရှားသူ အများအပြား ပေါ်ထွန်းခဲ့ပါတယ်။ ဟံသာတခရိုင်ဟာ မြို့နယ်ခြောက်ခုနဲ့ ဖွဲ့စည်းထားတာမို့ ဟံသာတမြို့နယ်၊ ဇလွန်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်တို့ ပါဝင်တယ်။ အဲဒီအထဲက




ဦးဗါရဲစေတီတော်မြတ်မော်ကွန်း ကျောက်စာတော်

နေ နယ်ပယ်အသီးသီးမှာ စွမ်းဆောင်ရည် ထူးချွန်ထက်မြက်သူတွေ အများအပြားပေါ်ထွန်းခဲ့ပါတယ်။ ဒီနေရာမှာတော့ စာပေနယ်ပယ်မှာ ထူးချွန်ထင်ရှားသူ အချို့ကို သတိတရ ဖော်ပြချင်မိတယ်။

ဦးဆန်နီဆိုတာ ဟံသာတမြို့နယ်၊ ကရင်ကွင်းကျေးရွာသား ဖြစ်ပါတယ်။ စုံထောက်ဝတ္ထုတွေ အများအပြား ရေးသားခဲ့ပြီး စုံထောက်မဂ္ဂဇင်းကို ဦးဆောင်ထုတ်ဝေခဲ့သူလည်း ဖြစ်ပြီးတော့ "စုံထောက်ကြီး ဦးဆန်နီ" ရယ်လို့ ထင်ရှားကျော်ကြားခဲ့သူ ဖြစ်ပါတယ်။

ဆန်းထွန်း(မန်းတက္ကသိုလ်)ကတော့ ဟံသာတမြို့နယ် သန့်သနေ့ရွာသား ဖြစ်ပါတယ်။ နွားနှင့်စပါး၊ ကဝိလက္ခဏာဝိသောဓနီ၊ စာပေဘဏ်၊ ဗော်လဂါမှ ဂင်္ဂါသို့ စာအုပ်များဟာ ဆရာ့ရဲ့ ထင်ရှားကျော်ကြားတဲ့ စာပေလက်ရာတွေ ဖြစ်ပါတယ်။ မဂ္ဂဇင်းအသီးသီးမှာလည်း အလွန်အဖိုးတန်လှတဲ့ ဆောင်းပါးအများအပြား ရေးသားခဲ့ပါသေးတယ်။

ကျောက်စာဝန် ဦးမြကတော့ ဟံသာတခရိုင် လေးမျက်နှာဇာတိ ဖြစ်ပါတယ်။ ကျောက်စာဝန် မစ္စတာ တော်စိန်ခိုရဲ့ ကြီးကြပ်မှုအောက်မှာ အမှုထမ်းပြီး ကမ္ပည်းကျောက်စာဝန်ဌာန၊ ရှေးဟောင်းသုတေသနဌာနများမှာ အမှုထမ်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်ရှိ ပုဂံခေတ်မှ ကျောက်စာများ၊ ရှေးဟောင်းမြန်မာအက္ခရာစာတမ်း၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားတော်များ၊ အပယ်ရတနာလိုဏ်ဂူဘုရား စတဲ့ စာကောင်းပေမွန်စာအုပ်တွေကို ရေးသားပြုစုခဲ့တဲ့ ပညာရှင်ဆရာကြီး ပါပဲ။

ရွှေစကြာဦးစိုးမြင့်၊ ဒီဆရာကြီးကိုတော့ ဟံသာတခရိုင်၊ ဒေါင့်ကြီးအရှေ့ဘက် ငါးအိမ်တန်းရွာမှာ မွေးဖွားခဲ့ပါတယ်။ နာခံတော်၊ အထောက်တော်၊ စစ်ကိုင်းမင်းသား၊ ပုတကော၊ သမားတော်၊ လေးညှင်းဝတ်လုံတော်၊ ပီကင်းရောက်၊ သူရဲဝိဇ္ဇာ၊ စောဥမ္မာ၊ ကုန်းဘောင်ပြင်သစ်၊ ဘီဘီ၊ တရုတ်စစ်ပြန်၊ မြဝတီမင်းကြီးဦးစ၊ အင်္ဂလိပ်သူလျှို၊ ဝန်ကြီးသမီး၊ ဗိုလ်တေဇ၊ ဗိုလ်ချုပ်ဦးစ၊ ကုန်းဘောင်နန်းတွင်းရေး၊ ဓာတုကလျာ၊ အဝိစိပြန်၊ ခွဲထားကျော် ဂဏ္ဍိကျမ်းကြီး၊ လက်ဝဲအောက်စွယ်တော်သမိုင်း စတဲ့ စာအုပ်အများအပြား ရေးသားခဲ့ပြီး ဆဋ္ဌသင်္ဂါယနာ သမိုင်းရေးတာဝန်ခံ အရာရှိ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လူပြန်တော်ပညာရှိအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကဝိဘိသက္ကဆေးဆရာကြီးများ အဖွဲ့ချုပ်နာယက စတဲ့ တာဝန်တွေကိုလည်း စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ခဲ့သူ ဖြစ်ပါတယ်။

သူကြီးဂေဇက် ဦးခင်မောင်ကိုတော့ ဟံသာတခရိုင် ကြံခင်းမြို့မှာ မွေးဖွားခဲ့ပါတယ်။ ဘားမားအော့ဗဇာဗား သူရိယသတင်းစာတို့မှာ အယ်ဒီတာ လုပ်ခဲ့တယ်။ နောင်အခါ ဗြိတိသျှအစိုးရပိုင် သူကြီးဂေဇက်သတင်းစာမှာ အယ်ဒီတာ


www.burmeseclassic.com

www.burmeseclassic.com

"သူကြီးဇေဇက်ဦးခင်မောင်" လို့ နာမည်တွင်ပါ "ဘာသာ"ကလောင်နဲ့ အင်္ဂလိပ်ဘာသာဆောင်းပါး ရေးသားရာမှာ ထူးချွန်ပြောင်မြောက်သူ တစ်ဦးပါပဲ။

ဆရာကြီး ငွေဥဒေါင်းကတော့ ဟင်္သာတခရိုင် ကျောက်မြို့ဇာတိ ဖြစ်ပါတယ်။ အမည်ရင်းက ဦးကြီးမောင်။ စာပေဗိမာန်၊ ငွေတာရီ၊ ကြေးမုံ၊ ဟံသာဝတီ စတဲ့ မဂ္ဂဇင်းနဲ့ သတင်းစာတွေမှာ အယ်ဒီတာ လုပ်ခဲ့တယ်။ ကြီးနဲ့ စာဝက်ပါ၊ သီးခြား စာဝက်ပါ၊ ဗုဒ္ဓစာပန်းချီ ... တွေဟာ အထူးထင်ရှားပါတယ်။ သီးခြားစာဝက်ပါ၊ ... န်းချီ စာအုပ်တွေနဲ့ အမျိုးသားစာပေဆုကို ဆွတ်ခူး ... ။

ဆရာပါရဂူ၊ ဆရာ့ကိုတော့ ဟင်္သာတမြို့နယ် သနွှ ... ရွာမှာ မွေးဖွားပါတယ်။ ဆရာ့ရဲ့ အထူးခြားဆုံး စာပေ ... ဆောင်ရွက်မှုကတော့ ဟိန္ဒီဘာသာကနေ မြန်မာဘာသာ ... ဆောင်ရွက်ချက်ပါပဲ။ ဇော်လဂါမှ ဂင်္ဂါသို့ (ဆန်းထွန်း ... ဘာသာသိုလ်နှင့် တွဲဖက်၍)၊ ဗုဒ္ဓစကား၊ မဟာခရီးသည်၊ ... မင်းနန်၊ နိဗ္ဗာန်၊ မဟာလူသားဗုဒ္ဓ၊ ဗုဒ္ဓဒိုင်ယာရီ၊ ဓမ္မ ... ၂လေတို၊ ပရကထာ၊ အရစ္စတိုတယ်၊ နေရှူး၏ သမီး ... ၊ ကွန်မြူနစ်ဝါဒသာလျှင် အဘယ်ကြောင့်၊ ပုဂံခရီး ... သိဒ္ဓတ္ထ၊ သူလိုဘုရင်၊ အမ္ဗပါလီ၊ သီပေါ၏မဟေသီ၊ ... ခလေခါ၊ ဖော်မဲ့ဟင်္သာ၊ ဝေသာလီ၊ မင်းနှင့်ပြည်သူ၊ ... စတဲ့ လုံးချင်းစာအုပ်ပေါင်း တစ်ရာကျော် ရေးသား ... စာအုပ်အားလုံး ပရိသတ်နှစ်ခြိုက် အားပေးမှု ခံယူရရှိ ... တယ်။

ဦးဖိုးကျား၊ ဟင်္သာတမြို့နယ် နိဗ္ဗာန်ရွာသား ဖြစ်ပါ ... ။ အမျိုးသားပညာဝန်အဖြစ် ထင်ရှားပြီး မြန်မာ့ဂုဏ်ရည် ... အုပ်တိုက်ကိုလည်း တည်ထောင်ခဲ့တယ်။ ကိုယ်တွေ့ဝတ္ထု ... ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ၊ ပုသိမ်ရာဇဝင်၊ ... န်းရှိန် အတ္ထုပ္ပတ္တိ၊ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ၊ ... မင်းပါတော်မူ အရေးတော်ပုံ၊ အလောင်းတော်ကဿပ ... စာအုပ်များ ရေးသားထုတ်ဝေခဲ့ပါတယ်။ ဆရာ့ရဲ့ အခမဲ့ ... သီထမ်းခြင်း၊ ဘုရားဖူးသွားခြင်း စတဲ့ဝတ္ထုတွေကို ကျောင်း ... မြဲ့ဌာန်းခဲ့ပါတယ်။

ဟင်္သာတသားစစ်စစ် ဆရာကြီး သူရိယကန္တိရဲ့ နာမည် ... င်းက ဒေါက်တာစိန်ဘန်း ဖြစ်ပါတယ်။ 'ဝတ္ထုရေးလိုသော်' စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး အဲဒီစာအုပ်နဲ့ပဲ ၁၉၆၇ ခုနှစ် အတွက် စာပေဗိမာန်ဆု ရရှိခဲ့ပါတယ်။ တကယ့်ဗမာမ၊ ... တနာမွန်စာအုပ်တွေဟာ ဆရာကြီးရဲ့ အထူးထင်ရှားခဲ့တဲ့ စာအုပ်တွေပါပဲ။ 'နယ်လှည့်ဆရာဝန်' ကလောင်အမည်နဲ့ ... သည်း ဆေးပညာရပ်ဆိုင်ရာ ပညာပေးဆောင်းပါးတွေ ရေး သားခဲ့ပါတယ်။

ဆရာကြီးမြဝတီ၊ ဆရာကြီးကို ဟင်္သာတခရိုင် ကနောင် မြို့ သပြေကုန်းကျေးရွာလေးမှာ မွေးဖွားခဲ့ပါတယ် 'တော် လှန်ရေးဆက်သား' ဝတ္ထုနဲ့ စာပေလောကထဲ စတင်ဝင်ရောက် လာပြီး လုံးချင်းဝတ္ထုရှည် ၁၀၀ နီးပါး၊ ဝတ္ထုတို ၂၀၀ ကျော် ရေးသားခဲ့ပါတယ်။ ဆရာကြီးမြဝတီရဲ့ 'သွေးချောင်းကသွဲ့' ဝတ္ထုကို ၁၉၆၄ ခုနှစ်အတွက် ဝတ္ထုရှည်ဆု ချီးမြှင့်ခဲ့ပါတယ်၊

ဆက်ပြောရရင် အများကြီးပါပဲ။ ယနေ့မျက်မှောက် ခေတ်တိုင် ပြောရရင် စာတစ်စောင် ပေတစ်ဖွဲ့ဖြစ်လောက် ပါတယ်။ စကားအလျဉ်းသင့်တုန်း စဉ်းစားမိတာလေးကတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စာပေနယ်ပယ်၊ ဂီတနယ်ပယ်၊ သဘင်နယ်ပယ်၊ ရုပ်ရှင်နယ်ပယ် အသီးသီးက ပုဂ္ဂိုလ်တွေကို ဆိုင်ရာ ဆိုင်ရာ အဖွဲ့အစည်းတွေက ဦးဆောင်ဦးရွက်ပြုပြီး တော့ သုတေသန မှတ်တမ်းပြုစုပြီး မှတ်တမ်းတင်ထားနိုင် အောင် ကြိုးစားကြစေချင်ပါတယ်။

တချို့ကတော့ ဒီလို တိုင်းပြည်နဲ့လူမျိုးအတွက် တန်ဖိုး ရှိလှတဲ့ လုပ်ငန်းကြီးကို မိမိတို့အသိစိတ်ဓာတ်နဲ့ တစ်ပိုင်တစ် နိုင် ထမ်းဆောင်နေကြတာလည်း ရှိပါတယ်။ ဆိုပါတော့၊ လူထုဒေါ်အမာရဲ့ 'ပြည်သူချစ်သော အနုပညာရှင်များ'၊ မောင်သုတ (ဗိုလ်မှူးဘသောင်း)ရဲ့ 'စာဆိုတော်များ အတ္ထုပ္ပတ္တိ'၊ ရာပြည့်ဦးစိုးညွန့် စုစည်းတည်းဖြတ်တဲ့ '၂၀ ရာစု မြန်မာ စာရေးဆရာ ၁၀၀' စတဲ့ စာအုပ်တွေပါပဲ။ အဲဒီလို စာအုပ် မျိုးတွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက် အင်မတန်အဖိုးတန် ပါတယ်။ နိုင်ငံတကာ နယ်ပယ်တွေမှာတော့ ဒါမျိုးတွေကို အထူးဂရုစိုက်ပြုပြီး စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နေ ကြတာ ကာလတောင်တာ အကြာကြီး ကြာလှပါပြီ။

ဒါကြောင့်လည်း ယနေ့ အင်တာနက်ပေါ်မှာ သူတို့ ဆီက ပုဂ္ဂိုလ်ကျော်တွေအကြောင်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သိနေနိုင်တာပေါ့။ မိမိတို့ဆီမှာတော့ 'မော်ပီ ဆရာသိန်းကြီးကိုယ်တိုင် ခေါ်လာခဲ့ပါ' လို့ ညွှန်ကြားနေတာ တွေကို ကြားနေရတာက အရပ်ရပ်နေပြည်တော် ကြားလို့မှ မတော်ပါဘူးနော်။

ထားတော့၊ ဟင်္သာတဆိုတာ ဟင်္သာဖိုမ တစ်ကောင် နဲ့တစ်ကောင် တမ်းတကြလို့ပဲဆိုဆို၊ နရသီဟပတေ့မင်းကြီး ဟင်းလျာတလို့ပဲပြောပြော အဲဒီလို သမိုင်းအခြေအမြစ် စွမ်း ဆောင်မှုအစစ်တွေနဲ့ ထွန်းတည်ရစ်တဲ့ မြို့ကြီးပြကြီးပါ။

တံခွန်တိုင်ခြေရင်းမှာ ထိုင်ရင်း ဟင်္သာတအကြောင်း သိကောင်းစရာတွေကို တွေးကောင်းကောင်းနဲ့ တွေးနေလိုက် တာ နေကလေးတောင် ချိုရာကနေ ညိုလုလုဖြစ်ပါပြီ၊ မြင်း ကွေ့ကျောင်းဘက် ခရီးဆက်ဦးမှပဲ။

ဦးပါရဲ့ စေတီတော်မြတ်ကြီးဘက်ကနေ ပြန်လာတြ တော့ နေကလေးက ဆောင်းနေမို့ ... ... မှိုင်းနေပြီ။ ဒီလိုဆိုတော့ ... ဝန်းကျင်ဟာ မှုန်ပုပု မှိုင်းရီရီ အေးမြမြလေးနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com


သိမ်ရှိလှတယ်။ ဦးပါရဲစေတီတော်မြတ်ကြီး တည်ထားရာ အရပ်ဟာ ဟိုယခင်တုန်းက ကျောင်းဆိပ်ရပ်ကွက်ဖြစ်ပါသတဲ့။ ၁၇၉၅ ခုနှစ်က အိန္ဒိယဘုရင်ခံချုပ်ရဲ့ အထူးသံတမန် မိုက်ကယ်ဆိုင်း (Michael Symes) ဟာ မြန်မာ-အင်္ဂလိပ် နှစ်နိုင်ငံ ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဘိုးတော်ဘုရားကို လာရောက်ဖူးမြော်တွေ့ဆုံဖို့ အမရပူရ ရွှေမြို့တော်ကို လာခဲ့တယ်။ လာရမှာက ရန်ကုန်မြို့ကဆိုတော့ မိုက်ကယ်ဆိုင်းတို့သင်္ဘောဟာ ဟင်္သာတကို ဖြတ်ရမှာပေါ့။ ၁၇၉၅ ခုနှစ်၊ ဇွန်လ ၄ ရက်၊ ညနေ ၄ နာရီခွဲမှာ ဟင်္သာတကို ရောက်လာတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာကျော်ကပေါ့။

အဲဒီလို ရောက်လာတော့ မိုက်ကယ်ဆိုင်းတို့သင်္ဘောဟာ ကျောင်းဆိပ် (Kioumzeik or Convent Stairs) မှာဆိုက်ကပ်ပြီး တစ်ညတာ ရပ်နားကြသတဲ့။ ကျောင်းဆိပ်ဆိုတာ



ညွှပ်ဒါကထာ မိန့်ကြားတော်မူနေသော ရွှေရတုဓမ္မနေ့ရှင် မြစ်ကွေ့တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ

Convent Stairs ကိုပြောတာပါ။ ခရစ်ယာန်သီလရှင်ကျောင်းရဲ့လှေကား တပ်ဆင်ပြုလုပ်ထားတဲ့ နေရာကို ပြောတာပါ။ မြစ်ချောင်းအင်းအိုင် ပေါများတဲ့အရပ်ဒေသတွေမှာ လှေပေါ်က ဆင်းတာနဲ့ အိမ်ပေါ်ကို တောက်လျှောက်တက်ရောက်နိုင်တဲ့ လှေကားမျိုးတွေ တပ်ဆင်ထားလေ့ရှိပါတယ်။ အင်းလေးကန်ထဲမှာဆိုရင် အဲဒါမျိုးလှေကားတွေ အများကြီးပေါ့။ အဲဒီ ခရစ်ယာန်သီလရှင်ကျောင်းဟာ အခုတော့ ရှိဟန်မတူတော့ပါဘူး။ စပ်စုချင်သေးပေမယ့် အခြေအနေမပေးတာနဲ့ လက်လျှော့ခဲ့ရပါတယ်။



ရွှေရတုဓမ္မနေ့ရှင် မြစ်ကွေ့တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒသိ

အဲဒီလို ရပ်နားတုန်း မိုက်ကယ်ဆိုင်းဟာ ကျောင်း နဲ့ပတ်သက်ပြီး အခုလို မှတ်တမ်းရေးခဲ့ပါသတဲ့။

"မြို့နှင့်ဆိပ်ကမ်းကြား သဲသောင်ရှိသည်။ ဥဏ တော် မမြင့်လှသော်လည်း ထိပ်ဖျားမှ ခြေတော် ရင်းထိ ရွှေရောင်ဝင်းနေသော စေတီတော် နှစ်ဆ ကို ဖူးတွေ့ရသည်။ ဘုန်းကြီးကျောင်း များစွာတည် ရှိပြီး ရဟန်း၊ သံဃာများကို မြစ်ကမ်းတစ်လျှောက် အစုန် အဆန် ကြွချီနေကြသည်ကို ဖူးတွေ့ သည်၊ ကျောင်းဆိပ်အရပ်ဒေသသည် အလွန်စည် ကားပြီး ဖွံ့ဖြိုးတိုးတက်သောအရပ်ဖြစ်ကြောင်း မြ သာလှသည်၊ ချောင်းလက်တက်များ၊ မြောင်းငယ် များ လက်ခွင်းယှက်နေပြီး တောင့်တင်းကောင်းမွ သော သစ်သားတံတားများ ထိုးထားသည်။ ချ သည် ရက်လုပ်သော ရက်ကန်းလုပ်ငန်းသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည်

ကျောင်းဆိပ်အနီးတွင် မြို့သက်တမ်း ကြာ ညောင်းရင့်ကျက်သော ဟင်္သာတမြို့ ရှိသည် လှည်းလမ်းများ၊ လူသွားလမ်းများ ကူးလူးယှက်နွ နေပြီး အနီးဝန်းကျင်မြို့ရွာများနှင့် ဆက်သွယ်သွား လာရေး ချောမွေ့အဆင်ပြေသည်။ ထွန်ယက်စိုက် ပျိုးခြင်းနှင့် လယ်ကွင်းများ နည်းပါးပြီး ကျွဲ နွားအုပ်ကြီးများကို တွေ့ရသည်၊ ဟင်္သာတ သည် ချမ်းသာကြွယ်ဝသော မြို့တစ်မြို့ဖြစ်သည်





www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုမွေးနေ့မင်္ဂလာတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းနေစဉ်

ကျွန်းသစ်ထုတ်လုပ်ရာ ဒေသတစ်ခုဖြစ်ပြီး အထူးသဖြင့် ဟင်္သာတမြို့သည် ဧရာဝတီမြစ်ကမ်းပေါ်ရှိ ဆက်သွယ်သွားလာရေး အချက်အချာကျသော မြို့ဖြစ်ရာ ဆက်လက်ဖွံ့ဖြိုးတိုးတက်နေဦးမည်မှာ သံသယရှိစရာ မလိုပေ"

ခေါ်လိုက်တဲ့ မိုက်ကယ်ဆိုင်း၊ ကျောင်းဆိပ်မှာ ...အိပ်တာနဲ့ ဒေသရဲ့ကောက်ကြောင်းတွေ၊ ဒေသရဲ့ ...ာက်စီးပွားရေး အခြေအနေ၊ ဒေသရဲ့ အနာဂတ်ဖော် ...မှု စတာတွေကို ဒက်ခနဲ တွေ့ရှိမြင်သိပြီး သမိုင်းတွင် ...် မှတ်တမ်းတင်နိုင်ခဲ့တယ်။ နှစ်ပေါင်းများစွာ ထိတွေ့ ...းနေပေမယ့် ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့ဆွေမျိုး ...် ကွက်ကွက်ကလေးသာ သိမြင်ပြီး 'ကိုယ်ပျောက် ...း' တွေကို ချိုမြိန်စရာမဟုတ်ဘူးဆိုတာ မိုက်ကယ်ဆိုင်း ...သာ်တမှတ်တမ်း' က မက်ဆေ့ချ် (Message) ပေးနေပါ

...ိုက်ကယ်ဆိုင်းရဲ့ မက်ဆေ့ချ်ကို ရင်ဝယ်ပိုက်ပြီး ...်လာလိုက်တာ မြစ်ကွေ့ကျောင်းတိုက်ကြီးကိုရောက် ...မ်းရောင်စုံတွေ ထိန်ထိန်လင်းပြီး လူသူပရိသတ်တွေ ...တော်တော်လေး စည်ကားနေပါပြီ၊ ဇေယျာသီရိ သုံး ...ိုက်ကျောင်းကြီးရှေ့မှာ သံဃာတော်နဲ့ သာမဏေများ ...ာရေးတံမဲဖောက်ပြီး လှူဖွယ်ဝတ္ထုတွေ ဆက်ကပ်လှူဒါန်း ...ို့ အယုတ်၊ အလတ်၊ အမြတ်မရွေး ခုနစ်ရက်သားသမီး ...်သည်း မုန့်ဟင်းခါးနဲ့ ကျွေးမွေးဧည့်ခံနေပါတယ်။ ဒါက ...ြတ် ဘဒ္ဒန္တစန္ဒသိရီရဲ့ ရွှေရတုမွေးနေ့ပွဲအကြို အလှူ ...်လာ ဖြစ်လိမ့်မယ်လို့ ခန့်မှန်း ကြည်ညိုမိရပါတယ်။ ...၁၁. ၁၂. ၂၀၁၂၊ အရှင်မြတ် ဘဒ္ဒန္တစန္ဒသိရီ ရွှေရတု ...နေ့ အလှူတော်မင်္ဂလာ နေ့မြတ်ကတော့ မနက်ဖြန် ...၂၀၁၂ ဗုဒ္ဓဟူးနေ့ ဖြစ်ပါတယ်။ အားလုံး စိတ်ဝင် ...း နားစွင့်နေကြတဲ့ '၁၂ သုံးကြိမ်ထပ်တဲ့ နေ့ကြီးပေါ်၊ မြန်မာနှစ်အလိုအားဖြင့် ၁၃၇၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် ဖြစ်ပါတယ်။

ဇေယျာသီရိ သုံးထပ်ကျောင်းတိုက်ကြီးရဲ့ မျက်နှာချင်းဆိုင်မှာတော့ စာအုပ်ဆိုင်တွေ မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းထားတာ တွေ့ရပါတယ်။ ရွှေမောင်းစာပေ၊ ကံ့ကော်ဝတ်ရည်စာပေ၊ ပြုံးစာပေ၊ လင်းလွန်းခင်စာပေ၊ ရန်အောင် ၁၊ ရန်အောင် ၂ စာပေတို့က ဟင်္သာတမြို့စာပေချစ်သူများအတွက် သုတ ရသ စာအုပ်တွေကို အထူးအစီအစဉ်နဲ့ လာရောက်ရောင်းချပေးတာ ဖြစ်ပါတယ်။ ဒီစာအုပ်တိုက်တွေဟာ မိမိတို့ရဲ့အကျိုးစီးပွားကို ပဓာနမထားဘဲ အရှင်မြတ် ဘဒ္ဒန္တစန္ဒသိရီရဲ့ ရွှေရတုမွေးနေ့မင်္ဂလာကို ပူဇော်သောအနေအားဖြင့် လာရောက်ရောင်းချပေးတာ ဖြစ်တဲ့အတွက် ချီးကျူးဂုဏ်ယူသာဓုခေါ်မိရပါတယ်။

မွေးနေ့မင်္ဂလာရှင် အရှင်မြတ်ဘဒ္ဒန္တစန္ဒသိရီ ကိုယ်တော်တိုင်ကလည်း စာပေဝါသနာရှင်ဖြစ်သလို 'အရှင်စန္ဒသိရီ (မြစ်ကွေ့)' အမည်နဲ့လည်း စာတွေရေးနေတဲ့ စာရေးဆရာ (ရဟန်းစာဆို)ဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုလို ထူးထူးခြားခြား ဆင်နွှဲပြုလုပ်တဲ့ ရွှေရတု သက်တော်(၅၀)ပြည့် မွေးနေ့မင်္ဂလာ အခါသမယမှာ 'စာပေဟောပြောပွဲ' ထည့်သွင်းကျင်းပပြီး 'စာအုပ်ဈေးရောင်းပွဲတော်' ကိုပါ ဖွင့်လှစ်စေခဲ့တာ ဖြစ်ပါတယ်။

ဟင်္သာတမြို့ဟာ အထက်တစ်နေရာမှာ ဆိုခဲ့သလို စာပေသွေး ပူနွေးတဲ့မြို့ ဖြစ်တာမို့ စာအုပ်ဆိုင်တွေဟာ ပရိသတ်တွေနဲ့စည်ကားနေပါတယ်။ စာအုပ်မျိုးစုံကို စာဖတ်သူရှေ့အရောက် လာရောက်ရောင်းချပေးတာမို့လည်း စာဖတ်သူတွေဟာ မိမိတို့လိုအပ်တဲ့ စာအုပ်တွေကို မပင်မပန်း ရွှင်လန်းသာယာစွာ ဝယ်ယူနေတာတွေ့ရတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။စာပေဟောပြောပွဲကိုတော့ ည ၈ နာရီမှာ ကျင်းပဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။



ရွှေရတု မွေးနေ့မင်္ဂလာပွဲတွင် ထမင်းသုံးဆောင်နေကြသော ...



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုမွေးနေ့မင်္ဂလာ စာအုပ်ဈေးပွဲတော်



ရွှေရတုမွေးနေ့ရှင် တိုက်အုပ်ဆရာတော်အား လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းနေစဉ်



ရွှေရတုမွေးနေ့မင်္ဂလာ စတုဒိသာအလှူတော်



ရွှေရတုမင်္ဂလာသို့ ကြွရောက်လာသော သံဃာတော်အရှင်မြ

ဟောပြောမယ့် စာပေပညာရှင် စာရေးဆရာ၊ စာရေးဆရာမတွေကတော့ သကျနွယ် (ရွှေပင်လယ်)၊ ငွေကြယ်စင်၊ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ မောင်စိန်ဝင်း (ပုတီးကုန်း) တို့ ဖြစ်ပါတယ်။ အခုအချိန်က ညနေ ၆ နာရီလောက်ရှိပါပြီ။ သကျနွယ်(ရွှေပင်လယ်)နဲ့ ငွေကြယ်စင်တို့ကိုသာ တွေ့မိရပါတယ်။ ဆရာမကြီး စမ်းစမ်းနွဲ့(သာယာဝတီ)နဲ့ မောင်စိန်ဝင်း (ပုတီးကုန်း)တို့ကတော့ ရောက်မလာကြသေးပါဘူး။ လင်းလွန်းခင်စာပေက ဦးသိန်းလွင်(ကျောက်ပုထိုး)၊ ကံ့ကော်ဝတ်ရည်စာပေက 'ဝိုင်း'တို့နဲ့အတူ မကြာမီရောက်လာတော့မယ်ဆိုတဲ့ သတင်းကိုတော့ ကြားသိနေရပါတယ်။

ဒါနဲ့ လင်းလွန်းခင်စာပေရဲ့ စာအုပ်အရောင်းဆိုင်လေးမှာ ဝင်ထိုင်ရင်း မီးရောင်စုံတွေ ထိန်ထိန်ညီးနေတဲ့ ဟင်္သာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကြီးရဲ့ စည်ကားသိုက်မြိုက်ခမ်းနားထည်ဝါမှုတွေကို မုဒိတာတရားနဲ့ယှဉ်ပြီး ဘာဝနာပွားနေမိပါတယ်။

ဟုတ်ပါတယ်၊ နူတ်ခမ်းဖျားလေးနဲ့ လုပ်လီလုပ်လဲ့ ခပ်နွဲ့နွဲ့လေး ထွက်လာတဲ့ မုဒိတာမျိုးမဟုတ်၊ ရင်ထဲ အသည်းထဲ ကျောက်ကပ်ထဲက နက်နက်နဲနဲ လှိုက်လှိုက်လှဲလှဲ တ
နက်ထွက်လာတဲ့ မုဒိတာစစ်စစ် ဖြစ်ပါတယ်။ ဒီအတွ
အပြောရဲလှချေလားလို့ အမေးရောက်ခဲ့ရင် 'ဒီထက်ပိုသေ
လို့သာ ပြောရပါတော့မယ်။

ဟုတ်ကဲ့၊ ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက်ကြ
ပတ်သက်လာရင် 'မြို့ဟင်္သာရဲ့ နာလန္ဒာ'၊ 'သာသနာ့အာ
နည်များ ထွန်းကားရာအောင်မြေ' စတဲ့ဂုဏ်ထူးဝိသေသ
နဲ့ ချီးကျူးဂုဏ်ပြုပုံတွေကို အာရုံပြုမိရပါတယ်။

'မြို့ဟင်္သာရဲ့ နာလန္ဒာ' တဲ့။ နာလန္ဒာဆိုတာ မ
ဒေသ၊ အိန္ဒိယနိုင်ငံ၊ ဗိဟာရ်နယ်၊ ဗိဟာရှရစ်မြို့ အနေ
တောင်ဘက် လေးမိုင်လောက်အကွာမှာ တည်ရှိတဲ့ ကျ
ကျော် ဗုဒ္ဓတက္ကသိုလ်ကြီးရဲ့ အမည်နာမတော် ဖြစ်ပါတ
အေဒီ ၂ ရာစုမှာ နာဂဇ္ဇုန (Nagajuna) က နာလန္ဒာဗုဒ္ဓ
သီလကို စတင်တည်ထောင်ခဲ့ပြီး ကျောင်းပေါင်း ၁၈
တယ်။ စာပေပို့ချတဲ့ ကထိကပေါင်း တစ်ထောင်ကျော်
တယ်။ ထေရဝါဒ၊ မဟာယာန၊ ဟိန္ဒူ စတဲ့ ဘာသာပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်္သာတမြို့ အလှသဘာဝ တစ်စိတ်တစ်ဒေသ

လူမျိုးပေါင်းစုံကို အသွေးအရောင် မခွဲခြားဘဲ ဗုဒ္ဓဘာသာနဲ့ ဆက်နွှယ်ရာ ပညာရပ်တွေကို သင်ကြားပေးတယ်။ အေဒီ ၁၂ ရာစု ကုန်ခါနီးမှာ သခ်ါရတရားရဲ့ စေစားရာအတိုင်း နာလန္ဒာဟာ ဘာသာခြားတွေရဲ့ စစ်ရေးအရ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရတယ်။ ဒါပေမဲ့ ယနေ့အခါမှာ နာလန္ဒာဟာ ပြန်လည် ရှင်သန်နေပါပြီ။

အဲဒီလိုပါပဲ၊ ဟင်္သာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကြီးဟာ ခေတ်အဆက်ဆက်၊ မထေရ်အဆက်ဆက် ဖြစ်ပြန် ပျက်ပြန် လောကဓံတွေကို ကြုံကြုံခံရင်း ယနေ့အခါမှာ သာယာရွှင်လန်း မိုးဆမ်းပန်းအသွင် ရှင်သန်ဖွံ့ဖြိုးနေပါပြီ။ ဒါကြောင့် 'မြို့ဟင်္သာရဲ့ နာလန္ဒာ' လို့ ဂုဏ်ပြုတင်စားစာတံခွန်လွှားခဲ့တာပဲ ဖြစ်ပါတယ်။

ပမာထားယူ ထို့အတူသာ တင်စားရစတမ်းဆိုပါရင် ဟင်္သာတမြို့ကို Phoenix City (ဖီးနစ်စီးတီး) လို့ တင်စားချင်သလို မြစ်ကွေ့ပရိယတ္တိ စာသင်တိုက်ကြီးကိုလည်း Phoenix Monastery လို့ အမွှမ်းတင်ချင်မိပါတယ်။ Phoenix ဆိုတာ အာရေဗျသဲကန္တာရထဲမှာ ကျက်စားတဲ့ ငှက်အမည် ဖြစ်ပါတယ်။ အဲဒီ Phoenix ငှက်ဟာ အာရေဗျသဲကန္တာရထဲမှာ နှစ်ပေါင်း ရာနဲ့ချီပြီးတော့ ရှင်သန်နေထိုင်တဲ့ငှက်ဖြစ်ပါတယ်။ Phoenix ငှက် သေတဲ့အခါ သူ့အလိုလို မီးလောင်ပြီးတော့ သေပါတယ်။ ဒါပေမဲ့ Phoenix ငှက်ဟာ ပြာပုံထဲကနေ ပြန်လည်ရှင်သန်ထမြောက်လာပြီး ငှက်ပျိုငှက်လွင်လေးအဖြစ်နဲ့ ဝေဟင်မှာ ဝဲပျံဆော့မြူးနေပြန်ရောတဲ့။ ဒါကြောင့် Phoenix ငှက်ဟာ အာယုသိဒ္ဓိပြီးနေတဲ့ 'မသေငှက်' ဖြစ်ပါတယ်။

ဟင်္သာတမြို့ကြီးဟာလည်း Phoenix City (မသေသာမြို့) ဖြစ်ပါတယ်။ ဆိုရရင် ဟင်္သာတမြို့ဟာ အကြောင်းရင်းလေးရပ်ပေါ်မှာ တည်မှီပြီးတော့ ပေါ်ထွန်းလာတဲ့မြို့ဖြစ်တယ်။ ရာဇဝင်ထဲက ဟင်္သာတမြို့ဟာ ရှေးသရောအခါက သာရဝေါခရိုင် စီရင်စုသာဖြစ်တယ်။ သမုဒ္ဒယောသမင်းနဲ့ မိဖုရား ဥမ္မာဒန္တီတို့ လက်ထက်တော်မှာ သာရဝေါမြို့ကို 'သီတာမြို့' ခေါ်တယ်။ သီတာမြို့ဟာ ဧရာဝတီမြစ်ရေ တိုက်စားခံရလို့ တရွေ့ရွေ့ အနောက်ဘက်ကမ်းကို ရောက်လာတယ်။ အဲဒီနေရာမှာ ဟင်္သာမောင်နှံ ရွှေလည်တွဲလို့ ဝဲပျံပျော်မြူးကြတဲ့အခါ (ဟင်္သာငှက်တွေ သက်ဆင်းကျရောက်တဲ့အခါ) 'ဟင်္သာပတ' လို့ သမုတ်ခဲ့ကြတယ်။ နောက်တော့ 'ပ' အက္ခရာကိုချေပြီး 'ဟင်္သာတ' လို့ ခေါ်လာကြတယ်။ ဒါက အကြောင်းရင်း 'တစ်'ပေါ့။ အကြောင်းရင်း 'နှစ်' ကတော့ မြစ်မင်းဧရာရဲ့ သဲသာသောင်ခြေမှာ ဟင်္သာမောင်နှံ ရွှေလည်တွဲလို့ ချစ်ပွဲဝင်နေကြတုန်း လေနီကြမ်းတိုက်ခတ်မှုနှောက် အချစ်အိမ်လေး မှောက်သွားတဲ့အခါ ဟင်္သာဒေဝီ မဟေသီဟာ လင်ပျောက်ကိုရှာ စုံနံ့သာမြိုင် ကန္တာခရီးမှာ ဆိုညည်းကာ 'တ'ရှာတဲ့အတွက် 'ဟင်္သာတ' တဲ့။

နောက်အကြောင်းရင်း 'သုံး'ကတော့ ဟင်းခွက်သုံးရာပါမှ ပွဲတော်တည်တဲ့ ပုဂံပြည်က နရသီဟပတေ့မင်း (တရုတ်ပြေးမင်း) ဟာ တရုတ်တို့ဘေးရန်ကနေ ထွက်ပြေးတိမ်းရှောင်လာတဲ့အခါ ပုဏ္ဏဝတီမြစ်နဲ့ သုဝဏ္ဏနဒီတို့ဆုံရာ ရောက်လာတယ်။ ပုဏ္ဏဝတီနဲ့ သုဝဏ္ဏနဒီဆိုတာ ငဝန်မြစ်နဲ့ ဧရာဝတီမြစ်တို့ရဲ့ ပုဂံခေတ် အခေါ်အဝေါ်တွေ ဖြစ်ပါတယ်။ အဲဒီနေရာမှာ နရသီဟပတေ့မင်းဟာ ရွှေဖောင်တော်ထက်မှာ ပွဲတော်တည်တဲ့အခါ ဟင်းခွက်သုံးရာမပြည့်လို့ ဖျင်လက်နဲ့ မျက်နှာအုပ်ပြီး 'ငါကိုယ်တော် မွဲလှချေရဲ့' လို့ ဟင်းလျာကို 'တ'ပြီး ငိုကြွေးတော်မူရှာသတဲ့။ အဲဒီလို 'ဟင်းလျာတ' တာကို အကြောင်းပြုပြီး ဟင်းလျာတ၊ နောက် ကာလရွေ့လျောလာတော့ 'ဟင်္သာတ'ဖြစ်ပါသတဲ့။

အကြောင်းရင်း 'လေး' အလိုအရ ခနုံး ခနီအပင်ကို မွန်ဘာသာနဲ့ ဟန်းသဒါး ခေါ်တယ်။ ဟန်းသဒါးအပင်တွေ ပေါက်ရောက်ရာအရပ်ဖြစ်လို့ 'ဟန်းသဒါး' ခေါ်ရာကနေ နောက်တော့ 'ဟင်္သာတ' ဖြစ်လာရောတဲ့။

အဲဒီလို 'ငါးမည်ရ' ပြည်ရွှေဘိုကို အမီလိုက်တဲ့ 'လေးမည်ရ' (တချို့ကလည်း ငါးမည်ရ) ဟင်္သာတ ရွှေမြို့တော်ကြီးဟာလည်း နာမည်ကျော် မြို့တော်ကြီးများ ဘုံဓလေ့မှာ ကြုံတွေ့ရလေ့ရှိတဲ့ လောကဓံဇာတ်လမ်းတွေရဲ့ ဓမ္မတာအတိုင်း 'စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်၊ ဘေးထစ်လည်းခံ၊ နေလျှံလည်းတိုက်' ဆိုသလို 'ဘီလူးသွားကို လဖြတည်း' အဖြစ်မျိုးတွေနဲ့ ကြုံခဲ့ရတယ်။ အင်္ဂလိပ်-မြန်မာ စစ်ပွဲတွေ၊ ဒုတိယကမ္ဘာစစ်ပွဲတွေ၊ 'သာတူညီမျှတရား'၊ 'အရှေ့အာရှကောင်းစားရေး'၊ 'နီပွန်ဘန်ဇိုင်း'၊ 'ဘိရမာနေဘ်၊ နီပွန်နေဘ် အတူတူပဲ'၊ 'တောသားဖိုးတုတ်ရဲ့ ဒါဝင်အယူအဆ'၊ 'အရေးတော်ပုံ အောင်ရမည်' စတဲ့ အရေးအခင်းတွေကြားမှာ ဟင်္သာမောင်နှံ လည်ချင်းမယှက်နိုင် ဖြစ်ခဲ့ရတယ်။ ပြည်တွင်းသောင်းကျန်းမှုသမိုင်းတစ်လျှောက် ဓားစကြာ၊ လှံစကြာတွေကြားမှာ 'ငါးဝန်မြစ်မ၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုမွေးနေ့မင်္ဂလာ
စာပေဟောပြောပွဲတွင်
ဟောပြောမည့်
သကျနွယ်(ရွှေပင်လယ်)၊
မောင်စိန်ဝင်း (ပုတီးကုန်း)၊
စမ်းစမ်းနွဲ့ (သာယာဝတီ)၊
ငွေကြယ်စင် (ဝဲမှယာ)



ရွှေရတုမွေးနေ့မင်္ဂလာ
စာပေဟောပြောပွဲတွင်
စိတ်ဝင်တစား
တက်ရောက်လာသော
ပရိသတ်များ

ဟင်္သာတ၊ တပ်မအခိုင် တည်လတ္တံ့' သိုက်တဘောင်သံတွေ ပွက်လောညံခဲ့တယ်။

ဒီကြားထဲ မြေပူရာကင်းမှောင့် မီးဘေး၊ ရေဘေး၊ သဘာဝဘေးအန္တရာယ်တွေရဲ့ ဝါးမျိုနှိပ်စက်တာတွေကလည်း ကြောက်ခမန်းလိလိ။ '၁၉၄၈ မှာ ငါမွေးတယ်၊ လွတ်လပ်ရေးရလို့ တစ်မြို့လုံးပြုံး၊ ၁၉၅၃ ကျ မီးကြီးလောင် မြို့လုံးကျွတ်ပြောင်လု၊ လောကဓံအထောင်းအထု' တွေကလည်း သုမနကျောမှာ ဒဏ်ရာတွေနဲ့။ ဘာပဲပြောပြော အခုတော့ လွတ်လပ်ပွင့်လင်းမှု လေပြည်လေညင်းတွေနဲ့အတူ ဗိုလ်မြတ်ထွန်း တံတားကြီးရဲ့ လက်တစ်ကမ်းမှာ 'မြို့ရွှေဟင်္သာတ' ဟာ ပန်းပန်လျက်ပါပဲ။

ဒါကြောင့် ဟင်္သာတမြို့ကို Phoenix City လို့ တင်စား ဂုဏ်ပြုလိုက်တာပါ။ ဟော မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကြီး ကရောတဲ့။ Phoenix Monastery၊ ဟုတ်တယ်၊ မသေသော ဘုန်းတော်ကြီးကျောင်း။

မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကြီးရဲ့ ပထဝီဝင်ကို ကြည့်လိုက်ရင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဥယျာဉ် မြောက်ရပ်ကွက်မှာ တည်ရှိပါတယ်။ ကျောင်းရဲ့မျက်နှာစာမှာ မြစ်ကွေ့ကျောင်းလမ်း၊ တောင်ဘက်မှာ လမ်းမတော် အနောက်ဘက်နဲ့ မြောက်ဘက်တို့မှာ စစ်ကဲလမ်းရှိတ ကျောင်းတိုက်အကျယ်အဝန်းက ၀ ဒသမ ၂၅၂ ဧကရှိတယ် မြို့တော်ရဲ့ အချက်အချာကျတဲ့ နေရာမှာ ရှိပါတယ်။

www.burmeseclassic.com



ရွှေရတုမွေးနေ့ရှင် တိုက်အုပ်ဆရာတော်ကိုယ်တိုင် စာရေးတံမဲပေါက် သံဃာတော်တို့အား လှူဖွယ်ဝတ္ထု လှူဒါန်းနေစဉ်

မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကြီးရဲ့ သမိုင်းဝင်ပုံရိပ်တွေကတော့ ရွှေပုရပိုက်ပေါ်မှာ စိန်ကညစ်နဲ့ ရေးထိုးမှတ်တမ်းတင်ရလောက်အောင် ပြောင်မြောက်မွန်မြတ် ကြီးကျယ်ခမ်းနားလှတယ်။

မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကြီးရဲ့ အမွန်အစ ပထမဆရာတော်မထေရ်မြတ်ကြီးက 'ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ကြီး' ဖြစ်တော်မူပါတယ်။ ဘွဲ့အမည်တော် အရှင်မုနိန္ဒာဘိဓဇ ဖြစ်တော်မူပါတယ်။ မြန်မာနိုင်ငံ သာသနာဝင်မှာ အထူးထင်ရှားကျော်ကြားတော်မူတဲ့ 'ဇိနတ္ထပကာသနီ' ကျမ်းကြီးကို ရေးသားပြုစုတော်မူတဲ့ အရှင်မြတ်ကြီးလည်းဖြစ်ပါတယ်။ မြန်မာနှစ် ၁၂၁၄ ခုနှစ် (လွန်ခဲ့သော နှစ်ပေါင်း ၁၆၀)မှာ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးကို ဟင်္သာတမြို့က ပင့်ဖိတ်တဲ့အတွက် ဟင်္သာတမြို့ ကသဲတန်း ဥယျာဉ်ကြီးရပ်မှာ သီတင်းသုံးတော်မူပါတယ်။ အခု ရွှေသာလျောင်းလမ်းနဲ့ ဦးဘသိန်းလမ်းထောင့် သျှင်ပင်သာလျောင်းဘုရားရဲ့ အရှေ့ဘက်နေရာမှာ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ ကျီးသဲကျောင်းနေရာဖြစ်ပါတယ်။ ရှင်ပင်သာလျောင်းဘုရား အရှေ့ဘက်ကပ်ရက် ရတနာယရ ရွှေအိမ်တော် စေတီတော်ဟာ ကျီးသဲကျောင်းဦးစေတီတော် ဖြစ်ပါတယ်။ စေတီတော်ဒါယကာက ကျောင်းဆိပ်ရပ် ဦးဖော်ကြီး မယ်ငွေဥတို့ ဖြစ်ပါတယ်။

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးဟာ ဦးသဒ္ဓမ္မကို ကျောင်းကန်ပရိဘောဂတွေ ပေးစွန့်လှူဒါန်းပြီး ကျီးသဲရွာကို ပြန်ကြွတော်မူတယ်။ မကြာမီ ကျောင်းအချို့ မီးလောင်ခံရတဲ့အတွက် ဦးဖော်ကြီး၊ ဦးကြိုင်၊ အမိန့်တော်ရ ဦးသာချွန်းဖြူ၊ ဒေါ်ကွန်း၊ ဦးရွှေစွန်၊ ဒေါ်ပဲကြီး စတဲ့ ဒကာ၊ ဒကာမတစ်တွေက လက်ရှိနေရာမှာ ကျောင်းတိုက်ကို မြန်မာနှစ် ၁၂၃၀ ပြည့်နှစ်မှာ ပြန်လည်တည်ထောင် လှူဒါန်းခဲ့ပါတယ်။

ဦးသဒ္ဓမ္မအရှင်မြတ်ဟာ မကွေးမြို့ခေါ် မြစ်ကွေးမြို့ကနေ ကြွရောက်လာတာကို အကြောင်းပြုပြီး ကျောင်းကို 'ဦးမကွေးကျောင်း' 'မြစ်ကွေးကျောင်း' လို့ ခေါ်တွင်လာခဲ့ကြပါတယ်။

နောက်တော့ ဧရာဝတီမြစ်ရေ တိုက်စားလို့ ကမ်းပြိုတဲ့အခါ 'မြစ်ကွေးကျောင်း' နားရောက်မှ ကမ်းအပြိုရပ်ပြီး မြစ်ကွေ့သွားတဲ့အတွက် 'မြစ်ကွေ့ကျောင်း' လို့ ဂုဏ်ထူးဝိသေသ ပြုခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ရှေးအခေါ် ဦးမကွေးကျောင်း၊ မြစ်ကွေးကျောင်း ဖြစ်ပြီးတော့ ဒီနေ့ကာလ 'မြစ်ကွေ့ကျောင်း' ရယ်လို့ သုံးမည်ရကျောင်း ဖြစ်ရတာပါပဲ။

ဒီဖြစ်စဉ်အရ မြစ်ကွေ့ကျောင်းရဲ့ အမွန်အစ ပထမဟာ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးကနေ ဆင်းသက်လာတာမို့ 'မြစ်ကွေ့အစ ကျီးသဲလေးထပ်က' လို့ ဆိုစမှတ်ပြုကြတာပဲ ဖြစ်ပါတယ်။ ကျောင်းတိုက်တည် အာဒိကမ္မိက ပထမဆရာတော်ကတော့ ဦးမကွေး (ခေါ်) ဦးသဒ္ဓမ္မပေါ့။

ဒီလိုနဲ့ ဒုတိယမြောက် မြစ်ကွေ့ဆရာတော် အရှင်ပညာရံသီမဟာထေရ်၊ တတိယမြောက် မြစ်ကွေ့ဆရာတော် ဦးဝိမလဗုဒ္ဓိ၊ စတုတ္ထမြောက် မြစ်ကွေ့ဆရာတော် ဦးပညာဝံသ၊ ပဥ္စမမြောက် မြစ်ကွေ့ဆရာတော် ဦးနန္ဒဓဇ၊ ဆဋ္ဌမမြောက် မြစ်ကွေ့ဆရာတော် ဦးတေဇိန္ဒ၊ သတ္တမမြောက် မြစ်ကွေ့ဆရာတော် ဦးဝိလာသ၊ အဋ္ဌမမြောက် မြစ်ကွေ့ဆရာတော် ဦးသာသနိက ဆိုပြီးတော့ မြစ်ကွေ့ကျောင်း မဟာထေရ်အစဉ်အဆက် သာသနာ့ခရီး ဆက်လက်ချီတက်လာခဲ့တယ်။



ရွှေရတု မွေးနေ့မင်္ဂလာ စာပေဟောပြောပွဲတွင် ဟောပြောနေသော ဆောင်းစိန်ဝင်း (ပုသိမ်ထူး)





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုချီတက်လာတဲ့ သာသနာ့ခရီးဟာ တကယ်တော့ ပန်းမွေ့ရာ ရွှေကော်ဇောခင်းထားတဲ့ တော်ဝင်လမ်းမတော်ကြီး မဟုတ်ခဲ့ပါဘူး။ 'ခေါက်ရှာငှက်ပျံ၊ ခပ်ပုပ်ပျံနှင့်၊ ဘုတ်ပျံရှုးပျံ၊ လောကစံ' ဆိုစကားအတိုင်း လှိုင်းတံပိုးထန်တဲ့ ပင်လယ်ပြင်ကို ဖြတ်သန်းခဲ့ရပါတယ်။

တတိယဆရာတော် လက်ထက်မှာ စာသင်သား ၁၆၃ ပါး၊ စတုတ္ထဆရာတော် လက်ထက်မှာ စာသင်သား ၁၉၈ ပါးအထိ တိုးတက်စည်ပင်ခဲ့ပေမယ့် ပဥ္စမမြောက် ဆရာတော် လက်ထက်မှာ ဒုတိယကမ္ဘာစစ် ဘေးဒဏ် အန္တရာယ်တွေက ရိုက်ပုတ်ခဲ့တာမို့ ကျောင်းကြီးလည်းပြို၊ စာသင်သားတွေလည်း ဆိတ်သုဉ်း၊ ငြိမ်းချမ်းရေးချိုးငှက်လေးတွေလည်း ဝရုန်းသုန်းကား ဖြစ်ခဲ့ရပါတယ်။

သတ္တမမြောက် ဆရာတော်လက်ထက်မှာ တိုက်တာကို မွမ်းမံထိန်းသိမ်းရင်း မြစ်ကွေ့သာသနာ ရောင်ခြည်ဖြာမယ့်ရက်ကို မျှော်လင့်ချက်ကြီးစွာ စောင့်ဆိုင်းတော်မူခဲ့ပါတယ်။ သတ္တမမြောက် ဆရာတော်ရဲ့ မျှော်လင့်မျက်ဝန်းတွေကို မြင်ယောင်ကြည့်ညိုမိရင်း 'အိုမာခိုင်ယမ်' ရဲ့ 'ရူဘာအီယတ်' ကဗျာစုထဲက ကဗျာတစ်ပုဒ်ကို ဖျတ်ခနဲ သတိရမိလို့ ပြောပြချင်ပါသေးတယ်။

အချည်းနှီးရဲ့
အလယ်မှာရှိတဲ့ အစအဦးဆီက
ဘဝရဲ့တစ်ခဏအရသာ မြည်းစမ်းဖို့
တစ်အောင့်ကလေး ဆိုင်းငံ့မှုပါ။



ရွှေရတု မွေးနေ့မင်္ဂလာ စာပေဟောပြောပွဲတွင်
အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေသော ဒေါ်မြမြနီ

ကြည့်လိုက်စမ်း
ဘာမှ မရှိတာကို ဖော်ပြနေတဲ့
အရိပ်အယောင် ဈေးလှည်းကြီး
ဆိုက်နေပြီ။
အို. . . မြန်မြန်လုပ်ကြပေါ့။

*(မောင်မျက်ရှင် ဘာသာပြန်*



ရွှေရတု မွေးနေ့မင်္ဂလာ စာပေဟောပြောပွဲတွင်
ဟောပြောနေသော စမ်းစမ်းနွဲ့ (သာယာဝတီ)



ရွှေရတု မွေးနေ့မင်္ဂလာ စာပေဟောပြောပွဲတွင်
ဟောပြောနေသော [illegible]



www.burmeseclassic.com

www.burmeseclassic.com

တွေးမြင်ကြည့်ပါ။ အိုမင်းရင့်ရော် ဇရာသရုပ်ပေါ်နေ ထိုက်တာ့အိုကြီးရဲ့ အလယ်မှာ အဝေးရောက် တပည့် တို့ မျှော်မောစောင့်ကြိုနေတော်မူတဲ့ အရှင်မြတ်ရဲ့ နှလုံး ဟာ ဘယ်လောက်များ ဗလောင်ဆူနေလိုက်ရှာလိမ့်မလဲ။ ဆုံးမှာတော့ 'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာတတ်' တဲ့ ဆရာဟာ မိုးထဲ လေထဲ လှိုင်းတံပိုးထဲမှာ လှေငယ် ကို အားခဲလှော်နေတဲ့ သတ္တမမြောက်မြစ်ကွေ့ဆရာတော် တ်' တည့်တည့် မိုးကြီးဝရဇိန်နဲ့ ပစ်ခွင်းလိုက်တယ်။

ဒါကြောင့် အဌမမြောက် မြစ်ကွေ့ဆရာတော် လက် တော်မှာ သံဃာတော်ဆယ်ပါးနဲ့သာ မြစ်ကွေ့သာသနာ ဟာ မျှတရှင်ပြုံး သီတင်းသုံးနေရတော့တယ်။ အဌမ ဆရာတော် ဦးသာသနိက အရှင်သူမြတ်ဟာ သီလ၊ ပညာ ကျင့်စဉ်တွေကို အားထုတ်ကြိုးစားရင်း နေ့စဉ် ဘုရားဝတ်တက်၊ ဆွမ်းစားကျောင်းမှန်မှန်တက်၊ ပုသ် ပြုတော်မူရာမှာ ကိုယ်တော်တိုင် ပါတိမောက်ပြ တွေ ဖတ်ရှုလှေလာ၊ ဂုဏ်တော်ပုတီးစိပ်၊ မေတ္တာပို့ တ်ဗုဒ္ဓရဲ့ သားတော်ပီပီ ခိုင်ကျည်သော စိတ်နှလုံးတော် သနာတော်ကို ပြုတော်မူခဲ့ပါတယ်။

ဒီလိုနဲ့ သတ္တမမြောက် မြစ်ကွေ့ဆရာတော် ဦးဝိလာ ွန်တော်မူပြီးနောက် မြန်မာနှစ် ၁၃၅၆ ခုနှစ် နယုန် ၉ ရက် (၁၉၉၄၊ ဇွန် ၁၃) နေ့မှာ ကျောင်းတွင်းရှိ တော် ကိုးပါးတို့ရဲ့ သဘောဆန္ဒ၊ ဒါယကာ၊ ဒါယိကာမ သဘောတူဆုံးဖြတ်ချက်တွေနဲ့အညီ ဆရာတော် ဦးသာ တို ဦးစီးပဓာန နာယက၊ ဘုန်းတော်ကြီး ဦးတရုဏ ယက၊ ဦးစန္ဒသိရီကို တိုက်အုပ်၊ စာချ၊ နာယက·အသီး င်မြှောက်တော်မူကြပြီး ၁၃၅၆ ခုနှစ်၊ နယုန်လပြည့် ၁၈ ရက် တနင်္ဂနွေနေ့မှာတော့ ကျောင်းတိုက်နာယက ြှောက်ပွဲနဲ့ ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်။

ဒါကြောင့် သံဃာတော် ၁၀ ပါးနဲ့ မျှတရှင်ပြုံး င်းသုံးနေတော်မူခဲ့ရတဲ့ မြစ်ကွေ့သာသနာတော်ဟာ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်နေ့က စပြီးတော့ တော် ၄၅ ပါးရဲ့ စာချ၊ စာအံ၊ စာလိုက်သံတွေနဲ့ ဝေရှိလာပြီး ရွှေဝါရောင်လွှမ်းခဲ့ရပါတယ်။ မိုးသက်မုန် တွကြားမှာ ငြိမ်သက်နေတဲ့ မြစ်ကွေ့သာသနာ အောင် ဟာလည်း နေခြည်ဖြာလို့ နွေးခဲ့ရပါပြီ။ လေပြည် လူးလွန့်နိုးကြွားလာပါပြီ။ သာသနာ့အလံတော်ရိပ်မှာ ိပ်ဝေနေတဲ့ ဒကာ၊ ဒကာမတွေရဲ့ ပီတိအပြုံးတွေဟာ လန်းဆန်းတက်ကြွလာခဲ့ရပါပြီ။

အဲဒီတုန်းက ရွှေရတုမွေးနေ့ရှင် ဘဒ္ဒန္တစန္ဒသိရီရဲ့ သက် ဟာ သုံးဆယ်ကျော်ကျော်လေး ရှိဦးမှာပေါ့။ အခု သက် ငါးဆယ်ပြည့် ရွှေရတုမင်္ဂလာ အခါသမယမှာတော့ မြစ်ကွေ့ပရိယတ္တိ စာသင်တိုက်ကြီးမှာ စာသင်သား သံဃာ တော် ၂၀၀ ကျော် ရှိလာခဲ့ပါပြီ။ အဆောက်အအုံ ပရိဘောဂ တွေကလည်း တာဝတိံသာက နတ်ရွာလား ဆိုရလောက် အောင် ခမ်းနားတင့်တယ် ဝင့်ထည်လာခဲ့ရပါပြီ။

ဒါတွေကို တွေးမြင် ဆင်ခြင်မိလို့ Phoenix Monastry (မသေသောဘုန်းတော်ကြီးကျောင်း) လို့ တင်စားပုံဖော် ပူဇော်မိခဲ့ရတာပါ။ တကယ်လက်တွေ့ ဖော်ဆောင်မှုတွေက လည်း သာသနာ့အောင်မြေမှန် ဘူမိနက်သန် ဖြစ်တော်မူတဲ့ မြစ်ကွေ့ပရိယတ္တိ စာသင်တိုက်ကြီးဟာ ဆီးနှင်းမြူတိမ် သူရိန် မီးခိုး ညစ်မှိုင်းဝ ကင်းစင်ပြီး ထာဝရတောက်ပြောင်ထိန်လင်း နေမှာ အမှန်ပါပဲ။

ဩော်. . . ဆရာနဲ့ဒကာ၊ ဒကာနဲ့ဆရာ အချိုးညီညီ မျှမျှတတ ရှိုင်းပင်းစောင့်ရှောက်ခဲ့ကြတဲ့ အသီးအပွင့်တွေပါ ပဲလေ။ ဒီတော့မှပဲ ဟိုရွှေ့နားထိပ်စီးမှာ အမှတ်မထင် ကြား ယောင်မိတဲ့ 'ဓာတုဗေဒ' ကဗျာလေးရဲ့အသံက ပိုမိုကျယ် လောင်လာတော့တယ်။

*"ဟိုက်ဒရိုဂျင် နှစ်ဆ*
*အောက်ဆီဂျင်က တစ်ဆ*
*အချိုးမျှတ ပေါင်းစပ်ကြလျှင်*
*လောကလူ့မြေ အေးချမ်းစေသည့်*
*စိမ့်တွေ စမ်းတွေ ချောင်းတွေ မြစ်တွေ*
*ပင်လယ်ဝေအောင်*
*ရေဖြစ်လေသည့် သဘာဝ ရှိသတဲ့"*။

ဟင်္သာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက် တိုက် အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ အရှင်သူမြတ်ရဲ့ ရွှေရတုမွေး နေ့မင်္ဂလာ အကြိုညှ ထိန်ထိန်ဖြာနေတဲ့ မီးရောင်စုံတွေရဲ့ လင်းရောင်ခြည်ကြားမှာ ဆရာမကြီး စမ်းစမ်းနွဲ့ (သာယာ ဝတီ)၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊ ဦးသိန်းလွင် (ကျောက် ပုထိုး)၊ ကုံကော်ဝတ်ရည် 'ဝိုင်း' တို့ကို ဆရာမ ခင်ရှင်စောနဲ့ ကြိုဆိုသူတွေက ဝမ်းသာလှိုက်လှဲ လက်တွဲခေါ်ဆောင်လာ တာကို တွေ့လိုက်ရတော့မှ 'ဟင်္သာတဆီ ရည်လျက်လင်း' ခဲ့ရတဲ့ အတွေးစလေးတွေကို အသာဖြတ်ပြီး မတ်တတ်ထ လိုက်ရပါတော့တယ်။

အင်း. . . အရှင်မြတ် ဘဒ္ဒန္တစန္ဒသိရီရဲ့ ရွှေရတုမွေးနေ့ မင်္ဂလာ အလှူတော်မင်္ဂလာ အကြိုညမှာ မုဒိတာပွား စေစား မိခဲ့ရတဲ့ စိတ်ကူးလိပ်ပြာလေးတွေဟာ ပြန်ရလေမယ့် ရန်ကုန် မြေရောက်ရင်တော့ အသည်းစွဲ အဆိုတော်ကြီး တွံတေးသိန်း တန်ရဲ့ သီချင်းတစ်ပုဒ်ထဲကလို 'လွမ်းတော်မူလို့ စာကိုစီတယ်' ဖြစ်ရဦးတော့မယ် ထင်ပါရဲ့လေ။

မေတ္တာရည်လျက်

❒ ထင်္ထလိုလ်ထင်ထန်ကျော်





www.burmeseclassic.com

www.burmeseclassic.com



# ထူးမှထူး

## အရှင်ဆန္ဒာဓိက

## (ရွှေပါရမီတောရ)

### တရားဖွင့်ဂုဏ်တော်ပွား

အရဟံ
ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား။
အရဟံ
ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။
အရဟံ
ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

### အလုပ်ထူးမှ ဘဝထူးမယ်

'ထူးမှထူး' ဆိုတဲ့ စကားရပ်က ပြောသူရဲ့ နှလုံးသွင်းပေါ်မူတည်ပြီးတော့၊ နားထောင်သူရဲ့ နှလုံးသွင်းပေါ်မူတည်ပြီးတော့ အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်နိုင်ပါတယ်။ အကြမ်းဖျင်းအားဖြင့်တော့ အဓိပ္ပာယ်နှစ်မျိုးပေါ့။

ထူးမှထူးဆိုတဲ့ စကားအသွားအလာမျိုးကို ဦးဇင်းတို့ မွန်ပြည်နယ်မှာ အသုံးများလေ့ ရှိပါတယ်။ အစားအ
လေးတစ်ခု စားလို့ကောင်းတယ်ဆိုရင် ဘယ်လို
ကောင်းမှကောင်းတဲ့။

'ကောင်းမှကောင်း' ဆိုတာ သိပ်ကောင်းတယ
ကောင်းတယ်၊ အလွန်တရာကောင်းတယ်၊ အင်မတ
တယ်၊ အကြီးအကျယ်ကောင်းတယ်၊ ရက်ရက
ကောင်းတယ်၊ ရှယ်ကောင်းတယ် ဒီလို ဆိုတာပေ

အနံ့အသက်တွေက သိပ်နံ့နေပြီဆိုရင် ဘ
လဲ။ နံ့မှနံ့။ ဒါ မွန်ပြည်နယ်မှာ ပိုပြောကြတာပေ
မှာကတော့ အရမ်းနံ့တယ်လို့ပဲ ပြောကြပါတယ်။
ဆိုရင်တော့ 'နံ့ချက်ကတော့ ရက်စက်တယ်' ပြော

အဲဒီတော့ သိပ်ကောင်းတယ်ဆိုရင် ကောင်
သိပ်နံ့တယ်ဆိုရင် နံ့မှနံ့၊ သိပ်ဆိုးတယ်ဆိုရင် ဆိုး
လှတယ်ဆိုရင် လှမှလှ၊ သိပ်များတယ်ဆိုရင် များ
နည်းတယ်ဆိုရင် နည်းမှနည်း၊ သိပ်ချစ်တယ်ဆို
သိပ်မုန်းတယ်ဆိုရင် မုန်းမှမုန်း။

(ဝပြည့်နိုးမဂ္ဂဇင်း (မေ



www.burmeseclassic.com

www.burmeseclassic.com

'မှ'ကို 'သိပ်' ဆိုတဲ့အဓိပ္ပာယ်၊ 'အရမ်း' ဆိုတဲ့ အဓိပ္ပာယ် ...တာပေါ့။ 'မှ' ရဲ့ ရှေ့နဲ့နောက်မှာပါတဲ့ စကားလုံး ...ကြိယာပုဒ်)ကို ပိုပြီးလေးနက်သွားအောင်၊ ပိုပြီးကြီး ...သွားအောင် စံချိန်မြှင့်တင်လိုက်တာပါပဲ။

အဲဒီတော့ ထူးမှထူး ဆိုတာလည်း သိပ်ထူးတယ်၊ ...ထူးတယ်၊ အလွန်တရာထူးတယ်၊ အင်မတန်ထူးတယ်၊ ...ကျယ်ထူးတယ်၊ ရက်ရက်စက်စက်ထူးတယ်၊ ရှယ်ထူး ...ဲ့ အဓိပ္ပာယ်ရပါတယ်။

...င်းတို့ ရေနံချောင်းဘက်မှာတော့ (ရေနံချောင်းက ...တ်ဘူးနော်၊ မြေလတ်)အရမ်းထူးတယ် ဆိုလို့ရှိရင် ... ထူးတာတော့ ရက်စက်တယ်၊ ထူးချက်ကတော့ ...တယ်၊ ထူးလိုက်တာ ရက်စက်တယ်" စသည်အားဖြင့် ...တယ်ဆိုတဲ့ စကားလုံးနဲ့ တွဲသုံးပြီး အမွှန်းတင်ကြ ...။ ကောင်းတာဆို 'အမွှန်းတင်တယ်'၊ ဆိုးတာဆို ...တင်တယ်' ပေါ့လေ။

...ဘာ ထမင်းကလဲ စားလို့ကောင်းလိုက်တာ၊ ရက်စက်

...တယ်သူတို့များ ချောချက်ကတော့ ရက်စက်တယ်"

...သူတို့နှစ်ယောက်က ချစ်သလားမမေးနဲ့၊ ရက်စက်

...က်စက်တယ်' ဆိုတဲ့ စကားလုံးက အရမ်းချီးမွမ်းချင် ...ပါတာပဲ။ အရမ်းကဲ့ရဲ့ချင်ရင်လည်း ပါတာပဲ။ အရမ်း ...ချင်ရင်လည်း 'ရက်စက်တယ်'၊ အရမ်းကဲ့ရဲ့ချင်ရင်လည်း ...တယ်'။

...သိပ်ရက်စက်တယ်' ဆိုတဲ့ စကားမျိုးထဲမှာပါတဲ့ ...တယ်' နဲ့ မတူဘူးနော်။ မကြင်နာ စိမ်းကားတာ၊ ...စက်တာ၊ ကိုယ်ချင်းမစာနာတာကို ရည်ညွှန်းတဲ့ ...တယ်' နဲ့ ဘာမှမဆိုင်ဘူး။ သူ့ဒေသနဲ့သူ သုံးနှုန်းတဲ့ ...ကားပါပဲ။ သူ့နေရာနဲ့သူ သုံးနှုန်းရမှာပေါ့။

...ရက်စက်တာနဲ့ ရောထွေးပြီး 'အဓိပ္ပာယ်မရှိဘူး၊ ...ကောင်းဘူး၊ မသုံးသင့်ဘူး' လို့ ပြဿနာ မရှာပါနဲ့။ ...နဲ့ သူ့အဓိပ္ပာယ်နဲ့ သူပဲနော်။ 'မိုက်တယ်' ဆိုတဲ့ ...ကားလုံးတွေလည်း နည်းတူပါပဲ။ သူ့အဓိပ္ပာယ်နဲ့ ...ည်ညွှန်းချက်နဲ့သူပါ။

...မိုက်တယ်' ဆိုတာကို ကောင်းတဲ့အဓိပ္ပာယ်အတွက် ...မျိုးမှာ ရိုင်းတယ်လို့ သဘောမထားပါနဲ့။ သူ့ခေတ် ...ကို နားလည်ခံစားတတ်ဖို့ လိုပါတယ်။ ပေါ့ပေါ့ ...လို့ရတဲ့ အခြေအနေမျိုးမှာ ပေါ့ပေါ့ပါးပါးပဲ ပြော

...ခါတစ်ရံမှာ ခေတ်သုံးစကားနဲ့ ပေါ့ပေါ့ပါးပါး ... အဓိပ္ပာယ်ပိုပေါ်လွင်သွားတာမျိုး၊ ရင်ထဲပိုရောက် ...လည်း ရှိပါတယ်။

ဒါကြောင့် ထူးမှထူးဆိုတာ အညာသံ၊ မြေလတ်သံနဲ့ ပြောရင် ရက်ရက်စက်စက် ထူးတယ်ပေါ့။

နောက်တစ်မျိုးအဓိပ္ပာယ်ကျတော့ ထူးမှထူးဆိုတာ 'ထူးမှပဲထူးတယ်' လို့ ဆိုလိုပါတယ်။ ထူးမှပဲ ထူးတယ်၊ မထူးရင် မထူးဘူးပေါ့။ အကြောင်းထူးမှ အကျိုးထူးတယ်၊ အကျိုးထူးမှ အကြောင်းထူးတယ်၊ အကြောင်းထူးလို့ အကျိုးထူးတယ်၊ အကျိုးထူးလို့ အကြောင်းထူးတယ် ဆိုတဲ့သဘောပါပဲ။

'မှ' ကို 'ကြောင့်' ဆိုတဲ့အဓိပ္ပာယ်၊ 'လို့' ဆိုတဲ့ အဓိပ္ပာယ် ယူလိုက်တာပေါ့။ 'မှ'ရဲ့ ရှေ့နဲ့နောက်မှာပါတဲ့ စကားလုံးတွေဟာ အကြောင်းနဲ့အကျိုး၊ ဒါမှမဟုတ် အကျိုးနဲ့အကြောင်းကို ညွှန်ပြနေပါတယ်။

လောကနယ်ပယ်မှာရော၊ ဓမ္မနယ်ပယ်မှာပါ အကြောင်းနဲ့အကျိုး ဆက်နွှယ်မှု၊ အကျိုးနဲ့အကြောင်း ယှက်သွယ်မှုတွေက မရေမတွက်နိုင်အောင် အများကြီးရှိတဲ့အတွက် ဒီ'ထူးမှထူး'ရဲ့ ဒုတိယအဓိပ္ပာယ်ကတော့ အရမ်းကို ကျယ်ပြန့်ပါတယ်။ အရမ်းကို အရေအတွက် များပါတယ်။

အကြောင်းအကျိုးနေရာမှာ ပုဂ္ဂိုလ်ကိုထားပြီး သူထူးမှ ကိုယ်ထူးတယ်၊ ကိုယ်ထူးမှ သူထူးတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ယူလို့သေးတယ်နော်။

သူက ကိုယ့်အပေါ်မှာ ထူးထူးခြားခြားကောင်းထားမှ ကိုယ်ကလည်း သူ့အကူအညီလိုတဲ့အခါ ထူးထူးခြားခြား ပြန်ကောင်းတယ်။ သူထူးမှ ကိုယ်ထူးတယ်ပေါ့။

ကိုယ်က သူ့အပေါ်မှာ ထူးထူးခြားခြား ကောင်းထားမှ သူကလည်း ကိုယ့်အကူအညီလိုတဲ့အခါ ထူးထူးခြားခြား ပြန်ကောင်းတယ်။ ကိုယ်ထူးမှ သူထူးတယ်ပေါ့။

အပြန်အလှန်သဘောပဲနော်။ 'ထူးမှထူး' ကို သူထူးမှ ကိုယ်ထူးတယ်လို့လည်း ယူလို့ရသလို ကိုယ်ထူးမှ သူထူးတယ်လို့လည်း ယူလို့ ရပါတယ်။ နှစ်မျိုးလုံး ရတာပါပဲ။

'မှ' ရဲ့ ရှေ့နောက်က အကြောင်းအကျိုး နေရာမှာ ပုဂ္ဂိုလ်နှစ်ယောက် မထားတော့ဘဲ တစ်ယောက်တည်း ထားလိုက်ရင်တော့ အဲဒီတစ်ယောက်တည်းရဲ့ သဘောတရား အကြောင်းနဲ့အကျိုး ဖြစ်သွားမှာပေါ့။ ကိုယ့်အကြောင်းနဲ့ ကိုယ့်အကျိုး၊ သူ့အကြောင်းနဲ့ သူ့အကျိုးပေါ့လေ။

တခြားလူနဲ့ မနှိုင်းယှဉ်တော့ဘူး။ ကိုယ့်တစ်ယောက်တည်းပဲ။ ကိုယ်က ထူးခြားတဲ့ပုဂ္ဂိုလ် ဖြစ်ချင်တယ်ဆိုရင် ထူးအောင် လုပ်ရတယ်။ ကိုယ့်ဘက်ကထူးမှ ထူးတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ထူးတဲ့အကြောင်းရှိမှ ထူးတဲ့အကျိုးရှိမယ်။ အကြောင်းထူးမှ အကျိုးထူးတယ်လို့ ဆိုလိုပါတယ်။ 'ထူးမှထူး' မှာ ရှေ့ 'ထူး'က အကြောင်းထူးတာပါ။ နောက်'ထူး'က အကျိုးထူးတာပါ။ ထူးမှထူး = အကြောင်းထူးမှ အကျိုးထူးတယ်၊ ကိုယ့်ဘက်က ထူးအောင်လုပ်မှ၊ ထူးအောင် ကြိုးစားမှ ထူးတဲ့





www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးတွေ ရနိုင်တယ်။ ထူးတဲ့ချမ်းသာတွေ ခံစားနိုင်တယ်။ စိတ်ဓာတ်ထူးမှ ဘဝထူးတယ်၊ အပြောအဆိုထူးမှ ဘဝထူးတယ်၊ လုပ်ရပ်ထူးမှ ဘဝထူးတယ်ဆိုတဲ့ အဓိပ္ပာယ်၊ စိတ်ဓာတ်နဲ့လုပ်ရပ်ထူးမှ ဘဝထူးကို ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်ထူး ဖြစ်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို အဓိကပြောချင်တာပါ။ 'ထူးချင်ရင် ထူးအောင်လုပ်' ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ထူးမှထူးပါတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့။ ထူးမှထူး = ထူးမှထူးပါတယ်။

ဒီနေ့ ဦးဇင်းတို့ပြောမယ့် 'ထူးမှထူး' ရဲ့ အဓိပ္ပာယ်ကတော့ စိတ်ဓာတ်နဲ့လုပ်ရပ်ထူးမှ ဘဝထူးကို ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်ထူး ဖြစ်နိုင်တယ်။ ထူးမှပဲ ထူးပါတယ်။ ထူးအောင် စိတ်ထားမှ၊ ထူးအောင် အလုပ်လုပ်မှပဲ ထူးတဲ့ပုဂ္ဂိုလ်၊ ထူးတဲ့ဘဝပိုင်ရှင် ဖြစ်နိုင်ပါတယ်။

ထူးမှထူး = ထူးမှပဲ ထူးပါတယ်။ စိတ်ဓာတ်နဲ့ လုပ်ရပ်ထူးမှ ဘဝနဲ့အကျိုးပေး ထူးပါတယ်။ စိတ်ဓာတ်နဲ့လုပ်ရပ်ထူးမှ ဆိုတာက အကြောင်းတရားအားလုံးကို အကျဉ်းချုံးပြီး ပြောလိုက်တာပါ။ အသေးစိတ်ပြောမယ်ဆိုရင်တော့ အများကြီးပေါ့။ အသိဉာဏ်၊ အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်၊ နှလုံးသွင်း၊ မိတ်ကောင်းဆွေကောင်း စသည်အားဖြင့် ထူးရမယ့်အကြောင်းတရားတွေ အများကြီး ပါဝင်ပါတယ်။

စိတ်ဓာတ်နဲ့ လုပ်ရပ် ထူးလို့ ဘဝထူးကို ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်ထူး ဖြစ်သွားတယ်ဆိုရင် . . .

"ဟာ ဒီပုဂ္ဂိုလ်ကတော့ ထူးမှထူးပဲ၊ သိပ်ထူးတာပဲ၊ အရမ်းထူးတာပဲ၊ အလွန်တရာထူးတာပဲ၊ အင်မတန်ထူးတာပဲ၊ အကြီးအကျယ်ထူးတာပဲ၊ ရက်ရက်စက်စက်ထူးတာပဲ၊ ရှယ်ထူးတာပဲ" ဆိုတဲ့ အဓိပ္ပာယ်ကလည်း အလိုလိုပြည့်စုံသွားတာပါပဲနော်။

'ထူးမှပဲထူးတယ်' ဆိုတဲ့ အဓိပ္ပာယ်ကို ပြောလိုက်ရင် 'သိပ်ထူးတယ်' ဆိုတဲ့ အဓိပ္ပာယ်လည်း အလိုလိုပြောပြီးသား ဖြစ်သွားပါတယ်။ ဒါကြောင့် ထူးမှပဲထူးတယ်ဆိုတဲ့ 'ထူးမှထူး' ကို နမူနာသဘောလောက် ပြောကြတာပေါ့။ နမူနာရရင် ချဲ့ထွင်စဉ်းစားလို့ ရပါပြီ၊ ချဲ့ထွင်ကျင့်သုံးလို့ ရပါပြီနော်။

## သူကောင်းမှ ကိုယ်ကောင်းရင် လူကောင်းမဟုတ်

အဲဒီတော့ ယောဂီတို့ ထူးချင်တာလား၊ ရှူးချင်တာလား၊ ထူးချင်တာနော်။ ထူးချင်တယ်ဆိုရင် ဘာလုပ်ရမလဲ။ ထူးအောင်လုပ်ရမယ်။ ထူးမှထူးတဲ့။ ရှင်းရှင်းလေးပဲနော်။ ထူးတဲ့စိတ်ဓာတ် မွေးရမယ်၊ ထူးတဲ့စိတ်ထား ထားရမယ်၊ ထူးတဲ့အတွေး တွေးရမယ်၊ ထူးတဲ့အပြော ပြောရမယ်၊ ထူးတဲ့အလုပ် လုပ်ရမယ်၊ ထူးတဲ့အကျင့် ကျင့်ရမယ်၊ ဒါဆိုရင် ထူးပြီပေါ့။ ထူးချင်ရင် ဘာမှ မခက်ပါဘူး။ ထူးလိုက်ရုံပဲပေါ့။

'ကောင်းမှကောင်း' ဆိုတဲ့ စကားကလည်း အရ
မှာ ပြောနေကြတာပဲနော်။ အရသာကောင်းကောင်း
ခံစားရတဲ့ အခါမျိုးမှာ ပြောကြတာပေါ့။ အလုပ်ကော
ကောင်းလုပ်တဲ့အခါမျိုးမှာ ပြောရင် ပိုကောင်းမယ်။ ခေါ
ခြောက်ကြော်ငြာလည်း ရှိတယ်နော်။ 'ကောင်းမှကောင်း'
ပြီးတော့ပေါ့လေ။

'ကောင်းမှကောင်း' ဆိုတဲ့စကားကလည်း 'အ
ကောင်း၊ သိပ်ကောင်း' ဆိုတဲ့ အဓိပ္ပာယ်လည်း ယူလို့ရ
'အကြောင်းကောင်းမှ အကျိုးကောင်း' ဆိုတဲ့အဓိပ္ပာယ်
ယူလို့ရပါတယ်။

ပြီးတော့ 'ကိုယ်ကောင်းမှ သူကောင်းပါတယ်
ကောင်းမှ ကိုယ်ကောင်းပါတယ်' ဆိုတဲ့ အဓိပ္ပာယ်လည်
လို့ရတယ်နော်။

လောကကြီးမှာ ကိုယ်ကမကောင်းဘဲနဲ့ သူက ကေ
ဖို့ဆိုတာ မလွယ်ပါဘူး။ ကိုယ်ကောင်းမှပဲ သူက ကောင
ပါ။ ကိုယ်မကောင်းရင် သူမကောင်းနိုင်တော့ပါဘူး။ '
ကောင်းမှ' ဆိုတာက 'ကိုယ်က သူ့အပေါ် ကောင်းမှ' လို့
အဓိပ္ပာယ်ရသလို 'ကိုယ်စိတ်ဓာတ်ကောင်းမှ၊ ကိုယ်လု
ကောင်းမှ'လို့လည်း အဓိပ္ပာယ်ရပါတယ်။

ကောင်းမှကောင်း = ကိုယ်က သူ့အပေါ် ကော
ကိုယ့်အပေါ် သူက ပြန်ကောင်းပါတယ်။ ကောင်းမှကေ
= ကိုယ်စိတ်ဓာတ်ကောင်းနေမှ၊ ကိုယ်လုပ်ရပ်ကောင
ကိုယ့်အပေါ် သူက (သူတစ်ပါးက)ကောင်းပါတယ်။ သ
ပေါက်ပါတယ်နော်။

ကိုယ်က သူ့အပေါ် ကောင်းမှ သူက ကိုယ့်
ကောင်းသလို သူက ကိုယ့်အပေါ် ကောင်းမှလည်း ကို
သူ့အပေါ် ကောင်းတာပါ။ လူအများစုရဲ့ သဘာဝ
ယေဘုယျအားဖြင့်ပေါ့။

ကိုယ်က သူ့အပေါ် ကောင်းပါလျက် သူက
အပေါ် မကောင်းတာမျိုး၊ သူက ကိုယ့်အပေါ် ကေ
လျက် ကိုယ်က သူ့အပေါ် မကောင်းတာမျိုးလည်း
ရှိတာပါပဲ။ အဲဒါတွေတော့ ခြွင်းချက်ထားလိုက်ပေါ့။

'သူတော်မှ ကိုယ်ကောင်းလို့ သူတော်ကောင်း'
တော့ သူတော်ကောင်းကို အဓိပ္ပာယ်ဖွင့်တဲ့သူတွေ
ရှိတယ်နော်။ အမှန်ကတော့ မဟုတ်ဘူး၊ သူတော်
မတော်တော် ကိုယ်ကောင်းမှ သူတော်ကောင်းလို့ခေ

သူကောင်းမှ ကိုယ်ကောင်းမယ်၊ ကောင်းမှ
ဆိုရင် သူတော်ကောင်းစိတ်ထား မဟုတ်ပါဘူး။ သူ
ကောင်း မကောင်းကောင်း ကိုယ်ကောင်းမယ်ဆိုမှ
ကောင်းစိတ်ထားပါ။

ဒါပေမဲ့ အများစုအနေနဲ့ကတော့ ကိုယ်ကေ
သူကောင်းတယ်၊ သူကောင်းမှပဲ ကိုယ်ကောင်





www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုကောင်း'။ ဒီသဘောလေး နားလည်ထားရင် 'ကိုယ်ကောင်းမှပဲ သူတို့ကောင်းတာပါ။ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်လုပ်မယ်' ဆိုတဲ့ စိတ်မျိုးလေးမွေးပြီး ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်လုပ်ရမှာပေါ့။

ထူးတယ်၊ ထူးတယ်ဆိုတာ သူများနဲ့တူလို့ ထူးတာလား သူများနဲ့မတူလို့ ထူးတာလား။ သူများနဲ့မတူလို့ ထူးတာ။ သူများနဲ့တူနေရင် ဘယ်ထူးပါတော့မလဲ။

သူများက ဟိုလိုစိတ်ထားတယ်ဆိုရင် ကိုယ်က ဟိုလိုစိတ်မထားဘဲ ဒီလိုစိတ်ထားရမယ်။ သူများက ဒီလိုစိတ်ထားတယ်ဆိုရင် ကိုယ်က ဒီလိုစိတ်မထားဘဲ ဟိုလိုစိတ်ထားရမယ်။ သူများက ဟိုလိုလုပ်တယ်ဆိုရင် ကိုယ်က ဟိုလိုမလုပ်ဘဲ ဒီလိုလုပ်ရမယ်။ သူများက ဒီလိုလုပ်တယ်ဆိုရင် ကိုယ်က ဒီလိုမလုပ်ဘဲ ဟိုလိုလုပ်ရမယ်။

သူများနဲ့ ဆန့်ကျင်ဘက်လုပ်မှ ထူးတယ်လို့ပြောနိုင်တယ်။ ဆန့်ကျင်ဘက်ဆိုပေမယ့် ကောင်းသောဆန့်ကျင်ဘက်တော့ ဖြစ်ရမှာပေါ့။ အဆိုးရဲ့ဆန့်ကျင်ဘက် အကောင်းလုပ်ရမယ်။ အဆိုးတွေကိုမလုပ်ဘဲ ဆန့်ကျင်ပြီး အကောင်းတွေ လုပ်ရမယ်။

ကောင်းသောထူးခြားခြင်းနဲ့ ထူးချင်တဲ့ပုဂ္ဂိုလ်ဟာ သူများဆိုးရင် ဆန့်ကျင်ဘက်အနေနဲ့ ကိုယ်က ကောင်းရမှာပေါ့။ သူများက ဆိုးတဲ့သဘောတရားကိုဆောင်တဲ့ စိတ်ထားမျိုး အပြောအဆိုမျိုး၊ လုပ်ရပ်မျိုး ရှိတယ်ဆိုရင် ကိုယ်က ဒီလိုစိတ်ထား၊ အပြောအဆို၊ လုပ်ရပ်မျိုးကို တူအောင် မလုပ်ဘဲ သူ့ထက်ထူးတဲ့ ဆန့်ကျင်ဘက် ကောင်းတဲ့သဘောတရားကိုဆောင်တဲ့ စိတ်ထားမျိုး၊ အပြောအဆိုမျိုး၊ လုပ်ရပ်မျိုးကို ကျင့်သုံးရမှာပေါ့။ အဲဒီလိုထူးမှလည်း ထူးတာပါနော်။

သူများနဲ့ ဆန့်ကျင်ဘက်လုပ်မှ၊ သူများနဲ့ မတူအောင်လုပ်မှ ထူးမယ်ဆိုပြီးတော့ သူများက ကောင်းတဲ့စိတ်ထားဟာ ကိုယ်က သူများနဲ့ဆန့်ကျင်ဘက် မကောင်းတဲ့စိတ်ထား မွေးမယ်ဆိုရင်တော့ ထူးပါဦးမလား။ ထူးတော့ထူးတယ်။ ဒါပေမဲ့ မကောင်းသောထူးခြင်းနဲ့ ထူးတာပေါ့။

## သူက ဟိုလိုနေရင် ကိုယ်က ဒီလိုနေမယ်

ဒီနေ့ ဟောတဲ့တရားက ကောင်းသောထူးခြင်းနဲ့ ထူးဖို့ဟောတာဖြစ်တဲ့အတွက် သူများက ဟိုလိုမကောင်းရင် ကိုယ်က ဒီလိုကောင်းလိုက်မယ်၊ သူများက ဒီလိုမကောင်းရင် ကိုယ်က ဟိုလိုကောင်းလိုက်မယ် ဆိုတဲ့ သဘောမျိုးနဲ့ ထူးအောင်လုပ်ကြရမှာနော်။ ဒါကလည်း ဂါထာလေးတစ်ပုဒ်ကို ဦးဇင်းက ဟောမှာပါ။

ဥပ္ပတန္တေသု နိပတေ၊ နိပတန္တေသု ဥန္နတေ။
ဝသေ အဝသမာနေသု၊ ရမမာနေသု နော ရမေ။

ဒီဂါထာတစ်ပုဒ်ကိုပဲ ဒီနေ့ ဟောမှာပါနော်။

ပါဠိစကားလုံးလေးတွေအတိုင်း ပြောမယ်ဆိုရင်တော့ သူများက ဥပ္ပတဆိုရင် ကိုယ်က နိပတ၊ သူများက နိပတဆိုရင် ကိုယ်က ဥပ္ပတ။ သူများက အဝသဆိုရင် ကိုယ်က ဝသ၊ သူများက ရမဆိုရင် ကိုယ်က အရမ။

ပါဠိအသံလေးတွေကို နားထောင်ကြည့်လိုက်ရင် ပြောင်းပြန်လေးတွေ ဖြစ်မနေဘူးလား။ ပြောင်းပြန်လေးတွေ ဖြစ်နေတယ်နော်။ ဆန့်ကျင်ဘက်လေးတွေ ဖြစ်နေတယ်။ အဲဒီလို သူများနဲ့ဆန့်ကျင်ဘက် မတူအောင် လုပ်တာကိုပဲ ထူးတယ်လို့ ခေါ်တာပေါ့။

ဒီလို ပါဠိလိုပြောလိုက်တော့ ယောဂီတို့က ဘာမှ သိမှာမဟုတ်ဘူးနော်။ ပါဠိအဓိပ္ပာယ် သိတဲ့သူဆိုရင်တော့ ဒီပါဠိလေးရွတ်ရတာ အင်မတန်အရသာရှိပါတယ်။

ဂါထာရဲ့အဓိပ္ပာယ်ကတော့ . . .

"မြင့်တဲ့သူတွေကြားမှာ နိမ့်ပါ၊ နိမ့်တဲ့သူတွေကြားမှာ မြင့်ပါ၊ မနေတဲ့သူတွေကြားမှာ နေပါ၊ ပျော်တဲ့သူတွေကြားမှာ မပျော်ပါနဲ့"

ဒီဂါထာရဲ့ အဓိပ္ပာယ်ကတော့ ဒါပါပဲ။

'မြင့်တဲ့သူတွေကြားမှာ နိမ့်ပါ' ဆိုတာကို ဘယ်လိုသဘောပေါက်လိုက်တုံး။ လူတကာတွေက မြင့်နေကြတယ်။ ကိုယ်က နိမ့်ရမယ်တဲ့။ ဘာကိုဆိုလိုတယ်လို့ ယူဆမိတုံး။

အဆုံးအမလေးက တော်တော်ကိုကောင်းတာနော်။ ဦးဇင်းကတော့ ကိုရင်ဘဝကတည်းက ရထားတာ။ စာမေးပွဲ ပြန်ဌာန်းချက်ထဲမှာတော့ လုံးဝ မပါပါဘူး။ ပြဌာန်းချက်ကတော့ ဟိုးငယ်လတ်ကြီး၊ ဓမ္မာစရိယစာမေးပွဲတွေမှာမှ မဟုတ်ပါဘူး။ တိပိဋကဓရ စာမေးပွဲမှာတောင် မပါပါဘူး။

တိပိဋကဓရ - ပိဋကတ်သုံးပုံ အာဂုံဆောင်တယ်ဆိုပေမယ့် ရှိရှိသမျှ ပိဋကတ်သုံးပုံလုံးကို အာဂုံဆောင်တာ မဟုတ်ဘူး။ တချို့တစ်ဝက်ကိုပဲ အာဂုံဆောင်တာ။

ပိဋကတ်သုံးပုံက ပါဠိတော်သက်သက် ကျမ်းစာအုပ်ပေါင်း (၄၀)ရှိပါတယ်။ အဲဒီအုပ်ရေ (၄၀)ထဲက တိပိဋက စာမေးပွဲမှာ ပြဌာန်းထားတာက အုပ်ရေ (၂၀)ပဲ ရှိပါတယ်။ တစ်ဝက်တီတီပဲ ပြဌာန်းထားတာပါ။ နောက်ထပ် တစ်ဝက် တီတီ ကျန်ပါသေးတယ်။

အဲဒီကျန်နေသေးတဲ့ တစ်ဝက်ထဲမှာ 'ထေရဂါထာ' လို့ ခေါ်တဲ့ ကျမ်းတစ်ကျမ်းပါပါတယ်။ ဒီဂါထာက အဲဒီထေရဂါထာကျမ်းထဲက ဂါထာပါ။

စာမေးပွဲသဘောအရ ကိုယ်နဲ့မဆိုင်ပေမယ့် ပါဠိတော် စာအုပ်ကြီးတွေ ဖတ်ရတာ ကိုယ်က ဝါသနာပါတော့ အဖိတ်၊ ဥပုသ် စာဝါတွေပိတ်တဲ့ရက်ဆိုရင် ပါဠိတော် တစ်အုပ်မဟုတ် တစ်အုပ်ကို မာတိကာ ခေါင်းစဉ်တွေဖတ်ပြီးတော့ ဟိုလှန် ဒီလှန် ဟိုဖတ် ဒီဖတ်ပေါ့။ ထေရဂါထာကျမ်းမှာ ဒီဂါထာလေး သွားတွေ့တော့ အင်မတန် သဘောကျတယ်။ ချက်ချင်း အရ





www.burmeseclassic.com

www.burmeseclassic.com

ကျက်ထားလိုက်တာ သေတဲ့အထိ မေ့မှာမဟုတ်တော့ပါဘူး။ သိပ်ကြိုက်တာကိုး။ မကြာခဏလည်း ရွတ်မိတယ်လေ။

မြင့်တဲ့သူတွေကြားမှာ နိမ့်ပါ။ ဒါဆိုရင် သူများနဲ့ တူတာလား၊ ထူးတာလား။ ထူးတာပေါ့။ သူများက မြင့်မယ်။ ကိုယ်ကလည်း မြင့်မယ်ဆိုရင် ထူးပါဦးမလား။ မထူးတော့ဘူး။ ဒါကြောင့် သူတော်ကောင်းဖြစ်ချင်တဲ့ပုဂ္ဂိုလ်၊ ထူးခြားတဲ့ သူတော်စင်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ သူက မြင့်ရင် ကိုယ်က နိမ့်မယ်၊ သူက နိမ့်ရင် ကိုယ်က မြင့်မယ်။ သူက မနေဘူးဆိုရင် ကိုယ်က နေမယ်။ သူက ပျော်တယ်ဆိုရင် ကိုယ်က မပျော်ဘူးတဲ့။'

## ဘဝင်မြင့်လေ ဘဝမြင့်လေ

'မြင့်သူတွေရဲ့ကြားမှာ နိမ့်ပါ' ဆိုတာက ကိုယ့်ဉာဏ်နဲ့ ချဲ့ထွင်ရင် ချဲ့ထွင်သလောက် အဓိပ္ပာယ်ကျယ်ပြန့်ပါတယ်။ မာနနဲ့ မြင့်နေသူတွေရဲ့ကြားမှာ မာနချိုးနှိမ်သောအားဖြင့် နိမ့်လိုက်ပါ။ ဒီလိုအဓိပ္ပာယ်လည်း ယူလို့မရဘူးလား။ ယူလို့ရပါတယ်။ မာနအကြောင်းကတော့ မနေ့က ပြောခဲ့ပြီးပြီ။ မာန မဖြစ်အောင် ဘယ်လိုနှလုံးသွင်းရမလဲ ဆိုတာကို မနေ့က ဘယ်လိုပြောခဲ့တုံး။ 'ကိုယ်ပိုင်တာ ဘာမှမရှိပါလား' လို့ နှလုံးသွင်း-ဆင်ခြင်လိုက်မယ်ဆိုရင် မာနမဖြစ်တော့ဘူးပေါ့။

ခုန မြင့်တယ်ဆိုတာ အဆင့်အတန်းမြင့်တာကို ပြောတာမဟုတ်ဘူး။ ဘဝင်မြင့်တာကို ပြောတာ။ ဒီတော့ မြင့်သူတွေရဲ့ကြားမှာ နိမ့်ပါဆိုတဲ့စကားကို နည်းနည်းလေးဖြည့်စွက်ပြီးတော့ ပြောမယ်ဆိုရင် ဘဝင်မြင့်သူတွေရဲ့ကြားမှာ ဘဝင်နိမ့်ပါ။ ဒီလို ဆိုလိုတာပေါ့နော်။

ဘဝင်မြင့်တယ်၊ ဘဝင်နိမ့်တယ်ဆိုလို့လည်း ဦးဇင်းတို့ ပိဋကတ်စာပေမှာသုံးတဲ့ ဘဝင်တော့ မဟုတ်ဘူး။ မြန်မာစကား အရပ်ထဲမှာသုံးတဲ့ ဘဝင်ကို ပြောတာ။

ပိဋကတ်စာပေမှာပါတဲ့ ဘဝင်ဆိုတာက ဘဝင် = ဘဝ + အင်္ဂ။ ဘဝဆိုတာက ဘဝ၊ အင်္ဂဆိုတာက အစိတ်အပိုင်း။ ဘဝနဲ့အင်္ဂ နှစ်ပုဒ်ပေါင်းလိုက်တော့ ဘဝ + အင်္ဂ = ဘဝင်ဂ = ဘဝင် ဆိုပြီးတော့ ဖြစ်သွားတာ။ ဘဝရဲ့ အစိတ်အပိုင်း။

ဘဝတစ်ခု သေဆုံးမသွားဘဲ အသက်ရှင်ရပ်တည်နေအောင် အစိတ်အပိုင်း တစ်ခုအနေနဲ့ ဆက်စပ်ပေးနေတဲ့စိတ်ကလေးကို ဘဝင်စိတ်လို့ ခေါ်ပါတယ်။ ဒီတော့ ညအိပ်နေတဲ့အချိန်မှာ ဖြစ်နေတဲ့စိတ်ဟာ ဘဝင်စိတ်ပါ။ အဲဒီ ဘဝင်စိတ်ကလေးသာ မရှိဘူးဆိုရင် ယောဂီတို့ သေပြီ။

မသေအောင် ထိန်းပေးထားတဲ့ စိတ်ကလေးမို့ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လို့ ဘဝင်စိတ်လို့ ခေါ်ပါတယ်။ အဲဒီ ဘဝင်စိတ်ကတော့ လူတိုင်းမှာ ရှိပါတယ်။ အဲဒီဘဝင်ကတော့ ချလို့မရဘူးနော်။ အဲဒီဘဝင်ပါ ပြုတ်ချင်တယ်ဆိုရင်တော့ သေရုံပဲရှိတယ်။

အဲဒီတော့ ဘဝင်ပြုတ်ချင်လားလို့ မေးရမှာပေါ့။ ဘဝင်ပြုတ်ချင်တယ်ဆိုရင်တော့ မနေ့ကပြောသလို သေလိုက်လို့ပဲ ပြောရမှာနော်။ အိပ်တဲ့အချိန်မှာမှ မဟုတ်ဘူး။ အခုလို စကားပြောနေတဲ့အချိန်မှာလည်း ဘဝင်စိတ်ကလေးတွေက ကြားထဲမှာ မကြာမကြာကျနေတာ။

အဲပြောင်းအလဲ မြန်လွန်းလို့ ကိုယ်က မသိလိုက်တာပါ။ အိပ်တဲ့အချိန်ကျတော့ အကြာကြီး ခြားသွားတာမို့လို့ သိတာ။ သိတာတောင်မှ နိုးမှသိတာ။ ဘဝင်စိတ်ဖြစ်နေတဲ့ အချိန်မှာတော့ မသိဘူး။

အဆင်းတွေ မြင့်နေတဲ့အချိန်၊ အသံတွေ ကြားနေတဲ့ အချိန်၊ အနံ့တွေ နံနေတဲ့အချိန်၊ အရသာတွေ စားနေတဲ့အချိန်၊ အတွေ့တွေ ထိနေတဲ့အချိန်၊ အတွေးတွေ သိနေတဲ့အချိန် အချိန်တိုင်း အချိန်တိုင်းမှာ ဘဝင်စိတ်တွေက ခဏခဏ ဖြစ်နေပါတယ်။ အဖြစ်အပျက် မြန်လွန်းလို့ မသိကြတာပါ။ အိပ်ပျော်နေချိန်မှာမှ ဘဝင်စိတ်ဖြစ်တာ မဟုတ်ဘူး။ နိုးနေတဲ့ အချိန်တွေမှာလည်း ဘဝင်စိတ် အကြိမ်ပေါင်းများစွာ ဖြစ်နေတာပဲ။

အဲဒီဘဝင်စိတ်က ဘာကို အာရုံပြုနေသလဲဆိုရင် အရင်ဘဝရဲ့ သေခါနီး နောက်ဆုံးစိတ်ဖြစ်တဲ့ စုတိစိတ်ကျပြီး ပြီးချင်းဖြစ်တဲ့ ဒီဘဝ ပဋိသန္ဓေစိတ်ကယူတဲ့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံသုံးပါးထဲက တစ်ခုခုကို အာရုံပြုနေပါတယ်။ ဒီဘဝ စဖြစ်ဖြစ်ချင်းစိတ်၊ ဒီဘဝရဲ့ ပထမဆုံးစိတ် အာရုံပြုခဲ့တဲ့ အာရုံကို ပြန်ယူနေတာနော်။

ကိုယ်အိပ်နေတဲ့အချိန်မှာ ဖြစ်နေတဲ့ဘဝင်စိတ်က ဘာကိုအာရုံပြုနေသလဲဆိုရင် အမိဝမ်းထဲစရောက် ပဋိသန္ဓေနေစဉ်တုန်းက ပဋိသန္ဓေစိတ်က ယူခဲ့တဲ့အာရုံကိုပဲ အာရုံပြုနေပါတယ်။ အဲဒီဘဝင်ကတော့ မြင့်တယ် နိမ့်တယ်ရယ်လို့ မရှိဘူးပေါ့။

မရှိဘူးဆိုပေမယ့်လည်း ကောင်းတဲ့အာရုံ၊ အဆင့်အတန်းမြင့်တဲ့အာရုံ ဆိုရင်တော့ ဘဝင်မြင့်တယ်လို့ ပြောချင်ပြောပေါ့။ အဲဒီဘဝင်ကတော့ မြင့်လေ ကောင်းလေပါပဲ။

လူရယ်လို့ ဖြစ်လာတာကတော့ ကုသိုလ်ကြောင့် ဖြစ်လာတာချည်းပါပဲ။ အကုသိုလ်ကြောင့် လူဖြစ်လာတဲ့သူ တစ်ယောက်မှ မရှိပါဘူး။ စုတိစိတ်ကျခါနီးမှာ အကုသိုလ်အာရုံထင်ပြီး အကုသိုလ်စိတ်ဖြစ်ခဲ့ရင် ဘယ်သတ္တဝါမှ လူမဖြစ်တော့ဘူး၊ နတ်မဖြစ်တော့ဘူး။ ကုသိုလ်အာရုံထင်ပြီး ကုသိုလ်စိတ်ဖြစ်ခဲ့လို့သာ လူ၊ နတ်၊ သုဂတိဘဝကို ရောက်လာတာပါ။

ဒါပေမဲ့ အဲဒီကုသိုလ်ရဲ့ အရှိန်အဝါတွေ၊ အင်အားတွေ စွမ်းအင်သတ္တိတွေ ကွာခြားကြတဲ့အတွက် လူတွေရဲ့ ဘဝ အဆင့်အတန်း တစ်ယောက်နဲ့တစ်ယောက် မတူဘဲ ကွာခြားနေရခြင်း ဖြစ်ပါတယ်။ သေခါနီးမှာယူတဲ့ ကုသိုလ်အာရုံက တော့ အဆင့်အတန်းမြင့်လေ ကောင်းလေပါပဲ။

လပြည့်ဝန်းမဂ္ဂဇင်း (မေလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

အရင်ဘဝ သေခါနီးမှာ ယူခဲ့တဲ့ ကုသိုလ်အာရုံက အဆင့်အတန်းမြင့်ရင် အဆင့်အတန်းမြင့်တဲ့ ကုသိုလ်ကို အားပြုရတဲ့ ဘဝင်စိတ်(ဘဝင်)လည်း အဆင့်အတန်းမြင့်တာ ပေါ့။ အဲဒီ အဓိပ္ပာယ်နဲ့ကြည့်ရင် ဘဝင်မြင့်တယ်ဆိုတာ ကုသိုလ်အဆင့်အတန်း မြင့်တယ်လို့ ပြောတာပါ။

အဲဒီဘဝင်ကတော့ မြင့်ပါစေ၊ မြင့်လေ ကောင်းလေ ပါပဲ။ ဒါပေမဲ့ အဲဒီဘဝင်ကတော့ ဒီဘဝမှာ မြင့်အောင်လုပ် ယူလို့ မရတော့ပါဘူး။ ဒီဘဝအစရဲ့ ပဋိသန္ဓေစိတ်အတိုင်း ဖြစ်နေတော့မှ ဆိုတော့လေ။

နောက်ဘဝရဲ့ ဘဝင်မြင့်အောင်တော့ လုပ်လို့ရတာ ပေါ့။ အဆင့်အတန်းမြင့်တဲ့ ကုသိုလ်အာရုံနဲ့သေအောင် ကြိုး စားနိုင်ရင်၊ တစ်နည်းအားဖြင့် သေခါနီးကုသိုလ်စိတ်ကို အရည် အသွေး အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ရင် နောက်ဘဝမှာ ရလာမယ့် ဘဝအဆင့်အတန်း မြင့်သွားပါပြီ။ ဘဝင်မြင့်သွား ပြီ။ အဲဒီအဓိပ္ပာယ်ကျတော့ နောက်အဆုံးအမနဲ့ သွား ကြရမှာပေါ့။ 'နိမ့်သူတွေရဲ့ ကြားမှာ မြင့်ပါ'။ နောက်ဘဝ ဘဝင်နိမ့်သူတွေရဲ့ကြားမှာ နောက်ဘဝ ဘဝင်မြင့်ပါ။ သေ ခါနီး ထင်လာမယ့် ကုသိုလ်အာရုံ နိမ့်နေတဲ့သူတွေရဲ့ကြားမှာ သေခါနီးမှာ ထင်လာမယ့် ကုသိုလ်အာရုံ မြင့်ပါ။ ဒီလိုယူရ မှာပေါ့။

ဒီအဆုံးအမလေးတွေက ဟိုဘက်ဒီဘက် အဆင်ပြေ သလို ယူလို့ရတယ်။ ဟိုထဲကဟာ ဒီထဲယူ၊ ဒီထဲကဟာ ဟိုထဲ ယူ ဘယ်လိုယူယူ ရတယ်။ သေချာ ဉာဏ်အာရုံ ကျက်စား ပြီးတော့ နှလုံးသွင်းကြည့်မယ်ဆိုရင် ပျော်စရာကောင်းပါ တယ်။

## အထင်-သာတ်နဲ့ ဘဝင်မောတ်မနေပါနဲ့

အခု ဘဝင်မြင့်နေသူတွေရဲ့ကြားမှာ ဘဝင်နိမ့်ပါ ဆိုတာက မာနကိုရည်ညွှန်းတဲ့ဘဝင် ဖြစ်ပါတယ်။ အရပ်ထဲ မှာ ပြောကြတဲ့ ဘဝင်ပေါ့။ မာနနဲ့ ဘဝင်မြင့်နေတဲ့သူတွေရဲ့ ကြားမှာတော့ မာနမရှိသောအားဖြင့် ဘဝင်နိမ့်ပါတဲ့။

ဘဝင်နိမ့်အောင် နှလုံးသွင်းဆင်ခြင်ခြင်းအားဖြင့်လည်း ဘဝင်ကို နှိမ့်ချလို့ ရပါတယ်။ နှလုံးသွင်း ဆင်ခြင်နေတဲ့ကြား ထဲက ဘဝင်မြင့်လာတယ်ဆိုရင်လည်း အဲဒီမြင့်လာတဲ့ဘဝင် ကို သတိပဋ္ဌာန် ဝိပဿနာလေးနဲ့ ရှုမှတ်ပြီးတော့ နှိမ့်ချပစ်လို့ ရပါတယ်။

မာနစိတ် ပေါ်လာတယ်ဆိုရင် ဘယ်လိုရှုမတုံး။ အဲဒီ မာနစိတ်ကလေးကိုပဲ စူးစိုက်ပြီး ရှုရမှာပဲ။ စကားလုံးအနေနဲ့ ဘယ်လိုရှုရမလဲ စဉ်းစားမနေပါနဲ့။ စဉ်းစားနေရင် ဘယ်လို ရှုရမှန်း မသိဘူး ဖြစ်သွားလိမ့်မယ်။

ဘဝင်မြင့်တဲ့စိတ် ပေါ်လာရင် ဘဝင်မြင့်တယ်၊ ဘဝင် မြင့်တယ်လို့ အရှိအတိုင်း ရိုးရိုးရှင်းရှင်းလေး မှတ်လိုက်ရုံပါပဲ။ သတိပဋ္ဌာန် ဝိပဿနာလောက်လွယ်တာ မရှိတော့ဘူးနော်။ မလုပ်ကြလို့သာ။

ကိုယ့်စိတ်မှာ မာနဖြစ်လာရင် မာနဖြစ်တယ်၊ မာန ဖြစ်တယ်လို့မှတ်လည်း ရပါတယ်။ မာနဖြစ်တယ်၊ မာနဖြစ် တယ်ဆိုတဲ့ စကားလုံးက အဓိက မဟုတ်ဘူး။

(ဆက်ရန်)

❒ အရှင်ဆန္ဒာဓိက


၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စ၍ လပြည့်ဝန်းမဂ္ဂဇင်းတွင် ပါရှိသော ဝတ္ထုကဏ္ဍစာမူ (တစ်လပြတ်)များထဲမှ အယ်ဒီတာအဖွဲ့ အနှစ်သက်ဆုံးစာမူကို

**ဂုဏ်ပြုငွေ ချီးမြှင့်မည် ဖြစ်ပါကြောင်း**

ကလောင်ရှင်များအနေဖြင့် မိမိစိတ်တိုင်းကျ အင်တိုက်အားတိုက် ရေးသား၍ ပေးပို့နိုင်ပါသည်။ ရွေးချယ်ခံရသော စာမူ (Editor Choice) ဖြစ်ကြောင်းကို လပြည့်ဝန်းမဂ္ဂဇင်းတွင် ဖော်ပြပါမည်။

မှတ်ချက်။ ။ တခြားမဂ္ဂဇင်းတွင် ပေးပို့ထားခြင်းကိစ္စ၊ ကိုယ်ရေးကိုယ်တာ ကိစ္စများမှအစ ပြဿနာအဝဝသည် စာရေးသူ၏တာဝန်သာ ဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

# ဥဏှီသ သီသ လက္ခဏာတော်ကို ကြည်ညိုခြင်း

မောင်ဥာဏ်လင်း (တောင်ကုတ်)



ဘုရားရှင်သည် နာမ်ပိုင်းဆိုင်ရာ တန်ခိုးပါဝါနှင့်သာ ပြည့်စုံသည်မဟုတ်။ ရုပ်ပိုင်းဆိုရာ၌ အများထက်သာလွန်သော လက္ခဏာတော်များ တင့်တယ်စွာပါရှိ၍ သပ္ပာယ်တော်မူပါသည်။

ရှေးရှေးသောဘဝများစွာတို့က အလေ့အထ စာရိတ္တသီလပြုကာ ဖြည့်ကျင့်ဆည်းပူးတော်မူလာခဲ့၍ အများနှင့်မတူ၊ တစ်မူထူးခြားသည့် ပါရမီပုံရိပ် အမှတ်တံဆိပ်လက္ခဏာ ၃၂ မျိုး ပါဝင်ပါသည်။

မဟာပုရိသလက္ခဏာဟု ကျမ်းစာတို့၌ ဆို၏။ လက္ခဏာတော်ကြီး ၃၂ ပါးဟုလည်း ခေါ်ကြပါသည်။

ယောက်ျားမြတ်ဖြစ်ကြောင်း ကမ္ဘနိယာမက တံဆိပ်ရိုက်ပြထားသော ထို လက္ခဏာတော်များထဲမှ ၂၃ ခုမြောက် ဥဏှီသသီသလက္ခဏာတော် အကြောင်းကို ကြည်ညိုတင်ပြပါမည်။

ဥဏှီသသီသောကို သင်းကျစ်တော်အသားလွှာဖြင့် ဖွဲ့ယှက်ရစ်ပတ်အပ်သကဲ့သို့သော ဦးခေါင်းတော်ရှိတော်မူ၏ဟူ၍လည်းကောင်း၊ လိမ္မာလှစွာသော ပညာရှင်စီစဉ်အပ်သော ဦးရစ်ဝန်းကဲ့သို့ လုံးဝန်း တင့်တယ်သော ဦးခေါင်းတော်ရှိ၏ဟူ၍လည်းကောင်း အနက်နှစ်မျိုး ပေးနိုင်ပါသည်။

ထိုသို့ အနက်နှစ်မျိုးထွက်သောကြောင့် အဓိပ္ပာယ်လည်း နှစ်မျိုးရပါသည်။ ပထမအနက်အရ ဘုရားရှင်၏ နဖူးတော်တွင် ရွှေပြားသင်းကျစ် ပြုလုပ်တပ်ဆင်ထားဘိသကဲ့သို့ ပင်ကိုအားဖြင့် သင်းကျစ်တော်အသားလွှာပါရှိပါသည်။ ပြည့်စုံသော နဖူးတော်ရှိသည်ဟု ဆိုလိုပါသည်။ မှန်၏၊ ဘုရားရှင်တွင် လ…
ယာနားပန်းစွန်း၏ နားဦးစွန်းမှ…
အသားတော်လွှာ စီတက်လာပြီး…
နဖူးတော်တစ်ပြင်လုံး လွှမ်းမိုးပြည့်…
လျက် အောက်ဘက်သို့သက်ဆင်း…
လက်ဝဲနားပန်းစွန်း၏ နားဦးစွန်…
ဖြန့်၍ အနှံ့ပျံ့၍ တည်ပါသည်။

ထိုအသားလွှာ သင်းကျစ်…
သည် သိမ်မွေ့ခြင်း၊ ရွှေအဆင်းရှိ…
အရောင်တလက်လက်ထွက်ခြင်း…
တော်အနှံ့ပြည့်အောင်ပျံ့ခြင်း…
ဘုရင်မင်းမြတ်တို့၏နဖူး၌ ဖွဲ့ယှက်…
ထားအပ်သော ရွှေပြားသင်းကျစ်…
လွန်စွာမှ တင့်တယ်လှပေသည်။

ဤသို့ဆိုလျှင် ဘုရား…
အသားလွှာသင်းကျစ်တော်က…
သင်းကျစ်တော်နှင့်တူသည်ဟု…



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပါ။ အစစ်ကိုမမြင်ဖူးသူများအတွက် အစစ်ကိုနားလည်နိုင်ရန် တစ်ခါတစ်ရံ ၌ အတုနှင့်နှိုင်းယှဉ်ပြရ၏။ ဤ၌လည်း ထိုသဘောပင်ဖြစ်ပါသည်။ ထို့ကြောင့် လည်း အသားသင်းကျစ်တော်က အကယ့်ရွှေသားသင်းကျစ်တော်နှင့်တူ သည်ဟူ၍သာ နားလည်သင့်ပါသည်။ အစစ်မှုကား သိဒ္ဓတ္ထမင်းသားဘဝကပင် စင်ရှားပါလာသော ဘုရားရှင်၏နဖူး သင်းကျစ်အသားလွှာတော်ကို မြင်တွေ့ သောကြောင့်ပင် (မြင်သည်ကစပြီး) အသားလွှာသင်းကျစ် တကယ်မပါ သောဘုရင်များအတွက် အသားလွှာ သင်းကျစ်အစား ရွှေသားသင်းကျစ်ကို အတုပြုကာ မင်းမြောက်တန်ဆာအထူး ပြုလုပ်ပြီး သုံးစွဲလာခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယအနက်အရ ဘုရားရှင် ၏ နဖူးတော်သာမက ဦးခေါင်းတော် လည်း ထက်ဝန်းကျင်မှ အလုံးစုံ တင့် တယ်ပြည့်စုံပါသည်။ အချို့လူတို့မှာ နောက်ဦးခေါင်းပမာ နှစ်ဖြာကွဲနေတတ် ပါသည်။ အချို့မှာ ဦးခေါင်းတွင် ကွဲ ကြောင်းအက်ကြောင်းအသွင်ထင်နေပါ သည်။ အချို့မှာကား အသားပါးလွန်း၍ အရိုးဖြင့် ဖုံးထားသော အရိုးအသွင် ထင်သောဦးခေါင်းရှိပါသည်။ ဘူးသီး ကဲ့သို့ မညီမညွတ်သောဦးခေါင်းလည်း အချို့ ရှိကြ၏။ အချို့ကား နောက်သို့ ကောက်ချိတ်သော ဦးခေါင်း ရှိကြ၏။ နောက်စေ့ စူပြူထွက်နေသည်လည်းရှိ ၏။ ဘုရားရှင်မှာကား ထိုသို့မဟုတ်ပေ။ ဆောက်လုံးဆောက်ဝန်းဖြင့် အဝန်း ပြေပြေ အနေကျကျ လှပတင့်တယ်စွာ ပန်းထုပြုလုပ်ထားအပ်သော ရွှေပွတ် လုံးနှင့်တူ၏။ ထက်ဝန်းကျင်မှ အလုံးစုံ ပြည့်ဖြိုးတင့်တယ်ပါသည်။ ဤဆိုခဲ့ပြီး ကား နဖူးတော်၊ ဦးခေါင်းတော်တို့ ပြည့်ဖြိုးတင့်တယ်ပုံကို ဥဏှီသသီသ လက္ခဏာတော်အရ ကြည်ညိုတင်ပြ ခြင်း ဖြစ်ပါသည်။

ဤသို့ထူးခြားသော လက္ခဏာ တော်များ ပါလာခြင်းမှာ မင်းသားမို့ ပါလာသည်မဟုတ်၊ ရှေးကောင်းမှုထူး ကြောင့် အများထက်ထူးလာခြင်းဖြစ် သည်ဟု အကြမ်းအားဖြင့် စာရေးသူ တွေးဆမိပါသည်။

နဖူးသင်းကျစ် အသားလွှာက ဤမျှထူးခြားပြီး ကြည်ညိုစရာ ကောင်း နေလျှင် လက္ခဏာတော်ရကြောင်း ရှေး ကောင်းမှုက ပို၍ကြည်ညိုစရာ ကောင်း မည်ဟုလည်း တွေးမိပါသည်။

ဤလက္ခဏာတော်ကို အဘယ် ကောင်းမှုထူးကြောင့် ရလာသနည်းဟု လေ့လာကြည့်သောအခါ ရှေ့ဆောင် လမ်းပြ ဦးဆောင်ဦးရွက်ပြုလာခဲ့သော ကုသိုလ်ထူးကြောင့်ဟု လက္ခဏသုတ် ပါဠိတော်၌ ဟောပြထားပါသည်။ ရှေး ရှေးဘဝများစွာက၊ ကာယသုစရိုက်၊ ဝစီ သုစရိုက်၊ မနောသုစရိုက်၊ လှူဒါန်းပေး ကမ်းမှု ဒါန၊ ကိုယ်ကျင့်တရား ဆောက် တည်မှု သီလ၊ ကျင့်သုံးမှု ဥပုသ်သီလ၊ မိဘတို့အား ပြုစုလုပ်ကျွေးခြင်း မာတာ ပိတုဥပဋ္ဌာန စသော ကုသိုလ် ကောင်းမှု အစုစုတို့ကိုပြုကြရာ၌ ရှေ့သွားခေါင်း ဆောင် အကြီးအမှူး ဦးစီးပြုကာ စီမံ ဆောင်ရွက်ခဲ့ပါသည်။

ကောင်းကြောင်းကောင်းရာ ဟူ သမျှတွင် ဦးစီးဦးဆောင်လုပ်ဖြစ်သော ကြောင့်ပင် ပရိသတ်အလယ်မှာ လည် တမော့မော့ ခေါင်းတထောင်ထောင်နှင့် ကြွားကြွားမော်မော် ပျော်ပျော်ကြီး လှည့်လည်နေနိုင်ခဲ့၏။ ထိုကောင်းမှု ကြောင့် ကံအားလျော်သော နတ်စည်း စိမ်ထူးများကို ခံစားခဲ့၏။ ထိုမှ နောက်၌ လူ့ပြည်လောကသို့ ပြန်ရောက်သော အခါ အဆိုပါ ဥဏှီသသီသလက္ခဏာ တော် ရလာပါသည်။

ထိုလက္ခဏာတော်ပါလာသည် ကိုမြင်၍ ဗေဒင်ကျမ်းတတ်လက္ခဏာ ဖတ်ကြကုန်သော ပုဏ္ဏားပညာရှိတို့က ဤလက္ခဏာရှင်သည် လူ့ဘဝနှင့်နေ လျှင် စကြာမင်း ဖြစ်မည်။ ရဟန်းပြုက ဘုရားကေန် ဖြစ်မည်ဟု ဟောကိန်းထုတ်ခဲ့ကြ၏။ ဟောကိန်း အတိုင်းပင် ဘုရားဖြစ်လာ၏။ ထို့အပြင် လက္ခဏာတော်ရရှိတင်မက သဒ္ဓါဝါ ထိုထို များဗိုလ်လူတို့က ကိုယ်တော့် နောက်တော်ပါးမှ ခစားမကွာ အမြဲ လိုက်ပါရခြင်းဟူသော အကျိုးဆက်ကို လည်း ရရှိတော်မူပါသည်။

ဤ၌ ရှေ့သွားခေါင်းခံ စီမံအား ထုတ်ခဲ့ခြင်းသည် ကမ္မ - လက္ခဏာ တော်ရကြောင်း ရှေးကောင်းမှုကံဖြစ်ပါ သည်။ ရှေ့သွားခေါင်းခံ၍ စီမံခဲ့သူသည် ပရိသတ်ရှေ့ဝယ် ပွဲအလယ်တွင် ခေါင်း ထောင်ရဲသည့်အပြင် နှစ်သက် ဝမ်း မြောက်ခြင်းသင်္ကေတအဖြစ် ဦးခေါင်း မော်ကြွားလျက် လှည့်လည်ကျက်စားရ ၏။ ပရိသတ်များကလည်း အခြံအရံ အဖြစ် နောက်က လိုက်ပေးကြ၏။

ထိုကောင်းမှုမျိုးကို အလောင်း တော်ဘဝများတွင် ဘုရားရှင် ပြုစီမံခဲ့ ကြောင်း ဦးခေါင်းတော်က သက်သေခံ သည့်အလား ထိုအကြောင်းကို နတ်လူ အပေါင်းတို့ သိစေသားဟု ကမ္မနိယာမ ကပြောပြသည့်သဖွယ် နဖူးတော်ဝယ် သင်းကျစ်တော် အသားလွှာ မွေး ကတည်းက ပါလာ၏။

ထို့ကြောင့် ဦးခေါင်းတော် ပြည့် ဖြိုးလုံးဝန်းလာ၏။ ထိုသို့ အသားလွှာ သင်းကျစ်တော်ပါလာပြီး ဦးခေါင်းတော် လုံးဝန်းပြည့်ဖြိုးခြင်းကား ကမ္မသရိက္ခက - ကံနှင့်တူသော သဘောပင် ဖြစ်ပါ သည်။ သင်းကျစ်တော်အသားလွှာဖြစ်၊ ပြည့်ဖြိုးလုံးဝန်းသော ဦးခေါင်းတော်ဖြစ် ကား လက္ခဏာ - ရှေးကံသိကြောင်း အမှတ်သင်္ကေတ ဖြစ်ပါသည်။ သဒ္ဓါဝါ ထိုထို များဗိုလ်လူတို့ ကိုယ်တော့်နောက် က ခစားမကွာ လိုက်ပါနေကြရခြင်း ကား လက္ခဏာနိသံသ - လက္ခဏာ တော်အကျိုးဆက် ဖြစ်ပါသည်။

ကောင်းမှုကံက ကုသိုလ်တရား တို့၌ ရှေ့သွားခေါင်းဆောင် ပြုခဲ့ခြင်း၊ ရလာသည့်အကျိုးရင်းက နဖူးပြင်ဝယ် အသားလွှာ သင်းကျစ်တော် ပါခြင်း၊ ဦးခေါင်းတော် ပြည့်ဖြိုးလုံးဝန်းခြင်း



www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာအကျိုးဆက်က လူနတ်ပြဟ္မာ သတ္တဝါတို့ ခစားမကွာ နောက်ကလိုက်နေရခြင်း ဖြစ်ပါသည်။

အကြောင်းကိုပြုက အကျိုးရင်း၊ အကျိုးဆက်ကို ရှင့်နေစရာ မလိုဘဲ ထိုသို့ပြုကြောင်း နတ်လူအပေါင်းတို့ သိစေသားဟု ကံနှင့်တူစွာ ကမ္မနိယာမက ပြောပြလာသည်ဟု အနှစ်ချုပ်နားလည်မိပါသည်။ သို့ဆိုလျှင် အကျိုးရင်းကို လိုလားတောင့်တပါသလား။ အကျိုးဆက်ကိုပဲနှစ်သက်မြတ်နိုးနေပါသလား။

မိမိ လိုလားတောင့်တရာကို ရနိုင်ဖို့က ကောင်းမှုပြုရာတွင် ရှေ့သွားခေါင်းဆောင်လုပ်ရန်သာ ရှိတော့၏။ ထိုမှတစ်ပါး အခြားအကြောင်းမရှိဟုလည်း ထပ်ဆင့်နားလည်မိပါသည်။ ဤလက္ခဏာတော်၏အနှစ်ချုပ်ကား ခေါင်းမရှောင်နှင့် ခေါင်းဆောင်ပါ ဟူ၍ ဖြစ်ပါသည်။

ခေါင်းဆောင်လိုစိတ် ထက်သန်လာစေရန် ခေါင်းဆောင်ကောင်းဖြစ်တော်မူသော ဗုဒ္ဓကို ဤလက္ခဏာတော် ဘုရားရှိခိုးဂါထာဖြင့် ကြည်ညိုသဒ္ဓါပွားသင့်၏။ ခေါင်းဆောင်မှု၌ ကြည်ညို၊ ခေါင်းဆောင်လိုစိတ် ပိုပေါ်လာသည့်အပြင် ဗုဒ္ဓါနုဿတိဘာဝနာ ကုသိုလ်ထူးလည်း ဖြစ်ပေမည်။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ရတနာ့ဂုဏ်ရည်ကျမ်းစာမှ ထုတ်နုတ်၍ လပြည့်ဝန်းပရိသတ်သို့ တင်ပြပေးလိုက်ပါသည်။ ကြည်ညိုကြည့်ကြပါကုန်။

"ဒါနာဒိ ပုညကမ္မေသု၊ ပုဗ္ဗင်္ဂမော တထာဂတော။

တေန ဥဏှီသသီသောစ၊ ဇနာနုဝတ္တိ စ တံ နမေ။

ယောတထာဂတော = အကြွင်မြတ်စွာဘုရားသည်၊ ပုရေဘဝေ = ဘဝများစွာ ရှေးရှေးအခါ၌၊ ဒါနာဒိ ပုညကမ္မေသု = ဒါနစသည် အလီလီသော ကုသိုလ်ကောင်းမှုတို့၌၊ ပုဗ္ဗင်္ဂမော = တက်တက်ကြွကြွ ရှေ့ကသွား၍ အများလိုက်အောင် ခေါင်းဆောင်တော်မူခဲ့၏

... တေန = ထိုသို့ကုသိုလ်ကောင်းမှုကိစ္စစု၌ လူထုပါအောင် ခေါင်းဆောင်တော်မူခဲ့ခြင်းကြောင့်၊ ဥဏှီသသီသော စ = သင်းကျစ်အပြား ဖွဲ့ပတ်ထားသို့ သီးခြားဆန်းထူး မဟာနဖူးကြောင့် ဖူးရရှင်ပျော် လုံးသောဦးခေါင်းတော်ရှိသည်လည်းကောင်း၊ ဇနာနုဝတ္တိစ = လူနတ်ပြဟ္မာ သတ္တဝါတို့ နောက်မှာစိုက်စိုက်လိုက်၍ပါခြင်းရှိသည် လည်းကောင်း၊ ဟောတိ = အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ်ဖြစ်ထွန်းတော်မူ၏။ တံတထာဂတံ = ဥဏှီသသီသတာလက္ခဏာနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ = ဘုရားတပည့်တော်၊ တပည့်တော်မ (---) သည်၊ နမေ နမာမိ = ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား"

အကယ်၍ ပါဠိအနက် ကျက်ရခက်သည် ဆိုပါက မဟာဗုဒ္ဓဝင်(၃)၌ မင်းကွန်းတိပိဋကဆရာတော် ဖော်ပြထားသော အောက်ပါလင်္ကာကို ရွတ်ဖတ်ကာ ရှိခိုးပါလေ။ အားလုံး ကိုယ်ရောစိတ်ပါ ရွှင်လန်းချမ်းမြေ့ကြပါစေ။

"ကုသိုလ်တရား၊ ဟူသည်များ၌၊ ရှေ့သွားအမှူး၊ ဦးစီးခေါင်းခံ၊ ဆော်စီမံဖူး၊ ကောင်းမှုထူးကြောင့်၊ နဖူးတော်ဝယ်၊ ရွှေပြားခြယ်သို့၊ တင့်တယ်လှစ်လှစ်၊ အသားစစ်မှ၊ သင်းကျစ်တော်လွှာ၊ လက္ခဏာဖြင့်၊ သတ္တဝါထိုထို၊ များလူဗိုလ်တို့၊ ကိုယ်တော်နောက်၌၊ စိုက်စိုက်မကွာ၊ လိုက်ရပါသော မြတ်စွာဘုရား၊ မြတ်စွာဘုရား"

❒ မောင်ဉာဏ်လင်း(တောင်တွင်းတ်)

ကျမ်းကိုး

မဟာဗုဒ္ဓဝင်(၃) ရတနာ့ဂုဏ်ရည်။



ဦးလေးကြီး ပါဝါပွုးလား၊ နေ
လား၊ ပတ်လည်ရိုက်ထားလို့။ ဘ
ဘာဂဏန်းထွက်သွားလဲ၊ စီးရီး
လိုက်မိတာ နာတာပဲ။ အိမ်ဆိုင်
အတွက် နေ့စဉ်အသွားအပြန် ကုန်
ထွက်တိုင်း အမေးခံပြီး ကြားနေ
ပါ။ အစိမ်းသက်သက် ဝေါဟာ
မဟုတ်ပေမယ့် ဒီအဝန်းအဝိုင်း
မဝဝ်ဆုံခဲ့ပါဘူး။ နှစ်လုံးမထိုးရင်
မမီဘူးလို့ ပြောစမှတ်တွင်လာတော
လား။ သူ့ကျွန်ဘဝ အနှစ်(၁၀၀)
ကျလုဆဲဆဲ မန္တလေးနေပြည်တော်
မှာ နေ့စဉ် ထီတွေဖွင့်ခဲ့တာကို သမိုင်
မေ့ကျန်ခဲ့ပြီလားလို့ ဝံသာနုရက္ခိတ
နဲ့ မေးရတော့မယ်ထင်ပါတယ်။ အ
ရောက်ခါစ လူငယ်တိုင်းမှအစ ခေါ်
စွယ်ကျိုးတွေအထိ မင်္ဂလာဆောင်
ဥပုသ်ဇရပ်အလယ် နာရေးပွဲဆော
ကားပေါ်အဆုံး နှစ်လုံးရောဂါထ
တာကို အမြင်အတွေ့ပါ။

"အမှားကြာတော့ အမှန်
ဘုရားရှင်ပင် ဟောလို့မရ" ဆို
"သိလျက်နဲ့ဆိုးနေတဲ့ သူကို သိ
ထပ်ပြီး မပြောဝံ့တော့ပါဘူး၊ အ
သိစမ်းပါ"တဲ့ မထေရ်မြတ်များ အ
ထပ် ဆုံးမနေပေမယ့် မကောင်း
မကောင်းမှန်းသိရက်နဲ့ ဇွတ်မိုက်
တဲ့ လောဘသားတွေ နေ့တိုင်းပုံ
တဲ့ မြင်ကွင်းတွေလို့ ဆိုရမှာ
တကယ်တော့ လောင်းကစားလုပ်
ဆိုတာ မကောင်းတာကို လုပ်ခြင်
ကံထမ်းလာတာကို မမြင်ရဘူး၊ 
လာတာကို မြင်ရမယ့်အစား၊ လက်
ခတ်တာကို မြင်ရတယ်လို့ ဆိုလို
တော့တယ်။

အဲဒီနှစ်လုံးမထိုးဘဲ မက
မနေနိုင်တာ ရောဂါပါ၊ နှ
ရောဂါပါလို့ စိတ်ပညာ အ



www.burmeseclassic.com

www.burmeseclassic.com

တွေ ဒေါက်တာဒေါ်ခင်အေးဝင်းရဲ့ တ်ပြ ပြုပြင်ချက်ကို မော်ဒန် င်းဂျာနယ်မှာ ဖတ်လိုက်ရပါတယ်။

လူတွေက တစ်ယောက်နဲ့ တစ် တ် တွေးခေါ်ပုံခြင်း မတူညီကြပါ တချို့က စိတ်ကူးယဉ်ပြီး မျှော်လင့် ငွေကို လွယ်လွယ်ရချင်တဲ့သူတွေ လို တချို့ကျတော့ ကိုယ့်အားကိုယ် အလုပ်လုပ်ရင်း ရလာတဲ့ သမ္မာ ဝင်ငွေကိုပဲ တန်ဖိုးထားကြတာ င်ပါတယ်။ နှစ်လုံးလောင်းကစား အကြွေးနွံထဲ နစ်သထက်နစ်ပြီး ပျက်သထက်ပျက်သွားကြတဲ့ လူ သဲ မျက်စိအောက်မှာပင် ဒုနှင့်ဒေး အဲဒီလိုမျိုး ဘဝတွေ အနေဆိုးပြီး ကမောက်ကမ ဖြစ်မသွားရအောင် လောင်းကစားအမူအကျင့်ပြောင်းပစ်ဖို့ အတွက် ဘယ်လိုပုံစံမျိုး ပြောဆိုဆွေး နွေးသုတပေးသင့်တယ် ဆိုတာနဲ့ ပတ် သက်ပြီး နှလုံးမထိုးဘဲ မနေနိုင်တဲ့ရောဂါ ကို ကုသဖို့ လိုအပ်ပါတယ်။ နည်းရိုးရိုး ကြီးအတိုင်း ပြောဆိုရှင်းပြရုံလောက်နဲ့ မလုံလောက်နိုင်တော့ပါဘူး။ ဘာလို့လဲ ဆိုတော့ လောဘသားတွေရဲ့ (လူမိုက် ကံကောင်း) လေထဲတိုက်ဆောက် (စိတ် ကူးထဲက တိုက်အိမ်ချင်း အလှပြိုင်ချင် သလို) အားဖြည့်မှုလေးကို မျှော်ကိုးပြီး လုပ်ကြတာမျိုးပေါ့။ ငွေရှိရင် အရာရာ ကို ဖြေရှင်းနိုင်တယ်လို့ လူမိုက်တွေး တွေးနေကြလို့ပဲ ဖြစ်ပါတယ်။

လောင်းကစားသမားတွေရဲ့ အမူအကျင့်ကို ပြောင်းလဲစေဖို့ သေသေ ချာချာ ရှင်းပြတာနဲ့ပတ်သက်ပြီး တစ် ပတ်ကို ကိုယ်ဘယ်လောက်ထိုးတယ်၊ ဘယ်လောက်ပေါက်တယ်၊ နောက်တစ် ပတ်မှာဘယ်လောက်ထိုး၊ ဘယ်လောက် ပေါက်တယ်ဆိုတာကို ထပ်မှတ်ထား ခိုင်းပြီး ခြောက်လပြည့်တဲ့အခါ ရလိုက် တာနဲ့ ကုန်သွားတာကို အရှုံး အမြတ် တွက်ကြည့်ခိုင်းတာမျိုးပေါ့။

အကြွေးရှိလို့ ဆူလွယ်နပ်လွယ် လောင်းကစားနဲ့ ဖြတ်လမ်းလိုက်တယ်။ လောင်းကစားလို့ အကြွေး ပိုပိပြီး ရှုံး တော့ စိတ်ကျရောဂါဖြစ်တယ်။ အဲဒီ ဘက်ကိုပဲ စိတ်ရောက်နေတော့ မိမိရဲ့






www.burmeseclassic.com

www.burmeseclassic.com

အလုပ်အကိုင်ပျက်လာ၍ မိမိဘဝတည်မြဲဖို့ သမ္မာအာဇီဝထမင်းကျွေးတဲ့အလုပ်ကို ဆရာလို အောက်မေ့။ တပည့်လို ပြုပြင်၊ ပိုင်ရှင်လိုတွေးဆ၊ မိဘလိုရိုသေ၊ သားသမီးလို စောင့်ရှောက်ကြဆိုတာကို မေ့လျော့ပျက်ယွင်းချွတ်ချော်လို့ မိစ္ဆာအာဇီဝပုံစံ ပြောင်းကုန်ကြပြီး အမှတ်တမဲ့မှ အမှတ်တရ ဒုက္ခဝန်ထုပ်ကြီးပိပြားသွားရပါတော့တယ်။

အဓိကကတော့ သူတို့ရဲ့သိမှုကို အခြေခံပြီး မသိလို့ အမှားလုပ်မိနေတာကို မြင်သာအောင် အတွင်းစိတ်ပိုင်းလက်ခံလာတဲ့အထိ အပြစ်တင်ဝေဖန်တဲ့ သဘောမျိုးမဟုတ်ဘဲ လက်တွဲခေါ်ပြောင်းလဲအောင်လုပ်ပေးရမှာမျိုး ပြုပြင်သင့်တဲ့ သဘောလို့ အကြံပေးထားပါတယ်။

အမှန်မှာတော့ ,မြတ်ဗုဒ္ဓရဲ့ သာသနာအတွင်းသား အစစ်တွေဖြစ်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံသားတွေအနေနဲ့ မှတ်ပုံတင်ထဲမှာ ရေးထားတာတော့ ဗုဒ္ဓဘာသာ၊ အိမ်ဦးခန်းမှာ ဘုရားစင် နေ့စဉ်လောင်းလှူနေကြတာတော့ သံဃာ့သဒေမပါဘုရားတဲ့၊ ရည်ရွယ်ချက်ပန်းတိုင်ကတော့ နိဗ္ဗာန် မဂ်ဖိုလ် ရက်တိုတိုပါပဲ၊ လျှောက်လှမ်းလုပ်ဆောင်ရမယ့် တာဝန်ပိုင်းအနေနှင့် မဂ္ဂင်ရှစ်ပါး လမ်းစဉ်မှာ သက်ထိန်းမဂ္ဂင် သမ္မာအာဇီဝ မဟုတ်ရင်တော့ တစ်ကြောင်းတည်းသော လမ်းစဉ်ပေါ်က လိမ့်ကျနေဦးမှာ သေချာပါတယ်။

ဘဝခန္ဓာအတွက် သက်ထိန်းလုပ်ငန်းကို (အာဇီဝ)လို့ခေါ်ပြီး အပြစ်ကင်းပြီး ကောင်းကျိုးဆောင်ရင် သမ္မာအမည်ရ မှန်သောလုပ်ငန်းဖြစ်လို့ သမ္မာအာဇီဝလို့ ဘုရားရှင်လမ်းညွှန်ချက်ကြီးပါ၊ အများမကြိုက်ရင်နေပါစေ၊ အမှားမလိုက်ချင်ရင် သဘာဝဓမ္မတာ နဂိုအလုပ်နဲ့ ကာမတဏှာအပိုအလုပ်ကို ခွဲခြားမြင်စေချင်ပါတယ်။ ထမင်းနဲ့ ဟင်းကလွဲပြီး ကွမ်းစား၊ ဆေးလိပ်သောက်၊ လက်ဖက်ရည်ဆိုင်ထိုင်၊ သရေစာ ဝယ်စားတာမျိုးကအစ မလိုအပ်တဲ့ အပိုအလေအလွင့် အလုပ်တွေကို မလုပ်တော့ရင် ဝင်ငွေထဲက ဖြုန်းငွေ မရှိတော့ဘဲ သုံးစွဲငွေနဲ့ ရောင့်ရဲကျေနပ်လာပါလိမ့်မယ်ဆိုတာ ဆင်ခြင် သတိထားကြည့်ပါ။

ဒုက္ခဆိုတာ စားဝတ်နေရေးနဲ့ စည်းစိမ်ဥစ္စာ ချို့တဲ့တာလို့ များသောအားဖြင့် ထင်မှတ်နေကြပါတယ်။ လိုချင်နေသမျှ လိုက်ရှာရတဲ့ ဒုက္ခ၊ လိုအပ်သမျှ ရအောင်မရှာနိုင်တဲ့ ဒုက္ခတွေနဲ့ မွန်းကျပ်မှုတွေကို ထွက်ပေါက်ရှာကြတော့ ယခုလို လူမိုက်ကံကောင်း ဖြတ်လမ်းလိုက်ကြတာ ဖြစ်ပါတယ်။ အမှန်မှာတော့ ဒုက္ခဆိုတာ ရုပ်ဝတ္ထုပစ္စည်းတွေ ချို့တဲ့မှုကို ဆိုလိုတာမဟုတ်ပါဘူး၊ ဒုက္ခဆိုတာ စိတ်ပိုင်းဆိုင်ရာ မလွတ်ငြိမ်းမှု၊ စိတ်ပိုင်းဆိုင်ရာ လိုချင်မှုအားလုံးရဲ့ နှောင်ဖွဲ့ခံရမှု၊ အချုပ်အနှောင်အတားအဆီး စတဲ့ မလိုလား မနှစ်သက်စရာအားလုံးက မလွတ်မြောက်သေးတဲ့ စိတ်ပိုင်းဆိုင်ရာချို့တဲ့မှုကို ဆိုလိုတာ ဖြစ်ပါတယ်။

အထူးသဖြင့် နှစ်လုံးထိုးတဲ့သူတွေရဲ့ အလိုမပြည့်မှု ဒုက္ခတွေကို သုံးသပ်ပြချင်ပါတယ်။ တစ်အောင့် တခဏစာ ကျေနပ်သလိုထင်ရပြီး မကျေနပ်စရာတွေနဲ့သာ ရှုပ်ထွေးနေရတဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို ရရှိခံစားနေရရုံလောက်နဲ့ ကျေနပ်နေကြပြီလား။ ကိုယ့်ကံနဲ့ ကိုယ်ပေါက်တာပဲဆိုပြီး ဝမ်းသာပျော်ရွှင်နေတဲ့အချိန်မှာ မပေါက်တဲ့မိသားစုရဲ့ ထမင်းအိုးထဲက ဆန်ဖိုး၊ ဆီဖိုး၊ မျက်ရည်ဖိုးတွေကို တွေးကြည့်မိဖူးပါသလား။ မိမိပယောဂရော ကင်းပါသလား။ လော်စပီကာတပ်ပြီး လူသိရှင်ကြား အော်ပြောရဲပါသလား။

နှစ်လုံးထီပေါက်လို့ အလှူလုပ်ပြီး အမျှဝေတဲ့အခါ ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ ရှုံးမြတ်ခွဲဝေယူဆိုတဲ့ အကုသိုလ် ဝေစုအပေါင်းအပါမဖြစ်ချင်လို့ "ဖောက်ပြန်လူတစ်စု ကြေးစည်ထုသော်၊ အရမ်းသာဓုမခေါ်နဲ့" ဆို…
ဆုံးမထားချက်ကို ကြားဖူးမှ ကြားဖူး…
ရဲ့လား။ ဒီလိုအဖြစ်ဆိုးမျိုးကို ဘယ်သူ…
မလိုချင်ကြတဲ့အတွက် ကိုယ်မလိုချင်တာ…
သူများကို မပေးနဲ့၊ ကိုယ်လိုချင်တာ…
သူများကို အကုန်ပေး၊ ကိုယ်ပေးထား…
အတိုင်း ကိုယ်ပြန်ရမယ်ဆိုတဲ့ သူ…
ကိုယ်နဲ့ နေရာချင်းလဲကြည့်တဲ့ ကိုယ်…
ချင်းစာတရား ကမ္မနိယာမကို လက်…
တွေးဆကြည့်စေချင်ပါတယ်။

သူများမျက်ရည်ကျမှ ကိုယ်ဝမ်း…
သာရမယ့် လူသံဝေသနိကငွေဆိုတာ…
နှစ်လုံးထီပေါက်တဲ့ အပူပိုက်ဆံတွေဝါ…
ဘယ်တော့မှလည်း မြဲမှာမဟုတ်လို့…
အကွက်ကြီးကြီး ပေါက်တဲ့လူဟာ…
လောဘအားဆေးသောက်လိုက်သလို…
မြန်မြန်ဘဝပျက်သွားကြတာ လော…
မျက်မြင်ပါပဲ။

ဗုဒ္ဓဘာသာဝင်တွေရဲ့ ကြား…
ပြီး နားမဝ၊ နားဝလည်း အဓိပ္ပာယ်…
ဆိုသလို မကောင်းတာလုပ်ရင်မကောင်း…
တာ ဖြစ်မယ်၊ ကောင်းတာလုပ်ရင်…
ကောင်းတာဖြစ်မယ်ဆိုတဲ့ ကမ္မသ…
ကတာ သမ္မာဒိဋ္ဌိလမ်းစဉ်ကို ဖင်ခုထိုင်…
နေကြတဲ့ နှစ်လုံးထီထိုးသမားတွေဟာ…
အမှတ်တမဲ့ကြည့်လိုက်တော့လည်း အ…
ဘဝမှာ မကောင်းတာလုပ်ပြီး ခံစား…
စည်းစိမ်တွေ ပြည့်စုံနေတာကို အားကျ…
ချင်တဲ့ ဓမ္မအပေါ် သစ္စာဖောက်တဲ့…
မြင်ကွင်းတွေကလည်း ရှိနေတာမို့ပါ…

အမှန်တော့ လူ့ဘဝရဲ့ အနှ…
သား တန်ဖိုးက သေခါနီးဉာဏ်မြင်ဖို့…
ဟောတော်မူထားတဲ့အတွက် လားရာ…
ဂတိနဲ့ ဆင်ခြင်ကြည့်လိုက်ရင် အမြင်…
ရောက်လေအကျနာလေပါပဲ။မကောင်း…
တာလုပ်ရင် မကောင်းတာရမယ်လို့…
ကမ္မလမ်းစဉ်ကို ချက်ချင်းလက်ငင်း အ…
ဘဝမှာ သိရှိနားလည်အောင် အဓိပ္ပာယ်…
ဖွင့်ကြည့်စေချင်ပါတယ်။

မကောင်းတာလုပ်ရင် မကောင်း…
ကျိုးဖြစ်တယ်ဆိုတာထက် မကော…
ကျိုးရတယ်လို့ ဆိုချင်တာပါ၊ နှစ်လုံး…





www.burmeseclassic.com

www.burmeseclassic.com

သမား၊ လောင်းကစားသမား ...
(ကြွေတစ်လှည့်၊ ကြက်တစ်ခုန်) နာမည်
ဆိုးဘွဲ့ထူး ဂုဏ်ထူးအနံ့လှိုင်လှိုင်ကို
...တာပါပဲ။ ဘုရားမကြိုက်တဲ့ မိစ္ဆာ
...အလုပ်ဆိုတော့ လောင်းကစား
... အပြစ်ခြောက်ပါးကလည်း လက်
...ကြည့်မနေပါဘူး။

(၁)နိုင်သော် ရန်ပွား၏။ (၂) ရှုံး
... ဥစ္စာအတွက် ပူပန်ရ၏။ (၃)ကိုယ်
...ချက်မြင်ဥစ္စာ ဆုတ်ယုတ်၏။ (၄)
...ခွင်၌ ထိုသူ၏စကားသည် သက်
...တည်။ (၅) အဆွေခင်ပွန်းတို့ မထီ
...ပြု၏။ (၆) ဤသူသည် လောင်း
...သမားတည်း။

သားမယားကို ကျွေးမွေးရန်
...မ်စွမ်းမရှိနိုင်ဟု သားပေး သမီးယူ
...သူတို့သည်လည်းအလိုမရှိအပ်။
...တော်ချင်းချင်း သီတင်းလွှေ့လွှေ့
...ဖက်တွေ့မပါ)တို့ကို ချက်ချင်း
...င်း ခံစားရနေတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ လေးလေးနက်နက်
...ခြင်ကြည့်လေလေ အသိတရား
...ဟွာယ် နက်နဲစေတဲ့ အရှေ့တိုင်း
...ပုံလေးကို အမှတ်တမဲ့မှ အမှတ်
...ရှိစေချင်လို့ နှစ်လုံးထီလောင်းကစား
...များကို အတိတ်စိမ်းပေးလိုက်ပါ
...

" Good has but one enemy, the ... but the evil has two enemies, the ... and itself " (မက်မူလာ) ကောင်း
... မကောင်းမှုဟူသည့် ရန်သူတစ်ဦး
... သာရှိသည်။ သို့သော် မကောင်း
... ကောင်းမှုဟူသည့် ရန်သူတစ်ဦး
...သည့်အပြင် ၎င်းကိုယ်၎င်း ရန်သူပြန်ဖြစ်
...ခြင်းကြောင့် ရန်သူနှစ်ဦးရှိသည်တဲ့။

ကိုယ်ချင်းစာတရား လက်ကိုင်
...ပြီး ပျက်အစဉ် ပြင်ခဏ ဆိုထုံး
...ကို အကောင်အထည်ဖော်နိုင်ရန်
...ကမ်းကြိုဆိုဖိတ်ခေါ်ရင်း စေတနာ
...ရင်းခံပြီး ဆွေးနွေးတင်ပြလိုက်ပါ
...ယ်။

❒ ကိုအေးမင်း(ပဲခူး)

**စာမူများ ... ပို့နိုင်ပါသည်**

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါကြောင်း။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထိရဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်းပို့မိုတိုးတက် အောင်မြင်စေရန်**
**လပြည့်ဝန်းမဂ္ဂဇင်းတွင်**
**ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။**

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၀) ပထပ်၊
မဟာဗန္ဓုလလမ်း၊ (၁၇×၁၀)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com

# အကုသိုလ်တရားကိုယ်နှင့် အကုသိုလ်တရား

မာမက(သုတေသီ)



**နီဝရဏ**

(ဈာန်မဂ်ဖိုလ် ကုသိုလ်ကို တားမြစ်ပိတ်ပင်သော တရား ၆-ပါး)

၁။ **ကာမစ္ဆန္ဒနီဝရဏ** - ကာမဂုဏ်ကို လိုချင်မှုသသော (တရားကိုယ် လောဘ)

၂။ **ဗျာပါဒနီဝရဏ**- အမျက်ထွက် ပြစ်မှားခြင်းသဘော (တရားကိုယ် ဒေါသ)

၃။ **ထိနမိဒ္ဓနီဝရဏ** - ထိုင်းခြင်း မှိုင်းခြင်းသဘော (တရားကိုယ်ထိနနှင့် မိဒ္ဓ)

၄။ **ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ** - ပျံ့လွင့်ခြင်း၊ နောင်တတစ်ဖန် ပူပန်ခြင်းသဘော (တရားကိုယ် ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ)

၅။ **ဝိစိကိစ္ဆာနီဝရဏ** - ယုံမှားခြင်းသဘော (တရားကိုယ် ဝိစိကိစ္ဆာ)

၆။ **အဝိဇ္ဇာနီဝရဏ** - အမှန်မသိခြင်းသဘော(တရားကိုယ်မောဟ)

ထိနနှင့် မိဒ္ဓ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် ကိစ္စအားဖြင့် ဆန့်ကျင်ဘက်အားဖြင့် တူကြသောကြောင့် တရားကိုယ် နှစ်ပါးကို နီဝရဏတရား တစ်ပါးတည်း ပြုရသည်။

ထိနနှင့် မိဒ္ဓနှစ်ပါးစလုံး ပျင်းရိခြင်း ကိစ္စအားဖြင့်တူသည်။ ထက်မြက်သော ဝီရိယနှင့် ဆန့်ကျင်ဘက်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

တူသည်။ ဗျသနတရား တစ်ပါးပါးကြောင့် ဖြစ်တတ်၍ နှစ်ပါးစလုံး ဖြစ်ခြင်းတူသည်။ ၎င်းနှစ်ပါးစလုံးသည် သမာဓိ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း တူသည်။

တရားအားဖြင့် (၆)ပါးဖြစ်ပြီး တရားကိုယ်အားဖြင့် (၈)ပါးဖြစ်သည်။ ဈာန်တရား(၅)ပါးတွင် ကာမစ္ဆန္ဒနီဝရဏက သမာဓိကို ဗျာပါဒနီဝရဏက ပီတိကို ထိနမိဒ္ဓနီဝရဏက ဝိတက်ကို၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏက သုခကို၊ ဝိစိကိစ္ဆာနီဝရဏက ဝိစာရကို တားမြစ်သည်။ အဝိဇ္ဇာနီဝရဏသည် မဂ်ဖိုလ်ကို တားမြစ်သည်။

၇။ အနုသယ

(သတ္တဝါတို့ သန္တာန်၌ အစဉ်ကိန်းအောင်းနေသော ကိလေသာတရား ခုနစ်ပါး)

၁။ ကာမရာဂါနုသယ - ကာမဂုဏ်တပ်မက်မှု (တရားကိုယ် လောဘ)
၂။ ဘဝရာဂါနုသယ - ဖြဟ္မာဘဝတပ်မက်မှု (တရားကိုယ်လောဘ)
၃။ ပဋိဃာနုသယ - ပြစ်မှားကြမ်းတမ်းအမျက်ထွက်မှု (တရားကိုယ် ဒေါသ)
၄။ မာနာနုသယ - ထောင်လွှားမှု (တရားကိုယ် မာန)
၅။ ဒိဋ္ဌာနုသယ - အမြင်မှား အယူမှားမှု (တရားကိုယ် ဒိဋ္ဌိ)
၆။ ဝိစိကိစ္ဆာနုသယ- ရတနာသုံးပါးကံ,ကံ၏အကျိုး၌ ယုံမှားမှု (တရားကိုယ် ဝိစိကိစ္ဆာ)
၇။ အဝိဇ္ဇာနုသယ - မသိမိုက်မဲမှု (တရားကိုယ် မောဟ)

သရက်သီးကို သီးစေနိုင်သော ဓာတ်သတ္တိသည် သရက်တစ်ပင်လုံး၌ ကိန်းအောင်းနေသကဲ့သို့ အနုသယကိလေသာတရားများသည်လည်းသတ္တဝါတို့၌ ကလလရည်ကြည်တည်ချိန်မှစ၍ ကိန်းအောင်းခဲ့သည်။ ယင်းအနုသယကိလေသာများသည် ဆိုင်ရာအာရုံနှင့် ဆုံကြုံသောအခါ ပရိယုဋ္ဌာနကိလေသာအဖြစ်သို့ ပြောင်းလဲသွားပြီး ထကြွသောင်းကျန်းလာတော့သည်။ ယင်းထကြွသောင်းကျန်းလာသော ကိလေသာကို မထိန်းချုပ် မပယ်သတ်နိုင်လျှင် လွန်ကျူးမှု ဝီတိက္ကမကိလေသာအဖြစ်သို့ ရောက်ရှိသွားပြီး ဆိုင်ရာဝိပါက်အကျိုးတရားများကိုလည်း ဖြစ်ပွားစေတော့သည်။ ဝီတိက္ကမကိလေသာကို သီလဖြင့်၊ ပရိယုဋ္ဌာနကိလေသာကို သမထဖြင့်၊ အနုသယကိလေသာကို ဝိပဿနာဖြင့် ပယ်သတ်နိုင်သည်။

ကိလေသာ ဆယ်ပါးတွင် လောဘ၊ ဒေါသ၊ မာန၊ မောဟ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ တရားကိုယ် ခြောက်ပါးသာ သတ္တိအင်အား ကြီးမားထက်မြက်ကြသည်။ ဆိုင်ရာ အကုသိုလ်များ ဖြစ်အောင် ခေါင်းဆောင်နိုင်သော တရားများလည်း ဖြစ်ကြသည်။ သတ္တဝါတို့သန္တန်၌ အစဉ်ကိန်းအောင်းနေကြသည်။ ထို့ကြောင့် ၎င်းခြောက်ပါးတို့ကိုသာ အနုသယခေါ်ရခြင်းဖြစ်သည်။ ကျန်ကိလေသာလေးပါးမှာ သတ္တိစွမ်းအား နည်းပြီးအစွမ်း မထက်မြက်ကြသောကြောင့် အနုသယအမည်မရကြခြင်း ဖြစ်သည်။

၈။ (က) သုတ္တန်လာသံယောဇဉ်

ဘဝကို ယှဉ်စပ်ပေးသော ကြိုးဆယ်ချောင်း

၁။ ကာမရာဂသံယောဇဉ် - ကာမဂုဏ်တပ်မက်မှုကြိုး (တရားကိုယ် လောဘ)
၂။ ရူပရာဂသံယောဇဉ် - ရူပဈာန်နှင့် အကျိုးကို တပ်မက်မှုကြိုး (တရားကိုယ် လောဘ)
၃။ အရူပရာဂသံယောဇဉ်- အရူပဈာန်နှင့် အကျိုးကို တပ်မက်မှုကြိုး (တရားကိုယ်လောဘ)
၄။ မာနသံယောဇဉ် - မြင့်မောက်ထောင်လွှားမှုကြိုး (တရားကိုယ်မာန)
၅။ ပဋိဃသံယောဇဉ်- ပြစ်မှားကြမ်းတမ်းမှုကြိုး(တရားကိုယ်ဒေါသ)
၆။ ဒိဋ္ဌိသံယောဇဉ်- အယူမှား မိစ္ဆာဒိဋ္ဌိအယူရှိမှုကြိုး (တရားကိုယ်ဒိဋ္ဌိ)
၇။ သီလဗ္ဗတ ပရာမာသ သံယောဇဉ် - မှားသော အလေ့အကျင့်ယူမှုကြိုး (တရားကိုယ် ဒိဋ္ဌိ)
၈။ ဝိစိကိစ္ဆာသံယောဇဉ်- ယုံမှားသံသယရှိမှုကြိုး (တရားကိုယ် ဝိစိကိစ္ဆာ)
၉။ ဥဒ္ဓစ္စသံယောဇဉ်- စိတ်ပျံ့လွင့်မှုကြိုး (တရားကိုယ် ဥဒ္ဓစ္စ)
၁၀။ အဝိဇ္ဇာသံယောဇဉ်- အမှန်မသိမှုကြိုး (တရားကိုယ်မောဟ)

**အဘိဓမ္မာလာသံယောဇဉ်**

(ဘဝချည်နှောင်ကြိုး) ၁၀ချောင်း

၁။ ကာမရာဂသံယောဇဉ်- ကာမဂုဏ်အာရုံတပ်မက်မှုကြိုး (တရားကိုယ်လောဘ)
၂။ ဘဝရာဂသံယောဇဉ်- ရူပ အရူပဘဝတပ်မက်မှုကြိုး (တရားကိုယ်လောဘ)
၃။ ပဋိဃသံယောဇဉ်- ကြမ်းတမ်းပြစ်မှားမှုကြိုး (တရားကိုယ်ဒေါသ)
၄။ မာနသံယောဇဉ်- မောက်မှားထောင်လွှားမှုကြိုး (တရားကိုယ် မာန)
၅။ ဒိဋ္ဌိသံယောဇဉ် -မှားသောမိစ္ဆာအယူရှိမှုကြိုး (တရားကိုယ် ဒိဋ္ဌိ)
၆။ သီလဗ္ဗတပရာမာသသံယောဇဉ် - မှားသောအလေ့အကျင့်ယူမှုကြိုး (တရားကိုယ်ဒိဋ္ဌိ)
၇။ ဝိစိကိစ္ဆာသံယောဇဉ် - ယုံမှားသံသယရှိမှုကြိုး (တရားကိုယ် ဝိစိကိစ္ဆာ)
၈။ ဣဿာသံယောဇဉ် - သူတစ်ပါးစည်းစိမ်ကို ငြူစူမှုကြိုး (တရားကိုယ် ဣဿာ)
၉။ မစ္ဆရိယသံယောဇဉ်- မိမိစည်းစိမ်ကို လျှို့ဝှက်မှုကြိုး (တရားကိုယ် မစ္ဆရိယ)
၁၀။ အဝိဇ္ဇာသံယောဇဉ်- မသိမိုက်မှောင်မှုကြိုး (တရားကိုယ်မောဟ)

*



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတို့ကို သံသရာဝဋ်မှ မလွတ်အောင် တုပ်နှောင်ကြိုးများ ဖြစ်သည်။ ပုထုဇဉ်တို့ သန္တာန်၌ရှိသော ကြိုးဆယ်ချောင်းဖြစ်သည်။ ကြိုး ငါးချောင်းမှာ ကာမဘုံ၌ အခြားကြိုး ငါးချောင်းမှာ အထက်ဗြဟ္မာဘုံ၌ ဆက်သွယ်လျက် ရှိသည်။

ကာမရာဂ၊ ပဋိဃ၊ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာ ငါးပါးသည် ကာမဘုံအတွက် ဆက်သွယ်သော ကြိုးများဖြစ်သည်။

ကာမရာဂသည် ကာမဂုဏ်အာရုံ၌ နှစ်သက်၍ ကာမရာဂ မပြတ်သမျှ ဗြဟ္မာပြည်၌ နေရသော်လည်း ဈာန်အဟုန်ကုန်လျှင် ကာမနှောင်ကြိုးကြောင့် ကာမဘုံ၌ ဖြစ်ရသည်။

ဗြဟ္မာပြည်၌ ဒေါသ မရှိ၍ ပဋိဃသံယောဇဉ်ကြိုး မရှိပါ။ ကာမဘုံကြိုးသာဖြစ်သည်။ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသနှင့် ဝိစိကိစ္ဆာကင်းလျှင် သောတာပန်ဖြစ်သည်။

သောတာပန် မဖြစ်သေးက အပါယ်ကိုဆွဲချနိုင်သော ကြိုးဖြစ်သည်။ ထို့ကြောင့် ယင်းကြိုး ငါးချောင်းကို အောက်ဆွဲ ဩရမ္ဘာဂိယကြိုးခေါ်သည်။ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသနှင့် ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့် ကာမရာဂ ပဋိဃကို အနာဂါမိမဂ်ဖြင့် ဖြတ်ပြီးနောက် ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာကြိုးများ မပြတ်သေးသဖြင့် ဗြဟ္မာဘုံ၌ ဖြစ်အောင် ချည်နှောင်ခံပြန်သည်။

ထို့ကြောင့် ယင်းကြိုးငါးချောင်းကို အထက်ဆွဲ ဥဒ္ဓံဘာဂိယကြိုး ခေါ်သည်။ ရဟန္တာဖြစ်မှ ယင်းကြိုးငါးချောင်းကို ဖြတ်နိုင်သည်။ သံယောဇဉ်နှစ်မျိုး တရားကိုယ်မှာ ကိုးပါးသာ ဖြစ်သည်။ ၎င်းတို့မှာ လောဘ၊ မာန၊ ဒေါသ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ၊ ဥဒ္ဓစ္စ၊ ဣဿာ၊ မစ္ဆရိယ တို့ဖြစ်သည်။

ပြခဲ့ပြီးသော အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ သံယောဇဉ် တရားသုံးမျိုးမှာ သဘောတူသယောင် ရှိသည်။ အဝေးဘုံဘဝသို့ ရောက်စေကာမူ မိမိ၏ မူလဘုံဘဝသို့ ပြန်ရောက်အောင် ကြိုးဖြင့် ဆွဲထားသကဲ့သို့ ဖွဲ့ချည်တတ်သော သဘောသည် သံယောဇဉ် သဘောဖြစ်သည်။

ကြိုးရှည်ဖြင့် လှန်၍ဆွဲထားသော နွားငယ်သည် ကြိုးရှိသမျှ အဝေးသို့ရောက်အောင်သွား၍ ချည်တိုင်ကို လှည့်ပတ်ပြေးနေသော်လည်း မောပန်းလာသောအခါ ချည်တိုင်ရင်းသို့လာ၍ အိပ်ရသကဲ့သို့ ဖြစ်သည်။ သံကွင်းဆက် ဖွဲ့သကဲ့သို့ စုတိပြီး ပဋိသန္ဓေ၊ ပဋိသန္ဓေပြီး စုတိအားဖြင့် ရုပ်နာမ်အပေါင်းတို့ ဖွဲ့စပ်တတ်သော သဘောသည် ဂန္ထသဘော ဖြစ်သည်။

သစ်စေးဖြင့် ကပ်ထားသကဲ့သို့ မိမိကိန်းရာသတ္တဝါကို ဝဋ်ဒုက္ခ၌ ယှဉ်စပ်ကပ်ထားသော သဘောသည် ယောဂသဘောဖြစ်သည်။

## ကိလေသာ

(စိတ်ကို ညစ်နွမ်း ပူလောင်စေတတ်သော တရား ဆယ်ပါး)

၁။ လောဘ (တရားကိုယ် လောဘ)
၂။ ဒေါသ (တရားကိုယ် ဒေါသ)
၃။ မောဟ (တရားကိုယ် မောဟ)
၄။ မာန (တရားကိုယ် မာန)
၅။ ဒိဋ္ဌိ (တရားကိုယ် ဒိဋ္ဌိ)
၆။ ဝိစိကိစ္ဆာ (တရားကိုယ် ဝိစိကိစ္ဆာ)
၇။ ထိန (တရားကိုယ် ထိန)
၈။ ဥဒ္ဓစ္စ (တရားကိုယ် ဥဒ္ဓစ္စ)
၉။ အဟိရိက(တရားကိုယ် အဟိရိက)
၁၀။ အနောတပ္ပ (တရားကိုယ် အနောတပ္ပ)

ဤတရား ဆယ်ပါးသည် ညစ်နွမ်းမှုကို ပြုတတ်သော သဘောကြောင့် ကိလေသာအမည်ရကြသည်။ လောဘစသော ကိလေသာတို့နှင့် ယှဉ်ရသော စိတ်သည် ကြည်ကြည်လင်လင် မရှိ ညစ်ညစ်ပေပေဖြစ်နေသည်။ စိတ်ညစ်မှု ဖြစ်ရသည်။

ဤသို့ စိတ်ညစ်ကြောင်း ဖြစ်သောကြောင့် ယင်းလောဘ စသော တရား ဆယ်ပါးကို ကိလေသာခေါ်ရ ခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာတို့ ပြောနေသော တစ်ထောင့်ငါးရာ ကိလေသာ ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။ နာမ်တရားသည် စိတ် တစ်ခု၊ စေတသိက် ၅၂ ခု ပေါင်း ၅၃ ခု (တေပညာသ)ဖြစ်သည်။

ပထဝီ၊ အာပေါ၊ တေဇော ဝါယော ဟူသော ဘူတ (ဘုတ်ကြီး) ရုပ် လေးပါး၊ မျက်စိ၊ နား၊ နှာ၊ လျှာ ကိုယ် ဟူသော ပသာဒ(အကြည်)ရုပ် ငါးပါး၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာ[ရုံ] ဟူသော အာရုံရုပ် လေးပါး။

(မှတ်ချက် ဖောဋ္ဌဗ္ဗာရုံရုပ်သည် ပထဝီ၊ တေဇော၊ ဝါယော ရုပ်သုံး[ပါး] ကိုပင် ဆိုခြင်းဖြစ်၍ မယူရခြင်း ဖြ[စ်] သည်)

မိန်းမဖြစ်ကြောင်း ယောကျ်ား ဖြစ်ကြောင်း ဘာဝရုပ် နှစ်ပါး။ နှ[လုံး] သွေးကြည် ဟဒယရုပ် တစ်ပါး၊ ... ပေါင်းရုပ် (၁၈)ပါးသည် ကံ၊ စိတ်၊ ဥ[တု] အာဟာရ ဟူသော အကြောင်းတ[ရား] လေးပါးတို့၏ ပြုပြင်စီမံမှု ခံနေရသော နိပ္ဖန္နရုပ်များ ဖြစ်သည်။

ဥပစယ (ခန္ဓာငါးပါးဖြစ်စ)ရုပ်၊ သန္တတိ (ခန္ဓာငါးပါးဖြစ်စဉ်) ရုပ်၊ ဇရတာ (ရုပ်ခန္ဓာရင့်ရော်မှု) ရုပ်၊ အနိစ္စတာ (ရုပ်ခန္ဓာ မမြဲမှု၊ ပျက်မှု) ရုပ်တို့သည် လက္ခဏာရုပ် လေးပါး ဖြစ်သည်။

ဤနာမ် ၅၃၊ နိပ္ဖန္နရုပ် ... လက္ခဏာရုပ် ၄၊ စုစုပေါင်း (၇၅)ကို ... အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် နှစ်ပါး... မြှောက် (၁၅၀) ဖြစ်သည်။

ယင်း(၁၅၀)ကို ကိလေသာ(ဆယ်) ပါးနှင့် မြှောက်က ၁၅၀၀ (တစ်ထောင့်ငါးရာ) ကိလေသာ ဖြစ်လာပါကြောင်း တင်ပြလိုက်ရပါသည်။

❒ မာမတ(...)





www.burmeseclassic.com

www.burmeseclassic.com

ထေရဝါဒ တောင်တန်းသာသနာပြုဆရာတော်

# ဘဒ္ဒန္တကုသလာဘိဝံသ (ကန့်ဘလူ)၏ သာသနာပြုခရီးနှင့် အနာဂတ်ခြေလှမ်းများ

**မောင်ယဉ်ဝင်း(ဒေါ်ပုံ)**

ချင်းပြည်နယ် (တောင်ပိုင်း)၊ ဘန်ပက်လက်မြို့နယ်၊ ရှင်စောကျေးရွာ၊ အာဒိကမ္မိကကျောင်း ထေရဝါဒ တောင်တန်းသာသနာပြု ဆရာတော် တစ်ပါး၊ ရန်ကုန်မြို့သို့ ကြွရောက်နေတော်မူကြောင်း၊ နိုင်ငံတော်စာပေ သုံးဆုရ စာရေးဆရာ ပိုင်လှိုင်းသစ်က ပြောပြသဖြင့် စာရေးသူလည်း စိတ်ဝင်တစားရှိခဲ့သောကြောင့် ဆရာတော်ကို ဖူးမြော်လိုကြောင်း ပြောသောအခါ ဆရာပိုင်လှိုင်းသစ်က ဆရာတော် ခေတ္တသီတင်းသုံးနေတော်မူသော ရဟန်းဒါယကာ၊ ဒါယိကာမများဖြစ်ကြသည့် ဦးအောင်ဆန်း + ဒေါ်အေးအေးတို့ နေအိမ်ရှိရာ ပုဇွန်တောင်မြို့နယ်၊ညောင်တန်းလမ်းသို့ သွားရောက်ခဲ့ကြပါသည်။

ရဟန်းဒါယကာ၊ ဒါယိကာမများနှင့် ခင်မင်ရင်းနှီးပြီးဖြစ်သော ဆရာပိုင်လှိုင်းသစ်က ဆရာတော်ကို ဖူးတွေ့လိုကြောင်း ခွင့်တောင်းသဖြင့် ဆရာတော်ကို ဖူးတွေ့ခွင့်ကြုံရပါသည်။



မဟာရာအေး စေတီတော် ထီးတော်သစ်တင်လှူပွဲတွင် ဆရာတော် စိန်ဖူးတော်ပင့်ဆောင်လာစဉ်

ဆရာတော်၏ ဘွဲ့တော်မှာ ဘဒ္ဒန္တကုသလာဘိဝံသ (ကန့်ဘလူ)သာသနတက္ကသိုလ ဓမ္မာစရိယ (B.A Buddhism) ထေရဝါဒ တောင်တန်းသာသနာပြုဆရာတော် ဖြစ်ကြောင်း သိရှိရပါသည်။ စာရေးသူတို့က ဆရာတော်ကို ဖူးမြော်ကန်တော့ကြပြီး စာရေးသူတို့ သိရှိလိုသမျှကို စာဖတ်သူများ လေ့လာသိရှိနိုင်ရန် ဆရာတော်ထံခွင့်ပန်ပြီး ဤဆောင်းပါးစာမူဖြင့် မှတ်တမ်းတင်ဂါရဝပြုလိုက်ရပေသည်။



ဆရာတော် သီတင်းသုံးရာ ကျောင်းဆောင်သစ်နှင့် မဟာရာအေးစေတီထန်ဆောင်းသို့ ဘုရားဝတ်တက်ရန် ရောက်ရှိလာကြတုန်သော ဒေသခံပြည်သူများ

ဆရာတော်ကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မြေပွန်ရွာ၊ ခမည်းတော်ဦးမြဝင်း၊ မယ်တော် ဒေါ်သန်းငွေးတို့မှ မိးရှုးသန့်စင်ဖွားမြင်တော်မူသော သားလှရတနာတစ်ပါး ဖြစ်ပါသည်။ ၁၃၄၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မြေပွန်ကျေးရွာ၊ ပုပ္ဖာရုံကျောင်းဆရာတော်ဘဒ္ဒန္တကုသလသာမိ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဦးအောင်ဘ+ဒေါ်ခင်ခင်၊ သမီးဒေါ်ချစ်ပန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေသခံ ကလေးသူငယ်များကို ဆရာတော်က ရှင်သာမဏေပြုပေးစဉ်

(စတုတ္ထနှစ်)စာသင်သားရဟန်းတော်များ စာတော်ပြန်ပွဲ အောင်မြင်တော်မူပြီး နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြု(နှစ်နှစ်) တာဝန်ထမ်းဆောင်ပြီးချိန်တွင် နိုင်ငံတော်က ဆက်ကပ်တော်မူသော (B.A Buddhism) ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။

ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပြီးနောက် ၂၀၀၉ ခုနှစ်တွင် ချင်းပြည်နယ်(တောင်ပိုင်း) ကန်ပက်လက်မြို့နယ်၊ ဝွန်းရိုင်ကျေးရွာအုပ်စု၊ ရှင်စောကျေးရွာ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာနသစ်တွင် တာဝန်ကျထမ်းဆောင်

၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင် မန္တလေးမြို့၊ မဟာနန္ဒိသေနာရာမတိုက်ဆရာတော် ဘဒ္ဒန္တအရိယာဘိဝံသ မထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၄၁)၊ ညောင်တန်းလမ်းနေ ဦးအောင်ဆန်း+ဒေါ်အေးအေး၊ သားသမီးမြေးမြစ်တစ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မန္တလေးမြို့၊ မဟာနန္ဒိသေနာရာမတိုက် ခဏ္ဍသိမ်တော်တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ဆရာတော်က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မှ ၁၃၇၀ ခု၊ ၂၀၀၈ ခုနှစ်၊ ပညာသင်နှစ်



တောင်တန်းဒေသ၊ အုပုး(ချင်းပုံ)ဒေသခံ ဂုဏ်သိမှုများတွေ့ဆုံပွဲနှင့် ဗုဒ္ဓဘာသာခံယူပွဲတို့ ဆရာတော်က ဆောင်ရွက်နေစဉ်

တော်မူရန် တာဝန်ကျသဖြင့် တောင်တန်းဒေသသာသနာပြုခရီးစဉ်ကို စတင်ရပါတော့သည်။

ထိုခရီးစဉ်သို့ စတင်ကြွရောက်တော်မူရာတွင် ၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၅ရက်နေ့၌ မန္တလေးမြို့သို့ ရောက်ရှိတော်မူပြီး မန္တလေးမှ ဆောမြို့၊ ဆောမြို့မှ ကန်ပက်လက်မြို့နယ် ချင်းပြည်နယ် ဗဟိုသာသနာပြုကျောင်းသို့ရောက်ရှိတော်မူပါသည်။ သာသနာ့တာဝန်ကိုစတင်ထမ်းဆောင်ရန် ပြာသိုလဆန်း ၅ ရက်၊ ဒီဇင်ဘာလ၊ အလွန်ချမ်းအေးလှသောကာလ (၂၉. ၁၂. ၂၀၀၈) နေ့တွင် ကန်ပက်လက်မြို့မှ ဆောမြို့သို့ကြွရောက်ပြီး ဆောမြို့မှ



ဒေသခံ ကျောင်းသား/သူငယ်များကို ဆရာတော်က ဆုချီးမြှင့်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

ောင်းရှည်၊ လောင်းရှည်မှ စလယ်
ချောင်းကိုဖြတ်၍ တောင်တန်းဒေသကို
တက်ရပါတော့သည်။

ဆရာတော်က တောတောင်ရေ
တာဝ ခက်ခဲကြမ်းတမ်းသောခရီး
ညည်းမညူဖြတ်ကျော်ခဲ့ပြီး မဆွာ
ရွာသို့ ရောက်ခဲ့သည်။

ထိုရွာမှာပင် ခရီးတစ်ထောက်
ခရီးပြန်ဆက်ခဲ့ရာတွင် မေခ
ချောင်းကိုဖြတ်၍ တောင်တက် တောင်
ခဲ့ရပြန်သည်။ ကျင်နွေးရွာသို့
ရန် ကားကြဲ့ဖြင့် နှစ်ရက်ခရီးဖြစ်
သည်း ဆရာတော်က ခြေကျင်


ဆရာတော်နှင့် ဒေသခံ ရှင်သာမဏေများ အမှတ်တရ


ဘာသနာ့မြေတွင် ရေရရှိရေးအတွက် ဆရာတော်က ဦးစီးဆောင်ရွက်တော်မူစဉ်

ငါးရက်လျှောက်ခဲ့ရကြောင်း ပြော
သည်။

ကျင်နွေးရွာသို့ရောက်သည်နှင့်
သနာပြုဘုန်းတော်ကြီးကျောင်းတွင်
သီတင်းသုံးတော်မူပြီး တာဝန်ကျ
မှ ဒါယကာများက လာရောက်
ဆိုပင့်ဆောင်ကြသဖြင့် ပြာသိုလ
ကျော် ၄ ရက်၊ (၁၄. ၁. ၂၀၀၉)
ပိုင်းမှ စတင်ပြီးခရီးဆက်ရပြန်ပါ
သည်။

မုန်းချောင်း၊ အေးချောင်းတို့ကို
တာ ရေကူးအောက္ကန့်ကျေးရွာသို့
ကခဲ့သည်။ တစ်နေကုန် ခြေကျင်
ခဲ့ရသဖြင့် ခရီးပန်းခဲ့ရသောကြောင့်
ရွာမှာပင် တစ်ညတာအိပ်စက်အနား
ခဲ့သည်။

နံနက်မိုးသောက်အလင်းရောက်
ချိန်တွင် အရုဏ်ဆွမ်းဘုဉ်းပေးတော်
မူပြီး ခရီးဆက်ခဲ့ရပြန်ပါသည်။ အတက်
သုံးနာရီ၊ အဆင်းလေးနာရီ ခရီးရှိသော
ဇွေတောင်ကိုဖြတ်ကျော်ပြီးခါမှ ဆရာ
တော် တာဝန်ကျရာ ရှင်စောကျေးရွာသို့
ပြာသိုလပြည့်ကျော် ၆ ရက်၊ (၁၆. ၁.
၂၀၀၉)နေ့၊ မွန်းလွဲပိုင်းတွင် ရောက်ရှိ
တော်မူခဲ့ရပါတော့သည်။

သာသနာပြုဌာနသစ်ဖြစ်သော
ကြောင့် သီတင်းသုံးနေထိုင်တော်မူရန်
ကျောင်းမရှိသေးသဖြင့် ယခင်ရှိပြီးသော
ဇရပ်အိုဟောင်းလေးကိုပြုပြင်၍ သီတင်း
သုံးနေထိုင်တော်မူရပါသည်။ ဆောင်း
ရာသီ၏အအေးဓာတ်ကိုလည်း သည်းခံ
တော်မူပြီး ဆင်းရဲခြင်းဒုက္ခကို ဥပေက္ခာ
ပြုကာ သာသနာအကျိုး၊ ဘာသာ
အကျိုးကို ရည်မျှော်ကိုး၍ မလျှော့
သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့နှင့်အားမာန်
တင်းခဲ့ရပါတော့သည်။

ချင်းပြည်နယ်သည် တောင်ကုန်း
တောင်တန်းများဖြစ်တာကြောင့် သွား
ရေးလာရေးက ခက်ခဲလှသည်။ ရှင်စော
ကျေးရွာသည် ယခင်အခါကတည်းက
ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ကြသော်
လည်း သာသနာပြုရဟန်းတော်မရှိသေး
သည့်အတွက် ဆရာတော်က သာသနာ
တော်ကြီး မတိမ်ကော မပပျောက်ရ
လေအောင် ထိန်းသိမ်းစောင့်ရှောက်ရန်
တာဝန်ယူရပါတော့သည်။ ထိုအချိန် ထို
အခါမှစပြီး ဒေသခံမျိုးနွယ်စု ကျေးရွာ
လူကြီးများနှင့် ညှိနှိုင်းတိုင်ပင်ပြီး တွေ့ဆုံ
ဆွေးနွေးပွဲနှင့် ဗုဒ္ဓဘာသာ ခံယူပွဲကို
ကျင်းပပြုလုပ်ပါသည်။ ဗုဒ္ဓဘာသာအစ
သရဏဂုံက ဆိုသည့်အတိုင်း သရဏဂုံ
သုံးပါး ဆောက်တည်ကြပြီး ငါးပါးသီလ
ခံယူဆောက်တည်ကြကာ နိဗ္ဗာန်ရောက်
ကြောင်း တရားတော်ကို ဟောကြား
တော်မူပါသည်။

ဗုဒ္ဓဘာသာ သာသနာတော်ကို
သက်ဝင်ယုံကြည်ကြသော ကျေးရွာ
ဒါယကာ၊ ဒါယိကာမများတို့က ဆရာ
တော် သီတင်းသုံး နေထိုင်တော်မူရန်
စံကျောင်းဆောက်လုပ်ရန် ကြိုးပမ်းခဲ့ကြ
သည်။ ကျောင်းဆောက်လုပ်မည့် မြေ



www.burmeseclassic.com

www.burmeseclassic.com

နေရာကို ရှင်းလင်းခြင်း၊ ကျောင်းတိုင် အတွက် တောင်ပေါ်မှ ခုတ်၍ရသော သစ်တိုင်များကို တောင်အောက်သို့ချ ခြင်းတို့ကို ဆရာတော်ဦးဆောင်မှုဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြသည်။

ကျောင်းဆောက်ရန် အခြား လိုအပ်သောပစ္စည်းများလည်း စုဆောင်း ရပြန်သည်။ ပစ္စည်းများ စုံလင်သော အခါ ပြာသိုလပြည့်ကျော် ၉ ရက်၊ (၁၉. ၁. ၂၀၀၉)နေ့တွင် ပန္နက်ရိုက် ခြင်း၊ တိုင်ကျင်းများ တူးခြင်းတို့ဖြင့် စတင်ခဲ့ကြသည်။

(၂၈. ၁. ၂၀၀၉) နေ့တွင် လက်သမားလုပ်ငန်းများကို စတင် အကောင် အထည် ဖော်ခဲ့သည်။ လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ငွေကြေး ခက်ခဲမှု ကြုံရသဖြင့် ဒါယကာ၊ ဒါယိကာမများနှင့် ညှိနှိုင်းတိုင်ပင်ပြီး အလှူခံ ထွက်ရပြန်သည်။

(၁၆. ၂. ၂၀၀၉) နေ့တွင် မန္တလေးမြို့သို့ ကြွရောက်တော်မူပြီး သက်ဆိုင်ရာသာသနာ့ဝန်ထမ်းများထံ လျှောက်လွှာတင်သွင်း၍ ကျောင်း ဆောင်သစ်ကြီး ဆောက်လုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ထိုမှတစ်ဆင့် ရန်ကုန် မြို့သို့ ကြွရောက်တော်မူကာ ပုဇွန် တောင်မြို့နယ်၊ ညောင်တန်းလမ်းနေ၊ ရဟန်းဒါယကာကြီး ဦးအောင်ဆန်း အကူအညီဖြင့် ဆရာတော် အရှင်ဆေ ကိန္ဒ (ဓမ္မဒူတတောရ)ထံ ပန်ကြား လျှောက်ထားကာ ရှိုင်းဟုတ်ကုမ္ပဏီ ပိုင်ရှင် [illegible] ကြီး [illegible] ခေါ် ဦးသက်ဆွေတို့က (၃၀. ၄. ၂၀၀၉)နေ့တွင် လိုအပ်သော ဝတ္ထုအလှူ ငွေကို လှူဒါန်းသဖြင့် မိုးမကျမီပင် ကျောင်းဆောင်သစ်ကြီးကို ဆက်လက် ဆောက်လုပ်နိုင်ခဲ့သည်။


ဝါဆိုအမီ ကျောင်းဆောင်သစ် အတွက် လိုအပ်သောသာသနိကအသုံး အဆောင်များပြည့်စုံနိုင်ရန် မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဗုဒ္ဓဘာသာ ပြန့်ပွားရေးအသင်းကြီး၏ အကူအညီ ဖြင့် ဆောင်ရွက်ခဲ့သည်။

ထိုမျှပင်မက ချို့တဲ့နွမ်းပါးသူ များကို အဝတ်အထည်များ ပေးဝေခြင်း၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ဝေငှထောက်ပံ့ခြင်း၊ ကျေးရွာနှင့် သာ သနာပြုကျောင်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် ဆေးဝါးကုသ ပေးခြင်း၊ ကျေးရွာမူလတန်းစာသင် ကျောင်း ဖွင့်လှစ်ကာ အခြေခံဗုဒ္ဓဘာ သာ ယဉ်ကျေးလိမ္မာ သင်ကြားပို့ချပေး ခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စက် တည်ထောင်ဆောက်လုပ်ပေး ခြင်းများတို့ကို ဆောင်ရွက်ပေးတော် မူပါသည်။

ဝါဆိုဝါကပ်ရာမှာလည်း ယခင် ချင်းမျိုးနွယ်စုတို့ တည်ထားကိုးကွယ် သည့် မဟာရာအေးစေတီတော် ပြုပြင် မွမ်းမံပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှု ပြုခဲ့သည်။ ဝါဆိုလပြည့်နေ့မှာလည်း ကျေးရွာရှိ ဗုဒ္ဓဘာသာဝင်များ အလေ့ အကျင့်ဖြစ်စေရန် နံနက်ပိုင်းတွင် ဆွမ်း တော်ကြီး ကပ်လှူပူဇော်ပွဲကျင်းပခြင်း၊ ဝါကျွတ်မီးထွန်းပွဲတော်နှင့် စုပေါင်း လှူဒါန်း ကျွေးမွေးဒါနပြုခြင်းတို့ကို ဆောင်ရွက်ပေးတော်မူပါသည်။

ဝါကျွတ်ကာလတွင်း တောင် တန်းဒေသသာသနာပြုရဟန်းတော်များ၊ တောင်အောက်ကျေးရွာများသို့ ဆင်း ကြရသည်။ ဆရာတော် တာဝန်ယူ သာသနာပြု ဆောင်ရွက်တော်မူသော ရှင်စောကျေးရွာသည် ဗုဒ္ဓဘာသာဝင် အများစုဖြစ်သော်လည်း ယခင်အခါ ကာလများက သာသနာပြုရဟန်းတော် မရှိသည့်အတွက် ကျေးရွာရှိ ကလေး သူငယ်များ ရှင်မပြုကြရသဖြင့် ရှင် သာမဏေပြုပွဲကိုလည်း ကြိုးပမ်းဆောင် ရွက်တော်မူပါသည်။

ထိုသို့ကြိုးပမ်းရာတွင် ဓမ္မဒူတ ဆရာတော်အရှင်ဆေကိန္ဒ၊ ဗိုလ်မှူးကြီး ဝင်းနိုင်(သာသနာရေး)၊ ဦးလှမောင်၊ ဦးသန်းအောင်(ပုဇွန်တောင်)၊ ဦးတင် အောင်မိုးတို့၏ ပံ့ပိုးကူညီမှုဖြင့် ရှင် သာမဏေပြုပွဲကို ကျင်းပနိုင်ခဲ့ပါသည်။ ကျေးရွာ မူလတန်းကျောင်းကလည်း သူငယ်တန်းမှ စတုတ္ထတန်းအထိရှိသဖြင့် ကျောင်းသူ၊ကျောင်းသားကလေးသူငယ် များတို့ကို ကျောင်းဝင်းအနီးရှိ မဟာရာ အေးစေတီတော်တွင် နေ့စဉ်ဝတ်တက် ဝတ်ကပ်ပြုလုပ်စေခြင်းဖြင့် ဗုဒ္ဓဘာသာ



ကျောင်းဆောင်သစ် ဆောက်လုပ်စဉ် ဒေသခံပြည်သူများ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ပုံ



သာသနာ့နယ်မြေနှင့် ကျေးရွာရေရရှိရေးအတွက် ဆရာတော်က ကြိုးပမ်းဆောင်ရွက်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတော်ကို ပိုမိုယုံကြည် သက်ဝင်နိုင်မြဲစေပါသည်။

စေတီတော်ရင်ပြင်က ကျဉ်းမြောင်းနေသဖြင့် တိုးချဲ့ခြင်းဆောင်ရွက်ရပြန်သည်။ စေတီထီးတော်မှာလည်း ဟောင်းနွမ်းပျက်စီးနေတာကြောင့် ထီးတော်အသစ် တင်လှူခြင်း၊ သာသနာ့နယ်မြေနှင့် ကျေးရွာရေရရှိရေးကိုလည်း ဆောင်ရွက်တော်မူပါသည်။

ဆရာတော်ဘဒ္ဒန္တက္ကသရိယ (ကန့်ဘလူ) သာသနတက္ကသိုလ ဓမ္မာစရိယ (B.A Buddhism) ထေရဝါဒ သာသနာ့ပြု ဆရာတော်၏ ကြိုးပမ်းဆောင်ရွက်မှုတွေက များပြားလှပြီး တိုင်းပြည်နှင့်လူမျိုး၊ ဘာသာနှင့် သာသနာ့တော်အကျိုးအတွက် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် ဆောင်ရွက်တော်မူသည်မှာ လေးစားကြည်ညိုဖွယ် ဖြစ်ပါသည်။

ဆရာတော်၏ နေ့မနား ညမအား ဆောင်ရွက်နေတော်မူသည်ကို ရဲအုံကျေးရွာ သာသနာပြုဆရာတော် အရှင်စန္ဒာသီရိက ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်တော်မူကာ ကျေးရွာဒါယကာများဖြစ်ကြသည့် မျိုးနွယ်စုခေါင်းဆောင် ဦးလုံးအောင်၊ မောင်တင်အောင်(လူသာ/ပြန့်)၊ မောင်အောင်ထွန်း(ရ. ယ. က)၊ မောင်နိုင်အေး၊ မောင်ထွန်းလှိုင်၊ မောင်စံကျော်၊ မောင်လွန်းမောင်၊ မောင်ချစ်ဖေ၊ မောင်ဝင်းအောင်၊ မောင်ခိုင်ကြယ်၊ မောင်သန်းဇော် စသည့်လူရွယ်လူလတ်များတို့ကလည်း စွမ်းစွမ်းတမံ ပါဝင်ကူညီ ဆောင်ရွက်ပေးလျက် ရှိကြပါသည်။

တောင်တန်းဒေသနေ အူပူး (ချင်းပုံ) တိုင်းရင်းသားတို့သည် နေစဉ်နှင့်အမျှ အားလပ်ချိန်ဟူ၍မရှိသလောက် အောင်ပင် စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေကြရပေသည်။ ဒေသခံများသည် မြင့်မားလှသော တောင်တန်းကြီးများကို ပိုင်ဆိုင်ထားကြသည်။ မိမိတို့ပိုင်ဆိုင်သော မြေကြီးကို ခြေဖြင့်နင်းသွားရုံမျှဖြင့် အသုံးမပြုဘဲ ထိုမြေကြီးပေါ်တွင် သီးပင်စားပင်နှင့် စီးပွားဖြစ်စိုက်ပျိုးနိုင်သော နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးခြင်းဖြင့် မြေကြီးက ရွှေသီး၊ ငွေသီးများဖြစ်လာအောင် ဆရာတော်က ပညာပေးလမ်းညွှန်ဩဝါဒစကား မြွက်ကြားချီးမြှင့်တော်မူပါသည်။

ထိုမျှပင်မကသေးဘဲ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် လမ်းတိုးချဲ့ဖောက်လုပ်ခြင်း၊ အေးချောင်းလူကူးတံတား ဆောက်လုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာတော် သာသနာပြု ဆောင်ရွက်တော်မူခဲ့သော ရှင်စောကျေးရွာ အာဒိကမ္မိကကျောင်း ဆောက်လုပ်ခြင်းနှင့် သာသနာပြု ပရဟိတဆောင်ရွက်ချက်များမှာ . . .

၁။ ရှင်စောကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသစ် ဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်း။

၂။ ကျောင်းသုံးပရိဘောဂ၊ သာသနိကအသုံးအဆောင်များပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ခြင်း။

၃။ ရပ်ရွာသုံး၊ ကျောင်းသုံး လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်း။

၄။ ရပ်ရွာသုံး၊ ကျောင်းသုံး ရေရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်း။

၅။ ရပ်ရွာနေ ချင်းတိုင်းရင်းသားများအား ကြွက်ဘေးကျရောက်၍ စားရေးသောက်ရေး ခက်ခဲသဖြင့် ဆန်များပေးဝေ လှူဒါန်းခဲ့ခြင်း။

၆။ ရပ်ရွာနေ ချင်းတိုင်းရင်းသားများအား အဝတ်အထည်များ လှူဒါန်းပေးဝေခဲ့ခြင်း။

၇။ ရပ်ရွာနေ ချင်းတိုင်းရင်းသားတို့သည် စပါးကို ဆုံဖြင့်ထောင်းနေရသည့်ဘဝကို လွတ်မြောက်အောင် ဆန်စက်ဟာလာခုံ လှူဒါန်းပေးခဲ့ခြင်း။

၈။ ကျေးရွာ၌ မူလတန်းကျောင်းသာရှိ၍ အလယ်တန်းအတွက် ကျောင်းဆရာ ငှားရမ်း၍ ပညာရေးအတွက် ထောက်ပံ့ပေးခဲ့ခြင်း။

၉။ ရပ်ရွာ ကျောင်းသား၊ ကျောင်းသူလေးများ ညနေတိုင်း ဘုရားဝတ်ပြုခြင်းကို ကိုယ်တိုင်ရွတ်ဆို ပူဇော်နိုင်ရန်နှင့် ဗုဒ္ဓဘာသာတရားတော်ကို ပိုမိုယုံကြည်သက်ဝင်ခိုင်မြဲအောင် ဆောင်ရွက်တော်မူခြင်း။

၁၀။ ယခင်ကရှိပြီးသော မဟူရာအေးစေတီတော် ရင်ပြင်နှင့် ဘုရားတန်ဆောင်းများကို တိုးချဲ့တည်ဆောက်ပေးခဲ့ခြင်း။

၁၁။ မဟူရာအေးစေတီရှိ ထီးတော်အသစ်တစ်ဖန် တင်လှူခဲ့ခြင်း။

၁၂။ ကျေးရွာ၌ ရှင်မပြုရသေးသော ကလေးသူငယ်များအား ရှင်သာမဏေပြုပေးတော်မူခြင်း။

၁၃။ ကျေးရွာပြည်သူများ ကျန်းမာရေးအတွက် ဆေးဝါးကုသပေးခြင်း။

၁၄။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး အလယ်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးအထောက်အကူ ပြုပေးတော်မူခြင်း။

၁၅။ ချင်းပြည်နယ်သည် တောင်တန်းများပေါများသည့်အပြင် ရေစီးသန်သောချောင်းများရှိသောကြောင့် သွားရေးလာရေး အဆင်ပြေနိုင်ရန် လမ်းတိုးချဲ့ဖောက်လုပ်ခြင်း၊ အေးချောင်းလူကူးတံတား ဆောက်လုပ်ခြင်းစသည့် တာဝန်များကို ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။

တောင်တန်းဒေသ သာသနာပြုဆရာတော် ဘဒ္ဒန္တက္ကသရိယ (ကန့်ဘလူ)၏ သာသနာအကျိုး၊ ဘာသာအကျိုး လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ကုသိုလ်ယူနိုင်ကြစေရန် ဤစာမူဖြင့် နိဗ္ဗာန်ကိုအကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

❒ မောင်ယဉ်ဝင်း(ဒေါ်ပုံ)



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခွင်လုံးကို အမှောင်
ထုက လွှမ်းမိုးထားသည်။ မည်းနက်
ရှည်လျားစွာတည်ရှိနေသည့် မဟူရာ
လမ်းကြောင်းပေါ် ထိုးဝင်နေသည့်
အလင်းတန်းရှည်တစ်ခု၏နောက်ဝယ်
ဂျစ်ကားတစ်စီး အရှိန်ပြင်းပြင်းဖြင့် မောင်း
လွှားနေသည်။ ဂျစ်ကားလေး၏ အရှိန်
တန့်သွားသည်၊ လျော့သွားသည်ဟူ၍
မရှိဘဲ မြေးသထက်သာပြေးလိုနေသည်။
လှည်းကူးကျော်ဖော်ကတည်း
က လီဗာကိုဖိနင်းနေခဲ့သည့် ဝင်းလွင်




www.burmeseclassic.com

www.burmeseclassic.com

# မဟူရာည၏ ကြောက်ခမန်းလိလိ

ဆောင်းသာကျော်



ထောက်ကြန့်လမ်းဆုံရောက်ပြီဆိုသည့် အသိကြောင့် လီဗာကိုလျှော့ချဖြစ်တော့မှ မချိမဆံ့ရှန်းကန်နေရသည့် စက်သံများ ပြေလျော့ကာ ဂျစ်ကား၏ပြေးနှုန်းကလည်း ပုံမှန်အနေအထားသို့ ရောက်တော့သည်။

လမ်းဆုံရောက်သည်နှင့် ရန်ကုန်ဘက်သို့ ဦးတည်ရာလမ်းကြောသို့ဝင်လိုက်ကာ ဟိုဟိုဒီဒီ ကြည့်လိုက်ရင်း လက်မှလက်ပတ်နာရီဆီသို့ အကြည့်လွှဲဖြစ်သွားသည်။

"ဟာ, ဆယ့်နှစ်နာရီတောင် ကျော်နေပြီ"

ဝင်းလွင် တစ်ကိုယ်ကြားရေရွတ်လိုက်သည်။

မဖြစ်ဘူး ဒီညတွင်းချင်း အေးဆောင်ဆီအရောက်သွားမှဖြစ်မယ်ဆိုသည့်အသိက ဝင်းလွင်ကို လှုံ့ဆော်နေသလို ထောက်ကြန့်လမ်းဆုံအကျော်က မဟူရာစံအိမ်ကြီးရှေ့က ဖြတ်မောင်းသွားရမည့်အရေး ရင်လေးနေမိသည်။ မထူးတော့၊ ဖြစ်ချင်ရာ ဖြစ်စေတော့၊ ဒီညတွင်းချင်း အေးဆောင်ဆီအရောက်သွားမှုကိုဖြစ်မည်ဆိုသည့် ဆုံးဖြတ်ချက်ကို အားထည့်ကာ လီဗာကို ဖိနင်းဖြစ်ပြန်သည်။

ဂျစ်ကားသည် မဟူရာရောင်လွှမ်းနေသည့် ညချမ်းမှာပင် လေးမှုပစ်လွှတ်လိုက်သည့် မြားနှယ် ဖြောင့်တန်းစွာ ပြေးလို့နေသည်။

❊

ဝင်းလွင် စာအိတ်ကိုဖောက်လိုက်သည်တွင် ပန်းနုရောင်စာရွက်လေးပေါ်မှ လက်ရေးဝိုင်းစက်စက်လေးများက သူချစ်သူ နုနုငယ်ထံက လေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သောစာဆိုသည်ကို ချက်ချင်းသိလိုက်သည့်စာကို သေသေချာချာ ဖတ်လိုက်မိတော့ အတော်လေးကို စိတ်ပူသွားမိသည်။

စာအိတ်ပေါ်မှ တံဆိပ်တုံးကို ကြည့်မိတော့ ပြင်ဦးလွင်မှထည့်သောစာ ဟုသိရသည်။ နုနုငယ်၏မိဘ လက်ငုတ်လက်ရင်းဖြစ်သော ပတ္တမြားကြီးတစ်လုံးမှာ သိန်းထောင်ချီတန်ပြီး နုနုငယ်နှင့် သူ့အမေစုစုသွယ်တို့ ထိန်းသိမ်းထားခဲ့သည် နှစ်အတန်ကြာခဲ့ပြီ ဖြစ်သည်။

ပတ္တမြားကိုထုခွဲကာ ညီအစ်မနှစ်ယောက် စီးပွားရေးလုပ်ငန်း ထူထောင်ရန် ကြံစည်နေမိကြသည်က မကြာသေး။ နုနုငယ်တို့ ညီအစ်မက ဝင်းလွင်ကို အားကိုးအားထား ရှိနေမိကာ ပတ္တမြားကိစ္စအားလုံးကို ဝင်းလွင်အား ပြောပြ ရင်ဖွင့်ထားခဲ့ကြသည်။

ယခုလည်း စာထဲတွင် ပြင်ဦးလွင်သို့ အမြန်ဆုံး လိုက်လာခဲ့ရန်ပါသဖြင့် ဝင်းလွင်စိတ်ထဲ ပူပန် စိုးမိုးနေဖြစ်သည်။ လွန်ခဲ့သည့်လအတွင်းက ချယ်ရီမြိုင်ရိပ်သာသို့ ရတနာပွဲစားအေးဆောင် လာသွားပြီးကတည်းက ချယ်ရီမြိုင်ရိပ်သာ စာတန်းချိတ်ထားသည့် ခြံဝင်းကျယ်အတွင်းသို့ အကာလညအခါများတွင် မှောင်ရိပ်ခိုကာ ဝင်ရောက်လာသည့် လူရိပ်လူယောင်များ ပေါ်ပေါက်လာခဲ့သည်။

နုနုငယ်တို့ညီအစ်မလည်း အိမ်တွင်ရှိနေသည့် ခြံစောင့်ကြီးဦးခင်ရွှေကို ညအခါများတွင် သတိထားကြည့်ပေးရန် မှာကြားသလို ပြည်သူ့ရဲတပ်ဖွဲ့ကိုလည်း အကြောင်းကြားဖြစ်ခဲ့သည်။

ရဲပတ်တရောင်များကလည်း ချယ်ရီမြိုင် ရိပ်သာခြံကြီးကို အထူးသတိထားစောင့် ကြည့်နေခဲ့ကြရာ မည်သည့် အရိပ်အယောင်ကိုမှ မတွေ့ရဘဲ ရှိနေခဲ့သည်မှာ တစ်လကျော်ကျော်ကြာသွားခဲ့သည်။

အေးငြိမ်းသော ကာလလေးရောက်၍မှ မျှားမကြာမီ စုစုသွယ်တစ်ယောက် ပွဲစားအေးဆောင်၏ စကားများကို ယုံကြည်ကာ ပတ္တမြားရောင်းရန် ရန်ကုန်မြို့၊ ကျောက်ကုန်းတွင်နေထိုင်သည့် ဦးမြင့်ဝင်းထံ ထွက်သွားခဲ့သည်။ ရန်ကုန်သို့ ရောက်ပြီး အရောင်းအဝယ်ကိစ္စအတွက် ပွဲစားအေးဆောင် ခေါ်ရာ နေရာများသို့ လိုက်လံကာ ပတ္တမြားကို ပြသနေဖြစ်သည်။ တစ်နေ့ ပွဲစား အေးဆောင် သုတ်သီးသုတ်ပျာဖြင့်ရောက်လာကာ-

"စုစုရေ. . . ဒီတစ်ခါတော့ ပွဲဖြစ်ပြီဟေ့၊ ရှေ့နှင့်စရံ သိန်းနှစ်ရာယူထား၊ ပစ္စည်း ငါ့ကိုပေးလိုက်၊ နင်တောင်းထားတဲ့အတိုင်း ညနေ ၃ နာရီအရောက် နင့်လက်ထဲကို လက်ကျန်ငွေ သိန်းထောင့်သုံးရာ ငါလာပို့ပေးမယ်" ဟု ပြောသဖြင့် စုစုသွယ် သူ့ရှေ့တွင် ပုံထားသောငွေသိန်းနှစ်ရာကို အံ့အားတသင့် ကြည့်နေမိသည်။

"ဦးဆောင်က ဘယ်လောက်နဲ့ ရိုက်ထုတ်လိုက်လို့လဲ၊ ညနေချက်ချင်း ငွေလာချေမယ်ဆိုတော့"

"ဒါတွေ နင်သိဖို့မလိုဘူးလေ၊ ငါ့ဟာငါ ဘယ်ဈေးနဲ့ရောင်းရောင်း နင့်ကို ညနေ နင်တောင်းထားတဲ့အတိုင်း လာချေရင်ပြီးရောမဟုတ်လား"

"ဟာ, ဦးဆောင်ကလဲ အချင်းချင်းတွေပဲ၊ ဝယ်လက်ကိုတောင် ပေးမတွေ့တော့ဘူးလား"

"တံငါဆိုတာ ဟင်းစားပဲပေးမယ်လေ၊ ကွန်ချက်ကတော့ ဘယ်ပြလို့ဖြစ်မလဲဟ"

အပြန်အလှန် ပြောဆိုဖြစ်ကြပြီးနောက် ပွဲစားအေးဆောင်က ထောင်တန်ပတ္တမြားထည့်ထားသည့် ကတ္တီပါအိတ်ရှုံ့အနီလေးကိုယူကာ ရွှင်လန်းတက်ကြွစွာဖြင့် ထွက်ခွာသွားသလို စုစုသွယ်ကလည်း ကျွန်းစားပွဲငယ်လေးပေါ်တင်ထားသည့် ငွေသိန်းနှစ်ရာကို ပီတိပြုံးများဖြင့် ကြည့်လျက် ကျန်နေရစ်သည်။

❊

စုစုသွယ် ငွေပုံကြီးကိုကြည့်ရင်းပြုံးလိုက်မိသည်။ ပတ္တမြားကြီးကို ထုခွဲရန် ရန်ကုန်ကို ဆင်းတော့မည်ပြင်ဆင်တော့ နုနုငယ်နှင့် စကားအချေအတင် ပြောဖြစ်ခဲ့သည်။

"စုစု နင်တစ်ယောက်တည်းသွားမှာ ငါစိတ်မချဘူး၊ ငါပါ အဖော်လိုက်မယ်၊ ဟိုနှုတ်ခမ်းမွေးစစ ကွမ်းတပျစ်ပျစ်နဲ့ အေးဆောင်ရုပ်က နှာဘူးရုပ်နော်၊ အဲဒါ စုစုသတိထား"

"နုနုရယ်. . . နင်ကလဲ သူများတကာကို ဒီလိုတော့မပြောပါနဲ့"

"ဟဲ့. . . ငါက အရမ်းပြောတာမဟုတ်ဘူး၊ နင်သတိထားကြည့်ပါလား၊ သူ့သမီး အရွယ်လောက်ရှိတဲ့ တို့ကို စကားပြောရင် ရိုးရိုးပြောတာမဟုတ်ဘူး၊ ဟိုပုတ်ဒီတို့လုပ်ပြီးမှ ပြောတာ"

"ကဲပါ ထားပါတော့၊ ရန်ကုန်လိုက်သွားရင် သတိတော့ထားနော်၊ ဒါထက် ဘယ်မှာတည်းရမှာလဲ"

"ပွဲစားအေးဆောင်ရဲ့ အဒေါ်နေတဲ့ မဟူရာစံအိမ်ကြီးမှာလေ"

"နင်က သိလို့လား"

"သူပြောတာပဲ. . . ထောက်ကြန့်လမ်းဆုံ ကျော်ကျော်လောက်မှာ ရှိတယ်တဲ့"

နုနုသွယ်နှင့် စကား အချေအတင် ပြောခဲ့သည်များကို ပြန်တွေးမိတော့ မလုံမလဲဖြစ်နေမိသည်။ ထောက်ကြန့်ရှိ မဟူရာစံအိမ်ကြီးမှာ လမ်းမနှင့် အတော်လေးလှမ်းကာ တည်ရှိသည့် ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးပင်ဖြစ်သည်။ အိမ်ကြီးမှာ ဟောင်းနွမ်းနေပြီဖြစ်သော်လည်း ရေနံချေးသုတ်ထားသဖြင့် မည်းနက်နက်ကြီးရှိနေလေရာ ပတ်ဝန်းကျင်မှ ဖြတ်သန်းဖြတ်လာပြုနေကြသူတို့က မဟူရာစံအိမ်ကြီးဟု သတ်မှတ်ထားကြသည်။

အိမ်ကြီး၏အဝင်ဝရှိ ပန်းဆွဲတွင် ဓရာမဘီလူးခေါင်းရုပ်ကြီးတစ်ရုပ် ဘ[illegible]လျက်သား ရှိနေသည်။ ပန်း[illegible]ရာ၏ လက်ရာမြောက်မှုကြောင့် [illegible]လူးခေါင်း

www.burmeseclassic.com

ရုပ်တုကြီးမှာ တကယ့်ဘီလူးခေါင်းကြီး အလား ထင်မှတ်မှားရသည်။

စုစု အိမ်ကြီးထဲ ဝင်လိုက်သည်နှင့် ပွဲစားအေးဆောင်၏အဒေါ် ဒေါ်အေးညွန့်နှင့်ဆုံသည်။ ဒေါ်တပ်ခေါ်ရသော်လည်း အသက်သုံးဆယ်ဝန်းကျင်သာ ရှိနေသေးသည်။

စုစု သတိထားမိသည့် နောက်ဆုံးအချိန်မှာ ဒေါ်အေးညွန့်လာရောက်ခည့်ခံသည့် လိမ္မော်ရည်လင်ပန်းထဲမှ လိမ္မော်ရည်ဖန်ခွက်ကို မော့သောက်မိသည့် အဖြစ်အပျက်ကိုပင် ဖြစ်သည်။ သတိရလာမိသည့်အချိန်တွင်တော့ မဟူရာစံအိမ်ကြီးအတွင်းရှိ အိပ်ခန်းအတွင်းမှ ခုတင်ပေါ်တွင် ဖြစ်နေသည်။ အိစက်ညက်ညောလှသည့် မွေ့ရာ၏ အထိအတွေ့ပေါ်ဝယ် လူးလွန့်မိကာ ထရန်ဟန်ပြင်လိုက်သည်။

မထမိရဲတော့ ခြုံလွှာအောက်တွင် မိမိခန္ဓာကိုယ်က မိမွေးတိုင်း ဖမွေးတိုင်းဖြစ်လို့နေပြီပင်။ ထိုစဉ်မှာပင် ပွဲစားအေးဆောင် ခုတင်အနီးသို့ လျှောက်လာရင်း. . .

"စုစုရယ်. . . ကိစ္စတွေ အားလုံးဦးတာဝန်ယူတယ်၊ တို့ဘဝတစ်ခုကို လက်တွဲထူထောင်လိုက်ကြရအောင်"

ဆိုသည့် အချိုသာဆုံးစကားလုံးများ ဖွင့်အန်ထွက်လာသည်။ စုစု တစ်ကိုယ်လုံး နာကျင်နေသယောင် ဖြစ်နေသည်။ စုစုမျက်နက်ဝန်းဆီက အပူလောင်ဆုံးသော ရေစီးကြောင်းလေးစီးကျလာကာ နုနုပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်နေမိတော့သည်။

❊

ဝင်းလွင် ကားလီဗာကို ဖွဖွလေးနင်းရင်း လမ်းဘေးဝဲယာကို သတိချပ်နေဖြစ်သည်။ ပြင်ဦးလွင်က သူ့ချစ်သူ နုနုသွယ်က အမြန်လာပါဆိုသည့် စာကြောင့် ပြင်ဦးလွင်ကိုလိုက်သွားဖြစ်ခဲ့သော်လည်း နုနုသွယ်နှင့် တွေ့ခွင့်မရခဲ့တော့။ နုနုသွယ် ပတ္တမြားနှင့်ပတ်သက်၍ ရစရာငွေအတွက် ရန်ကုန် ကျောက်ကုန်းရှိ ပွဲစားအေးဆောင်အိမ်သို့ နံနက်ကမှ ထွက်သွားခဲ့သည်ဟု သိရသဖြင့် အားချင်း ရန်ကုန်သို့ ပြန်ဆင်းလာဖြစ်ခြင်းပင်ဖြစ်သည်။

မဟူရာစံအိမ်ကြီးရှေ့မှ ဖြတ်သန်းရမည်ဆိုသည်ကို စိုးရွံ့လို့နေပြီပင်။ မဟူရာစံအိမ်ကြီးတွင် ပွဲစားအေးဆောင်နှင့် စုစုတို့ လောဘရမ္မက်အတွက် အတူပူးပေါင်းနေဖြစ်ကြသည်။ စရန်ငွေ သိန်းနှစ်ရာနှင့် ပီတိဖြစ်နေမိသောစုစု ပွဲစားအေးဆောင် ပြန်အလာကို စောင့်နေမိဖြစ်သည်။ ပွဲစားအေးဆောင် ငွေသိန်းနှစ်ထောင်နီးပါးရလာသည်နှင့် စုစုအားခေတ္တထားခဲ့ရာ မဟူရာစံအိမ်သို့ ပြန်လာခဲ့သည်။

အိပ်ခန်းအတွင်းရှိ မွေ့ရာပေါ်ဝယ် မားဒဏ်ရာ အချက်ပေါင်းများစွာဖြင့် သေနှင့်နေသည့် စုစုကိုမြင်လိုက်ရသည်နှင့် ငွေထုပ်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ သူနေထိုင်ရာ ကျောက်ကုန်းဆီသို့ သုတ်ချေတင်တော့သည်။ စုစုသေဆုံးထားသည့် မဟူရာစံအိမ်ကြီးရှေ့မှဖြတ်ရမည်ကို ဝင်းလွင် စိုးထိတ်နေမိသည်မှာ မဟူရာစံအိမ်၏ လောဘမာယာဖြစ်ရပ်ကို နုနုသွယ်၏စာထဲတွင် ဖတ်ခွင့်ရခဲ့သောကြောင့်ပင် ဖြစ်သည်။

တစ်စတစ်စဖြင့် မဟူရာစံအိမ်ကြီးရှေ့ရောက်တော့မည်ပင်။ ဝင်းလွင် လီဗာကို ဖိနင်းလိုက်သည်။ ကားသည် အရှိန်မြင့်တက်သွားရသလို ဝင်းလွင်၏ မျက်လုံးများလည်း ပြူးကျယ်သွားရသည်။ မဟူရာစံအိမ်တည်ရာ ခြံဝင်းဝတွင် ဖြူဖွေးဖွေးသဏ္ဌာန်တစ်ခုရပ်နေကာ ကားကိုလက်လှမ်းတားနေသည်ကို တွေ့လိုက်ရသောကြောင့်ပင်။

မျက်လုံးကို လက်ဖြင့်ပွတ်သပ်ကာ အသာအယာအားထည့်ကြည့်လိုက်သည်။ အဖြူရောင်ဝမ်းဆက်ဝတ်ထားသည့် မိန်းမပျိုလေးတစ်ဦးကားကို လှမ်းတားနေခြင်းဖြစ်သည်။ ကားကို အရှိန်လျှော့ကာ မိန်းမပျိုလေးကို လှမ်းကြည့်မိသည်။ ဘုရား၊ ဘုရား နုနုငယ်ပါလားဆိုသည့်အသိ။ အသိစိတ်တို့ဝင်လာသည်နှင့် ကားကို ဘရိတ်နင်းကာ နောက်ကြောင်းပြန်ဆုတ်ရန် ပြင်လိုက်ဖြစ်သည်။

ဘက်ဂီယာထိုးကာ နောက်သို့ ဖြည်းဖြည်းချင်း ပြန်ဆုတ်လိုက်သည်။ မူလမိန်းမပျိုလေး ရပ်နေသည့်နေရာ ကျော်လာပြီဖြစ်သော်လည်း နုနုငယ်ကို မတွေ့ရတော့။ ကားကိုရပ်လိုက်ကာ ဝန်းကျင်တစ်ခွင် မျက်စိကစားနေလိုက်သည်။ မဟူရာညဝယ် အဖြူရောင်မင်းသမီးလေး ပျောက်ခြင်းမလှ ပျောက်လို့နေပြီပင်ဖြစ်သည်။ ဝင်းလွင် ခေါင်းနားပန်းကြီးသွားသည်။ ကြက်သီးများက ထလာပြီ။ ဘာကိုမှ ချင့်ချိန်မနေတော့ ကားစက်ကိုပြန်နှိုး၊ ဂီယာသွင်းပြီးသည်နှင့် လီဗာကို အားကုန်ဖိနင်းလိုက်ဖြစ်တော့သည်။ မဟူရာစံ့အိမ်၏ဝန်းကျင်တွင် ဤသို့မကြာခဏဖြစ်လေ့ရှိသည်ကို သိထားမိသောအသိနှင့် နုနုငယ်၏ပုံရိပ်လွှာကို လှပ်ခနဲ မြင်တွေ့လိုက်ရသောအတွေ့တို့က ဝင်းလွင် ဦးနှောက်ကို အလုပ်ရှုပ်စေပြန်သည်။

ရှိစေတော့၊ အချိန်တိုအတွင်း ကျောက်ကုန်းကို အရောက်သွားရမည်ဆိုသည့်အသိကြောင့် လီဗာကိုသာ ခပ်သွက်သွက်လေး ဖိနင်းနေမိဖြစ်သည်။ မိနစ်ငါးဆယ်သာသာခန့်တွင် ကျောက်ကုန်းသို့ ရောက်လာသည်။

ကားကို လမ်းထိပ်တွင် ရပ်ထားခဲ့ပြီး လက်နှိပ်ဓာတ်မီးကိုယူကာ မဟူရာလွှမ်းသည့်ညခင်းစွမ်းအားကို ကာကွယ်သမှုပြုရင်း လမ်းကျဉ်းလေးများအတိုင်း ဖြတ်သန်းဝင်ရောက်လိုက်သည်။ဘောဂလှိုင်ဟု ဆိုင်းဘုတ်ငယ် ချိတ်ဆွဲထားသည့် တိုက်၏ခြံဝင်းတံခါးသို့ ရောက်သည်နှင့် လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်သည်။

ခြံဝင်းဝရှိ သံတံခါး သော့ခလောက်က ပွင့်လျက်သား တန်းလန်းကြီးဖြစ်နေသဖြင့် သံတံခါးကို အသာ



www.burmeseclassic.com

www.burmeseclassic.com

အယာတွန်းပွင့်ကာ ခြံဝင်းထဲသို့ ဝင်ရောက်ဖြစ်သည်။ ခြေဖွင်းကာ ခြံဝင်းထဲလျှောက်လှမ်းလာမိရင်း တိုက်ဆီသို့ အကဲခတ်မိသည်။

တိုက်၏ခန်းမအလယ်တွင် ငါးတိုင်အား ကြည်ပြာရောင်မီးသီးတစ်လုံး လင်းလက်လျက် ရှိနေသည်။ တိုက်အဝင်ဝနှင့်နီးလာလေလေ သတိကြီးစွာထားမိလေလေဖြင့် တိုက်အဝင်ဝရှိ သံဘာဂျာတံခါးဝသို့ ကပ်လိုက်သည်။ သံတံခါးကိုကြည့်မိတော့ အံ့အားသင့်သွားရသည်။ သော့ခလောက်မှာ ပွင့်လျက်သား တန်းလန်းကြီးဖြစ်နေသောကြောင့်ပင်။

သံတံခါးကို အသာအယာ တွန်းဖွင့်လိုက်မိစဉ်မှာပင် . . .

"ဟော့လူမလှုပ်နဲ့ . . . ပြည်သူ့ရဲတွေ ဝိုင်းထားပြီ"

ဆိုသည့် အသံကထွက်ပေါ်လာသည်။ အမှန်တကယ်လည်း ပြည်သူ့ရဲများရောက်နေကြသည်ဖြစ်ရာ ဝင်းလွင်ဥပဒေဘောင်အတွင်းမှ ရင်ဆိုင်ရန် ရဲများခေါ် ရာနောက်သို့ လိုက်ပါခဲ့ရတော့သည်။

❄

ရဲစခန်းရောက်တော့မှ အဖြစ်မှန်အားလုံး သိခွင့်ရတော့သည်။ ပွဲစားအေးဆောင်မှာ မားဒဏ်ရာဖြင့် အတွင်းလူနာအဖြစ် ရောက်နေကြောင်း၊ နုနုငယ်မှာ မားဒဏ်ရာဗရပွဖြင့် ကျောက်ကုန်းနေအိမ်အတွင်း သေနေကြောင်း၊ ပွဲစားအေးဆောင် မသေသေးမှန်း သိသဖြင့် အပြတ်ရှင်းရန်လာသူဟု ယူဆ၍ ခေါ်ယူလာရကြောင်းများပင်။

ပွဲစားအေးဆောင် သိန်းထောင်ချီဖြင့်ရောင်းကာ စုစုနှင့် ဘဝတစ်ခုတည်ထောင်ရန်ကြိုးစားခဲ့ရာ စုစုယူလာခဲ့သော ပတ္တမြားမှာ အတုဖြစ်နေသဖြင့် ငွေရှင်လောဘသားတို့က ထောက်ကြန့်ရှိ မဟူရာစံအိမ်တွင် အပြတ်ရှင်းခဲ့ကြသည်။ ယခုမူ နုနုငယ်က ပတ္တမြားအစစ်ကို ယူဆောင်လာခဲ့သဖြင့် ဝိသမ လောဘသားတို့က ပွဲစားအေးဆောင်နှင့် နုနုငယ်တို့ကို အပြတ်ရှင်းရန် ကြံခဲ့ရာ မားဒဏ်ရာရလျက်ဖြင့် ခုခံထွက်ပြေးရင်း ပတ်တာရောင်ရဲသားတို့ကောင်းမှုကြောင့် ဆေးရုံသို့ရောက်သွားခဲ့သည်။

ဆေးရုံပို့ရာလမ်း၌ပင် ဦးမူတူးတို့အဖွဲ့မှ ပတ္တမြားကိုလာရောက်လုယူကာ သူတို့အား အပြတ်ရှင်းခဲ့ကြောင်းများဖွင့်ဟပြောကြားထားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက ညတွင်းချင်းပင် ဦးမူတူးနှင့်အဖွဲ့ကို ဖမ်းဆီးရရှိခဲ့သည်။

ဝင်းလွင် တိုက်တံခါးဝသို့ရောက်လာချိန်မှာ နုနုငယ်၏အလောင်းကို မသယ်ဆောင်ရသေးသော အချိန်ပင်ဖြစ်သည်။ ဝင်းလွင်၏ရင်ထဲတွင်ကား မဟူရာစံအိမ်ရှေ့မှ လက်လှမ်းတားသည့် နုနုငယ်၏ရုပ်သွင်က အမှတ်တရထင်ကျန်ရစ်နေခဲ့ရပါသည်။

(၁၉၆၈ ခုနှစ်က အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်တစ်ခုကို အမည်နာမများ လွှဲပြောင်းကာ ရေးဖွဲ့တင်ပြထားခြင်း ဖြစ်ပါသည်)

❒ အောင်သာကျော်


မြန်မာ့နန်းတွင်းအကြောပညာရှင် (ရွှေပြည်သာ)

သမားတော် ဦးထွန်းဝင်းနိုင်

[C.T.Med (Ygn)](တဆ-၀၄၂၅)

ဇီဝိတသုခ တိုင်းရင်းအထူးကုဆေးခန်း

အနာတလွဲ၊ ဆေးတလွဲ၊ ကုသမှုတလွဲဖြစ်ပြီး ဘဝရှုံးတော့မည့်ဝေဒနာရှင်များ ကုသနိုင်ရေး
အကြောပြင်နည်းစနစ်ဖြင့် မနာမကျင် ကုသပေးမည်။ စက်ပစ္စည်း ဓာတ်ကိရိယာနှင့်နှိပ်ခြင်း လုံးဝမသုံးပါ။

လေဖြတ်၊ လေဖြန်း၊ ပန်းသေ၊ ပန်းညှိုး၊ လေးဖက်နာ၊ ဂေါက်၊ ကျိုးပေါင်း၊ အကြောသေ၊
အကြောညပ်၊ အာရုံကြောနှင့် နှလုံး၊ သွေးတိုး၊ မီးယပ်အမျိုးမျိုး၊ သားသမီးမရနိုင်သော ရောဂါများ၊
အထွေထွေရောဂါများ အထူးကုသပေးပါသည်။

ဆေးခန်းသို့မလာရောက်နိုင်သော လူနာများအတွက် အထူးအစီအစဉ်ဖြင့် ကုသပေးပါမည်။

နေ့စဉ် – နံနက် (၇း၀၀)နာရီမှ ည (၉း၀၀)နာရီအထိ (ပိတ်ရက်မရှိ)
အမှတ် (၁၂၃)၊ (၅) ရပ်ကွက်ရုံးအနီး၊ ကားလေးဂိတ်မှတ်တိုင်၊ ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – (၀၉) ၇၃၁၂၄၈၅၂၊ (၀၉) ၄၂၅၃၂၅၈၁၁




www.burmeseclassic.com

www.burmeseclassic.com

**ခွန်တင်မြင့်**

# စွဲလမ်းမှု၏ အနားသတ်မျဉ်း



လူတိုင်းတွင် စွဲလမ်းမှုတစ်ခုစီတော့ ရှိကြသည်။ ထိုစွဲလမ်းမှုသည်ပင်လျှင် ထိုသူအား စိတ်၏ စေ့ဆော်မှုကြောင့် ပြီးမြောက်အောင် မကျေနပ်ခဲ့သည်လည်း ရှိပေ၏။ ကျွန်တော့်မှာ အသက်ကြီးခါမှ ထိုစွဲလမ်းမှု တစ်ခုကြောင့် အိမ်သူသက်ထား ဇနီးမယား၏ ငြိုငြင်မှုကို အကြိမ်ကြိမ် အခါခါ ခံရလေ၏။ ထိုစွဲလမ်းမှုကို ပြေပျောက်အောင် ဖြတ်တောက်ပါသော်ငြားလည်း မပြေပျောက်၊ တိုး၍သာ ရောက်ရောက်လာသောအခါ ကျွန်တော့်မှာ. . .

❖

ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်ချိန်မှာ မွန်းလွဲ ၃ နာရီရှိပြီ ဖြစ်ကြောင်း လက်မှနာရီက ပြနေပေသည်။ အိမ်သူသက်ထားအား ရှေ့မှဆင်းစေပြီး အထုပ်အပိုးများကို ပြတင်းပေါက်မှ ချပေးလိုက်သည်။

ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်နေသော ကျွန်တော့်အား အိမ်သူသက်ထားက. . .

"ဆရာကြီး ဘယ်တွေငေးပြီး ကြည့်နေတာလဲ၊ ကျုပ်ကိုလဲ လက်တွဲပါဦး တဂတဲမှပဲ" ဟု မျက်စောင်းလေး မထိုးရုံတစ်မည် ပြောတော့မှ . . .

"ဟဲ ဟဲ ဘယ်မှမဟုတ်မှါဘူးကွာ၊ ကိုယ့်အသိကလေး ဘာကလေးများ တွေ့မလားလို့ ကြည့်နေတာပါ မိန်းမကလဲ ဟင်း ဟင်း"

ကိုယ့်စိတ်ကိုယ်မလုံတော့။ တစ်ယောက်နှင့် ချိန်းထားတာ မိန်းမများ ရိပ်မိသွားပလား ဒုက္ခပဲ၊ ရိပ်မိလျှင်ဖြင့်။ အတွေးဖြတ်လိုက်ပြီး ရွှေတိဂုံဘုရားအရှေ့မုခ်ရှိ ဆရာတော် ဦးဝါသဝကျောင်းသို့သွားရန် အငှားကားတစ်စီး ငှားလိုက်သည်။ ကြားတောရလမ်းရှိ ဆရာတော်ဦးဝါသဝ၏ ဇေယျာအောင်မြေ ရွှေနှင်းဆီကျောင်းတိုက်သည်ကား



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့၏ အားကိုးအားထားရာ ကျောင်းတိုက်ပင် ဖြစ်သည်။

ကျောင်းတိုက်တွင် ရပ်ဝေး ဘုရားဖူး ဧည့်သည်များ၊ ဆေးလာ ရောက်ကုသသူများဖြင့် အစဉ်အမြဲပြည့် နေပေသည်။ ကျောင်းရောက်၍ ဆရာ တော်မှ နေရာချထားပေးသဖြင့် ပင်ပန်း နွမ်းနယ်မှုကို ဖြေဖျောက်ရန် ခေတ္တမျှ အနားယူလိုက်သည်။

ကျွန်တော့် အိမ်သူသက်ထားမှာ ပင်ပန်းမှုဒဏ်ကြောင့် ခဏအကြာတွင် အိပ်မောကျသွားတော့သည်။

ကျွန်တော့်မှာသာ တောင်တွေး မြောက်တွေးဖြင့် အိပ်မပျော်ပါချေ။ တောင်ငူဘူတာမှ ရထားတက်စဉ်ဇာ သူ့အား တွဲ(၅)ပေါ်သို့ တက်သွားသည် ကို တပ်အပ်သေချာစွာ မြင်တွေ့ရပါ လျက်နှင့်ရန်ကုန်ဘူတာသို့ရောက်သော အခါ ပျောက်ခြင်းမလှ ပျောက်သွားချေ ပြီ။ သူဘယ်မှာများ တည်းမည်ပါလိမ့်။ သူတည်းခိုမည့် နေရာလိပ်စာလည်း မသိ။ ဖုန်းနံပါတ်လည်း ပေးမထား၊ ခက်ချေပြီ။

ဆရာတော်၏ကျောင်းတွင် ဖုန်း ရှိသော်လည်း ဆက်ချင်မှ ဆက်မည် ဖြစ်သည်။ အိမ်သူသက်ထား သိမည် စိုး၍ ဖုန်းဆက်မည် မဟုတ်ကြောင်း ကျွန်တော် ကြိုတင်သိထားပြီးဖြစ်သည်။ ညနေပိုင်း ၆ နာရီတွင် ကျွန်တော့် အိမ်သူသက်ထားအား ဆေးခန်းတစ်ခု သို့ လိုက်ပြရသည်။ ဆီးချို၊ သွေးချို ဆရာဝန်အဆင်သင့်ရှိ၍ ပြသဆေးဝယ် ပြီး ကျောင်းသို့ ပြန်ခဲ့ကြသည်။

ယနေ့ အင်္ဂါနေ့။

ကျွန်တော် အလွန် မျှော်လင့် သော ရက်နှစ်ရက်အနက် ပထမရက် ရောက်ချေပြီ။ မနက်စောစောထ၍ အိမ်သူသက်ထားအား လိုအပ်သည်များ ကို ပြုစုပြီး ရေမိုးချိုးလိုက်သည်။

ဆရာဝန် ညွှန်ကြားချက်အရ ဒီနေ့ ဇနီးသည်၏ သွေးစစ်ချက်များကို စောင့်ယူရမည်။ နောက်တစ်နေ့ ညနေ ပိုင်းတွင် ပြန်ပြရမည်။ အားရက်ဖြစ်သည် နှင့်အညီ ဇနီးသည်အား စကားစလိုက် သည်။

"ဝေ. . ဒီနေ့ အစ်ကိုတို့ အားနေ တော့ မြို့ထဲလေး ဘာလေးသွားလည်ရ အောင်လား၊ ဝယ်စရာလေးရှိတာ ဝယ် ထားတော့ ပြီးသွားတာပေါ့၊ မဟုတ် ဘူးလား"

ကျွန်တော် စကားစသော်လည်း ဇနီးသည်က တုတ်တုတ်မျှမလှုပ်။ ငြိမ်၍ သာ တွေးနေဟန်ရှိသည်နှင့် . . .

"ဝေ. . နေမကောင်းချင်ဘူး လား၊ အစ်ကို ဘာလုပ်ပေးရမလဲ" ဟု အကြင်နာစကားလေး ဆိုလိုက်သည်။

"ဒီမှာ ဆရာကြီး ဆရာကြီး ဘာတွေ ကြံစည်နေတယ်၊ ဘာတွေ လုပ်ချင်နေတယ်ဆိုတာ မသိဘူးလို့များ ထင်သလား၊ ရပါတယ် ကျုပ်ကို ထား ခဲ့ပါ၊ ကိုယ့်ဘာသာ တစ်ယောက်တည်း သွား၊ ပြန်ချင်တဲ့အချိန်မှပြန်၊ ရတယ်"

ဟု ယတိပြတ် ပြောချလိုက် သဖြင့် ကျွန်တော့်မှာ ဘာပြန်ပြောရ မှန်းမသိ ဖြစ်သွားရတော့သည်။

ကျွန်တော်တို့ တွေ့ဆုံရန် ချိန်း ထားသည်ကိုလည်း အပျက်မခံနိုင်ပါ။ ရသည့် အခွင့်အရေးကို ရသလိုတော့ အသုံးချရပေလိမ့်မည်။ ဇနီးသည်အား ဘုန်းတော်ကြီးကျောင်းတွင် ထားခဲ့ဏ ကားမှတ်တိုင်သို့ ထွက်လာခဲ့တော့သည်။ ပန်းဆိုးတန်းလမ်းထိပ်သို့ ရောက်သော အခါ ထိုလမ်းအတိုင်း လျှောက်လာပြီး အမေ့အိမ်စာပေတိုက်သို့ဝင်၍ စာအုပ် များ ဝင်ကြည့်ရ၏။ အမေ့အိမ်စာပေ တိုက်မှအထွက် ကျွန်တော့်နာမည် ခေါ် သံကြား၍ လှည့်ကြည့်လိုက်သောအခါ ကျွန်တော် ချိန်းထားသောသူနှင့် ဆိုက် ဆိုက်မြိုက်မြိုက်တွေ့လိုက်ရတော့သည်။

ထိုသူကား အခြားမဟုတ်ပါချေ။ ကျွန်တော်နှင့် ရန်ကုန်ဆင်းရန် ကြိုတင် ချိန်းဆိုထားသော စာပေရောင်းရင်း ညီငယ် ထန်းတပင်စန်းလွင် ဆိုသူပါပေ တည်း။

ကျွန်တော်က. . .

"မင်းနှယ်ကွာ. . ဘူတာကနေ ပျောက်သွားလိုက်တာ ငါ့မှာဖြင့် လာ တွေ့ဦးမလားဆိုပြီး မျှော်နေလိုက်ရတာ၊ ခုကော ဘယ်မှာတည်းလဲကွ"

ဟု နှုတ်လည်းဆက် အပြစ် လည်း ဆိုလိုက်သည်နှင့် ကိုစန်းလွင်က-

"ဟာ အစ်ကိုကလဲ လာတွေ့လို့ ဘယ်ဖြစ်မလဲ၊ တော်ကြာ အစ်မတွေ့ သွားရင် ကျွန်တော်တို့ စာပေကိစ္စတွေ ပျက်သွားမှာစိုးလို့ တစ်ချိုးတည်း လစ် သွားရတာဗျို့"

"အေးကွာ၊ ငါ့မှာလဲ စာပေ ဝါသနာက ကြီးလွန်းအားကြီးတော့ မင်းအစ်မ မကြိုက်တဲ့ကြားက စာတွေ ခိုးခိုးရေးရတော့ စာရေးရတာ အားမရ ပါဘူးကွာ၊ ဒါပေမဲ့ စာတွေ တစ်ပုဒ်စ နှစ်ပုဒ်စ မဂ္ဂဇင်းထဲပါလာတာ တွေ့ ပြန်ရင်လဲ သူများတွေကို ပြောပြရ ပေးဖတ်ရနဲ့ မင်းအစ်မက ပီတိဖြစ်လို့ကွ ဟဲ ဟဲ"

"ခု အစ်ကိုထွက်လာတာ အစ်မ သိရဲ့လား၊ အစ်မကိုကျွန်တော်ကြောက် တယ်ဗျာ၊ အိမ်မှာ ကျွန်တော်နဲ့အစ်ကို စာပေအကြောင်း ပြောကြရင် အစ်မက စကားဝိုင်းထဲကနေ ထွက်ထွက်သွားတာ ကိုးဗျနော်"

"သူ ဝါသနာမပါလို့ ထွက်သွား တာပါကွာ၊ ခုလဲပဲ ဘုန်းကြီးကျောင်းမှာ တစ်ယောက်တည်းကျန်နေလေရဲ့၊ ငါတို့ ဘာလုပ်မယ်ဆိုတာ သူကြိုသိထားသလို ပဲကွာ၊ ဘာဖြစ်ဖြစ် ငါကတော့ ဒီစာရေး တဲ့ အလုပ်ကို မစွန့်လွှတ်နိုင်ဘူးကွာ၊ နောက်ပြီး မင်းသိတဲ့အတိုင်းပဲ၊ ရန်ကုန် ရောက်ရင် ဒီလို အင်္ဂါနေ့နဲ့ သောကြာ နေ့တွေမှာ စာပေဗိမာန်နားက စာရေး ဆရာတွေစုံတဲ့ ဇင်မင်းမောင် လက်ဖက် ရည်ဆိုင်က လေအန်ကုန်းကို မရောက် ဘဲ မနေနိုင်တဲ့ စွဲလမ်းမှုကို ငါ ဘယ် တော့မှ မလွန်ဆန်နိုင်ဘူးကွာ၊ ငါသေရင် တောင် အဲဒီလေအန်ကုန်းမှာ ဝိညာဉ် သွားကပ်နေမလားတောင် မသိဘူး



www.burmeseclassic.com

www.burmeseclassic.com

စန်းလွင်ရာ” ဟု ပြောလိုက်တော့သည်။

“အို အစ်ကိုကလဲ မသေပါနဲ့ဦး၊ စာတွေ ရေးရဦးမယ်လေ၊ တော်ကြာ ဆရာမောင်သာယာတို့၊ ဆရာ စောင်းကောင်းမြတ်တို့၊ မန္တယ်(ကလော)တို့၊ ဆရာနန္ဒာမိုးကြယ်တို့က အစ်ကို သရဲလာခြောက်တယ်လို့ ပြောကြပါဦးမယ် ဗျာ ဟဲ ဟဲ ဟဲ” ဟု ရယ်၍ ပြောလိုက်သည်။

ကျွန်တော်တို့ စာပေညီအစ်ကို “ဇင်မင်းမောင်”လက်ဖက်ရည်ဆိုင်သို့ ရောက်ချိန်သည် စောလွန်းလှသည်။ ယခုမှ မနက် ၉ နာရီပင် ရှိသေးသည်။ အမှန်အားဖြင့် အင်္ဂါနှင့်သောကြာနေ့မျိုးတွင် စာရေးဆရာများ စုံစုံညီညီ လာကြသည်ဆိုသော်ငြားလည်း နံနက် ၁၁ နာရီ ၁၂ နာရီ ဝန်းကျင်မှ ရောက်ကြသည်ချည်း ဖြစ်၏။

ကျွန်တော်တို့သာ စိတ်စော၍ စောစောရောက်လာကြခြင်း ဖြစ်သည်။ ရေတာမာရိပ်အောက်ခုံများတွင်ကျွန်တော်တို့အသိ မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရသေးပေ။

ယခင်တစ်ပတ် (လွန်ခဲ့သောနှစ်လ ခန့်)က ကျွန်တော် ရောက်ခဲ့စဉ် ဆရာမောင်သာယာ မိတ်ဆက်ပေးမှုကြောင့် စာရေးဆရာ၊ ဆရာမများကို သိကျွမ်းခဲ့ရသည်။ အားလုံးပင် လှိုက်လှဲသော ဖော်ရွေမှုများ၊ စာပေရဲဘော်စိတ်များဖြင့် ကျွန်တော်တို့ကို ကြိုဆိုခဲ့ကြသည်ကို ဝမ်းပန်းတသာတွေ့ခဲ့ရသည်။ ထိုစာရေးဆရာ၊ ဆရာမများထံမှ အမှတ်တရစကားများ၊ ကဗျာများ၊ ဘဝအသိ စာတန်းများကို ကျွန်တော်၏ မှတ်စုစာအုပ်ထဲတွင် တစ်ဦးမကျန် ရေးခိုင်းစေခဲ့သည်။

ထိုအမှတ်တရ စာတန်းကလေးများသည်ပင်လျှင် ကျွန်တော့်ဘဝတွင် စာရေးဆရာများ အသိုင်းအဝိုင်းသို့ စတင်ဝင်ရောက်သော ဘဝမှတ်တမ်းတစ်ခုပင်ဖြစ်လေတော့သည်။ကျွန်တော့်အတွေးများကို ပြန်လည်ရုပ်သိမ်းပြီး “ဇင်မင်းမောင်” လက်ဖက်ရည်ကို အရသာခံ သောက်လိုက်သည်။ ခေါင်းအမော့တွင် ဆရာမ တင်မိခိုင်ကို တွေ့လိုက်ရသဖြင့် . . .

“ဟော ဆရာမ ဒီဘက်ခုံကို လာထိုင်ပါ၊ ဆရာမကို တွေ့ချင်တာနဲ့ အတော်ပဲ ဖြစ်သွားတယ်” ဟု လှမ်းနှုတ်ဆက်ရင်း ဘေးမှ ခုံပုလေးတွင် ထိုင်ရန် လက်လှမ်းညွှန်ပြလိုက်သည်။

ဆရာမ တင်မိခိုင်က . . .

“ဦးခွန် ဘယ်တုံးက ရောက်လဲ၊ ဒီနေ့မှ ကျွန်မလဲ ဦးခွန်ကိုပေးဖို့ မဂ္ဂဇင်းစာအုပ်တွေ ယူလာတာ၊ အတော်ပဲ ဖြစ်သွားတယ်”

ဆရာမညွှန်ပြမှ ကျွန်တော်လည်း ဆရာမကိုင်လာသော လက်ဆွဲခြင်းတောင်းနှစ်ခုထဲမှ စာအုပ်များကို တွေ့လိုက်ရသည်နှင့် . . .

“အားနာစရာကြီး ဆရာမရယ်၊ ကျွန်တော် လာယူမှာပေါ့၊ အတော်ပဲ ဒီတစ်ပတ် ကျွန်တော်တို့ဆီမှာ စုပေါင်းစာအုပ်ပေးလှူပွဲရှိတယ်၊ တောက စာကြည့်တိုက်တွေက စာအုပ်သိပ်ရှားပါးတာ ဆရာမရယ်၊ ဒါကြောင့် စာကြည့်တိုက်အတွက် ရန်ကုန်တက်ပြီး စာအုပ်အလှူခံရတာပါ၊ ဆရာမအသိ စာအုပ်တိုက်တွေ လိုက်ပို့ပါဦး”

“ဟုတ်ကဲ့ ဦးခွန် ကျွန်မ သိတဲ့ စာပေတိုက်တစ်ခုကို အရင်သွားကြမယ် ၃၃ လမ်းထဲက လာဘ်မိုးစွေ စာပေတိုက်ပဲ” ဟု ပြန်ပြောအပြီး ကျွန်တော်တို့ စာပေမောင်နှမတစ်စု လာဘ်မိုးစွေသို့ ချီတက်ကြတော့သည်။

လာဘ်မိုးစွေစာပေတိုက်မှ ဆရာမောင်မောင်မြင့်အေးက ဖော်ရွေစွာကြိုဆိုရင်း စာမူများရေးပို့ရန် ပြောသည်။ အပြန်တွင် စာကြည့်တိုက်အတွက် တိုက်ထုတ်စာအုပ်များ ပေးလှူသဖြင့် ကျွန်တော့်မှာ ပါလာသော ပီနံအိတ်ဖြင့် မနိုင်မနင်း ထမ်းပိုးလာရတော့သည်။

စာပေတိုက် သုံးတိုက်လောက်ဝင်ပြီးသွားသောအခါ ပီနံအိတ်နှစ်လုံး ခန့် ပြည့်နှက်သွားတော့သည်။ ဆရာမ တင်မိခိုင်လည်း တခြားအလုပ်ကိစ္စရှိ၍ အိမ်ပြန်သွားသည်။ စာအုပ်ထုပ်များကို ထမ်းပိုးရင်း ကျွန်တော်နှင့် ကိုစန်းလွင်တို့ ဆရာမ ယဉ်မင်းဦး (ဆေးတက္ကသိုလ်) ရှိရာ “နဘယ်မဂ္ဂဇင်း” တိုက်သို့ လှမ်းရပြန်ပါသည်။

နဘယ်မဂ္ဂဇင်းတိုက်မှ ပြန်အဆင်း အောက်ထပ်လှေကားခုံသို့ ရောက်သောအခါ တစ်ကိုယ်လုံး ချွေးသံရွှဲရွှဲဖြင့် မောပန်းလွန်း၍ ထိုင်ချလိုက်ရတော့သည်။ လွန်စွာပူအိုက်တတ်သော ကျွန်တော့်မှာ မနေနိုင်တော့ဘဲ အပေါ်အင်္ကျီကို ချွတ်လိုက်ရတော့သည်။ အင်္ကျီချွတ်၍ နေသာထိုင်သာရှိစဉ် . . .

“အဘ သမီးပစ္စည်းတွေကို အပေါ်ပို့ပေးပါလား၊ ဘယ်လောက်ပေးရမလဲဟင်”ဟု သမီးအရွယ်ကလေးမငယ် တစ်ဦးကဆိုလာသဖြင့် ကြည့်လိုက်သောအခါ ၎င်း၏ဘေးတွင် သေတ္တာလတ် တစ်လုံး၊ ခြင်းတောင်း တစ်ခု၊ အဝတ်အိတ်တစ်အိတ်ကို တွေ့လိုက်ရသည်။ ကြည့်ရသည်မှာ နယ်မှ ရန်ကုန်သို့ အလုပ်လာလုပ်ခြင်း သို့မဟုတ် ကျောင်း၊ သင်တန်းတစ်ခုခု လာတက်ဟန်တူ၏။ မိမိကို အလုပ်သမားထင်၍ ကူလီထမ်းခိုင်းခြင်း ဖြစ်ပေလိမ့်မည်။

ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိတော့မှ ဟုတ်ပေသားပဲ၊ အပေါ် အင်္ကျီကလည်း ချွတ်ထားပြီး ပူအိုက်လွန်း၍ ကုတ်ထားသော ဦးခေါင်းမှဆံပင်များကလည်း ဖိုသီဖတ်သီ။ အတွင်းစွပ်ကျယ်ကလည်း အရောင်မပေါ်။ ကျောမှာက အပေါက်နဲ့ဆိုတော့ အခဖြင့် ကူလီထမ်းခိုင်းခြင်း ဖြစ်ပေတော့သည်။

နဂိုကမှ သူတစ်ပါးအား ကူညီချင်သော ကျွန်တော်၏စိတ်ဓာတ် (ဦးဖိုးကျား၏ အခမဲ့ကူလီထမ်းခြင်းအကျိုးကို အားကျ၍လည်းဖြစ်ချင်ဖြစ်မည်)ကြောင့် ကလေးမလေးအား မငြင်းမိတော့ဘဲ-

“အဘလဲ အားပါတယ် သမီး ပေးချင်သလောက်သာပေးပါ၊ ကဲ သမီး





www.burmeseclassic.com

www.burmeseclassic.com

တက်မယ့်နေရာကို လိုက်ပြ၊ အဘ ထမ်းခဲ့မယ်" ဟု ပြောလိုက်သဖြင့် ဘေးမှ ကိုစန်းလွင်က . . .

"အစ်ကိုကလဲ လုပ်ချလိုက်ပြန်ပြီ" ဟု ပြောပြီး ကျွန်တော့်လက်ကို လှမ်းဆွဲဟန့်တားလိုက်သည်။

"ရတယ် ကိုစန်းလွင်၊ မင်း ဒီ စာအုပ်ထုပ်နဲ့ ခဏစောင့်၊ တစ်ခေါက်တည်းနဲ့ ထမ်းပြီးပို့လိုက်မယ်၊ ကဲကဲ ကလေးမ ရှေ့ကတက်"

သေတ္တာနှင့် လက်ဆွဲခြင်းကို ထမ်းပိုးတက်သွားတော့သည်။ ရှေ့မှ ကောင်မလေး အတက် နောက်က ကျွန်တော်က အလိုက်ဖြင့် တရွေ့ရွေ့ တက်လိုက်သည်မှာ ခြောက်လွှာမြောက်မှ ရောက်တော့၏။

နဂိုကမှ အမောခံက ရှိပြီးသားထပ်ပြီး အပေါ်တက်လိုက်တော့ မခံနိုင်တော့ဘဲ ခြေတွေ ယိုင်လာသည်။ ပစ္စည်းကို အခန်းထဲထည့် ပြီးသောအခါ ကောင်မလေးက . . .

"ရော့ အဘ တစ်ထောင်၊ နည်းလားမသိဘူးနော်၊ သမီးက တစ်ခါမှလဲ အလုပ်သမားမငှားဖူးဘူး၊ ကျေးဇူးတင်ပါတယ် အဘ"ဟုပြောပြီး တစ်ထောင်တန် အသစ်လေးတစ်ရွက်ကို တရိုတသေ ကမ်းပေးလိုက်သည်။

ငွေတစ်ထောင်ကို ခေါက်ပြီး မှတ်စုစာအုပ်ကြားထဲသို့ ထိုးထည့်လိုက်တော့သည်။

စာအုပ်ထုပ်များကို သယ်ပိုးရင်း ကျွန်တော်နှင့်ကိုစန်းလွင်တို့ ကျောင်းသို့ ပြန်ရောက်ပြီး ရေမိုးချိုးလိုက်ကြသည်။ အိမ်မှပါလာသော ဝတ်စုံများကိုအကျနဆုံး ဝတ်ဆင်လိုက်သည်။ ဘုန်းကြီးကျောင်းရှေ့ ထမင်းဆိုင်မှ တစ်ခါပြင် ၅၀၀ ကျပ်ဖြင့် နေ့လယ်စာ ဖြည့်တင်းပြီးသောအခါ မွန်းတည့် ၁၂ နာရီ ရှိလေပြီ။

နှစ်ဦးသား လေအန်ကုန်းရှိရာ ဇင်မင်းမောင်ကဖီးသို့ သုတ်ခြေတင်ရန် ထွက်ခွာလာကြတော့သည်။

ဇင်မင်းမောင်ကဖီးရှေ့ လမ်းဘေး ပလက်ဖောင်းပေါ်ရှိ ရေတမာပင်ရိပ်အောက်မှ ခုံပုလေးများပေါ်တွင် စာရေးဆရာ၊ ဆရာမများ အတော်စုံစုံလင်လင် ရောက်ရှိနေကြသည်ကို တွေ့ရ၏။ ကျွန်တော်တို့ ဝင်လာသည်ကို တွေ့လိုက်သော ဆရာမောင်သာယာက . . .

"လာ . . ဦးခွန်နဲ့ ကိုစန်းလွင် ဒီဘက်မှာ ခုံလွတ်ရှိတယ်၊ ထိုင်ကြ"

ဟုပြောပြီး ဘေးနားမှ စာရေးဆရာများနှင့်မိတ်ဆက်ပေးတော့သည်။ ကျွန်တော်လည်း မှတ်စုစာအုပ်ထဲတွင် အမှတ်တရလေးများကို မလွတ်တမ်း တစ်ဦးမကျန် ရေးခိုင်းတော့၏။

ထိုမှတ်တမ်း အမှတ်တရလေးများသည် နောင်တစ်ချိန်တွင် လွမ်းမောစရာ ရသတစ်ပုဒ် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

သတိရ၍ ကျွန်တော်က စာရေးဆရာသောက် ကျပ် ၆၀၀ တန် လက်ဖက်ရည်အိုးလေးအိုးမှာ လိုက်သည်ကို ကြည့်ပြီး ဆရာမောင်သာယာက. . .

"ခင်ဗျားတို့ ထန်းတပင်က စာရေးဆရာတွေကလဲဗျာ၊ စာရေးဆရာနဲ့ မတူပါဘူး၊ ရုပ်ရှင်လာရိုက်တဲ့ မင်းသားတွေနဲ့ တူနေတာယ်ဗျ ဟဲ ဟဲ " ဟု ချီးမွမ်းစကားဖြင့် အရှိကို အရှိအတိုင်း ရယ်မောပြောဆိုလိုက်သည်။

အားလုံးက ကျွန်တော်တို့ကို ဝိုင်းကြည့်ကြသဖြင့် ၁၅ နှစ်သား ရှက်ပြုံးကလေးဖြင့် လက်နှစ်ဖက်ကိုဆန့်ကာ ဒူးကြားထဲညှပ်ရင်း ပြန်လည်ပြုံးပြလိုက်တော့သည်။

ဩော် ဆရာရယ် ချီးမွမ်းတတ်ပလေ၊ ကျွန်တော်တို့က 'ရောမ ရောက်ရင် ရောမလိုကျင့်'ဆိုတဲ့ စကားအတိုင်း ရန်ကုန်ရောက်ခိုက် အပြတ်ရှိုင်းထားခိုင်းတာခင်ဗျ။

ဒီလောက်သားနားတာတောင် မနက်က အလုပ်သမား ကူလီထင်ပြီး ကလေးမလေးတစ်ယောက်က ခိုင်းသေးသဗျ၊ အဲဒီကရတဲ့ ကူလီခရယ်၊ စာမူခရယ်ပေါင်းပြီး ဆရာတို့ကို လက်ဖက်ရည်ဒါနပြုရတာ အလွန်ပီတိ ဖြစ်သဗျာ ဟု စိတ်ထဲတွင် ပြောရတော့၏။

ထိုနေ့က လေအန်ကုန်းတွင် ညနေ ၄ နာရီအထိထိုင်ပြီး ဘုန်းကြီးကျောင်းသို့ ပြန်ခဲ့ကြတော့သည်။

ကျွန်တော်တို့လို နယ်မှ စာရေးသူတို့သည် ရန်ကုန်ရောက်တိုင်း စာအုပ်တိုက်များသို့သွားပြီး စာမူပေးကြရ၏။ တစ်ခါတစ်ရံ လေအန်ကုန်းတွင်ပင် အယ်ဒီတာများ၏ လက်ထဲသို့ ထည့်ပေးရသည်လည်း ရှိသည်။ စာရေးသက်နုသော ကျွန်တော်တို့အား စာများများရေးရန် အားလုံးက တိုက်တွန်း အားပေးစကား ပြောကြသည်။ လေအန်ကုန်းသို့ မရောက်လျှင် မနေနိုင်သော ကျွန်တော်၏ စွဲလမ်းမှုသည်ကား လွန်အံ့မထင်။

ထိုစာပေအတွက် စွဲလမ်းမှုအနားသတ်မျဉ်းကိုကား ကျွန်တော် အဆုံးမသတ်နိုင်သေးပါ။ အသက်ခန္ဓာတည်သရွေ့ ထိုစာပေစွဲလမ်းစိတ်၏ အနားသတ်မျဉ်းသည် ရှည်လျားဦးမည် ဖြစ်သည်။

စာပေစိတ်၊ စာပေသံယောဇဉ် ဆိုသည်မှာ ဖြူစင်သန့်ရှင်းသော မနော၏ ကျက်စားရာနေရာ ဖြစ်ပေလိမ့်မည်။ ကျွန်တော်ထင်ပါသည်။ ရန်ကုန်ရောက်တိုင်း စာရေးဆရာတို့ ဆုံစည်းရာ လေအန်ကုန်း (ဇင်မင်းမောင်ကဖီး)သို့ အမြဲ ရောက်နေမည်။

ရရှိလာသော စာမူခများ မိမိ၏ သမ္မာအာဇီဝလုပ်ငန်းမှရရှိသောအသပြာလေးများဖြင့် လေးစားရသော စာရေးဆရာ၊ ဆရာမများအား လက်ဖက်ရည်ဂါရဝပြု ကျွေးမွေးမည်။

ထိုမှရရှိလာသော ပီတိသည်ကား အနှိုင်းမဲ့ပီတိပင် ဖြစ်ပေလိမ့်မည်။

❒ ခွန်ထင်မြင့်(ထန်းတပင်)





www.burmeseclassic.com

www.burmeseclassic.com


ကျွန်မသည် ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ဖြစ်နေမိပါသည်။ ဟုတ်မှဟုတ်ရဲ့လား၊ အိမ်များမှားနေသလား၊ မရောက်တာလည်း ၁၁ နှစ်တောင်ကြာခဲ့ပြီမို့ ဘယ်ကိုပဲကြည့်လိုက်ကြည့်လိုက် အရင်တုန်းက ပြင်ဦးလွင်မြို့၏ ပုံစံနှင့် မတူတော့သော်လည်း ပြည်သူ့ဆေးရုံကြီး သူနာပြုအဆောင်၏နောက်ဘက်လမ်းကလေးမှ အရှေ့ဘက်အနိမ့်ပိုင်းသို့ ဆင်းသွားလျှင် ပြည်တော်သာရပ်ကွက်သို့ ရောက်သွားမည်။ ဒီအထိတော့ လမ်းက မမှားနိုင်။



ဒေါ်ခင်သန်း၏ ဘုရားစဲတော့ခန်းဆောင်

# သားကောင်း (၁၁)ယောက်နှင့် သမီးကောင်းနှစ်ယောက်တို့၏
# သားကောင်းမိခင်ကြီး တစ်ဦးအကြောင်း

ဒေါ်ကြည်ကြည်မြ(မြန်အောင်)



ပြင်ဦးလွင်မြို့၊ နန်းမြိုင်လမ်း၊ ရွှေဟသ်ာဆရာတော်ဘုရားကြီး၏စံတော်ခန်းရှေ့တွင် ရိုက်ကူးထားသော အမှတ်တရပုံ

ကျွန်မ သွားလိုသည်က ပြည်တော်သာ (၃)လမ်းထိပ်က အိမ်။ နှစ်ပေါင်းများစွာ ဆွေရင်းမျိုးရင်းတွေလို ဝင်ထွက်ခဲ့သောအိမ်။ ကျွန်းသားနှင့် ဆောက်လုပ်ထားသော တစ်ထပ်အိမ်ကလေး။ မည်သူမဆို အိမ်ထဲသို့ဝင်လိုက်လျှင် သပ်ရပ်သန့်ရှင်းစွာ ခင်းကျင်းထားသော စားပွဲကုလားထိုင်များရှိနေသော်လည်း ချက်ချင်း မထိုင်ဖြစ်ကြ။ ခေါင်းရင်းဘုရားဆောင်တွင် သပ္ပာယ်လှစွာသော ဘုရားဆင်းတုတော်များ၊ ပန်းမြို့တော်မှဘုရားဆောင်ပီပီ ပန်းအလှမျိုးစုံလင်စွာဖြင့် လှပဝေဆာနေသော ဘုရားပန်းများ၊ ကြည်လင်တောက်လက်နေသော ဘုရားရေတော်ခွက်များ အမျိုးအမည်စုံလင်လှစွာသောသစ်သီးဆွမ်းတော်များဖြင့် ရှိခိုးဦးချ၍မဝနိုင်အောင် မွမ်းမံပူဇော်ထားသော မြတ်စွာဘုရားကို ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ကြပြီးမှ ခင်းကျင်းထားသော ကုလားထိုင်များတွင် ထိုင်ဖြစ်ကြရပါသည်။

ထိုအိမ်ရှင်မိသားစုမှာ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ အမိပတိ၊ ဥက္ကဋ္ဌ ဒွါဒသမ ရွှေကျင်သာသနာပိုင် သက်တော်ရှည် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ ဒကာရင်းများဖြစ်ကြသော ဦးအုန်းမောင် + ဒေါ်ခင်သန်းတို့၏အိမ် ဖြစ်ပါသည်။

ကျွန်မ ပြင်ဦးလွင်သို့ ပြန်မရောက်ဖြစ်သည်မှာ ၁၁ နှစ်ကြာခဲ့ပါပြီ။ ယခုရောက်လျှင်ရောက်ချင်း ကျွန်မတည်းမည့် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ နွေရာသီစံကျောင်းတွင် ပါလာသော ပစ္စည်းများကိုထားခဲ့ပြီး ဦးအုန်းမောင်+ဒေါ်ခင်သန်းတို့အိမ်သို့ အရင်ဦးဆုံး လာခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မ ဝင်ထွက်နေကျအိမ်မို့ လမ်းလည်းမမှား၊ အိမ်နံပါတ်လည်းမမှားပါ။ ခက်သည်က



www.burmeseclassic.com

www.burmeseclassic.com

အရင်အိမ်ပုံစံမျိုး မဟုတ်။ အရင်အိမ်နေရာတွင် တိုက်တစ်လုံးအစားရောက်နေပါသည်။ သာမန်တိုက်တစ်လုံးဆိုလျှင် ကျွန်မ မအံ့ဩပါ။

ယခုတိုက်မှာ ဘုန်းတော်ကြီးကျောင်းကြီးတမျှ လှလှပပ ခံ့ခံ့ညားညား။ တိုက်၏အမြင့်မှာလည်း မော်၍ကြည့်ရလောက်အောင် မြင့်မြင့်မားမားကြီးဖြစ်နေသည့်အပြင် ဝင်းခြံ ဝင်းတံခါးတို့မှာလည်း ခိုင်ခိုင်မာမာ။ ရပ်ကွက်ကလေးနှင့် မလိုက်အောင်ပင် စီမံဆောက်လုပ်ထား၍ ကျွန်မနှင့် ရင်းနှီးခင်မင်ခဲ့သော မိတ်ဆွေမိသားစုအိမ်မှ ဟုတ်ရဲ့လား။ အခြားတစ်ဦးဦးမှ တစ်ဆင့် ဝယ်ယူ ဆောက်လုပ်နေထိုင်ကြလေသလားဟု တွေးနေမိပါသည်။

ကျွန်မသည် ကျွန်မနှင့် မသိသော အိမ်ရှင်အသစ်များဖြစ်နေမည်လားဟု ဝင်းတံခါးမှ ခေါင်းလောင်းကို မခေါက်သေးဘဲ လှုရိပ်လှုခြည်ကို ကြည့်နေစဉ် အိမ်ထဲမှ မိန်းကလေး တစ်ယောက် အပြေးထွက်လာပြီး . . .

"အမေရေ့ . . . အန်တီမြရယ် လာနေတယ်၊ အန်တီမြ လာပါ လာပါ" ဟု ဝမ်းသာအားရ တံခါးကိုပြေးလာဖွင့်ပေးမှ မိန်းကလေးအနားရောက်လာမှပင် သမီးငယ်မှန်းမှတ်မိသွားပါသည်။

အိမ်ထဲရောက်လျှင် ဆိုဖာကုလားထိုင်ကြီးများ၊ ခေတ်မီလှပသော ပစ္စည်းများဖြင့် ခမ်းနားထည်ဝါစွာပြင်ဆင်ထားသော ဧည့်ခန်းကို တွေ့ရပါသည်။

သမီးငယ်က . . .

"အန်တီ . . . အမေက အပေါ်ထပ်ဘုရားခန်းမှာပါ၊ အမေ့ဆီသွားရအောင်နော်၊ အန်တီမြ ဖြည်းဖြည်းတက်ပါနော်" ဟုဆိုကာ ကျွန်မကို ယုယကြင်နာစွာ တွဲခေါ်သွားပါသည်။

လှေကားကြီးမှာလည်း ယခုခေတ်လှေကားမျိုးနှင့်မတူ၊ ရှေးဘုန်းတော်ကြီး ကျောင်းမှလှေကားကြီးများလို ကျယ်ကျယ်ဝန်းဝန်း။ လှေကားထစ်များမှာလည်း ကျွန်းသားအပြားကြီးကြီးတွေနှင့် စီမံထားပါသည်။

"အမေက သိပ်မသန်တော့ အစ်ကိုလေးက အမေအဆင်းအတက်လွယ်ကူအောင် တမင်လှေကားထစ်ကို အပြားကြီးကြီးနဲ့ စီမံထားတာပါ" ဟု သမီးငယ်က ပြောပါသည်။

ကျွန်မတို့ အပေါ်ထပ်ကိုရောက်တော့ အပေါ်ထပ်မှာလည်း အောက်ထပ်မှာလိုပင် ဆိုဖာကုလားထိုင် စသည်တို့ဖြင့် ဧည့်ခန်း အပြင်အဆင်များကို ပြည့်ပြည့်စုံစုံ လှလှပပ ပြင်ဆင်ထားပြန်ပါသည်။ သမီးငယ်က . . .

"အမေက ခြေသိပ်မသန်တော့ အမေအပေါ်ထပ်မှာရှိနေတဲ့အခါ အမေ့ဧည့်သည်လာရင် အပေါ်ထပ်မှာပဲ ဧည့်ခံရအောင် အစ်ကိုလေးက ဧည့်ခန်းနှစ်ခုလုပ်ထားတာပါ" ဟု ပြောပြပါသည်။

ကျွန်မတို့ ဘု[illegible]ားဆောင်သို့ဝင်သွားသောအခါ အစ်မဒေါ်ခင်သန်း ပုတီးစိပ်နေရာမှ ပုတီးကိုအနီးမှခုံသေးသေးလေးအပေါ် ရိုရိုသေသေတင်လိုက်ပြီး ကျွန်မကိုဝမ်းသာလှိုက်လှဲစွာဆီးကြိုနှုတ်ဆက်ပါသည်။ ဒေါ်ခင်သန်းသည် ကျွန်မထက် ၁၀ နှစ်ခန့်ကြီး၍ ကျွန်မက အစ်မဟုခေါ်ပါသည်။ ဦးအုန်းမောင်ကို အစ်ကိုကြီးဟု ခေါ်ပါသည်။ ကျွန်မရောက်သွားချိန်တွင် ဦးအုန်းမောင် ကွယ်လွန်ပြီးနေပါပြီ။

အစ်မဒေါ်ခင်သန်း၏ ဘုရားဆောင်မှာ အကျယ် ၁၈ ပေရှိပါသည်။ ကြည်ညိုဖွယ်ရာ ရုပ်ပွားဆင်းတုတော်များစုံလင်စွာကို ပန်းအလှပေါင်းများစွာတို့ဖြင့် ပူဇော်ထားကာ ကနုတ္တဒဏ်ထီးဖြူတစ်ဖက်တစ်ချက်စီမိုးထားသဖြင့် ဘုရားဆောင်ထဲသို့ ရောက်လာသူတိုင်း ရှိခိုးဦးမချဘဲ မနေနိုင်အောင်ပင် ကြည်ညိုဖွယ်ရာရှိလှပါသည်။

တောင်ပေါ်မြို့ဖြစ်၍ အစ်မ ဘုရားဝတ်ပြုသည့်အခါ ထိုင်ရသော ထိုင်ဖုံကိုပင် ကတ္တီပါအကောင်းစားဖြင့် လှလှပပ ထူထူထဲထဲ ချုပ်လုပ်စီမံပေးထားပါသည်။ ထိုင်ဖုံဘေးနားတွင် အစ်မဖတ်နေသော တရားစာအုပ်တင်ရန်၊ စိပ်ပုတီးတင်ရန် ခုံလှလှလေးနှစ်ခုကိုလည်း တွေ့ရပါသည်။ ကျွန်မသည် အစ်မဒေါ်ခင်သန်း၏ အိုကံကောင်းလှပုံကို တွေ့နေမြင်နေရသောအခါ မိမိကိုယ်တိုင် စံစားခံစားနေရသလို ဝမ်းသာပီတိစိတ်တွေသည် ရင်ထဲနှလုံးသားထဲအထိ စိမ့်ဝင်ကာမျက်ရည်ဝဲအောင်ပင် ကြည်နူးခံစားမိပါတော့သည်။

အစ်မ ဒေါ်ခင်သန်းက . . .

"ဝမ်းသာလိုက်တာ ဆရာမရယ် . . . ဘယ်တုံးကရောက်လဲ၊ ဘယ်မှာတည်းလဲ၊ ဒီအိမ်မှာပဲ တည်းစေချင်ပါတယ်၊ အေးအေးဆေးဆေး ရက်ကြာကြာလေးလဲ နေစေချင်ပါတယ်နော်၊ သမီးငယ်ကလဲ သမီးအန်တီကို ဒီမှာတည်းဖို့ပြောဦးလေ" စသည်ဖြင့်ဝမ်းသာလှိုက်လှဲစွာ ပြောပါသည်။

ကျွန်မက . . .

"ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ဒီမှာတည်းချင်ပါတယ်၊ ဒါပေမဲ့ ရွှေဟသာကက ဦးပဥ္စင်းတွေကိုလဲအောက်မေ့လို့ ဦးပဥ္စင်းတွေနဲ့လဲ အေးအေးဆေးဆေး ပြောဆိုရအောင် ကျောင်းမှာပဲ တည်းလိုက်တာပါ၊ ကျွန်မ ခုပဲကားပေါ်ကဆင်းဆင်းချင်း ပစ္စည်းလေးတွေကို ကျောင်းမှာထားခဲ့ပြီး အစ်မဆီပြေးလာခဲ့တာပါ၊ အစ်မကို ခုလိုကျန်းကျန်းမာမာနဲ့တွေ့ရတာ တကယ်ဝမ်းသာပါတယ် အစ်မရယ်၊ မပြန်မချင်း အစ်မဆီ ခဏခဏ လာခဲ့ပါမယ်နော်"

"လာဖြစ်အောင်လာခဲ့ပါ ဆရာမရယ်၊ ဆရာမကို စကားတွေအများကြီးပြောစရာရှိပါတယ်၊ ဒီမှာပဲ အမြဲထမင်းစားပါနော်၊ ဦးပဥ္စင်းတွေကလဲ ဆရာမကို အမေလိုသံယောဇဉ်ရှိကြတော့ ကျောင်းမှာပဲတည်းစေချင်မှာပေါ့လေ၊ ကျောင်းဘုန်းကြီးလေး နှစ်ပါးကလဲ ကျန်းမာရေးမကောင်းကြဘူး၊ ဆရာမ ရောက်လာတာ သူတို့ဝမ်းသာကြမှာပဲနော်"





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ပြင်ဦးလွင်မှာ နေစဉ်က ကျောင်းဘုန်းကြီးဦးဣန္ဒသရိယမှာ ရွှေဟသ်ာဆရာတော်ဘုရားကြီးနှင့် မရှေးမနှောင်းမှာပင် ပျံလွန်တော်မူသွားပါ၍ ဦးဣန္ဒသရိယ၏ညီ ဦးကောဝိဒနှင့် ဦးတေဇဝန္တတို့ နှစ်ပါးမှ ရွှေဟသ်ာစကျောင်းကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နေကြပါသည်။ ကျွန်မပြင်ဦးလွင်သို့ရောက်ခါစအချိန်က ဦးကောဝိဒမှာ စာသင်သားကိုရင်ငယ်အရွယ်သာသာမျှ ကိုရင်ဘဝကတည်းက ခင်မင်လာခဲ့သော ကျွန်မကို ယခုကျောင်းဘုန်းကြီးဘဝရောက်နေသည့် အခါတွင်လည်း အဒေါ်သားချင်းပမာ ခင်မင်သံယောဇဉ်ရှိပါသည်။ ဦးတေဇဝန္တမှာလည်း စစ်ကိုင်း ရွှေဟသ်ာတိုက်သစ်တွင် စာဝါလိုက်နေစဉ်ကတည်းက ရင်းနှီးခင်မင်ခဲ့၍ ယခုအခါ ပြင်ဦးလွင် ရွှေဟသ်ာမှ ကျောင်းဘုန်းကြီးလေးနှစ်ပါးတို့သည် ကျွန်မကိုတွေ့လျှင် ဒကာမကြီးဟုမခေါ်၊ မယ်တော်ကြီးဟုသာ ခေါ်ကြပါသည်။

ကျွန်မသည် ရွှေဟသ်ာစကျောင်းတွင် မန္တလေးမြို့ ဇာခြင်ထောင် ဒေါ်ပုမိသားစုမှ လှူဒါန်းထားသော သီးသန့်တိုက်ကျောင်းကလေးမှာ တည်းရပါသည်။ နံနက် ၅ နာရီအချိန် သံဃာတော်များ အရုဏ်ဆွမ်းဘုဉ်းပေးရန် ဆွမ်းတုံးခေါက်ချိန်တွင် ကျွန်မအိပ်ရာမှထကာ ဘုရားရှိခိုးပါသည်။ ခဏနေလျှင် ကျွန်မအတွက် နံနက်စောစောစာကို ကိုရင်လေးတစ်ပါးလာပို့ပါသည်။

"မပို့ခိုင်းပါနဲ့ဘုရား၊ တပည့်တော် ဆွမ်းကျောင်းမှာ လာစားပါ့မယ်ဘုရား" ဟုလျှောက်သော်လည်း မရပါ။ အချိန်မှန် ပို့ပါသည်။

ကျွန်မသည် ပြင်ဦးလွင် ရွှေဟသ်ာတွင် ၁၂ ရက်ကြာ တည်းခိုခဲ့ပါသည်။ အကြာကြီးနေခဲ့ဖူးသောမြို့ဖြစ်၍ တစ်ကြောင်း၊ အသက်ကလည်း ၇၅ နှစ်အရွယ်မို့ ဘယ်ကိုမှ ထူးထူးထွေထွေ သွားချင်စိတ်မရှိပါ။ မိတ်ဆွေဟောင်းတွေလည်း သိပ်မရှိကြတော့ပါ။

ရေချမ်းအိုး ရွာကလေးဝ၌ ပျဉ်းမနားမဟာမြိုင်တောရဆရာတော် ဦးဇောတိကတည်ထောင်တော်မူခဲ့သော နိုင်ငံခြားသားသံဃာတော်များ သီတင်းသုံးတော်မူလေ့ရှိသော မိဂဒါဝုန်ကျောင်းသို့သာ တစ်ခေါက်ရောက်ဖြစ်ခဲ့ပါသည်။ ကျွန်မ ပြင်ဦးလွင်တွင်နေစဉ်က တစ်ပတ်တစ်ခေါက် ပုံမှန်ရောက်ခဲ့သော ကျောင်းကလေးမို့ အလွမ်းပြေသွားခဲ့ပါသည်။ မိဂဒါဝုန်တွင် အမြဲသီတင်းသုံးတော်မူနေသော ဦးဝိမလကို ကျန်းကျန်းမာမာဖူးတွေ့ခဲ့ရ၍ ဝမ်းသာရပါသည်။

ကျွန်မသည် နံနက်စောစော အဆာပြေစားပြီးလျှင် ဈေးထဲသို့သွားကာ စာသင်သားကိုရင်လေးများအတွက် မုန့်ပဲချိုချဉ်ချဉ်ကလေးများ၊ အချိုရည်ဘူးများ စသည် ဝယ်ခြမ်းကပ်လှူခဲ့ပြီး အစ်မဒေါ်ခင်သန်းတို့ အိမ်သို့ သွားပါသည်။

အစ်မဒေါ်ခင်သန်းသည် နေ့စဉ်နံနက်တိုင်း ဘုရားရှိခိုးခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ဂါထာများကို ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာကမ္မဋ္ဌာန်း ပွားများခြင်းစသည်များကို ဝတ်မပျက်ပူဇော်လေ့ရှိ၍ ကျွန်မစောစောမသွားပါ။ အစ်မအဓိဋ္ဌာန်ပျက်မှာစိုးပါသည်။

အစ်မဒေါ်ခင်သန်းသည် မွေးရာပါ ပိုလီယိုရောဂါသည်မို့ ခြေထောက်ကလေးတစ်ဖက် မသန်ရှာပါ။ လမ်းလျှောက်လျှင် တစ်ယောက်ယောက်၏ ပခုံးကိုအားပြုမှီတွဲပြီးမှ လျှောက်နိုင်ပါသည်။ တစ်ယောက်တည်းဖြစ်နေလျှင် အိမ်နံရံကိုဖြစ်စေ၊ စားပွဲ ကုလားထိုင် စသည်တစ်ခုခုကိုအားပြုပြီး သွားလာရပါသည်။ အပြင်သို့ကိစ္စရှိ၍ သွားရလျှင် သားသမီး တစ်ယောက်ယောက်၏ စက်ဘီးနောက်မှထိုင်ပြီးလိုက်ရပါသည်။

အစ်မ၏ မိဘများသည် သမီးကလေးမသန်မစွမ်းမို့ နောင်ရေးအတွက် စိတ်အေးရအောင် ဆွေမျိုးသားချင်းထဲမှ မောင်အုန်းမောင်နှင့် နေရာချထားခဲ့ကြရာ သား ၁၁ ယောက်၊ သမီး နှစ်ယောက် စုစုပေါင်း ၁၃ ယောက်မွေးဖွားခဲ့ပါသည်။

သားသမီး ၁၃ ယောက်တို့ ကျန်းကျန်းမာမာမွေးဖွားခဲ့ပြီး အိမ်ဖော်အကူရယ်လို့ စွဲစွဲမြဲမြဲမရှိခဲ့ဘဲ သားသမီးတွေကြီးပြင်းလာသည်အထိ ပြုစုကျွေးမွေးဆုံးမသွန်သင်နိုင်ခဲ့သော၊ မသန်စွမ်းသော်လည်း မိန်းမတို့၏ဝတ္တရား အိမ်မှုကိစ္စများကို နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်ခဲ့သော သာမန်ရုံးအုပ်စာရေးလစာကလေးဖြင့် ဒီမိသားစုကို လောက်ငှအောင် ခြိုးခြံချွေတာပြီး "စီးသည့်ရေ ဆည်တဲ့ကန်သင်း" ဟူသောစကားနှင့်အညီ သုံးစွဲနေထိုင်နိုင်ခဲ့သော တကယ့်အိမ်ရှင်မကောင်း၊ မိခင်ကောင်းတစ်ယောက်ကို ညွှန်ပြပါဆိုလျှင် အစ်မဒေါ်ခင်သန်းကို ဦးဆုံးပြရပါမည်။

သားသမီး ၄, ၅ ယောက်ရှိလျှင်ပင် တစ်ယောက်လောက်ကတော့ ပြောမကောင်းဆိုမကောင်း တချို့ဆိုးလွန်းပေလွန်းလို့ အမွေပြတ်ကြော်ငြာပစ်ရသည်အထိ ရှိတတ်ကြသော်လည်း အစ်မ၏ သားသမီးထဲတွင် တစ်ယောက်မှ အဆိုးအမိုက်မပါ။ ဖခင်ကို ရိုသေ၊ မိခင်ကို ကြင်နာသိတတ်ကြသူချည်းဖြစ်ကြ၍ မိဘနှစ်ပါး စိတ်ချမ်းသာကြရပါသည်။ သားများထဲတွင် ထူးထူးချွန်ချွန် ဗိုလ်ချုပ်တစ်ယောက်ပင် ပါပါသေးသည်။

သား ၁၀ ယောက်နှင့် သမီးကြီးတို့ အိမ်ထောင်ကျကြသော်လည်း သားတစ်ယောက်နှင့် သမီးငယ်မှာ အိမ်ထောင်မပြုကြဘဲ မိခင်ကြီးကို အရိပ်တကြည့်ကြည့်နှင့် ပါရမီဖြည့်နေကြပါသည်။ ပျဉ်းမနား မဟာမြိုင်တောရဆရာတော် ဦးဇောတိကနှင့် အမေရိကန်ဆရာတော် ဦးဝေသာရဋ္ဌ၊ ဩစတြေးလျ ဆရာတော် ဦးစမိန္ဒတို့သည် ပြင်ဦးလွင်မြို့၏အစွန်တွင်ရှိသော ရွှေစည်းခုံတောရတွင် သီတင်းသုံးတော်မူစဉ်က တောရနှင့် နှစ်မိုင်ခွဲမျှဝေးသော ပြည်တော်သာ ရပ်ကွက်ရှိ ဦးအုန်းမောင်+ဒေါ်ခင်သန်းတို့၏ တစ်ထပ်အိမ်



www.burmeseclassic.com

www.burmeseclassic.com

ကလေးသို့ နေ့စဉ်ဆွမ်းခံကြွရောက်ပြီး ဒေါ်ခင်သန်း၏သဒ္ဓါတရားကိုချီးမြှောက်ပေးတော်မူခဲ့ကြပါသည်။ ဆရာတော်ဦးဇောတိကသည် အစ်မဒေါ်ခင်သန်းအပေါ် အလွန်ပင်မေတ္တာကြီးမားတော်မူပါသည်။

ဒီခေတ်အခါမျိုးတွင် ဒီလောက်များပြားသော သားသမီးများကို အဆိုးအမိုက် တစ်ယောက်မှ မပါအောင် သွန်သင်ဆုံးမ ထိန်းကျောင်းပေးနိုင်သော မိခင်ကောင်းတစ်ယောက်အဖြစ် ချီးမွမ်းတော်မူလေ့ရှိပါသည်။


ဆရာတော် ဦးဇောတိကတို့သည် ရေချမ်းအိုးရွာ၊ မိဂဒါဝုန်ကျောင်းသို့ ကြွရောက်သီတင်းသုံးတော်မူကြသည့်နောက်ပိုင်းတွင်လည်း အစ်မ ဒေါ်ခင်သန်းသည် ကိုယ်တိုင်မသန်စွမ်းသော်လည်း ပြည်တော်သာရပ်ကွက်နှင့် ၃ မိုင်ခွဲမျှဝေးသော မိဂဒါဝုန်ရဟန်းတော်များဆီသို့ သားများ၏ အကူအညီဖြင့် ရံခါသွားရောက်၍ ဆရာတော်များအတွက် လိုအပ်ရာများကို လှူဒါန်းလေ့ရှိပါသည်။

ကျေးဇူးတော်ရှင် စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီး ပြင်ဦးလွင်စံကျောင်းသို့ နွေရာသီ ကြွရောက်သီတင်းသုံးတော်မူသည့် အခါတိုင်းလည်း ဆရာတော်ဘုရား အရုဏ်ဆွမ်းဘုဉ်းပေးလေ့ရှိသော ခေါက်ဆွဲဆွမ်း၊ နေ့လယ်ဆွမ်း၊ ညနေ သံပရာရည်စသည်တို့ကို တစ်နေ့မပျက် လာရောက်ကပ်လှူလေ့ရှိပါသည်။

ဆရာတော်ဘုရားထံ လာတိုင်းသားကြီးများမှာ အိမ်ထောင်ကိုယ်စီ လုပ်ငန်းကိုယ်စီနှင့်မို့ နံပါတ်-၈ သား မောင်ထင်ကျော်နှင့် သမီးငယ်တို့က နေ့စဉ်လိုက်ပို့ပေးရပါသည်။ ဆရာတော်ဘုရားထံ ဆွမ်းချိုင့်ပို့လှူသူများသည် ဆွမ်းချိုင့်ပို့ပြီးလျှင် ချက်ချင်းပြန်မသွားကြဘဲ ဆရာတော် ဆွမ်းဘုဉ်းပေးပြီးသည်အထိ ငြိမ်သက်စွာစောင့်ပြီး ကြည်ညိုနေကြသည်မှာ ကျောင်းခန်းတစ်ခုလုံး အပ်ကျသံပင် ကြားရမလောက် တိတ်ဆိတ်နေပါသည်။

နေ့စဉ် ဆွမ်းချိုင့်ပို့လှူသူတွေ များပြားသည်ဖြစ်၍ အစ်မသည် လူအများကြားတွင် မနေ၊ ဝေယျာဝစ္စဆောင်ရွက်နေရသော ကျွန်မအနားတွင် ကျုံ့ကျုံ့ကလေးထိုင်နေကာ ဆရာတော်ဘုရားဆွမ်းဘုဉ်းပေးရာမှ အနားယူရာ အိပ်ခန်းဆောင်သို့ပြန်ကြွသွားသည်အထိ လက်အုပ်ချီမပျက် နေနေသည်ကို ကျွန်မ အံ့ဩမိပါသည်။

၉၅-ခုနှစ် နွေရာသီအချိန် ရွှေဟင်္သာ ဆရာတော်ဘုရား ပြင်ဦးလွင်စံကျောင်းသို့ နောက်ဆုံး ကြွရောက်တော်မူသည့်အခါ ဆရာတော်ဘုရားထံ လာရောက်ကန်တော့လှူဒါန်းကြသော ဒကာ, ဒကာမများ၏ ရှေ့တွင်. . .



ဒေါ်ခင်သန်းတို့၏ တိုက်မျက်နှာစာမှ ရိုက်ကူးထားသောပုံ

"ဒီဒကာမကြီး ဒေါ်ခင်သန်းက ဘုန်းကြီးဆီကို တစ်နေ့သုံးခေါက် ပုံမှန်လာနေကျ၊ ဘုန်းကြီးကတော့ သူတို့အိမ်ကို တစ်ခေါက်မှမရောက်ဖူးသေးပါဘူး" ဟု သုံးကြိမ်တိုင်တိုင် အမိန့်ရှိ၍. . .

"ဆရာတော်ဘုရား အိမ်ကိုတွေ့ရန် ဆန္ဒရှိပုံပေါ်တယ်" ဟု အိမ်ရှေ့လှေကား အတက်အဆင်းနေရာမှ ခြံပေါက်ဝအထိ ဆက်သွယ်ရာ လမ်းကလေးကို အမြန်ဆုံး ပြုပြင်လိုက်ပြီး ဆရာတော်ဘုရားအား ပင့်လျှောက်ရာ ဆရာတော်ဘုရား ကြွရောက်တော်မူလာပြီး ပရိတ်တရားတော်များကို ချီးမြှင့်ပေးတော်မူခဲ့ပါသည်။

ထိုနှစ် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်၊ ၁၉၉၅-ခု၊ အောက်တိုဘာလ ၉ ရက် ဆရာတော်ဘုရား သက်တော် (၁၀၂)နှစ်ပြည့်ရန် တစ်လနှင့် ၂၂ ရက်အလိုတွင် ဆရာတော်ပျံလွန်တော်မူပါသည်။

ဆရာတော့်အပေါ် အစ်မ ဒေါ်ခင်သန်း၏ ထက်သန်လှစွာသော သဒ္ဓါကြည်ညိုမှုကို ဆရာတော်ဘုရား အသိအမှတ်ပြုတော်မူ၍ နောက်ဆုံး ချီးမြှောက်ပေးခဲ့တော်မူခြင်းဖြစ်ပါသည်။

အစ်မဒေါ်ခင်သန်း၏ သားများမှာ ထိုစဉ်က ကီလီကုန်စိမ်းဒိုင်တွင် သစ်သီးပွဲရုံ၊ ပန်းပွဲရုံလုပ်ငန်းများဖြင့် ရိုးသားစင်ကြယ်စွာ အသက်မွေးကြပါသည်။ သမီးကြီးနှင့် တချို့သားများမှာ ဌာနဆိုင်ရာအသီးသီးတွင် ဝန်ထမ်းများဖြစ်ကြပါသည်။ ရန်ကုန် သီရိမင်္ဂလာဈေးကြီး ဖြစ်ပေါ်လာသောအခါ သီရိမင်္ဂလာဈေးတွင် ကုန်စိမ်းပွဲရုံကိုယ်စီဖြင့် ပြင်ဦးလွင်မှ ညီအစ်ကိုများ တင်ပို့လာသောကုန်များကို ဖြန့်ဝေသောလုပ်ငန်းတို့ဖြင့် ညီအစ်ကိုများ၏စီးပွားရေးမှာ ပြည့်စုံအောင်မြင်လာကြပါသည်။

မောင်ထင်ကျော်သည် ၁၀ တန်း ဖြေပြီးသည်နှင့် အစ်ကိုများ၏ လုပ်ငန်းကိုတွဲကူလုပ်ရင်း ကျွမ်းကျင်လာသောအခါ ကိုယ်ပိုင်ပွဲရုံတည်ထောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မိဘနှစ်ပါးနှင့်တကွ အိမ်ထောင်မပြုကြသော ညီ၊ ညီမငယ်ရှိကို ထောက်ပံ့လာခဲ့ကြသော အစ်ကိုများကို . . .

"အစ်ကိုတို့ ထောက်ပံ့ခဲ့ကြတာကြာပါပြီ၊ ဒီနောက်ပိုင်းမှာ တစ်လဲ တာဝန်ယူပါရစေ၊ အစ်ကိုတို့နားကြပါတော့"ဟုပြောပြီး မိသားစု၏စားဝတ်နေရေးကိစ္စအဝဝကို သူတစ်ယောက်တည်းလုံးဝတာဝန်ယူလိုက်ပါသည်။

မောင်ထင်ကျော်၏ မိဘနှစ်ပါးအပေါ်ထားရှိသည့် စေတနာ၊ မိဘများ၏ပို့သသော မေတ္တာတို့ ပေါင်းစုကာ မောင်ထင်ကျော်၏ လုပ်ငန်းတွေမှာ မျှော်လင့်ထားသည်ထက် ပို၍အကျိုးပေးကာ တစ်နေ့တခြား စီးပွားတက် အောင်မြင်လာပါသည်။ အစ်မဒေါ်ခင်သန်းသည် တစ်နေ့ခင်းနေ့လယ် ထမင်းစားပြီးချိန်တွင် ရှေးဟောင်းနှောင်းဖြစ်ကလေးတွေကို စီကာစဉ်ကာပြောပြပါသည်။

"ကျွန်မမှာ အိမ်မှုကိစ္စတွေကို သမီးကြီးနဲ့ သမီးငယ်တို့က ဆောင်ရွက်ပေးနေကြတော့ ကျွန်မ အလုပ်က ဘုရားရှိခိုး ပုတီးစိပ် သတ္တဝါဝေနေယျတွေကို မေတ္တာပို့တဲ့အလုပ်ပဲ လုပ်နေရတော့ သားကြီးတွေမှာ ကိုယ်ပိုင်အိမ်နဲ့တိုက်နဲ့ ကားကလေးတွေနဲ့ အခြေတကျဖြစ်နေကြတာကြည့်ပြီး စိတ်အေးရပေမယ့် သားငယ်မှာ အဲဒီလို မဖြစ်သေးတော့ သူ့ကို အထူးမေတ္တာပို့ရပြန်ပါတယ်၊ သူက အိမ်ထောင်ရေးကိုလဲ စိတ်မဝင်စားဘူး၊ စီးပွားရေးကိုပဲ အာရုံထားပြီး ရိုးသားကြိုးစား ရတနာသုံးပါးကိုလဲ ဆည်းကပ်လို့ထင်ပါရဲ့၊ သူ့လုပ်ငန်းက ထူးထူးခြားခြားအောင်မြင်တယ်၊ သူက ဒီကနေ ရန်ကုန် သိရိမင်္ဂလာဈေးမှာ သူပိုင်ပွဲရုံတည်ထောင်နိုင်လာတယ်၊ သူက ဒီကနေ ကုန်တွေပို့ ဟိုက အစ်ကိုတစ်ယောက်က စောင့်ရှောက်ပေးနဲ့ တစ်နေ့မှာ. . .

သူ့မှာ ပြင်းပြတဲ့ရည်ရွယ်ချက်တစ်ခုရှိတာ ကြာပြီတဲ့၊ အမေ့ကို အမေ့စိတ်တိုင်းကျ ဘုရားခန်းကြီးကြီး တိုက်အိမ်ကြီးကြီးနဲ့ ချမ်းချမ်းသာသာကြီးထားချင်နေတာကြာပြီတဲ့၊ အဲဒီလို ထားနိုင်ပါရစေလို့ ဘုရားမှာအမြဲဆုတောင်းပြီး စီးပွားကိုကြိုးစားရှာနေတာပါတဲ့၊ ခုသူ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ပြီ အမေတဲ့၊ ဒီအိမ်နေရာမှာ အမေ့အတွက် တိုက်အိမ်ကြီးကြီး ပြင်ဆောက်ခွင့်ပြုပါတဲ့၊

အဲဒီမတိုင်ခင်မှာ ကျွန်မ ထူးထူးခြားခြား အိပ်မက်မက်ခဲ့ပါတယ်၊ သူငယ်တစ်ယောက် ရုပ်ရည်ကလေးကလဲ သန့်သန့်ပြန့်ပြန့်ကလေး ကျွန်မရှေ့မှာ လာရပ်ပြီး ကျွန်တော်လို့တောင်မပြောဘူး၊ သားက အမေ့တိုက်ကို အကောင်းဆုံးဆောက်ပေးမှာပါတဲ့၊

တကယ်ဆောက်တော့မယ်လို့ ကန်ထရိုက်နဲ့လဲ တွေ့ရော အဲဒီ ကန်ထရိုက်က အိပ်မက်ထဲကသူငယ် ဖြစ်နေရော၊ ဝတ်စားထားတာလဲ အိပ်မက်ထဲကအတိုင်းပါပဲ၊ တကယ်လဲ ဒီတိုက်ကို သူ့စိတ်တိုင်းကျ စေတနာပါပါနဲ့ အကောင်းဆုံးဆောက်ပေးသွားပါတယ်၊

ကျွန်မသားငယ်ကို သူ့အစ်ကိုများလို ပြည့်ပြည့်စုံစုံမဖြစ်သေးလို့ အထူးမေတ္တာပို့နေတဲ့အချိန်မှာ သားကလဲ အမေ့ကို ချမ်းချမ်းသာသာထားပေးချင်နေတဲ့မေတ္တာစိတ်တွေနဲ့ ကြိုးစားရှာဖွေနေတာဖြစ်လေတော့ ကျွန်မတို့သားအမိရဲ့ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်ပြီး တစ်ယောက်ကိုတစ်ယောက် ပို့သပေးနေတဲ့ မေတ္တာဓာတ်တွေကြောင့် အချိန်တိုတိုအတွင်းမှာပဲ သူရည်ရွယ်မှန်းထားသလို အောင်မြင်လာတာပါပဲ၊


သားငယ်မှာ တစ်လုံးတစ်ခဲကြီးရှိနေလို့မဟုတ်ဘဲ တစ်ဖက်က စီးပွားရေးလဲ ဂရုတစိုက်လုပ် တစ်ဖက်က အိမ်ဆောက်နေတာကိုလဲ ကြီးကြပ်ရင်း အစ်ကိုများကလဲ သူတို့မှာ ပိုလျှံတာလေးတွေထဲက စိုက်ထုတ်ပေးရင်းနဲ့ ဒီတိုက်ပြီးသွားတာပါပဲ"

ကျွန်မက . . .

"ဒီတိုက်ပြီးသွားတဲ့အထိ ဘယ်လောက်ကုန်ကျသွားပါသလဲ"ဆိုတော့-

"အကြမ်းထည်ကို သိန်း ၅၀၀နဲ့ ကန်ထရိုက်ကိုအပ်ပြီး အချောထည်နဲ့ အတွင်းအပြင်အဆင်ကိုတော့ ကိုယ့်စိတ်တိုင်းကျ ထပ်ပြီးစီမံပါတယ်၊ စုစုပေါင်း သိန်း ၉၀၀ လောက်ကျပါတယ်၊ တိုက်ဆောက်မယ်လုပ်တော့ သားကြီးတစ်ယောက်က တိုက်ဆောက်တဲ့အခါ အလုပ်သမားတွေ ဝင်ကြထွက်ကြနဲ့ အမေအာရုံရှုပ်နေပါ့မယ်၊ အမေ ကျွန်တော်တို့အိမ်မှာ လာနေပါတဲ့၊

ကျွန်မက မနေပါဘူးသားရယ်၊ အမေ ဒီဘက်နားက ပစ္စည်းတွေထားတဲ့



ဒေါ် ခင်သန်းနုနှင့် စာရေးသူတို့အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

အခန်းလေးမှာနေပြီး အလုပ်သမားလက်သမားလေးတွေ ထိခိုက်ရှနာမဖြစ်ရအောင် မေတ္တာပို့ပြီးနေရမှာမို့ အမေဒီအခန်းလေးမှာပဲ နေမှဖြစ်မှာပါဆိုပြီး မိုးလင်းကမိုးချုပ် ထမင်းစားချိန်အိပ်ချိန်ကလွဲရင် ကျွန်မအမြဲမေတ္တာပို့ပြီးနေပါတယ်၊ ဒါကြောင့်ထင်ပါရဲ့၊ ဒီအဆောက်အအုံပြီးသွားတဲ့အထိ အလုပ်သမားလေးတွေ စကားမများ ရန်မဖြစ် သီချင်းတဆိုဆိုနဲ့ ပျော်ပျော်ပါးပါးနဲ့ သံတစ်ချက် မစူးလိုက်ကြပါဘူး၊

တိုက်မပြီးမချင်း အလုပ်သမားအားလုံးကို ကျွန်မတို့ကပဲ ထမင်းကျွေးပါတယ်၊ တိုက်ပြီးတော့လဲ ဝတ်စုံတွေ လက်ဆောင်ပေးလိုက်ပါတယ်၊ သူတို့ဒီလိုပဲ အဆောက်အအုံတွေ ဆောက်လာခဲ့တာကြာပါပြီတဲ့၊ တစ်ခါမှ ထမင်းမကျွေးကြပါဘူးတဲ့၊ တိုက်ပြီးတော့ ဘုရားဆောင်ကို အရင်ရွှေ့ပြီး ဘုရားကို အနေကဇာတင်ရင်း အလုပ်သမားအားလုံးကို သီးသန့်ဧည့်ခံကျွေးမွေးခဲ့ပါတယ်၊ အလုပ်သမား ၃၀ ကျော်ပါတယ်၊ သူတို့က ပြောပါတယ်၊ သူတို့မှာ ကွမ်းဖိုး ဆေးလိပ်ဖိုးတွေကအစ အိမ်ကပါလာပေမယ့် ဒီအိမ်က ဆီးကျွေးတဲ့အခါကျရင် ကျွန်တော်တို့ သိပ်ပျော်ပါတယ်တဲ့၊ နေ့လယ်နေ့ခင်း ကန်စွန်းဥပြုတ်တို့, လက်ဖက်သုပ်တို့ကို ရေနွေးကြမ်းနဲ့ကျွေးတဲ့အခါ အိမ်နီးချင်းတွေက ကျွန်မတို့လဲပါတယ်နော်လို့ လှမ်းပြောတတ်ကြတော့ သူတို့ကိုလဲ ပျော်ပျော်ပါးပါး ကျွေးရပါတယ်၊ တိုက်ပြီးသွားပေမယ့် အစ်ကိုတွေဆီက ယူထားတာလေးတွေကို ဆပ်ရဦးမှာဆိုတော့ မောင်ထင်ကျော် စီးပွားရေးကို ဂရုစိုက်ရတုန်းမှာ မိတ်ဆွေတွေက. . .

မောင်ထင်ကျော် တိုက်တက်မင်္ဂလာပွဲကျရင် တို့ကိုမမေ့နဲ့နော်လို့ ပြောကြပါရော၊ အစ်ကိုတွေကို နောက်မှပဲ ဆပ်တော့မယ်ဆိုပြီး တိုက်တက်မင်္ဂလာကို ပျော်ပျော်ပါးပါး သိုင်းသိုင်းဝန်းဝန်းနဲ့ လုပ်လိုက်တာ သိန်း ၁၅၀ ဖိုးလောက် လှူဒါန်းကျွေးမွေးလိုက်ရပါတယ်၊ သားသမီးတွေငယ်ငယ်တုန်းကတော့ သူတို့အဖေရဲ့ဝင်ငွေတစ်ခုတည်းနဲ့ ရပ်တည်ခဲ့ရတာမို့ ကျွန်မတို့ အတော်ကြီးကို ပင်ပန်းခဲ့ရပါတယ်၊ အဖော်အလျော့ရယ်လို့လဲ အမြဲအစွဲ မရှိလေတော့ သားအကြီးကို ဈေးဝယ်ခိုင်းရင် သားအလတ်ကို ထမင်းအိုးတည်ထားခိုင်း သားသမီးတွေအားလုံးကလဲ ကိုယ့်အဝတ်ကလေးတွေ ကိုယ်လျှော်ကြလို့ သူတို့နိုင်ရာလေးတွေနဲ့ ဝိုင်းကူကြလို့ သူတို့ကို တစ်ပြန်ကျေးဇူးတင်ရပါတယ်၊

ကျွန်မ ခြောက်ယောက်မြောက်သားကိုမွေးပြီးတော့ သူတို့အဖေရဲ့ညီမအဖျိုကြီးတွေက နောက်ထပ် သားသမီးမယူဖို့ ဝိုင်းပြောကြပါတယ်၊ ဘဝအဆက်ဆက်က ရေစက်ပါလာလို့ ဒီဘဝမှာပြန်ဆုံကြရတာ ကျွန်မဆီကို ရောက်လာတဲ့ ကလေးတွေထဲမှာ သူတော်ကောင်းသူမြတ်လောင်းလေးတွေလဲ ပါချင်ပါကြမှာမို့ ကျွန်မဆီးပြီး သတ်မပစ်ရက်ပါဘူး၊ လာချင်သလောက်လာကြပါစေလို့ ပြောပြလိုက်ပါတယ်၊

အငယ်ဆုံးသားလေး မွေးပြီးတဲ့နောက်ပိုင်းမှာ သူတို့အဖေကိုခွင့်တောင်းပြီး ကျွန်မ အပြဟွစရိယသိက္ခာပုဒ်ကို စောင့်ထိန်းလိုက်ပါတယ်"

ကျွန်မက. . .

"အစ်မက မသန်စွမ်းတဲ့အပြင်ခန္ဓာကိုယ်ကလဲ သေးသေးကွေးကွေးလေးနဲ့ ဒီကလေးတွေကို ချောချောမောမောမွေးနိုင်ခဲ့တာကို ကျွန်မအံ့သြနေမိတာပါ၊ အစ်မမှာ ရတနာသုံးပါးနဲ့ ပတ်သက်လို့ စွဲစွဲမြဲမြဲဝတ်ထားပြီး ပူဇော်နေတဲ့ တစ်နည်းနည်းများရှိနေမလားလို့" ဆိုတော့. . .

"တခြား ထူးထူးထွေထွေတော့ မရှိပါဘူး၊ ကလေး ရှိစကတည်းက အရဟံဂုဏ်တော်ကို စွဲစွဲမြဲမြဲပုတီးစိပ်ပါတယ်၊ သူတော်ကောင်းသားယောက်ျားလေးပဲ ရပါရစေလို့ ဆုတောင်းခဲ့ပါတယ်၊

ဆုတောင်းခဲ့တဲ့အခါတိုင်း သားလေး ၆ ယောက်ရအပြီးမှာ နောက်တစ်ခါ ကိုးဝန်ဆောင်ချိန်မှာ ကျွန်မအတွက် အဖော်အလျော့အဖြစ် သမီးလေးကို တောင်းပါတယ်၊ တောင်းတဲ့အတိုင်း သမီးအကြီးကိုရခဲ့ပါတယ်၊ သားသမီးလေးတွေ များလာတော့ အနွေးထည်ဝတ်စုံလေးတွေကအစ ကိုယ်တိုင်ထိုးရပါတယ်၊ ခြေအိတ်ကလေးတွေ, ခေါင်းစွပ်ကလေးတွေ ညအိပ်ခါနီးကလေးတွေ ခြင်မကိုက်အောင် ခြင်ထောင်ထဲမှာ ကလေးသိပ်ရင်းလဲထိုးရပါတယ်၊

သားသမီးအားလုံး လိမ္မာကြတဲ့အထဲမှာ ဒုတိယသားကတော့ တစ်မျိုးထူးခြားပါတယ်၊ ကျောင်းသွားခါနီးရင် ဘုရားကို တစ်နေ့မပျက် ကန်တော့ပါတယ်၊ ပြီးရင် အဖေ အမေကို ကန်တော့ပါတယ်၊ ပြီးရင် ကျွန်မပါးကို မွှေးပါတယ်၊ အိမ်ရှေ့မှာ သူငယ်ချင်းတွေစောင့်နေလဲ ဝတ်မပျက် ကန်တော့သွားပါတယ်"

ကျွန်မက. . .

"ကျောင်း သွားခါနီးတိုင်းမှာ ကန်တော့တဲ့သားက အခု ဗိုလ်ချုပ်ဖြစ်နေတဲ့သားလား" ဆိုတော့. . .

"ဟုတ်ပါတယ်၊ သားတွေ အိမ်ထောင်ကျသွားတဲ့အခါ မြေးလေးတွေကလဲ ဒီလိုပဲကန်တော့ကြ၊ မွှေးမွှေးပေးကြတာမှာ မြေးတစ်ယောက်က ပိုပါတယ်၊ သူက မွှေးပြီးရင် သူ့ပါးကလေးကို ထိုးပေးပြီး သူ့ကိုလဲ မွှေးပါဦးပေါ့လေ"

ကျွန်မသည် မြေးကလေး၏ ပလီပလာလုပ်ပုံကလေးကို ပြုံးရွှင်ရယ်မောကာ ပြောပြနေသော အစ်မဒေါ်ခင်သန်း၏ မျက်နှာကလေးကို အငေးသားကြည့်နေမိရင်း အစ်မ၏ ပြုံးနေပုံကလေးကို စာဖတ်သူများ မြင်သာအောင် ဘယ်လိုလေး ရေးဖွဲ့ရပါ့မလဲဟု တွေးနေမိပါသည်။

ကျွန်မကိုယ်တိုင် ပန်းချီဆရာတစ်ယောက်ဖြစ်ပါက အစ်မ၏အပြုံး



www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ပန်းချီရေးထားလိုက်ချင်ပါသော်လည်း အစ်မဒေါ်ခင်သန်း၏အပြုံးကို လိုက်မီအောင်ရေးနိုင်မည်မထင်ပါ။

ဩော်. . . ကမ္ဘာလောကကြီးတွင်ရှိကြသော အမိ၊ အဖ၊ အဘိုး၊ အဘွားတိုင်းတို့သည် အစ်မဒေါ်ခင်သန်းတို့မိသားစုကဲ့သို့ သားလိမ္မာ၊ သမီးလိမ္မာ၊ မြေးလိမ္မာလေးတွေဖြင့် နှလုံးစိတ်ဝမ်းငြိမ်းချမ်းစွာဖြင့် အစ်မဒေါ်ခင်သန်း ပြုံးသလို အပြုံးချိုချိုလေးတွေပြုံးနေနိုင်ကြပါစေ။ မိသားစုသိုက်သိုက်ဝန်းဝန်းရှိကြပါစေ။ နေ့စဉ်သတင်းစာများတွင် ဖတ်ရှုနေကြရသော(သားအဖြစ်မှ စွန့်လွှတ်ခြင်း၊ သမီးအဖြစ်မှစွန့်လွှတ်ခြင်း၊ သွားနှုတ္တ သားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း) ဆိုသည့်ကြော်ငြာမျိုးတွေ ဘယ်သောအခါမှ မဖတ်ရပါစေနှင့်ဟု ဆန္ဒပြုလိုက်မိပါတော့သည်။

❖

အကြောင်းစပ်လာပါ၍ ကျေးဇူးတော်ရှင် စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီးသည် မိသားတစ်စုစု၏အိမ်သို့ မပင့်မလျှောက်ဘဲ အလိုအလျောက်ကြွရောက်တော်မူလာပါက ထိုအိမ်မိသားစုသည် စီးပွားတက်တတ်ကြောင်းကို ကြားညှပ်၍တင်ပြလိုပါသည်။

နှစ်စဉ် နတ်တော်လဆန်း ၈ရက်နေ့တိုင်း ဆရာတော်ဘုရားကြီး၏ မွေးနေ့ပွဲကို စစ်ကိုင်းရွှေဟင်္သာတိုက်သစ်တွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပပူဇော်လေ့ရှိပါသည်။ နတ်တော်လဆန်း ၉ရက်နေ့တွင် ဆရာတော်ဘုရား အနားယူတော်မူပြီး ၁၀ ရက်နေ့တွင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် တည်ထားကိုးကွယ်တော်မူထားသော ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ရုပ်တုတော်ဗိမာန်သို့ နောက်ပါဒကာ ဒကာမပေါင်းများစွာတို့ဖြင့် ကြွရောက်ကန်တော့လေ့ရှိပါသည်။

ဗိမာန်တော်မှာ စစ်ကိုင်းမှ ရွှေဘိုသို့သွားသော ကားလမ်းနံဘေး ရွှေကျင်ရွာ၏ ရွာဦးတွင် ရှိပါသည်။ ပထမ ဆရာတော်ဘုရားကြီး မွေးဖွားရာ အိမ်နေရာတွင်လည်း အမှတ်တရ ကျောက်တိုင် စိုက်ထူထားကာ ကျောက်တိုင်၏ မျက်နှာစာတိုင်းတွင် ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒများကို ရေးသားပူဇော်ထားပါသည်။

နှစ်စဉ် ရွှေကျင်ဗိမာန်တော်သို့ ကြွရောက်ကန်တော့လေ့ရှိပြီး တစ်ခါတစ်ရံ ရွှေဘိုသို့ ဆက်လက်ကြွတတ်ပါသည်။ ၁၉၈၈ ခုနှစ်၊ ဆရာတော်ဘုရားကြီး၏ မွေးနေ့ပွဲသို့ ကျွန်မရောက်ခဲ့ပါသည်။ (၁၀)ရက်နေ့တွင် ဆရာတော်ဘုရားနှင့်အတူ ရွှေကျင်ဆရာတော်ဘုရားကြီး၏ဗိမာန်တော်သို့ လိုက်ဖြစ်ခဲ့ပါသည်။

ပူဇော်ပွဲပြီးလျှင် ရှေ့ဆုံးမှထွက်သော ဆရာတော်ကြီး၏ကားမှာ စစ်ကိုင်းဘက်သို့ မလှည့်ဘဲ ရွှေဘိုဘက်သို့ဦးတည်ပြီး မောင်းထွက်သွားသဖြင့် နောက်ပါကားအားလုံး ဆရာတော်ကားနောက်သို့လိုက်ကြရပါသည်။ ရွှေဘိုမြို့ ထောင့်စေတီသို့ရောက်လျှင် ကျွန်မတို့တွေ ဘုရားဖူးကြသောအခါ ဆရာတော်ဘုရားသည် ကားလေးထဲမှာပင် ထိုင်ပြီးကျန်ခဲ့ပါသည်။ ခဏနေလျှင် ဆရာတော်ဘုရား၏အပါးတော်မြဲ ဦးပညာသီရိသည် ဘုရားကုန်းတော်ပေါ်သို့ အပြေးတက်လာကာ ဂေါပကရုံးမှ ဖုန်းဖြင့် ဒကာမသားတစ်အိမ်သို့ ဖုန်းဆက်ရာ ဖုန်းပျက်နေပါသဖြင့် အခြားဘုရားဖူး ဒကာကြီးတစ်ယောက်က. .

"ဘာအကူအညီပေးရပါမလဲ"

ဟု လျှောက်တင်ပါသည်။

ရွှေဟင်္သာဆရာတော်ကြီး ရွှေဘိုဈေးအနီးမှ ရွှေပန်းထိမ်ဦးအေးမောင်တို့အိမ်သို့ကြွလာမည့်အကြောင်း ဖုန်းဆက်ချင်ကြောင်းပြောရာ ဘုရားဖူးဒကာကြီးက. . .

"သူ့မှာ ကားပါလာပါသည်၊ သူသွားပြောထားနှင့်ပါမည်"ဟု လျှောက်ပြီး သူ့ကားလေးကို မောင်းထွက်သွားပါသည်။

ခဏနေလျှင် ဆရာတော်ဘုရားနှင့်ကျွန်မတို့ကားများ ဦးအေးမောင်တို့အိမ်ရှေ့သို့ ရောက်သွားသောအခါ ဦးအေးမောင်တို့မိသားစု ငွေဖလားကြီးကိုကိုင်ပြီး ဝမ်းမြောက်ဝမ်းသာ အပြေးထွက်လာကြကာ ပိုက်ဆံတွေကို အားရပါးရ ကြဲကြပါတော့သည်။

ရွှေဟင်္သာကျောင်းဆရာတော်ကြီး အလိုအလျောက် ကြွရောက်လာပါက ထိုအိမ် စီးပွားတက်တတ်ကြောင်း ပြောကြပါသည်။

ဦးအေးမောင်အိမ်မှ ပြန်ကြွလာပြီးလျှင် ဈေးထောင့်မှ ဝင်းကိတ်မုန့်တိုက်သို့ ခေတ္တဝင်၍ အပူဇော်ခံကြွရောက်သောအခါတွင်လည်း အိမ်ရှင်မိသားစုများအပြေးအလွှားထွက်လာကြို ဆိုကာ ပိုက်ဆံများကြဲကြပြန်ပါသည်။

ပြင်ဦးလွင်မှ ဦးအုန်းမောင်+ဒေါ်ခင်သန်းတို့သည် ဆရာတော်ဘုရားကြီးအား အလွန်ကြည်ညိုကြသည့်အလျောက် ဆရာတော်ဘုရားကြီးကို မိမိတို့အိမ်သို့ ပင့်လျှောက်လိုပါသော်လည်း ဆရာတော်ဘုရားကဲ့သို့ ဘုန်းကံကြီးမားတော်မူသော သက်တော်ရှည်ဆရာတော်ဘုရားကြီးအား မိမိတို့၏ ရိုးရိုးအိမ်ကလေးသို့ ပင့်လျှောက်ရန် အားတုံ့အားနာစိတ်ဖြင့် မပင့်လျှောက်ဖြစ်သည်ကို ဆရာတော်ဘုရား အလိုအလျောက်သိတော်မူ၍. . .

"ဒီဒေါ်ခင်သန်းဆိုတဲ့ ဒကာမကြီးက ဘုန်းကြီးဆီကို တစ်နေ့ သုံးခေါက် ပုံမှန်လာနေကျ၊ ဘုန်းကြီးကတော့ သူတို့အိမ်ကို တစ်ခါမှမရောက်ဖူးသေးပါဘူး"

ဟု သုံးကြိမ်တိုင်တိုင် မိန့်တော်မူပြီး ဒေါ်ခင်သန်းတို့ မိသားစုအိမ်သို့ မေတ္တာဖြင့် ကြွရောက်ချီးမြှောက်တော်မူခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

❒ ဒေါ်ကြည်ကြည်မြဲ(မြန်အောင်)


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းပွင့်ဖြူ တစ်ယောက် နေ့ဝန်းပေါ်စကပင် ပါးတော်ခါတ်စေတီ ဘုရားတောင်ပေါ်သို့ တက်လာခဲ့သည်။ တစ်နှစ်တစ်ခေါက် ရောက်နေကျဖြစ်သဖြင့် အရင်နှစ်များက ပေါ့ပေါ့ပါးပါး အနားမရှိဘဲ တက်လာနိုင်ခဲ့သော်လည်း ယခုနှစ်တွင် နှလုံးရောဂါက တစ်ခါတစ်ခါ ဖောက်လာတတ်သဖြင့် အမောမခံနိုင်။ ဘုရားတောင်မှာ သိပ်မမြင့်သော်လည်း သုံးလေးခါ နားပြီးမှ ဘုရားရင်ပြင်ပေါ်သို့ ရောက်လာနိုင်ခဲ့၏။

မဟာရံတံတိုင်းနားမှာ အားရှိပါးရှိ နားနေလိုက်ပြီးမှ ရင်ပြင်တော်၏ အနောက်ဘက် မျက်နှာစာသို့ သွားရောက်ကာ ပန်း၊ ရေ၊ ဆီမီးများ ပူဇော်လိုက်သည်။ ပြီးမှ စေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ရင်း ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းသည်။ ဒေါ်နှင်းပွင့်ဖြူ ဆုတောင်းနေသည်မှာ သူ့မိသားစုအတွက် မဟုတ်၊ သူ့အတွက်လည်းမပါ၊ သူ့ဘဝတစ်သက်တာမှာ တစ်ခါသာ ချစ်ခဲ့ဖူးသော ချစ်ဦးသူ ကိုမောင်၊ ကိုဖိုးမောင်အတွက်ပင် ဖြစ်ပါသည်။

ဤနေ့သည် ကိုမောင်၏ မွေးနေ့ဖြစ်သဖြင့်လည်း ဒေါ်နှင်းပွင့်ဖြူ ပို၍ အလေးဂရုထားသည်။ သူနဲ့ ကိုမောင် လမ်းခွဲခဲ့ရသည်မှာ အနှစ်လေးဆယ်ခြင်


www.burmeseclassic.com

www.burmeseclassic.com

တော့်သော်လည်း တစ်နေ့မှ မေ့မရနိုင်သေးပါ။

နောက်ပိုင်းတွင် သူဘဝ ကြုံဆုံခဲ့ရသော လောကဓံ တရားကြောင့် ပူလောင်သောရင် န. ပျင်ခဲ့ရသော နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်က အမြစ်တွယ်ကာ နှလုံးရောဂါကို အရွယ်နဲ့မမျှ ခံစားနေခဲ့ရသည်။

ယခုလို ဘုရားတောင်ပေါ် ရောက်ရှိလာတိုင်း ရင်ထဲက ဒဏ်ရာဟောင်းမှာလည်း အသစ်တစ်ဖန် ဖြစ်လာခဲ့ရပြုပင်။ ဆယ်ကျော်သက်ဘဝက ကိုမောင်နဲ့အတူ ချစ်သူနှစ်ဦး ဘုရားတောင်ပေါ် အတူတက်ပြီး ကိုမောင်ရဲ့ မွေးနံထောင့် အနောက်ဘက်မျက်နှာစာမှ ဖူးမြော်ခဲ့ကြသည်။ မဟာရံတံတိုင်း အပြင်ဘက်က စွယ်တော်ရွက်ကလေး မရအရခူးယူပြီး တစ်ယောက်တစ်ရွက်စီ အပြန်အလှန် ရင်မှာဖိကပ်ထားခဲ့ကြဖူးသည်။

ထိုအချိန်က ဆရာတက္ကသိုလ်ဘုန်းနိုင်စာအုပ်ထွက်ခါစ စာအုပ်ကို ဖတ်ပြီး အစွဲထခဲ့ကြသည်မှာလည်း အမှန်ပင် ဖြစ်၏။

တစ်ရိုး တစ်ညာမှာ နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ခဲ့ရသော စွယ်တော်ရွက်ကလေးကို ပမာထားပြီး ဘုရားမှာ နှစ်ဦးသား ဆုတောင်းခဲ့ကြသည်မှာလည်း အကြိမ်ပေါင်း မနည်းခဲ့။

ကိုမောင်နဲ့ မိမိမှာ ရမ္မာဝတီမြို့ တန်းမြင့်ကျောင်းမှာ အတူတက်ခဲ့စဉ်ကပင် တစ်ယောက်နဲ့ တစ်ယောက် မေတ္တာမျှကာ ချစ်သူဘဝရောက်ခဲ့ကြပြီး အနာဂတ်ရည်မှန်းချက်များကိုပင် ချမှတ်စီစဉ်ထားခဲ့ကြသည်။ ကိုမောင်က မက်ထရိတ်အောင်လျှင် ဗိုလ်သင်တန်းတက်မည်။

မိမိမှာ ဘွဲ့ရပြီး ကိုယ့်ရပ် ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်လာအောင် ကျောင်းဆရာမ လုပ်မည်ပေါ့။ တကယ်တမ်း စာမေးပွဲဖြေကြတော့ ကိုမောင်က မက်ထရိတ် မအောင်ဘဲ ဟိုက်စကူးဖိုင်နယ်ခေါ် ကိုးတန်းကိုသာ အောင်မြင်ခဲ့ရသဖြင့် ကျောင်းဆက်မနေနိုင်သော အခြေအနေနဲ့ ကြုံခဲ့ရသည်။

ဘဝ ရပ်တည်နိုင်ရေးအတွက် မူလတန်းကျောင်း မရှိသေးသော မိမိတို့ ကုန်းပေါင်သာရွာမှာ လူကြီးများကို တိုင်ပင်ကာအငှားကျောင်းဆရာလေးအဖြစ် မိမိကပင် ခေါ်ယူလာခဲ့သည်။

ကံကြမ္မာက မိမိတို့နှစ်ယောက်အပေါ် အလှည့်မပေးသည့်အပြင် ရှည်လျားလှသော ကြေကွဲစရာဘဝသို့သာ လွင့်မျောစေခဲ့ရသည်။ ဖြစ်ခဲ့ရသည်မှာ မိမိတို့ ကုန်းပေါင်သာရွာတောင်ပိုင်းက လူချမ်းသာ ဦးဘဇံ ဒေါ်မနုတို့၏သား တက္ကသိုလ်ကျောင်းသား ကိုသန်းအောင်နှင့် မိဘချင်းသဘောတူကာ ရွှေလမ်းငွေလမ်းဖောက်ရန် စီစဉ်ခဲ့ကြသည်။ ထိုစဉ် မိမိမှာ ရမ္မာဝတီမှာ ကျောင်းတက်နေဆဲဖြစ်သဖြင့် အကြောင်းစုံ ဘာမှ မသိခဲ့ရ။ ကျောင်းပိတ်ပြီး ရွာသို့ပြန်လာသောအခါမှ ထိုအကြောင်းကို သိရှိခဲ့ရသဖြင့် ချက်ချင်းပင် ကိုမောင်အား ညတွင်းချင်း လာရောက်ခေါ်ယူရန် မှာကြားခဲ့သော်လည်း ကိုမောင် ရောက်မလာခဲ့ဘဲ ကုန်းပေါင်သာရွာမှ အပြီးပိုင် ထွက်ခွာသွားကြောင်းကို နောက်နေ့မိုးလင်းမှ သိခဲ့ရသည်။

ထိုစဉ်က စပြီး နှင်းပွင့်ဖြူမှာ မျက်ရည်နဲ့ မျက်ခွက်ဖြစ်ကာ ရင်ထဲက သောကမီးကို ပြင်းထန်စွာ ခံစားခဲ့ရသည်။ ကိုမောင့်အကြောင်းကို နောက်နေ့မှ ကြားသိရသည်မှာ ပို၍ပင် စိတ်မကောင်း ဖြစ်ရပြန်သည်။ ကိုသန်းအောင်၏မိခင် ဒေါ်မနုက နှင်းပွင့်ဖြူနဲ့ သူ့သား မောင်သန်းအောင်တို့ကို မိဘချင်း သဘောတူပြီး ကတိစကားဖြင့် ပြောဆိုထားခဲ့သည်မှာ အရွယ်မရောက်ခင်တပင် ဖြစ်ကြောင်း ဆရာလေးကိုဖိုးမောင်အနေဖြင့် နောက်ဆုတ်ပေးရန် ပြောကြားခဲ့ကြောင်း၊ ဆရာလေး ကိုဖိုးမောင်ကလည်း သူ့အတွက်နဲ့ ဘာမှ စိတ်အနှောင့်အယှက်မဖြစ်ကြရန် ကတိပေးခဲ့ပြီး ရွာမှထွက်သွားကြောင်း ကြားသိခဲ့ရသည်။

ထို သတင်းစကားကြောင့်ပင် နှင်းပွင့်ဖြူ နှလုံးသားမှ ယူကျုံးမရ နာကျင်ခဲ့ရပြီး ကိုသန်းအောင်တို့ မိသားစုအပေါ်မှာလည်း အလွန်အမင်း နာကြည်းလာခဲ့မိသည်။ မိမိတို့နှစ်ယောက်၏ ချစ်ခရီးလမ်းမှာလည်း ပြန်လမ်းမဆုံနိုင်သော သမုဒ္ဒရာ၏ တစ်ဖက်စီမှ ဝမ်းနည်းကြေကွဲစွာဖြင့် အဆုံးသတ် ရပ်နားလိုက်ရတော့သည်။

❖

မိန်းမသား တစ်ယောက်၏ ဘဝမှာ ချစ်ခြင်းမေတ္တာနှင့် အိမ်ထောင်ပြုခြင်း ဆိုသည်မှာ တသီးတခြားစီဖြစ်ကြောင်း နှင်းပွင့်ဖြူတစ်ယောက် ကိုယ်တွေ့ကြုံမှ ကြိတ်မှိတ်နားလည်ခဲ့ရသည်။

အိမ်ထောင်ရေးမှာလည်း အေးတိအေးစက်နဲ့ နှစ်နှစ်ကျော်ကာလမှာ သမီးဦးလေးကို မွေးဖွားနိုင်ခဲ့ပြီး သမီးလေး တစ်နှစ်ကျော်အရွယ်မှာ ကိုသန်းအောင် တစ်ယောက် နောက်အိမ်ထောင် ပြုသွားခဲ့သည်။

အစကပင် တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်မြတ်နိုး၍ အိမ်ထောင်ပြုခဲ့ကြသော လင်မယားမဟုတ်သဖြင့်လည်း နှင်းပွင့်ဖြူအနေဖြင့် အပြုံးပင် မပျက်ခဲ့။ ဒီလိုဖြစ်ခဲ့ရသည်မှာလည်း ပြန်လည်ဆုံစည်းရန် လုံးဝမဖြစ်နိုင်တော့သော ချစ်သူဟောင်းကို နှလုံးသားထဲမှ တမ်းတမ်းတတ စွဲလမ်းနေခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။

ယခုအခါ အသက်အရွယ်ရလာခဲ့သော်လည်း အချစ်ဦးကို မြေးဦးရသည့်တိုင် မမေ့နိုင်ဆိုသည့် အချစ်သုတေသီတို့၏ စကားကိုလည်း နှင်းပွင့်ဖြူ လက်ခံလာခဲ့ရသည်။ ယခု မိမိအသက် (၅၈) နှစ်တွင် ကိုမောင်က အသက်(၆၀) ပြည့်ပြီးလောက်ပြီ။

မသေခင် တစ်ကြိမ်တစ်ခါဖြစ်ဖြစ် ဒေါ်နှင်းပွင့်ဖြူရင်ထဲက စွဲစွဲလမ်းလမ်း တွေ့ချင်နေသေးသည်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

အမှန်ပင်။ တကယ်လို့များ နှစ်ဦးသား ဆုံတွေ့ကြမည်ဆိုလျှင် ခံစားလာခဲ့ရသမျှ ရင်ထဲက စကားအများကြီး ပြောမိကြမည်မှာလည်း သေချာနေသည်။ ဒေါ်နှင်းပွင့်ဖြူမှာ အတွေးများကို ရပ်လိုက်ပြီး ကောင်းကင်သို့ တစ်ချက်မော့ကြည့်မိ၏။

"ဩော် နေတောင်အတော်မြင့်လို့ သမီးကျောင်းသွားဖို့ အချိန်ရောက်နေပြီပဲကိုး"

ဟုစိတ်ထဲက ရေရွတ်လိုက်ရင်း ဘုရားတောင်ပေါ်မှ ဖြည်းဖြည်းချင်း ပြန်ဆင်းလာခဲ့သည်။

ဒေါ်နှင်းပွင့်ဖြူမှာ ပါးတော်မာတတ် ဘုရားတောင်ပေါ်က ပြန်ဆင်းလာကတည်းကပင် နှလုံးရောဂါကဖောက်လာခဲ့သဖြင့် တိုင်းရင်းဆေးပေါင်းစုံ ဆရာဝန်ပေါင်းစုံတို့ဖြင့် ပြ၍ကုသနေခဲ့ရသော်လည်း မသက်သာ။ ကုန်ခဲ့သည့် မိုးတွင်းကာလက အဆိုးဆုံးဖြစ်ကာ အိပ်ရာထဲလဲခဲ့ရသေးသည်။ အခုလို ကျန်းမာရေး မကောင်းပုံမျိုးနဲ့ ရှေးဆက်ရမည့် ခရီးက မလွယ်မှန်း သိနေပါပြီ။ ဒါကြောင့်လည်း နောင်ဘဝ အကူးကောင်းစေရန် ကုသိုလ်ဒါနပြုလုပ်ဖို့ ဆန္ဒကြောင့် ဆရာတော်အား လျှောက်ထားပြီး ရွာဦးကျောင်း သံဃာစင်မှာ ပန်းဆွဲသုံးပေါက် လှူဒါန်းရန် အပူတပြင်းစီစဉ်ခဲ့၏။ အလှူရှင် အမည်နှင့် ကမ္ဗည်းထိုး စာသားပုံစံကိုလည်း ဆရာတော်ထံသို့ပေးထားပြီး ဖြစ်သည်။

ဒေါ်နှင်းပွင့်ဖြူ၏ ရောဂါအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာသဖြင့် ဆေးကုသမှုခံယူရန် သမီးနဲ့သမက်တို့က ရန်ကုန်သို့ ခေါ်လာခဲ့ကြသည်။ ရန်ကုန်ရှိ နှလုံးအထူးကုဆေးရုံတွင် တက်ရောက်ကုသကြသည်။

ထိုကဲ့သို့ ဆေးကုသမှုခံယူနေစဉ် တစ်နေ့တွင် ဒေါ်နှင်းပွင့်ဖြူမှာ ရောဂါကိုခံစားနေရသည့်ကြားက လေသံယဲ့ယဲ့လေးဖြင့် သမီးဖြစ်သူ ဒေါ်နှင်းနှင်းအောင်အား . . .

"သမီးလေး ဒီမှာ မေမေဆေးရုံတက်နေတာ ဘယ်နှရက်ရှိနေပြီလဲဟင်"

"မေမေ ဆေးရုံတက်နေတာ ဒီနေ့ပါဆိုရင် ရှစ်ရက်ရှိနေပြီ မေမေ၊ ဒီနေ့က ဖေဖော်ဝါရီလ ၉ ရက် ဗုဒ္ဓဟူးနေ့ပဲ မေမေ"

"ဟင် ဒီလိုဆို မနက်ဖြန် ဖေဖော်ဝါရီလ ၁၀ ရက် ကြာသပတေးနေ့ပေါ့ ဟုတ်လား သမီး"

"ဟုတ်ပါတယ် မေမေ၊ ဘာဖြစ်လို့လဲ ဟင်"

"ဘာမှမဖြစ်ပါဘူး သမီးရယ်၊ မေမေ ရန်ကုန်ရောက်နေတာ ဘယ်နှရက်ရှိပြီလဲလို့ မေးကြည့်တာပါ"

"မေမေက နေကောင်းတာလဲ မဟုတ်ဘဲနဲ့၊ ဟိုတွေး ဒီတွေး တွေးမနေပါနဲ့လား မေမေရယ်၊ ကိုယ့်အသက်အရွယ်နဲ့ ဘုရား တရားလဲ အောက်မေ့သတိရဖို့ သင့်ပါတယ်"

သမီးဖြစ်သူ နှင်းနှင်းအောင်မှာ မိခင်ဖြစ်သူ ဒေါ်နှင်းပွင့်ဖြူ၏ အစွဲအလမ်းကြီးမားမှုကို သိရှိထားသူဖြစ်သဖြင့် သတိပေး တားမြစ်သလို ခပ်ညည်းညည်း ပြောလိုက်ခြင်းဖြစ်သည်။

ဒေါ်နှင်းပွင့်ဖြူမှာ မနက်ဖြန် ဖေဖော်ဝါရီလ ၁၀ ရက်ဆိုသည်ကို သိလိုက်ရသဖြင့် အတွေးအာရုံထဲက မဆုံးနိုင်ဖြစ်အောင် စွဲလမ်းသွားခဲ့ရသည်။ မနက်ဖြန် ဖေဖော်ဝါရီလ ၁၀ ရက် ဆယ်ရက် ဆယ်ရက် ဆယ်ရက် ကြာသပတေးနေ့။

နှလုံးသားနဲ့ ဦးနှောက်နေ့ရာများတွင် ပဲ့တင်ထပ်ကာ ခံစားသွားခဲ့ရပြီး

"ဒါဆို မနက်ဖြန် ကိုမောင့်မွေးနေ့ပေါ့၊ အခုဆို အသက်ပြည့်ပင်စင်ယူပြီး တစ်နှစ်တစ်ခါ မွေးနေ့တိုင်း ရွှေတိဂုံဘုရားလာပြီး မွေးနံထောင့်မှာ ပုတီးစိပ်တာတဲ့၊ ဘုရားပေါ်တွေ့ပြီး စကားတွေ အများကြီး ပြောချင်လိုက်တာ ကိုမောင်ရယ်"ဟု စိတ်ထဲက ညည်းတွားနေမိရင်း စွဲလမ်းကြီးစွာဖြင့် တစ်ညလုံး အိပ်မပျော်ဖြစ်ခဲ့ရလေသည်။

မနက်မိုးလင်းသောအခါ ဒေါ်နှင်းပွင့်ဖြူ တစ်ကိုယ်လုံးမှာ နုံးချည့်ပျော့ခွေနေသလို ဘာအစားအစာကိုမှ မစားသောက်နိုင်သဖြင့် ရင်ထဲက တဒိန်းဒိန်း အခုန်မြန်ကာ မောဟိုက်နေသည်။

ဒီကြားထဲ ရှိသမျှအားအင်လေးနဲ့ တိုးတိတ်ညင်သာစွာ "ဒီနေ့ ဆယ်ရက်နော်၊ ဒီနေ့ ဆယ်ရက်နော်" ဟူ၍လည်း သတိရတိုင်း ခဏ ခဏမေးနေလေသည်။ မနက် ၈ နာရီတွင် ဒေါ်နှင်းပွင့်ဖြူမှာ အပြင်းအထန် အမောဖောက်လာပြီး လုံးဝသတိမရတော့ဘဲ မေ့မြောသွားလေတော့သည်။

❖

ခန္ဓာကိုယ် တစ်ခုလုံး ဝါဂွမ်းတစ်စကဲ့သို့ လေဟာနယ်ထဲမှာ လွင့်မျောမြောက်တက်သွားသည်ဟု ခံစားလိုက်ရသည်။ ထိုကဲ့သို့ လေဟာနယ်ထဲမှာ လွင့်မျောနေစဉ်မှာ ဒေါ်နှင်းပွင့်ဖြူ၏ နှာခေါင်းဝသို့ ထူးထူးခြားခြား အသက်နှစ်ဆယ်ရွယ်က ကြည်နူးစွာ ခံစားခဲ့ဖူးသည့် ငယ်ချစ်ဦး ကိုဖိုးမောင်၏ ကိုယ်သင်းရနံ့သင်းပျံ့ပျံ့အား ရှူရှိုက်ခံစားလာရ၏။ ထိုခံစားမှုမျိုးနဲ့အတူ မျက်စိအာရုံတွင်လည်း ဖြူဖြူသန့်သန့် ခံ့ခံ့ချောချော အသက်ခြောက်ဆယ်ခန့် အမျိုးသားကြီး တစ်ယောက်ကိုလည်း မြင်တွေ့နေရသည်။ သေသေချာချာ ကြည့်မိသောအခါ ထိုအမျိုးသားကြီးမှာ ငယ်ချစ်ဦး ကိုဖိုးမောင် ဖြစ်နေကြောင်း တွေ့လိုက်ရလေသည်။ ဒေါ်နှင်းပွင့်ဖြူမှာ အလွန်ပင် အံ့ဩဝမ်းသာဖြစ်သွားခဲ့ရပြီး ငယ်ချစ်ဟောင်းနဲ့ ထူးဆန်းစွာ ပြန်လည်တွေ့ဆုံရမည်ကို ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား၊ ရင်ခုန်ခံစားရခြင်းများစွာဖြင့် နှုတ်ဆက်လိုက်သည်။

"ဦးဖိုးမောင် ဟုတ်ပါသလားရှင်"

ဒေါ်နှင်းပွင့်ဖြူမှာ ဦးဖိုးမောင်အား လှမ်းမေးရင်း သေအချာ ကြည့်နေစဉ် ဦးဖိုးမောင်ထံမှ တက်ကြွသောအပြုံးတစ်ပွင့်နှင့်အတူ ခေါင်းတစ်ချက်ညိတ်လိုက်သည်ကို မြင်တွေ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်ခင်ဗျား၊ ကျွန်တော် ဦးဖိုးမောင်ပါ။ တစ်ချိန်က နှင်းလေးရဲ့ ကိုမောင်ပေါ့ ခင်ဗျား"

"ဟယ် ဝမ်းသာလိုက်တာ ကိုမောင်ရယ်၊ ဒီတစ်သက် တို့နှစ်ယောက် လုံးဝပြန်မဆုံနိုင်တော့ဘူး ထင်နေတာ"

"ဒါ ဒါနဲ့ နေပါဦး၊ နှင်းလေးရဲ့ ကိုသန်းအောင်နဲ့ ကလေးတွေကော မပါကြဘူးလား"

ဦးဖိုးမောင်၏ တည်ငြိမ်အေးဆေးသော အမေးစကားကြောင့် ဒေါ်နှင်းပွင့်ဖြူမှာ တစ်ချက်လှမ်းကြည့်လိုက်ရင်း မျက်နှာက ချက်ချင်းညှိုးကျသွားသည်။

"ဟုတ်ပါတယ်၊ ဒီကိစ္စ ကိုမောင်သိမှ မသိရသေးဘဲကိုး၊ နှင်းကလဲ ကိုမောင်နဲ့တွေ့တုန်း အရမ်းပြောပြချင်နေတာ၊ ကိုမောင် အချိန်ရမယ်ဆိုရင် ဟိုဘက်ကတန်ဆောင်းနား သွားထိုင်ရင်း ပြောပြပါ့မယ်"

ဦးဖိုးမောင်မှာ ဒေါ်နှင်းပွင့်ဖြူနှင့်အတူ လိုက်ပါလာပြီး ရှင်စောပုတန်ဆောင်းအနီး သစ်ပင်အောက်တစ်နေရာတွင် ထိုင်လိုက်ကြသည်။ ဒေါ်နှင်းပွင့်ဖြူမှာ နဖူးပေါ် ပေါ်စို့နေသော ချွေးများအား လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြီး . . .

"ကိုမောင် ရွာက ထွက်သွားပြီးတဲ့နောက်မှာ ကိုမောင် မသိတာတွေ အများကြီး ရှိတယ်၊ မိဘပေးစားလို့ ကိုသန်းအောင်ကို လက်ထပ်လိုက်ရပေမယ့် ရှင်းရှင်းပြောရရင်တော့ အချစ်မပါတဲ့ အိမ်ထောင်ရေးတစ်ခုလို့ပဲ ပြောရမယ် ကိုမောင်၊ ဒါပေမဲ့ အိမ်ထောင်သက် နှစ်နှစ်အကြာမှာ သမီးဦးလေးကို မွေးပါတယ်၊ သမီးလေး တစ်နှစ်ကျော်ကျော်မှာ ကိုသန်းအောင်က နောက်အိမ်ထောင်ပြုသွားတယ်၊ နှင်းကတော့ အပြုံးမပျက် ဝမ်းမနည်းခဲ့ပါဘူး ကိုမောင်"

"ကြားရတာ စိတ်မကောင်းပါဘူး နှင်းလေး၊ ဒီကိစ္စနဲ့ ပတ်သက်လို့ အရာရာကို ငှဲပြီး သတ္တိနည်းခဲ့မိတာ ကိုမောင်ရဲ့အမှား ကိုမောင်ရဲ့အပြစ်ပါ နှင်းလေး"

ဒေါ်နှင်းပွင့်ဖြူမှာ ဦးဖိုးမောင်အား ရီဝေစွာ တစ်ချက်ကြည့်လိုက်ပြီး ပြောလက်စ စကားကို ဆက်ပြောသည်။

"ဒီလိုနဲ့ သမီးလေး စတုတ္ထတန်းရောက်တဲ့နှစ်မှာ နှင်းလေးရဲ့ ဖခင်ကြီး လောကကို ကျောခိုင်းသွားခဲ့တယ် ကိုမောင်၊ အားကိုးရာမဲ့ ဖြစ်ကျန်ခဲ့တဲ့ နှင်းလေးရဲ့ ဘဝမှာ ဆယ်တန်းတောင် မအောင်ခဲ့တဲ့အတွက် ဘယ်ဌာနမှာမှ အလုပ်မရခဲ့ပါဘူး၊ မိဘလက်ငုတ် လယ်ယာလုပ်ငန်းကိုပဲ မိန်းမသားတန်မဲ့နဲ့ ဦးဆောင်လုပ်ခဲ့ရတယ် ကိုမောင်၊ ဒီလိုနဲ့ ရုန်းကန်လာခဲ့တာ သမီးက ဘွဲ့ရလို့ ရွာက အလယ်တန်းကျောင်းမှာ ဆရာမလုပ်နေပါပြီ၊ သမီးကိုလဲ တစ်ခါက အမေ့ဘဝလို သောကမများရအောင် သူ မြတ်နိုးသူနဲ့ပဲ လက်ထပ်ပေးထားပါတယ် ကိုမောင်"

"အခုတော့ နှင်းရဲ့ဘဝမှာ သမီးသမက် မြေးလေးနှစ်ယောက်နဲ့ တည်ငြိမ် အေးချမ်းပြီး ပြည့်စုံတယ်လို့ ပြောလို့ရပါတယ်၊ ဒါပေမဲ့ ဘဝအစမှာ ပထမဆုံး ရည်မှန်းချက်ဖြစ်တဲ့ ကိုမောင်နဲ့ မဆုံစည်းခဲ့ရသလို ကံကြမ္မာရဲ့ စီမံရာလမ်းကြောင်းပေါ်မှာ ဒုက္ခနဲ့ သောကမျိုးစုံကိုလဲ ခံစားပြီး နေလာခဲ့ရတယ်၊ ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်သူ့ကိုမှလဲ အပြစ်မဆိုလိုပါဘူး၊ တစ်ခုတော့ ရှိပါတယ်၊ မကွယ်မဝှက်ပြောချင်တာက နှလုံးသားရှိသူတိုင်းဟာ အချစ်ဦးကို မြေးဦး ရတာတောင် မေ့မရနိုင်ဘူး ဆိုတာ နှင်းရဲ့ဘဝမှာ မှန်သော သစ္စာစကားပါ ကိုမောင်"

ဒေါ်နှင်းပွင့်ဖြူက လွမ်းမောဆွေးမြည့်ဖွယ်ရာ ပြောပြလိုက်သဖြင့် ဦးဖိုးမောင်မှာ ရင်ထဲက ဆို့တက်လာသော သက်ပြင်းတစ်ချက်အား "ဟူး" ခနဲ အသံမြည်အောင်ပင် မှုတ်ထုတ်လိုက်ရပြီး . . .

"ဒါကတော့ နှင်းလေးရယ်၊ ဖူးစာဆိုတာကလဲ ပေါင်းထိုက်မှ ဆုံရတာမျိုးဆိုတော့ အချစ်ဦးနဲ့ ဖူးစာမဆုံဖြစ်ခဲ့ရတဲ့ သူတိုင်းဟာ လူ့ဘဝမှာ ကံအဆိုးဆုံး လူသားတွေပဲ နှင်းလေး၊ ကိုမောင်တို့အဖြစ်ကလဲ ဒီအတိုင်းပဲ မဟုတ်လား၊ ဒါကြောင့်မို့လို့ ကိုမောင့်ကို နားလည်ခွင့်လွှတ်ပေးပါလို့ပဲ ပြောချင်ပါတယ် နှင်းလေး"

ဦးဖိုးမောင်က ထိုသို့ ပြောလိုက်သဖြင့် ဒေါ်နှင်းပွင့်ဖြူမှာ သရော်ပြုံး တစ်ချက်ပြုံးလိုက်ရင်းမှ ဦးဖိုးမောင်ဘက်သို့ လှည့်ကာ . . .

"ပြီးခဲ့တာတွေ ထားလိုက်ပါတော့ ကိုမောင်၊ အခု နှင်းလေးကို တွေ့ရတော့ အံ့သြနေတယ် မဟုတ်လား၊ အမှန်တော့ နှင်းလေး ဘဝမှာ ရင်နဲ့အပြည့်ခံစားလာခဲ့ရတဲ့ သောကကြောင့် နှလုံးသွေးကြောတွေ ပျက်စီးသွားလို့ ရန်ကုန်မှာ ဆေးလာကုတာပါ၊ ဒီနေ့ ကိုမောင်ရဲ့ မွေးနေ့မှန်းသိလို့ ကိုမောင့်ကိုလဲ တွေ့ချင်တာနဲ့ ပြောချင်တာတွေ ပြောရအောင် လာခဲ့တာ၊ နှင်းလေး အလေးအနက် မှာချင်တာက တကယ်လို့များ ကိုမောင် ရမ္မာဝတီကို ရောက်ဖြစ်ဦးမယ်ဆိုရင် တို့နှစ်ယောက် ငယ်ငယ်တုန်းကလို ပါးတော်ခေတ်ဘုရားတောင်ပေါ် အတူသွားပြီး ပျော်စရာစကားတွေ အများကြီး ပြောချင်ပါသေးတယ် ကိုမောင်"

ဒေါ်နှင်းပွင့်ဖြူ၏ စိတ်အစဉ်မှာ အတိတ်က သောကခြေရာ ပြကွက်တစ်ခုအား မှတ်မှတ်ရရ သတိရလိုက်စဉ်မှာ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးနှင့် အရာခပ်သိမ်းအားလုံးတို့သည် တိမ်ခိုးတိမ်ငွေ့များပမာ လွင့်မျောပျောက်ကွယ်ကာ မှောင်အတိကျသွားလေတော့သတည်း။

သဗ္ဗေသတ္တာဒုက္ခာမုစ္စန္တု။

❐ တောင်းစံဟိန်း(ဖန်ခနဝန်း)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် အယူခံ မောင်ကျောက်တံသည် အယူခံမှုများကို ရေးသား နိုင်ရန် အတွက် အကျဉ်းထောင် အတွင်းမှာရှိနေသော အိပ်ဆောင်များ၊ ကြိုးတိုက်ခန်းများဆီသို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွား လာနိုင်ခွင့် ရရှိနေခဲ့လေသည်။

ထောင်ကျရုံး တာဝန်ခံထောင်မှူးလေးမှ ယမန်နေ့ ညနေဘက်က အကျဉ်းထောင်ထဲသို့ ရောက်ရှိလာခဲ့သော သေဒဏ်ကျ အကျဉ်းသူတစ်ဦးကို အယူခံမှုတင်သွင်းနိုင်ရန် အယူခံရေးဖို့ အမျိုးသမီးဆောင်သို့ စေလွှတ်ခိုင်းစေခဲ့လေသည်။

ကျွန်ုပ် မောင်ကျောက်တံသည် တာဝန်ကျ ဝန်ထမ်းလေးတစ်ဦးကိုခေါ်ပြီး ထောင်ကျဆောင်မှ ထွက်လာခဲ့လေသည်။

အမျိုးသမီး အိပ်ဆောင်ဝသို့ ရောက်သောအခါ ဝန်ထမ်းလေးမှ အိပ်ဆောင်သံပြား တံခါးကိုခေါက်လိုက်သဖြင့် အမျိုးသမီးဆောင်ထဲမှ တံခါးလာဖွင့်ပေးလိုက်သည်။

"ဆရာမ ကျွန်တော်တို့ ထောင်ကျရုံးက လွှတ်လိုက်လို့ပါ၊ အမျိုးသမီးဆောင်ထဲက မနေ့ညနေက သေဒဏ်ကျခံလာခဲ့တဲ့ အကျဉ်းသူကို အယူခံရေးပေးနိုင်ဖို့ အမှုအကြောင်း မေးချင်လို့ပါ"



# အယူခံ မောင်ကျောက်တံနှင့် ပွတ်မရ ဖားမဆုံး

## စိတြာအောင်



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းဖြစ်သူမှ အမျိုးသမီးဆောင်တာဝန်ခံ တပ်ကြပ်မလေးကို လှမ်းသတင်းပို့လိုက်ပြီး ထောင်မှူးရုံးခန်းဆီ ခေါ်ဆောင်သွားခဲ့လေသည်။ အမျိုးသမီးအိပ်ဆောင်ကြီးမှာ နှစ်ထပ်အိပ်ဆောင်ကြီး တည်ဆောက်ထားပြီး အပေါ်မှာ အမှုရင်ဆိုင်နေဆဲ အချုပ်သူများကို ထားရှိခဲ့ပြီး အောက်ထပ်မှာ ထောင်ကျအကျဉ်းသူများကို ထားရှိခဲ့လေသည်။ သေဒဏ်ကျခံလာခဲ့သော အကျဉ်းသူများကိုတော့ သီးခြားတိုက်ခန်းလေးထဲမှာ ထားရှိလေသည်။

လောလောဆယ် သေဒဏ် ကျခံနေရသူ ကြိုးသမား အကျဉ်းသူနှစ်ဦးတည်းသာ ရှိလေသည်။ ကြိုးတိုက်ခန်းသုံးခန်းတွဲလေးမှာ တစ်ခန်းမှာ လူမရှိဘဲ လွတ်နေသည်။

အိပ်ဆောင်ကြီး အပေါ်အောက်မှာတော့ အကျဉ်းသူ၊ အချုပ်သူများ အလုပ်လုပ်နေကြသည်။ အိပ်ဆောင်ဘာယာတန်းများကို ပြောင်ချောနေအောင် အုန်းဆံခွံဖြင့် တိုက်ခိုင်းထားခြင်း၊ တောင်ယာစိုက်ခင်းထဲတွင် ကန်စွန်းပင်များ စိုက်ပျိုးထားခြင်း၊ ကုန်းမြေကွက်လပ်နေရာမှာ ချဉ်ပေါင်နှင့် ဟင်းနုနယ်အပင်များ စိုက်ထားသည်။ အမျိုးသမီးဆောင်ထဲဝယ် အသီးအနှံကို စိုက်ခွင့်မပြုဘဲ ပိတ်ပင်တားမြစ်ထားလေသည်။

ကျွန်ုပ်နှင့် ဝန်ထမ်းလေးအား ထောင်မှူး ရုံးခန်းထဲရှိ စားပွဲလွတ်တစ်လုံးမှာ ထိုင်ခိုင်းထားခဲ့လေသည်။ မကြာမီ ပုံစံအကျီဖြူနှင့် ပုံစံ လုံချည်ဖြူဝတ်ဆင်ထားကာ အသက်သုံးဆယ်ခန့်အရွယ် အကျဉ်းသူတစ်ဦးကို တာဝန်ကျဝန်ထမ်းအမျိုးသမီးမှ ခေါ်ဆောင်လာခဲ့လေသည်။

ကျွန်ုပ်သည် သေဒဏ်ကျခံနေရသော အကျဉ်းသူအား အယူခံဝင်ရောက်နိုင်ရန်အတွက် အမှုအကြောင်းအရာ မေးမြန်းရန် လာရောက်ခဲ့ရကြောင်း ရှင်းလင်းပြောပြနေခဲ့သည်။

"သမီးရဲ့အမှုက သေဒဏ်‌ ‌ ခဲ့လာခဲ့ရအောင် ကျူးလွန်ခဲ့ပုံကို ဦးတို့ကို အသေးစိတ်ရှင်းပြစေချင်ပါတယ်၊ ဒါမှ ဦးတို့ဘက်ကလဲ အမှုဖြစ်စဉ်အကြောင်းအရာပေါ် အခြေခံပြီးတော့ ဘယ်လိုစီရင်ထုံးတွေနဲ့ ကိုးကားပြီး ကာကွယ်ရေးသားရမလဲဆိုတာ စီစဉ်လို့ရမှာ"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မကလဲ ဒီအမှုကို ကျူးလွန်လိုက်ရတာ မခံချင်စိတ်ကြောင့် တုံ့ပြန်ကလဲ့စားချေခဲ့ရာမှာ ကြားကနေ ကလေးလေးက မားစာခံဖြစ်သွားခဲ့ရတာပါပဲ"

"ဒီကလေး လူမမည်လေးအပေါ် ဘာအပြစ်မှမရှိဘဲဘယ်လိုအဖြူအတေး အာဃာတတွေ ကြီးမားခဲ့လို့ ရက်ရက်စက်စက် သတ်ပစ်ခဲ့ရတာလဲဗျာ"

"ကျွန်မ မှားသွားပါတယ်၊ အမေအပေါ်မှာ မကျေနပ်တဲ့ အငြိုးအတေးတွေနဲ့ ကလဲ့စားချေလို့လွယ်မယ့်ကလေးအပေါ်မှာ မိခင်ကိုယ်စား ပေးဆပ်ခိုင်းလိုက်တဲ့ စိတ်မိုက်စိတ်ရိုင်းတွေကြောင့် မဖြစ်သင့်ဘဲ ဖြစ်သွားခဲ့ရပြီး ခုလို သေဒဏ်ပေးခံခဲ့ရတာပါပဲ"

"အေးဗျာ လူကြီးတွေအချင်းချင်း မကျေမနပ် ခိုက်ရန်ဖြစ်ပွား ခဲ့ကြရာက ကြားကနေ မြေစာပင် ဖြစ်သွားခဲ့ရရှာတဲ့ ကလေးလေး ဘဝက သိပ်သနားဖို့ကောင်းပါတယ်၊ ဖြစ်နိုင်ရင် အမှုဖြစ်စဉ်တွေကို မထိမ်မချန်ဘဲ စုံစုံလင်လင် ဖြစ်အောင် ပြောပြစေချင်ပါတယ်"

"ဟုတ်ကဲ့ ကျွန်မလဲ ခုလို လူသတ်မှုကြီးကို ဘာဖြစ်လို့ ကျူးလွန်လာခဲ့တယ်ဆိုတာ တရားရုံးပေါ်မှာ မထွက်ဆိုခဲ့တဲ့ အချက်တွေကိုပါ ရှင်တို့ကို ပြောပြလိုက်ပါ့မယ်၊ ဒီလိုပါ"

အကျဉ်းသူဖြစ်သူ မတလုတ်မ တစ်ယောက် မိမိကျူးလွန်လာခဲ့သော လူသတ်မှုနှင့် ပတ်သက်၍ ကျွန်ုပ်အယူခံ မောင်ကျောက်တံအား ပြောပြနေခဲ့သည်ကို ဝတ္ထုသဖွယ် ရေးသားတင်ပြလိုက်ရပေတော့သည်။

❖

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သပြေကန် ဆိုသော ရွာကလေးမှာ ပင်လယ်ကမ်းစပ်တွင် တည်ထားသော ရွာကလေးတစ်ရွာ ဖြစ်လေသည်။ ပင်လယ်ကမ်းစပ် အနီးအပါး သဲသောင်ပြင်ကြီးအတွင်းဘက်နေရာမှာ တည်ရှိနေသော ရွာကလေးဖြစ်ပါသည်။ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေသော ရေလုပ်ငန်းလုပ်ကိုင်သူများ စုပေါင်းနေထိုင်လျက် ရှိလေသည်။

တစ်ရွာလုံးလိုလို ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ရှာဖွေစားသောက်နေထိုင်ကြ၍ လှေသမ္ဗန်များဖြင့် ပင်လယ်ပြင်မှာ ငါးဖမ်းထွက်ကြလေသည်။

ငွေကြေး တောင့်တင်းခိုင်မာသူများကတော့ မိမိတို့ ချမ်းသာ ကြွယ်ဝမှုအပေါ် မူတည်ပြီး အိမ်ကြီးအိမ်ကောင်းများကို တည်ဆောက်ထားကြလေသည်။

တချို့ ဆင်းရဲနွမ်းပါးသူ ရေလုပ်သားများကတော့ တဲအိမ်ငယ် စုတ်စုတ်လေးများ မလုံမခြုံ တည်ဆောက်ထားရှိခဲ့လေသည်။ သပြေကန်မှာ တိုင်းမြို့ကြီးများနှင့် အလှမ်းဝေးကွာလွန်းသော ရွာသိမ်ရွာငယ်လေးအဆင့်သာ ရှိလေသည်။

ရွာမှာနေထိုင်ကြသူ အများစု မှာ ပင်လယ်ပြင်ကို အားထားပြီး လှေသမ္ဗန်များဖြင့် ငါးဖမ်းရှာဖွေ စားသောက်နေကြရသဖြင့် တစ်နေ့လုပ်မှ တစ်နေ့စားရသူက လူအများစုဖြစ်လေသည်။ ရွာထဲမှ ချမ်းသာကြွယ်ဝသူက အနည်းအကျဉ်းလောက်သာရှိလေသည်။ မိမိတို့ညဘက် ပင်လယ်ပြင်ထွက်၍ ဖမ်းဆီးရရှိလာခဲ့သော ငါး၊ ပုစွန် စသည် များကို ရွာထဲမှ ငါးဒိုင်မှာ သွင်းရောင်းကြရလေသည်။ ထိုသို့ ငါးဒိုင်မှာ ရောင်းချပြီးမှ ရရှိလာသော ငွေကြေးဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေခဲ့ကြရလေသည်။

ဤသို့ ငါးဖမ်းရှာဖွေခြင်းလုပ်ငန်းကို ယောက်ျားဖြစ်သူများက တစ်ညလုံး





www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ဖြင်ထွက်ပြီး လုပ်ကိုင်ရှာဖွေခဲ့ကြရသလို မိန်းမများက ငါးဒိုင်အိမ်မှ ငါးများကို အခြောက်လှန်းရန် ခွဲခြမ်းခြင်းလုပ်ငန်းကိုဆောင်ရွက်ကြသဖြင့်စားဝတ်နေရေး အဆင်ပြေခဲ့ကြလေသည်။

တချို့ ငါးဒိုင် ပိုင်ရှင်များမှာ ငါးခြောက် များအဖြစ် ခွဲဝေခြမ်း နေလှန်းပြီးမှ မြို့ကြီးပေါ်သို့ တင်ပို့ရောင်းချခဲ့ကြလေသည်။ ငါးဒိုင်အိမ်မှာ လုပ်ငန်းလာရောက် လုပ်ကိုင်နေကြသူများကို ငါးဒိုင်ပိုင်ရှင်မှ ငွေကြေးကူညီ ထောက်ပံ့ပေးသလို ဆန်လိုသူများကိုလည်း ဆန်ထုတ်ချေးကာ ကူညီ ထောက်ပံ့ပေးနေခဲ့သဖြင့် အဆင်ပြေ ချောမွေ့နေခဲ့လေသည်။

ထိုရွာလေးထဲမှ မသောင်းစိန်တို့လင်မယားမှာ ငါးဒိုင်ဖွင့်လှစ် ထားခဲ့လေသည်။ယောကျ်ားဖြစ်သူ ကိုတောက်ထိန်ဆိုသူမှာ စီးပွားရေး အမြင်သူဖြစ်သဖြင့် ငါးများကိုခွဲခြမ်းစေပြီး လင့်စင်များထိုးကာ ပင်လယ်ကမ်းစပ်မှာ လှန်းထားခဲ့လေသည်။ ရရှိလာသော ငါးခြောက်၊ ငါးခြမ်းများကို ပီနံအိတ်ထဲ သွတ်သွင်းချုပ်နှောင်ပြီး သင်္ဘောဖြင့် မြို့ကြီးပေါ်သို့ တင်ပို့ရောင်းချနေခဲ့လေသည်။ မသောင်းစိန်မှာ အိမ်ရှိ ငါးဒိုင်မှ တပည့်တပန်းများဖြင့် ငါးဝယ်ယူနေခဲ့သလို ငါးခြောက်ခွဲခြင်း လုပ်ငန်းကိုလည်း ကွပ်ကဲစီမံ လုပ်ကိုင်ဆောင်ရွက်နေခဲ့လေသည်။

ဒါကြောင့် ရွာထဲမှာ မသောင်းစိန်တို့လင်မယားဆိုလျှင် မသိသူမရှိ ထင်ပေါ်ကျော်ကြားသူများဖြစ်သည်။ စီးပွားရေးကောင်းမွန်နေသောကြောင့် ကိုယ်ပေါ်မှာ စိန် ရွှေ ရတနာများ သီးနေခဲ့လေသည်။ ရွာထဲမှာ ဩဇာတိက္ကမ ရှိသူများအဖြစ် ထင်ပေါ်နေခဲ့သည်။ မသောင်းစိန်တို့ လင်မယားတွင် ချစ်စရာ သမီးကလေးတစ်ယောက် ရှိလေသည်။ နာမည်မှာ ပုံ့ပုံ့ဟု ခေါ်လေသည်။ ပုံ့ပုံ့လေးမှာ လေးနှစ်အရွယ် ကလေးငယ်လေး ဖြစ်သဖြင့် စကားလွန်စွာကြွယ်ပြီး ရွာထဲမှာ လူချစ်လူခင် ပေါ်များခဲ့လေသည်။ ငယ်စဉ်ကတည်းက အိမ်မှ ငါးခြောက်ခွဲသူ မိန်းမများလက်မှာ တစ်ယောက်တစ်လက် ချီပိုးထိန်းကျောင်းခံနေရသည်။

တီတီတာတာ ချစ်စရာစကားလေးများ ပြောဆိုတတ်သောအရွယ်မှာ ပိုပြီးလူချစ်လူခင်ပေါ်ကာ အလုပ်သမားများလက်ပေါ်မှာ ကြီးပြင်းလာခဲ့ရလေသည်။

မိခင်ဖြစ်သူ မသောင်းစိန်မှာ စီးပွားရေးအဆင်ပြေနေခဲ့သူမို့ သမီးဖြစ်သူ ပုံ့ပုံ့လေးကိုယ်ပေါ်မှာ တစ်မတ်သားဆွဲကြိုးလေးတစ်ကုံးကို ဆွဲပေးထားခဲ့လေသည်။ ပုံ့ပုံ့လေးမှာ အရွယ်နှင့် မလိုက်အောင် သွက်လက်ချက်ချာသူဖြစ်သောကြောင့် လူချစ်လူခင်ပေါ်များနေခဲ့သည်။

ရွာထဲမှ မူကြိုကျောင်းလေးတွင် ပုံ့ပုံ့လေးကို စာသင်အံ့လေ့ကျင့်နိုင်ရန် ရွာမှ ကလေးငယ်များနှင့် အတူ စာသင်ကြားစေခဲ့သည်။ ကျေးရွာမူကြိုကျောင်းကလေးမှာ ဆရာမလေး နန်းမြဝေမှ စာသင်ကြားပေးနေခဲ့ခြင်း ဖြစ်လေသည်။ ကျောင်းဆင်း၊ ကျောင်းတက် ဆရာမလေး နန်းမြဝေ ကိုယ်တိုင် ကလေးများ၏လက်ကိုဆွဲလျက် လိုက်လံပို့ဆောင်ပေးလေ့ ရှိလေသည်။

တစ်နေ့မှာတော့ သပြေကန်ရွာကလေးထဲရှိ ငါးဒိုင်ပိုင်ရှင် မသောင်းစိန်၏အိမ်တွင် ငါးခြောက်ခွဲနေသော အလုပ်သမားများကို ခိုင်းနေခဲ့စဉ်ဖြစ်ပါသည်။

"ဟဲ့ တလုတ်မ နင် ငါ့အိမ်က ချေးသွားတဲ့ ဆန်နှစ်ပြည် ခုထိ လာမပေးသေးဘူးလား"

ငါးခြောက် ခွဲခြမ်းနေကြသော အလုပ်သမားများမှာ နှီးတောင်းထဲမှာရှိနေသော ငါးများကို နှိုက်ယူပြီး ဓားဖြင့် ခွဲခြမ်းနေခဲ့ခြင်း ဖြစ်ပါသည်။ ငါးခြောက်အလုပ်ရုံထဲတွင် စဉ်းတီတုံးပေါ် ငါးကိုတင်ပြီး ဓားဖြင့် ခွဲခြမ်းနေကြစဉ် လက်မှာ ငါးသွေးညှီနံ့များပေကျံနေခဲ့ကြလေသည်။

မတလုတ်မ ဆိုသူမှာ ငါးခွဲနေရာမှ . . .

"ဟိုတစ်နေ့က အစ်မကြီးပဲ ကျွန်မ ဆန်နှစ်ပြည် ကြိုယူထားတာကို ဖြတ်ယူထားခဲ့ပြီးပြီလေ"

"ဘယ်တုံးက ငါ ယူထားလို့လဲ၊ ညည်းတို့က ဗလောင်းဗလဲ မလုပ်ချင်စမ်းပါနဲ့အေ၊ ငါက စာရင်းနဲ့ အင်းနဲ့ မှတ်ထားခဲ့တာ"

"ဟုတ်ပါတယ် အစ်မရယ်၊ ကျွန်မကို ပေးမယ့်ဆန် နှစ်ပြည်ကို အကြွေးနဲ့ နှိမ်ယူလိုက်တယ်ဆိုပြီး ဖြတ်ယူလိုက်လို့ ကျွန်မမှာ အဲဒီညက အိမ်က ကလေးတွေ ထမင်းစားဖို့တောင် ဆန်မရှိလို့ ရှိတဲ့ဆန်လေး ငါးရံ့နဲ့ပြုတ်ပြီး စားလိုက်ကြရတယ်"

"တော်စမ်းပါအေ ညည်းတို့ ပြောလိုက်ရင် ဒီလိုချည်းပဲ၊ လူတွေက ငွေမရှိလို့ ငတ်နေတယ်လဲဆိုသေး သူများအကြွေး မပေးချင်တော့ ငတ်နေတာနည်းတောင် နည်းသေးတယ် ဟင်း"

"ဒီလိုမပြောပါနဲ့ အစ်မ၊ ကျွန်မတို့က မရှိလို့ ငတ်နေကြပေမယ့် သူများမသဒ္ဓါရေစာကို မစားရား ခိုးဝှက်မစားဘူး၊ ကိုယ့်ချွေးနဲ့စာနဲ့ ရှာဖွေရရှိလာတဲ့ ငါးတွေကိုတောင် မတရားဈေးနှိမ်အလေးခိုးပြီး ခေါင်းပုံဖြတ် ခံရတာတောင် ဘာမှစောဒကမတက်ရဲတဲ့သူတွေပါ"

"တောက် ကောင်မ နင်က ငါ့ကိုများ ငါးတွေခေါင်းပုံဖြတ် အမြတ်ကြီးစားအလေးခိုးတယ်လို့ ပြောရဲသေးတယ်၊ နင်တို့လို မရှိဆင်းရဲသားတွေက ဆန်နှစ်ပြည် ချေးပြီး ပြန်မဆပ်ချင်တိုင်း ကူလီကူမာ လာပြောမနေနဲ့ မခံနိုင်ဘူးဟေ့"

"ဟုတ်တယ်လေ၊ ကျွန်မတို့ကလဲ ဆင်းရဲပေမယ့် သူများပစ္စည်းကို ခိုးဝှက်ယူတာမရှိဘူး၊ ချေးထားတဲ့ ဆန်နှစ်ပြည် ကိုယ့်ဘာသာ စာရင်းမှတ် တောင်းယူ





www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ထားခဲ့တာမေ့နေပြီးတော့ နောက်ထပ်လာတောင်းနေတာ လွန်တာပေါ့"

"ဟေ့ လွန်တာမဟုတ်ဘူး သိလား၊ သူများ ဆန်နှစ်ပြည်ချေးပြီး မပေးချင်တဲ့ သူခိုးမကများ လူ လူ ဟစ်လို့ ဟင်း"

မသောင်းစိန်ရဲ့ ဒေါသတကြီး အော်ဟစ်ဆဲဆို ပြောဆိုနေသံများက လုပ်ငန်းခွင်ထဲရှိအမျိုးသမီးအလုပ်သမားများအားလုံး ကြားနေခဲ့ကြလေသည်။ မသောင်းစိန်မှာ ဟိုတုန်းက ရွာထဲလယ် ငါးရောင်းစားနေရသည့် ငါးစိမ်းသည်ဘဝမှ လင်မယားနှစ်ယောက် ကံတူအကျိုးပေး၍ စီးပွားရေးအကွက် မြင်လာပြီး ကြီးပွားချမ်းသာ လာခဲ့ကြခြင်းဖြစ်လေသည်။

ရွာထဲမှာ ငါးရောင်းနေသည့်ဘဝမှ စီးပွားရေး ဖြစ်ထွန်းအောင်မြင်လာခဲ့သောအခါ စကားအပြောအဆိုကအစ အလုပ်သမားများအပေါ်မှာ အမြဲတမ်း မောက်မာစွာ ဆက်ဆံပြောဆိုလေ့ရှိသည်။

သူမရဲ့စီးပွားရေး အရိပ်အာဝါသအောက်မှာ ခိုနေကြရသော ငါးဒိုင်ထဲမှ အလုပ်သမားများသည် သူမ၏ ဩဇာအာဏာကို မလွန်ဆန်ဝံ့ကြသူက များလေသည်။ ဒီကြားထဲမှာ ဆန်လေးနှစ်ပြည်ကို ချေးငှားထားသူ မတလုတ်မက ပြန်မပေး၍ဟုဆိုကာ ဆဲဆိုပြောဆိုပြီး တောင်းနေခဲ့ခြင်း ဖြစ်ပါသည်။

"အဲဒီလိုဆန်နှစ်ပြည် ကြွေးတောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စကားများရန်ဖြစ်ခဲ့ကြရာက ကလေးကို ဘယ်လို သတ်ပစ်ခဲ့ဖြစ်တာလဲ"

"ဒီလိုပါ ဆရာ.. အလုပ်ရုံထဲမှာ ကျွန်မကို မကြားဝံ့မနာသာ ဆဲဆိုပြီး နစ်နစ်နာနာပြောဆိုနေတော့ အများကြားမှာ ကိုယ့်ဘက်က မှန်နေရက်နဲ့ အပြောအဆိုခံနေရတာကို အရမ်းရှက်သွားခဲ့တယ်"

"ခင်ဗျားက သူ့ဆီက ချေးထားတဲ့ ဆန်နှစ်ပြည် တကယ်ကော်ပြန်ပေးဆပ်ခဲ့တယ်ဆိုတာ ဟုတ်ရဲ့လားဗျာ"

"တကယ်ဆပ်ခဲ့တာပါ ဆရာရယ်၊ သူ့ဘာသာ အလုပ်တွေများနေပြီး မမှတ်မိဘဲဖြစ်နေလို့ ကျွန်မအပေါ်မှာ စွပ်စွပ်စွဲစွဲ ပြောနေခဲ့တာပါ"

"နောက်အကြွေး ဆန်နှစ်ပြည်ပေးဆပ်ပြီးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုဖြေရှင်းလိုက်ကြသလဲ"

ကျွန်ုပ်မောင်ကျော်တံ၏ အမေးကို အကျဉ်းသူ မတလုတ်မ ဆိုသူမှ အောက်ပါအတိုင်း ဆက်လက်ရှင်းပြနေခဲ့လေတော့သည်။

နှစ်ရက်ခန့်ကြာသည့်အခါ ဆန်နှစ်ပြည်ပေးဆပ်ပြီးကြောင်းကိုမသောင်းစိန်မှ စာရင်းကိုင် တူဖြစ်သူမှ မှန်ကန်ကြောင်း ပြောဆိုနေခဲ့လေသည်။

"ကဲ.. အစ်မကြီး ကျွန်မ ဆန်နှစ်ပြည် အဲဒီနေ့က ပေးဆပ်ခဲ့တာ အစ်မကြီးတူကိုယ်တိုင် သိခဲ့တာပဲသူကိုယ်တိုင်မှန်တယ်လို့ ပြောနေတော့ သက်သက်မဲ့ လူကြားထဲမှာ ကျွန်မတို့က အရှက်ခွဲခံခဲ့ရတယ်၊ အဲဒီနေ့က ကျွန်မ မိသားစုထမင်းငတ်လို့ ရှိတဲ့ဆန်လေးနှစ်လုံးနဲ့ ဆန်ပြုတ်သောက် နေခဲ့ကြရတယ်၊ သူများအပေါ် မတရား မှိုချိုးမျှစ်ချိုး စွပ်စွဲပြောဆိုတာ မကောင်းပါဘူး"

"ပြောမှာပေါ့အေ၊ ညည်းတို့က ယုံရတာမှမဟုတ်တာ၊ ချေးပြီးရင် ဘယ်တော့မှ ချက်ချင်းလက်ငင်း ပြန်မဆပ်ချင်ကြဘူး၊ နောက်က လိုက်တောင်းနိုင်မှ တန်ကာကျတယ်"

"အစ်မကြီး သိထားဖို့က အဲဒီအစားထဲမှာ ကျွန်မတို့မပါဘူး၊ သူများပစ္စည်း အပ်တိုတစ်ချောင်းတောင် မခိုးဖူးဘူး၊ အစ်မကြီးတို့လို ငါးတွေ အလေးခိုးပြီး ကြီးပွားချမ်းသာလာခဲ့ပေမယ့် အားကျစရာ မရှိပါဘူး၊ သေရင်ငရဲရောက်မယ့်ဟာတွေချည်းပဲ"

"အောင်မာ တောင်မက လူတွင်ကျယ်လုပ်လို့ ငါ့များ ခံပြောနေတယ်၊ နင်တို့ ခုလိုထမင်းစားနေရတာ ငါ့ကြောင့်ဟဲ့၊ ငါက ရွာထဲမှာ အလုပ်မရှိအတင်းထိုင်ပြောနေတဲ့ ကောင်မတွေကို အလုပ်ပေးထားလို့ ထမင်းစားနေကြရတာ၊ ဟင်း မပြောလိုက်ချင်ဘူး၊ သူတောင်းစား ထမင်းဝတော့ ဟိုဟာဖြစ်သလို စကားကြီးစကားကျယ်နဲ့ နင့်လိုကောင်မမျိုးက ပိုဆိုးသေးတယ်"

"သူတောင်းစား ထမင်းဝလို့ ဟိုဟာဖြစ်တာက အစ်မကြီးပဲ၊ ကျွန်မတို့က ဟိုတုန်းကလဲ ဒီလိုပဲ၊ ခုလဲ ဒီအတိုင်းပဲ ငါးစိမ်းသည်ဘဝက ကြီးပွားလာလို့ ဘဝမေ့တတ်တဲ့ လူတန်းစားမှာ ကျွန်မတို့ မပါဘူး"

"ကောင်မ လူဝါးဝလို့၊ သွား ထွက်သွား၊ နင်ဘယ်တော့မှ ငါ့ အိမ်မှာ အလုပ်လာမလုပ်နဲ့၊ ထွက်သွားစမ်း"

"စိတ်ချ သွားမယ် သွားမယ်"

"နောက်တော့ ကလေးလေးကို ဘယ်လိုဆုံတွေ့ပြီး လက်စားချေခဲ့တာလဲဗျ"

ကျွန်ုပ်က ကြားဖြတ်ကာမေးလိုက်သဖြင့် မတလုတ်မဆိုသူ အကျဉ်းသူမှ ဟိုးအပြင်ဘက်နေရာဆီ လှမ်းမျှော်ငေးကြည့်နေခဲ့ရင်း မျက်လုံးမှာ ရီဝေမှုန်မှိုင်းသွားခဲ့လေသည်။ သူမကိုယ်တိုင်အလုပ်ထဲမှာ ထိန်းကျောင်းလာခဲ့သော ကလေးမလေးအား ကိုယ်တိုင် သတ်ဖြတ်ပစ်ခဲ့သည့် ရာဇဝတ်မှုကြီးကို သတိရမိးနည်းကြေကွဲသွားဟန်ပေါ်နေသည်။

မိမိမျက်စိအောက်မှာ ကြီးပြင်းလာခဲ့သော ကလေးမလေးအပေါ်မှာ တွယ်ငြိခဲ့ဖူးတဲ့ သံယောဇဉ်ဖြင့် သနားကြင်နာသွားဟန်တူသည်။ အဲဒီနေ့က မတလုတ်မတစ်ယောက် တစ်ဖက်ရွာဆီ ငွေသွားချေးရန် သွားရောက်နေခဲ့လေသည်။

မိမိတို့လို တစ်နေ့လုပ် တစ်နေ့စားနေရသူများအဖို့ အလုပ်နဲ့လက် မပြတ်နိုင်မှ တန်ကာကျပေသည်။ ခုတော့ ကိုဖိုးခင်ကလည်း ညက ပင်လယ်ပြင်မှာ ငါးဖမ်းထွက်ရင်း မိုးမိလာခဲ့လို့ ယခင်ဌက်ဖျားရောဂါပြန်ထလာလို့ ငါးမရှာနိုင်ဘဲ အိမ်ပြန်လာခဲ့ရလေသည်။ ငါးရှာမရနိုင်တော့ ငါးဒိုင်မှာ ငါးသွားရောင်း



www.burmeseclassic.com

www.burmeseclassic.com

စရာ ငါးမရှိတော့ ငွေကြေးရဖို့ အခွင့်အလမ်း မရှိတော့ပေ။

မိမိမှာလည်း မသောင်းစိန် ဆိုသူ ငါးဒိုင်ပိုင်ရှင်နှင့် ဆန်နှစ်ပြည် ချေးသည့်ကိစ္စနှင့် စကားများ ရန်ဖြစ်ခဲ့ကြသဖြင့် မိမိဘက်က မှန်နေပါလျက် မိမိမာနကို ထိပါးစော်ကားလာလို့ ပြန်လှန်ပြောဆိုမိခဲ့ရာက အလုပ်ရှင်၏အလုပ်ဖြုတ်ခြင်း ခံလာခဲ့ရသည်။

အိမ်မှာ မိဘတွေ ရှာဖွေကျွေးမွေးနေခဲ့သည်ကို စောင့်မျှော်နေကြသော လူမမည် ကလေးနှစ်ယောက်မှာ ဝမ်းဆာမပြေလည်တော့ ဆာလောင်မွတ်သိပ်မှုဖြင့် ငိုကြွေးနေခဲ့ကြသည်။

မိမိအတွက် ငွေကြေးချေးငှား ရှာဖွေလို့ရမည့်နေရာက ဘယ်မှ ချေးငှားမရနှင့် အခက်တွေ့နေခဲ့လေသည်။ ယောကျ်ားဖြစ်သူမှာလည်း ငှက်ဖျားရောဂါဖြင့် အိပ်ရာထဲလဲနေရှာတော့ အိမ်ရဲ့ပြဿနာ အားလုံး သူမအပေါ်မှာ လုံးလုံးလျားလျား တာဝန်ကျလာခဲ့သည်။ ယောကျ်ားရဲ့ ဆေးဖိုးဝါးခ၊ သားသမီးလေးတွေ၏ ဝမ်းစာရေး ဖြည့်တင်းနိုင်ဖို့အတွက် ငွေကြေး ချေးငှားရရှိနိုင်မည့် တစ်မိုင်ခန့်ဝေးသော တစ်ဖက်ရွာဆီ ငွေချေးသွားခဲ့ရာမှ မရရှိသဖြင့် လက်မှိုင်ချခဲ့ပြီးတော့ အိမ်ပြန်လာနေခဲ့ရလေသည်။

သူမ ပြန်လာနေခဲ့သော ရွာလယ်လမ်းမကြီးဘက်ဆီသို့ စိတ်ဓာတ်ကျဆင်းကာ နွမ်းနွမ်းလျလျ ပြန်လာနေခဲ့စဉ် မူကြိုကျောင်းလေးထဲမှ ကလေးငယ်များ လွယ်အိတ်လွယ်ကာ မိမိတို့အိမ်ဆီသို့ အပြေးပြန်ရန် ပြင်ဆင်နေကြသည်ကို လှမ်းမြင်နေခဲ့ရလေသည်။

ကလေးငယ်များမှာတော့ မိမိတို့ဘာသာဘာဝ မြူးထူးပျော်ရွှင်စွာဖြင့် ကျောင်းဝင်းလေးထဲမှ ပြေးထွက်လာနေခဲ့ကြလေသည်။

"ဟဲ့ . . ပွံ့ပွံ့ သမီး ကျောင်းဆင်းလာပြီလား"

"ဟုတ်တယ် ဒွေးလေးရဲ့"

"ဒါဆို သမီးလေး ဗိုက်ဆာနေရောပေါ့"

"ဟုတ်တယ် ဒွေးလေး၊ သမီး ဗိုက်ဗိုက်က အရမ်းဆာနေပြီ"

လေးနှစ်အရွယ် သမီးလေး ပွံ့ပွံ့က သူမ၏ ဂါဝန်ပေါ်မှ ဝမ်းဗိုက်လေးကို ပုတ်ပြကာ ချစ်စဖွယ်အမူအရာ လုပ်ပြပြီး ပြောဆိုနေခဲ့ခြင်း ဖြစ်ပါသည်။

သူမက ကျောင်းမှ ပြန်လာနေသော ပွံ့ပွံ့လေးကို လမ်းမှာဆုံတွေ့ခဲ့ပြီး ကောက်ယူချီလိုက်လေသည်။ ဟိုးယခင်တုန်းကလည်း မသောင်းစိန်ကခိုင်း၍ ကလေးကို ကျောင်းမှာ သွားကြိုခေါ်ပေးခဲ့ရဖူးလေသည်။ ကလေးလေးက ခါတိုင်းလိုမှတ်ပြီး မိမိလက်ပေါ်မှာပဲ ကြီးပြင်းလာခဲ့ရသူဆိုတော့ ကိုယ့်ဆွေမျိုးသားချင်းလို ခင်တွယ်နေရှာသည်။

"ပွံ့ပွံ့ ဒွေးလေးနဲ့ အတူတူ ပြန်ကြမယ်နော်"

"ဟုတ်ကဲ့ ဒွေးလေး"

သူမက ဘေးပတ်ဝန်းကျင်ကို မျက်စိဝေ့ကြည့်လိုက်ပြီး လူသူကင်းရှင်းမှန်းသိသောအခါ ရွာလယ်လမ်းမကြီးပေါ်မှ တစ်ဖက်ဆီ ခွဲထွက်လျှောက်လာနေခဲ့သည်။ ပင်လယ်ပြင်သဲသောင်ကြီးပေါ် ကလေးကိုချီပြီး ခေါ်ဆောင်လာနေခဲ့လေသည်။

"ဒွေးလေး အိမ်မပြန်ဘဲ ဘယ်ကိုသွားဦးမလို့လဲ"

"ဩော် ဒွေးလေးကို ပွံ့ပွံ့ အမေက ကြွေးဝင်တောင်းခိုင်းလို့ ဟိုဘက်နားက တဲစုဘက် ခဏဝင်ရဦးမယ်၊ ဟိုရောက်မှ မုန့်တွေ အများကြီးဝယ်ကျွေးမယ်နော်"

"ဟုတ်ကဲ့"

ပွံ့ပွံ့လေးမှာ ကလေးပီပီ မုန့်စားရတော့မည်ဆိုသော အသိဖြင့် မျက်နှာပြင်မှာ ဝမ်းသာ ပျော်မြူးသွားခဲ့လေသည်။ အချိန်မှာ ညနေစောင်း မှောင်ရီဖျိုးဖျအချိန် ဖြစ်နေလေသည်။

ပင်လယ်ကမ်းစပ် သဲသောင်ပြင်ကြီးကို ဖြတ်ပြီး လျှောက်လာနေခဲ့စဉ် သဲသောင်ပြင်မှာ လူသူရှင်းလင်းနေခဲ့လေသည်။ ဟိုးခပ်ဝေးဝေးနေရာဆီလောက်မှာသာ ငါးဖမ်းလှေငယ်တစ်စင်း လှော်ခတ်နေသည်ကို လှမ်းမြင်နေခဲ့ရလေ သည်။

"ဖုန်း"

သဲသောင်ပြင်ပေါ်ရှိ သဲဖွေးဖွေးပေါ်သို့ ပွံ့ပွံ့လေးကို ပစ်ချလိုက်သဖြင့်

"အောင်မလေး ဒွေးလေးရယ်၊ သမီးနာလိုက်တာ ဟင့် ဟင့်"

"နင့်ကို နာရုံတင်မကဘူး၊ ဒီထက်မက လုပ်ပစ်ရမယ်၊ ဖယ်စမ်း နင့်လက်တွေ"

"ဒွေးလေး သမီးလည်ပင်းက ဆွဲကြိုး မဖြုတ်ပါနဲ့နော်၊ မေမေက သမီးလေးနှစ်ပြည့်မွေးနေ့တုန်းက ဆင်ထားတာလေ၊ မလှူဘူးလားဟင်"

"ဖယ်စမ်းပါအေ၊ ပေးစမ်း အဲဒီဆွဲကြိုး"

"ဟင် မဖြုတ်ပါနဲ့ ဒွေးလေးရယ်၊ သမီးဆွဲကြိုးလေး မဖြုတ်ပါနဲ့နော်"

"စကားတွေ ရှည်မနေနဲ့၊ အချိန်မရှိဘူး ပေးစမ်း"

"အား အား သမီးလက်လေးတွေ အရမ်းနာနေပြီ အတင်းမဆွဲပါနဲ့၊ သမီးနာလွန်းလို့ပါ . . . အီး ဟီး"

ပွံ့ပွံ့လေးက သူမ လည်ပင်းမှ ဆွဲကြိုးကို လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်ပြီး ဇွတ်အတင်းဖြုတ်ယူနေသဖြင့်သဲသောင်ပြင်ပေါ်မှာ လူးလွန့်ရုန်းကန်နေရင်း သနားစဖွယ် ငိုယို ပြောဆိုနေခဲ့လေသည်။

"အို ဒွေးလေး ဘယ်လိုလုပ်တာလဲ၊ သမီးနာလွန်းလို့ သေတော့မယ် လွှတ်ပါ ဒွေးလေးရယ်၊ သမီးကို သနားပါနော်၊ သမီးလေ ဒွေးလေးကို ရှိကြီးခိုးပါတယ် နော် နော်"

ပွံ့ပွံ့လေးက ငိုယိုတောင်းပန်နေခဲ့သော်လည်း သူမက စိတ်အငြိုးအတေးကြီးသူပီပီ ဒေါသများ ပေါက်ကွဲထွက်လျက် . . .

"အဲဒါမှတ်ထား နင့်အမေက ငါ့ကို ဆန်နှစ်ပြည် ကြွေးဆပ်ပြီးခဲ့တာ မပေး



www.burmeseclassic.com

www.burmeseclassic.com

သေးဘူးဆိုပြီး လူကို စော်ကားမော်ကား ဆဲဆိုပြောဆိုခဲ့တဲ့ ရာဇဝင်ကြွေးကို ပေးဆပ်ခဲ့တာပဲ"

"ဒွေးလေးရယ် သမီး အသက်ရှူကျပ်နေပြီ လွှတ်ပါနော်၊ အင့် ဟင့် ဟင့်"

ပုံ့ပုံ့လေးမှာ ရက်ရက်စက်စက် သူမ၏လက်ကြမ်းကြီးဖြင့် နူနူနယ်နယ် သည့်တိုင်ဖွေးဖွေးလေးကို ဆုပ်ကိုင်ညှစ်ညှစ် သတ်ဖြတ်နေခြင်းကို မရှုမလှ ခံစားနေခဲ့ရလေသည်။

သူမ၏ သန်မာသောလက်နှစ်ဖက်ကြားမှာ ဘယ်လိုမှ မရုန်းကန်နိုင်ရှာဘဲ သဲသောင်ပြင်ပေါ်မှာ ယက်ကန် ယက်ကန် လူးလွန့်လူးလှိမ့်ရှာရင်း ငြိမ်သက်သွားခဲ့လေတော့သည်။

ထိုအခါ သူမက လျှင်မြန်စွာ လည်ပင်းမှာ ဝတ်ဆင်ထားသော ရွှေဆွဲကြိုးလေးကို ကမန်းကတန်း ဖြုတ်ယူလိုက်လေသည်။

ထို့နောက် ဘေးဘယ်ညာဆီ လှမ်းမျှော်ကြည့်လိုက်ပြီး လူသူကင်းရှင်းနေသောကြောင့် အသက် ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ပုံ့ပုံ့လေး၏အလောင်းကို သဲသောင်ပြင်ထဲ လက်ယက်တူးကာ မြှုပ်နှံပစ်ခဲ့လေသည်။

နောက်ပိုင်း သမီးဖြစ်သူ ပုံ့ပုံ့လေး ကျောင်းဆင်းချိန်ထိ အိမ်ပြန်ရောက်မလာဘဲ လိုက်လံရှာဖွေခဲ့ရာ ဒေါ်တလုတ်မဆိုသူ ခေါ်ဆောင်သွားခဲ့သည်ကို မြင်တွေ့ခဲ့သော သက်သေများ၏ ထွက်ဆိုချက်ဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ခြင်း ဖြစ်လေသည်။

သဲသောင်ပြင်ပေါ်မှာ ဒီရေတက်လာသောအခါ ရေများဖုံးလွှမ်းတိုက်စားခဲ့ရာမှ အလောင်းပေါ်လာပြီး ရှာဖွေတွေ့ရှိခဲ့ကြလေတော့သည်။ အမှုမှန်ကို စစ်ဆေးရာမှ ဆန်ကြွေး ကလဲ့စားချေခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးထုတ်ဖော်ရရှိခဲ့ပြီး သေဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

❖

"အေးဗျာ ခင်ဗျားအမှုက လူကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တဲ့အပြင် ကိုယ်မှာဝတ်ဆင်ထားတဲ့ ဆွဲကြိုးကိုပါ ဖြုတ်ယူသွားခဲ့တော့ လုယက်လူသတ်မှုနဲ့ သေဒဏ်ချမှတ်ခဲ့တာပဲ"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်မ အစက သတ်ဖို့အဆင့်ထိတောင် မကြံရွယ်ခဲ့ပါဘူး၊ ကလေးကို တစ်နေရာ ညာခေါ်သွားပြီးတော့ ဆွဲကြိုးကို မသိမသာ ဖြုတ်ယူမယ် စိတ်ကူးခဲ့တာပါ၊ နောက်တော့ ကလေးကလဲ ကိုယ့်ကိုသိကျွမ်းနေတဲ့သူ၊ တစ်ဖန် သူ့အမေက ကျွန်မကို ဆန်နှစ်ပြည်ချေးတာနဲ့ ပတ်သက်ပြီး နစ်နစ်နာနာ ဆဲဆိုပြောဆိုခဲ့တာတွေကို နားမှာကြားနေရတော့ မကျေနပ်တဲ့စိတ်တွေက ရင်မှာ တဖွားဖွား ပေါ်လာနေခဲ့တယ်။

ဒီကြားထဲ အိမ်မှာက လူမမာယောကျ်ားကို ဆေးကုသဖို့ ငွေလိုနေတာ၊ သား၊ သမီးတွေ ထမင်းဆာလို့ ငိုကြွေးနေခဲ့တာတွေကို မြင်နေရတော့ ရင်ထဲမှာမချိအောင် နာနေခဲ့ပြီး လုပ်မိလုပ်ရာ လုပ်လိုက်တာပါပဲ ဆရာရယ်"

"ဟုတ်ပါတယ် သမီးရယ်၊ လူ ဆိုတာ စိတ်ညစ်လွန်းလာတဲ့အခါ မခံမရပ်နိုင်အောင် ပေါက်ကွဲချင်စိတ်တွေ ဖြစ်လာခဲ့ပြီးတော့ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ကြဖို့ ဝန်မလေးကြတော့ဘူးလေ၊ သမီး အခု ကျူးလွန်လိုက်တဲ့ ရာဇဝတ်မှုဟာ သာမန်ကြည့်ရင်တော့ ရိုးရိုးလူသတ်မှု၊ လုယက်မှုလောက်ပဲလို့ ထင်ရပေမယ့် အဲဒီလိုပြစ်မှုမျိုးကို ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုမျိုးကို ရာဇသတ်ကြီး ပြစ်မှုဆိုင်ရာဥပဒေမှာ ဟောဒီလိုပြဋ္ဌာန်းထားခဲ့တာကိုတော့ သမီး သိအောင် ဗဟုသုတအနေနဲ့ ပြောပြလိုက်မယ်၊ ဘာဖြစ်လို့ သေဒဏ်ချခဲ့ရလဲ ဆိုတာ ဒီဥပဒေရဲ့ ဆိုလိုရင်းကို နားလည်သွားရင် သဘောပေါက်သွားမှာပါကွယ်။

အဲဒီ ဥပဒေပုဒ်မကတော့

*ပုဒ်မ ၃၀၂ (၁)၊* မည်သူမဆို

(က) တစ်သက်တစ်ကျွန်းဒဏ် စီရင်ခြင်းခံရသည့် အတွင်း သို့တည်းမဟုတ်၊

(ခ) တင်ကူးကြံရွယ်ချက်ဖြင့် သို့တည်းမဟုတ်၊

(ဂ) ဤရာဇသတ်ကြီးအရ ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်း ခံထိုက်သောပြစ်မှုကို ကျူးလွန်နေစဉ် လူသတ်မှုကို ကျူးလွန်လျှင် ထိုသူကို သေဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"

အထက်ပါ ပြစ်မှုကို ကျူးလွန်သွားခဲ့သော အကျဉ်းသူ မတလုတ်မဆိုသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)အရ မြို့နယ်တရားရုံးမှ သေဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ အကျဉ်းထောင်ထဲရောက်ရှိလာခဲ့ကြသော ထောင်ကျတရားခံများအတွက် ကောက်ရိုးတစ်မျှင်လို ကိုယ်လွတ်ရုန်းလို့ ရလိုရငြား ထောင်တွင်း အယူခံရုံးမှနေ၍ အယူခံမှုများရေးပြီး ဝင်ရောက်ပေးခဲ့ကြရလေသည်။

တချို့သော အမှုများမှာ အယူခံဝင်ရောက်သည့်အတွက် အနိုင်ရရှိပြီး ကွင်းလုံးကျွတ် လွတ်မြောက်သွားခဲ့ကြသူများရှိသလို မူလပြစ်ဒဏ်မှ လျှော့ပေါ့သွားသည့် နှစ်ကာလများ ရှိခဲ့သည့် သာဓကများ ရှိခဲ့လေသည်။

ယခု ဖြစ်ပွားသွားသော အကျဉ်းသူ မတလုတ်မ၏ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှုကြီးမှာ လူမမည် ကလေးငယ် ပုံ့ပုံ့တစ်ယောက် မိခင်ကြီးဖြစ်သူ၏ နှုတ်သရမ်းခဲ့မှုကြောင့် ကြားမှ ဓားစာခံ ဖြစ်သွားခဲ့ရခြင်း ဖြစ်ပါတော့သည်။

❒ စိုးထွဋ်အောင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က (၁၂) နှစ်အရွယ်၊ တန်းကျောင်းသား။ ကျွန်တော့်ညီမ ကတော့ (၁၀)နှစ်အရွယ် (၄)တန်း ောင်းသူပါ။ ကျွန်တော်တို့ မောင်နှမ စ်ယောက်စလုံးသည် တိရစ္ဆာန်ကလေး ကို ချစ်တတ် ကြင်နာတတ်ပြီး သူတို့ လေးတွေရဲ့ ဘဝကို စိတ်ဝင်စားကြ သည်။

ခုနစ်လွှာတိုက်၏ အပေါ်ဆုံး အထပ်ကို ပြောင်းလာကတည်းကစပြီး ငှက်ကလေးတွေကို ချစ်တတ်သော ကျွန်တော်တို့ မောင်နှမ နှစ်ယောက် စလုံး ခိုတွေနှင့် ရင်းနှီးလာသည်။

မနက်မိုးလင်း အိပ်ရာမှ ထပြီ ဆိုသည်နှင့် သွားတိုက်ရင်း မီးဖိုချောင် အထပ်ခိုးထောင့်တွင် အသိုက်ဖွဲ့နေကြ သော ခိုမိသားစုကို ကျွန်တော်တို့နှစ် ယောက် သူ့ထက်ငါလုပြီး ကြည့်ကြတာ နေ့တိုင်း လုပ်ဖြစ်သည့် အလုပ်ကြီး တစ်ခု ဖြစ်လို့နေပါသည်။

"ခို အဖြူလေးက ညီမလေး အကောင်နော် သိလား၊ ကိုကိုက အပြာ ရောင်ယူနော်"

"အေး ကောင်းတာပေါ့၊ ခိုအပြာ လေးက ပိုလိမ္မာပုံရတယ်၊ ငါက လိမ္မာ တဲ့သူဆိုရင် ချစ်ပြီးသားပဲ"

"ဘာ လိမ္မာတာလဲ၊ ခိုအဖြူလေး ကို သူက ခဏ ခဏခေါင်းဆိတ်တယ်၊ အရမ်း အနိုင်ကျင့်တာပဲ"

"အနိုင်မကျင့်ပါဘူးဟာ လိမ္မာ ပါတယ်ဆို"

"ကဲ ဒါဆို ညီမလေးက ကျန်တဲ့ ခိုတွေ အားလုံးပိုင်တယ်"

"နင် တော်တော်လောဘကြီး၊ ခိုတွေအားလုံးတော့ မပေးနိုင်ပါဘူး"

ဒီလိုမျိုး တစ်ယောက်နဲ့ တစ် ယောက် ခိုအကြောင်းတွေ ပြောရတာ မောမှန်းမသိ၊ အချိန်ကုန်မှန်းမသိ။ နှစ် ယောက်စလုံး အလုအယက်ပြောရတာ ကိုပင် အရသာရှိလှသည်။ သို့သော် ဈေးမှ ပြန်လာသော မေမေကြောင့် ကျွန်တော်တို့ မောင်နှမ နှစ်ယောက် စကားရပ်လိုက်ရသည်။

ဒီလိုနဲ့ပဲ တစ်ပတ်လောက်ကြာ တော့ ခိုသိုက်ထဲတွင် ခိုဥလေးလုံး တွေ့ ရသည်။

ဘယ်အကောင် ဥသွားတယ် မသိ။ ဘယ်အကောင်ပဲဥဥ၊ ကျွန်တော် တို့ မောင်နှမနှစ်ယောက်စလုံး ပျော်နေ ကြသည်။ ထိုခိုဥများကို နေ့စဉ် အချိန် ရရင်ရသလို စောင့်ကြည့်ရခြင်းကို ကျွန် တော်တို့ နှစ်ယောက်စလုံး ထူးထူးခြား ခြား နှစ်ခြိုက်စွဲလမ်းလာကြသည်။

ဒီဥတွေက သူ့အကောင်က ဥတာ၊ ငါ့အကောင်က ဥတာဟု နှစ် ယောက်သား အကြိမ်ကြိမ် အငြင်းပွား ခဲ့ကြသေးသည်။ ပြီးတော့ ဥလေးတွေ ဘယ်အရွယ်လောက်ထိ ကြီးလာမှာလဲ၊ ဘာအရောင်က ဘယ်လိုအကောင်မျိုး လေးတွေ ထွက်လာမှာလဲ၊ အကောင် ပေါက်ဖို့ အချိန်ဘယ်လောက်ကြာမှာလဲ စသည့်မေးခွန်းများကို မောင်နှမ နှစ် ယောက် အပြန်အလှန် မေးကြသော် လည်း ထိုမေးခွန်း၏ အဖြေများကိုမူ နှစ်ယောက်စလုံး မဖြေနိုင်ကြပေ။

"ခိုလေးတွေ ပေါက်လာရင် ဥထဲ က ထွက်ထွက်ချင်း ပြန်နိုင်လားဟင်၊ ညီမလေး သိချင်လိုက်တာ"ဟု ညီမလေး အမေးကို ကျွန်တော်က ဆရာကြီး လေသံဖြင့် . . .

"နင် တော်တော်ဦးနှောက် သေးတာပဲ၊ ဥကနေ ပေါက်ပေါက်ချင်း အကောင် ဘယ်ပေါက်ဦးမှာလဲ. . . အကောင်မပေါက်မချင်း အသိုက်ထဲက နေ ဘယ်လိုပျံထွက်နိုင်မှာလဲ၊ တုံးလိုက် တာ" ဟု ကျွန်တော်သည် ညီမလေး မကြိုက်သော "တုံးလိုက်တာ" ဆိုသော စကားလုံးကို အနိုင်ယူစိတ် လွှမ်းမိုးစွာ ဖြင့် ပြောလိုက်မိသည့်အတွက် ကျေနပ် နေမိသည်။

ဒီလိုနဲ့ပဲ ခိုဥများ ဥပြီး သုံးရက် မြောက်သောနေ့ ရောက်လာခဲ့လေပြီ။ အသိုက်ထဲမှ ခိုဥလေးတွေအကြောင်း စပ်စုချင်စိတ်တွေကလည်း တစ်နေ့ထက် တစ်နေ့ ပိုများလာသည်။ ကျောင်းတွင် လည်း ဒီခိုဥကလေးတွေအကြောင်း အတန်းထဲက သူငယ်ချင်းတွေဆီ နေ့စဉ် ပြောဖြစ်သည်။

"ခိုလေးတွေ ပေါက်ပြီး ခိုမကြီး က အစာရှာမကျွေးနိုင်ရင် ဘယ်လို လုပ်မလဲ"

"ခိုလေးတွေကို ပြုစုနေရလို့ ခိုမကြီးက အစာရှာချိန်ရှိပါ့မလား"

စသည့် သူငယ်ချင်းများ၏ စိတ် ဝင်တစား မေးကြသော မေးခွန်းများ ကြောင့် ကျွန်တော်တို့ မောင်နှမ နှစ် ယောက်စလုံး ခိုသားအမိတို့အတွက် လုပ်စရာတွေ အများကြီးရှိပါလားဟု တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ တွေးပူသွားသည်။

ဟွန်း မလွယ်ပါလား။ ခိုမကြီး စားဖို့အတွက် ကျောင်းအပြန် အိမ်နားရှိ ကုန်စုံဆိုင်တွင် ပြောင်းဖူးစေ့ဝယ်ရန် နှစ်ယောက်သား ဆုံးဖြတ်ထားသည်။

ခိုအမေကြီးနှင့် ခိုပေါက်လေး တွေ အစာငတ်ဘေးနှင့် မကြုံရလေ အောင် မိမိတို့ မုန့်ဖိုးထဲမှ ပြောင်းဖူးစေ့ တစ်ဘူးဝယ်လာခဲ့ခြင်း ဖြစ်သည်။

"ကိုကိုရေ ပြောင်းဖူးစေ့က မာ တယ်နော်၊ ခိုစာရောင်းတဲ့ အဒေါ်ကြီး ဆိုရင် ပြောင်းဖူးစေ့ကို ရေစိမ်ပြီးမှရောင်း တာ၊ ညီမလေးတို့လဲ ရေစိမ်ပြီးမှ ကျွေး ရင် ကောင်းမယ်နော်"

ကျွန်တော်က ညီမလေး အကြံ ပြုချက်ကို အပြည့်အဝ လက်ခံလိုက် သည်။

"ဟုတ်ပါ့၊ ငါ့ညီမလေးက ငါနဲ့ တူလို့ တော်လာပြီ၊ ကဲ ဒီပြောင်းဖူးစေ့ တွေကို တစ်ညလုံး ရေစိမ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com

မယ်၊ မနက်ရောက်တော့မှ အသိုက်နားမှာ ချထားလိုက်မယ်၊ ဟုတ်ပြီလား၊ ကဲ လာ အိမ်ကို မြန်မြန်ပြန်ကြရအောင်"

ဤသို့ဖြင့် အိမ်သို့ ဦးတည်လာသော ခြေလှမ်းနှစ်စုံသည် ညီညာ သွက်လက်နေသည်။

ခိုလေးတွေအတွက် ဆန္ဒရှိသမျှ လုပ်ပေးနေရသော်လည်း ဖေဖေနှင့် မေမေသိမှာစိုး၍ နှစ်ယောက်သား စိုးရိမ်နေရသည်။ သို့သော် ဒီနေ့ ကံကောင်းမည်ထင်သည်။

ဒီနေ့မနက် ဖေဖေက ရုံးမှာ အစည်းအဝေးရှိ၍ မနက် ၇ နာရီ မထိုးခင်ကတည်းက အိမ်မှထွက်သွားသည်။ ဖေဖေ ရုံးကို စောစောသွားရသည့်အတွက် မေမေလည်း ထမင်းဘူး ပြင်ဆင်ရန် စောစောထရသည်။ ၅ နာရီလောက်ထပြီး ထမင်းဟင်းချက်ရသည့်အတွက် မေမေလည်း ခေါင်းကိုက်သည်ဟုဆိုကာ အိပ်ရာထဲ ဝင်လှဲနေသည်။ တွေ့လား။ ကျွန်တော်တို့ ဘယ်လောက်ကံကောင်းလိုက်သလဲ။ ဖေဖေလည်း ရုံးစောစောသွားတယ်။ မေမေလည်း အိပ်ရာထဲမှာအိပ်နေဆဲ။ ကျွန်တော်တို့ ခုလိုမျိုး ခိုသိုက်နားမှာ အချိန်ကုန်နေသည်ကို မေမေသိလို့ကတော့ "ဟွန်း" မတွေးရဲပေါင်။ နှစ်ယောက်စလုံး ပြေးပေါက် မှားကိန်းပင်။ ခုတော့ အားလုံး အေးအေးဆေးဆေးပင်။ ခိုသိုက်အနားတွင် အစာရော ရေရော အပြည့်အစုံထားပြီးသွားပြီ။ စိုးရိမ်စရာ ဘာမှမရှိ။



ကျောင်းကိုရောက်တော့ တစ်နေ့ခင်းလုံး စာသင်ရတာ ပေ့ါပါး ဖျတ်လတ်နေပြီး တက်ကြွနေသည်။ ညီမလေးလည်း ကျွန်တော့်လိုပင် စိတ်လက်ပေ့ါပါးပြီး စာသင်နေမည် ထင်သည်။ အင်း အိမ်ပြန်ရောက်ရင်တော့ ခိုသိုက်ဆီ အရင်ဆုံးသွားပြီး ရေလဲပေးရမယ်။ ကျွန်တော် ကိုယ့်အတွေးနှင့်ကိုယ် ပျော်နေမိသည်။

ညနေကျောင်းဆင်းတော့ ကျွန်တော်တို့ နှစ်ယောက်စလုံး၏ ဘာလုပ်မယ် ညာလုပ်မယ် အတွေးများ ပျောက်ကာ ဗိုက်အရမ်းဆာ၍ ကျောင်းယူနီဖောင်းပင် မလဲနိုင်တော့ဘဲ လက်ဆေးကာ ထမင်းစားရန် ပြင်လိုက်သည်။

"မေမေ ဘာဟင်းလဲဟင်"

ဟု ကျွန်တော့်အမေးကို. . .

"ဆန်ခါအောက်မှာ အဆင့်သင့်ပဲဟေ့၊ အဲဒါ သားတို့နှစ်ယောက် အကုန်စားလိုက်၊ ဒီနေ့ မေမေ နေမကောင်းလို့ ဈေးမသွားနိုင်ဘူး၊ ညနေစာကို အိမ်မှာရှိတာလေးနဲ့ ရှာကြံချက်ထားရတာ"

ဟု မေမေက အိပ်ခန်းထဲမှ ခပ်သဲ့သဲ့ လေသံလေးဖြင့် လှမ်းပြောရှာသည်။ မေမေ့စကားမဆုံးခင် ကျွန်တော်က ဆန်ခါကို လှပ်လိုက်သည်နှင့် ညီမလေးက "ဟာ ကြက်ဥဟင်း၊ လေးလုံးဆိုတော့ တစ်ယောက်နှစ်လုံးစီပဲ" ဟုဆိုကာ နှစ်ယောက်စလုံး ညနေစာကို အငမ်းမရ စားကြသည်။ ဟင်းကလည်း အရသာ ရှိလိုက်တာ။ ဒီနေ့မှ ထမင်းပိုစားကောင်းသည်ဟု ထင်ရသည်။

"ကိုကိုရေ ကြက်ဥက သေးတော့ ညီမလေး ဟင်းမလောက်ဘူး၊ ကိုကို့ဆီက ကြက်ဥ တစ်ခြမ်းပေး"

"ရော့ ရော့ ယူ၊ နင်က ဥဆိုရင် ဘယ်တော့မှ ဝတယ်ဆိုတာ မရှိဘူး"

ဟုဆိုကာ ကြက်ဥတစ်ခြမ်းအား ညီမလေး ပန်းကန်ထဲသို့ လှမ်းထည့်လိုက်သည်။ ထိုစဉ် ရုတ်တရက် တစ်ခုကို စဉ်းစားမိလိုက်သည်။ ဒီလောက်သေးတဲ့ ကြက်ဥမျိုး မေမေ တစ်ခါမှ မချက်ဖူး။ နောက်ပြီး မေမေက ရှိတာလေးကို ရှာကြံချက်ထားရတာဆိုတော့ အင်း ကျွန်တော် ဆက်မတွေးရဲတော့ပါ။ ကျွန်တော့်တစ်ကိုယ်လုံး ထူပူပြီး ကြက်သီး ဖာဖြန်းဖြန်းထကာ တစ်စုံတစ်ခုကို စိုးရိမ်လာသည်။

ဟာ ခိုဥ. . .။

ဖျတ်ခနဲ သတိရလိုက်ပြီး စားလက်စ ထမင်းကို လက်စသတ်ကာ ခိုသိုက်ဆီသို့ အပြေးအလွှား ကြည့်ခဲ့သည်။ ထင်တဲ့အတိုင်းပင် ခိုသိုက်ထဲတွင် ခိုဥ လေးလုံးစလုံး မရှိတော့။ ကျွန်တော်တို့အတွက် မေမေ ချက်ထားတာက ဥလေးလုံး။ဆက်စပ်ကြည့်တော့ ကွင်းဆက်က သေချာလုနီးပါးရှိနေပြီ။ အသေချာဆုံးကို အတည်ပြုရန်အတွက် မေမေ့ကိုမေးရန်သာ ကျန်တော့သည်။ ထို့ကြောင့် လေးလံသော ကျွန်တော့် ခြေလှမ်းများက မေမေ့အိပ်ခန်းဆီသို့ ဦးတည်လိုက်လေသည်။

မေမေသည် မကြာခဏ ဆိုသလို ခိုလေးတွေကို ခေါးစာခံလုပ် အပြစ်ရှာတတ်သည်။ လှကုန်လို့ ဖေဖေက ပိုက်ဆံအပ်တာ နည်းရင်လည်း ခိုတွေက အရမ်းညည်းလို့ ဒီလ ဝင်ငွေနည်းတာလို့ ပြောတတ်သေးသည်။

ညီမလေး နေမကောင်းဖြစ်သည့် အခါတိုင်းလည်း ခိုတွေညည်းလို့ ငါ့သမီးလေး နေမကောင်း ဖြစ်ရတာဟု ယူဆခဲ့သေးသည်။

မေမေ ခိုတွေကို မုန်းနေလို့လား။ မေမေသည် ကြင်နာတတ်သော တိရစ္ဆာန်လေးများကို ချစ်တတ်သော နှလုံးသားပိုင်ရှင် တစ်ယောက်ဖြစ်သည်ကို ကျွန်တော်သိနေ၍ ဒီလိုအတွေးမျိုးကို ကျွန်တော်ဆက်မတွေးလိုပါ။ မေမေ့ရင်ထဲရှိ သားသမီးများကို ချစ်သော





www.burmeseclassic.com

www.burmeseclassic.com

အချစ်ထုထည်သည် အခြားသက်ရှိများကိုချစ်သော အချစ်ထုထည်ထက် အဆပေါင်းများစွာ ကြီးလို့သာ ဖြစ်မည်ထင်သည်။

မေမေသည် အင်မတန်ကြီးလေးသော မိခင်တာဝန်ကို ကျေသော အမေတစ်ယောက်ပင် ဖြစ်သည်။ သားသမီးတို့၏ စားဝတ်နေရေးတာဝန်ကို အဓိကထားတဲ့အတွက် ကျန်သောတိစ္ဆမျှားက သေးငယ်သွားပြီး မေမေ့ခေါင်းထဲ မထည့်နိုင်တော့ကာ ,အခြားတိစ္ဆများအပေါ် ခံစားမှု နည်းပါးသွားခြင်း ဖြစ်မည်။

သားသမီးအတွက်ဆိုလျှင် မေမေ့ ခြေလှမ်းများက အမြဲသွက်လက်နေသည်။ ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် ကျွန်တော်တို့ မောင်နှမနှစ်ယောက်စလုံး၏ ကျောင်းကိစ္စတွေ ကျောင်းမှာကျင်းပတဲ့ ကပွဲ၊ ဆုပေးပွဲတွေ၊ အားကစားပြိုင်ပွဲတွေဆီ လိုက်ခဲ့ဖို့ဆိုလျှင် မေမေရဲ့ လုပ်နေတဲ့ အလုပ်၊ ရှိနေတဲ့ တာဝန်တွေကိုဘေးချိတ်ကာ ကျွန်တော်တို့နှင့်အတူ ပါဝင်ဆင်နွှဲခဲ့တာ ကျွန်တော်တို့ ဘယ်လောက်တောင် အင်အားတွေ ရှိခဲ့လဲ။ ဘဝရဲ့ နိစ္စဓူဝ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲလေးတွေကိုလည်း မေမေ တတ်စွမ်းသမျှ အစွမ်းကုန် ဖြေရှင်းပေးခဲ့တာကလည်း မေမေ့ရဲ့ ကြီးမားတဲ့ မေတ္တာပါပဲ။

ကျွန်တော်တို့ မောင်နှမ နှစ်ယောက် ထမင်းစားတိုင်း မေမေပြောနေကျ စကားလေးတစ်ခွန်းသည် ရုတ်တရက် ကျွန်တော့်နားထဲ ဝင်ရောက်လာ ပြန်သည်။

"ထမင်းနဲ့ ဟင်းကို ဝအောင်စား၊ ကိုယ်စားလိုက်တဲ့ အာဟာရက ဦးနှောက်အတွက် အားဆေးဖြစ်မှာ၊ ဦးနှောက်အားရှိမှပညာကောင်းကောင်း သင်နိုင်မှာ"

ဒီစကားကတော့ မေမေ့ဘဝမှာ ကျွန်တော်တို့ မောင်နှမနှစ်ယောက်၏ အနာဂတ်အတွက် မျှော်လင့်ချက် ကြီးကြီးထားပြီး ဘယ်အရာကို ဦးစားပေးနေလဲဆိုတာပေါ် လွင်နေသည်။ခုလည်း မေမေ့မေတ္တာကြောင့် ကျွန်တော်တို့ ညစာကို မြိန်ရည်ယှက်ရည် စားခဲ့ရပြီးပြီ။ မိခင်တစ်ယောက်၏ အချိန်ပြည့်အလုပ်၊ ခေါင်းတစ်လုံးတည်းနှင့် ရေအိုး သုံးလုံးရွက်တာ မေမေ ဘယ်လောက် ပင်ပန်းခက်ခဲမယ်ဆိုတာ ကျွန်တော်တွေးမိပါသည်။



မေမေ့ခမျာ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်၏ စားဝတ်နေရေးနှင့် ပညာရေးကို မလစ်ဟင်းအောင် စီစဉ်ရတာက တစ်ဖက်၊ ဖေဖေ့အပေါ် မယားဝတ္တရား ကျေပွန်ကာ အိမ်ရှင်မကောင်း တစ်ယောက် လုပ်ရတာက တစ်ဖက်၊ နောက်ပြီး အချိန်ပိုင်း အလုပ်အနေဖြင့် ဘွားဘွားကြီး (ဖေဖေ၏ အမေ) ကုန်စုံဆိုင်တွင် ဝိုင်းကူ ဈေးရောင်းရတာက တစ်ဖက် ကြိုးစားရင်း အိမ်ထောင့်တာဝန်များကို အကွက်စေ့အောင် ထိန်းသိမ်းရှုန်းကန်နေရတာတွေကို ကျွန်တော် မြင်ယောင်လာမိသည်။ ဒီဝန်ထုပ်ဝန်ပိုးကြီးတွေကို တာဝန်ယူထမ်းဆောင်ဖို့ ဘယ်လိုသတ္တိမျိုး လိုအပ်တယ်ဆိုတာ အခု ကျွန်တော် နားလည်ပါပြီ။

အခု မေမေ အိပ်မောကျနေသည်ကို မြင်လိုက်တော့ ကျွန်တော့်ရင်ထဲ ဟာတာတာ ဖြစ်သွားသည်။ တစ်နေကုန် ပင်ပန်းနွမ်းနယ်ဟန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော မေမေ့ကျောပြင်ကို ခဏကြာမှ မှင်တက်စွာ ငေးကြည့်နေမိတော့သည်။ မေမေ့ကို မနှိုးရက်တော့။ ရင်ဘတ်ထဲမှ အပူလုံးကြီး တစ်လုံးကို တစ်ချက်မှုတ်ထုတ်ကာ မေမေ့ထံပါးမှ အသာအယာ ပြန်လှည့်ခဲ့တော့သည်။ မေမေ၏မေတ္တာကို နားလည်ကာ မေမေ့ကို ဘာမှမမေးချင်တော့ပါ။

ကျွန်တော်သည် ရေအိုးရှိရာ သွားပြီး ရေအပြည့် ခပ်သောက်လိုက်သည်။ ရေတစ်ခွက်ကြောင့် ရင်ထဲပူလောင်မှုများ ငြိမ်းအေးသွားသလို ခံစားလိုက်ရသည်။ ညီမလေးကို လှမ်းကြည့်လိုက်တော့ ထမင်းစားပြီးသားပန်းကန်တွေ ဆေးနေသည်။ သူဘာမှ မသိရှာ။ ခဏနေရင်တော့ ညီမလေးကို ခိုဥ ပျောက်သွားတဲ့အကြောင်း ပြောပြရမည်။ သူ ငိုမှာ သေချာသည်။ ကျွန်တော်ကတော့ မေမေ့ရင်ထဲမှ ကျွန်တော်တို့ မောင်နှမအပေါ် ထားရှိသော မေတ္တာရောင်စဉ်တန်းကို မြင်လိုက်ရ၍ ရင်တွင်း ကျေနပ်ကာ ကြည်နူးရိပ်များ သန်းလာသည်။

တစ်နေ့ အကြောင်းစုံ သိသွားလျှင် ညီမလေးလည်း ကျွန်တော်နှင့် ထပ်တူ ကျေနပ်မှာပါလို့ အပြည့်အဝ မျှော်လင့်ရင်း ရင်ထဲမှ သက်ပြင်းလေး တစ်ချက်ကို တိတ်တခိုး ချလိုက်မိတော့သည်။

❒ ထိမ်ပျဲဝင်းဇော်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

"လူပုံကိုကြည့်တော့ ခပ်အေးအေးပါ၊ ဒီလို ဖြစ်လိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ"

"ဟုတ်ပါရဲ့၊ တော်တော်လေး အံ့ဩဖို့ကောင်းလိုက်တာ၊ ယုံတောင်မယုံဘူး"

"လူရိုးဆိုတာ သချိုင်းကုန်းမှာတောင် ရှိတော့တာမှမဟုတ်တာ၊ အခွင့်အရေးရရင် ရသလို ယူမှာပေါ့"

အားလုံး ဘေးပတ်ဝန်းကျင်က ထိုသို့ပင် ဝေဖန်ကြသည်။ စကားဆိုကြသည်။ အပြစ်တင်ကြသည်။ ထိုအသံကို ကြားရလေလေ ရီတင်တို့ မိသားစုမှာ ခေါင်းမဖော်ဝံ့အောင် ဖြစ်ရသည်။ ဖြစ်နိုင်လျှင် ကာလယန္တရားကို ပြန်လှည့်လို့ များရလျှင် လွန်ခဲ့သော ခြောက်လကို ပြန်ရောက်စေချင်သည်။ အတန်တန် တားသည့် အဒေါ်၏စကားကို ရီတင် နားမထောင်ဘဲ ကိုယ့်သဘောနှင့်ကိုယ် စီစဉ်ခဲ့သည်။

မိမိကိုယ်မိမိ စီးပွားရှာနေသော သူဖြစ်၍ ယခုလိုအိမ်တွင် အလုပ်လုပ်ပေးရန် အဖော်တစ်ယောက်တော့ ခေါ်သင့်သည်ဟု ထင်သည်။

"မလိုပါဘူး ရီတင်ရယ်၊ ညည်းအလုပ်သွားရင် ငါ လာကြည့်ပေးလို့ရပါတယ်၊ မောင်အောင်ခက်အတွက်က သိပ်မှမလိုအပ်တာ၊ သူ့ဘာသာသူ လုပ်နိုင်တာပဲလေ"

"မဖြစ်ပါဘူး အဒေါ်ရယ်၊ အဒေါ်က မကြာခဏ လာကြည့်ပေးနေရတာ အားနာလှပြီ၊ နောက်ပြီး ကျွန်မကလဲ မောမောပန်းပန်းနဲ့ပြန်လာ၊ အိမ်က အမေကလဲ အိမ်အပေါ်ထပ်တွေ ဘာတွေကို တက်နိုင်တာ မဟုတ်ဘူး၊ အမေတို့ အဒေါ်တို့က ခုနစ်ဆယ်နားနီးနေကြပြီ၊ ကျွန်မလဲ အပြင်က ပြန်လာလို့ မောတာနဲ့ ကိုယ့်အဝတ်တောင် ကိုယ်မလျှော်နိုင်တော့ဘူး၊ စားဖို့ ချက်ရ ဈေးဝယ်ရနဲ့ လူက ခြေတောင် မခိုင်ချင်တော့ဘူး"

ရီတင်က ဈေးထဲတွင် ရွှေဆိုင်ဖွင့်ထားသည်။ ကြီးကြီးမားမား ဆိုင်မဟုတ်သော်လည်း သူ့အထည်တွေက ရောင်းရသည်။ ရွှေထည်၊ ငွေထည် စုံသည်။ လူငယ်ကြိုက် ပါးပါးလေးတွေ ဖြစ်၍ တော်ရုံတန်ရုံနှင့် ဝယ်ဝတ်နိုင်သည်။ အိမ်တွင် အမေ၊ ရီတင်၊ သမီးလေးနှင့် သမီးလေး အဖေတို့သာ ရှိကြသည်။ သမီးလေးက ယခုနှစ် ခြောက်တန်းသို့ ကျောင်းတက်ရသည်။

အမျိုးသားက ခပ်အေးအေး သမား။ ရုံးမှ ဆေးပင်စင်ယူပြီးနောက် အိမ်မှာပဲ အေးအေးဆေးဆေးနေပြီး အားရင် ဂျာနယ်၊ မဂ္ဂဇင်းတို့ကို ဖတ်နေသည်။

ထမင်းစားချိန်ကျမှ သူ့အခန်းထဲသို့ ပို့ပေးရသည်။ နှစ်ယောက်အိပ်အခန်းတွင် ထမင်းစား စားပွဲငယ်တစ်လုံး ထားပေးထားသည်။ သူက စာဖတ်ရင်း ထမင်းစားသည်။ ရီတင်တို့ နေသည့် အိမ်က နှစ်ထပ်တိုက်။ အောက်ထပ်တွင် ထမင်းစားခန်း၊ မီးဖိုခန်း၊ ဧည့်ခန်းနှင့် ပစ္စည်းထားရန် အခန်းတစ်ခန်းရှိသည်။

အပေါ်ထပ်တွင် အိပ်ခန်း နှစ်ခန်း၊ ဘုရားခန်း၊ စာဖတ်ခန်းရှိသည်။

အသက်ကြီးပြီဖြစ်သော အမေက အောက်ထပ်သို့ မနက်မိုးလင်း ဆင်းလာသည်။ မနက်စာစား၊ ရေမိုးချိုး၊ ညနေစာစားပြီးမှ အိပ်ခါနီးလျှင် အိမ်အပေါ်ထပ်သို့ တက်သည်။ သမီးက ကျောင်းနှင့် ကျူရှင်က တစ်နေကုန်သည်။ ထို့ကြောင့် အိမ်၏ ဝေယျာဝစ္စအတွက် အလုပ်လုပ်ပေးနိုင်မည့်သူကို ခေါ်ဖို့ ရီတင် ဆုံးဖြတ်လိုက်သည်။

"ရီတင် လိုအပ်တယ်ဆိုရင်တော့ ဒေါ်ဒေါ် ဈေးထဲမှာ စုံစမ်းပေးမယ်၊ မအေးခိုင်တို့က ရွာမှာအဆက်အသွယ် ရှိကြတယ်"

"လူရည်သန့်သန့် တစ်ယောက်တော့ လိုချင်ပါတယ်၊ အိမ်ကအမျိုးသားကိုလဲ အိမ်အပေါ်ထပ်ကို ည၊ မနက် ထမင်းပို့ပေးရတယ်၊ သူက စာဖတ်ရင်းနဲ့ ထမင်းစားတာ၊ အမေကလဲ အသက်ကြီးပြီ၊ သမီးလေးကလဲ သူ့ကျောင်းစာနဲ့သူ မအားတော့ လူတစ်ယောက်လောက် ခေါ်မှဖြစ်မှာ"

သို့နှင့်ပင် အသက် သုံးဆယ်အရွယ် အမျိုးသမီးတစ်ယောက်ကို ရီတင် ရလိုက်သည်။

"နာမည်က ဘယ်လိုခေါ်သလဲ"

"မမြင့်ကြည်ပါ အစ်မ"

"အိမ်မှာက ဈေးသွား၊ ထမင်းချက်၊ အဝတ်လျှော်တာကိုတော့ စက်နဲ့လျှော်တာကို လျှော်ပုံလျှော်နည်းပြပေးမယ်၊ ထဘီတွေကိုလဲ စက်အသေးနဲ့လျှော်တယ်၊ အခန်းတွေ သန့်ရှင်းရေးလုပ်၊ အပေါ်ထပ်မှာရှိတဲ့ အစ်မရဲ့ အမျိုးသားကို နေ့လယ် ၁၁ နာရီဆိုရင် သူ့စားပွဲပေါ်မှာ ထမင်းပွဲအသင့်ပြင်ထားပေးလိုက်၊ သူစားပြီးရင် ခေါင်းလောင်းလေး တီးလိမ့်မယ်၊ သွားသိမ်း။

အပေါ်ထပ်က ရေချိုးခန်းမှာ ရေချိုးလို့ပြီးရင် သူချွတ်ထားတဲ့ အဝတ်ဟောင်းတွေပါ ယူလာခဲ့ပေါ့၊ အဘွားက ထမင်းစားပြီးရင် ညီမပါ စား၊ အားလုံးဆေးကြောပြီးတာနဲ့ အိမ်တစ်အိမ်လုံးကို သန့်ရှင်းရေးလုပ်၊ ခြံထဲက လုပ်စရာရှိတာတွေကို ညနေမှလုပ်၊ ဘယ့်နှယ်လဲ၊ လုပ်နိုင်ပါ့မလား၊ အစ်မ ယောကျ်ားကို ညနေစာ ၆ နာရီဆို ပြင်ထား၊ အစ်မ ပြန်လာမှ သူနဲ့အတူ အပေါ်ထပ်မှာ စားမယ်"

လုပ်ရမည့် အလုပ်အားလုံးကို ရီတင်က ပြောပြသည်။ ပွဲစားမပါဘဲ တိုက်ရိုက်ရောက်လာသူ ဖြစ်သည်။

ဈေးထဲက ဆိုင်နီးချင်း အဒေါ်က လွှတ်လိုက်၍ ရောက်လာခြင်းပင်။

"အဆင်ပြေလား ရီတင်"

"အင်း သွက်သွက်လက်လက်လေးပဲ၊ သင်ပေးတာ အတတ်မြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ယခုမှပင် ရီတင် စိတ်ချမ်းသာတော့သည်။ အိမ်လည်း သန့်ရှင်းသည်။ အမေကလည်း အလုပ်လုပ်တာ လာဘ်မြင်သည်ဟု ချီးကျူးစကားပြောသည်။ သမီးကလည်း ခင်သည်။ အမျိုးသားကတော့ ခပ်အေးအေးပင်။ ချီသည်၊ ချိုးသည် မပြော။ အရောင်းအဝယ်ကိစ္စ ကောင်းခြင်း၊ မကောင်းခြင်းကိုလည်း မမေး။ ပြောစရာရှိမှသာ ပြောသည်။ စာဖတ်ဝါသနာကြီးသူဖြစ်၍ စာအုပ်တွေနှင့်သာ ပျော်မွေ့နေသည်။ ရီတင်လည်း စိတ်ချမ်းသာသည်။ အိမ်အတွက် နောက်ဆံမတင်းတော့ပေ။ ဟင်းချက်ဝယ်စရာရှိတာကအစ မြင့်ကြည်ကို လွှဲအပ်ထားလိုက်သည်။ စားချင်သည့် ဟင်းပုံစံကို ပြောပြလိုက်သည်။

မမြင့်ကြည်တစ်ယောက် ရီတင်အိမ်တွင် အလုပ်လုပ်လာသည်မှာ လေးလရှိလာပြီ။ လစာ တစ်လ သုံးသောင်းကို လကုန်သည်နှင့် ရီတင်ကပေးသည်။

"အစ်မ မနက်ဖြန် မနက်ပိုင်း အလုပ်တွေပြီးတာနဲ့ ကျွန်မ လစာထဲက အမေ့ကို နှစ်သောင်းခွဲလောက် သွားပေးချင်လို့ ခွင့်ပြုပါ"

သို့နှင့်ပင် လစာထုတ်ပြီး နောက်တစ်နေ့တိုင်း မမြင့်ကြည် အိမ်ပြန်ခွင့်တောင်းသည်။ ညနေ နေမစောင်းခင် ပြန်လာပြီး သူ့အလုပ်သူ ဆက်လုပ်သည်။ ရီဘင်ကလည်း သူနှင့် ပတ်သက်သော အကြောင်းအရာတွေကို လုံးဝမစပ်စု။ အိမ်၏ အလုပ်အားလုံးကို တာဝန်ကျေအောင် သူက လုပ်ထားပေးသည်။ ဒါကိုပင် ရီတင်က ကျေနပ်သည်။ ရီတင်လိုချင်သည့် လူကောင်းသူကောင်းကို ရပြီဟုထင်သည်။

အိမ်ရောက်ပြီး ငါးလလောက် အကြာတွင် မမြင့်ကြည်ကို ကြည့်ရသည်မှာ အနေအထိုင် ပြောင်းလာသည်။ မကြာခဏ ခေါင်းမူးပြီး အန်ချင်လာသည်ဟုဆိုကာ လက်ညှိုးထိုးအန်တတ်သည်။ ထမင်းဟင်းကို မစားချင်။ မှိုင်သည်။ ငိုင်သည်။ ငေးနေသည်။

"မမြင့်ကြည် ညည်းဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား။ အစ်မကို ပြောလေ"

"နေရတာ တစ်မျိုးချည်းပဲ၊ ဝေ့ဝေ့"

စကားပြောနေရင်းက မီးဖိုခန်းဘက်သို့ အမြန်ပြေးပြီး ထိုးအန်လိုက်သည်။

"မမြင့်ကြည် ပြောပါဦး၊ ညည်း ဘာဖြစ်နေတာလဲ"

"ဘာဖြစ်မှန်း မသိဘူး အစ်မ၊ ရင်ထဲမှ ပျို့ပျို့လာလို့ပါ၊ ထမင်းစားလဲ အန်ချင်တယ်"

ရီတင် မျက်လုံးအစုံတွင် မမြင့်ကြည်ကို ကြည့်ကာ မသင်္ကာစိတ်ဖြစ်လာသည်။ ရင်ထဲမှလည်း ဘုရားတမိသည်။ ထင်ထားသလို မဟုတ်ပါစေနှင့်ဟုလည်း ဆုတောင်းလိုက်သည်။

"ဘာတွေများ အစားမှားသလဲ"

"ကျွန်မ ဒီမှာ ချက်တာပဲ စားတာ၊ ဘယ်ကိုမှလဲ သွားတာမဟုတ်တော့ အစားမှားစရာ မရှိပါဘူး"

ထိုအခါ မမေးချင်၊ မမေးဝံ့သော မေးခွန်းတစ်ခုကိုတော့ ရီတင်မေးလိုက်သည်။

"ညည်း ဟို လစဉ်လာတာ မှန်ရဲ့လား"

"မမှန်ဘူး အစ်မ၊ ထိမ်တာ နှစ်လရှိပြီ၊ ကျွန်မ ဟို ဟို မပြောရဲလို့ပါ"

"ဟဲ့ သွေးထိမ်တာ ဘာဖြစ်လို့ မပြောရဲရမှာလဲ၊ သွေးထိမ်ရင် သွေးဆင်းတဲ့ ဆေးသောက်ရမှာပေ့ါ"

"ကျွန်မကတော့ ဆေးသောက်ဖို့ မဖြစ်ဘူးလို့ ထင်တယ်"

"ဘာဖြစ်လို့လဲ၊ သွေးထိမ်နေရင် ဆေးသောက်မှ ပျောက်မှာပေ့ါ"

"ဆေးသောက်စရာ မလိုပါဘူး အစ်မရယ်"

"ဆေးမသောက်ရင် ရောဂါ ဘယ်တော့ ပျောက်မှာလဲ"

မမြင့်ကြည်ကို ကြည့်ပြီး ရီတင် စိတ်ညစ်လာသည်။ မေးလျှင်လည်း ပွင့်ပွင့်လင်းလင်း မပြော။ မပြောချင်လည်း မပြောနှင့်တော့ဟု ဥပေက္ခာပြုထားလိုက်သည်။

"ရီတင်ရေ မနေ့က မြင့်ကြည် ငါ့ဆီလာတယ်၊ စိတ်ညစ်တယ်ဆိုပြီး လာငိုတယ်အေ၊ ငါ့လဲ သူကပြောတယ်၊ အစ်မရီတင် စိတ်ဆိုးမှာ ကြောက်တယ်တဲ့"

မမြင့်ကြည်နှင့် ဆက်သွယ်ပေးသည့် ဆိုင်နီးချင်း အဒေါ်ကြီးက ရီဘင့်ကို စကားဆိုလာသည်။ မိမိအိမ်မှာ အလုပ်လုပ်နေသူက မိမိကိုဘာမှမပြော။ တစ်ခွန်းမဆို။ တခြားသူကို ငိုယိုကာ သွားပြောသည်ကို ရီတင် မကြိုက်ပေ။

"သူက အဒေါ်ကို ဘာတွေလာပြောလို့လဲ၊ ကျွန်မကို ဘာကြောက်စရာရှိလဲ၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပေ့ါ"

အိမ်ရောက်သည့်အခါ မမြင့်ကြည်ကို ရီတင်က မေးသည်။ သေသေချာချာမေးသည်။ အတန်တန်မေးသည်။ မမြင့်ကြည် မဖြေ။

"ညည်း ဒီလို မပွင့်တပွင့်နဲ့လုပ်နေရင် ငါ့ဆီမှာ အလုပ်ဆက်မလုပ်နဲ့တော့၊ ညည်းဘာသာညည်း ဘာတွေပြဿနာရှုပ်လာမှန်းမသိဘဲ အိမ်မှာ အပူလာတိုက်နေတာ ငါလဲ စိတ်ညစ်တယ်၊ ညည်းပြန်တော့"

ရီတင်ပြောသမျှကို စကားဆုံးအောင် နားထောင်လိုက်ပြီး မမြင့်ကြည်၏ မျက်နှာတွင် မဲ့ပြုံးတစ်ချက် တွေ့လိုက်ရသည်။

"ဒီအတိုင်းတော့ ကျွန်မ ငြိမ်ခံပြီး မနေနိုင်ဘူး၊ ထိုက်သင့်တဲ့ လျော်ကြေးရမှ ဖြစ်မယ်"

"ဘာ လျော်ကြေး ဟုတ်လား၊ နေပါဦး၊ ညည်းကို ငါက ဘာထိခိုက်အောင်လုပ်ထားလို့ လျော်ကြေးတောင်းရတာလဲဟင်"

"ကျွန်မ အစ်မကို မပြောဘူး၊ အသိသက်သေလူကြီးတွေ ခေါ်လာပြီး အစ်မနဲ့ စကားပြောပါ့မယ်"





www.burmeseclassic.com

www.burmeseclassic.com

သူလာစဉ်က ယူလာသည့် ပါလာသော လက်ဆွဲအိတ်ကိုယူကာထွက်သွားသည်။ ရီတင်လည်း ကြည့်နေလိုက်သည်။ ပြန်လည်း မခေါ်၊ တားလည်း မတား။

မမြင့်ကြည်ထွက်သွားပြီး နှစ်ရက်လောက်အကြာတွင် ရီတင်တို့အိမ်နှင့် ပတ်သက်သည့် သတင်းတွေကို ကြားလာရသည်။

"သူ့ယောက်ျားက အပေါ်ထပ်မှာပဲ ထမင်းစားတာ၊ အဲဒါကို ကောင်မလေးက ထမင်းကို မနက်စာ၊ ညစာ သွားပြီး တက်တက်ပို့ရတာ၊ မိန်းမက အိမ်မှာ မရှိတော့ စိတ်လွတ်လပ်ကြတာပေ့ါ၊ အခုအထုပ်အထည်ဖြစ်တော့ အိမ်က နှင်ချလိုက်ပြီလေ"

ကြားရသမျှ သတင်းကြောင့် ရီတင်၏ရင်ထဲတွင် ဒေါသတွေ အစုအပုံ တင်မက အကျိတ်အခဲ အတုံးအတစ် ထွက်လာသည်။

မမြင့်ကြည်၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဒေါသမုန်တိုင်းဖြင့် စကြဝဠာတံတိုင်း အပြင်ဘက်ဆီ အသက်ဝိညာဉ်မပါ ခန္ဓာကိုယ်အပိုင်းပိုင်း တစ်စစီဖြစ်သွားအောင် လုပ်ပစ်လိုက်ချင်သည်။

"ဒေါ်ကြီး သူ့ကို ပြောလိုက်ပါ၊ လာပြီး ဖြေရှင်းလှည့်လို့၊ လုံးဝ ရင်ဆိုင်မယ်"

ရီတင်၏ စိန်ခေါ်ပွဲသို့ မြင့်ကြည်က အရပ်လူကြီး သုံးဦးနှင့် ရောက်လာသည်။

"အားတော့ နာပါတယ် ဒေါ်ရီတင်ရယ်၊ ဒီက အမျိုးသမီးကလေးကလဲ အကျိုးအကြောင်းနဲ့ သူ့ခမျာ မရှက်မကြောက်နိုင်ဘဲ လာပြောတာ"

"နေပါဦးရှင် သူက ဘယ်လို ပြောတာလဲ၊ အဲဒါလေးကိုတော့ ကျွန်မကို ပြောပြပါဦး"

"ဒီလိုပါ၊ ဒေါ်ရီတင်ရဲ့ အမျိုးသားကို ထမင်းသွားသွားပို့ရတော့ နောက်ပိုင်း ဟိုလေ သူ အစော်ကားခံလိုက်ရတယ်တဲ့၊ အဲဒါ ဒေါ်ရီတင်တို့ကိုလဲ စိတ်မဆင်းရဲစေချင်ပါဘူးတဲ့၊ သူ့ကိုပဲ မီးဖွားစရိတ်နဲ့ လုပ်ကိုင်စားဖို့ ငွေသုံးလေးသိန်းလောက်ပဲ ပေးပါတဲ့၊ သူ နောက်ထပ် ပြဿနာမရှာတော့ပါဘူးလို့ ပြောတယ်"

"ဩော် သိပြီ၊ သိပြီ၊ မြင့်ကြည်ညည်းပြောချင်တာက ငါ့ယောက်ျားနဲ့ ညည်းကိုယ်ဝန်ရတယ်ပေ့ါ ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ . . . အစ်မ"

"မွေးဖွားစရိတ်လေး ဘာလေး လိုချင်တယ်ပေ့ါ"

"ဟုတ်ကဲ့ အစ်မ"

"ကျွတ် ကျွတ် . . . သနားစရာကောင်းလိုက်တာ မြင့်ကြည်ရယ်၊ ကဲ ကဲ တာဝန်ရှိတဲ့သူတွေကိုလဲ ကျွန်မ တောင်းပန်ပါတယ်၊ ခဏ ထိုင်ကြပါနော်၊ အင်းပေ့ါလေ ကျွန်မနဲ့ သမီးကလဲ အိမ်မှာမရှိ၊ အမေကလဲ အသက်ကြီးပြီဆိုတော့ အိမ်ပေါ်ထပ်မှာ မြင့်ကြည်လဲ ဖြစ်ချင်တိုင်းဖြစ်ရရှာတာပေ့ါ၊ ခဏလေးနော်၊ ကျွန်မ ဖုန်းဆက်လိုက်ဦးမယ်၊ အဲဒီလူလာရင် မြင့်ကြည်အတွက် စီစဉ်ပေးရမယ်၊ နောက်ပြီး အပေါ်ထပ်က ကျွန်မ ယောက်ျားနဲ့လဲ စာရင်းလေးရှင်းပြီး မြင့်ကြည်အတွက် စဉ်းစားပေးရမှာပေ့ါ၊ ခဏနော်"

ရီတင်သည် ပြောပြီးသည်နှင့် မိမိတွင် ကိုင်ထားသည့် လက်ကိုင်ဖုန်းဖြင့် နံပါတ်တွေကို နှိပ်ကာ ဖုန်းခေါ်လိုက်သည်။

"ဟဲလို ကိုညွန့်လွင်လား၊ ဩော် ရီတင်ပါ၊ အစ်ကို့ကိစ္စအတွက် ဖြေရှင်းပေးစရာရှိတယ်၊ ဩော် ဟုတ်ကဲ့ အခုလာပါ၊ လိုအပ်တဲ့စာရွက်စာတမ်းတွေလဲ ယူလာပေးပါ၊ ရီတင် စောင့်နေပါ့မယ်"

တယ်လီဖုန်းကို ပြန်ထားလိုက်ပြီး ဧည့်ခန်းတွင် သူပါ ဝင်ထိုင်လိုက်သည်။ မမြင့်ကြည်၏ မျက်နှာတွင် အနိုင်ရထားသူ၏အသွင်ကို ဆောင်နေသည်။ ဆယ်မိနစ်ခန့်အကြာတွင် ခြံထဲသို့ ကားဖြူလေးတစ်စီး ဝင်လာသည်။

"ဟော ကိုညွန့်လွင် လာ လာ၊ ဒီမှာ ပြဿနာ တစ်ခုကို ဝိုင်းဖြေရှင်းပေးဖို့ အကူအညီလိုတာနဲ့ ခေါ်လိုက်တာပါ၊ ကဲ တာဝန်ရှိတဲ့ လူကြီးမင်းနဲ့ ကိုညွန့်လွင်တို့ မမြင့်ကြည် ပြဿနာကို ပြောပြလိုက်ကြပါ၊ နောက်ပြီး ကျွန်မ ယောက်ျားနဲ့လဲ တွေ့ကြတာပေ့ါ"

"ကဲ ဟောဒီက မမြင့်ကြည်လဲ အတူလာခဲ့ပါ၊ ဒေါ်ရီတင်ရဲ့ အမျိုးသားနဲ့ မှားယွင်းတယ်ဆိုပါတော့၊ ဒေါ်ရီတင်ရဲ့ အမျိုးသားက မမြင့်ကြည်ကို ဘာ ပြောသေးလဲ"

"အစ်မရီတင်က မကျေနပ်လို့ရှိရင်လဲ သူက တာဝန်ယူပြီး စောင့်ရှောက်မယ်တဲ့"

"ဘယ်တုံးက ပြောတာလဲ"

"ကျွန်မနဲ့ လွန်လွန်ကျူးကျူးဖြစ်ပြီးတဲ့နောက် ကျွန်မက စိတ်ပူလို့ မေးတော့ ပြောတာပါ"

"ထမင်းစားတော့ ပြင်ပေးရသလား"

"ညနေစာကျတော့ အစ်မရီတင်နဲ့စားတယ်၊ မနက်စာဆိုရင် သူစားနေတုန်း သူ့အနားမှာ ကျွန်မကို နေစေပြီးမှ သူက စားတာ"

"စားပြီးတဲ့ အထိလား"

"ဟုတ်ကဲ့ စားပြီးတဲ့အထိ နေရပါတယ်၊ မေမေကြီးက ကြာလို့ တစ်ခါတလေ မသင်္ကာတဲ့အကြည့်နဲ့ ကြည့်သေးတယ်"

"ထမင်းစားရင်း စာဖတ်တယ်ဆို"

"ဟိုလေ တစ်ခါတလေမှ ဖတ်တာပါ"

"ထမင်းစားတော့ ဘာနဲ့စားသလဲ၊ ဘယ်လို စားသလဲ"

"ဩော် ခက်တော့တာပဲ၊ လက်နဲ့ပဲ စားတာပေ့ါ"

"ဩော် ဩော်၊ စိတ်မရှိပါနဲ့ သိချင်လို့ မေးတာပါ၊ ကဲ လာ လာ၊ ကျွန်တော်နဲ့အတူ ရပ်ကွက်လူကြီးတွေပါ အပေါ်ကို လိုက်ခဲ့ကြပါ"





www.burmeseclassic.com

www.burmeseclassic.com

ဦးညွန့်လွင် ခေါ်ရာနောက်သို့ အားလုံး လိုက်သွားကြသည်။ မမြင့်ကြည်က အလယ်တွင်ရှိသည်။ ဒေါ်ရီတင်က နောက်ဆုံးမှ တက်လိုက်လာသည်။

အပေါ်ထပ်တွင် ဘုရားခန်းကို အရင်ဆုံးဖူးတွေ့ရသည်။ သပ္ပာယ်လှသော ကျောက်စိမ်းဆင်းတုတော်၊ နဖူးတော်တွင် ပတ္တမြားသင်းကျစ်ကို စိန်ဖြင့်စီခြယ်ထားသည်။

"ဟောဒီဘက်အခန်းက ဒေါ်ရီတင်ရဲ့ အမျိုးသားအခန်းပါ"

ပထမဆုံး အခန်းတံခါးကို ဖွင့်လိုက်သည်။ သေသေချာချာ သပ်သပ်ရပ်ရပ်ပြင်ဆင်ထားသော ထမင်းစားပွဲကို တွေ့ရသည်။ လူနှစ်ယောက်ထိုင်ကာ စားရန်အတွက် ကုလားထိုင်နှစ်လုံးလည်း ရှိသည်။

"ဒီစားပွဲမှာ ထမင်းစားကြတာလား"

"ဟုတ်ပါတယ်၊ကျွန်မက ထမင်းဟင်းပြင်ထားတာတွေကို စတီးဗန်းနဲ့ ယူလာပြီး အဲဒီစားပွဲမှာ ပြင်ပေးရတာ၊ နောက်ပြီး သူရေချိုးပြီးပြီဆိုရင် အင်္ကျီနဲ့ ပုဆိုးတွေကို လျှော်ဖို့ ယူလာခဲ့ရတာ"

မမြင့်ကြည်က ကိုညွန့်လွင် မေးသမျှကို သွက်လက်စွာ ဖြေလိုက်သည်။

"ဆရာ ဆရာ၊ ကျွန်တော် ညွန့်လွင်ပါ"

ကိုညွန့်လွင် အသံပြုလိုက်၍ အခန်းတံခါးမှ ချက်ဖွင့်သံကြားရသည်။ တံခါးဖွင့်လိုက်သည်။

"အထဲမှာ ဆရာရှိပါတယ်"

ကိုညွန့်လွင်က အားလုံးကို ရည်ညွှန်းပြီး ပြောလိုက်သည်။ တံခါးဖွင့်၍ အထဲသို့ဝင်လာကြသည်။ နှစ်ယောက်အိပ် ခုတင်နားတွင် စာကြည့်စားပွဲရှိသည်။ ထိုစာကြည့်စားပွဲတွင် လူတစ်ယောက် ထိုင်နေသည်။

"နေကောင်းတယ်နော် ဆရာ၊ ဆရာ့ ကျန်းမာရေးလဲ တစ်ခါတည်း စစ်ရအောင်"

အိပ်ခန်းထဲတွင် အားလုံး ထိုင်ကြသည်။ မမြင့်ကြည်တစ်ယောက် ဘယ်လိုထိုင်ရမှန်းမသိ။ ငေးပြီး ကြောင်ကာ ရပ်နေသည်။

"ကဲ အားလုံးကို ပြောပါရစေ၊ ဒါဟာ ကျွန်တော့်ရဲ့ဆရာ ဒေါက်ကာဇင်ဦးပါ၊ ခွဲစိတ်ပါရဂူတစ်ဦးပါ၊ ကျွန်တော်က သူ့ထက် တစ်တန်းငယ်ပြီး အောင်ခဲ့တာပါ၊ နယ်ကို ခရီးထွက်ရင်းက ဒဏ်ရာအကြီးအကျယ်ရခဲ့လို့ ပေါင်ရင်းနီးပါးအထိ ဖြတ်ခဲ့ရတာ နှစ်ဖက်စလုံးပါပဲ၊ ခြေတုတွေတပ်ပြီးမှ ချိုင်းထောက်နဲ့ လှုပ်ရှားသွားလာလို့ ရပါတယ်"

"ရီတင်ဆက်ပြောပါရစေ၊ မောင်ဟာ အဲဒီလိုဒဏ်ရာနဲ့ ယောက်ျားဘဝဆုံးခဲ့ရတယ်၊ ငါးနှစ်မကရှိပါပြီ၊ဒါကြောင့် ဘယ်သူနဲ့မှ စကားမပြောချင်ဘဲ သူ့ဘာသာသူ စာတွေပဲဖတ်ပြီး နေရရှာတယ်၊ ကိုညွန့်လွင်က သူ့ကျန်းမာရေးကို တာဝန်ယူထားတဲ့ သမားတော် တစ်ဦးပါ၊ ဒီတော့ ဒီလိုလူမျိုးက မမြင့်ကြည်နဲ့ မှားယွင်းတယ် ဆိုတော့ မမြင့်ကြည် စဉ်းစားပါ၊ ကျွန်မယောက်ျားရဲ့ ကျန်းမာရေး အခြေအနေကိုသိလို့ ထမင်းပို့ခိုင်းတာပေါ့၊ ကျန်းမာရေးကောင်းတဲ့သူဆိုရင် ဒီလိုသီးသန့်ထားပြီး ပို့ခိုင်းပါ့မလား၊ ကျွန်မ လူမှုရေး မညံ့ပါဘူး၊

ဒီတော့ မမြင့်ကြည်က ဘယ်လိုအကြံအစည်ရှိလို့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဆိုပြီး အကြံကောင်း ဉာဏ်ကောင်းတွေ ထုတ်ပြီး လုပ်ရတာလဲ၊ အဲဒါကို အခုလာကြတဲ့ လူကြီးမင်းတို့ကိုပဲ ကျွန်မက ပြန်ပြီး ဖြေရှင်းပေးဖို့ အပ်ပါတယ်၊

ကျွန်မ စိတ်ကျေနပ်အောင် ဖြေရှင်းပေတော့၊ အသရေဖျက်မှုနဲ့ တရားဥပဒေအတိုင်း လုပ်မယ်ဆိုရင်"...။

❒ မြမြဆိုင်

"ချမ်းသာခြင်းကိုဖြစ်စေ"

ဟူသော ဆုကိုပေး၍ ကြေးစည်လေးကို ထုလိုက်လေ၏။

ထိုအသံရှင်ကား လွန်စွာမှကြီးမားသော လွယ်အိတ်ကြီးကိုလွယ်ကာ ငါးရက်တစ်ကြိမ်မျှ တောင်ပေါ်ဝါးကျောင်းလေးမှ သီတင်းသုံးကာ ရွာရိုးကိုးပေါက် အလှူခံထွက်လေ့ရှိသော ရသေ့ကြီးတစ်ပါး ဖြစ်လေတော့၏။

*

"ဟင့်...ဟင့်...ဟင့်"

ဟူသော ငိုရှိုက်သံတစ်ခုကို ရသေ့ကြီး အလှူခံထွက်လာရင်း ကြားလိုက်ရလေ၏။

"အလို... ဘယ်သူများ ဘယ်အတွက် ပူဆွေးသောကရောက်လို့ ငိုကြွေးနေပါလိမ့်" ဟုဆိုကာ ရသေ့ကြီးက ငိုနေသူကို ရှာဖွေရာ လွန်စွာမှအရိပ်ကောင်းသော သစ်ပင်ကြီးအောက်၌ လူငယ်တစ်ဦးကို တွေ့လိုက်ရလေ၏။

ရသေ့ကြီးလည်း ထိုသစ်ပင်အောက်သို့သွားကာ ၎င်း၏ကြေးစည်လေးကိုထုကာ ...

"ချမ်းသာခြင်းကိုဖြစ်စေ" ဟူသော အသံကြောင့် ငိုကြွေးနေသော လူငယ်မှာ တထိတ်တလန့်ဖြစ်ကာ ငိုနေရင်းမှ ရသေ့ကြီးအား လှမ်းကြည့်လိုက်လေ၏။

"အမောင် ဘာကြောင့် ငိုနေတာလဲ" ဟု ရသေ့ကြီးက မေးလိုက်ပြီး ၎င်းနှင့် မနီးမဝေးနေရာတွင်ထိုင်ချလိုက်ရာ-

"မချမ်းသာလို့ပေါ့" ဟုဆိုကာ ပြောလိုက်လေ၏။

"ဩော်...ဩော်, မချမ်းသာလို့လား၊ ဒါနဲ့ အမောင်က ဘာလုပ်လဲ"ဟု ရသေ့ကြီးက မေးရာ...

"နွားကျောင်းပါတယ်" ဟု ထိုလူငယ်က ပြောလိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ရသေ့ကြီးက နွားကျောင်းသားအားအောက်ပါအကြောင်းအရာလေးကို ပြောလိုက်လေတော့၏။

*

ရှေးအခါက တစ်ခုသောရွာတစ်ရွာ၌ ထင်းခွေသမား တစ်ယောက်သည် တောသို့သွားကာ ထင်းခွေ၏။ ထင်းခွေပြီး အိမ်သို့ပြန်လာရာ ရွာတံခါးမပိတ်မီ ရွာတံခါးသို့ရောက်အောင် ပြန်မလာနိုင်သဖြင့် ရွာတံခါးအပြင်ဘက်ရှိ နတ်ကွန်းတစ်ခုတွင် မိမိခွေလာသော ထင်းစည်းကို ခေါင်းရင်း၌ချကာ အိပ်လေတော့၏။

ထိုနတ်ကွန်းနားရှိ သစ်ပင်ကြီးတစ်ပင်၌ ကြက်များ အိပ်ကြလေ၏။ နံနက်မိုးသောက်၊ ရောက်သည့်အခါ သစ်ပင်အကိုင်း၌ အိပ်နေသောကြက်တကျင်ကြီးစွန့်ချလေသော် အောက်သစ်ကိုင်း၌ အိပ်သည့် ကြက်ကိုယ်ပေါ်သို့ ကျလေသောအခါ . . .

"ငါ့အပေါ် ဘယ်ကောင်ကျင်ကြီးစွန့်တာလဲ"ဟု အော်ပြောလိုက်လေ၏။

"ငါ. . . ငါ စွန့်ချမိပါတယ်" ဟု အထက်သစ်ကိုင်းမှကြက်က ပြောလိုက်ရာ အောက်သစ်ကိုင်းက ကြက်က မကျေမနပ်ဖြစ်ကာ . . .

"ဟေ့ကောင် ငါ့ကို ဘယ်လိုအမျိုးစား ကြက်မှတ်နေလဲ" ဟုဆိုကာ ပြောလိုက်လေ၏။

အထက်သစ်ကိုင်းက ကြက်ကလည်း တောင်းပန်စကားပြောနေတာကို မရသဖြင့် ဒေါသထွက်ကာ. . . .

"ဪ. . . မင်းက ဘယ်လိုကြက်လဲ ပြောပါဦး" ဟု ပြောလိုက်လေ၏။

"အေး မင်းသိရင်တော့ ပြောရတာပေါ့၊ ငါ့ရဲ့အသားကိုစားတဲ့ ယောကျ်ားဆိုရင် ရှင်ဘုရင်ဖြစ်မယ်၊ မိန်းမစားရင် မိဖုရားဖြစ်မယ်" ဟု ပြောလိုက်ရာ သစ်ပင်အောက်တွင်အိပ်နေသော ထင်းခွေသမားက ကြားသွားလေတော့၏။

"ဟ . . . တယ်ဟုတ်ပါလား"

ဟု ဆိုကာ ထင်းခွေသမားဟာ ချက်ချင်းအိပ်နေရာမှထကာ သစ်ပင်ပေါ်သို့တက်ကာ အောက်သစ်ကိုင်းက ကြက်ကိုဖမ်းကာ သတ်၍ ခါးပိုက်ထဲထည့်ကာ အိမ်သို့ပြန်လာ၏။ အိမ်သို့ရောက်သည်နှင့် မယားဖြစ်သူအား ချက်ခိုင်းလေတော့၏။

ထင်းခွေမယားသည် ထမင်းနှင့် ကြက်သားဟင်းကို ကောင်းစွာစီရင်ချက်ပြုတ်ပြီးလျှင် လင်ယောကျ်ားစားရန် ထမင်းပွဲတည်ခင်း၏။ သို့သော် ထင်းခွေသမားသည် ရုတ်တရက် မစားသေးဘဲ. . .

"ရှင်မရေ ဤကြက်သားသည် သာမညကြက်သား မဟုတ်၊ တန်ခိုး



မင်းသိန်းကြည်

# ယုံကြည်မှုသည် အောင်မြင်ခြင်းကိုဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com

အာနုဘော် လွန်စွာကြီးမား၏၊ ဤကြက်သားကိုစားရလျှင် ငါဟာရှင်ဘုရင်ဖြစ်မည်၊ ရှင်မလဲ မိဖုရားဖြစ်မည်၊ သို့အတွက် ကိုယ်လက်သန့်စင်ပြီးမှ စားမယ်" ဟု ထင်းခွေယောက်ျားက ပြောလိုက်ပြီး ရေချိုးရန်မြစ်ဆိပ်သို့ ထွက်ခဲ့ပြီး ထမင်းနှင့်ကြက်သားကိုလည်း ထမင်းအုပ်တွင်ထည့်ကာ ယူဆောင်လာခဲ့ကြလေတော့၏။

မြစ်ဆိပ်သို့ ရောက်သည့်အခါ ထမင်းအုပ်ကို မြစ်ကမ်းနဖူးတွင် ထားကာ ၎င်းတို့လင်မယား ရေဆင်းချိုးကြလေတော့၏။ ထိုအချိန်၌ လေတိုက်၍ လှိုင်းပုတ်သည့်အခါ ထမင်းအုပ်မှာ လှိုင်းနှင့်အတူ မျောပါသွားလေတော့၏။

"ဟာ"

"ဟယ်"

ဟု ထင်းခွေလင်မယား ပူဆွေးသောက ရောက်ကြ၏။ ထမင်းအုပ်ကို လိုက်ဆယ်သော်လည်း လှိုင်းနှင့်အတူ မျောပါသွားသဖြင့် ၎င်းတို့နှင့်ဝေးသည်ထက် လွန်စွာမှဝေး၍သွားလေတော့၏။

အောက်မြစ်ဆိပ်တွင် ဆင်ကို ရေချိုးပေးနေသော ဆင်ဆရာသည် ထမင်းအုပ်ကိုမြင်လျှင် လိုက်ဆယ်၏။ လက်ဝယ်သို့ ရောက်ရှိသည့်အခါ ထမင်းအုပ်ကို ဖွင့်ကြည့်လိုက်သည့်အခါ. . .

"အလို. . . ထမင်းနှင့် ကြက်သားပါလား" ဟုဆိုကာ လွန်စွာမှအံ့သြသွားလေတော့၏။

ဆင်ဆရာသည် မိမိ၏ဆင်ကို ရေချိုးပြီးသောအခါ အိမ်သို့ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်သည့်အခါ ဆင်ဆရာသည် ၎င်း၏ဇနီးဖြစ်သူနှင့်အတူ မျောပါလာသောထမင်းအုပ်ထဲမှ ထမင်းနှင့်ကြက်သားကို မြိန်ရှက်စွာ စားကြလေတော့၏။ ထိုသို့ဖြစ်ပွားပြီး သုံးရက်မြောက်သောအခါ ဗာရာဏသီမင်းကြီးက ဆင်ဆရာအားခေါ်၍ စစ်တိုက်စေ၏။ ထိုစစ်ပွဲတွင် မင်းကြီးမှာ ရန်သူ၏လက်ချက်ဖြင့် ကျဆုံးကာ နတ်ရွာစံတော်မူလေတော့၏။

ထို့နောက်တိုင်းပြည်က ဆင်ဆရာအား မင်းမြှောက်ကြရာ ဆင်ဆရာမှာ ရှင်ဘုရင်ဖြစ်၍ ဆင်ဆရာ၏ဇနီးမှာ မိဖုရားဖြစ်သွားလေတော့၏။

ထင်းခွေလင်မယားမှာကား ကံမကောင်း အကြောင်းမလှသောကြောင့် ကြက်သားဟင်း မစားရဘဲ နဂိုမူရင်း ထင်းခွေဘဝနှင့်ပင် နေရရှာလေတော့၏။ ထို့ကြောင့် အတတ်ပညာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘုန်းကံနည်းပါးပါက မခံစားရ၊ ဘုန်းကံရှိသူများသာ ခံစားရ၏။

ထင်းခွေသမား လင်မယားတို့မှာ ကံမကောင်းသောကြောင့် ကောင်းမွန်စွာ နေထိုင်ရခြင်း မရှိရချေ။ ဆင်ဆရာလင်မယားတို့မှာ ကံကောင်းသောကြောင့် ကောင်းမွန်စွာနေထိုင်ရလေ၏။

ဟု ဆိုကာ ရသေ့ကြီးက ပြောလိုက်သည့်အခါ နွားကျောင်းသားလေးမှာ တစ်စုံတစ်ရာ ပြန်မပြောဘဲ အဝေးသို့ငေးကြည့်၍ နေလေတော့၏။

ထိုအခါ ရသေ့ကြီးက. . .

"ချမ်းသာခြင်းကိုဖြစ်စေ" ဟူသော ဆုကိုပေး၍ ကြေးစည်လေးကို ထုလိုက်သည့်အခါ နွားကျောင်းသားလေးမှာ အတွေးများ လွင့်ပြယ်သွားကာ. . .

"ကျွန်ုပ် အခုလို ဖြစ်ရတာ ကံမကောင်းလို့လား" ဟု မေးလိုက်လေ၏။

"ဒါပေါ့ကွာ ဒါပေါ့" ဟုရသေ့ကြီးက ပြောလိုက်ရာ. . .

"ဒါဆို ကံကောင်းအောင် ဘာလုပ်ရမလဲ" ဟု နွားကျောင်းသားလေးက မေးလိုက်လေ၏။

"လူတွေဟာ ကုသိုလ်ကံညံ့လို့ စိတ်မကောင်းစရာ၊ အဆင်မပြေတာတွေ ကြုံကြတဲ့အခါ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်အောင် ပြန်လုပ်ယူလို့ရတယ်၊ တစ်နည်းအားဖြင့် ကံဆိုတာ အလုပ်ပဲ မဟုတ်လား၊ အလုပ်လုပ်တာကောင်းရင် ကံကောင်းလာမှာပေါ့" ဟု ရသေ့ကြီးက ပြောလိုက်ရာ နွားကျောင်းသားလေးက လွန်စွာမှ စိတ်ဝင်စားလာပြီးလျှင်. . .

"ကံကောင်းလာအောင် ဘယ်လိုလုပ်ရမလဲ" ဟု ထပ်မေးလိုက်ပြန်၏။

"ကံကောင်းလာအောင်၊ ကံမြင့်လာအောင် ဘာသာရေးနဲ့မြင့်ပေးရင်ရတယ်၊ ယုံကြည်မှုသည် အောင်မြင်ခြင်းတဲ့၊ ကဲ အမောင် နွားကျောင်းသားရေ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတွေကို ဦးထိပ်ထားပြီး အလုပ်လုပ်ရမယ်၊ မြတ်စွာဘုရား ကိုယ်တော်တိုင်က ဟောကြားတော်မူခဲ့တဲ့ နှုတ်ကပါဌ်တော်တွေကို နေ့စဉ်ရွတ်ဆိုပွားများပေတော့" ဟု ရသေ့ကြီးကပြောလိုက်သည့်အခါ -

"တင်ပါ့၊ တပည့်တော် ရွာဦး ဘုန်းကြီးကျောင်းမှာနေစဉ်က ပရိတ်ကြီး ၁၁ သုတ်ကို ရပါတယ်၊ အဲဒါရွတ်ရင်ရော ကံကောင်းလာမှာလား" ဟု နွားကျောင်းသားက မေးလိုက်လေ၏။

"အမောင် နွားကျောင်းသား ဘရသေ့ပြောပြီးပြီလေ၊ ယုံကြည်မှုသည် အောင်မြင်ခြင်း ဆိုတာလေ၊ အမောင် နွားကျောင်းရင် ပရိတ်ကြီး ၁၁ သုတ် ရွတ်ပေါ့၊ ရွတ်တဲ့အခါမှာ တောစောင့်နတ်၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်တွေကို ပင့်ဖိတ်ပြီးရွတ်၊ ပြီးတော့ ပရလောက သမ္မာဒေဝ နတ်မင်းတွေကိုလဲ မေတ္တာပို့၊ ကိုယ့်အခက်အခဲတွေကို ကျော်လွှားနိုင်အောင်၊ ကိုယ်ဖြစ်ချင်တာတွေကို ဖြစ်လာအောင် ကူညီစောင့်ရှောက်ဖို့ ပန်ကြားရမယ်"

ဟု ရသေ့ကြီးက ပြောလိုက်ရာ နွားကျောင်းသားလေးမှာ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရသေ့ကြီးအား ကန်တော့၍ နွားကျောင်းရန် ထွက်သွားလေတော့၏။

"ချမ်းသာခြင်းကိုဖြစ်စေ"

ဟူသော ဆုကိုပေးကာ ကြေးစည်လေးကို ထုလိုက်လေတော့သတည်း။

လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေသော်။

❒ မင်းသိန်းဖြည့်



www.burmeseclassic.com

www.burmeseclassic.com

လူသားတိုင်း အမေ ဟူသော ဝေါဟာရမှ ဆင်းသက်ပေါက်ဖွားကြရ၏။ အမေ့ရင်တွင်းမှပေးဆပ်လာသော ကြီးမားသည့် မေတ္တာဖြင့် လူသားတစ်ဦး ဖြစ်၍လာခဲ့ခြင်းသည် ဓမ္မတာဖြစ်ပါသည်။

အချို့သော လူသားများသည် မွေးမေမေရဲ့မြင်းမိုရ်တောင်ထက် ကြီးမားလှတဲ့ ကျေးဇူးတရားကို မသိတတ်ကြသေး။

သားလေးလား၊ သမီးလေးလား မသိရမီ အမေ့ရင်တွင်း သက်ဆင်းလာတဲ့ ပဋိသန္ဓေကာလမှ လူ့လောကရဲ့ အပြင်ရောက်သည်အထိ အမေခံစားခဲ့ရတဲ့ဒုက္ခ။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ကလေးငယ်ဘဝမှာ မရှုံမရှာအချိန်နှင့်အမျှ လူဖြစ်အောင်ပြုစုစောင့်ရှောက်ခဲ့ရတဲ့ဒုက္ခ။

လူနှင့်တူအောင် ကျွေးမွေးသုတ်သင်၊ သွန်သင်ဆုံးမခဲ့ရတဲ့ဒုက္ခ စတဲ့ အမေ့ဒုက္ခ ထောင်သောင်းကုဋေကို နားလည်မှုမပေးချင်ကြဘဲ ကျေးဇူးတော် အနန္တကို မျက်ကွယ်ပြုတတ်ကြပါသည်။

မွေးမေမေတွေရဲ့ သားသမီးအပေါ် ချစ်ခင်မြတ်နိုး တွယ်တာတတ်ကာ မေတ္တာ၊ ကရုဏာတရား အပြည့်ထားလျက် ဒုက္ခနှင့်အရင်းတည်ပြီး ပြုစုစောင့်ရှောက်ခဲ့ရတဲ့ကျေးဇူးများအထဲမှ နို့တစ်လုံးဖိုးလောက်ဖြစ်စေ အကြွေးဆပ်နိုင်ကြရန် ရည်ရွယ်သမှုဖြင့် ဤစာစုကို ဖွဲ့ဆိုအပ်ပါသည်။

အမေ့ရင်တွင်း ကိုးလကျော် ပဋိသန္ဓေအဖြစ် ကိန်းစဉ်က ဒုက္ခတွေကို အရိယာပုဂ္ဂိုလ်များသာ အကုန်သိနိုင်ပါ၏။ အမေ့ခန္ဓာတွင်း၊ ဇာတိရဖို့ဆိုတာ အလွန်ခဲယဉ်းလှပါတယ်။ စိစစ်ကြည့်ရင် အဖေနဲ့ အမေတို့ကလည်း ဖို+မ တူးလူးဆက်ဆံမှုရှိမှ၊ အမေ့ရဲ့ သားအိမ်ကလည်း သန့်ရှင်းပြီး ရာသီပန်းလည်းပွင့်မှ ဇာတိဖြစ်မယ့် ကလေးကလည်း တစ်ဖက်ကနေ ပြုန်းခနဲ ခုန်ချလိုက်သလို



အချိန်ကိုက် ပေါင်းစပ်ရောက်ရှိပါမှ ပဋိသန္ဓေ တည်ရပါတယ်။

ကံကြောင့်ဖြစ်ရတဲ့ ရုပ်ကလေးရယ်၊ စိတ်ဝိညာဉ်ရယ်၊ စေတသိက်ခေါ်တဲ့ နာမ်တရားတို့ကလဲ တစ်ပြိုင်တည်းဖြစ်ပါမှ အမေ့ရင်တွင်း သန္ဓေမှီခွင့်ရှိပါ၏။

မွေးမေရင်တွင်း ဇလာဗုဇ် ပဋိသန္ဓေအဖြစ် စ၍တည်ရင်ပဲ သဘာဝအရ အမေ့ရဲ့အသည်းနှလုံးနဲ့ ခန္ဓာအနှံ့မှာ ဒုက္ခအပေါင်းကို ခံနိုင်ရည်ရှိဖို့အတွက် မေတ္တာတရားတွေ ရောက်ရှိလာပြီလို့ပြောရပါမယ်။

သားမှန်း သမီးမှန်းမသိရသေးဘဲ ပဋိသန္ဓေလွယ်ထားရမှန်းသိကတည်းက ကြီးမားတဲ့မေတ္တာဖြင့် . . .

"ငါ့ရဲ့သားသမီးကို ဘယ်လိုပင် ဒုက္ခရောက်ပါစေ၊ ငါ့ရဲ့အသက်နှင့်လဲကာ စောင့်ရှောက်မည်လို့ ယတိပြတ်ဆုံးဖြတ်ထားပြီးသား ဖြစ်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

အမေ့ဗိုက်အတွင်း ဖြစ်ခြင်းအစ ရုပ်အမှုန်ကလေးသုံးဆယ်ခန့်က တစ်ပတ်အကြာမှာ အမြှုပ်အဖြစ် ကြီးပြင်းလာရတာ သုံးပတ် အကြာမှာတော့ အစိုင်အခဲလေးအဖြစ်ကတစ်ဆင့် ခုနစ်ပတ်ကြာမှ လူကလေး ပီသလာရပါတယ်။

နာမ်တရားကလဲ စိတ်ဖြစ်ရပြီး တစ်ပတ်အကြာမှ အာယတန ခြောက်ပါး ပြည့်စုံလျက် ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် မွေးမေရဲ့ အငွေ့အသက်တွေက ထောက်ပံ့မှ ပဋိသန္ဓေလေးဟာ လူယောက်ျား၊ လူမိန်းမရယ်လို့ဖြစ်ရပါတယ်။ မွေးမေဟာ ကလေးနဲ့ ချက်ကြိုးသွယ်ကာ လိုအပ်သမျှအာဟာရနှင့် မေတ္တာဓာတ်တွေ လွှမ်းခြုံခဲ့ရပြီလေ။

သန္ဓေက လူကလေးအသွင် ပြောင်းပြီး မွေးမေရဲ့အစာအိမ်ဟောင်းကို ဖင်ခု၊ အစာအိမ်သစ်ကို ခေါင်းပေါ် ရွက်ကာ ဒူးနှစ်လုံးကြား ခေါင်းညှပ်လျက် တဖြည်းဖြည်း ကြီးထွားလာရင်း မွေးမေကို ဒုက္ခလှလှကြီး ပေးခဲ့ပါ၏။

မွေးမေကတော့ ဒီဒုက္ခတွေကို သုခလို့ ထင်လေရဲ့။ အနေအထိုင်၊ အသွားအလာ၊ အစားအသောက်စတာတွေကို မေတ္တာခွန်အားဖြင့် မိမိဆန္ဒကို ဘေးဖယ်ကာ. . .

“ဩော် ငါ့ကလေး ကျန်းမာချမ်းသာဖို့အတွက် ငါပူလွန်းတဲ့ အေးလွန်းတဲ့ စပ်လွန်းတဲ့ အစားအစာကို ရှောင်မှ အကယ်လို့ စားသုံးခဲ့ရင် ငါ့ကလေး ငရဲကျသလိုခံစားရမှာပေါ့”တဲ့။

“အကယ်၍ ငါ အနေအထိုင် မတတ်ရင် ငါ့ကလေး အဖတ်မတင်ဖြစ်ချေရဲ့”

မေတ္တာအရင်းခံလျက် ဒုက္ခအပေါင်းကို အံတင်းလို့ခံပြီ။

မွေးမေရဲ့မေတ္တာဟာ သားလေး သမီးလေးအပေါ် ချစ်စရာအသွင်အာရုံ ပြုပြီလေ။ ကိုယ့်အတွက် ဘာတစ်ခုမှ ထည့်မတွက်ရှာ။ ငါ့ကလေးကောင်းစားရင်ပြီးရောလို့ ဆိုရမှာမို့ အမြဲထာဝရ ရေလိုလည်း အေးမြနေ၏။ ပန်းလိုလည်း လန်းဆန်းမွှေးကြိုင်ပါ၏။

မွေးမေတိုင်း သားသမီးအပေါ်ထားတဲ့မေတ္တာဟာ မေတ္တာတု၊ မေတ္တာယောင်နည်းပြီး မေတ္တာစစ်တို့သွားရာလမ်းကိုသာ ဦးတည်နေတယ်လို့ယူဆသင့်လှပါ၏။ လူသားမဟုတ်တဲ့သတ္တဝါတွေမှာလည်း အမေနှင့် သားသမီးတို့ရဲ့ မေတ္တာဆက်သွယ်မှုကို ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ကိုယ်ကျင့်အဘိဓမ္မာမှာ နွားမကြီးဟာ မေတ္တာစစ်နှင့် သားငယ်နွားကလေးကို နို့တိုက်နေခိုက် မုဆိုးက လှံနှင့်ထိုးသတ်စဉ် မေတ္တာတန်ခိုးကြောင့် လှံမစူးဘဲ ထန်းရွက်လို ပျော့ခွေသွားခြင်းဟာ မိခင်မေတ္တာ၏ အစွမ်းပင်ဖြစ်ပါ၏။

မွေးမေရဲ့ကလေးဟာ အရွယ်ရလာတော့ တစ်ခါတလေ မိခင်ကို ခြေထောက်နှင့်ကန်၊ လက်တံတောင် စတာနဲ့ ပုတ်လိုပုတ်၊ ခေါင်းနှင့်ခွေ့လိုခွေ့၊ ဒုက္ခတွေကိုပေးခဲ့ပေးခဲ့၊ မွေးမေက ဒုက္ခလို့ မထင် သုခလို့ပင် ထင်ရှာမပေါ့။

“ဖေကြီးရေ . . . လာပါဦး၊ ကျွန်မဗိုက်ကိုစမ်းကြည့်ပါဦး၊ ဒီနားတိုးနေပြီတော့၊ သားကလေးက မကျေနပ်လို့ ဆန္ဒပြတာထင်တယ်” တဲ့။

“အမယ်လေး. . . လေး၊ နာလှချေရဲ့. . . ကယ်ကြပါဦး. . . သေရချေရဲ့”

မွေးမေတို့မီးဖွားချိန်မှာ လူတိုင်းကြားဖူးတဲ့ မွေးခါနီး မချိမဆံ့ဒုက္ခဝေဒနာတွေကို သေမတတ်ခံစားနေကြရပေမယ့် မွေးပြီးလို့ သားလေး၊ သမီးလေးကိုလည်း မြင်ရ၊ ကြားရတော့ မိခင်ရဲ့မေတ္တာဓာတ် သဘောအရ အလွန်အမင်းခံစားရတဲ့ ဝေဒနာတွေပျောက်လို့ သုခတွေရောက်လာသလား ထင်ရပြီလေ။

“အူဝဲ အူဝဲ”ဆိုတဲ့အသံပေးကာ လူ့လောကထဲရောက်စမှ သုံး, လေး, ငါးနှစ်အရွယ်ထိ ချီးသေးကအစ အာဟာရအဆုံး အချိန်ရှိသမျှ ရိပ်တကြည့်ကြည့်နဲ့ မညည်းမညူပြုစုလုပ်ကျွေးခဲ့ရတဲ့ဒုက္ခတွေကိုလဲ သုခလို့ ထင်ပြီလေ။

“အို အို အိုး. . . အိပ်ပါတော့လေ”

သားလေး၊ သမီးလေး အိပ်ချင်ပြီဆိုရင်လဲ သားချော့တေးလေးနဲ့ မရှက်မကြောက် ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်။

“လူကလေးရဲ့ချော့စရာ မိတ္တီလာ ကန်တော်အောက်က ဖားကောက်ခဲ့ပါ”

“လူကလေးရယ်ငို ခိုဖမ်းလို့ပေး” စတဲ့ သားချော့တေးကိုဆိုပြီးလှဲ သိပ်တတ်ပါ၏။

ကလေးချော့တေးလေးကို သီဆိုလို့ ချော့သိပ်တတ်တာကလဲ မွေးမိခင်ရဲ့ မွေးရာပါမေတ္တာလို့ ဆိုချင်ပါ၏။

ဘုရားရှင်လက်ထက်တော်ကလဲ အမ္ဗပါလီဆိုတဲ့ ရဟန္တာမလောင်းလျာကြီးဟာ မိခင်ဘဝမှာ သားတော်လေးကို မျိုမတတ်ချစ်ရှာတော့ သားလေးကို အဆင့်အတန်းမီမီထားခဲ့သလို အရိပ်တကြည့်ကြည့်နဲ့. . .

“သားတော်လေးရဲ့မျက်နှာ မိခင်မာတာ တစိမ့်စိမ့်ကြည့်ရင်းသာ၊ အမေ့ရင်တွင်း၊ ချစ်ခြင်းမေတ္တာ၊ တဖျပ်ဖျပ်တိုက်ခတ်ပေါ်လာပြန်တာ”ဆိုတဲ့ ခေတ်အလိုက် တေးဆိုကာ သိပ်တတ်ပါသတဲ့။

ရဟန်းဒါယိကာမကြီး ဖြစ်တဲ့ ကိသာဂေါတမီကလည်း သားကို ချစ်လွန်းရှာတော့ သေပြီးတဲ့သားကို ချီပွေ့ကာ ရပ်တကာလှည့်လို့ သားလေးကို ရှင်အောင်လုပ်ပေးကြပါရန် မမောနိုင် မပန်းနိုင် မဖြစ်နိုင်တာကို အကူအညီတောင်းခဲ့တာဟာလည်း သားကိုချစ်တဲ့ မိခင်ရဲ့ဇီဇစိတ်တစ်ခု ဖြစ်လေမလားပေါ့။

လူကြမ်းကြီး အင်္ဂုလိမာလဟာ လိုနေသေးတဲ့ လက်ညှိုးတစ်ချောင်းအတွက် မိခင်ကိုသတ်ဖို့ကြံစည်စဉ် မိခင်အိုကြီးကတော့ သူ့အသက်ကိုပဓာနမထား၊ သားကိုချစ်တဲ့ မေတ္တာစစ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သူသားကို အများတကာ သတ်မှာ စိုးတာ . . .

"သားရေ. . . လူလေး၊ ပြေးပြေး လွတ်အောင်ပြေး"ဆိုပြီးအော်၍သာ နေရှာသတဲ့။

မွေးမေတို့ သားသမီးကို ချစ်ခင်နှစ်သက်မြတ်နိုးခြင်းဟာ သဘာဝတရားသာဖြစ်၏။ မကောင်းတာကို တားမြစ်၊ ကောင်းတာကိုလမ်းညွှန်ကာ ခေတ်ပညာတွေတတ်အောင်လည်း ကျောင်းနေအရွယ်ကစလို့ နေ့စဉ်နဲ့အမျှ ဒုက္ခတွေခံနေရခြင်းဟာလည်း မမေ့နိုင်ရှာ။ လူ့လောကထဲ လျှောက်လှမ်းနိုင်ဖို့ လိုအပ်တဲ့အရင်းအနှီးထုတ်ပေးတာ သင့်တော်တဲ့သူနဲ့ ထိမ်းမြားလက်ထပ်ပေးရတာတွေဟာလည်း မွေးမေရဲ့ ကြီးမားလှတဲ့ မေတ္တာကျေးဇူးစာရားတွေသာဖြစ်ပါတယ်။

အံ့ချီးမကုန်၊ ကျေးဇူးတော်၊ မေတ္တာတော်အနန္တနှင့် ပြည့်စုံလျက် ဘုရားနှင့်တစ်ဂိုဏ်းတည်းထားသင့်တဲ့ မွေးမေကို ဘုရားရှင်က နို့နှစ်လုံးဖိုးကျေအောင် လုပ်ကျွေးပြုစု လက်တွဲခေါ်ကြဖို့ မိန့်မှာခဲ့ပါ၏။

သားသမီးအပေါ် အသက်နှင့်ရင်းကာ ပြုစုစောင့်ရှောက်၊ သွန်သင်ဆုံးမခဲ့တဲ့ မွေးမေကို နို့နှစ်လုံးဖိုးကျေအောင် ပြန်လည်ကျေးဇူးဆပ်ဖို့က လူသားတိုင်းရဲ့ တာဝန်ဝတ္တရားများသာဖြစ်ပါတယ်။

"သင် အမေ့နို့ဖိုး ကျေးဇူးကို ဘယ်ခလောက်ပေးဆပ်ပြီးပြီလဲ၊ ပေးဆပ်ဖို့ အဆင်သင့်ရှိပြီလား"

နို့တစ်လုံးဖိုး လောက်တော့ ကျေးဇူးတုံ့ပြန်သင့်ကြပါတယ်။

"မိဘတွေကို လုပ်ကိုင်ကျွေးလို့၊ မှုရေးကိစ္စစီမံလေ၊ အမွေကိုသာ ခံယူထိုက်ဖို့၊ လှူလိုက်ပေးလိုက် အမျှဝေ၊ မျိုးအနွယ်ကို စောင့်ကာထိန်းလို့ မတိမ်းစေနဲ့ ကျင့်ဝတ်တွေ"

အဲဒါတွေဟာ ဘုရားရှင်မိန့်ထားသားသမီးဝတ်ငါးပါးပဲလေ။ မွေးမေကို ကျေးဇူးဆပ်ရာမှာလဲ သဒ္ဓါတရားပဲ အရေးကြီးပါ၏။ သဒ္ဓါဆိုတာ ယုံကြည်ခြင်းဖြစ်ပါ၏။ ဘုရားရှင်ရဲ့ မိန့်မှာချက်ဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေကို ယုံခြင်းနှင့် မွေးမိခင်ကို ကျေးဇူးတုံ့ပြန် အလုပ်ကျွေးပြုတိုင်း စိတ်ထဲမှာ ကြည်နူးဝမ်းသာဖို့ လိုအပ်လှပါ၏။ မိဘကိုလုပ်ကျွေးပြုစုခြင်းဟာ ကုသိုလ်အထူးကို ရမှာဖြစ်သလို လူနတ်တို့ရဲ့ ကောင်းချီးပေးခြင်းကိုလည်း မလွဲမသွေရမှာ ဖြစ်ပါသည်။

ဘဝဟောင်းကံ၊ အကြောင်းခံကြောင့်၊ စီမံပေးထား၊ အမေများကို၊ ထားကြမေတ္တာ၊ အပြစ်ကိုခါ၊ အနှစ်ရှာလျက်၊ မေတ္တာရစ်သွယ်၊ ချစ်စဖွယ်နှင့် အမြစ်တွယ်အောင် ပြုလုပ်ဆောင်မှ၊ ကုသိုလ်ရပါ၏။

ကိုးလလွယ် ဆယ်လဖွားခဲ့ရတဲ့ မိခင်ဟာ ပုထုဇဉ်တို့ထုံးစံအရ ကာမဂုဏ်အာရုံတို့နှင့် မကင်းပေဘူးပေါ့။ ဒါကို အပြစ်လို့မြင်ရင်တော့ အကုသိုလ်ပဲပေါ့။

မွေးမိခင်အား ပူဇော်ထားမှု အစဉ်ပြုလျက် အကုသိုလ်အရေး မရှုပ်ထွေးအောင် လုပ်ကျွေးခြင်းသတိ အမြဲတမ်းရှိမှ အထက်စခန်းသို့ တက်လှမ်းနိုင်မှာ ဖြစ်ပါ၏။

မွေးမိခင်ရဲ့ ဇရာနှင့်ဗျာဓိ ဘဝပေးလေးကို သားသမီးတွေက နားလည်မှုလေးပေးဖို့ လိုအပ်လှပါ၏။ အမေ. . . အိုမင်းတဲ့အခါ လုံချည် အင်္ကျီစတာတွေကိုလဲ မနိုင်။ ထမင်းဟင်းစားပြန်တော့လည်း ဟိုဖိတ်ဒီစဉ်။ မလှုပ်ရှားနိုင်လို့ သွားဖို့လာဖို့ ထထိုင်ဖို့နှင့် ရေမိုးချိုးဖို့လဲ အဆင်မပြေ။ အသက်ကြီးတော့ စကားကလဲများ၊ ပြောတဲ့စကားကလဲ ရှေ့နောက် ညီချင်မှညီ၊ ခေတ်သစ်နည်းသစ် အကြောင်းအရာသစ်တွေကိုလဲ သိချင်မှ သိရှာမပေါ့။

အသက်ကြီးတဲ့မိခင်တိုင်း အိုမင်းရင့်ရော်ချိန်မှာ သားသမီးတွေဆီက အကူအညီ ပြောဖော်ပြောဖက်၊ ဆွေးနွေးဖက် စတာတွေ မလွဲမသွေ လိုအပ်လှပါတယ်။ မွေးမေရဲ့ကျေးဇူးတွေကို မေ့လျော့ပြီး နားလည်မှုမပေးဘဲ ပစ်ပယ်ထားမှု၊ လှောင်ပြောင်မှု စ,တာတွေဟာ မွေးမေကို ကျေးဇူးကန်းရာ ရောက်စေပါတယ်။

မြင်းမိုရ်တောင်ဦး၊ မကကြူးသည့်၊ ကူးလူးမေတ္တာ၊ ချစ်များစွာဖြင့်၊ ငယ်ရာမှကြီး၊ ဒုက္ခမီးကို၊ မညည်းမညူထမ်းပိုးကူပေး၊ မွေးမေအချစ်၊ အနှစ်အသွင်၊ ပြစ်မမြင်ဘဲ၊ ချစ်ခင်စုံမက်၊ မေတ္တာသက်မှ၊ အခက်ဝေကာ၊ တက်နေသို့ ထွန်းပေမပေါ့။

မွေးမေတို့ အိုနာသေရေး ဒုက္ခဘေးတွေနဲ့ ရင်ဆိုင်ရတဲ့အခါ သားသမီးတွေက မေတ္တာစစ်နှင့် ကူညီပံ့ပိုးစောင့်ရှောက်သင့်လှပေ၏။ တတ်နိုင်လို့ မွေးမေကို စောင့်ရှောက်တဲ့အနေနှင့် ကာမဂုဏ်အာရုံ အစုံအလင်နဲ့ စိန်ပုံရွှေပုံငွေပုံပေါ်မှာ ထားပေမယ့် နို့နှစ်လုံးဖိုးမကျေနိုင်ပါ။ နို့နှစ်လုံးဖိုးကျေအောင် ကျေးဇူးဆပ်ဖို့ဆိုရင် အမေသဒ္ဓါတရားနှင့်ပြည့်ပြတ်အောင် ကူညီစောင့်ရှောက်ဖို့လိုပါသည်။

မြတ်စွာဘုရားကတော့ မွေးမေကို သဒ္ဓါတရားပြည့်ပြတ်စေရန် မယ်တော်မိနတ်သားထံသွားကာ အဘိဓမ္မာတရားကို သုံးလတိုင် ဟောခဲ့သလို နို့တိုက်အမေ မိထွေးတော်ပဇာပတိဂေါတမီကိုလဲ ဓမ္မနို့ချိုတိုက်ကျွေးကာ ရဟန္တာမကြီးဖြစ်အောင် ကူညီပံ့ပိုးကျေးဇူးဆပ်ခဲ့ပါ၏။ နို့နှစ်လုံးဖိုးကျေပါ၏။

သားသမီးများဟာ မွေးမေကို ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်တရားလေးပါးနှင့် အမြဲတမ်း ပွားများအားထုတ်နိုင်ရန်ကူညီ၍ ကျေးဇူးဆပ်သင့်လှပါ၏။ သစ္စာလေးပါး ဓမ္မနို့ရည်တို့နှင့် တိုက်ကျွေးခြင်းအဖြစ် မွေးမေကို ဦးဆောင်လျက် သီလစောင့်ထိန်းဖြစ်အောင် စီစဉ်ကာ ပေးကမ်းစွန့်ကြဲခြင်း ဒါနအမှုနှင့် ကုသိုလ်ဖြစ်မယ့် လူမှုရေးကိစ္စများကို စီစဉ်ပေးသင့်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

တရားနာခြင်း၊ တရားဆွေးနွေးခြင်းများ၊ ဂုဏ်ဖော်ပဌာန်း ပဋ္ဌိစ္စသမုပ္ပါဒ် စသည်ရွတ်ဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ ခုနစ်ရက်စခန်း၊ ဆယ်ရက်စခန်းစတဲ့ တရားစခန်းများကို ကိုယ်တိုင်ကြိုးစားအားထုတ်စေခြင်း၊ အိမ်မှာလဲနေ့စဉ်တရားထိုင်လျက် သမထဝိပဿနာကို ပွားများအားထုတ်ကာ အာစိဏ္ဏကံကုသိုလ်ကို စုဆောင်းထားခြင်းဖြင့် အနေတတ်၍ အသေတတ်သောအမေအသေမြတ်မယ့်မွေးမေအဖြစ် ကူညီ ပို့ဆောင်ပေးဖို့လိုအပ်ပါသည်။

မြတ်ဗုဒ္ဓက မွေးမေတို့ဟာ သားသမီးအပေါ် ရှေးဦးစွာကျေးဇူးပြုခဲ့လို့ ပုရတ္ထိမာဒိသာ အရှေ့အရပ်မည်တယ်လို့ မိန့်ဆိုခဲ့ပါ၏။ အရှေ့အရပ်ဟူသော မိဘနှင့် သားသမီးဆက်ဆံရေးကိုလည်း . . .

(၁) မိဘတို့က မွေးမြူအပ်သော ငါသည် ထိုမိဘတို့ကို ပြန်လည်၍မွေးမြူအံ့။

(၂) မိဘတို့၏အမှုကိစ္စကို ပြုလုပ်ပေးအံ့။

(၃) မိဘတို့ဥစ္စာကို မပျက်အောင်စောင့်ထိန်းရခြင်း၊ အစဉ်အလာမှာလာသော ကုသိုလ်တော်ဝတ်ကို ပြုပြင်ခြင်းဖြင့် အမျိုးအနွယ်ကို တည်စေအံ့။

(၄) အမွေခံထိုက်အောင် မိဘတို့၏အဆုံးအမကို ကျင့်ကြံလိုက်နာအံ့။

(၅) ကွဲကွာ၊ သေလွန်သည့် မိဘအတွက် အလှူပေးအံ့ ဟု မိန့်ကြားထားခဲ့ပါသည်။

ကိုယ်တိုင် သဒ္ဓါတရားနဲ့ ကျေးဇူးဆပ်ခြင်းဟာ လောကီ၊ လောကုတ်နှစ်ဖြာသော ကုသိုလ်ကောင်းမှုအလုပ်ဖြစ်လို့ အလွန်မွန်မြတ်လှပြီး နှစ်ဦးသားအာစိဏ္ဏကံကုသိုလ်တွေ တစ်ပုံတစ်ခေါင်းကြီးစုဆောင်းထားကာ မွေးမေကျေးဇူး နို့ဖိုးကျေမှာလည်းဖြစ်ပါသည်။ ကိုယ်ကျင့်သီလကောင်းခြင်း၊ ယုံကြည်မှုသဒ္ဓါတရား မိမိသန္တာန်၌တည်ခြင်း၊ ရတနာ အစစ်ဖြစ်တဲ့ ပညာရရှိခြင်းနှင့် စုဆောင်းထားတဲ့ ကုသိုလ်တရားတွေကိုလဲ ခိုးယူ သူတို့ မခိုးယူနိုင်ခြင်းဆိုတဲ့ ဘုရားရှင်ရဲ့ လမ်းညွှန်ချက်နှင့်လည်း ညီမှာဖြစ်ပါ၏။

နောက်တစ်ချိန်ရောက်လာ မယ့်လူ့ဘဝကိုစဉ်းစားရင် စိတ်အေးဖွယ်ရာမရှိလှပါလို့ စဉ်းစားဆင်ခြင်ခဲ့ရ၏။

အခု ဘုရားသာသနာတွင်းနှင့် ကြုံခြင်း၊ အားလုံးမဟုတ်စေကာမူ လူအများဟာ လူကောင်းသူကောင်းများဖြစ်ခြင်း၊ မိဘဆရာတို့က သူတော်ကောင်းများဖြစ်ခြင်းနှင့် အလွန်မဆင်းရဲဘဲ အထိုက်အလျောက်ချမ်းသာခြင်းစတဲ့ လူဖြစ်ရကျိုးနပ်တဲ့ အကြောင်းကောင်းတွေကို လက်တွေ့ မာတာမိခင်အား ကျေးဇူးဆပ်လျက် သူတော်ကောင်းတန်းဝင်အောင် ကြိုးစားကြရန် တိုက်တွန်းအပ်ပါသည်။

အမှုပွေသည်၊ လူပြည်လောက၊ ဘုံဌာနတွင်၊ ကျေးဇူးဂုဏ်အင်၊ အစုံမြင်၍၊ မိခင်မြတ်ကို၊ ရှိသေစွာလုပ်ကျွေးပြုစုပေးကာ၊ မှုရေးကိစ္စ၊ ဆောင်ရွက်ကြလျက်၊ အတွေးမဆန်း၊ နောင်အရေးမှန်ကာ၊ ပေးကမ်းစွန့်ကြ၊ သဒ္ဓါကဲလျက်၊ အမြဲဆောင်ထား၊ ငါးပါးဆယ်ပါး၊ သီလများမှ၊ ပွားများသမထ၊ ဝိပဿနာ၊ နှစ်ဖြာအလုပ်၊ မွေမေ အားထုတ်ကာ၊ သံသရာတွင်း ဝဋ်ကံကြွင်းမှ၊ လွတ်ကင်းရာသို့၊ သယ်ဆောင်ပို့မှ၊ နို့နှစ်လုံးဖိုးကျေသတည်း။

အမေ့ကျေးဇူး အထူးသိလျက် နို့ဖိုးကျေအောင် ပေးဆပ်ရင်း လူ့ဘဝကို အလှဆင်နိုင်ကြပါစေ။

စစ်ကိုင်းအမေနေ့နှင့် အမေနေ့အခမ်းအနားများကိုဂုဏ်ပြုလျက် . . .

❒ ယောဂီတိုးအောင်

မှီငြမ်း

၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက် (သာသနာတော် ထွန်းကား ပြန့်ပွားရေးဌာန)

၂။ ဆရာတော်ဦးဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာ။

"အမေထုံ၊ ဘာတွေ လုပ်နေတာလဲ"

"ပုတီးစိပ်နေတာ ပတော်"

"ဟယ် အမေထုံ့ ပုတီးက မနက်အစောကြီးကတည်းက စိပ်နေတာမဟုတ်လား၊ ဘယ်တော့ပြီးမှာလဲ အဖေမထုံရဲ့"

"အို ကျုပ်ကတော့ အချိန်ရှိသရွေ့ စိပ်နေလိုက်တာပဲလေ၊ စိပ်ပြီး သမျှပုတီးပတ်တွေကိုလဲ ကျုပ်က လှောင်ထားတာ၊ များများ လှောင်ထားနိုင်မှ ကျုပ် ဆုတောင်းတွေက ပြည့်မှာ မိန်းကလေးရဲ့"

ဧည့်ခန်းထောင့်ရှိ ပက်လက်ကုလားထိုင်လေးပေါ်တွင် ကျုံ့ကျုံ့လေးထိုင်နေသည့် အမေထုံကို ကျွန်မ နှုတ်ဆက်ရင်း မေးလိုက်ခြင်းဖြစ်၏။ အမေထုံ၏ အမည်ရင်းက ဒေါ်သင်းထုံ။ ကျွန်မတို့နှင့် ဘေးချင်းကပ်အိမ်တွင် နေထိုင်သူ ဖြစ်၏။ အိမ်နီးချင်းအဖြစ် နှစ်ကာလ အတော်ကြာအောင် နေလာခဲ့ခြင်းကြောင့် မိသားစုနှစ်ခုက ဆွေမျိုးရင်းချာသဖွယ် ဖြစ်၍နေလေပြီ။ အိမ်တွင် ဟင်းကောင်းချက်သည့်နေ့ ဆိုလျှင် အမေထုံ စားရန် သွားပေးရင်း ကျွန်မက ယခုကဲ့သို့ တရင်းတနှီးပြောဆို စနောက်နေကျ ဖြစ်၏။

အမေထုံ့ အသက်က ကိုးဆယ်ပြည့်ရန် လပိုင်းသာ လိုတော့၏။ တစ်ခါတလေ သတိမေ့လျော့တတ်သည်မှ လွဲ၍ ကျန်းမာရေးက အတော်ကောင်းနေသေးသည်ဟု ဆိုရမည်ပင်။ မေ့သည်ဆိုသော်လည်း တခြား အရာများသာ မေ့ချင် မေ့၏။ သူ့သားသမီး သုံးယောက်ကိုတော့ ဘယ်သောအခါမှ မမေ့။ မမေ့ရုံသာမက သူ့စိတ်ထဲ၌ သူ့သားသမီး သုံးယောက်အား ယခုအချိန်ထိ ကလေးအရွယ် လူမမည်သေးထင်နေသည့်ပုံပင်။





www.burmeseclassic.com

www.burmeseclassic.com

အမေထုံ ပြန်ပြောလိုက်သည့် စကားကို နားထောင်ပြီး ကျွန်မ ကျီစယ်ချင်စိတ်ပေါ်လာကာ အနားသွားထိုင်၍ မေးလိုက်မိ၏။

"သမီးဖြင့် တစ်ခါမှ မကြားဖူးဘူး ပုတီးပတ်တွေ လှောင်ထားရတယ်လို့ ဘာလုပ်မလို့တုံး အမေထုံရဲ့၊ ဘာတွေများ အမေထုံက ဆုတောင်းထားတာလဲ နိဗ္ဗာန်လား"

"ကျုပ် ဆုတောင်းတာလား၊ သားတွေ သမီးတွေ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ အဆင်ပြေပြေ ရှိကြဖို့ပေါ့တော်၊ တခြား ဘာရှိဦးမှာတုံး"

"ဟင် အမေထုံ့ ဆုတောင်းလဲ ဒါပဲလား၊ တောင်းလိုက်ပါလား နိဗ္ဗာန်ကို၊ သူများတွေများ ရောက်ချင်ကြလွန်းလို့ အသည်းအသန်ကြိုးစားနေကြတာ၊ အမေထုံက နိဗ္ဗာန်မရောက်ချင်ဘူးလား၊ အခုနေ နိဗ္ဗာန်ပို့ပေးမယ့်သူဆိုရင် သွားမလား အမေထုံ"

"အင်း ရောက်တော့ရောက်ချင်ပါရဲ့၊ ဒါပေမဲ့ လောလောဆယ်တော့ ဖြစ်သေးပါဘူး၊ ဒီကလေးတွေနဲ့ ကျုပ်လွတ်လွတ်လပ်လပ်သွားလို့ ဖြစ်နိုင်ပါ့မလား မိန်းကလေးရဲ့၊ နိဗ္ဗာန်တော့ နောက်များမှပဲ"

အမေထုံ့ စကားကြောင့် ကျွန်မ သဘောကျစွာ ပြုံးလိုက်မိ၏။

ကလေးတွေဆိုသည်က သူ့သားသမီး သုံးယောက်ကို ဆိုလိုခြင်းဖြစ်သည်။ ကိုအောင်ထိုက်က အကြီးဆုံး၊ အလတ်က ကိုသန်းထိုက်၊ မခင်ဆွေထိုက်က အငယ်ဆုံးဖြစ်၏။ အမေထုံက သူ့သမီး အငယ်ဆုံးနှင့်နေသည်။

ကျွန်မပြုံးမိခြင်းက ကလေးတွေဆိုသော သူ့သားသမီး သုံးယောက်တွင် ကိုအောင်ထိုက်က ဆောက်လုပ်ရေးဌာနမှ အရာရှိကြီးတစ်ဦးဖြစ်ပြီး နောက်တစ်နှစ်ကျော်ကျော်လောက် ဆိုလျှင်

# ဘယ်ပန်းချီရေးလို့မမီ

သစ္စာဦး(ရေမျှောမြေ)





www.burmeseclassic.com

www.burmeseclassic.com

အသက်ခြောက်ဆယ်ပြည့်၍ ပင်စင်ယူရတော့မည်။ ဗိုလ်မှူးသန်းထိုက်က ငါးဆယ့်ငါးနှစ်၊ အငယ်ဆုံး အထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေထိုက်ပင် ငါးဆယ်ပြည့်၍ တစ်နှစ်စွန်းနေပြီဖြစ်သောကြောင့် ဖြစ်၏။

"ဘာတွေ သဘောကျနေတာလဲ ထွေးထွေးရဲ့၊ ချိုင့်ထဲက ဘာတွေတုန်း"

"ငါးပုပ်ခြောက်လေးရလို့ မီးကင်ပြီး အမေထုံ့အတွက်လာပို့တာ မမထိုက်ရဲ့၊ အမေထုံက မမထိုက်တို့ မောင်နှမတွေကို စိတ်မချလို့ နိဗ္ဗာန်တောင် မသွားနိုင်သေးဘူးတဲ့လေ . . . ဟင်း ဟင်း"

"အေးလေ ငါတို့က သူ့ကို မှီခိုနေရတာကိုးဟဲ့၊ ပြောမှာပေါ့ဟယ်၊ ငါးပုပ်ခြောက်ကလေး နူးအိနေတာပါပဲလား၊ မေမေ အင့် စားကြည့်ပါဦး၊ ငါးပုပ်ခြောက်ကလေး၊ မေမေ့ဖို့ ထွေးထွေးယူလာတာတဲ့"

ကျွန်မ စကားကို မမထိုက်က အရွှန်းဖောက်ကာ ပြန်ပြောရင်း ချိုင့်ထဲမှ ငါးပုပ်ခြောက် အနည်းငယ်အား လက်ညှိုးလက်မတို့ဖြင့် အသာယူပြီး မိခင်ဖြစ်သူကို တယုတယ ကျွေးနေလေသည်။ ကိုအောင်ထိုက်က အစ မခင်ဆွေထိုက်အဆုံး မောင်နှမ သုံးယောက်စလုံး သူတို့မိခင်ကြီးကို အလွန်ဂရုစိုက်ကြ၏။ လိုလေသေးမရှိအောင်လည်း ထောင်စေ့အောင် လုပ်ပေးနိုင်ကြ၏။ တကယ့်ကို ချီးကျူးစရာပင်။

မခင်ဆွေထိုက်ဆိုလျှင် အိမ်တွင် ကူဖော်လောင်ဖက်ကလေးမတစ်ယောက်ခေါ်ထားသော်လည်း သူ ကျောင်းသွားနေသည့် အချိန်သာ လိုအပ်သည်တို့လုပ်စေ၏။ သူရှိနေသော အချိန်ဆိုလျှင်တော့ မိခင်ကြီး၏ ကိစ္စအဝဝသူသာ မညည်းမညူ ဒိုင်ခံလုပ်လေသည်။

ယခုလည်း မိခင်ဖြစ်သူကို ငါးပုပ်ခြောက်တစ်တိုတစ်စ တယုတယခွံ့ကျွေးနေသော မြင်ကွင်းအား ကျွန်မ သဘောကျစွာ ကြည့်နေမိ၏။ ဒီအိမ်ကို မကြာခဏ လာဖြစ်ခြင်းကလည်း ဆွေမျိုးပမာ ရင်းနှီးခင်မင်နေရုံသာမက သူတို့ သားအမိတစ်တွေ၏ တစ်ယောက်နှင့် တစ်ယောက် မေတ္တာဂရုဏာထားကြပုံကို ကြည့်ကာ ကြည်နူးပီတိ ဖြစ်မိရခြင်းကြောင့်ပင်။

သားသမီးနှင့် မိဘ ဆိုသော်လည်း သားသမီးများ၏ ချစ်ခင်ယုယမှု၊ ဂရုတစိုက်အလေးထားမှုတို့ကို ခံခွင့်ရှိသည့် မိဘအလွန်ရှား၏။ အများစုကတော့ ကိုယ့်ကို ကျွေးမွေးပြုစုပြီး တင့်တင့်တယ်တယ် ဖြစ်လာအောင် ပျိုးထောင်ပေးခဲ့သည့် မိဘများကို လျစ်လျူရှုကာ ကိုယ့်လင်၊ ကိုယ့်မယား၊ ကိုယ့်သားသမီးတို့အရေး ရှေ့တန်းတင်တတ်ကြသော သားသမီးများနှင့် ကြုံကြရသည်သာများ၏။ သားကောင်း သမီးကောင်းနှင့် အမေထုံလို ဆုံတွေ့ရခြင်းကတော့ အလွန်ကို ကုသိုလ်ထူး၏ဟုဆိုရမည်ပင်။ အမှန်မှာ မေတ္တာရောင်ပြန်ဟပ်ခြင်းသာ ဖြစ်၏။

သူတို့ မိသားစုနှင့် ပတ်သက်သည့် ဖြစ်ရပ်လေးတစ်ခု မမထိုက်ပြောပြ၍ နားထောင်ခဲ့ရဖူးသည်။ နားထောင်ရရုံဖြင့်ပင် သားသမီးများအပေါ် ထားသော အမေထုံ့ မေတ္တာကို ကျွန်မ အံ့ဩမိ လေးစားမိရ၏။ ထိုစဉ်က သုံးနှစ်သမီးသာရှိသေးသည့်အတွက် သူကိုယ်တိုင် မှတ်မိခြင်းတော့ မဟုတ်။ လူကြီးများပြောပြ၍ ကျွန်မကို တစ်ဖန်ပြောနိုင်ခြင်းသာ ဖြစ်၏။

မမထိုက်တို့ ဖခင်ဖြစ်သူက ဧရာဝတီတိုင်းဒေသကြီးရှိ မြို့လေးတစ်မြို့မှ ဖြစ်၏။ ဘွဲ့ရပြီး ရန်ကုန်မြို့ရှိ ဌာနကြီးတစ်ခုတွင် အလုပ်လုပ်ရင်း အမေထုံနှင့်တွေ့ခြင်း ဖြစ်သည်။

အလုပ်တာဝန်အပြင် မိသားစုပါရှိနေပြီဖြစ်၍ ဇာတိမြို့လေးသို့ မကြာခဏ မပြန်နိုင်တော့။ ကလေးတွေကျောင်းရက်ရှည်ပိတ်ပြီဆိုမှ ခွင့်တစ်ပတ်ဆယ်ရက်ယူကာ ဇာတိမြို့လေးရှိ အဘိုးအဘွားများထံ လိုက်ပို့ပေးတတ်၏။ ထိုနှစ်ကလည်း နွေရာသီ ကျောင်းရက်ရှည်ပိတ်ရက်တွင် အလုပ်မအားသည့်အတွက် တော်တော်နှင့်မပို့နိုင်။ ကျောင်းတွေဖွင့်ခါနီးမှ အလုပ်နည်းနည်းပါးသွား၍ခွင့်တစ်ပတ်ယူကာ သင်္ဘောကြီးဖြင့် အဘိုးအဘွားများထံ လိုက်ပို့လေသည်။

သွားတုန်းက အဆင်ပြေပြေပင်။ နေရသည့် ရက်ပိုင်းလေးတွင်လည်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် ပျော်ပျော်ရွှင်ရွှင်ရှိခဲ့၏။ အပြန်ခရီးမှာတော့ သူတို့ စီးနင်းလိုက်ပါလာသည့် သင်္ဘောကြီး မုန်တိုင်းမိလေတော့သည်။

လှိုင်းကကြမ်းကြမ်း လေကခြမ်းခြမ်း ကိုယ့်မိသားစုတစ်တွေ တကွဲတစ်ပြားစီ မဖြစ်အောင် မနည်းကြိုးစားနေကြရ၏။ ကိုယ့်ပစ္စည်းလေးများကိုလည်း ဂရုတစိုက်ကြည့်မနေနိုင်။ လှိုင်းမူးသည့် ဒဏ်ကြောင့် ခရီးသည်များအလဲလဲအပြိုပြို ဖြစ်နေကြ၏။ ပစ္စည်းတွေလည်း ရေထဲကျတာကျ၊ လွင့်လူးနေသော သင်္ဘောကြီးနှင့်အတူ ဟိုမှဒီလိမ့်ကာ ဘာပစ္စည်းမှ နေသားတကျမရှိကြတော့။

အစပိုင်းကတော့ ကိုယ့်အဖွဲ့နှင့်ကိုယ် လူစုမကွဲအောင် ကြိုးစားဖက်တွယ်ထားကြသေး၏။ တဖြည်းဖြည်းလှိုင်းမူးသည့်ဒဏ် ပြင်းထန်လာသည့်အခါမှာတော့ သူတစ်ပါးကို ငဲ့မနေနိုင်။ ကိုယ့်ဘာသာ တိုင်၊ နံရံ စသည်တို့ကိုဖက်ကိုင်မှီခိုပြီး သက်သာရာရှာ၍ နေကြ၏။ မမထိုက်တို့ မိသားစုငါးယောက်လည်း လှိုင်းမူးသည့် ဒဏ်ဖြင့် တခြားခရီးသည်များနည်းတူ အတုံးအရုံး ဖြစ်နေလေသည်။

အားလုံးဟုတော့ မဆိုလိုပါ။ တကယ်တမ်း အရေးကြုံလာပြီဆိုလျှင် သားသမီးများအပေါ် ဖခင်တစ်ယောက်ထားသည့် မေတ္တာစေတနာထက် မိခင်တစ်ယောက်ထားသည့် မေတ္တာ စေတနာက ပို၍ကြီးမားသည်ဟု ဆိုရမည်ပင်။ အသီးသီး လှိုင်းမူးသည့်ဒဏ်ဖြင့် ကိုယ့်ဘာသာ နေသာသလို နေနေကြ





www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဒေါ်သင်းထုံတစ်ယောက်တတော့ ထိုသို့မဟုတ်။ ခေါင်းမထောင်နိုင်လောက်အောင် မှုးနေသည့်ကြားကသားအကြီးလေးကို လက်တစ်ဖက်မှ ပွေ့ထား၏။ ကျန်တစ်ဖက်မှ သားအငယ်လေးနှင့် သမီးထွေးလေးကို လွတ်ထွက်မသွားအောင် မရမက ပွေ့ထားလေသည်။ လှိုင်းမူးသည့်ဒဏ်ကြောင့် တဝေ့ဝေ့ထိုးအန်နေသော သားငယ်လေးကိုလည်း တတ်စွမ်းသလောက် ပြုစုရသေး၏။ ခင်ပွန်းဖြစ်သူကို ကြည့်လိုက်တော့ သင်္ဘောနံရံတွင် ရိုက်ထားသော သစ်သားတိုင် တစ်တိုင်ကို ဆုပ်ကိုင်ကာ ခွေခွေလေး အိပ်နေလေသည်။

"မေမေ . . . ရေဆာတယ် ရေသောက်မယ်" ဟု တတွတ်တွတ်ပူဆာနေသည့် သားငယ်လေးကို ကြည့်ပြီး ဒေါ်သင်းထုံခေါင်းမီးတောက်ရတော့၏။ အဆက်မပြတ် ထိုးအန်ထားသည့်အတွက် ရင်တွေပူ အာတွေခြောက်နေရှာသော သားငယ်လေးကို တိုက်စရာရေ တစ်စက်တောင်မရှိတော့။ ရေတိုက်စရာ မရှိပါမှ သားက မပြတ်ပူဆာသည်။ ဘေးပတ်ဝန်းကျင်တစ်ဝိုက် ဒေါ်သင်းထုံ မျက်စိကစားကြည့်လိုက်၏။

တွေ့ပါပြီ။ ရေဘူးတစ်ဘူး၊ ကိုယ့်ရေဘူးတော့ မဟုတ်။ ခပ်လှမ်းလှမ်းတွင်ရှိသော ခရီးသည်၏ အလဲလဲအပြိုပြိုဖြစ်နေသည့် ခြင်းတောင်းထဲတွင် ကုံကောင်းထောက်မစွာ ရှိနေသေးသောရေဘူးလေးဖြစ်၏။ ရေဘူးထဲတွင် ရေများများစားစားတော့မရှိ။ တစ်ယောက်သောက်လိုက်ရုံနှင့် ကုန်သွားနိုင်သည့်အခြေအနေ။ အနီးတွင် ပိုင်ရှင်ဖြစ်ဟန်တူသော အမျိုးသမီးနှစ်ယောက်။ လေပြင်းကြောင့် သင်္ဘောအလူး တကွဲတပြားစီ ဖြစ်မသွားကြစေရန် တစ်ယောက်ကိုတစ်ယောက် မလွှတ်တမ်းထွေးဖက်ထား၏။

တန်ဖိုးနည်းသည်ဖြစ်စေ များသည်ဖြစ်စေ ပိုင်ရှင်မသိဘဲ မြက်၊ ဝါးခြမ်းစိတ်မှအစ ခိုးယူမိလျှင် အဒိန္နာဒါနသိက္ခာပုဒ်ပျက်ကြောင်း ဒေါ်သင်းထုံကောင်းစွာသိ၏။ ပိုင်ရှင်တွေကလည်း လက်ရှိ အခြေအနေအရ သူတို့ ပစ္စည်းရှိသည်ဟုတောင် မအောက်မေ့ကြ။ ဖြစ်လိုရာဖြစ် ပစ်သာထားလိုက်ကြတော့၏။ အော်သံ ဟစ်သံ လေသံ မိုးသံ ဆူဆူညံညံများအကြား ရေဘူးလေးအတွက် အရေးတယူလုပ်ကာ သွားတောင်းမနေတော့။

သွေးတိုးရောဂါ အခံရှိရုံမက လှိုင်းမူးသည့်ဒဏ်ကို ခံစားနေရသော ခင်ပွန်းသည်ကို အကူအညီတောင်း မနေတော့ဘဲ ခင်းထားသည့်စောင်ပိုင်းဖြင့် ကလေးသုံးယောက်ကို ပူးချည်လိုက်၏။ လေပြင်းကြောင့် လှိုင်းဒဏ်ကြောင့် တကွဲတပြားဖြစ်မသွားစေရန် လုပ်ထားခဲ့ပြီးမှ ရေဘူးရှိရာသို့ ဒေါ်သင်းထုံ ခက်ခက်ခဲခဲ သွား၏။ ကိုယ်တိုင်ကလည်း မူးနေသည့်အပြင် သင်္ဘောက လူးနေသောကြောင့် နှစ်ခါလဲပြိုကျပြီးမှ ရေဘူးရှိရာရောက်ရလေသည်။ ရေဘူးကို ဆုပ်ကိုင်ပြီး သားသမီးများရှိရာ ပြန်လာတော့လည်း ထို့အတူပင်။

ဒုက္ခနှင့် ကြုံတွေ့နေသည့်အချိန်တောင် ကိုယ့်အတွက် မငဲ့ကွက်ဘဲ တစ်ချိန်လုံး သားသမီးလေးများကို ရင်ခွင်ထဲ ထွေးဖက်ထားနိုင်သော တကယ့်စံတင်လောက်သည့် မိခင်တစ်ဦးပင်။

အင်ဂျင်နီယာကျောင်း တက်နေသည့် ကိုအောင်ထိုက် နောက်ဆုံးနှစ်ရောက်ရုံရှိသေး၏။ သွေးတိုးရောဂါဖြင့် ဦးစိုးမောင် ဆုံးသွားသည်။ ကလေးသုံးယောက် အပါအဝင် မိသားစုလေးယောက်၏ စားဝတ်နေရေး၊ ကလေးတွေ ပညာရေးအတွက် တာဝန်အားလုံးက ဒေါ်သင်းထုံ ခေါင်းပေါ် ရောက်လာလေတော့၏။ ဒေါ်သင်းထုံက မမှု။ စုထားဆောင်းထားသမျှ အတွင်းပစ္စည်းတို့ကို ထုခွဲရောင်းချကာ ကုန်စုံဆိုင်ကြီးဖွင့်လိုက်သည်။ စိတ်ရင်း စေတနာကောင်းရုံသာမက ပေါင်းသင်းဆက်ဆံရေး ပြေပြစ်ခြင်းကြောင့် ဒေါ်သင်းထုံ၏ကုန်စုံဆိုင်ကြီးတွင် ဝယ်ယူအားပေးသူအထူးများလှ၏။ ရသည့် အမြတ်ငွေနှင့်ပင် ကလေးသုံးယောက်ကို အများနည်းတူ ပညာသင်ပေးနိုင်လေသည်။ သင့်တင့်လျောက်ပတ်ရုံ စားသောက်သုံးစွဲသွားနိုင်လေသည်။ ဒေါ်သင်းထုံက သူသာ အပင်ပန်းခံ၍ စီးပွားရှာ၏။ သားသမီးသုံးယောက်ကိုတော့ ပညာရေးကလွဲပြီး စိတ်ပင်ပန်း လူပင်ပန်းဖြစ်စေမည့်ကိစ္စမျိုး ဘာတစ်ခုမှ အဖြစ်မခံ။

အင်ဂျင်နီယာကြီး ဦးအောင်ထိုက်။ ဗိုလ်မှူးသန်းထိုက်နှင့် အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေထိုက်ဟု အထက်တန်းကျကျ တင့်တင့်တယ်တယ် ဖြစ်လာရခြင်းမှာ မိခင်ကြီး ဒေါ်သင်းထုံ၏ စွမ်းဆောင်မှုအများဆုံး ပါဝင်သည်ဟုဆိုက မည်သူမှ ငြင်းဆန်နိုင်လိမ့်မည်မထင်။ သားသမီးများကလည်း ကျေးဇူးသိတတ်ကြသူများပီပီ သူတို့ တစ်လှည့် ပြန်၍ ကြည့်ရှုစောင့်ရှောက်ရမည့်အချိန် လိုလေသေးမရှိအောင် ပြုစုကြ၏။ တစ်ယောက်နှင့်တစ်ယောက် တွက်ကတ်မနေ။ ကိုယ်စွမ်းဆောင်နိုင်သော အခန်းကဏ္ဍမှ အပြောလွတ် အဆိုလွတ် အလိုက်တသိထောက်ပံ့ကြ၏။ တော်ကြပါသည်။ မြင်ရကြားရသူတိုင်း မချီးကျူးဘဲ မနေနိုင်လောက်အောင် တော်ကြသည်။ သားကောင်း သမီးကောင်းများပင်။

"ဒီနေ့ သမီး ကျောင်းပိတ်တယ်ဆိုတော့ ခေါင်းလျှော်ပေးမယ်နော်၊ လျှော်မယ်မဟုတ်လား"

"ဟဲ့ ဒီခေါင်းကြီးက နံပြန်ပြီလား အေ၊ လူကြား သူကြားထဲ အားနာစရာကောင်းလိုက်တာတော်၊ ကန်တော့ . . ကန်တော့"

မိခင်ဖြစ်သူ၏ ဘေးတစ်ဖက်တွင် ကပ်ထိုင်ကာ ပြောလိုက်သော မမထိုက်စကားကြောင့် အမေထုံ့ကိုယ်လေး နောက်သို့ မသိမသာ ယို့သွား၏။ သူ့ခန္ဓာကိုယ်မှ အနံ့အသက်တို့ကြောင့်





www.burmeseclassic.com

www.burmeseclassic.com

ဘေးတစ်ဖက်တစ်ချက်တွင် ထိုင်နေကြသော ကျွန်မတို့ နှစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်သွားမည်ကို စိုးရိမ်နေပုံရသည်။ အမေထိုက ယခုအသက်အရွယ်ရောက်နေသည့်တိုင် တစ်ဖက်သားကို အလေးထားတတ်သူ ဖြစ်၏။

"နံလို့ ပြောတာ မဟုတ်ပါဘူး မေမေရဲ့၊ မလျှော်တာ အတော်ကြာနေပြီလေ၊ တစ်လ တစ်ခါလောက်ကတော့ လျှော်မှကောင်းမှာမို့ပါ၊ နံနေလို့ မဟုတ်ပါဘူး၊ ထွေးထွေး နင်နမ်းကြည့် မေမေ့ခေါင်း လုံးဝမနံဘူးနော်ဟော့"

အားတုံ့အားနာ ဖြစ်သွားသည့် သူ့မိခင် စိတ်သက်သာသွားအောင် ပြန်ပြောပြီး မမထိုက်က ကျွန်မကိုပါ စစ်ကူတောင်းလိုက်သေး၏။ ကျွန်မလည်း ဖွေးဖွေးလှုပ်နေသော အမေထို့ ဆံပင်အဖျားပိုင်းလေးကို အသာနမ်းကြည့်လိုက်ပြီး. . .

"အောင်မယ်လေး ဘယ်က နံရမှာလဲ အမေထုံရယ်၊ အုန်းဆီနံ့လေးကို သင်းလို့၊ ဒါပေမဲ့ မမထိုက် ပြောသလို တစ်လ တစ်ခါလောက်ကတော့ လျှော်ဦးမှ၊ အဲလိုမှ မဟုတ်ရင် ကြေးတွေ ချွေးတွေနဲ့ အမေထုံ ယားနေမှာစိုးလို့ သမီးလဲ ဒီနေ့အားတယ်၊ ဝိုင်းလျှော်ပေးမယ်နော်"

"ကောင်းပါပြီတော်၊ လျှော်ဆိုလဲ လျှော်ပါ့မယ်၊ ငါ့သမီးလေး နှစ်ယောက် ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေတော် သာဓု သာဓု သာဓု"

ကျွန်မတို့စကားကြောင့် အမေထုံက အပြုံးရိပ်တွေတဝေဝေနှင့် ဆုများ မပြီးနိုင် မစီးနိုင် ပေးနေ၏။ တကယ်တော့ သက်ကြီးရွယ်အိုများ အနားကပ်၍ ပြုစုစောင့်ရှောက်ချင်သူ အတော်ရှားလေသည်။ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းဆေးကြောဖို့က အတော်ခက်ကုန်ကြပြီဖြစ်၍ အနံ့အသက်က အမြဲရှိနေကြ၏။ တစ်ယောက်ယောက်က ဂရုတစိုက်နှင့် နေ့စဉ်သုတ်သင်ပေး အဝတ်အစားလဲပေးမှ တော်ကာကျ၏။

အများစုကတော့ ထိုသို့လုပ်ရန် ဝန်လေးတတ်ကြသည်။ အလွန်မှား သည့် လုပ်ရပ်ပင်။

တစ်ချိန်က မိဘတို့၏ ပြုစုစောင့်ရှောက်မှုကို အပြည့်အဝ ခံယူခဲ့ကြပြီးလေပြီ။ ကိုယ်ကတစ်ဖန် ပြန်၍ ပြုစုစောင့်ရှောက်ရပြီဆိုလျှင်တော့ ဝတ်ကျေတမ်းကျေ မဟုတ်ဘဲ စေတနာ မေတ္တာ အပြည့်ဖြင့် လုပ်ပေးကြဖို့ အထူးလိုအပ်လှ၏။

❖

"တွေ့လား၊ ထိုင်ခုံပေါ်မှာ ငြိမ်ငြိမ်ထိုင်နေပါဆိုတာ ပြောမရဘူးဟော့၊ သူ့သားကြီးကို ထွက်ထွက်မျှော်နေတာလေ"

"ဟုတ်ပ၊ ချော်ပြုလဲနေမှဖြင့် မမထိုက်ရယ်၊ ချော့မော့ပြီး ထိုင်နေခိုင်းပါ၊ မိုးက ရွာထားတော့ မြေက ခပ်ပျော့ပျော့ရယ်၊ အစ်ကိုကြီး လာတာများ အဆန်းလုပ်လို့ ခါတိုင်းလဲ အခြေအနေပေးရင် ရောက်လာတာပဲ ဥစ္စာ"

"အောင်မယ်လေး သူ့အတွက်ကတော့ ဆန်းတယ်၊ သူ့သားတွေ လောက် အရေးကြီးတာ လောကမှာ ရှိတယ်မထင်ဘူး၊ ဟိုကလဲ အကဲပိုပ၊ ပင်စင်ယူပြီးလို့ ရန်ကုန်အပြီးပြန်လာတာလေ၊ နောက်ဆို နေ့တိုင်းတွေ့လို့ရတာပဲ၊ တစ်ရက်တလေ ကိုယ့်အိမ်မှာ အနားယူပါဦးတော့လား၊ ဒီအမေက ဘယ်ထွက်ပြေးမှာကျလို့၊ ခုတော့ ဟုတ်ပါဘူးတော်၊ အခုပဲ ရောက်တယ်၊ ရေမိုးချိုးပြီး မိသားစုတစ်တွေ လာကြမလို့တဲ့၊ သားအမိနှစ်ယောက် တစ်နေ့လုံး စကားတွေပြောကြမလို့တဲ့၊ သူ့အမေ အကြိုက် လိုက်လဲလိုက်တတ်ပ၊ ဒီအမေကလဲ သဘောခွေ့လို့မဆုံး၊ အခုလို မျှော်လို့ မဆုံးပေပေါ့တော်၊ လဲမှာ ပြုမှာစိုးလို့ ငြိမ်ငြိမ်လေးထိုင်နေဖို့ သတိပေးမိတဲ့ ငါတောင် အော်ခံလိုက်ရသေး"

မမထိုက် စကားကြောင့် ကျွန်မပြုံးလိုက်မိ၏။ ကိုယ်သည်လည်း သက်ကြီးရွယ်အို မိခင်ကြီးနှင့် အတူနေရသူဖြစ်၍ ဒီအကြောင်းတွေက နောကျေအောင် သိနေလေပြီ။ သူ့စိတ်နှင့်သူ ထင်ရာလုပ်တတ်၏။ ဘာတစ်ခုမှ ပြောလို့ ဆိုလို့မရ၊ ဒုက္ခရောက်မည်စိုး၍ တားလျှင် ပြဿနာက အမြဲဖြစ်ရ၏။ အကုသိုလ်ဖြစ်မည်စိုး၍ ခပ်ဝေးဝေးတွင် နေရန် ခွာထွက်မည်လုပ်တော့လည်း လက်မခံ။ အတင်းတွယ်ဖက်ထား၏။ တခြားသားသမီးများနှင့် သွားနေပါဆို တော့လည်း စိတ်တောင်ကူးမည့်ပုံမပေါ်။ ဘယ်လိုသဘောမှန်းကို မသိတော့။ နောက်ဆုံး ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ မဖြစ်ရလေအောင် ကြိုးစားသည်းခံကာ နေရတော့၏။

အစ်ကိုကြီး ကိုအောင်ထိုက်က သက်ပြည့်ပင်စင်ယူပြီး နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့သော မော်လမြိုင်မှ အပြီးပြောင်းလာ၏။ မအေဦးထိပ်ထားသူဆိုတော့ ရောက်ပြီး သူ့အိမ်တွင် ဖင်ပူအောင်တောင် မထိုင်။ မအေ့အိမ်လာမည်ဆိုသည့် အကြောင်း ကြိုဖုန်းဆက်ထား၏။ မမထိုက်က ထောပတ်ထမင်းနှင့် ကြက်သားဟင်း ချက်ထားသည်။ ဆွေမျိုးရင်းချာလို ဖြစ်နေသည့်အတွက် ပျော်ပျော်ပါးပါး စားကြသောက်ကြ ပြောကြဆိုကြရန် မမထိုက်က ကျွန်မကို ခေါ်ထား၏။ အလုပ်လည်း နားသည့်ရက်မို့ စောစောစီးစီးသွားကာ ဝိုင်းဝန်းချက်ပြုတ်ပေးလိုက်သည်။ ဒီဘက်အိမ်တွင် စားကောင်းသောက်ဖွယ် ချက်ပြုတ်ထားသည်ဆိုတော့ ကိုယ့်အိမ်တွင် ဘာမှမချက်လည်းရ၏။ စားချိန်တန်လျှင် သွားပို့လိုက်ရသည့် ကိစ္စ။

"ဟော လာကြပါပြီ တော်၊ လာကြပါပြီ"

ရေဆေးထားသည့် ပန်းကန်များကို အဝတ်ခြောက်ဖြင့် သုတ်နေရင်း ခြံထဲ ကားတစ်စီး လိမ့်ဝင်လာသည်ကို တွေ့လိုက်ရ၍ မမထိုက်က ပြောလိုက်ခြင်းဖြစ်၏။ တစ်ဆက်တည်း အစ်ကိုနှင့် ယောက်မကို ထွက်ကြိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်အိမ်တည်းအတူနေ သမီးမှ မွေးသော နှစ်နှစ်သားအရွယ် မြေးလေး၊ အမေထုံ့တစ်ဦးတည်းသော မြစ်ကလေး လည်းပါလာ၏။ မမထိုက်က ကလေးကို ပွေ့ချီကာ ဦးဆောင်ခေါ်လာသည်။

"မေမေ နေကောင်းရဲ့လား"

ကိုအောင်ထိုက်တို့ လင်မယား အမေထုံ့ကို နှုတ်ဆက်ပြီး အနီးနား ဝိုင်းထိုင်လိုက်ကြ၏။

ကိုအောင်ထိုက်က ထုံးစံအတိုင်း မိခင်ဖြစ်သူ ထိုင်ခုံရှေ့ ကြမ်းပြင်တွင် ထိုင်ကာ မိခင်ခြေထောက်နှစ်ဖက်ကို နှိပ်နယ်ပေးနေသည်။ သားချစ်၏ အပြုအမူကြောင့် အမေထုံ့မျက်နှာ ပြုံးပြုံးကြီး ဖြစ်နေ၏။

"ကောင်းပါ့တော် ငါ့သားကော နေကောင်းရဲ့လား မှန်း"

ပြောပြောဆိုဆို အမေထုံက သူ့သား၏ ထိပ်ပြောင်စ ပြုနေပြီဖြစ်သော နဖူးကို တယုတယ စမ်းကြည့်သည်။ သားအမိနှစ်ယောက် ဖြစ်ပျက်နေပုံကို ကျွန်မ မြင်အောင် မမထိုက်က မေးငေ့ါပြ၏။

"ကိုကို လာမယ်ဆိုလို့ မေမေရယ် ဘာကျွေးတာမှ မစားသေးဘူးလေ၊ လာမှ အတူတူစားမလို့တဲ့၊ ဝမ်းချင်းဆုံတာကျလို့ တကတဲ"

"ဟ ဘာဖြစ်တုံး၊ ငါ့မေမေက ငါ့ကို ချစ်လို့စောင့်တာ၊ ဘာလဲ နင်က မနာလိုလို့လား အူပုပ်မ"

"အောင်မယ်လေး မနာလို မဖြစ်ပေါင်တော်၊ ချစ်ကြစမ်းပါ၊ ချစ်ကြစမ်းပါ၊ တစ်ခါတည်း အိမ်အပါခေါ်သွားဦးမလား၊ ဒီလောက်ချစ်ကြတဲ့ သားအမိ"

ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် ကျီစယ်ပြောဆိုနေကြသည့် မိသားစုကို ကြည့်ပြီး ကျွန်မလည်း အလိုလို ပျော်လာမိသည်။ ကလေးမုန့်ကျွေးနေသော ညီမဖြစ်သူရှိရာ ခေါင်းငဲ့ကြည့်ရင်း ပြောလိုက်ခါမှ ကိုအောင်ထိုက် တစ်ယောက် ကျွန်မကို သတိပြုမိသွား၏။ မောင်နှမရင်းချာသဖွယ် ဖြစ်နေသည့်အတွက် ကျွန်မကိုလည်း ချမ်းသာမပေး။ ထုံးစံအတိုင်း အနောက်အပြောင်နှင့် နှုတ်ခွန်းဆက်၏။

"အောင်မယ် အပျိုကြီး ရောက်နေပါလား၊ အသံလေး ဘာလေးများ ပေးပါလားဟဲ့၊ ဘာလဲ တေမိထုံး နှလုံးမူနေသလား"

"မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ အစ်ကိုကြီးတို့ သားအမိတွေ မောင်နှမတွေ ပြောဆိုနေကြတာ ရေပက်မဝင်နိုင်အောင်ကိုပဲလေ၊ ထွေးထွေးက ဘယ့်နှယ့်လုပ် ဝင်ပြောလို့ရဦးမှာတုံး နော်မမလင်း"

"အင်း အပျိုကြီးစကားကတော့ တတ်ပ့ါ၊ ဒါနဲ့ နေပါဦး၊ နင်က ဒီအချိန်အထိ ယောကျ်ားမယူဘဲ ဘာလုပ်နေတာတုန်း၊ ဘာလဲ ဒီအိမ်က ဟို အူပုပ်မကိုများ အားကျနေသလား၊ မှားမယ်နော်၊ အဲဒီ အူပုပ်မကတော့ တွေ့သမျှလူတွေကို သူတပည့်လို့ သဘောထားပြီး အော်လိုက် ဟစ်လိုက် ရိုက်လိုက်ပုတ်လိုက် လုပ်နေတာ ဘယ့်နှယ်လုပ် ဒီဘဝက ကျွတ်တော့မှာလဲ၊ ယောကျ်ားတွေဆို သူ့အရိပ်အယောင် မမြင်လိုက်နဲ့၊ မြင်တာနဲ့ ပြေးရော၊ အဲဒါ နင်သူ့နားသိပ်ကပ်မနေနဲ့၊ နင်ပါ ငှက်ပျောတုံးဖက်နေရလိမ့်မယ်၊ မဖြစ်ပါဘူး၊ လင်းလင်းရေ ဒီအပျိုကြီးကိုတော့ ငါတို့ကိုယ်တိုင် ယောကျ်ားကောင်းကောင်း ရှာပေးစားမှ ဖြစ်တော့မယ်ဟ သိလား"

နှစ်ရှည်လများ မောင်နှမရင်းချာကဲ့သို့ နေလာခဲ့သည့်အတွက် ကိုအောင်ထိုက် ပြောလိုက်သော စကားတို့က နစ်နာသွားစေလိုခြင်း အလျှင်းမရှိဘဲ အပြောင်အပြက် ပြောခြင်းသာ ဖြစ်ကြောင်း ကျွန်မ ကောင်းစွာသိ၏။ ပြောခံရဖန်များတော့ စိတ်လည်းဆိုးမနေနိုင်တော့။ အရေထူနေလေပြီ။ ကျွန်မက ဘာမှမဖြစ်သော်လည်း အမေထုံ တစ်ယောက် ကြားထဲမှ အားနာသွားပုံရ၏။ သူ့ရှေ့တွင် ကြမ်းပြင်ပေါ်ထိုင်ကာ သူ့ခြေထောက်နှစ်ဖက်ကို ဆွဲဖက်လိုက် ဆုပ်နယ်ပေးလိုက်လုပ်နေသော သားဖြစ်သူကို ကြည့်ပြီး. . .

"ဟယ် သူများ သမီးပျို နုနုထွတ်ထွတ်ကလေးကို ဒီလို ပိုးစိုးပက်စက် ပြောရသလားဟဲ့၊ ဒီကောင်လေး ငါ ခေါက်လိုက်ရ"

"ဒေါက်"

"အား"

"ငါခေါက်လိုက်ရ" ဆိုပြီး အမေထုံက နာစေလိုသည့်ဆန္ဒ လုံးဝမပါဘဲ ဆံပင်ဖြူတွေ ထိုးထိုးထောင်ထောင်ရှိနေသော သူ့သားခေါင်းကို ဖွဖွရွရွ ခေါက်၏။ ဒါကိုသိပါလျက် သားဖြစ်သူကလည်း "အား"ခနဲ ဟန်ဆောင် ပန်ဆောင် အော်လေသည်။ ဒီမြင်ကွင်းကို ကြည့်ပြီး မြင်ရသူအားလုံး မပြုံးဘဲ မနေနိုင်။

ခေါက်လိုက်သည့် သူ့လက်ဆကို အမေထုံ မသိမဟုတ် ကောင်းစွာသိ၏။ တကယ်တမ်းနာမည်ဆိုလျှင် အခေါက်ခံရသူက နာဖို့ လမ်းမမြင်။ ခေါက်သည့်လက်ကသာ နာကောင်းနာမည်ဖြစ်၏။

ဒါကိုပင် အမေထုံတစ်ယောက် "အား"ခနဲ ဟန်ဆောင်ပန်ဆောင် အော်လိုက်သော လောလောလတ်လတ် ပင်စင်ယူပြီးခါစ မြေးတစ်ယောက်တောင် ရနေပြီဖြစ်သည့် အသက်ခြောက်ဆယ်အရွယ် သူ့သားကောင်လေး၏ ခေါင်းကို အရိုးပေါ်အရေတင် လက်ကလေးတစ်ဖက်ဖြင့်ဖိကာ ဉုံဖွလုပ်နေလိုက်ပုံကတော့. . .

မေတ္တာပုံရိပ် ထင်ဟပ်နေသည့် ပန်းချီကားကောင်းများကို နိုင်နိုင်နင်းနင်း ရေးဆွဲတတ်သော ပန်းချီဆရာအကျော်အမော်များတောင် ပုံတူ ရေးဆွဲ၍ မီနိုင်စွမ်းရှိမည် မဟုတ်သည်မှာ အမှန်ပင် ဖြစ်၏။

❒ သစ္စာဦး(ဇေယျာမြေ)





www.burmeseclassic.com

www.burmeseclassic.com




လောကမှာ မိခင်တိုင်း သားသမီးများကို ချစ်ကြပါသည်။ သားသမီးများအပေါ် အနစ်နာခံကြသည်။ ကျွေးမွေးပြုစုကြပါသည်။ မိခင်များတွင် လူသားမိခင်မဆိုထားနှင့် တိရစ္ဆာန်ပင်ဖြစ်သော မိခင်များပင် မိမိတို့သားသမီးကို ချစ်ရမှန်းကြင်နာရမှန်း ကျွေးမွေးစောင့်ရှောက်ရမှန်း သိကြပါသည်။ မိခင်များထဲတွင် ကျွန်တော့်မိခင်သည် မုဆိုးမ ဘဝနှင့် ဈေးရောင်းကျွေးပြီး ကျွန်တော့်ကို ပညာသင်ပေးခဲ့ပါသည်။

ကျွန်တော်သည် သားသမီး လေးယောက်ထဲတွင် အငယ်ဆုံးသားဖြစ်ပြီး ကျွန်တော် ငါးနှစ်သားလောက်မှာ အဖေဆုံးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အဖေဆုံးပြီးနောက် ဂျပန်များ ပြန်အထွက်မှာ ကျေးရွာတွေမှာ ဆူပူမှုများဖြစ်ပြီး ကျွန်တော်တို့ရွာလည်း ပျက်သွားပါသည်။

ရွာအပျက်မှာ အစ်ကို အကြီးဆုံးနှင့် အစ်မလည်း သေဆုံးသွားကြပြီးအိမ်မှာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်နှင့် အမေသာ ကျန်ခဲ့ပါသည်။

ထိုအချိန်က အစ်ကိုက ၁၄ နှစ်သားလောက်ရှိပြီး ကျွန်တော်က ခုနစ်နှစ်သားခန့်ရှိပါသည်။ ကျွန်တော်တို့မှာရှိသော ကျွဲ၊ နွားများနှင့် လယ်များလည်း ဆုံးရှုံးသွား၍ အမေ့မှာ ဘာမှ လုပ်ကိုင်မစားတတ်တော့ပါ။

ထိုအချိန်က ကျွန်တော်တို့ရွာမှလူများလည်း ရန်ကုန်မြို့ကို ပြေးကြသဖြင့် အမေ့မှာ ကြံရာမရသည့်အဆုံးမှာ သားနှစ်ယောက်ကို လက်ဆွဲ၍ ရန်ကုန်မြို့ကို ပြေးခဲ့ပါသည်။

ရန်ကုန်ရောက်သောအခါ (အမေ့တူ) အစ်ကိုဝမ်းကွဲအိမ်မှာ နေပါသည်။ အစ်ကိုဝမ်းကွဲအိမ်မှာ ဦးဝိစာရ ကွက်သစ်မှာ ရှိပါသည်။ အစ်ကိုဝမ်းကွဲမှာ ရွှေတိဂုံဘုရား စောင်းတန်းမှာ လက်မှုပညာ (လိပ်ခွံဘီး၊ ဆင်စွယ်ဘီး) ဆိုင်ဖွင့်ထား၍ အလုပ်သမား သုံးလေးယောက်ရှိပါသည်။ ကျွန်တော့်အစ်ကိုကိုလည်း ခေါ်ထားပြီး ပညာသင်ပေးပါသည်။ အိမ်ကလေးမှာ ကျဉ်း၍ ကျွန်တော်တို့သားအမိနှစ်ယောက်မှာ မီးဖိုခန်းမှာ အိပ်ရပါသည်။ အမေက အလကားမနေဘဲ လမ်းထိပ်မှာ မုန့်ထွက်ရောင်းနေရာ ကျွန်တော်လည်း နေစရာအိမ်မရှိသေး၍ ကျောင်းမထားနိုင်ပါ။

သည်လိုနှင့် လေးလခန့်ကြာသောအခါ အမေက အိမ်ခန်းကလေးကို သူ့မိတ်ဆွေရဲ့ လင်မယားနှင့် စပ်တူငှား၍ ရပါသည်။ အိမ်လခမှာ တစ်လ ၂၀ ကျပ်ဖြစ်၍ တစ်ဦးလျှင် ၁၀ ကျပ်စီပေးရပါသည်။ ရဲလင်မယားမှာ အနေအေးသော်လည်း ကျွန်တော်က သူတို့ကလေး ထိန်းပေးရ ရေခပ် ပေးရပါသည်။ ကျွန်တော့်အလုပ်မှာ နေ့စဉ်ပင်ထင်းခွဲ၊ ရေခပ်၊ မုန့်သွားကြိတ်၊ ထမင်းချက်ပြီး အမေ့ဆိုင်ကို ထမင်းပို့ပေးရပါသည်။

အမေမှာ အလုပ်ပင်ပန်းပြီး အနေအထိုင်ကျဉ်းကျပ်၍ အိမ်ပြောင်းရန် စီစဉ်နေပါသည်။

"သား ဒီနေ့ကစပြီး စုဘူးတစ်လုံးဝယ်ပြီး ပိုက်ဆံစုပါ။ နောင်နှစ်ခါကျောင်းဖွင့်ရင် ငါ့သားကို ကျောင်းထားပေးမယ်၊ မင်းအစ်ကိုလဲ စုနေတယ်"

"ကျွန်တော်မှ ပိုက်ဆံမရသေးတာဘာနဲ့စုမှာလဲ"

"အမေ ဈေးရောင်းလို့ရတဲ့အထဲက တစ်နေ့ကို ငါးမူး(ပြားငါးဆယ်) ယူပြီးစုပါ၊ ကျောင်းတက်တော့ အဝတ်အစား ဝယ်ရတာပေါ့"

"ကျွန်တော် ကျောင်းမနေချင်ဘူး၊ အလုပ်ပဲလုပ်မယ်၊ အလုပ် ရှာပေးပါ"

"မင်းအရွယ်က ပညာသင်တဲ့အရွယ်ပဲ၊ ပညာတတ်မှ အလုပ် ကောင်းကောင်းရမှာပေါ့၊ ပညာတတ်မှ လူရာဝင်မှာ မင်းပညာပဲ သင်ပါ"

"အစ်ကိုလဲ ပိုက်ဆံစုနေတယ်၊ သူ့အိပ်ရာဘေးမှာ စုဘူးတွေ့တယ်"

"သူ့အခု တစ်နေ့နှစ်ကျပ်ရနေပြီး မင်းကို ကျောင်းထားပေးမလို့ စုနေတာ၊ လောကမှာ လူဖြစ်လာရင် အရေးသုံးပါးကို သိရတယ်၊ အရေးသုံးပါးဆိုတာ စားရေး၊ နေရေး၊ ဝတ်ရေးကို ပြောတာ၊ အမေတို့မှာ စားဖို့အဆင်ပြေနေပါပြီ၊ နေဖို့ ထိုင်ဖို့ ကြိုးစားရဦးမယ်"

ဒီလိုနှင့် နောင်နှစ် ကျောင်းဖွင့်သောအခါ ကျွန်တော့်ကို ကျောင်းထားပေးပါသည်။ ထိုအချိန်က ကျောင်းသားများမှာ ငါးတန်းရောက်မှ အင်္ဂလိပ်စာစ၍သင်ရပါသည်။

ကျွန်တော် ကျောင်းပြန်တက်ရာမှာ ငါးတန်းမှစ၍ သင်ရပါသည်။ ကျွန်တော် ကျောင်းတက်ပြီးနောက် ညဘက်မှာ စာကျက်ရန် နေရာမရှိ၍ အမေက အိမ်ပြောင်းပါသည်။

ကျွန်တော်တို့ နောက်ပြောင်းသောနေရာမှာ ယခင်နေရာနှင့်သုံးလမ်းကျော်ဝေးပြီး ရုပ်ရှင်ရုံနှင့် နီးပါသည်။ ရုပ်ရှင်ရုံနှင့်နီးသောကြောင့် အမေ့အကြော်မှာ ပို၍ ရောင်းကောင်းပါသည်။

ကျွန်တော်လည်း ကျောင်းမှ ပြန်လျှင်ကူရောင်းပေးရပါသည်။ ကျွန်တော်တို့သားအမိ ထိုလမ်းပြောင်းပြီး ခြောက်လခန့်အကြာမှာ အမေကရှိသည့်ပစ္စည်းကလေး ထုခွဲပြီး မြေကွက်ဝယ်၍ တဲကလေးဆောက်သည်။

တဲကလေးဆောက် ပြီးသောအခါ သားအမိသုံးယောက် အတူနေကြပါသည်။

ထိုအချိန်မှာ အစ်ကိုကလည်း လက်မှုပညာကောင်း ကောင်းတတ်သွားပြီဖြစ်၍ ဝင်ငွေ ပိုရလာသည့်အပြင် မန္တလေးမြို့မှာပင် အလုပ်သွား လုပ်ပါသည်။

ကျွန်တော်လည်း ကျောင်းတက်၍ လေးငါးခြောက်နှစ် ကြာသောအခါ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်၍ ဆရာတစ်ယောက်က ကျွန်တော့်ကို ရုံးတစ်ရုံးမှာ အလုပ်သွင်းပေးပါသည်။

"မင်း အလုပ်ရတုန်း ဝင်လုပ်ပါ၊ အလုပ်လုပ်ရင်း ညကျောင်းတက်ပြီး စာမေးပွဲဆက်ဖြေပါ၊ ငါ့အမျိုးသမီးက မင်းအမေကြီးကို သနားလို့ မင်းကို သူတို့ရုံးမှာ သွင်းပေးတာ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် လုပ်ပါ့မယ်"

"အလုပ်ရရင် လိမ်လိမ်မာမာနေပြီး မင်းအမေကြီးကို လုပ်ကျွေးပါ၊ တတ်နိုင်ရင် ဈေးမရောင်းခိုင်းပါနဲ့ကွာ၊ အသက်လဲ ကြီးနေပါပြီ"

"ဆရာ ဆုံးမတဲ့အတိုင်း လိမ်လိမ်မာမာနေပြီး အမေ့ကို လုပ်ကျွေးပါ့မယ် ဆရာ"

"ကောင်းပြီ၊ မနက်ဖြန်နံနက် ၈ နာရီလောက် မင်း ဆရာ့အိမ်ကို လာခဲ့ပါ၊ ငါ သူတို့ရုံးကို လိုက်ပို့ပေးမယ်"





www.burmeseclassic.com

www.burmeseclassic.com

ဆရာ့အိမ်မှာ ကျွန်တော်တို့ ရပ်ကွက်ထဲမှာရှိ၍ ကျွန်တော်တို့ သားအမိအကြောင်းကို ဆရာ့မိသားစုများကပါ သိနေကြပါသည်။ ကျွန်တော် အလုပ်ဝင်သော အခါမှာလည်း ဆရာကတော်က စောင့်ရှောက်ပါသည်။ ရပ်ကွက်ထဲမှာ လူများက . . .

"အကြော်သည်မ သားကလေး အလုပ်ရသွားပြီ"ဟူ၍ ပြောနေကြပါသည်။ ထိုအချိန်ကစ၍ ကျွန်တော် အမေ့ကို အကြော်မရောင်းခိုင်းတော့ပါ။

ထိုအချိန်က ကျွန်တော် ရသော လစာမှာ သားအမိနှစ်ယောက် စားလောက်သည့်အပြင် အစ်ကိုကလည်း မန္တလေးမှနေ၍ ငွေပို့ပေးပါသည်။

ကျွန်တော် အလုပ်ရသည်မှာ ၁၉၅၈ ခုနှစ်မှာရပြီး ၁၉၅၉ ခုနှစ်မှာ ကျွန်တော်တို့နေသော ရပ်ကွက်ကြီးကို ဖျက်၍ တောင်ဥက္ကလာပမြို့သစ်မှာ မြေနေရာများ ချပေးပါသည်။

ထိုအချိန်က ရန်ကုန်မြို့မှာရှိ သော ကျူးကျော်ရပ်ကွက်များကို ဖျက်၍ တောင်ဥက္ကလာပ မြို့သစ်၊ မြောက်ဥက္ကလာပမြို့သစ်နှင့် သာကေတ မြို့သစ်များကို ခွဲ၍နေရာများ ချပေးပါသည်။ ထိုမြို့သစ်သုံးမြို့မှာ နေရာချပေးပြီး နောက်မှသာ သုဝဏ္ဏမြို့သစ်မှာ နေရာ ချပေးပါသည်။

ကျွန်တော်တို့ သားအမိ နှစ်ယောက် မြို့သစ်ကို ပြောင်းသောနှစ်မှာပင် အစ်ကိုက မန္တလေးမြို့မှာ အိမ်ထောင်ကျနေပါသည်။ ထိုအခါ အမေသည် မန္တလေးကို သွားလိုက် ရန်ကုန်မှာနေလိုက် လုပ်နေပါသည်။

တစ်ခါတစ်ရံ စစ်ကိုင်းမှာပင် တရားသွားအားထုတ်ပါသည်။ သို့သော် အမေက ကျွန်တော်နှင့် အနေများပါသည်။ ဒီလိုနှင့် ၁၉၆၅ ခုနှစ် ကျွန်တော် အိမ်ထောင်ကျသောအခါ အမျိုးသမီးကလည်း အလုပ်ရှိ၍ အမေက အိမ်ကို ပြန်လာပြီး ကျွန်တော်တို့ကို စောင့်ရှောက်ပါသည်။

"ငါ့သား မင်းတို့မှာ ငွေပိုကလေးရှိတုန်း အိမ်ကို နှစ်ထပ်ပြင်ဆောက်လိုက်ပါလား၊ အောက်ထပ်ကို ငှားလို့ရတာပေါ့"

"အိမ်ပြင်ဆောက်ရင် အစ်ကို့ကိုလဲ တိုင်ပင်ရမှာပေါ့၊ သူလဲ ပိုင်တာပဲ"

"မိဘပိုင်ဆိုတော့ သူလဲ ပိုင်တာပေါ့၊ ဒါပေမဲ့ နောက်ပိုင်းကိစ္စတွေ ရှင်းအောင် သူ့ကို အမေ မန္တလေးမှာ မြေဝယ်ပေးခဲ့ပြီ၊ သူတို့ကလဲ မန္တလေးမှာပဲ နေမှာပါ"

အမေသည် စား၊ ဝတ်၊ နေရေး အရေးသုံးပါးတွင် နေရေးကို ဦးစားပေးသူဖြစ်၍ အမေ့ဆန္ဒအရ ကျွန်တော် အိမ်ပြင်ဆောက်လိုက်ပါသည်။

ဒီလိုနှင့် သုံးနှစ်ကြာသောအခါ ကျွန်တော် ကလေးတစ်ယောက်ရပြီး အောက်ထပ်မှာလည်း အိမ်ငှားများ ရောက်လာပါသည်။ မြေးကလေးရလာသောအခါ အမေလည်း အိမ်မှာပင် အမြဲနေထိုင်ပါတော့သည်။ ဒီလိုနှင့် ၁၉၇၆ ခုနှစ် ရောက်သောအခါ မမျှော်လင့်ဘဲ ကျွန်တော့်ဇနီး ဆုံးသွားပါသည်။ ဆုံးသွားချိန်မှာ ကလေးသုံးယောက် ကျန်ခဲ့ပါသည်။ အငယ်ဆုံးကလေးမှာ နို့မပြတ်သေး၍ အမေက နို့ဘူးတိုက်၍ မွေးရပါသည်။ ကျွန်တော်လည်း အလုပ်မှထွက်ပြီး ကလေးတွေကိုစောင့်ရှောက်ရင်း ကုန်သည်ဘဝကို ရောက်သွားပါသည်။ အမေသည် အသက် ၉၄ နှစ် ရောက်သည်အထိ မြေးများကို စောင့်ရှောက်ရင်း ကွယ်လွန်သွားပါသည်။



အမေ ကွယ်လွန်သွားသောအခါ ကျွန်တော် အိမ်ထောင်ဦးစီးဘဝရောက်လာပြီး သား၊ သမီးများ၊ အိမ်ငှားများနှင့် အတူ နေခဲ့သောအခါမှသာ အိမ်ငှားများ၏ စရိုက်မျိုးစုံကို တွေ့ရပါတော့သည်။ အမေက ကျွန်တော့်ကို မှာခဲ့သည်မှာ . . .

"အိမ်ငှားများကို ကူညီစရာရှိလျှင် ကူညီပါ၊ ရောနှောမနေပါနှင့်" ဟူ၍ မှာခဲ့ပါသည်။ အမေ မှာခဲ့သည့်အတိုင်း နေထိုင်ခဲ့၍ အိမ်ငှားများနှင့် ပြဿနာ မဖြစ်ခဲ့ပါ။ သို့သော်လည်း အိမ်ငှားသက်နှစ်ပေါင်း ၃၀ ကျော်ငှားခဲ့ရာမှ အိမ်ငှားသုံးဦးနှင့် ပြဿနာ တက်ခဲ့ဖူးပါသည်။ ပထမကြုံရသော အိမ်ငှားမှာ ရုံးဝန်ထမ်း လင်မယားနှစ်ဦး၊ သားသမီးများ မရှိပါ။ သူတို့အသက်အရွယ်ကလည်း ၄၀ ကျော်လောက်ရှိပါသည်။ တစ်ခုထူးခြားသည်က သူတို့ပြောင်းလာကြသည်မှာ အိမ်ထောင်ပရိဘောဂ တစ်ခုမှ ပါမလာပါ။

ထမင်းလည်း ချက်မစားကြပါ။ ဘေးအခန်းမှ ပြောသည်က သူတို့ လင်မယားမှာ ရုံးအလုပ်များ၍ မိုးချုပ်မှ လာအိပ်ကြသည်ဟု ပြောပါသည်။ ဘေးအခန်းမှလူများက စိတ်ဝင်စား၍ စောင့်ကြည့်ကြရာ ထိုလင်မယားမှာ ညတိုင်းလိုလို ရန်ဖြစ်ကြသည်ဟု ပြောပါသည်။

တစ်ခါတစ်ရံ ယောကျ်ားဖြစ်သူက လာအိပ်ပြီး မိန်းမဖြစ်သူ လာမအိပ်ကြောင်း သိရသောအခါ ကျွန်တော်က ထိုလင်မယားကို စုံစမ်းရပါတော့သည်။ နောက်မှ သိရသည်မှာ ထိုလင်မယားမှာ မိန်းမဖြစ်သူက အပျိုကြီးအရာရှိမ ဖြစ်ပြီး ယောကျ်ားက မယားသက်ရှိ ကလေးသုံးယောက်အဖေ ဖြစ်ကြောင်း သိရ၍ ပြောင်းခိုင်းလိုက်ရပါသည်။

နောက်တစ်ဦးက လူငယ်လင်မယား နှစ်ယောက်ဖြစ်ပြီး ယောကျ်ားလေးက အလုပ်ရှိပါသည်။မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

မှာ ၁၆ နှစ်လောက်သာရှိ၍ ထမင်း မချက်တတ်။ အိမ်ထောင်လည်း မထိန်းသိမ်းတတ်ပါ။ သူတို့လင်မယားမှာ ပျော်ပျော်နေကြပြီး ကောင်လေးက ညတိုင်းအရက်သောက်သည်။ မိန်းကလေးကိုလည်း တိုက်သည်။ ဒီလိုနှင့် တစ်နေ့ ကောင်မလေးရဲ့အဘွား သူတို့ဆီရောက်လာပါသည်။

အဘွားကြီးမှာ အိမ်ကို ရောက်ရောက်ချင်း နေမကောင်း ဖြစ်လာ၍ သူ့မြေးမိန်းကလေးကို ချွေးထုတ်ဆေးဝယ်ခိုင်းပြီး သောက်လိုက်ရာ တစ်ခါတည်း အမြှုပ်များထွက်လာပြီး ဆုံးသွားပါသည်။

အဘွားကြီး ဆုံးသွားသောအခါ သူတို့လင်မယား နှစ်ယောက်မှာ ငွေတစ်ပြားမှမရှိ၍ အိမ်ရှင်ဖြစ်သော ကျွန်တော့်ကို အကူအညီ တောင်းပါသည်။

ကျွန်တော်က လမ်းထဲမှလူများကို အကူအညီတောင်း၊ ကိုယ်တိုင်လည်း ငွေစိုက်ထုတ်၍ အသုဘချပြီး ရက်လည်ဆွမ်းကျွေးပေးလိုက်ရသည်။

နောက်တစ်လလောက် အကြာမှာ ထိုလင်မယား ပြောင်းသွားပါသည်။

နောက်ဆုံးတစ်ဦးမှာ လင်မယား နှစ်ယောက်နှင့်သမီးပျိုလေးတစ်ယောက် ပါသော မိသားစုဖြစ်ပါသည်။ သမီးပျိုလေးမှာ ချောချောလေးဖြစ်၍ လမ်းထဲမှ ကာလသားများက သဘောကျကြပါသည်။ သို့သော် သူတို့ပြောင်းလာပြီး မကြာမီအချိန်မှာပင် ခြေရင်းခန်းမှ လူများက အဘိုးကြီးနှင့် မိန်းကလေးမှာ အတူအိပ်ကြပြီး အဘွားကြီးက သူတို့နှစ်ယောက်ကို ဆဲဆိုနေသည်ကို မိမိတို့အခန်းမှ ကြားရကြောင်းပြောပါသည်။

ထိုသတင်းကို ကြားရသောအခါ ကျွန်တော်က တော်တော် အံ့ဩသွားပါသည်။ သူတို့မိသားစုကို ပြောင်းခိုင်းမည်ဟုလည်း စိတ်ကူးထားပါသည်။ ကျွန်တော် သတိထားမိသည်မှာ နံနက်လင်း၍ အဘိုးကြီးအလုပ်သွားသည်နှင့် မိန်းကလေးလည်း အပြင်ထွက်သွားရာ ညနေလောက်မှ ပြန်လာပါသည်။

ဒီလိုနှင့် သုံးလခန့် ကြာသောအခါ အမျိုးသမီးလေးကို အနောက်လမ်းမှ လူတစ်ယောက် ခိုးသွား၍ အဘိုးကြီး လင်မယားလည်း ကျွန်တော့်အိမ်မှ ပြောင်းသွားကြပါသည်။

ယခင်က အိမ်ငှားဆိုလျှင် သန့်မှ လူနည်းစုဖြစ်မှ ငှားလေ့ရှိသော ကျွန်တော့်မှာ ယခုအခါ လူ အနည်းအများ မရွေးတော့ဘဲ အေးအေးဆေးဆေး နေထိုင်တတ်သော မိသားစုများကိုသာ ရွေးချယ်၍ ငှားပါတော့သည်။ ပွဲစားများမှတစ်ဆင့် ငှားရမ်းသူများကိုမူ လုံးဝ လက်မခံတော့ပါ။

အဘယ်ကြောင့် လက်မခံရခြင်း အကြောင်းမှာ အထက်က ကျွန်တော် တင်ပြသော အိမ်ငှားသုံးဦးမှာ ပွဲစားများ လာတင်ပေးခဲ့သော လူများဖြစ်သော ကြောင့် ဖြစ်ပါသည်။

❒ ညွှန့်မောင်ဦး


ဂမ္ဘီရဆရာလှမျိုး (B.Sc) ၏ ဆဋ္ဌမမြောက်

ဂြိုဟ်ရှစ်ခွင်သက္ကတ်ဗေဒင် နှင့် ယတြာများ

ထွက်ပြီ

တစ်အုပ်ဝယ်ထား၊ တစ်မိသားစုလုံး ဘယ်နှစ်မှာ ဘယ်ဂြိုဟ်ခွင် သက္ကတ်(သက်ရောက်)နေပြီလဲ...
ဖတ်လို့ရ၊ ကိုယ်တိုင် ယတြာချေလို့ရမည့် ဗေဒင်ပညာပေးစာအုပ်။

တစ်နှစ်စာမဟုတ်...
ဘဝတစ်သက်စာ....

ဖြန့်ချိရေး - ကြံတိုင်းအောင်စာပေ
- အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊
- ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀ ၄၇၈၆၉

ရန်ကုန်၊ မန္တလေး ပဲခူး၊ မော်လမြိုင် စာအုပ်ဆိုင်များသို့ ဖြန့်ချိလိုက်ပြီ။


နယ်မှ (၅)အုပ်ထက်မနည်း ငွေပို့မှာလျှင် အရောက်ပို့ပေးမည်။

တန်ဖိုး - ၁၂၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com



# အိမ်ထောင်ရေးရာ အမြေရှာနှင့် ယုံကြည်မှုသဘောတရားများ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)

ဆောမြို့နယ်မှာ တာဝန်ထမ်းဆောင်ခဲ့ရာ သုံးနှစ်ကျော် လေးနှစ်သို့ပင် ကူးပြောင်းလာပေပြီ။ အနေကြာလာသဖြင့် ဝန်ထမ်း အဖွဲ့အစည်းသာမက ပတ်ဝန်းကျင် မြို့သူမြို့သားများနှင့်ပင် ရင်းနှီးခင်မင်ကြလေရာ ပျော်စရာပင်။

ပထမနေအိမ်မှ ဒုတိယအိမ်၊ ပြီး ယခုဆို တတိယနေအိမ်။ အိမ်ကြီးကလည်း အကျယ်ကြီး၊ တစ်ဦးတည်း မိသားစုသာရှိပြီ အိမ်ရှင်က သီးခြားအိမ်တစ်ခု ဆောက်ထားကာနေ၏။ နေအိမ်ပုံကလည်း ရှေးလည်း မဆန်၊ ခေတ်လည်း နောက်မကျ။ အိမ်ရှေ့အပေါ်ထပ် လေသာဆောင်မှာ ပက်လက်ကုလားထိုင် တစ်လုံးချပြီး အနားယူလေ့ရှိ၏။

လမ်းပေါ်ဖြတ်သွားသရွေ့ လူမှန်သမျှ ကျွန်ုပ်ကပင် လှမ်းပြီး နှုတ်ဆက်၊ သူတို့က ပြန်ပြော၊ ပျော်စရာပင် ဖြစ်သည် မက ရန်ကုန်မှာရှိတဲ့ ကလေးများကိုပင် မေ့တစ်ချက် လျော့တစ်ချက်။

ထိုစဉ် . . .

"ဗျို့ . . ဆရာ"

ကြေးနန်း၌ာနမှ ကိုသန်းဖေဆိုသူ၏အသံ ဖြစ်၏။

"ကိုသန်းဖေ ဘာတုံးဗျ"

"ဦးတင်မောင်က ပါးလိုက်တာ၊ ဆရာ့စာပါတယ်ဆရာ" ဟု စာကလေးကို ထောင်ပြ၏။

ကျွန်ုပ်လည်း အိမ်အောက်ဆင်း၍ စာကလေးကို လက်ခံလိုက်၏။ ဦးတင်မောင်က စာတိုက်တာဝန်ခံ ဖြစ်၏။ သူက ကြုံလို့ ကြေးနန်းဝန်ထမ်း ကိုသန်းဖေကို ပေးလိုက်တာ ဖြစ်၏။

ကျွန်ုပ်တို့ တစ်နယ်သားများဖြစ်ကြသဖြင့် ရုံးပိတ်ရက် ရုံးအချိန်ရယ်လို့ မထားတော့။ စာများကို ချက်ချင်း လာလာ ပေးကြ၏။ သူတို့၏ စေတနာသန့်ပြီး ရိုးပင်းကြသော ချစ်စရာ့ ဓလေ့စရိုက်များပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

"လာဗျာ. . အိမ်ပေါ်တက်ဦး၊ ထိုင်ဦးလေဗျာ"

"ခဏတော့ ထိုင်ချင်သား ဆရာ. . မေးစရာရှိလို့"

"ခင်ဗျားကလဲဗျာ မေးပါဗျာ၊ လာလာ အိမ်ပေါ်ကျမေး" ဆိုပြီး သူ့အား ဧည့်ခန်းတွင် ဧည့်ခံလိုက်၏။

"မေးပါဗျာ. . ကိုသန်းဖေရယ်၊ ပွင့်ပွင့်လင်းလင်းမေး"

"ဒီလိုဆရာရဲ့. . ကျွန်တော့်အိမ်ခြံထဲမှာ ငှက်ပျောပင်ကြီးတဗျာထူးဆန်းလိုက်တာ၊ ငှက်ပျောဖူးက ငှက်ပျောပင်စည်အလယ်က ဖောက်ထွက်ပြီး ခုတော့ အဖီးတွေထွက်လာပြီး အခိုင်ကျနေပြီ၊ အဲဒါ ဘာဖြစ်တတ်သလဲ"

အမှန်က ကျွန်ုပ် လုံးဝ မသိပေ။ ဒါပေမဲ့ ကြားဖူးနားဝ တစ်ခုရှိလို့ မေးခွန်းတစ်ခု ထပ်မေးလိုက်၏။

"အဲဒီ အပင် အိမ်နဲ့ နီးသလား၊ ငှက်ပျောအခိုင်က ခင်ဗျားရဲ့ အိမ်ဘက်လှည့်ပြီး အသီးကျ (အခိုင်ကျ)တာလား"

"အိမ်နဲ့တော့ ဝေးတယ် ဆရာ၊ အခိုင်ကျတာကလဲ အိမ်ဘက်ကို မဟုတ်ဘူး"

"ဒါဆိုရင်. . ."

"ဘာလဲဆရာရဲ့ ဒါဆိုရင် ဆိုတာက. . ."

"ပုံမှန် ကျုပ်သိတာ ဖတ်ဖူးတာ ပြောပြမယ်၊ ကြားဖူးတာပြောမယ်။ ငှက်ပျောပင်ဟာ အိမ်နားမှာ ကပ်မစိုက်ရဘူး၊ သီးခြားဥယျာဉ်နဲ့ သီးခြားခြံနဲ့ စိုက်ရမယ်၊ ပထမဆုံး ငှက်ပျောခြံ မစိုက်ခင် လူကြီးသူမ အဆိုအရ ငှက်ပျောရာဇာ ဆိုတဲ့ သူငယ်စာငှက်ပျောကို အရင်စိုက်၊ ပြီးမှ ကျန်တဲ့ငှက်ပျောစိုက်တဲ့၊ ပြီးတော့ ငှက်ပျောပင် အိမ်နားကပ်စိုက်မိလို့ အသီးအခိုင်ဟာ အိမ်ဘက်ကို ငိုက်ရင် မကောင်းဘူးဆိုတာ အဲဒီနှစ်ချက်ပဲ သိတယ်ဗျာ။

ပြီးတော့ ငှက်ပျောပင်ကို ရေသန့်သန့်ပဲ လောင်းရတယ်၊ လက်ဆေးရည်၊ သားညှီနံ့အရည်၊ ထမင်းကျန် ဟင်းကျန် အပင်ခြေရင်းမပုံရ မသွန်ရ၊ ပြီးတော့ အညစ်အကြေးမပုံရလို့လဲ ကြားဖူးတယ်၊ ခင်ဗျားပြောသလို အပင်အလယ်က ငှက်ပျောခိုင်ကျတာအတွက် ကျုပ် နားမလည်ဘူး၊ ဒါပေမဲ့ အဲဒီလိုတော့ အပင်ခါးလယ်က ထွက်တယ်လို့တော့ ကြားဖူးတယ်၊ ဘာဖြစ်သလဲတော့ ကျုပ် မသိဘူးဗျာ၊ ရိုးရိုးပြောတာနော်"

"ပြောပါဦး ဆရာရယ်၊ သိသလောက် ဆရာ့ အယူအဆလေး ရှင်းပါဦး"

"အကောင်းနိမိတ်နဲ့ယှဉ်ပြီးတော့ ပြောရရင် လူ့ဘဝသက်တမ်း တစ်ဝက်ပေါ့ဗျာ၊ အဲဒီမှာ ကိုသန်းဖေ အပြောင်းအလဲဖြစ်တတ်တယ်၊ အသီးထွက်သလို ချမ်းသာမယ့်သဘောပေါ့ဗျာ"

"ကောင်းရင်တော့ ပြီးပါပြီ ဆရာရယ်၊ ဒါထက် ငှက်ပျောပင်ဟာ တော်တော်ဆန်းတယ်နော်၊ အညစ်အကြေးမကြိုက်ဘူးနော်"

"ဟုတ်တယ်ဗျ ကျုပ်အဖေက ပြောဖူးတယ်၊ ဂမုန်းနွယ်တယ် ဆိုလားဗျာ၊ အလားတူပဲ ပြောသွားသေးတယ်၊ စပါးလင် (ဟင်းခတ် အမွှေးအကြိုင်) ဆိတ်ဖူးဟာလဲ ဒီလိုပဲ၊ ပြီးတော့ နွှေပဲသီးပင်၊ ပဲပုစွန်ပင်တို့ပေါ့ဗျာ၊ သဘောကတော့ ဂမုန်းပင်နဲ့ ဆင်တင်တင် အရွက်ပေါက်တဲ့ အပင်မှန်သမျှကိုပဲ ပြောပါတော့"

"အဲဒါ ဘာဖြစ်လို့လဲ"

"ဒီလိုဗျ. . . ကျုပ်အဖေပြောခဲ့တာက အဲဒီလို အပင်တစ်ပင်ကို မစိုက်ခင်မှာ တွင်းတူးပြီး သွေးစိမ်း (ကြက်သွေး၊ ဘဲသွေး) ခံပြီးစိုက်၊ ကြာတော့ အဲဒီအပင်က အသက်ဝင်တယ်၊ ပြီးတော့ လိုသလိုခိုင်းလို့ ရတယ်ဆိုပဲ၊ မိစ္ဆာအစီအရင်တွေနဲ့ အကျုံးဝင်တယ်ဆိုပဲဗျ၊ အဲ, ခင်ဗျားတို့ ကျွန်တော်တို့က ရိုးရိုးစိုက်တာ၊ ပြီးတော့ ခုပြောတဲ့ မသန့်ရှင်းတာတွေကို အပင်ခြေရင်း မသိလို့ လောင်းမိရင် သူ့ဟာသူ အသက်ဝင်တယ်ဆိုလားဗျာ၊ တော်တော် ဇာတ်ရှုပ်တာပဲ၊ အဖေ ပြောခဲ့လို့သိတာပါ"

"ဪ. . ဒီလိုကိုးဗျ"

"ဟုတ်ပ့ါဗျာ၊ ကျုပ်တော့ အမြဲသတိထားရတယ်ဗျာ၊ အပေ့ါအပါး သွားရင်တောင် အပင်တွေ လွတ်ဖို့ မနည်းကြိုးစားရတယ်ဗျာ၊ ကျုပ်တို့ လူ့ပတ်ဝန်းကျင်က တော်တော်ရှုပ်တာပဲ၊ ကျုပ် ဒီလောက်ပဲ သိတယ်ဗျာ"

"ဗဟုသုတရပ့ါဗျာ၊ ကျေးဇူးပဲ ကျွန်တော် ပြန်တော့မယ်" ဆိုပြီး ကိုသန်းဖေ ပြန်သွား၏။

ကျွန်ုပ် မသိ၍ အမှန်အတိုင်းပြောခဲ့၏။

ကျွန်ုပ် ပြောင်းလာခဲ့သည့်တိုင်အောင် သူတို့မိသားစု ဘာမျှမဖြစ်ပါ။ ယခုလည်း ဘာမှမဖြစ်ဟု သိရ၏။

ကျွန်ုပ်သည် ကိုသန်းဖေ ပြန်သွားသဖြင့် ထိုင်လက်စ လေသာဆောင် ပက်လက်ကုလားထိုင်မှာ နေရာပြန်ယူလိုက်ပြီး လက်ထဲမှာရှိသော စာကလေးကို အသာအယာဖောက်၍ ဖတ်ရန် ရှေ့ရှုနေ၏။ ကျွန်ုပ်အကျင့်အရ ဘယ်သူရေးတာလဲ သိချင်၍ နောက်ဆုံးစာမျက်နှာ၏ နောက်ဆုံးစာကြောင်းနှင့် လက်မှတ်၊ လိပ်စာတို့ကို ဖတ်လေ့ရှိ၏။ ပြီးမှ အပေါ်ကစာကို ဖတ်၏၊ ကျွန်ုပ်၏ ဗီဇပင် ဖြစ်၏။

"တင်မောင်စိုး" . . . ဆိုပါလား။

ဤအမည်ရှင်ကို ဖတ်မိရုံဖြင့် "ခင်လေးနိုင်"ကိုပါ တွဲပြီး မြင်လာ၏။ စာကို ကျွန်ုပ် ဖတ်ရှုဖို့ ဝန်လေးနေမိ၏။ မဖတ်ရဲသလိုလည်း ဖြစ်နေ၏၊ အကြောင်းရှိပါ၏။

ယခင် ဆောင်းပါးတချို့တွင် တင်မောင်စိုးနှင့် ခင်လေးနိုင်တို့ နှစ်ယောက်အကြောင်း ဖော်ပြခဲ့ပြီးပါပြီ။ ကျွန်ုပ် ဇာတ်ဆရာကြီးလုပ်ခဲ့၏။

ဟုတ်မလိုလိုနဲ့ ဇာတ်လမ်းဟာ ကျွန်ုပ်ဘက်ကိုလား၊ ကံကြမ္မာဘက်ကိုလား မသိ၊ လက်ညှိုးထိုးခဲ့ပေ၏။





www.burmeseclassic.com

www.burmeseclassic.com

တင်မောင်စိုးကတော့ အားနာလို့လား မသိ၊ အပြစ်မပြောခဲ့။ ခင်လေးနိုင်ကတော့ ဘဝမှာ ပြောင်းဆန်သွားခဲ့၏။

ဇာတ်လမ်းအကျဉ်းကတော့ ဆက်စပ်ဖတ်လို့ရအောင် တင်ပြရလျှင် သူတို့ဟာ ကျွန်ုပ်၏တပည့်ရင်းနှစ်ဦး။ သူတို့ချင်း မနီးစပ်စေဖို့ တင်မောင်စိုးကို ကြိုပြီးသတိပေးနေတဲ့ကြားက သဘာဝအရ နီးစပ်သွားကြ၏။

နီးစပ်သွားရာက ကျွန်ုပ် အပြောင်းအရွှေ့ကာလလေးမှာ သဘောထားလွဲမှား၍ တင်းမာသွားတာကို ကျွန်ုပ်က ဆရာကြီးလုပ်ပြီး စေ့စပ်ပေးခဲ့၏။ ယင်းနောက် ကျွန်ုပ် ဆောမြို့ကို ရောက်တော့ သူတို့လက်ထပ်တဲ့ မင်္ဂလာဧည့်ခံပွဲ ဖိတ်စာနှင့်အတူ ကျွန်ုပ်အား အသိပေးခဲ့၏။

နောက်တော့ ***စနေနှင့် တနင်္လာအတူ (တနင်္ဂနွေသမီး၊ နာမည်က တနင်္လာ)တို့ရဲ့ဇာတ်လမ်းဟာ*** တနင်္ဂနွေသမီး၏အမည်ပညတ် အမြစ် အညွန့်ဖောက်ထိုး ***တနင်္လာအစ စနေအဆုံး*** ဖြစ်ရာက ခင်လေးနိုင်သည် သူမ၏ဘဝကို သူမ ပိုင်ပိုင်နိုင်နိုင် အဆိုးကွက်များဖြင့် ကပြသလို ဖြစ်သွား၏။ ကိုယ့်ဘဝကိုယ်ပင် ဖန်တီးသွားရှာ၏။

ဤဇာတ်လမ်းပိုင်ရှင် နှစ်ဦးအနက် တစ်ဦးဖြစ်သည့် ဇာတ်လိုက် မောင်တင်မောင်စိုး၏ စာပင် ဖြစ်၏။

မောင်တင်မောင်စိုးသည် ဦးဘသိန်း၏ သားအကြီးဖြစ်၏။ ဦးဘသိန်း၏ စီးပွားရေး အခြေအနေက မဆိုးပေ။ လုပ်ငန်းကြီးများ လုပ်ကိုင်နေသော လုပ်ငန်းရှင်၊ ကျွန်ုပ်၏ မိတ်ဆွေ။ နောက် မောင်တင်မောင်စိုး၏အောက် အငယ် သမီးမိန်းကလေးတစ်ဦး ပေါ်ပေါက်လာ၏။


သူတို့စီးပွားရေးပုံမှန်ပင် ပြောင်းလဲချက် မရှိသေး။ နောက်မကြာမီ သားယောက်ျားကလေးတစ်ဦး ထွန်းကားလာပြန်၏။ ဦးဘသိန်း အထူးအားတက်ရွှင်လန်း၏။ သားကြီး သားငယ်နှင့် အလယ်လူက တိုးတိုးဖော် သမီးမိန်းကလေး။ သားနှစ်ယောက်ကတော့ အဖေ၏ လုပ်ငန်းအဖော်မွန်၊ အားတက်စရာ။ အငယ်ဆုံးကလေး ယောက်ျားလေးအား 'တင်မောင်ဦး' ဟု အမည်တပ်လိုက်ရာ ဦးဘသိန်း၏မိသားစု အသက်ဝင်စေတော့၏။

ဖော်ပြပါ တိုင်အတိုင်း အသက်ဝင်ရာ ဦးဘသိန်း အတွက် ဘဝလမ်းညွှန် ဖြစ်သွား၏။ သူတို့မိသားစုအိမ်ကို ကျွန်ုပ် အဝင်အထွက်ရှိ၏။ သာရေးနာရေးကအစ အမြဲ ဆက်သွယ်မှုရှိ၏။

တင်မောင်စိုး အမည်ပညတ်သည် ဖခင်ဖြစ်သူအား သာစည်ကြိုး ဖောက်ထိုး ဥပဒ်တစ်ချက် မိသွားသည့်အပြင် တင်မောင်ဦးပညတ်ကား ၅ဘေးဂြိုဟ်အား စောလှ၊ လှဆန်ကိန်း၏ 'စောလှ' ဆိုသော ဆိုးကျိုး တစ်ချက် ထပ်မိပြန်၏။

နူရာဝဲစွဲဆိုသလို ကံကြမ္မာကို မသိခဲ့သော ဦးဘသိန်း၏ ဖြစ်အင်များကို ကျွန်ုပ်လည်း မသိခဲ့ပါပေ။

အဲဒီအချိန်က ကျွန်ုပ်မှာ မဟာဘုတ် သုံးတန်ပေါ် နိစ်နှင့် အင်္ဂဝိဇ္ဇာယတြာခန်းတွင် လက်ပစ်ကူးနေရဆဲ။




(ဦးဘသိန်း ကြာသပတေးသား၏ ဂုရုတိုင်)

အင်္ဂဝိဇ္ဇာပညာရပ် ဟောပြောကိန်းများကို လေ့လာခါစ 'ဦးခေါင်းဖြူ လှကျေး' အဆင့်ပဲ ရှိသေး၏။

ဦးဘသိန်းလုပ်ငန်း အထူးကောင်းမွန်နေ၏။ အငယ်ဆုံးကလေး ပေါ်ပေါက်ချိန်ကစပြီး စီးပွား အဆမတန် တက်လာ၏။ အငယ်ကလေးကို ပိုပြီး ဂရုစိုက်လာကြ၏၊ ပျော်မဆုံး မော်မဆုံး။ ဇနီး ဒေါ်ကြည်ကတော့ အိမ်အလုပ် ဧည့်ဝတ်ကျေမှုနှင့် အိမ်ထောင့်တာဝန် ကျေကျေပွန်ပွန်၊ အိမ်ကအပြင်ကို တစ်လကြာလို့ပင် တစ်ခေါက်တောင် မရောက်။ မီးဖိုဆောင်ထဲမှာ သံသရာလည်နေသလို လုပ်သားများကိုလည်း ထောင့်စေ့စေ့ ကြီးကြပ်ရ၏။

ဦးဘသိန်းသည်လည်း 'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း' ကိန်းဆိုက်လာပြီ။ အမျိုးအဆွေ ပတ်ဝန်းကျင်အပေါ် အထူးဩဇာညောင်းလာ၏။ နောက်ဆုံး သူ ဘာလုပ်လုပ် အကောင်းချည်း မြင်လာကြပြီး ဘာပြောပြော ဘာလုပ်လုပ် မပြောရဲသည်အထိ ဩဇာထက်မြက်နေ၏။ လက်ညှိုးညွှန်ရာ ရေဖြစ်နေသော အချိန်ပင်တည်း။

သူငယ်ချင်း မိတ်ဆွေများကလည်း ဝိုင်းဝိုင်းလည်။ ဒီလိုနှင့် အပေါင်းအသင်းများရာက ခြေလှမ်းကလေးတွေ မှားချင်သလို ဖြစ်လာ၏။ ပထမတော့ ဆင်ခြင်၏။ နောက် သာယာလာ၏။ ကောင်းသောမိတ်ဆွေများက သတိပေးလို့ ဟန့်တားလို့ ကန္တြေမပျက်ရာက နောက်တော့ ဟန့်တားတဲ့ မိတ်ဆွေများကို အပေါင်းအသင်း မလုပ်တော့ဘဲ၊ အပေါင်းအသင်းထဲမှာ ဘာခိုင်းခိုင်း ခံမပြောရဲတဲ့ မိတ်ဆွေများကိုသာ ရွေးပေါင်းတော့၏။

မပြောရဲတဲ့မိတ်ဆွေ မဟန့်တားရဲသူများဖြစ်တော့ ထင်သလိုကြတော့၏။ ပထမတော့ ခြေလှမ်းမှားနေတဲ့ ကိစ္စတွေကို ဒေါ်ကြည်အား တိတ်တိတ် သတိပေးကြ၏။ ဤအထိ ကူညီကြ၏။ နောက်တော့ 'မင်းတို့ ပြောရဲ ပြောကြည့်' ဆိုသောအခါ ဒေါ်ကြည်နှင့် ဆက်သွယ်ရေးလမ်းကြောင်းသည် တိတိရိရိပြတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသည်မှ နောက်တစ်စင်ထောင်လျက် ဦးဘသိန်းသည် သူ၏ဘဝကိုဖန်တီးလျက် ဘဝသာယာမှုကို ပြောင်ပြောင်တင်းတင်း ခံစားစံစားလေတော့၏။

တဖြည်းဖြည်း လုပ်ရေးကိုင်တာများ အံချော်လာ၏။ အံချော်လာရာက အသောက်အစားပင် တွဲလာချေ၏။ တဖြည်းဖြည်း စီးပွားကလည်း အထက်သို့မတက် အောက်သို့ မြားဦးလှည့်လာ၏။

ဒါကိုသိလေ စိတ်ညစ်လေ၊ စိတ်ညစ်လေ အသောက်အစား များလေလေ ဖြစ်လာပြီး ဝဲဝယက်မှာ ထွက်ပေါက်ပိတ်သွား၏။ ထိုဝဲဝယက်မှ ရေအောက် ဆွဲစုပ်လိုက်သော ဝဲကတော့ကား တခြားမဟုတ်၊ ကုသမရနိုင်သော ရောဂါတစ်ခုဖြင့် အသက်နှင့် လဲသွားရပေ၏။

ဤသည်၏နောက် တစ်ပိုင်းတစ်စ ကျန်ခဲ့သော ဖခင်၏လုပ်ငန်း အချို့ကို မိခင်နှင့်လက်တွဲပြီး တင်မောင်စိုးက မိခင်နှင့်မိသားစုအတွက် ပေးဆပ်ရလေတော့၏။

ပါးနပ်လိမ္မာသော မိခင်ဒေါ်ကြည်၏ စေတနာနှင့် အကင်းပါးသော မိခင်ကြောင့် သူတို့မိသားစုအတွက် အသင့်အတင့် အဖတ်ဆယ်လိုက်နိုင်၏။ ပတ်ဝန်းကျင်က ဒေါ်ကြည်ကို အတော်ချီးကျူးကြ၏။ မောင်တင်မောင်စိုးလည်း သားကြီးအဖအရာ အနေဖြင့် မိခင်၏အုပ်ချုပ်မှုအောက်တွင် ငယ်သူများကို ဦးဆောင်နေရ၏။

ဤသည်ကစ၍ ကျွန်ုပ် ဇာတ်ဆရာလုပ်လိုက်သော ဇာတ်လိုက် မောင်တင်မောင်စိုးနှင့် ခင်လေးနိုင်တို့ ပွဲဦးထွက် တွေ့ကြရာက သူ့ဘဝ တစ်ချက်နာသွား၏။

ကျွန်ုပ်ဇာတ်ကောင်၏ ဇာတ်လမ်း တစ်ခန်းရပ်ခဲ့၏။

သို့ဖြင့် ကျွန်ုပ်လည်း ဝါသနာအရ ပေရှည်ရှည်နဲ့ ဟိုတွေးဒီတွေး လုပ်နေရင်းက ပြဿနာ၏ အကြောင်းအရင်းများကို ဖြန့်ပြီးတွေးရ၏။ အချက်အလက်များကို စုစည်းရတော့၏။

သူသာမဟုတ်၊ ကျန်သော သူများလည်း ဘယ်လိုဖြစ်နိုင်ပါမလဲဟူသော စူးစမ်းမှုလုပ်လာရတော့၏။ သူ့အမည်ပေးထားတာကို လေ့လာပါက. . .

တင်မောင်စိုး စနေအစ အင်္ဂါအဆုံး စတုရန်းသွား ပေးထား၏။ ထို့ကြောင့် စတုရန်းသွား ပဉ္စပွတ်သွား အမည်ပညတ်များအတွက် သဲလွန်စရှာရတော့၏။ သဲလွန်စမှာလည်း ဝေးဝေး မရှာတတ်။ အခါတိုင်နှင့် သုံးတန်ပေါ်နိစ်မှာပဲ သဲလွန်စရှာဖို့ ဆုံးဖြတ်လိုက်၏။

သို့ဖြင့် ခုနစ်ရက်သားသမီးများ အားလုံးအတွက် စတုရန်းသွား ပဉ္စပွတ်သွား အဖြေကို အခါတိုင် "တစ်ခု" နှင့် ယှဉ်ပြီး အခါကို သက်ရောက်ဂြိုဟ်စား အဖြစ်ယူလျက် သုံးတန်ပေါ်နိစ်များကို ယှဉ်တွဲသတ်မှတ်လိုက်၏။

တစ်ဖက်ပါအားဖြင့် နေ့ခုနစ်နေ့ကို ကြည့်ပါက . . .

| | | |
|---|---|---|
| ၅ | ၆ | |
| ၂ | ၅ ← | မြင့် (ပြ) |
| ၆ | ၄ | |
| ၁ | ၃ | |
| ၄ | ၂ | |
| ၀ | ၁ ← | အောင် (နိစ်) |
| ၃ | ၀ | |

[သူရဿအခါတိုင်နှင့် (၁)နေ့သက်ရောက် ဂြိုဟ်စားသုံးတန်ပေါ်နိစ်]

| | | |
|---|---|---|
| ၆ | ၃ | |
| ၃ | ၁ ← | အောင် (ပြ) |
| ၀ | ၀ | |
| ၂ | ၆ | |
| ၅ | ၅ | |
| ၁ | ၄ ← | ဝင်း (နိစ်) |
| ၄ | ၃ | |

[စန္ဒြာအခါတိုင်နှင့် တနင်္လာသက်ရောက် ဂြိုဟ်စားသုံးတန်ပေါ်နိစ်]

| | | |
|---|---|---|
| ၀ | ၀ | |
| ၄ | ၆ ← | သိန်း (ပြ) |
| ၁ | ၅ | |
| ၃ | ၄ | |
| ၆ | ၃ | |
| ၂ | ၂ ← | ကျော် (နိစ်) |
| ၅ | ၁ | |

[ဘောမအခါတိုင်နှင့် အင်္ဂါသက်ရောက် ဂြိုဟ်စားသုံးတန်ပေါ်နိစ်]


| | | |
|---|---|---|
| ၁ | ၀ | |
| ၅ | ၆ ← | သိန်း (ပြ) |
| ၂ | ၅ | |
| ၄ | ၄ | |
| ၀ | ၃ | |
| ၃ | ၂ ← | ကျော် (နိစ်) |
| ၆ | ၁ | |

[ဗုဒ္ဓအခါတိုင်နှင့် ဗုဒ္ဓဟူးသက်ရောက် ဂြိုဟ်စားသုံးတန်ပေါ်နိစ်]




www.burmeseclassic.com


www.burmeseclassic.com




[ဂုရုအခါတိုင်နှင့် ကြာသပတေးသက်ရောက် ဗြိုဟ်စားသုံးတန်ပေါ်နိစ်]




[သောကြာအခါတိုင်နှင့် သောကြာသက်ရောက် ဗြိုဟ်စားသုံးတန်ပေါ်နိစ်]




[သောရီအခါတိုင်နှင့် စနေသက်ရောက် ဗြိုဟ်စားသုံးတန်ပေါ်နိစ်]

ပြနှင့် နိစ် ဌာနတို့တွင် ရှိသော နာမည်တွဲများသည် ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။ ဆိုးကျိုးဖြစ်စေသော နာမည်တွဲများသည် ဘဝခရီးအတွက် အကျဉ်းအကျပ်များ ဖြစ်ပေါ်စေပါသည်။ ယခု ကျွန်ုပ်ဦးတည်သော ကိစ္စတစ်ရပ် အတွက်ကို ကောက်နုတ်ပြီး ဖော်ပြသွားမည် ဖြစ်ပါသည်။ မောင်တင်မောင်စိုးအတွက် ဖော်ပြခဲ့သည့် ဥပမာတိုင်များနှင့် နှိုင်းယှဉ်ပြီး စဉ်းစားသုံးသပ်ပါမည်။

အထက်ဖော်ပြပါအရ သုံးသပ်တွေ့ရှိရာ (၁)နေ့သားကို ပဉ္စပွတ်ဖြင့်(၁+၅) ပညတ်ခဲ့ရာ တနင်္ဂနွေအခါ အသက်ကာလတို့ပွင့် နိစ်ပြကြိုး မိသကဲ့သို့ စနေ တင်မောင်စိုးသည်လည်း အဂီသားသမီး တစ်ဦးဦးနှင့် ပတ်သက်၍ အကျပ်အတည်း ရှိနိုင်မည်ဟု ပထမဦးစွာ ကောက်ချက်ချလိုက်မိ၏။ (၀+၃) အတွဲကို ကျွန်ုပ် လန့်နေမိခဲ့၏။ (ကျွန်ုပ်၏ ကြိုတင်တွေးဆချက်များ ဖြစ်၏။)

ကျွန်ုပ်သည် ဤတွေးဆချက်များကို တင်မောင်စိုးထံက ယခုစာ မရခင်ကတည်းကပင် စဉ်းစားနေခဲ့မိ၏။ ခင်လေးနိုင်နှင့် လမ်းခွဲကြစဉ်ကတည်းက စဉ်းစားထားပေ၏။ ယခု သူ့ရဲ့စာကို ဖတ်ရတော့ပေလိမ့်မည်။ ရဲရဲတင်းတင်း ဖတ်ရတော့မည်။

ကံကောင်းလျှင် ကျွန်ုပ်၏ တွေးထင်ချက်များ တစ်ခါတည်း ရှင်းသွားချင် ရှင်းသွားပေလိမ့်မည်။ ဒါမှမဟုတ် မရှင်းဘဲထပ်ပြီး စဉ်းစားစရာတွေ ပါလာဦးမှာလား၊ ရင်တမမဖြင့် ဖတ်လေပြီ။

တစ်ခေါက် အစအဆုံး ဖတ်လိုက်၏။ အကြိမ်ကြိမ် အခါခါ ခရေစေ့တွင်းကျ ဖတ်လိုက်၏။ ကျွန်ုပ် ထင်တာတွေ ဖြစ်လာလေပြီ။ ကွက်တိ ဝင်လာ၏။ ထူးဆန်းလှ၏။ ကျွန်ုပ် အတွေးအခေါ်ကောင်း၍ မဟုတ်၊ ဂဏန်းဗြိုဟ်များက အကြိမ်ကြိမ်ပြော၍ သိရတာ ဖြစ်ပါ၏။

သူ၏စာမှ လိုရင်းအချက်ကို ဖော်ပြရလျှင် . . .

- ခင်လေးနိုင်နှင့်လမ်းခွဲပြီးနောက် သူ၏မိခင်က ဒုဂီ သမီးတစ်ဦးနှင့် သဘောတူ၏။
- တင်မောင်စိုးက စိတ်မဝင်စား။
- အတန်တန်ငြင်းရာက မိခင်ကပါ သူ့ကို လိုက်လျှောလိုက်၏။ သို့သော် ထို ဒုဂီသမီးနှင့် သူ့မိဘများက နောက်မဆုတ်၊ သို့သော် ပြဿနာမရှိ ရှင်း၏။ သူက အိမ်ထောင်မပြုသေးဆိုပြီး ငြင်းနေသဖြင့် နေသာထိုင်သာ ရှိ၏။
- ပြဿနာစပြီ၊ တင်မောင်စိုးက သူကြိုက်သူကို အနစ်နာခံမည့် 'ထက်ထက်စု' ဆိုသူ ကုန်စုံဆိုင်ပိုင်ရှင်၏ သမီးကို မျက်စိကျ၏။ ထက်ထက်စုကလည်း တင်မောင်စိုးဘဝကို နားလည်ပေးသူဟု တင်မောင်စိုးစာမှာ ဖော်ပြထား၏။
- ဤသို့ 'ထက်ထက်စု'အပေါ် လမ်းကြောင်းပြောင်းသွားသည်ကို တဖြည်းဖြည်းသိသော အဂီသမီး (မိဘက သဘောတူခဲ့သူ) နှင့် ထက်ထက်စုတို့ အပြိုင်ကြရမည့် ဖြစ်လေပြီ။
- သို့ဖြစ်၍ အကျပ်အတည်းက ဒီနှစ်ယောက်ကြားမှာ ဖြစ်ပြီ။
- ရန်ဖြစ်ဖို့၊ ပြဿနာဖြစ်ဖို့ ဘေးတီးပေးနေသူက 'ခင်လေးနိုင်'။ ဒါပေမဲ့ ခင်လေးနိုင်က တခြားမြို့မှာ တစ်ခါ တစ်ခါမှသာ လာသည်။ ပွဲပျက်အောင် ဖျက်တာလား ဘာလားဆိုတာ မသိ။


ဤအချက်များသည် သူ ဘာဆက်လုပ်ရမည်ဆိုသော ပြဿနာ၏အဖြေကို မေးလာခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် တွေးထားခဲ့သည့်အတိုင်းပင် မောင်တင်မောင်စိုးသည် အင်္ဂါသမီးနှင့် စပ်လျဉ်း၍ နိစ်ပြမိကာ (၀+၃) အကျဉ်းအကျပ် ရောက်ခဲ့လေပြီ။ ကျွန်ုပ်သည် ခပ်မြန်မြန်ပင် စာထဲမှာပါတဲ့ သူ့မွေးသက္ကရာဇ်ကို မှတ်ပြီး အောက်ပါအတိုင်း တွက်ချက်လိုက်၏။




၅တေး သက်ရောက်အရ (၀+၃)သည် တန်းကပ်မှာဖြစ်၏။ ကြုံမှ ကြုံတတ်လွန်း ဖြစ်နေ၏။ သူက ဘင်္ဂဖွား၆ကြာဇေယျတိုင်။ သို့ဖြစ်လေရာ သူ၏နာမည်ကလည်း မဟာဘုတ်အရ အနိဋ္ဌနာမည် ဖြစ်နေ၏။

*စနေနှင့်အင်္ဂါသည် အတွဲလိုက်တန်းကပ်များ ဖြစ်၏။ တန်းကပ်သဘောအရ စနေနှင့် အင်္ဂါ သူတို့နှစ်ဦး အားပြိုင်ကြရမည်။ တစ်ဖန် အင်္ဂါနှင့် စနေတို့သည် ကောဇာဇေယျတိုင်၏ ဇေယျဂြိုဟ်နှင့် ကိစ္စဂြိုဟ်အဖြစ် တွေ့မြင်နေရ၏။ ထို့ကြောင့် ၃ဂီကို ကပ်သော စနေဂြိုလ်သည် ကိစ္စဂြိုဟ်ဖြစ်သဖြင့် အင်္ဂါသည် ရှုံးနိမ့်ပေလိမ့်မည်။ ဒီနေရာမှာ (၀+၃) တင်မောင်စိုးက ဘယ်လို ဆုံးဖြတ်မှာလဲ။ သူကိုယ်တိုင်လည်း အကျပ်အတည်းပင်၊ မတွေးသာမကြံသာ။ ဘယ်ဘက်လိုက်မှာလဲ။ သူ့ အယူအဆ မှန်နိုင်ပါ့မလား။*

(က) စနေဟူသော တင်မောင်စိုးအတွက် မိတ်ဟူသော (၁)နွေဂြိုဟ်ကို ၄ဟူး မရဏဂြိုဟ် ကပ်လျက်ရှိရာ (စနေ၏ ဓာတ်မိတ်သည် တနင်္ဂနွေဂြိုဟ် ဖြစ်၏။)

(ခ) စနေစုတ်ဂြိုဟ် ၅တေးကို ၁နွေ ဗျာယဂြိုဟ် ကပ်လျက်နိစ်ဖြစ်နေသောကြောင့်လည်းကောင်း . . . (စနေ၏ စုတ်ဂြိုဟ်သည် စနေအခါတိုင်၏ ဆပ္ပတ်တွင်ရှိသော ကြာသပတေးဂြိုဟ် ဖြစ်သည်။)

(ဂ) စနေ (သောရီ)တိုင်၏ သာစည်ကြီးသည် နိစ်ပြခံနေသဖြင့်လည်းကောင်း သူ့အတွက် ထွက်ပေါက်မချောင်၊ အယူအဆ မှားနိုင်ဖွယ်ရှိ၏။ နောက်ဆုတ်လည်းမရ၊ ရှေ့တိုးလည်းမဖြစ်၊ သူတို့ သုံးဦးစလုံး အကျဉ်းအကျပ်ထဲမှာ ရှိနေပါသည်။


**(စနေအခါတိုင်၏ တြိရန်းကို ဆပ္ပတ်အုပ်သော သာစည်ကြီး အတည့်သည် (၅+၂) ဖြစ်သည်။)**

သို့ဖြင့် ကျွန်ုပ်သည် သူ့ထံစာပြန်ဖို့ အတော်ဝန်လေးသွား၏။ လသာဆောင်တွင် အရသာခံနေခဲ့ရသော အရသာများသည် ဘယ်ပျောက်သွားသည်မသိ။ ခေါင်းများ အုံ့မှိုင်းရီဝေ၍ လာလေတော့၏။ စာကလေးနှင့်အတူ သူ့အတွက် တွက်ထားသော စာရွက်စာတမ်းများကို အသာခေါက်၊ စာအိတ်ထဲသို့ ထည့်ပြီး ကျွန်ုပ်၏နေ့စဉ် ဒိုင်ယာရီထဲမှာ ညှပ်ထားလိုက်၏။

ကျွန်ုပ်မှာ သတ္တိတစ်ခုရှိ၏။ ပိုင်မှ ဆုံးဖြတ်ပြီး သံသယရှိလျှင် မလုပ်တတ်။ ယုံလည်းယုံခဲ၏။ အထင်သေးလို့မဟုတ်၊ ဘာသိဘာသာ နေတတ်၏။ ယုံပြီခိုင်ပြီ ဆိုရင်တော့ တစ်သက် မမေ့တော့ပေ။ ကျွန်ုပ်အဖေကဲ့သို့ "ကိုယ်ဖော်တဲ့ ဆေး ကိုယ်စားရဲရတယ်ကွ" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၏။

ကျွန်ုပ် ပို၍သေချာအောင် အသေးစိတ် စဉ်းစားပြန်၏။ ပထမအချက် ၅ တေးသက်ရောက်သည် (၀)စနေနှင့် မိတ်ဆွေမဟုတ်သည်က တစ်ချက်။ ဒုတိယအချက် စနေ၏ စုတ်ဂြိုဟ်၊ အာယုဂြိုဟ်၊ မိန်းမဂြိုဟ်၊ ၅တေးသည် နိစ်ခိုလျက် ၁ နွေ ဗျာယဂြိုဟ် ကပ်နေသည်က တစ်ချက်။

တတိယအချက် မင်္ဂလာဂြိုဟ် ၂လ်ာသည် ပြခံလျက် ဒွယ ၅တေးဂြိုဟ် ကပ်နေခြင်း။ စတုတ္ထအချက် (၀+၃သည် လည်းကောင်း၊ (၀) စနေနှင့် (၃) အင်္ဂါတို့သည် တန်းကပ်တွင် အတူတကွ ဆုံနေသည်။ (၅+၂) နိစ်ပြကလည်း ရှိနေ၏။




ပဥ္စမအချက် ၅တေး သက်ရောက်တွင် ဂုရုတိုင်ဖြင့်သုံးသပ်ကြည့်ပါက ၅တေး 'အလယ်ကဏ္ဍား ဂြိုဟ်နေပြား' ဆိုသလို အခြာဂြိုဟ်ဖြစ်ရာ သူ၏စုတ် အချစ်ရေးသည် မကောင်းသည့်အပြင်အာယု(၀)စနေလည်းဖြစ်၊ သို့အတွက် နှစ်ဦးစလုံး အသက်အန္တရာယ် ကျရောက်နိုင်သည် အထိ တွေ့ရ၏။

အဘယ်ကြောင့်ဆိုသော် ဂုရုတိုင်တွင် (၀+၃) တင်မောင်စိုးသည် "သာစည်ကြီး"ဥပဒ်၌ မိသဖြင့် ၄-ဟူး ဟူသော (၀+၄) ဒါန်းလှ အိမ်ထောင်ရေးဂြိုဟ် ပျက်ပြီဟု ဖော်ပြထားပေ၏။ ၄ ဟူးသည် အခိုက်တွင် ခိုနေ၏ စသည်ဖြင့် အရေးကြီးအချက်များကို စုစည်းပြီး ကျွန်ုပ်စိတ်မှ အနားယူလိုက်၏။ *(ဆက်ရန်)*


❒ ဦးညွန့်လှိုင်(တြိဂုဏ်ပင်တောင်)





www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီး (ညွှန့်ဝန်းခရီး)

# အန်ကုတာန်၏ ကြောင်ရုပ်ပိမ္ပာ

The Black Cat
By John Milne (1975)

(ယခင်လမှအဆက်)





www.burmeseclassic.com

www.burmeseclassic.com



ဖူဒ်သည် ကိုယ်ကိုညွှတ်လိုက်၏။ လူသေကို မ,လိုက်သည်။ ညီညာပြန့်ပြူးသော မြေနေရာတစ်နေရာတွင် ချထားလိုက်သည်။ ခဏမျှ ကြာမြင့်လာပြီးသည့်နောက်တွင် ဘိုခ်မန်သည် မျက်စိဖွင့်လိုက်၏။ ဟိုဟိုဒီဒီရှာဖွေကြည့်၏။ သူ စကားပြောရန် ကြိုးစားသည်။ သို့ရာတွင် သူသည် အလွန်သဲကွဲပီသစွာ မပြောနိုင်ပေ။

"ကားနက်ထဲကလူ"ဟု ဘိုခ်မန်ကပြောလာသည်။

"သူတို့တွေ ဘယ်မှာလဲ၊ သူတို့တစ်တွေ ဘာဖြစ်သွားလဲ"

"သူတို့သေကုန်ပြီ"

ဆာလာဟာဒင်က မြန်မြန်ပြောလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

ဘိုခ်မန်က မေးသည်။

"ကျုပ်တို့ လမ်းသွားလမ်းလာတွေပါ၊ နောက်ပြီး ကျုပ်တို့ မတော်တဆဖြစ်ပွားတဲ့အဖြစ်ကို တွေ့တယ်"ဟု ဖူဒ်က ပြောသည်။

အခိုက်အတန့်မျှ ငြိမ်သက်တိတ်ဆိတ်သွားသည်။ ဘိုခ်မန်သည် မျက်စိမှိတ်လိုက်၏။ မြေပေါ်မှာပင် လှဲနေ၏။ ထို့နောက် သူသည် မျက်စိကို တစ်ဖန်ဖြည်းလေးစွာ ဖွင့်လိုက်၏။

"ခင်ဗျား ကျွန်တော့်ကို ကူညီမလား"ဟု ဘိုခ်မန်က မေးသည်။

"ကူညီမယ်"

ဖူဒ်က ပြောသည်။

"ခင်ဗျား ဘာအလိုရှိတာလဲ"

"ဘာအာလ်ဘိခ်မြို့ကို သွားပေးပါ"

ဘိုခ်မန်က ပြောသည်။

"ဂျူဆက်ဖ်ကာဖီကို သွားပါ၊ ဂျူဆက်ဖ်ကို မေးပါ၊ ဂျူဆက်ဖ်ကို ပြောပါ"

ဘိုခ်မန် တစ်ဖန် ငြိမ်သက်တိတ်ဆိတ်သွားသည်။

"ကျုပ်က ဂျူဆက်ဖ်ကို ဘာပြောရမလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဆာလာဟာဒင်က ဘိုခ်မန်သေဆုံးခဲ့ရသည့်ဖြစ်စဉ်ကို လီလာသို့ပြောပြသည်။ ကြောင်နက်နှင့်စပ်လျဉ်း၍လည်း ပြောသည်။

"ကြောင်နက်ဆိုတာ ဘာလဲ"ဟု လီလာကမေးသည်။ ဆာလာဟာဒင်က ဇာချိုင့်ဂူမ်းရှိ ဖာရိုဘုရင် အန်ကူတန်၏ သင်္ချိုင်းဂူအကြောင်းကို ပြောပြ၏။

"ပီယာဆန်ဟာ သင်္ချိုင်းဂူကို တွေ့ခဲ့ပြီးဆိုတာကို ကိုယ်အခုသိလိုက်ပြီ"

ဆာလာဟာဒင်က ပြောသည်။

"ပီယာဆန်ဟာ ကြောင်ကို သင်္ချိုင်းဂူထဲမှာ တွေ့ခဲ့မယ်၊ အဲဒီကြောင်ကို ကိုင်ရိုမြို့ကို ယူလာမယ်၊ သူဟာ ကြောင်နဲ့ပတ်သက်တာတွေကို ဘိုခ်မန်ကို ပြောပြမယ်၊ ဘိုခ်မန်ဟာ ဘအောလ်ဘိခ်အုပ်စုထဲက အုပ်စုဝင်တစ်ယောက်ဖြစ်နေတယ်လေ၊ အဲဒီအကြောင်းကို ပီယာဆန်သိမသွားရှာဘူး၊ ဘိုခ်မန်ဟာ ပီယာဆန်ကို သတ်ပစ်လိုက်တယ်၊ ပြီးတော့ ကြောင်နက်ကို အပိုင်စီးလိုက်တယ်"

"အခု ကြောင်နက်က ဘယ်မှာလဲ"

လီလာက မေးသည်။

"ဘိုခ်မန်မှာ အကြံအစည်တစ်ခုရှိတယ်"

ဆာလာဟာဒင်ကပြောသည်။

"ဘိုခ်မန်ဟာ ကြောင်ကို ဘီရွတ်ကို ယူမသွားဘူး၊ သူဟာ အန်လက်စန်ဒရာမြို့ဆိပ်ကမ်းမှာပဲ ကြောင်ကို တခြားသူ တစ်ယောက်ဆီကို လက်ပြောင်းလက်လွှဲလုပ်လိုက်တယ်၊ အဲဒီ တခြားသူတစ်ယောက်ဆိုတာက ပီတာဆန်ပါပဲ၊ ပီတာဆန်ဟာ ကြောင်နက်ကို သူနဲ့အတူ အေသင်မြို့ကို ယူဆောင်သွားတယ်"

ဆာလာဟာဒင်က ပြောပြနေစဉ်မှာပင် သူ၏စာအုပ်တွင် မှတ်စုအချို့ကို ထည့်သွင်းရေးမှတ်လိုက်သည်။ ရေးမှတ်လိုက်သောမှတ်စုမှာ ဤသို့ဖြစ်သည်။

ဖူဒ်က မေးသည်။

"သူ့ကိုပြောပါ . . . ပီယာဆန် သေသွားပြီလို့ ပြီးတော့ ကြောင်နက် . . ကြောင်နက်က အန္တရာယ် ကင်းရှင်းတယ်"

ဘိုခ်မန်က ပြောသည်။

"ကြောင်နက်က ဘယ်မှာလဲ"

ဆာလာဟာဒင်က မေးသည်။

"ဂျူဆက်ဖ်ကိုပဲ ပြောပါ၊ ကြောင်နက်ဟာ လုံခြုံပါတယ်လို့"

ဘိုခ်မန်က ထပ်မံ၍ဖြေသည်။

"ဟုတ်ပြီ . . . ကြောင်နက်က ဘယ်မှာလဲ"

ဆာလာဟာဒင်က ထပ်မံ၍မေး၏။ "ပီတာဆန်ဆီမှာ ရှိတယ်"ဟု ဘိုခ်မန်က ခဏမျှဆိုင်းငံ့နေပြီးမှပြောသည်။

* * *

"ကျွန်တော် အန်လက်စန်ဒရာမြို့မှာပဲ သူ့ကိုပေးလိုက်ပါတယ်၊ သူနဲ့အတူ ကြောင်နက်ကို သင်္ဘောပေါ်ယူသွားတယ်"

"ဘယ်သင်္ဘောလဲ"

ဆာလာဟာဒင်က မေးသည်။

"အေသင်မြို့ကိုထွက်တဲ့ သင်္ဘောပါ"

ဘိုခ်မန်က ပြောသည်။

"ပီတာဆန်ဟာ ကြောင်နက်ကို အေသင်မြို့ကိုထွက်မယ့် သင်္ဘောပေါ် ယူသွားတာပဲ"

"ခင်ဗျားရဲ့နောက်က တကောက်ကောက်လိုက်နေတာ ဘယ်သူလဲ"

ဖူဒ်က မေး၏။

"လက်နီရောင်အုပ်စု"

ဘိုခ်မန်က ပြောသည်။

"အဲဒီအုပ်စုက ကြောင်နက်ကို လိုချင်နေကြတယ်၊ ကြောင်နက်ကတော့ လုံခြုံစွာ ရှိနေပါတယ်၊ ဂျူဆက်ဖ်ကို ပြောပေးပါ၊ ဂျူဆက်ဖ်ကိုပြောပေးပါ"

ဘိုခ်မန်သည် မျက်စိကို မှိတ်လိုက်၏။ နောက်ဆုံးအချိန်ပဲဖြစ်သည်။ သူ၏ပါးစပ်မှ သွေးများ ပန်းထွက်လာသည်။ သူ့ကိုယ်သည် အခိုက်အတန့် ခပ်ကြမ်းကြမ်းလှုပ်ခါသွားသည်။ ထို့နောက် ငြိမ်သက်သွားသည်။ သေသွားသည်။

"ဒီကနေ ခပ်မြန်မြန်ခွာကြစို့"

ဆာလာဟာဒင်က ပြောသည်။

"ကိုယ်တော့ ရဲတွေလာတာကို မစောင့်ဆိုင်းနေချင်ဘူး၊ ရဲတွေက ကိုယ်တို့ကို သူတို့နဲ့အတူ ဘအောလ်ဘိခ်မြို့ကို ခေါ်သွားကြဦးမယ်၊ ကိုယ်တော့ ဘီရွတ်ကနေ အမြန်ဆုံးထွက်မယ်၊ အေသင်မြို့ကို သွားမယ်၊ သူငယ်ချင်းက ဖြစ်စဉ်ကို မနက်မှာ ရဲကို ပြောပြနိုင်တာပေါ့"

ဖူဒ်နှင့် ဆာလာဟာဒင်တို့နှစ်ဦးသည် လမ်းပေါ်သို့ ပြန်တက်ခဲ့ကြ၏။ ကားအချို့သည် ရပ်လိုက်ကြ၏။ လူအများသည် မီးလောင်နေသောကားကိုကြည့်ရှုကြသည်။ သူတို့နှစ်ဦးမှာ ၎င်းတို့၏ကားကို အမြန်ဆုံးမောင်းနှင် ထွက်ခွာခဲ့ကြ၏။

## (၉)

## ဘီရွတ်မှသည် အေသင်သို့

ဆာလာဟာဒင်နှင့်ဖူဒ်တို့ နှစ်ဦးသား ၁၀ နာရီမထိုးမီ အိမ်သို့ပြန်ရောက်ကြသည်။ လီလာသည် သူတို့နှစ်ဦးအား မြင်တွေ့သော် ကျေနပ်အားရနေမိသည်။ သူမသည် စားသောက်ဖွယ်ရာများကို စတင်စီမံမှုပြုသည်။ ဆာလာဟာဒင် အနေဖြင့်မူ အလျင်စလိုဖြစ်နေသည်။

"သူငယ်ချင်း ဘီရွတ်လေဆိပ်ကို ဖုန်းဆက်ပေးနိုင်မလား"

ဆာလာဟာဒင်က မေးမြန်းလိုက်သည်။

"အေသင်ကို ပထမဆုံးထွက်မယ့် လေယာဉ်ရဲ့အချိန်ကို မေးကြည့်၊ ကိုယ် အေသင်ကို မြန်နိုင်သမျှမြန်မြန်ရောက်ချင်တယ်"

ဖူဒ်သည် လေဆိပ်သို့ ဖုန်းဆက်သည်။ လီလာသည် ကော်ဖီကို ပြင်ဆင်ယူလာခဲ့၏။ သို့ဖြင့် ထိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

**ပီယာဆန်**

ကြောင်နက်ကိုတွေ့ရှိ။
ကြောင်နက်ကို ကိုင်ရိုသို့ သယ်ဆောင်။
ဘိုခ်မန်သို့ ပြောပြ။
ပီယာဆန်ကို ဘိုခ်မန်သတ်ပစ်။

**ဘိုခ်မန်**

ကြောင်နက်ကို အန်လက်စန်ဒရာမြို့သို့ ယူလာ။
ကြောင်နက်ကို ပီတာဆန်ဆိုသူကိုပေးခဲ့။ ဘီရွတ်သို့ ပြန်လာ။
ဘအာလ်ဘိခ်မြို့ငယ်သို့ သွားရာ လမ်း၌အသတ်ခံရ။

**လက်နီရောင်အုပ်စု**

ကြောင်နက်နှင့်ဆက်စပ်သည့် အခြေအနေကြားသိရ။
ဘိုခ်မန်ကို တားမြစ်ရန် ကြိုးစား။
ဘအာလ်ဘိခ်မြို့ငယ်သို့ သွားရာလမ်း၌ အသတ်ခံရ။

**ဂျူဆက်ပ်**

ဘအာလ်ဘိခ်မြို့ငယ် ကာဇီဆိုင်မှာရှိ ဘအာလ်ဘိခ်အုပ်စု ခေါင်းဆောင်။

**ပီတာဆန်**

ကြောင်နက်ရှိနေ။
အေသင်မြို့သို့ ထွက်ခွာသော သင်္ဘောတစ်စင်းပေါ်တွင် ရှိနေ။
သင်္ဘော၏အမည် ဆီးယီးရား။

ဖူဒ်သည် တယ်လီဖုန်း ဆက်အပြီး ပြန်ရောက်လာသည်။


"လေးနာရီကြာ စီးရမယ့် လေယာဉ်တစ်စင်း ရှိတယ်"

ဖူဒ်က ပြောသည်။

"ဘီရွတ်ကနေ နံနက် ၁ နာရီမှာ စတင်ထွက်မယ်၊ အေသင်ကို ၅ နာရီမှာ ရောက်မယ်"

"အန်လက်စန်ဒရာမြို့ကနေပြီး အေသင်မြို့ကို သင်္ဘောက ဘယ်လောက်ကြာကြာခရီးနှင်မှာလဲ"

ဆာလာဟာဒင်က မေးသည်။



"နှစ်ရက်နီးပါးပဲ"

လီလာက ပြောသည်။

"တစ်ချိန်က အေသင်ကို အားလပ်ရက်မှာ ကျွန်မသင်္ဘောနဲ့ ခရီးထွက်ခဲ့ဖူးပါတယ်"

"ဆီးယီးရားသင်္ဘောဟာ အန်လက်စန်ဒရာမြို့က တနင်္လာနေ့ညနေပိုင်းမှာထွက်မယ်၊ ဒီနေ့ အင်္ဂါနေ့ဖြစ်နေပြီး မနက်ဖြန်အထိတောင် သင်္ဘောဟာ အေသင်မြို့ကို ရောက်မှာမဟုတ်သေးဘူး၊ ကိုယ်က သင်္ဘောထက်အရင် အေသင်ကို ရောက်နေရမယ်"ဟု ဆာလာဟာဒင်ကပြောသည်။

"တို့ မြန်မြန်သွားရမယ်"

ဖူဒ်က ပြောသည်။

"လေဆိပ်က အဝေးကြီး"

ဆာလာဟာဒင်က လီလာကို ဂွတ်ဘိုင်ဟုနှုတ်ဆက်သည်။ ဖူဒ်နှင့်အတူ ကားစီးထွက်သွားသည်။

သူတို့သည် လေဆိပ်သို့ သန်းခေါင်ကျော်ပြီးစအချိန်တွင် ရောက်ရှိကြသည်။ ဗုဒ္ဓဟူးနေ့သို့ ကူးပြောင်းရောက်ရှိပြီဖြစ်သည်။ ဆာလာဟာဒင် အနေဖြင့်မူ အေသင်မြို့သို့ ရောက်ရှိရန်မှာ လေကြောင်းဖြင့် အချိန်အနည်းငယ်မျှသာလျှင် ကြာမြင့်မည် ဖြစ်သည်။ ဆာလာဟာဒင်သည် ဖူဒ်ကို ကျေးဇူးတင်ရှိပါသည်။

"သတိထားဗျာ"

"ကြောင်နက်ရဲ့ စနက်ကြောင့် လူငါးယောက်တောင် သေဆုံးသွားခဲ့ရပြီ၊ အေသင်ရောက်ရင် ကိုယ်တို့ဆီကို ကြေးနန်းတစ်စောင်ပို့လိုက်ပါဦး"

"ကိုယ့် သူငယ်ချင်းဆီကို အေသင်ကနေ မနက်ဖြန်မနက်မှာပဲ ကြေးနန်း တစ်စောင် ပို့လိုက်ပါ့မယ်"

ဟု ဆာလာဟာဒင်က ပြောလိုက်သည်။ ထို့နောက် ဆာလာဟာဒင် ပြုံးလိုက်၏။

"ကိုယ်က ဒီနေ့ကိုဆိုလိုတာ ဗုဒ္ဓဟူးနေ့ရောက်နေပြီး သူငယ်ချင်းက ရဲ တွေဆီကို မနက်မှာသွားလိုက်ပေတော့၊



www.burmeseclassic.com

www.burmeseclassic.com

ရဲတွေကို ဂျူဆက်ဖ်ကာဖီနဲ့စပ်လျဉ်းတာတွေကို ပြောပြပေါ့”

ဆာလာဟာဒင်က ဖုန်းကို ဝွမ်ဘိုင်ဟုနှုတ်ဆက်လိုက်သည်။ အေသင်သို့ပျံသန်းမည့်လေယာဉ်သို့ သွားလိုက်သည်။

## (၁၀)
## ဆာလာဟာဒင် ပီတာဆန်ကိုတွေ့ပြီ

ဆာလာဟာဒင် စီးနင်းလိုက်ပါလာသော လေယာဉ်သည် နံနက်စောစောစီးစီးတွင် အေသင်မြို့ပေါ် ပျံသန်းလိုက်သည်။ ဆာလာဟာဒင်သည် လေယာဉ်ပေါ်မှနေ၍ ချွတ်ခြုံကျစွာ ပြိုပျက်နေသော အေရိုပိုလိစ်ကိုငုံ့ကြည့်လိုက်၏။ အပြိုအပျက်များသည် နံနက်စောစော၏ နေရောင်ခြည်အောက်တွင် တွေ့ရ မြင်ရသည်မှာ အံ့အားသင့်ဖွယ်ရာဖြစ်စေသည်။ သို့ရာတွင် ဆာလာဟာဒင်သည် ကမ္ဘာလှည့် ခရီးသည်တစ်ဦးမဟုတ်ရပေ။ သူသည် စုံထောက်တစ်ဦးဖြစ်သည်။ ပီတာဆန်ကို တွေ့အောင်ရှာဖွေရမည်လည်း ဖြစ်သည်။

သူသည် လေဆိပ်တွင် အငှားယာဉ်စီးလိုက်သည်။ ပီရာကပ်စ်သို့သွားခြင်းပင် ဖြစ်သည်။ ပီရာကပ်စ်သည် အေသင်မြို့၏ပင်လယ်ဆိပ်ကမ်းဖြစ်၏။

ပီရာကပ်စ်သို့ ရောက်ရှိပြီးနောက် ဆာလာဟာဒင်သည် အငှားယာဉ်ပေါ်ကဆင်းပြီး ဆိပ်ကမ်းဝင်းတံခါးတွင်ဖွင့်လှစ်ထားသော ရုံးတစ်ရုံးသို့ သွားသည်။

“အန်လက်စန်ဒရာက ထွက်လာတဲ့ ဆီးယီးရားသင်္ဘော ဘယ်အချိန် ဆိုက်ကပ်မှာလဲခင်ဗျာ”ဟု ဆာလာဟာဒင်က စုံစမ်း၏။

“မွန်းတည့်ချိန်မှာပါ” ဟု ပြန်ကြားချက် ရရှိ၏။

“လေးနာရီမှာ ဗင်နစ်မြို့ကိုဆက်ထွက်မယ်”

နံနက် ၆ နာရီမျှသာ ရှိနေပါသေးသည်။ ဆာလာဟာဒင်သည် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရဦးမည်ဖြစ်သည်။ ပီရာကပ်စ် ပင်လယ်ဆိပ်ကမ်းမြို့တွင် ကော်ဖီဆိုင် အသေးစားများနှင့် ပျော်ပွဲစားရုံများအပြည့်ရှိနေ၏။ သူသည် ကော်ဖီသောက်ရင်း အချိန်ကို ကုန်ဆုံးစေခဲ့သည်။

နံနက် ၁၁ နာရီထိုးပြီဖြစ်သည်။ ဆာလာဟာဒင်သည် ဆိပ်ကမ်းသို့ ပြန်သွား၏။ သူသည် ဝင်းတံခါးအတွင်းထဲသို့ ဝင်ရောက်ရန်ကြိုးစား၏။ ရဲတပ်ဖွဲ့ဝင်တစ်ဦးက သူ့ကိုတားမြစ်လိုက်သည်။

“ဝင်းတံခါးအတွင်းကို လက်မှတ်မပါဘဲ သွားလာလို့မရဘူး”ဟု ရဲတပ်ဖွဲ့ဝင်က ပြောသည်။

ဆာလာဟာဒင်သည် စိတ်ကူးတစ်ခုရသည်။ ရုံးခန်းမှလူတစ်ယောက်က ဆီးယီးရားသင်္ဘောသည် ဗင်နစ်မြို့သို့ ဆက်လက်ထွက်ခွာမည်ဟု ပြောခဲ့၏။ သူသည် ရုံးခန်းသို့ ပြန်သွားရသည်။ ဗင်နစ်မြို့အတွက် ပထမတန်းစီးသင်္ဘောလက်မှတ်တစ်စောင် ဝယ်ယူသည်။ သူသည် ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်လိုက်သည်။ ဆီးယီးရားသင်္ဘောသည် ဆိုက်ကပ်လာခြင်းမရှိသေးပေ။ သူသည် သေတ္တာတစ်လုံးပေါ်တွင် တက်ထိုင်လိုက်၏။ ဆီးယီးရားကို စောင့်ဆိုင်းနေ၏။

“ပီတာဆန် ဆိုတဲ့နာမည်ဟာ အီဂျစ်အမျိုးသားတစ်ဦးရဲ့နာမည်တော့ ဟုတ်ဟန်မတူဘူး”ဟူ၍ ဆာလာဟာဒင်က တွေးသည်။

ဆွီဒင်အမျိုးသားရဲ့ နာမည်ပဲ။ ဘိုခ်မန်ဆိုတဲ့နာမည်မျိုးလိုပေါ့။ ဖြစ်နိုင်တာက ပီတာဆန်လဲ ဆွီဒင်အမျိုးသားပဲ။ ဆံပင်ကောင်းကောင်းနဲ့လူ၊ အဲဒီလူဟာ သေတ္တာတစ်လုံးကိုသယ်ယူလာတဲ့ သူပဲဖြစ်လိမ့်မယ်။

ဆီးယီးရားသင်္ဘောသည် ၁၂ နာရီခွဲတွင် ဆိုက်ရောက်လာ၏။ နာရီဝက်မျှ နောက်ကျလာခြင်း ဖြစ်သည်။ သင်္ဘောပေါ်မှ ခရီးသည်များဆင်းလာ၏။ ဆာလာဟာဒင်သည် စောင့်ဆိုင်းကြည့်ရှုနေ၏။ အားလုံးသည် အီဂျစ်အမျိုးသား၊ အမျိုးသမီးများဖြစ်ကြသည်။ အချို့အမျိုးသားများသည် ဇနီးသည်နှင့် ကလေးများနှင့်အတူဖြစ်ကြ၏။ ကျောင်းသား၊ ကျောင်းသူများလည်း အမြောက်အမြားဖြစ်ကြသည်။ ဆွီဒင်နိုင်ငံသားနှင့် သွင်ပြင်တူသူ တစ်ဦးတစ်ယောက်မျှပင် မပါရှိပေ။

ထိုအခိုက်အတန့်မှာပင် ဆီးယီးရားသင်္ဘော ကုန်းပေါင်ထိပ်၌ တစ်ဦးတစ်ယောက်ကိုတွေ့မြင်လိုက်ရသည်။ သူသည် အရပ်အမောင်းမြင့်မားသူဖြစ်သည်။ ဆံပင်ကောင်းသည်။

“အဲဒီလူ ပီတာဆန်”

ဆာလာဟာဒင် တွေး၏။

“အဲဒါကြောင့် ဒီလူက သင်္ဘောပေါ်မှာပဲနေနေဖို့ ဆုံးဖြတ်ချက်ချထားမယ်၊ ဗင်နစ်မြို့ကို သွားကောင်းသွားမယ်၊ ငါလဲပဲ သင်္ဘောပေါ်ကို တက်လိုက်မယ်၊ ဗင်နစ်မြို့ကို လိုက်သွားမယ်”

သို့ရာတွင် ဆာလာဟာဒင်သည် သတိရှိသူဖြစ်သည်။ လှည့်စားမှုတစ်ခုလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ပီတာဆန် ဆီးယီးရားသင်္ဘောပေါ်မှ နောက်ဆုံးမှာမှ ဆင်းလာသူလည်းဖြစ်နိုင်သည်။

ဆာလာဟာဒင်သည် စောင့်ဆိုင်းနေ၏။ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှဆင်းမလာပေ။ ၄း နာရီထိုးသွားသည်။ ဆီးယီးရားသင်္ဘောသည် ဆက်လက်၍ထွက်ခွာရန် အသင့်ရှိနေပြီလည်း ဖြစ်သည်။

သူသည် သင်္ဘောပေါ်ရှိ လက်မှတ်ရုံသို့ သွားသည်။ ယင်း၏ လက်မှတ်ကို အရာရှိသို့ ပြသလိုက်သည်။

“ကျွန်တော် အခုပဲ သင်္ဘောပေါ်ကို တက်လာတာပါ၊ ကျွန်တော် အခန်းတစ်ခန်းလောက် ရနိုင်ပါသလား ကျေးဇူးပြုပါ”ဟု ဆာလာဟာဒင်က ပြောသည်။

“ခင်ဗျားက ပထမတန်းကပဲလေ”





www.burmeseclassic.com

www.burmeseclassic.com

အရာရှိက ပြောသည်။

"အခန်း (၂၂) ကိုသွားပါ၊ ကုန်း ပတ်ထိပ်ရဲ့အောက်မှာပါ"

အရာရှိသည် အခန်း (၂၂) ၏ သော့ကို ဆာလာဟာဒင်သို့ ပေးလိုက် သည်။

"ခဏလေးခင်ဗျာ. . ."

အရာရှိက ပြောသည်။

"ကျွန်တော် ဝမ်းနည်းပါတယ်၊ ကျွန်တော် အမှားအယွင်းတစ်ခု လုပ် လိုက်တာပါ၊ အခန်း(၂၂)က မအားလပ် ပါဘူး ခင်ဗျာ၊ မစ္စတာပီတာဆန် ဆိုသူ ဟာ အခန်း(၂၂)မှာပါ၊ သူက ဗင်နစ်မြို့ ကို ဆက်လက်စီးနင်းသွားဖို့ ဆုံးဖြတ် ချက် ချလိုက်သတဲ့၊ ဒါပေမဲ့ အခန်း(၂၃) သွားနိုင်ပါတယ်"

ဆာလာဟာဒင်သည် အရာရှိ ထံမှ အခန်း(၂၃)သော့ကို ယူလိုက်၏။ အခန်း(၂၃)ဆီသို့ သွားသည်။ အခန်း ထဲတွင် ထိုင်နေလိုက်သည်။

သူသည် ပီတာဆန် ဆိုသူကို တွေ့လိုက်ရပြီ။

(၁၁)

**ဆာလာဟာဒင် ကြောင်နက်ကိုတွေ့ပြီ**

၁၀ မိနစ်မျှအကြာတွင် ဆာ လာဟာဒင်၏ အခန်းတံခါးကိုခေါက် သည်။

တံခါးခေါက်သူမှာ သဘော်ာ စားပွဲထိုးဖြစ်၏။

"ဆရာ ညစာကို စားသောက် ခန်းမမှာ သုံးဆောင်မှာလား၊ ဒါမှမဟုတ် ဆရာ့အခန်းထဲမှာပဲ သုံးဆောင်မှာလား ခင်ဗျာ"ဟု သင်္ဘောစားပွဲထိုးက မေး သည်။

"လူတွေ ဘယ်နေရာမှာ သုံး ဆောင်လေ့ရှိကြသလဲ"

ဆာလာဟာဒင်က မေးလိုက် သည်။

"စားသောက်ခန်းမမှာပါ ခင်ဗျာ"

သင်္ဘောစားပွဲထိုးက ပြော သည်။

"ဒါပေမဲ့လို့ ဆရာရဲ့ညစာ...ုံ ဆရာရဲ့အခန်းမှာပဲ သုံးဆောင်ဖို့ဆန္ဒရှိ တယ်ဆိုရင်လဲ သုံးဆောင်နိုင်ပါတယ်"

"ဒါလဲ ကောင်းတာပဲ"

ဆာလာဟာဒင်က ပြောသည်။

"ကျုပ် ဒီမှာပဲစားမယ်"

"ကျွန်တော် ဆရာရဲ့ညစာကို ဧ နာရီမှာ လာရောက် ပို့လာမယ်"ဟု သင်္ဘောစားပွဲထိုးက ပြောသည်။

ထို့နောက် စားပွဲထိုးသည် စင်္ကြံ လမ်းသို့ဆင်းသွားသည်။ ဆာလာဟာ ဒင်သည် သင်္ဘောစားပွဲထိုးကို သတိ ထားမိလိုက်သည်။ စားပွဲထိုးသည် လှေ ကားအောက်ရှိ အခန်းငယ်တစ်ခုသို့ ဝင်ရောက်သွားသည်။ ဆာလာဟာဒင် သည် သူ၏မှတ်စုစာအုပ်ကို ယူလိုက် သည်။ စင်္ကြံလမ်းနှင့် အခန်းများ၏ပုံများ ကို ရေးဆွဲသည်။

BURMESE CLASSIC .com

အခိုက်အတန့်မျှသာ ကြာမြင့်ခဲ့ သည့်နောက်တွင် သင်္ဘောစားပွဲထိုး သည် သူ၏အခန်းထဲမှ ထွက်လာ၏။ စင်္ကြံလမ်းသို့သွားသည်။ ဆာလာဟာဒင် သည် ငါးမိနစ်မျှစောင့်ဆိုင်းနေ၏။ စင်္ကြံ လမ်းတွင် အရာရာသည် တိတ်ဆိတ်ငြိမ် သက်နေ၏။ ဆာလာဟာဒင်သည် ယင်း၏ အခန်းထဲမှထွက်လိုက်သည်။ လှေကားအောက်ရှိ စားပွဲထိုး၏အခန်း သို့ တိတ်တဆိတ်သွားသည်။

သင်္ဘောစားပွဲထိုးသည် အခန်း ကို သော့မခတ်ထားခဲ့ပါ။ ဆာလာဟာ ဒင်သည် တံခါးကို သတိရှိစွာဖြင့် ဖွင့် လိုက်သည်။ အခန်း၏အတွင်းသို့ ကြည့် လိုက်၏။ အခန်းသည် သေးငယ်သည်။ အခန်းထဲတွင် ဝက်မှင်ဘီးများနှင့် သန့် ရှင်းရေးဆိုင်ရာ ပစ္စည်းအမျိုးအစား များရှိနေကြ၏။ နံရံပေါ်တွင် ချိတ်အချို့ ရှိနေကြ၏။ ချိတ်တိုင်းတွင် သော့တစ်ခု စီချိတ်ဆွဲထားသည်။ ချိတ်အပေါ်တွင် အမှတ်စဉ်တစ်ခုစီ ရှိနေ၏။

ဆာလာဟာဒင်သည် အခန်း အမှတ်(၂၂)၏သော့ကို ယူလိုက်သည်။ ထို့နောက် တံခါးပေါက်သို့ပြန်ထွက်၏။ ချက်တရက် သူသည် အသံတစ်သံကြား ရသည်။ ပီတာဆန်ပြန်လာပြီးဖြစ်သည်။ သူသည် သူ့အခန်းတံခါးအနီးတွင် ရပ် နေလျက်ရှိသည်။ ဆာလာဟာဒင်သည် သင်္ဘောစားပွဲထိုး၏ အခန်းအတွင်း၌ စောင့်ဆိုင်းလျက်ရှိနေ၏။ ပီတာဆန် သည် ၎င်း၏အခန်းအတွင်းသို့ ဝင်သွား ၏။ အခန်းတံခါးကို ပိတ်လိုက်သည်။

ဆာလာဟာဒင်သည် သူ၏ ကိုယ်ပိုင်အခန်းသို့ တိတ်တဆိတ်ပြန် သွား၏။ သူ့အခန်းထဲတွင် သူထိုင်နေ လိုက်သည်။ သူ နားစွင့်နေ၏။ တေး ဂီတသံထွက်ပေါ်လွင့်ပျံလာ၏။ ပီတာ ဆန်သည် ရေဒီယိုဖွင့်လိုက်၏။ ပီတာ ဆန်သည် ရေချိုးနေပြန်သည်။ ရေကျသံ များကိုကြားရသည်။

ဆာလာဟာဒင်သည်လည်း ရေ ချိုးပြန်သည်။ ရေချိုးပြီးသော် အဝတ် အစားဝတ်သည်။ ထို့နောက် စောင့်ဆိုင်း နေပြန်၏။ အချိန်အနည်းငယ်မျှအကြာ တွင် ဆာလာဟာဒင်၏ အခန်းအား တံခါးလာခေါက်သည်။ စားပွဲထိုးဖြစ် သည်။ ယင်းသည် ဆာလာဟာဒင် အတွက် ညစာပြင်ဆင်ယူဆောင်လာ ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပီတာဆန် သည် ၎င်း၏အခန်းမှ ထွက်လာသည်။ ၎င်းသည် တံခါးကို သော့ခတ်လိုက် သည်။ ထို့နောက် စင်္ကြံသို့လျှောက်သွား လိုက်သည်။

ပီတာဆန်သည် စားသောက် ခန်းမသို့ သွားရောက်ခြင်းဖြစ်သည်။ စားပွဲထိုးထွက်သွား၏။ ဆာလာဟာဒင် တစ်ယောက်တည်း ကျန်နေရစ်ခဲ့၏။ ၎င်းသည် စင်္ကြံလမ်းသို့ စူးစမ်းကြည့် ကြည့်လိုနေသည်။ အခြေအနေအရပ် ရပ်သည် တည်ငြိမ်အေးဆေးစွာရှိနေကြ သည်။ ဆာလာဟာဒင်သည် ယင်း၏ အခန်းမှ ထွက်လိုက်၏။ စင်္ကြံလမ်းကို ဖြတ်သန်းလိုက်သည်။ ၎င်းသည် အခန်း (၂၂)၏တံခါးကိုသော့ဖြင့်ဖွင့်လိုက်သည်။ တံခါးကို ဖြည်းညင်းစွာ ဖွင့်လိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

ငှင်းသည် အခန်းထဲသို့ဝင်သည်။ တံခါးကို ဂရုပြုစွာဖြင့် ပြန်လည်ပိတ်လိုက်သည်။

သူသည် အခန်းကို လှည့်ပတ်ကြည့်၏။ ဗီရိုတစ်လုံးရှိနေသည်။ ဗီရိုပေါ်၌ ခရီးဆောင်လက်ဆွဲအိတ်တစ်လုံးရှိနေ၏။ အဝတ်အချို့သည် အိပ်ရာပေါ်၌ ရှိနေကြသည်။ သူသည် သေတ္တာတစ်လုံးကိုမတွေ့ပေ။ ရေချိုးခန်းထဲသို့လည်း ကြည့်သည်၊ မရှိပါပေ။

"ကြောင်နက်ဟာ ဒီမှာပဲ ရှိနေရမယ်"ဟု ဆာလာဟာဒင်တွေးသည်။

"သူ ကြောင်နက်ကို ဘယ်မှာ သွားဝှက်ထားသလဲ"

ဆာလာဟာဒင်စိတ်ကူးတစ်ခု ရရှိ၏။ ရေချိုးခန်းသည် အလွန်မြင့်၏။ ရေချိုးခန်းကို ရှာကြည့်ပြန်၏။ ရေချိုးခန်း၏အပေါ်၌ သေတ္တာတစ်လုံးထားရှိသည်ကို တွေ့ရသည်။

သူသည် သေတ္တာကိုမ, လိုက်သည်။ ထို့နောက် သေတ္တာကို အိပ်ရာပေါ်၌ချထားလိုက်သည်။ စတင်ဖွင့်လိုက်၏။ သို့ရာတွင် တစ်စုံတစ်ရာ အမှားအယွင်း အချွတ်အချော် ဖြစ်သွားခဲ့ပြီဖြစ်သည်။

အသံတစ်သံ ထွက်ပေါ်လာသည်။ အခန်းအမှတ်(၂၂) တံခါးချပ်ရုတ်တရက်ပွင့်သွား၏။ တံခါးပေါက်ဝတွင် လူတစ်ယောက်ရှိနေသည်။ ပီတာဆန်ဖြစ်၏။ သူ့လက်ထဲတွင် သေနတ်တစ်လက်ရှိနေ၏။ သေနတ်က ဆာလာဟာဒင်ကို ချိန်ရွယ်နေ၏။

## (၁၂)

**ဆီးယီးရားပေါ်က အသေအပျောက်**

"မလှုပ်နဲ့"

ပီတာဆန်က ပြောလိုက်သည်။ ငှင်းသည် အခန်းအတွင်းသို့ဝင်လာ၏။ တံခါးကိုပိတ်လိုက်သည်။ ဆာလာဟာဒင်သည် အိပ်ရာအရှေ့တွင် မလှုပ်မယှက် ရပ်လျက်ရှိသည်။

"မင်းဘယ်သူလဲ"

ပီတာဆန်က မေးလိုက်သည်။

"ငါ့အခန်းထဲမှာ မင်းက ဘာဝင်လုပ်တာလဲ"

ဆာလာဟာဒင်သည် လျင်မြန်စွာတွေးလိုက်သည်။ သူ့ထံ၌ တစ်စုံတစ်ခုပြောဆိုရန် ရှိနေ၏။

"ဘိုခ်မန်က ကျုပ်ကိုလွှတ်လိုက်တာပါ"

ဆာလာဟာဒင်က ပြောသည်။

"ခင်ဗျားအတွက် သတင်းတစ်ခု ပါလာပါတယ်"

"မင်းလိမ်နေတယ်"

ပီတာဆန်က ပြောသည်။

"အိပ်ရာပေါ်မှာ တစ်ခုခုပဲ၊ နောက်မှာရပ်နေလိုက်"

ဆာလာဟာဒင်သည် နောက်ဘက်သို့ ရွှေ့လိုက်၏။ ပီတာဆန်သည် သော့ကိုတွေ့သွား၏။ သေတ္တာသည် ပွင့်နေ၏။

"ဒီလိုဆို မင်းကြောင်နက်ကို တွေ့လိုက်ပြီပေါ့"ဟု ပီတာဆန်က ပြောလိုက်သည်။

"မင်းဟာ လက်နီရောင်အုပ်စုက အုပ်စုဝင်တစ်ယောက်ပဲကွ"

ပီတာဆန်သည် တံခါးကိုဖွင့်လိုက်၏။ စင်္ကြံလမ်းထဲသို့ သတိထားကြည့်လိုက်၏။ ရှင်းလင်းနေသည်။

"မင်းလက်နှစ်ဖက်ကို မင်းရဲ့ ကျောနောက်မှာထားလိုက်စမ်း၊ အခန်းထဲက ထွက်လာလိုက်"

ပီတာဆန်က ပြောလိုက်၏။

"လှေကားက ဖြည်းဖြည်းတက်သွားလိုက်. . . ကုန်းပတ်အထိ"

ဆာလာဟာဒင်သည် အခန်းထဲမှ ထွက်လိုက်ရသည်။ ပီတာဆန်က နောက်မှလိုက်သည်။ ဆာလာဟာဒင်သည် လှေကားပေါ်သို့ ဖြည်းဖြည်းတက်သွား၏။ ကုန်းပတ်ထိပ်သို့ ရောက်ရှိသွား၏။ ပီတာဆန်က ထပ်မံ၍ပြောလိုက်၏။

"လက်ရန်းဘက်ကို လျှောက်သွားလိုက်"

သင်္ဘော၏ ဘေးဘက် ပတ်လည်တွင် လက်ရန်းရှိ၏။ ယခုအခါတွင် ဆီးယီးရားသင်္ဘောသည် ကိုရင်း တူးမြောင်းထဲသို့ ဝင်ရောက်ဖြတ်သန်းနေပြီးဖြစ်သည်။ သင်္ဘောသည် တစ်ဖက်မှ တစ်ဖက်သို့ လူးလိမ့်နေ၏။

ဆာလာဟာဒင်သည် သင်္ဘောမီးခိုးခေါင်းတိုင်ဘက်ဆီသို့ ဖြည်းလေးစွာလျှောက်သွားနေရသည်။

"ရပ်"

ပီတာဆန်က ပြောလိုက်၏။

"တစ်ဖက်လှည့်လိုက်"

ဆာလာဟာဒင်သည် လှည့်လိုက်၏။ ပီတာဆန်ကိုကြည့်လိုက်၏။

"အခု မင်းငါ့ကိုအမှန်တိုင်းပြော"

ပီတာဆန်က ပြောလိုက်သည်။

"မင်းဘယ်သူလဲ"

ဆာလာဟာဒင်သည် အချို့ကို အမှန်အတိုင်းပြောပြလိုက်ရန်နှင့် အချို့ကိုလှည့်စားပြောပြရန် ဆုံးဖြတ်လိုက်၏။

"ဘိုခ်မန် သေပြီ"

ဆာလာဟာဒင်က ပြောသည်။

"ဂျူဆက်ဖ်က အဖမ်းခံလိုက်ရတယ်၊ ဘအာလ်ဘိခ်အုပ်စုလဲ ရှင်းသွားပြီ၊ ရဲတွေက ခင်ဗျားကို ဗင်နစ်မြို့မှာ စောင့်ဆိုင်းနေလေရဲ့"

"ငါ မင်းကိုမယုံကြည်ဘူး"

ပီတာဆန်ကပြောသည်။

"အဲဒါတွေကို မင်းက ဘယ်လိုသိတာလဲ၊ မင်းက ဘယ်သူလဲ"

"ကျုပ်ဟာ အီဂျစ်ရဲတပ်ဖွဲ့က ရဲအရာရှိတစ်ယောက်ပဲ"

ဆာလာဟာဒင်က ပြောလိုက်သည်။

"ကျုပ်ဟာ ခင်ဗျားကို ဘီရွတ်မြို့ကတည်းက နောက်ယောင်ခံလိုက်နေတာ၊ အီတလီရဲတပ်ဖွဲ့က ခင်ဗျားကို ဗင်နစ်မှာ စောင့်နေတယ်"

"မင်းဟာ ထပ်ပြီးတော့ လိမ်လိုက်ပြန်ပါပြီ"

ပီတာဆန်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းဟာ ဘာပြုလို့ အေသင်မြို့မှာကတည်းက ရဲတပ်ဖွဲ့ဝင်တွေကို သင်္ဘောပေါ် မခေါ်ဆောင်ခဲ့ရတာလဲ"

ဆာလာဟာဒင် မပြောပေ။ ပီတာဆန်က စတင်၍ ရယ်သွမ်းသွေးလိုက်သည်။

"မင်းဟာ အေသင်မြို့မှာ ဘယ်သူ့ကိုမှမပြောခဲ့ဘူး" ဟု ပီတာဆန်က ပြောလိုက်သည်။

"ဘယ်သူတစ်ဦးတစ်ယောက်မှလဲ ဗင်နစ်မြို့မှာ ဒီသင်္ဘောဆိုက်ကပ်လာမှာကို စောင့်နေရမှာမဟုတ်ဘူးကွ၊ ငါအခု မင်းကို ပစ်သတ်မယ်၊ မင်းရဲ့အလောင်းကိုပင်လယ်ထဲ ချပစ်မယ်"

ရုတ်တရက် ပီတာဆန်သည် သေနတ်ကိုပစ်ဟန်ပြုလိုက်သည်။ ထိုအခိုက်အတန့်မှာပင် အရွယ်အစားကြီးမားသော လှိုင်းလုံးကြီးတစ်လုံးသည် သင်္ဘော၏ဘေးဘက်ကို ထိရိုက်လာလိုက်သည်။

ပီတာဆန်လည်း လက်ရန်းမှ တစ်ဟုန်းထိုး လွင့်စဉ်သွားမည့်အခြေဖြစ်သွားသည်။ သေနတ်သည် ကုန်းပတ်ပေါ်သို့ ကျသွား၏။

တစ်စက္ကန့်မျှမှာပင် လူနှစ်ဦးသည် သေနတ်ကျရောက်သွားရာကို ကြည့်လိုက်ကြသည်။ လေသည် သူတို့ကို ကြမ်းရမ်းစွာဖိအားပေးကာ အင်အားသုံးတိုက်ခတ်လိုက်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ရွေ့သို့ရွေ့လျားနိုင်ခြင်း မရှိကြပေ။

ပီတာဆန်သည် ဦးစွာလှုပ်ရှားမှုပြုနိုင်ခဲ့သည်။ သူသည် သေနတ်ကို ကောက်ယူရရှိလိုက်ရန် ကြိုးစား၏။ ဆာလာဟာဒင်သည် ပီတာဆန်ထံသို့ တစ်ဟုန်တည်းပြေးလွှားချဉ်းကပ်လိုက်သည်။ သူသည် ပီတာဆန်၏ လည်ပင်းပတ်လည် ချုပ်ထားနိုင်လိုက်၏။

ထို့နောက် ပီတာဆန်ကို လက်ရန်းပေါ်သို့ တွန်းထိုးပစ်လိုက်၏။ ပီတာဆန်သည် လက်ရန်းပေါ်တွင် နောက်ပြန်လဲကျသွားသည်။ ထိုမှ မာန်ဟုန်ပြင်းထန်နေသော ပင်လယ်ကြမ်းခင်းပေါ်သို့ ထိုးစိုက်ပျောက်ကွယ်သွားခဲ့ပေသည်။ စူးဝါးစွာ 'အော်ဟစ်လိုက်သည့်အသံထွက်ပေါ်လာ၏။ ထို့နောက် ပြကတေနှင့်အညီ ငြိမ်သက်တိတ်ဆိတ်သွားကြပေသည်။

ဆာလာဟာဒင်သည် လက်ရန်းမှ ခွာလိုက်၏။ လက်ရန်းနှင့်လှမ်းဝေးရာသို့ ဖြည်းလေးစွာလျှောက်သွားလိုက်သည်။ ကုန်းပတ်ပေါ်တွင် ထိုင်ချလိုက်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ရောက်ရှိမလာပါ။ လူတိုင်းလူတိုင်းသည် ညစာသုံးဆောင်ကြရင်း အလုပ်များနေလျက်ရှိနေကြသည်။ မည်သူတစ်ဦးတစ်ယောက်မျှသည်လည်း လဲပြိုသံ အော်ဟစ်သံများကို မကြားကြရပါပေ။

## (၁၃)

## မနှောင့်ယှက်ပါနှင့်

စကြိုလမ်းအပြင်ဘက် အခန်းအမှတ် (၂၂)သည် လွတ်ဟာနေသည်။ အရာရာတိုင်းသည် ဆိတ်ငြိမ်နေပါ၏။

ဆာလာဟာဒင်သည် အခန်းအတွင်းသို့ ဝင်ရောက်ကာ သေတ္တာကို သတိထား၍ ကောက်ယူလိုက်၏။ အခန်းမှထွက်၏။ စကြိုတစ်ဖက်မှသည် အခြားတစ်ဖက်သို့ကူး၍ ယင်း၏အခန်းအတွင်းသို့ သေတ္တာကိုသယ်ဆောင်လာခဲ့သည်။

သူသည် စကြိုတစ်ဖက်မှသည် အခြားတစ်ဖက်စကြိုသို့ နောက်ထပ်တစ်ကြိမ်ဖြတ်လိုက်ကူးလိုက်၏။ အခန်းတိုင်းအခန်းတိုင်းတွင် ကြိုတင် သတိပေးစာတန်းတစ်ခုစီတစ်ခုစီ ရှိနေကြသည်။

ကြိုတင်သတိပေးစာတွင် စာလုံးအရွယ်အစားကြီးကြီးဖြင့် "မနှောင့်ယှက်ပါနှင့်" ဟူ၍ ရေးသားဖော်ပြထားခြင်းဖြစ်၏။ ဆာလာဟာဒင်သည် ကြိုတင်သတိပေးစာတန်းကို ယူလိုက်သည်။ အခန်း(၂၂)၏တံခါးပေါ်တွင် ဆွဲချိတ်ထားလိုက်သည်။

သင်္ဘောစားပွဲထိုးဟာ တံခါးပေါ်က အဲဒါကိုတွေ့မြင်မှာပဲဟု ဆာလာဟာဒင်က သူ့ဘာသာသူ တွေးလိုက်သည်။ သူက ထင်မြင်မှာပဲ၊ ပီတာဆန်ဟာ နေထိုင်မကောင်းဖြစ်နေရှာတယ်လို့။ ဗင်နစ်မြို့အထိတိုင်အောင် ဘယ်သူတစ်ဦးတစ်ယောက်မှ အခန်း(၂၂)ကို သွားကြမှာ မဟုတ်ဘူး။

ဆာလာဟာဒင်သည် အခန်း(၂၂) တံခါးကို သော့ခတ်လိုက်သည်။ သော့တံကို သင်္ဘောစားပွဲထိုး၏အခန်းအတွင်း၌ရှိနေသော အခန်း(၂၂) သော့ချိတ်နေရာ၌ ချိတ်ဆွဲထားရှိလိုက်သည်။ ထို့နောက် သူသည် ၎င်း၏အခန်းသို့ ပြန်လည်သွားလိုက်သည်။ စားသောက်ဖွယ်ရာများသည် စားပွဲပေါ်တွင် ထားရှိခဲ့သည့်အတိုင်း ရှိနေဆဲဖြစ်သည်။ ၎င်းသည် မဆာသေးပါ။ သူသည် စားသောက်ဖွယ်ရာများကို ပြတင်းပေါက်မှ ပစ်ချလိုက်သည်။

ဆာလာဟာဒင်သည် ၎င်း၏နာရီကိုကြည့်လိုက်၏။ သူ အံ့အားသင့်ဖြစ်သွား၏။ ၈ နာရီ ၄၅ မိနစ်မျှသာ ရှိပါသေးသည်။

တိုတောင်းသော အချိန်တစ်ရပ်အတွင်း၌ အဖြစ်အပျက် အမြောက်အမြား ဖြစ်ခဲ့ပျက်ခဲ့ကြပြီးလည်း ဖြစ်သည်။ အချိန်အနည်းငယ်မျှသာ ကြာမြင့်သည့်အချိန်မှာပင် တံခါးခေါက်သံထွက်ပေါ်လာ၏။ သင်္ဘောစားပွဲထိုးဖြစ်သည်။

"ဆရာရဲ့ညစာကို ဆရာအရသာတွေ့လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ် ဆရာ"ဟု သင်္ဘောစားပွဲထိုးက ပြောသည်။

"ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

ဆာလာဟာဒင်က ပြောသည်။

"ကျုပ် အလွန်အရသာတွေ့ပြီလားဗျာ"

"မစ္စတာပီတာဆန်ဟာ သူ့ရဲ့တံခါးမှာ မနှောင့်ယှက်ပါနှင့်ရယ်လို့





www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်သတိပေးစာတန်း ထားရှိထားပါတယ်" ဟု သဘော်စားပွဲထိုးက ပြောသည်။

"သူနေထိုင်မကောင်းများ ဖြစ်နေသလား၊ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဗင်နစ်မြို့အထိတိုင်အောင်တော့ ကျွန်တော် သူ့ကို မနှောင့်ယှက်ပါဘူး"

"ဟုတ်တယ်"

ဆာလာဟာဒင်က ပြောသည်။

"ကျုပ် သူ့ကို လွန်ခဲ့တဲ့နာရီဝက်လောက်က တွေ့ခဲ့သေးတယ်၊ နေထိုင်မကောင်းဘူးလို့ သူက ပြောပါတယ်၊ မနက်ဖြန်အထိတော့ သူဘာဆိုဘာကိုမှ အလိုရှိမှာ မဟုတ်ဘူး"

"နံနက်စာကို ဘယ်အချိန်မှာ သုံးဆောင်မှာလဲ ဆရာ"

သဘော်စားပွဲထိုးက မေးသည်။

"ကျုပ် ပင်ပန်းနေတယ်ဗျာ"ဟု ဆာလာဟာဒင်က ပြန်ကြားပြောဆို၏။

"ကျုပ်ကို မနက်မှာ လာမနှိုးပါနဲ့၊ ကျုပ် နံနက်စာလိုအပ်ရင် ခင်ဗျားကို ခေါ်လိုက်မယ်"

"ကောင်းသောညပါ. . ." ဟု သဘော်စားပွဲထိုးက နှုတ်ဆက်၏။

ဆာလာဟာဒင်ကလည်း . . .

"ကောင်းသောညပါ"ဟု တုံ့ပြန်သည်။

သူ တံခါးကို သော့ခတ်လိုက်သည်။ သူ တော်တော်နှင့်အိပ်မပျော်ပါ။ သူ အလွန်မောပန်းနွမ်းနယ်နေသည်။ အဝတ်အစားကိုချွတ်လိုက်၏။ အိပ်ရာသို့ဝင်လိုက်သည်။ ပထမတွင် သဘော်ခုတ်မောင်းလှုပ်ခါမှုသည် သူ့အား အိပ်မပျော်နိုင်ဖြစ်စေသည်။ မကြာမီတွင် သူအိပ်ပျော်သွားသည်။ တစ်ညလုံးလုံး အိပ်မောကျသွား၏။

နောက်တစ်နေ့ နံနက်တွင် ဆာလာဟာဒင်တစ်ယောက် အိပ်ရာမှ နိုးလာသောအခါတွင် တောက်ပသော နေရောင်သည် သူ၏အခန်းကို လင်းလက်သွားစေ၏။ သူသည် နာရီကို ကြည့်လိုက်၏။ ၁၁ နာရီနီးပါးမျှ ဖြစ်သည်။ သူ သဘော်စားပွဲထိုးကို ခေါင်းလောင်းသံပေး ခေါ်လိုက်သည်။

"ကျုပ်တို့ ဗင်နစ်ကို ဘယ်အချိန်ရောက်မှာလဲ"

ဆာလာဟာဒင်က မေး၏။

"ဒီနေ့ညစောစောပါပဲ"

သဘော်စားပွဲထိုးက ဖြေ၏။

"ကျွန်တော်တို့အားလုံး ဗင်နစ်ကို နှစ်နာရီအတွင်းမှာ ရောက်ကြမယ်၊ ဒါပေမဲ့ ဆရာက သဘော်ပေါ်က ချက်ချင်းဆင်းဖို့ မလိုသေးပါဘူး၊ နေ့လယ်စာ အရင်သုံးဆောင်ရဦးမယ်လေ"

"မလိုတော့ဘူး"

ဆာလာဟာဒင်က ပြောသည်။

"ကျုပ် သဘော်ပေါ်က ခပ်မြန်မြန်ပဲ ဆင်းသွားမယ်၊ မစ္စတာပီတာဆန်ရော ဘယ့်နှယ်လဲ. . . သူ နေကောင်းသွားပြီလား"

"သူ့ရဲ့တံခါးမှာတော့ အခုအထိ ကြိုတင်သတိပေးစာတန်းရှိနေတုန်းပါပဲ"

သဘော်စားပွဲထိုးက ပြောသည်။

"ကျွန်တော် သူ့ကို နေ့လယ်စာ စားသုံးချိန် နောက်ပိုင်းတိုင်အောင် နှောင့်ယှက်လိမ့်မှာမဟုတ်သေးပါဘူး"

"အဲဒါ စိတ်ကူးကောင်းလေး တစ်ခုပဲ" ဟု ဆာလာဟာဒင်က ပြောသည်။

"ကျေးဇူးပြုပြီး အခု ကျုပ်အတွက် ကော်ဖီယူလာနိုင်ပါပြီ"

ဆာလာဟာဒင်သည် ကော်ဖီကို ဖြည်းလေးစွာ သောက်လိုက်သည်။ အဝတ်အစားလဲလိုက်၏။ သူသည် အသံဗလံများဆူညံနေသည်ကို ကြားလိုက်ရ၏။ သဘော်သည် ဗင်နစ်မြို့သို့ ဆိုက်ရောက်ပြီဖြစ်သည်။

သူသည် စကြီသို့ သတိထားမိလိုက်သည်။ စကြီသည် ရှင်းနေသည်။ သဘော်စားပွဲထိုးသည် စားသောက်ခန်းမသို့ ထွက်သွားပြီဖြစ်သည်။ ဆာလာဟာဒင်သည် သေတ္တာကိုကောက်ကိုင်လိုက်သည်။ သေတ္တာသည် လေးလံ၏။ ထို့နောက် သူသည် အခန်းထဲမှ ထွက်လာခဲ့၏။ သဘော်၏ဘေးတစ်ဖက်မှနေ၍ ဆာလာဟာဒင်သည် ဗင်နစ်မြို့၏ မြင့်လွင့်နေသော အဆောက်အအုံများကို တွေ့မြင်ခဲ့၏။ သဘော်သည် စိန့်မက်စ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတော်ကြီး၏ရှေ့မှ ဖြတ်သန်းခုတ်မောင်းလာ၏။

ယခုအခါတွင် သဘော်သည် ဆိပ်ကမ်းနှင့်နီးကပ်လာနေပြီဖြစ်သည်။ နာရီဝက်မျှကြာမြင့်ပြီးသည့်နောက်တွင် သဘော်သည် ဆိပ်ကမ်းတွင် ဆိုက်ကပ်ပြီးဖြစ်သည်။ အခြားခရီးသည်များသည် နေ့လယ်စာ စားသုံးနေကြစဉ် ဆာလာဟာဒင်သည် ဆီးယီးရားသဘော်ပေါ်မှ ထွက်ခွာလာခဲ့ပြီးဖြစ်သည်။

"သေတ္တာထဲမှာ ဘာတွေလဲ"

ရဲတစ်ဦးက မေးသည်။

"စာအုပ်တချို့တလေပါပဲ"

ဆာလာဟာဒင်က ဖြေကြားသည်။ သူသည် မည်သည့်ပြဿနာကိုမှ မဖြစ်ချင်ပေ။ ရဲသည် ဆာလာဟာဒင်အား သေတ္တာကိုဖွင့်ပြရန် မပြောမဆိုတော့ပေ။ အချိန်အနည်းငယ်အတော အတွင်းတွင် သူသည် အငှားယာဉ်တစ်စီးပေါ်သို့ ရောက်ရှိနေ၏။ သူ၏လမ်းကြောင်းသည် ဘူတာရုံသို့ ဖြစ်သည်။

"နောက်ဆုံးကျတော့လဲ ဘေးကင်းရာ ဘေးကင်းကြောင်းဖြစ်လာရတာပဲ"ဟု ဆာလာဟာဒင်တွေးသည်။

"သူတို့ အခန်း(၂၂)ကိုဖွင့်လိုက်တဲ့အခါမှာ အခန်းလွတ်ချည်းပဲဖြစ်နေတယ်ဆိုတာ တွေ့မိကြမှာပဲ၊ သူတို့ အလွန်အံ့ဩနေကြလိမ့်မယ်"

## (၁၄)
## ကိုင်ရိုသို့အပြန်

ဆာလာဟာဒင်သည် ဗင်နစ်မှ ရောမသို့ ပထမဆုံးထွက်သည့်ရထားကို စီးနင်းလိုက်သည်။ နောက်တစ်နေ့နံနက်တွင် ကိုင်ရိုကိုပျံသန်းမည့် လေယာဉ်တစ်စင်းပေါ်တွင် ရောက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်သည် နောက်ကျ၍။ နံနက် ၁၀ နာရီမထိုးမီ အဲထိတိုင် သူသည် ကိုင်ရိုသို့ရောက်ရှိမည် မဟုတ်ပါပေ။

နေမြင့်နေပြီးဖြစ်သည်။ ပူပြင်းသထက်ပူပြင်းလာသည်။ ဆာလာဟာဒင် နေသာထိုင်သာရှိသွား၏။ သူသည် ကိုင်ရိုမြို့၏ နေပူပြင်းသည်အခြေကို ဆီးယံးရားသဘော်ကုန်းပတ်ပေါ်၌ အေးစိမ့်စွာရှိခဲ့သည့်အနေအထားထက် ပိုမို၍ နှစ်သက်သဘောကျနေပေသည်။

ဆာလာဟာဒင်သည် ယင်း၏ နေအိမ်သို့ အငှားယာဉ်စီးနင်း၍ ပြန်သည်။ သူ့အား စောင့်ဆိုင်းမှုပြုနေသည့် အံ့အားသင့်ဖွယ်ရာတစ်ခု ရှိနေသည်။ လီလာနှင့် ဖူဒ်တို့နှစ်ဦးသား ဖြစ်ကြသည်။ ဖူဒ်က ရှင်းပြသည်။

"တို့နှစ်ယောက် ဒီနေ့မနက်ပဲ ဘီရွတ်က ရောက်လာကြတာ"ဟု ဖူဒ်ကပြောသည်။

ဆက်ပြီး. . .

"တို့နှစ်ယောက်က သူငယ်ချင်းအတွက် စိတ်ပူနေတာ၊ သူငယ်ချင်းဟာ ကြေးနန်းတစ်စောင်တောင်မပို့ဘူး၊ တို့နှစ်ယောက် တစ်စုံတစ်ခုတော့ဖြစ်နေပြီရယ်လို့ တွေးနေကြတာ"

"ကောင်းပြီ. . . ကြေးနန်းက"

ဆာလာဟာဒင်က ပြောသည်။



"ကိုယ် မင်းတို့ဆီကို ကြေးနန်းတစ်စောင်ပေးဖို့ မေ့သွားခဲ့တယ်၊ ကိုယ် တကယ်ပဲ ဝမ်းနည်းပါတယ်"

"တို့က ဒီကိုင်ရိုက ရဲတွေဆီကို ဖုန်းဆက်သေးတယ်"

ဖူဒ်က ပြောသည်။

"သူငယ်ချင်း အကြောင်းကို ဘယ်သူကမှ ဘာဆိုဘာမှမသိကြဘူး၊ တို့တွေ စိတ်သိပ်ပူလာပြန်ရော"

"ကိုယ့်အပြစ်ပါပဲ"ဟု ဆာလာဟာဒင်က ပြောသည်။

ဆာလာဟာဒင်သည် ယင်းဖြစ်ခဲ့ပျက်ခဲ့သည်တို့ကို သူတို့ကိုပြောပြ၏။ ယင်းသည် အန္တရာယ်ကင်းရှင်းစွာ ကိုင်ရိုသို့ ပြန်လည် ရောက်ရှိလာခဲ့သည့်အတွက် သူတို့နှစ်ဦးက ပျော်ရွှင်နေကြသည်။

"အဲဒီသေတ္တာ"

လီလာက ပြောသည်။

"ကြောင်နက်ဟာ ဒီသေတ္တာထဲမှာရှိတယ်၊ ဖွင့်ကြည့်လိုက်ကြစို့"

ဆာလာဟာဒင်သည် သေတ္တာကိုဖွင့်လိုက်၏။ ကြောင်နက်ကိုဆွဲထုတ်လိုက်၏။

"ကြည့်ရတာ သိပ်ပြီးတန်ဖိုးရှိမှာ မဟုတ်ဘူး"

လီလာက ပြောသည်။

"ကျွန်မကတော့ မကြိုက်ပေါင်"

"တို့တစ်တွေ တန်ဖိုးကိုသိမှာမှ မဟုတ်တာ၊ မနက်ဖြန် ကိုင်ရိုပြတိုက်ကို ယူသွားမယ်" ဟု ဆာလာဟာဒင်က ပြောသည်။

"ရှင်လဲ နားလိုက်ပါဦး"

လီလာက ပြောသည်။

"ရှင် အနားယူဖို့လိုတယ်၊ ဖြစ်နိုင်တာက ရှင် ကျွန်မတို့ကို ကိုင်ရိုမြို့ကို လှည့်ပတ်ပြလိုက်ပါလား"

"အဲဒါဟာ အနားယူတာမှ မဟုတ်တာ"ဟု ဆာလာဟာဒင်က ပြောသည်။

"ဒါပေမဲ့ အဲဒါဟာ စိတ်ကူးကောင်းကလေးတစ်ခုပါပဲ"

"ကျွန်မ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

လီလာက ပြောသည်။

"ရှင်. . . ကော်ဖီအပြင် နောက်တစ်မျိုးရော အလိုမရှိဘူးလား"

"ဟုတ်လိုက်လေ. . . ကိုယ်က ကော်ဖီပဲ လိုအပ်တယ်၊ ပြီးတော့ ကိုယ်လိုအပ်တာက သူငယ်ချင်းတို့ပြောပြမယ့်အဖြစ်အပျက်ပဲ ဖူဒ်၊ ဘအာလ်ဘိခ်မြို့မှာ ဘာတွေဖြစ်ခဲ့ပျက်ခဲ့သလဲ" ဟု ဆာလာဟာဒင်က ပြောသည်။

ဖူဒ်က သူ၏အဖြစ်အပျက်ကို ပြောပြသည်။

"ကိုယ် ဘီရွတ်ရဲစခန်းကို သွားခဲ့တယ်၊ ရဲတွေကို ဘိုခ်မန်သေသွားတဲ့အကြောင်းပြောခဲ့တယ်၊ သူတို့က ကိုယ့်ကို မေးခွန်းတွေအများကြီးပဲ မေးလိုက်တာ"

"ရဲတွေကတော့ အမြဲတစေ မေးခွန်းတွေ တစ်ပုံတစ်ခေါင်းကြီးပဲ မေးမြန်းကြတာပဲ" ဟု ဆာလာဟာဒင်က ပြောသည်။

"ကိုယ်က ရဲတွေကို ပီတာဆန်အကြောင်းပြောပြတယ်"

ဖူဒ်က ဆက်လက်၍ပြောဆို၏။

"ပြီးတော့ ရဲတွေကို သူငယ်ချင်း အေသင်မြို့ကို ထွက်သွားပြီကိုလဲ ပြောပြတယ်"

"သူတို့က သူငယ်ချင်းကို ယုံကြည်ရဲ့လား"

"ပထမတော့ မယုံကြည်ပါဘူး"

ဖူဒ်က ပြောသည်။

"အဲဒီနောက် ကိုယ် သူတို့ကို ကြောင်နက်အကြောင်းပြောပြလိုက်တယ်၊ ဘိုခ်မန်မှာကြားသွားတာ ပြောဆိုသွားတာတွေကိုလဲ သူတို့ကို အသိပေးလိုက်တယ်၊ ပြီးတော့ ဘအာလ်ဘိခ်မြို့က ကော်ဖီဆိုင်အကြောင်း ကျွဆက်ဖ်အကြောင်းကိုလဲ ပြောပြလိုက်တယ်၊ သူတို့ ကိုယ့်ကိုယုံကြည်လာကြတယ်"

"နောက်တော့ ဘာဖြစ်လာသလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဆာလာဟာဒင်က မေး၏။

"ရဲတွေက သူတို့ကို အကူအညီပေးဖို့ ကိုယ့်ကို ပြောလာကြတယ်"

ဖူဒ်က ပြော၏။

"ရဲတစ်ယောက်အနေနဲ့ ဂျူဆက်ဖ်ရဲ့ ကော်ဖီဆိုင်ကိုသွားဖို့ဆိုတာ ဖြစ်နိုင်ခြေမရှိဘူးလေ၊ အဲဒီကလူတွေက ရဲတွေအားလုံးကို သိနေကြတယ်၊ ဂျူဆက်ဖ်ဆိုတဲ့လူက လူလည်ပါ၊ ရဲတွေက ဂျူဆက်ဖ်ကို လှည့်စားလိုတယ်၊ သူတို့က ကိုယ့်ကို ကော်ဖီဆိုင်ကိုသွားစေချင်ကြတယ်လေ၊ ဂျူဆက်ဖ်ကို ဘိုခ်မန်ဆီက သတင်းပေးလာတာကို ပို့ပေးစေချင်ကြတယ်လေ"

"ကိုယ်ဟာ ဘာအာလ်ခ်ီမြို့ကို ညနေပိုင်းမှ သွားရောက်ခဲ့တယ်" ဟု ဖူဒ်က ဆက်လက်၍ပြောသည်။

"ကိုယ်ဟာ ဂျူဆက်ဖ်ရဲ့ကော်ဖီဆိုင်ကို ရှာတွေ့တယ်၊ အဲဒီဆိုင်ဟာ မြို့ဟောင်း အပြိုအပျက်တွေအနားမှာပဲ၊ ကိုယ်ကော်ဖီဆိုင်ကို ဝင်လိုက်တယ်၊ ကော်ဖီတစ်ခွက်မှာသောက်လိုက်တယ်၊ ကိုယ်က ဂျူဆက်ဖ်နဲ့တွေ့တယ်၊ ဘိုခ်မန် သေဆုံးသွားပြီဆိုတာ ပြောပြလိုက်တယ်"

"ရဲတွေက အပြန်ဘက်မှာစောင့်ဆိုင်းနေကြတယ်"ဟူ၍ ဖူဒ် သူ့စကားကို ပြန်ဆက်သည်။

"ရဲတွေဟာ ကားတစ်စီးထဲမှာ ပုန်းအောင်းနေကြတယ်၊ ကိုယ်က ဂျူဆက်ဖ်ကို ကြောင်နက်ရဲ့အကြောင်းကို ပြောပြလိုက်တယ်၊ ဂျူဆက်ဖ်က ကိုယ့်ကို ကျေးဇူးတွေတင်သွားတယ်၊ ပြီးတော့ သူဟာ ကော်ဖီဆိုင်ထဲက ကမန်းကတန်းနဲ့ထွက်သွားတယ်"

"ရဲတွေက သူ့ကို မြင်လိုက်ကြသလား"ဟု ဆာလာဟာဒင်က မေး၏။

"ဟုတ်တယ်"

ဖူဒ်က ပြောသည်။

"သူတို့က သူ့ကိုစောင့်ကြည့်နေတယ်လေ"

"ဂျူဆက်ဖ်က ဘယ်သွားသလဲ"

"သူ ကားတစ်စီးပေါ်တက်သွားတာပဲ"

ဖူဒ်က ဖြေသည်။

"ခြံတစ်ခြံဆီကို မောင်းသွားတယ်၊ ခြံက တောင်တွေအကြားမှာရှိတယ်၊ ရဲတွေက သူ့နောက်လိုက်ကြတယ်၊ ပြီးတော့ ရဲတွေက ခြံပတ်လည်က တောင်ကုန်းတွေမှာ ကုန်းတက်တွေမှာ ပုန်းအောင်းနေကြတယ်၊ စောင့်ဆိုင်းနေကြတယ်"

"ခြံထဲမှာ လူဘယ်နှယောက်ရှိနေသလဲ"ဟု ဆာလာဟာဒင်က မေး၏။

"ရဲတွေမသိကြပါဘူး"

ဖူဒ်က ပြောသည်။

"သူတို့က သူတို့ရဲတွေ ထပ်လာဖို့ပဲ စောင့်မျှော်နေကြတာ၊ ပြီးတော့ ရဲတွေက ခြံထဲမှာရှိနေကြတဲ့သူတွေကို အော်ဟစ် သတိပေးလိုက်ကြတယ်၊ ခြံထဲက ထွက်လာခဲ့ကြဖို့ပဲ"

"ခြံထဲကလူတွေက ရဲတွေကို ပစ်ကြခတ်ကြသလား"

"ဟင့်အင်း၊ သူတို့မပစ်ခတ်ကြပါဘူး"

ဖူဒ်က ဖြေကြားသည်။

"ခြံထဲမှာက သူတို့ထဲက သုံးယောက်ပဲရှိတော့တယ်လေ၊ ဘိုခ်မန်က သေပြီး ပီတာဆန်ကလဲ ဆီးယီးရားသင်္ဘောပေါ်မှာ လူသုံးယောက်စလုံးက ပစ်တာခတ်တာတွေမလုပ်ဘဲ ခြံထဲက ထွက်လာခဲ့ကြတယ်၊ ရဲတွေက သူတို့ကို ခေါ်သွားကြတယ်၊ အခုတော့ သူတို့ထောင်ထဲမှာ"

"အုပ်စုခေါင်းဆောင်ကို ရဲတွေ ဖမ်းမိသလား"

ဆာလာဟာဒင်က မေးမြန်းသည်။

"ဂျူဆက်ဖ်က အုပ်စုခေါင်းဆောင်ပဲ"ဟု ဖူဒ်က ပြောသည်။

"သူဟာ အခုတခြားသူတွေနဲ့အတူ ထောင်ထဲရောက်နေပြီ"

"ဂျူဆက်ဖ်ဟာ ထောင်ထဲမှာ"

ဆာလာဟာဒင်က ပြောသည်။

"ဘိုခ်မန်က သေပြီ၊ ပီတာဆန်လဲ ဒီပုံပဲ၊ အဲဒါဟာ ဘာအာလ်ဘိခ်မြို့ အုပ်စုရဲ့ ဇာတ်သိမ်းပိုင်းပါပဲ"

"လက်နက်ရောင်းအုပ်စုဝင် သုံးယောက်လဲ အသတ်ခံလိုက်ရပြီလေ"

လီလာက ပြောသည်။

"ဒါ မှန်တယ်"ဟု ဆာလာဟာဒင်က ပြောသည်။

"တို့တစ်တွေမှာ ပြဿနာတွေ အနှောင့်အယှက်တွေ နောက်ထပ်မရှိတော့ပါဘူး"

## (၁၅)

### ဆုံးခန်းတိုင်

နောက်တစ်နေ့နံနက် ဖြစ်သည်။ ဆာလာဟာဒင်၊ လီလာနှင့်ဖူဒ်တို့သည် ကိုင်ရိုပြတိုက်သို့ သွားရောက်ကြသည်။ သူတို့သည် ကြောင်နက်ကို ၎င်းတို့နှင့်အတူ ယူဆောင်သွားကြသည်။

သူတို့သည် ပြတိုက်၌ သူငယ်ချင်းတစ်ယောက်နှင့်တွေ့သည်။ အမည်မှာ ဖေဆာလ်ဖြစ်၏။ ယင်းသည် ကိုင်ရိုပြတိုက်၌ တာဝန်ထမ်းဆောင်၏။

ဆာလာဟာဒင်သည် ကြောင်နက်ကို ဖေဆာလ်သို့ပေးအပ်လိုက်၏။ ယင်းသည် အဖြစ်အပျက်အားလုံးကို ဖေဆာလ်သို့ပြောပြ၏။

"ကြည့်ရတာ သက်တမ်းရှည်မြင့်ခဲ့ပုံပဲ"

ဖေဆာလ်က ပြောသည်။

"တန်ဖိုးရှိကောင်း ရှိနေမယ်၊ ဒါပေမဲ့ ကျွန်တော်က ရွှေတို့၊ စိန်တို့အကြောင်းကို သိရှိတာ မဟုတ်ဘူး၊ ကျွန်တော် ဂရုတစိုက်နဲ့ထားရှိပါမယ်"

ဆာလာဟာဒင်၊ လီလာနှင့် ဖူဒ်တို့သည် ကိုင်ရိုပြတိုက်မှ ထွက်လာခဲ့ကြ၏။ ကော်ဖီသောက်သုံးကြသည်။ နှစ်နာရီနီးပါးခန့်မျှ အကြာတွင် ယင်းတို့သုံးဦးသည် ကိုင်ရိုပြတိုက်သို့ ပြန်လည်၍ရောက်ရှိလာကြပြန်သည်။

"ဘယ့်နှယ်လဲ . . . အဖြေက" ဟု ဖူဒ်က မေးမြန်း၏။



www.burmeseclassic.com

www.burmeseclassic.com

"အလွန်သက်တမ်းရင့်တယ်"

ဖေဆာလ်က တုံ့ပြန်ပြောသည်။

"ရွှေနဲ့လဲ လုပ်ထားတာမဟုတ်ပါဘူး၊ စိန်ပွင့်တွေလဲ မရှိပါဘူး၊ မျက်စိအစုံနဲ့လည်ပတ်တို့လဲ ကျောက်သားနဲ့လုပ်ထားတာပါ၊ တစ်ခုလုံးကိုလဲ လေးလံတဲ့ သစ်သားအမျိုးအစားနဲ့ ဖော်ဆောင်ထားတာပါ"

"ဒါဆိုရင် တန်ဖိုးမရှိဘူးပေါ့"

လီလာက ပြောသည်။

"သစ်သား အပိုင်းအစတစ်ခုအတွက်နဲ့များ လူခုနစ်ဦးသေဆုံးကုန်ကြတယ်"

"မဟုတ်ဘူး ခင်ဗျား မှားနေပြီ"

ဖေဆာလ်က ပြောသည်။

"အလွန့်အလွန် တန်ဖိုးရှိပြီလားဗျာ၊ သူ့ရဲ့သက်တမ်းက လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်ကျော်ကတည်းကတဲ့၊ ရွှေတို့စိန်ပွင့်တို့ဆိုတာ ရေးကြီးခွင့်ကျယ် မဟုတ်လှပါဘူး"

"ရွှေသားနဲ့လုပ်ထားတဲ့ ကြောင်တစ်ကောင်ဆိုတာ အမှန်တကယ်ရှိကောင်းရှိခဲ့မှာပါ"ဟု ဆာလာဟာဒင်က ပြောသည်။

"သင်္ချိုင်းအုတ်ဂူတွေကို တူးဖော်ခိုးဝှက်ကြတဲ့သူခိုးသူဝှက်တွေက အမှန်တကယ်ရှိခဲ့တဲ့ ရွှေသားကြောင်ကို လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ချီ ကာလတွေကတည်းက ခိုးဝှက်ခဲ့ကြမယ်၊ ပြီးတော့မှ သစ်သားနဲ့ ပုံဖော်ထားတဲ့ သစ်သားကြောင်ရုပ်ကို သင်္ချိုင်းဂူထဲမှာ ပြန်ထည့်ထားခဲ့ကြမယ်"

"တို့တစ်တွေ ဘယ်တော့မှသိမှာမဟုတ်ဘူး"ဟု ဖူဒ်က ပြော၏။

"ဒါပေမဲ့ တို့တစ်တွေကံကောင်းလိုက်ကြတာက အခု သစ်သားကြောင်ရုပ်တစ်ရုပ်ကို ရရှိလိုက်ကြတာပဲ"

"ဟုတ်တယ်၊ တို့တစ်တွေ ကံကောင်းကြတယ်"

ဖေဆာလ်က ပြောသည်။

"အဲဒီအရုပ်ဟာ ကျွန်တော်တို့ပြတိုက်မှာ ထားရှိဖို့လား"

"မှန်ပါတယ်"ဟု ဆာလာဟာဒင်က ပြောသည်။

"ကြောင်နက်တွေအတွက်တော့ နေရာမှန်ပဲ"

"နိုဝင်ဘာလမှာ ပြန်လာပါဦး"

ဖေဆာလ်က ပြော၏။

"ကြောင်နက်ဟာ နေရာမှန်ပါပဲဆိုတာ ခင်ဗျားတွေ့ရပါလိမ့်မယ်"

"ကျွန်မတို့လဲ ပြန်လာမယ်"

လီလာက ပြော၏။

"ဖူဒ်ဟာ အလုပ်ကို အလွန်ကြိုးစားတယ်၊ သူဟာ အားလပ်ရက်အပျော်ခရီးထွက်ဖို့လိုအပ်တယ်၊ ကျွန်မတို့ နိုဝင်ဘာလမှာ ကိုင်ရိုကိုပြန်လာခဲ့မယ်၊ ရက်သတ္တပတ်နှစ်ပတ်နေမယ်"

"အဲဒါကောင်းတဲ့စိတ်ကူးပဲ"

ဖေဆာလ်က ပြော၏။

"ခင်ဗျားတို့အားလုံးကို ကျွန်တော် စောင့်ဆိုင်းနေမှာပါ"

❆

၆ လမျှကြာမြင့်ခဲ့ပြီးနှောင်းပိုင်းတွင်ဖြစ်သည်။ နွေရာသီကုန်ဆုံးလွန်မြောက်ခဲ့ပြီး ဖြစ်သည်။ ရာသီဥတုမှာ အေးစိမ့်လာသည်။ ဆာလာဟာဒင်သည် ယင်း၏ရုံးခန်း၌ ထိုင်နေလျက်ရှိသည်။ တယ်လီဖုန်း မြည်လာသည်။

"ခင်ဗျား ကတိပေးခဲ့တာကို ခင်ဗျားမှတ်မိတယ် မဟုတ်လား"

ဖေဆာလ်က မေးသည်။

"ကျွန်တော့်ကတိလား"

"ပြတိုက်ကိုလာဖို့လေ"ဟု ဖေဆာလ်က သူ့စကားကို ပြန်ဆက်၏။

"မနက်ဖြန်မနက် ၁၀ နာရီမှာ ပြခန်းသစ်ဖွင့်လှစ်ဖို့ ရှိနေတယ်"

"အို့, ကောင်းတာပေါ့"

ဆာလာဟာဒင်က ပြော၏။

"ကျွန်တော် အဲဒီကိုရောက်မှာပါ"

နောက်တစ်နေ့ဖြစ်၏။ ပြတိုက်အတွင်း၌ လူစုလူအုပ်မှာ ကြိတ်ကြိတ်တိုးလျက်ရှိ၏။ ဖေဆာလ်သည်ဆာလာဟာဒင်ကို တွေ့သည်။

ယင်းသည် ဆာလာဟာဒင်ကို ပြခန်းသစ်သို့ ခေါ်ဆောင်သွား၏။ ပြခန်းသစ်၏ တံခါးအပြင်ဘက်တွင် ကြိုတင်အသိပေးသည့်စာ ဖော်ပြထားရှိ၏။ အရွယ်အစားကြီးမားသော အသိပေးသည့်စာ ဖြစ်သည်။

**အန်ကူတန်၏ရတနာ**

ရှေးဟောင်း သုတေသနပညာရှင်များသည် အန်ကူတန်၏သင်္ချိုင်းဂူကို တွေ့ရှိခဲ့ကြ၏။ ပီယာဆန်၏မြေပုံသည် ရှေးဟောင်း သုတေသနပညာရှင်များအား အကူအညီပေးခဲ့၏။ ယင်းတို့သည် သင်္ချိုင်းဂူထဲမှ ပစ္စည်းအမြောက်အမြားကို ကိုင်ရိုမြို့သို့ သယ်ဆောင်ခဲ့ကြ၏။ အဆိုပါ ပစ္စည်းအမြောက်အမြားသည် ပြခန်းသစ်အတွင်း၌ ရှိနေကြသည်။

အာမက်သည် အခန်းအလယ်တွင် မတ်တတ်ရပ်လျက်ရှိသည်။ သူသည် ဖူဒ်နှင့်လီလာတို့နှင့် စကားစမြည်ပြောဆိုလျက်ရှိနေသည်။ ဖူဒ်နှင့် လီလာတို့နှစ်ဦးအား ဘိုခ်မန်မြို့မှသည် ကိုင်ရိုမြို့ဘူတာရုံသို့ အငှားယာဉ်မောင်းနှင့် တင်ဆောင်လာသော ယာဉ်မောင်းသည်လည်းအတူရှိနေ၏။ ဆာလာဟာဒင်သည်လည်း နှုတ်ဆက်ရန် သွားရောက်နေ၏။

"ကျုပ်ရဲ့နောက်မှာ ဘာလဲဆိုတာ ခင်ဗျားမြင်မယ်"ဟု အာမက်က မေးသည်။

ပြခန်း၏အလယ်တွင် အရွယ်အစားကြီးမားသော မှန်သေတ္တာတစ်လုံးရှိ၏။ ကြောင်နက်သည် မှန်သေတ္တာအတွင်း၌ ရှိနေ၏။ အောက်ခြေ၌ အသိပေးစာတန်းတစ်ခု ထားရှိသည်။

*အန်ကူတန်၏ကြောင်နက်*
*ပေးအပ်သူဆာလာဟာဒင်အီလ်နူး*

*(ပြီး)*


❐ မောင်မောင်ကြီး(လှိုင်နယ်မြေ)

John Milne ၏ The Black Cat ကို ဆီလျော်အောင်ပြန်ဆိုထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com




မျှော်ကြည့်လေတိုင်း . . .

တစ်မျှော်တစ်ခေါ် ရှုမျှော်၍ မဆုံးနိုင်သော လယ်ကွင်းကြီးများ ထိုလယ်မြေတစ်ခုလုံးကို "ကိုကြီးကောင်းရဲ့ လယ်ကွင်းကြီးများ" လို့ ခေါ်ဆိုခဲ့ကြသည်။ ကိုကြီးကောင်း၏ လယ်ကွင်းကြီးများကတော့ အင်တောရွာနှင့် အင်းမရွာအကြားမှာရှိသည်။ အင်တောရွာနှင့် အင်းမရွာမှာရှိ ရွာသူရွာသားတွေကို တယ်သူ့မေးမေး ကိုကြီးကောင်း လယ်ကွင်းကြီးအကြောင်း အားလုံး သိကြသည်။ ယုတ်စွအဆုံး ဆယ်နှစ်ဝန်းကျင် ကလေးလေးများကလည်း သိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုမေးလျှင် ထိုလယ်ကွင်းကြီးအထိ ရောက်အောင် လိုက်ပို့ပေးကြပေမည်။

ကိုကြီးကောင်းနှင့် ဤလယ်ကွင်းကြီး အကြောင်းကား ဖြစ်ရပ်ဆန်းကြယ်များကြောင့် မယုံနိုင်စရာအတိဖြစ်ခဲ့သည်။ ဒါကြောင့် ဒီဖြစ်ရပ်ကို တကယ်လေလား၊ ဒဏ္ဍာရီလေလားလို့တောင် ပြောရမလား။

တကယ်တော့ ကိုကြီးကောင်းကိုယ်တိုင်တောင် ဒီလိုအပြောင်းအလဲတွေ ထူးခြားဆန်းကြယ်မှုတွေနှင့် ကြုံတွေ့ရမယ်လို့ တစ်ခါမှ မစဉ်းစားမိခဲ့ဘူးပါ။ ဒါပေမဲ့ မမျှော်လင့်တဲ့ ထောင့်တစ်ထောင့်ကနေပြီး ဝင်ရောက်လာခဲ့တဲ့ ကြမ္မာရိုင်းတစ်ခုလို့ပဲ ပြောရမလား၊ ဒါမှမဟုတ် ကိုကြီးကောင်း၏ ဘဝတစ်ဆစ်ချိုးမှာ အချစ်တွေ အကြမ်းတွေ အလွမ်းတွေနှင့် ကပြခဲ့ရသည့် တစ်ခန်းရပ်ဇာတ်လမ်းတစ်ခုလို့ ဆိုရမလား မသိပေမယ့် ကိုကြီးကောင်း၏ နှလုံးသားကို တိုက်ရိုက်ထိုးနှက်ခဲ့သည့် အကြောင်းတစ်ခုလို့ပဲ ပြောရပေတော့မည်။

ဒီအဖြစ်အပျက် ပေါ်ပေါက်ခဲ့တာ ကြာတော့ ကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀)ကျော်ခန့်က အဖြစ်အပျက် တစ်ခုပါ။ အတိတ်တုန်းကဖြစ်ပျက်ခဲ့သည့် ဒီအဖြစ်အပျက်ကို မယုံသူများကတော့ အိပ်ရာဝင် ပုံပြင်တစ်ပုဒ်လို့ မှတ်ယူခဲ့ကြသည်။ တချို့ကလည်း မြနန်းပုံ၏ ဒဏ္ဍာရီလို့ ဆိုကြသည်။

ကိုကြီးကောင်းနှင့် မြနန်းပုံ။

သူတို့ ချစ်သူ နှစ်ယောက်အကြောင်းကို အင်တောရွာက ရွာသူရွာသားများနှင့် အင်းမရွာက ရွာသူ ရွာသားတိုင်း သိကြသည်။ ကိုကြီးကောင်း၏ဘဝတွင် အချစ်ရဆုံး ချစ်သူမှာ မြနန်းပုံ တစ်ယောက်သာရှိသည်။ မြနန်းပုံမှလွဲလျှင် မည်သည့်မိန်းကလေးကိုမျှ စိတ်မဝင်စား။ မြနန်းပုံမှ မြနန်းပုံ။

မြနန်းပုံကလည်း ထိုနည်းအတိုင်းပင်။ ကိုကြီးကောင်းမှ ကိုကြီးကောင်း။

ကိုကြီးကောင်းကား အင်ငေ၂ ရွာမှ လယ်သူရင်းငှား တစ်ဦး။ မြနန်းပုံက လယ်သူဌေးကြီး၏ တစ်ဦးတည်းသော သမီး။ သူ့မိခင် မနန်းရုံက သူမဆယ်နှစ်သမီးအရွယ်လောက်မှာ ကွယ်လွန်သွားသဖြင့် မိတဆိုးသမီးလေးဖြစ်သည်။

သူ့မိခင်သည် ဆုံးခါနီး တစ်လခန့် အလိုတွင် သူမ၏ ခင်ပွန်းသည် ဦးသာအောင်အား . . .

"ကိုသာအောင် ကျွန်ုပ်တော့ အိပ်မက်ဆိုးတွေ ခဏခဏမက်တယ်၊ အိပ်မက်ထဲမှာ ကျွန်ုပ်ရဲ့အစ်ကိုတော်က သိုက်နန်းကတဲ့၊ ကျွန်ုပ်ကို အသက်သုံးဆယ်အထိပဲ လူ့ပြည်မှာနေဖို့ ခွင့်ပြုခဲ့တယ်တဲ့၊ အခု အသက်သုံးဆယ်ပြည့်တဲ့နေ့မှာ ကျွန်ုပ်ကို သိုက်နန်းပြန်ခေါ်မယ်လို့ ပြောတယ်"

"မနန်းရုံရယ် အိပ်မက်ဆိုတာ မက်ချင်တာ မက်တာပါကွာ၊ စိတ်ကယောက်ကယက်ဖြစ်ရင်လဲ အိပ်မက်ဆိုးတွေ မက်တတ်တယ်ကွ"

"မဟုတ်ဘူး ကိုသာအောင်၊ ကျွန်ုပ် အဲဒီအိပ်မက်ကိုမက်တာ သုံးခါတိတိရှိပြီ၊ ကျွန်ုပ်တော့ ရှင်တို့သားအဖနဲ့ ခွဲရတော့မယ် တူပါတယ်တော်"

ပြောပြောဆိုဆို မြနန်းပုံကလေးကို ဖက်ပြီးငိုလိုက်သည်။ ထိုစဉ်က ဦးသာအောင်မှာ လယ်သူရင်းငှားသာဖြစ်သဖြင့် ဇနီးမနန်းရုံက နေ့စဉ်ငိုယိုနေသော်လည်း လယ်အလုပ်ကို လုပ်ကိုင်နေရသဖြင့် သူမကို သိပ်ဂရုမစိုက်နိုင်ပေ။ ဤသို့ဖြင့် သူမအသက်သုံးဆယ်ပြည့်သည့်နေ့တွင် . . .

"ကိုသာအောင် ရှင် ဒီနေ့စောစော ပြန်ခဲ့နော်၊ ညနေကျရင် ရွာဦးဘုရား သွားဖူးရအောင်"

"အေးပါကွာ"

ထိုနေ့က နေ့လယ် ၂ နာရီထိုးအချိန်တွင် ခေါင်းလျှော်ရေချိုးပြီး သနပ်ခါးလိမ်းကျံကာ ကိုသာအောင် ပြန်အလာကို မနန်းရုံ စောင့်နေခဲ့သည်။

စောင့်ရင်း စောင့်ရင်း အိပ်ချင်လာသဖြင့် အိမ်ခါးပန်းကို ခေါင်းတင်ပြီး အိပ်လိုက်ရာ ညနေ ၅ နာရီအချိန်ခန့်တွင် ကိုသာအောင် ရောက်ရှိလာပြီး . . .

"မနန်းရုံ ထတော့လေ. ငါ ပြန်လာပြီ"

"ဟာ ဘယ်လိုမှနှိုးလို့မရပါလား၊ ဟင် တစ်ကိုယ်လုံး တောင့်နေပါလား၊ မဖြစ်ဘူး တစ်ခုခုတော့ ဖြစ်ပြီထင်တယ်"

ထိုသို့တွေးတောပြီး . . .

"အဘရေ နန်းရုံ ဘာဖြစ်မှန်း မသိဘူး၊ လာကြည့်ပါဦး"

အိမ်နီးချင်းများလည်း ကိုသာအောင်၏ အော်သံကြောင့် ရောက်လာခဲ့ကြသည်။ ထို့အပြင် ဆေးဆရာကြီး ဦးထင်ကြီးကို သွားပင့်သူများက သွားပင့်ခဲ့ကြသည်။ ဆေးဆရာကြီး ဦးထင်ကြီး ရောက်လာသောအခါ . . .

"မင်းမိန်းမ အသက်မရှိတော့ဘူး၊ ခေါင်းလျှော်ပြီး အိပ်လိုက်တော့ လေဖြတ်ပြီး ဆုံးသွားပြီ"

"ဟုတ်ရဲ့လား ဆရာကြီးရယ်၊ သတိမေ့နေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူးကွဲ၊ နန်းရုံ သေသွားပြီ"

"ဟင်, ဟုတ်လား ဆရာကြီး၊ ကျွန်တော့်ကိုက မှားတာပါ၊ နန်းရုံက သူ့ကို အသက်သုံးဆယ်ပြည့်တဲ့နေ့မှာ သိုက်က သူ့အစ်ကိုကြီးက လာခေါ်လိမ့်မယ်လို့ အိပ်မက်မက်တဲ့အကြောင်းပြောပြခဲ့တယ်၊ အဲဒါ ကျွန်တော်က မယုံခဲ့ဘူး၊ ဂရုလဲ မထားခဲ့ဘူး၊ အခုတော့ ဆုံးပြီဆိုတော့ ကျွန်တော် ဘယ်လိုဖြေသိမ့်ရမလဲ ဆရာကြီးရယ်"

ကိုသာအောင်မှာ သမီးကလေး မြနန်းပုံကို ပိုက်ကာ မျက်ရည်များဖြိုင်ဖြိုင်ကျလာခဲ့ပါသည်။ မြနန်းပုံကလည်း သူ့မိခင်ကို သိုက်မှလာခေါ်သွားသည် ဟူသည့်စကားကို ရင်ထဲ၌ စွဲမြဲစွာမှတ်ထားလိုက်ပါသည်။

ယခုမူ မနန်းရုံကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်တင်းတင်းပြည့်ခဲ့ပြီ။





www.burmeseclassic.com

www.burmeseclassic.com

မနန်းရုံ၏ သမီးကလေး မြနန်းပုံပင် အပျိုအရွယ်သို့ ရောက်လာခဲ့ပြီ။ သူမ၏အသားအရေမှာ ဖြူဝင်းချောမွတ်ပြီး အချောအလှမှာလည်း ပြောစရာမရှိအောင် လှပလွန်းလှသည်။

ချောမောလှပလွန်းသဖြင့် ဤအင်တော်ရွာ၏ အလှအတန်းတွင် ရှေ့တန်းမှ ပါဝင်ရသော ကွမ်းတောင်ကိုင်တစ်ယောက်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ရွာနီးချုပ်စပ်မှ ကာလသားများက မြနန်းပုံ၏ အချစ်ကို လိုချင်ကာ နည်းအမျိုးမျိုးနှင့် ကြိုးစားခဲ့ကြသည်။

ခက်သည်က မြနန်းပုံမှာ မည်သူကိုမျှ စိတ်မဝင်စားပေ။ သို့သော် သူမငယ်စဉ်ကတည်းက လယ်အလုပ်ကို ကူညီလုပ်ကိုင်ပေးရင်း သူမကို ထိန်းကျောင်းခဲ့သူ ကိုကြီးကောင်း (ခေါ်) မောင်ကောင်းအပေါ် သံယောဇဉ်တွယ်ခဲ့မိသည်။ကိုသာအောင်၏ ကြိုးစားမှုတို့ကြောင့် မနန်းရုံ ကွယ်လွန်ပြီး ဆယ်နှစ်အကြာတွင် လယ်ယာမြေများကို ဝယ်ယူကာ လယ်ပိုင်ရှင် သူဌေးဘသို့ ရောက်လာခဲ့သည်။ ရေမြင့်လျှင် ကြာတင့်ဟူသော စကားအတိုင်း မြနန်းပုံမှာလည်း သူဌေးသမီး ဖြစ်လာခဲ့သည်။

မြနန်းပုံမှာ ဥစ္စာပေါ ရုပ်ချောသဖြင့် တချို့သော မိန်းကလေးများက မနာလိုမရှုဆိတ်ဖြစ်ကာ . . .

"မြနန်းပုံက ချောမှာပေါ့။ သူ့အမေကလဲ သိုက်ကလာတာလို့ပြောတာပဲ၊ ဒီတော့ မြနန်းပုံကလဲ သိုက်ကလာတာ နေမှာပေါ့"

"ဟုတ်တယ်၊ သိုက်ကလာတာဆိုရင် လူ့ပြည်မှာ အသက်ရှည်ရှည်မနေရဘူး။ အလွန်ဆုံး အသက် ၂၅ နှစ်ပေါ့"

"ဟုတ်တယ်၊ ငါတို့ ဓာတ်ရှင် (ရုပ်ရှင်)ထဲမှာ ကြည့်ရတာတော့ သူတို့ချစ်သူထားရင် သိုက်က လာခေါ်သွားတာပဲ"

"အခုလဲ ကြည့်နေပါအေး၊ မြနန်းပုံ ရည်းစားထားရင် သိုက်ကလာခေါ်မှာ"

ဤသို့ မကြားတကြား ပြောခဲ့ကြသည်။

များမကြာမီ အချိန်အတွင်း မောင်ကောင်းက မြနန်းပုံကို ချစ်ရေးဆိုခဲ့ရာ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် ခင်မင်ခဲ့သည့် သံယောဇဉ်များကြောင့် သူတို့နှစ်ဦးမှာ ချစ်သူများဖြစ်သွားခဲ့ကြသည်။

ဖခင်ဖြစ်သူမှာလည်း လုပ်ရည်ကိုင်ရည်ရှိသောမောင်ကောင်းအား အဆင့်အတန်းမခွဲဘဲ သမီးဖြစ်သူနှင့် သဘောတူခဲ့သည်။ ဦးသာအောင်သည်လည်း တစ်ချိန်က လယ်သူရင်းငှားဘဝမှ ကြိုးစား အားထုတ်မှုကြောင့် လယ်ပိုင်ရှင်ကြီးဖြစ်လာခဲ့သဖြင့် ကိုယ်ချင်းစာစိတ်ဖြင့် သမီး၏ ချစ်ခြင်းကို မဖျက်ဆီးခဲ့ပေ။

ထို့ကြောင့် ကိုကြီးကောင်းနှင့် မြနန်းပုံတို့ အချစ်ဇာတ်လမ်းကို တစ်ရွာလုံး သိရှိခဲ့ကြသည်။ ထို့ကြောင့် မနာလိုသူများက . . .

"မြနန်းပုံတော့ အခု ချစ်သူရနေပြီ၊ မယုံရင်ကြည့်နေ သူ့ကို သိုက်နန်းက ပြန်ခေါ်တော့မယ်"

"ဟုတ်တယ်၊ သူ့အမေလဲ သိုက်က ပြန်ခေါ်လို့ သေသွားတာ မဟုတ်လား"

"ဟုတ်တယ်၊ ကိုကြီးကောင်းကလဲ မြနန်းပုံရဲ့အချစ်ကိုရလို့ တို့ကိုတောင် လှည့်မကြည့်တော့ဘူး"

"ညည်းတို့ကို ဘယ်ကြည့်မလဲ၊ မြနန်းပုံက ချမ်းသာတော့ မြနန်းပုံမှ မြနန်းပုံဖြစ်နေတာ"

"ဟုတ်ပါ့အေး၊ ကိုကြီးကောင်းက မြနန်းပုံနဲ့ ပတ်သက်ရင် သည်းသည်းလှုပ်နေတာ အမြင်ကတ်ဖို့ကောင်းတယ်"

"ဟုတ်ပါ့အေး၊ အခုသာ ပျော်မြူးနေတာ၊ နောက်ကျရင် ပုဆိုးနဲ့မျက်ရည်သုတ်နေရမှာ မြင်ယောင်သေးတယ်"

"မြနန်းပုံကလဲ အခုတော့ ကိုကြီးကောင်း ကိုကြီးကောင်းနဲ့ တကောင်းတည်းကောင်းနေတာ ဘယ်လောက်ကြာကြာ ခေါ်နိုင်မလဲ ကြည့်လိုက်ဦးမယ်"

ဤသို့ အားမနာပစကားများ ပြောခဲ့ကြသည်။ ဤစကားများကြောင့် မြနန်းပုံကိုယ်တိုင်ကပါ သူ့ကိုယ်သူ သိုက်နန်းရှင်မ မနန်းရုံ၏သမီး သိုက်နန်းသခင်မလေး မြနန်းပုံဟု မှတ်ထင်လာခဲ့သည်။

"ကိုကြီးကောင်းရယ် မြနန်းတို့ချစ်ခြင်းကိုအဖေကလဲမခွဲပါဘူး၊ ဒါပေမဲ့ မြနန်းရဲ့စိတ်ထဲမှာ မတင်မကျဖြစ်နေတယ်၊ မြနန်းတို့ချစ်ခြင်းကို ခွဲမယ့်သူ ပေါ်လာမှာကို စိုးရိမ်မိတယ်"

"မြနန်းရယ် မင်းကို အုပ်ထိန်းတဲ့ ဦးလေးဦးသာအောင်ကတောင် ကိုကြီးကောင်းတို့နှစ်ဦးကို သဘောတူထားတာ ဘယ်သူက ကန့်ကွက်ဦးမှာလဲ"

"မြနန်းက သိုက်နန်းကလာတာဆိုတော့ အခြားသူတွေလို အသက်ရှည်မှာ မဟုတ်ဘူး"

"ဖွဟဲ့ မဦးမချွတ် မပြောပါနဲ့ မြနန်းရယ်၊ မြနန်းရယ် ကိုကြီးကောင်းရယ် အသက်ထက်ဆုံး ပျော်ပျော်ရွှင်ရွှင် နေကြမယ်နော်၊ ကိုကြီးကောင်းကို ကတိပေးပါနော်"

"မြနန်းလဲ ကိုကြီးကောင်းနဲ့ အသက်ရှည်ရှည် နေချင်တာပေါ့"

"ဒါဆိုလဲ မြနန်း အေးအေးဆေးဆေး အိမ်ပြန်ပြီး အနားယူပါ၊ တခြားဘာတွေနဲ့မှ မတွေးနဲ့နော်"

"ဟုတ်ကဲ့ပါ"

"ဒီနှစ်နွေမှာ မြနန်းနဲ့ မင်္ဂလာဆောင်မှာမို့ ပျော်ပျော်နေရမယ်နော်"

"ဟုတ်ကဲ့ပါ"

ချစ်သူ၏ အချော့အမြူကြားဝယ် မြနန်းပုံတစ်ယောက် စိတ်ချမ်းမြေ့ခဲ့ရသည်။

တဖြည်းဖြည်းနှင့် လက်ထပ်ရန် တစ်လခန့်သာ လိုတော့သည်။ စပါးများရိတ်သိမ်းပြီးဖြစ်၍ စပါးပေါ်လျှင် ငွေပေါ်တော့မည်။ ချစ်သူနှင့် မင်္ဂလာဆောင်ရန် ငွေရသည်နှင့်တစ်ပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com

ခန်းဝင်ပစ္စည်းများ ဝယ်ကြမည်ဟူသော အတွေးနှင့် ကိုကြီးကောင်းတစ်ယောက် စိတ်ကူးနှင့်ပင် လွန်စွာပျော်ရွှင်နေခဲ့သည်။

ညနေစောင်း လယ်သိမ်းချိန်တွင် ကိုကြီးကောင်းရှိရာ လယ်ကွင်းထဲသို့ မြနန်းပုံ လိုက်လာခဲ့သည်။

မြနန်းပုံ၏ မျက်နှာမှာ ညှိုးနွမ်းနေသဖြင့် ကိုကြီးကောင်းမှ . . .

"မြနန်း မျက်နှာလဲ မကောင်းပါလား၊ ဘာကိစ္စဖြစ်လို့လဲ ပြောစမ်းပါ"

"ကိုကြီးကောင်းရယ် နေ့ခင်းက ခဏအိပ်ပျော်သွားတုန်း ကျွန်မရဲ့အစ်ကိုတော်ဆိုတဲ့ သိုက်နန်းရှင် ရောက်လာပြီး နင် မင်္ဂလာမဆောင်ရဘူး၊ မင်္ဂလာဆောင်မယ်ဆိုရင် ငါ နင့်ရဲ့လိပ်ပြာကို နုတ်မယ်လို့ ပြောတယ်၊ မြနန်းလဲ ကြောက်လန့်ပြီး ကိုကြီးကောင်းဆီကို လိုက်လာခဲ့တာ"

"ဖြစ်မှဖြစ်ရလေ မြနန်းရယ်၊ ဒါတွေဟာ အစွဲအလမ်းတွေပါ၊ သူများတွေကပြောဆိုလို့ မြနန်းရဲ့စိတ်ထဲမှာ စွဲနေတာဖြစ်မှာပါ၊ ဘာမှ မကြောက်နဲ့နော်"

"ဟုတ်ကဲ့ပါ ကိုကြီးကောင်း"

ဤသို့ ပြောဆိုပြီးနောက် ကိုကြီးကောင်းနှင့်အတူ လယ်တောမှပြန်လာခဲ့ကြသည်။

မြနန်းပုံမှာ အိပ်မက်ကြောင့် စိတ်ဆင်းရဲသော်လည်း ကိုကြီးကောင်း၏ အားပေးမှုကြောင့် စိတ်သက်သာရာရခဲ့သည်။

နောက်တစ်ပတ်ခန့် အကြာတွင် မြနန်းပုံသည် ယခင်မက်သည့် အိပ်မက်ကို ထပ်မံမက်ပြန်သည်။

အိပ်မက်ထဲတွင် အစ်ကိုတော်ဆိုသူမှာ ဒေါသအမျက် လွန်စွာ ထွက်လာပြီး . . .

"နင် မင်္ဂလာမဆောင်ရဘူး၊ ဒါဟာ ငါ့ရဲ့အမိန့်ပဲ၊ နင် ငါ့ရဲ့အမိန့်ကို နားမထောင်ရင် နင့်ရဲ့လိပ်ပြာကို နုတ်ပစ်လိုက်မယ်"

"အစ်ကိုတော်ရယ် . . . အဲဒီ မရက်စက်ပါနဲ့၊ ကိုကြီးကောင်းမှာ ဘာအပြစ်ရှိလို့လဲ"

"သူ့မှာ ဘာအပြစ်မှ မရှိဘူး၊ ဒါပေမဲ့ ငါ့ရဲ့နှမတော်ကို ဘယ်သူနဲ့မှ သဘောမတူဘူး"

ထိုအိပ်မက် မက်ပြီးနောက် မြနန်းပုံမှာ ယခင်ကထက် ပိုမိုကြောက်ရွံ့ကာ . . .

"ကိုကြီးကောင်းရေ မြနန်းတို့ ကိစ္စက အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်ဆိုသလို ဖြစ်နေပြီလား မသိဘူး"

"ဘာဖြစ်လို့လဲ မြနန်းရယ်"

"မြနန်းလေ ဟိုချောက်ချားစရာ အိပ်မက်ကို ထပ်မက်ပြန်ပြီ၊ အခုလဲ မင်္ဂလာဆောင်ဖို့ ၁၅ ရက်ပဲ လိုတော့တယ်၊ မြနန်းတို့ မင်္ဂလာမဆောင်ဘဲ နေရင် ကောင်းမလား"

"မြနန်းရယ် . . . အိပ်မက်ကို ကြောက်မနေပါနဲ့၊ နောက် ၁၅ ရက်ဆိုရင် မင်္ဂလာ ဆောင်ရတော့မယ်လေ၊ မဆောင်ဘဲ မနေနိုင်ဘူး မြနန်း"

"အေးလေ ဘာပဲဖြစ်ဖြစ် မြနန်းနဲ့ကိုကြီးကောင်း မင်္ဂလာဆောင်ဖြစ်အောင် ဆောင်မယ်"

ဤသို့ဖြင့် မင်္ဂလာဆောင်ရန် တစ်ရက်အလိုတွင် သူတို့နှစ်ဦးသည် မြို့ပေါ်သို့သွား၍ မင်္ဂလာပွဲ၌ ဝတ်ဆင်ရန် ဝတ်စုံများနှင့် အခြားလိုအပ်သော မင်္ဂလာခန်းဝင် ပစ္စည်းများ ဝယ်ယူပြီး ပြန်လာခဲ့သည်။ ညနေခင်းသို့အရောက်တွင် . . .

"ရင်ထဲက အောင့်တယ်၊ အောင့်မယ်လေး အရမ်းအောင့်တယ်"

"မြနန်းရယ် . . ကိုကြီးကောင်း ဆေးဆရာကြီးကို သွားပင့်လိုက်ဦးမယ်"

ကိုကြီးကောင်းက ဆေးဆရာကြီးကို သွားပင့်နေချိန်တွင် ရင်ထဲမှ အလွန်အမင်းအောင့်ပြီး သတိလစ်ကာ လဲကျသွားခဲ့သည်။ ဆေးဆရာကြီး ရောက်လာပြီး စမ်းသပ်ကြည့်သောအခါ . . .

"မြနန်းပုံ အသက်မရှိတော့ဘူး၊ လေတံစို့ကြောင့် သေဆုံးသွားပြီ"

"ဟုတ်ရဲ့လား ဆရာကြီးရယ်၊ ဒီနေ့ပဲ မြို့ကိုသွားသေးတယ်"

"ဟုတ်တယ်၊ လေတံစို့က သိပ်မြန်တယ်၊ နာရီဝက်လောက်အတွင်းမှာ သေဆုံးနိုင်တယ်"

"မြနန်းရယ် ကိုကြီးကောင်းကို ဘကယ်ပဲထားသွားပြီလားကွယ်"

ကိုကြီးကောင်းမှာ ချစ်သူမြနန်းပုံ သေဆုံးသွားသည့်အတွက် လွန်စွာ စိတ်မကောင်းဖြစ်ကာ ဝမ်းနည်းကြေကွဲနေခဲ့သည်။

ဤသို့ဖြင့် တစ်လခန့်အကြာတွင် ကိုကြီးကောင်းမှာ အိပ်မက်တစ်ခု မက်ခဲ့သည်။

အိပ်မက်ထဲတွင် မြနန်းပုံမှာ ရွှေရောင်တောက်ပသော အဝတ်အစားကို ဝတ်ဆင်ပြီး . . .

"ကိုကြီးကောင်း မြနန်းတို့ သိုက်ပြောင်းရတော့မယ်၊ ဒါကြောင့် သိုက်မပြောင်းခင် ကိုကြီးကောင်းကို ရွှေတွေ ပေးခဲ့ချင်တယ်"

"ငါ ရွှေလဲ မလိုချင်ဘူး၊ မင်းကိုပဲ ပြန်လိုချင်တယ်"

"မဖြစ်နိုင်တော့ပါဘူး ကိုကြီးကောင်းရယ်၊ ဘဝခြားသွားပြီ၊ အခု မြနန်း ပြောစရာရှိလို့လာခဲ့တာ ဒီလပြည့် ညသန်းခေါင်ယံအချိန်မှာ မြနန်းတို့ ချိန်းတွေ့နေကျ လယ်တောထိပ်က သစ်တောကြီးထဲကို လာခဲ့ပါ၊ ရှင်လာရင် ငှက်ကြီးတောင်ဓားကြီးပါ ယူလာခဲ့ပါ၊ မြွေကြီးတွေဟာအဲဒီသစ်ပင်ကြီးအောက်က ဖြတ်သွားလိမ့်မယ်၊ အဲဒီအခါမှာ မြွေကြီးတွေရဲ့ခေါင်းကို တစ်ခါတည်း ဖြတ်လိုက်ပါ"

"ဟာ ကိုကြီးကောင်း မလုပ်ရဲဘူး"

"မြနန်းကိုချစ်ရင် မြနန်းပြောတဲ့အတိုင်း လုပ်ပါ ကိုကြီးကောင်း"

"ကောင်းပါပြီ၊ မင်းကိုချစ်တဲ့အတွက် ကိုကြီးကောင်း လုပ်ပါ့မယ်"





www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အိပ်မက်မက်ပြီး နိုးလာခဲ့သည်။ ကိုကြီးကောင်းသည် အိပ်မက်ထဲမှ မြနန်းပုံပြောသည့်စကားကို မယုံကြည်ပေ။

သို့သော် လပြည့်ညသို့ ရောက်လာသောအခါ . . .

"ဘာပဲဖြစ်ဖြစ် မြနန်းပုံပြောတဲ့အတိုင်း လုပ်မယ်"

ထိုသို့သန္နိဋ္ဌာန်ချကာ သန်းခေါင်ယံအချိန်တွင် သစ်ပင်ကြီးအောက်မှ စောင့်နေခဲ့သည်။ သိပ်မကြာမီအချိန်တွင် တောတွင်းမှ လှုပ်ရှားသံတွေပေါ်လာပြီး . . .

"ဟဲ ဟဲ ဟဲဟဲ"

ဟူသော လိုက်သံပါသည့်အသံလိုလို ပွဲတင်သံလိုလို မြည်ဟည်းသံကြီးကို ကြားလိုက်ရသည်။ အသံလာရာဆီသို့ ကြည့်လိုက်သောအခါ လရောင်အောက်တွင် . . .

"အောင်မယ်လေး မြွေကြီးတွေ မနည်းပါလား"

မြွေကြီးများ၏ နှာမှုတ်သံ တဟဲဟဲနှင့် အတူ မြွေကြီးများ၏ မျက်လုံးများမှာ ပတ္တမြားတပ်ဆင်ထားသလို နီရဲပြီး အရောင်တွေထွက်နေသည်။

မြွေကြီးများ၏ ခန္ဓာကိုယ်မှာ ယောက်ျားကြီးတစ်ယောက်၏ ပေါင်လုံးထက်ကြီးသည်။ မြွေကြီးတစ်ကောင် သူ့ရှေ့မှ ဖြတ်သွားခဲ့သည်။ သူသည် ဓားဖြင့်ရွယ်လိုက်သော်လည်း မခုတ်ဝံ့ပေ။ ဒီလိုနှင့် မြွေကြီးများ တစ်ကောင်ပြီး တစ်ကောင် ဖြတ်သွားခဲ့သည်။

ပထမမြွေကြီးမှာ အကြီးဆုံးဖြစ်ပြီး နောက်မြွေများမှာ တဖြည်းဖြည်းသေးသွားရာ နောက်ဆုံးမြွေတစ်ကောင်သာ ကျန်တော့သည်။ သူ၏အရွယ်အစားမှာ လက်ကောက်ဝတ်ခန့်သာ ကြီးလေသည်။

"ဒီတစ်ကောင် နောက်ဆုံး တစ်ကောင်ပဲ ဘာပဲဖြစ်ဖြစ် ငါခုတ်မယ်"

ဟု စိတ်ဆုံးဖြတ်ကာ မြွေကြီး၏ ဦးခေါင်းကို မှန်း၍ ခုတ်လိုက်ရာ . . .

"ဒုတ်"

"ရှူး . . . ဒုန်း"

"အောင်မယ်လေး"

သူခုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရှူးဒုန်းဟူသော အသံနှင့်အတူ မြင်ကွင်းအားလုံး ပျောက်ကွယ်သွားခဲ့သည်။ သူလည်း အောင်မယ်လေးဟု အော်ကာ သတိမေ့မြောသွားခဲ့သည်။ နံနက်လင်းမှ ရွာသားများရောက်လာပြီး လှုပ်နှိုးမှ သတိပြန်ရလာသည်။

သူ၏အဖြစ်မှာ တကယ်လေလား၊ အိပ်မက်လေလားဟု သူကိုယ်တိုင်ပင် မသိချေ။ တဖြည်းဖြည်းနှင့် သူ၏ စီးပွားတိုးတက်လာသည်။ ဒီနောက်ပိုင်းတွင် ထိုနယ်မြေရှိ လယ်များစွာကို ဝယ်ယူကာ လယ်ပိုင်ရှင်ကြီးဖြစ်လာခဲ့သည်။

ချမ်းသာလာခဲ့သဖြင့် ဘုရားတည် ကျောင်းဆောက်ကာ မြနန်းပုံ အမည် ကမွည်းထိုး လှူဒါန်းခဲ့သည်။ အမျှအတန်း ပေးဝေခဲ့သည်။

သူသည် မြနန်းပုံကို တစ်ချိန်လုံး တမ်းတကြေကွဲရင်း အရူးပမာဖြစ်နေခဲ့သည်။ ထိုအခါ ဦးသာအောင်မှ မနေသာတော့ဘဲ ရွာလယ်မှ ဣန္ဒြေသိက္ခာရှိသည့် မထားမေနှင့် လက်ထပ်ပေးခဲ့သည်။ ထိုမှ သားစဉ်မြေးဆက်အထိ ထိုလယ်မြေကို "ကိုကြီးကောင်းလယ်မြေ"ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။

ကိုကြီးကောင်း၏ အဖြစ်မှာ ထူးခြား ဆန်းကြယ်လွန်းသဖြင့် ယနေ့လူငယ်များက ဒဏ္ဍာရီလိုလို အိပ်ရာဝင်ပုံပြင်လိုလို ပြောဆိုခဲ့သည်မှာ ယခုထက်တိုင်အောင်ပင် ဖြစ်ပါတော့သတည်း။

❒ ရိရိငွေး

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန ပစ္စယနာဂရာဇာ ဆင်ဖြူတော်

ခံ-ကောတု

(ယခင်လမှအဆက်)

### ဆင်မင်း၏သဘာဝနှင့် အစားအသောက်

နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်မင်းကား ဆဒ္ဒန်နွယ်ရင်း အစစ်ဖြစ်သည်။ ဖမ်းဆီးစဉ်ကလည်း အကြောက်အရွံ့မရှိ ပကတိ အေးအေးဆေးဆေး အသာအယာပင် လိုက်ပါလာခဲ့သည်။ လူစကားကို နားလည်ပြီး ဖြစ်ဟန်ရှိသည်။ လသား အရွယ်သာ ဖြစ်သောကြောင့် လူနို့ထိန်းများထားကာ နို့တိုက်မွေးရ၏။ နို့ထိန်း (၁၆) ဦးအား နေ့ညဉ့်အလှည့်ကျဖြင့် နို့တိုက်မွေးစေရသည်။ လူနို့ စို့သောအခါ နှာမောင်းကလေးကို ဦးခေါင်းပေါ်တင်လျက် နို့စို့သည်။

လူနှင့် နီးကပ်ရင်းနှီးစွာ ကြီးပြင်းလာသောကြောင့် ဆင်မင်းသည် လူစကားကို ကောင်းစွာ နားလည်၍ သူ၏ လိုအင်ဆန္ဒတို့ကိုလည်း လူတို့နားလည်အောင် ဟန်အမူအရာဖြင့် ညွှန်ပြနိုင်သည်။

လူနို့ဖြင့် ကြီးပြင်းလာသည့်အလျောက် သာမန်ဆင်များကဲ့သို့ မိမိဘာသာ စားသောက်ခြင်း မပြု။ လူတို့က ပြုပြင်ယုယ ကျွေးမွေးသည့် ငှက်ပျောသီး၊ အုန်းသီး၊ ကြံပင်၊ မြက်နု၊ မျှစ်နုကလေးများကိုသာ စားသည်။ ကြံများကို အခွံခွာ၍ အဆစ်များကို ဖြတ်တောက်ပယ်ရှားပြီး ရွှေအင်တုံတွင် ထည့်ပေးမှစားသည်။ ထမင်း၊ မုန့်မျိုးစုံ၊ ကွမ်းယာ၊ လက်ဖက်များကို စားတတ်သည်။ ကွမ်းများကို လူတို့စားသကဲ့သို့ ကွမ်း၊ ထုံး၊ ကွမ်းသီး၊ ဆေး၊ စမုန်စပါး၊ ရှာစေးမကျန် ကောင်းမွန်စွာ ယာ၍ ရွှေကွမ်းခွက်တွင် ထည့်၍ ကျွေးရသည်။ အဖျော်ယမကာများကိုလည်း သောက်တတ်သည်။ စည်းကမ်းတကျ သွန်ခွက်နှင့်သူ ထည့်ကျွေးမှ စားသောက်သည်။


အစားအသောက်များကို ခွက်မှား၍ ထည့်ကျွေးမိလျှင် ၎င်းအမှုထမ်းအား နှာမောင်းဖြင့် ပုတ်ခတ်ရိုက်နှက်ကာ ထည့်ထားသည့် ရွှေခွက်ကိုပါ မှောက်သွန်ပစ်သည်။ ကျင်ကြီးကျင်ငယ်ကိုလည်း ငွေအင်တုံအတွင်း၌သာ သန့်ရှင်းစွာ စွန့်သည်။ လူတို့၏ အရိပ်အကဲကို အလွန်သိတတ်ပြီး ၎င်း၏အနီးသို့ သွားရောက်ကြည့်ရှုလျှင် ဣန္ဒြေမဲ့ ပြုကျင့်မှုကို မကြိုက်ပေ။

လပြည့်လကွယ် သီတင်းနေ့တွင် ဘုရားပုထိုးများကို အဖူးအမြော်ထွက်ခြင်း၊ ရဟန်းသံဃာတော် တို့ကိုလည်း လူမင်းတို့ကဲ့သို့ပင် ဝါဝင်၊ ဝါထွက် နှစ်ကူးအခါတို့၌ သက်န်းပရိက္ခရာ ဆွမ်းဘောဇဉ်တို့ကို ကပ်လှူခြင်း၊ ပရိတ်တရား









နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ဖြူတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com

နာခြင်း၊ ရွှေကာရားဖြင့် ရေစက်သွန်းခြင်း၊ ဝါတွင်း သီတင်းနေ့များတွင် လူတို့ကဲ့သို့ ဥပုသ်သီတင်း ဆောက်တည်ပြီး မွန်းလွဲအခါ အရည်မှတစ်ပါး အစားအစာတို့ကို မစားမသောက်ဘဲ နေလေသည်။



ဆင်မင်းအား ရဟန်းသံဃာတော်တို့က သီလပေးခြင်း၊ ပရိတ်ရွတ်ခြင်းများ ပြုလုပ်ပေးလျှင် နှာမောင်းကို ဦးခေါင်းထက်တင်ကာ ရှိခိုးနာယူလေ့ရှိသည်။ ဝါဝင် ဝါထွက် အခါကြီးရက်ကြီးများတွင်လည်း ၎င်း၏ ခြွေရံမှုထမ်းတို့က ဆင်မင်းအား လူတို့မင်းကို ပူဇော်သကဲ့သို့ပူဇော်ကန်တော့ကြရသည်။

ဆင်မင်းကလည်း ပြန်လည်၍ ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်မှအစ အမှုထမ်းအားလုံးတို့အား ဆုလာဘ်များ ပေးကမ်းချီးမြှင့်လေသည်။ ထိုသို့ ဆုလာဘ်များပေးရန် အဝတ်အထည်၊ ရွှေ၊ ငွေ စသည်တို့ကို ခင်းကျင်းပေးထားရ၏။ ဆင်မင်းကြီးက ၎င်းဆန္ဒအတိုင်း ပေးလိုသူ အမှုထမ်းနှင့် သင့်တော်သည့်ဆုကို ကိုယ်တိုင်ရွေးချယ် ယူငင်ပြီး ပေးလေ့ရှိသည်။ ဆုတော်ချီးမြှင့်ရာ၌လည်း သင့်လျော်အောင် ထိုက်တန်ရာကို ရွေးချယ်ပေးတတ်သည်။

**ဆင်မင်းကြီး၏ ထူးခြားဖြစ်စဥ်များ**

နိုင်ငံတော်အတွင်း၌ လေမိုးကျမည်၊ လျှင်လှုပ်မည်တို့ကိုလည်း ဆင်မင်းကြီးကြိုတင်၍ သိတတ်လေသည်။

ဘကြီးတော်ဘုရားလက်ထက် (ဆရာကြီးရွှေပြည်ဦးဘတင်က ရွှေဘိုမင်းလက်ထက်ဟု ဆိုသည်) တစ်နေ့သောအခါတွင် ဆင်မင်းကြီးမှာ အိပ်နေကျဖြစ်သည့် အုတ်နန်းတွင်းသို့ သုံးကြိမ်တိုင် သွင်းလိုက်၊ ပြန်ထွက် ဖြစ်နေရာ ဆင်မင်းဝန် ဆင်မင်းဝန်ထောက်တို့မှ အတင်သွင်းလေလျှင် အသံကုန်ဟစ်လေသည်။ ဘုရင်မင်းမြတ်ကြား၍ မေးမြန်းသဖြင့် ဆင်မင်း အိပ်ဆောင်မဝင်လိုသည်ကို သိလေသော် "ဆင်မင်းကြီးနေလိုရာနေစေ" ဟု အမိန့်တော်မှတ်လေသည်။







www.burmeseclassic.com

www.burmeseclassic.com



နီပွာန်ရှာ မြောက်ကျောင်းတော်ကြီး စာသင်တိုက်

ဆင်မင်းကြီးအား ထူးကို ဖြုတ်ပေးလေသော် ကွင်းပြင်၌သာထွက်နေပြီး အုတ်နန်းတွင်းသို့ ဝင်သမျှသော ဆင်ထိန်းအမှုထမ်းတို့ကိုလည်း "သျှောင်"ကိုဆွဲ၍ အတင်းဆုတ်လေသည်။ ညဥ့်သန်းခေါင်ကျော်အချိန်ခန့်တွင် မြန်မာတစ်နိုင်ငံလုံးတွင် ငလျင်ကြီး ပြင်းစွာလှုပ်ခတ်တော့သည်။ စစ်ကိုင်းကောင်းမှုတော်စေတီမှအပ ဘုရားပုထိုးများစွာ ပြိုကျပျက်စီးရသည်။ ဆင်မင်း၏ အုတ်နန်းပြာသာဒ်တော်လည်း ပြားပြားဝပ် ပြိုကျလေသည်။ ဆင်ထိန်းအမှုထမ်းနှင့် မိသားစုများကလည်း ဆင်မင်းကြီး၏ ကာယ်တင်မှုကြောင့် အုတ်နန်းတွင်း ဝင်မအိပ်ကြရသဖြင့် အသက်ဘေးမှ ကင်းဝေးကြကာ ဆင်မင်းကြီးအား ပိုင်းကန်တော့ကြတော့သည်။



**ဆင်မင်းကြီး တောသို့ဝင်ခြင်း**

ဘိုးတော်မင်းတရားကြီးမှစ၍ ဘကြီးတော်၊ ရွှေဘိုမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းတရားကြီး လက်ထက်တော်အထိ မင်းငါးဆက်တိုင်တိုင် နိဗ္ဗာနပစ္စယနာဂရာဇ ဆင်ဖြူတော်မှာ ဆင်မင်းကြီးအဖြစ် နှစ်ပေါင်း (၅၁)နှစ်တာမျှ ဆင်မင်း၏စည်းစိမ်ကို ခံစံသွားသည့် အလွန်ထူးခြားလှစွာသော ဆင်ဖြူတော်ကြီး ဖြစ်လေသည်။

နန်းမတော်မယ်နု၏မောင် စလင်းစား မောင်အို၏ ကုန်းချောမှုကြောင့် ဘကြီးတော်ဘုရားနှင့် ညီတော် သာယာဝတီမင်း (ရွှေဘိုမင်း)တို့ စိတ်ဝမ်းကွဲကြသည်။ ရွှေဘိုမင်းသည် အဝမြို့တော်မှထွက်ခွာ၍ ညီတော်နောင်တော်တို့ စစ်ပြိုင်အုံ ဖြစ်နေသည့်အချိန်အခါတွင် ဆင်မင်းကြီးမှာ စိတ်အလိုမကျဖြစ်ကာတောသို့ ထွက်ဝင်သွားတော့သည်။

ဆင်ဝန်၊ ဆင်ထိန်းတို့မှ လိုက်လံ ကောက်ယူသော်လည်း အမြင်သာခံ၍ အနားကပ်မခံတော့ဘဲ မောင်းနှင်လွှတ်နေတော့သည်။ စားသောက်ရန် အစားအစာတို့ကို ကျွေးနေကျအတိုင်း ပြင်ဆင်၍ တောစပ်အတွင်း ထားပေးရလေသည်။ ညဥ့်အခါကျမှသာ လာ



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ဖြူတော်ကြီး

ရောက်စားသောက်သော်လည်း အဖမ်းကားမခံချေ။ စလင်းမင်းသားမောင်အိုနှင့် နန်းမတော် မယ်နုတို့၏ အကြံအစည်ကို မနှစ်မြို့သောကြောင့် ဆင်မင်း တောဝင်သွားခြင်း ဖြစ်သည်ဟု တီးတိုးပြောစမှတ်ပြုကြလေသည်။ ညီတော်၊ နောင်တော် ကျေအေး၍ ရွှေဘိုမင်း နန်းတက်ပြီးမှ အသာတကြည် ပြန်၍ အဖမ်းခံလေသည်။ ရှေးဦးစွာ ရွှေဘိုမင်း၏ ယာယီစံမြန်းသော စစ်ကိုင်းစံနန်းတော်အနီးရှိ ဆင်မင်းနန်းတော်သို့ ၁၁၉၉ ခုတွင် ဆင်မင်းကို ထားစေရသည်။ နောက်မှ ထွက်စံတော်မူရာဖြစ်သည့် ကျောက်မြောင်းသို့ ရွှေဖောင်တော်နှင့်ပို့ရသည်။

**ဆင်ဖြူတော် ကံကုန်ခြင်း**

မင်းနေပြည်တော်များ ပြောင်းရွှေ့တိုင်း ဆင်မင်းကြီးလည်း ဘုရင်နှင့်အတူ လိုက်ပါပြောင်းရွှေ့ရသည်။ ရွှေဘိုမင်းကလည်း ဘိုးတော်၊ နောင်တော်တို့နည်းတူ ဆင်မင်းအတွက် လယ်ကိုင်းမြို့ကို အသုံးကံ ကျွေးခံပေးတော်မူသည်။

မင်းတုန်းမင်းကြီးလက်ထက် ၁၂၁၉ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ သောကြာနေ့သို့အဝင် ညဦးသုံးချက်တီးကျော်အချိန်တွင် "နိဗ္ဗာနပစ္စယနာဂရာဇာ" ဆင်မင်းသည် သက်ရှယ်ကြီးလွန်းပြီး ကံတော်ကုန်(ကွယ်လွန်)လေသည်။

ဆင်မင်းကြီးအလောင်းကို စွပ်ဖားပေါ်တင်ဆောင်ကာ ထီးဖြူအုပ်မိုး၍ ဘိုးတော်ဘုရားမှအစ မင်းငါးဆက်က သနားချီးမြှောက်သည့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့် တန်ဆာဆင်လျက် အဖိုးထိုက်တန်လှသည့် အဆောင်အယောင်များ ထီးဖြူ၊ ယပ်မား၊ မင်းခမ်းမင်းနား၊ ရွှေအင်ရွှေကြည် စသည်တို့ကို အလောင်း၏ဝဲယာတွင် ခင်းကျင်းထားစေသည်။

တိုင်းသူပြည်သားတို့ကိုလည်း ရွှေနန်းတော် အတွင်းဝင်ထွက်ခွင့်ပြုလျက် ၃ ရက်တိုင် ကြည့်ရှုခွင့်ပေးထားလေသည်။ နယုန်လပြည့်ကျော် ၂ ရက်နေ့တွင် ဆင်မင်းနန်းမှ ရွှေနန်းတော်မြောက်ဘက်သို့ မင်းခမ်းမင်းနားနှင့် ဆောင်ယူ၍ အနောက်တံခါးမှ ထွက်ပြီးလျှင် အာဠဝီလမ်းအဆင်း ရေဖျန်းဆိပ်ကုန်း၌ မီးသဂြိုဟ်စေလေသည်။

နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်မင်းအား အေဒီ ၁၈၀၇ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျမ်းဂန်များတွင် ပါရှိသည့်အတိုင်း ဘိုးတော်ဗဒုံမင်းတရားကိုယ်တိုင် ဆယ်ပါးသော အစီအရင်များကို ခမ်းနားကြီးကျယ်စွာ ဆောင်ရွက်စေပြီး ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူရှင်ဘွဲ့ ခံယူခဲ့လေသည်။

ကောင်းစွာချီးမြှောက် စောင့်ရှောက်မှုဖြင့် အလေးဂရုပြုမှုကြောင့်လည်း ဆင်မင်းထံမှ ကောင်းကျိုးများစွာ ရခဲ့ပေသည်။ သီလဆောက်တည်မှုကိုလည်း ဆင်မင်းနည်းတူ ရယူကျင့်ဆောင်ခဲ့လေသည်။ မြန်မာတို့၏ ဆင်ဖြူတော်ဆိုင်ရာ ယုံကြည်မှုသည် ပုဂံခေတ် အေဒီ (၁၀၄၄-၁၂၈၇) တွင် ဗုဒ္ဓသာသနာနှင့်အတူ စတင်လက်ခံခဲ့ကြခြင်း ဖြစ်လေသည်။

ဗုဒ္ဓဝင်တွင် မြတ်ဗုဒ္ဓသည် ဆင်မင်းဘဝ ဖြစ်ခဲ့ဖူးသကဲ့သို့ ပုဂံပြည်မှ ရှင်မဟာကဿပမထေရ်သည်လည်း ဆင်မင်းဘဝ ဖြစ်ခဲ့ရဖူးကြောင်း ရေးထိုးသော ကျောက်စာချပ်ရှိခဲ့ဖူးပါသည်။ သမိုင်းတင်ခဲ့သည့် ပုဂံခေတ်မှစ၍ မင်းများ၏ ဆင်ဖြူတော်ကို ပိုင်ဆိုင်မှုများမှာ. . .

(၁) ပုဂံအနော်ရထာမင်းစောသည် သန်မြန်စွာ အမည်ရှိ ဆင်ဖြူတော်နှင့် ဆင်ဖြူ ၃၈ စီး ပိုင်သည်။
(၂) မနူဟာမင်းသည် ဆင်ဖြူ ၃ စီး ပိုင်သည်။
(၃) အလောင်းစည်သူမင်းကြီးသည် ဆင်ဖြူ ၃၉ စီး ပိုင်သည်။
(၄) တစ်စီးရှင်သီဟသူသည် အေဒီ ၁၂၁၂ က စမုန်မြစ်အတွင်း မျောပါလာသည့် ဆင်ဖြူအသေကောင်ကိုသယ်ယူ၍ တစ်စီးရှင်ဘွဲ့ ခံယူလေသည်။
(၅) ငါးစီးရှင်ကျော်စွာ အေဒီ ၁၃၄၄- ၁၃၅၀ သည်လည်း ဆင်ဖြူများစွာကို ပိုင်ဆိုင်သောမင်း ဖြစ်သည်။
(၆) ဟံသာဝတီဆင်ဖြူများရှင် အေဒီ (၁၅၅၀-၁၅၈၁) သည်လည်း ဆင်ဖြူများစွာကို ပိုင်ဆိုင်သောမင်း ဖြစ်သည်။
(၇) ကုန်းဘောင်ခေတ် အလောင်းမင်းတရားသည် ဆင်ဖြူရှင်ဘွဲ့ မခံယူသော်လည်း ဆင်ဖြူများကို ပိုင်ဆိုင်သော မင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၈) မြေဒူးမင်း အေဒီ ၁၇၇၀ သည် မကွေးမြို့မှ ဆက်သောဆင်ဖြူတော်ကို ဆဒ္ဒန်ပြောင်ကျော် ဘွဲ့တပ်၍ ဆင်ဖြူရှင်ဘွဲ့ခံသည်။

(၉) စဉ့်ကူးမင်း အေဒီ (၁၇၇၆-၁၇၈၁) သည် ရွှေမင်းဘုန်းရ ဆင်ဖြူတော်ကို ဆဒ္ဒန်မင်္ဂလာ ဘွဲ့တပ်၍ ဆင်ဖြူရှင်ဘွဲ့ခံသည်။

(၁၀) ကုန်းဘောင်ခေတ်တွင် ဆင်ဖြူအများဆုံး ပိုင်ဆိုင်သောမင်းမှာ ဘိုးတော်မင်းတရား ဖြစ်သည်။

(၁၁) စစ်ကိုင်းမင်း အေဒီ (၁၈၁၉- ၁၈၂၉)သည် ဆင်ဖြူများပိုင်ဆိုင်ခဲ့၍ ရတနာပြောင်မွန် ဆင်ဖြူတော်မှာ ကျော်ကြားသည်။

(၁၂) မင်းတုန်းမင်း အေဒီ ၁၈၅၂ သည် သောင်သွပ်စော်ဘွားမှ ဆက်သသော ဆင်ဖြူတော်ကို မောရိယပစ္စယနာဂရာဇာဘွဲ့တပ်၍ ဆင်ဖြူရှင်ဘွဲ့ခံယူသည်။

(၁၃) သီပေါမင်း အေဒီ (၁၈၅၂- ၁၈၅၅) သည်လည်း ရန်အောင်မြင်တောရ ဆင်ဖြူတော်နှင့် ဆင်ဖြူရှင်ဘွဲ့ ခံယူလေသည်။

ဘိုးတော်ဘုရား ရသားသော ဆင်ဖြူတော်နိဗ္ဗာနပစ္စယနာဂရာဇာအတွက် အကျိုးများမှာ သားကောင်း သမီးကောင်းရတနာများ ထွန်းကားခြင်း (သက်တော်ရှည်ကြာ၊ မင်းစည်းစိမ်ခံစား၍ နတ်ရွာစံတော်မူသည့်အချိန်အထိ ပြုစုသောစာရင်းတွင် သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော်ပေါင်းမှာ (၄၁၁)ပါး ပင် ရှိသည်ဟူ၏။

တိုင်းနိုင်ငံတွင် ရာသီဥတု ကောင်းမွန်ပြီး မြေဩဇာကောင်းမွန်၍ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းလာခြင်း၊ တိုင်းနိုင်ငံအတွင်း ငြိမ်ဝပ်အေးချမ်း၍ ပြည်သူများ ချမ်းသာခြင်း၊ ရှင်ဘုရင်အသက်ရှည်ခြင်း၊ တိုင်းနိုင်ငံ နယ်ပယ်ကျယ်ဝန်းလာခြင်း (သီဟိုဠ်ကျွန်း တစ်ကျွန်းလုံးကိုပင် တိုက်မနေရဘဲ သီဟိုဠ်သံယာတော်ကြီးများနှင့် သီဟိုဠ်အမတ်များမှ လာရောက်ဆက်သခံရပေသည်။) တိုင်းတစ်ပါးနိုင်ငံများမှလည်း လေးစားခံ့ညားကြရပေသည်။

**နိမိတ်ထူးပြခြင်း**

ဆင်မင်းကြီးအား မီးသင်္ဂြိုဟ်ခြင်းမပြုမီ၊ အဆောင်အယောင် အခင်းအကျင်းများဖြင့် ထားရှိစဉ်၌ တောင်အရပ်မှ ငှက်အကြီးစား ၅၀ ခန့်တို့သည် အုပ်လိုက်ပျံလာပြီး ဆင်မင်းကြီး၏ အလောင်းတော်အထက်တည့်တည့်တွင် တစ်နာရီခန့်မျှပျံဝဲနေပြီးမှ မြောက်အရပ်သို့ပျံသွားကြသည်။ လူတို့မမြင်ဖူးခဲ့ကြသည့် ငှက်ပေါင်းစုံနှင့်တကွ၊ တောနက်ရာတွင်သာနေလေ့ရှိသော ဥဒေါင်း၊ ကြိုးကြာ၊ သာလိကာ၊ ကျေးငှက်တို့မှအစ စာကလေး၊ နှံပြီစုတ်ငှက်များပါမကျန် တစ်အုပ်ပြီးတစ်အုပ် တစ်သုတ်ပြီးတစ်သုတ် ပျံဝဲလာကြ၍ ဆင်မင်း၏ အလောင်းတော်ပေါ်သို့ သုံးရက်တိုင်တိုင် အလှည့်မပြတ်ငှက်ကြီးများနည်းတူ တောင်ကလာ၍ မြောက်သို့ပျံကာပူဇော်ကြလေသည်။

ဆင်မင်းကြီး၏ အကြောင်းအရာတို့ကား အံ့ဩမကုန်နိုင်အောင်ပင် ထူးကဲလှသည်။ ရဟန်းပညာရှိ၊ လူပညာရှိပုဂ္ဂိုလ်တို့မှ ဆင်မင်းကြီးသည် အလောင်းအလျာတစ်ပါး အပါအဝင်ဖြစ်ပေမည်ဟူ၍ ယူဆပြောဆိုကြလေသည်။

နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ဖြူတော်၏ အစွယ်နှစ်ဆူကား ရန်ကုန်မြို့ ဟိရဉ္ဉာန်ဥယျာဉ်၏ သဘာဝသမိုင်းပြတိုက်တွင် ယနေ့တိုင် ထင်ရှားပြသထားလေသည်။ ယင်းဆင်ဖြူတော်အား ဖမ်းဆီးရမိစဉ်က ခေတ္တထားရှိခဲ့ရာ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် နိဗ္ဗာန်ရွာကြီးတွင် ဘုန်းတော်ကြီးကျောင်း ၂ ကျောင်းရှိရာ မြောက်ကျောင်း၌ ဆင်ဖြူတော်၏သမိုင်းစာအုပ်မှတ်တမ်းရှိလျက်၊ တောင်ကျောင်းတွင်ဆင်ဖြူတော်အရုပ်ကြီးကို နိဗ္ဗာန်ရွာမှ ရဟန်းရှင်လူတို့က ယခုတိုင်ဂုဏ်ယူလျက် ထုလုပ်ထားရှိပေသည်။

သက္ကလရွာမှ အိမ်ကြီးရှင် ဦးမောင်ခိုင်၏ ကိုယ်တွေ့ပြောပြချက်အရ တစ်ချိန်က သက္ကလသို့ ရှင်လောင်းလှည့်ရန်အတွက် ငှားလာခဲ့သည့် ဆင်မည်းတစ်ကောင်မှာ နိဗ္ဗာန်ရွာအနီးရောက်သောအခါ ဆင်ဖြူတော်ရုပ်ရှိရာသို့ ပြေးသွားဦးတိုက်ပြီးမှ ခရီးဆက်ရသည်ဟု သိရသည်။

ထို့အပြင် ဤစာရေးသူ ကိုယ်တိုင်လည်း ၁၉၉၂ ခုနှစ်ကဝမြို့တွင် တာဝန်ထမ်းဆောင်စဉ်အခါက ဖောင်ဖျက်ကမ်းတင်ကျွန်းသစ်လုံးများကို ရေချောင်းသို့ဆွဲတင်ရန် သစ်တောမှဆင်မည်းနှစ်ကောင်ခေါ်လာရာ နိဗ္ဗာန်ရွာ အရောက်၌ ဆက်မသွားတော့သဖြင့် ဆင်ဖြူတော်ရုပ်ရှိရာသို့ ပွဲဖြင့် ဦးတိုက်စေပြီးမှ သစ်ဆွဲခိုင်းရသည်ကို ကြုံတွေ့ခဲ့ရပေသည်။

ရတနာကြန်စုံ၊ ဆဒ္ဒန်နွယ်ရင်း၊ ဆင်ဖြူတော် ဆင်မင်း၊ ဆက်သွင်းစိုးအပိုင်ပါက ယဏသချာ ဘိသိက်မင်္ဂလာ ပြုလေပါမှ မုချအကျိုးများ စီးပွားတိုးတက် နိုင်ငံအတွက် ရတနာဖြစ်လာမည်ဟူသော စိတ်စေတနာဖြင့် သေချာစွာ စာစု၍ ဤဆောင်းပါးကို ပြုစုရေးသားလိုက်ရခြင်း ဖြစ်သည်။

(ပြီး)

❐ စံ-ကေတု


ကျမ်းကိုးစာရင်း

၁။ စာပေဗိမာန်စာမူဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကု ဆရာဝန်)၏ "မြန်မာ့ဆင်"စာအုပ်၊ ၂။ ဆရာကြီး ရွှေပြည်ဦးဘတင်၏ "စာပွဲသဘင်" စာအုပ်။ ၃။ နိဗ္ဗာန်ရွာ မြောက်ကျောင်းဆရာတော်ထံမှ "ဆင်ဖြူသမိုင်း" စာအုပ်။ ၄။ ကိုယ်တိုင် လေ့လာတွေ့ရှိချက်များ။ ၅။ RICHARD CARRINGTON ELEPHAN စာအုပ်။



ဤဆောင်းပါးအတွက် စာစုပေးကြသည့် တောင်ငူမြို့ ဘုံဆွမ်းလောင်းအသင်း ဥက္ကဋ္ဌ ဦးစောဌေး၊ အတွင်း ရေးမှူး ဦးတင်လေး ကဝရဲစခန်းမှ ရဲတပ်ကြပ် ဦးလှထွန်းအောင်တို့အား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ၁၉၆၉ ကျွန်းဆွယ်ဆန္ဒပြ ကျောင်းသားဟောင်း ဖြစ်၍ အင်းစိန်ထောင်၊ ထိုးရှိမ ဗတာပ ဘဝများ ဖြတ်သန်းလာခဲ့ပြီးသူဖြစ်ရာ ယခု နောက်ပိုင်း ၂၀၀၉ ခုနှစ်လောက် ရောက်သောအခါ နိုင်ငံရေးဆောင်းပါးများရေးသား ဆက်တိုက်ရေး ဖြစ်နေပါသည်။ မူလကျောရိုး ၁၉၆၄ ကိုးတန်းကျောင်းသား ဘဝမှ ယနေ့တိုင် ကဗျာရေးလာဆဲ ကဗျာဆရာအဖြစ် ပျော်တော်ချင်ချင်။

စိုးမြင့်သိန်း

# အမျိုးသားနိုင်ငံရေးသစ်



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ပဲခူးရိုးမထဲမှာ နေရစဉ် တောင်ငူမှ အထက်တန်းပြဆရာ ကိုအောင်ငွေ (U.G မှုနှင့် ထောင်ကျ ကိုကိုးကျွန်းရောက်၊ ကိုကိုးကျွန်းမှ ထွက်ပြေး၊ ပင်လယ်ဖြတ်၍ ပဲခူးရိုးမ ဗကပ ဗဟိုသို့ ရောက်လာပြီး သခင်ဇင် သခင်ချစ်၏ အတွင်းလူဖြစ်နေသောပုဂ္ဂိုလ်) နှင့် တစ်စခန်းတည်း အတူနေဖူးရာ သူ့ထံမှ ကိုကိုးကျွန်းနှင့် ယင်းမှ ထွက်ပြေးပုံ လမ်းခရီး အတွေ့အကြုံများ ရင်သပ်ရှုမော ကြားသိခဲ့ရပါသည်)

## ဖဒိုမန်းငြိမ်းမောင်

ဝိုင်းရုံပေးကြပါ ဆိုလာသူ။ ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်ကို ကျွန်တော် အနီးကပ်မမြင်ဖူးပါ။ ဧပြီ ၂/၂၀၁၂/ VOICE ဂျာနယ်မှာ ဓာတ်ပုံမြင်ဖူးပါသည်။ သူသည် ၁၉၅၇ က တည်းက UG မှုဖြင့် ထောင်ကျ၊ ၁၉၆၉ ကိုကိုးကျွန်း၊ ဗန်းမော်တင်အောင်၊ မြသန်းတင့်တို့နှင့်အတူတူနေခဲ့ရသူပေါ့။ မန်းအောင်ကြည်၊ စောစောက ကျောင်းဆရာ ယူဂျီကိုအောင်ငွေတို့နှင့် သုံးယောက်ပေါင်းလောင်းကျော် ပင်လယ်ကိုဖြတ်ပြေးသူတွေပေါ့။ ၁၄ ရက်ကြာပြီးနောက် ၂၅၀ မိုင်အကွာ မွန်ပြည်နယ် ရေးမြို့နယ်ကိုရောက်ပြီး အဖမ်းခံရ။ မော်လမြိုင်မှာ ထောင်ကျ၊ ၁၉၇၃ လွတ်၊ ၁၉၇၄ တောခို။

အခု ထိုမန်းငြိမ်းမောင်က VOICE နှင့် တွေ့ဆုံရာမှာ သမ္မတကြီး ဦးသိန်းစိန်ဟာ တိုင်းပြည်အပေါ်မှာ စေတနာအင်မတန်ထားတယ်။ တစ်ဦးနဲ့တစ်ဦး အပြစ်တင်တိုက်ခိုက်ရမယ့် အချိန်မဟုတ်တော့ကြောင်း၊ လက်နက်ကိုင်မယ့်အစား LAPTOP ကိုင်ကြဖို့ ပြောတော့ ကြည်နူးခံစားရကြောင်း၊ သမ္မတကြီးကို စတုတ္ထမဏ္ဍိုင်မှ ဝိုင်းရုံပေးကြပါ၊ ပဥ္စမမဏ္ဍိုင် ပြည်သူလူထုကြီးကလည်း ဝိုင်းရုံပေးကြပါ။ သမ္မတကြီး ရှေ့ခရီးရဲရဲလှမ်းပါစေ။ ခွန်အား ဖြစ်ပါစေဟု ဆန္ဒပြုဆွေးနွေးမှုကို ကျွန်တော် ဂရုမမှရှိလှသည်။ ကျေးဇူးလည်း အပွန်တင်မိသည်။ ယင်းသည် အမျိုးသားရေး နိုင်ငံရေးသစ်ဟု ကျွန်တော် ခေါ်ချင်သည်။

အမျိုးသားနိုင်ငံရေးသစ်ဟု ဆိုလိုက်သည်နှင့် အမျိုးသားနိုင်ငံရေး (ဟောင်း)က ရှိပြီးသားဟု အဓိပ္ပာယ်ထွက်နေပါသည်။ အမျိုးသားနိုင်ငံရေးဟောင်းဆိုသည်မှာ (ဆိုကြပါစို့) ပွင့်ပွင့်လင်းလင်း အမျိုးသားနိုင်ငံရေးဟုဆိုကာ ကွန်မြူနစ်ဝါဒလည်း ဖော်ဆောင်ဖို့ လုပ်နိုင်၏။ အမျိုးသားရေးဟုဆိုကာ အခြားစစ်ဝါဒ၊ အာဏာရှင်ဝါဒ၊ တစ်ပါတီ ဝါဒ၊ နာဇီဝါဒများလည်း လုပ်နိုင်၏။ ၎င်းသည် အဟောင်း ဖြစ်၏။ ထားခဲ့ပြီ။ ထားခဲ့တော့ ထိုအဟောင်း။

အမျိုးသားရေး နိုင်ငံရေးသစ်၌ နှစ်ဦးနှစ်ဖက်တို့ နှိမ့်နှိမ့်ချချ (စိတ်ထားနှင့်) ပြည်တွင်းစစ်ကို ရပ်စဲကြဖို့ သန္နိဋ္ဌာန်ချကြဖို့လိုကြောင်း ဖဒိုကြီးမန်းငြိမ်းမောင် ပြောလိုက်၏။ သန်း(၆၀)သော ပြည်သူလူထုကြီးဒုက္ခကို မျက်မှောက်ပြုစဉ်းစားကြဖို့ စေတနာရှေ့ထား၊ ယုံယုံကြည်ကြည်နှင့် ခရီးအတူသွားကြဖို့ ငြိမ်းချမ်းရေး တည်ဆောက်ဖို့ ပြောလိုက်၏။

ပြည်တွင်းစစ်ကြောင့် ယဉ်ကျေးမှု နိမ့်ကျသွားကြောင်း၊ မျိုးဆက်သစ် ပညာရေးဖြင့် ဆွဲတင် မြှင့်တင်ပေးဖို့လိုကြောင်း၊ ပြည်တွင်းစစ် ရပ်စဲသွားဖို့ ထိုမှ ကရင်တိုင်းရင်းသားတွေ အပါအဝင် တိုင်းရင်းသား အားလုံးရဲ့ ဘဝတွေ မြှင့်တင်ကြဖို့ ဖဒိုကြီးက ဆွေးနွေးပါသည်။

သမ္မတကြီး ဦးသိန်းစိန်ကတော့ ဗမာလည်း တိုင်းရင်းသားပါပဲဗျာ ဟု မိန့်ခွန်းတစ်ခုတွင် ထည့်ပြောသွား၏။ လူမျိုးကြီးဝါဒဖြင့် ဖိနှိပ်အုပ်ချုပ်ခြင်း မလုပ်ပါဟု ပြောလိုရင်းဖြစ်ပါမည်။ပြောမည်ဆိုလျှင် ဟိုးနှစ် ၉၀၀ အနော်ရထာမင်း လက်ထက်ကတည်းက တိုင်းရင်းသားကိစ္စ အရေးကြီးခဲ့ပါသည်။ ကျန်စစ်သားမင်းကြီးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အရေးထားခဲ့ကြောင်း သူ၏ ရွှေစည်းခုံကျောက်စာကဖော်ညွှန်းသက်သေပြနေ၏။ ဤကား စကားညှပ် စကားချပ် ဖြစ်ပါ၏။)

"နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုတွေလုပ်တဲ့အခါ စိန်ခေါ်မှုတွေ တွေ့ရမှာပဲ။ နှစ်ပေါင်းများစွာ ပဋိပက္ခ သံသယခံစားချက်တွေ ကြီးမားနက်ရှိုင်းခဲ့တယ်လေ။ ဒါတွေကို လျှော့ချပစ်ရမယ်။ မဟာ လူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းတဲ့ လူမျိုးရေးဝါဒ ထိပ်တိုက်တိုးတတ်တယ်။ အဲဒီအခါမျိုးမှာ တစ်ဦးရဲ့ဘဝကို တစ်ဦးက နားလည်ပေးဖို့လိုတယ်။ တစ်ဦးရဲ့ အခွင့်အရေးကို တစ်ဦးက နားလည်ပေးဖို့ ဖြေရှင်းပေးဖို့လိုတယ်။ အဲဒီလို ဖြေရှင်းပေးမှ ယုံကြည်မှု (အပြန်အလှန်)တည်ဆောက်လို့ ရမယ်။ အဲဒီအခါ နိုင်ငံရေးအရ စားပွဲဝိုင်းထိုင်ပြီး လက်တွေ့ဖြေရှင်းရေးကို ဆက်ရမယ်။ အားလုံးရဲ့ မျှော်မှန်းချက်ကို အကောင်အထည် ဖော်ရမယ်ဟု ဖဒိုမန်းငြိမ်းမောင်က လေးနက်စွာ ဆွေးနွေးပါသည်။

၎င်း ဖဒိုမန်းငြိမ်းမောင်အား ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် မိခင်အဖွဲ့အစည်းအရောက် ပို့ဆောင်ပေးခဲ့ပါသည်။

## အမျိုးသားနိုင်ငံရေး၏ နောက်ထပ် လက္ခဏာတွေက ဘာတွေဖြစ်မလဲ

နိုင်ငံတကာဒသနများ၊ နောက်ဆုံးပေါ် သီဝရီအယူအဆများ၊ ရှုထောင့်များကို မိတ်ဆက်ပေးနေသော စာရေးဆရာ (ဦး)ကျော်ဝင်းက နိုင်ငံတော်သမ္မတ၏ လမ်းပြမြေပုံညွှန်း အဆင့်ဆင့်ဖြင့် ဒီမိုကရေစီသို့ သွားရာလမ်း State Building လုပ်ငန်းစဉ်ကို သဘောကျကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှု (ချက်ချင်းလုပ်လို့ ရနိုင်ကြောင်း)၊ ဥပဒေစိုးမိုးမှု Rule of the Law (တဖြည်းဖြည်းချင်း လုပ်သွားရမည်)၊ ဒါတွေကို ကြိုလှင့်



www.burmeseclassic.com

www.burmeseclassic.com

ထားပြီးမှ ဒီမိုကရေစီကို သွားရမှာဖြစ်ကြောင်း၊ တစ်ပြိုင်တည်းလုပ်၊ သို့သော် ဖြည်းဖြည်းမှန်မှန်ပဲလုပ်ရမှာဖြစ်ကြောင်း၊ ဝုန်းဒိုင်းကြဲလို့ မဖြစ်ကြောင်း၊ နှစ် ၆၀ ပြဿနာတွေကို နေ့ချင်း ညချင်း ရှင်းလို့ရမှာ မဟုတ်ကြောင်း၊ အင်စတီကျူးရှင်းတွေ မူဘောင်တွေ တည်ဆောက်ရေးလည်း ဖြည်းဖြည်းနှင့် မှန်မှန်သွားဖို့သာ ဖြစ်ကြောင်း၊ သို့သော် ဘာကိုမှတော့ စောင့်နေစရာမလိုဟု ဆွေးနွေး ရေးသားပါသည်။

ပြည်တွင်းစစ် ပြဿနာကိုတော့ ငါက မှန်တယ်လို့ မစဘဲ ပြဿနာကို ဘယ်လို ဖြေရှင်းမလဲဆိုတာနှင့် စရမှာဟု ဒေါက်တာတင်မောင်သန်း (သုတေသနအကြံပြုဗဟိုအဖွဲ့)က ဆွေးနွေးပါသည်။

အင်စတီကျူးရှင်းတွေကိုလည်း လုပ်ရင်း ကိုင်ရင်းပဲ တည်ဆောက်ကြဖို့ပါ။ ဘယ်ဟာလုပ်ပြီးမှ ဘယ်ဟာစမယ် မလုပ်စေချင်ဘူး၊ ကျင့်ထုံးတွေချမှတ်ပြီးမှ ငြိမ်းချမ်းရေးတို့၊ တည်ဆောက်ရေးတို့လုပ်မယ်ဆိုတာမျိုး။ ဒီမိုကရေစီရေးမှာ ထောင်ချောက် လေးခုရှိကြောင်း-

(၁) ပြည်တွင်းစစ်
(၂) သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအားနည်းခြင်း
(၃) စီးပွားရေး အထီးကျန်ဖြစ်နေခြင်း
(၄) ပတ်ဝန်းကျင် အခြေအနေကောင်း ပေးမထားနိုင်မှု

ယိုးဒယားမှာ ဘတ်(၅၀) ဖုန်းကတ်က ဒီမှာ ဘာလို့ ဒေါ်လာ(၆၀၀) ကျနေသတုံး။

Gas တွေ အများကြီးထွက်တယ် ပြောပြီး မီးက ဘာလို့ မလုံလောက်သလဲ ပြည်သူက မေးရင် ကျေလည်အောင် ဖြေရှင်းနိုင်ရမယ်။ စီမံခန့်ခွဲမှုကောင်းမှလည်း နိုင်ငံခြားက လာပြီး စီးပွားရေးတွေ ဘာတွေ လုပ်ကြမှာ။ အဲဒါမှ တိုင်းပြည်ကောင်းသွားမှာဟု ဆွေးနွေးခဲ့ကြ။

အားလုံး လိုက်ပါသဘောတူနိုင်တဲ့ Common Ground ဖော်ဆောင်နိုင်လျှင် လိုင်းမာ လိုင်းပျော့ ရှိတော့မှာမဟုတ်ဟု စာရေးဆရာကျော်ဝင်းက သဘောရ။ လွှတ်တော်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် Diversity က Unity၊ မတူကွဲပြားမှုမှ တူညီစုစည်းမှုကို သွားဖို့ပဲ။ ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုတွေ မလိုပါဘူး။ ငြင်းခုံနေတာ ဒီမိုကရေစီ အလှတရားပါပဲ။ အကုန်လုံးက ထောက်ခံတယ်ဆိုရင် Autocracy ပဲ ဖြစ်သွားမယ်ဟု ဆွေးနွေးပါသည်။ ဒီမိုကရေစီဟာ တစ်သွေး တစ်သံ၊ တစ်စိုက်မိန့်နဲ့ မသွားဘူး။ မတူညီတာတွေ ငြင်းခုံရင်းနဲ့ Common Ground ရသွားတာ။

လွှတ်တော်အပါအဝင် အားလုံးဟာ လုပ်ရင်း သင်ယူနေရတာပဲဟု ဒေါက်တာတင်မောင်သန်းက ဆွေးနွေးပါသည်။ နောက်ကြောင်းပြန်မယ် မထင်ပါဘူး၊ အလုပ်လုပ်လို့ မရလောက်အောင် အကျပ်အတည်း ဖြစ်လိမ့်မယ် မထင်ပါဘူးဟုလည်း ပြောသွားပါသည်။

Policy Maker တစ်ခုပဲ ရွေ့သွားလို့ မရဘူး။ ဗျူရိုကရေစီ ယန္တရားကပါ ရီဖောင်း (ပြုပြင်)လိုက်ပါရမှာ။ လာဘ်စားတဲ့ အခြေခံတောင်းကြီးကို ဖြိုဖျက်ပြီး အသစ် စရမှာ။ ထိုင်ကြည့်နေလို့တော့ မရဘူး။ အားမလို အားမရ နိုင်ငံရေးတိုက်ကွက်လည်း ဖော်စရာ မလိုပါဘူး။ Mindset စိတ်ဓာတ်တွေပြောင်းဖို့ အချိန်ယူရမယ်ဟု စာရေးဆရာကျော်ဝင်းက ထောက်ပြ။

မြန်မာနိုင်ငံဟာ ချက်ချင်းကြီးတော့ ကောင်းသွားမှာ မဟုတ်သေးဘူး။ စစ်ဘက် အရပ်ဘက် ဆက်ဆံရေး ပြဿနာ သိမ်မွေ့မှုရှိ။ စစ်ဘက်မပါဘဲလည်း သွားလို့မရသေးဘူး။ ဒီမိုကရေစီရေးမှာ အဟန့်အတား ဖြစ်သွားနိုင်တယ်။

မြန်မာ့ဒီမိုကရေစီဟာ ဒီနေရာမှာ သိမ်မွေ့တယ် (အရေးအကြီးဆုံးပဲ)ဟု စာရေးဆရာကျော်ဝင်းက ဆက်လက် ထောက်ပြပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ စစ်ဘက် အရပ်ဘက်ကြား အဖြေတစ်ခုပဲ။ ဒါကို ချက်ချင်းပြန်ပြင်ဖို့ တောင်းဆိုတာ မလုပ်သင့်ဘူး။ ဒါ သိမ်မွေ့တယ်။ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်သွားနိုင်တယ်ဟု ၎င်းက ထောက်ပြခဲ့။

## အမျိုးသားနိုင်ငံရေးသစ်

၁၉၉၉၊ ၉ လပိုင်းက ပြည်ပလှုံ့ဆော်မှုမှ သံသယဖြင့် ကျွန်တော့်ကို ဖမ်းပြီး အင်းတိုင်တပ်ထဲမှာ သွားထားသည်။ အခြားကျောင်းသား စစများနှင့်။ ထိုရက်များအတွင်း စဉ်းစားချိန်ရလို့ စာရွက်များတောင်းပြီး ကျွန်တော်၏ နိုင်ငံရေးအမြင်ဆိုပြီး လက်မှတ်ရေးထိုး၍ ပေးခဲ့သည်။

အတိုချုပ်ကတော့ မြေပေါ် မြေအောက် ပြည်တွင်း ပြည်ပ အစိုးရ အတိုက်အခံ နိုင်ငံရေး အင်အားစုအားလုံး ပေါင်းစည်းကြဖို့လိုကြောင်း၊ အဲဒီနေ့မှာ တိုင်းပြည် ရွှေရောင် ငွေရောင် လွှမ်းမှာပဲဟု ကျွန်တော့်အိပ်မက် ကျွန်တော် တင်ပြခဲ့သည်။

ယင်းသည် ယခု အမျိုးသားနိုင်ငံရေးသစ်နှင့် နီးစပ်ပါလိမ့်မည်။ ယနေ့ အခြေအနေကို အကောင်းသာ မြင်ပါသည်။ မြင်ဖို့လိုပါမည်။ မိုးဆက်စိတ်ဓာတ်ဟောင်းများ ခွာချထားရစ်ပြီး စိတ်သစ်အတွေးအခေါ် သစ် လုပ်နည်း လုပ်ဟန်သစ်နှင့် ဘုံတူညီချက်များ ရှာရင်း လုပ်ရင်း ကိုင်ရင်း အမျိုးသားနိုင်ငံရေးသစ်၏ အရသာသစ်ကို ကောင်းစွာ အတူတကွ စားသုံးကြဖို့ အချိန်နီးလာပြီဟု ထင်မြင်မိပါကြောင်း။

❑ စိုးမြင့်ထိန်း



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ဆရာမဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ်
ခ/၇၀၀၈

ကင်ဆာ၊ မြစ်ပွားနာ ၊
လေးဖက်နာအထူးကု
တိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်နိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင်ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပို၊ စီပိုးရောဂါများကို သက်သာပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ်အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ၎င်းတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက်ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လမ်းညွှန်** – ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း** – ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၅၁၉၉၃၆၈၊ ၀၉–၇၃၂၄၄၈၆၀၊ ၀၉–၇၃၂၄၄၇၁၇၊ ၀၁–၇၀၀၆၄၄





www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တထာဂတုပ္ပတ္တိကျမ်းတွင် စာမျက်နှာ ၃၉၅ ၌ "တိဿထေရ်" ဝတ္ထုပါရှိ၏။ တစ်ဖန် ထိုကျမ်း၏ စာမျက်နှာ ၄၁၉ ၌ "တိဿထေရ်၏အကြောင်းကို ပြခြင်း" ဟူ၍ တွေ့ရပြန်သည်။ အမည်သာ တူသည်၊ ပုဂ္ဂိုလ်ချင်း မတူပေ။ ဒုတိယ တိဿမှာ အသောက မင်းကြီး၏ ညီအရင်းခေါက်ခေါက် အိမ်ရှေ့မင်း ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ယခု ပထမတိဿအကြောင်းကို ဖော်ပြပါမည်။

တိဿထေရ်လောင်းလျာသည် တိဿဗြဟ္မာကြီး စုတိစိတ်ကျပြီး မောဂ္ဂလိ ပုဏ္ဏားမ၏ ဝမ်းတွင် ပဋိသန္ဓေနေသည်ကို အစွဲပြုလျက် တိဿအမည် တွင်ခြင်း ဖြစ်လေ၏။

အရှင်သိဂ္ဂဝ မထေရ်သည်လည်း ထိုအိမ်၌ တိဿဗြဟ္မာကြီး သန္ဓေယူသည်မှစပြီး နေ့စဉ်ဆွမ်းရပ်၏။ တစ်ဖွန်း တစ်ယောက်မ လောင်းလှူရန်မဆိုထားဘိ လှည့်၍သော်မျှ မကြည့်ချေ။ သို့ရာတွင် အရှင်မြတ်ကား နေ့စဉ်ဆွမ်းရပ်မြဲ ရပ်တော်မူ၏။

တစ်နေ့သ၌ မောဂ္ဂလိပုဏ္ဏားသည် ကိစ္စတစ်ခုဖြင့် အိမ်ပြင်သို့ရောက်နေ၏။ ထိုအချိန်သည် တစ်ယောက်ဆို တစ်ယောက်မျှ ဆွမ်းယာဂု ဘာမျှမရဘဲ အရှင်မြတ် ဆွမ်းရပ်ခဲ့သည်မှာ ခုနစ်နှစ် ပြည့်မြောက်သောနေ့လည်း ဖြစ်ပေ၏။

ထိုနေ့တွင်မှ . . .

"အရှင်ဘုရား ကန်တော့၏" ဟု အိမ်တွင်းမှ လှမ်းပြော၏။

ထိုအချိန်တွင် မောဂ္ဂလိပုဏ္ဏား အပြင်မှပြန်လာသဖြင့် အရှင်မြတ်ကို မေးလျှောက်၏။

"အိုရှင်ရဟန်း ငါတို့၏အိမ်သို့ သွားချေကုန်ပြီလော"

"ဪ ပုဏ္ဏား သွားချေပြီ"

ပုဏ္ဏား၏အမေးကို အရှင်မြတ်က ဖြေကြားငြား ပုဏ္ဏားသည် မကျေနပ်သေးဘဲ ဆက်မေး၏။

"တစ်စုံတစ်ခု ရခဲ့သလား"

"ပုဏ္ဏား ဪ ရခဲ့ကုန်၏"

သို့ဖြစ်သောကြောင့် မောဂ္ဂလိ ပုဏ္ဏားသည် အိမ်သို့ရောက်လျှင်ရောက်ချင်း အရေးတကြီး မေးသည်။

"ဟေ့ ခုနက အိမ်ရှေ့မှာရပ်သွားတဲ့ ရဟန်းကို ဘာတွေပေးလိုက်ကြသတုံး"

ပုဏ္ဏားက အလေးအနက် မေးသည့်နည်းတူ ဖြေကြားသူများကလည်း "ဆွမ်းတစ်ယောက်မ ယာဂု တစ်ဖွန်းတောင် မပေးလိုက်ပါဘူး" ဟု အလေးအနက် ဖြေကြားကြသည်။

ထိုအခါ မောဂ္ဂလိ ပုဏ္ဏား အတွက် အချက်ရပေပြီ။ သို့ဖြစ်၍ သူသည် နောက်တစ်နေ့၌ အရှင်မြတ်ကြွလာလျှင် . . .

"အရှင်ဘုရားတို့သည် ယမန်နေ့က ငါတို့အိမ်၌ စိုးစဉ်းမျှသောဆွမ်းကို မရဘဲလျက်လဲ ရခဲ့ကုန်၏ ဟုဆိုကုန်၏၊ အရှင်ဘုရားတို့အား မုသားဆိုခြင်းသည် အပ်မည်လော" ဟု နှိမ်နင်းလိုစိတ်ဖြင့် မေး၏။

အရှင်သိဂ္ဂဝမထေရ်က ဤသို့ ပြန်လည်ဖြေကြားတော်မူ၏။

"ပုဏ္ဏား ငါသည် သင်တို့အိမ်၌ ခုနစ်နှစ်ပတ်လုံး ဆွမ်းခံပါသော်လဲ ဆွမ်းယာဂု စသည်ကိုထားဘိ၊ ကန်တော့ပါ၏ ဟူသော စကားကိုမျှလဲ မရချေ၊ ယမန်နေ့တွင်မှ ကန်တော့၏ ဟူသော စကားကို ရပေ၏၊ ထို့ကြောင့် ထိုသို့ ရသော စကားကိုစွဲ၍ ရ၏ဟု ဆိုကုန်သတည်း"

ထိုစကားသည် မောဂ္ဂလိပုဏ္ဏားကို များစွာ ထိမိ၏။

"ဒီရဟန်းတွေဟာ ကန်တော့ပါ၏ ဆိုသော စကားကိုမျှလဲ ရ၏ ဟူ၍ ချီးမွမ်းကုန်၏၊ တစ်စုံတစ်ခုသော ခဲဖွယ် ဘောဇဉ်ကို ရသည်ရှိသော် အဘယ်ကြောင့် မချီးမွမ်းဘဲ ရှိမည်နည်း"

ထိုကြည်ညိုသောစိတ်ထားဖြင့် မောဂ္ဂလိ ပုဏ္ဏားသည် အရှင်သိဂ္ဂဝ မထေရ်ကို မိမိစားမည့်အထဲမှ ဆွမ်းနှင့် ဟင်းလျာကို လောင်းလှူ၏။

"အဲဒါလောက်တော့ နေ့တိုင်း ရပါမယ်ဘုရား" ဟူ၍ လျှောက်ထားလိုက်၏။ သို့ဖြစ်သဖြင့် အရှင်သိဂ္ဂဝ မထေရ်သည် နေ့တိုင်းကြွရောက်ကာ အလှူခံ၏။ ထိုသို့ အရှင်မြတ်ကြွရောက်လာသောအခါ အခြားသော အလှူခံများနှင့်မတူ ဣန္ဒြေရှိ၍ ငြိမ်သက်ခြင်းကို မောဂ္ဂလိပုဏ္ဏား ဖူးမြော်ရကာ အတိုင်းထက်အလွန် ကြည်ညိုသဒ္ဓါ ပွားများလာ၏။

"အရှင်ဘုရား အိမ်ထဲဝင်ပြီး ဆွမ်းဘုဉ်းပေးတော်မူပါဘုရား"

သို့ဖြစ်သဖြင့် အရှင်သိဂ္ဂဝ မထေရ်သည် မောဂ္ဂလိပုဏ္ဏား၏အိမ်သို့ နေ့စဉ်ကြွရောက်ကာ ဆွမ်းဘုဉ်းပေးတော်မူ၏။ ထိုသို့ကြွရောက်တော်မူလာတိုင်းလည်း အရှင်မြတ်သည် မြတ်စွာဘုရား၏ တရားတော်များကို ဟောကြားသွားတော်မူ၏။

တိဿဗြဟ္မာ ဘဝမှလာသော တိဿလုလင်သည် (၁၆)နှစ်အရွယ်သို့ ရောက်လာခဲ့ပြီ။ ဗေဒင်သုံးပုံကို အကြွင်းမဲ့ တတ်မြောက်၏။ ထိုလုလင်သည် ဗြဟ္မာပြည်မှ လာသူဖြစ်သောကြောင့် အလွန်စင်ကြယ်၏။ သူ၏ အိပ်ရာနေရာကို အခြားသူများကို နေထိုင်ခွင့်မပြု။ သူသည် ဆရာ့ထံသို့ သွားသောအခါ သူ၏ ညောင်စောင်းကို ပုဆိုးဖြူဖြင့် ဖုံးလွှမ်းထားခဲ့၏။

တစ်နေ့သ၌ တိဿလုလင်မရှိ ခိုက်တွင် အရှင်မြတ် ကြွလာသည်။

"ယခု လုလင်ကို ရဟန်းပြုပေးဖို့ အချိန်တန်ပြီ၊ ဤပုဏ္ဏားအိမ်သို့ ငါလာခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ငြား လုလင်နှင့် စိုးစဉ်းသောစကားကိုမျှ မဆိုစဖူးချေ၊ သူ၏ အိပ်ရာနေရာကို အကြောင်းပြု၍ စကားပြောရတော့မည်"

သို့ဖြစ်သဖြင့် ပုဏ္ဏား၏အိမ်သို့ ဆွမ်းဘုဉ်းပေးရန် အရှင်မြတ်ကြွလာချိန်၌ တစ်အိမ်လုံး နေရာလပ်မရှိ။ သို့သော် ပုဆိုးဖြူလွှမ်းထားသော တိဿလုလင်၏ ညောင်စောင်းသာလျှင် နေရာရှိသည်။

ထိုအခါ မောဂ္ဂလိပုဏ္ဏား၏ အိမ်သူ အိမ်သားများမှာ မတတ်သာ၍ တိဿလုလင်၏ နေရာ၌ အရှင်မြတ်ကို နေရာပေးကြရ၏။ ထိုအချိန်တွင် တိဿလုလင်လည်း အပြင်မှ ပြန်လာ၏။ သူ့နေရာတွင် ရဟန်းတစ်ပါးကို မြင်သောအခါ များစွာ စိတ်ဆိုး၏။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့နေရာမှာ ဒီရဟန်းကို အထိုင်ခိုင်းတာ ဘယ်သူတုံးကွ"

အရှင်မြတ်သည် ဆွမ်းဘုဉ်းပေးပြီးသည်အထိ သည်းခံနေတော်မူပြီးမှ တိဿလုလင်ကို မေး၏။

"လုလင် ဗေဒင်တစ်ခုကို သိပါ့မလား"

တိဿလုလင်သည် ပညာမာန်ဖြင့် တက်ကြွနေသူဖြစ်ရကား . . .

"အို ရဟန်း . . . ယခု ငါသည် ဗေဒင်ကို မသိသည်ရှိသော် ငါမှတစ်ပါး ကုန်သော မည်သူတို့သည် သိနိုင်ကုန်အံ့နည်း" ဟု မေးဖြေ ဖြေပြီးမှ ဆက်ပြီး မေး၏။

ဗေဒင်ကို ငါမှမသိရင် ဘယ်သူသိမှာတုံးဟု မချေမင် ပြောပြီးမှ တိဿလုလင်က အရှင်မြတ်ကိုမေး၏။

"ရှင်ရဲ့ရဟန်းတို့သည်ကား ဗေဒင်ကို သိပါကုန်၏လော"

"အင်း သိမယ်ထင်ပါရဲ့"

ထိုအခါ တိဿလုလင်သည် နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်းနှင့်တကွဖြစ်သော အက္ခရာအပြားရှိသည့် သဒ္ဒါကျမ်း အပါအဝင် ဣတိဟာသကျမ်းစသည်တို့၌ မိမိမပြေလည် မကျွမ်းကျင်သည်များကို အရှင်မြတ်သို့မေးသည်။ အရှင်သိဂ္ဂဝမထေရ်လည်း ပြကတေ့ဖြစ်သော်ငြား ဗေဒင်သုံးပုံကို တတ်မြောက်တော်မူ၏။ ယခုသော်ကား ပဋိသမ္ဘိဒါသို့ရောက်သောကြောင့် ပြဿနာကို ဖြေခြင်း၌ အခက်အခဲ မရှိချေ။

ထိုသို့ လုလင်မေးသမျှကို ဖြေကြားတော်မူပြီးမှ သိဂ္ဂဝမထေရ်က တိဿလုလင်ကို ဆိုတော်မူ၏။

"လုလင် သင်သည် ငါ့ကို များစွာမေးပြီးပြီ၊ ငါကလဲ လုလင်ကို တစ်ခုသောပြဿနာကို မေးအံ့၊ ဖြေအံ့လော"

"ဖြေပါအံ့" ဟု အစချီ၍ တိဿလုလင်ဖြေဆိုသည်တို့မှာ ဤသို့တည်း။

နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်း၊ အက္ခရာပ ဗေဒနှင့်တကွသော ဗေဒင်သုံးပုံ၊ ဣတိဟာသလျှင် ငါးခုမြောက်သော ဗေဒင်သုံးပုံ၊ ဤသို့ဆိုအပ်ပြီးသော ဗေဒင်သုံးပုံ ဟူသည်ကား ဣရုဗေဒင်လည်း တစ်ပါး၊ ယဇုဗေဒင်လည်း တစ်ပါး၊ သာမဗေဒင်လည်းတစ်ပါး ဤသုံးပုံတည်း။

နိဃဏ္ဍုကျမ်း ဟူသည်ကား အဘိဓာန်ကျမ်းတည်း။

သစ်ပင်အစရှိသော အထူးထူးသော အမည်နှင့် သဒ္ဒါတစ်ပါး အနက်များတို့ကိုဆိုသော လောကီကျမ်းတည်း။

ကေဋုဘကျမ်း ဟူသည်ကား ပညာရှိတို့အား အကျိုးများသော အထူးထူး အပြားပြားသော အပြစ်အကျိုး၊ ဆိုတန် မဆိုတန်၊ ဂါထာဗန္ဓ၊ စုဏ္ဏိယ အပြား ကဗျာဖွဲ့စရာတို့ကို ဆိုသော လောကီအလင်္ကာတည်း။

အက္ခရာပဗေဒ ဟူသည်ကား ဌာန်ကရိုဏ်း အစရှိသည်တို့ကို ခွဲဝေသဖြင့်လည်းကောင်း၊ ဝစနတ္ထကို ခွဲဝေသဖြင့်လည်းကောင်း၊ အက္ခရာတို့ကို ခွဲဝေကြောင်းဖြစ်သော သိက္ခာကျမ်း၊ လောကီကျမ်းတည်း။

ဣတိဟာသကျမ်း ဟူသည်ကား ရှေးသူဟောင်းတို့ ဖွဲ့သောစကားတည်း။

ဗေဒင်သုံးပုံတွင် "အာထဗ္ဗဏ" ဗေဒင်နှင့်သော် လေးပုံဟူ၍ဆိုသတည်း။ ဣတိဟာသနှင့်သော်ငါးပါးဖြစ်သတည်း။

အာထဗ္ဗဏဗေဒင်ကား သတ္တဝါတို့၏ ပူပန်ခြင်း ပျက်စီးခြင်းကို ဆောင်တတ်သောကြောင့် မသုံးဆောင်ကုန်၊ အလောင်းသူမြတ်တို့ကြဉ်ကုန်သတည်း။

ဗေဒင်သုံးပုံပြုသော ဆရာရသေ့တို့ကား တစ်ကျိပ်တည်း။

တစ်ကျိပ်ဟူသော်ကား အဋ္ဌကရသေ့၊ ဝါမကရသေ့၊ ဝါမဒေဝရသေ့၊ အင်္ဂီရသရသေ့၊ ဘဂုမည်သောရသေ့၊ ယမဒဂ္ဂိမည်သောရသေ့၊ ဝါသိဋ္ဌရသေ့၊ ဘာရဒွါဇရသေ့၊ ကဿပရသေ့၊ ဝေဿာမိတ္တရသေ့၊ ဤတစ်ကျိပ်သော ရသေ့တို့ပြုသတည်း။

အာထဗ္ဗဏ ဗေဒင်ကိုကား နောက်မှ တရားမစောင့်သော ပုဏ္ဏားတို့သည် သူတို့၏အသက်ကို သတ်ခြင်းအစရှိသော အကျိုးငှာ ပြုကုန်သတည်း။

လောကီဖြစ်သော ဆန်း၊ အလင်္ကာ၊ သဒ္ဒါကျမ်းတို့ကား ဗေဒင်သုံးပုံ အဝင်တည်း။ ဤစကားများကိုရည်၍ "ကြံပုံလက္ခဏာ၊ ပြုစေရာသော၊ အရိုးအသား၊ ဟောနည်းများနှင့်၊ ဟူးရားဂဏန်း၊ မပန်းအသေ၊ နှုတ်သာကြေ၍၊ ဖြိုဟ်နေဖြိုဟ်တိုင်၊ ဗျာကရိုဏ်ကို၊ တိုင်တိုင်ကိုယ်မှု ဆုံအောင်ကုလျက်၊ ကျက်ကျက်တိတိ၊ သဘောသိ၏။

ဣတိဟာသ၊ ကေဋုဘဟု၊ လောကစိန္တာ၊ ဆိုရာစကား၊ စဉ်လာရှေးတီး၊ စကားကြီးနှင့်၊ နည်းသည်တုံ့ဖွဲ့၊ အိမ်ဧည့်မဲ့လျှင်၊ ထင်မြကိုယ်ဖူး၊ မြင်ချေဖူးသို့၊ မလူးလျှင်စွမ်း၊ တောဒည်းဆန်းလည်း၊ ဖြန်းဖြန်းတတ်ပွန်၊ ပဋိဘာန်လျှင်လျှား၊ ထူးခြားကဗျာ၊ ဖွဲ့စရာသာ၊ ဂါထာပုံသော၊ စကားပြေ၌၊ ဆိုခိုက်မိတန်၊ ရှင်းရှင်းသန်လျက်၊ မတွန်ညင်းညင်း၊ ပိုက်တွင်းသက်သက်၊ တွေးငေါ်နက်၏၊ သွက်သွက်မြန်သန်၊ အဘိဓာန်ဟု၊ နိဃဏ္ဍုကျမ်း၊ အရိုးမွမ်း၍၊ ပြွမ်းပြွမ်းခင်းကျင်း၊ ဝန်းလျားပြင်သည်၊ ထိုးထွင်းခပ်သိမ်း ဓာဟီတည်း"

ထိုသို့ ဆိုအပြီးတွင် ဆက်၍ဖြေ၏။

"အိုရှင်ရဟန်း မေးဦးလော့၊ ငါဖြေအံ့"

"ယဿစိတ္တံ၊ ဥပ္ပဇ္ဇတိ၊ နနိရုဇ္ဈိဿတိ"

အရှင်သိဂ္ဂဝထေရ်က စိတ္တယမိုက်ပါ ဂါထာဖြင့် ပြဿနာကိုမေး၏။ လုလင်မဖြေကြားနိုင်သဖြင့် အရှင်က ဖြေကြားတော်မူ၏။

"ယဿပုဂ္ဂလဿ အကြင်ပုဂ္ဂိုလ်၏၊ စိတ္တံ စိတ်သည်၊ ဥပ္ပဇ္ဇတိ ဖြစ်ဆဲ၊ နနိရုဇ္ဈတိ ချုပ်ဆဲမဟုတ်၊ ဤကား သနိဋ္ဌာန်"

"ထိုပုဂ္ဂိုလ်၏ စိတ်သည် ချုပ်လတ္တံ့လော၊ မဖြစ်လတ္တံ့ပြီလော၊ ဤကား သံသယ"



www.burmeseclassic.com

www.burmeseclassic.com

အရှင်သိဂ္ဂဝထေရ် မေးအပ်သော ပြဿနာတို့ကို တိဿလုလင် ဆောင်ခြင်နိုင်။ သို့ဖြစ်၍ အရှင်သည် ပဌမပဥှာကို ရှင်းပြသည်။ ဒုတိယပဥှာကို ရှင်းပြပြန်သည်။ လုလင်သည် အထက်ကိုလည်းကောင်း၊ အောက်ကိုလည်းကောင်း အောက်မေ့အံ့သောဌာ မတတ်နိုင်ရကား . . .

"အို ရဟန်း ဤစကားသည် အဘယ်စကားနည်း" ဟု မေးရတော့သည်။

"လုလင်၊ ဤစကားသည်ကား မြတ်စွာဘုရားဗေဒင် မည်၏"

"အို ရဟန်း ဤမြတ်စွာဘုရားဗေဒင်ကို ငါ့အားလဲ ပေးခြင်းငှာ တတ်ကောင်းပါ၏လော"

"လုလင်၊ ငါတို့ကဲ့သို့ ရဟန်းပြုသောသူအား ပေးခြင်းငှာ တတ်ကောင်း၏"

လုလင်သည် ပညာမာန်တက်နေသူ ဖြစ်သော်လည်း မိဘကိုကား အရိုသေမပျက်ချေ။ ထို့ကြောင့် အရှင်မြတ် ကြွသွားလျှင် မိဘတို့ထံချဉ်းကပ်ပြီး ခွင့်တောင်း၏။

"ဤရဟန်းသည် မြတ်စွာဘုရားဗေဒင် မည်သည်ကို သိ၏၊ သို့သော် ရဟန်းမဟုတ်သူအား မပေးဟုဆို၏၊ ငါသည် ထိုရဟန်းထံ၌ ရဟန်းပြုကာ မြတ်စွာဘုရား၏ ဗေဒင်ကို သင်ယူအံ့"

လုလင်၏ မိဘများမှာ ပညာလိုလားသူ ဖြစ်သည်။ ထိုမှတစ်ဖန် "ရဟန်းပြု၍လဲ ငါတို့၏သားသည် မြတ်စွာဘုရား၏ ဗေဒင်ကို သင်ပါစေ၊ ထိုဗေဒင်ကို တတ်မြောက်ပြီးနောက် ပြန်လာလတ္တံ့" မှတ်ယူကြသဖြင့် ခွင့်ပြုကြ၏။ သို့ဖြစ်၍ အရှင်သိဂ္ဂဝထေရ်သည် ထိုလုလင်ကို ရဟန်းပြုစေ၍ ဒွတ္တိံသာရ ကမ္မဋ္ဌာန်းကို ရှေးဦးစွာ သင်ကြားပေး၏။ ထိုသာမဏေသည် ထိုဒွတ္တိံသာသာရ၌ စီးဖြန်းခြင်းကို ပြုလတ်သော် မမြင့်မီလျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထို့နောင်မှ ထိုထေရ်သည် ကြံ၏။

"သာမဏေသည် သောတာပတ္တိဖိုလ်၌ တည်ပြီ၊ ယခု သာသနာတော်မှ နစ်အံ့သောငှာ မထိုက်ပြီ၊ အကယ်၍ ငါသည် သာမဏေအား ကမ္မဋ္ဌာန်းကို ပွားစေ၍ ဆိုပေအံ့၊ အရဟတ္တဖိုလ်သို့ ရောက်ရာ၏၊ မြတ်စွာဘုရား၏ စကားတော်ကို သင်ချေအံ့သောငှာ ကြောင့်ကြမဲ့သည် ဖြစ်ရာ၏"

ထိုသို့ ကြံမိသဖြင့် အရှင်မြတ်သည် သာမဏေကို ခေါ်တော်မူသည်။

"သာမဏေ လာလော့၊ သင်သည် စဏ္ဍဝဇ္ဇိအထံသို့သွား၍ မြတ်စွာဘုရား၏ စကားတော်ကို သင်ချေ၊ ငါ၏စကားဖြင့် အနာမရှိသော အဖြစ်ကို မေးလေ၊ ဤသို့လဲ လျှောက်ထားလေ"

တပည့်သာမဏေအား အရှင်မြတ် သင်ပေးသောစကားမှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

"အရှင်ဘုရား၊ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားတို့အထံသို့ တပည့်တော်အား စေလွှတ်ပါ၏၊ ထိုအခါ သင်သာမဏေ၏ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း မေးမှသာ သိဂ္ဂဝဖြစ်ကြောင်း လျှောက်ထားလေ"

"အရှင်ဘုရား ကောင်းပါပြီ"

တိဿ သာမဏေသည် အရှင်သိဂ္ဂဝထေရ်ကို ရှိခိုးခဲ့ပြီး စဏ္ဍဝဇ္ဇိထေရ်ထံ လာခဲ့၏။ ရောက်သောအခါ သင့်ရာအရပ်၌ ရှိခိုး၍နေသဖြင့် စဏ္ဍဝဇ္ဇိထေရ်က မေးတော်မူ၏။

"သာမဏေ သင်သည် အဘယ်အရပ်မှ လာသနည်း"

"အရှင်ဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာသည် တပည့်တော်အား အရှင်ဘုရားထံသို့ စေ၏"

"သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း"

"အရှင်ဘုရား သိဂ္ဂဝထေရ် အမည်ရှိ၏"

"ငါကား အဘယ်အမည်ရှိသနည်း"

"အရှင်ဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရား၏ အမည်ကို သိပါ၏"

"ယခု သပိတ်သင်္ကန်းကို သိုမှီးလော့"

"ရှင်ပင်ဘုရား ကောင်းလှပါပြီ"

သာမဏေသည် သပိတ်သင်္ကန်းကို သိုမှီး၏။ မိုးသောက်သောအခါ ပရိဝုဏ်၌ တံမြက်လှည်း၏။ စဏ္ဍဝဇ္ဇိအရှင်အား မျက်သစ်ရေ တံပူတို့ကို ကပ်၏။ အရှင်စဏ္ဍဝဇ္ဇိထေရ်သည် သာမဏေ တံမြက်လှည်းထားသောနေရာ၌ ထပ်မံ၍ တံမြက်လှည်း၏။ မျက်သစ်ရေနှင့် တံပူကို စွန့်ပစ်ပြီးမှ အသစ်ဆောင်၏။ သာမဏေလည်း ခုနစ်ရက်ပတ်လုံး ပြုမြဲအမှုကို ဆက်လက်ပြုသည်။ ထိုအခါတွင် စဏ္ဍဝဇ္ဇိထေရ်သည် သာမဏေအား ယခင်မေးခွန်းကို မေးတော်မူပြန်သည်။ သာမဏေလည်း ယခင်အဖြေကို ပေးမြဲပေး၏။

ထိုအခါတွင်မှ စဏ္ဍဝဇ္ဇိထေရ်သည် သာမဏေအား တိဿဗြဟ္မာအဖြစ်မှ လာသူဟု လက်ခံတော်မူကာ မြတ်စွာဘုရား၏ စကားတော်ကို အဋ္ဌကထာနှင့်တကွ သင်၏။ ပဌင်းဖြစ်သောကာလ၌ကား တစ်ဝါမပြည့်မီလျှင် ပိဋကတ်သုံးပုံကို ဆောင်နိုင်၏။

ဆရာဥပဇ္ဈာယ်တို့သည် မောဂ္ဂလိပုတ္တတိဿထေရ်၏ လက်၌ အလုံးစုံသော မြတ်စွာဘုရား စကားတော်ကို သင်စေတော်မူ၍ အသက်အတိုင်းတည်လျက် ပရိနိဗ္ဗာန် ပြုလေကုန်၏။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း ကမ္မဋ္ဌာန်းကို ပွားစေ၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ များစွာသော ရဟန်းတို့အားလည်း သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို သင်စေ၏။

ဤကား တိဿထေရ်၏ ဝတ္ထုတည်း။

❒ ဆင်ဖြူကျွန်းအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

# စိန်နဝရတ်

# ထူးခြားဆန်းကြယ်သည့် ပတ္တမြားကြောင်မျက်ရှင်



ကျွန်ုပ်မှာ ရွှေဘုံသာ ကျောက်မျက် ဈေးကွက်အတွင်း၌ 'နဝရတ် ကျောက်မျက်ဆိုင်'ကလေးဖွင့်၍ အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦး ဖြစ်ပါ၏။ ကျောက်မျက်မျိုးစုံတို့အား နေ့စဉ် ကျွန်ုပ်ကြည့်ရှုမြင်တွေ့ခွင့်ရသဖြင့် ကျွန်ုပ် ကျောက်မျက်ပညာ တိုးတက်မှုရှိလာ၏။ တစ်ခါတစ်ရံ 'ထူးဆန်းအံ့ဖွယ်ကျောက်မျက်များ'ကို တွေ့ရှိရ၏။

ယခုလည်း ကျွန်ုပ်မှာ ဆိုင်၌လူပါးချိန်ဖြစ်နေသဖြင့် ကျောက်မျက်စာအုပ်တစ်အုပ်ကို ဇိမ်ခံဖတ်ရှုနေလေ၏။ ထိုအခိုက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ 'ကိုပေါက်စ'ဆိုသူ ရောက်ရှိလာကာ ကျွန်ုပ်အား ဤသို့ ပြောလေ၏။

"ဗျို့ ကိုစိန်သောင်း၊ ဒီကျောက်ကို ကြည့်စမ်းပါဗျာ၊ ကျုပ် ကျောက်ရောင်းဝယ်လုပ်စားလာတာ တစ်ခါမှဖြင့် ဒီလိုထူးဆန်းတဲ့ကျောက်မျိုး မမြင်ဖူးပါဘူးဗျာ၊ ခင်ဗျားကြည့်ပါ" ဟု ပြောဆိုကာ စက္ကူပြာကလေးဖြင့် သပ်သပ်ရပ်ရပ် ထုပ်ထားသော စက္ကူထုပ်ကလေးထဲမှာ 'မန်ကျည်းစေ့ခန့်ရှိမည့် ကျောက်တစ်ပွင့်'ကို ထုတ်ပြလေသည်။

ကျွန်ုပ်မှာ ကျောက်ကလေးကို ကြည့်လိုက်ပြီး နှုတ်မှ 'ဟင်'ခနဲ အသံထွက်သွားလေသည်။ ပြီးမှ ကိုပေါက်စအား ဤသို့ ပြော၏။

"ဒီကျောက်အမျိုးအစားဟာ 'ပတ္တမြားကြောင်မျက်ရှင်'အမျိုးအစားဗျ



www.burmeseclassic.com

www.burmeseclassic.com

ကျောက်လုံးချောမှာ တစ်ခြမ်းက 'အနီ'၊ တစ်ခြမ်းက 'အဖြူ'၊ ကျောက်ကို နေရောင်ပန်းနဲ့ ဒီလိုကြည့်လိုက်ရင် ကျောက်နီအခြမ်းနဲ့ ကျောက်ဖြူတစ်ခြမ်းပေါ်မှာ 'ဝမ်းလိုင်း' လို့ခေါ်တဲ့ 'ရောင်ခြည်မျှင်' တန်းကို မြင်ရတယ် ကိုပေါက်စရဲ့၊ ကျောက်ကို ဒီလိုနေရောင်မှာ အရှေ့အနောက် လှုပ်ကိုင်ကြည့်ရင် 'STAR'လို့ခေါ်တဲ့ 'ကြိုးခြောက်မျှင်' ကိုပါ ထပ်တွေ့ရတော့ ဒီကျောက်မျိုးဟာ 'ထူးခြားဆန်းကြယ် ရှားပါးတဲ့ ပတ္တမြားကြောင်မျက်ရှင်' အမျိုးအစားပါပဲ ကိုပေါက်စရယ်"

ဟု ပြောဆိုကာ ကျွန်ုပ်လည်း ကျွန်ုပ်၏ အလုပ်စားပွဲအံဆွဲအတွင်းမှ ကျောက်တစ်ပွင့်ကိုထုတ်၍ ကိုပေါက်စအား ပြသလေ၏။

ကျောက်အရောင်မှာ 'ဝါစိမ်းဖန့်' အရောင်ဖြစ်ကာ အရွယ်မှာ 'ဆီးသီးစေ့' ခန့်ရှိ၏။

ကိုပေါက်စမှာ ကျွန်ုပ်ပြသသည့် ကျောက်ပွင့်ကိုယူ၍ ကျောက်ကြည့်ဓာတ်မီးဖြင့် ထိုးကြည့်သည့်အခါ ပါးစပ်ဟောင်းလောင်းဖြစ်သွားလေ၏။ နှုတ်မှလည်း ဤသို့ပြောလေ၏။

"ကိုစိန်သောင်း ခင်ဗျားကျောက်က ဆန်းလှချေလား၊ မီးထိုးကြည့်တော့ ကျောက်ပေါ်မှာ ရှိနေတဲ့ 'ကြိုးမျှင်' ကလေးက အစကတစ်ကြောင်းတည်း၊ တစ်မျှင်တည်းလို့ ထင်ရပေမဲ့ အသေအချာကြည့်တော့ ကြိုးပင်ကလေးက ကျောက်အောက်ခြေရောက်ခါနီးမှ စာပါးစပ်လို့ 'နှစ်ခွ' ကွဲပြားသွားတယ်၊ ကျောက်ကို ပြန်တည့်ကြည့်လိုက်ရင် ခွသွားတဲ့ ကြိုးပင်ကလေးက ကျောက်မျက်နှာပြင်ရောက်သွားတာနဲ့ 'တစ်မျှင်၊ တစ်ပင်'တည်း ဖြစ်သွားရော၊ ရောင်ခြည်မျှင်ကလဲ ကျောက်ဝါဖန့်ကလေးမှာ တောက်ပကွန့်မြူးနေတာပဲဗျာ၊ တော်တော် ထူးတဲ့ ကျောက်အမျိုးအစားပဲဗျ"

"ဟုတ်ပါ့ကိုပေါက်စ၊ ဒီကျောက်ကလေး ကျုပ်ဆီ ရောက်လာတာ နှစ်မနည်းတော့ပါဘူးဗျာ၊ဒီကျောက်ကလေး ကျွန်ုပ်ဆီ ရောက်လာတာနဲ့ ကျုပ်ရဲ့ လုပ်ငန်းတွေ တဖြည်းဖြည်းအောင်မြင်လာတယ်၊ ကူညီမယ့်သူတွေ ပေါ်ပေါက်လာတယ်၊ နောက်ဆုံး အတိုကောက်ပြောရရင် ကျုပ် ဒီအခြေအနေရောက်လာတာဟာ ဒီကျောက်ကလေးရဲ့ စွမ်းပကားလို့ ကျုပ်ဆိုချင်တယ် ကိုပေါက်စရဲ့၊ ဒါကြောင့် ဒီကျောက်ကလေးကို ဘယ်လောက်ပေးပေး ကျုပ်မရောင်းဘူး၊ ရောင်းဖို့စိတ်ကူးလဲ တစ်ခါမှဖြစ်မလာဘူးဗျ" ဟု ပြောဆိုကာ ကျောက်ကလေးကို အံဆွဲထဲရှိ ကျောက်ခွက်ကလေးထဲသို့ ထည့်လိုက်ရင်း ကိုပေါက်စအား ဤသို့ ပြောလိုက်လေ၏

"ခင်ဗျား အခုရလာတဲ့ ကျောက်ဟာ 'ပတ္တမြားကြောင်မျက်ရှင်' အမျိုးအစား ကျောက်မျိုး ဖြစ်တဲ့အတွက် ခင်ဗျား ကုသိုလ်ကံကြောင့် ရလာတာ၊ ကျောက်ကို ငွေဘယ်လောက်ပေးပေး မရောင်းနဲ့ဗျ၊ ကျုပ်က ခင်ဗျားကို စေတနာသန့်သန့်နဲ့ ပြောတာ၊ ဒီမှာ ကိုပေါက်စ ကျောက်တွေမှာ 'ထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရစွမ်းအင်'တွေရှိတယ်ဆိုတာ ခင်ဗျားယုံစမ်းပါဗျာ၊ သေသေချာချာသိမ်းထား၊ အကောင်းဆုံးကတော့ အဲဒီကျောက်ကို လက်စွပ်လုပ်ပြီး 'အဆောင်လက်စွပ်' လုပ်ဝတ်ထားဗျာ၊ ခင်ဗျားအတွက် အဖိုးမဖြတ်နိုင်တဲ့ ဂမ္ဘီရစွမ်းအားတွေ ရလာမယ်" ဟု ပြောဆိုသော် ကိုပေါက်စသည် ၎င်းရလာသည့် ပတ္တမြားကြောင်မျက်ရှင် ဟုခေါ်သည့်'ကျောက်ဆန်း'ကလေးကို ဓာတ်မီးဖြင့် အသေအချာ ကြည့်နေပြန်၏။

ကျောက်ကလေးမှာ ကျောက်ကြည့်ဓာတ်မီး အရောင်ကြောင့် ဝင်းပလင်းလက်နေ၏။

ကျောက်နီ၊ ကျောက်ဖြူ အခြမ်းနှစ်ခြမ်းပေါ်၌ ပေါ်ထွန်းနေသည့် ကြိုးခြောက်မျှင်ကလေးမှာ ကျောက်ကို လက်ဖြင့်ကိုင်၍ ရွှေ့ပေးတိုင်း အထက်အောက် လှုပ်ရှားကွန့်မြူးနေ၏။

တစ်ခြမ်းနီ၊ တစ်ခြမ်းဖြူကို ခွဲခြားထားသကဲ့သို့ ဖြစ်နေသည်။ 'ဝမ်းလိုင်း' ဟုခေါ်သော ကြိုးမျှင်တစ်မျှင်မှာလည်း ဝင်းပထွန်းလင်းနေ၏။ ရောင်ခြည်တန်းကွန့်မြူးနေ၏။ ကိုပေါက်စသည် ကျွန်ုပ်၏မျက်နှာအား အသေအချာကြည့်၍ ဤသို့ ပြောလေ၏။

"ဒီမှာ ကိုစိန်သောင်း၊ အမှန်ပြောရရင် ကျုပ်ဘဝစိုပြည်သာယာလာအောင် အဘက်ဘက်က ကူညီပံ့ပိုးပေးခဲ့တဲ့သူဟာ ခင်ဗျားပါပဲဗျာ၊ ကျုပ်ရဲ့ ကျေးဇူးရှင်လို့ ပြောရင်လဲရတယ်၊ ဒီလိုထူးဆန်းတဲ့ကျောက်မျိုးကို ကျုပ်လက်ထဲထားတာနဲ့စာရင် ကိုစိန်သောင်းဆီမှာ ရှိနေတာ ပိုကောင်းလိမ့်မယ်၊ ဒါကြောင့် ကျုပ် ခင်ဗျားရဲ့ ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ဒီကျောက်ကလေးကို ခင်ဗျားကို 'ဘဝတစ်သက် လက်ဆောင်' အဖြစ် ကျုပ် ပေးပါရဲ့၊ ခင်ဗျား လက်ခံပါ"

ဟု ပြောဆိုကာ ဝင်းပတောက်ပလင်းလက်ကွန့်မြူးနေသည့်၊ 'ပတ္တမြားကြောင်မျက်ရှင်' ကျောက်မျက်ဆန်းကလေးကို ပေးလေ၏။ ကျွန်ုပ်မှာ အံ့သြခြင်းများစွာဖြင့် ကိုပေါက်စအား ကြည့်နေမိလေ၏။


ကျွန်ုပ်မှာ ကျောက်မျက်များ၏ ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရစွမ်းအင်များသည် လူသားများအတွက် အကျိုးရှိပုံအကြောင်းကို သိထားသူ ဖြစ်ခြင်းကြောင့် ယခု ကျွန်ုပ်၏ မိတ်ဆွေ ကိုပေါက်စပေးသည့် ကျောက်ကလေးအား မည်သည့်အခါမျှ ရောင်းချခြင်း မပြုတော့ဘဲ ထာဝစဉ်သိမ်းဆည်းထားမည်ဟု စိတ်၌ပိုင်းဖြတ်လိုက်ချိန်၌ ဆိုင်အတွင်းသို့ ကျောက်ရောင်းရန် လူငယ်နှစ်ဦး ရောက်လာသဖြင့် ကိုပေါက်စ၏ ကျောက်ကလေးကို အံဆွဲထဲရှိ ကျောက်သိမ်းခွက်ကလေးထဲသို့ ထည့်လိုက်လေတော့သည်။

❒ စိန်နဝရတ်



www.burmeseclassic.com

www.burmeseclassic.com



လောကသည် မာယာများ၏။ လောကကို ဘယ်သူမှမစိုးမိုးနိုင်။ သူ့သဘောသူဆောင်၏။ လူက ကိုယ့်ဟာကိုယ် အဆင်ပြေအောင်ပဲ နေရန်ရှိသည်။ အနိုင်ရမှ ဖြစ်မယ်ဟု ဇွတ်ဆုံးဖြတ်ရန် မလိုပါ။

*

သင်္ဘောပေါ်သို့ ကုန်တင်ရာတွင် အထူး သတိထားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကုန်တင်သည်နှင့်အမျှ သင်္ဘောမှာ တဖြည်းဖြည်း ရေထဲသို့ နိမ့်ဆင်းသာတတ်သည်ဖြစ်ရာ သတ်မှတ်ထားသော ကုန်တန်ချိန် တင်ပြီးသည့်အခါ၌ နောက်ထပ်မတင်ရလေအောင်သင်္ဘောဘိုင်းတွင် ဘေးပတ်လည်ကိုယ်ထည်၌ လိုင်းသတ်မှတ်ချက်တစ်ခု ပြုလုပ်ထားပါသည်။ ထိုမှတ်သားချက်ကို လုတ်လိုင်း (Load Line) ဟူ၍ ခေါ်ဆိုပါသည်။

အမှန်တော့ လုတ်လိုင်းဆိုသည်မှာ သင်္ဘော မနစ်မြုပ်ရလေအောင် ဒီနေရာရောက်ရင် ကုန်တင်ခြင်းကို ရပ်လိုက်ပါဟု သတိပေးထားသော လိုင်းစည်းမျဉ်းတစ်ခုပင် ဖြစ်ပါသည်။

သင်္ဘောသည် ပင်လယ်သမုဒ္ဒရာ နေရာအနှံ့အပြားတွင် နွေမိုးဆောင်း ရာသီဥတုများ အတွင်း၌ သွားလာနေရသည်ဖြစ်ရာ ထိုလုတ်လိုင်းမျဉ်းမှ အတိုးအလျော့၊ အနိမ့်အမြင့် အနည်းငယ်ရှိပါသည်။ သင်္ဘောကုမ္ပဏီ၏ စီမံချက်၊ ကပ္ပတိန်၏ ခန့်ခွဲမှုအရ အများဆုံး ကုန်တင်သည်မှာ လုတ်လိုင်းမျဉ်းအထိသာဖြစ်ပါသည်။ ပို၍တင်ဆောင်ကြခြင်းမရှိပါ။ များသောအားဖြင့် အနည်းငယ်လျော့၍ တင်ဆောင်ကြပါသည်။

သို့သော် တချို့သော မရိုးသားသည့် ကုန်ပိုင်ရှင်နှင့် အကြံအဖန်လုပ်သော ကပ္ပတိန်အချို့တို့က ထိုလုတ်လိုင်း စည်းမျဉ်း အထက်တိုင်အောင် ကုန်ပစ္စည်းတင်ဆောင်လေသောအခါ မမျှော်လင့်သော ပြဿနာများက ဖြစ်ပေါ်လာတတ်ပါသည်။ အန္တရာယ်ကို ကြိုတင် လက်ယပ်ခေါ်သည့်သဘော ဖြစ်နေပါသည်။

သင်္ဘောများတွင် အထွေထွေကုန်ပစ္စည်းတင်သည့်သင်္ဘော၊ ခရီးသည်များ တင်ဆောင်သည့် သင်္ဘော၊ ကုန်သေတ္တာများ တင်ဆောင်သည့် သင်္ဘောနှင့် စားအုန်းဆီများ၊ ရေနံများ စသည့်အရည်များ တင်ဆောင်သည့် သင်္ဘောဟူ၍ သင်္ဘောအမျိုးမျိုး ရှိလေရာ ကိုသက်တင်တို့ ရေနံတင်သင်္ဘောမှာ မမျှော်လင့်ဘဲ ခါးကျိုးခဲ့ရပါသည်။ ထိုဖြစ်ရပ်မှာ ကိုသက်တင်တို့အဖို့ အင်မတန်မှ ကြောက်စရာကောင်းသော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါတော့သည်။

*

ကိုသက်တင်မှာ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သင်္ချာအဓိကနှင့် ဘွဲ့ရပြီးနောက် မလေးရှားနိုင်ငံ ပီနန်ကလန်းမြို့တွင် ရှီးဂျော့ အလုပ်ရရှိခဲ့ပါသည်။ ထိုစဉ်က မလေးရှားသို့ အလုပ်သွားလုပ်ရသည်မှာ သက်စွန့်ဆံဖျားပင် ဖြစ်ပါသည်။ မြန်မာပြည်နယ်စပ်မြို့မှ တစ်ဆင့် ယိုးဒယားကို ဖြတ်ကျော်ကာ မလေးရှားသို့ သွားရောက်လုပ်ကိုင်ရသည်မှာ သက်စွန့်ဆံဖျားပင် ဖြစ်သည်။

ထိုအချိန်က ကိုသက်တင်မှာ မလေးရှားနိုင်ငံသို့ တရားဝင် သွားရောက် အလုပ်လုပ်ကိုင်ရန် မည်သို့သော အခက်အခဲများ ရှိခဲ့လေသည် မသိ။ ကိုသက်တင်မှာ တရားမဝင်ဆည့် နည်းလမ်းဖြင့် သွားရောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုင်းမှ မလေးရှားနယ်စပ်သို့ သွားခဲ့ရသည့် ကုန်တင်ကားကြီးပေါ်တွင် ကိုသက်တင်တို့ လူ ၃၀ ခန့်မှာ ပြားပြားဝပ်လျက် အပေါ်မှ တာလပတ် အုပ်ထားခြင်း ခံရပါသည်။ ည ၂ နာရီခန့်အချိန်ဖြစ်သည့်အားလျော်စွာနယ်စပ်လုံခြုံရေးမှ ဆလိုက်မီးမောင်းကြီးများ ထိုးထားသည်ကို ကိုသက်တင်တို့ ကားမှာလွတ်အောင်မနည်းရှောင်နေရသည်။

တစ်ချက်တစ်ချက်တွင် ရမ်းသမ်းပစ်လိုက်သော "ဒက် ဒက် ဒက်" ဟူသော စက်သေနတ်များ၏ ပစ်ကွင်းမှ ကိုသက်တင်တို့ ကုန်တင်ကားကြီး လွတ်မြောက်ရန် ဘုရားတ,နေကြရသည်။

တာလပတ်ကြီးများ အောက်တွင် ဘုရားစာများ ရွတ်ဆိုရင်းကံခွေးများရွှဲနစ်နေသော ယောကျာ်း ၃၀၊ မိန်းမ ၁၀ ယောက်တို့မှာ တစ်ယောက်နှင့်တစ်ယောက် ပူးကပ်လျက် ကြောက်ဒူးတုန်နေကြသည်။ အချို့လူများက ကြောက်သေးများပင် ထွက်ကျလို့နေသည်။ ဒီလိုအခက်အခဲ သက်စွန့်ဆံဖျားသွားလာရမည်ကို အစကတည်းက ကြိုတင် သိမည်ဆိုလျှင် လုံးဝသွားမည်မဟုတ်၊ ယခုတော့ ပေါက်တဲ့နဖူး မထူးတော့ပြီ။

နယ်စပ်ဒေသ သက်စွန့်ဆံဖျားခရီးကို ၃ နာရီခန့် ဖြတ်သန်းသွားပြီးမှ ကိုသက်တင်တို့ အလုပ်လုပ်မည့် စက်ရုံသို့ ရောက်ရှိခဲ့ပါသည်။ ထိုနေရာသို့ ရောက်လျှင် အမျိုးသားသုံးယောက်နှင့် အမျိုးသမီး သုံးယောက်တို့မှာ သတိလစ်မတတ်ဖြစ်နေသဖြင့် သူတို့ကို ဦးဆောင်ခေါ်ဆောင်လာသူများက နီးစပ်ရာ ဆေးခန်းသို့ နှစ်ရက်ခန့် ကုသလိုက်ရပါသေးသည်။ ထိုစက်ရုံတွင် ကိုသက်တင်တို့ ၂၀ ယောက်ခန့်သာ အလုပ်ပေးနိုင်ပြီး တခြားအယောက်နှစ်ဆယ်ကို တခြား နေရာသို့ ခေါ်ဆောင်သွားပါသည်။

ကိုသက်တင်တို့ အလုပ်လုပ်ရသည့်ဌာနမှာ မော်တော်ကားတွင် သုံးသည့် ဆိုဖာများကို ချုပ်လုပ်ရသည့် အလုပ်ပင် ဖြစ်ပါသည်။ ကိုသက်တင်၏သူငယ်ချင်း ကိုနိုင်အောင်မှာ ပလတ်စတစ်လက်အိတ်များ ထုတ်လုပ်သည့် စက်ရုံတွင် အလုပ်ရသည်။

ကိုသက်တင်နှင့် ကိုနိုင်အောင်မှာ သတင်းသာ ကြားရသည်။ လူချင်းမတွေ့ရသည်မှာ လေးလကျော်ခဲ့ပြီ။ ကိုသက်တင်တို့ စက်ရုံမှာရော ကိုနိုင်အောင်တို့ စက်ရုံမှာပါ အလုပ်ရှင်များက သူတို့၏ နိုင်ငံကူးလက်မှတ်များကို သိမ်းထားကြသည်။ ရန်ကုန်တွင် သူတို့ကို ပြောပြထားသည့် စာချုပ်ပါအတိုင်း လစာမရဘဲ အနည်းငယ် လျော့၍ရသည်။ အခြေအနေမှန်ကို ပြောပြသော်လည်း စက်ရုံပိုင်ရှင် သူဌေးက လုံးဝလက်မခံပါ။

ရန်ကုန်တွင် ချုပ်ဆိုထားသည့် စာရွက်စာတမ်းများကိုလည်း စက်ရုံပိုင်ရှင်သူဌေးက သိမ်းထားသည်ဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

မည်သို့မျှ အကျိုးအကြောင်းကို ပြန်လည်ပြောဆို၍ မရတော့ပါ။ သူပြုသမျှ နုရမည့်ကိန်းပင် ဖြစ်နေတော့သည်။

နောက်ဆုံးတော့ ကိုသက်တင်၊ ကိုနိုင်ဖအောင်တို့မှာ ပေါက်သည့် နဖူး မထူးတော့ ဟုဆိုကာ ငြိမ်ခံနေရပါတော့သည်။ များသောအားဖြင့် စနေ၊ တနင်္ဂနွေ နေ့ရက်များပါ အလုပ်ဆင်းရသော်လည်း အိုဗာတိုင် အခကြေးငွေကို အပိုအကျွမပေးဘဲ လျှော့၍ပေးသည်။

တစ်ခါတစ်ရံ တနင်္ဂနွေနေ့ဝက်ပောက်အားလပ်သဖြင့် အပြင်သို့ထွက်လည်မည်ဆိုတော့လည်း ထွက်လည်ခွင့်မပေးပါ။

"မင်းတို့ အပြင်ရောက်လို့ စစ်လား ဆေးလားလုပ်ရင် မင်းတို့ပဲ ခံရမယ်" ဟုဆိုသဖြင့် ကိုသက်တင်တို့မှာ ထွက်မလည်ဖြစ်တော့ချေ။

ကိုသက်တင်တို့ စက်ရုံမှ ကိုသန်းဦးမှာ တစ်ရက်သော တနင်္ဂနွေနေ့တွင် မြို့လယ်ကောင်ဈေးကို ဈေးဝယ်ထွက်ရာ စစ်လားဆေးလား ဖမ်းမည်၊ ဆီးမည်တကဲကဲ လုပ်နေသဖြင့် နောက်ဆုံး လက်ထဲတွင်ရှိသော မလေးရှားငွေကို သူတို့လက်ထဲ အတင်းထိုးထည့်ကာ ပြန်ပြေးခဲ့ရသည်။

ထိုအချိန်မှစ၍ ကိုသန်းဦးမှာ စက်ရုံပြင်သို့ မည်သည့်အခါမျှ သွားရောက်လည်ပတ်ခြင်း မပြုတော့ပါ။

ကိုသက်တင်မှာ မလေးရှားတွင် လိမ်ဖယ်လိမ်ဖယ်ဖြင့် ငါးနှစ်ခန့် အလုပ်လုပ်ပြီးသောအခါ ရန်ကုန်သို့ ပြန်လာခဲ့သည်။ ရန်ကုန်တွင် ပြင်ပစက်ရုံတစ်ခုတွင် တစ်နှစ်ခန့် အလုပ်လုပ်သည်။ ပြီးနောက် စီမံကိန်းတစ်ခုတွင် ကန်ထရိုက် သဘောရသည်။ သူငယ်ချင်းသုံးယောက် အတူပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီချက်နှင့် အလုပ်စတင်ခဲ့သည်။ နိုင်ငံခြားမှ အကူအညီပေးသော ထိုစီမံချက်လုပ်ငန်းကို အဆက်အသွယ်ရှိသူမှာ သူ၏သူငယ်ချင်း ကိုဘမြင့်နှင့် ကိုဘတင့်တို့ပင် ဖြစ်ပါသည်။

ကိုဘမြင့်မှာ ထိုစီမံချက်တွင် အရေးပါသောလူကြီးနှင့်အဆက်အသွယ်ရှိသည့်အလျောက် ဆောက်လုပ်ရေးလုပ်ငန်းများကို ကိုသက်တင်တို့ ကန်ထရိုက်ရယူ ဆောက်လုပ်ခဲ့ပါသည်။ ကိုသက်တင်၊ ကိုဘတင့်၊ ကိုဘမြင့်တို့မှာ တစ်နှစ်ခန့်အတူတူ ပူးပေါင်းလုပ်ကိုင်ကြသော်လည်း မြွေမြွေချင်း ခြေမြင်သူ ကိုသက်တင်မှာ အခြေအနေ အရပ်ရပ်ကို လေ့လာရင်းက ဒီလုပ်ငန်းစီမံချက်ကြီး၏ အရေးပါ အရာရောက်သူများကို ရှာဖွေပေါင်းသင်းနေတော့သည်။

လုပ်ငန်းတစ်ခုတွင် အပြစ်ရှာမည်ဆိုပါက မည်သို့ပင် စနစ်ဇယားကျနစေကာမူ အပြစ်ရှာသူ၏ မျက်စိထဲတွင် ချို့ယွင်းချက်ဆိုသည်က ပေါ်ပေါက်လာစမြဲပင် မဟုတ်ပါလော။

ယခုလည်း ကိုသက်တင်တို့ သုံးယောက်မှာ ငွေရေးကြေးရေးနှင့် ပတ်သက်၍ အကြီးအကျယ် စကားများကြပါတော့သည်။

ကိုဘမြင့်နှင့် ကိုဘတင့်တို့မှာ နာမည်တူသော်လည်း ညီအစ်ကိုမဟုတ်ဘဲ သူစိမ်းတစ်ရံစာများသာ ဖြစ်ကြသည်။ အခြေအနေကို ကြို့တင်တွက်ဆထားသော ကိုသက်ထင်မှာ သူတို့၏ လုပ်ငန်းတစ်ခုလုံးကို တစ်ဦးတည်း အပိုင်စီးလျက် ကိုဘမြင့်နှင့် ကိုဘတင့်တို့ကို ကန်ထုတ်လိုက်ပါတော့သည်။

ကိုသက်တင်မှာ လည်လည်ဝယ်ဝယ်ရှိသည့်အလျောက် လူကြီးများနှင့် ပေါင်းသင်းကာ အဆောက်အအုံအသေးများ၊ အလတ်စားတို့ကို ဝိုမိဆောက်လုပ်ခွင့် ရရှိလာခဲ့ပါသည်။ နှစ်နှစ်ခန့်အဆင်ပြေပါသေးသည်။ နောက်ပိုင်းတွင် စိတ်ထားမကောင်းသူတို့၏ သွားရာလမ်းအတိုင်း လုပ်ငန်းများ တဖြည်းဖြည်းကျဆင်းလာပါတော့သည်။ သတ်မှတ်ကာလအတိုင်း လုပ်ငန်းမပြီးပြတ်သဖြင့် အလျော်ပေးရသည်များလည်း ရှိလာသည်။ တစ်ဆင့်ခံ ခိုင်းထားသော ကန်ထရိုက်လေးများက ပညာပြသဖြင့် မဆုံးရှုံးသင့်သည်များ ဆုံးရှုံးလာရသည်။

နောက်ပိုင်း ကိုသက်တင် တစ်ယောက် ထိုလုပ်ငန်းကို အလျှော့ပေး နောက်ဆုတ်ခဲ့ရသည်။

*

ကိုသက်တင်မှာ ရှိသည့်ဝင်ငွေကို တစ်နှစ်ခန့် ထိုင်စားပြီးနောက် ဘာလုပ်ရင်ကောင်းမလဲဟု စဉ်းစားကာ နောက်ဆုံးတွင် စီကာစဉ်ကာ လုပ်ဆောင်၍ သင်္ဘောလိုက်ခဲ့တော့သည်။ ကိုသက်တင် လိုက်ခဲ့သည့်သင်္ဘောမှာ ရေနံတင်သင်္ဘော။

ရေနံတင်သင်္ဘောကို လိုက်ပါရန်အတွက် အန္တရာယ်များသည်ဟုဆိုကာ အများစုက ရှောင်ရှားကြသော်လည်း ကိုသက်တင်အဖို့မှာ ရွေးချယ်စရာမရှိ၍ ဒီရေနံတင်သင်္ဘောသို့ လိုက်ခဲ့ရခြင်း ဖြစ်သည်။

သင်္ဘောပေါ်တွင် လုပ်သက်ရင့်သူများ၏ပြောကြားချက်အရ ဒီသင်္ဘော၏ကပ္ပတိန်မှာ အကြံအဖန်လုပ်တတ်သည်။ သင်္ဘောပေါ် တင်ဆောင်သောကုန်ပစ္စည်း (ရေနံစိမ်း)ပိုင်ရှင်နှင့် ပူးပေါင်းကာ မကြာခဏဆိုသလို ရေနံစိမ်းပိုမိုသယ်ဆောင်လေ့ရှိကြောင်း သိရသည်။ ရသည့်အခွင့်အရေးကို မဆုံးရှုံးလို၍သာ ရန်ကုန်တွင် သင်္ဘောစောင့်ရသည်မှာ ကြာပြီဖြစ်၍သာ ဒီသင်္ဘောကို လိုက်ရသည်။ တကယ်တော့ မလိုက်လို။ ကိုသက်တင်တို့သင်္ဘောတွင် ကိုသက်တင်မှလွဲ၍ ကျန်သင်္ဘောသား ၂၂ ယောက်မှာ နိုင်ငံခြားသားများ ဖြစ်ပါသည်။ ရန်ကုန်တွင် သင်္ဘောအလုပ်စောင့်ဆိုင်းစဉ်က သက်ဆိုင်ရာသင်တန်းများနှင့် စာရွက်စာတမ်းများ ပြည့်စုံသော်လည်း စောင့်ဆိုင်းရသည်မှာ ကြာပြီဖြစ်၍သာ သင်္ဘောလိုက်ခဲ့ရသည်။ သူ့တွင် ရွေးချယ်စရာလမ်းလည်း မရှိတော့ပါ။

ကစ်နှစ်ခန့်ကာလအတွင်း လုပ်သက်ရှိသူများသာ သင်္ဘောတက်ခွင့်





www.burmeseclassic.com

www.burmeseclassic.com

ရှိသောအခါ လူသစ်ဖြစ်သော ကိုသက်တင်မှာ အားငယ်ခဲ့ရသည်။ အားငယ်ရသည်က အကြောင်းမဟုတ်။ လက်ထဲတွင် ငွေကြေးက အတော်ပင် အားနည်းလာပြီ။ သားသမီးသုံးယောက်နှင့် ဇနီးသည်ကလည်း . . .

"ရှင်ဘယ်တော့ သင်္ဘောတက်မှာလဲ" ဟု မကြာခဏ တပူပူ လုပ်လာသဖြင့် . . .

"မထူးပါဘူးကွာ၊ ဒီရေနံတင်သင်္ဘောပဲ မရရအောင်တက်တော့မယ်" ဟုဆိုကာ ဒီသင်္ဘောပေါ်သို့ ရောက်လာခြင်းပင်ဖြစ်ပါသည်။

ယခု ကိုသက်တင်တို့ သင်္ဘောမှာ ထိုင်ဝမ်မှ တောင်ကိုရီးယားနိုင်ငံ ပူဆန်မြို့သို့ သွားနေခြင်းဖြစ်သည်။ ပူဆန်မြို့သို့ ရောက်ရှိရန် တစ်ရက်ခန့်သာ လိုပါတော့သည်။ ဒီတစ်ခေါက် သင်္ဘောပေါ်တွင် ပါင်ဆောင်လာသော ရေနံစိမ်းများမှာ (Load Line) လုတ်လိုင်းကို အတော်ပင် ကျော်နေသည်။ သင်္ဘောမှာ မနိုင်ဝန်ကို ထမ်းနေရသည့် သဘောဖြင့် တစ်ချက် တစ်ချက်တွင် စက်များက ညစ်၍ မနိုင်ရင်ကန် ဆွဲနေရသည့် သဘော ရှိနေပါသည်။

ယနေ့နံနက် ၆ နာရီခန့်တွင် မမျှော်လင့်ဘဲ လှိုင်းလုံးကြီးများက ကြီးမားလာသည်။ အရှေ့တောင်ဘက်တွင် မှိုင်းညို့၍နေသည်။ မုန်တိုင်းထန်လို့လာပြီ။ လွန်ခဲ့သည့် တစ်ရက်ခန့်က ရရှိထားသည့် မိုးလေဝသ ခန့်မှန်းချက်အရ ထိုင်ဝမ်ပင်လယ်ပြင်ကို ဗဟိုပြု၍ ၁ နာရီလျှင် မိုင် ၈၀ ခန့် တိုက်ခတ်လာသော ဆိုင်ကလုန်းမုန်တိုင်းက အမြှား ခတ်၍လာလေပြီလားမသိ။

တဝုန်းဝုန်းဖြင့် ပေ ၃၀ ခန့် မြင့်မားလာသော လှိုင်းလုံးကြီးများက သင်္ဘောဘေးနံရံများကို ရိုက်ခတ်လျက်ရှိသည်။ လှိုင်းကြီးလာသည့်အလျောက် သင်္ဘောမှာ ပင်လယ်ပြင်ထဲတွင် မြင်းဒုန်းစိုင်းစီးသလို သင်္ဘောမှာ ရှေ့သို့သိပ်မရောက်ဘဲ ရှေ့တိုးနောက်ငင် ဖြစ်၍နေသည်။ သင်္ဘောသွားနှုန်းကို အမြန်ဆုံးသို့မြှင့်တင်သော်လည်း သင်္ဘောမှာ ရောက်သင့်သည့်ခရီး မရောက်ပါ။

လေမုန်တိုင်းနှင့်အတူ တဟီးဟီး တဟားဟား အော်မြည်နေသော ပင်လယ်လှိုင်းလုံးကြီးများ အောက်ဝယ် ကြောက်ခမန်းလိလိ ဖြစ်လို့နေပါသည်။ သင်္ဘောသားအားလုံးမှာ ကပ္ပတိန်နှင့် အင်ဂျင်နီယာချုပ်တို့၏ စီမံခန့်ခွဲမှုအောက်ဝယ် မျက်နှာငယ်လေးများဖြင့် ကျရာတာဝန်ကို လုပ်နေကြရသော်လည်း စိတ်အားငယ်နေကြသည်မှာ မျက်နှာတွင် အထင်းသား ပေါ်လွင်နေပါသည်။

တရှဲရှဲအော်မြည်ကာ တိုက်ခတ်နေသော လေပြင်းမုန်တိုင်းမှာ ကြောက်စရာကောင်းလှပါသည်။ နံနက် ၁၀နာရီထိုးလေပြီ။ ထိုအချိန်၌ ကောင်းကင်ပြင်တွင် နီညိုရောင်သန်းနေရာမှ ပင်လယ်ပြင်တစ်ဝိုက် သင်္ဘောပေးပတ်လည်တွင် မည်းမှောင်ညိုမှိုင်းလာသည်။ ထိုမှ ပေ ၄၀ ခန့်မြင့်မားသော လှိုင်းလုံးကြီးတစ်လုံးက သင်္ဘော၏ဘယ်ဘက်နံရံ (ပို့ဆိုက်)သို့ ရုတ်တရက်ဆောင့်တွန်းလိုက်သောအခါ သင်္ဘောမှာ ဒိန်း ဒိန်း ဒိန်း အသံမြည်လျက် ဇကီသံမှာပြောင်းသွားတော့သည်။

သဘာဝမဟုတ်သော စက်သံကြီးမှာ လန့်စရာ ကောင်းလှပါသည်။ မုန်တိုင်းကြားဝယ် အရာရှိချုပ်မှာ မျှော်စင်ပဲ့ထိန်းခန်းမှနေ၍ သင်္ဘောအခြေအနေကို ကြည့်နေရင်းက ခပ်လှမ်းလှမ်းတွင် ရှိနေသော ကပ္ပတိန်ဆီသို့ ပြောလိုက်သည်။

"ကပ္ပတိန်ရေ၊ သင်္ဘောတော့ ခါးကျိုးသွားပြီ"

ဟုတ်သည်။ သင်္ဘော၏ အလျားထက်ဝက်လောက် မရှိတရှိ၊ အလယ်လောက်တွင်ရှိသော သင်္ဘောကိုယ်ထည်မှာ အနည်းငယ် စောင်းရွဲ့လို့နေပါပြီ။ ကပ္ပတိန်၏ အော်ဒါအရ သင်္ဘောစက်မကြီး (Main Engine)ကို ရပ်လိုက်ရသည်။ တော်ပါသေးသည်။ ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်ကျေးဇူး။ သမ္ဗုဒ္ဓေဂါထာတော်၏ တန်ခိုးကြောင့် မုန်တိုင်းလည်းရပ်စဲသွားပါပြီ။ သင်္ဘောလည်း ခါးကျိုးသွားပါပြီ။ သို့သော် သင်္ဘောထဲသို့ ရေမဝင်ပါ။ ရေနံစိမ်းများလည်း ပေါက်ပြဲယိုဖိတ်ခြင်းမရှိ၍ တော်ပါသေးသည်။ ကပ္ပတိန်အဖွဲ့ သင်္ဘောကုမ္ပဏီရုံးချုပ်သို့ အခြေအနေ ဖြစ်စဉ်မှန်ကို သတင်းပို့ရုံမှလွဲ၍ ဘာမျှ မလုပ်နိုင်တော့ပါ။

နောက်တစ်နေ့ နေ့လယ်ပိုင်း လှိုင်းလေးများငြိမ်သက်သည့်အလျောက် သင်္ဘောကုမ္ပဏီရုံးချုပ်၏ စေခိုင်းချက်အရ သင်္ဘောကို အမြန်ဆုံးသွားနှုန်း၏ တစ်ဝက်ခန့်ဖြင့် မောင်းလာကာ အနီးဆုံး တောင်ကိုရီးယားနိုင်ငံ ဆိပ်ကမ်းသို့ ဝင်ခဲ့ရသည်။ အတွင်းခရီးတွင် ကျောက်ချသည်။ တပ်ဘုတ်နှစ်စီးနှင့် ဆိပ်ကမ်းသို့ သင်္ဘောကိုဆွဲယူခဲ့ရသည်။ ဆိပ်ကမ်းတွင် ရေနံစိမ်းများချပြီးနောက် သင်္ဘောကိုလွှန်းတင်ရသည်။

သင်္ဘောလွှန်းတင်သည့် အချိန်အတွင်းမှာပင် (သင်္ဘောခါးကျိုးရသည့်အတွက်)ကပ္ပတိန်မှာ အလုပ်ပြုတ်သည့်အပြင် ရေနံစိမ်းသင်္ဘောပေါ်သို့(မသမာနည်းလမ်းဖြင့်) ပိုမိုတင်ဆောင်လာသည့်အတွက် လျော်ကြေးပြန်ပေးရသည့်အပြင် ထောင်ဒဏ်ပါကျခံသွားရသည်။

ကိုသက်တင်အဖွဲ့မှာ သင်္ဘောခါးကျိုးသည့်အချိန်က လုပ်သက် လေးလသာရှိနေသော်လည်း သင်္ဘောသားအားလုံးကို အခြားနိုင်ငံက သင်္ဘောသားများနှင့် တစ်စီးလုံး လဲလှယ်လိုက်သဖြင့်၊ ကိုသက်တင်လည်း ရန်ကုန်သို့ ပြန်လာခဲ့ရသည်။

ကိုသက်တင်အဖို့လည်း သင်္ဘောလိုက်သည့် ကာလတစ်လျှောက်တွင် သင်္ဘောခါးကျိုးသည်ကို မျက်မြင်ကိုယ်တွေ့ ဒီတစ်ခါသာ တွေ့ခဲ့ရခြင်းပင်ဖြစ်ပါတော့သည်။

❒ သတ်လှိုင်မျိုး(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်နေ့ သားသမီးများ အမြဲတမ်း အဆောင်ပြုလုပ်ထားရန်

ဆရာမင်းသုန္ဒြ (မန်းတက္ကသိုလ်)

**တနင်္ဂနွေ** သားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည် အောင်မြင်လိုပါက မိမိတို့၏ မွေးနံနှင့် မိတ်ဖက်ဖြစ်သော ကြာသပတေးနံအရ ဎင်းနှစ်နံတို့ကို တွဲစပ်ထားသော နံသင့် အောင်မဲဖြူအသား လက်တစ်ဆစ်ကို ကြာသပတေးနေ့မှာ ဖြတ်ယူလျက် ဥသြရုပ်ကလေး ထုလုပ်ပြီး မိမိကိုယ်၌ အမြဲတမ်းအဆောင် ပြုလုပ်ထားသည်ရှိသော် ဘေးရန်ကင်း၍ အကြံအစည် ပြည့်စုံပါလိမ့်မည်။

**တနင်္လာ** သားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည်အောင်မြင်လိုပါက မိမိတို့၏ မွေးနံနှင့် မိတ်ဖက်ဖြစ်သော ကန့်ကလာအသား လက်တစ်ဆစ်ကို ဗုဒ္ဓဟူးနေ့မှာ ဖြတ်ယူလျက် ကျားရုပ်ကလေးထုလုပ်၍ မိမိကိုယ်၌ အမြဲမကွာအဆောင်ပြုလုပ်ထားသည်ရှိသော် ဘေးရန်အပေါင်း ကင်းငြိမ်း၍ အကြံအစည် ပြည့်စုံ၍ လာလိမ့်မည်။

**အင်္ဂါ** သားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည် အောင်မြင်လိုပါက မိမိတို့၏မွေးနံနှင့် မိတ်ဖက်ဖြစ်သော ဆပ်သွားအသား လက်တစ်ဆစ်ကို သောကြာနေ့မှာ ဖြတ်ယူလျက် ဆင်ရုပ်ကလေးထုလုပ်ပြီး မိမိကိုယ်၌ အမြဲမကွာအဆောင်ပြုလုပ်ထားသည်ရှိသော် ဘေးရန်အပေါင်းကင်းငြိမ်း၍ အကြံအစည်များလည်း ပြည့်စုံ၍ လာပါလိမ့်မည်။

**ဗုဒ္ဓဟူး** သားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည် အောင်မြင်လိုပါက မိမိတို့၏မွေးနံနှင့် မိတ်ဖက်ဖြစ်သော လက်ခုပ်သား လက်တစ်ဆစ်ကို တနင်္လာနေ့မှာ ဖြတ်ယူလျက် ဝက်ရုပ်ကလေးထုလုပ်ကာ မိမိကိုယ်တွင်းမှာ အမြဲဆောင်ထားပါက ဘေးရန်အပေါင်း ကင်းငြိမ်း၍ လာပါလိမ့်မည်။

**ကြာသပတေး** သားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည် အောင်မြင်လိုပါက မိမိတို့၏မွေးနံနှင့် မိတ်ဖက်ဖြစ်သော မအူသား လက်တစ်ဆစ်ကို တနင်္ဂနွေနေ့မှာ ဖြတ်ယူလျက် ဘဲရုပ်ကလေးထုလုပ်ပြီးလျှင် မိမိကိုယ်တွင်း၌ အမြဲဆောင်ထားပါက ဘေးရန်အပေါင်းကင်းငြိမ်း၍ မိမိ၏ အကြံအစည်များ ပြည့်စုံလာပါလိမ့်မည်။

**သောကြာ** သားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည် အောင်မြင်လိုပါက မိမိတို့၏ မွေးနံနှင့် မိတ်ဖက်ဖြစ်သော သစ်ဆိမ့်သား လက်တစ်ဆစ်ကို အင်္ဂါနေ့မှာ ဖြတ်ယူလျက် သိန်းငှက်ရုပ်ကလေး ထုလုပ်၍ မိမိကိုယ်တွင်း၌ အမြဲဆောင်ထားပါက ဘေးရန်အပေါင်း ကင်းငြိမ်း၍ အလုပ်အကိုင် အကြံအစည် အောင်မြင်ပါလိမ့်မည်။

**စနေ** သားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည် အောင်မြင်လိုပါက မိမိတို့၏ မွေးနံနှင့် မိတ်ဖက်ဖြစ်သော ထောက်ရှာသား လက်တစ်ဆစ်ကို ဗုဒ္ဓဟူးနေ့ ညနေဘက်မှာ ဖြတ်ယူလျက် နွားရုပ်ကလေး ပြုလုပ်ကာ မိမိကိုယ်တွင်း၌ အစဉ်ဆောင်ထားပါက ဘေးရန်အပေါင်း ကင်း၍ အလုပ်အကိုင်အကြံအစည်များ အောင်မြင်လာပါလိမ့်မည်။

ဤနေရာ၌ မိတ်ဖက်အဆောင်ဓာတ်ဟူသည်မှာ အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း ဟူသော ကမ္ဘာ့မိတ်ဓာတ်ကို ဆိုလိုသည် ဖြစ်သောကြောင့် မိမိ၏မွေးနေ့နှင့် မိတ်ဖက်ကြံရာ ဎင်းနှစ်နံတွဲစပ်ထားသော အသားများကို ဆိုင်ရာနံသင့်အရုပ်ထုလုပ်လျက် မိမိကိုယ်တွင်းဝယ် အဆောင်သဘောပြုလုပ်ထားပါက နေ့စဉ်နေ့တိုင်း ကျက်သရေတိုး၍ ဘေးရန်အပေါင်း ကင်းငြိမ်းချမ်းသာသုခနှင့်တွေ့လျက် သွားလေရာရာ မျက်နှာပွင့်လန်းပြီး မိမိတို့ကြံစည်လုပ်ကိုင်သော အလုပ်အကိုင်များလည်း ပြီးမြောက် အောင်မြင်ရလိမ့်မည်ကား မလွဲနိုင်ပါ။

❒ ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်) ကျမ်းကိုး

လက်တွေ့ ရတနာဒီပ ယတြာဓာတ်ရိုက်ကျမ်း (ဆရာကြည်)



www.burmeseclassic.com

www.burmeseclassic.com

"ဥသြ . . . ဥသြ . . . ဥသြ"

ဦးအောင်ထက်ဇော်သည် ဥသြသံအဆက်မပြတ် မြည်နေသော ဟန်းဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"အစ်ကိုလေး ကျွန်တော် သက်တင်ပါ။ ရွာကနေ ဆက်နေတာ"

"အေး ပြောပြော ကြားတယ်"

"အေးသန်း ဒီနေ့ ရန်ကုန်မှာ ဈေးလာဝယ်မလို့၊ ကျွန်တော်ပါ လိုက်ခဲ့မှာ"




"ဟုတ်လား၊ ဒါဆို ထမင်းချက်ထားလိုက်မယ်"

"မချက်နဲ့ အစ်ကိုလေး၊ ကျွန်တော်တို့ မြို့ထဲမှာ အထည်တွေဝယ်ရဦးမယ်၊ အစ်ကိုလေးဆီ ညနေကျမှရောက်မှာ၊ အစ်ကိုလေးဆီဝင်ပြီး အစ်မဆင့်တို့အိမ်မှာ ညသွားအိပ်မှာ၊ ဟိုမှာပဲ ညနေစာ စားမှာ"

www.burmeseclassic.com

www.burmeseclassic.com

"မင်း အဲဒီကို သွားတတ်လို့လား"

"ဘယ်သွားတတ်မလဲ အစ်ကိုလေးရ၊ အစ်မဆင့်က နင့်အစ်ကိုလေးကို လိုက်ပို့ခိုင်းလို့ ဖုန်းလှမ်းဆက်ထားတယ်၊ အစ်ကိုလေး လိုက်ပို့ပေးနော်"

"အေးပါကွာ၊ လိုက်ပို့ပေးပါ့မယ်"

"ဒါပဲနော် အစ်ကိုလေး" ဟုပြောပြီး သက်တင် ဖုန်းချသွားသည်။

ဦးအောင်ထက်ဇော် တစ်ယောက် "ဩော် . . . အဆင့် အဆင့်" ဟု နှုတ်မှ ရေရွတ်ရင်း ငယ်စဉ်က အဆင့်နှင့် ဆုံစည်းခဲ့ရသည့် ပျော်ရွှင်ကြည်နူးစရာလေးတွေ၊ လွမ်းမောစရာလေးတွေကို ပြန်လည်မြင်ယောင်နေမိပါတော့သည်။

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်ထဲတွင် ဖောင်တော်သီကျေးရွာကြီးတစ်ရွာ ရှိသည်။ ရွာ၏အနောက်ဘက်တွင် စိမ်းလန်းစိုပြည်သော ပဲခူးရိုးမတောင်တန်းကြီး တည်ရှိသည်။ ရွာ၏အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လျှင် ကောင်းကင်ပြာပြာအောက်တွင် ညို့မှိုင်းနေသည့် အရှေ့ရိုးမတောင်တန်းကြီးကို မြင်တွေ့နိုင်သည်။ ပဲခူးရိုးမဘက်မှ စီးဆင်းလာသော ချောင်းကလေးက ရွာတောင်ဘက်မှဖြတ်ပြီး အရှေ့ဘက်လယ်ကွင်းပြင်သို့ စီးဆင်းသွားသည်။ ရန်ကုန်-မန္တလေး ကားလမ်းမကြီးက ပေါက်တပင်ဘက်မှ ဖြတ်သွားသည်။ ရန်ကုန်-မန္တလေး ရထားလမ်းက ရွာ၏ ခနာစုအနောက်ပိုင်း၊ တရုတ်တန်း၊ ရွာသစ်ပိုင်း၊ ဈေးပိုင်းတို့ကို ဖြတ်သွားသည်။ ဈေးပိုင်းတွင် ရထားဘူတာရုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ရဲစခန်းနှင့် ဆေးပေးခန်းတို့ရှိသည်။ ရွာတွင် တောင်သူလယ်သမားအများစု နေထိုင်ကြသည်။ အေးချမ်းသာယာသော ရွာကြီး ဖြစ်သည်။

အောင်ထက်ဇော်နှင့် မခင်ဆင့်တို့သည် တစ်ရွာတည်းနေ တစ်ရေတည်း သောက်ကြသူတွေ ဖြစ်သည်။ ရွာမှာ မောင်အောင်ထက်ဇော်ကို မောင်အောင်ဟုခေါ်ကြပြီး မခင်ဆင့်ကို မဆင့်ဟုသာ အခေါ်များသည်။

မဆင့်တို့အိမ်က ခနာစု အရှေ့ပိုင်းလမ်းမှာ ရှိသည်။ မောင်အောင်၏ အဒေါ်ဖြစ်သူ ဒေါ်နှင်း၏ အိမ်နှင့် ခြံစည်းရိုးပဲ ခြားသည်။

မောင်အောင်၏အိမ်က ခနာစု အရှေ့ပိုင်း ရွာမလမ်းမှာရှိသည်။ မောင်အောင်က တတိယတန်းအထိ အဒေါ်နှင်း၏အိမ်တွင်နေပြီး ကျောင်းတက်ခဲ့သည်။ မောင်အောင်နှင့် မဆင့်သည် အတူသွား အတူလာ အတူကစားခဲ့ကြသည်။ ငွေလသာသော ညများတွင် မောင်အောင်နှင့် သူငယ်ချင်းတွေ တူတူပုန်းတမ်း ကစားကြသည်။ မဆင့်လည်း မောင်အောင်နှင့်အတူ လိုက်ပုန်းသည်။ မောင်အောင် သိပ်ပျော်ခဲ့သည်။ မဆင့်တို့ သူငယ်ချင်းတွေ အငြိမ့်မင်းသမီးလို ကခုန်ကစားကြလျှင် မောင်အောင်က လက်ခုပ်တီးပေးခဲ့သည်။ သူတို့နှစ်ဦး ကလေးဘဝတွင် ပျော်ရွှင်ခဲ့ကြသည်။

နွေမိုးဆောင်း ရာသီတွေအလီလီပြောင်းပြီး နှစ်တွေကြာလာခဲ့သည်။ မောင်အောင် ခုနစ်တန်း အောင်ပြီးနောက် လယ်ထဲဆင်းရသည်။ ဖခင်နှင့်အတူ လယ်ယာလုပ်ကိုင်ရသည်။ မောင်အောင် (၁၆)နှစ်ဝန်းကျင်တွင် လူပျိုပေါက်အရွယ်သို့ ရောက်လာခဲ့သည်။ မောင်အောင် ရှက်တတ်လာသည်။ ချစ်တတ်လာသည်။

မဆင့်လည်း ကျောင်းထွက်ပြီး ကောက်စိုက် စပါးရိတ် လယ်ယာအလုပ်တွေ လုပ်နေသည်။ မဆင့်တစ်ယောက် အပျိုဖော်ဝင်လာပြီး တစ်သွေးတစ်မွေး လှလာသည်။ ဖြူဖြူတုတ်တုတ်လေး ကြည့်လို့လှသည်။ ရွာ၏ ကွမ်းတောင်ကိုင် မဟုတ်သော်လည်း ရွာမှ ကာလသားတွေ သဘောကျနေကြသည်။

မောင်အောင်ကလည်း မဆင့်နှင့် အကြည့်ချင်းဆုံတိုင်း ရင်ခုန်နေသည်။ တစ်ဦးနှင့်တစ်ဦး ချစ်သည့်အကြောင်းတွေ ဖွင့်မပြောကြပေမယ့် ရင်ထဲ နှလုံးသားထဲက နားလည်ပြီး ချစ်နေကြသည်။

မောင်အောင်က မဆင့်ကို ချစ်သည့်အကြောင်းတွေ ဖွင့်ပြောချင်သည်။ နှုတ်က ပြောမထွက်ဘဲ ဖြစ်နေသည်။ မပြောပြန်လျှင်လည်း သူများဦးသွားမှာကြောက်သည်။ မဆင့်ကို ရည်စားစာပေးရန် "ချစ်သဒ္ဒါယှက်ဝေတွေသမို့၊ ငှက်ရွှေကျေးပမာအသွင်က၊ ကညာခင်ရုပ်ရည်အသွင်ကို၊ အဟုတ်မသွေလျှင် သစ်ပင်ပမာပြုပြီး၊ ချစ်ခင်တဲ့သဒ္ဒါမှုကြောင့်၊ လာယခု အခွင့်သာညားက၊ အသင့်လာနားရန်အကြောင်းလေးမို့ တောင်းပန် ရေးသားလိုက်ပါတယ်" စသည်ဖြင့် ဂန္ထဝင်ဆန်ဆန် ရေးလိုက်သည်။

တစ်နေ့ညနေခင်းတွင် မောင်အောင် မဆင့်တို့အိမ်ဘေး မယောင်မလည်သွားပြီး မဆင့်ကို စာပေးလိုက်သည်။

သူတို့နေထိုင်သည့် ခနာစုအရှေ့ပိုင်းတွင် သောက်ရေကန်ကြီးတစ်ကန် ရှိသည်။ ရေကန်ထဲတွင် ပဒုမ္မာကြာတွေ ပွင့်နေသည်။ ရေကန်၏ အရှေ့မြောက်ထောင့်တွင် ဇောဓိညောင်ပင်တစ်ပင် ရှိသည်။ အရှေ့တောင်ထောင့်တွင် ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ထိုညောင်ပင်ကြီးတွင် ရွာနတ်စင် တစ်ခုလည်း ရှိနေသည်။ ညောင်ပင်ရှိသည့် ရေကန်ထောင့်မှလွဲပြီး ရေကန်ထောင့်တိုင်းတွင် သောက်ရေခပ်ရန် သစ်သားတံတားလေးတွေ ထိုးထားသည်။

တစ်နေ့ နံနက်ခင်းတွင် မောင်အောင် ဇောဓိပင်အောက်မှာထိုင်ပြီး အရှေ့ဘက်လယ်ကွင်းဆီသို့ မျှော်ကြည့်နေသည်။ မဆင့် ကျွဲကျောင်းတဲမှ ကျွဲနို့ပုံးရွက်ပြီးပြန်လာမည်ကို မောင်အောင်ကြိုသိထားသည်။ မဆင့် လယ်ကွင်းထဲမှဖြတ်ပြီး လာနေပြီ။ မောင်အောင့်ရင်တွေ တဒုတ်ဒုတ်ခုန်နေသည်။ ညောင်ပင်အောက်သို့ ရောက်လာလျှင် . . .

"ညီမ ခေါင်းပေါ်က နို့ပုံးကြီးချပါဦးဟာ" ဟုပြောရင်း နို့ပုံးကို မကြီးအောက်သို့ ချလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

မဆင့်က ခေါင်းခု... ... တင်ကာ မျက်နှာမှချွေးစို့စို့တွေကို သုတ်လိုက်သည်။

မောင်အောင့်ကို စိုက်ကြည့်ပြီး-

"အစ်ကို ဒီမှာ ဘာလုပ်နေတာလဲ" ဟုမေးလိုက်သည်။

"မေးမှ မေးရက်တယ်ညီမရယ်၊ ညီမကို လာစောင့်နေတာပေါ့"

"ဘာလုပ်ဖို့လဲ"

"ညီမနှုတ်ဖျားက ချစ်ပါတယ်ဆိုတဲ့ စကားလေးကို ကြားချင်လို့ပေါ့"

မဆင့်ပါးပြင်ဖွေးဖွေးလေး ရှက်သွေးဖြာပြီး နီရဲသွားသည်။ မဆင့်၏နှုတ်ခမ်းလွှာနှစ်ခုလည်း တုန်နေသည်။

"ဘယ်သူက ချစ်မယ်ပြောလို့လဲ၊ သွား ကိုလူလည်၊ ကိုယ့်ဘက်ကိုယ်ယက်တဲ့ လိပ်မျိုး၊ ဟိုမှာ မရင်မေ ရေခပ်လာရင်း လှမ်းကြည့်နေတယ်၊ အစ်ကိုလုပ်တာနဲ့ အားလုံးသိကုန်တော့မှာပဲ၊အစ်ကို သွားတော့နော်၊ နောက်နေ့မှ စာရေးပေးလိုက်မယ်"

မောင်အောင် မဆင့်၏ သမင်မျက်လုံးလေးနှင့် ပြုံးစစမျက်နှာလေးကို ကြည့်ပြီး မျှော်လင့်ချက်တွေ ရင်မှာပိုက်ကာ အိမ်သို့ ပြန်လာခဲ့သည်။

နောက်တစ်နေ့နံနက်တွင် မဆင့်ထံမှ ပြန်စာရသည်။ မောင်အောင်တစ်ယောက် . . .

"အစ်ကို့ကို ချစ်ပါတယ်၊ ဟိုးငယ်ငယ်လေး ကလေးဘဝကတည်းက အစ်ကို့ကို ညီမချစ်နေခဲ့တာ သိရဲ့လား" ဟု ရေးထားသည့် စာကြောင်းလေးကို အခေါက်တစ်ထောင်မက ဖတ်နေမိသည်။ ရင်တွေခုန်ပြီး အပျော်ကြီးပျော်နေမိသည်။

တစ်ညနေ ဆည်းဆာချိန်တွင် မောင်အောင်နှင့်မဆင့် ရေကန်ထောင့်က ဇောမိပင်အောက်မှာ ချိန်းတွေ့ကြသည်။ မောင်အောင်က စကားစလိုက်သည်။

"ညီမရေ ကြည့်စမ်းပါဦး၊ ရေကန်ကြီးက ကြာရွက်စိမ်းစိမ်းတွေ၊ ပန်းရေပ... ...တာပဲ၊ ကန်နဲ့ကြာ ပန်းသင့်တယ်နော်၊ ညီမက ကြာရွက် ကြာပွင့်တွေလို၊ အစ်ကိုက ဒီရေကန်ကြီးလို အတူတကွ မခွဲမခွာ နေကြရရင် သိပ်ကောင်းမှာပဲနော်"

"အစ်ကိုက လယ်ယာတွေမလုပ်ဘဲ စာရေးဆရာလုပ်ဖို့ပဲ ကောင်းတယ်၊ အစ်ကိုပြောသလို ညီမက ကြာပွင့်ဆိုရင် ကန်ရေတွေခန်းသွားရင် ကြာပွင့်တွေ နွမ်းသွားမှာပေါ့"

"အစ်ကို့ မေတ္တာရေက ဒီကန်မှာတည်သရွေ့ မခန်းသွားပါဘူး ညီမရယ်"

"ညီမကလဲ ကန်ရေတွေ ခန်းခြောက်လို့ ဒီကန်ကြီးပါ ပျောက်ကွယ်သွားလဲ အစ်ကို့ကို ချစ်နေမှာ သိလား"

"သိပ်ချစ်တယ် ညီမရယ်"

"ညီလဲ အစ်ကို့ကို ချစ်ပါတယ်"

"ဘယ်လောက်ချစ်လဲ"

"မိုးလောက်ကြီးပေါ့"

"အစ်ကိုနော် ညီမ အသက်ရှူလို့မဝတော့ဘူး၊ သိပ်မကဲနဲ့ အစ်ကို့လက်တွေ လွှတ်ပါဦး၊ ဟိုမှာ လူတွေလာနေတယ်"

"ဟင် ဘယ်သူမှလဲ မလာဘဲနဲ့၊ ကဲ. . . ညာပြောဦး ညာပြောဦး"

ဟုပြောရင်း မောင်အောင်က လက်သီးဆုပ်ကလေးနှင့် မဆင့်နဖူးကို ခပ်ဖွဖွလေး ထုပေးလိုက်သည်။ မောင်အောင်တို့နှစ်ဦး၏ ပျော်ရွှင်ကြည်နူးစရာ ဆည်းဆာချိန်လေးပါပေ။

မောင်အောင်နှင့် မဆင့် ချစ်သူဘဝ ရောက်ခဲ့ကြမှ နီးလျက်နှင့်ဝေးရသည့် အခြေအနေသို့ ရောက်ခဲ့ရပြန်သည်။ မဆင့်၏ဖခင်က အိမ်နှင့်ခြံကို ရောင်းပြီး တစ်နေရာသို့ ပြောင်းသွားသည်။ မဆင့်အရွယ်မရောက်ခင်ကပင် သူမ၏မိခင် ဆုံးပါးသွားခဲ့သည်။ ဖခင်က နောက်အိမ်ထောင်ပြုခဲ့သည်။ မဆင့်က ဖအေကိုချစ်ပေမယ့် မိထွေးနှင့်မနေလိုသဖြင့် ဘကြီးအိမ်မှာ သွားနေသည်။ မဆင့်ဘကြီးအိမ်က ချောင်းကမ်းနားဘက်သို့ သွားသည့်လမ်းမှာ ရှိသည်။

... ...ကြီး၏သား ဖိုးထူးနှင့် ချက်စူတညီမဖြစ်သူကို မောင်အောင်နှင့်သဘောမတူကြပါ။ ဖိုးထူးနှင့် ချက်စူတို့က. . .

"ဒီကောင် ငါ့ညီမနားကို လာရဲရင် လာကြည့်၊ တုတ်နဲ့ရိုက်ပစ်မယ်၊ ဘဲထိုးတဲ့လှံနဲ့ ထိုးပြီး ဓားနဲ့ကိုခုတ်ပစ်မယ်" ဟု ကြိမ်းဝါးနေကြသည်။

မောင်အောင် မဆင့်၏ ရွှန်းပပမျက်နှာလေးကိုမတွေ့ရသည်မှာ ရက်အတော်ကြာခဲ့ပြီ။ တစ်ည မောင်အောင့်ကို မဆင့်က ချိန်းသည့်ည ကောင်းကင်တွင် တိမ်မြူကင်းပြီး ငွေကြယ်လေးတွေ လင်းလက်ကာ ဖိုးရွှေလက သာနေသည်။ မောင်အောင် လယ်ကန်သင်းရိုးတွေပေါ်က ခပ်သွက်သွက်သွားသည်။ လယ်ကွင်းထဲတွင် စပါးတွေရင့်မှည့်ပြီး ရွှေရောင်ဝင်းနေသည်။

မဆင့်ဘကြီး၏ အိမ်နောက်ဘက်တွင် ငှက်ပျောတောကြီးရှိသည်။ အိမ်နောက်ခြံစည်းရိုး အပြင်ဘက်တွင် စပါးခင်းတွေရှိသည်။ ဘကြီး၏ အိမ်နောက်ဘက်သို့ ရောက်လာခဲ့သည်။

မမျှော်လင့်ဘဲ ဖြုန်းခနဲဆို အင်းခွေးကြီးတစ်ကောင် ခြံထဲမှထွက်လာပြီး မောင်အောင်ကို ထိုးဟောင်လိုက်သည်။ စပါးတောထဲသို့ ပြေးဝင်ပြီး ဝပ်နေလိုက်ရသည်။ မကြာခင် ဖိုးထူးနှင့် ချက်စူတို့ထွက်လာကာ မြေစိုင်ခဲတွေနှင့် စပါးတောထဲသို့ ရမ်းသန်းပြီး ပစ်ပေါက်ကြသည်။

ခဲတစ်လုံးက မောင်အောင်၏ ဦးခေါင်းအနီးရှပ်သွားသည်။ ခွေးကိုလည်း ရှူးရှူးဆိုပြီး လိုက်ကိုက်ခိုင်းနေသည်။ ခွေးက စပါးတောထဲသို့ ဝင်မလိုက်တော့ဘဲ သုံးလေးခါဟောင်ပြီး အိမ်ရှေ့ဘက်သို့ ပြန်ပြေးသွားသည်။ မဆင့်၏အစ်ကိုတွေလည်း ခွေးနောက်ပြန်လိုက်သွားကြသည်။

ခြင်တွေကိုက်လို့ ကိုက်မှန်းပင်မသိဘဲ စပါးတောထဲတွင် ဇောချွေးပြန်နေသည်။ လူခြေတိတ်သွားသည့်အခါမှ အိမ်သို့ ပြန်လာခဲ့သည်။ "ကံမကောင်း



www.burmeseclassic.com

www.burmeseclassic.com

တဲ့ညပဲ" ဟု မောင်အောင့်[illegible] ရွှတ်လိုက်မိသည်။

မောင်အောင် လယ်တွေရိတ်သိမ်းပြီးသွားသဖြင့် ကောက်လှိုင်းတွေကို တလင်းထဲသို့ တိုက်သွင်းနေရသည်။ မိုးရွာလျှင် စပါးတွေကို မိုးစိုသက်သာအောင် ကောက်လှိုင်းတွေ ထပ်စီပြီး ကောက်ဆိုင်ပုံထိုးသည်။ ကောက်ပြန့်တွေလုပ်ပြီး ကျွဲနွားတွေနှင့် စပါးနယ်သည်။ မောင်အောင် လယ်အလုပ်ကို အားကြိုးမာန်တက် ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်သည်။ ထယ်ဒုံး၊ ထယ်တံ၊ ထွန်တုံး၊ ထွန်သွား၊ ထမ်းပိုးတုံး၊ ထမ်းပိုးကျည်းကအစ ကိုယ်တိုင်လုပ်သည်။ ထွန်ညှင်းကွင်း၊ လှည်းထမ်းပိုးကြိုး၊ နွားမောင်းကြိုး၊ နွားလံကြိုး၊ နွားနဖားကြိုး၊ နွားချည်ကြိုးကအစ အသေးစိတ် ကိုယ်တိုင်လုပ်သည်။ မောင်အောင်၏ ဖခင်ဦးကျော်က မောင်အောင်အား မိဘလက်ငုတ်ကို ဖောက်ချပြီး ဆက်လုပ်ရန် မျှော်လင့်အားထားသည်။ သားကို အားလည်းကိုးသည်။

တပေါင်း လကွယ်ည မောင်အောင့်ကို မဆင့်ချိန်းသည့်ည. . .

မောင်အောင် ခြင်ထောင်ထဲရှိ အိပ်ရာမှာ ခေါင်းအုံးတွေ တန်းစီပြီး စောင်ဖြင့်အုပ်လိုက်သည်။ အမေကြည့်လျှင် မောင်အောင်ခေါင်းမြီးခြုံအိပ်နေသည်ဟု ထင်ရမည်။ ဒီနည်းဖြင့် မောင်အောင် အမေမသိအောင် ညဘက်လစ်ထွက်နေကျဖြစ်သည်။ အဖေနှင့် အမေ အိပ်မောကျသွားလျှင် မောင်အောင် အသာလေး အိမ်မှထွက်လာခဲ့သည်။ ညက မှောင်နေသည်။ မိုးတိမ်တွေရှိနေသဖြင့် ကောင်းကင်က ငွေကြယ်လေးများပင် မလင်းလက်နိုင်ဖြစ်နေသည်။

မောင်အောင် သရဲခြောက်ဘတ်သည့် ပေါက်ပင်ကြီးအနီးသို့ရောက်လျှင် ကြက်သီးတွေ ဖြန်းခနဲ ထသွားသည်။

မောင်အောင်က . . .

"သရဲကြောက်နေလို့ မဖြစ်သေးပါဘူး၊ အဆင့်ဆီ အရောက်သွားရမယ်"

[illegible] နေသည်။ မကြာမီ မဆင့်ဘကြီး၏ အိမ်ခြံနောက်ဘက်သို့ ရောက်လာသည်။

"ဟိုတစ်ခေါက်လို ခွေးထွက်ဟောင်မလား၊ ထွက်လာရင်တော့ မလွယ်ဘူး၊ စပါးတွေက ရိတ်သိမ်းထားလို့ ရိုးပြတ်အငုတ်တွေပဲရှိတာ၊ ပုန်းစရာနေရာမရှိဘူး" ဟု တွေးရင်း ခြံစည်းရိုးကိုကျော်ပြီး ငှက်ပျောတောထဲသို့ ဝင်နေလိုက်သည်။

"ခြင်တွေက ကိုက်လိုက်တာ အဆင့်ကလဲ အခုထိ ဆင်းမလာသေးဘူး၊ အိပ်များ ပျော်နေသလား၊ သူသေချာချိန်းထားတာ အိပ်ပျော်နေမယ်တော့ မထင်ဘူး" ဟုတွေးရင်း ဟိုကြည့်ဒီကြည့်နှင့် မဆင့်ကို မျှော်နေသည်။

မြေဖွဖွလေးနင်းပြီး လှမ်းလာနေသည့် မဆင့်ကို တွေ့လိုက်ရသည်။

"ကြာလိုက်တာ ညီမရာ" ဟု တိုးတိုးလေး ပြောလိုက်သည်။

"ဘကြီး မအိပ်သေးလို့ အစ်ကိုရ"

"အေးပါ ညီမ အခုလိုဆင်းလာလို့ရတာပဲ တော်သေးဘယ်"

မဆင့်မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် စမ်းကြည့်ရင်း . . .

"ညီမ ပိန်သွားတယ်နော်"

"အစ်ကိုလဲ ပိန်သွားတယ်"

"ညီမကို လွမ်းလို့ပေါ့"

"ညီမလဲ အစ်ကို့ကိုလွမ်းလို့ပေါ့" ဟု ပြောကြရင်း နှစ်ယောက်သား ပြုံးရယ်လိုက်ကြသည်။

"အစ်ကို ညီမလေ အစ်ကို့ကို သိပ်ချစ်တယ်၊ အစ်ကိုနဲ့ ခွဲမနေချင်တော့ဘူး၊ အတူတူနေချင်တယ်"

"အေးပါကွာ၊ အစ်ကိုတို့ကို လက်ထပ်ပေးဖို့ အမေ့ကိုပြောပါ့မယ်၊ အစ်ကိုလဲ ညီမနဲ့ တစ်စက္ကန့်လေးတောင် ခွဲပြီး မနေချင်ပါဘူး၊ အစ်ကိုတို့ လက်ထပ်မယ်၊ အစ်ကိုလယ်လုပ် ညီမက အစ်ကို့အတွက် သားသမီးလေးတွေ မွေးပေးပေါ့"

[illegible]အစ်ကိုနော် နားရှက်စရာကြီး ဘာတွေလျှောက်ပြောနေတာလဲမသိဘူး"

"အစ်ကိုက တကယ်ပြောတာ"

နှစ်ယောက်သား စကားတွေ ပြောလို့ ကောင်းနေတုန်း လက်နှိပ်ဓာတ်မီးရောင်က ဝင်းခနဲ ငှက်ပျောရွက်တွေပေါ်သို့ ထိုးကျလာသည်။ မောင်အောင်က "ဟာ-ဒုက္ခပဲ" ဟုပြောရင်း နှစ်ဦးသား ငှက်ပျောပင်တွေကြား ဝပ်နေလိုက်ကြသည်။ မဆင့်၏ဘကြီး အိပ်သာတက်ပြီးနောက် ဓာတ်မီးထိုးရင်း အိမ်ပေါ်သို့ ပြန်တက်သွားသည်။ ထိုအခါမှ မောင်အောင်တို့နှစ်ယောက် အသက်ဝအောင် ရှူနိုင်တော့သည်။

"အစ်ကိုတို့ကို မတွေ့သွားတာ တော်သေးတယ်၊ ဟိုတစ်ခေါက်က ခွေးကိုက်ခံရတော့မလို့"

"ညီမ သိပါတယ်၊ အစ်ကို့ကို ခွေးဟောင်နေတာသိလို့ ညီမ အိမ်ရှေ့ကနေ ခွေးကို လှမ်းခေါ်လိုက်တာ"

"ညီမအစ်ကိုတွေကလဲ ကဏန်းကျစ်စာခဲတွေနဲ့ ရမ်းသန်းပြီးပေါက်နေတာ ကံကောင်းလို့ ခေါင်းမထိတာ"

မဆင့်က ရယ်ပြီး မောင်အောင့်လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်သည်။ ရုတ်တရက် မိုးတစ်ပြိုက်ရွာချလိုက်သည်။ ခဏချင်း ပြန်တိတ်သွားသည်။ ချိန်မတန်ရွာသည့် တပေါင်းလဖျက်မိုးဖြစ်သည်။

"အစ်ကို ဟိုမှာ အိမ်သားတွေ နိုးကုန်ကြပြီ၊ အစ်ကို ပြန်တော့နော်"

"အင်း. . . အစ်ကို သိပါတယ်" ဟု ပြောကာ မဆင့်ပါးလေးကို မွှေးမွှေးပေးပြီး ခြံအပြင်ဘက်သို့ ထွက်လာခဲ့သည်။

မောင်အောင် အပြန်လမ်းတွင် တွေးမြင့်နေသည်။ မိုးရွာလို့ အိမ်မိုးယိုမယ်၊ အမေလာနှိုးမယ်၊ နှိုးမရလို့ လက်နဲ့လှုပ်နှိုးရင် အလိမ်ပေါ်မယ်၊ ဒါဆို အမေ တုတ်တစ်ချောင်းနဲ့ စောင့်နေမှာ၊ ခြောက်တန်းနှစ်က ပဲခူးမှာ ဘောလုံးသွားကန်တာ မိုးချုပ်မှ အိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

လို့ အရိုက်ခံထိခဲ့တယ်။ ပြောမသွားရ ကောင်းလားဆိုပြီး ရိုက်လိုက်တာ တင်ပါးမှာ အရှိုးချင်းထပ်သွားတာပဲ။ အခု လည်း ရည်းစားနဲ့ချိန်းတွေ့တာ ဘယ်လို လုပ်ပြီး အမေ့ကို ပြောသွားလို့ရမှာလဲ။ မနက်မှ ဖြစ်ချင်တာဖြစ်၊ အခေါ်နှင်းတို့ အိမ်မှာပဲ သွားအိပ်တော့မယ်ဟု မောင် အောင်တွေးမိပြီး ဒေါ်နှင်းအိမ်တွင် သွား အိပ်လိုက်သည်။

နံနက်မိုးလင်းသည်နှင့် မောင် အောင်၏မိခင် ဒေါ်ချစ် တုတ်တစ် ချောင်းကိုင်ပြီး မောင်အောင်ကိုလာခေါ် သည်။ ရေကန်ပေါင်ရိုးဖြတ်လမ်းမှ အိမ် သို့ ခေါ်သွားသည်။ ဇောခိညောင်ပင် အောက်ရောက်လျှင် မဆင့်ကို သတိရ ပြီး "အဆင့် အဆူများခံနေရပြီလား၊ အရိုက်များ ခံနေရပြီလား" ဟုတွေးပူ လိုက်သေးသည်။

အိမ်သို့ရောက်လျှင် ဒေါ်ချစ် သည် ကိုင်ထားသည့် တုတ်ကို အိမ် အတက်လှေကားဘေးသို့ ပစ်ချလိုက် သည်။

"သားရယ် မြွေပါးကင်းပါးနဲ့ ည အချိန်မတော်ကြီး ဘာလို့သွားရတာလဲ၊ သူ့အစ်ကိုတွေ သိသွားရင် သားကို ဝိုင်း ရိုက်ကြမှာ" ဟု အေးအေးဆေးဆေး ဖျောင်းဖျပြောဆိုသည်။

"အမေ မသွားစေချင်ရင် သား နောက်မသွားတော့ပါဘူး အမေရယ်၊ သားကို အဆင့်နဲ့လက်ထပ်ပေးပါတော့"

"ဘာပြောတယ် သား"

"သားတို့ကို လက်ထပ်ပေးပါလို့ ပြောတာပါ"

ဒေါ်ချစ်၏မျက်ရည်တွေ ပါးပြင် နှစ်ဖက်ပေါ်သို့ စီးကျလာသည်။ ရှိုက် ကြီးတငင် ငိုနေသည်။ မျက်ရည်ကို လက်မောင်းက အင်္ကျီစနှင့်သုတ်ရင်း-

"သားရယ် သားက ငယ်ပါသေး တယ်၊ အခုမှ အသက်က ၁၆ နှစ်ကျော် ပဲရှိသေးတာ၊ လက်မထပ်ချင်ပါနဲ့ဦးသား ရယ်၊ အမေ သဘောမတူလို့ ပြောတာ မဟုတ်ပါဘူး၊ သားက ငယ်သေးလို့ပါ၊ တစ်နှစ် နှစ်နှစ်နေပြီးရင် သားတို့ကို အမေ လက်ထပ်ပေးပါ့မယ်"

အမေ မျက်ရည်ကျနေသဖြင့် မောင်အောင် ဘာမှဆက်မပြောချင် တော့ပါ။ ခေါင်းအုံးနှင့်စောင်ကိုယူကာ ခေါင်းမြီးခြုံပြီး အိပ်ပစ်လိုက်သည်။

မဆင့်၏ဘကြီးက မဆင့်ကို ရန်ကုန်မြို့ရှိ မဆင့်အစ်ကိုကြီးအိမ်သို့ ပို့လိုက်သည်။ မောင်အောင် တလင်းမှ စပါးတွေ စပါးကျီထဲထည့်သွင်းလိုက်၊ လှည်းဖြင့် ကောက်ရိုးတိုက်ပြီး ကောက် ရိုးပုံလုပ်လိုက်ဖြင့် အလုပ်ကို ကုန်းရုန်း လုပ်နေသည်။ အလုပ်တွေလုပ်နေသော် လည်းပဲ စိတ်တိုနေသည်။ အရာရာကို အလိုမကျ မကျေနပ်ဖြစ်နေသည်။

မဆင့် ရန်ကုန်သို့ရောက်သွား သည်မှာ တစ်လကျော်ရှိနေပြီ။ မဆင့် သတင်းကို ဘာမှမကြားရဖြစ်နေသည်။ မောင်အောင် ဖျားလျက်နှင့် အလုပ်ကို ပေပြီးလုပ်နေသည်။ တစ်ရေနံနက်တွင် တော့ ဝမ်းဗိုက်မှမခံနိုင်လောက်အောင် အောင့်ပြီးနာနေသည်။ မောင်အောင်ကို ဒိုက်ဦးဆေးရုံသို့ တင်လိုက်ကြရသည်။ ဆရာဝန်ကြီးက အူရောင်ငန်းဖျားရောဂါ ဟု ပြောသည်။

မောင်အောင်လည်း ဆေးရုံတွင် အဖတ်မစားရဘဲ အရည်ပဲသောက်နေရ သည်။ ဆေးရုံက နပ်စ်မလေးက ဖြူဖြူ ချောချော သေးသေးသွယ်သွယ်လေး အသံက အလွန်ချိုရှသည်။ လူနာစောင့် တွေ၊ ဧည့်သည်တွေ လူနာ၏ခုတင်ပေါ် သို့ တက်ထိုင်လျှင် အသံစူးစူးလေးနှင့် အော်ငေါက်တတ်သည်။ မောင်အောင့် ကို ဆရာမလေးက နေ့စဉ် ဆေးထိုး ဆေးသွင်းပေးသည်။ ဒေါ်ချစ်က သား မောင်အောင်ကို အားပေးကာ စောင့် ရှောက်သည်။ တစ်ညတွင် မောင်အောင် နှင့်ယှဉ်လျက် ခုတင်မှ လူနာက . . .

"ဟေ့ကောင် ငါနဲ့လိုက်ခဲ့မလား၊ ငါ့ဘေးမှာ ဆရာကြီးရောက်နေတယ်၊ ငါ့ကိုလာခေါ်နေပြီ၊ မင်းလိုက်ခဲ့ပါလား" ဟု ကယောင်ကတမ်းနှင့် မောင်အောင် ကို လှမ်းပြောနေသည်။မောင်အောင်က ဘာမှပြန်မပြောချင်သဖြင့် ခေါင်းယမ်း ပြလိုက်သည်။ မောင်အောင်ကို လိုက်ခဲ့ ရန် ခေါ်နေသည့်လူနာ နံနက်မိုးလင်း ပိုင်းတွင် သေဆုံးသွားသည်။

မောင်အောင် တွေးနေမိသည်။

"သေခြင်းတရားက တယ်မြန်ပါ လား၊ ငါ သေလို့မဖြစ်သေးဘူး၊ အား တင်းထားမှ၊ အဆင့်နဲ့လက်ထပ်ရဦးမယ်၊ အလုပ်တွေကြိုးစားလုပ်ရဦးမယ်၊ အဆင့် ကို သမီးလေးတွေ မွေးခိုင်းရဦးမယ်၊ သမီးလေးတွေ လယ်ကွင်းထဲမှာ ပြေး လွှားဆော့ကစားနေကြမှာ၊ မျော် ပို့ ကောင်းတဲ့ မိသားစုဘဝလေးဖြစ် မ ငို

ဆရာမလေးက "ဆေးထိုး ဟု ဟု ပြောလိုက်မှ မောင်အောင့် မှိတ် များ ရပ်သွားသည်။ သွား

တစ်လကြာသောအခါ မော ၃ပ် အောင် ဆေးရုံမှ ဆင်းခွင့်ရသည်။ မောင်အောင် ဆေးရုံမှ ဆင်းလာပြီး နောက်ပိုင်း ခေါင်းအမြဲမူးနေသည်။ ရန်ကုန်ဆေးရုံမှ သမားတော်များထံတွင် ပြသပြီးဆေးသောက်နေရသည်။ မောင် အောင်၏ ကျန်းမာရေးက သိပ်မကောင်း သေးပါ။ လမ်းလျှောက်သည့်အခါပင် မောမောနေတတ်သည်။ လယ်ထဲသို့ လည်း ပြန်မဆင်းနိုင် ဖြစ်နေသည်။

စာသင်ကျောင်းတွေ ဖွင့်ချိန်သို့ ရောက်ရှိလာခဲ့ပြီ။ မောင်အောင်လည်း ကျောင်းပြန်တက်ချင်စိတ်တွေ ပေါက် နေသဖြင့် "အဖေ သား ကျောင်းပြန် တက်ချင်တယ်" ဟု ဖခင်ကိုပူဆာလိုက် သည်။ ဖခင်ဦးကျော်က . . .

"အေး သားလယ်ထဲ ပြန်မဆင်း နိုင်မယ့်အတူတူ မထူးပါဘူး၊ ကျောင်းပဲ ပြန်တက်ပေါ့ကွာ" ဟု ခွင့်ပြုလိုက်တော့ သည်။

မောင်အောင် ဖောင်တော်သီ အစိုးရအထက်တန်းကျောင်း အဋ္ဌမ တန်းမှာ တက်နေသည်။ မောင်အောင် ကျောင်းစာတွေနှင့် နှစ်နှစ်ကြာကင်းကွာ ခဲ့သဖြင့်ပိုပြီးကြိုးစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် မောင်အောင် မဆင့်ထံမှ စာရသည်။ မဆင့်စာတွင် နေထိုင်ကောင်းကြောင်း၊ လွှမ်းဆွတ်သတိရနေကြောင်း၊ လာလည်လို့ ရကြောင်းနှင့် လမ်းညွှန်လိပ်စာတွေ ပါသည်။ မောင်အောင် မဆင့်ထံသို့ အရောက်သွားသည်။ မဆင့်၏အစ်ကိုကြီး ဦးထွန်းထွန်းက သဘောကောင်းသည်။

ယောက်မဖြစ်သူ ဒေါ်မြမြကလည်း ဖော်ဖော်ရွေရွေရှိပါသည်။ မဆင့် ထမ်း ကူမလေးတွေက ချစ်စရာကောင်းသည်။ ညဦးဦးယံအချိန်တွင် ထစ်အိမ်ကြိုး၊ နွာ း အိပ်ကုန်ကြပြီ။ မောင်အောင် နဖားကြိုး ဉ့်က စကားတွေပြောလို့မကုန် စိတ် ကို သယ်နေကြသည်။

၏ ဖခ မောင်အောင်နှင့်မိုးက အကျိုး မိဘ းသည်။ အငြိုးနှင့်ရွာနေသည်လည်း ဖြစ်နိုင်သည်။ မိုးက တစိမ့်စိမ့်ရွာနေသည်။

"ညီမ အစ်ကို့ကို သတိရနေရဲ့လား"

"သတိလဲရတယ်၊ လွမ်းလဲလွမ်းပါတယ် အစ်ကိုရယ်"

"ဒါနဲ့များ ဘာလို့ အကြာကြီးနေမှ ဆက်သွယ်ရတာလဲ"

"ညီမက အစ်ကိုကြီးအိမ်မှာနေရတာလေ၊ အစ်ကိုကြီးမျက်နှာလဲ ကြည့်ရသေးတယ်၊ ယောက်မမျက်နှာလဲကြည့်ရသေးတယ်၊ အခုတောင် အစ်ကိုကြီးကို ညီမတို့အကြောင်း သေချာပြောပြတော့ ညီမကို သနားပြီး ခွင့်ပြုလို့ စာရေးလိုက်ရတာ"

"အေးပါကွာ၊ အစ်ကို ညီမရဲ့ဘဝကို နားလည်ပါတယ်၊ အစ်ကို ဆေးရုံတက်ခဲ့ရသေးတယ်၊ အခုလဲ ကျန်းမာရေးက သိပ်မကောင်းသေးဘူး၊ လယ်ထဲ မဆင်းနိုင်တော့လို့ ကျောင်းပြန်တက်နေတယ်"

"အစ်ကို ဆေးရုံတက်တာလဲ ညီမသိတာပဲ၊ ပြေးလာချင်တာပေါ့၊ လာလို့ မဖြစ်လို့သာ၊ ညီမ အစ်ကိုကျန်းမာအောင် ညတိုင်း ဘုရားမှာဆုတောင်းပေးနေခဲ့တာ"

နှစ်ယောက်သား အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားကြသည်။

"ညီမ"

"ပြောလေ အစ်ကို"

"အစ်ကို နောက်နှစ် ညီမနဲ့လက်ထပ်ဖို့ အမေ့ကို ပြောထားတယ်၊ အခု အစ်ကို့ကျန်းမာရေးက သိပ်မကောင်းတော့ ဆယ်တန်းအောင်ပြီးမှ ညီမနဲ့ လက်ထပ်ရရင် ကောင်းမလား၊ ညီမ စောင့် စောင့်နိုင်ပါ့မလားလို့ အစ်ကို စဉ်းစားနေတာ"

"အစ်ကိုသာ ကျန်းမာရေးကိုဂရုစိုက်ပြီး စာကြိုးစားပါ၊ ညီမ အစ်ကို့ကို စောင့်နေပါ့မယ်၊ ညီမက ဘဝကို သတ္တိရှိရှိ ရုန်းကန်ရင်ဆိုင်ရဲပါတယ် အစ်ကိုရယ်"

"အစ်ကို ညီမကို ယုံပါတယ်ကွာ" ဟု ပြောရင်း မောင်အောင် မဆင့်၏ကိုယ်လုံးလေးကို သိမ်းကျုံးဖက်ထားလိုက်သည်။ မိုးကတော့ တစိမ့်စိမ့်ရွာနေဆဲပါ။

နံနက်သို့ရောက်လျှင်. . .

"ညီမ အစ်ကိုပြန်တော့မယ်နော်၊ ညီမ အလွမ်းပြေကြည့်ဖို့ အစ်ကို့ဓာတ်ပုံလေး ပေးခဲ့မယ်" ဟုပြောပြီး အလှရိုက်ထားသည့် ကိုယ်တစ်ပိုင်းပုံလေး မဆင့်ကို ပေးလိုက်သည်။ မဆင့် အိပ်ခန်းထဲသို့ ပြေးဝင်သွားပြီး ပြန်ထွက်လာကာ-

"အစ်ကို အလွမ်းပြေကြည့်ဖို့ ညီမလဲ ဓာတ်ပုံလေး ပေးလိုက်မယ်" ဟု အလှရိုက်ထားသည့် မတ်တတ်ရပ်ပုံလေး ပေးလိုက်သည်။

မောင်အောင် မဆင့်၏လက်နှစ်ဖက်ကို ခပ်တင်းတင်းလေးဆုပ်ကိုင်ရင်း နဖူးလေးကို မွှေးမွှေးပေးလိုက်သည်။ မဆင့်က အိမ်ရှေ့လမ်းအထိ လိုက်ပို့ပေးသည်။ ချစ်သူနှင့် မခွဲချင်မခွာရက်ပေမယ့် မဆင့်ကို လက်ပြနှုတ်ဆက်ပြီး ရွာသို့ ပြန်လာခဲ့သည်။ မောင်အောင် အဋ္ဌမတန်းအောင်ပြီး နဝမတန်းသို့ ရောက်နေပြီ။ ရန်ကုန်ဆေးရုံရှိ သမားတော်ထံသို့ သွားပြတိုင်း မဆင့်ထံသို့လည်း ရောက်အောင်သွားခဲ့သည်။ တစ်ခါတွင် မဆင့်က ညနေစာထမင်းချက်ကျွေးသည်။ မဆင့်က ဟင်းချက်ကောင်းသည်။ ငါးကိုပြုတ်ပြီး ငါးပိချက်လေး ချက်ထားသည်မှာ အမေ့လက်ရာထက် ကောင်းသဖြင့် မောင်အောင့်အတွက် တစ်သက်မမေ့နိုင်စရာ ဖြစ်ခဲ့သည်။

နံနက်စောစောတွင် မောင်အောင်နှင့်မဆင့် စိန်ပန်းမြိုင်ရပ်ကွက်က စိန်ပန်းပွင့်နီနီလေးတွေ မြေမှာကြဲပြန့်နေသည့် မြေနီလမ်းလေးတွင် လမ်းလျှောက်ခဲ့ကြသေးသည်။ စိန်ပန်းပင်အောက်မှာ ထိုင်ကာနားပြီး ချစ်စကားလေးတွေ ပြောကြရတာလည်း မောင်အောင် ပျော်ရွှင် ကြည်နူးခဲ့ရသည်။ နောက်တစ်ခေါက် ရန်ကုန်ရောက်တုန်းကလည်း မဆင့်အစ်ကိုကြီးက ညဘက်မှာ ပြည်ထောင်စုပြပွဲတွေ လိုက်ပို့ပေးသည်။ မီးရောင်စုံထိန်ထိန်အောက်မှာ မောင်အောင်နှင့်မဆင့် အတူလျှောက်ကြည့်ရသဖြင့် သိပ်ပျော်ခဲ့ကြသည်။

မောင်အောင် ကိုးတန်းစာမေးပွဲကြီးဖြေအပြီး နောက်တစ်နေ့ အဒေါ်နှင်း ခေါ်သဖြင့် သွားရသည်။ အဒေါ်နှင်းအိမ်သို့ ရောက်လျှင်. . .

"ငါ့တူ မင်းသိသင့်တယ်ထင်လို့ ပြောရမှာ၊ မင်း စာမေးပွဲဖြေလို့ ပြီးသေးလို့ မပြောဘဲ အောင့်ထားရတာ၊ မင်း စိတ်ခိုင်ခိုင်ထားနော်" ဟုပြောပြီး စကားကို ရပ်ထားသည်။

"ဘာများလဲ အဒေါ်ရာ ပြောမှာသာ မြန်မြန်ပြောပါတော့"

"မဆင့် သူ့ယောက်မရဲ့မောင်နဲ့ လက်ထပ်တော့မယ်လို့ အဒေါ်ကြားတယ်"

မောင်အောင့်နှုတ်မှ "ဗျာ"ခနဲ အသံထွက်သွားပြီးမောင်အောင့်အသည်းကျဉ်ခနဲဖြစ်သွားသည်။ ရည်းစားလူလူ အူနုကျွဲခတ်ဆိုသည်မှာ မောင်အောင့်



www.burmeseclassic.com

www.burmeseclassic.com

အတွက် မှန်နေသည်။ မောင်အောင် တို့တစ်ခေါက် ရန်ကုန်ရောက်တုန်းက လမ်းမှာ "တုတ်ကြား မားကြားက ရထား တဲ့ ကိုယ့်ရည်းစားကို ဘယ်သူက မျှော်မှန်းနေသလဲ၊ ထင်းခနဲ လင်းခနဲ သိရမယ်၊ ဗေဒင်ဟောစာတမ်းတွေ ရမယ်" ဟု ဟောစာတမ်းရောင်းနေသူကို ပြေးလို့ သတိရလိုက်သည်။

ထိုဟောစာတမ်း ဝယ်ဖတ်ခဲ့ရလျှင် ကောင်းသားလို့ တွေးမိသည်။ အခုတော့ အဒေါ်ကြားတာ ကောလာဟလ ဖြစ်ပါစေလို့သာ ဆုတောင်းနေမိသည်။

"အဒေါ် ဒါဆို ဒီနေ့ပဲ ကျွန်တော် အဆင့်ဆီလိုက်သွားတော့မယ်" ဟုပြောပြီး အိမ်သို့ ပြန်လာခဲ့သည်။

မောင်အောင် ကြုံရာကားနှင့် ရန်ကုန်သို့သွားသည်။ နေဝင်ရီတရော အချိန် မဆင့်အစ်ကိုကြီးအိမ်သို့ရောက်သွားသည်။ မောင်အောင် အိမ်ပေါ်သို့ တက်ထိုင်ခါ ရှိသေးသည် မဆင့်၏ ယောက်မဖြစ်သူ ဒေါ်မြမြကအိမ်အပြင်ဘက်သို့ ထွက်သွားရင်း "လျှာနှစ်ခွနဲ့ မြွေဟောက်မ" ဟုခပ်ကျယ်ကျယ်လေး ပြောသွားသည်။

မဆင့်ကို စောင်းချိတ် ပြောသွားမှန်း မောင်အောင် ရိပ်မိလိုက်သည်။ အဒေါ်ကြားထားတာတွေ မှန်နေပြီဟုလည်း တွေးမိလိုက်သည်။

ညအိပ်ခါနီးတွင် မဆင့်ခင်းပေးသည့် အိပ်ရာမှာ တုံးလုံးလှဲနေလိုက်သည်။ မဆင့်က စောင်ခြုံပေးပြီး မောင်အောင်၏ ခြေသလုံး ခြေဖျားတွေကို လက်နှင့်နှိပ်ပေး ဆုပ်နယ်ပေးသည်။ မောင်အောင့်ခြေဖျား၊ လက်ဖျားတွေ ရေခဲလိုအေးစက်နေသည်။ ရင်ထဲတွင် ငရဲမီးလို ပူလောင်နေသည်။ ရင်ထဲမှာ ပြည့်ကျပ်ဆို့နင့်နေသည်။ စကားပြောရန် မနည်းအားယူနေရသည်။

"ညီမ လက်ထပ်တော့မယ်ကြားလို့ အစ်ကို လိုက်လာခဲ့တာ၊ တကယ်ပဲ လက်ထပ်တော့မှာလား"

"ဟုတ်တယ်၊ ဒီည ညီမ အစ်ကို့နားကို မလာတော့ဘူးနော်"

နှလုံးသားမှာ ဖော်မပြတတ်သည့် ဝေဒနာကို ခံစားလိုက်ရသည်။ ခြေထောက်တွေကို ရှုန်းပြီး ခြေဖျားကို နှိပ်နယ်ပေးနေသည့် မဆင့်လက်တွေကို ကန်ကျောက်လိုက်သည်။

"ကဲ ညီမ သွားအိပ်ပါတော့ကွာ" ဟုတစ်ခွန်းတည်းသာပြောလိုက်မိသည်။ မဆင့် အိပ်ခန်းထဲသို့ ပြေးဝင်သွားပြီး ညအိပ်မီးခလုတ်ကို ဒေါက်ခနဲ ဆောင့်ပိတ်လိုက်သည်။

မောင်အောင်၏ရင်ထဲမှာ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ အပူမီးအချစ်မီးတွေ တောက်လောင်နေသဖြင့် တစ်ညလုံး အိပ်မပျော်ဖြစ်နေသည်။

မိုးမြန်မြန်လင်းပါစေလို့သာ စိတ်စောနေသည်။ နံနက်မိုးလင်းသည်နှင့် မောင်အောင်က မဆင့်ကို . . .

"ညီမ အစ်ကိုပြန်တော့မယ်" ဟု နှုတ်ဆက်ရင်း မဆင့် ယခင်ကပေးထားခဲ့သည့် ဓာတ်ပုံလေးကို ပြန်ပေးလိုက်သည်။ အိမ်ပေါ်မှ ဆင်းခဲ့သည်။ အိမ်ရှေ့လမ်းပေါ် လျှောက်လှမ်းနေစဉ် . .

"အစ်ကို ခဏ" ဆိုသည့် အသံကြားသဖြင့် လှည့်ကြည့်ရာ မဆင့်ပြေးလိုက်လာသည်ကို တွေ့ရသည်။ မဆင့်ကလည်း မောင်အောင့်ဓာတ်ပုံလေးကို ကမ်းပေးသည်။

မောင်အောင် ဓာတ်ပုံလေးကို လှမ်းယူပြီး ရှေ့သို့ ဆက်လျှောက်သွားသည်။ ဆယ်လှမ်းလောက်လျှောက်အပြီး လက်ထဲကဓာတ်ပုံလေးကိုအစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲပြီး လွှင့်ပစ်လိုက်တော့သည်။

မြေနီလမ်းလေးမှာ ဓာတ်ပုံစလေးတွေက စိန်ပန်းပွင့်နီနီလေးတွေနှင့်အတူ ပြန့်ကျဲသွားသည်။ မောင်အောင့် အသည်းနှလုံးတွေလည်း ဓာတ်ပုံလေးကဲ့သို့ ကြေမွသွားသည်။ ပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်စက်ခွေးခွေးလေးများ စီးကျလာသည်။

မောင်အောင် အိမ်ပြန်ရောက်သည်နှင့် ဖျားတော့သည်။ ညဘက်တွင် ကိုယ်တွေချစ်ချစ်တောက်ပူပြီး အဖျားတက်တာ သတိလစ်သွားသည်။ "ညီမ အဆင့် အဆင့်" ဟုလည်း ကယောင်ကတမ်းအော်ခေါ်နေသည်။ သတိလည်လာလို့ ကြည့်လိုက်သောအခါ နံဘေးတွင် အမေငိုနေသည်ကို တွေ့လိုက်ရသည်။

"အမေ့ သား ဝေဒနာတွေခံစားနေရတာကို မကြည့်ရက်လို့ ငိုနေတာလား၊ လက်ထပ်ပေးဖို့ ပြောတုန်းက ချက်ချင်း လက်ထပ်မပေးလိုက်ရလို့ နောင်တရပြီး ငိုနေတာလား၊ အမေ ငိုနေတာ သားမကြည့်ရက်ပါဘူး" ဟု မောင်အောင်တွေးရင်း မျက်စိပြန်မှိတ်သွားသည်။ မောင်အောင် ငြိမ်ကျသွားသည်။ သတိလစ်သွားတာလား၊ အိပ်မောကျသွားတာလား မသိတော့ပါ။ ဆယ်ရက်လုံးလုံး အသည်းကွဲသည့် ဝေဒနာကို အလူးအလဲ ရှူမတတ် ခံစားခဲ့ရသည်။

ကျောင်းဖွင့်ချိန်သို့ ရောက်ရှိလာသဖြင့် မောင်အောင် ကျောင်းပြန်တက်နေသည်။ ပျံ့လွင့်နေသည့် စိတ်တွေကို ကျောင်းစာထဲမှာ နှစ်ပစ်လိုက်သည်။ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ရမည်ဟု ဆုံးဖြတ်ချက်ချပြီး စာကြိုးစားသည်။ မောင်အောင် မျှော်မှန်းသည့်အတိုင်း စာမေးပွဲအောင်သည်။ မော်လမြိုင်ကောလိပ်တွင် ကျောင်းဆက်တက်ခဲ့သည်။ မော်လမြိုင်ရောက်ပြီး ခြောက်လလောက်တွင် ခေါင်းမူးဝေဒနာလည်း ပျောက်ကင်းသွားခဲ့သည်။ ဆေးဆက်မသောက်ရတော့ပါ။ မောရဆောင် အပေါ်ထပ် အခန်း(၂၇)တွင် နေခဲ့ရသည်။ အဆောင်ပေါ်မှ တောင်ခိုးတွေဝေနေသည့် တောင်ဝိုင်း တောင်ညို တောင်တန်းကြီးကို ငေးကြည့်ပြီး မဆင့်ထံသို့ လွမ်းနေခဲ့သေးသည်။

မောင်အောင် ၁၉၇၃ ခုနှစ်တွင် သိပ္ပံဘွဲ့ ရခဲ့သည်။ ၁၉၇၄ ခုနှစ်တွင်





www.burmeseclassic.com

www.burmeseclassic.com

ရွှေမြိုင်သူ သက်ထားနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ မောင်အောင်နှင့် သက်ထားတို့ မော်လမြိုင်မြို့ရှိ ရုံးတစ်ရုံးတွင် အတူအလုပ်လုပ်ကြသည်။ သက်ထားကိုခေါ်ပြီး မွေးရပ်ရွာသို့ အလည်သွားခဲ့သည်။

ရွာသို့ရောက်လျှင် သက်ထားက မောင်အောင်တွင် မဆင့်ဆိုသည့် ငယ်ချစ်ဦးရှိခဲ့မှန်းသိသွားပြီး စိတ်ထိခိုက်ကာ ဖျားသွားသည်။ မောင်အောင်က-

"သက်ရယ် သက်က ငယ်ချစ်ဦး မဟုတ်ပေမယ့် မောင့်ရဲ့အချစ်ဆုံးပါ" ဟု နှစ်သိမ့်လိုက်မှ အဖျားပျောက်သွားခဲ့သည်။ မောင်အောင်နှင့် သက်ထားတို့ ၁၉၉၄ ခုနှစ်တွင် မော်လမြိုင်မှ ရန်ကုန်သို့ အလုပ်တာဝန် ပြောင်းရွှေ့ထမ်းဆောင်ခဲ့ကြသည်။

*

ဦးအောင်ထက်ဇော် တစ်ယောက် တွေးနေဆဲ . . .။

နှစ် · လ ရက်တွေ အချိန်တွေ အကုန်မြန်လိုက်တာ၊ အခုဆို သက်ထားလည်း သားသမီးလေးယောက်၊ မြေးနှစ်ယောက် ရနေပြီ။ အဆင့်တို့အိမ်ကို လိုက်သွားရင် သဝန်ကြောင် အူတိုနေဦးမှာလား။

ဩော် . . ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာဆိုတာ တယ်မှန်ပါလား။ အဆင့်နဲ့မတွေ့ရတာ နှစ်ပေါင်းလေးဆယ့်ငါးနှစ်တောင် ကျော်လာခဲ့ပြီ။ မေ့မရသေးပါလား၊ အဆင့်ကို တွေ့ချင်ပါသေးတယ်။

သမီး ခက်ဝေက . . .

"အဖေ ဦးတို့ရောက်လာကြပြီ" ဟု လှမ်းအော်ပြောလိုက်သည်။သမီး အသံကြားလိုက်မှ ဦးအောင်ထက်ဇော်၏ အတိတ်ကပုံရိပ်တွေ လွင့်ပျောက်သွားပါတော့သည်။

"သက်တင်နဲ့ အေးသန်းတို့ နားကြဦး၊ အမောပြေမှ အစ်ကိုလေး အဆင့်တို့အိမ် လိုက်ပို့ပေးမယ်" ဟုပြောလိုက်သည်။

"ဟုတ်ကဲ့၊ နားလိုက်ဦးမယ် အစ်ကိုလေး" ဟု သက်တင်ကပြောကာ နားနေကြသည်။ ဦးအောင်ထက်ဇော်က-

"သက်ထားရေ ကိုယ် သက်တင်တို့ကို အဆင့်တို့အိမ် လိုက်ပို့လိုက်ဦးမယ်၊ စိတ်မချရင် လိုက်ခဲ့နော်" ဟု ဇနီးကို ကျီစယ်လိုက်သည်။ သက်ထားက-

"သွားပါ၊ သွားချင်နေတယ် မဟုတ်လား" ဟု တဲ့တိုးပြောလိုက်လေသည်။ သမီး ခက်ဝေက . . .

"အဖေ ကြည့်လုပ်နော်၊ တော်ကြာ အမေ ဖျားနေဦးမယ်" ဟု ရယ်ပြုံးရင်း ကလိလိုက်သည်။

ဦးအောင်ထက်ဇော်တို့ တက္ကစီဖြင့် ရန်ကင်းမှ တောင်ဥက္ကလာရှိ ဒေါ်ခင်ဆင့်၏အိမ်သို့ သွားကြသည်။ အိမ်ရှေ့သို့ရောက်လျှင် ဒေါ်ခင်ဆင့်က . .

"သက်တင်တို့ လာကြမယ်ဆိုလို့ စောင့်နေတာ" ဟုပြောပြီး ဧည့်ခန်းသို့ ခေါ်ဆောင်သွားသည်။

ဦးအောင်ထက်ဇော်က . . .

"ညီမ နေကောင်းလား၊ လမ်းမှာ တွေ့ရင် မှတ်မိမှာ မဟုတ်ဘူး" ဟုပြောလိုက်သည်။ ဒေါ်ခင်ဆင့်က . . .

"ကောင်းပါတယ်၊ ညီမလဲ လမ်းမှာဆို အစ်ကို့ကို မှတ်မိမှာမဟုတ်ဘူး၊ အစ်ကိုက ငယ်ငယ်ကနဲ့မတူတော့ဘူး၊ ဝလာတယ်"

တစ်ဆက်တည်းမှာပင် . . .

"သက်တင်နဲ့အေးသန်းတို့ ထိုင်ကြဦးနော်၊ နင်တို့ လာမယ်ဆိုလို့ ငါ ထမင်းချက်ထားတယ်၊ ဟင်းချက်ဖို့ပဲ ကျန်တော့တယ်" ဟုပြောပြီး မီးဖိုခန်းထဲသို့ ဝင်သွားသည်။

ဒေါ်ခင်ဆင့် အတိတ်က ဝမ်းနည်းစရာအကြောင်းတွေကို ပြန်ပြောင်းသတိရပြီး မီးဖိုခန်းထဲတွင် တစ်ယောက်တည်း ကြိတ်မှိတ်ပြီး ငိုပစ်လိုက်သည်။ ဒေါ်ခင်ဆင့် မီးဖိုခန်းမှပြန်ထွက်လာပြီး ဦးအောင်ထက်ဇော်အနီးရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ဦးအောင်ထက်ဇော်က စကားစလိုက်သည်။

"ညီမအမျိုးသား ကိုငွေဝင်းကော နေကောင်းရဲ့လား၊ ဘာလုပ်နေလဲ"

"နေကောင်းပါတယ်၊ အခုတော့ ဘာမှ မလုပ်တော့ပါဘူး"

ဒေါ်ခင်ဆင့်က ဦးအောင်ထက်ဇော်၏ မျက်နှာကို စိုက်ကြည့်ရင်း . . .

"အစ်ကို အိမ်လိုက်လာမယ်လို့တောင် မထင်ထားဘူး"

"ဘာဖြစ်လို့လဲ ညီမရဲ့"

"အစ်ကို ညီမကို စိတ်ဆိုးပြီးမုန်းနေတယ် မဟုတ်လား၊ ညီမ ကိုယ့်ကိုယ်ကိုယ် ကြိုးစားရပ်တည်ပြီး အစ်ကို့ကို စောင့်ခဲ့ပါသေးတယ်၊ ဒါပေမဲ့ ဘဝကို ကြိုးစားရပ်တည်ရှုန်းကန်ရင်း ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ညီမ ပြိုလဲသွားခဲ့တယ်၊ ညီမကို မုန်းချင်သလောက်သာ မုန်းလိုက်ပါတော့ အစ်ကိုရယ်"

ဒေါ်ခင်ဆင့် မျက်နှာတွင် ဝမ်းနည်းခြင်း ကြေကွဲခြင်း အရိပ်အယောင်များ ထင်ဟပ်ပေါ်လွင်နေပြီး မျက်ရည်ဥလေးများ ပါးပြင်နှစ်ဖက်ပေါ်သို့ တွဲခိုလို့ကျလာသည်။

"အစ်ကို ညီမကို မမုန်းပါဘူးကွာ၊ ညီမရဲ့ဘဝကို အစ်ကို နားလည်ခွင့်လွှတ်ပါတယ်"

"ဒါနဲ့များတောင် အစ်ကိုရယ် ဒီလောက်နှစ်တွေအကြာကြီး ညီမကို မတွေ့ဘဲ နေနိုင်ရက်တယ်နော်"

"ညီမတို့ အိမ်ထောင်ရေးမှာ အစ်ကို့အတွက်နဲ့ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ညီမဆီကို လာမတွေ့ခဲ့တာပါ၊ ကြည်နေတဲ့ကန်ရေကို မနောက်စေချင်ဘူးလေ၊ လန်းနေတဲ့ ကြာပွင့်လေးတွေကိုလဲ မနွမ်းစေချင်ဘူးလေ၊ အစ်ကို အဝေးကပဲ ညီမဆီ လှမ်းနေခဲ့တယ်၊ မိုးတွေရွာရင် ပိုလွမ်းတယ်၊ မုန်းရက်ပါဘူး ငယ်ချစ်ဦးရယ် . . ."

"ဩော် . . . အစ်ကိုရယ်"

❒ အောင်ကြည်ထွန်း
(ဖောင်ဝေဆိုင်)





www.burmeseclassic.com

www.burmeseclassic.com

လောကကြီးထဲတွင် ပရလောကသားများ၊ ဝိညာဉ်၊ တစ္ဆေ၊ သရဲ စသည်တို့ အမှန်တကယ်ရှိ၊ မရှိ အငြင်းပွားမှုများ မကြာခဏ ကြုံတွေ့နေကြရသည်။ ထူးခြား ဆန်းကြယ်သော ဖြစ်ရပ်များသည် တစ်ခါတစ်ရံ ကိုယ်တိုင်ကြုံတွေ့ခဲ့ကြသူများသာ လက်ခံကြရာ ထိုအထဲတွင် ကျွန်မ အပါအဝင် ဖြစ်ခဲ့ရပါသည်။

အမေတို့၊ အဘွားတို့ ထိုင်ပြောကြသောစကားဝိုင်းတွင် ကလေးဘဝကနားထောင်သူ သက်သက်ဖြစ်ရာ ကိုယ်တိုင်မတွေ့ဖူး၍ သိပ်တော့ မကြောက်တတ်လှပါ။ ယခုမူ ကိုယ်တွေ့အဖြစ်အပျက်ကြောင့် ကျွန်မကတော့ ဝိညာဉ်၊ နာ်နာဘာဝရှိသည်ကို လုံးဝ ယုံကြည်လက်ခံကြောင်း တင်ပြလိုက်ရပါသည်။

ကျွန်မသည် ကချင်ပြည်နယ် မန်စီမြို့သား ကိုထွန်းငွေနှင့် အိမ်ထောင်ကျရာ မန်စီမြို့ကလေးမှာပင် သမဝါယမ ဦးစီးဌာနတွင် (ပ)ငွေကိုင်အဖြစ် တာဝန်ထမ်းဆောင် အခြေစိုက်နေထိုင်ခဲ့ပါသည်။ ကျွန်မ၏ခင်ပွန်း ကိုထွန်းငွေမှာ ရှမ်းမြန်မာတစ်ယောက် ဖြစ်၍ လယ်လုပ်၊ တောင်ယာခုတ်၊ ပဲခင်းလုပ်၊ ရွှေများထွက်ရာဒေသများတွင်ရွှေဝယ်၊ ရွှေကျင်၊ မိုးကုတ်သို့ကျောက်တူးခြင်းနှင့် တံရှတ်ပြည်သို့ ကုန်ရောင်းကုန်ဝယ် အစရှိသည်တို့ အလုပ်နှင့်လက် မပြတ်အောင် လုပ်ကိုင်လျက် ကျွန်မတို့မိသားစုကို မညည်းမညူ ရှာဖွေကျွေးမွေးခဲ့ပါသည်။

ကျွန်မတို့ မိသားစု ဆိုရာတွင် သားကြီးစိုးမြင့်၊ သားလတ် ဘုန်းနိုင်၊ သမီးအငယ်ဆုံး ဖြူထွန်း သုံးယောက်နှင့် စုစုပေါင်းမိသားစု ငါးယောက် ဖြစ်ပါသည်။

သားကြီးမှာ လေးတန်း၊ သားလတ်မှာ သုံးတန်း၊ သမီးအငယ်ဆုံးမှာ သူငယ်တန်းတွင် ပညာသင်ကြားနေကြရာ ပျော်ရွှင်စရာ မိသားစု ကမ္ဘာလေးပါတည်း။

၁၉၈၀ ပြည့်နှစ် ဝန်းကျင်လောက်က မန်စီမြို့လေးသည် အနက်ရောင်နယ်မြေအဖြစ် သတ်မှတ်ခြင်းခံထားရပြီး (ဂ) အဆင့် မြို့နယ်ကလေးသာဖြစ်ပြီး ဗန်းမော်မြို့မှ ဆယ်မိုင်ခန့်ကွာဝေးပါသည်။ လျှပ်စစ်မီးလည်း ကောင်းမွန်စွာ မရရှိသေးပါ။ ရပ်ကွက်အားဖြင့် လေးရပ်ကွက်သာ ရှိ၍ ကောင်ရာရပ်ကွက်၊ ဂျင်းဖော်မြေရပ်ကွက်၊ မောရဝတီ ရပ်ကွက်နှင့် ပြင်ဦးလွင် ရပ်ကွက်တို့ ဖြစ်ပြီး ရှမ်း၊ ရှမ်း-မြန်မာ၊ ကချင်-မြန်မာနှင့် ကျန်လူမျိုး အနည်းငယ်သာရှိကြပါသည်။ မြို့ကလေးမှာ ငယ်သော်လည်း မြို့သူ မြို့သားများမှာ တိုင်းရင်းသားများ ပီပီ ပွင့်ပွင့်လင်းလင်း ညီညီညွတ်ညွတ်နှင့် အလွန်ချစ်စရာ ကောင်းသော မြို့လေးတစ်မြို့ ဖြစ်ပါသည်။

ကျွန်မ၏ခင်ပွန်း ကိုထွန်းငွေမှာ ရိုးသားဖြူစင်သော စောသူတောင်သားတစ်ဦးဖြစ်ပြီး အသောက်အစား၊ အပျော်အပါး ကင်းသူဖြစ်သော်လည်း တစ်ခါတစ်ရံ ၎င်း၏သူငယ်ချင်းများဖြစ်သော ကိုစံထွန်း၊ ကိုညီရွှေ၊ ကိုသိန်းတန်၊ ကိုနန်းငွေတို့နှင့်အတူ မန်စီမြို့မှ တော်တော်လေးလှမ်းသော တန်ဆာချောင်းသို့ အဖွဲ့လိုက် သွားရောက်ကွန်ပစ် ငါးဖမ်း






www.burmeseclassic.com

www.burmeseclassic.com

လေ့ရှိပါသည်။ ၎င်းတို့အဖွဲ့ သွားရောက်ကွန်ပစ်ကြရာ တန်ဆာချောင်းသည် တောထဲတောင်ထဲ သဘာဝကျောက်တုံး၊ ကျောက်ခဲကြီးများကြားတွင် နေနေကြသော ကျောက်ငါးကြွင်းကြီးများ ကျောက်ငါးလူးကြီးများ ဆယ်ပိဿာ၊ ဆယ့်ငါးပိဿာခန့် ရတတ်ပါသည်။

ထိုအခါတွင် ထမ်းပိုးကြီးများနှင့် လျှို၍ထမ်းပြန်လာကြပြီး ရရှိလာသည့် ငါးကြီးများအား အိမ်ရောက်လာပါက ဗိုက်ခွဲ၊ အကြေးခွံများထိုး ရေဆေးပြီး ငါးဗိုက်ထဲတွင် ငရုတ်၊ ကြက်သွန်ဖြူ ချင်း၊ နံနံပင်၊ ပင်စိမ်း စသည်တို့နှင့် ဆားဆနွင်းနယ်ပါသည်။

၎င်းနောက် ထင်းတုံးကြီးများဖြင့် မီးဖိုကြီးဖို၍ ငါးဗိုက်ကို ကြိုးစည်းပိတ်ပြီး နီရဲ မွှေးကြိုင်လာသည်အထိ မီးကင်ကြပြီးမှ မံဖွအရက်များနှင့် အမြည်းလုပ်၍ ထမင်းဝိုင်းဖွဲ့ တပျော်တပါး စားသောက်တတ်ကြပါသည်။ ငါးများသည် ကင်ထားရာ နီရဲမွှေးကြိုင်၍ အလွန်စားကောင်းပါသည်။

ထိုကဲ့သို့ တန်ဆာချောင်းတွင် ကွန်ပစ်ငါးဖမ်းကြသည်မှာ တစ်ခါတစ်ရံ တစ်လတစ်ကြိမ်၊ နှစ်ကြိမ် သွားရောက်တတ်ကြပေသည်။

တစ်နေ့တွင် ကျွန်မမှာ ကိုထွန်းငွေ တန်ဆာချောင်း ကွန်ပစ်သွားစဉ် အိမ်တွင်ချော်လဲ၍ ကလေးပျက်ကျခဲ့ရာ သူငယ်ချင်း ကေထွယ်လု၊ အယ်လ်နန်ခွဲ့နှင့် မဂျီစီတို့မှ မန်စီဆေးရုံသို့ ဝိုင်းဝန်းပို့ဆောင်ကြပြီး သားအိမ်ခြစ်ခြင်း၊ D.N.C လုပ်ခဲ့ရပါသည်။

သားအိမ်ခြစ်ပြီး ဆရာဝန်မှ ဆင်းခွင့်မပြုဘဲ ဆေးရုံတွင် နှစ်ရက် သုံးရက် အနားယူရန် ညွှန်ကြားထားရာ အိမ်သို့ မပြန်ခဲ့တော့ပါ။

နေ့လယ်ပိုင်းက သူငယ်ချင်းများမှ စောင့်ပေးပြီး ညတွင်ကား ယောက်မဖြစ်သူ မစိန်ပွင့်မှ စောင့်ပေးမည် ဖြစ်ကြောင်း စီစဉ်နေကြပါသည်။ ကျွန်မသည်လည်း ထုံဆေးအရှိန် ကောင်းကောင်းမပြယ်သဖြင့် မှိန်း၍သာနေမိပါသည်။

ညနေ နေဝင်ရီဖျိုးဖျ အမှောင်သန်းချိန်တွင် ထုံဆေးပြယ်စပြုသဖြင့် ဆေးရုံအပြင်ဘက်သို့ လှမ်းမျှော်ကြည့်မိပါသည်။

ထိုနေ့က တန်ဆောင်မုန်းလဆန်း ၉ ရက်ဖြစ်ရာ မန်စီမြို့မှ မီးရောင်ကလေးများ ဟိုတချို့ ဒီတချို့သာ လင်းနေ၍ သားဖြစ်သူ စိုးမြင့်နှင့် ဘုန်းနိုင်နှစ်ယောက်မှာ ထမင်းချိုင့်ကြီးဆွဲ၍ ဆေးရုံဝင်းထဲ ဝင်လာသည်ကို တွေ့လိုက်ရပါသည်။

နောက် ကျွန်မမှ ထမင်းချိုင့်ကို လှမ်းကြည့်လိုက်ရာ သုံးဆင့်ချိုင့်တွင် အပေါ်ဆုံးအဆင့်တွင် ငါးကင်ကြီးကို နှစ်ပိုင်းပိုင်းထည့်ထား၍ အလယ်ဆင့်တွင် မုန်ညင်းစော(မုန်ညင်းချဉ်ရည်ကြို) နှင့် အောက်ဆုံးအဆင့်တွင် ထမင်းဖြူနှင့် ငါးပိထောင်းတွေ့ရရာ အပေါ်ဆုံး ငါးကင်ကြီးထည့်ထားသော ချိုင့်တွင် အဖုံးမပါလာဘဲ ကလေးများမှ သည်အတိုင်း ယူလာခဲ့ပါသည်။

"သားတို့ရယ် ငါးကင်ကြီးကို အဖုံးလဲ မဖုံးဘဲ ဒီအတိုင်း ယူလာရသလား၊ ထမင်းလာပို့တာလဲ မှောင်နေပြီ၊ ဘယ်လိုလုပ်လာကြတာလဲ"

"အဖေက ညနေမှ တန်ဆာချောင်းမက ပြန်လာတာ၊ အမေ ထမင်းစားမြိန်အောင် သေချာငါးကြီးကို ကင်ပေးလိုက်တာ" ဟု ဘုန်းနိုင်မှပြောပြီး မောင်စိုးမြင့်မှ . . .

"ကျွန်တော်တို့လဲ ချိုင့်ဖုံးက ရှာတာမတွေ့လို့ ဖက်နဲ့ ဖုံးလာပါတယ်၊ အမေ ဆာနေမှာစိုးလို့ အမြန်လာကြရတာဗျ" ဟု ပြောပါသည်။

"အေးအေး. . တဲ ပြီးတာပါပဲ၊ အမေ ဘာမှမပြောတော့ပါဘူး၊ အမေ့ ဘာသာထမင်းစားလိုက်မယ်၊ ညီမလေးကို ဂရုစိုက်ကြနော်၊ မင်းတို့အဖေလဲ မှောင်နေလို့ ဆေးရုံ မလာအားရင် မနက်မှသာ လာလို့၊ အမေသက်သာသွားပြီလို့ ပြောလိုက်ကြ ကြားလား ပြန်ကြတော့၊ အရီးစိန်ပွင့် အမေ့တို့ လာစောင့်အိပ်လိမ့်မယ်"

ဟုပြောကာ ပြန်လွှတ်လိုက်ပြီး ထမင်းကိုစားလိုက်ရာရင်ထဲတွင် တစ်မျိုးကြီးခံစားနေရပါသည်။ စိတ်ထဲမှ မသိုးမသန့်ခံစားမိရာ ည ၈ နာရီခန့်တွင် ယောက်မဖြစ်သူ မစိန်ပွင့်မှာ ဆေးရုံသို့ ရောက်လာပြီး . . .

"ယောက်မ ရွှေထွေး ဘက်သာသွားပြီလား၊ ကျွန်မကို ညရေးညတာသွားရင်နှိုးနော်၊ တစ်ယောက်တည်း မသွားနဲ့ ကြားလား"

ဟု ပြောပါသည်။

"ဟုတ်ကဲ့ ကျွန်မ ယောက်မ စိန်ပွင့်ကိုနှိုးပါ့မယ်၊ နေ့လယ်က ပဲခင်းသွားတာ ပင်ပန်းရောပေါ့၊ ယောင်းမအိပ် တော့နော်" ဟုပြောလိုက်ပြီး ဟိုဟိုသည်သည် စကားပြောကြ၍ ည၉ ၉ နာရီခန့်တွင် မစိန်ပွင့်မှာ တခေါခေါနှင့် အိပ်ပျော်သွားပါသည်။ ဆေးရုံမှ မီးသည်လည်း မှိန်မှိန်လေးပင်။ ကျွန်မမှာ တော်တော်နှင့်အိပ်မပျော်။ ပျက်စီးသွားသော ရင်သွေးလေးကို နှာမြောတသ စဉ်းစားရင်း ဝမ်းနည်းနေရာ ည၉နက်မှ မှေးခနဲ အိပ်ပျော်သွားပါသည်။

ဆေးရုံတွင် ထွန်းထားသော လျှပ်စီးမီးသည်လည်း ည၉နက်၍ ဖြတ်တောက်လိုက်ရာ အပြင်မှ လဆန်း ၉ ရက် အလင်းရောင်က လေးသာ ဆေးရုံထဲသို့ မလင်းတလင်းလေး ကျရောက်နေပါတော့သည်။ ဆေးရုံတစ်ခုလုံးတွင် လူနာဆယ်ယောက်ဝော်ကာသာ ရှိပြီး တိတ်ဆိတ်ငြိမ်သက်သွားပါတော့သည်။

ည၉ဆယ့်နှစ်နာရီခန့်တွင် ခေါင်းမှ ဆံပင်စုတ်ဖွား၊ အင်္ကျီအမည်းကြီးဝတ်၍ သွားကျိုးတိုးကျဲတဲနှင့် အဘွားကြီး တစ်ယောက် ကျွန်မ၏ခြေရင်း ခုတင်ဘေးသို့ ရောက်လာပြီး. . .

"ဟဲ့ ကောင်မ ဒါ ငါ့ခုတင် ခုဆင်းဆင်းဆိုချက်ချင်းဆင်းမဖယ်ဘူးလား" ဟု ပြောပြောဆိုဆိုနှင့် ခုတင်ခြေရင်း





www.burmeseclassic.com

www.burmeseclassic.com

တိုင်များကို ဒေါ်သတကြီးနှင့် ခါယမ်းလှုပ်ကိုင်၍ ရန်ထောင်ပါသည်။

ကျွန်မမှ . . .

"ဘယ်သူလဲ ခုချက်ချင်း သွား၊ ယောက်မရေ"ဟု အော်ဟစ်ပြန်ပြောနေသော်လည်း ကြောက်လွန်းအားကြီးနေသဖြင့် လည်ပင်းမှအသံ မထွက်လာ။ ချွေးစေးများပြန်၍ တစ်ကိုယ်လုံး စီးပိုင်၍ ခွန်အားရှိသလောက် ရုန်းကန်နေသော်လည်း အစ် အစ် အစ် ဟုသာ မပီမသ အသံက ထွက်လာပါသည်။ မပီသတော့ပါ။ ဘေးတွင် စောင့်အိပ်ပျော်နေသော ယောက်မ မစိန်ပွင့်သည်လည်း လုံးဝမနိုးခဲ့ပါ။ ကယ်မယ့်သူ ဝေးနေပါပြီ။

ထိုမှတစ်ဆင့် အဘွားကြီးမှာ ဒေါသပိုထွက်လာ၍ ကျွန်မခြေထောက်ကို ခုတင်ပေါ်မှ စုံကိုင်၍ ဆွဲချသည့်အပြင် ကျွန်မ၏ လည်ပင်းကိုညှစ်ရင်း ရှေ့သို့တိုးလာခဲ့ရာ ကျွန်မမှာ တစ်စုံတစ်ရာ ခုခံနိုင်စွမ်းမရှိတော့ဘဲ သူပြုသမျှ နုရတော့မည့် အခြေအနေရောက်ရှိခဲ့ရပါသည်။ ထိုအချိန်တွင် ကံကောင်းထောက်မစွာ ကျွန်မ၏ ပါးစပ်မှ . . .

"မြတ်စွာဘုရား ကယ်တော်မူပါ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟု ယောင်ယမ်းရေရွတ်လိုက်မိရာ ၎င်းသရဲမကြီးသည် နောက်သို့ တစ်လှမ်းပြီးတစ်လှမ်း အမြန်ဆုတ်ခွာ ပျောက်ကွယ်သွားပါသည်။

ကျွန်မသည်လည်း ၎င်းပျောက်ကွယ်သွားမှ ယောက်မကို ပုတ်လှုပ်နှိုးရပါသည်။ ယောက်မ မစိန်ပွင့်မှ အဖြစ်အပျက်ကိုမေးမြန်းပြီး အလန့်ပြေစေရန် ရေတိုက်၊ ညတွင် ဆက်မအိပ်တော့ဘဲ စောင့်ပေးပါသည်။

ကျွန်မ၏နှလုံးခုန်နှုန်းသည် ပြောမပြတတ်လောက်အောင် ခုန်နေခဲ့ပါသည်။ ဆက်၍ မအိပ်ဝံ့တော့ပါ။ မနက်လင်းသည်နှင့် ဆေးရုံအုပ်ကြီးထံ ခွင့်ပန်လက်မှတ်ထိုး၍ အမြန်ဆင်းလာခဲ့ပါသည်။ ဤအဖြစ်အပျက်များကို ပြောပြပါကလည်း ဆေးရုံအုပ်ကြီး မှ လက်ခံချင်မှ လက်ခံမည်မို့ မပြောပြတော့ပါ။

၎င်းနေထိုင်၍ အသက်ဆုံးရှုံးသွားခဲ့သော်လည်း ခုတင်အား သူ့နေရာဟု သတ်မှတ်စွဲလမ်းနေသော ပရလောကသားကိုလည်း တစ်သက်စာ ဖြုံသွားပါပြီ။

အကယ်၍များသာ ကျွန်မသည် ဘုရား၊ တရား၊ သံဃာ သုံးပါးအား တဖို့ရာ မေ့လျော့ခဲ့သည်ရှိသော် သရဲမ၏လည်ပင်းညှစ်ခံရ၍ သေမည်လား၊ ကြောက်ရွံ့လွန်းသဖြင့် နှလုံးခုန်ရပ်၍ သေမည်လား၊ ပြောမပြတတ်တော့ပါ။

သည်အဖြစ်ပျက်ကလေးကတော့ ကျွန်မ၏ တစ်သက်တာတွင် မေ့မရ ကြောက်ရွံ့တုန်လှုပ်ဆုံး ကိုယ်တွေ့အဖြစ်အပျက်ကလေးပါတည်း။

သို့ဖြစ်ပါ၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တော အနန္တ ငါးပါးကို မမေ့လျော့ဘဲ ညစဉ်အိပ်ရာဝင်တိုင်း ရှိခိုးကန်တော့ မေတ္တာပို့ အမျှဝေပြီးပြီဆိုမှ အိပ်ကြပါရန် စေတနာဖြင့် တိုက်တွန်းလိုက်ရပါသည်။

❒ ထွေး(မန်းတက္ကသိုလ်)




ဦး အရဟံ မေတ္တာ လာဘံ

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သော ဟောချက်များ၊ ထိရောက်သောယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

ဟောခန်းတည်နေရာ ➽ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

လမ်းညွှန် ➽ အမိပမိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။

ဟောပြောချိန် ➽ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။


ဆက်သွယ်ရန် ဖုန်း ➽ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။

မှတ်ချက် ➽ ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။ ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



"သင်္ကြန်နှစ်ဦး ××× တူးပို့ တူးပို့ တူးသံမြူးသာယာ
သင်္ကြန်မယ်များ××× တူးပို့ တူးပို့ တူးမာရဲ့နော်ဗျာ၊
ငွေငန်းသံစုံ တူးပို့ တူးပို့ အာရုံဖျော်ဖြေတာ၊
မယ်တို့ကိုလည်း တူးပို့ တူးပို့ မာပါစေခင်ဗျာ၊
ပိတောက်တွေ ဝင်းလျှံ ရွှေရည်လူး တူးပို့ တူးလွဲ့ဝါ၊
ညင်းလေဖြူးဖြူး ဆော်ကာမြူး တူးပို့ တူးညင်သာ
သင်္ကြန်ရေ အေးတာ အေးတာ
သင်္ကြန်ရေ အေးတာ အေးတာ

www.burmeseclassic.com

www.burmeseclassic.com

ရွဲရွဲလောင်းပါ တူးပို့ တူးပို့
တူးသံမြူးသည် ချစ်ကြည် သင်္ကြန်ခါ"

မြူးကြွတဲ့ ရသမှာ အေးမြတဲ့အရသာ နှောနေတဲ့ ခြောက်လုံးပတ် ဒိုးသံလေးနဲ့အတူ သင်္ကြန်ရနံ့တွေ ထုံမွှမ်းစိမ့်ဝင် တေးသံလွှင်လွှင်လေးက သိမ့်ခနဲ လှိုက်ခနဲ စီးမျောလာတယ်။

ဩော်, သင်္ကြန်မိုးရေ တန်ခူးလေနဲ့အတူ မွှေးကြိုင်ပျံ့သင်းလာတဲ့ ပိတောက်ရနံ့တွေ ဝေပြီဆိုမှဖြင့် နွေဦးတေးသံ ရယ်လို့ သရဖူအပ်နှင်း သင်္ကြန်သီချင်းသံ လွင့်လွင့်ပျံ့ခဲ့ပြီပေါ့။

ရိုးစင်းလှပ ကြည်လင်မြူးကြွတဲ့ "တူးပို့ တူးပို့" ဂီတ ဝိညာဉ်တွေ ပူးကပ်ခံရတဲ့အခါ လွမ်းသလိုလို ဆွေးသလိုလို၊ ပြီးတော့ ခြေမြှောက်လက်မြှောက် ကောက်ခနဲ ထက,ချင်သလို ပြုစားခံရတာလည်း မနည်းတော့ပါဘူး။

ဒါကြောင့်လည်း တူးပို့ရဲ့ဖန်ဆင်းရှင် အဘိုးဆရာ မြို့မငြိမ်းကို မြေးဖြစ်သူ ဉာဏ(မန္တလေး)က "အိပ်မက်ဦး"ကဗျာထဲမှာ အခုလို ဂါရဝပြု ရေးဖွဲ့ခဲ့တာနေမှာ။

ရိုးမတောင်တန်း
ရှမ်းကုန်းပြင်မြင့်မြေ
ချယ်ရီတွေ ပန်သ
ငြိမ်းချမ်းရေးတေး ဝေခ
တူးပို့သံ မြူးကြွတဲ့
သင်္ကြန်အိပ်မက်ဦး
ပိတောက်တွေ ရွှေရည်အလူး
အက္ခရာသံစုံတွေ ခူးခဲ့ပေါ့ . . . . တဲ့။

နားဝင်ချိုချို အဲဒီလို တူးပို့နဲ့ လတန်ခူးကို အလှထူးစေခဲ့တဲ့ ဆရာမြို့မငြိမ်း ဖွားမြင်မြောက်ရာ အခါသမယကတော့ တန်ခူးလနဲ့ ကျောချင်းကပ် ရင်ချင်းအပ်နေတဲ့ တပေါင်းလ ဖြစ်နေတာကလည်း ခပ်ဆန်းဆန်းပါပဲ။

ဆရာမြို့မငြိမ်းကို ဖခင် ရွှေပန်းထိမ်ဆရာကြီးဦးညီနဲ့ မိခင် ယွန်းထည်ကုန်သည်ကြီး ဒေါ်ချစ်ဦးတို့ကနေ မြန်မာနှစ် ၁၂၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့မှာ ရှေးဟောင်း မင်းနေပြည်တော် မန္တလေးမြို့မှာ မွေးဖွားခဲ့ပါတယ်။ ငယ်နာမည်ရင်း မောင်ကျော်ငြိမ်းဖြစ်ပြီး မောင်ကျော်သိန်းဆိုတဲ့ ညီငယ်တစ်ယောက် ရှိပါတယ်။ ဆရာမြို့မငြိမ်းဟာ အသက် ၂၀ အရွယ်မှာ အမျိုးသားကျောင်း ဆရာမ ဒေါ်သန်းမေနဲ့ အိမ်ထောင်ပြုခဲ့ပြီး သားသမီး ၁၃ ယောက် မွေးဖွားခဲ့ပါတယ်။ ဆရာမြို့မငြိမ်းဟာ . . . .

"ကသစ်ပန်း၊ သစ္စာ၊ မန်ဒါလီ၊ ပြုံးတုံ့လှယ်၊ နတ်သျှင်နောင်၊ လက်ဝဲသုန္ဒရ၊ ငွေဇင်ယော်သို့ (ငွေစင်ရော်)၊ စစ်ကိုင်းတောင်"စတဲ့ မဟာဂန္ထဝင်မြောက် တေးသီချင်းများစွာအပြင် "ကြည်အေးမြတဲ့ရေစင်၊ ငြိမ်းချမ်းရေး ရေသဘင်၊ စောင်းကောက် ရေသဘင်၊ တပ်ရင်း (၁) သင်္ကြန်သီချင်း၊ ၁၃၀၀ ပြည့် သင်္ကြန်၊ ပိတောက်မာလာ၊ ရွှေညာသား (ရေသဘင်)၊ ရွှေမန်းမာလာ၊ ရွှေမန်းမေ၊ ဝင်းစိုစို၊ သင်္ကြန်တော်ရေစင်၊ သင်္ကြန်လုလင်၊ အောင်စည်မောင် ရေသဘင်သီချင်း၊ ရက်မြတ်သင်္ကြန်၊ အောင်သပြေ (၁)၊ အောင်သပြေ (၂)၊ အောင်သပြေ (၃)၊ မန်းတောင်ရိပ်ခို စတဲ့ သင်္ကြန်သီချင်းတွေကိုလည်း ဆန်းသစ်တီထွင်ရေးဖွဲ့ခဲ့ပါသေးတယ်။ လက်လှမ်းမီသလောက် စာရင်းကောက်လိုက်တဲ့အခါ ဆရာမြို့မငြိမ်းရဲ့ ရေးသားသီဖွဲ့ခဲ့တဲ့ သီချင်းအပုဒ်ပေါင်း ၆၃ ပုဒ် တွေ့ရပါတယ်။ အဲဒီအထဲမှာမှ သင်္ကြန်သီချင်းက ၁၈ ပုဒ်ရှိပါတယ်။ (လက်လှမ်းမီသလောက် ၁၈ ပုဒ်လို့ ဖော်ပြလိုက်ပေမယ့် လိုအပ်နေတာရှိခဲ့ရင် မေတ္တာနဲ့ ဖြည့်စွက်တော်မူကြပါကုန်။)

ဆရာမြို့မငြိမ်းရဲ့ သင်္ကြန်သီချင်း ၁၈ ပုဒ်စလုံးကို လေ့လာကြည့်လိုက်တဲ့အခါ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ နှစ်ပါးစုံ ဂုဏ်မြောက်နေတာကို တွေ့ထိခံစားရပါတယ်။ သဒ္ဒါလင်္ကာရဆိုတာက စာပေအရေးအဖွဲ့၊ **အသံတန်ဆာ** ပြည့်စုံ ဂုဏ်မြောက်တာကို ပြောတာပါ။ သုံးနှုန်းဖွဲ့သီထားတဲ့ စကားလုံးဝေါဟာရတွေက ပုလဲတစ်လုံး **ရွှေတစ်လုံး** ဆိုပါတော့။ အတ္ထာလင်္ကာရဆိုတာကတော့ စာပေအရေးအဖွဲ့ အနက်တန်ဆာ ပြည့်စုံဂုဏ်မြောက်တာကို ပြောတာပါ။ သီချင်းဖွဲ့ထားတဲ့ ဝေါဟာရတွေဟာ နားသောတဆင်သူတွေရဲ့ နားထဲမှာ ကွင်းခနဲ ကွက်ခနဲ မြင်သိခံစားစေနိုင်တယ်ဆိုပါတော့။ သီချင်းတစ်ပုဒ်ရဲ့ အသက်ဝိညာဉ်သဖွယ် အရေးပါလှတဲ့ အသံတန်ဆာနဲ့ အနက်တန်ဆာ ဂုဏ်အင်္ဂါနှစ်ပါးလုံးနဲ့ ပြည့်စုံနေပါတယ်။

အဲဒီ ဆရာမြို့မငြိမ်းရဲ့ သင်္ကြန်သီချင်း ၁၈ ပုဒ်ကို ခေတ်မီနည်းပညာတွေနဲ့ မှတ်တမ်းတင်ထားခဲ့မယ်ဆိုရင်တော့ မြန်မာ့ဂီတလောကရဲ့ အားစွမ်းသတ္တိကို ပိုမိုပြည့်ဝစေလိမ့်မယ်လို့ထင်ပါတယ်။ ဒါကတော့ သင်္ကြန်ဝိညာဉ်တွေ ပူးကပ်လာတဲ့ တန်ခူးလေရဲ့ လှုပ်ခတ်မှုမှာ လူးလွန့်သွားတဲ့ အတွေးတစ်စလို့ဆိုပါတော့။

❖

သင်္ကြန်မိုးရေ တန်ခူးလေနဲ့အတူ နောက်ထပ်လှုပ်ခတ်မိတဲ့ စိတ်ကူးဝိညာဉ်ကတော့ ဆရာမြို့မငြိမ်းနဲ့ နာမည်အသံထွက်ချင်း တူပေမယ့် စာလုံးပေါင်း မတူတဲ့ ဂီတနက်သန် ကိုစောညိန်းပါ။ ဂီတနက်သန် ကိုစောညိန်းက ဆရာမြို့မငြိမ်းနဲ့စာရင် အသက် ၁၆ နှစ် ငယ်ပါတယ်။ အဲဒီလို ငယ်ပေမယ့် မြန်မာ့ဂီတတစ်ခေတ်ကို မော်ကွန်းထိုးရလောက်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ဂီတသူရဲကောင်းတစ်ဦးပါ။ ဂီတနက်သန် ကိုစောညိန်း ရေးစပ်သီကုံးခဲ့တဲ့ သီချင်းအပုဒ်ရေဟာ ၃၇ ပုဒ် ရှိပါတယ်။ အဲဒီမှာ အံ့ဩစရာတွေ့ရတာက သင်္ကြန်နဲ့ ပတ်သက်တဲ့ သီချင်းတစ်ပုဒ်မှ မပါတာပါဘဲ။ ဂီတနက်သန် ကိုစောညိန်းဟာ ဂန္ထဝင်မြောက် တေးသီချင်းတွေကို ဖန်တီးနိုင်စွမ်း



www.burmeseclassic.com

www.burmeseclassic.com

ရှိပါရက်သားနဲ့ သင်္ကြန်အခွင့်အ[illegible] [illegible]နေတဲ့ သင်္ကြန်တေးတွေကို ဘာကြောင့်များ မရေးဖွဲ့ခဲ့လေသလဲလို့ စဉ်းစားမိတိုင်း အားမလို အားမရ နှမြောမိရပါတယ်။

ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ဂီတနက်သန် ကိုစောညိန်းဟာ ပိတောက်ရွှေလူး အတာဦးနဲ့ ပတ်သက်ပြီးတော့ အနုပညာနဲ့ပေးဆပ်ခဲ့တဲ့ လှူပ်ရှားမှုတစ်ခုဟာ တသသ ရင်မှာ စွဲစေခဲ့ပါတယ်။

၁၉၄၈ ခုနှစ် ဇွန်လလောက်မှာ သမာဓိ ဦးညီညီနဲ့ ဆရာသုခတို့ ပူးပေါင်းပြီးတော့ "တေးချိုချို" ပြဇာတ်ကို ရန်ကုန်မြို့တော်ခန်းမမှာ တင်ဆက်ကပြပါတယ်။ ပြဇာတ်အဖွင့်က "ပိတောက်ပန်းတွေ ပွင့်နေစေ"ဆိုတဲ့ အခန်းပါပဲ။ အဲဒီလို ပိတောက်ပန်းတွေ ပွင့်နေတဲ့အချိန်မှာ ရဲဘော်လေးတစ်ယောက်က မယ်ဒလင်တီးပြီး သီချင်းဆိုနေရမယ်၊ ဆိုရမယ့် သီချင်းက "နတ်သျှင်နောင်"၊ သီချင်းရေးသူက ဆရာမြို့မငြိမ်း။

"တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့ ××ရဲတံခွန်တွေ လေကစား ကြွားတလူလူဝေ၊ တပ်ဦးဆီ မျှော်လိုက်ပြန်တော့ တံခွန်တွေ အလံတွေ ရဲမာန်ပွားလောက်ပေ"

အစချီထားတဲ့ တပ်မတော်သားတွေ အသည်းစွဲတဲ့ သီချင်းပေါ့။ အဲဒီလို ဇစ်တံခွန်တွေ၊ ဂစ်အောင်လံတွေ လွင့်ပျံနေတဲ့ကြားမှာ "စစ်သားမှာလည်း အသည်းနဲ့ပါ"ဆိုသလို အဆွေးစာတ်လေးက အခုလို ဆွပေးလိုက်ပါတယ်။

"တောင်ကညို ပြိုတော့မယ် မှိုင်းမှိုင်းမှုန်ဝေ၊
မိုးသက်တွေ လေဝှေ့လို့၊ တရွှေ့ရွှေ့ ယူသလေ၊
တိမ်ခိုးလေပြည် လွမ်းငွေ့တွေဝေ၊
ဖော်မစုံကျွမ်း ××× လွမ်းစိတ်တွေပွေ၊
ချစ်တဲ့သူ မာတုကလျာဆွေ၊
လွမ်းရတဲ့ဖြစ်အင် ××× ထင်မြင်မိစေတဲ့"

အဲဒီလို အလွမ်းဓာတ်တွေ ရစ်ပတ်ဖွဲ့နှောင်နေတဲ့ စစ်မြေပြင်နံရောက် နတ်သျှင်နောင်ဟာ ချစ်ရသူ မာတုကလျာဆီ ပိတောက်ပန်းတွေကို စိတ်ကူးနဲ့ ပို့ပေးလိုက်တာလေ။

"ပိတောက်တွေ ရွှေရည်လူးကြမယ့်အခြေ၊
ပုလဲငုံ စံပယ်ဖြူ ဖူးခိုက်ဝေဝေ၊ ပန်းမျိုးစုံ
ရာသီကုန် ကူးခဲ့မေ့ါလေ××× ချစ်သူကိုရည်စူး၊
ခူးတယ်လို့ခြွေ ×××"

အဲဒီလို ဇာတ်အဖွင့်မှာ မယ်ဒလင်လေး ပိုက်ပြီး ပိတောက်တွေ ရွှေရည်လူးနေတဲ့ ရဲဘော်လေးဟာ ဂီတနက်သန်ကိုစောညိန်းပါ။ အနုပညာနဲ့ပတ်သက်လာရင် အင်မတန်စည်းစနစ်ကြီးတဲ့ ဆရာဦးသုခတောင်မှ အဲဒီဇာတ်ဝင်ခန်းကို ကြည့်ပြီး ဂီတနက်သန်ကိုစောညိန်းကို အသိအမှတ်ပြု ကွန်ဂရက်ကျူလေးရှင်း လုပ်ခဲ့ရပါတယ်။ တစ်နည်းအားဖြင့် သင်္ကြန်သီချင်း ၁၈ ပုဒ်ရေးခဲ့တဲ့ "ငြိမ်း"နဲ့ သင်္ကြန်သီချင်းတစ်ပုဒ်မှမရေးခဲ့တဲ့ ညီနောင်တို့ရဲ့ အနုပညာမော်ဝင်မှု မော်ကွန်းတစ်ခု ဖြစ်ခဲ့ရပါတယ်။

ဒီနေရာမှာ တစ်ခုပြောချင်တာက ဂီတနက်သန်ကိုစောညိန်းနဲ့ တန်ခူးလတို့ရဲ့ ဂမ္ဘီရဆန်ဆန် ဆုံစည်းပုံလေးပါပဲ။ ဂီတနက်သန်ကိုစောညိန်းရဲ့ မွေးသက္ကရာဇ်က မြန်မာလို ၁၂၈၆ ခု၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ အင်္ဂါနေ့။ ကမ္ဘာသုံး ပြက္ခဒိန် ခရစ်နှစ် အလိုအားဖြင့် ၃၁၊ ၃၊ ၁၉၂၅။

တကယ်ဆိုရင် မြန်မာတို့ရဲ့ တန်ခူးလဟာ ကမ္ဘာသုံး ပြက္ခဒိန်ရဲ့လေးလမြောက် ဧပြီလထဲမှာ ကျရောက်လေ့ရှိပါတယ်။ အခုတော့ ဂီတနက်သန်ကိုစောညိန်း မွေးဖွားတဲ့ တန်ခူးလဟာ ကမ္ဘာသုံးပြက္ခဒိန်ရဲ့ သုံးလမြောက် မတ်လထဲမှာ ဖြစ်နေတယ်။ ဘာကြောင့်လဲတဲ့၊ ဒီတန်ခူးက ထူးထူးခြားခြား နှောင်းတန်ခူးဖြစ်နေလို့ပါ။ နှောင်းတန်ခူးဆိုတာက နှစ်သစ်မဆန်းမီ နှစ်ဟောင်းရဲ့ အဆုံးပိုင်းကို ပြောတာပါ။ ဦးတန်ခူးဆိုတာလည်း ရှိပါသေးတယ်။ နှစ်ဆန်းပြီးတဲ့ တန်ခူးကို ဦးတန်ခူးလို့ ခေါ်တာပါ။ အခုတော့ နှောင်းတွေ၊ ဦးတွေ ဘေးချိတ်ပြီး တန်ခူးလို့ပဲ တုံးတိတိ ခေါ်နေကြတော့တယ်။ ပြီးတော့ မြန်မာပြက္ခဒိန်မှာက ဝါငယ်ထပ်တို့၊ ဝါကြီးထပ်တို့ ဆိုတာတွေ ရှိသေးတယ်။

ထားတော့၊ အဲဒီတော့ ဂီတနက်သန်ကိုစောညိန်းဟာ မြန်မာ့ တန်ခူးလထဲမှာ မွေးဖွားလာပေမယ့် ကမ္ဘာ့အလိုအားဖြင့် မတ်လထဲမှာ မွေးဖွားခဲ့တာပေါ့။ အခုလို တန်ခူးနဲ့ ဧပြီ ခပ်သီသီလေး (ဂီတနက်သန် ကိုစောညိန်း မွေးတာက မတ်လ ၃၁၊ နောက်တစ်ရက်ဆို ဧပြီထဲ ရောက်ပြီ) လွဲခဲ့လို့များ ဂီတနက်သန် ကိုစောညိန်းဟာ သင်္ကြန်တေးကိုဖြင့် မဆိုဖြစ်ခဲ့လေရောသလား စဉ်းစားမိပါတယ်။

သင်္ကြန်ရေနဲ့ တန်ခူးလေ နှစ်[illegible]ဂဟော စုလျားရစ်ပတ် အခုလို ရက်မြတ်မဟာမှာ မြန်မာတို့ရဲ့ အသည်းစိုင်ကို ဆွဲကိုင်လှုပ်ယမ်းနိုင်စွမ်းတဲ့ မင်္ဂလာတေးတစ်ပုဒ်ကိုလည်း ကခုတ်တရ ဖြစ်မိပါသေးတယ်။ ကြားဖူးကြမှာပါ၊ ကြားဖူးကြမှာပါလေ။

"(အရှေ့ကို လျှောက်ပါလို့ အနောက်ကိုတဲ့
မျှော်လိုက်ရင်)၂
တံခွန်တိုင် ရွှေကုက္ကားနဲ့
ဘုရား. . . ဘုရား. . . ဘုရားကို မြင်"

မိုးနဘံထက် ဘဝဂ်ပျံသွားတဲ့ "တုတ်××ဝှတ်××ဖြန်း၊ တုတ်ဖြန်း" ပြောသံနဲ့အတူ အသည်းအူကြား မွှေ့ကစားသွားတဲ့ အလှူတော်မင်္ဂလာ တေးမဟာပေါ့။

ရှေးအခါတုန်းကတော့ တန်ခူးလဆိုတာ တလင်းထဲမှာ ကောက်စိတ်တဲ့အချိန်ပေါ့။ ပြီးခဲ့တဲ့နှစ် သင်္ကြန်ကျပြီး လေးဆယ့်ငါးရက် (တစ်လခွဲ)လောက်ကတည်းက ကျွဲနဲ့နွားနဲ့ လယ်နဲ့ယာနဲ့ တလှုပ်လှုပ် တလှည့်လှည့် ကျားစီးဖားစီး လုပ်လာလိုက်ကြတာ ဒီနှစ်တန်ခူးလမှာ ရာသီရဟတ် တစ်ပတ်လည်



www.burmeseclassic.com

www.burmeseclassic.com

ပြီဆိုပါတော့။ သီးနှံစပါးတွေလည်း ရောင်းတန်တာရောင်း၊ လှောင်တန်တာလှောင်နဲ့ ကောက်နယ်တလင်းပြင်ဟာလည်း ခုမှ အနားရတော့တာ။ ထို့အတူ လူတွေလည်း အလုပ်စဲလို့ အနားရပြီဆိုပါတော့။

စပါးတွေ အနှံတွေ ရောင်းချထားပြန်တော့ "မောင်ကောင်း စံလင်း ငါ့ထံချဉ်း"ခဲ့ပြီ။ ခုခေတ်မှာ ဝင်ငွေရှင်တာကို "ဆင်ဖြူတော်တွေ ဝင်လာပြီ"လို့ ဗန်းစကားနဲ့ ပြောကြသလို ရှေးအခါ တစ်ချိန်တုန်းကလည်း ငွေရှင်တာကို "မောင်ကောင်း၊ စံလင်း ငါ့ထံချဉ်း"လို့ ဗန်းစကားနဲ့ပြောကြတာပါ။ အဲဒီခေတ် သုံး ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ငွေစက္ကူတွေမှာ "မောင်ကောင်း၊ စံလင်း"ဆိုတဲ့ လက်မှတ်လေးတွေ ပါတယ်လေ။ "ငွေစက္ကူ ထုတ်ရာ ဌာနတိုင်း၌ လဲလှယ်ခွင့်ရှိကြောင်း အာမခံပါသည်" ဆိုတဲ့ စာတန်းလေးတောင် ပါလိုက်သေးတယ်။

တစ်ခုရှိတာက "ဗိုလ်ချုပ်အောင်ဆန်း ငါ့ထံချဉ်း"ဆိုတဲ့ အသုံးအနှုန်းမျိုးကို ယောင်လို့တောင် မသုံးခဲ့ကြပါဘူး။ ဘာကြောင့်လဲတဲ့။ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖိသူကကြီး၊ သူ့ဘဝနဲ့အသက်ကို မြန်မာတစ်မျိုးသားလုံးအတွက် ပေးဆက်ခဲ့တဲ့ ကျေးဇူးရှင်ကြီး ဆိုတဲ့ အသိစိတ်ဓာတ်က မြန်မာတစ်မျိုးသားလုံးနှလုံးသားထဲမှာ ခိုင်ခိုင်ကျည်ကျည် စွဲမြဲနေလို့ပါပဲ။ ဒါကြောင့် တန်ဖိုးရှိပြီး မင်္ဂလာကျက်သရေ ယုက်ဝေဖြာတဲ့ ကိစ္စမျိုးဖြစ်ပေမယ့် ဗန်းစကားအနေနဲ့ မသုံးနှုန်းခဲ့ကြတာပါ။

အဲဒီလို ငွေရှင်ပြီး လူတွေလည်း စိတ်အေးလက်အေး အနားလေးရပြီ ဆိုမှဖြင့် မိမိတို့ ရင်ကဖြစ်တဲ့ သားရွေနှစ်လေးကို ကိုရင်လေးဆီးပေးဖို့ ပြင်ဆင်ကြတော့တာပေါ့။ သားလေးကလည်း သျှောင်ပေစူးလေးနဲ့ ပုဆိုးကို စလွယ်သိုင်းပြီး ရွာဝိုင်းပတ်လည် ပြေးလွှားခုန်ပေါက် အရွယ်တော်ရောက်နေပြီကိုး။

အဲဒီတော့ . . .

"(စာပလွေ ရင်မှာ ပိုက်ပါလို့)၊
ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်၊
ဘယ်စာကို မောင်သင်မတုံး၊
ဘယ်စာကို မောင်သင်မလို့တုံး၊
မေလေးကို သံချိန္နော ပြောလှည့်ပါဦး"

အဆိုကလည်း ပိုင်၊ အသံကလည်း အောင်၊ စေးစေး ပိုင်ပိုင် သီချင်းသံလေးနဲ့အတူ ပြောကလည်း တဖြုန်းဖြုန်း၊ နဲ့ကြီးကလည်း တချွဲချွဲ၊ ဘယ်ပြောကောင်းလိုက်ပါ့မလဲ၊ တချို့ဆို ပီတိတွေဖြစ်လွန်းလို့ မျက်ရည်မိုးတွေ ပါးပြင်ထက်မှာ စွေခဲ့ပြီ။

"(မမလေးရဲ့ ပျို့ဥယျာဉ်)၊ အဝင်မှာ သာပေတောင်း
(ဟောမိရွှေကျောင်း)၊ ရွှေသျှောင်ကို မောင်ထုံးလို့
ရွှေကုံးကိုတဲ့ မောင်ကဆင် xxx ညနေတွင်
မောင်ရှင်ဖြစ်တယ် xxx လွှမ်းရစ်ချည့်လေး"

ဒီနေရာမှာ ရောက်ပြီဆိုမှဖြင့် သက်နှိုင်းတောင်း ရွက်တားတဲ့ တချို့မောင်ရင်လောင်းအမေများ ရှိုက်ကြီးတငင်နဲ့ကို ငိုရှာတော့တာ။ သားလေးက ကိုရင်ဖြစ်ပြီဆိုတော့ ကျောင်းတော်မှာ နေခဲ့ရတော့မှာလေ၊ (ရှင်ကျင့်ဝတ်နဲ့အညီ ထိန်းသိမ်းစောင့်ရှောက်တော်မူတဲ့ ရှေးဘုန်းတော်ကြီးများရဲ့အုပ်ချုပ်မှုအောက်မှာ) အိမ်ပြန်ခွင့်က မရှိလေတော့ သားကလေးနဲ့ ခွဲရတော့မှာကိုး၊ တစ်ညဝေးတာတောင် ရက်ပေါင်းခုနစ်ရာ ဆွေးရတယ်ဆိုတဲ့ ကိန္နရာ ကိန္နရီမောင်နှံဟာ ဒီလို မောင်ရင်လောင်း အမေမျိုးကို ဘယ်မီပါ့မတုံး။

သြော်၊ သကြံန်ရေနဲ့ တန်ခူးလေမှာ စီဝေပီသ ကြည်မြလွန်းလှတဲ့ နွေဦးတေးသံ ရွှေပြောသံရယ် လွှမ်းချေရဲ့လေး လို့သာ ပြောရတော့မှာပါ။

❖

ဟုတ်ပါတယ်၊ တန်ခူးလ သင်္ကြန်တော်အခါ ဆိုတာက လယ်သမား၊ ယာသမား၊ ကာယ၊ ဉာဏ လုပ်သားကြီးတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ စတဲ့ အများပြည်သူတစ်ရပ်လုံး ရက်ရှည်အားလပ်ခွင့်ရ ခွင့်ရက်ရှည်ကာလမျိုးဖြစ်နေတာမို့ တန်ခူးလရာသီ ချိန်ခါမှာ ယောကျ်ားသားတွေက ရဟန်းခံကြ၊ ရှင်ပြုကြသလို၊ မိန်းမတွေကလည်း သာသနာ့နွယ်ဝင် သီလရှင်ဝတ်ကြ၊ နားထွင်းမင်္ဂလာ ပြုလုပ်ကြပါတယ်။ သက်ကြီးရွယ်အို အဘိုးအို အဘွားအိုတို့ကလည်း ရိပ်သာစခန်းတွေမှာ ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာတရား ရှုပွားကြပါတယ်။ လူငယ်၊ လူရွယ်တွေကလည်း ကုသိုလ်ရေး လုပ်ငန်းတွေမှာ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် ချွေးတလုံးလုံး တပြုံးပြုံးပါပဲ။

အဲဒီလို ကုသိုလ်ရေးနဲ့အတူ ပိတောက်ပွင့်ဖူး လတန်ခူးကို ကျော်ဖြတ်ကြသူတွေရှိသလို အခြားတစ်ဖက်မှာလည်း ရေသဘင်ပွဲ ဆင်နွှဲရင်း နှစ်သစ်ကို ကြိုဆိုကြသူတွေလည်း ရှိကြတယ်။ ဒီလို ဆင်နွှဲကြတဲ့ မောင်မယ်တွေဟာ ရှေးအခါ တုန်းကတော့ သပြေခက်နဲ့ ရေပက်ကြတာပေါ့လေ၊ ခုခေတ်မှာလည်း သပြေခက်နဲ့ ရေပက်ကြတဲ့ အစဉ်အလာ ရှိပါသေးတယ်၊ နိုင်ငံတော်က ဆင်နွှဲတဲ့ ရေသဘင်ပွဲတွေမှာ တွေ့မိကြမှာပေါ့။ ငွေဖလားထဲက နံ့သာစက်ကို သပြေခက်နဲ့ ဆွတ်ယူဖျန်းပက်ကြတာလေ။ ပြုံးပြုံးပျော်ပျော် ကြည်ကြည်နူးနူး။

အဟဲ၊ ရပ်ကွက်ထဲက ချာတိတ်တွေကတော့ နှပ်ချေးတွဲလောင်း ပြုတ်စဗျင်းတောင်းနဲ့ ခွက်စောင်းခုတ်ဖို့ နို့ဆီခွက်လေးတွေ၊ ပိန်ချိုင့်ချိုင့် ဒန်ခွက်ကလေးတွေ၊ နှုတ်ခမ်းပဲ့နေတဲ့ ပလတ်စတစ်ရေခွက်တွေ စတဲ့ ရရာလက်နက် စွဲကိုင်ထွက်ပြီး ရေပက်ပွဲကြီး ပွဲချီးကြတော့တာပါပဲ။ အပျိုသော၊ အအိုသော မရွေးစတမ်း လက်စွမ်းပြကြတော့တာပေါ့။

"သင်္ကြန်ကျလို့ ရေပက်တယ်၊
စိတ်မဆိုးပါနဲ့ အဒေါ်ကြီးရယ်"





www.burmeseclassic.com

www.burmeseclassic.com

အမယ်မယ် ကဗျာဆိုတာ ဝေးလို့ ကကြီးကို ပုတ်လောက်ရေးပြရင်တောင် ဘာမှန်းမသိတဲ့ တာပေတူးလေးရဲ့ ပါးစပ်ဖျားမှာ အဲဒီ သင်္ကြန်သံချပ်သံက စီစီညံလို့။ ဒါ ဘယ်သူကမှ သင်ပြပေးစရာ မလိုတဲ့ သင်္ကြန်စာ၊ သင်္ကြန်ကဗျာ။

အဒေါ်ကြီးကတော့ စိတ်မဆိုးပါဘူး၊ အိမ်မှာက "သင်္ကြန်တွင်း ထမင်းမစားရ"လို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်လို့က ဗရလေတော့ ချက်ဖို့ပြုတ်ဖို့ ဈေးအမီ ပြေးရဦးမှာလေ၊ သင်္ကြန်တွင်း ဈေးခင်းကြတာက ကောက်ရိုးမီးလို ဟုတ်ခနဲ မဟုတ်လား။ သင်္ကြန်တွင်းစာ ငွေလှောင်မထားနိုင်သူတွေ အတွက် အခုလို ဈေးထွက်ပေးသူတွေကိုတောင် ထိုင်ကန်တော့ချင်စရာပါ။ ဒါကြောင့် မြန်မြန်ပြေး၊ နည်းနည်းဝယ်ပြီး ဖြစ်သလို ချက်ရမယ့် အဒေါ်ကြီးဟာ စိတ်ဆိုးဖို့ အချိန်မရပါ။ အဲ၊ စိတ်ဆိုးဖို့လည်း အချိန်ရ၊ ဆတ်ဆတ်ထိမခံ ကက်ကက်လန်အောင် စွာကျယ်ကျယ် ကလော်တုတ်တတ်တဲ့ မဝွက်ထော်တို့အုပ်စုနဲ့ တွေ့လို့ကတော့ နာပြီသာမှတ်။

"မိုးတွေ လေတွေ လာပါလို့
ကဆုန်လပြည့်ကျော်။
ဗိုလ်ကေလေးတွေ လာချေပေါ့
ခုံဖိနပ်နဲ့ဆော်"

အဲဒီလို ကြွေးကြော်သံလည်း ကြားပါလေရော သာဂိတို့ ချက်ကြီးတို့ တာပေတူးတို့ ပုဆိုးကွင်းသိုင်းပြီး သင်္ကြန်ပွဲကို ခဏမေ့၊ မာရသွန်နဲ့ အပြတ်ရှောင်ကြရတယ်။ ရပ်ကွက်တွင်းက အိုးနင်းခွက်နင်း သင်္ကြန်မြင်ကွင်းလေးက ဆူဆူညံညံ အော်အော်ဟစ်ဟစ် ချစ်ချင်ခင်ခင် ပျော်ရွှင်စရာ။

❖

ရတနာ စိန်ကျောက် ဖယ်တောက်တမ်း ကစားနိုင်တဲ့၊ ငွေစက္ကူ အရွက်ကြီးတွေကို ဖျာလိပ်ခင်း အိပ်စက်နိုင်တဲ့ လူတစ်စုကတော့ ကိုယ်ပိုင်ကားကြီး၊ ကားငယ် အသွယ်သွယ်နဲ့ ရေပက်ခံ ထွက်ကြတယ်။ ကုမ္ပဏီတွေက တန်ဆာဆင်ဆောက်လုပ်ထားတဲ့ ကြော်ငြာမဏ္ဍပ်တွေကလည်း သူ့ထက်ငါ အပြိုင်အဆိုင်။ ဘယ်လောက်များ သူနိုင်ငါနိုင် အပြိုင်ကြလိုက်ကြသလဲဆိုရင် မဏ္ဍပ်တိုင်းလိုလိုမှာ ယမကာမျိုးစုံဝိုင်းတွေက တခမ်းတနားပါပဲတဲ့။

အဲဒီမှာ ရေပက်ကြ၊ ကကြခုန်ကြ၊ အော်ကြဟစ်ကြ၊ သောက်ကြမူးကြ။ တစ်နှစ်ကများဆို နာမည်ကျော် အမျိုးသမီး သရုပ်ဆောင်တစ်ဦးတောင်မှ မဏ္ဍပ်တစ်ခုမှာ ဘယ်လောက်သောက်ပြီး ဘယ်လောက်မူးလိုက်သလဲ မပြောတတ်ပါဘူး၊ "ဘယ်ခွေးမှ လူမထင်ဘူး" မူးမူးရူးရူးနဲ့ မြင်မကောင်း ရှုမကောင်းတွေ ဖြစ်ကုန်လို့ ဂျာနယ်တွေ အတော်ရောင်းကောင်းလိုက်ပါကောလား။

အင်း၊ သင်္ကြန်ရဲ့ အသက်ဝိညာဉ်လို့ ဆိုရတဲ့ သင်္ကြန်သံချပ်တွေ သင်းကွပ်ခံလိုက်ရတာကတော့ စိတ်မကောင်းစရာပါ။ စာစ်နည်းအားဖြင့် သင်္ကြန်အားမာန်တွေကို ၁၉၈၀ ပြည့်နှစ် ဝန်းကျင်ကနေ ယနေ့ အစိုးရသစ် တက်မလာခင် အထိ နှစ်ပေါင်း ၃၀ ကျော် သားကြောဖြတ်ခံလိုက်ရတာနဲ့ အတူ မြန်မာ့သင်္ကြန်ရနံ့တွေဟာလည်း တစ်စတစ်စ လွင့်ပြယ်ခြောက်ခန်းခဲ့ရတာကတော့ သမိုင်းရဲ့ အမည်းကွက်ကြီး ဖြစ်ခဲ့ရတာပါ။

ယနေ့ အစိုးရလက်ထက်မှာ ပွင့်လင်းမြင်သာမှုတွေနဲ့ အတူ သင်္ကြန်ဟာ ပြန်လည်အသက်ဝင်လာခဲ့ပေမယ့် နှစ်ပေါင်းသုံးဆယ်ကျော် သင်းကွပ်ခံထားရတဲ့ ဒဏ်ရာဒဏ်ချက်ကြီးက နက်ရှိုင်းလွန်းတာမို့ သုညက ပြန်စရတဲ့ အနေအထားဟာ ဘာပဲပြောပြော အားရစရာတော့ မကောင်းလှသေးပါဘူး။ ဘီယာမဏ္ဍပ်တွေ၊ ကြော်ငြာမဏ္ဍပ်တွေရဲ့ ဖိအားအောက်မှာ မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ရဲ့ အနှစ်သာရဆိုတာက ဝိနည်းလွတ်ရှိ ကျူရှိုးနဲ့ ခေါင်းလောင်းထိုးသလို အနေအထားမှာပဲ ရှိနေသေးတာပါ။

လွန်ခဲ့တဲ့ ၁၉၈၀ ပြည့်ဝန်းကျင် မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို ပြန်လည်တသ လွမ်းဆွတ်ကြည့်ရအောင်နော်။

❖

မတ်လ ဆန်းပြီဆိုတာနဲ့ သင်္ကြန်ဝိညာဉ်တွေက လူးလွန့်လှုပ်ရှားလာပြီ။ သစ်ပင်တွေ၊ ဓာတ်တိုင်တွေ၊ အုတ်နံရံတွေမှာ "အနန္တစွမ်းအားရှင် အလှ၊ အက၊ သဘာဝ၊ သံချပ်၊ သင်္ကြန်မောင်မယ်အဖွဲ့ကြီး၊ ဝင်ကြေး ၇၅ ကျပ်"ဆိုတဲ့ ကြော်ငြာဆိုင်းဘုတ်တွေကို ရန်ကုန်မြို့အနှံ့ မြင်တွေ့နိုင်ပါပြီ။ ခြောက်လုံးပတ် ဒိုးသံလေးတွေနဲ့အတူ သံချပ်တိုက်နေတဲ့ အသံလေးတွေကလည်း ရပ်ကွက်တိုင်းလိုလိုမှာ စီစီညံညံ။

သင်္ကြန်ပွဲသဘင်မှာ အလှ၊ အက၊ သဘာဝ၊ ဟာသ၊ သီချင်း၊ သံချပ်တွေနဲ့ ပြိုင်ပွဲဝင်မယ့် အဖွဲ့တွေကလည်း ရွှေညာမောင်အဖွဲ့၊ ဘုရားမကြိုက်တဲ့ လူတစ်စုအဖွဲ့၊ ပဏ္ဍိတစွမ်းအားရှင်အဖွဲ့၊ အရှူးပါးစပ်အဖွဲ့၊ ပြောချင်လိုက်တာ ပါးစပ်ကိုယားလို့အဖွဲ့၊ စာရေးဆရာ ကဗျာဆရာကြီး ဒေါင်းနွယ်ဆွေခေါင်းဆောင်တဲ့ မဟာနေကမ္ဘာလူသားအဖွဲ့၊ ဆူးကြားမှ ဘူးခါးအဖွဲ့၊ ယနေ့ ဟာသသရုပ်ဆောင် ဇေလုဝရဲ့တို့ခေတ်နဲ့ အပြိုင်အဖွဲ့၊ ယနေ့ ပိတောက်ပွင့်သစ်မဂ္ဂဇင်း အယ်ဒီတာချုပ်၊ ကဗျာဆရာကြီးမောင်စိမ်းနီ ဦးဆောင်တဲ့ အပြာရဲ့အနီအဖွဲ့၊ ဂီတစာဆိုမောင်ကြေးမုံရဲ့ မကောင်းသူထိပ် ကောင်းသူထိပ်အဖွဲ့၊ ပြည်ချစ်သားအဖွဲ့၊ ပြည်သူ့တရားရှင်အဖွဲ့၊ အမေငိုတဲ့စနေအဖွဲ့၊ ပြီးပါပြီအဖွဲ့၊ ပလီပလာနှင့် မုသာဝါဒ မပြောပါနှင့်အဖွဲ့၊ ဆိတ်ပါးစပ် နတ်မျက်စိအဖွဲ့၊ ပြဇာတ်မင်းသား လူငယ်ကြည်ခိုင်ရဲ့ ဝေလေလေအဖွဲ့၊ ဒွဲဒိုးအဖွဲ့၊ စတဲ့ အဖွဲ့ပေါင်း တစ်ရာကျော် ရှိပါတယ်။ အဖွဲ့တစ်ဖွဲ့မှာ အဖွဲ့ဝင် အင်အား ၃၀ ကနေ ၁၀၀ အတွင်းရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သင်္ကြန်ဆုပေးမဏ္ဍပ်တွေကလည်း ရန်ကုန်မြို့တော် ဝန်မဏ္ဍပ်၊ အကောက်ခွန်မဏ္ဍပ်၊ အိုးအိမ်မဏ္ဍပ်၊ တာမွေမြို့နယ်မဏ္ဍပ်၊ တာမွေကြီး (က+ဂ)မဏ္ဍပ်၊ တာမွေကြီး(ခ)မဏ္ဍပ်၊ တောင်ဥက္ကလာပမြို့နယ် မဏ္ဍပ်၊ သင်္ဃန်းကျွန်းမြို့နယ် မဏ္ဍပ်၊ သုဝဏ္ဏမဏ္ဍပ်၊ တပ်မတော် (ရေ) မဏ္ဍပ်၊ ကျောက်မြောင်း မဏ္ဍပ်၊ ပုဇွန်တောင်မဏ္ဍပ်၊ ထီးတန်းမဏ္ဍပ်၊ မြေနီကုန်း ပဒုမ္မာ မဏ္ဍပ်၊ တာမွေရာပြည့်ကွင်းမဏ္ဍပ်၊ တောင်ဥက္ကလာရွှေအင်းဝ မဏ္ဍပ် စတဲ့ မဏ္ဍပ်ကြီးတွေက ၅၀ ကျော်လောက်ရှိပါတယ်။

ပြိုင်ပွဲဝင် အဖွဲ့တွေဆိုတာကလည်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြိုင်အဆိုင် နင်လားငါလား၊ အကြိတ်အနယ် ဆင်နွှဲယှဉ်ပြိုင်ကြတာပါ။ အက၊ အလှ၊ သဘာဝ ဆိုတဲ့အတိုင်း မြန်မာ့ယဉ်ကျေးမှု အနုပညာတွေကို အိတ်သွန်ဖာမှောက် တခမ်းတနား တင်ဆက်ကြတာ ဖြစ်ပါတယ်။

မှတ်မိသေးတယ်၊ ရွှေညာမောင် အဖွဲ့ရဲ့ အလှပြယာဉ်က ဝါးဖောင်ကြီးအသွင် ဆင်ပြင်ထားတဲ့ ယာဉ်ပါ။ မဏ္ဍပ်မှာ ပြိုင်ပွဲဝင်ဖို့ အလှည့်ရောက်ပြီဆိုတော့ ဝါးဖောင်ကြီးကို ဆိပ်ကမ်းမှာ ဆိုက်ကပ်တဲ့ဟန်နဲ့စတင် ပြိုင်ပွဲဝင်တာပါ။ ကာယဗလ တောင့်တင်းသန်စွမ်းတဲ့ ဖောင်လုပ်သားကြီး တစ်ဦးက ခါးတောင်းကို မြှောင်အောင်ကျိုက်ပြီး ဝါးဖောင်ကြီးကို ဆိပ်ကမ်းမှာ ဆိုက်ကပ်ဖို့ ကြိုးစားတာပေါ့လေ။ ကျပ်လုံးလောက်ရှိတဲ့ မနီလာကြိုးကြီးနဲ့ ဝါးဖောင်ကြီးကို ဆွဲလာတာ၊ ဆိပ်ကမ်းမှာ ကြိုးချည်မယ်လည်းလုပ်ရော မြစ်ရေက အရှိန်နဲ့ ထိုးဆင်းလာတာမို့ ဝါးဖောင်ကြီးက ရေစီးအတိုင်း မျောပါသွားတယ်။ ဆိုင်းကလည်း ဗိန်းဗောင်းတိုက်ပေးနေတာပေါ့။ အဲဒီမှာ ဖောင်လုပ်သားကြီးက ဝါးဖောင်ကြီးကို ပြန်ဆွဲ ပြန်ဆွဲနေတုန်းမှာပဲ မိုးတွေလေတွေ ကျလာလို့ ဝါးဖောင်ကြီးက ပြန်မျောသွား၊ ဖောင်လုပ်သားကြီးလည်း ဝါးဖောင်ကြီး မျောရာနောက် တလိမ့်ခေါက်ကွေးလိုက်ပါ၊ လူသားနဲ့သဘာဝ သူနိုင်ငါနိုင် အပြိုင်ကြ၊ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် အန္တရာယ်ကြားမှာ သက်စွန့်ဆံဖျား စွန့်လွှတ် စွန့်စားရတဲ့ ဘဝတိုက်ပွဲကို ပီပီပြင်ပြင် သရုပ်ဆောင်တင်ဆက်သွားလိုက်တာ ပရိသတ်ဆိုတာ အသက်ရှူဖို့တောင် မေ့နေတယ်။

ဆိုလိုတာက မြန်မာ့သင်္ကြန်ရဲ့အငွေ့အသက်တွေဟာ အဲဒီလို အားမာန်တွေနဲ့ ရှင်သန်နိုးကြားခဲ့တာပါ။ သံချပ်တွေ ဆိုရင်လည်း တပ်မတော်သားတွေကို ဂုဏ်ပြုတဲ့ သံချပ်တွေ၊ အနောက်တိုင်း သရုပ်ပျက် အမူအကျင့်တွေကို ထိုးနှက်ချေမှုန်းတဲ့ သံချပ်တွေ၊ ပြည်သူတွေရဲ့ ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်းတင်ပြတဲ့ သံချပ်တွေ၊ အကျင့်ပျက် ခြစားနေတဲ့ နိုင်ငံတော် ဝန်ထမ်းတချို့ကို ပြုပြင်ဝေဖန်တဲ့ သံချပ်တွေ၊ မြန်မာနိုင်ငံတော်ကြီး ကိုယ့်မင်းကိုယ့်ချင်းနဲ့ စည်ပင်သာယာဝပြောဖို့ မီးမောင်းထိုးပြတဲ့ သံချပ်တွေ၊ စာပေ, ကဗျာ, လင်္ကာ, ဂီတ, ရုပ်ရှင်, ပြဇာတ် စတဲ့ အနုပညာလောက တိုးတက်ပြောင်းမြောက်ဖို့ အကြံပြုတဲ့ သံချပ်တွေ စတဲ့ တိုင်းကျိုးပြည်ဆောင် သံချပ်တွေသာ ဖြစ်ခဲ့ပါတယ်။

အခုတော့ နှစ်ပေါင်း ၃၀ ကျော် သင်းကွပ်ခံ၊ သားကြောဖြတ်ခံထားရတဲ့ သင်္ကြန်ဝိညာဉ်ဟာ ယနေ့ခေတ်သစ်၊ စနစ်သစ်၊ အစိုးရသစ်လက်ထက်မှာ ပုရစ်ဖူးလေးတွေ အစီအရီနဲ့ ပြန်လည်နိုးထလာတဲ့ အရိပ်အယောင်လေးတွေ တွေ့ရပြန်တော့ လွမ်းခဲ့ရသမျှတွေကို အတိုးချပြီး ဖြေသိမ့်ရပါတော့တယ်။ ဟိုတစ်နေ့ ဖေဖော်ဝါရီ ၂၃ ရက်နေ့က ရန်ကုန်မြို့ထဲ ထွက်လာတော့ 'လူတုပွဲတင်သံ' မြန်မာ့ရိုးရာ မဟာသင်္ကြန် သံချပ်ပြိုင်ပွဲကြီး၊ ပထမဆု ကျပ်သိန်း ၃၀ နဲ့ ဒုတိယဆု၊ တတိယဆုတွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်မယ့်သတင်း ကြားရတော့ ဝမ်းသာလိုက်တာ။

မြန်မာတို့ရဲ့ ရှေးဟောင်းမင်းနေပြည်တော်အဖြစ် အမွန်အမြတ်ထားရာ မြို့ရွှေမန္တလာ မန်းရွှေမြို့မှာ ဆင်နွှဲတဲ့ မဟာသင်္ကြန်ပွဲတော်ကြီးကတော့ မဟာဆန်ဆန် ဝင့်ဝင့်ထည်ထည် ရှိနေတုန်းပါပဲ။ မြန်မာ့ယဉ်ကျေးမှုကို အလေးဂရုပြုတဲ့ ဗိုဇ်စိတ်ရှိသူတွေ သိုက်သိုက်ဝန်းဝန်း ရှိနေတာမို့လည်း မန်းသင်္ကြန်ဟာ မြန်မာတို့အတွက် မျက်နှာပန်းလှနေဆဲပါပဲ။ နောင်အစဉ်လည်း လှနေဦးမယ်လို့ မျှော်လင့်ယုံကြည်မိပါတယ်။

မန္တလေးမြို့တော်ရဲ့ သင်္ကြန်ရက်မှာ အစည်ကားဆုံး နေရာကတော့ ကျုံးပတ်ပတ်လည်ပါပဲ။ ကျုံးလေးဖက်လေးတန်မှာ ရေကစားမဏ္ဍပ်တွေ တန်းထိုးနေပြီး ရေကစားသူတွေကလည်း ကြိတ်ကြိတ်တိုးနေကြတယ်။ မြို့မတေးဂီတအဖွဲ့၊ မြနန်းမန္တလာ အလှပြယာဉ်၊ ထီလာမေ အလှပြယာဉ်၊ ပုဂံရွှေပြည်၊ ရွှေသင်းမောင်၊ ရွှေဆည်ဇေကရီ၊ မန်းမြို့သူ၊ ရွှေခြံမောင် စတဲ့ အလှပြယာဉ်တွေကလည်း မန်းရွှေမြို့တော်ရဲ့ မဟာသင်္ကြန် ကျက်သရေကို အစွမ်းကုန် ဆောင်ကြဉ်းပေးနေကြပါတယ်။

မန္တလေးသင်္ကြန်မှာ ပါဝင်ဆင်နွှဲပြီးတဲ့အခါ ပြင်ဦးလွင်ကိုတက်ပြီး ရေပက်ခံထွက်ကြတယ်။ ရုက္ခဗေဒဥယျာဉ်၊ ပွဲကောက်ရေတံခွန် စတဲ့ အဓိကရနေရာတွေမှာ လှည့်လည်ပျော်မြူးကြတယ်၊ တောင်သမန်အင်းနဲ့ ဦးပိန်တံတား ဝန်းကျင်ကတော့ နေ့လယ်နေ့ခင်း အနားယူ စားသောက် အပန်းဖြေသူတွေနဲ့ စည်ကားနေတာဟာ မဟာသင်္ကြန်ရဲ့အလှတစ်ပါးပါပဲ။

ပြောရရင်တော့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးဟာ မြန်မာပြည်တစ်ဝန်းလုံးက မြန်မာပြည်သားအားလုံးအတွက် ရွှင်လန်းသာယာဖွယ် ပွဲသဘင်ကြီးလို့ ပြောရမှာပါ။

အဲဒီလို ပျော်ရွှင်ဖွယ်ကောင်းလှတဲ့ မဟာသင်္ကြန် အခါသမယမှာ မပျော်ရွှင်နိုင်သူတွေလည်း ရှိနေတယ်ဆိုရင် ပြော




www.burmeseclassic.com

www.burmeseclassic.com

ရတာကတော့ တစ်မျိုးဖြစ်ပေမယ့် အမှန်တရားမို့ ခံစားဖို့ အသင့်ပါပဲလေ ဆိုသလို ပြောရဦးတော့မယ်။

ပထမပြောပြချင်တာက တစ်ချိန်တုန်းက နိုင်ငံကျော် ရုပ်ရှင်မင်းသားကြီးရဲ့ တစ်ချိန်တုန်းက ဖြစ်ရပ်ပါ။ အဲဒီအချိန်ဟာ သကြန်နားကပ်နေတဲ့ အချိန်ပေါ့။ မင်းသားကြီးရဲ့ အိတ်ကပ်ထဲမှာ ငွေ ၂၀ တောင် မရှိတဲ့ အချိန်လည်း ဖြစ်နေပါတယ်။ ကံကောင်းချင်တော့ စူပါစတားသုံးယောက် ဦးဆောင်ပါဝင်မယ့် အဆင့်မြင့် ဗီဒီယိုဇာတ်ကားတစ်ကားမှာ မင်းသားကြီးကို ထည့်သွင်း ရိုက်ကူးဖို့ စရန်ငွေ ပေးပါလေရော၊ တကယ်တမ်း ရိုက်မယ့်နေ့ကျတော့ မင်းသားကြီးနဲ့ မရိုက်ဖြစ်ဘူး၊ စရန်ငွေ ရတာလေးလည်း ကုန်ပြီ။ အခု ကားမရိုက်ရတော့ဘူးဆိုတော့ နောက်ထပ် ပိုက်ဆံလည်း မရတော့ဘူး။ သကြန်ကလည်း ကျတော့မယ်၊ တစ်ချိန်တုန်းအခါက စိုလဲ့နေတဲ့နှုတ်ခမ်းဖျားမှာ နိုင်ငံခြားဖြစ် စီးကရက် အမြဲတမ်း တွဲလွဲခိုနေသလို လက်ဖျားမှာလည်း ငွေသီးခဲ့တဲ့ မင်းသားကြီးခမျာ "နီး အသပြာ" ဝေဒနာတွေနဲ့ မဟာသကြန်ကို ဘယ်လိုကြိုဆိုရပါလိမ့်။ နှောင်းချစ်ရိပ်ဝယ်၊ ချိန်းမိလေသောကြောင့် စတဲ့ ဇာတ်ကားပေါင်းများစွာနဲ့ ပရိသတ် အသည်းခိုင်ကို ဆွဲကိုင်လှုပ်ယမ်းခဲ့တဲ့ မင်းသားကြီးရေ "ပြီးတော့လည်း ပြီးသွားမှာပါဗျာ" လို့သာ နှစ်သိမ့်မိရတယ်။

ဒုတိယ ပြောပြချင်တာက "ရမ္မက်လွန်တဲ့ မိန်းကလေးလားနှင့် တိုးတိုးတိတ်တိတ် ဇာတ်လမ်းများ"ထဲက ချစ်သူစုံတွဲလေးအကြောင်းပါ၊ စာရေးဆရာမ အမရာ(ဆေး-၁)ရဲ့ အဲဒီခေါင်းစဉ်နဲ့ စာအုပ်ထဲမှာ ဆေးပညာပေး ဆောင်းပါး အပုဒ် ၃၀ စုစည်းပါဝင်ပါတယ်။ ဆောင်းပါးအမှတ်စဉ် ၂၇ မှာ "သကြန်နှင့်မိန်းကလေးများ" ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ်ပါတယ်။ ဆရာဝန်တစ်ဦးဖြစ်တဲ့ ဆရာမဟာ သူ့ဆေးခန်းကို သကြန်တွင်းတိုင်း ဖွင့်ပါတယ်။ ဖွင့်ရတဲ့ ရည်ရွယ်ချက်က ရောဂါဝေဒနာရှင်တွေ သကြန်တွင်းမှာ အခက်အခဲ မဖြစ်စေလိုတဲ့ စေတနာ ရည်ရွယ်ချက်ပါပဲ။ အဲဒါကြောင့် ဆရာမအတွက် "သကြန်ဇာတ်လမ်း"တွေ တော်တော်များများ ရခဲ့တာပါ။ တစ်နေရာမှာ ဆရာမက အခုလို ပြောပြထားပါတယ်။



"ထိုအချိန်များမှာ ရေတွေ စိုရွှဲနေသော ကောင်လေးနှင့် ကောင်မလေး စုံတွဲများ နှစ်တိုင်း ရောက်လာတတ်ပါသည်။ သူတို့လာလျှင် တောင်းဆိုမှုက တစ်ပုံစံတည်းဖြစ်ပါသည်။

"ဆရာမ ကျွန်တော်တို့ မှားလာလို့ အရေးပေါ် သန္ဓေတားဆေးပေးပါ"

ချဉ်းကပ်မှုပုံစံများ ကွဲပြားကြသော်လည်း လိုရင်းကတော့ အတူတူပဲဖြစ်သည်။ အချို့က အထာသိပြီးသားမို့ ဆေးတွေကို ဆေးဆိုင်တွေက ကြိုတင်တောင် ဝယ်ထားကြသည် ဆိုပဲ။ ဤလို အရေးပေါ်တားဆေးမျိုး တိုက်ရမည်ဟု ကြိုသိပြီး ဆောင်ထားသော ယောကျ်ားများနှင့် မှောက်မှားကြသော မိန်းကလေးများ၏ဘဝကား မတွေးရဲစရာ။

သကြန်ဆိုသည်မှာ နှစ်သစ်မင်္ဂလာ အခါကို အေးချမ်းစွာကြိုဆိုသော နှစ်ဦးနိုးရာ ဖြစ်ပါသည်။ စိတ်လွတ်ကိုယ်လွတ် မဖွယ်မရာ အကုသိုလ်တို့ဖြင့် မညစ်ထေးစေသင့်ပါ။ သကြန်တွင် အရေးပေါ် သန္ဓေတားဆေးများ ညွှန်ကြား တိုက်ကျွေးနေရသော ဆရာဝန်တို့အတွက် ဤလိုစုံတွဲများကား မထူးဆန်းတော့။ မတွေ့ချင်အဆုံး ဖြစ်နေပါပြီ။ ဤဖြစ်ရပ်များကို မဆန်းပါဘူးလေဟု ထိုင်ကြည့် ထိုင်ဆေးကုပေးနေရတာ ဖြစ်သင့်သော ကိစ္စလား" တဲ့။

ဤမျှဆိုလျှင် ဒုတိယမြောက် သကြန်တွင်းမှာ မပျော်နိုင်သော အကြောင်းကိစ္စက နိဂုံးတံပါပြီ၊ သိသာလောက်ပါပြီ။

တတိယ. . . အင်း, စတုတ္ထ၊ တုတ်ထိုးအိုးပေါက်သာ ပြောချလိုက်ရရင် The Thousand Nights and One Night တစ်ထောင့်တစ်ည ပုံပြင်ကြီးပမာ ဖြစ်လေဦးတော့မယ်။ ရှိပါစေတော့၊ အဲဒီလောက် ပြောဖို့ အခြေအနေမပေးပေမယ့် တတိယမြောက်ကိစ္စကိုတော့ ဖွတ်မိုတ်ပြီး ပြောပါရစေ။

သိပ်မကြာလှသေးတဲ့ ကာလတစ်ခုမှာ နာဂစ်လက်ချက်ကို အလူးအလဲ ခံလိုက်ရတဲ့ ဧရာဝတီတိုင်းဒေသကြီးဘက် ရောက်သွားတယ်၊ ဘယ်အထိ ရောက်သွားသလဲဆိုတော့ ကျွန်းညိုကြီး၊ မြောက်တစ်ရာ၊ သံမီးလှ၊ ဟိုဘက်ထွက်လိုက်ရင် ပင်လယ်ဝပဲ ရှိတော့တယ်၊ ကျိုက်လတ်၊ ဘိုကလေးပြီးတော့ ဆရာကြီးဒဂုန်တာရာရဲ့ မွေးရပ်မြေ ထိုင်ကူ မြစ်တန်းကိုလည်း ရောက်သေးတယ်။

အဲဒီလိုရောက်သွားတော့ ပုံချိတ်မောင်းနေတဲ့ ညီငယ်လေးကို နာဂစ်အတွေ့အကြုံ မေးမိတယ်၊ မေးမိတော့မှ အတော်စိတ်မကောင်း ဖြစ်ရတယ်။ ညီငယ်လေးရဲ့မျက်ဝန်းအစုံမှာ မျက်ရည်တွေ စို့တက်လာတယ်။ အက်ကွဲထစ်ရှိနေတဲ့အသံနဲ့ သူ့မိသားစုဝင်သုံးဦးဟာ နာဂစ်မှာ ဆုံးရှုံးခဲ့ရတဲ့အကြောင်း ပြောပြတယ်၊ သက်ဆိုင်ရာက အထောက်အပံ့ပေးတဲ့ တစ်ဂါလန်ဝင် ပလတ်စတစ်ပုံးလေး နှစ်ပုံးအကြောင်း ပြောပြတယ်။ အံ့သြစရာပါပဲ။ ဧရာဝတီတိုင်းဒေသကြီး



www.burmeseclassic.com

www.burmeseclassic.com

အတွင်းက နာဂစ်ဒဏ်ခံ ဒုက္ခသည်တွေအတွက် နိုင်ငံတကာ ကပေးတဲ့ အထောက်အပံ့တွေဟာ ဧရာဝတီတိုင်းဒေသကြီး တစ်တိုင်းလုံးကိုတောင် ရွှေချလို့ရတယ်ဆို၊ အခု ဒီညီငယ်လေး ရခဲ့တာက တစ်ဂါလန်ဝင် ပလတ်စတစ်ပုံးလေး ၄၅လုံးသာတဲ့။

ပြီးတော့ အဲဒီတိုင်းအတွင်းမှာပဲ ငွေစင်ရော်ရွာကလေး ရှိတယ်၊ နာဂစ်နောက်ပိုင်းမှာ ငွေစင်ရော်လည်း အတောင်ကျိုး ပြီး နှစ်ပိုင်းကွဲသွားတယ်၊ ရွာဟောင်းအဖြစ်နဲ့ ကျန်ရစ်သူ ငွေစင်ရော်ဟာ အရိုးပြိုင်းပြိုင်းပါပဲ၊ကလေးတွေရဲ့စာသင်ကျောင်း ဆိုတာကလည်း စိတ်ပျက်အောင် လှပါတဲ့ မရေသည် ဆိုသလို ပါပဲ၊ အခင်းက မြေကမ္ဘလာ၊ အကာက ဟာလာဟင်းလင်း၊ အမိုးက ကြယ်မြင်လမြင်၊ ကျောင်းဆိုင်းဘုတ်ကလည်း သဘော်ဆေးတွေ အရေခွံလန်ပြီး သံဖြူပြားက ကျောပြောင် ပြောင်၊ စာသင်ပေးနေတဲ့ ဆရာမလုပ်သူက ခပ်ယဲ့ယဲ့၊ ကျောင်းတော်သူ ကျောင်းတော်သားတွေက ခြေထောက်မှာ ရွှံ့အလိမ်းလိမ်းနဲ့ ဖိနပ်က နတ္ထိ။ ဒီဆရာမနဲ့ သူ့တပည့်တွေရဲ့ မျက်ဝန်းမှာ "ငါတို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ"ဆိုတဲ့ မျှော်လင့်ချက် ရောင်ခြည်တွေက မှုန်ရီဝေဝါး။

ကိုင်း, မင်းသားကြီး××××လို၊ ဆေးခန်းထဲ ရောက်လာတဲ့ ချစ်သူစုံတွဲလို၊ ပဲ့ချိတ်မောင်း ညီငယ်လေးလို၊ အတောင်ကျိုးနေတဲ့ ငွေစင်ရော်က ဆရာမနဲ့ သူ့တပည့်တွေလို၊ သူတို့လို ခများတွေအတွက် သင်္ကြန်ဆိုတာ နိဗ္ဗာန်ဘုံလား၊ ငရဲလား။

ရန်ကုန်မြို့ အင်းလျားနဲ့ ကန်တော်ကြီးစောင်းမှာ၊ မန္တလေးမြို့ ကျုံးပတ်လည်မှာ၊ တောင်ကြီးမြို့၊ လားရှိုးမြို့ စတဲ့ နေရာတွေမှာ အသပြာကို ရေလိုသုံးပြီး ပြုံးပျော်နေသူတွေဟာ အဲဒီခများတွေအတွက် သင်္ကြန်လက်ဆောင် ဘယ်လိုပေးရပ့ါရယ်လို့ ပရဟိတအတွေးနဲ့ မျှော်ငေးမိကြမယ်ဆိုရင် ကမ္ဘာ့တစ်ဝက်လောက် ငြိမ်းချမ်းရေးရသွားမယ်လို့ ထင်ပါတယ်။ သိကြားမင်းကြီးရဲ့ ရွှေပေလွှာမှာလည်း ကုသိုလ်ရှင်စာရင်းတွေ စံချိန်တင်သွားမှာပါ။

ဒီနှစ် ဧပြီလအခါ တန်ခူးလ သင်္ကြန်မဟာမှာတော့ ရောင်ခြည်တစ်ထောင် အလင်းဆောင်တဲ့ ဘာဏုရာဇာ တနင်္ဂနွေဂြိုဟ်မင်းဟာ နဂါးကိုစီးပြီး လက်တစ်ဖက်က မြားကိုကိုင်၊ လက်တစ်ဖက်က လှွားကိုကိုင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဆင်းလာပါတော့မယ်။ မဟာသင်္ကြန်စာရဲ့ အလိုအားဖြင့်တော့ ဆိုးမယ်၊ ကောင်းမယ်၊ သင့်မယ်ပေ့ါ။ သာသနာတော်ရဲ့အလိုအားဖြင့်ကတော့ "မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်မှစ၍ အတိတ်သာသနာတော်နှစ် ၂၅၅၆ နှစ်ရှိခဲ့ပြီး ရောက်ဆဲ ပစ္စုပ္ပန်သာသနာတော်နှစ် ၂၅၅၇ နှစ်မြောက်ဖြစ်၍ အနာဂတ်သာသနာတော်နှစ် ၂၄၄၃ နှစ် ကျန်ရှိနေပါသေးသည်။ ဤသာသနာတော်နှစ်အတွင်း ကြုံကြိုက်ကြကုန်သော ကလျာဏသူတော်စင်အပေါင်းတို့သည် ရတနာသုံးပါး၊ မိဘ၊ ဆရာတို့အား ဆည်းကပ်ပူဇော်ခြင်း၊ ဒါနပြုခြင်း၊ သီလစောင့်ထိန်းခြင်း၊ သမထ၊ ဝိပဿနာ ဘာဝနာတရားတို့ကို ပွားများအားထုတ်ခြင်း ပြုကြကုန်ရာသတည်း". . . . တဲ့။

ဟုတ်ပါတယ်၊ တန်ခူးလ ဆိုတာ သင်္ကြန်ကျတဲ့လ၊ သင်္ကြန်ဆိုတာကလည်း နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းတဲ့ ရေသဘင်ပွဲတော် ကျင်းပရာ မင်္ဂလာယူသော ပွဲတော်ကြီးပါ။

ဒီနေရာမှာ နည်းနည်းလေး ပြောပါရစေ၊ မြန်မာတို့ရဲ့ သင်္ကြန်မြင်ကွင်းဟာ "နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းခြင်း" အသိအမြင်နဲ့ ချီတက်လာခဲ့ကြတာ နှစ်ပေါင်းထောင်ချီခဲ့ပါပြီ။ အဲဒီမှာ ဘာကိုသွားတွေ့ရသလဲဆိုတော့ အချိန်အခါ ရာသီဥတုဆိုတဲ့ နှစ်တွေသာ ပြောင်းလဲသွားပေမယ့် (တချို့ ဥတ္တမပုရိသများမှ လွဲ၍) "လူ"တွေကတော့ သိသိသာသာ ထူးထူးခြားခြား မပြောင်းလဲလာဘူးလို့ ထင်ပါတယ်။ ပွင့်လင်းမြင်သာတဲ့ မျက်မှောက်ခေတ်မှာ ပြည်သူ့မျက်မှောက်ကို ထင်သာမြင်သာ ရောက်ရှိလာတဲ့ နိုင်ငံတကာကို ပေးဆပ်ရမယ့် အကြွေးတွေ၊ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလိုက်တဲ့အခါ အဘက်ဘက်က နောက်ကျနေတဲ့ လူသားအရင်းအမြစ်တွေ အစရှိတဲ့ အခြေအနေတွေဟာ "မပြောင်းလဲမှု"ရဲ့ သက်သေတွေပဲလေ။

ဒါကြောင့် သင်္ကြန်နဲ့အတူ "နှစ်"တွေသာ မဟုတ်မူဘဲ "လူ"တွေပါ ပြောင်းလဲကြဖို့ မြန်မာတွေ နိုးကြားသင့်ပါပြီ။ "လူ"ဆိုရာမှာ "ရုပ်"နဲ့ "နာမ်" အစုအဝေးကို ဆိုလိုကြောင်းကိုလည်း ထပ်လောင်းညွှန်းဆိုချင်ပါတယ်။ ဒါမှသာ "စစ်မှန်တဲ့ သင်္ကြန်" ဖြစ်မှာပါ။ နို့မဟုတ်ရင် ဧပြီ (၁)ရက်မှာ လုပ်လေ့လုပ်ထရှိတဲ့ April Fool (ဧပြီအရူး) ဇာတ်လမ်းတွေနဲ့သာ တန်ခူးလေနဲ့ လျှော့ပြီး သင်္ကြန်ရေနဲ့ မျောနေဦးမှာပါ။

April ဆိုတာ Aperire ဆိုတဲ့ လက်တင် Latin ဘာသာစကားကနေ ဆင်းသက်လာပြီး "ပွင့်လင်းလာခြင်း" အဓိပ္ပာယ်ရပါသတဲ့။ ဟုတ်ကဲ့၊ မြန်မာတွေ "ပွင့်" ကြပါစေ၊ "လင်း" ကြပါစေ။

ဘာပဲပြောပြော မင်္ဂလာကျက်သရေ အဖြာဖြာ ဝေဆာထွန်းလင်း ပပဝင်းတဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်တော်၊ နှစ်သစ်အခါတော်မှာ သင်္ကြန်ရေနဲ့ တန်ခူးလေတို့နဲ့အတူ နွေဦးတေးသံလေးကတော့ မြူးမြူးကြွကြွ အေးအေးမြမြလေး လွင့်ပျံ့လာဦးတော့မှာ သေချာပါတယ်လေ။

"သင်္ကြန်ရေ အေးတာ. . . အေးတာ
ရွှဲရွှဲလောင်းပါ တူးပို့ ××× တူးပို့
တူးသံမြူးသည် ချစ်ကြည် သင်္ကြန်ခါ"။

မေတ္တာရည်လျက်

❐ လင်းပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com


မေတ္တာစေတမန်ဆိုတာ ဖိုးကုန်းမြို့ဆေးရုံကြီးရှေ့ ရန်ကုန်-ပြည် ကားလမ်းမကြီးရဲ့အရှေ့ဘက်မှာရှိပါတယ်။ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဥက္ကဋ္ဌ အတွင်းရေးမှူးအပါအဝင်)တစ်ဖွဲ့လုံးက စာပေနှင့် စာနယ်ဇင်းရုံး မရှိသေးတဲ့ ကျွန်တော်တို့ စာပေသမားတွေအတွက် အဲဒီမေတ္တာစေတမန်ကို ယာယီဆုံရပ်ရုံးအဖြစ် သဘောတူ သတ်မှတ်ကြပြီး နေ့စဉ်နံနက်တိုင်း ဆုံဖြစ်ကြဖို့ ဆုံးဖြတ်ခဲ့ကြတဲ့နေရာ ဖြစ်ပါတယ်။

နေ့စဉ်လည်း အချိန်ရ ရသလို ဆုံဖြစ်ကြပါတယ်။ အဲဒီမှာပဲ အေးအေးဆေးဆေး မုန့်စားရင်း၊ လက်ဖက်ရည်သောက်ရင်း စာပေအကြောင်းတွေ ဆွေးနွေးကြတိုင်ပင်ကြ၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းလုပ်ငန်းဆိုင်ရာတွေကို အကြံသဘော စည်းဝေးကြ၊ တိုင်ပင်ဆွေးနွေးကြတဲ့နေရာလည်းဖြစ်ပါတယ်။

အဲဒီမေတ္တာစေတမန်မှာ ထိုင်ရတာ အရသာလည်းရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စည်ပင်ဈေးကြီးနှင့်လည်း မဝေး၊ အခြေခံပညာရေး အထက်တန်းကျောင်း(မြို့မ)နှင့်လည်း မဝေး၊ ရန်ကုန်-ပြည်ကားလမ်းမကြီးဘေးနှင့် ဆေးရုံကြီးရှေ့မှာလည်းဖြစ်ပြန်ဆိုတော့လှုပ်ရှားမှုပုံရိပ်တွေကို အားလုံးမြင်နေရလို့ပါပဲ။

လူပေါင်းစုံ၊ အလွှာပေါင်းစုံ၊ မော်တော်ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ၊ ဆိုက္ကားတွေ၊ လမ်းသွားလမ်းလာတွေ၊ ဈေးရောင်းဈေးဝယ်တွေစုံပါတယ်။ အဲဒီကပဲ မြင်သမျှကြားသမျှ တွေ့သမျှတွေကနေ ဘဝသရုပ်ဖော် ဝတ္ထုတွေ၊ ဆောင်းပါးတွေ ထွက်လာတတ်ကြပါတယ်။ ကျွန်တော်ကိုယ်တိုင် မေတ္တာစေတမန်မှာထိုင်ရင်း ရမ္မက်တို့ မရေးဖြစ်သောဝတ္ထုတစ်ပုဒ်တို့၊ ကေတီဗွီမင်းသမီးလေးတို့ နက်ရှိုင်းကျယ်လွန်းပညာဝန်းဝယ်တို့ စတဲ့စာမူလေးတွေ ရေးဖြစ်ခဲ့ပါတယ်။

ဆိုင်ရှင် ကိုခင်မောင်ဝင်းတို့ ဇနီးမောင်နှံကလည်း သဘောကောင်းကြတယ်လေ။ ဆိုင်မှာ ဘယ်လောက်ထိုင်ထိုင်၊ ဘယ်လိုနေနေ စိတ်ရှည်သည်းခံ



# မေတ္တာတရားဖော် စေအားချက်

## နေဝန်းနီ


www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ တစ်ခါတလေ ကျွန်တော်တို့အခွဲကို သူတို့ကတောင် မုန့်တို့၊ လက်ဖက်ရည်တို့ ဒါနလုပ်သေးတယ်။

ကျွန်တော်တို့အားလုံးရဲ့ နွေးထွေးမှုကို မေတ္တာစေတမန်က အထိုက်အလျောက်တော့ ပေးခဲ့တာအမှန်ပါ။

အဲဒီမှာ တချို့က ကျွန်တော်တို့ကို စာရေးဆရာတွေမှန်းသိလို့ သူတို့အကြောင်းလေးတွေကို ရေးစေချင်ကြလို့ လာလာပြောကြတယ်။ အကြောင်းအရာတွေ အမျိုးမျိုးပါပဲ။ မောင်မောင်သိန်းတို့၊ ခင်မောင်သိန်း(ဇီးကုန်း)တို့၊ တိုးသက်(ဇီးကုန်း) တို့၊ အေးဆွေ(ပန်းတောင်း)တို့၊ မင်းသွေးနွယ်တို့၊ သူရိန်ဝင်းတို့၊ ဇေယျမြေမောင်ယဉ်မွေးတို့၊ ဆရာ့ရဲဇော်တို့၊ ရွှေကော်မြေ မောင်စိမ်းလန်းတို့ဆို လူတစ်ယောက်က သူ့ဘဝအကြောင်း လာရင်ဖွင့်ပြီဆိုရင် သူရေးရမှာလား ငါရေးရမှာလားနှင့် တိုင်ပင်ကြတယ်။

နောက်ပြီး တစ်ယောက်နှင့်တစ်ယောက် အကြံဉာဏ်လေးတွေပေးရေးကြတယ်။ စည်းရုံးနွေးထွေးတဲ့ သင်္ကေတလေးတွေပေါ့။ နောက်ပြီး ကိုယ်မြင်တာ၊ တွေ့တာ၊ ကြားတာ၊ တွေးတာလေးတွေကိုလည်း အချင်းချင်းပြောကြရေးခိုင်းကြတယ်။ တစ်ယောက်နှင့် တစ်ယောက်လည်း သဘောထားကြီးကြီးနှင့် ချစ်ခင်ကြင်နာမှု ခွင့်လွှတ်မှုအပြည့်ရှိကြတယ်။ နားလည်မှု ပေးကြတယ်။

"သမဂ္ဂါနံ တပေါ သုခေါ"ဆိုတဲ့ ညီညွတ်ခြင်းသည် ချမ်းသာမှုကိုဖြစ်စေတယ်လို့ မြတ်စွာဘုရားရှင် ဟောခဲ့တဲ့ တရားတော်နှင့်အညီပါပဲ။

ကျွန်တော်တို့အထဲမှာ အစ်ကိုခင်မောင်သိန်း(ဇီးကုန်း)က ဥက္ကဋ္ဌပါ။ သူက ကျွန်တော်တို့ထက် အသက်ကြီးပြီး အစစမှာ အသက်ကြီးသူတို့ရဲ့ဂုဏ်ထူးဝိသေသတွေနှင့်အညီ ဖေးဖေးမမလုပ်အုပ်ထိန်းနေတဲ့သူပေါ့။ လူမှုရေးလည်းအလွန်ကျယ်ပြန့်တဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။

ကျွန်တော်နှင့်ဆိုတာက အထက်တန်းကျောင်းသားဘဝကတည်းက အတူတူဆုံစည်းခဲ့ကြတဲ့ အစ်ကိုတစ်ယောက်လိုနေခဲ့သူပါ။ သူလာပြီဆိုရင် ကျွန်တော်တို့ဝိုင်းလေးက ပိုမို စည်ကားသွားပါတယ်။

သူလာရင် စာရေးလို့ကောင်းတဲ့၊ စာရေးလို့ရမယ့် သတင်းထူးလေးတွေ၊ ဖြစ်ရပ်ဆန်းလေးတွေ၊ အတွေ့အကြုံအသစ်လေးတွေက ပါပါလာတတ်ပြီး တစ်ဆင့်ပြန်လည်ပြောပြတတ်လို့ပါပဲ။

စောစောက သူက ကျွန်တော်တို့အဖွဲ့ထဲမှာ ဥက္ကဋ္ဌဆိုတာကလည်း စာနယ်ဇင်း ဥက္ကဋ္ဌအနေနဲ့ ပြောတာမဟုတ်ပါဘူး။ အဖွဲ့ထဲမှာ အသက်ကြီးပြီး ရပ်တည်မှု မှန်ကန်စွာနှင့် စိတ်စေတနာကောင်းစွာ ပြောတတ်ဆိုတတ်သူ တစ်ယောက်မို့ပါ။ သူ့ကြောင့်ပဲ ကျွန်တော်တို့အားလုံး ဝတ္ထုတိုလေးတွေ၊ ဆောင်းပါးလေးတွေ ရခဲ့တာလည်း မနည်းတော့ပါဘူး။

ယခုလည်း သူရောက်လာပြီ။ ရောက်မဆိုက်ဘဲ. . ,

"ဘယ်သူ ဒကာခံမလဲဟေ့. . . ဒကာခံမယ့်သူရှိရင် ငါထူးဆန်းတဲ့ တကယ့်ဖြစ်ရပ်မှန်ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်" လို့ ရယ်ရင်းမောရင်း ပြောလိုက်ပါတယ်။

နောက် ရေတာရှည်ကြည်သိန်း ချပေးတဲ့ ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်ပါတယ်။

"ကျွန်တော့်တစ်ယောက်တည်း ပြောမယ်ဆိုရင်တော့ ကျွန်တော်ဒကာခံမယ်လေ"

တင်မောင်ဝင်း (သူရိန်ဝင်း)က ပြောရင်း ဟက်ခနဲ ရယ်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ မိုးကျော်(ဇီးကုန်း)ရယ်၊ လှိုင်း(ပညာရေး)ရယ်၊ ဇော်ဝင်းမောင်ရယ်၊ မြသိန်း(ကြေးမြေ)ရယ် ထပ်ရောက်လာကြပြီး. . .

"အစ်ကိုကြီးပြောမယ့် ပုံပြင်လေးက တော်တော်ထူးပြီနဲ့တူတယ်၊ လုပ်လိုက်ကြလုပ်လိုက်ကြ"နဲ့ တစ်ယောက်တစ်ပေါက်ပြောရင်း စားပွဲတွေကို သုံးလုံးလောက်ဆက် စားပွဲရှည်ဝိုင်းကြီးလုပ်လိုက်ပြီး တပျော်တပါးကြီးဝိုင်းထိုင်လိုက်ကြပါတယ်။

"ထူးဆိုရင်တော့ သေဒဏ်ကျသွားတဲ့လူသတ်သမား ပင်စင်စားရတဲ့ ပုံပြင်လေးလေ၊ မဆန်းဘူးလား"

ကိုခင်မောင်သိန်းက မေးလိုက်ပါတယ်။ သူပြောမယ့်ခေါင်းစဉ်လေးက ဆန်းတော့ ကျွန်တော်တို့အားလုံး စိတ်ဝင်စားသွားကြတယ်။ အားလုံးက စိတ်ဝင်စားမှန်းသိတော့ သူက စကားကို တစ်,ထားလိုက်ပြီး. . .

"သေဒဏ်ကျသွားတဲ့ လူသတ်သမားပင်စင်စားတဲ့"လို့ဆိုရင်း. . .

"ဆန်းဆန်းပြားပြားကလေးတွေကို နားထောင်ချင်တဲ့သူတွေဆိုရင်တော့ လုပ်ကြကွာ၊ ကြာတယ်၊ ငါကကြို့ပင်ကောက်က နေလာရတဲ့သူ ဆိုတော့ မောတယ်ကွ၊ အချိုလေး တည်းချင်တယ်"ဟု ရယ်ရွှန်းဖတ်ရွှန်းနှင့် ပြောလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ မောင်မောင်သိန်းသတင်းထောက်(ဇီးကုန်း)က လက်ကုတ်မှာလိုက်လို့ လက်ဖက်ရည်(ရှယ်)တစ်ယောက်တစ်ခွက်စီနှင့် ပဲပလာတာတစ်ချပ်စီ စားပွဲထိုးလေးတွေက လာချသွားပါတယ်။

"ဒါမှပေါ့ကွ" လို့ အစ်ကို ခင်မောင်သိန်းကပြောရင်း လက်ဖက်ရည်ခွက် ယူသောက်လိုက်ပါတယ်။

"အေး. . . မင်းတို့ဘက်ကလဲ တာဝန်ကျေတော့ ငါ့ဘက်ကလဲတာဝန်ကျေရမှာပေါ့ကွာ"လို့ဆိုရင်း အောက်ပါအတိုင်း ဆက်ပြောပါတော့တယ်။

❖

"ဟိုးရှေးရှေးတုန်းက ဥရောပတိုက်မှာရှိတဲ့ ပြင်သစ်နဲ့အီတလီ နိုင်ငံနှစ်နိုင်ငံ ကြားထဲမှာ မြေထဲပင်လယ်ကို မေးတင်ထားတဲ့ မော်ရိုကိုလို့ ခေါ်တဲ့ နိုင်ငံလေး တစ်နိုင်ငံရှိတယ်၊ နိုင်ငံ တစ်





www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံဆိုပေမဲ့ နိုင်ငံကတော့ တော်ရုံတန်ရုံမြို့ကြီးတစ်မြို့လောက်တောင် မရှိဘူး။ လူဦးရေကလဲ မများဘူး၊ အများဆုံးရှိမှ (၇၀၀၀) လောက်ပဲရှိမယ်။

ဒါပေမဲ့ အဲဒီနိုင်ငံလေးမှာ ဖွဲ့စည်းပုံအပြည့်ရှိတယ်၊ ရှင်ဘုရင်ရှိတယ်၊ မှူးကြီး မတ်ကြီး ဝန်ကြီး ကလေး စစ်သူကြီး စစ်တပ်အကုန်ရှိတယ်၊ တိုင်းနိုင်ငံတစ်ခုရဲ့လက္ခဏာတွေကတော့ အပြည့်ပေါ့၊ စာရေးစာချီတွေ ဝန်ထမ်းတွေ အားလုံးပါပဲ။

ဒါပေမဲ့ နိုင်ငံလေးက သိပ်သေးတော့ နိုင်ငံမှာ စိုက်ပျိုးရေးလုပ်မရဘူး၊ အခွန်စည်းကြပ်မှုကတော့ အပြည့်၊ လူခွန်တ အစရှိတယ်၊ အခွန်ဆိုတော့လဲ ထွေထွေထူးထူးအခွန်တွေတော့ မဟုတ်ပါဘူး၊ စီးကရက်ခွန်တို့ အရက်ခွန်တို့ ဆိုင်ခွန်တို့ ဆိုတာလောက်ပေါ့၊ အဲဒီတော့ တိုင်းပြည်ရဲ့စီးပွားရေးက အဆင်မပြေဘူး၊ အစိုးရ ယန္တရားကြီးတစ်ခုလုံးလုံးလောက်လောက် မလည်ပတ်နိုင်ဘူး၊ ဒါကြောင့် အဲဒီအစိုးရယန္တရားကြီး လည်ပတ်နိုင်ဖို့အတွက် လောင်းကစားဝိုင်းမျိုးစုံ ဖွင့်ထားတယ်။

တစ်နေ့ တစ်နေ့ လောင်းကစားဝိုင်းကြီးတွေက ဟီးတိုက်နေတယ်၊ ပြင်သစ်တို့ အီတလီတို့နဲ့ တခြားတိုင်းပြည်တွေကလဲ လာကစားကြတယ်၊ အဲဒီအချိန်ကဆိုရင် ဥရောပတစ်တိုက်လုံးမှာ မော်ရိုကိုနိုင်ငံလေးကလွဲပြီး ဘယ်နိုင်ငံမှ လောင်းကစားဝိုင်းမဖွင့်ကြဘူး၊ အားလုံးပိတ်ထားကြတယ်၊ ဒီတော့ မော်ရိုကိုနိုင်ငံလေးဟာ လောင်းကစားသမားတွေနဲ့ စည်နေတော့တာပေါ့။

အဲဒီအချိန်မှာပဲ မော်ရိုကိုနိုင်ငံသားတစ်ယောက်ဟာ လူသတ်မှုတစ်ခုကို ကျူးလွန်လိုက်မိတယ်၊ ဘယ်တုန်းကမှ ဒီလိုပြစ်မှုမျိုးမဖြစ်ခဲ့ဖူးတဲ့ နိုင်ငံဆိုတော့ လူတွေတော်တော်အံ့ဩသွားကြတယ်၊ ဘုရင်လေးလဲ တော်တော်စိတ်ညစ်သွားတယ်၊ လောင်းကစားကလွဲပြီး တခြားပြစ်မှု မဖြစ်ခဲ့ဖူးတဲ့ နိုင်ငံဆိုတော့ အချုပ်ခန်းတို့ ထောင်တို့လဲ မရှိဘူး၊ တရားသူကြီးတို့ ရဲတို့ဆိုတာတွေလဲ မရှိဘူး၊ ဘုရင့်နန်းတော်ကို ကာကွယ်ဖို့ တစ်နိုင်ငံလုံးမှာ အယောက် ၆၀ လောက်ပဲရှိတဲ့ စစ်တပ်လေးပဲရှိတယ်။

ဒီတော့ ဘုရင်လေးဟာ အဲဒီလူသတ်တရားခံကိုထားဖို့အချုပ်ထောင်လေး ဆောက်ရတယ်၊ သူ့ကို စောင့်ဖို့ ရဲခန့်ရတယ်၊ တရားခံကို ထမင်းကျွေးဖို့ ထမင်းချက်ငှားရတယ်၊ တရားခံ စားဖို့ ဘုရင်လေးရဲ့ ရိက္ခာတော်ထဲက ရိက္ခာတွေကို ခွဲပေးရတယ်၊ နောက်ပြီး တရားခံကို စစ်ဖို့ တရားရုံးဆောက်၊ တရားသူကြီးတွေ ခန့်ရတယ်။

ဒီတော့ ဘုရင်လေးရဲ့ ဘဏ္ဍာတော်တွေ အတော်ထိကုန်တော့တာပေါ့၊ ထိပေမဲ့လဲ ရပ်လို့မရဘူးလေ၊ ပြစ်မှုကြီး ကျူးလွန်သူဆိုတော့ အပြစ်ကို ဆက်စစ်ရတာပေါ့၊ ဒီလိုစစ်တော့လဲ တရားနည်းလမ်းအတိုင်း တရားသူကြီးနဲ့ ရှေ့နေရှေ့ရပ်တွေနဲ့ ဂျူရီလူကြီးတွေနဲ့ စွဲချက်တွေတင် ထုချေမှုတွေလုပ် နောက်ဆုံး ပြစ်မှုထင်ရှားတဲ့အတွက် သေဒဏ်တွေပေး လုပ်ရတာပေါ့၊ အပြစ်အတိုင်း စီရင်ရတာပေါ့။

ဒါကို ဘုရင်လေးလဲ သဘောတူလိုက်တယ်၊ တရားရုံးက ဆုံးဖြတ်တဲ့အတိုင်း သေဒဏ်ပေးလိုက်ဖို့ အတည်ပြုတယ်၊ ဒါပေမဲ့ သူတို့မော်ရိုကိုနိုင်ငံမှာ ခေါင်းဖြတ်စက်နဲ့ စက်ကိုမောင်းပြီး ခေါင်းဖြတ်ပေးမဲ့ အာဏာပါးကွက်သား မရှိဘူး၊ ဒါကြောင့် ဝန်ကြီးတွေ အစည်းအဝေးထိုင်ပြီး ခေါင်းဖြတ်စက် အသုံးပြုတဲ့နေရာမှာ နာမည်ကြီးနေတဲ့ ပြင်သစ်နိုင်ငံကို ခေါင်းဖြတ်စက်နဲ့ အာဏာပါးကွက်သားငှားဖို့ ဆုံးဖြတ်ကြတယ်၊ ပြင်သစ်နိုင်ငံကလဲ ဖရန့်ငွေ တစ်သောင်းခြောက်ထောင်ရရင် ငှားပါ့မယ်လို့ အကြောင်းပြန်တယ်။

ဒီတော့ ဘုရင်ကလေးလန့်သွားတယ်၊ သူတို့ မော်ရိုကိုမှာရှိတဲ့ လူဦးရေဟာ နှစ်ဖရန့်နှုန်းနဲ့ အခွန်ဆောင်နေရတာ၊ ဒါတောင် လူဦးရေအကုန်လုံးကို တစ်သောင်းခြောက်ထောင် မရဘူး၊ ဒီတော့ ဝန်ကြီးအဖွဲ့တွေ အစည်းအဝေးထိုင်ပြီး အီတလီနိုင်ငံကို ဆက်ကြပြန်တယ်။

အီတလီနိုင်ငံကလဲ ဖရန့်ငွေ သောင်းနှစ်ထောင်ရရင် ခေါင်းဖြတ်စက်နဲ့ အာဏာပါးကွက်သား ငှားမယ်လို့ အကြောင်းပြန်ကြားပြန်တယ်၊ ဒါကလဲ ပြင်သစ်နဲ့ သိပ်မကွာလှဘူး၊ လူတစ်ယောက်မှ တစ်နှစ် နှစ်ဖရန့်နှုန်းသာ အခွန်ငွေရတဲ့ ဘုရင်လေးဟာ ခေါင်းဖြတ်စက်နဲ့ အာဏာပါးကွက်သားငှားဖို့ကို နောက်ဆုံး လက်လျှော့လိုက်ပြီး ဝန်ကြီးအဖွဲ့ကို ရာဇဝတ်သားကို လည်ပင်း ဓားနဲ့ခုတ်ဖြတ်ပေးမဲ့ စစ်သားရှိမရှိ မေးစေတယ်။

ဒါပေမဲ့ ဘယ်စစ်သားကမှ လုပ်လိုတဲ့စိတ်မရှိဘူး၊ စစ်သားအားလုံးက အဲဒီလိုအလုပ်မျိုး သူတို့ မလုပ်လိုတဲ့အကြောင်း တညီတညွတ်တည်း ပြန်ပြောကြတယ်၊ ဒါနဲ့ပဲ ဝန်ကြီးအဖွဲ့နဲ့ ဘုရင်လေးတိုင်ပင်ပြီး ရာဇဝတ်သားကို သေဒဏ်ကနေ လွတ်ငြိမ်းခွင့်ပေးပြီး ထောင်ဒဏ်တစ်သက် အပြစ်ဒဏ်သတ်မှတ်လိုက်ကြတယ်။

ဒါပေမဲ့ အဲဒီလို သေဒဏ်ကနေ ထောင်ဒဏ်တစ်သက် ချလိုက်ပေမဲ့ ပြဿနာက ပြီးမသွားဘူး၊ အကျဉ်းသားကိုထားဖို့ မြေနေရာရှာ၊ ထောင်ချုပ်ဆောက် အဲဒီမှာ အကျဉ်းသားကိုထားပြီး သူ့ကိုစောင့်ဖို့ အစောင့်တစ်ယောက်ပါထား။ အဲဒီအစောင့်က အကျဉ်းသားအတွက် နန်းတော်စားဖိုဆောင်ကနေ အစားအသောက်ယူကျွေးရတယ်။

ဒါနဲ့ တစ်နှစ်ပြည့်သွားတဲ့အခါကျတော့ ဘုရင်လေးဟာ အကျဉ်းသားအတွက် ကုန်ကျငွေကိုတွက်ကြည့်လိုက်သတဲ့။

တစ်နှစ်တာမှာ အကျဉ်းသားအတွက် ကုန်ကျငွေက မသေးလှဘူး၊ တစ်နှစ်ကို ဖရန့်ငွေခြောက်ရာရှိသတဲ့။





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ဘုရင်လေးက တွေးပြန်တယ်။ ဒီရာဇဝတ်အကျဉ်းသားရဲ့ အသက်ကလဲ ငယ်သေးတယ်။ ကြံ့ခိုင်ကျန်းမာသူလဲဖြစ်တယ်။ ဘယ်နည်းနဲ့ဖြစ်ဖြစ် သူဟာ နောင်အနှစ်ငါးဆယ်အထိတော့ သာသာလေးလဲနေသွားနိုင်သေးတယ်။ ဒါဆို သူ့အတွက် ကုန်ကျငွေက တစ်နှစ်ဖရန့်ခြောက်ရာဆိုရင် အနှစ်ငါးဆယ်မှာ ဖရန့်ငွေသုံးသောင်းကုန်မယ်ပေါ့။ နောက်ပြီး သူ့အတွက် အလုပ်ကလဲ အပိုရှုပ်နေရသေးတယ်။ တိုင်းပြည်ဘဏ္ဍာငွေ ကုန်ကျမှုကလဲ မသေးလှဘူး။

ဒီတော့ ဝန်ကြီးတွေနဲ့တိုင်ပင်ပြီး ရာဇဝတ်အကျဉ်းသားထွက်ပြေးချင်လဲ ပြေးပါစေတော့ဆိုတဲ့ အနေနဲ့ သူ့ကိုစောင့်တဲ့ အစောင့်ကို ဖြုတ်ပစ်လိုက်တယ်။ ဒါပေမဲ့ သူက ထွက်မပြေးဘူး။ ထမင်းစားချိန်ရောက်တော့ သူ့ကို ထမင်းယူပေးနေကျအစောင့်ကို ထွက်ရှာတယ်။ မတွေ့တော့ သူကိုယ်တိုင် နန်းတော် စားဖိုဆောင်ကို အစားအသောက်တွေ သွားယူပြီး အခန်းထဲပြန်ဝင် စားသောက်နေတယ်။

ဘုရင်လေးလဲ အစောင့်လဲ မရှိ၊ အချုပ်ခန်းသော့လဲ ဖွင့်ထားပါရက်နဲ့ ထွက်မပြေးဘဲနေတဲ့ ရာဇဝတ်သားကို အံ့ဩနေမိတယ်။ သူကတော့ ထုံးစံအတိုင်းပဲ၊ စားချိန်တန်ရင် သူကိုယ်တိုင် နန်းတော်ဆောင်ကိုသွားပြီး အစားအသောက်တွေယူ တဝတပြစား၊ စားပြီးတော့ အိပ်နေတော့တာပဲ။ တစ်နည်းပြောရရင်တော့ ဇိမ်ကျနေတာပေါ့လေ"

❖

ဇာတ်လမ်းက အတော်စိတ်ဝင်စားစရာကောင်းလာပြီ။ ကျွန်တော်တို့အားလုံး ကျွန်တော်ကအစ ရှေ့လျှောက်ဘာဖြစ်ဦးမလဲ၊ ဘာဖြစ်ဦးမလဲပေါ့။ နောက်ပြီး ဒီအကျဉ်းသားက ဒီလောက်အခွင့်အရေးရနေတာတောင် ဘာဖြစ်လို့ထွက်မပြေးရတာပါလိမ့်။ မပြေးရဲလောက်အောင်ပဲ ကြောက်နေရသလားပေါ့၊ တွေးနေမိတယ်။ အစ်ကိုခင်မောင်သိန်းက ကျွန်တော်တို့ကိုအကဲခတ်ရင်းခေတ္တ စကားကိုဖြတ်ပြီး စီးကရက်တစ်လိပ်ကို ဟန်ပါပါ နှုတ်ခမ်းမှာတေ့မီးညှိပြီးဖွာနေလိုက်တယ်။

"ဟာ၊ ကောင်းခန်းကျမှ ဖြတ်ထားရသလား အစ်ကိုကြီးရ၊ ဆက်ဗျာ ရပ်မထားနဲ့"

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိတဲ့ အောင်မြင့်(မှုခင်း)နှင့် ကနောင်မောင်မောင်တို့က အားမလိုအားမရနှင့် တိုက်တွန်းလိုက်ကြပါတယ်။ ဒီတော့မှ အစ်ကိုခင်မောင်သိန်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး မဆုံးသေးတဲ့ပုံပြင်ဇာတ်လမ်းကို ဆက်ပြောပါတယ်။

❖

"ရာဇဝတ်သား ထွက်ပြေးလိမ့်မယ်လို့ ထင်ထားတဲ့ ဘုရင်လေးဟာ မပြေးနိုင်တဲ့အဆုံး ဝန်ကြီးတစ်ဦးကို ရာဇဝတ်အကျဉ်းသားကို ပြေးခိုင်းဖို့ တာဝန်ပေးလိုက်တယ်၊ တာဝန်အပေးခံရတဲ့ဝန်ကြီးလဲ ရာဇဝတ်အကျဉ်းသားဆီကိုသွားပြီး. . .

'မင်း ခုလောက်ပြေးဖို့ အခွင့်အရေးရနေတာတောင် ဘာဖြစ်လို့ ထွက်မပြေးရတာလဲ၊ မင်းထွက်ပြေးလို့လဲ ဘုရင်လေးက ဘာမှအရေးယူမှာမဟုတ်ဘူး၊ မင်းပြေးတော့' လို့ ထွက်ပြေးဖို့ ခိုင်းလိုက်တယ်"

အဲဒီအခါမှာ ရာဇဝတ်အကျဉ်းသားက. . .

"ဘုရင်လေးက အရေးမထားပေမဲ့ ကျုပ်ကတော့ အရေးထားရပါတယ်ခင်ဗျား"လို့ ပြန်ပြောလိုက်တယ်။

"မင်းကပဲ တစ်ပြန်အရေးထားရသလား၊ ဘာဖြစ်လို့လဲ ပြောပါဦး"

ဝန်ကြီးက မေးတယ်။ ဒီတော့ ရာဇဝတ်အကျဉ်းသားက. . .

"ခင်ဗျားတို့က ကျုပ်ကို ထောင်ချလိုက်တဲ့အတွက် ကျုပ်ဟာ လူဆိုးလူမိုက် ထောင်ကျရာဇဝတ် အကျဉ်းသားအဖြစ်နဲ့ သိက္ခာကျသွားပြီ၊ လူတွေကြားထဲ ကျုပ် ဘယ်လိုမျက်နှာပြရမှာလဲ၊ လူတွေကကော ကျုပ်ကို ယုံကြပါတော့မလား၊ ဒီတော့ ကျုပ်ထွက်ပြေးလဲ ဘယ်သွားမလဲ၊ ဘယ်လူကလက်ခံတော့မှာလဲ၊ သွားစရာမရှိတော့မဲ့ အတူတူ ထောင်ထဲမှာနေပြီး ဘုရင်လေးကျွေးတဲ့ ရိက္ခာတွေကို မတောင့်မတ အိပ်လိုက်စားလိုက် လုပ်နေတာဟာ ကျုပ်အတွက် အကောင်းဆုံးပဲလေ၊ ကျုပ် ဒီအခွင့်အရေးကိုစွန့်ပြီး ထွက်မပြေးနိုင်ပါဘူးခင်ဗျား" လို့ ပြန်ပြီး ခပ်မာမာပြောလိုက်တယ်။

ရာဇဝတ်သားရဲ့ စကားကို မမျှော်လင့်ဘဲကြားလိုက်ရတဲ့ဝန်ကြီးဟာ သူမမျှော်လင့်တဲ့စကားတွေကို ရာဇဝတ်သားက ပြောလိုက်တဲ့အတွက် မျက်လုံးပြူးသွားတယ်။ ဒါနဲ့ပဲ နန်းတော်ကို အမြန်ဆုံးပြန်ပြီး ဘုရင်လေးကို အကျိုးအကြောင်း လျှောက်တယ်။ ဒီတော့ ဘုရင်လေးလဲအကျပ်ရိုက်သွားပြန်တယ်။

ဒီရာဇဝတ်သားကို ဘယ်လိုရှင်းထုတ်ရင်ကောင်းမလဲလို့ ဝန်ကြီးတွေမှူးမတ်တွေနှင့် တိုင်ပင်ရပြန်တယ်။ အဲဒီအခါမှာ အားလုံးက ရာဇဝတ်အကျဉ်းသားကို တစ်နှစ်ကို ဖရန့်ခြောက်ရာပေးပြီး ပင်စင်ပေးလွှတ်လိုက်ဖို့ကို တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြတယ်လေ။ ဒီတော့မှ ရာဇဝတ်အကျဉ်းသားလဲ စရန်ဖရန့်နှစ်ရာလောလောဆယ်ယူပြီး တစ်နှစ်ကို ဖရန့်ခြောက်ရာနှင့် အကျဉ်းသားအဖြစ်က ပင်စင်ပေးတာကို ကျေကျေနပ်နပ်လက်ခံလိုက်တယ်။

❖

ဒီနေရာမှာ အစ်ကိုခင်မောင်သိန်းက သူ့ပုံပြင်လေးကို အဆုံးသတ်လိုက်တယ်။

"ဟာ"

အစ်ကိုခင်မောင်သိန်း စကားဆုံးတော့ အားလုံးအံ့ဩကုန်ကြတယ်။ တချို့က အကျဉ်းသားကို၊ တချို့က မော်ရိုကိုဘုရင်လေးကို၊ တချို့က ပင်စင်





www.burmeseclassic.com

www.burmeseclassic.com

ပေးဖို့ ဆုံးဖြတ်ပေးကြတဲ့ ဝန်ကြီးတွေ မှုးမတ်တွေကို။

အစ်ကိုခင်မောင်သိန်းကတော့ သူ့တာဝန် ပြီးဆုံးသွားပြီမို့ အေးအေးဆေးဆေးပဲ ဒူးနှံ့ပြီး စီးကရက်ဖွာနေတယ်။

"ဒါတော့"

"ဒါဆို"

ဆိုတော့ ကိုယ့်အတွေးနှင့်ကိုယ် တွေးပြီးပြောကြမည့် စကားသံတွေက အဖွဲ့ထဲမှာ ဟိုလူဆီက ဒီလူဆီက တစ်စွန်းတစ်စ ထွက်လာကြတယ်။ အစ်ကိုခင်မောင်သိန်းကတော့ သူ့အယူအဆ သူ့အတွေးအခေါ်နှင့် ဒီပုံပြင်ဇာတ်လမ်းလေးကို ဘယ်လိုတွေးခေါ်ပြီး ပြောသွားမှန်းမသိပေမဲ့ ကျွန်တော်တို့ အဖွဲ့ထဲမှာတော့ အတွေးအခေါ်တွေက ပြန့်ကျဲကျန်ခဲ့တယ်။

ပြောကြတော့မယ်လေ၊ ကိုယ့်အမြင် ကိုယ့်ရှုထောင့်လေးတွေကနေပြီး နောက်ပြီး. . .

အဲဒီအချိန်မှာပဲ အစ်ကိုခင်မောင်သိန်းဆီက စကားသံက ထွက်ပေါ်လာပြန်တယ်။

"ဒီပုံပြင်လေးကို ကိုယ့်အမြင်နဲ့ ကိုယ်မြင်တာကလွဲပြီး ငြင်းတော့ မငြင်းကြနဲ့နော်၊ မြင်တာ အပြစ်မရှိပေမဲ့ ငြင်းခုံတာကတော့ အပြစ်ရှိတယ်၊ အချင်းချင်း ငြင်းခုံခြင်းအားဖြင့် . . .

၁။ ကောဇန ဥပနဝဟ = အမျက်ကြီးခြင်း၊ ရန်ငြိုးဖွဲ့တတ်ခြင်း၊

၂။ မက္ခ ပလာသီ = ကျေးဇူးမဲ့ခြင်း၊ ဂုဏ်ပြိုင်တတ်ခြင်း၊

၃။ ဣဿုကီ မစ္ဆရီ = ငြူစူတတ်ခြင်း၊ ဝန်တိုတတ်ခြင်း၊

၄။ သဌလာယာသီ = စဉ်းလဲကောက်ကျစ်ခြင်း၊ လှည့်ပတ်တတ်ခြင်း၊

၅။ ပါပိစ္ဆ မိစ္ဆာဒိဋ္ဌိ = ယုတ်မာသောအလိုရှိခြင်း၊ အယူမှားခြင်း၊

၆။ သန္ဒိဋ္ဌိ ပရာမာသီ အဓါနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ = ငါ့အယူမှန်၏ဟု မှားသောအားဖြင့် သုံးသပ်လေ့ရှိခြင်း၊ စွဲမြဲစွာယူလေ့ရှိခြင်း၊ အယူကိုစွန့်နိုင်ခဲခြင်း ဆိုတဲ့ အပြစ်ခြောက်ပါးရှိတယ်၊ အစ်ကိုကစိုးရိမ်လို့သာပြောရတာပါ၊ ငါ့ညီတို့က စာရေးဆရာတွေပဲ၊ ဒါတွေ သိလောက်ပါတယ်"

အားလုံးက သက်ပြင်းပြိုင်တူချလိုက်ကြတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော်တို့ စကားဝိုင်းကို တစ်ဖက်စားပွဲကနေ နားဆောင်နေတဲ့ အင်္ဂလိပ်ဆရာကိုစိန်မြင့်က. . .

"ဒါ မေတ္တာရဲ့စေစားချက်ပေါ့" လို့ ကောက်ကာငင်ကာဝင်ပြောလိုက်ပါတယ်။

ကိုစိန်မြင့်ပြောလိုက်တဲ့ မေတ္တာစေတမန်ဆိုတာ ကျွန်တော်က ကိုစိန်မြင့်စကားအဆုံး ရှုပ်ထွေးဝေဝါးလှတဲ့ အတွေးတို့နှင့် အရှည်ကြီးတွေးနေလိုက်မိတယ်။

*(၃. ၄. ၂၀၁၁ နေ့ အမှတ်တရ)*

❒ နေဝန်းနီ


# ဆရာဦးအောင်ကြည်သိန်း

## B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၄၉၂၅၀၁၀

ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။




www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

# (မြိတ်) တိုင်းရင်းဆေးဆရာကြီး ဦးကျော်စိုး

## သမားမှတ်ပုံတင်အမှတ် ၈/၆၀၃၂

## ကင်ဆာ မြစ်ပွားနာအထူးကု (ပါရဂူဘွဲ့ရ)

## (အမွှားမေတ္တာ)တိုင်းရင်းဆေးကုခန်း



ဘိုးစဉ်ဘောင်ဆက်မှ ဆင်းသက်လာသော ဆေးပညာအမွေကို ဆက်ခံပြီး ရောဂါဝေဒနာခံစား နေရသည့် ခုနစ်ရက်သားသမီးများအား စေတနာမေတ္တာအရင်းခံပြီး ကယ်တင်ကုသပေးလျှက်ရှိပါသည်။ ကီမိုသွင်းသည့်လူနာနှင့် ဓါတ်ရောင်ခြည်ပေးထားသည့်လူနာများလည်း ကုသနိုင်ပါသည်။ လူနာရှင်များ အနေဖြင့် ဆေးကုသရာတွင် ဆရာနှင့်ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**သက်သာပျောက်ကင်းနိုင်သော ရောဂါများ**

သားအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ ကျောက်ကပ်နှလုံး၊ အူမကြီးကင်ဆာ၊ ဆီးကျောက်တည်၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာ၊ စီပို၊ ဘီပို၊ လေးဘက်နာ၊ သားအိမ်နှင့်ပါတ်သက်၍ အဖြူဆင်းခြင်း၊ သွေးပုပ်ကျခြင်း၊ သားအိမ်ခေါင်းတွင်ဖြစ်တတ်သော ဂေါ်ဘီပန်းပွင့်ကဲ့သို့ဖြစ်ခြင်း၊ ကြွက်နို့ကဲ့သို့ဖြစ်ခြင်းများကို သက်သာ ပျောက်ကင်းအောင် ကုသပေးနေပါသည်။

| | | |
|---|---|---|
| ဆေးခန်းဖွင့်ချိန် | - | နေ့စဉ်နံနက်(၇း၀၀)နာရီမှ ညနေ(၄း၀၀)နာရီထိ (ပိတ်ရက်မရှိ) |
| ဆေးခန်းလိပ်စာ | - | အမှတ်(၁) ၉/၄ ၊ ညောင်ပင်သာလမ်း၊ ဆုံရှည်ကုန်းကျေးရွာ ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လမ်းညွှန် | - | ၁၂၄၊ ၂၀၂၊ ၄၈(အထူး)၊ ၁၀၁၊ ၈၅၊ ၇၉၊ ၈၆ လော်ကား ကားများစီး၍ သံဖြူဆိုင်မှတ်တိုင် ဆင်းပါ။ |
| ဆက်သွယ်ရန်ဖုန်း | - | ၀၉-၄၉၃၁၉၃၆၈ ၊ ၀၉-၇၃၂၄၅၉၇၂ |



www.burmeseclassic.com

www.burmeseclassic.com



တွင်းကြီးသား

# ဝင်းဝင်းဦး

## ကျေနပ်ပါတယ် အချစ်ရယ်

မနေ့ညက အလုပ်အပြီး အိမ်ပြန်ရောက်သည်အထိ စိတ်လှုပ်ရှားခဲ့သော ကိုမောင့်အနေဖြင့် ဒီကနေ့မနက် အရုဏ်မတက်ခင်အချိန်ကပင် အိပ်ရာက နိုးလာခဲ့သည်၊ မိခင်ဖြစ်သူက သားဖြစ်သူ ကိုမောင်မနိုးသေးဘူးအထင်နှင့် အိပ်ရာနားလာရပ်ပြီး နိုးဖို့ကြည့်ဆဲ၌ပင် ကိုမောင်သည် ရုတ်ခြည်းထထိုင်လိုက်သည်။

လပြည့်ဝန်းမဂ္ဂဇင်း (မေလ၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com

"လူလေး မနိုးသေးဘူးထင်လို့ အမေ လာနှိုးတာ၊ လူလေးက နိုးနေတာ ကိုး၊ ကဲ. . . ထတော့. . . မျက်နှာသစ် . . . အဆာပြေစား. . . ဟုတ်ပြီနော်"

"ဟုတ်ကဲ့" ဟုဖြေရင်း ချိုသာသော အမေ့မျက်နှာကိုကြည့်ပြီး ပြန်လည်ပြုံးပြကာ အိပ်ရာထက်မှထလိုက်သည်။

အိမ်ရှေ့ရေအိုးမှာ မျက်နှာသစ်သည်။ ပြီးသည်နှင့် မီးဖိုခန်းမှာ အမေ ပြင်ဆင်ထားသည့် ထမင်းပွဲမှာ ဝင်သည်။

"အဖေကော"

"မင်းအဖေ စောစောကပဲထွက်သွားတယ်၊ သူတို့လိုင်းကားကို သန့်ရှင်းရေးလုပ်ရမှာမို့တဲ့၊ ပြီးတော့ ဧည့်သည် အချို့နဲ့လဲ ချိန်းထားလို့တဲ့၊ အဲဒါကြောင့် လူလေးကို မနှိုးတော့ဘူးတဲ့"

"ဟုတ်လား"

"ဟုတ်တယ်. . . မှာသွားသေးတယ်၊ လူလေးကိုနှိုးပြီး အလုပ်သွားခိုင်းတော့လို့ မှာသွားသေးတယ်ကွဲ့၊ ကဲ ကဲ စား"

မိခင်ဖြစ်သူကပြောရင်း အသားတုံးတစ်တုံးကို ထည့်ပေးလိုက်သည်။ ကိုမောင့်ခမျာ အမေ့ကိုအားနာစွာဖြင့် ငရဲကြီးမှာကြောက်၍ အမေ့ကိုစိတ်ထဲကပင် တောင်းပန်ရင်းရှိသည်။ တကယ်တော့ ကိုမောင်တို့မိသားစုသည် လေးဦးသာရှိသည်။ ဖခင်ဖြစ်သူ ဦးကျော်မောင်၊ အမိ ဒေါ်မြင့်မြင့်နှင့် ညီမလေး အေးသီ။ ကိုမောင်အပါအဝင်မှ လေးဦး။

ကိုမောင်တို့ဇာတိသည် ရွှေဘိုဘက်ကဖြစ်ပြီး ရွှေဘိုမှာနေစဉ်တုန်းကတော့ လယ်ရိတ်၊ ကောက်စိုက်၊ လယ်ထွန်၊ ကောက်လှိုင်းတိုက်အလုပ်တွေ လုပ်ရင်းနှင့် ဘဝကိုရုန်းကန်ခဲ့ကြသည်။ ကိုမောင့်ကို ရွှေဘိုမှာ မွေးဖွားခဲ့ပြီး ကိုမောင်နှစ်နှစ်သားအရောက်၌ ဖခင်ဖြစ်သူက ရန်ကုန်ကို အလုပ်သွားပြီး ရှာခဲ့သည်။ အမေ့ကို ပစ်ထားခဲ့သည်။

"တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုသော ခံယူချက်အပြည့်နှင့် အဖေငယ်စဉ်က ဝါသနာပါခဲ့သော စိတ်ကူးယဉ်အိပ်မက်မက်ခဲ့သော အလုပ်ကို ရှာခဲ့သည်။ ထိုအလုပ်က ကားမောင်းသည့်အလုပ်။

အဖေသည် ကားမောင်းတတ်ယျှင် ကားကြီးတွေမောင်းမည်။ ကုန်တင်ကားပဲဖြစ်ဖြစ်၊ ခရီးသည်ကားပဲ ဖြစ်ဖြစ် တစ်မြို့နှင့်တစ်မြို့ အလှမ်းဝေးသည်။ အဝေးပြေးကားပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် မြို့ထဲမောင်းနေကြသည့် လိုင်းကားပဲဖြစ်ဖြစ် မောင်းချင်သည့်ဝါသနာကြီးခဲ့သူ။ အမေနှင့်အိမ်ထောင်ကျအပြီး အခြေအနေအရ လယ်လုပ်ခဲ့ရသည်။ နွားနှင့်ကျွဲနှင့်ဖက်ပြီး ရုန်းကန်ခဲ့အပြီးမှာတော့ အဖေသည် ရန်ကုန်ကို အလုပ်ရှာခဲ့ခြင်းပင်။

တကယ်တော့ အခြားအလုပ်ကို မရှာဘဲ ကားသမားဖြစ်ဖို့ ကြိုးစားခဲ့သည်။ ရန်ကုန်၊ သရက်တောကျောင်းတိုက်၊ ရွှေဘိုကျောင်းမှာ ဆရာတော်ကို အကျိုးအကြောင်းလျှောက်ထားပြီး ပါသည့်ငွေလေးနှင့်ဆရာတော်အထောက်အပံ့ဖြင့် ကားမောင်းသင်တန်း တက်သည်။ သင်တန်းပြီးသည်နှင့် အချိန် နှစ်နှစ်နီးပါး အလုပ်ရှာရင်း ရပ်ကွက်တစ်ခုမှ ကျောင်းအကြိုအပို့ကားကို မောင်းသည်။ နောက် စျေးအကြိုအပို့ကားမောင်းပို့ရင်းနှင့် လိုင်းကားမောင်းဖို့ အကြောင်းဖန်လာသည်။

အဖေဖြစ်ချင်သည်က ဒီလိုင်းကားမောင်းသည့်အလုပ်။ ဂိတ်စဂိတ်ဆုံးမှာ တက်သူဆင်းသူ၊ ဆင်းရဲသူ ချမ်းသာသူ၊ အရပ်သားနှင့်ဝန်ထမ်း၊ ဘာသာစုံသောလူမျိုးပေါင်းစုံကိုပို့ရင်း မှတ်တိုင်တွေကိုရပ်၊ မှတ်တိုင်တွေကိုကျော်ပြီး အလှည့်ကျ အခေါက်ခေါက် အခါခါ ပို့ပေးနေရသည်ကိုက အဖေ့အတွက် ဝမ်းသာနေခဲ့ရသည်။ ကြည်နူးကျေနပ်ခဲ့ရသည်ဆိုရင် မမှား။

ရန်ကုန်မှာ အဖေဖြစ်သူ ခြောက်နှစ်အကြာ ကြားထဲမှာ တစ်နှစ်တစ်ခါသာပြန်ခဲ့ပြီးသည့်နောက် အဖေသည် မိသားစုလိုက် ရန်ကုန်ကိုရွှေ့ဖို့ကြိုးစားခဲ့သည်။

"ဟုတ်တယ် မယ်မြင့်ရဲ့၊ ငါ ဖြစ်ချင်တဲ့ဆန္ဒတွေ ပြည့်ဝသွားပြီ၊ ဒီတော့ ငါတို့မိသားစုကို ငါ လုပ်ကျွေးနိုင်ပြီ၊ ဒီတော့ ရန်ကုန်ကို အခြေချကြစို့. . . ဟုတ်ပြီလား"

"အင်း. . . ရှင့်သဘောပါပဲ ကိုကျော်မောင်ရယ်" ဟုသာ အမေက ခေါင်းညိတ်ခဲ့ပြီးသည့်နောက် ရန်ကုန်ကို ရွှေ့ခဲ့ကြသည်။

ရန်ကုန်ကိုရွှေ့စဉ်က ကိုမောင်သည် သုံးတန်း၊ ညီမလေး အေးသီက တစ်တန်း။

ရန်ကုန်ရောက်ပြီးသည့်နောက် အဖေက ကားမောင်းခဲ့ရင်းနှင့် ခင်မင်လာသည့် သူငယ်ချင်းတစ်ဦး၏အိမ်၌ အိမ်ဘေးအဖီချပြီးနေခဲ့သည်။ ဖြစ်သလိုနေ ဖြစ်သလိုစားရင်းနှင့် အနေကျပ် အစားကျပ် ဘဝကျပ်ခဲ့ပေမယ့် အမေနှင့်ကိုမောင်တို့ ပျော်ခဲ့ကြပါသည်။ နေသားလည်းကျသွားပြီ ဖြစ်ပါသည်။

နောက်တော့ နေခဲ့ကြသည့် စမ်းချောင်းရပ်ကွက်လေး တစ်ခုမှာပင် ဝိုင်းဝယ်ခဲ့သည်။ အိမ်ကလေးဆောက်နေခဲ့နိုင်သည်အထိ။

ယခုအချိန်အထိ အဖေဖြစ်သူ ကားမောင်းဆဲ။ ကိုမောင့်မှာလည်း ကားဆရာဖြစ်ဖို့ ကြိုးစားနေသောကားမောင်းလိုင်စင်ရထားပြီးသော ကားစပယ်ယာတစ်ဦး။ မှန်သည်၊ ကားမောင်းသမားတိုင်း တစ်ချိန်က စပယ်ယာဘဝကနေပြီး တက်လာကြသူတွေပဲ မဟုတ်လား။ တစ်ခါက သားသည် နောင်တစ်ချိန်က ဖခင်တစ်ဦးဖြစ်သည် ဆိုသလိုမျိုး။

ကိုမောင်သည် တွေးရင်းနှင့် ထမင်းကို လက်စသတ်သည်။ အလုပ်သွားဖို့ပြင်ဆင်ပြီးသည်နှင့် ဘုရားကို ဦးချသည်။ အမေ့ကို ကန်တော့သည်။ အလုပ်သွားပြီဖြစ်သည့် အဖေ့အတွက် အမေ့ကိုကန်တော့ရင်း စိတ်ကမှန်းကာ အဖေ့ကိုကန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"သာဓု သာဓု သာဓု၊ ခုလို မိဘကိုကန်တော့ရတဲ့အကျိုးကြောင့် အမေ့သားလေးလို ဘဝတူကားမောင်းသမားတွေ, ကားနောက်လိုက်တွေ ကျန်းမာပါစေ၊ ခရီးသွားပြည်သူတွေကို အပျော်အပြုံးတွေနဲ့ ဝန်ဆောင်မှုပေးနိုင်ပါစေကွယ်"

အမေက ဆုပေးသည်။

"သွားမယ် အမေ"

"အေး အေး. . . ခရီးသည်တွေဆိုတာ သားတို့ရဲ့ ထမင်းရှင်၊ ရှိုင်းပျစော်ကားတာမျိုးမဖြစ်စေနဲ့. . . ကြားလား သား"

အမေက နေ့စဉ်ပြောနေကျစကားကိုပြောရင်း အိမ်ရှေ့မှာရပ်ဆဲ။

"ဟုတ်ကဲ့ပါ အမေ . . . သား အမေပြောသလို အမြဲခံယူထားဆဲပါ အမေရယ်"

အမေ့ကိုပြုံးပြရင်း ရင်ထဲ၌သာ ပြောရင်း ဗားကရာကားဂိတ်ကိုထွက်လာသူက ကိုမောင်။

*

အလှည့်ကျပြီဖြစ်ကြောင်း ခရာမှုတ်သည်နှင့် ကိုမောင်တို့ မ. ထ. သ (၆၂)ကားကြီးထွက်ခဲ့သည်။ လူက ရှစ်ဦးခန့်သာရှိပြီး ခုံပင်မပြည့်သေး။ ဒရိုင်ဘာကိုသောင်းက သတိနှင့် မောင်းရင်း၊ အပေါက်မှာနေပြီး ခရီးသည်ခေါ်သည့် ကျော်တင့်နှင့် ပိုက်ဆံတောင်းသည့် ကိုမောင်တို့အတွဲကညီသည်။ ကိုသောင်းသည် ကွမ်းဝါးသည်။ ဆေးလိပ်၊ အရက်နှင့် မိန်းမကင်းသလို ကျော်တင့်ကလည်း လူရိုး။ ကွမ်းတော့ဝါးသည်။ အဲ . . . ကိုမောင်ကတော့ အားလုံးအကင်းအရှင်း။ ကွမ်းပင်မစား။

ကိုမောင်တို့ကားသည် ဗားကရာမှတ်တိုင်မှ ဗားကရာချောက်ကိုဖြတ်ခဲ့ပြီး ကိုးထပ်ကြီးကိုကျော်ခဲ့ပြီ။ ကျောင်းရှေ့မှတ်တိုင်မှာဆင်းသူတက်သူမရှိ၍ ဆက်ပြီးမောင်းခဲ့သည်။ ဟုမ်းလမ်းမှတ်တိုင်မှာ တက်သူခြောက်ဦးခန့်၊ ဆင်းသူမရှိ။ ဆက်ပြီးမောင်းခဲ့ရာ ပို့က်တောမှတ်တိုင် အတက်အဆင်းလုပ်အပြီး ဆင်မင်းဈေးမှတ်တိုင်မှာ ရပ်လိုက်သည်။

"သရက်တော၊ ဆေးရုံကြီး၊ ဗိုလ်ချုပ်ဈေး၊ ပန်းဆိုးတန်း၊ လမ်းငါးဆယ် . . . လာ တက်ထား. . . ဟုတ်ပြီ ခုံအလွတ်တွေရှိဦးမှာပါ၊ အထဲဝင်ကြပါနော်၊ ချောင်ပါသေးတယ်၊ သာကေတသမားတွေက အထဲတိုးပါဗျာ၊ ပန်းဆိုးတန်းရောက်ရင် ချောင်သွားမှာပါ၊ ဟုတ်ပြီ. . . လုပ်ပါဗျာ၊ ခင်ဗျားတို့လဲ ကျေနပ်၊ ကျုပ်တို့လဲ စိတ်ချမ်းသာပြီးအဆင်ပြေတာပေါ့"

ကျော်တင့်ပြောသလို ကိုမောင်ကလည်း ပိုက်ဆံတောင်းရင်း ပြောရသည်။ ကိုသောင်းက ကွမ်းမြုံ့ရင်း စက်ကို နှိုးထားဆဲ။

"အကြွေလေးတွေရှိရင် ပေးကြပါဗျာ၊ ဟုတ်ပြီ. . . ဘယ်နှယောက်လဲ . . . တစ်ဦးတည်းလား ရမယ်. . . ရော့ ငါးဆယ်၊ ဒီက ခြော်. . . နှစ်ဦးလား၊ ဟုတ်ပြီ. . . သရက်တောအထိ ငါးဆယ်ပါ၊ ပန်းဆိုးတန်းဆိုရင် တစ်ရာဝယ်ပါနော်"

ခရီးသည်များထံက ငွေကောက်ရင်း၊ အအမ်းပေးရင်း အလုပ်ရှုပ်နေသူက ကိုမောင်။ ခရီးသည်ကို ခေါ်နေသူက ကျော်တင့်။

"ဆွဲထားဆရာရေ. . . အရှိန်မများစေနဲ့၊ လူတွေ ကားတွေ ရှုပ်တယ်ဆရာရေ"

ကျော်တင့်စကားအဆုံး ၆၂ လိုင်းကားကြီးသည် ပုံမှန်နှုန်းအတိုင်း ဆင်မင်းဈေးမှတ်တိုင်က ထွက်လာခဲ့သည်။ ထိုအချိန် ကိုမောင်က ကားထဲရှိ ခရီးသည်များထံ သတိပြုလိုက်သည်။ သတိထားစရာကလည်း အကြောင်းရှိသည်။ အခြားဟုတ်ရိုးလား။

ဒီဆင်မင်းဈေးမှတ်တိုင်ရောက်တိုင်း မေ့မရနိုင်သည့်အဖြစ်က ရှိခဲ့သည်ကိုး။ ထိုအကြောင်းကို ခဏမေ့ထားရင်း ရှိစဉ်မှာပင် မေ့မရနိုင်သောအဖြစ်ကို ဖန်တီးခဲ့သည့် မိန်းမကြီးကို မြင်သွားသည်။ ထိုမိန်းမက အသားဖြူသည်။ ရုပ်ရည်က သန့်သည်။ ရွှေကြိုးတစ်ကုံး၊ လက်စွပ်ဝတ်ထားပြီး အမြဲတမ်းပါတိတ်ဝမ်းဆက်အရောင်ဖျော့ဖျော့ကို ဝတ်တတ်သည်။ ပြောရမည်ဆိုလျှင် လှပသော မိန်းမတစ်ဦးဆိုရင်မမှား။ အသက်က ငါးဆယ်ကျော်၊ ငါးဆယ့်ငါးနှစ်အောက်။

"ဟော, ဟိုမှာ"

ကိုမောင်တွေးနေစဉ်မှာပင် ဆင်မင်းဈေးမှတ်တိုင်မှတက်လာသည့် ခပ်ချောချောမိန်းမတစ်ဦးကို တွေ့လိုက်ရသည်။ ထုံးစံအတိုင်း ခရီးသည်တွေကို ရေတွက်ရင်း ရှေ့ပိုင်းကို ဘယ်နှဦး သွားသည်၊ နောက်ပိုင်းကို ဘယ်နှဦး သွားသည်ကိုကြည့်ရင်းနှင့် ရုတ်တရက် မမြင်လိုက်ရသည့်အတွက် သတိမထားမိ။ ထုံးစံအတိုင်းပင် ပါတိတ်ပန်းနုရောင်ကို ဝတ်ထားပြီး လက်ထဲမှာလည်း ဟင်းချက်စရာတွေ တိုလီမိုလီတွေကအပြည့်။ ခုံမရသည့်အတွက်ရော လူကျပ်နေသည့်အတွက်ပါ အထက်လက်တန်းကို ကိုကိုင်ရင်း တိုးဝှေ့ကာ ခုံအနားရောက်အောင် ကြိုးစားနေသည်။

ဟိုအရင်ရက်တွေကလည်း တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို ထိုမိန်းမကို သတိထားမိသည်။ ကားပေါ်ကိုတိုးပြီးတက်သည်။ သူ့ကိုထိမိရင် မကြိုက်။ မျက်စောင်းတခဲခဲ။ ပါးစပ်က တွတ်ထိုးနေတတ်သူ။ ပြီးရင် လူထိုင်နေသည့် ခုံအနားကပ်ပြီး ရပ်သည်။ မူလထိုင်နေသူ ဘယ်မှတ်တိုင်မှာ ဆင်းမလဲဆိုသည့် သဘောနှင့် မျက်လုံးများက အမြဲပင် အကဲခတ်နေတတ်သူ။

ကြည့်ရသည်က နှုတ်သီးစွာမည့်သဘော။ မာနကြီး၊ အတ္တကြီးမည့်သဘော။ သူမ၏ အလှများအပေါ်၌ သူမ၏မျက်လုံးများကရော ပြုံးပုံများကပါ အထင်းသားပေါ်နေသည်က အမှန်။ အရင်ရက်တွေကဆိုရင် 'ခါးနာလို့အေး ကားပေါ်တက်မှ ခါးက မျက်ခနဲပြန် သွားတာ' စသည့်ပရိယာယ်ရှေ့သော



www.burmeseclassic.com

www.burmeseclassic.com

စားများနှင့်ညည်းညူပြသည့်အတွက် ခံနေရာရထားသည့်သူတွေက အားနာတာရော၊ လူမှုရေးအသိစိတ်ထားတာရော၊ ကိုယ်ချင်းစာတာရောကြောင့် ထပေးသည်။ ခုံမှာ သူမ ထိုင်ရပြီဆိုရင် ဘယ်သူ့မှ မော့မကြည့်။ ခပ်တည်တည် ခပ်မာမာပင်။ နေရာဖယ်ပေးသူပင် ကျေးဇူးတင်စကား မဆိုခဲ့။

အဲ. . . ပြီးတော့ လိုင်းကားစီးခ ပေးပြီးသလိုလိုနှင့်။ တစ်ရက်မှာ ကြုံစဉ်က ခုံမရ၍ မကျေမနပ်ဖြစ်ဟန်တူပုံရသည်။ ကိုမောင်က ပိုက်ဆံတောင်းသည်။ သူမက မပေးသည့်အပြင် ငါးရာတန်ပေးထားသည်၊ နှစ်ရာတန်ပေးထားသည်၊ ငြင်းခဲ့ရုံသာမက တစ်ရက်၌လည်း ခုံမှာထိုင်ရင်း ကိုမောင်က သူမကို ပိုက်ဆံတောင်းသည်။ သူမ နှုတ်က စကားအကွက်လှပါသည်။ ဘယ်နှခါ ပေးရမလဲတဲ့။ အထက်ကို တိုင်လိုက်ရမလားတဲ့။ ထိုစဉ်က ကိုမောင်ပြုံးနေခဲ့ရပါသည်။

ဒါလည်း ထားတတ်ရင် ကုသိုလ်ပဲလေဟုဆိုကာ သူမကိုပိုက်ဆံမတောင်းတော့။

ကိုမောင်တွေးရင်းရှိစဉ် စာတိုက်မှတ်တိုင်ကိုရောက်ခဲ့သည်။ နှစ်ဦးဆင်း နှစ်ဦးတက်။ ဘဲနင်းဘဲခြေ၊ လူကကျပ်ဆဲ။ ခပ်ချောချောမိန်းမမှာ ခုံမရသေး။ မတ်တတ်ရပ်လိုက်နေဆဲ။ စာတိုက်မှတ်တိုင်မှ ထွက်ခဲ့ပြီး . . .

“အမယ်လေး. . . ငါ့တူရယ် . . . အဒေါ်ခါးနာနေလို့ ဒီ ဒီထီးလေးကိုင်. . . အား. . . ခါးက ဒီအပေါ်တက်လိုက်မှ မျက်ခန်းနာသွားတာ၊ သွားပါပြီ. . . ပိုက်ဆံတော့. . . အီး အီး”

သူမက ညည်းတွားပြောပြောရင်း လက်ထဲကထီးကို ခုံတွင်ထိုင်နေသည့်လူငယ်ထံပေးသည်။ လူငယ်သည် ကျောင်းသားဖြစ်ပြီး ကျောင်းစိမ်းဝတ်စုံကိုဝတ်၊ လွယ်အိတ်ကို လွယ်ထားရင်း မိခင်ဖြစ်သူအရွယ်ကို ကြည့်ရင်း ပြောသည်။

“ဟင်၊ တော်တော်နာသလား . . . ထိုင်လေ”

သူမက တစ်ချက်သာပြုံးပြရင်း ဝင်ထိုင်လိုက်သည်။ တစ်ချက်သာ ပြုံးကြည့်ရင်း ဝင်ထိုင်လိုက်သည့်သူမကို ကြည့်ရင်း ကိုမောင်ပြုံးမိသည်။ ဝင်ထိုင်လိုက်ပုံက အပြေးပြိုင်ပွဲပန်းဝင်သည့် အပြေးသမားထက်မြန်ဆန်သည့်အသွင်မျိုး။ သြော်၊ ဟန်ဆောင် ကောင်းလွန်းသည့်မိခင်ဖြစ်သူအရွယ် သူမကို ကြည့်ရင်း မိမိတာဝန်ကျသည့် ကားပေါ်၌ တစ်မှတ်တိုင်ပြီးတစ်မှတ်တိုင် ဆင်းသူတက်သူတွေကို ပြေပြစ်စွာဆက်ဆံရင်း ပါခဲ့သူက ကိုမောင်ပဲလေ။

*

“အား. . . နာတယ်၊ အား”

ရုတ်တရက် ကြားလိုက်ရသည့် အသံတစ်သံ။ ထိုအသံက ကားအလယ်ကောင်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဒီတော့ ကိုမောင်သည် ကားအပေါက်နားရပ်ရင်း ခရီးသည်ခေါ်ဆဲ၌ ကြားလိုက်ရခြင်း ဖြစ်သည်။

ကားသည် ဆင်မင်းဈေးမှတ်တိုင်မှာရပ်ထားဆဲ။ ကျော်တင့်သည်လည်း ကားအောက်မှနေ၍ ခရီးသည်ကို လေမပြတ်အောင် ခေါ်နေရှာဆဲ။

“အမယ်လေး . . . နာတယ်၊ ဗိုက်ထဲကနာတယ် အမေရဲ့”

“ဟဲ့. . . အသာနေ၊ ဒါ လိုင်းကားပေါ် အေ့၊ ညည်းကလဲ. . . ဘေးလူတွေ အားနာစရာ”

အော်ဟစ်နေသူသည် အသက် ၂၀ ကျော် ၂၅ ခန့်သာရှိပြီး အိမ်ထောင်ကျအပြီး ဒါ ပထမဆုံးကိုယ်ဝန်ဖြစ်ပုံရသည်။ သူမအနီး၌ မိခင်ဖြစ်သူက သမီးဖြစ်သူကို ထိန်းပေးရင်း ချော့မော့ပြောရင်း ရှိနေသည်။

ကားပေါ် ကြည့်လိုက်တော့ ဘေးခုံအချို့နှင့် နောက်ပိုင်းခုံမှာ လူအပြည့်။ ကိုမောင်မှာ ဘာလုပ်ရမည်မသိ။ ဒီမွေးလူနာက ဒီကနေ့မွေးမှာလား၊ မွေးရက်မှီ ဆေးရုံကြီးကိုသွားမှာလား။ ဆေးခန်း သွားပြမှာလားမသိ။ ခက်သည်က ထိုင်ခုံကလူတွေအနေနှင့် ကိုယ်ချင်းစာစိတ်ဖြင့် နေရာဖယ်ပေးလျှင် တော်သေးသည်။ ကိုမောင်က ဖယ်ပေးကြပါလားဗျာဟု ပြောခဲ့၍ ဖယ်ပေးပါက ကိစ္စမရှိ။ ခင်ဗျားနဲ့ ဘာဆိုင်လဲဆိုပြီး ဘုတောထောရင် အခက်။

“ဆွဲမယ် ဆရာရေ”

ကျော်တင့်က အော်လိုက်သည်။ ပြီးတော့. . .

“ဟိုး. . . တစ်ယောက်လိုက်မယ်၊ ဟိုး. . . လာ အဒေါ်တက်”

ကျော်တင့် အသံကြောင့် ကိုမောင်ငဲ့စောင်းကြည့်မိသည်။ ဒီဆင်မင်းဈေးမှတ်တိုင်ရောက်တိုင်း သတိတရ အမြဲရှိခဲ့သော ကိုမောင့်နှလုံးသားကို အမြဲနှောင့်ယှက်တရစေသော ပါတိတ်ဝမ်းဆက်နှင့်မိန်းမ တက်လာသည်။

ဗိုက်ကြီးသည် ညည်းတွားသံသဲ့သဲ့နှင့်အတူ သူမကိုကြည့်ရင်း နားထောင်ရင်းရှိဆဲ၌ပင် လူကြားတိုးလာသည့် ပါတိတ်ဝတ်မိန်းမသည် ညည်းတွားနေသည့် ကိုယ်ဝန်သည်ကို မငဲ့ဘဲ တိုးဝှေ့ကာ သူမ ထိုင်ခုံရရေး ထုံးစံအတိုင်း ညည်းပြရန်အတွက် ခုံအနားတိုးကာရပ်သည်။ ကားသည် ဆင်မင်းဈေးမှတ်တိုင်မှ ထွက်ခဲ့ပြီ။

“ဆွဲဆရာရေ. . ကိုယ်ဝန်သည် ပါတယ်. . . ထိန်းမောင်းပေးပါ”

“အေး”

ကျော်တင့်က ကိုသောင်းကို လှမ်းပြောသည်။ ကိုမောင်သည် ခရီးသည်များထံမှနေ၍ ပိုက်ဆံကောက်ဆဲ။

“အကြွေလေးပါရင် ပေးကြပါဗျာနော်၊ မပါလဲ ကြိုးစားပြီး ပြေလည်အောင်လုပ်ပေးပါ့မယ်၊ ဟုတ်ပြီ. . . နှစ်ယောက်ရပြီ၊ သုံးယောက်၊ လေးယောက်ရပြီ၊ ဟုတ်ပြီ လက်လွယ်ရင် လှမ်းပေးကြပါဗျာ၊ ကျေးဇူးပါပဲ၊ ဆင်းမယ့်မှတ်တိုင်ကိုလဲ ကြိုတင်ပြီးပြောကြပါ”

ကိုမောင် ပြောရင်းတောင်းရင်း ခရီးသည်များနှင့် အဆင်တပြေဆက်ဆံ


www.burmeseclassic.com

www.burmeseclassic.com

ရင်းရှိစဉ် ကိုယ်ဝန်သည်၏မိခင်ဖြစ်သူက ငါးရာတန်တစ်ရွက် ပေးသည်။

"မောင်ရင်လေး အဒေါ်တို့ သား အမိန္ဒစ်ယောက် ဆေးရုံကြီးရှေ့ ဆင်းမှာ၊ အခု ဆေးရုံကြီးကို သမီးကိုယ် ဝန်အပြ သွားမလို့ကွယ်၊ အခုတော့ မွေး ချင်ပုံရပါပြီကွယ်၊ အဒေါ်က မွေးနေ့မစေ့သေးဘူးထင်တာ၊ သမီးက စေ့နေပြီတဲ့"

မိခင်ဖြစ်သူက ပိုက်ဆံပေးရင်း ပြောသည်။

"ဩော်. . . ဆေးရုံကြီးကို ဆင်းမှာ၊ နေပါစေအဒေါ်. . . ကားခ မပေးပါနဲ့၊ ကုသိုလ်ပြုလိုက်တယ်လို့ပဲ သဘောထားပါနော်၊ အဒေါ့်သမီးပါလို့ ကျွန်တော်တို့ ခပ်မှန်မှန်ပဲမောင်းနေပါတယ် အဒေါ်"

"အေးကွယ် ကျေးဇူးပါပဲ၊ ကားခတော့ယူပါကွယ်. . . နော်"

"နေပါစေ. . . စီးသာသွားပါ"

"သာဓုကွယ်. . . သာဓု သာဓု၊ မောင်ရင်တို့ကားမောင်းသူရော၊ ကားနောက်လိုက်တွေပါ ချမ်းသာပါစေ၊ ကျန်းမာကြပါစေ၊ မင်းတို့မှမဟုတ်ဘူး ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ယာဉ်မောင်းတွေ ယာဉ်နောက်လိုက်တွေ မြန်မာပြည်တစ်နံတစ်လျားကယာဉ်မောင်းတွေအားလုံး စိတ်ကောင်း စေတနာကောင်းထားနိုင်ကြပါစေ၊ ကျန်းမာချမ်းသာကြပါစေကွယ်"

မိခင်ဖြစ်သူက ဆုတောင်းရင်းရှိသည်။ ပြီး သမီးကိုယ်ဝန်ဆောင်သည်အား ခါးမှပွေ့ကာ ထိန်းပေးရင်းရှိသည်။ သမီးဖြစ်သူမှာ ညည်းတွားရင်းရှိဆဲ။

"အား. . . နာတယ် အမေ"

"ဟဲ့ကောင်မလေး. . . အသာအောင့်ထား ရောက်တော့မှာပဲဉစ္စာ"

မိခင်စကားကြောင့် သမီးဖြစ်သူ ငြိမ်သွားသည်။

"အား. . . ခါးက သိပ်နာလာပြန်ပြီ သမီးရယ်၊ ဒီကားပေါ်ရောက်မှ ဖြစ်သွားတာ၊ ရပ်ရတာ သိပ်ပြီးအဆင်မပြေချင်ဘူး"

ရုတ်တရက် ကိုမောင့်နားထဲသို့ ပါတိတ်ဝမ်းဆက်ဝတ်ထားသည့် မိန်းမထံမှ အသံကြားလိုက်ရသည်။ သူ့ဘေးတွင်ကပ်ရပ်ရင်း ပြောနေသည့်သူမကို ကြည့်ရင်း ထိုင်ခုံတွင် ထိုင်နေသည့် ယောက်ျားခပ်ငယ်ငယ်တစ်ဦးက ပြုံးကြည့်သည်။ ဘာမျှတော့မပြော။ နေရာလည်း ဖယ်မပေးသေး။

ကိုမောင်သည် ပါတိတ်ဝမ်းဆက်ဝတ်ထားသည့် မာယာပရိယာယ်ဆင်လာသည့် မိန်းမကိုကြည့်မိသည်။ ဩော်. . . ခါးနာပါသည်ဟု လိမ်ပြော၊ ကားခုံနေရာတောင်းတတ်သည့်မိန်းမကို ကြည့်ကာ ကိုယ်ဝန်သည်မကို ကြည့်မိသည်။ ကိုယ်ဝန်သည်မမှာ အံကြိတ်ရင်း သွားကိုက်ရင်း ခံစားနေရဆဲ။

"လာ. . . ဒီမှာထိုင် လာ လာ"

ရုတ်တရက် အသံကြောင့် ကိုမောင်သည် ခုံပေါ်ကလူထံ ကြည့်မိသည်။ ထိုလူက ပါတိတ်ဝမ်းဆက်ဝတ်ထားသည့် မိန်းမအနားက လူဖြစ်ပြီး ပါတိတ်ဝမ်းဆက်ဝတ်ထားသူ ညည်းပြစဉ်က ပြုံးကြည့်ကာ နေရာမှဖယ်မပေးသူဖြစ်သည်။ ယခု ထိုလူက ကိုယ်ဝန်သည် မိန်းကလေးအား ခေါင်းညိတ်ပြရင်း လက်ယပ်ခေါ်ရင်း အသံပြုသည်။

"ဒီမှာလာထိုင်ပါ. . . လာ လာ . . . ဒါမှ သက်သာမှာ"

ထိုလူ့အသံအဆုံး ရပ်နေသူအချို့ကလည်း ခုံမှာဝင်ထိုင်ဖို့ပြောကြသည်။

"ဟုတ်တယ်အစ်မ၊ ခုံမှာဝင်ထိုင်ပါ။ အစ်ကိုက စေတနာနဲ့ရော နားလည်မှုနဲ့ပါ နေရာပေးနေပြီလေ. . . သွားထိုင်လိုက်ပါ။ ဒါမှ အစ်မသက်သာမှာ . . . သွား"

ကိုမောင် ဝင်ပြောဆဲ၌ ခုံပေါ်က လူသည် ထိုင်ရာမှထလိုက်သည်။ ထိုအချိန် ပါတိတ်ဝမ်းဆက်နှင့်မိန်းမဖြစ်သူက ဝင်ထိုင်ဖို့ပြင်နေပြီ။ လွတ်နေသည့် ထိုင်ခုံရော နေရာလုမည့်ကိုယ်ဝန်သည် မိန်းကလေးကိုပါ မျက်စောင်းတခဲခဲ။

"ဒီမယ် အစ်မ. . . ကျွန်တော် ဒီကားနဲ့အမြဲသွားနေတာ၊ အမြဲတမ်း ခါးနာတယ် ခါးနာတယ်ပြောပြီး ညည်းပြတယ်၊ အဟုတ်ထင်ပြီး ခုံနေရာဖယ်ပေးကြတယ်၊ ဒါ ကျွန်တော့်သတိထားမိတယ်၊ အခု အစ်မကို နေရာပေးတာ မဟုတ်ဘူး၊ ဟို မွေးလုလုဖြစ်နေတဲ့ မိန်းကလေးကိုဖယ်ပေးတာ"

ပြောလာသူက . . . ကိုမောင်မဟုတ်။ ထိုင်ခုံဖယ်ပေးသည့် အစ်ကို အရွယ်လူလတ်ပိုင်းဖြစ်ပြီး ပါတိတ်ဝမ်းဆက်မိန်းမနှင့်ဆိုရင် သုံးလေးနှစ်ခန့်ငယ်မည်ဖြစ်ပြီး အစိုးရဝန်ထမ်းဖြစ်ပုံရသည်။

"ဩော်. . . ဒီမိန်းမ အကြောင်းကို ငါသာ သတိထားမိတာမဟုတ်ဘူး၊ အခြားသူတွေပါသတိထားနေမိတာကိုး"

ကိုမောင်တွေးရင်းရှိစဉ် ထိုမိန်းမသည် ရှက်သွားပုံရသည်။ နှုတ်ခမ်းဆူကာ ငြူစူနေပုံက သူ့လုပ်စာထိုင်စားနေရသည့်အသွင်။ ကိုမောင်သည် ကိုယ်ဝန်သည်မိန်းကလေးကို ထိန်းပေးရင်း ခုံအလွတ်မှာထိုင်ဖို့ တွဲလိုက်သည်။ ပြီး ပါတိတ်ဝမ်းဆက်နှင့်မိန်းမထံ ကြည့်သည်။

"ဟင်း၊ အဖြစ်သည်းနေလိုက်ကြတာ၊ မသိ သူတို့မိန်းမတွေ ကျနေတာပဲ"

"ဘာ"

"ဟင်"

"ဟာ"

"ဘာစကားပြောတာလဲ"

"ဘယ်လိုကြီးလဲ"

ထိုမိန်းမစကားကြောင့် ကိုမောင့်နှလုံးသားတွေ မာကြောသွားသည်။ ဒေါသထွက်သွားသည်။ မျက်လုံးအပြူးသားဖြင့် ထိုမိန်းမကိုကြည့်ရုံမှတစ်ပါး ဘာရန်စကားမျှမပြောမိ။ ကိုမောင်သာမဟုတ်၊ ခုံနေရာပေးသူအစ်ကိုရော ဘေးခရီးသည်တွေပါ အံ့သြသွားကြကုန်ပြီ။

"နေ နေပါစေ မောင်လေးရယ်၊ အစ်မ မတ်တတ်ရပ်လိုက်ပါ့မယ်"





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဝန်သည်ဖြစ်သူက ပြောရှာသည်။

"မဟုတ်တာ. . . ထိုင်ပါ" ဟု ကိုမောင်ကပြောတော့မှ မထိုင်ချင်ထိုင်ချင်နှင့် ခုံမှာထိုင်သည်။

မိခင်ဖြစ်သူကတော့ ပါတိတ်ဝမ်းဆက်နှင့်မိန်းမကို မသိမသာကြည့်ရင်း အံကြိတ်ကာ တုဖက်ပြီးရန်မဖြစ်လိုဟန်နှင့် ပြောပါစေတော့ဆိုပြီး ဥပေက္ခာပြုထားပုံရသည်။

ဥပေက္ခာမပြုနိုင်သူက ကိုမောင်။

"ဒီမယ် အဒေါ်. . . အဒေါ်က ကျွန်တော့်မိခင်အရွယ်ပါ၊ လူအချင်းချင်း ကူညီရမယ်၊ စောင့်ရှောက်ရမယ်၊ ဒုက္ခကိုမျှဝေရင်ဆိုင်ပေးကြရမယ်၊ ဒါကြောင့် လိုင်းကားတိုင်းမှာ သံဃာတော်များကို ဦးစားပေးပါ၊ ကိုယ်ဝန်သည်များကို ဦးစားပေးပါ၊ မိန်းကလေးများကိုစောင့်ရှောက်ပါဆိုပြီး ရေးထားတာ၊ ဒီစာတွေက လူအချင်းချင်းကူညီဖို့ရော ရိုသေထိုက်သူရိုသေဖို့ရော အဲဒီအဓိပ္ပာယ်ပါတဲ့အတွက် ရေးထားတာ၊ အခု အဒေါ်ပြောတဲ့စကားက ဘာသဘောလဲ. . . အဒေါ်"

ကိုမောင်က ဒေါသသံမနှောဘဲ ခပ်မွကျကျပြောမိသည်။ ကိုမောင့် စကားသံအဆုံး ဘေးက ခရီးသွားတွေပါ ပါတိတ်ဝမ်းဆက်နှင့်မိန်းမကို အပြစ်ပြောကြသည်။

ပြောလာသူက ထိုမိန်းမ . . .

"ဟော့. . . မခံချင်ရင် လဲသော၊ ပိုက်ဆံပေးစီးတာ. . . ဘာပြုလဲ၊ ငါလဲ ခုံနဲ့ထိုင်ပြီး စီးချင်တာပဲ"

"ဟုတ်ပါတယ်၊ ဘယ်ခရီးသည်ပဲဖြစ်ဖြစ် ခရီးဝေးကိုပဲသွားသွား တစ်မှတ်တိုင် နှစ်မှတ်တိုင်ပဲစီးစီး ခုံတော့လိုချင်တာ စီးချင်တာပေါ့၊ ဒါပေမဲ့ ခုံဦးထားပြီးသားဆိုတော့ ဘယ်လိုလုပ်မလဲ၊ အဲဒီတော့ ခုံလိုချင်တဲ့အဒေါ်က ပရိယာယ်ဆင်ပြီး အမြဲတမ်းပဲ ခါးနာချင်ဟန်ဆောင်ဦးမှာ"

"ဘာ. . . နင် နင်. . . ကဲ"

"ဖြန်း"

ထိုမိန်းမကပြောရင်း ကိုမောင့်ပါးကို ရိုက်ချလိုက်သည်။ ထိုမိန်းမသည် လူကြားသူကြားထဲ အရှက်ရအောင်ပြောမိသည့် ကိုမောင့်ကို အကြွေးဆပ်လိုက်ခြင်းလားမသိ။ ရိုက်ချက်သည် လျှင်မြန်သည်။

ခါးနာပါသည်ဟု ညည်းစဉ်ကလို အသံမျိုးမဟုတ်ဘဲ ကျားနာခဲခဲသည့် ထိုမိန်းမရိုက်ချက်ကို ကိုမောင်က ခေါင်းတိမ်းပြီးရှောင်ပေးလိုက်ရာ ကိုမောင့်နောက်တွင်ရပ်နေသည့် မိန်းမတစ်ဦးကျောပေးရပ်နေသည်ကို ရိုက်မိသွားသည်။ ခပ်စောင်းစောင်းရပ်နေသော်လည်း ပါးနောက်က နားရွက်တစ်ဖက်ကို ရိုက်မိသွားပုံရသည်။

"ဟင်, ရှင်. . . ရှင်. . . ယုတ်မာလှချည်လား"

အရိုက်ခံရသူမိန်းမက ပါတိတ်ဝတ်မိန်းမကို ရန်တွေ့သည်။ ပြန်ပြီးရိုက်ဖို့ လက်ရွယ်သည်။ ပါတိတ်ဝတ်မိန်းမမှာ အရိုက်ခံလိုက်ရသည့်မိန်းမကိုကြည့်ရင်း ကြောင်ရပ်နေသည်။ သူရိုက်ရင် ကိုယ်



ပြန်ရိုက်မည်ဟု အားသွင်းထားသည့် မာန်တွေ အရည်ပျော်သွားပြီလား။

"ဟင်, ဆရာမ"

ပါတိတ်ဝမ်းဆက်နှင့် မိန်းမသည် အရိုက်ခံလိုက်ရသောမိန်းမကိုကြည့်ကာ ကြက်သေကြောင်သေဖြစ်သွားသည်။ သူကိုယ်တိုင်ပင် တကယ်သေသည့်လူလိုဖြစ်ကာ မျက်ရည်တွေစီးကျလာသည်။

တကယ်တော့ အရိုက်ခံရသူသည် သူ့သား အငယ်ကောင် ဆယ်တန်းကျောင်းသားရဲ့ဆရာမ။

*

"ဩော်. . . မင်းကိုး"

အသံကြောင့် ချစ်သူအေးမာ ကိုကြည့်ကာ ပြုံးနေရင်းမှ ကိုမောင်သည် ဖြည်းလေးစွာဖြင့် အသံလာရာကို ကြည့်မိသည်။

"ဟင်"

"ဟာ"

ကိုမောင့်ပါးစပ်တွေ ဟ,သွားသည်။ မျက်ကလူးဆန်ပျာနှင့် နှလုံးသားတွေလွင့်စဉ်ကြွေမွသွားသည်ဟု ခံစားလိုက်ရပြီး ချစ်သူအေးမာကို မမှိတ်မသုန်ကြည့်နေမိသည်။ အေးမာရဲ့မိခင်သည် ကိုမောင့်ကို ခါးထောက်ကာ ကြည့်နေသည်။ စားတော့ ဝါးတော့ မတတ်။ နဂါးသာဆိုရင် ကိုမောင်ပြာကျလောက်ပြီ။

တကယ်တော့ အေးမာနှင့် ကိုမောင် ချစ်လာခဲ့သည်မှာ တစ်နှစ်ပင် မပြည့်သေး။ ကားမလိုက်ဖြစ်သော တစ်ရက်က ကိုးထပ်ကြီးဘုရားမှာ ပန်းလှူသွားစဉ် အေးမာနှင့်ဆုံခဲ့ခြင်းဖြစ်သည်။ နောက် အေးမာနှင့်ခင်မင်သွားပြီး နှလုံးသား၏ နားလည်မှုဖြင့် ချစ်သူဘဝရောက်ခဲ့သည်။

ကိုမောင်လည်း ဆယ်တန်းအောင်ပြီး ကျောင်းဆက်မတက်ဘဲ အဖေ့လို ကားမောင်းဝါသနာပါ၍ ကားမောင်းသင်တန်းတက်ခဲ့သလို အေးမာသည်လည်း သူတို့မိသားစုတွင် အကြီးဆုံးဖြစ်ပြီး ဆယ်တန်းအောင်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ စာပေးစာယူ တက်နေသူ။ ဒီနှစ် ဘွဲ့ရတော့မည်ဟုဆိုသည်။

ချစ်သူအေးမာနှင့် ချစ်သူဘဝ တစ်နှစ်သာပြည့်ခဲ့သည်။ အေးမာရဲ့မိဘ အမည်ကို မသိ။ အေးမာတို့ အိမ်ကို မရောက်ဖူး။ ဒီကနေ့ နေ့ထူးနေ့မြတ်ဖြစ်သည့် ခမ္ဘစကြာအခါတော်နေ့၌ ကိုမောင်သည် အလုပ်နားသည်။ အဖေလည်း နားသည်။ သို့ကြောင့် အေးမာနှင့် ကိုးထပ်ကြီးဘုရားမှာ ပန်းအတူကပ်လှူအပြီး အေးမာက သူတို့အိမ်ကို အပါခေါ်ခဲ့သည်။

သို့ကြောင့် အေးမာတို့အိမ်သို့ အရောက် အေးမာမိခင်နှင့်ကြုံခဲ့ခြင်း။ တကယ်တော့ အေးမာမိခင်က ခါးနာတတ်သူ၊ ပါတိတ်ဝမ်းဆက်အမြဲဝတ်သူ။ မိမိပါးကိုရိုက်ဖူးသူ။ ပြောရလျှင် ဘဝအဆက်ဆက် ရန်ငြိုးပြုသွားမည့်သူ။

"အေးမာ"

"ရှင် မေမေ"

"ဒါ သမီးချစ်သူဆိုတာလား"

"ဟုတ်"

အေးမာမိခင်က ပြောရင်း ရှေ့ကို တိုးလာသည်။ အသံက မာကျောလွန်းပြီး သူမ၏ အတွင်းအတ္တမာနကို ဖော်ပြနေပေသည်။ ကိုမောင်သည် မသိမသာ ခေါင်းယမ်းရင်းရှိစဉ် အေးမာက ကိုမောင့်လက်များကို အုပ်ကိုင်လာသည်။

"သမီး ...ဒီကောင့်လက်ကို လွှတ်လိုက်"

"ရှင်"

"ရှင်တွေ ရှက်တွေမလုပ်နဲ့... လွှတ်ဆိုလွှတ်"

"ဟို...ဟို"

"သမီး ဘာမှမပြောနဲ့၊ ဒီကောင်က မေမေ့ကို အများရှေ့ အရှက်ခွဲသွားတာ၊ ဒီလို ကားနောက်လိုက်နဲ့ ဘယ်တော့မှ သမီးကို မပေးစားဘူး"

ပြောရင်းဖြင့် အေးမာအနား ရပ်သည်။ အေးမာ၏လက်များကို ဆွဲပြီး အေးမာမတ်တတ်ရပ်လိုက်မိသည့်အချိန် ပြောလာသည်။

"ဒီမယ် မောင်ရင်..."

"ကျွန်တော့်နာမည် ကိုမောင်ပါ အဒေါ်"

"မင်းနာမည် ငါမကြားချင်ဘူး၊ သိလဲမသိချင်ဘူး၊ မြင်လဲမမြင်ချင်ဘူး၊ အခုချက်ချင်း ငါ့အိမ်ထဲကထွက်သွား...ဒါပဲ"

ပြောလာသည့် စကားအဆုံး ကိုမောင် မနေသာတော့။

"ဟုတ်ကဲ့...ကျွန်တော် ရှင်းပြတာကိုတော့ နားထောင်ပေးပါ"

"မင်းလိုအကောင်ရဲ့စကား ငါမကြားချင်ဘူးလို့ ပြောထားတယ်လေ"

"မကြားချင်လဲ နေပါ အဒေါ်၊ ကျွန်တော်ပြောချင်တာ အေးမာနဲ့ ပြတ်ရေး မပြတ်ရေးမဟုတ်ဘူး၊ အဲဒီတုန်းက အဒေါ် အတ္တဆန်တာ၊ မာန်မာနတွေကြီးတာကြောင့် ဖြစ်ရတယ် ဆိုတာ အဒေါ့်ကိုပြောချင်လို့ပါ၊ ကဲ...အေးမာ ကိုမောင် သွားမယ်"

"ကိုမောင်...ကိုမောင်"

ကိုမောင်ထွက်ခဲ့သည်။ အိမ်ထဲမှာ အေးမာတို့သားအမိအသံက ခပ်အုပ်အုပ်ထွက်ပေါ်လာဆဲ။ မိခင်ဖြစ်သူ၏ဆူသံဆဲသံ၊ အေးမာရဲ့ရှိုက်သံ၊ ငိုသံ။

"နေရစ်တော့ အေးမာ"

နှလုံးသားဗဟိုက စီးဆင်းလာသောစကားဖြစ်ကြောင်း ကျန်ရစ်သူ အေးမာသိပါလေစ။ ဒီစကားက အပြီးတိုင်ဝေးကြဖို့လား၊ နောင်တစ်ချိန်ပြန်ဆုံကြဖို့ ကြိုးစားဦးမလားဆိုသည့်သဘော နှစ်မျိုး။ ဘယ်လိုသဘောမျိုးလဲဆိုတာ ကိုမောင်မသိ။ ကျောပေးရာအရပ်မှာတော့ ချစ်သူနေခဲ့ပြီ၊ ကျန်ရစ်ခဲ့ပြီ။

*

"အား...နာ...နာတယ် အမေ"

"အား...ကျွတ် ကျွတ်"

ဆင့်ကဲဆင့်ကဲ ပေါ်လာသည့် အသံကြောင့် ကားနောက်ပိုင်းတွင် ပိုက်ဆံကောက်နေသည့် ကိုမောင့်စိတ်ထဲ အတိတ်က အရိပ်မည်းကြီးပေါ်လာသည်။ အသေအချာကြည့်မိတော့ ခရီးသွားတွေကြားထဲမှာတွေ့လိုက်ရသည်က ကိုယ်ဝန်သည် မိန်းကလေးတစ်ဦးနှင့် သူ၏မိခင်ဖြစ်သူကို တွေ့လိုက်ရသည့်အချိန်မှာတော့ နှလုံးသားတွေ အရည်ပျော်ကျသွားပြီဟု ထင်လိုက်ရသည်။

"ဩော်...အေးမာပါလား"

မှန်သည်။ အေးမာနှင့် ကွဲကွာသွားပြီးသည့်နောက် ကိုမောင်နှင့်ရမည်စိုး၍ အေးမာမိခင်ဖြစ်သူက အခြားမုဆိုးဖိုတစ်ဦးနှင့် အကင်းအကျပ် ပေးစားခဲ့သည်။ ယခု အေးမာမှာ ကိုယ်ဝန်နှင့်။

"အမေ"

"ဘာလဲ လူလေး"

ကိုမောင်သည် မိခင်ဖြစ်သူအား ထိုင်နေသည့်ခုံအနားရပ်ရင်း ခေါ်သည်။ ဒီကနေ့ အမေ့မှာ သာကေတရှိ ညီမဝမ်းကွဲထံ အလည်သွားမည်ဆို၍ ခေါ်လာခဲ့ပြီး ထိုင်ခုံမှာ နေရာပေးခဲ့သည်။

"ဟို..နေရာဖယ်ပေးပါနော်၊ ဟိုမှာ ကိုယ်ဝန်သည်ညည်းနေလို့...အဲဒါ..."

"အိုကွယ်...ရတာပေါ့၊ ခရီးသည်အချင်းချင်းပဲလေ၊ ခေါ်လိုက်၊ ဟဲ့ တူမလေး...ဒီလာထိုင်"


အမေ့ထံမှ အသံစာစာ ထွက်လာပြီးသည့်နောက် အေးမာနှင့် မိခင်ဖြစ်သူတို့ ထိုင်ခုံဆီအလာ ကိုမောင်နှင့် အေးမာ၊ ကိုမောင်နှင့် အေးမာရဲ့မိခင်တို့ အကြည့်ချင်းအဆုံး...

"အချစ်ကို အနိုင်ပိုင်းသွားပေမဲ့ စစ်မှန်တဲ့မေတ္တာကိုတော့ အနိုင်ပိုင်းမရပါဘူး အဒေါ်ရယ်" ဟု ပြောရင်း ရှိနေချိန်၌ ကားသည် ဆင်မင်းမှတ်တိုင်မှ ထွက်ခွာခဲ့ပြီကော။

❒ တွင်းကြီးသားထင်ဝင်းဦး



www.burmeseclassic.com



# ဆေးဘက်ဝင် သံပရာသီးနှင့် ဂမ္ဘီရဓာတ်ဆင်ယတြာ

ဂမ္ဘီရဆရာလှမျိုး (B.Sc)

စာရေးသူသည် ငယ်စဉ်မှစ၍ အချဉ်ကို ကြိုက်နှစ်သက်၏။ အထူးသဖြင့် ကျောင်းရှေ့တွင် တွန်းလှည်းဖြင့် လာရောင်းသော စျေးသည်ထံမှ ရှောက်သီးကွင်းများကို မကြာခဏဝယ်စားလေ့ရှိ၏။

ထိုတွန်းလှည်းဖြင့် စျေးသည်မှာ ရှောက်သီး၊ မရန်းသီး၊ ငွေသီး၊ သရက်သီး သူ့ရာသီနှင့်သူ ရောင်းလေ့ရှိပါသည်။ တစ်ဖန် စျေးဆိုင်တွင် ရောင်းသော အချဉ်ပေါင်းထုပ်ကိုလည်း နှစ်သက်စွာဝယ်စားလေ့ရှိပါသည်။ စာရေးသူအနေဖြင့် ရှောက်ပေါင်းယို၊ သံပရာပေါင်းတို့ကို ကြိုက်နှစ်သက်ပါသည်။

တစ်ဖန် မုန့်ဟင်းခါးစား၊ ထမင်းစားသောအခါ အချဉ်ညှစ်စားရတာ ပို၍နှုတ်မြိန်စေပါသည်။ အများအားဖြင့် ရှောက်သီးစိတ်ကို စားကြသော်လည်း စာရေးသူအနေဖြင့် သံပရာသီးစိတ် ညှစ်စားရတာ ပိုမြိန်ပါသည်။ နွေရာသီ နေပူပူ သံပုရာသီးဖျော်ရည် သောက်လိုက်လျှင် အမောပြေသွားပါသည်။

မဂ္ဂဇင်းတစ်အုပ်တွင် ဖတ်ရသောအခါ မြန်မာနိုင်ငံတွင် ဖျော်ရည်ဘူး၊ ဖျော်ရည်ပုလင်းများကို အကောင်းလုပ် ဝယ်သောက်နေကြသော်လည်း နိုင်ငံခြားတွင် သဘာဝသစ်သီးဖျော်ရည်ကို စျေးကြီးပေးဝယ်သောက်ကြရသည်ဟု ဆိုပါသည်။ စာရေးသူတို့နိုင်ငံတွင် သဘာဝသစ်သီးများစွာထွက်ရှိပါသည်။ သို့သော် သံပရာသီးတစ်လုံးကို သကြားထည့်၍ သံပရာရည်ဖျော်သောက်သော အလေ့အကျင့်နည်းကြ၏။ အဆင်သင့် ပြုလုပ်ထားသော ပါကင်ထုပ်များမှာ အနံ့သာပါပြီး အရသာအပြည့်အဝမပါ။ ဓာတုပစ္စည်းပါ၍ အန္တရာယ်ပင်ရှိနိုင်ပါသည်။

သံပရာသီးပေါ်ချိန်တွင် အလုံး ၅၀၊ ၁၀၀ ဝယ်၍ အလယ်မှ လေးစိတ်ပုံစံစိတ်ပြီး နှမ်းနှင့်ဆားသိပ်ကာ ပုလင်းတစ်လုံးတွင်ထည့်သိပ်ထားပြီး နှစ်ပတ်ခန့် ထားလိုက်သောအခါ အခွံကအစ ပျော့ပျောင်းလာပါသည်။ တစ်ပတ်တစ်ခါလောက် နေရောင်ပြပေးတာလည်း တွေ့ရ၏။ သံပုရာသီး နူးလာသောအခါ ထမင်းစားချိန် ငါးပိရည်နှင့်တို့စားလို့ ရသည်။

စာရေးသူမိခင်မှာ ဒယ်အိုးတစ်လုံးတွင် မဆလာ၊ ငရုတ်သီးမှုန့်၊ ဆီထည့်ပြီး သံပရာသီးသနပ်ပုံစံ ပြုလုပ်ပါသည်။ သိမ်ကြီးစျေးအနီးတွင် ပုလင်းကြီးများထည့်ကာရောင်းသလို ဘူးများဖြင့်ထည့်၍လည်း သရက်သီးသနပ်ကဲ့သို့ သံပရာသီးသနပ် ပြုလုပ်ရောင်းကြပါသည်။ သံပရာသီးသနပ်သည် ပဲဟင်းနှင့်တွဲစားလျှင် ထမင်းစားမြိန်စေပြီး ဆေးဖက်လည်း ဝင်ပါသည်။

လွန်ခဲ့သော ငါးနှစ်ခန့်က မိတ်ဆွေတစ်ဦး လေဖြန်းကာ ပါးတစ်ခြမ်းရွဲ့သွားပါသည်။ မြန်မာတိုင်းရင်းဆေးဆရာက အကြောနှိပ်ပေးပြီး သံပရာသီးနှင့် ပါးကိုလိမ်းခိုင်းပါသည်။ တစ်ပတ်ခန့်ကြာသောအခါ ပါးပုံမှန်ပြန်ဖြစ်သွားပါသည်။ စာရေးသူမိခင် ကျန်းမာရေးမကောင်း၍ ဘယ်ညာ လက်နှစ်ဖက် အကွေးအဆန့် ပြုလုပ်မရ ဖြစ်နေရာ သံပရာသီးတစ်လုံး လက်ထဲ ပေးကိုင်ထားရာ တဖြည်းဖြည်း အကွေးအဆန့် ပုံမှန်ပြန်ရသွား၏။

သံပရာသီးသည် သွေးသားကို သန့်စင်စေပြီး စိတ်ကို ကြည်လင်စေသည်။ လေကိုနိုင်၍ အမောပြေစေသည်ဟု ဆေးကျမ်းတွင်ရေးသားထားသည်။ ရှောက်သီး၊ သံပယိုသီး၊ သံပရာသီးတို့သည် မျိုးရိုးအုပ်စုတူသော်လည်း ပုံသဏ္ဌာန် ကွဲပြားပါသည်။ သို့သော် အားလုံးဆေးဖက်ဝင်ကြပါသည်။

ရှောက်ပေါင်းရည်၊ ရှောက်သီး၊ ချင်း၊ ဆင်တုံးမနွယ်၊ ရှောက်တစ်လုံး ဝမ်းပျော့ဆေး၊ ရှောက်သီးဆေးပြား

www.burmeseclassic.com

စသည်ဖြင့် ရှောက်သီးသည်လည်း အသုံးများသော အသီးတစ်မျိုး ဖြစ်နေပါသည်။

လွန်ခဲ့သော တစ်လခန့်က မိတ်ဆွေတစ်ဦးမှ ဆီးနဲ့ပတ်သက်ရင် သံပရာသီးသာ ရေစိမ်သောက်လိုက်ပါ။ ရက်ပိုင်းအတွင်း ပျောက်သွားမယ်ဟု သူကိုယ်တွေ့ကို ပြောပြပါသည်။ ပြုလုပ်နည်းမှာ သံပရာသီးတစ်လုံးလုံးကို လေးစိတ်လောက် ခွဲခြမ်းပြီး ရေသန့်၊ ရေကျက်အေးတစ်မျိုးမျိုးနှင့် တစ်နာရီခန့် စိမ်ထားပါ။ အပေါ်မှ အဖုံးအုပ်ထားရမည်။ ညစိမ်ထားပြီး နံနက်စောစောထသောက်လည်း ရသည်။ အဖတ်မစားဘဲ အရည်ပဲသောက်၊ သုံးရက်ဆက်သောက်လျှင် ဆီးနည်း၊ ဆီးပူ၊ ဆီးကျဉ်တာ ပျောက်သည်ဟု ပြောပါသည်။ စာရေးသူလည်း ဆီးဝေဒနာကြောင့် လက်တွေ့သောက်ကြည့်ရာ ဆီးပုံမှန်ဖြစ်လာပါသည်။

အချို့ဆေးညွှန်းများတွင် ဆေးကို ရှောက်ရည်နှင့်သောက်၊ သံပရာရည်နှင့်သောက်ဟု ရေးထားတာတွေ့ရ၏။ ယခင်အရေးအသားမှာ သမ္ဗရာသီးဟု ရေးထားသည်။ ချောင်းဆိုးပျောက်ဆေးလျက်ဆားတွင် သံပရာသီး+ဆားနှင့် သော့က်ရန် ညွှန်းထားပါသည်။ သံပရာသီးမီးဖုတ်၊ ဆားနှင့်တို့စားပါကလည်း ချောင်းဆိုးရောဂါ ပျောက်စေပါသည်။

နှာခေါင်းသွေးယိုပါက သံပရာသီး လတ်လတ်ဆတ်ဆတ် အရည်ကို နှာခေါင်းတွင်းသို့ညှစ်ထည့်ပါ။ အစွမ်းဆုံး ဆေးဖြစ်၏။ သံပရာသီးကို အခွံနွာ၍ ရှောက်သီးကဲ့သို့ သုပ်စားပါက အာရုံကြောနှင့်ဆိုင်သောဝေဒနာများ သက်သာပျောက်ကင်းစေပါသည်။

စာရေးသူတို့ ငယ်စဉ်ကတည်းက အဘိုး၊ အဘွားများသည် ခေါင်းအုံးအောက်တွင် သံပရာသီးထားအိပ်လေ့ရှိကြ၏။ အမိပ္ပာယ်မေးကြည့်ရာ သူခိုးအိပ်မွေ့ချ၍မရအောင် ဆောင်ထားတာဟု ဖြေပါသည်။ ဤတွင် ဂမ္ဘီရဆန်သော သံပရာသီးအကြောင်း စာရေးသူ ဆက်လက်လေ့လာခဲ့ပါသည်။ ဆရာကျော်ဇောဟိန်း(နံ့သာ)၏ မြန်မာ့ဓလေ့ဖြစ်ရပ်ဆန်းနှင့် အကျိုးထူးများစာအုပ်တွင်. .

"သံပရာသီးက ဂမ္ဘီရနည်းနဲ့လဲဆိုင်တယ်၊ သံပရာ (၆၅၄)အဲဒီဂဏန်းတွေက ကြီးရာက ငယ်သွားတာ တွေ့ရမယ်၊ အဲဒါ ဂမ္ဘီရနည်းနဲ့ တွက်လို့ရတဲ့ အဖြေဂဏန်းတွေပဲပေါ့ကွ၊ အိပ်ဆေးတို့ဆေးတွေရဲ့ အစွမ်းကို ပြယ်စေနိုင်တယ်ကွ။

ဒါတင်မကဘူး ကိုယ်က ပတ်ဝန်းကျင်မှာ ဘယ်လောက်ပဲ မှန်ကန်အောင် နေထိုင်ပြောဆိုဆက်ဆံပေမယ့် ကိုယ့်အပေါ် မနာလိုဝန်တို မတရားကြံတဲ့လူတွေလဲ တွေ့တတ်တာမဲ့၊ အဲဒီလို တစ်နည်းနည်းနဲ့ အတိုက်အခိုက်ပြုလာခဲ့သော် မိမိအိမ် ဘုရားကျောင်းဆောင်ရှေ့မှာ သံပရာသီး သုံးလုံးကိုခြောက်တဲ့ အထိထား၊ အဲဒီသံပရာသီးသုံးလုံးဟာ တစ်ပြိုင်နက် ခြောက်မသွားဘဲ တစ်လုံးပုပ်သွားမယ်, နှစ်လုံးပုပ်သွားမယ်ဆိုရင် မိမိကို မကောင်းတဲ့နည်းတစ်ခုခုနဲ့ တိုက်နေသူရှိနေတာ သေချာပြီ၊ အဲဒီလို သံပရာသီးပုပ်နေတာ တွေ့ရင် ပုပ်နေတဲ့အလုံးတွေကိုယူပြီး အိမ်ရှေ့ရောက်တဲ့အခါ မိမိအိမ်ထဲကို မျက်နှာမူပြီး ပုပ်နေတဲ့သံပရာသီးကို နောက်ပြန်ပစ်လိုက်၊ ငါ့ကို မကောင်းကြံတဲ့သူ တိုက်ခိုက်သူ နှင့်ထံနင်ပြန်လို့ ရွတ်ဆိုပြီးပစ်လိုက်"

ရှင်နာဂသိန်ရေးတဲ့ ပုံပြဆေးအဘိဓာန်တတိယတွဲမှာဖော်ပြထားတာကတော့ သံပရာသီးဟာ ကင်ဆာရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ အဆီတိုးရောဂါ၊ အရေပြားရောဂါ၊ ရင်ဘတ်နာရောဂါ၊ အဆိပ်သင့်ရောဂါ၊ အော့အန်ခြင်းရောဂါ၊ အအေးမိရောဂါ၊ ကိုက်ခဲခြင်းရောဂါ၊ အဖျားမပြတ်နိုင်တဲ့ရောဂါ၊ သရက်ရွက်ရောဂါ၊ အစာမကြေရောဂါ၊ ကာလဝမ်း၊ သွားမှ သွေးယိုစီးတဲ့ရောဂါ၊ သည်းခြေပူရောဂါ၊ အဆစ်ကိုက်ရောဂါ၊ ဆီးမပေါက်နိုင်တဲ့ရောဂါ၊ အမူးရောဂါ၊ မြင်းဖုရောဂါတွေကိုလည်း ပျောက်ကင်းစေနိုင်တယ်တဲ့"ဟု ရှင်းပြထားပါသည်။

ဟိန္ဒူလူမျိုးတွေ သူတို့ကိုးကွယ်တဲ့ ဟိန္ဒူနတ်ဘုရား နတ်ဒေဝီတွေကို သံပရာသီး အမြဲဆက်လေ့ရှိကြပါသည်။ အုန်းသီး၊ ငှက်ပျောသီးပွဲတွေမှာလည်း သံပရာသီးအလုံးကလေး ထည့်လှူလေ့ရှိသည်။ မီးနင်းပွဲတော်တွေမှာ ဓားလှေကား တက်တဲ့အခါ ဓားပေါ်မှာ သံပရာသီးတင်ပြီး နင်းတက်သွားတာ တွေ့ရပါသည်။ ခက်ရင်းခွတိုင်မှာ သံပရာသီးတင်တဲ့အခါ သံပရာသီးပေါ်မှာ အရုပ်ပုံစံရေးပြီးတင်လေ့ရှိပါသည်။ အချို့ကလည်း ဦး၊ ဟုမ်၊ ဩြောင်း စသည့် မန္တန်တွေ ရေးလေ့ရှိသည်။ မြန်မာ့နည်းမြန်မာ့ဟန် ပြုလုပ်နည်းကတော့ သံပရာသီးပေါ်မှာ စ၊ဓ၊ဗ၊ဝ အက္ခရာ၊ တစ်နည်းအားဖြင့် ဓာတ်လေးပါး စမကိုရေး၊ အပေါ်က အပ်တစ်ချောင်းကိုစိုက်၊ ကြိုးနဲ့ချည်၊ ဆိုင်အိမ်ရှေ့မှာ ချိတ်ဆွဲထားရမည်။

အပ်ပေါက်မှ ချည်ထားသောအပ်ချည်ကြိုးကို တန်းတစ်ခုမှာ ခိုင်အောင်ချည်လိုက်ပါ။ ထို့နောက် သံပရာသီးကို အပြင်သို့တွန်းလိုက်ပြီး လက်ဖြင့်ပြန်ဖမ်းလိုက်ပါ။ လက်ဖြင့်ဖမ်းချိန်တွင် ငွေများဝင်လာစေ၊ လာဘ်ဝင်စေ၊ လူဝင်စေ စသည်ဖြင့်ဆုတောင်းပါ။ သံပရာသီးဖြင့်ဓာတ်ဆင်လာဘ်ခေါ်နည်းဖြစ်သည်။

သံပရာ (၆ + ၅ + ၄ = ၁၅) အောင်ပမိတ်ဓာတ်ဖြစ်သည်။ ခရီးသွား၊ အန္တရာယ်ကင်း၊ လောကီရေးရာကိစ္စ အဆောင်အဖြစ် သံပရာသီး ဆောင်သွား နိုင်သည်။ ဆောင်ပုံဆောင်နည်းမှာ သံပရာသီး အပေါ်တွင် အောက်ပါအတိုင်း ရေးဆောင်သွားရမည်။

"အဌမင်္ဂါနိ တိပိဋကတ္တယံ သတ္တဗောဇ္ဈင်္ဂါနိ သုညံနိဗ္ဗာန မေဘဝိ သာတိ"ဟု ဆိုရေးပါ။

လပြည့်ဝန်းမဂ္ဂဇင်း (မေလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

"၈" ဂဏန်းမှစ၍ တစ်ဆက်တည်း ရေးရမည်။ ငွေကုန်သက်သာလွယ်ကူထိရောက်သော သံပရာသီး အဆောင်ဖြစ်သည်။ သံပရာသီးခြမ်းဆပ်ပြာ၊ စနိုးများလည်း တွေ့မြင်ရသည်။ သံပရာသီးအရည်ပိုထွက်အောင် မီးနွေးနွေးပေး လှိမ့်ပြီးမှ ခွဲရသည်။ အပေါ်မှမခွဲဘဲအလယ်မှဖြတ်ခွဲရသည်။

သံပရာသီးအလုံးကို ခွဲပြီးသည့်နောက် လိုအပ်ရာကိုသုံးပြီးသည့်နောက် မည္စစ် မပြုရသေးသော အခြမ်းများ အစိတ်များကျန်နေပါက ပန်းကန်ပြားမှာ မှောက်ထည့်ပြီး အဲဒီအပေါ်ကို ဖန်ခွက်တစ်ခုနှင့် အုပ်ထားလိုက်ပါ။

အဘိုး ကလေးဝဆရာတော်ဘုရားကြီး ရှိစဉ်ကာလက ခုနစ်နေ့သားသမီးများ ကျန်းမာချမ်းသာ ဘေးရန်ကွာစေဖို့ ရှောက်သီးနှင့် သံပရာသီး ဓာတ်ယတြာပေးလေ့ရှိပါသည်။ အဘိုးဆရာတော်ကြီးက တစ်ဦးတစ်ယောက်သော သားတပည့်အား . . .

"ယတြာပြုလုပ်ဖို့ သံပန်းကန်ပြားလေးအသစ်တစ်ချပ်ရှာဗျာ၊ အဲဒီထဲမှာ အလယ်က ရှောက်သီးတစ်လုံးထား၊ ဘေးပတ်လည်က သံပုရာသီးခြောက်လုံးရံထည့်ပြီး ဘယ်အချိန်၊ ဘယ်အခါမှာ ဘုရားကျောင်းဆောင်မှာ (သို့မဟုတ်) မြင့်တဲ့နေရာလေးမှာ ကပ်လှူပြီး ဆုတောင်းဗျာ" စသည်ဖြင့်မိန့်ပြီး နှုတ်မှလည်း. . .

"ရှောက် သံပရာ ငရုတ်မှာကား အာသာငတ်ငတ်တေဇောဓာတ်ထည့်လို့ ဆိုထားသဗျ"ဟုလည်း အမိန့်ရှိပါသေးသည်။

မိမိမွေးနေ့နံနက် ၉ နာရီတွင် စာရေးသူကိုယ်တိုင် လက်တွေ့ဆောင်ရွက်လှူဒါန်း ဆုတောင်းကြည့်ပါသည်။ အလုပ်အကိုင်အကြံအစည်ကိစ္စ အောင်မြင်ပါသည်။ ဓာတ်ပုံရိုက် ဖော်ပြပေးလိုက်ပါသည်။ တစ်ခါ လှူထားလျှင် တစ်ပတ်လောက်ထား၍ ရပါသည်။

ဆရာတော်မှ. . .

"ဒါ ပုဏ္ဏားပညာနည်းမဟုတ်၊ ဒိဗ္ဗစက္ခုရှင်ရသေ့ရဲ့ ကိန်းခန်းနည်းစနစ်တွေဗျ"ဟုမိန့်ဆိုပါသည်။

စာဖတ်ပရိသတ်များ အခက်အခဲရှိပါက (ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး)ကိစ္စတစ်ခုခုအတွက် လှူဒါန်း ဆုတောင်းကြည့်ပါ။ ရှောက်သီး + သံပရာသည် ၄+၆+၆+၄ ဝံသေဓာတ်မိနေပါသည်။ ရှောက်သီး+သံပရာသီး အိမ်တွင်လှူထားခြင်းဖြင့် အိမ်တွင်းရေးငြိမ်းချမ်းသာယာစေပါသည်။

မိမိပတ်ဝန်းကျင်မှ မိတ်ဆွေတစ်ဦးဦး စကားမှောက်ချည်လှန်ချည်ခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောနေပါက သံပရာသီး ရှစ်လုံးဝယ် အလယ်မှခြမ်း၍ ထောင့်တစ်ထောင့်တွင် တစ်ခြမ်းမှောက် တစ်ခြမ်းလှန် ဂြိုဟ်ရှစ်ခွင်ပတ်လှူလိုက်ပါ။ ထိုကိစ္စ အဆင်ပြေသွားမည်။ သံပရာသီးနှင့်ပတ်သက်၍ စာရေးသူ မသိသေးသော အချက်များ ရှိနိုင်ပါသေးသည်။

❒ ဂမ္ဘီရဆရာစှမျိုး (B.Sc)


ညွန့်ခိုင်မာ(ကျောက်ဆည်)၊ ညွန့်လွင်(စက်မှုတက္ကသိုလ်) ရေးသားသည့်

**သင့်ဘဝတစ်သက်တာ ဗေဒင်ဟောကိန်းများ** စာအုပ် တန်ဖိုး ၆၀၀၀ ကျပ်

စာအုပ်ဝယ်မရပါက စာရေးသူထံ ငွေပေးပို့ပြီး မှာကြားနိုင်ပါသည်။

ငွေကို **M.O** နှင့်ပို့ပေးပါ။ စာအိတ်ထဲထည့်မပို့ပါနှင့်။

(ရုပ်ဝေးမှ ဗေဒင်မေးလိုပါက) တစ်သက်တာ ဗေဒင်ဟောစာတမ်း ၃၀၀၀၀ ကျပ်

ငွေကြိုတင်ပေးပို့ပါ။

တစ်သက်တာဟောစာတမ်းတွင် ဘြိစက္က ဇာတာ၊တစ်သက်တာဟောကိန်း၊ ၃နှစ်စာအထူးဟောကိန်း၊

၁နှစ်စာ (ရက်စွဲအတိအကျဖြင့်) အသေးစိတ်ဟောကိန်းပါဝင်မည်။

စာအုပ်တစ်အုပ် လက်ဆောင်ပေးမည်။

ဗေဒင်မေးလိုသူ၏အမည်၊ နေရပ်လိပ်စာ၊ မွေးရက်စွဲ၊ မွေးရာဒေသ၊ မွေးချိန်(သိလျှင်) တို့ကို

အောက်ပါလိပ်စာအတိုင်း ပို့ပေးပါ။ နှစ်ပတ်အတွင်း စာတိုက်မှ အရောက်ပို့ပေးပါမည်။

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဦးညွန့်လွင်

ဖုန်း-၀၉-၄၀၀၀၁၆၄၀၉

၂၈၊ ဆေးရုံလမ်း၊ မြင်စိုင်းခန်းမ အနောက်ဘက်၊ ကျောက်ဆည်မြို့။




www.burmeseclassic.com

www.burmeseclassic.com




အမြဲတစေ ခြောက်ကပ်တိတ်ဆိတ်နေသော အိမ်ကြီးအတွင်းမှ ဆူညံဆူညံအသံများကြောင်း ခြေလှမ်းများပင် တုံ့သွားရ၏။ ကိုလှဦးအိမ်ထဲမဝင်သေး၊ အသာနားစွင့်နေပြီး ခဏအကြာ ခြံအပြင်ဘက်သို့ ပြန်ထွက်သွားတော့သည်။ အိမ်ကြီးအတွင်းမှာတော့ ဆူညံနေတုန်း. . .

"ဟော့ ဒီမှာခင်ထား. . . မိန်းမတစ်ယောက် တစ်ပင်လဲလို့ တစ်ပင်ထူ



www.burmeseclassic.com

www.burmeseclassic.com

တာကို ငါတို့ ဘာမှအပြစ်ပြောစရာ မလိုဘူး၊ မိန်းမတစ်ယောက်အတွက် အားကိုးရှာတယ်ဆိုရင်လဲ ခွင့်လွှတ်နိုင်သေးတယ်၊ အခုတော့ ဒီအသက်အရွယ်ကြီးရောက်ခါမှ အိမ်ထောင်ပြုတယ်ဆိုတာ လူကြားလို့တောင်မကောင်းဘူး”

“နင် အဓိကစဉ်းစားရမှာက နင် လင်ယူတဲ့ကိစ္စ မဟုတ်ဘူး၊ နင့်သမီးအတွက်ပဲ နင်စဉ်းစားရတော့မှာ၊ အရွယ်ရောက်နေတဲ့ သမီးမိန်းမပျိုလေးတစ်ယောက်ကို ဘယ်လိုပထွေးမျိုးနဲ့မှ ငါတို့ စိတ်မချနိုင်ဘူး၊ နင်လုပ်ချင်တာလုပ်ပါ၊ နေချင်သလိုနေပါ၊ ငါတို့ကတော့ ငါတို့ တူမလေးကို မထားခဲ့နိုင်ဘူး. . . ခေါ်သွားရမှာပဲ”

“ဒီမှာ မမကြီး. . . သမီးသက်ထားက ကျွန်မကိုယ်တိုင် ဝမ်းနဲ့လွယ်ပြီး ခက်ခက်ခဲခဲ မွေးထုတ်ခဲ့ရတဲ့ သမီးပါ၊ တစ်သက်လုံးက ပစ်ထားပြီး အခုအချိန်ကျမှ လာခေါ်တယ် ဆိုတာကတော့ မမကြီးတို့ မတရားဘူး”

“အမေ. . . ကြီးကြီးတို့က လာခေါ်တာမဟုတ်ဘူး၊ သမီးကိုယ်တိုင်က ကြီးကြီးတို့ကို ဖုန်းဆက်ပြီးလာခေါ်ခိုင်းလိုက်တာ၊ သမီး အမေနဲ့လုံးဝမနေနိုင်ဘူး၊ ဘယ်ပထွေးကိုမှလဲ အဖေ့နေရာမှာ အစားမထိုးနိုင်ဘူး၊ အဖေလဲ မခေါ်နိုင်ဘူး၊ အမေ ဒီလူကြီးနဲ့ ပေါင်းနေသမျှ သမီး ဒီနေရာကို တစ်သက်လုံးပြန်မလာဘူး အမေ. . .

အမေ အရင်က ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ သမီး အမေ့ကိုခွင့်လွှတ်နိုင်သေးတယ်၊ အခုလို နောက်အိမ်ထောင်ပြုတဲ့ကိစ္စကိုတော့ သမီးနည်းနည်းမှသည်းမခံနိုင်ဘူး အမေ၊ ပြီးတော့ ပထွေးတစ်ယောက်နဲ့ တစ်အိမ်တည်းမှာ အတူမနေသင့်တော့ဘူးထင်လို့ သမီးခုလိုဆုံးဖြတ်လိုက်တာပဲ၊ ဒါကို အမေနားလည်မယ်လို့ထင်တယ်”

သမီးဖြစ်သူက အထုပ်အပိုးပြင်နေရင်းမှပြောနေသည့်စကားသံများကို မခင်ထား နားထောင်နိုင်စွမ်းမရှိတော့ မျက်ရည်များဖြိုင်ဖြိုင်ကျပြီး ငိုနေမိတော့သည်။ အထုပ်အပိုးကိုပြင်ပြီးသည်နှင့်-

“ကဲ ငါတို့သွားမယ်၊ နောက်ကို နင် သမီးနဲ့ လာပြီးမပတ်သက်ပါနဲ့၊ ကုန်ကုန်ပြောမယ်. . . သေရင်တောင် အကြောင်းမကြားနဲ့. . . ဒါပဲ၊ လာ သမီး သွားမယ်”

သမီးဖြစ်သူ သက်ထားကလည်း ခရီးဆောင်အိတ်ကောက်ဆွဲပြီး အိမ်ကြီးပေါ်မှ ဆင်းသွားကြလေတော့သည်။ သမီးဖြစ်သူ သက်ထားက တစ်ချက်ကလေးမျှပင် လှည့်မကြည့်တော့ မခင်ထား ဝမ်းနည်းလွန်းလှသဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

“ရက်စက်လိုက်တာသမီးရယ်”

တိတ်ဆိတ်နေသော အိမ်ကြီးထက်မှာ မခင်ထားတစ်ယောက်တည်း အဖော်မဲ့အထီးကျန်စွာ ငိုကြွေးနေတော့၏။ မခင်ထားဘေးမှာ အားပေးနှစ်သိမ့်မည့်သူ မရှိ၊ အားငယ်လိုက်သည့်ဖြစ်ခြင်း။ ခင်ပွန်းသည် ကိုမင်းမောင် ကွယ်လွန်ပြီးသည့်နောက် ခံစားရသည့် အားငယ်ခြင်းမျိုးကို ပြန်၍ခံစားနေရ၏။ မိမိ၏ဘဝကိုလည်း ပြန်တွေးနေမိပြန်သည်။

တစ်ချိန်တုန်းကတော့ မခင်ထားတို့ဘဝလေးသည် အလွန်သာယာအေးချမ်းခဲ့သည်။ ခင်ပွန်းသည် ကိုမင်းမောင်က အစိုးရဌာနတစ်ခုမှ အရာရှိတစ်ဦးဖြစ်သည်။ ရိုးသား၍ သဘောထားကြီးသော ကိုမင်းမောင်ကို လူတိုင်းက ကြည်ညိုလေးစားကြသည်။ မခင်ထားကလည်း အရှက်အကြောက်ကြီးသူ၊ ဣန္ဒြေသိက္ခာကြီးသူ ဘာသာတရားကိုင်းရှိုင်းသူမို့ လူတိုင်းကချစ်ခင်လေးစားကြရ၏။

ဤသို့ သာယာချမ်းမြေ့စွာနေလာကြရင်း လောက သဘာဝအရ ကြမ္မာမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခြင်းကို ခံရလေသောအခါ မခင်ထားတို့ မိသားစုဘဝလေးသည်လည်း တစ်စစီ ပြိုလဲခဲ့ရလေတော့သည်။

ထိုနေ့က ကိုမင်းမောင်နှင့် အပေါင်းအသင်းများ အိမ်အောက်ထပ်တွင် လူမှုရေးလုပ်ငန်းတစ်ခုလုပ်ဆောင်ရန် ဆွေးနွေးတိုင်ပင်နေကြ၏။ မခင်ထားကလည်း အပေါ်ထပ်တွင် ဘုရားပန်းများ လဲနေချိန်ဖြစ်သည်။ သမီးငယ် သက်ထားက အိမ်အနောက်ဘက် သဲသောင်ပြင်ထဲတွင် ဆော့ကစားနေကြချိန်ဖြစ်၏။ မခင်ထားက သောင်ပြင်ထဲတွင် ဆော့ကစားသည်ကိုမကြိုက်သဖြင့် အတန်တန်တားနေသည့်ကြားမှ လူကြီးများအလစ်တွင် သွားဆော့နေခြင်းဖြစ်သည်။

မခင်ထားတို့အိမ်က စစ်တောင်းမြစ်ကို ကျောပေးဆောက်ထားသော အိမ်ဖြစ်သဖြင့် တော်ရုံတန်ရုံနှင့် သောင်ပြင်မှအသံမကြားရပေ။ ထိုအချိန်မှာပင် မိန်းမကြီးတစ်ဦး၏ ထိတ်လန့်တကြား ငယ်သံပါအောင် အော်လိုက်သည့်အသံက ပတ်ဝန်းကျင်တစ်ခုလုံး အထိတ်တလန့်ဖြစ်ကုန်ကြတော့သည်။

“လာကြပါဦးတော့ . . . လာကြပါဦး၊ ကလေးတစ်ယောက် ရေနစ်နေလို့ ကယ်ကြပါဦး”

“ဟင်”

မခင်ထား ထိတ်လန့်တကြား လက်ထဲမှဘုရားပန်းအိုးပင် လွတ်ကျပြီး ကွဲသွား၏။ ခင်ပွန်းသည် ကိုမင်းမောင်၏အသံကိုပါ ကြားလိုက်ရသဖြင့် အိမ်အောက်သို့ ဒရောသောပါးပြေးဆင်းခဲ့တော့သည်။

“မခင်ထားရေ. . . သမီး ဘယ်ရောက်နေလဲ. . . ရှာစမ်းပါဦး မြန်မြန်”

ကိုမင်းမောင်နှင့်အဖွဲ့ ခြံနောက်ဖေးတံခါးပေါက်မှ သောင်ပြင်ထဲသို့ ပြေးဆင်းခဲ့တော့သည်။

“ဆရာ. . . ဆရာ့သမီး ရေနစ်နေတာ လုပ်ပါဦး. . . ဟိုမှာ ဟိုမှာ”

“ဗျာ”

ရေထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေသော သမီးငယ်အားတွေ့လိုက်ရသဖြင့် ဘာမှ စဉ်းစားမနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com

ရေထဲ တစ်ဟုန်ထိုးပြေးဆင်းသွားတော့သည်။ ရေကူးကျွမ်းကျင်သူများပါ ရေထဲသို့ ပြေးဆင်းလိုက်ကြပြီး ကလေးရှိရာ အမြန် ကူးခပ်သွားနေကြ၏။ အောက်ဘက်မှ လက်ထိုးလှေတစ်စီးကလည်း ကလေးရှိရာ ဆန်၍လှော်ခတ်လာနေ၏။ မခင်ထားလည်း သောင်ပြင်ထက်မှာ ဆောက်တည်ရာမရ ငိုကြွေးနေတော့၏။ ကမ်းစပ်မှာလည်း လူများစွာ အပြေးအလွှားရောက်ရှိလာတော့သည်။

မြုပ်ချည်ပေါ်ချည်ဖြင့် ရေစီးအတိုင်းမျောနေသောကလေး။ လိုက်လံဆယ်ယူရန် ကြိုးပမ်းနေကြသည့်လူများ။ အောက်ဘက်မှ ဆန်တက်လာသော လက်ထိုးလှေတစ်စီး။ မြင်ကွင်းကို ရင်တမမကြည့်ရင်း အသက်ပင်မရှူရဲကြ။

"ဘုရား ဘုရား . . . ကလေး အသက်ကို ကယ်မှကယ်နိုင်ပါ့မလား"

ကလေးနဲ့ အနီးဆုံးရောက်ရှိလာသော လက်ထိုးလှေပေါ်မှ လူတစ်ယောက်က ရေထဲဒိုင်ဗင်ထိုးချသွားသည်ကို မြင်လိုက်ကြရပြီး ထိုလူရေထဲမှ ပြန်ပေါ်လာသည့်အခါ ကလေးကိုပွေ့ချီထားသည်ကို မြင်လိုက်ကြရတော့သည်။

"ဟေး . . ရပြီကွ"

ကမ်းစပ်မှ လူများကလည်း ဝမ်းသာအားရအော်ဟစ်နေကြ၏။ ချက်ချင်းဆိုသလို ကမ်းစပ်သို့ရောက်ရှိလာပြီး ကလေးဗိုက်ထဲ၌ ရေများအန်ထွက်အောင် ကျွမ်းကျင်သူလူကြီးတစ်ဦးက ပြုစုပေးနေ၏။ ကလေး၏အဆုတ်ထဲသို့ ရေများမဝင်သေးသဖြင့် မကြာမီမှာပင် ကလေးစူးစူးဝါးဝါးငိုသံကို ကြားလိုက်ရတော့သည်။ မခင်ထား ဝမ်းသာလိုက်ပုံများ ပြောမပြတတ်တော့။

"အမယ်လေး သမီးရယ် . . . မသေကောင်းမပျောက်ကောင်း"

မခင်ထား သမီးဖြစ်သူကို ဖက်ထားရင်း ဝမ်းသာလွန်းလှသဖြင့် မျက်ရည်များကျနေတော့သည်။ ထိုအခိုက်မှာပင် လူတစ်ယောက်၏ အော်ဟစ်လိုက်သည့်အသံကြောင့် အားလုံးသောလူများ အထိတ်တလန့် ဖြစ်ရပြန်လေတော့၏။

"ဟေ့ ကိုမင်းမောင် . . . ဘယ်ရောက်နေလဲ၊ ကိုမင်းမောင်ကို မတွေ့ဘူး"

"ရှာကြပါဦးဟ"

"ဟင်"

မခင်ထား ယခုမှပင် ခင်ပွန်းသည်ကို သတိရတော့သည်။

"ကိုမင်းမောင် ရေများနစ်သွားလား ရှာကြပါဦး"

ကမ်းစပ်တစ်ဝိုက် ဆူညံ ပွက်လောရိုက်သွားတော့သည်။ ရေငုပ်ကျွမ်းကျင်သူများကလည်း ရေထဲသို့ တဝုန်းဝုန်းခုန်ဆင်းသွားကြပြီး ကိုမင်းမောင်အား အသည်းအသန်ရှာကြရပြန်လေပြီ။ သို့သော် ထိုနေ့က မိုးချုပ်သည်အထိ ကိုမင်းမောင်ကို ပြန်မတွေ့ကြတော့။ ကလေးကိုသာ အာရုံစိုက်နေကြသဖြင့် ဘယ်သူမှ သတိမထားမိလိုက်ကြခြင်း ဖြစ်၏။

ကိုမင်းမောင်မှာ နှလုံးရောဂါအခံရှိသဖြင့် အမောဆို့လာပြီး ရေနစ်သွားသည်ကို ဘယ်သူမှမသိလိုက်ကြ။ မခင်ထား အရှူးမီးဝိုင်းဖြစ်ရပြန်လေပြီ။ အမျိုးမျိုး ကြိုးစားရှာဖွေကြပါသော်လည်း ကိုမင်းမောင်ကို ပြန်မတွေ့ကြရတော့။

မခင်ထား မတ်တတ်က လဲကျသွားပြီး သတိလစ်သွားသည်အထိ ခံစားလိုက်ရတော့၏။ ရေငုပ်သမားများလည်း လက်လျှော့ပြီး ပြန်ကုန်ကြလေပြီ။ ကိုမင်းမောင်တစ်ယောက် ရေအောက်ကြမ်းပြင်တစ်နေရာတွင် ငြိမ်သက်စွာလဲလျောင်းနေရှာပြီထင့်။

❑

မပဋာလက်သစ် မခင်ထားတစ်ယောက် မျက်ရည်စက်လက်ဖြင့် ဆယ်နှစ်အရွယ် သမီးငယ်လက်ကိုဆွဲကာ ကမ်းစပ်တစ်လျှောက် လင်ပျောက်ကို ရှာပုံတော်ဖွင့်ခဲ့ရသည်။ တစ်ရက်ပြီး တစ်ရက်သာကုန်ခဲ့သော်လည်း ခင်ပွန်းသည်၏အရိပ်အယောင်လေးတောင် မတွေ့။ စားဖို့လည်း သတိမရ၊ အိပ်ဖို့လည်း မစဉ်းစား၊ နေ့နေ့ညည ကမ်းစပ်တွေမှာထိုင်ရင်း တစ်နေရာက ပေါ်လာလိမ့်နိုး ခေါင်းတမော့မော့ဖြင့် စောင့်စားခဲ့ရသည်။ ရူးမတတ် ခံစားခဲ့ရ၏။

တစ်ပတ်ခန့်ကြာမှ အလွန်ဝေးသော အောက်ရွာတစ်ရွာမှ အလောင်းကို ပြန်တွေ့ကြရ၏။ မခင်ထား ရင်ကွဲရပါလေပြီ။

ခင်ပွန်းသည် မရှိတော့သည့်နောက် သားအမိနှစ်ယောက် ရေရှည်ရပ်တည်နိုင်ရန်အတွက် စုဆောင်းထားသမျှလေးကို ထုခွဲရောင်းချကာ ကုန်ခြောက်ဆိုင်ကလေး တည်လိုက်၏။ ထိုစဉ်က ဈေးထဲတွင် ကုန်ခြောက်ဆိုင်များများစားစားမရှိသဖြင့် အရောင်းရတွင်ကျယ်လှ၏။ အလုပ်သမားများပင် ငှားထားရ၏။ ထိုဈေးဆိုင်ကလေးဖြင့် ဘဝကို အစမှ ပြန်စခဲ့ရသည်။

တစ်ချိန်တုန်းက ရင်းနှီးကျွမ်းဝင်သူများသည်ပင် ယခင်ကလို အရေးတယူမဆက်ဆံကြတော့။ လောက၏ အတက်အကျ အနိမ့်အမြင့်သဘောကို တဲအို့တသြကြီးသိခဲ့ရသည်။ လောကကို ဟားတိုက် လှောင်ပြောင်နေဖို့ အချိန်မရှိခဲ့။ သားအမိနှစ်ယောက် ဘဝကို ခက်ခဲပင်ပန်းစွာရုန်းကန်ခဲ့ကြရတော့၏။

ရုပ်ကလေးကလည်း ချော၊ အရွယ်ကလေးကလည်း ရှိနေသေးသော မခင်ထားကို ကူညီချင်သလိုလိုနှင့် ထိကပါး ရိကပါးလုပ်လာသူတွေက ဒုနှင့်ဒေး။ ထိုကြောင့် သူတော်ကြီးများ၏ အန္တရာယ်ကို ပါးနပ်စွာရှောင်ရှားရင်း သမီးငယ်သက်ထားကို ရင်အုပ်မကွာ စောင့်ရှောက်ရင်း လူလားမြောက်စေခဲ့ရသည်။

ဤ၇ွှိနှယ်ပင် သောကဒုက္ခတွေ မသိကျိုးကျွန်ပြုရင်း သမီးလေး သက်ထားသည်ပင် ဆယ်တန်းအောင်၍ စက်မှုတက္ကသိုလ်၌ တက်ရောက်သင်ကြားနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သည့်နောက်တွင်မတော့ ငွေကြေးက ကျပ်တည်းလာသည်။ ဆိုင်လုပ်ငန်းကလည်း ယခင်ကလို အဆင်မပြေတော့ အလုပ်သမားပင်မထားနိုင်တော့သည်အထိ ဖြစ်ခဲ့ရတော့သည်။ သက်ထား ကျောင်းပြီးခါနီးလေ ပို၍ကျပ်တည်းလေ ဖြစ်ခဲ့ရသည်။ တဖြည်းဖြည်း လုံးပါးပါးလာပြီး ထုခွဲရောင်းချစရာကလည်း ဘာမှမရှိတော့။ ဆိုင်ကလည်း ဟန်ပြသာရှိတော့သည်။ ထိုအချိန်မှစ၍ မခင်ထား နာမည်ပျက်စပြုလာတော့၏။

ပွဲရုံများမှ ယူထားသော ကုန်ကြွေးများ မပေးနိုင်သဖြင့် မကြာခဏပြဿနာတက်၏။ ခင်ပွန်းသည်၏ မိတ်ဆွေများထံမှ ချေးငှားထားသမျှ ဘာတစ်ခုမျှပြန်မဆပ်နိုင်တော့။ ကြီးမြင့်လှသော အတိုးနှုန်းကြောင့် အကြွေးများလည်း လည်ပင်းထိနစ်လာတော့၏။

မတတ်သာသည့်အဆုံး ဘေးဆိုင်များမှ အကြံပေးချက်အရ အရင်းမလိုသော ချဲထီရောင်း၏။ အစတွင် ဟုတ်သယောင်ရှိသော်လည်း အဖမ်းအဆီးများလှသဖြင့် ဆက်မလုပ်တော့ဘဲ ကုန်စိမ်းကောက်၍ ရောင်းပြန်၏။ သို့သော်လည်း သမီးဖြစ်သူ သက်ထား၏ ကျောင်းစရိတ်နှင့် အထွေထွေစရိတ်ထဲပါသွားသဖြင့် မကြာမီ အရင်းပြုတ်ပြန်၏။ အကြွေးရှင်တစ်ဦး၏ တရားစွဲဆိုခြင်းခံရကာ မတတ်သာသည့်အဆုံး အိမ်နှင့်ခြံကိုပေါင်ကာ အကြွေးများအားလုံး ဆပ်ပစ်လိုက်တော့သည်။

တစ်ချိန်က မိမိကိုယ်တိုင်ကျွေးမွေး ပေးကမ်းထားသူက ယခုမိမိ၏ အကြွေးရှင်ဖြစ်နေလေပြီ။ လူတကာ၏ ပြောဆိုမာန်မဲခြင်းကို ခံနေရလေပြီ။ လူတကာ၏ တံတွေးခွက်တွင် ပက်ပက်စက်စက် မျောနေတော့၏။ အရာရှိကတော်တစ်ယောက်၏ ကျဆုံးခန်းက မလှပေ။

နောက်ဆုံး အိမ်နှင့်ခြံအပေါင်ခံထားသော ကိုလှဦးနှင့် လက်ထပ်လိုက်တော့သည်။ အကြွေးမဆပ်နိုင်သဖြင့် လူကိုထိုးအပ်ခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်မှအစ အားလုံးက သိကြသည်။ သူဌေးလူပျိုကြီး ကိုလှဦးနှင့် လက်ထပ်လိုက်ပြီးခါမှ ပအ်ဝန်းကျင်က အရေးတယူဆက်ဆံလာကြပြန်၏။ မခင်ထား လောကကို လှောင်ပြုံး ပြုံးမိရပြန်ပါသည်။

ကိုလှဦးနှင့် လက်ထပ်လိုက်ခြင်းကို ကျောင်းတက်နေသောသမီးဖြစ်သူ သက်ထားသိသွားချိန်၌ အကြီးအကျယ်ပေါက်ကွဲလေတော့သည်။ ကျောင်းပိတ်ရက်များတွင် သူငယ်ချင်းတစ်ယောက်၏ အကူအညီဖြင့် ရန်ကုန်၌သာနေတော့၏။ အိမ်သို့ လုံးဝမပြန်တော့။

နောက်ဆုံးနှစ် ကျောင်းပြီး၍ အိမ်ပြန်ရောက်သည်နှင့် နှစ်ပေါင်းများစွာက မဆက်သွယ်ခဲ့သော ဖခင်ဖြစ်သူ၏အမျိုးများအား ရှာဖွေစုံစမ်းကာ ယခုတော့ဖြင့် သက်ထားအဒေါ်ဖြစ်သူတို့နှင့် လိုက်ပါသွားလေပြီ။ မခင်ထား အဖော်မဲ့သင်းကွဲငှက်တစ်ကောင် ဖြစ်ခဲ့ရတော့သည်။

❑

မသက်ထား အဒေါ်ဖြစ်သူတို့နှင့်အတူ မန္တလေးတွင် နေထိုင်ရင်း အစိုးရဌာန တစ်ခုတွင် အလုပ်ဝင်ခွင့်ရရှိခဲ့သည်။

အလုပ်ထဲတွင် တာဝန်များကို ပျော်ရွှင်စွာထမ်းဆောင်နေရင်း ရံဖန်ရံခါ သတိရနေမိ၏။

"စာကြိုးစားနော် သမီး၊ ငါ့သမီး အင်ဂျင်နီယာကြီးဖြစ်မှ အမေလဲ ဘာမှမလုပ်ဘဲ ထိုင်စားတော့မယ်"

မိခင်ဖြစ်သူ၏ စကားသံများကို ကြားယောင်မိလေတိုင်း စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့ရ၏။ လွမ်းစိတ်ကို နာကြည်းစိတ်တို့ဖြင့် ကြိတ်မှိတ်ဖြေဖျောက်ခဲ့ရသည်။ ဖခင်ဖြစ်သူ၏မျက်နှာ၊ သမီးဖြစ်သူ၏မျက်နှာကိုပင် မထောက်ဘဲ လုပ်ချင်ရာလုပ်သွားသော မိခင်ဖြစ်သူအား တွေးမိတိုင်း နာကြည်းခဲ့ရ၏။

သက်ထား အလုပ်ဝင်နေချိန်တွင် မိခင်ဖြစ်သူ ရောက်လာခဲ့သေး၏။ သက်ထား၏အဒေါ်ဖြစ်သူတို့က ခြံထဲသို့ပင်အဝင်မခံဘဲ ခါးခါးသီးသီး မောင်းထုတ်ပစ်လိုက်ကြ၏။ ထို့ထက် ပို၍ဆိုးသည်မှာ သမီးဖြစ်သူ သက်ထားပြောလိုက်သောစကားကြောင့် မတ်တတ်က လဲကျသွားသည်အထိ မချိအောင် ခံစားလိုက်ရတော့၏။

"အဖေက အသက်ကို စွန့်ပြီး သမီးကိုကယ်တယ်၊ အမေက သမီးကို စွန့်ပြီး နောက်လင်ယူတယ်၊ ဒါအမေလား. . . သမီးကို ဘယ်တော့မှ လာမတွေ့ပါနဲ့၊ အမေ့ကို သမီးစိတ်နာတယ်၊ အမေ့ကို မုန်းတယ်"

သမီးကိုတွေ့ချင်လွန်း၍ အမောတကောလာခဲ့ရသောမခင်ထား ရင်ဝဆီးအကန်ခံလိုက်ရသလို စိတ်ထိခိုက်သွားရတော့သည်။

သည့်နောက်တွင်မတော့ သမီးဖြစ်သူကို တွေ့ဖို့ မကြိုးစားတော့။ သမီးဖြစ်သူကို လွမ်းဆွတ်သည့်ဝေဒနာအား တမြည့်မြည့်ခံစားနေရရှာတော့၏။ သို့နှင့် သားအမိနှစ်ယောက် တဖြည်းဖြည်း ဝေးသွားကြပြီး ရာသီ အလီလီ ပြောင်းလဲခဲ့လေပြီ။

မသက်ထား အလုပ်ဝင်ပြီး လေးနှစ်ခန့်အကြာ အလုပ်ထဲမှ အင်ဂျင်နီယာ တစ်ယောက်နှင့် လက်ထပ်လိုက်၏။ လက်မထပ်မီ တစ်ပတ်ခန့် ကြိုတင်၍ မိခင်ဖြစ်သူ မခင်ထားအား အကြောင်းကြားထား၏။ သို့သော် မင်္ဂလာဆောင်ပြီးသွားသည်အထိ မိခင်ဖြစ်သူ ရောက်မလာခဲ့တော့ သက်ထား နာကြည်းရပြန်လေပြီ။

ဒုတိယအကြိမ် ထပ်၍နာကြည်းခြင်း ဖြစ်၏။

"သက်ထား . . . မျက်နှာလဲ မကောင်းဘူး၊ ဘာဖြစ်လို့လဲ၊ မနက်က မင်္ဂလာဆောင်မှာ ပင်ပန်းသွားလို့နဲ့တူတယ်၊ ဒါမှမဟုတ် အမေ မလာလို့ စိတ်မကောင်းဖြစ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်တယ် အစ်ကို၊ အဲဒါလဲ ပါတယ်၊ ဒါပေမဲ့ ဒီနေ့ သက်ထားရင်ထဲမှာမကောင်းဘူး၊ တကယ်ဆိုရင် ကိုယ်ချစ်တဲ့သူနဲ့လက်ထပ်တဲ့ပွဲမှာ သက်ထားပျော်နေရမှာ၊ ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး၊ သက်ထား ပျော်လို့မရဘူး၊ ရင်ထဲမှာ လှိုက်လှိုက်ပြီးငိုချင်နေတယ်၊ ပြီးတော့ မျက်စိထဲမှာလဲ အမေ့ကိုပဲမြင်နေတယ်၊ ဒီနေ့မှ ထူးထူးခြားခြား ပိုပြီး အမေ့ကို သတိရနေတာ”

“ဘာကြောင့်မှ မဟုတ်ပါဘူး သက်ထားရယ်၊ ဒီလိုပါပဲ. . .အမျိုးသမီးတွေအိမ်ထောင်ပြုတဲ့အခါ လွတ်လပ်တဲ့ အပျိုဘဝကို နှမြောတာလား၊ မိသားစုနဲ့ခွဲရမှာကို စိတ်မကောင်းတာလား မပြောတတ်ဘူး၊ ဒီလိုပဲ ဖြစ်တတ်တာပဲ သက်ထားရဲ့”

“အင်း. . ဟုတ်မယ်နဲ့တူတယ်၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး”

“ဒါဆိုရင်လဲ သက်ထားရယ်. . အမေ့ကို သွားကန်တော့ရအောင်လေ”

“ဟာ. . . အဲဒါတော့မဖြစ်ဘူး၊ အမေ့ဆီကိုတော့ မသွားချင်ဘူး၊ ပြီးတော့ ဟိုပထွေးနဲ့လဲ မတွေ့ချင်ဘူးလေ၊ အဲဒီလူနဲ့ အမေ အိမ်ထောင်ပြုပြီးကတည်းက အမေနဲ့ ရှင်ခန်းဖြတ်ခဲ့တာ အခုထိ”

“ဒါတွေ အစ်ကို သိပြီးသားပါ၊ အသေးစိတ်တော့ မသိဘူးပေါ့၊ သက်ထား. . . အမေ့အကြောင်း ပြောပြပါလား”

“အမေ့အကြောင်းမပြောချင်ဘူး အစ်ကိုရယ်၊ ပြောရင် အစ်ကို စိတ်ညစ်သွားမှာ၊ အမေ့မကောင်းကြောင်းက စပြောရမှာလေ”

“ပြော သက်ထား. . . အစ်ကို စိတ်မညစ်တတ်ဘူး၊ ပြီးတော့ ကိုယ့်ယောက္ခမအကြောင်း သေသေချာချာ သိချင်တယ်၊ မကောင်းတာပဲဖြစ်ဖြစ် ကောင်းတာပဲဖြစ်ဖြစ် ဘာမှထိန်ချန်မထားနဲ့၊ အကုန်သာပြော အစ်ကိုစိတ်ဝင်စားတယ်”

“အင်း, ပြောရရင်တော့ အစ်ကိုရယ်. . . အဖေက မန္တလေးသား၊ မျိုးရိုးစဉ်ဆက်ချမ်းသာတယ်၊ အဖေက ရုံးဝန်ထမ်းအရ ရှိဆိုပါတော့၊ အဖေ့ မိဘတွေက ချမ်းသာတဲ့အမျိုး သမီးတစ်ယောက်နဲ့ လက်ထပ်ပေးဖို့စီစဉ်ထားကြတာလေ၊ အဲဒါကို အဖေက ခေါင်းညိတ်ပြီးမှ ဆင်းရဲနွမ်းပါးတဲ့ အမေ့ကို ခိုးပြေးသွားတာ၊ ဟိုဘက်က အမျိုးသမီးလဲ အရှက်ရသွားတာပေါ့၊ အဲဒီကတည်းက အဖေ့ဘက်ကဆွေမျိုးတွေအားလုံးကအဖေ့ကိုအမွေဖြတ်ကြေညာပြီး သေခန်းဖြတ်လိုက်ကြတာ. . .

နောက်တော့ အဖေတာဝန်ကျတဲ့ ထန်းတစ်ပင်မြို့လေးမှာ အခြေချလိုက်ကြတာ သက်ထားကိုမွေးပြီး ဆယ်နှစ်လောက်မှာ အဖေရေနစ်ပြီးဆုံးတယ်၊ ဒီအကြောင်းတွေကို အစ်ကိုသိပြီးသားမို့ ထားလိုက်တော့၊ အဖေဆုံးသွားပြီးတဲ့ နောက်ပိုင်း ရှိတဲ့လက်ဝတ်လက်စားလေးတွေ ထုခွဲရောင်းချပြီး ဈေးထဲမှာ ကုန်ခြောက်ဆိုင်ဖွင့်လိုက်တယ်၊ ရောင်းအား ကောင်းလို့ အလုပ်သမားတွေတောင် ငှားထားရတယ်၊ အဲဒီကုန်ခြောက်ဆိုင်က ရတဲ့ဝင်ငွေနဲ့ သက်ထားကျောင်းပြီးအောင် တက်ခဲ့ရတာဆိုပါတော့၊ နောက်တော့ တဖြည်းဖြည်း အမေ့ဆိုင်နားမှာ ကုန်ခြောက်ဆိုင်တွေမှိုလိုပေါက်လာတော့ အရင်ကလိုရောင်းမကောင်းတော့ဘူး၊ ရောင်းအားကျသွားတယ်၊ နောက်ဆုံး အလုပ်သမားတောင် မထားနိုင်တော့ဘူး၊ သက်ထား နောက်ဆုံးနှစ် တက်နေတဲ့အချိန်မှာ ဆိုင်က ဟန်ပြပဲရှိတော့တယ်၊ အဲဒီနောက်ပိုင်း သက်ထား အိမ်တောင်မပြန်ချင်တော့ဘူး”

“ဘာဖြစ်လို့လဲ သက်ထားရဲ့”

“အမေ့ကြောင့်ပေါ့ အစ်ကိုရယ်၊ သူများဆီက ချေးထားတဲ့ပိုက်ဆံတွေ ပြန်မဆပ်နိုင်တော့ ဟိုက အကြွေးလာတောင်း၊ ဒီက အကြွေးလာတောင်း၊ ပြီးတော့ ရန်တွေဖြစ်ကြ ဆဲကြဆိုကြနဲ့ ဟာ. . . သက်ထား သိပ်ရှက်တာပဲ၊ အရင်က စကားတောင် ကျယ်ကျယ် မပြောတတ်တဲ့အမေဟာ ဈေးသည်ပီသသွားတာလားတော့ မပြောတတ်ဘူး၊ ဈေးထဲမှာ ခုနစ်သံချီဟစ်ပြီး ရန်ဖြစ်ရမလား ကလော်တုတ်ရမလား၊ အမေက ရှေ့ဆုံးက”

“ယောက္ခမကြီးက တယ်သတ္တိကောင်းပါလား”

“အဲဒီထက်ဆိုးတာက တောင်ငူကအဖေ့သူငယ်ချင်းလူကြီးတစ်ယောက်ဆီမှာ သွားပြီးပိုက်ဆံချေးတယ်၊ ပထမတစ်ခါတော့ ပေးလိုက်ပါတယ်၊ နောက်တစ်ခါကျတော့ ဟိုက မချေးလိုက်ဘူး၊ အဲဒါနဲ့ နားကနားကပ်ချွတ်ပြီး ပေါင်ခဲ့ရော၊ သိပ်မကြာပါဘူး၊ အဲဒီလူကြီး လိုက်လာပြီး ပြဿနာရှာတော့တာပဲ”

“ဘာဖြစ်လို့လဲ သက်ထားရဲ့. . ကိုယ့်ပစ္စည်းကိုယ်ပေါင်တာပဲ”

“ဘာဖြစ်ရမှာလဲ အစ်ကိုရဲ့. . . ပေါင်ထားတဲ့နားကပ်ကြီးက ရွှေရည်စိမ်အတုကြီးလေ၊ ဖေဖေ ဆုံးပြီးတဲ့နောက်ပိုင်း ရှိတာလေး ချရောင်း ချရောင်းနဲ့ ဘာမှမရှိတော့ဘူး၊ အဲဒါနဲ့ ဘယ်ကရထားမှန်း မသိတဲ့ နားကပ်အတုကြီးကို ပေါင်ထားခဲ့တာ၊ ဖြစ်ခါစကတော့ ရုံးတိုင်မယ်၊ ဂတ်တိုင်မယ်နဲ့ ဖြစ်ကုန်တာပေါ့၊ နောက်တော့ အဲဒီလူကြီးလဲ အမေ့ကို သနားသွားတာလား၊ စိတ်ကုန်သွားတာလားတော့ မပြောတတ်ဘူး၊ ပေါ်ကို မလာတော့တာ၊ အမှုလဲမဖြစ်လိုက်ဘူး၊ သက်ထား အမေ့ကို စိတ်ကုန်တယ်ဆိုတာ အဲဒါတွေပဲ၊ ဒီလိုမဟုတ်မဟတ်တွေလုပ်တာကို မကြိုက်တာ၊ သက်ထား ဘယ်လောက်ပြောပြော နားမဝင်ဘူး၊ သိပ်အရှက်တရား နည်းတာပဲ”

“ဆက်ပြော သက်ထား. . . ဇာတ်လမ်းက ကောင်းလာပြီ”

“သက်ထား . . . အရှက်ရဆုံး ပြဿနာကတော့ ရပ်ကွက်လူကြီးတွေရော ရဲတွေရော သက်ထားတို့အိမ်ဝင်လာပြီး ရှာကြ ဖွေကြ လုပ်ကြတာပေါ့၊





www.burmeseclassic.com

www.burmeseclassic.com

ဖဲဝိုင်းထောင်နေတယ်ကြားလို့ လာဖမ်းကြတာလေ၊ ကံကောင်းချင်တော့ သက်ထား ပြန်ရောက်နေတဲ့အချိန်ဆိုတော့ ဘာမှ တွေ့မသွားကြဘူး"

"တကယ် ဖဲဝိုင်းထောင်တာ ဟုတ်လို့လား"

"ဟုတ်လို့နေမှာပေါ့ အစ်ကိုရယ်၊ အရင်တုန်းက အမေဟာ ဖဲချပ်တောင် သေသေချာချာ မြင်ဖူးတာ မဟုတ်ဘူး၊ သက်ထားပြန်ရောက်တော့မှ ပတ်ဝန်းကျင်က ပြန်ပြောပြလို့ သိရတာလေ၊ ဖဲဝိုင်းက နေ့ရော ညရော လုပ်တာတဲ့၊ ဖဲသမားတွေ ချက်စားဖို့ သောက်ဖို့ ချက်ပြုတ် ကျွေးမွေးပေးရတာနဲ့တင် တော်တော်မြတ်တာလို့ ပြောတယ်၊ အကောက်အစားက တစ်နေ့တစ်နေ့ သောင်းနဲ့ချီပြီးရတာလို့ ပတ်ဝန်းကျင်က ပြောတာပဲ၊

အဲဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေ အမေတအားလုပ်တာ၊ အရှက်တရားတို့ သိက္ခာတရားတို့ဆိုတာ ဘယ်နားနေမှန်းတောင် မသိဘူး၊ နောက်တစ်ခါ ဈေးထဲမှာ ချဲထီရောင်းတယ်ကြားလို့ ရဲက ဝင်ဖမ်းသေးတယ်၊ ဘာမှမတွေ့သွားကြဘူး၊ နာမည်ကြီးနေတာနဲ့ ဝင်ဖမ်းတာ၊ နောက်သတိပေးတဲ့အနေနဲ့ ရဲစခန်းမှာ အချုပ်တစ်လကျလိုက်သေးတယ်၊ဒါတွေ သက်ထားမသိပါဘူး၊ နောက်မှ ပတ်ဝန်းကျင်က ပြန်ပြောလို့ သိရတာ၊ သက်ထားလေ အိမ်ပြန်ရောက်ရင် အမေ့ လုပ်ပုံတွေ မဟုတ်လို့ ခေါင်းကိုမဖော်ရဲဘူး၊ တအား သိက္ခာကျတာပဲ၊

ဒါပေမဲ့ အမေ ဘယ်လောက်ဆိုးဆိုး ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ သက်ထား ခွင့်လွှတ်နိုင်သေးတယ်၊ သက်ထား ခွင့်လွှတ်နိုင်တာတစ်ခုက အဖေထားခဲ့တဲ့ အိမ်နဲ့ခြံကိုပေါင်ပြီး အကြွေးတွေဆပ်ပစ်လိုက်တယ်၊ ဒါလဲ သက်ထား ဘာမှ ပြောဘူး၊ နောက်တော့ အိမ်နဲ့ခြံကို ပေါင်ခံထားတဲ့ ကိုလှဦးဆိုတဲ့လူနဲ့ ညလိုက်ကြရော၊ သက်ထားနောက်ဆုံး စ်တက်နေတဲ့အချိန်ပေါ့၊

သက်ထား အရမ်းစိတ်ဆင်းရဲခဲ့ရတယ်၊ သမီးမျက်နှာကိုတောင်မထောက်တဲ့ အမေ့ကို လုပ်ရက်လေခြင်းဆိုပြီး အရမ်းနာကြည်းခဲ့ရတယ်၊ ကျောင်းပိတ်တာတောင် သက်ထားအိမ်ကိုမပြန်တော့ဘူး၊ ပထွေးနဲ့လဲ မတွေ့ချင်ဘူးလေ၊ အမေကတော့ လတိုင်းငွေလာပို့တော့ စကားများရတာပေါ့ အစ်ကိုရယ်၊

အမေကတော့ ဘာမှမဖြစ်သလိုပဲ၊ ကျောင်းပြီးတာနဲ့ မန္တလေးက အဖေ့ဘက်က အမျိုးတွေနဲ့ အဆက်အသွယ်ပြုပြီး မန္တလေးမှာပဲသွားနေလိုက်တော့တာ ခုထိဆိုပါတော့"

"ဒီကြားထဲ သက်ထားကို အမေ လာတွေ့သေးလား"

"အင်း. . . သက်ထား အလုပ်ဝင်ပြီး မကြာဘူး၊ အမေရောက်လာသေးတယ်၊ သက်ထားရဲ့အဒေါ်တွေက ခြံထဲတောင် အဝင်မခံဘူး၊ ပထွေးလဲပါလာတော့ သက်ထားလဲ နောင်ကို လာမတွေ့ဖို့ ပြောလွှတ်လိုက်တယ်၊ ပထွေးကို မြင်လိုက်ကတည်းက သက်ထား ပေါက်ကွဲနေတာလေ၊

အမေပြန်သွားပြီးနောက်တော့ လာလဲမလာတော့ပါဘူး၊ သက်ထားလဲ မသွားဘူး၊ ဒါပေမဲ့ မင်္ဂလာဆောင်ကိုတော့ လာခဲ့ဖို့ဖိတ်ထားတာပဲ၊ ဘာလို့ မလာတာလဲတော့ မသိဘူး၊ သမီးတစ်ယောက်ရဲ့ မင်္ဂလာဆောင်ကိုတော့ လာခဲ့ဖို့ ကောင်းပါတယ်"

"သက်ထားက နောင်ကို လာမတွေ့ဖို့ မောင်းထုတ်လိုက်တာဆိုတော့ ဘယ်လာချင်တော့မှာလဲ၊ ဒါနဲ့ သက်ထားတို့အမေကို အဲဒီလိုမောင်းထုတ်လိုက်ကြတာဟာ တရားရဲ့လား"

"ရှင်"

"ဩော်. . . သက်ထားကို တွေ့ချင်လို့လာတဲ့အမေ့ကို လာမတွေ့ပါနဲ့လို့ မောင်းထုတ်လိုက်တာဟာ တရားရဲ့လားလို့ မတရားရာကျနေမလားလို့"

"အဲဒါကတော့ အစ်ကိုရယ် မိဘဆိုတာ မိဘဂုဏ်နဲ့ညီအောင်နေမှ မိဘလို့သတ်မှတ်လို့ရတာပေါ့ မိဘတိုင်း မိဘမဟုတ်ပါဘူး အစ်ကိုရယ်၊ အမေ့လို သားသမီးက ပြန်ပြီးဆုံးမနေရတဲ့မိဘမျိုးကျတော့ ဘယ်လိုလုပ် မိဘလို့ သတ်မှတ်လို့ ရတော့မှာလဲ"

"ဘုရား ဘုရား သက်ထားရယ် မင်းအတွေးအခေါ်တွေက ကြောက်စရာကောင်းလှချေလား၊ သက်ထားက အဒေါ်အပျိုကြီးတွေရဲ့ လေသံအတိုင်း ပါပဲလား"

"သက်ထားပြောတာ မှားနေလို့လား အစ်ကို၊ မှားနေရင်လဲ အစ်ကိုဆုံးမနိုင်ပါတယ်"

"မှားတာပေါ့ သက်ထားရယ်၊ သိပ်ကို မှားတာပေါ့၊ ဒါဆို သက်ထားကို အစ်ကို တစ်ခုမေးမယ်"

"မေးပါ အစ်ကို"

"ဟောဒီကမ္ဘာကြီးပေါ်မှာ နေထိုင်ကြတဲ့ ပိုးကောင်မွှားကောင်လူတွေ့, တိရစ္ဆာန်တွေနဲ့ ငရဲမှာကျခံနေရတဲ့ ငရဲသားတွေဟာ လူ့အဖြစ်ကိုရဖို့ လွယ်ပါဦးမလား"

"ဒါတော့ ဘယ်လွယ်ပါ့မလဲ အစ်ကို၊ မြေကြီးပေါ်ထောင်ထားတဲ့အပ်တစ်စင်းနဲ့ ကောင်းကင်ကကျလာတဲ့ အပ်တစ်စင်း ထိပ်ဖျားချင်းထိချင်ထိမယ်၊ လူ့အဖြစ်ကိုရဖို့ အဲဒီထက်ပိုပြီး ခဲယဉ်းတယ်လို့ ဘုရားဟောရှိတယ် မဟုတ်လား"

"ဟုတ်တယ် သက်ထား. . . လူ့အဖြစ်ကိုရဖို့ အဲသလောက်ကို ခဲယဉ်းတယ်၊ သက်ထားကို သက်ထားရဲ့မိဘတွေက လူဖြစ်အောင်မွေးထုတ်ပေးတာနဲ့တင် မိဘတွေရဲ့ကျေးဇူးဟာ ကြီးလှပြီ သက်ထား၊ အမေမွေးထုတ်ခဲ့လို့ သက်ထား အခုလို လူတစ်လုံးသူတစ်လုံး ဖြစ်လာတာ မဟုတ်ဘူးလား"

"ရှင်"

"အဲဒီကျေးဇူး တစ်ခုတည်းကိုပဲ ကျေအောင်ဆပ်ဖို့မလွယ်ဘူး သက်ထား ရေ၊ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကျွေးမွေးသုတ်သင်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com

တွေ, ပညာသင်ပေးခဲ့တာတွေပါ ထည့်ပေါင်းလိုက်ရင် မိဘကျေးဇူးဟာ ဘယ်လိုမှ ဆပ်လို့မကုန်အောင် ကြီးမားသွားကြတော့တာပဲ၊

မိဘတွေဟာ အရက်သမားပဲဖြစ်ဖြစ်, ဖဲသမားပဲဖြစ်ဖြစ်, သူခိုးဓားပြကြီးပဲဖြစ်နေဖြစ်နေ သူတို့ရဲ့သားသမီးတွေအတွက်တော့ မဟာကျေးဇူးရှင်တွေပဲ သက်ထား၊ မကောင်းတာလုပ်တဲ့မိဘဟာ သူ့အကုသိုလ်နဲ့သူ သွားလိမ့်မယ်၊ သားသမီးကဝင်ပြီး ကျေးဇူးကန်းစကားကို မပြောရဘူး၊ မလုပ်ရဘူး၊ ဘယ်လိုအကြောင်းပြချက်နဲ့မှ မိဘကိုမစော်ကားရဘူး၊ မိဘကို စိတ်ဆင်းရဲအောင်လုပ်တဲ့သူဟာလဲ ဒီဘဝမှာတင် ဒုက္ခရောက်တတ်တယ်၊ သိပ်ကြောက်စရာကောင်းတယ် သက်ထား၊ သက်ထား . . . အစ်ကိုပြောတာ လက်ခံရဲ့လား"

"လက်ခံပါတယ် အစ်ကို၊ သက်ထား ကျေးဇူးလဲတင်ပါတယ်"

ခင်ပွန်းသည်၏ စကားများကို နားထောင်ရင်း သက်ထားတစ်ယောက် မျက်ရည်များတောင် လည်နေရှာ၏။

"အခု သက်ထား ပြောသလိုပဲ သက်ထားရဲ့အမေဟာ အကျင့်သိက္ခာမရှိတဲ့ အရှက်နည်းတာ, လောင်းကစားလုပ်တာ, သူတစ်ပါးလိမ်တာ ညာတာ နောက်ဆုံး ဒီအရွယ်ရောက်ခါမှ အိမ်ထောင်ပြုတာ, ဒါတွေကိုလုပ်ခဲ့တယ်ဆိုတာ မှန်တယ်၊ ဒါဆိုရင် အရင်တုန်းက ဣန္ဒြေသိက္ခာရှိတဲ့ မိန်းမတစ်ယောက်ဟာ ဘာကြောင့်ဒီလိုဖြစ်ရသွားတာလဲ၊ ဘာကြောင့် ဒီလိုပြောင်းလဲသွားရတာလဲ ဆိုတာကို သက်ထားတို့ စဉ်းစားဖို့ မေ့နေခဲ့ကြတယ်၊ အစ်ကိုကတော့ သက်ထားတို့အမေကို ကြည်ညိုလေးစားလွန်းလို့ ဒီအနီးအနားမှာသာရှိရင် ချက်ချင်းတောင် ပြေးပြီး ရှိခိုးဦးချ ကန်တော့လိုက်ချင်တယ်"

"ရှင်, အမေ့ကို ကန်တော့ချင်တယ် ဟုတ်လား"

"ဟုတ်တယ် သက်ထား. . . မိဘတွေဟာ သားသမီးတွေနဲ့ပတ်သက်ပြီး ကျဉ်းထဲကျပ်ထဲ ရောက်နေတဲ့အခါမျိုးမှာ သားသမီးတွေရဲ့ဆန္ဒကို မပြည့်ပြည့်အောင် သူတို့လုပ်ပေးနိုင်ကြတယ်"

"အစ်ကို ပြောနေတာတွေ သက်ထား ဘာမှနားမလည်ဘူး အစ်ကို"

"ဒီလိုပါ သက်ထား. . . သက်ထားရဲ့အမေဟာ အိမ်ထောင်ရေး ကံမကောင်းခဲ့ဘူး၊ စီးပွားရေးမှာလဲ ကံမကောင်းခဲ့ဘူး၊ ငွေကြေးကလဲ ချွတ်ခြုံကျနေပြီ၊ လူမှုရေးမှာလဲ လူတကာရဲ့ အနှိမ်ခံဘဝကို ရောက်နေပြီ၊ ဒီလိုအဖက်ဖက်က နိမ့်ကျနေတဲ့အချိန်မှာ သူ့အတွက် ရွေးချယ်ရမယ့်လမ်းက နှစ်ခုဖြစ်လာပြီ"

"ဘာကို ရွေးချယ်ရမှာလဲ . . . အစ်ကို"

"သူရွေးချယ်ရမယ့်လမ်း တစ်ခုက သက်ထားအတွက်၊ နောက်တစ်ခုက သူ့အတွက်"



"ဆက်ပြော အစ်ကို"

"သက်ထားကိုကျောင်းဆက်မထားဘဲအလုပ်တစ်ခုခုလုပ်ခိုင်းပြီး သူ သက်သက်သာသာနေမလား၊ ဒါမှ မဟုတ် သက်ထားကို ပညာတတ်ကြီး ဖြစ်အောင် ကျောင်းဆက်ထားပြီး သူ့ဘဝ အနစ်မွန်းခံမလား၊ ရွေးချယ်စရာဒီနှစ်ခုပဲရှိတော့တယ်၊ ဒါပေမဲ့ အမေဟာ အမေပီသစွာနဲ့ သက်ထားအတွက်ကိုပဲ သူရွေးချယ်လိုက်တယ်၊

ဒါကြောင့် ဣန္ဒြေသိက္ခာနဲ့နေခဲ့တဲ့ အမေဟာ သူ့ဘဝကို မဖြစ်မနေပြောင်းလဲပစ်လိုက်ရတော့တာပေါ့၊ သက်ထား ပညာတတ်ကြီးဖြစ်ဖို့အတွက် သက်ထားရဲ့အမေဟာ သူမကျွမ်းကျင်တဲ့နေရာမှာ သူ မလုပ်ချင်တာတွေကို လုပ်ပြီး သူ့ဘဝကို မထူးဇာတ်ခင်းရတော့တာပဲ၊

အဲဒီအချိန်မှာ အမေ့ရဲ့ မျက်စိထဲမှာ သက်ထားပညာတတ်ကြီးဖြစ်ဖို့ကလွဲပြီး ဘာကိုမှ မမြင်တော့ဘူး၊ သက်ထား ကျောင်းဆက်တက်နိုင်ဖို့အတွက် အမေဟာ ချဲရောင်းချင် ရောင်းမယ်၊ ဖဲဝိုင်းထောင်ချင်ထောင်မယ်၊ သူတစ်ပါးကို လိမ်ချင်လိမ်မယ်၊ ဒါတွေလုပ်လို့ အချုပ်ထဲဝင်ရမှာ သူ မကြောက်တော့ဘူး၊ ပိုက်ဆံပေါတဲ့ ကိုလှဦးကို လက်ထပ်ချင်လက်ထပ်မယ်၊ ပတ်ဝန်းကျင်က မေးငေါ့မှာကိုလဲ သူ ဂရုမစိုက်တော့ဘူး၊

နောက်ဆုံး ကုန်ကုန်ပြောရရင် အမေဟာ မတတ်သာတဲ့အဆုံး မိန်းမပျက်ကြီးဖြစ်ချင်ဖြစ်သွားမယ်၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့အဓိကရည်ရွယ်ချက်က သမီး သက်ထား ပညာတတ်ကြီး ဖြစ်ဖို့ပဲ၊ အမှန်ကတော့ သူကျင်လည်နေရတဲ့ ပတ်ဝန်းကျင်က သူ့ကို ဒီလိုဘဝမျိုး ရောက်အောင် တွန်းပို့လိုက်ကြတာ သက်ထားရဲ့၊ သက်ထားတို့အမေဟာ မဟုတ်တာလုပ်ချင်ရင် သူ ပိုက်ဆံချမ်းသာနေတဲ့ အချိန်တုန်းက လုပ်လို့ရသားပဲ၊ အကျင့်သိက္ခာရှိတဲ့ မိန်းမကောင်းမို့ ဒါတွေကို မလုပ်ခဲ့တာပေါ့၊

ဟော. . . အခု သက်ထားက အင်ဂျင်နီယာကြီး ဖြစ်နေပြီ၊ ဘဝမှာ အခြေကျကျလှလှပပ ဖြစ်ပြီဆိုတော့မှ ဘဝအပျက်ခံပြီး တင်ပေးလိုက်တဲ့အမေ့ကို လာမတွေ့ပါနဲ့လို့ မောင်းထုတ်လိုက်တာဟာ သိပ်ပြီး ရက်စက်ရာကျမနေဘူးလား"





www.burmeseclassic.com

www.burmeseclassic.com

"ရှင်"

ခင်ပွန်းသည်၏ စကားများကို လေးလေးနက်နက်နားထောင်ရင်း သက်ထားထံမှ ငိုရှိုက်သံတို့ပျံ့လွင့်လာနေ၏။

"သက်ထားဘဝ ကောင်းစားဖို့အတွက် သူခံခဲ့ရတဲ့ဒုက္ခတွေ တစ်သက်လုံးက မရောက်ဖူးခဲ့တဲ့ အချုပ်ခန်းတွေ, လူတကာရဲ့ တံတွေးခွက်မှာ ပက်ပက်စက်စက်အပြောခံခဲ့ရတာတွေဟာ စဉ်းစားကြည့်စမ်း သက်ထား။

မိဘတွေဟာ သားသမီးအတွက်ဆိုရင် ဘယ်လိုအလုပ်မျိုးပဲဖြစ်ဖြစ် လုပ်နိုင်ကြတယ်၊ လုပ်ရဲတဲ့ သတ္တိရှိတယ်၊ သက်ထားရဲ့ အဖေဟာ သက်ထားအတွက် အသက်ကိုပေးခဲ့တယ်၊ သက်ထားရဲ့အမေကျတော့ သူ့ဘဝတစ်ခုလုံးကို ပေးခဲ့တယ်၊ သက်ထားရဲ့မိဘတွေဟာ သက်ထားအတွက်တော့ တကယ့်ကို ဂန္ထဝင်မြောက်တဲ့သူရဲကောင်းတွေပဲ သက်ထား"

"သက်ထားမှားပြီ အစ်ကို. . . သက်ထားအရမ်းမိုက်ခဲ့တယ်၊ သက်ထား အမေ့ကို တောင်းပန်ပါရစေ၊ အမေနဲ့ တွေ့ချင်တယ်၊ သက်ထား အမေ့ကို ကန်တော့ချင်တယ်၊ လိုက်ပို့ပေးပါ အစ်ကို"

ဝမ်းပမ်းတနည်း ငိုရှိုက်နေသော ဇနီးသည်အား ကြည့်ရင်း တစ်ချက်ပြုံးလိုက်၏။ ပြီးမှ. . .

"ကဲ. . . တိတ် တိတ် တိတ်တော့. . . အလုပ်ကိစ္စတွေပြီးအောင် စီစဉ်လိုက်ဦးမယ်၊ နောက်အပတ်ထဲမှာ အမေ့ဆီကိုသွားကြတာပေါ့ ဟုတ်လား"

မျက်ရည်များကြားက သက်ထားပြုံးပြခေါင်းညိတ်လိုက်တော့၏။

တစ်ပတ်ခန့်အကြာ သက်ထားတို့လင်မယား ခရီးထွက်ရန်ပြင်ဆင်နေကြ၏။ မိခင်ဖြစ်သူနှင့် တွေ့ရတော့မည်မို့ သက်ထားပျော်ရွှင်နေ၏။

ထိုအခိုက် ဧည့်သည်တစ်ဦးရောက်ရှိလာသဖြင့် . . .

"လာ ဦးလေး. . . အိမ်ထဲကိုကြွပါခင်ဗျ"

ခင်ပွန်းသည်က ဧည့်ခံစကားပြောနေသဖြင့် သက်ထားအခန်းအပြင်ဘက်သို့ ထွက်ကြည့်လိုက်ရာ မိခင်ဖြစ်သူ၏နောက်အိမ်ထောင် ဦးလှဦးဖြစ်နေသဖြင့် သက်ထားအံ့ဩသွားရတော့၏။

"ဟင်, ဦးလေး အမေလွှတ်လိုက်တာလား. . . အမေမပါဘူးလား"

"ဟုတ်တယ် သမီး၊ သမီးအမေလွှတ်လို့ ဦးလာခဲ့ရတာပါ၊ သမီးတို့မင်္ဂလာဆောင်ကိုမလာနိုင်တာကိုတော့ စိတ်မရှိပါနဲ့ သမီးရယ်"

"ရော့. . . ဟောဒါက သမီးတို့အတွက် မင်္ဂလာလက်ဖွဲ့"

စားပွဲပေါ် တင်လိုက်သော မင်္ဂလာ လက်ဖွဲ့ငွေများက သိန်းပေါင်းမြောက်မြားစွာဖြစ်မနေသဖြင့် အံ့ဩနေမိပြန်၏။

"ဟင်, ဦးလေး. . . ငွေတွေက များလှချေလား၊ အမေက ဘာလို့ လိုက်မလာတာလဲ"

"သမီးအမေ မလာနိုင်တော့ပါဘူးကွယ်၊ ပြီးခဲ့တဲ့တစ်ပတ်ကပဲ ဆုံးရှာပြီသမီး"

"ရှင်, အမေဆုံးပြီ ဟုတ်လား ဦးလေး၊ ဒါ. . . ဒါဆိုရင် သမီးကို ဘာလို့ ချက်ချင်း အကြောင်းမကြားကြတာလဲ"

"အဲဒါကလဲ သမီးအမေရဲ့ဆန္ဒအတိုင်းပေါ့သမီးရယ်၊ သမီးအမေဆုံးတဲ့နေ့က သမီးတို့ မင်္ဂလာဆောင်တဲ့နေ့လေ"

"ဟင်, ဖြစ်ရလေ အမေရယ်. . ဒါကြောင့် အဲဒီနေ့က အမေ့ကိုပဲ မြင်ယောင်နေတာကိုး၊ သမီးမင်္ဂလာဆောင်ကို ရောက်အောင် လာသွားတာလား အမေရယ်"

သက်ထား ရှိုက်ကြီးတငင်ငိုကြွေးနေတော့သည်။

"ဒါနဲ့ ဦးလေး. . . ဘာရောဂါနဲ့ဆုံးသွားတာလဲခင်ဗျာ"

"အင်း. . . ပြောရရင်တော့ နှလုံးရောဂါနှိပ်စက်တာဆိုပါတော့ကွယ်၊ သူ့သမီးနဲ့မတွေ့ရကတည်းက နေ့စဉ်နဲ့အမျှ မျက်ရည်နဲ့မျက်ခွက်ပါပဲ၊ တစ်ရက်တလေတောင် သူ့ခမျာပျော်ပျော်ရွှင်ရွှင်နေမသွားရရှာဘူး၊

ကြာတော့ နှလုံးထိခိုက်လာတာပေါ့၊ နောက်တော့ နှလုံးရောဂါဖြစ်ပြီး တရှောင်ရှောင်ဖြစ်နေတာကြာပါပြီကွယ်၊ ခုလဲ သူ့သမီးမင်္ဂလာဆောင်ကိုသွားဖို့ကြိုးစားပါသေးတယ်၊ ရောဂါသည်းလာပြီး ညတွင်းချင်း ဆေးရုံတင်လိုက်ကြတယ်၊ ဦးလဲ အခြေအနေမဟန်တာနဲ့ သမီးဆီကို အကြောင်းကြားမယ်လုပ်တော့ အကြောင်းမကြားပါနဲ့တဲ့၊ မင်္ဂလာဆောင်ခါနီးမှာ သမီးကို စိတ်အနှောင့်အယှက်ဖြစ်မှာစိုးတယ်တဲ့၊

ဒါနဲ့ပဲ အကြောင်းမကြားခဲ့ရတာ၊ မရတော့ပါဘူး၊ ရောဂါကကျွမ်းနေပြီကိုး၊ မနက် ၉ နာရီလောက်မှာပဲ ဆုံးသွားတယ်၊ သူမသေခင် အိမ်နဲ့ခြံကိုရောင်းပြီး သားနဲ့သမီးအတွက် လက်ဖွဲ့ပေးပါဆိုလို့ ဦးလဲအိမ်ရောင်းပြီးပြီးချင်း ထလာခဲ့ရတာ၊ သူ့ဆန္ဒကိုလဲ ဖြည့်ဆည်းပေးချင်တာနဲ့ နည်းနည်းနောက်ကျသွားတယ်၊ ကဲ ကဲ. . . ဦးလဲ ပြန်ဦးမယ်၊ သြော်. . . ဒါနဲ့ မေ့နေလို့. . . ရော့သမီး ဟောဒါက သမီးအမေ ရေးထားတဲ့စာ သူ့သေတ္တာထဲကတွေ့လို့ သမီးအတွက်ယူလာတာ. . . ရော့ ရော့"

ဦးလှဦး တစ်ယောက် စိတ်မကောင်းခြင်းများစွာဖြင့် ပြန်သွားတော့၏။

သက်ထားလက်ထဲ ထည့်ထားသော စာရွက်ခေါက်လေးကို အလျင်စလိုဖွင့်ကြည့်လိုက်၏။ အမေ့လက်ရေးဝိုင်းဝိုင်းသေးသေးလေးလေးလေးများကို တွေ့လိုက်ရ၏။ စာရွက်က ဟောင်းနွမ်းနေပြီး အချိန်တော်တော်ကြာကပင် ရေးထားဟန်ရှိ၏။

သမီးလေး သက်ထား. . .

ဒီစာကို ဖတ်နေရတဲ့အချိန်မှာ အမေဟာ လူ့လောကကြီးထဲမှာ ရှိချင်မှရှိတော့မယ်၊ အမေကို စိတ်နာနေတဲ့





www.burmeseclassic.com

www.burmeseclassic.com

သမီးအတွက် အမေရင်လေးလိုက်တာ၊

အမေဟာ သမီးအတွက် မိန်းမဆိုးကြီး၊ မိန်းမကြမ်းကြီး၊ လော်လည်တဲ့ မိန်းမကြီးလို့ ထင်ချင်ထင်မယ်၊ ဒါပေမဲ့ သမီးအတွက်မို့ အမေကျေနပ်တယ် သမီး၊ အမေ့လို မေတ္တာမျိုး သမီးကို ဘယ်သူမှမပေးနိုင်ဘူး၊ အမေဟာ ဘာကြီးပဲဖြစ်ဖြစ် အမေဟာအမေပဲ၊

" သမီး မိဘကို ပြစ်မှားစော်ကားမိမှာစိုးလို့ သမီးကို စိတ်မချလို့ အမေ ဒီစာကို ရေးခဲ့တာ၊ အမေ မောလှပြီ သမီးရယ်. . .

သမီးကိုချစ်တဲ့

အမေ

မိခင်ဖြစ်သူစာကို ရင်မှာအပ်ရင်း မျက်ရည်များက ထိန်းမရအောင်ကျလာနေ၏။

"သမီး ရင်ကိုျးရပါပြီအမေရယ်"

"အမေ ပျော်နေလိမ့်မယ်လို့ သမီးထင်ခဲ့တာ အမေရဲ့၊ ခုတော့ သမီးကို မတွေ့ရတာနဲ့ပဲ နှလုံးရောဂါဖြစ်ရသတဲ့လား၊ ဒီလောက်မိုက်တဲ့ အမိုက်မကို သေတာတောင် စိတ်မချဘူးတဲ့လား၊ သမီးမင်္ဂလာပွဲကို အမေရောက်အောင် လာသွားတယ်ဆိုတာ သမီးသိတယ် အမေရဲ့ . . . အဖြစ်ဆိုးလှချည်လား အမေရယ်. . ."

ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။ သို့သော် ထိုမျက်ရည်တို့သည် အချည်းနှီးဖြစ်ခဲ့လေပြီ။ မိဘကျေးဇူး ဆပ်ခွင့်ကြုံပါလျက် အခွင့်မသာတော့။

"လောကဥ္စ ရေတို့သည် အစုန်သာလျှင် ရှိကြချေ၏. . .

မိဘတို့၏ မေတ္တာရေလှိုင်းတို့သည်လည်း ကမ္ဘာတည်သရွေ့စုန်နေဦးမည်သာ"

<u>စာကြွင်း</u>

ဘဝမှာ ဆင်းရဲဒုက္ခနှင့် ပတ်သက်လာလျှင် ဘယ်လိုပင်ကြမ်းတမ်းခက်ခဲသော လောကဓံတရားကို ရင်ဆိုင်ရသည်ဖြစ်စေ ပြုံးပြုံးလေးနှင့်ရင်ဆိုင်ရဲသောသတ္တိ အမေ့မှာ ရှိ၏။

သို့သော် အမေသည် ပုထုဇဉ်သာဖြစ်သဖြင့် အပါယ်ငရဲကိုတော့ တုန်နေအောင် ကြောက်ရှာပေလိမ့်မည်။

သားသမီးများနှင့် ပတ်သက်လာလျှင်မူကား အမေသည် အပါယ်ငရဲကိုပင် ကြောက်ရကောင်းမှန်းမသိနိုင်တော့လောက်အောင် သားသမီးများ၏ ဘဝကောင်းစားရေး၊ ဘဝမြင့်မားရေး အတွက် ဘဝမှာဖြစ်သလို ကြုံရာကျပန်း ရုန်းကန်ရှာဖွေ ကျွေးမွေးနေကြရသော မိခင်များ၏ရင်တွင်းမှ မေတ္တာတရားကို ဘယ်လို နှလုံးသားမျိုးနှင့်မှ ဥပေက္ခာမပြုနိုင်သဖြင့် ဂန္ထဝင် သူရဲကောင်းများဟု မေတ္တာမော်ကွန်း ရေးထိုးလိုက်ပါသည်။

❒ ထန်းတပင်စန်းဝွင်း


**အချစ်ရေးအတွက် ငွေကုန်သက်သာ ယတြာနည်းလမ်းကောင်းများစာအုပ်**

ထွက်ပြီ ⟷ ရောင်းပြီ

<u>ဒီစာအုပ်မှာ ဒါတွေပါဝင်တယ်။</u> ❤ ချစ်သူရည်စား အမြန်ဆုံးရရှိဖို့ ❤ မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်းစေဖို့ ❤ အချစ်ရေး ပြန်လည်အဆင်ပြေဖို့ ❤ အဆက်အသွယ် အမြန်ဆုံးပြန်ရဖို့ ❤ အမြန်ဆုံး စေ့စပ်လက်ထပ် ပေါင်းသင်းရဖို့ ❤ ချစ်သူရဲ့ မိဘမောင်နှမများက မိမိအပေါ် အမြန်ဆုံး အမြင်ကြည်လင် သဘောကျလက်ခံလာစေဖို့ ❤ မိမိရည်ရွယ်ထားသူ (စန်းပွင့်သူ)က မိမိကို ချစ်သူအဖြစ် အမြန်ဆုံးရွေးချယ်စေဖို့ ❤ အသစ်ရှာပြီး ရှောင်ခွာခွာလုပ်နေသော မိမိချစ်သူနှင့် ထိုအချစ်သစ်တို့ အမြန်ဆုံးအဆက်အသွယ်ပြတ်ပြီး မိမိအနားကို ပြန်ကပ်လာစေဖို့ ❤ ချစ်သူက မိမိကို ချစ်ခင်ကြင်နာယုယ အလိုလိုက်ပြီး မိမိပြောစကားကိုနားထောင်ဖို့ ❤ စေ့စပ်ကြောင်းလမ်း အမြန်ဆုံးပျက်ပြား ဖျက်သိမ်းရဖို့ ❤ ချစ်သူဘဝ သာယာပျော်ရွှင် ခိုင်မြဲနေစေဖို့ (လူမျိုး/ဘာသာမရွေး ဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်) [စာမူခွင့်ပြုချက်အမှတ် = ၄၀၁၃၉၃၁၂၁၀]

**ဆရာကြီးဦးအောင်မြိုင်** ( ဥပဒေဘွဲ့ ) လက္ခဏာဗေဒင်ပညာသုတေသီ

ရေးသားပြီး "အောင်ဇ" စာအုပ်တိုက်မှ ထုတ်ဝေသည်။

အမှတ်-၇၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ အုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ၀၁-၅၇၆၇၀၄၊ ၀၉-၅၁၆၂၈၄၃၊ ၀၉-၅၁၇၇၇၆၂၂

www.burmeseclassic.com

# တစ်ခေါက်တစ်ခါ ဘိုးဘွားရိပ်သာသို့ ရောက်ရာဝယ်

သာစည်အောင်တင်



ဘိုးဘွားရိပ်သာ ရှိ ဆုတောင်းပြည့်ဘုရားရှေ့တွင် အမှတ်တရ

အံနေနဲ့ တာဝန်ထမ်းဆောင်တဲ့ အချိန်ကာလကနေ ဒီနေ့ပင်စင်စားဘဝအထိပဲ ဖြစ်ပါတယ်။

ဒေါ်ခင်မင်းတို့ရဲ့ မိဘမျိုးရိုးတွေက အစဉ်အဆက် ချမ်းသာခဲ့ကြလေတော့ အလှူရေစက် လက်နဲ့မကွာ ရှိနေကြလေတော့ဖြင့် ကြည်နူးဝမ်းမြောက်မှုဒိတာပွားစရာပဲ ဖြစ်ပါလေတယ်။

"စာရေးဆရာ"

"ဗျာ"

"မနက်ဖြန် ညနေပိုင်းအားမလား"

"အားတယ်လဲ မဟုတ်၊ မအားတယ်လဲ မဟုတ်၊ ဘာလုပ်မလို့တုံးဗျ၊ ဆရာသက်ဦးရ"

"ဘိုးဘွားရိပ်သာသွားပြီး ကျွန်တော်ရဲ့ (၆၃)နှစ်မြောက်မွေးနေ့ ညနေစာ အာဟာရဒါန ပြုမလို့ဗျ စာရေးဆရာကြီးရ"

"အိုး ဒီလိုဆို အားရမှာပေါ့ဗျာ"

"ကိုင်း ဒါဖြင့် မနက်ဖြန် ညနေ ၄ နာရီ ဆိုင်ကယ်နဲ့ သွားကြမယ်ဗျာ"

"စိတ်ချ လိုက်ခဲ့မယ် ဗျို့"



အာဟာရ မသုံးဆောင်မီ မေတ္တာပို့သနေကြသော အဘိုးအဘွားများ

အနောက်ဘက်ခြံချင်းကပ်မှ တပ်မ(၉၉) အငြိမ်းစား တပ်ကြပ်ကြီး ဦးသက်ဦးနဲ့ ဇနီးဖြစ်တဲ့ ဒေါ်ခင်မင်းတို့ဟာ ပင်စင်လစာငွေ ၅၀၀၀၀ ကျပ် ထုတ်တိုင်း ပရဟိတဂေဟာ၊ မျက်မမြင်ကျောင်း၊ ဘိုးဘွားရိပ်သာဆိုတာတွေမှာ တစ်လှည့်စီ အာဟာရဒါနပြုနေကျပါ။ ဒီလိုမျိုး ဒါနပြုတဲ့ အလေ့အလာအားဖြင့်ရင် ဆရာသက်ဦး၊ ဒေါ်ခင်မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးမှ အလှူရှင်သို့ ဂုဏ်ပြုမှတ်တမ်းပေးအပ်နေစဉ်

**ဘုရားရှင် မိန့်မှာတမ်း**

“ငါ့အားကြည်ဖြူ ပြုစုသူသည်
ငါ့တူညီမျှ ဂီလာနတို့
ဖေးမကြင်နာ ပြုစုရာ၏
မြတ်စွာဘုရား မှာကြားခဲ့သည်
အများလူတို့ မှတ်စေသော်။
ဘုရားရှင်ကို ချစ်ကြည်ညိုက
သက်အိုကြီးမား ဘိုးဘွားများကို
မေတ္တာပို့၍ ရှိသေလေးမြတ်
လုပ်ကျွေးအပ်၏။
အင်အားယုတ်ယို သက်ရွယ်အိုကား
ရှိသေသမှု ရေးယူပြုတော့
ခုရောနောင်ပါ ချီးမွမ်းရာနှင့်
နတ်ရွာနိဗ္ဗာန် ရောက်ကြောင်းမှန်”

မိတ္ထီလာမြို့ ဘိုးဘွားရိပ်သာ အဝင်ဝမှာ တွေ့လိုက်ရတာကလေးပါ။

“အင်း . . . မှတ်တာပေါ့”

စိတ်ထဲမယ် ထောက်ခံလို့လာပါတယ်။ အလိုမရသည့် အနတ္တခန္ဓာကိုယ်။ မအိုပါလို့ ငါကဆိုလည်း ငါဆိုမရ အိုကြရသည့် အနတ္တခန္ဓာကိုယ် (အနိစ္စ)

မနာပါလို ငါကဆိုလည်း ငါဆိုမရ နာကြရသည့် အနတ္တခန္ဓာကိုယ် (ဒုက္ခ)

မသေပါလို ငါကဆိုလည်း ငါဆိုမရ သေကြရသည့် အနတ္တခန္ဓာကိုယ် (အနတ္တ)

“အင်း အင်း မှန်ပါတယ်လေ”

“အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာကိုယ်ပါကလား”

ဧည့်ခန်းထဲက အဲဒီ သတိပြုရမယ့် စာတန်းလေးကို တွေ့လိုက်ရပြန်တော့လည်း တစ်ခဏချင်း သံဝေဂ ပွားမိပြန်ပါသေးတယ်။

ဘိုးဘွားရိပ်သာ မိတ္ထီလာ

မိတ္ထီလာခရိုင်၊ သဖန်းပင်ရွာနေ ဦးစံမင်း+ဒေါ်အေးလှနဲ့ ရန်ကုန်မြို့ အမှတ်(၄၉) ယောမင်းကြီးလမ်းနေ ဗိုလ်ကြီးမောင်တင်+ဒေါ်ခင်အေးကြည် မိသားစုတို့ရဲ့ မတည်ငွေနဲ့ ၁၉၇၉ ခုနှစ်၊ ဇူလိုင်လ (၂၄)ရက်နေ့တွင် စတင်အုတ်မြစ်ချခဲ့ပါတယ်။ ၁၉၈၀ပြည့်နှစ်၊ မေလ (၁၀)ရက်နေ့မှာ အဘိုး(၄)ဦး၊ အဘွား (၇)ဦးနဲ့ စတင်ခဲ့တယ်။ ဒီနေ့မှာတော့ အဘိုး(၁၂)ယောက်နဲ့ အဘွား (၂၅) ယောက် ပေါင်း (၃၇)ယောက်ရှိနေပါပြီ။

**ရေမျှောသူတို့ ဆယ်ယူသကဲ့သို့**

အိုမင်းနှိပ်စက် သက်ရွယ်မှည့် ရွှမ်း
နွမ်းနွမ်းညှိုးညှိုး ဘိုးဘိုးဘွားဘွား
အင်အားညံ့ညံ့ မခန့်မဖီ
လှီလှီလှဲလှဲ မျက်နှာမဲ့၍
ဆင်းရဲအတိ ကြမ္မာဖိသား
မချိသသူ နှလုံးပူဆို့
ရွှေးယူမလစ် ဆေးကြောစစ်မှ
ရေနစ်သူအား ကြည့်ရှုစာလျက်
မျှောပါးမြစ်ဝယ် သိမ်းပိုက်ဆယ်သို့။

(လက်ဝဲသုန္ဒရအမတ်ကြီး)

မဲဇာတောင်ခြေ ရတုဖန်ဆင်းရှင် အမတ်ကြီးရဲ့ စာသားကလေးကိုလည်း ဧည့်ခန်းတစ်နေရာမယ် ဖတ်မိလိုက်ရပါသေးတယ်။

ဒါ့အပြင် . . .

“မင်္ဂလာရှိပါစေ”

ကျွန်ုပ်တို့၏ တုန့်နှေးသောခြေလှမ်းများနှင့် တုန်ရီသောလက်များကို စာနာထောက်ထားတတ်သူတို့ မင်္ဂလာရှိပါစေ။

သူက ပြောစကားကို မကြားနိုင်သဖြင့် ခက်ခက်ခဲခဲ အာရုံစိုက်ကာ ကြားနေရသော ကျွန်ုပ်တို့ နားအစုံကို စာနာထောက်ထားသူတို့ မင်္ဂလာရှိပါစေ။



မိတ္ထီလာဘိုးဘွားရိပ်သာ ခြံအဝင် စာရေးသူတို့ အလှူရှင်နှင့် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့၏ မှန်ဝေသော မျက်စိအစုံနှင့် တံ့နွေးသော အသိဉာဏ်တို့ကို စာနာထောက်ထားတတ်သူတို့ မင်္ဂလာရှိပါစေ။

ကော်ဖီခွက်ကိုပင် နိုင်အောင် မကိုင်နိုင်သဖြင့် အောက်သို့ ဖိတ်ကျအောင် ပြုမိသော ကျွန်ုပ်တို့ လက်တို့ကို စာနာထောက်ထားခွင့်လွှတ်ခြင်းများဖြင့် မသိဟန်ဆောင်သူတို့ မင်္ဂလာရှိပါစေ။

ကျွန်ုပ်နှင့် ပြုံးရွှင်စွာ ခေတ္တရပ်နား အားပေးစကား ပြောတတ်သူတို့ မင်္ဂလာရှိပါစေ။

မေ့တတ်သော အကြောင်းကို အထပ်ထပ် ပြောမိသော ကျွန်ုပ်အား အပ်ကြောင်းထပ်သော အဘိုးကြီးဟူ၍ ကဲ့ရဲ့ပြစ်တင်ခြင်း မရှိသူတို့ မင်္ဂလာရှိပါစေ။ အတိတ်၏ ချစ်စရာကောင်းသော အကြောင်းကလေးများကို ဝမ်းမြောက်ဖွယ် ပြန်လည်ထုတ်ဖော်ပြောတတ်သူတို့ မင်္ဂလာရှိပါစေ။

ကျွန်ုပ်အား လောကအလယ်မှာ ချစ်မည့်သူရှိနေသေးကြောင်းနှင့် အထီးကျန်အဖော်မဲ့ ဘဝသို့ မရောက်သေးကြောင်း အားပေးတတ်သူတို့ မင်္ဂလာရှိပါစေ။

ရောဂါဖိစီး နှိပ်စက်မှုကြောင့် လောကစံအခက်အခဲများကို ရင်ဆိုင်နိုင်သည့် အင်အားများ ခန်းခြောက်နေသော ကျွန်ုပ်အား စာနာထောက်ထားသူတို့ မင်္ဂလာရှိပါစေ။

ဘဝလမ်းဆုံး နိဂုံးချုပ်သည်အထိ ကျွန်ုပ်၏ ခရီးကြမ်းကို သာယာဖြောင့်ဖြူးအောင်ချစ်စဖွယ် နည်းလမ်းကလေးများဖြင့် ပြုပြင်ဆင်ယင်ပေးသူတို့ မင်္ဂလာရှိပါစေ။

အဲဒီစာတမ်းကလေးကို ဖတ်လိုက်တယ်ဆိုရင်ပဲ. . .

"ဩော်. . . ဒါတွေဟာဖြင့်ရင် အဘိုး အဘွားတို့ရဲ့ နှလုံးသားထဲက ပွဲတင်သံတွေပဲ"

ဒီလိုမျိုးတွေးလိုက်မိပါတယ်။

ထိုနေ့။

အဲဒီနေ့ညနေ ဥက္ကဋ္ဌဦးအုန်းကျော်ကတော့ အိမ်ပြန်သွားပြီ ဖြစ်လို့ အတွင်းရေးမှူး ဦးမြင့်မောင်က စောင့်လို့နေတာပါ။ အတွင်းရေးမှူးကပဲ အလှူရှင် ဦးသက်ဦး+ဒေါ်ခင်မင်းတို့နဲ့ စာရေးသူတို့ကို ဘိုးဘွားရိပ်သာရဲ့ အကြောင်းအရာ ပြောပြလို့ လိုက်လံပြသပါတယ်။ ရှင်းလင်းပြောပြတာတွေကတော့ အများအပြားပါပဲ။

"အင်း ငါလဲပဲ အဘိုးအရွယ်ကို ရောက်နေပါပြီလား၊ မြေးကလေး သီဟဟိန်းသန့်ရယ်၊ မြေးမကလေး မိုးပြည့်စုအောင်ရယ်က ဘိုးဘိုး တဲ့"

ဒီလိုမျိုးပဲ ခေါ်ကြတော့တာပါပဲ။

❒ သာစည်အောင်တင်


# အိမ်ထောင်ရေးအတွက် ငွေကုန်သက်သာ ယတြာနည်းလမ်းကောင်းများစာအုပ်

ထွက်ပြီ ⟷ ရောင်းပြီ

<u>ဒီစာအုပ်မှာ ဒါတွေဖတ်ရမယ်။</u> ❤ ကွဲကွာနေသော အိမ်ထောင်ဖက်နဲ့ အမြန်ဆုံးပြန်ပေါင်းသင်းရဖို့ ❤ အိမ်ထောင်ဖက်က မိမိကို အမြန်ဆုံးလာပြန်ခေါ်လာဖို့ ❤ အိမ်မှထွက်သွားသော အိမ်ထောင်ဖက် မိမိထံ အမြန်ဆုံးပြန်လာစေဖို့ ❤ အိမ်ထောင်ရေး ဖောက်ပြန်ရှုပ်ထွေးနေသူနဲ့ အမြန်ဆုံးမုန်းတီးပြတ်စဲ အဆက်အသွယ် အမြန်ပြတ်စေဖို့ ❤ နောက်ကွယ်မှာ ခြေမများတော့တဲ့ ခြေငြိမ်အိမ်ကပ်စေဖို့ ❤ အပျော်အပါး အသောက်အစား လောင်းကစား အမြန်ဆုံးကင်းပြတ်စေဖို့ ❤ အိမ်ထောင်ဖက်က မိမိအပေါ် ချစ်ခင်ကြင်နာ စွဲလမ်းယုယ အလိုလိုက်အကြိုက်ဆောင်စေဖို့ ❤ မိမိက အိမ်ထောင်ဖက် အပေါ် စကားအပြောအဆို အောင်မြင်ဖို့ ❤ မိမိတို့အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲ စိတ်ချမ်းသာစေဖို့ ❤ ဆက်မပေါင်းချင်တော့သူနဲ့ အမြန်ဆုံးကွာရှင်းရဖို့ ❤ လက်ရှိအိမ်ထောင်နဲ့ မကွဲဘဲ ခိုင်မြဲစွာ ဆက်လက်ပေါင်းသင်းရဖို့ (လူမျိုး/ဘာသာမရွေး ဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်)

[စာမူခွင့်ပြုချက်အမှတ် = ၄၀၁၄၂၁၃၂၁၀]

## ဆရာကြီးဦးအောင်မြင့် ( ဥပဒေသွဲ့ ) လက္ခဏာဗေဒင်ပညာသုတေသီ

ရေးသားပြီး "အောင်ဇ" စာအုပ်တိုက်မှ ထုတ်ဝေသည်။

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၄၂၂




www.burmeseclassic.com

www.burmeseclassic.com


# နဝရတ် သျှတ္တာရဂ္ဂီရ

ဆရာဦးခန့်ကျော်

ယခင်လမှအဆက်

## ကြောင်ကား သိဒ္ဓိ

## အံ့ဖွယ်ထွတ်ခေါင် ကျောက်မျက် ကြောင်



English လို Opal ဟု ခေါ်ဆိုကြသည့် 'ကြောင်ကျောက်' (Cat's Eye)မှာ 'စိန်' Diamond ဟု ခေါ်ဆိုကြသည့် အဖိုးထိုက် ကျောက်မျက်ရတနာ တစ်ပါးနှင့် 'နီလာ' Sapphire ဟု ခေါ်ဆိုသည့် အဖိုးတန် အလှဆင် ကျောက်မျက်ရတနာ တစ်ပါးတို့၏ အကြားအလယ်တွင် မြှောင်ထားသည့်ကျောက်ကို ရောင်ရှင် 'ကြောင်ကျောက်'မျက်အဖြစ် မြန်မာရော ကမ္ဘာကပါ သိထားကြပါသည်။ ကြောင်ကျောက် (Opal) သည် မြန်မာမှာရော ကမ္ဘာမှာပါ နှစ်သက်စွဲလမ်းကြသည့် အံ့သြဖွယ် ထူးခြားဆန်းပြားသော ကျောက်မျက်တစ်မျိုးလည်း ဖြစ်ပါသည်။

လုံးချောပုံသဏ္ဌာန်သွေးထားသည့် ကြောင်ကျောက်ကို 'ကြောင်မျက်လုံးကျောက်' ဟူ၍လည်း ခေါ်ဆိုကြပြီး ကျောက်၏ မျက်နှာပြင်ပေါ်တွင် ယင်းကျောက်၏ အရောင်



ထက် အနည်းငယ်ဖျော့တော့သော ထင်ရှားသည့် ရောင်ပြန်အစင်းကြောင်း တစ်ခု သို့မဟုတ် နှစ်ခု ပါရှိတတ်သော ကျောက်မျက်အားလုံးကို ခြုံငုံစုစည်း၍ ခေါ်ဝေါ်ထားသော အမည်သာလျှင် ဖြစ်ပါသည်။ အမှန်မှာ ၎င်းကျောက်သည် မျက်မှောင်ကြုတ်ထားသော ကြောင်တစ်ကောင်၏ သူငယ်အိမ်နှင့် အတော်အတန်ဆင်တူသည်ဖြစ်၍ ကြောင်မျက်လုံး သို့မဟုတ် ကြောင်ကျောက်ဟု ခေါ်ဆိုကြခြ း ဖြစ်ပ ည်။

ကြောင်ကျောက်သည် ခရိုင်ဆိုဗယ်ရယ် (Chrysoberyl) အုပ်စုဝင် ကျောက်မျက်ဖြစ်ပြီး ဓာတုဖွဲ့စည်းပုံအရ အလူမီနီယမ်အောက်ဆိုဒ်(Aluminium Oxide)၈၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် ဗယ်ရီလီယမ် (Beryllium) ၁၉ ဒသမ ၈ ရာခိုင်နှုန်းတို့ ပါဝင်သည်။ Chrysoberyl သည် သဘာဝတွင်းထွက် ကျောက်မျက်များတွင် တတိယအမာဆုံး သဘာဝတွင်းထွက်ဖြစ်ပြီး 'မိုး'၏ မာဆင့်စကေး(Mohr's Hardness Scale) အရ ၈. ၅ မာဆင့် ရှိပါသည်။

Chrysoberyl ဟူသော ဝေါဟာရမှာ ဂရိဘာသာဒဝါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး 'ရွှေရောင်'ဟုအဓိပ္ပာယ်ရသည်ဖြစ်၍ ယင်းကျောက်၏ အရောင်သည် လှပနှစ်လိုဖွယ်ကောင်းသော ရွှေဝါရောင်ရှိသည့်အပြင် မျက်နှာပြင်ပေါ်မှ ပြန်လင်းတန်းသည် ပိုမို၍ စိတ်လှုပ်ရှားဖွယ်ကောင်းလှပါသည်။ စိတ်ထဲတွင် မချင့်မရဲ ဖြစ်စေပါသည်။ ထို့ကြောင့် ကြောင်ကျောက်မျက်တို့သည် ရှေးယခင်ကာလများကတည်းက လူသိများကျော်ကြားခဲ့ကြောင်း 'ပလီနီ'(အေဒီ ၂၃-၇၉)က စံထားမှတ်တမ်းတင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

Alexandrite(အလက်ဇန်းဒရိုက်)ဟု ခေါ်တွင်သော Chrysoberyl အုပ်စုဝင် 'သုံးပန်လှကြောင်ကျောက်' တစ်မျိုး လည်း ရှိပါသည်။

၎င်းကို ရုရှားနိုင်ငံ ယူရဲလ်တောင်တန်းများတွင် ဦးစွာ တွေ့ရှိရသည့်အချိန်က ရုရှားနိုင်ငံ၏ ဒုတိယမြောက် အလက်ဇန္ဒားဘုရင် အုပ်စိုးနေစဉ် ဘုရင်ကြီး၏ မွေးနေ့၌ တိုက်တိုက်ဆိုင်ဆိုင် ရှာဖွေတွေ့ရှိခဲ့သောကြောင့် ဘုရင်ကြီး၏မွေးနေ့ကို ဂုဏ်ပြုလိုသောအားဖြင့် Alexandrite ကျောက်မျက်ဟု အမည်ပေးခဲ့ကြခြင်း ဖြစ်သည်။ ရှားပါး၍ အဖိုးထိုက်တန်သော ခရိုင်ဆိုဗယ်ရယ် မျိုးကွဲတစ်မျိုး ဖြစ်သည်။ ယင်းကျောက်မျက်သည် နေ့နှင့်ညတို့တွင် အရောင်တစ်မျိုးစီ ပြောင်းလဲတတ်၍ နေ့ခင်း နေရောင်အောက်တွင် အစိမ်းရောင်ထွက်၍ ညမီးရောင်အောက်တွင် အနီရောင်ထွက်တတ်သည်။ ထို့ကြောင့် ယင်းကျောက်ကို သုံးပန်လှကျောက်ဟု ခေါ်တွင်ခြင်းဖြစ်ပြီး English လို Alexandrite ဟု ခေါ်တွင်ခြင်း ဖြစ်သည်။

သံသကရိုက်ဘာသာ (ခေါ်) သက္ကတဘာသာအရ 'ကြောင်ကျောက်' မျက်(Opal) ကို Upala ဟူ၍လည်း ခေါ်ဆိုထားပြီး အဖိုးတန်ကျောက်မျက်ရတနာ တစ်မျိုးဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဂရိ(Greek) ဘာသာစကားအရမှာ Opallios ဟု ခေါ်တွင်ပြီး 'ရောင်စဉ်ပြောင်းကျောက်မျက်တစ်မျိုး'ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ Roman ကျောက်မျက်ပညာရှင်များကမူ ထိုကြောင်ကျောက်ကို Opalus ဟူ၍ အမည်တပ် ခေါ်ဝေါ်ကြကာ ထူးဆန်းသည့် ကျောက်ဒြပ်စင်တစ်မျိုးအဖြစ် သတ်မှတ်ထားကြပါသည်။

ထို Opal ခေါ် 'ကြောင်ကျောက်မျက်'နှင့် ဆက်စပ်နေသည့် စိတ်ဝင်စားဖွယ်ရာ ဒဏ္ဍာရီအဖြစ် အပျက်အနေဖြင့် ပြောပြော၊ တကယ့်အဖြစ်အနေဖြင့်ဆိုဆို ဇာတ်လမ်းလေး တစ်ပုဒ်မှာ Australian ရှေးဟောင်း ဒေသခံလူမျိုးစုများ အကြားတွင် လွန်စွာရေပန်းစားသည့် ဂန္ထဝင်ဇာတ်လမ်းလေး တစ်ပုဒ် ရှိခဲ့ဖူးပါသည်။

ဇာတ်လမ်းလေးမှာ တစ်ချိန်တစ်ခါက မိုးကောင်းကင် အာကာသမှ ဖန်ဆင်းရှင်ပုဂ္ဂိုလ်တစ်ပါးသည် Rainbow Color ဖြစ်သော ရောင်စဉ်ခုနစ်ရောင် ဖြာထွက်နေသည့် သက်တံပေါ်မှတစ်ဆင့် ကမ္ဘာမြေပေါ်သို့ ဆင်းသက်လာခဲ့ပါသည်။ တန်ခိုးတော်ရှင် ဖန်ဆင်းရှင်၏ ခြေတော်ဖျားသည် ကမ္ဘာမြေကြီးနှင့် ထိတွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ကမ္ဘာမြေကြီး အောက်အနက်ထဲမှ ကျောက်တုံးများသည် ပြောင်ပြောင်လက်လက် ပြိုးပြိုးပြက်ပြက် အရောင်များ ထွက်လာကာ သက်တံရောင်စဉ် ရောင်ရှင်များနှင့်မခြား သဏ္ဌာန်အမှန် တူနေကြသည့် ကျောက်တုံးများ ဖြစ်သွားပါတော့သည်။

အထက်ပါ Australian Aborigines တို့၏ ဂန္ထဝင်ဇာတ်လမ်းသည် ယုံရခက် မယုံရခက်နှင့် ဖြစ်နေကြရသော်လည်း ကမ္ဘာတစ်ဝန်းလုံးမှ ထွက်ရှိသည့် Opal ဟုခေါ်တွင်သည့် Lucky Seven ရောင်စဉ်ပါ ရောင်ရှင် 'ကြောင်ကျောက်' အများစုသည် Australia ၌သာ ရာခိုင်နှုန်း အမြင့်မားဆုံး ထွက်ရှိရုံသာမကဘဲ အကြီးမားဆုံး အမျိုးအစားကောင်း Opal 'ကြောင်ကျောက်'မျက်များကိုလည်း ၎င်းဒေသများမှသာ တူးဖော်တွေ့ရှိနိုင်ကြောင်း သိရှိရပါသည်။

ကြောင်ကျောက်၏အရောင်မှာ အစင်းကြောင်း များစွာနှင့်အတူ အဖြူရောင်ပါရှိပြီး ထောင့်ပြောင်းကြည့်ပါက ထူးဆန်းစွာ အရောင်ပြောင်းနေတတ်သည်ကို တွေ့ရမည် ဖြစ်သည်။ ကျွမ်းကျင် ကျောက်မျက်ပညာရှင်များကသာ ထို'ကြောင်ကျောက်'ကို သေချာစွာ ကြည့်ရှုမည်ဆိုပါက လျှို့ဝှက်ရောင်စဉ်များစွာကို ထပ်မံပြီး တွေ့ရတတ်ကြောင်း သိရပါသည်။

ထို Opal ကြောင်ကျောက်သည် အောက်တိုဘာလတွင် မွေးဖွားသူများအတွက် ကံကြမ္မာကောင်းများစွာကို ရရှိစေနိုင်သည့် အဆောင်ကျောက် ဖြစ်ပါသည်။

ရှေးမြန်မာစာပေနှင့် တေးကဗျာများထဲတွင် ခံ့ညားစွာ နေရာယူနိုင်ခဲ့ကြသည့် ကြောင်ကျောက်ကို ကျောက်မျက် ရတနာ ခုနစ်ပါးထဲမှာရော ကျောက်မျက် ရတနာ ကိုးပါးထဲမှာပါ ကံကောင်းစေနိုင်သည့် ရတနာတစ်ပါး အဖြစ်ဖြင့်သော်လည်းကောင်း၊ သိဒ္ဓိပြီးမြောက်စေသည့် ရတနာတစ်ပါး အဖြစ်သော်လည်းကောင်း အလေးအနက်ထားကာ မင်း အရာရှိ ပညာရှင်များစွာနှင့် ငွေကြေးတတ်နိုင်သူတို့သည် လက်စွပ်ကွင်းပြီး အဆောင်လက်ဖွဲ့သဖွယ် ဝတ်ဆင်ဆောင်ထားလေ့ရှိကြောင်းကို လေ့လာမှတ်သားရပါသည်။

ကြောင်ကျောက် Opal ၏ ထူးဆန်းအံ့ဩဖွယ်ရာ တစ်ခုမှာ နေထွက်ချိန် နေဝင်ချိန်အခါများတွင် Lucky Seven Colors ခေါ် Rainbow Colors ရောင်စဉ်စုံဖြာတတ်ခြင်းပင် ဖြစ်သည်။ ထို့ထက်ပို၍ အံ့ဩဖွယ်ရာ ကြောင်ကျောက်မျက် Opal ၏ အစွမ်းမှာ နှလုံးသားရေးရာနှင့်လည်း ဆက်စပ်ပတ်သက်နေသည့်အပြင် စိတ်စွမ်းအင်နှင့်လည်း သက်ဆိုင်နေတတ်ပြန်ပါသည်။

'ကြောင်' ကျောက်ဟု ခေါ်ဝေါ်သည့် ရောင်ရှင်ကျောက်မျက် Opal သည် စိတ်ကျရောဂါကို တားဆီးကာကွယ်ပေးနိုင်သည့်အပြင် သစ္စာရှင် ချစ်ခင်ရသူနှင့်လည်း ဆုံတွေ့ ကြည်မွေ့စေနိုင်သည့် အစွမ်းသတ္တိများလည်း ရှိပါသည်။

မတော်မတရား ဖိနှိပ်ချုပ်ချယ်ခံရသူများတွင် ၎င်း Opal ဆိုသည့် ကြောင်ကျောက်မျက်သာ ရှိနေမည်ဆိုပါက မကြာခင်မှာပင် အမှန်တရားက ဘွားခနဲပေါ်ပေါက်လာပြီး


www.burmeseclassic.com

www.burmeseclassic.com

ဖိနှိပ်ချုပ်ချယ်ခံရခြင်းမှ လွတ်ကင်းနိုင်စေကာ သစ္စာဘက်တော်သားများ၏ ဝန်းရံအားပေးမှုကိုလည်း ရရှိစေနိုင်မည်ဖြစ်သည်။

ကြောင်ကျောက်(Cat's Eye) တို့တွင် ညှို့ဓာတ်စွမ်းအားနှင့် တန်ခိုးသတ္တိထူးများ ရှိကြကြောင်းနှင့်ပတ်သက်၍ အာဆီရီးယမ်းလူမျိုးတို့သည် ၎င်းတို့၏ နတ်ဘုရားရုပ်တုများတွင် ကြောင်ကျောက်မျက်မျိုးစုံကို တပ်ဆင်(ဝတ်ဆင်) အသုံးပြုခဲ့ကြပြီး သမိုင်းတစ်လျှောက်တွင်လည်း လူမျိုးအသီးသီးတို့သည် ကြောင်ကျောက်တွင် စုန်း၊ ကဝေ၊ ဖုတ်၊ တစ္ဆေများကို ညှို့ယူဖမ်းစားပြီး ခြောက်လှန့်နိုင်သည့် အစွမ်းသတ္တိများ ကိန်းအောင်းနေသည်ဟု ယုံကြည်ခဲ့ကြသည်။

ရောင်ရှင် ကြောင်ကျောက်မျက်များသည် ကြီးပွားချမ်းသာမှုများကို ဆောင်ကြဉ်းယူဆောင်လာတတ်ကြရုံတင်မကဘဲ ငွေနှင့်မနေဥစ္စာများ ဆုံးရှုံးပျက်စီးသွားစေနိုင်ခြင်းတို့မှလည်း အထူးအကာအကွယ်ပေးနိုင်သော ကျောက်မျက်တစ်မျိုးဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးတို့သည် ကြောင်ကျောက်မျက်ကို တလေးတစားတန်ဖိုးထား၍ ဝတ်ဆင်ဆောင်ထားကြခြင်း ဖြစ်၏။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် လွန်စွာ အလေးအမြတ်ပြု တန်ဖိုးထားပြီး ဝတ်ဆင်ဆောင်ထားကြ၏။

Cat's Eye ခေါ် ကြောင်ကျောက်သည် သိဒ္ဓိအမျိုးမျိုးကို ပြီးစေနိုင်သည့်အပြင် ဦးနှောက်ဉာဏ်ကိုသော် လည်းကောင်း၊ ဟာသဉာဏ်ကိုသော် လည်းကောင်း ရှင်စေနိုင်ကြောင်း မှတ်တမ်းတင်ထားချက်များအရ သိရှိရပါသည်။

ကြောင်ကျောက်ကို ဝတ်ဆင်ဆောင်ထားခြင်းအားဖြင့် မိခင်လောင်းများအနေဖြင့် ကလေးမွေးဖွားရာတွင် လွယ်ကူစွာ မွေးဖွားနိုင်ရန်အတွက် လွန်စွာအထောက်အကူဖြစ်စေနိုင်သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ၌ ကြောင်ကျောက်ကို ကလေးမွေးဖွားရခက်သူများအတွက် လွယ်လွယ်ကူကူနှင့် လျင်လျင်မြန်မြန် မွေးဖွားစေနိုင်ရန် ကြောင်ကျောက်ကို မိခင်လောင်းများ၏ ဆံပင်တွင် ချည်နှောင်ထားလေ့ ရှိကြခြင်းဖြစ်သည်။

ပင်ပန်းကြီးစွာ ချောင်းခြောက် တဟွတ်ဟွတ်ဆိုးနေရသော ကလေးသူငယ်များ၏လည်ပင်းတွင် ကြောင်ကျောက်ကို ဆွဲပေးထားခြင်းအားဖြင့် သလိပ်ပျော်၍ ချောင်းဆိုးခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

ကြောင်ကျောက်၏ သိဒ္ဓိပြီးမြောက်စေမှု များစွာအနက်မှ တစ်ခုတွင် ကြောင်ကျောက်သည် ကလေးသူငယ်များအား မကောင်းမှုဒုစရိုက် ကျူးလွန်လိုမှုများမှ အကာအကွယ်ပေးနိုင်ခြင်းပင် ဖြစ်သည်။

ကြောင်ကျောက်ကို မီးရှို့ အမှုန့်ထောင်းပြီး တိုက်ကျွေးမည်ဆိုပါက နှာရည်ယို၊ နှာပိတ်ခြင်း၊ မျက်ရည်ကျ ယိုစီးခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်၏။ သွားများကို ၎င်းအမှုန့်များဖြင့် ပွတ်တိုက်ပေးပါက သွားများသည် ထူးခြားစွာ တောက်ပြောင်၍ သန့်ရှင်းစင်ကြယ်စေပြီး သွားများကိုလည်း ခိုင်မာစေနိုင်ပါသည်။ ပျောက်ခဲသော အနာဟောင်း၊ အနာဆွေးများကိုလည်း ယင်းအမှုန့်များ ဖြူးသိပ်ပေးလိုက်ခြင်းအားဖြင့် အသားနုတက်ကာ အနာပျောက်မြန်စေနိုင်ပါသည်။

သလင်းကျောက်တို့တွင် ယေဘုယျအားဖြင့် မျိုးကွဲနှစ်မျိုးရှိရာ တစ်မျိုးမှာ လှပနှစ်လိုဖွယ် ချောမွေ့ပြောင်လက်နေသော ရွှေရောင်၊ အညိုရောင်နှင့် အဝါရောင်အစင်းတန်းများပါရှိ၏။ ကျားသတ္တဝါတို့၏ ကိုယ်ပေါ်မှ အစင်းကြောင်းများနှင့် အတော်လေးဆင်တူနေ၏။ ထို့ကြောင့် ထိုကျောက်ကို 'ကျားမျက်လုံးကျောက်' (Tiger's eye)ဟု ခေါ်၏။

ထင်ရှားသည့် ကျောက်မျက်ကျမ်းပြုတစ်ဦး ဖြစ်သော 'အာစူလာမာက်ဟမ်'က 'ကြောင်ကျောက် အမျိုးအစားတွင်ပါဝင်သော Tiger's eye ကျောက်မျက်သည် စိတ်ကျရောဂါများနှင့် အခြားသော စိတ်ရောဂါ ဝေဒနာများအားလုံးအတွက် ကုသရာတွင် အစွမ်းထက်သော အဆောင်ကျောက်တစ်မျိုးဖြစ်ကြောင်း အထူးသဖြင့် တွင်းထွက်ကျောက်များဖြင့် ရောဂါဝေဒနာများကို ကုသသူများကလည်း ဝန်ခံမှုပြုထားကြောင်း' သူ၏ 'ပုံဆောင်ခဲနှင့် ကျောက်မျက်များ'စာအုပ်တွင် ရေးသားဖော်ပြထားသည်။

အခြားသော လွန်စွာ တန်ဖိုးမများသည့် ကြောင်ကျောက်မျက်တစ်မျိုးမှာ သလင်းကြောင်မျက်လုံးကျောက်ဖြစ်၏။ အဖိုးများစွာမထိုက်ခြင်းမှာ ကျောက်၏ မျက်နှာပြင်ပေါ်သို့ တက်လာသည့် လှပမှုကို ပေးသော ရောင်ပြန်အစင်းတန်းသည် ပြတ်သားထင်ရှားမှု မရှိသောကြောင့် ဖြစ်၏။

မူလက သလင်းကြောင်ကျောက်သည် အပြာရောင်သန်းသော တွင်းထွက်ကျောက်မျက်တစ်မျိုးဖြစ်ပြီး 'ခရိုစီဒိုလက်' Crocidolite ဟု ခေါ်ဆို၏။ အကယ်၍ Crocidolite ကြောင်ကျောက်သည် မူလအတိုင်း အပြာရောင်သန်း၍ သာလျှင်ရှိနေပါက ၎င်းကို 'သိမ်းငှက်မျက်လုံးကျောက်' (Hawks-eye)ဟူ၍ ခေါ်ဆိုကြ၏။

ဤသို့မဟုတ်ဘဲ Crocidolite ကျောက်မျက်သည် ကြောင်မျက်လုံး ဂုဏ်သတ္တိကို ပေးသည်ဖြစ်၍ ၎င်းတို့အထဲရှိ သံဓာတ်များသည် ဓာတ်တိုးခြင်း ခံရမည်ဆိုပါက ရွှေရောင်သန်းသော အညိုရောင် သံအောက်ဆိုဒ်သို့ ပြောင်းသွားပြီး 'ကျားမျက်လုံးကျောက်' ဟု ခေါ်ဆိုကြမည် ဖြစ်သည်။

* * *



www.burmeseclassic.com


www.burmeseclassic.com

## ပထဝိနီလာ ပေတ္တာကချုပ်

## (အပြာရောင်တဖိတ်ဖိတ် နီလာကျောက်)



သွေးကဲ့သို့ နီရဲ၍တောက်ပသော အရောင်ရှိသည့် ပတ္တမြား(Ruby)ကျောက်မျက်နှင့် အိစက်ညက်ညော၍ လှပစွာ တောက်ပသော အပြာရောင်ရှိသည့် နီလာ(Sapphire) ကျောက်မျက်တို့သည် ကျောက်တစ်မျိုးတစ်စားတည်းဖြစ်ကြောင်း သိရလျှင် ကျွန်ုပ်တို့ အံ့သြကြပေလိမ့်မည်။ သို့သော် နီလာပြာနှင့် ပတ္တမြားနီ နှစ်မျိုးစလုံးမှာ အလူမီနီယမ်အောက်ဆိုဒ် (Aluminium Oxide)ပါရှိသော ကုရုန္ဒ ခေါ် ကျောက်မျက်အမာ ဒြပ်စင်တစ်မျိုးတည်းပင်ဖြစ်၍ ခြားနားချက်မှာ အရောင်သာလျှင် ဖြစ်ပေသည်။



ထူးခြားဖြစ်စဉ်မှာ ၎င်းကျောက်မျက်တို့၏အထဲတွင် ပုံဆောင်ခဲဖြစ်တည်စဉ် ကာလများအတွင်းက တိုင်တေနီယမ်နှင့် သံဓာတ်တို့ကို ပေါင်းထည့်ပေးလိုက်ခြင်းအားဖြင့် လှပနှစ်လိုဖွယ်ကောင်းသော အပြာရောင်ကိုပိုင်ဆိုင်သည့် ကုရုန္ဒ၏ မျိုးကွဲဖြစ်သော နီလာကျောက်ကို ဖြစ်ပေါ်စေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ကုရုန္ဒတွင် အဖြူရောင်ရှိလျှင် 'နီလာဖြူ' ဟူ၍သော်လည်းကောင်း၊ အဝါရောင်ရှိလျှင် 'နီလာဝါ' ဟူ၍သော်လည်းကောင်း၊ အစိမ်းရောင်ရှိလျှင် 'နီလာစိမ်း' ဟူ၍သော်လည်းကောင်း၊ ခရမ်းရောင်ရှိလျှင် 'နီလာခရမ်း' ဟူ၍သော်လည်းကောင်း၊ စိမ်းပြာပြာအရောင်ရှိလျှင် 'နီလာငှက်ခါး' ဟူ၍သော်လည်းကောင်း အမျိုးမျိုးခေါ်ဆိုကြခြင်းဖြစ်၏။

တစ်နည်းအားဖြင့်ဆိုပါက ပတ္တမြားကျောက်ရော နီလာကျောက်မျက်တို့ပါ မူလက ကုရုန္ဒ ခေါ် ကိုရမ်ဒမ်မျိုးရင်းဝင် ကျောက်မျက်တစ်မျိုးတည်းသာဖြစ်၍ အလူမီနီယမ်အောက်ဆိုဒ်များဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၎င်းကျောက်ကို သဘာဝတွင် ခြောက်မြောင့်ပုံသဏ္ဌာန် ပုံဆောင်ခဲအနေဖြင့် တွေ့ရ၏။ သန့်စင်သော ကိုရမ်ဒမ်ကျောက်မျက်၏ မူလအရောင်မှာ အရောင်မဲ့ဖြစ်၍ ပုံဆောင်ခဲဖြစ်တည်စဉ်ကာလများအတွင်းက 'ခရိုမီယမ်ဓာတ်'အနည်းငယ်ပါဝင်သွားပါက အနီရောင်သို့ ပြောင်းလဲသွားပြီး 'ပတ္တမြားကျောက်မျက်' ဖြစ်သွား၏။ ဤသို့မဟုတ်ဘဲ မူလက အရောင်မဲ့ ကိုရမ်ဒမ်တွင် တိုင်တေနီယမ်နှင့် သံဓာတ်တို့ ပေါင်းထည့်ပါဝင်သွားပါက အပြာရောင်သို့ ပြောင်းလဲသွားပြီး နီလာပြာကျောက်မျက် ဖြစ်သွားလေ၏။

အလွန်လှပသော အဝါရောင် နီလာ (နီလာဝါ)ကို သြစတြေးလျနိုင်ငံမှလည်းကောင်း၊ အစိမ်းရောင်နီလာ (နီလာစိမ်း)ကို ကွင်းစလန်မှလည်းကောင်း၊ ပန်းရောင်နီလာ၊ အဝါရောင်နီလာ၊ လိမ္မော်ရောင်နီလာ၊ ခရမ်းရောင်နီလာနှင့် နှစ်ရောင်, သုံးရောင်စပ် ပါဝင်သော နီလာကျောက်များကို သီရိလင်္ကာနိုင်ငံမှလည်းကောင်း ထွက်ရှိကြပါသည်။

အိစက်ညက်ညောလွန်းလှသည့် ကတ္တီပါ အပြာရောင်သဏ္ဌာန်ရှိသော သိမ်မွေ့စွာတောက်ပသည့် နီလာကျောက်မျက်သည် ကျောက်မျက်ကုန်သည်တို့အတွက် လှပတင့်တယ်မက်မော့မဆုံးဖွယ် အရောင်အသွေးဖြစ်သည်။ ကက်ရှ်မီးယားဒေသမှထွက်ရှိသော စွဲမက်လိုချင်စရာ ကောင်းလှသည့် ကတ္တီပါအပြာရောင် နီလာသည် အရှားပါးဆုံး၊ လူကြိုက်အများဆုံးနှင့် တန်ဖိုးအကြီးဆုံးဖြစ်သည်။ ယိုးဒယားနယ်စပ်အနီး ကမ္ဘောဒီးယားနိုင်ငံ ပိုင်လင်ကျေးရွာအနီးတစ်ဝိုက်မှ ထွက်ရှိသော နီလာများသည်လည်း တန်ဖိုးမြင့်မားကြသည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အရည်အသွေး ကောင်းမွန်ပြီး တင့်တယ်လှပသည့် နီလာကျောက်မျက်သည် မြန်မာနိုင်ငံ၊ ယိုးဒယားနိုင်ငံနှင့် တန်ဇန်းနီးယားတို့မှလည်း ထွက်ရှိသည်။ အမေရိကန်နိုင်ငံ မွန်တားနားမှထွက်ရှိသော နီလာသည် အပြာရောင်ရှိပြီး ထူးခြားသော သတ္တုရောင်ပြေးပါရှိသည်။

ယနေ့ခေတ်အခါကာလတွင် ကျောက်နီနှင့် နီလာပြာများကို ဓာတုဗေဒနည်းဖြင့်လည်း ချက်ယူရောင်းချနေကြပြီဖြစ်၍ အလွန်ပေါများစွာ တွေ့မြင်နိုင်၏။ အချို့ချက်ကျောက်များမှာ တွင်းထွက်ကျောက်မျက်များနှင့် ခွဲခြားမရလောက်အောင်ပင် အရည်အသွေးကောင်းမွန်လှသဖြင့် ကျောက်အကြောင်း ကျွမ်းကျင်နားလည်သူများကသာ အစစ်နှင့်အတုကို ခွဲခြားနိုင်လိမ့်မည်ဖြစ်သည်။ ဓာတုချက်ကျောက်များကို အများအားဖြင့် နာရီနှင့်သိပ္ပံဘက်ဆိုင်ရာ ပစ္စည်းကိရိယာများတွင် အမြောက်အမြား အသုံးပြုကြ၍ နှစ်စဉ်နှစ်တိုင်း ကျောက်နီ ကရက်ပေါင်း ၂၀,၀၀၀,၀၀၀၀ ကျော်မျှကို ချက်ယူကြကြောင်း သိရပါသည်။

ကျောက်မျက်ရတနာများသည် လှပအဖိုးတန်သည်ဟု ဆိုရသော်လည်း သဘာဝတွင်တွေ့ရသော ကျောက်ရိုင်းတုံးမှာမူ မည်သို့မျှ တောက်ပြောင်လှပခြင်း မရှိပေ။ ကျောက်ရိုင်းများကို ကျောက်အမျိုးအစားနှင့် အရည်အသွေးကိုလိုက်၍ သင့်လျော်သော ပုံစံနှင့်အကွက်များ ဖော်ပေးနိုင်မှ အစွမ်းကုန် တောက်ပြောင်လှပလာခြင်းဖြစ်သည်။

ကျောက်သွေးသမားကောင်း တစ်ယောက်သည် ကျောက်သွေးအတတ်ပညာတွင်သာ ကျွမ်းကျင်တတ်မြောက်ရသည်မဟုတ်၊ ကျောက်အကြောင်းကိုလည်း နားလည်ရပေသည်။ သို့မှသာ ကျောက်ကို အရည်ရှိသလောက် အရောင်အသွေးထွက်၍ တန်ဖိုးအမြင့်ဆုံး ဖြစ်လာအောင် ပြုပြင်ပေးနိုင်မည်ဖြစ်သည်။ ကျောက်သွေးအတတ်ပညာသည် အလွန်ရှေးကျသော အတတ်ဖြစ်၍ ထိုအတတ်ကို ရှေးဆူမာလူမျိုးတို့သည် ဘီစီ ၃၀၀၀ ကျော်လောက်မှစ၍ အသုံးချခဲ့ကြသည်ဟု ဆိုပါသည်။

အပြာရောင်ကျောက်မျက်များတွင် နီလာပြာ၊ တာကွိုက်(Turquoize)စသည်တို့ကို ဆေးဖက်ဝင် ကျောက်မျက်များအဖြစ်ဖြင့်သော်လည်းကောင်း၊ လာဘ်ကောင်းစေသော ကျောက်မျက်များအဖြစ်ဖြင့်သော်လည်းကောင်း ရှေးပဝေသဏီအခါကာလများကပင် သတ်မှတ်ခဲ့ကြ၏။

တိဗက်လူမျိုးများတွင် ဒလိုင်းလားမား ဘုန်းတော်ကြီးများအပါအဝင် Turquoize အပြာရောင်ကျောက်ကို လာဘ်ကောင်းဝင်စေသောကျောက်၊ ကျန်းမာချမ်းသာစေနိုင်သောကျောက်၊ ကူးစက်တတ်သော ရောဂါဘေးဆိုးများမှ ကာကွယ်ပေးနိုင်သောကျောက်အဖြစ် ယုံကြည်ရင်းစွဲရှိကြပြီး နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်ဆောင်ထားခဲ့ကြသည်။

အထူးသဖြင့် ရှေးခေတ်က လူများသည် Turquoize ကျောက်ကို ယောကျ်ားများအတွက် အဆောင်ကောင်း ကျောက်မျက်အဖြစ် အဓိကသုံးစွဲခဲ့ကြ၏။

'လက်ဆောင်မွန်အဖြစ်ပေးခြင်းခံရသော Turquoize ကျောက်များသည် ဝယ်ယူပြီး ဝတ်ဆင်ရသည့် ကျောက်မျက်များထက် ပိုမို၍ အစွမ်းထက်ကြောင်း၊ အကျိုးပေးကြောင်း တစ်ဖန် အကျိုးပေးမည့်သူ၏လက်တွင် ဝတ်ဆင်ဆောင်ထားသော Turquoize ကျောက်များ၏ အရောင်သည် ပိုမို၍ ပြာလွင်ပြီး၊ ပိုမို၍လှပလာကြောင်း' ရောမခေတ်က လွန်စွာထင်ရှားခဲ့သော ဆေးပညာရှင်ကြီး 'ဒီဗု'က ဆိုထားပါသည်။

'နီလာပြာ' ကျောက်မျက်ကို ဆေးဖက်ဝင်သော ကျောက်မျက်အဖြစ် သတ်မှတ်ခဲ့ရာတွင် အထူးသဖြင့် မျက်စိနှင့်ပတ်သက်သော ရောဂါဝေဒနာများတွင် ကုသနိုင်ကြောင်း သိရ၏။ ပဉ္စမမြောက် ပြင်သစ်ပြည့်ရှင် ချားလ်ဘုရင် (Charles V) မျက်စိဝေဒနာခံစားရစဉ်က သူ၏သမားတော်သည် ဘုရင်အတွက် ရွှေနှင့်ကွပ်ထားသော ဘဲဥပုံနီလာပြာ တစ်ပွင့်ကို ဝတ်ဆင်ဆောင်ထားစေပြီး ကုသခြင်းဖြင့် ပျောက်ကင်းစေခဲ့ဖူးပါသည်။

ခရစ်ယာန်ဘာသာဝင်များအနေဖြင့် နီလာကျောက်မျက်ကို ခရစ်ယာန်သာသနာတော်နှင့် သက်ဆိုင်သော လက်စွပ်အဖြစ်ပြုလုပ်ရန် သင့်လျော်သည်ဟု ယုံကြည်ယူဆသည်ဖြစ်၍ တတိယမြောက် ပုပ်ရဟန်းမင်းကြီးသည် အမိန့်ဒီကရီဖြင့် ထုတ်ပြန်ရန် သတိပေးနှိုးဆော်ခဲ့ဖူးပါသည်။

တစ်ဖန် ခရစ်ယာန်ဘုန်းတော်ကြီးများ၏ လက်စွပ်ကို နီလာအရိုင်းတုံးအား ရွှေသားအစစ်ဖြင့်ကွင်း၍ ပြုလုပ်သင့်ကြောင်းအဆိုမှာ နီလာကျောက်မျက်တွင် သိဒ္ဓိမြောက်သိဒ္ဓိပေါက်စေသည့် လိုအပ်သော စွမ်းပကား အရည်အသွေးများ ပါဝင်နေသောကြောင့် ဖြစ်၏။ ထို့အပြင် ခရစ်ယာန်ဘုန်းတော်ကြီးများ၏ ရာထူးအထိမ်းအမှတ်နှင့် လျှို့ဝှက်တံဆိပ်တုံးအဖြစ် အသုံးပြုရန်လည်း ဖြစ်သည်။

၂၁-ယောက်မြောက် ပုပ်ရဟန်းမင်းကြီး ပီထရပ်ဟစ်ပါနုပ်(စ်)ကလည်း သူ၏ "Thesaurus Pauperum" စာအုပ်တွင် နီလာပြာကျောက်မျက်သည် မျက်စိရောဂါများကို ကုသနိုင်စွမ်းရှိသည်ဟု ဖော်ပြခဲ့ပါသည်။ လန်ဒန်မြို့ ခရစ်ယာန်ဘုရားကျောင်း၏ မှတ်တမ်းများအရ အရွယ်အတော်အတန်ကြီးသော နီလာပြာကျောက်မျက်သည် စိန့်ပေါလ်ဘုရားရှိခိုးကျောင်း အဟောင်းကို ကိုယ်စားပြုသည်ဟု ဆိုပါသည်။

ရုရှားဇာဘုရင်အိုင်ဗန်၏ နီလာကျောက်မျက်အပေါ် ယုံကြည်သက်ဝင်မှုများနှင့် ပတ်သက်၍ 'အိုင်ဗန်သည် နီလာကျောက်မျက်ကို အထူးပင် နှစ်သက်မြတ်နိုးခဲ့ကြောင်း၊ နီလာသည် ရဲစွမ်းသတ္တိကို တိုးတက်ထိန်းသိမ်းထားကြောင်း၊ စိတ်နှလုံးကို ရွှင်မြူးစေနိုင်ကြောင်း၊ အသက်ကို ရှည်စေနိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ မျက်စိအတွက် အတိုင်းအဆမရှိ အလွန်ပင်တန်ဖိုးရှိကြောင်း၊ အမြင်အာရုံအား ကြည်လင်စေခြင်းနှင့် ကြွက်သားများ ညောင်းညာခြင်းကို ပျောက်ကင်း၍ သန်မာစေနိုင်ကြောင်း' တို့ကို ယုံကြည်သူဖြစ်ကြောင်း ဆာဂျွန်ပော်ဆေးသည် သူ၏ ခရီးသွားမှတ်တမ်းစာအုပ်တွင် ရေးသားဖော်ပြထားပါသည်။

နီလာပြာကျောက်မျက်သည် စိတ်ကို အထူးသန့်ရှင်းစင်ကြယ်စေရုံတင်သာမကဘဲ မေတ္တာထားနိုင်မှုနှင့် မေတ္တာဓာတ်များကို တိုးပွားလာစေနိုင်သော ရတနာတစ်ပါးဖြစ်၍လည်း 'မဏိနီလာ မေတ္တာကဲချုပ်' ဟူ၍ ဂန္ထဝင်တွင်ခြင်းဖြစ်သည်။

နီလာပြာကျောက်သည် အစာအိမ်ရောဂါများမှ သက်သာပျောက်ကင်းစေနိုင်ပြီး အအေးမိခြင်းဝေဒနာများမှလည်း ကာကွယ်နိုင်ပါသည်။ အပူကြီးပြီး အဖျားတက်နေသူ၏ လျှာအောက်တွင် နီလာပြာကျောက်ကို ထားရှိစေခြင်းဖြင့် အဖျားကို အမြန်ကျစေနိုင်စွမ်း ရှိပါသည်။

နီလာပြာကျောက်မျက်သည် တန်ခိုးရှိသောအဆောင်အယောင် လက်ဖွဲ့ကျောက်မျက်တစ်မျိုးဖြစ်၍ ရှေးခေတ်အခါကာလများက နီလာပြာကို ဘုရင်၊ ဘုရင်မများနှင့်သာထိုက်တန်သော၊ အထူးသဖြင့် မင်းတို့နှင့်သာထိုက်တန်သော ကျောက်မျက်ရတနာတစ်ပါး အနေဖြင့်သတ်မှတ်ပြီး ဗြိတိန်နိုင်ငံအယ်လီဇဘက် ဘုရင်မကြီးမှအစ ထိုင်းဘုရင်အဆုံး ဝတ်ဆင်ဆောင်ထားခဲ့ကြသည်။

ဘုရင်အုပ်စိုးသော နိုင်ငံအသီးသီးမှ ဘုရင်များသည် 'နီလာပြာ' ကျောက်ကို ဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းဝေးစေနိုင်သော ကျောက်မျက်ရတနာအဖြစ် ယုံကြည်စွာဝတ်ဆင်ခဲ့ကြရာ၌ အယ်လီဇဘက် ဘုရင်မကြီး၏သမီးအန်း(Ann)နှင့် မွေ့မဒိုင်ယာနာ (Diana)မင်းသမီးနှစ်ပါးစလုံးတို့၏ စေ့စပ်ကြောင်းလမ်းပွဲလက်စွပ်သည် နီလာပြာလက်စွပ်များ ဖြစ်ခဲ့ပါသည်။

နီလာပြာကျောက်မျက်နှင့်ပတ်သက်၍ ဂန္ထဝင်မြောက်ဂမ္ဘီရဆန်ခြင်းများတွင် နီလာပြာကျောက်ကို ဝတ်ဆင်ဆောင်ထားခြင်းအားဖြင့် ဘဝကူးကောင်းစေနိုင်ခြင်း၊ တစ်ပါးသူတို့၏ မနာလိုပြုစားခြင်းများမှ ကာကွယ်မှုပြုနိုင်ခြင်းနှင့် ရန်သူတို့၏ ဖမ်းဆီးခြင်းခံရမှု ဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်ကြောင်း ကျောက်မျက်ကျမ်းများတွင် မှတ်တမ်းတင်ခဲ့ကြသည်။

အဆိပ်ကို ပြယ်စေနိုင်ခြင်း၊ အထူးသဖြင့် မြွေးရူးဆိပ်၊ မြွေဆိုးမြွေဟောက်ဆိပ်တို့ကို ပျက်ပြယ်စေနိုင်သော ကျောက်မျက်တစ်မျိုးအဖြစ် နီလာကျောက်ကို သတ်မှတ်ခဲ့ကြသည်။ ထို့အပြင် ရှေးခေတ်လူများသည် နီလာပြာကျောက်မျက်တွင် မကောင်းဆိုးဝါးများကို မောင်းထုတ်နိုင်သော အစွမ်းသတ္တိများရှိကြောင်း ယုံကြည်ခဲ့ကြသည်။

အပြာရောင် ကျောက်များသည် ဆေးဖက်ဝင်ပြီး အန္တရာယ်ကင်းစေနိုင်သည့်အပြင် ရန်သူများအကြား၌ ရန်အေးအေးချမ်းချမ်းအောင် ပြုနိုင်စွမ်းရှိကြောင်းကိုလည်း ဆိုထားပါသည်။

Turquoize ကျောက်သည် အပြာရင့်ရောင်ရှိသော ကျောက်မျက်တစ်မျိုးဖြစ်ပြီး မြင်းတို့နှင့်ဆက်စပ်နေသော ကျောက်မျက်တစ်မျိုးဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ထိုကျောက်သည် မြင်းပေါ်မှကျသည့် အန္တရာယ်မှ ကင်းဝေးစေနိုင်သည်ဖြစ်၍ တူရကီလူမျိုးများသည် ၎င်းတို့၏ မြင်းကုန်းနှီးများတွင် Turquoize ကျောက်များကို အလှဆင်စီခြယ်၍ကပ်ထားကြသည်။ ၁၃ ရာစုခေတ်မှစ၍ မြင်းပေါ်မှကျသည့်အန္တရာယ်များမှ ကင်းဝေး၊ ကင်းလွတ် စေရန် Turquoize ကျောက်များကို ဆောင်ထားခဲ့ကြ သည်။

'နီလာကျောက်မျက်'တို့၏ ဝိသေသလက္ခဏာများကို ကြည့်၍ တန်ဖိုးသတ်မှတ်၊ အကဲခတ် ရာဖြတ်ခြင်းပြုရာ၌ 'စိန်'တို့၊ 'ပတ္တမြား'တို့ကို ရာဖြတ်ခြင်းပြုရသည့်နည်းတူ I.C.A (International Colored Gemstone Association)က သတ်မှတ်ထားသည့် စံလေးချက် (the four Cs) ဖြစ်သော Carat (နီလာကျောက်၏အလေးချိန်)၊ Cut (နီလာကျောက်၏ အသွင်သဏ္ဌာန်ရုပ်အလှ)၊ Color (နီလာကျောက်၏ အရောင်အသွေး)နှင့် Clarity (နီလာကျောက်၏ ကြည်လင်တောက်ပမှု) တို့အပေါ်တွင် အခြေခံ၍ တန်ဖိုးဖြတ်ကြရပါသည်။

'နီလာပုံဆောင်ခဲ၏ ထူးခြားထင်ရှားသော ပုံဆောင်မှုသဏ္ဌာန်မှာ ခြောက်မြောင့်ပုံသဏ္ဌာန် ပိရမစ်နှစ်ခုကို အခြေချင်းဆက်ထားသည့်ပုံ ဖြစ်ပါသည်။ ရေတိုက်စားခံရသဖြင့် နီလာအရိုင်းတုံးကလေးများ၏ ပြင်ပပုံသဏ္ဌာန်သည် များသောအားဖြင့် ပုံတိုပုံအငယ်စား ကလေးများနှင့် ဆင်တူနေပါသည်။ ပုံဆောင်မှုစနစ်ကို ထရိုင်ဂိုနယ်(Trigonal) ပုံဆောင်စနစ်အဖြစ် သတ်မှတ်ထားရှိပါသည်။

နီလာကျောက်မျက်တွင် ကြည်ညိုလေးစားဖွယ်ကောင်းသည့် အမြင့်မားဆုံး သိဒ္ဓိဂုဏ်အရည်အသွေးများ ပိုင်ဆိုင်ထားသည်ဟု အရှေ့တိုင်းဘာသာ တရားများမှ လက်ခံကြပါသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် နီလာကျောက်မျက်သည် ဆုတောင်းသူ၏ ဆန္ဒများကို ပြည့်ဝစေနိုင်သည်ဟု ယုံကြည်ကြသည်။

လှပသော အပြာရောင်နီလာကျောက်သည် ကျောက်တကာ့ကျောက်တို့တွင် အလေးအနက်ထားခြင်းကို အထူးခံရပြီး စိတ်၏ငြိမ်းချမ်းမှု၊ အေးချမ်းသာယာမှု၊ ပျော်ရွှင်ကြည်နူးမှုနှင့် စိတ်၏ ကြည်လင်လန်းဆန်းမှုတို့ကို အထူးပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့်လည်း ဟိန္ဒူဘာသာဝင်တို့သည် နီလာကျောက်မျက်ကို စိတ်တန်ခိုးစွမ်းအင်နှင့်သက်ဆိုင်သော ကျောက်မျက်များထဲတွင် ကြည်ညိုလေးစားမှု အခံရဆုံးသော



www.burmeseclassic.com

www.burmeseclassic.com

ကျောက်မျက်အဖြစ်သတ်မှတ်ပြီး ဂုဏ်ကျက်သရေကိုလည်း အထူးပေးစွမ်းနိုင်သည်ဟု ဆိုပါသည်။ ဘုရား တရားကို ကြည်ညို လေးစားသောသူများအတွက် အပြာရောင်နီလာကျောက်သည် ကောင်းမြတ်သော ကျန်းမာခြင်းကို ပေးစွမ်းနိုင်ကြောင်း၊ တစ်ဖန် ထိုကျောက်မျက်သည် အဆိပ်ရှိသော သတ္တဝါများ ကိုက်ခံရခြင်းဘေးမှ ကာကွယ်နိုင်ပြီး၊ အကယ်၍ အကိုက်ခံရပါကလည်း အဆိပ်ကို ပြေစေနိုင်သော အစွမ်းရှိကြောင်းကို လက်ခံယုံကြည်ခဲ့ကြပါသည်။

နီလာကျောက်မျက်သည် အပူဖျား၊ ငှက်ဖျား၊ အရေပြားရောဂါ၊ အစာအိမ်ပြည်တည်နာနှင့် ပလိပ်ရောဂါတို့ကို ကုသနိုင်ရုံတင်သာမကဘဲ အမြင်အာရုံနှင့် စိတ်ကိုပါ ကြည်လင်လန်းဆန်းစေပြီး ခန္ဓာကိုယ်ရှိ အမြှေးပါးများ ရောင်ရမ်းခြင်းနှင့် ချွေးထွက်လွန်ခြင်းတို့ကိုပါ ကာကွယ်နိုင်ပါသည်။

*တန်ခိုးထက်မြက်သော နီလာအဆောင်ကျောက်မျက်*များနှင့်ပတ်သက်၍ ဒဏ္ဍာရီပုံပြင်တို့၌ 'အပိုလို'(Apollo)သည် နတ်ဘုရား၏ အမည်ဖြစ်သည်။ ၎င်းသည် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော သဘောကို ဆိုလိုသည်။ အထူးသဖြင့် ဂီတနှင့် အနုပညာရပ်များတွင် ဆန်းသစ်တီထွင်နိုင်သော စွမ်းအားများကို ပိုင်စိုးထားသည်။

ထိုဂရိနတ်ဘုရား Apollo သည် ၎င်းထံသို့လာရောက်၍ အသနားခံမေးမြန်းကြသော သူတို့၏ ပြဿနာများကို ဖြေရှင်းနိုင်ကြစေရန်အတွက် အပြာရောင် နီလာကျောက်မျက်ကို ဝတ်ဆင်ဆောင်ထားကြရန် ၎င်း၏ဗိမာန်တော်၌ ဗျာဒိတ်တော်ပေးပြီး အမိန့်အာဏာတစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ နတ်ခရိုမန်ဆာကလည်း နီလာကျောက်မျက်အပေါ်တွင် ကြီးမြတ်သော တန်ဖိုးထားမှုများကြောင့် ဗျာဒိတ်တော်ထဲမှ ပိုမိုခက်ခဲသော ပြဿနာရပ်များကို ကြားနာ၍ ဖြေရှင်းနိုင်ခဲ့ကြောင်း ဖွင့်ဆိုထားသည်။

စုန်း၊ ကဝေ ပညာသည်များနှင့် မှော်ဆရာများကလည်း ၎င်းမိုးပြာရောင်ကျောက်ကို စိတ်အာရုံညှို့ယူခြင်း၊ ဂါထာမန္တန်ရားများနှင့် နတ်ဝိဇ္ဇာအတတ်များအတွက် အထူးအသုံးချခဲ့ကြပေသည်။ ဂရိလူမျိုးတို့၏ ကြီးကျယ်မြင့်မြတ်သော ဂန္ထဝင်မြောက်ပုံပြင်များထဲမှ ပရိုမီသီယပ်သည် ဇီးယပ်၏ ပြင်းထန်သော အမျက်ဒေါသကို ရင်ဆိုင်ရသောအခါ နီလာလက်စွပ်ကို ဝတ်ဆင်ထားရသည်ဟု ဆိုပါသည်။

ရှားလမိန်းဘုရင်ကြီးနှင့် ကမ္ဘာကျော် အဆောင်ကျောက်အကြောင်းနှင့်ပတ်သက်၍ "အစွမ်းထက် အဆောင်ကျောက်မျက်များ"စာအုပ်ကို ရေးသားသူ ဝီလီယမ်ပါဗစ်၏ ရေးသားဖော်ပြချက်များအရ . . .

"ချစ်ခြင်း မေတ္တာတရားအတွက် အစွမ်းအထက်မြက်ဆုံး အဆောင်ကျောက်သည် အရှေ့အင်ပါယာ ဟာရွန်းရစ်ချစ်၏ နန်းတော်တွင်းမှော်ဆရာက ရှားလမိန်းအင်ပါယာမှ မိဖုရားအတွက် အထူးတလည်စီရင်၍ ပြုလုပ်ပေးခဲ့သော အဆောင်ကျောက်ပင်ဖြစ်ကြောင်း၊ ၎င်းအဆောင်ပစ္စည်းတွင် အရွယ်အစားကြီးမားသော နီလာလုံးချောကျောက်မျက်နှစ်လုံးပါရှိပြီး တစ်လုံးကို ဘဲဥပုံသဏ္ဌာန်သွေးထား၍ နောက်တစ်လုံးကို လေးထောင့်ပုံသဏ္ဌာန်သွေးထားကြောင်း၊ ၎င်းနီလာကျောက်နှစ်လုံးကို သခင်ယေရှု၏ လက်ဝါးကပ်တိုင်ပြုလုပ်ရာမှ ကြွင်းကျန်သည့် သစ်သားစဖြင့် ပြုလုပ်ထားသော အပေါင်းလက္ခဏာပုံသဏ္ဌာန် သစ်သားထဲတွင် ထွင်း၍ မြှုပ်နှံထားခြင်းဖြစ်ကြောင်း၊

ဤကဲ့သို့ နီလာကျောက် ထည့်သွင်းမြှုပ်နှံထားသော အပေါင်းလက္ခဏာပုံသဏ္ဌာန် ဂမ္ဘီရအဆောင်ကြောင့် ရှားလမိန်းဘုရင်ကြီးမှ သူ၏ မိဖုရားတစ်ပါးတည်းကိုသာ ထာဝရချစ်ခင်စုံမက်နေစေပြီး ဘုရင်ကြီး၏ ချစ်မေတ္တာများသည် ညှိုသည့်အခါမျှ သူမအပေါ် နည်းပါးယုတ်လျော့သွားခြင်း မရှိအောင် စွမ်းဆောင်ပေးစေခြင်းဖြစ်ကြောင်း" ဟူ၍ ဝီလီယမ်ပါဗစ်က ရေးသားဖော်ပြထားပါသည်။

❒ ဆရာဦးခန့်ကျော်


# လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၀) ပထပ်၊ မဟာဗန္ဓုလလမ်း၊

(၁၇×၁၀)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၂၅၀၆၆၀




www.burmeseclassic.com

www.burmeseclassic.com

# ကွေမြစ်ပေါ်မှ တံတားအမှတ် – ၂၇၇

လှမိုး (ပညာရေး)




ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသေ သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

"သံဖြူဇရပ်မှ ဘုရားသုံးဆူအထိ ၆၈ မိုင် ရထားလမ်းသစ် ဖောက်လုပ်မှု ပဏာမကွင်းဆင်းတိုင်းထွာ စစ်ဆေး"

နေပြည်တော်၊ ဒီဇင်ဘာ ၂၄။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဘုရားသုံးဆူအထိ ရထားလမ်းဖောက်လုပ်မှုလုပ်ငန်း အမြန်ဆုံး ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ရုံးချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံ အာဏာပိုင်အဖွဲ့အစည်းများ ဦးဆောင်သော အဖွဲ့သည် ဒီဇင်ဘာလ ၁၄ ရက်နှင့် ၁၅ ရက် တို့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့် ကရင်ပြည်နယ်ရှိ ဘုရားသုံးဆူအထိ မီးရထားလမ်းသစ် ဖောက်လုပ်မှုလုပ်ငန်း ပဏာမကွင်းဆင်းလေ့လာ တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။


အဆိုပါ လမ်းသစ်မှာ သံဖြူဇရပ်မြို့မှ ဘုရားသုံးဆူအထိ ၆၈ မိုင်ရှိပြီး လမ်းသစ်ဖောက်လုပ်ရာတွင် ချောင်းပေါင်း ၂၇ ခုရှိရာ အဆိုပါနေရာများတွင် တံတားသစ်များ တည်ဆောက်ခြင်း၊ ဘူတာရုံသစ်များ တည်ဆောက်ခြင်း၊ လမ်းအူကြောင်းသစ်များ ထပ်မံရှာဖွေခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျူးကျော်စိုက်ပျိုးထားသော ရော်ဘာပင်များ ရှင်းလင်းခြင်းတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်သည်။

လမ်းသစ်ကို စတင်ဆောင်ရွက်ရာတွင် သံဖြူဇရပ်မှ ဘုရားသုံးဆူအထိ မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်ပြီး ဘုရားသုံးဆူမှ တစ်ဖက်နိုင်ငံသို့ ရထားလမ်း ၇၅ မိုင်ကို ထိုင်းနိုင်ငံဘက်က ဆောင်ရွက်မည်ဖြစ်သည်။ ဘုရားသုံးဆူ-သံဖြူဇရပ် လမ်းသစ်အား ၁၉၄၂ ခုနှစ်တွင် စတင်ဖောက်လုပ်သည်။ လမ်းဟောင်းကို အခြေခံ၍ လမ်းအူကြောင်းများ ရှာဖွေခြင်းပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၎င်းကြေးမုံသတင်းစာပါ သတင်းကိုပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်လွှင့်သော ရုပ်သံလွှင့်အစီအစဉ်များကလည်း ထုတ်လွှင့်ပေးခဲ့ပြီး ဂျာနယ်အချို့ကလည်းယင်းသတင်းကိုအကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်။ ထိုသတင်းကို ဖတ်ရှုခဲ့ရသော ကျွန်တော်သည် လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်ခန့်က ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံကြီးတစ်ရုံတွင် ကြည့်ရှုခဲ့ရသော "Bridge on the River Kwai" ကွေမြစ်ပေါ်မှတံတားဟူသော နာမည်ကြီး ရုပ်ရှင်ကားကြီးကို သွားသတိရခဲ့သည်။

အမှန်အားဖြင့် အထက်ဖော်ပြပါ ရုပ်ရှင်ကားမှာ ကွေမြစ်ပေါ်တွင် အမှန်တကယ်တည်ဆောက်ထားခဲ့သော






www.burmeseclassic.com

www.burmeseclassic.com


တံတား၏ ဖြစ်ရပ်မှန်မဟုတ်ပါ။ စာရေးဆရာ "Pierre Bowlle" စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးသားထားသော ဝတ္ထုတစ်ပုဒ်ကို အခြေခံ၍ ကမ္ဘာကျော်ရုပ်ရှင်ဒါရိုက်တာကြီး ဒေးဗစ်လင်းက ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပါဝင်သူ ဇာတ်ဆောင်အများမှာလည်း မြန်မာ့ရုပ်ရှင်ကြည့်ပရိသတ် စွဲမက်သော မင်းသားကြီး ဝီလျံဟိုလ်ဒင်းနှင့် အယ်လ်ဂင်းနစ်တို့ ပါဝင်ခဲ့ပြီး မြန်မာတို့ ဂျပန်ခေတ်က နားမဆုံအောင် ကြားခဲ့ရသော သေမင်းတမန် မီးရထားလမ်းဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခဲ့သော ယိုးဒယား (ထိုင်း)-မြန်မာ မီးရထား လမ်းမကြီး အကြောင်း ရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်၏။



စတင်ရိုက်ကူးသည့် အချိန်ကပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများက ထိုရုပ်ရှင်အကြောင်းကို ဆောင်းပါးများ ရေးသားဖော်ပြခဲ့သည်။ ထိုဝတ္ထုမူရင်းကို ဖန်တစ်ရာတေအောင် ဖတ်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် ပြသမည့်အချိန်ကို လက်ဆစ်ချိုး၍ စောင့်ခဲ့ကြရသည်။ [ယင်းဝတ္ထုကို နောင်အခါ ဆရာစိုးမြိုင်က မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့၏]

ဤရုပ်ရှင်ကားကို ရန်ကုန်တွင် ပြသခဲ့ရာ သောက်သောက်လဲဝင်ငွေ ရရှိခဲ့သည်။ ရက်သတ္တပတ်ပေါင်းများစွာ ပြသခဲ့ရပြီး ကျွန်တော်တို့ အကြိမ်ကြိမ် ပြန်လည်ကြည့်ခဲ့ကြသည်။ ကျွန်တော်တို့သည် ဒုတိယကမ္ဘာစစ်ကြီးကာလတွင် မွေးဖွားခဲ့ကြပြီး ဂျပန်ခေတ်တွင် လူလူသူသူဖြစ်လာခဲ့ကြရာ ၁၉၄၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံအစိုးရသည် ဂျပန်စစ်အုပ်ချုပ်ရေး အစိုးရ၏ သဘောတူညီချက်အရ ယိုးဒယား(ထိုင်း)-မြန်မာ လမ်းမကြီး ဖောက်လုပ်ရေးအတွက် အလုပ်သမားများ စတင်စုဆောင်းခဲ့ကြပုံကို ကိုယ်တွေ့ကြုံရသူများဖြစ်၏။

ထိုစဉ်က မှတ်တမ်းများအရ မြန်မာအလုပ်သမား သုံးသောင်းကျော် စုဆောင်းခဲ့ရသည်ဟုသိရ၏။ ကျွန်တော် မှတ်မိသလောက် အထက်ဖော်ပြပါ အလုပ်သမားတပ်ဖွဲ့ (ချွေးတပ်)များ ဖွဲ့စည်းရာတွင် ကျန်းမာသန်စွမ်းသော အသက်(၁၇)နှစ်နှင့် (၃၅)နှစ်ကြားရှိ လူငယ်အများ ပါဝင်ခဲ့ရသည်။ ဤချွေးတပ်သို့ လိုက်ပါလိုသူများသည် အလုပ်ပြီး၍ ပြန်လာလျှင် မြေပိုင်ယာပိုင်ရမည်၊ အခွင့်အရေးရမည်ဟု မက်လုံးပေး၍ စည်းရုံးခဲ့သော်လည်း လူအများမှာ လိုက်ပါလိုစိတ် မရှိခဲ့ကြပေ။



သို့ဖြစ်၍ တစ်အိမ်တစ်ယောက်ကျ လိုက်ရမည်ဟု သတ်မှတ်၍ သူကြီးများ၊ မြို့ပိုင်များ၊ နယ်ပိုင်များက ဇွတ်အတင်း ခေါ်ဆောင်ခဲ့ကြလေသည်။ ကျွန်တော်မှတ်မိသလောက် ကျောင်းသားကြီးများ၊ လူငယ်လူလတ်အများမှာ ချွေးတပ်ဆွဲခြင်းခံကြရသည်။ မလိုက်လိုသူများကမူ ချွေးတပ်အငှားလိုက်သူများကို ငွေပေးပြီး ထည့်ကြရ၏။ သို့သော် ထိုလိုက်သူများကလည်း လမ်းခရီးတွင် ထွက်ပြေးလာခဲ့ကြသည်က များ၏။

အမှန်အားဖြင့် ထိုယိုးဒယား-မြန်မာ မီးရထားလမ်း ဖောက်လုပ်ရေးကို ဗြိတိသျှအစိုးရသည် ၁၉၁၀ ပြည့်နှစ်ခန့်ကပင် ကြံစည်ခဲ့သော်လည်း စတင်ဖောက်လုပ်နိုင်ခြင်း မရှိခဲ့။ ၁၉၂၀ ပြည့်နှစ်နှင့် ၁၉၃၀ ပြည့်နှစ်များတွင်လည်း ဗြိတိသျှတို့သည် ယိုးဒယား အာဏာပိုင်များနှင့် ညှိနှိုင်း၍ ယင်းမီးရထားလမ်း ဖောက်လုပ်ရေးကို စီမံခဲ့ကြသေး၏။ သို့သော်အကြောင်းကြောင်းကြောင့် ဖောက်လုပ်နိုင်ခြင်း မရှိခဲ့ဟု သိရ၏။

ဂျပန်တို့ မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးသောအခါ ယိုးဒယားအစိုးရနှင့် ဂျပန်စစ်အ[illegible]က် အာဏာပိုင်များသည် ဤမီးရထားလမ်း ဖောက်လုပ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြ၏။ ယခင် သဘောတူညီချက်အရ ဤမီးရထားလမ်း ဖောက်လုပ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ သံဖြူဇရပ်မှ ဘုရားသုံးဆူ အထိ မီးရထားလမ်းကို မြန်မာနိုင်ငံဘက်မှ တာဝန်ယူဖောက်ရမည်ဖြစ်ပြီး လိုအပ်သော ပစ္စည်းများကို ယိုးဒယား(ထိုင်း) အစိုးရနှင့် ဂျပန်ဘုရင် အစိုးရတို့က ထောက်ပံ့ရမည်ဖြစ်သည်။ ဘုရားသုံးဆူမှ ဘန်ကောက်အထိ လမ်းပိုင်းကို ယိုးဒယားအစိုးရအာဏာပိုင်များနှင့် ဂျပန်စစ်ဘက်အာဏာပိုင်များက တာဝန်ယူရမည်ဖြစ်၏။

မြန်မာတို့ဘက်ကမူ လိုအပ်သော သံလမ်းများကို ရန်ကုန်-မန္တလေး မီးရထား၊ ဒွေးလမ်းမှ မိုင် ၃၀၀ ခန့်ကို ဖြုတ်ယူ၍ ထိုသံလမ်းများကို ယိုးဒယားမြန်မာ မီးရထားလမ်းမကြီးတွင် အသုံးပြုခဲ့သည်ဟု သိရ၏။ ယိုးဒယားဘက်မှ ချေးတပ်များမှာ ယိုးဒယားနိုင်ငံဘက်မှ ဆင်းရဲသားများ၊ မလေးလူမျိုးနွယ်များနှင့် မဟာမိတ်စစ်သုံ့ပန်းများ ဖြစ်ကြသည်။

ထိုစဉ်က မှတ်တမ်းများနှင့် ဤလမ်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော ချွေးတပ်သားများ၏ ဒုတိယကမ္ဘာစစ်ပြီးကာလမှတ်တမ်းများ၊ ဗြိတိသျှအစိုးရစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ ရေးသားပြုစုသော ယိုးဒယား(ထိုင်း)-မြန်မာမီးရထားလမ်း အစီရင်ခံစာများအရ ဖော်ပြရလျှင် ထိုစဉ်က ယိုးဒယား-မြန်မာ လမ်းမကြီး သို့မဟုတ် သေမင်းတမန်လမ်းမကြီး "Death Railway" ဟု အများကကင်ပွန်းတပ်ခဲ့သော မီးရထားလမ်းကြီးမှာ မိုင် ၂၅၈ (ကီလိုမီတာ ၄၁၅) ရှည်လျား၍ ဆောက်လုပ်ခဲ့ရာတွင် မြန်မာလူမျိုးများအပါအဝင် အာရှတိုက်သား အလုပ်သမား ၁၈၀၀၀၀ (တစ်သိန်းရှစ်သောင်း)နှင့် မဟာမိတ်သုံ့ပန်းတပ်သား ၁၀၀၀၀ (တစ်သိန်း) ပါဝင်ခဲ့သည်ဟု သိရ၏။

မှတ်တမ်းအရ ထိုအလုပ်သမားများအနက် ဗြိတိသျှနှင့် မဟာမိတ်ချွေးတပ်သား တစ်သောင်းကျော်နှင့် မြန်မာချွေးတပ်သားပေါင်း ၉၇၀၀ မျှတို့၏ [illegible] တရားကင်းမဲ့စွာ နှိပ်စက်၍ ဖောက်လုပ်စေခဲ့သော လမ်းဖြစ်၏။

ထိုမီးရထားလမ်းရှိ ဇလီဖားတုံးတစ်တုံးသည်ချွေးတပ်သားတစ်ယောက်၏ အသက်နှင့်ညီမျှသည် ဟူ၍ပင် ဆိုစမှတ်ပြုခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ရပြီး ယင်းလမ်းဖောက်ရာတွင် ပါဝင်ခဲ့ရသော ချွေးတပ်သားများ၏ ဒိုင်ယာယီများ၊ ကိုယ်တွေ့မှတ်တမ်းများလက်ဆစ်ချိုးရေတွက်မရအောင် အထောက်အထားများနှင့် စာအုပ်များ ထုတ်ဝေခဲ့ကြသည်။ ဆောင်းပါးများလည်း မရေမတွက်နိုင်အောင် ရေးသားခဲ့ကြသည်။ [ဆရာလင်းယုန်သစ်လွင်ကလည်း "သေမင်းတမန် လမ်းမကြီး" အမည်ဖြင့် သူ၏ ကိုယ်တွေ့ ချွေးတပ်မှတ်တမ်းကို ရေးသားထုတ်ဝေခဲ့ရာ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရပြီး ဂျပန်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့ရသည်ဟု သိရ၏။]

ဂျပန်စစ်ဘက်ဆိုင်ရာ အာဏာပိုင်များသည် ဤလမ်းကို ၁၉၄၃ ခုနှစ်ကုန်ဆုံးချိန်တွင်ပြီးဆုံးစေရန် အပူတပြင်းဇွတ်အတင်းပင် မဟာမိတ်တပ်သားများ၊ မြန်မာလူမျိုးများ၏ သွေးချွေးတို့ဖြင့် ဖောက်လုပ်စေခဲ့၏။ လမ်းဖောက်သူများ၊ တံတားဆောက်ရသူများကို နေပူမိုးရွာမရှောင် နေ့ရောညပါ အဆိုင်းခွဲ၍ ဆောက်လုပ်စေခဲ့သည်။

အဘယ်ကြောင့် ဤသို့ဖောက်လုပ်ခဲ့ရသည်မှာ အထူးအကြောင်းရှိပေသည်။ ထိုစဉ်က ဂျပန်တို့၏ ဒုတိယကမ္ဘာစစ် အောင်မြင်ရေးမှာ ကျဆင်းခဲ့ပြီးဖြစ်သည်။ ဂျပန်တို့၏ မဟာမိတ်ဖြစ်သော နာဇီဂျာမနီနှင့် ဖက်ဆစ်အီတလီတို့မှာလည်း ဥရောပ စစ်မျက်နှာတွင် ရှုံးနိမ့်လျက်ရှိနေသည်။ ဥရောပအရှေ့ဘက် စစ်မျက်နှာတွင် နာဇီဂျာမနီတို့၏ တပ်မကြီးများသည် ဆိုဗီယက် (ယနေ့ရုရှား) တပ်နီတော်၏ ပြင်းပြင်းထန်ထန် မီးကုန်ယမ်းကုန် တိုက်ခိုက်ထိုးနှက်ချက် [illegible]ကြောင့် လက်နက်ချခဲ့ကြရသည့် အနေအထား ဖြစ်လာသည်။

အရှေ့တောင် ပစိဖိတ်အတွင်းရှိ ဂျပန်တို့ သိမ်းပိုက်ထားသော ကျွန်းများကိုလည်း အမေရိကန်ပြည်ထောင်စုရေတပ်မတော်မှ တက်ရောက်သိမ်းပိုက်နိုင်ခဲ့သည်သာမက ဖိလစ်ပိုင်ကျွန်းအားလည်း ပြန်လည်သိမ်းပိုက်နိုင်အောင် ထိုးစစ်ဆင်လာခဲ့ကြသည်။

မြန်မာနိုင်ငံ စစ်မျက်နှာတွင်လည်း ဗြိတိသျှတပ်မတော်မှ တပ်မအချို့အား မေဂျာဂျင်နရယ် ဝင်းဂိတ်ခေါင်းဆောင်သော ခြင်ဒစ်တပ်ဖွဲ့သည် လေကြောင်းမှ မြန်မာနိုင်ငံအတွင်း မိုင် ၂၀၀ ကျော် ထိုးဖောက်ဝင်ရောက်၍ ဂျပန်ကင်းစခန်းများ၊ ဆက်သွယ်ရေးစခန်းများ၊ ရိက္ခာပစ္စည်း သိုလှောင်သည့်စခန်းများတို့ ဖျက်ဆီးနိုင်ခဲ့သည်သာမက မီးရထားလမ်းများ၊ တံတားများကိုပါ ဖျက်ဆီးနိုင်ခဲ့သည်။ ထို့ပြင် ဗြိတိသျှတို့သည် အမေရိကန်ပြည်ထောင်စုမှ တပ်ဖွဲ့များ၊ တရုတ်တပ်မများ၏ အကူအညီနှင့် မြန်မာနိုင်ငံအတွင်းသို့ ထိုးစစ်ဝင်ရောက်ရန် ပြင်ဆင်နိုင်ခဲ့သည့် အနေအထား ဖြစ်လာသည်။

သို့ဖြစ်၍ ဂျပန်စစ်ဘက် အာဏာပိုင်များသည် အိန္ဒိယနိုင်ငံ မြောက်ဘက်ဒေသရှိ ဗြိတိသျှတို့၏ အခြေခံစစ်စခန်းများဖြစ်သော မဏိပူရပြည်နယ်ရှိ အင်ဖာနှင့် ကိုဟီးမားတို့အား သိမ်းပိုက်နိုင်ရေးအတွက် အရှေ့တောင်အာရှမှ ဂျပန်တပ်များကို အလျင်အမြန် ပို့ဆောင်နိုင်စေရန် အထက်ဖော်ပြပါ ယိုးဒယား-မြန်မာလမ်းမကြီးကို အပူတပြင်း ဖောက်လုပ်ခဲ့ကြရတော့၏။

အချို့မှတ်တမ်းများအရ ထိုလမ်းမကြီး တစ်မိုင်လျှင် မဟာမိတ်စစ်သုံ့ပန်း ၄၇ ဦးနှင့် အာရှတိုက်သား ချွေးတပ်အလုပ်သမားပေါင်း ၃၄၆ ဦးစီ သေဆုံးခဲ့ရသည်ဟု ဆိုရာ အမှန်တကယ် "သေမင်းတမန်လမ်းမကြီး" ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤဆောင်းပါးအစတွင် ဖော်ပြသည့် ကျွန်တော်တို့ မြန်မာနိုင်ငံမှထုတ်ဝေသော ကြေးမုံသတင်းစာကြီးပါ သတင်းအရဆိုလျှင် ဖောက်လုပ်ရမည့် လမ်းသစ်မှာ မြန်မာနိုင်ငံ သံဖြူဇရပ်မှ ဘုရားသုံးဆူအထိ ၆၅ မိုင်ရှိပြီး ချောင်းပေါင်း ၂၇ ချောင်းရှိရာ အဲဆိုပါ နေရာများတွင် တံတားများ တည်ဆောက်ကြရမည်ဖြစ်သည်။

မှတ်တမ်းများအရ ယခင် ယိုးဒယား-မြန်မာ မီးရထားလမ်းမကြီးတွင်မူ တံတားပေါင်း ၆၈၈ စင်းတည်ဆောက်ခဲ့ကြရသည်ဟု သိရ၏။

၂၅၈ မိုင်တွင် တံတားပေါင်း ၆၈၈ စင်းရှိသည်ဟုဆိုရာ အံ့ဖွယ်သရဲပင် ဖြစ်တော့သည်။ ထိုတံတားများကို တည်ဆောက်စဉ်ကမူ အင်ဂျင်နီယာများနှင့် ချွေးတပ်သားများအဖို့ ယခုခေတ်အခါကဲ့သို့ ခေတ်မီ စက်ယန္တရားများ၊ ဝန်ချီစက်များလည်းမရှိ၍ ချွေးတပ်သားတို့၏ သွေးချွေးနှင့်ရင်းနှီးကာ ဆောက်လုပ်ခဲ့ရခြင်းဖြစ်ရာ များစွာ ဂုဏ်ယူဖွယ်ကောင်းသည်။

ဤဆောင်းပါး တစ်နေရာတွင် ဖော်ပြခဲ့သော "ကွေမြစ်ပေါ်မှတံတား" ရုပ်ရှင်ကား ရိုက်ကူးခဲ့သည့် မူရင်းဝတ္ထုပါ အချက်အလက်တို့မှာ အမှန်တကယ်ရှိခဲ့သော တံတားနှင့် ဖြစ်စဉ်အချို့ကို မှီငြမ်း၍ စာရေးဆရာက သူ၏ဝတ္ထုရေးနည်း အတတ်ပညာဖြင့် ရေးသားဖော်ပြခဲ့ခြင်းဖြစ်၏။

မှန်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံ စစ်မျက်နှာတွင် တာဝန်ယူခဲ့ရသော အမေရိကန်ပြည်ထောင်စု အမှတ်-၁၀ လေတပ်မတော်၏မှတ်တမ်းများအရဆိုလျှင် ယင်းလေတပ်မတော်မှ ထိုစဉ်က "T 333" အဝေးပျံ ဗုံးကြဲလေယာဉ်ကြီးများသည် သေမင်းတမန် မီးရထားလမ်းပေါ်ရှိ တံတားကြီးများကို အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက် ဖျက်ဆီးပစ်ခဲ့ကြရသည်ဟု ဆိုသည်။

အထက်ဆောင်းပါး တစ်နေရာတွင် ဖော်ပြခဲ့သည့် ကိုဟီးမား၊ အင်ဖာတိုက်ပွဲကြီးများတွင် ဗြိတိသျှတို့သည် တပ်မကြီး ခြောက်တပ်ကိုသာ အသုံးပြုနိုင်သည်ဟု သိရ၏။

ဂျပန်တို့ကမူ ယင်းတိုက်ပွဲခွင်နှင့် မြန်မာနိုင်ငံအတွင်းသို့ စစ်ဆင်လာမည့် ဗြိတိသျှ အမှတ်-၁၄ တပ်မတော်ကြီးအား ခုခံကာကွယ်ရန် တပ်မဟာကြီးပေါင်း ၁၀ တပ် အသုံးပြုနိုင်ရန် စီစဉ်ခဲ့ကြသည်။

ထိုတပ်မကြီးများအတွက် ရိက္ခာပစ္စည်း၊ စစ်အသုံးအဆောင်၊ ခဲယမ်းမီးကျောက်များကို အချိန်မီ ရှေ့တန်းသို့ ပို့ဆောင်နိုင်စေရန် ဤသေမင်းတမန် မီးရထားလမ်းကို အသုံးပြုခဲ့ရာ အမေရိကန်ပြည်ထောင်စု အမှတ်-၁၀ လေတပ်မတော်မှ ဗုံးကြဲလေယာဉ်ကြီးများသည် ဤလမ်းမကြီးပေါ်မှ တံတားများကို အပြင်းအထန် ဗုံးကြဲဖျက်ဆီးခဲ့ကြသည်။

တံတားပေါင်း ၆၈၈ စင်းအနက် အကြီးမားဆုံးတံတားမှာ ကွေယိုင်မြစ်ပေါ်မှ တံတားအမှတ် ၂၇၇ ဖြစ်သည်။ ယင်းတံတားအား ဒေသခံများက ခိုဖရာတံတားဟု ကင်ပွန်းတပ်ထားကြသည်။ ကွေယိုင်မြစ်မှာ ကိုက်တစ်ရာကျော်ကျယ်ရာ လမ်းတံတားတည်ဆောက်ရသော အင်ဂျင်နီယာများမှာ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေး၍ ပုံစံထုတ်ခဲ့ရပြီး ခက်ခက်ခဲခဲ တည်ဆောက်ရသော တံတားဖြစ်သည်။

မှတ်တမ်းအရ ထိုတံတားကို ချွေးတပ်သားပေါင်း ၆၀၀ ကျော် အသေခံ၍ တည်ဆောက်ရသဖြင့် ဒေသခံများကမူ မိစ္ဆာတံတားဟု ကင်ပွန်းတပ်ခဲ့ကြသည်။

ယင်းတံတားကြီးမှာ သေမင်းတမန်လမ်းမကြီးတွင် အထူးအရေးပါအရာရောက်သော တံတားဖြစ်ရကား တံတားကြီး၏ထိပ် တောင်ပူစာများပေါ်တွင် တံတားကြီးအား ကာကွယ်ရန် အမြောက်ကြီးများ၊ ကင်းကတုတ်များ တည်ဆောက်ထား၏။

ဤသေမင်းတမန် မီးရထားလမ်းသည် အမေရိကန်ပြည်ထောင်စု လေတပ်မတော် အမှတ်-၁၀ တပ်စခန်းနှင့် အတော်ကွာလှမ်းသည်ဟု ဆိုရမည်ဖြစ်၏။ ထိုစဉ်က အမေရိကန်ပြည်ထောင်စု အမှတ်-၁၀ လေတပ်မတော် ဌာနချုပ်မှာ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ ငါးမိုင်ခန့်ကွာလှမ်းသော မဂ်ဟိန်ဂက်ဂျ် ဟူသော နေရာတွင်ဖြစ်သည်။

သို့သော် အမေရိကန် ပြည်ထောင်စုမှ နောက်ဆုံးတည်ဆောက်သော "T 333" လေယာဉ်ကြီးများမှာ မိုင်ပေါင်းများစွာ အကွာအဝေးကို ပျံသန်းနိုင်ကြသည်။

ထိုဗုံးကြဲလေယာဉ်ကြီးများသည် ၁၉၄၅ ခုနှစ် နှစ်ဆန်းပိုင်းမှ မတ်လအတွင်း အကြိမ်ပေါင်း ၅၂ ကြိမ်တိတိ ပျံသန်းသွားရောက်ခဲ့ကြပြီး သေမင်းတမန် လမ်းမကြီးပေါ်ရှိ တံတားများ၊ ဂျပန်စစ်စခန်းများ၊ မီးရထားလမ်းများတို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။

အထက်ဖော်ပြပါ တံတားကြီးကိုမူ အမေရိကန်ပြည်ထောင်စု အမှတ်-၁၀ လေတပ်မတော်မှ အုပ်စု အမှတ်-၇ တပ်ဖွဲ့မှ ဗုံးကြဲလေယာဉ်ကြီးများက အစရှာမရအောင် ဗုံးကြဲဖျက်ဆီးနိုင်ခဲ့သည်ဟု ဆိုကြပါကြောင်း။

❒ ဇော်မိုး(ပညာရေး)

ကျမ်းကိုး

(၁) The Burma Road By
D. Webster
(၂) အင်တာနက်မှ



www.burmeseclassic.com

www.burmeseclassic.com

# ဗားနတ်ပိဋကတ်တိုက်

ဓာတ်ပုံမောင်မောင်အေး




မြန်မာနိုင်ငံ၌ ပထမဆုံး အများပြည်သူ ရှင်လူရဟန်းတို့အား အခမဲ့ လေ့လာဖတ်ရှုခွင့်ပြုသည့် စာကြည့်တိုက်သည် ဗားနတ်ပိဋကတ်တိုက် ဖြစ်သည်။ ဗားနတ်ပိဋကတ်တိုက်ကို ၁၈၈၃ ခုနှစ်တွင် အင်္ဂလိပ်အစိုးရ၏ အောက်မြန်မာနိုင်ငံတော် မဟာဝန်ရှင်တော်မင်းကြီး ဆာချားဗားနတ်က မတည်ဖွင့်လှစ်ပေးရာ သူ့အား ဂုဏ်ပြုသောအားဖြင့် ဗားနတ်ပိဋကတ်တိုက်ဟု အမည်မှည့်ခေါ်ခဲ့သည်။

ဗားနတ်ပိဋကတ်တိုက် စတင်တည်ထောင်စဉ်က ဆာချားဗားနတ်သည် မိမိပိုင်စာအုပ်များဖြင့် အရင်းတည်ကာ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ၁၈၈၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ရာ ယနေ့ဆိုလျှင် (၁၂၆)နှစ်ရှိပြီ ဖြစ်သည်။ စတင်တည်ထောင်သည့်နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ အ. ထ. က ကျောင်းနေရာတွင် ဖြစ်သည်။

ဗားနတ်ပိဋကတ်စာအုပ်တိုက်သို့ ပထမဆုံး စာအုပ်စာတမ်းများ လှူဒါန်းကြသူများမှာ မြန်မာနိုင်ငံ တရားဝန်ကြီးဂျာဒင်းနှင့် ရန်ကုန်ကောလိပ်ပါမောက္ခ ချီလာဒါတို့ဖြစ်သည်။ မြန်မာအမျိုးသားထဲမှ လှူဒါန်းသူများမှာ ရန်ကုန်မြို့မ ဦးမြို့နှင့် ဦးဖိုးမျှင်တို့ ဖြစ်သည်။ ဦးမြို့နှင့် ဦးဖိုးမျှင်တို့က ငွေတစ်သောင်းတန် ပေမူပုရပိုက်များကို ရေစက်ချလှူဒါန်းခြင်းပြုကြ၏။

၁၉၂၀ ပြည့်နှစ်တွင် ကင်းဝန်မင်းကြီး ပိဋကတ်တော်များကို ငွေတစ်သောင်းငါးထောင် ပေးဝယ်ကာ ဖြည့်သွင်းခဲ့၏။ ၁၉၂၄ ခုနှစ်တွင် ပုဂံဝန်ထောက်မင်းဦးတင်၏ ပိဋကတ်တိုက်ကို ငွေငါးထောင်ကျပ်ပေး၍ ဝယ်ယူကာ ဗားနတ်ပိဋကတ်တိုက်ကို ချဲ့ထွင်ခဲ့ပြန်သည်။ ယင်းသို့တစ်စတစ်စ စုဆောင်းလာခဲ့ရာ ၁၉၄၀ ပြည့်နှစ်တွင် ဗားနတ်ပိဋကတ်တိုက်၌ စာအုပ်ပေါင်း (၁၉၆၈၃)အုပ်မျှ စုဆောင်းမိလာ၏။

၁၉၄၂ ခုနှစ်သို့ ရောက်သောအခါ ဗားနတ်ပိဋကတ်တိုက်၌ ပုံနှိပ်စာအုပ်ပေါင်း (၂၀၃၀၅) အုပ်နှင့် ပေမူပုရပိုက်မူပေါင်း (၇၅၀၀)စုဆောင်းမိပြီး ဖြစ်လေသည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ်ဘေးဒဏ်ကြောင့် ပိဋကတ်တိုက်၏ ပရိဘောဂနှင့် စာအုပ်တန်ဖိုး ရာခိုင်နှုန်း ၉၀ ဆုံးရှုံးရလေသည်။ စစ်ပြီးကာလ ဗားနတ်ပိဋကတ်တိုက်တွင် စာအုပ်ပေါင်း (၆၀၀၀) လောက်သာ ကျန်ရှိခဲ့တော့၏။ သို့ရာတွင် အလွန်ရှားပါးလှသော ပေပုရပိုက်များ အားလုံးလိုလို ပြန်လည်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဖွယ် ဖြစ်လေသည်။

ဗားနတ်ပိဋကတ်တိုက်ကို တည်ထောင်စက အစိုးရပညာရေး ဆင်တီကိတ်က အုပ်ချုပ်ခဲ့၏။ ၁၉၂၃ ခုနှစ်မှစ၍ အစိုးရက နှစ်စဉ် ကျပ် ၈၀၀၀၊ ရန်ကုန် မြူနီစီပယ်အဖွဲ့က ငွေကျပ် ၃၆၀၀ ချီးမြှင့်ထောက်ပံ့လေသည်။

ပိဋကတ်တိုက်ကိုလည်း မူလအဆောက်အအုံမှ ရန်ကုန်မြူနီစီပယ် အဆောက်အအုံအောက်ထပ် အရှေ့တောင်ထောင့်အခန်းသို့ ပြောင်းရွှေ့ခဲ့လေသည်။

ဗားနတ်ပိဋကတ်တိုက်သည် ပိဋကတ်တိုက်ခွဲများ မရှိချေ။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ဗားနတ်ပိဋကတ်တိုက်ကို ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့လေသည်။ ရန်ကုန်မြူနီစီပယ်အဖွဲ့က ငွေကျပ် ၁၂၀၀၊ အစိုးရက ငွေကျပ် ၅၀၀၀ ထောက်ပံ့လေသည်။ ၁၉၅၂ ခုနှစ်တွင် ဗားနတ်ပိဋကတ်တိုက်ကို မြူနီစီပယ် အဆောက်အအုံမှ ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီအဆောက်အအုံသို့ ပြောင်းရွှေ့ခဲ့လေသည်။

ထိုသို့ပြောင်းရွှေ့ပြီး ဗားနတ်ပိဋကတ်တိုက်ကို အစိုးရသို့ ပေးအပ်လိုက်၏။ မြန်မာနိုင်ငံအစိုးရက ဗားနတ်ပိဋကတ်တိုက်ကို ယဉ်ကျေးမှုဝန်ကြီးဌာန "နိုင်ငံတော်စာကြည့်တိုက်" အဖြစ်ဖြင့် ၁၉၅၂ ခုနှစ်၊ ဇွန်လတွင် ဖွင့်လှစ်ခဲ့လေသည်။

❒ ဓာတ်ပုံမောင်မောင်အေး

<u>ကိုးကား</u>

မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ထဲက ငွေရှာနေ

**ဝိနိုဝင်းမော်**



ဟော်လန်နိုင်ငံသူ (စာရေးသူ) အင်ဂရစ် နှင့် မိုတာလစ် (ထိုင်လျက်ဝဲစွန်)တို့အား မိသားစုများနှင့်အတူ

ဘင်္ဂလားဒေ့(ရှ်)၏ လူဦးရေထူထပ်သော မြို့တော်ဒက္ကာသို့ ကျွန်မတို့ ဆိုက်ရောက်သည်မှာ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ၏ ပူပြင်းအိုက်စပ်သော တစ်ရက်။

ကျွန်မတို့၏ အငှားယာဉ်မောင်းက ရှုပ်ထွေးတက်ကြွစွာ လှုပ်ရှားနေကြသောသူများဖြင့် ပြည့်နေသည့် မြို့၏ လမ်းများတွင် အော်ဟစ်ကျိန်ဆဲကာ ရှောင်တိမ်းကွေ့ကောက် မောင်းနှင်နေ၏။ မီးခိုးများမှုတ်ထုတ်လွှမ်းခြုံစေသော ဆိုင်ကယ်တက္ကစီများ၊ ကားအို ကားဟောင်းများ၊ လူပြည့်ကျပ်နေသော ဘတ်(စ်)ကားများနှင့် လျင်မြန်စွာ သွားလာနေသော လန်ချားများ ဝိုင်းရံလျက်ရှိစဉ် မိုတာလစ်က ငြိမ်သက်လျက်ရှိ၏။

သူ၏မျက်လုံးအစုံက လမ်းပေါ်တွင် အစုတ်အနုပ်များ ဝတ်ဆင်ထားသော ကလေးများဆီသို့ ရောက်သွားသည်။ အသက်ငါးနှစ်ခန့် ပိန်ညှပ်ညှပ်ယောက်ျားလေးတစ်ယောက်ကဘောင်းဘီတိုနွမ်းနွမ်းလေးကို ဝတ်ဆင်ကာ ငိုယိုနေသော ကလေးငယ်ကို ပွေ့ချီလျက် လမ်းသွားလမ်းလာများထံမှ ငွေတောင်းခံနေသည်။

"အဲဒီကလေးကို သူငှားလာတာဖြစ်မယ်"ဟု မိုတာလစ်က ကျွန်မကို ပြောသည်။

"အဲလိုလုပ်ရင် ငွေပိုပြီးရတယ်"

လွန်ခဲ့သော(၁၇)နှစ်က မိုတာလစ်ကိုယ်တိုင်ပင် လမ်းပေါ်မှ ကလေးကလွင့်လေး ဖြစ်ခဲ့သည်။ ထိုအတွေးအာရုံများက ထင်လင်းစွာပြန်လည်ပေါ်လာ၏။ သူ့မျက်နှာကိုအခြားတစ်ဖက်သို့ ရှုတ်တရက်လှည့်လိုက်သည်။ သို့သော် ကျွန်မက သူငိုနေသည်ကို တွေ့မြင်လိုက်ရသည်။

❂

ကျွန်မက ကာရစ်ဘီယံကျွန်းတွင် ဆေးဆိုင်လက်ထောက်အဖြစ်လုပ်ကိုင်လျက်ရှိစဉ် အရူဘ(Aruba)မြို့၌ မိုတာလစ်နှင့် တွေ့ခဲ့သည်။ သူက ဘယ်ကပေါ်လာမှန်း မသိဘဲ စတင်မိတ်ဖွဲ့ခဲ့သည်။

"ဟိုင်း. . . ကျွန်တော်က မိုတာလစ်ဝိုက်(ဂ်ျ)တား(စ်)ပါ"

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလတွင် နယ်သာလင်နိုင်ငံ ဖွဲ့နွှောင်းရာသီ၏ အေးမြမြအငွေ့အသက်ကို မစွန့်ခွာမီ ကျွန်မက အမေ့ကို ရယ်သွမ်းသွေးကာ ပြောခဲ့သည်။

"ကျွန်မ လောင်းရဲတယ်၊ ကျွန်မ သန်းကြွယ်သူဌေးချောချောတစ်ယောက်ကို အမိဖမ်းပြီး သူကြွယ်ဘဝနဲ့ ပြန်လာခဲ့မယ်"

ကမ္ဘာလောကကြီးထဲသို့ ပထမဦးဆုံးအကြိမ် တစ်ကိုယ်တည်းတိုးဝင်ခဲ့သော (၁၉)နှစ်သမီးတစ်ဦး၏ အိပ်မက်လှလှပင်။ အမေကလည်း ကျိစယ်ကာ ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီး အဲလိုဖြစ်မှာကျိန်းသေပါတယ် ဟန်နီ"

အသားညိုညိုနှင့် သေးသွယ်သော မိုတာလစ်သည် ကျွန်မ၏အိပ်မက်ထဲမှလူနှင့် နည်းနည်းမျှမတူ။ ပထမတွင် သူ့ကို ထူးဆန်းနေသလိုထင်မိ၏။ သို့သော် မကြာမီမှာပင် သူ၏ပျော်ရွှင်တက်သည့်စရိုက်၊ နွေးထွေးမှုနှင့် ရက်ရောမှုတို့အပေါ် ကျွန်မက စိတ်ညွတ်ခဲ့၏။

အရှေ့ဘက်ကမ်းခြေတွင် အတူတကွလမ်းလျှောက်ကြစဉ် မိုတာလစ်က သူ့မိသားစုအကြောင်းကိုပြောပြသည်။

သူက အသက်ခြောက်နှစ်ခန့်တွင် ၁၉၇၇ ခုနှစ်၌ သူ့ကို မွေးစားခဲ့သော ဒတ်(ချ်) ဖခင်နှင့် မိခင်တို့ကို ချစ်ခင် လေးစားသော်လည်း သူ၏ဘင်္ဂလားဒေ့ရှ် မိဘနှစ်ပါးမှာ အသက်ရှင်လျက်ရှိနေသေးခြင်း ရှိ,မရှိ သိချင်စိတ် ပြင်းပြလှ၏။

"ကိုယ်က သူတို့ကို နှုတ်ပင်မဆက်ဘဲ ထွက်ခွာလာခဲ့တာ"ဟု ကျွန်မကို ရင်ဖွင့်ခဲ့သည်။

ဆင်းရဲနွမ်းပါးလှသော ဘင်္ဂလားဒေ့ရှ်တွင်နေရသည့် စိတ်မချမ်းမြေ့ဖွယ်ဘဝမှ လွတ်မြောက်လိုသည်။ ထိုစဉ် မိဘမဲ့ဂေဟာမှ လူတစ်ယောက်က သူ့ကိုချဉ်းကပ်လာသောအခါ မိုတာလစ်က ထိုလူနှင့်အတူ လိုက်ပါသွားခဲ့သည်။ ငွေကြေးချမ်းသာသော အနောက်နိုင်ငံမှ မိသားစု၏ မွေးစားခြင်းကိုခံရရန် အခွင့်အလမ်းအတွက် သူက မိဘမဲ့တစ်ဦးပါဟု ပြောရမည်ကို သိသည်။ လေးလကြာပြီးသောအခါ သူက နယ်သာလင်သို့ ပျံသန်းလျက်ရှိသော လေယာဉ်ပျံပေါ်တွင် ရောက်ရှိနေပေပြီ။

"ကလေးတစ်ယောက်အနေနဲ့ ဒီတစ်လမ်းပဲ ကိုယ်တွေးမိတယ်၊ ဒါပေမဲ့ ကိုယ့်ရဲ့ သွေးသားတော်စပ်တဲ့ မိဘတွေအကြောင်း အိပ်မက်မမက်ဘဲကို မနေနိုင်ခဲ့ဘူး"

မိုတာလစ်က ကျွန်မ၏လက်ကို လှမ်းကိုင်လိုက်သည်။

"အင်္ဂလိပ် ဘင်္ဂလားဒေ့ရှ်မှာ လူအတော်များများဟာ ငယ်ငယ်ရွယ်ရွယ်နဲ့သေကြတယ်၊ အချိန်မနှောင်းမီ ကိုယ့်မိဘတွေကို တွေ့မှဖြစ်မယ်"

သူက ကျွန်မကို စူးစမ်းသလိုကြည့်ကာ ဆက်ပြောသည်။

"မင်း ကိုယ်နဲ့အတူ လိုက်ချင်သလား"

ဒါပေါ့။ လိုက်မှာပေါ့။

အရှေ့ဘက်ဟိုတယ်တွင် အလုပ်သင်ဝန်ထမ်းရေးရာမန်နေဂျာအဖြစ် လုပ်ဆောင်နေသော မိုတာလစ်က ကျွန်မထက်စော၍ ပြီးစီးခဲ့ကာ သူက ကျွန်မအရင် နယ်သာလင်သို့ ပြန်နှင့်သည်။ ကျွန်မ, နယ်သာလင်သို့ပြန်ရောက်ချိန်တွင် သူက စားသောက်ဆိုင်တစ်ဆိုင်၌ စားပွဲထိုးအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး သူ့မွေးဌာနေသို့သွားရန် လမ်းစရိတ်အဖြစ် ငွေအမြောက်အမြားစုမိနေခြင်းက သူ၏စိတ်ဓာတ်အင်အားကို သက်သေထူသည်။ ကျွန်မကလည်း တတ်နိုင်သမျှ စုဆောင်းကာ ဘင်္ဂလားဒေ့ရှ်အကြောင်း ရနိုင်သမျှရှာဖွေဖတ်သည်။

လူဦးရေ သန်း ၁၂၀ ကျော်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာတွင် လူဦးရေအထူထပ်ဆုံးနှင့် အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဖြစ်၏။ အစာရေစာ၊ ကျောင်းနှင့် ဆေးကုသရေးဆိုင်ရာ ဝန်ဆောင်မှုများမှာ များစွာချို့တဲ့သည်။ လူဦးရေ၏ ရာခိုင်နှုန်း ၆၀/၇၀ မှာ စာမတတ်ကြ။ ကောက်ပဲသီးနှံတို့မှာ ရေကြီးမှုကြောင့် ပုံမှန်လိုလို ပျက်စီးဆုံးရှုံးကြရသည်။ ကလေးများက မဖြစ်မနေကိုယ့်ဘဝကိုယ်ကျောင်းကာ ဖိနပ်တိုက်ခြင်း၊ တောင်းရမ်းစားသောက်ခြင်းနှင့် မကောင်းသောအလုပ်များကိုပင် လုပ်ကြရသည်။

၁၈ လ အတွင်း ကျွန်မတို့က ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ရန် ငွေကြေး စုဆောင်းမိခဲ့ကြပါပြီ။

⊛

ဒက္ကာမြို့တွင် နာကြည်းဖွယ်အတိတ်နှင့် ရင်ဆိုင်ရမှုက မိုတာလစ်အား သုံးရက်တာမျှ မျှော်လင့်ချက်မဲ့သလို ဖြစ်စေခဲ့သည်။ သို့သော် ကျွန်မသိသော နူးညံ့လန်းဆန်းသည့်လူငယ်တစ်ဦးအသွင် ပြန်လည်ပေါ်လာခဲ့၏။

"ကိုယ်တို့ လုပ်ငန်းစဖို့အချိန်တန်ပြီ"ဟု သူက ကျွန်မကိုပြောသည်။

"မနက်ဖြန်မှာ ဘာရီဆယ်(လ်) (Barisal) ကိုသွားကြမယ်"

ဂင်္ဂါမြစ်၏ မြစ်ဝကျွန်းပေါ်တွင် တည်ရှိသော ဤမြို့တော်၏လမ်းများပေါ်တွင် သူက ကျင်လည်ခဲ့သည်။ ကျွန်မတို့ ဤနေရာကို အခြေပြုလှုပ်ရှားကြမည်။

မိုတာလစ်က သူ့မိဘများ၏ အမည်အပြည့်အစုံနှင့် သူတို့နေခဲ့သော ရွာအမည်ကိုလည်းမမှတ်မိ။ သူ့အမေ၏ အမည်တစ်ပိုင်းတစ်စမှာ ရိုကီယာဖြစ်ကြောင်းနှင့် သူတို့နေထိုင်ရာရွာသို့ သွားသော မော်တော်သည် ဘာရီဆယ်(လ်) ဆိပ်ကမ်းမှ ထွက်ကာ ဘယ်ဘက်သို့ ဂင်္ဂါမြစ်အတိုင်း ဆန်တက်ကြောင်းသာ မှတ်မိ၏။ နာရီအနည်းငယ်ကြာအပြီးတွင် သူ့မိဘများနေထိုင်သော တဲအနီးတွင် ဆိုက်ကပ်သည်။

ဘာရီဆယ်(လ်)သို့ရောက်ရှိပြီးနောက် ကျွန်မတို့က တည်းခိုမည့်ဟိုတယ်တွင် စခန်းချလိုက်သည်။ မျှော်လင့်ချက်အပြည့်ဖြင့် ကျွန်မတို့က မြစ်ဆိပ်သို့သွားကာ မော်တော်ငယ်တစ်စင်းကို ငှားရမ်းခဲ့သည်။

မြစ်ကြောင်းအတိုင်း ဆန်တက်သွားစဉ် မကြာမီမှာပင် ဂင်္ဂါမြစ်က မြစ်လက်တက်များ အနည်းဆုံး တစ်ထောင်ခန့်ရှိပြီး ရွာငယ်လေးများကလည်း အလားတူရှိကြောင်း သိလာရသည်။ မိုတာလစ်၏ မိသားစုကိုရှာဖွေရန်မှာ မဖြစ်နိုင်သောကိစ္စရပ်သဖွယ်ပင်။

ကျွန်မတို့က ဟိုမေးဒီစမ်း လုပ်သည်။ မော်တော် ဆိုက်ကပ်သည်နှင့် ကျွန်မတို့၏ စကားပြန်က မိုတာလစ်မိခင် ရိုကီယာ ဘယ်မှာနေသည်ကို သိသူရှိ,မရှိ မေးမြန်း၏။ ရွာတိုင်းတွင် ရိုကီယာဆိုသူ အတန်များများရှိပြီး သူတို့၏သား မိုတာလစ်ကို နှစ်ပေါင်းများစွာက ပျောက်ဆုံးခဲ့ကြောင်း ပြောဆိုကြသည်။ လူတိုင်းက ဆင်းရဲတွင်းမှ လွတ်ပေါက်အဖြစ် အနောက်နိုင်ငံမှ မိသားစုတစ်ဦးကို လိုလားကြသည်။ မိုတာလစ်၏ မိသားစုအကြောင်းအစစ်စုံ





www.burmeseclassic.com

www.burmeseclassic.com

တစ်ရာသီလျှင် ဘာရီဆယ်(လ်)ရှိ ကျွန်မတို့၏ ဟိုတယ်သို့ လာရောက်ကြရန် လက် ကမ်းစာစောင်များ ဖြန့်ဝေသည်။ ဤပြုမူချက်က မိသားစုဝင်များဟု ဆိုသောသူ အများအပြား ပေါ်ပေါက်လာစေခဲ့ပြန်၏။

ရက်သတ္တပတ် အနည်းငယ်ကြာအပြီးတွင် ကျွန်မတို့ ဆက်ပြီးသည်း မခံနိုင်တော့။ လာလက်စနှင့် အားလပ်ရက်အတွင်း ဒက္ကာမှတစ်ဆင့် အိန္ဒိယသို့ အလည်သွားရန် ဆုံးဖြတ်ခဲ့သည်။ မိုတာလစ်က သူ၏ဘင်ဂါလီမိသားစုကို ဘယ်တော့မှ ရှာမတွေ့နိုင်တော့ဟု လက်ခံလုနီးပါး ရှိနေပါပြီ။

ကျွန်မတို့က ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်နေစဉ် အခန်းတံခါးကို ညင်သာစွာ ခေါက်သံကြားလိုက်ရသည်။ တံခါးဝတွင် ပိန်ဖိန်ယောကျ်ားလေး တစ်ယောက်က ရပ်နေကာ သူသည် မိုတာလစ်၏ ညီငယ်တစ်ဦးဖြစ်သည့် မိုစလန်ဟောင်လေဒါဖြစ်ကြောင်း မရွံ့မရဲဖြင့် မိတ်ဆက်သည်။ မိုတာလစ်၏ မျက်နှာက တင်းမာသွားသည်။ သူက စိတ်ပျက်ဖွယ်ရာများကို ငြီးငွေ့နေပါပြီ။

"ငါတို့ အချိန်မရှိတော့ဘူးကွာ" ဟု တင်းမာစွာပြောသည်။

"ဒက္ကာကိုသွားမယ့်သင်္ဘောက တစ်နာရီအတွင်း ထွက်ခွာတော့မှာ"

ကောင်လေးက နှင်ထုတ်မခံပါ။

"ကျွန်တော်တို့ အတူထွက်ပြေးခဲ့ကြတာလေ၊ ခင်ဗျား မမှတ်မိဘူးလား" ဟု သူက မေးသည်။

"ခင်ဗျားက ကျွန်တော့်ကို အတူခေါ်သွားပြီး စောင့်ရှောက်ပါ့မယ်လို့ ကတိပေးခဲ့တယ်လေ"

မိုတာလစ် မျက်လုံးအစုံ၏ ကြည့်ပုံ ပြောင်းလဲလာသည်ကို ကျွန်မ မြင်ရသည်။ မိုစလန်ကလည်း မြင်၏။ လျှင်မြန်စွာဆက်ပြီးပြောသည်။

"ကျွန်တော်က ဗိုက်ဆာလို့ ငိုပြီး အိမ်ကိုပြန်သွားခဲ့တယ်"

မိုတာလစ်၏ မယုံသင်္ကာအမူအရာများ ကွယ်ပျောက်စပြုလာသည်။ သို့သော် နောက်ထပ်မေးခွန်းများမေးရန် အချိန်မရှိတော့။

ဒက္ကာတွင် သင်္ဘောမီရန် ဆိုပါက ကျွန်မတို့ ထွက်ခွာရတော့မည်။

"မင်းသာ ငါ့ရဲ့ညီ တကယ်ဖြစ်တယ်ဆိုရင် ငါတို့နဲ့ ဒက္ကာကိုအတူလိုက်ဖို့ ဝန်မလေးဘူးပေါ့" ဟု မိုတာလစ်က ပြောသည်။

မိုစလန်က ခေါင်းကို တွင်တွင်ခါ၏။

သို့ဖြင့် ကျွန်မတို့သုံးယောက်နှင့် စကားပြန်တို့သည် လူပြည့်ကျပ်နေသော ကူးတို့သင်္ဘောပေါ်သို့ တက်ခဲ့ကြသည်။ ဝန်စည်စလယ်များဖြင့် များပြားလှသော လူအုပ်ကြီးကို ခက်ခဲစွာ ကျော်ဖြတ်ကာ ကျွန်မတို့၏ အခန်းဆီသို့ ရောက်ရှိခဲ့ကြသည်။ အခန်းယူခဲ့ရခြင်းမှာ လိုအပ်ချက်အရဖြစ်ပါသည်။ ကျွန်မတို့က ဘာရီဆယ်(လ်) တစ်ပိုက်တွင် ကျော်စောမှုဖြစ်ကာ စပ်စုလိုသောသူများ၏ချဉ်းကပ်မှု အစဉ်တစိုက်ခံနေရသောကြောင့် ဖြစ်ပါသည်။

မိုတာလစ်က မိုစလန်ကို မေးခွန်းများ အဆက်မပြတ်မေးခဲ့သည်။ သို့တိုင် သူတို့ညီအစ်ကိုတွေဖြစ်ကြောင်း ခိုင်မာသည့် သက်သေအထောက်အထား မရှိသေး။

"ရှင့်အမေ ဒေသကြောင်းကြံဖို့ ကြိုးစားတဲ့အကြောင်းကို မေးပါလား" ဟု ကျွန်မက မိုတာလစ်ကို တိုက်တွန်းလိုက်၏။

သူခင်ပွန်း၏ ညှဉ်းပန်းမှုဒဏ်မှ လွတ်မြောက်ရန် ရိုကီယာက အဆိပ်သောက်၍ သေကြောင်းကြံခဲ့သည်။ မိုတာလစ်၏အတွေးအာရုံတွင် မထိန်းနိုင် မသိမ်းနိုင် ဘွန်းလိမ့်နေသော မိခင်၏ပုံရိပ်က ထာဝရစွဲနေသည်။ မိုစလန်သာ ထိုမရှိမဲ့ရှိမဲ့ဖြစ်ခဲ့ရသော ခေတ်လမ်း၏ နိဂုံးကိုသိလျှင် သူ၏ညီအရင်း ဖြစ်မည်မှာ သံသယရှိစရာမလိုတော့။

"အဖေက အမေ့ကို အနိုင်ကျင့်ခဲ့တာ" ဟု သူကဖြေသည်။

"အဲဒါက အမေ့ အသက်ကို ကယ်ခဲ့တာ"

မိုစလန်က စကားပိုရှိုက်ငင်၏။

"အင်ဂရန် သူဟာ တကယ်ပါပဲ ... ကိုယ့်ရဲ့ညီလေး မိုစလန်"

ညီအစ်ကိုနှစ်ဦးတို့ ပွေ့ဖက်လိုက်ကြသည်။ မိုတာလစ်၏ပျော်ရွှင်မှုအချိန်သမယအတွက် ကျွန်မက သင်္ဘောပေါ်ရှိလူအားလုံးကို ပျော်ရွှင်စွာပွေ့ဖက်နိုင်ပါသည်။ သို့တစေ မိုတာလစ်၏မိသားစုကိုတွေ့ရှိခဲ့မှုအတွက် ကျွန်မက တိတ်ဆိတ်စွာ ဘုရားသခင်ကို ကျေးဇူးတင်ခဲ့ပါသည်။

ဒက္ကာတွင် ကျွန်မတို့က လှည့်ပြန်ခဲ့ကြသည်။ မိုတာလစ်က သူ့အမေကို တွေ့ချင်လှပြီ။ မိုစလန်၏ ပြောပြချက်အရ အမေက ဘာရီဆယ်(လ်)ရှိ ဟိုဟယ်သို့လာနေပြီဖြစ်၏။ ဖခင်ဖြစ်သူမှာ သေဆုံးခဲ့ပြီဖြစ်ကြောင်း ကြားသိရသဖြင့် မိုတာလစ်က စိတ်မကောင်းဖြစ်ခဲ့ရသည်။ စိတ်ကြီးသော ဖခင်အနေဖြင့် သူ့ကို မကြာခဏရိုက်လေ့ရှိပြီး ပျော်ရွှင်ဖွယ် အမှတ်တရများမရှိလှသော်လည်း သူ့အဖေကို တစ်ကြိမ်မျှ ထပ်မံတွေ့လိုခဲ့၏။

ကျွန်မတို့၏ဟိုတယ်သို့ ရောက်သောအခါ မိုစလန်က အရောင်လွင့်၍ နွမ်းရိပါးလိုက်နေသော ဆာရီအညိုရောင်ကို ဝတ်ဆင်ထားသည့် မိန်းမတစ်ဦးကို ညွှန်ပြသည်။ သူမက မိုတာလစ်ကို ကြည့်လျက် မားဟုပြောသည်။ မိုတာလစ်က တုံ့ဆိုင်းစွာ ထိုထူးဆန်းသော အမျိုးသမီးကို သူ့ရင်ခွင်သို့ယူကာ ဆောက်တည်ရာမရ ငိုကြွေးပါတော့သည်။

ရိုကီယာက အလုပ်ကြောင့် ကြမ်းတမ်းခက်တရော်နေသော သူမ၏လက်များဖြင့် သူ၏မျက်နှာကို သိမ်းကျုံးလာသည်။ သူမ၏ပျောက်ဆုံးသွားသောသား ဧကန်ဖြစ်ကြောင်း ခိုင်မာသည့်အထောက်အထားရှာလိုဟန်။

"မိုတာလစ်... ... အမေ့ရဲ့ မိုတာလစ်" ဟု ရှိုက်ငင်ငိုကြွေးသည်။

မျက်နှာလွှဲသွားအောင် ... သူမက ကျွန်မဘက်သို့ ဘစ်ချက်ငုံ့မကျောင်းကြည့်သည်။ ကျွန်မ၏အနေအထားက ၅ ပေ ၇ လက်မ ရှိသဖြင့် ၅ ပေဘာမြှင့်မသော မိုတာလစ်အပေါ် ထွင်မိုးနေသည်။ သူမက မကြာမီ ရှက်ကိုးရှက်ကန်းဖြစ်နေမှုကို ကျော်လွှားကာ သူ့သားက ဘဝ



www.burmeseclassic.com

www.burmeseclassic.com

ကြင်ဖော်အဖြစ် ရွေးချယ်ခဲ့သောကျွန်မကိုလည်း ပွေ့ဖက်သည်။

နောက်နေ့တွင် ကျွန်မတို့က အမြန်ရေယာဉ်တစ်စင်း ငှားကာ မိုတာလစ်မွေးဖွားခဲ့ရာ ဒူလီယရွာသို့ သွားခဲ့ကြသည်။ ကျွန်မတို့ကို ကြိုဆိုနေကြသော လူအုပ်ကြီးက သောင်းသောင်းဖြဖြရှိလှ၏။ ဆာရီရောင်စုံ ဝတ်ဆင်ထားသော အမျိုးသမီးများ၊ လန်ကွတ်တီဝတ် အမျိုးသားများနှင့် ဗိုက်ပေါ်နေသော ကလေးများက ကမ်းနဖူးတွင် ရပ်ကာ လက်များဝေ့ယမ်းပြနေကြ၏။

ကျွန်မ ရေယာဉ်ပေါ်မှ ဆင်းလိုက်စဉ် မိန်းကလေးတစ်သိုက်က ဝိုင်းလာကြသည်။ သူတို့က အသားဖြူဖြူ ဆံပင်ရွှေဝါရောင်နှင့် အရပ်မြင့်လှသော မိန်းမတစ်ယောက်ကို မမြင်ဖူးကြ။ သူတို့က အလှည့်ကျ ကျွန်မကို တို့ထိကြပြီး ရှက်စနိုးရယ်သွမ်းသွေးကြသည်။ ထူးခြားဆန်းသစ်မှု ပြယ်သွားစဉ် ကျွန်မက မိုတာလစ်ကို လိုက်လံရှာဖွေသည်။ သူက ငှက်ပျောပင်ကြီးတစ်ပင်၏ အရိပ်တွင်ရှိသော သွပ်မိုး၊ မြေစေးနှင့် ကောက်ရိုးတို့ဖြင့် ဆောက်ထားသည့် မိသားစုတဲရှေ့တွင် ရပ်နေသည်။

ထို့နောက် ငါးနှစ်သားအရွယ် ကောင်လေးတစ်ယောက်ကို ကောက်ချီလိုက်သည်။ ထိုကလေးငယ်ကား သူ မမြင်ဖူးသေးသော ညီအငယ်ဆုံး နာဆီရာ။ မိုတာလစ်ငယ်ငယ်တုန်းက ဒီပုံအတိုင်းနေမှာပဲဟု ကျွန်မက တွေးမိသည်။ ကလေးငယ်က သူ့အတိုင်း ကျီစယ်နောက်ပြောင်တတ်သော တောက်ပသည့်မျက်လုံးအစုံနှင့် ဆွဲဆောင်မှုရှိသည့် ချစ်စဖွယ်အပြုံးနှင့်။ နာဆီရာက စကားတစ်ခွန်းမျှမပြောဘဲ မိုတာလစ်ကို စိုက်ကြည့်နေသည်။ သို့သော် သူ့မျက်လုံးများက ယုံကြည်စိတ်ချမှုကို ဖော်ပြနေ၏။

ထိုရွာက လူ ၂၀၀ အတွက် တဲကိုးလုံးရှိသည်။ မြေရှင်ယာရှင်က သူတို့ကို မသေရုံတမယ် ဆန်စပါးပေး၏။ ကလေးများ အားလုံးလိုလိုပင် အဝတ်အစုတ်အပြဲများ ဝတ်ဆင်ထားကြလျက် အာဟာရ ချို့တဲ့ခြင်းနှင့် သန်ကောင်တို့ကြောင့် ဗိုက်ပူနံကား ဖြစ်နေကြသည်။ လွန်ခဲ့သော(၁၇)နှစ်က သူမှတ်မိခဲ့သော ဆင်းရဲမွဲတေမှုကိုမြင်ရသော မိုတာလစ်အဖို့ တုန်လှုပ်စိတ်ထိခိုက်ဖွယ်ပင်။

"ဒီလူတွေကို တို့ကူညီရမယ်" ဟု ကျွန်မကို ပြောသည်။

"ကိုယ့်အနေနဲ့ အမေ့ကို များစွာနာကျင်စေခဲ့မိတယ်၊ ဒီတစ်ခါတော့ အမေ့ကို ပြန်လည်ပေးဆပ်ဖို့ အခွင့်အရေးပါပဲ"

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျွန်မတို့၏စိတ်ထဲ၌ စီမံချက်များအပြည့်ဖြင့် နယ်သာလင်သို့ ပြန်လာခဲ့ကြသည်။ ပြန်အရောက်တွင် မိုတာလစ်က လှုပ်ရှားတော့၏။ သုံးရက်အတွင်း ဘင်္ဂလားဒေ့ရှ် မြေယာဖွံ့ဖြိုးရေး စီမံကိန်းဖောင်ဒေးရှင်းကို တည်ထောင်ပြီးနေပါပြီ။ သူ ၁ ဖွံ့ဖြိုးရေးလုပ်ငန်း ကျွမ်းကျင်သူများနှင့် ပြောဆိုဆွေးနွေး အကြံဉာဏ်ရယူကာ ဆည်မြောင်းစနစ်၊ လျှပ်စစ်မီးနှင့် မြေဝယ်ရန်နှင့် မွေးမြူရေးတို့အတွက် ဘတ်ဂျက်ကို ဒေါ်လာ ၄၅,၀၀၀ ဖြင့် ရေးဆွဲခဲ့သည်။

မိုတာလစ်က ရန်ပုံငွေညစာစားပွဲများ၊ ဟောပြော ဆွေးနွေးပွဲများနှင့် မီဒီယာတွေ့ဆုံမေးမြန်းပွဲများကို စည်းရုံးလုပ်ဆောင်ခဲ့၏။ မကြာမီ ငွေကြေးတို့ လှိမ့်၍ဝင်လာတော့သည်။

၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ကျွန်မတို့ ဘင်္ဂလားဒေ့ရှ်သို့ ဒုတိယအကြိမ် လေယာဉ်ဖြင့်ရောက်ရှိခဲ့ကြပြန်၏။

ရွာသားများနှင့် တိုင်ပင်ကာ ကျွန်မတို့က ရေသွယ်တူးမြောင်းတစ်ခုကို တူးဖော်ရန် ဆုံးဖြတ်ခဲ့ကြသည်။ တစ်နှစ်အတွင်း သုံးသီးစားနိုင်စေရန်နှင့် ငါးသားဖောက်ကန်များ တည်ဆောက်ရန်ဖြစ်၏။ ဆန်စက်တစ်လုံး၊ ထွန်စက်အသေးတစ်စီးနှင့် မွေးမြူရန်ဆိတ်များကိုလည်း ကျွန်မတို့ဝယ်ခဲ့ကြသည်။ ရေသန့်ရရှိရန် ရေစုပ်စက်ကို စီစဉ်လျက် လျှပ်စစ်ရရှိစေရန်လည်း ဆောင်ရွက်ခဲ့သည်။

မိုတာလစ်က ထူးခြားသောစွမ်းအင်ဖြင့် အလုပ်များကို ခွဲဝေတာဝန်ပေးကာ အာဏာပိုင်များနှင့် ဆက်သွယ်မှု၊ အငြင်းပွားမှုများကို ညှိနှိုင်းပြေငြိမ်းစေမှုနှင့် ငွေကြေးကိစ္စများ ဖြည့်ဆည်းပေးမှုတို့ကို ဆောင်ရွက်သည်။ ကံခေစွာပင် သူက အမြဲလိုလို အကျင့်ပျက်အလွဲသုံးစားမှုများနှင့် လူထုအနေဖြင့် ကိုယ့်အရေးကိစ္စကို ပြောဆိုနိုင်စွမ်းမရှိခြင်းတို့နှင့် ရင်ဆိုင်တွေ့ကြုံရသည်။ အသက်ကြီးသူ၊ ဝါရင့်သူတို့အုပ်စိုးသည့် လူ့အဖွဲ့အစည်းတွင် ကြီးကြပ်ဦးဆောင်မှုအောက်၌သာ လုပ်ကိုင်တတ်သည့် အကျင့်က စွဲနေသည်။ သူတို့၏ ကိုယ်စွမ်းကိုယ်စ ကင်းမဲ့မှုက တစ်ခါတစ်ရံ မိုတာလစ်၏ စိတ်ကောင်းအမြင်ကို သွေးတိုးစမ်းဘိသို့ ရှိ၏။ သို့သော် သူ၏အမေက . . .

"ငါ့သားလေးကို ပြန်တွေ့ရတာ ပျော်လိုက်တာ" ဟု ပြောလေတိုင်း သူက လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန် စိတ်ခွန်အားရရှိခဲ့ပါသည်။

မိုတာလစ်က ဘင်္ဂလားဒေ့ရှ်နှင့် လူးလာခေါက်ပြန် ဆက်လက်သွားနေခဲ့သည်။ နယ်သာလင်နိုင်ငံတွင် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို ရွေးချယ်နိုင်ပါလျက် ဘင်္ဂလားဒေ့ရှ်ရှိ သူ၏ ဆင်းရဲနွမ်းပါးသောမိသားစုကို ကူညီရန် ရွေးချယ်ခဲ့၏။ သူတို့တစ်တွေ ကိုယ့်ခြေထောက်ပေါ်တွင် ရပ်တည်နိုင်ချိန်တွင်မှ သူ့ဘဝအတွက် လုပ်တော့မည်။

ကျွန်မက ခေါင်းမာလှသော ကျွန်မ၏ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားအတွက် ဂုဏ်ယူမိပါသည်။ သူ့ရဲ့ ပျော်ရွှင်စွာ နေတတ်သော နှလုံးသားနှင့် ရက်ရောမှု၊ ကိုယ်ကျိုးမဖက် အများအတွက် စူးစိုက်မြှုပ်နှံမှုတွေက ကျွန်မရဲ့ အသည်းနှလုံးကို ညှို့ယူဖမ်းစားခဲ့ပါတော့သည်။

❑ စိန်ဝင်းမော်

(Ingrid Spoor ရေး Return to Bangladesh ကို ပြန်ဆိုသည်။)



www.burmeseclassic.com

www.burmeseclassic.com

# သီပေါမင်း ရောင်းချခဲ့သော
# အမေရိကန်နိုင်ငံရောက် တောင်းတစ်လုံး

နှန်းမွှင့်စံ(အင်းတော်လေး)

သီပေါမင်းထံမှ
တောင်းတစ်လုံးကို
ဝယ်ယူသူ
လူထူးလူဆန်းကြီး
ပီတီဘားနမ်း



၁၉ရာစု အလယ်ပိုင်းလောက်တွင် အမေရိကန်နိုင်ငံ၌ တစ်ခေတ်မှာ တစ်ယောက်ဆိုသလို လူထူးလူဆန်းတစ်ဦး ပေါ်ထွန်းခဲ့ဖူးသည်။

လူထူးလူဆန်းဟု ပြောရသည်မှာ ထိုသူကိုယ်တိုင် ထူးဆန်းနေသောကြောင့် မဟုတ်။ ၎င်း၏ အံ့ဖွယ်ကောင်းလှသော စုဆောင်းခြင်းများကြောင့်ပင် ဖြစ်သည်။

ယင်းပုဂ္ဂိုလ်သည် အမေရိကန်လူထုမြောက်မြားစွာကိုသာမက ကမ္ဘာတစ်ဝှန်းရှိ လူအပေါင်းတို့အားလည်း ပျော်ရွှင်မှု သက်သက်အပြင် သုတ အံ့ဖွယ် အသွယ်သွယ်ကိုလည်း ပေးဝေခဲ့သူဖြစ်သည်။ ရောက်လေရာ နေရာတွင် ထူးဆန်းထွေလာ အံ့ဖွယ်ပဒေသာ ပြပွဲများကို ခင်းကျင်းပြသတိုင်း ပရိသတ်များ ကြိတ်ကြိတ်တိုး စည်ကားခဲ့လေသည်။

ထိုသူကား အမေရိကန်ပြည်သား ပီတီဘားနမ်း (P.T Barnum)ဖြစ်လေသည်။ ဘားနမ်း၏ အထူးအဆန်းပြပွဲမှာ မည်မျှထူးခြားသနည်းဟု စာဖတ်ပရိသတ်တို့က မေးလာကြလိမ့်မည်။

ဘားနမ်းသည် ငွေကုန်ကြေးကျများစွာဖြင့် အရင်းအနှီးတည်ကာ ကမ္ဘာ့အထူးအဆန်းများပြပွဲကို ကမ္ဘာတစ်ခွင်လှည့်လည်၍ ပြသခဲ့သည်။

ကမ္ဘာ့ လူပုကလေး ဇလက်မ၊
ပီဂျီကျွန်းမှ ရေသူမ၊
တစ်ကိုယ်လုံး သိုးမွေးစာဖြူများ
ပေါက်နေသော မြင်းရိုင်း၊
ကမ္ဘာ့လူသန်ကြီး၊
မနုဿဗွားကြေားထိုးတံဟု
ခေါ်ဆိုလောက်သည့်
ကမ္ဘာ့အာဗိန်ဆုံးပုဂ္ဂိုလ်၊
ကမ္ဘာ့အဝဆုံးမယ်၊
ဘော်နီယိုကျွန်းမှ
လူသားစားကဗ္ဗလီလူရိုင်းများ



www.burmeseclassic.com

www.burmeseclassic.com

ပြပွဲတွင် နာမည်ကျော် ကမ္ဘာ့လူပုကလေး ငလက်မ၊ ပီဂျီကျွန်းမှ ရေသူမ၊ တစ်ကိုယ်လုံး သိုးမွေးအဖြူများ ပေါက်နေသော မြင်းရိုင်း၊ ကမ္ဘာ့လူသန်ကြီး၊ မနုဿ သွားကြားထိုးတံဟု ခေါ်ဆိုလောက်သည့် ကမ္ဘာ့အပိန်ဆုံးပုဂ္ဂိုလ်၊ ကမ္ဘာ့အဝဆုံးမယ်၊ ဘော်နီယိုကျွန်းမှ လူသားစားကပ္ပလီလူရိုင်းများနှင့် အခြားသက်ရှိအံ့ဖွယ်များလည်း ပါဝင်လေသည်။

ဘုရင်မင်းများ ကိုယ်တိုင်က ဆန်းကြယ်စုံပြပွဲကို နန်းတော်အတွင်း၌ လာရောက် ဖျော်ဖြေတင်ဆက်ပေးပါရန် ဖိတ်ခေါ်ရသည်အထိ နာမည်ကျော်ကြား လူသိများခဲ့သူ ဖြစ်လေသည်။

ဘားနမ်း၏ ထူးဆန်းထွေလာ ပြပွဲ၌ ဂျမ်ဘို(Jumbo) အမည်ရှိ ဆင်ထီးကြီး တစ်ကောင်လည်း ပါဝင်လေသည်။

ဂျမ်ဘိုအား ဆင်ပေါက်စအရွယ်၌ အာရပ်လူမျိုးများက အာဖရိက အလယ်ပိုင်း တောနက်ထဲမှ ဖမ်းဆီးရမိခြင်း ဖြစ်သည်။ ဂျမ်ဘို ဆင်ပေါက်စကို အာရပ်များက သင်္ဘောတစ်စင်းဖြင့် ကမ်းရိုးတန်းတစ်လျှောက် သယ်ယူသွားပြီး ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်မှ ဂျာဒင်းပလန်းတစ်အမည်ရှိ တိရစ္ဆာန်ဝယ်ယူစုဆောင်းသူအား ရောင်းချလိုက်ခြင်း ဖြစ်၏။

ထိုအချိန်က ဆင်ပေါက်ကလေး ဂျမ်ဘိုမှာ အရပ်လေးပေသာမြင့်သောကြောင့် ဂျာဒင်းလည်း စိတ်ပျက်ပျက်ဖြင့် ဂျမ်ဘိုအား လန်ဒန်တိရစ္ဆာန် ဥယျာဉ်ရှိ ကြံ့များနှင့် လဲလှယ်လိုက်သည်။

လန်ဒန်တိရစ္ဆာန်ဥယျာဉ်၌ ကြီးပြင်းလာသော ဂျမ်ဘိုသည် (၁၇)နှစ် အရွယ်သို့ ရောက်သောအခါ သိသိသာသာ အရပ်ထွက်လာပြီး ကိုယ်ခန္ဓာမှာလည်း ထွားသည်ထက် ထွားလာလေသည်။ ၁၈၈၂ ခုနှစ်၌ ဂျမ်ဘိုသည် ပခုံးအထိ ၁၂ ပေမြင့်ပြီး ခန္ဓာကိုယ် အလေးချိန်မှာ ခြောက်တန်ခွဲ ရှိလေသည်။ ခုနစ်ပေရှည်သော သူ၏ နှာမောင်းကြီးဖြင့် မြေပြင်အထက် ၂၆ ပေ အမြင့်၌ရှိသော ဝတ္ထုပစ္စည်းများကို လှမ်းယူနိုင်လေသည်။

ထို့ကြောင့် ဂျမ်ဘိုသည် ထိုအချိန်က ကမ္ဘာ့အကြီးဆုံး ဆင်ကြီးအဖြစ်နှင့် ကမ္ဘာ့စံချိန်တင်ခဲ့လေသည်။

ထိုဧရာမဆင်ကြီး ဂျမ်ဘိုကို ထူးဆန်းထွေလာများ လိုက်လံဝယ်ယူစုဆောင်းသူ ဘားနမ်းက မြင်မြင်ချင်းပင် အလွန် သဘောကျသွားသောကြောင့် လန်ဒန်တိရစ္ဆာန်ဥယျာဉ်မှနေ၍ ဒေါ်လာ ၁၀၀၀၀ ပေး၍ ဝယ်ယူလိုက်သည်။

ဂျမ်ဘိုအား လန်ဒန်မှ နယူးယောက်မြို့သို့ သင်္ဘောဖြင့် ဝယ်ယူခဲ့ရာ ဂျမ်ဘိုတစ်ကောင်တည်းအတွက် ကုန်ကျစရိတ် စုစုပေါင်းမှာ ဒေါ်လာ ၃၀၀၀၀ အထိ ရှိသည်ဟု ဆို၏။

ဂျမ်ဘိုကို ဖုံ့သွင်းပြလိုက်သော အခါ အမေရိကန် ပရိသတ်ကြီးတစ်ခုလုံးသည် ဂျမ်ဘိုအား စိတ်ထဲစွဲသွားရလောက်အောင် ဖြစ်သွားခဲ့ကြသည်။

ရည်ရွယ်ချက်အတိုင်းပင် ဘားနမ်းသည် အောင်မြင်ခဲ့သည်။ ဂျမ်ဘိုရေပန်းစားနေစဉ် ဘားနမ်းသည် အမေရိကန်လူထုအား အာရှတိုက်မှ အလွန်ရှားပါးသော ဆင်ဖြူတစ်ကောင်ကို တင်ဆက်ပြသရန် ရည်ရွယ်ခဲ့သည်။

ရည်ရွယ်ချက်အတိုင်းပင် အာရှတိုက်သို့ ကိုယ်စားလှယ်များနှင့် အဝယ်တော်များကို စေလွှတ်၍ ဆင်ဖြူ အရှာခိုင်းလေသည်။ အဝယ်တော်နှင့် ကိုယ်စားလှယ်များလည်း အာရှတိုက်ရှိ နိုင်ငံအတော်များများ၌ ဆင်ဖြူရှာပုံတော် ဖွင့်ခဲ့ကြသည်။

နောက်ဆုံး၌ မြန်မာနိုင်ငံကို အုပ်စိုးနေသော သီပေါမင်းမြတ်ထံသို့ အခစားရောက်ရှိလာကြပြီး မန္တလေးမြို့၌ရှိသော ဆင်ဖြူတော်ကို ရောင်းချပါရန် လျှောက်ထားလိုက်ကြသည်။

သီပေါမင်းလည်း ထိုဆင်ဖြူတော်ကြီးအား ဝယ်ယူခွင့်ပြုလိုက်သောကြောင့် ဘားနမ်း၏ အဝယ်တော်များသည် ဒေါ်လာ ၂၅၀၀၀ ပေး၍ ဝယ်ယူလိုက်ကြသည်။

သီပေါမင်း ရောင်းချလိုက်သော ဆင်ဖြူတော်ကြီး၏ အမည်မှာ တောင်းတစ်လုံး ဖြစ်လေသည်။

တောင်းတစ်လုံးကို ၁၈၈၄ ခုနှစ် မတ်လ ၂၈ ရက်နေ့ ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော လီဒီယမ်မိုနာခ် (Lydian Monarch) အမည်ရှိ အင်္ဂလိပ်သင်္ဘောကြီးဖြင့် အင်္ဂလန်၏ မြို့တော် လန်ဒန်သို့ သယ်ဆောင်သွားပြီး ထိုမှတစ်ဆင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ရေကြောင်းခရီးဖြင့် ဆက်လက်၍ သယ်ယူသွားကြလေသည်။

တောင်းတစ်လုံးနှင့်အတူ ဆင်ထိန်းတော်များဖြစ်ကြသည့် ဘိုးချုံးနှင့် ဘချုံတို့လည်း လိုက်ပါသွားခဲ့သည်။

ဆင်ဖြူတော် တောင်းတစ်လုံးကို မန္တလေးမြို့မှ သယ်ယူခဲ့ပြီး အမေရိကန် ကဗျာဆရာများက ချီးမွမ်းဂုဏ်ပြုသော ကဗျာများရေးစပ်သီကုံးခဲ့ကြလေသည်။

တောင်းတစ်လုံးကို မန္တလေးမြို့၌ ဝယ်ယူလိုက်ပြီဟူသော အဝယ်တော် ဒယ်နီယယ်ဘီဆစ်ကယ်လ် (Daniel B.Sickles) ၏ ကြေးနန်းစာကို နယူးယောက်မြို့တွင် စောင့်ဆိုင်းနေသော ဘားနမ်း ရလျှင်ရချင်းပင် နှင်းကဲ့သို့ ဖြူဆွတ်နေသော ဆင်ဖြူတော်ကြီး တစ်ကောင် နယူးယောက်မြို့သို့ ရက်ပိုင်းအတွင်း ရောက်လာတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မကြာမီပင် နယူးယောက် ဆိပ်ကမ်းသို့ မြန်မာပြည်မှ တောင်းတစ်လုံးကို သယ်ဆောင်လာသော သင်္ဘောကြီး ဆိုက်ကပ်လာလေတော့သည်။ ဘားနမ်းသည် သတင်းစာဆရာများနှင့်အတူ ဆင်ဖြူတော်ကြီး တောင်းတစ်လုံးအား ကြိုဆိုရန် သင်္ဘောပေါ် ခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com

ကလေး တက်သွားလေသည်။ တောင်းတစ်လုံးကို တွေ့လိုက်သောအခါ အထင်နှင့်အမြင်လွဲနေပြီဟု ယူဆကာ အတော်ကလေး စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

ဘားနမ်းက တောင်းတစ်လုံးသည် နွားနို့ကဲ့သို့ ဖြူဖွေးနေသော အရောင်အဆင်း ရှိမည်ဟု ထင်ထားသည်။ ယခုသော် မိမိမြင်နေရသော တောင်းတစ်လုံးသည် အဖြူရောင်မဟုတ်ဘဲ အဖြူရောင်သန်းနေသော မီးခိုးနုရောင် ကိုယ်ခန္ဓာပေါ်၌ ပန်းနုရောင် အစက်အပြောက်များ ဖုံးအုပ်နေပြီး ပန်းရောင်မျက်လုံးများ ရှိနေခြင်းသာ ဖြစ်သည်။

ထင်သလောက် မဖြူသည်ကို ဘားနမ်းအတော်ကလေးစိတ်ပျက်သွားမိသော်လည်း မဆိုးပါဘူးဟုသာ မှတ်ချက်ချကာ စိတ်ဖြေလိုက်ရသည်။

ထိုနေ့ညနေတွင် သင်္ဘောပေါ်၌ မြန်မာနိုင်ငံမှ ရောက်ရှိလာသော ဆင်ဖြူတော်ကြီး တောင်းတစ်လုံးကို ဂုဏ်ပြုသောအားဖြင့် ဘားနမ်းသည် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ဖိတ်ခေါ်၍ ညစာစားပွဲတစ်ခု တည်ခင်း ကျွေးမွေးလေသည်။

ထိုသို့ ညစာစားပွဲစားသောက်နေကြစဉ် လူငယ်သတင်းထောက်တစ်ဦးက ဘားနမ်းအား. . .

"ခင်ဗျားဆင်က ထင်သလောက်လဲ မဖြူပါဘူး" ဟု မျက်နှာပြောင်တိုက် မေးလိုက်သည်။

ဘားနမ်းလည်း ချက်ချင်းပင်-

"ဒီမှာ လူကလေး အဲဒီဆင်ဖြူတော်ဟာ ဘုရားသခင် ဖန်ဆင်းထားသလောက်ပဲ ဖြူမှာပေါ့၊ ကျွန်ုပ်သာ ဆင်ဖြူတော်တစ်ကောင် ဖန်ဆင်းလို့ရမယ်ဆိုရင် နှင်းလောက်ဖြူဆွတ်သွားနိုင်တယ်"ဟု ခနဲ့တဲ့တဲ့ဖြေကြားလိုက်သည်။

တောင်းတစ်လုံးအား ဆင်ဖြူတော် အစစ် ဟုတ်၊ မဟုတ် သိလို၍ ဘားနမ်းသည် ယိုးဒယားမှ ဆင်ကျွမ်းကျင်သူ ပုဂ္ဂိုလ်များအား ငှားရမ်း၍ စစ်ဆေးစေသည်။ ယိုးဒယားမှ ရောက်ရှိလာသော ဆင်ကျွမ်းကျင်သူများကလည်း တောင်းတစ်လုံးကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးပြီးနောက် ဆင်ဖြူတော်အစစ်အမှန်ဖြစ်ကြောင်း အခိုင်အမာ ပြောဆို ထောက်ခံသွားကြသည်။ ဘားနမ်းလည်း ထိုအခါမှ ရတက်အေးပြီး ဝမ်းသာပီတိ ဖြစ်သွားရတော့သည်။

သို့သော် တောင်းတစ်လုံးထက် အရောင်အဆင်း ပို၍ဖြူသော ဆင်တစ်ကောင်ကို ဘားနမ်း၏ ပြိုင်ဘက်တစ်ဦးဖြစ်သူ အဒမ်ဖိုးပါး (Adam Froepaugh) က ဆပ်ကပ်ပွဲတစ်ခု၌ ပွဲထုတ်နေလေသည်။ ထိုဆင်ဖြူကို အာရှ၏အလင်းဟု အမည်မှည့်ခေါ်ထားသည်။

ဘားနမ်းသည် ဆင်ကြီးဂျမ်ဘိုအား ကမ္ဘာ့အကြီးဆုံး ဆင်ကြီးအဖြစ် ရှုံသွင်းပြသစဉ် ဖိုးပါးသည် ဘိုလီဗား (Bolivar) အမည်ရှိသော ဆင်ကြီးကို ကမ္ဘာ့အကြီးဆုံးနှင့် အလေးဆုံးဆင်ကြီး အဖြစ် ပွဲထုတ်ခဲ့သည်။

ယခု ဘားနမ်းသည် အာရှတိုက်မှ အလွန်ရှားပါးသော ဆင်ဖြူတော် တောင်းတစ်လုံးကို ပွဲထုတ်နေစဉ် ဖိုးပါးသည် တောင်းတစ်လုံးထက် ပို၍ဖြူသည်ဆိုသော ဆင်ကြီးတစ်ကောင်ကို အပြိုင်အဆိုင်ပွဲထုတ်၍နေလေပြီ။

ထို့အပြင် ဖိုးပါးသည် သတင်းစာဆရာများအား တောင်းတစ်လုံးထက် ပို၍ အရောင်အဆင်းဖြူသော အာရှ၏အလင်းခေါ် ဆင်ဖြူတစ်ကောင်အား လာရောက်ကြည့်ရှုလေ့လာပါရန် ဖိတ်ခေါ်လိုက်သည်။

ဖိုးပါးနှင့် သတင်းစာဆရာများ ပျော်ပျော်ပါးပါး မူးယစ်သောက်စားနေကြစဉ် ဖီလာဒဲလ်ဖီးယားပရက်စ် (Philadelphiapress) သတင်းစာမှ အရက်မသောက်တတ်သူ ပင်တိုင်ဆောင်းပါးရှင် အလက်ဇန္ဒားကနီးလီ (Alexander Kenealy) ဆိုသူသည် အာရှ၏အလင်း အမည်ခံ ဆင်ဖြူထားရာ နေရာသို့ မသက်ကဲ့၍ တိတ်တဆိတ် ဝင်ရောက်ကြည့်ရှုသည်။

ဆင်ဖြူတော်ကြီး၏ အဖြူရောင်ခန္ဓာကိုယ်ကြီးအား ရေနံဆီဆွတ်ထားသော အဝတ်ဖြင့် ခပ်နာနာကလေး ပွတ်တိုက်ကြည့်သောအခါ အဖြူဖတ်များ ကွာထွက်လာသည်ကို သတိပြုမိသည်။ ယင်းဆင်ဖြူတော်၏ ခန္ဓာကိုယ်ကြီးကို အဖြူရောင် သင်္ဘောဆေးများဖြင့် အဖန်တလဲလဲ သုတ်လိမ်းထားကြောင်း သိသွားတော့သည်။ ဆက်လက်၍ ပွတ်တိုက်ကြည့်သောအခါ သင်္ဘောဆေးအဖြူရောင်မှာ ပျောက်သွားပြီး ဆင်၏နဂိုမီးခိုးရင့်ရောင် ပြန်ပေါ်လာလေသည်။

အာရှ၏အလင်းမှာ ဆင်ဖြူအစစ်မဟုတ်ဘဲ အတုသာဖြစ်နေသည်ဟူသော သတင်းမှာ အမေရိကန်နိုင်ငံတစ်ဝန်း ဟိုးလေးတကျော်ဖြစ်သွားပြီး လူလိမ်ကြီး ဖိုးပါးလည်း အရှက်တကွဲ အကျိုးနည်းသွားရတော့သည်။

ထိုအခါကျမှ သီပေါမင်း ရောင်းချခဲ့သော တောင်းတစ်လုံးသည် အမေရိကန်နိုင်ငံ တစ်ဝန်း၌ ပြိုင်ဘက်ကင်းသည့် တစ်ကောင်တည်းသော ဆင်ဖြူတော်ဘွဲ့ကို ရရှိလေတော့သည်။

❒ **နန်းပွင့်စံ (အင်းတော်လေး)**

စာရေးဆရာ Irving Wallace ရေးသော The Fabulous Showman စာအုပ်မှ ကောက်နုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ ကျွကမ္ဘာ

## အနုပညာရှင်

ခေတ်ရေစီးကို ကျော်လွန်ဖြတ်သန်းနေတဲ့ ဒီဇိုင်းသမားတွေထဲမှာ ဓာတ်ပုံကျွမ်းကျင်သူ မေလင်း (၂၃)နှစ်ကို ချန်ထားလို့မရတော့ဘူးလို့ ဖက်ရှင်ဒီဇိုင်းပညာရှင် မက်စ်တန်က မှတ်ချက်ချခဲ့ပါတယ်။ မေလင်းလီဂေါ့ဖ်ဟာ အသက်ငယ်ပေမယ့် ဆန်းသစ်တဲ့ အတွေးအခေါ် ပုံဖော်တင်ပြချက်တွေကြောင့် ကင်န္တန်ဖက်ရှင်ရာသီ (a) ORCHARD ဖက်ရှင် ဓာတ်ပုံပညာပြိုင်ပွဲမှာလည်း ထိုက်ထိုက်တန်တန် အနိုင်ရခဲ့ပါတယ်။ ဂျကာတာအခြေခံတဲ့ အွန်လိုင်းဖက်ရှင် မဂ္ဂဇင်း DEW မှာလည်း သူမရဲ့ ပညာရပ်ဆိုင်ရာ အတွေးအခေါ် ဆောင်းပါးတွေကို ရေးသားတင်ပြလျက် ရှိပါတယ်။ ဖက်ရှင်ဓာတ်ပုံပညာရပ်ဟာ မည်ကဲ့သို့ ပြေပြစ်တဲ့ အနုပညာအဖြစ် ပုံဖော်နိုင်စွမ်းရှိကြောင်း ပေါ့ပ်ခေတ်ယဉ်ကျေးမှု ဗွီမဂ္ဂဇင်းမှာလည်း, ပင်တိုင်ရေးသားလျက် ရှိပါတယ်။ ဖော်ပြပါပုံဟာ သူမရဲ့ ဂုဏ်ယူဝင့်ကြွားစွာ ထက်မြက်တဲ့ စမ်းသပ်ချက်ဖြစ်ပြီး သူမကိုယ်တိုင်ပင် မော်ဒယ်လ်အဖြစ် သရုပ်ဆောင်ရိုက်ကူးခဲ့ပါတယ်။






## ၈ နာရီတိုင်တိုင်

ဖော်ပြပါ စွပ်ကျယ်အင်္ကျီက သာမန်စွပ်ကျယ်တွေထက် ထူးထူးခြားခြား တီထွင်ဖန်တီး ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ အထူးသဖြင့် ဝတ်ဆင်ရတာ သက်သက်သာသာ ရှိပါတယ်။ အားကစားလုပ်နေချိန်မှာ ထွက်လာမယ့် ချွေးတွေကြောင့် စွပ်ကျယ်တစ်ထည်လုံး စိုရွှဲနေမယ့် အခြေအနေကို ခြောက်သွေ့နေအောင် အဲဒီစွပ်ကျယ် "STAY FREE" အမျိုးအစားက ရှစ်နာရီတိုင်တိုင် ထိန်းသိမ်းနိုင်ပါသတဲ့။ စွပ်ကျယ်မှာ အယူထိန်းပစ္စည်း "THERMOCONTROL" နည်းစနစ်နဲ့ ပြုလုပ်ထားတဲ့အတွက် ဆိုးရွားတဲ့ အစိုဓာတ်တွေကို ဖယ်ရှားပေးပါသတဲ့။ ဒါကြောင့် အားကစားသမားတွေဟာ STAY FREE စွပ်ကျယ် ဝတ်ဆင်ခြင်းအားဖြင့် သက်သောင့်သက်သာနဲ့ ရှစ်နာရီပတ်လုံး ခြောက်သွေ့နေတာကို နှစ်သက်ဖွယ် ခံစားနိုင်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## မသေးမျှင်ရဲ့ဖက်ရှင်လား

ဆရာ မနုဖြူဆွေမင်း ဖန်တီးခဲ့တဲ့ မုဆိုးကျော် တွတ်ပီရဲ့မိန်းမ မသေးမျှင်ရဲ့ ဖက်ရှင်ဟာ မြန်မာ မော်ဒယ်လ်တွေ ခေတ်စားနေကြရုံမျှမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးအထိ ပျံ့နှံ့နေတာလား။ ဒါမှမဟုတ် မြန်မာ မော်ဒယ်လ်တွေ အားကျနေတဲ့ ကိုရီးယားဖက်ရှင်တွေ ကို လိုက်ပြီးတုပတာလား တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာပဲဖြစ်ဖြစ် အမျိုးသားရော အမျိုးသမီးရော အင်္ကျီဖိုး သက်သာတာတော့ သေချာပါတယ်။ နောက်ပြီးတော့ လည်း နှစ်ယောက်စလုံး ပြုံးစေ့စေ့ဖြစ်နေတာကြောင့် ကျေနပ်နေကြတာ ဖြစ်မှာပါ။

## ဘာစီလိုနာခရီး

အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦး ပျော်ရွှင်မြူးထူးစွာ စက်ဘီးကိုယ်စီစီးနေတဲ့ မြင်ကွင်းဟာ မထူးခြားပေမယ့် ဆန်းပြားနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ နှစ်ယောက်ရဲ့ နောက်ဘက်က အဆောက်အအုံကြီးတွေဟာ လွန်ခဲ့တဲ့ ရာစုနှစ်ပေါင်း အတော်များများက ယဉ်ကျေးမှုလက္ခဏာ အပြည့်အဝပါဝင်နေတဲ့ ရှေးဟောင်းအဆောက်အအုံတွေ ဖြစ်နေလို့ပါပဲ။ အဲဒီလို အဆောက်အအုံတွေဟာ ကမ္ဘာ့တစ်လွှားမှာ ရှားရှားပါးပါး ဘာစီလိုနာလို နေရာဒေသမှာသာ တွေ့မြင်ရပါလိမ့်မယ်။ အံ့သြစရာကောင်းတဲ့ နယ်မြေမှာ နတ်သမီးပုံပြင်ထဲကလို စိတ်လှုပ်ရှားဖွယ်ရာတွေဟာ ကြည့်လို့မဝ ရှုလို့မဆုံး နေ့ညမဟူ မမေ့နိုင်စရာ မြင်ကွင်းတွေနဲ့ ပြည့်လျှမ်းနေကြောင်း စင်ကာပူလေကြောင်း (SINGAPORE AIRLINES) A GREAT WAY TO FLY ရဲ့ လေယာဉ်ပျံပုံမပါတဲ့ စိတ်ကူးဉာဏ်ကွန့်မြူးမှုဟာ ချီးကျူးစရာ ဖြစ်နေပါသတဲ့။




www.burmeseclassic.com

www.burmeseclassic.com

## ထတိုင်ကျုကျုဖြစ်ဖို့အတွက်

မိန်းမပျိုတစ်ယောက် သံဖရိန်နဲ့ ပြုလုပ်ထားတဲ့ ကုလားထိုင်တစ်လုံးပေါ်မှာ ကျုကျုနန ထိုင်နေတဲ့ပုံဟာ ငေးငိုင်နေသလို ဖြစ်နေပါတယ်။ ဒါပေမဲ့ သူမရဲ့ဘေးက ထွက်ပေါ်လာတဲ့အသံက. . .

"အကြောင်းမဲ့သက်သက်ထိုင်ပြီး ငိုင်နေမယ့်အစား အခုချက်ချင်း ငွေ ၂၃ ပေါင် ပေးသွင်းလိုက်တာနဲ့ တစ်ပြိုင်နက် ELLE'S မဂ္ဂဇင်း နှာတာလူးပွဲတော်အတွက် (အထူးထုတ်) ကစပြီး ၁၂ လစာ (ထုပ်ပိုးစရိတ်နဲ့ တံဆိပ်ခေါင်းဖိုး အပါအဝင်) ရနိုင်ပါတယ်၊ ဒါဆိုရင် ကမ္ဘာတစ်ဝန်းလုံးရဲ့ နောက်ဆုံးပေါ် ဖက်ရှင်များနဲ့ ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ရာ တွေ့မြင်သိရှိရတဲ့အတွက် သင့်အပေါင်းအသင်းများကိုလည်း ဂုဏ်ယူဝင့်ကြွားစွာ ပြသပြောဆိုနိုင်မှာ ဖြစ်ပါသတဲ့။ မဆန်းပေမယ့် ထူးခြားတဲ့ မဂ္ဂဇင်းကြော်ငြာ တစ်မျိုးလို့ ပြောရမယ်ထင်ပါတယ်။








## ထိပ်ဆုံးဆယ်ယောက်ရဲ့ နံပါတ် တစ်

ဂီတအနုပညာ အားကစားနယ်ပယ် အပါအဝင် ကမ္ဘာတစ်လွှားတွင် အောင်မြင်ကျော်ကြား ထင်ရှားသူများ စာရင်းကို အဓိက လူမှုကွန်ရက် TWITTER သည် ပရိသတ်များထံမှ အနီးကပ်ဆုံး ဆက်ဆံနိုင်သော ဝက်ဘ်ဆိုက်အဖြစ် ရွေးချယ်ခဲ့သော (ပရိသတ်အများဆုံးပေါ် တွင်မူတည်၍ အမှတ်စဉ် ဖော်ပြခဲ့သော) အစဉ်လိုက် ဆယ်ယောက်မှာ . . . (၁) ဂျပ်စတင်ဘီဘာ (၂) လေဒီဂါဂါ (၃) ကေတီပယ်ရီ (၄) ရီဟာန်းနား (၅) ဘားရက်အိုဘားမား (၆) ဘရစ်တနေစပီးယား (၇) တေလာဆွစ်ဖ် (၈) ယူကျူး (၉) ရှကီရာ (၁၀) ကင်ဒါဒါရှီယန် တို့ဖြစ်ကြသည်။

နံပါတ်တစ်တွင် နေရာရသူ ဂျပ်စတင်ဘီဘာ၏ ပရိသတ် အရေအတွက်မှာ ၃၃,၃၃၁,၃၅၅ ဦး ဖြစ်သည်။ နေ့စဉ်တိုးပွားနေသော ပရိသတ် ပျမ်းမျှအရေအတွက်မှာ ၄၀,၀၅၅ ယောက်ဖြစ်သောကြောင့် ရက်သတ္တတစ်ပတ်လျှင် ၂၈၀,၃၈၅ ဦး တိုးနေကြောင်း ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်ရှင်မင်းသမီးဖြစ်ချင်လို့တဲ့

ရုရှားတင်းနစ်ချန်ပီယံ မာရီယာရှာရာပိုဗာသည် အားကစား အမျိုးသမီးများထဲတွင် ရုပ်ရည်နှင့် ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်လှပသူ ဖြစ်သည်။ ထို့ကြောင့် တင်းနစ်မယ် အဖြစ်နှင့်သာမက အားကစားစပို့ရှပ်၊ ဘောင်းဘီတို၊ ရှူးဖိနပ် စသည်တို့တွင် ကြော်ငြာမော်ဒယ်လ်အဖြစ် သရုပ်ဆောင်ခ ထိုက်ထိုက်တန်တန် ရရှိခဲ့သည်။ သူမသည် ခေါင်းလျှော်ရည် ကြော်ငြာတွင်လည်း သရုပ်ဆောင်ခ အမြင့်မားဆုံးရရှိသည်။ သူမ၏ဝင်ငွေမှာ တင်းနစ်ချန်ပီယံ ဆုကြေးနှင့် ပေါင်းစပ်လျှင် ဝင်ငွေအကောင်းဆုံး ကမ္ဘာ့အားကစားမယ် ထိပ်ဆုံး ဆယ်ယောက်တွင် နံပါတ်တစ်အဖြစ် နေရာယူထားနိုင်သည်။ ငယ်ရွယ်စဉ်က ဟောလိဝုဒ်မှ မင်းသမီးအဖြစ် သရုပ်ဆောင်ရန် ကမ်းလှမ်းခဲ့ဖူးသည်။ ယခုအခါ မကြာသေးမီက ဒေလီမြို့အနီးတွင် အဆင့်မြင့်အိမ်ရာ တစ်ခုအတွက် သရုပ်ဆောင်ရန် ရောက်ရှိစဉ် ဟင်ဒူစတန် "TIME" က ဗျူးခဲ့ရာ အခွင့်သင့်ပါက ဟောလိဝုဒ် ရုပ်ရှင်တစ်ကားတွင် သရုပ်ဆောင်ရန် စိတ်ဝင်စားကြောင်း ပြောကြားခဲ့သည်။

## လေးဆယ်ကျော်အချစ်သစ်

ရုပ်ရှင်သရုပ်ဆောင် မင်းသမီးချော ဂျင်နီဖာ အင်နစ်စတန်ဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်တုန်းက မင်းသား ဘရက်ပစ်နဲ့ တရားဝင်ကွာရှင်း ပြတ်စဲခဲ့ပါတယ်။ ဘရက်ပစ်ဟာ "မစ္စတာ အင် မစ္စစ် စမစ်" ဇာတ်ကားမှာ သူနဲ့ တွဲဖက် သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး အင်ဂျလီနာဂျိုလီနဲ့ တရားမဝင် ပေါင်းသင်းနေထိုင်ခဲ့ကြတယ်။ လွန်ခဲ့တဲ့ လအနည်းငယ်ကမှ တရားဝင်လက်ထပ်ဖို့ စီစဉ်လိုက်ကြပါတယ်။ ဂျင်နီဖာဟာ ခုနစ်နှစ် တိုင်တိုင် တစ်ယောက်မဟုတ်တစ်ယောက် တွဲလိုက်၊ ယူတော့မလိုလိုနဲ့ လမ်းခွဲလိုက် ဖြစ်နေခဲ့ပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်က "WANDERLUST" ဟာသဇာတ်ကားမှာ ပူးတွဲသရုပ်ဆောင်ခဲ့သူ ဂျပ်စတင်သီးရောခ်နဲ့ မကြာသေးမီက လက်ထပ်ပေါင်းသင်း နေထိုင်ဖို့ သဘောတူလိုက်ပါတယ်။ သူတို့ နှစ်ယောက်စလုံးဟာ အသက်(၄၀)ကျော်ကွေ ဖြစ်နေကြပါပြီ။ ဂျပ်စတင်ဟာ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ စာရေးဆရာ၊ ဇာတ်ညွှန်းရေးသားသူ၊ မင်းသား အမျိုးမျိုး အစုံစုံ လုပ်ကိုင်သူ ဖြစ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com

## အရောင်းစံချိန်မှီ



လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်က APPLE ကုမ္ပဏီ၏ ထုတ်ပြန်ခဲ့သော စစ်တမ်းအရ တက်ဘလက်ဈေးကွက်အတွင်း ရောင်းချပြီးစီးခဲ့သော "i PAD" များမှာ လုံးရေစုစုပေါင်း သန်း ၁၀၀ ကျော်ဖြစ်သည်။

၇ ဒသမ ၉ လက်မ မျက်နှာအရွယ်အစားရှိသော ထိုတက်ဘလက်ကို APPLE ကုမ္ပဏီသည် လွန်ခဲ့သော ခြောက်လအတွင်းမှစ၍ ထုတ်လုပ်ရန် အစီအစဉ်ပြုလုပ်လျက်ရှိကြောင်း ကြိုတင်သတင်းပေါ်ပေါက်နေခဲ့သည်။ မျက်နှာအရွယ်အစားအားဖြင့် အငယ်စားတက်ဘလက်များကို ဈေးကွက်အတွင်း၌ ယှဉ်ပြိုင်ရန်အတွက် ဖြစ်သည်။ ထိုနည်းတူ "i PAD" တက်ဘလက် ဝယ်ယူအသုံးပြုလိုသူများအတွက်လည်း အဆင်ပြေနိုင်မည်။ "i PAD" မီနီတက်ဘလက်များသည် အမျိုးအစားအလိုက် အနည်းဆုံး ၃၂၉ ဒေါ်လာမှ ၆၅၉ ဒေါ်လာအတွင်းထိ သတ်မှတ်ထားကြောင်း သိရသည်။

## ဗုဒ္ဓဟူးနေ့မှာ




ဗြိတိန် အခြေစိုက် ကျန်းမာရေးအဖွဲ့အစည်းမှ မျက်နှာအနေအပြားဆိုင်ရာ ပညာရှင် နီကိုလာဂျိုးစ်စိန်ထရိုပက်သည် ၂၀၁၃ ခု ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျန်းမာရေး သုတေသနဆိုင်ရာ စာတန်းများကို ကိုးကားလျက် ပြောကြားခဲ့သည်မှာ . . .

"ပစ္စုပ္ပန်ကာလ အမျိုးသမီးများသည် တစ်နေ့ပတ်လုံး ဆောင်ရွက်မှုများ၊ လုပ်ငန်းခွင်ပင်ပန်းမှုများ၊ လူမှုဆက်ဆံရေးဆိုင်ရာ ပြဿနာများ စသည့် ဖြစ်ရပ်များကြောင့် ရက်သတ္တတစ်ပတ်အတွင်း ဗုဒ္ဓဟူးနေ့ ညနေ ၃ နာရီခွဲ အချိန်တိုင်းတွင် ခါတိုင်းထက်ပို၍ အိုမင်းရင့်ရော်ဆုံး မျက်နှာအသွင်သဏ္ဍာန် ဖြစ်လာလေ့ရှိသည်။ ထို့နောက် ရက်သတ္တတစ်ပတ်၏ သောကြာနေ့ ညနေခင်းသို့ ရောက်သည့်အခါတိုင်း အပျော်ရွှင်ဆုံး အသွင်သဏ္ဍာန် ဖြစ်လာလေ့ရှိသည်။ အထူးသဖြင့် ကြာသပတေးနေ့များတွင် မိသားစုတို့နှင့် သာယာချမ်းမြေ့စွာ နေထိုင်လိုသော စိတ်ဆန္ဒပြင်းပြတတ်သည်" ဟူ၍ သူ၏ ကိုယ်တိုင်စူးစမ်းလေ့လာ သုတေသနပြုမှုကိုပါ ပေါင်းစပ်တင်ပြခဲ့ပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com



## ဟိုတယ် ရှုယမ်း

လွန်ခဲ့သော နှစ်အနည်းငယ်က မြောက်ကိုရီးယားနိုင်ငံ၏ ပြုံယမ်းမြို့တော်တွင် ဟိုတယ်ကြီးတစ်လုံးကို စတင်တည်ဆောက်ခဲ့သည်။ မတည်ဆောက်မီကာလကတည်းက ဟိုတယ်ကြီးနှင့် ပတ်သက်ဆက်နွှယ်သော စီမံကိန်းကို မီဒီယာများအား ကြိုတင်၍ ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောပြခဲ့သည်။ ထိုဟိုတယ်ကြီးသည် အမြင့်အားဖြင့် မီတာ ၃၃၀ (ပေပေါင်း ၁၀၈၀) မြင့်မားပြီးလျှင် အထပ်ပေါင်း ၁၀၅ ထပ်အထိ ရှိမည် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ အမြင့်မားဆုံးသော အဆောက်အအုံများအနက် ၄၇ လုံးမြောက် ဟိုတယ်ကြီး ဖြစ်သည်။ ထိုဟိုတယ်အမည်ကို ရှုယမ်းဟူ၍ မှည့်ခေါ်ထားသည်။ ထိုရှုယမ်းဟိုတယ်ကို ၁၉၈၇ ခုနှစ်တွင် အစပျိုးဆောက်လုပ်ခဲ့သော်လည်း ၁၉၉၂ ခုနှစ်အတွင်း၌ မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကြောင့် ရပ်ဆိုင်းထားခဲ့ရသည်။ ယခု ဆက်လက်တည်ဆောက်ရာ၌ ဟိုတယ်တစ်ခုလုံး ရာခိုင်နှုန်းပြည့် ပြီးစီးရန် နှစ်နှစ်ကျော် သုံးနှစ်မျှ အချိန်ယူရလိမ့်မည်ဟု ခန့်မှန်းထားသည်။




## လျှို့ဝှက်ရတနာသိုက်

ဖော်ပြပါကျွန်းများသည် မလေးရှားနိုင်ငံ ဝန်းကျင်တွင် တည်ရှိနေကြသည်။ ပို၍ ထူးခြားသည်မှာ ထိုကျွန်းစုများထဲမှ အချို့ကျွန်းများတွင် ဝိညာဉ်များ ခိုအောင်းနေကြသည် ဟူ၍ ရှေးဟောင်းဒဏ္ဍာရီအဖြစ် ဆိုရိုးစကားရှိသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ပင်လယ်ဓားပြများသည် သူတို့လုယက်လာကြသော အဖိုးတန် ရွှေ ငွေ ရတနာ ကျောက်သံပတ္တမြား စသည်တို့ကို ဤကျွန်းအချို့တွင် မြှုပ်နှံခဲ့ကြပြီး ဝိညာဉ်အစောင့်အဖြစ် ငယ်သားတပည့်အချို့ကို သတ်ထားခဲ့ကြသည်ဟူ၍ လက်ဆင့်ကမ်းသတင်းစကားများက ညွှန်ပြနေကြသည်။ လျှို့ဝှက်ရတနာများနှင့် ပတ်သက်၍ မျက်မှောက်ခေတ် လူသားများအနေနှင့် လန်ကာဝီကျွန်း၊ ကိုတာကီနာဘလူးကျွန်း၊ ဆယ်လာမက်ဒါတန်းကျွန်း စသည်တို့ကို စိတ်ဝင်စားကြသည်။ ယင်းသို့ ပင်လယ်ဓားပြတို့၏ ရတနာမြှုပ်နှံခဲ့ကြသော ကျွန်းကို မည်သူမျှ တိတိကျကျ မသိကြ။ ထိုပတ်ဝန်းကျင်တွင် ကျွန်းပေါင်း ၁၀၄ ကျွန်း ရှိနေလေသည်။ ထိုကျွန်းများထဲတွင် စေ့စပ်စွာရှာဖွေရန် မလွယ်ကူပါချေ။

ဖိုးရွှေလမင်း



www.burmeseclassic.com

www.burmeseclassic.com



## ဧရာမ ကိတ်မုန့် ကြီး

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အနောက်ပိုင်း ရှန်ဇီပြည်နယ် ရှန်ချီမြို့တွင် ကြီးမားသည့် ဧရာမကိတ်မုန့်ကြီးကို လူအများက စိတ်ဝင်စားစွာ ကြည့်ရှုနေကြပုံဖြစ်သည်။ တရုတ်လူမျိုးတို့၏ ရိုးရာဓလေ့အရ ပြက္ခဒိန်လ၏ ရှစ်လမြောက် ဆောင်းဦးအလယ်ပွဲတော် ကျင်းပရာတွင် နှစ်စဉ် ကျင်းပခြင်းဖြစ်သည်။ ယင်းဓလေ့ကို တရုတ်နှင့် စင်ကာပူနိုင်ငံတို့တွင် ကျင်းပလေ့ရှိသည်။

## ဇီအန်က သဲပန်းပုအနုပညာ





ကမ္ဘာ့နိုင်ငံအချို့တွင် သဲပန်းပု အနုပညာ ပြပွဲပြိုင်ပွဲများ တွင်ကျယ်လေ့ ရှိပေသည်။ မကြာမီက ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ပိုင်း ရှန်ဇီပြည်နယ် ဇီအန်မြို့ နိုင်ငံတကာယဉ်ကျေးမှု ပေါင်းကူးပြပွဲ ကျင်းပရာ သဲပန်းပု အနုပညာကို တွေ့ရပေသည်။ ဟက်တာ ၄၁၈ အကျယ်အဝန်းရှိ ဧရိယာတွင် ပြသမှု ဖြစ်သည်။ သို့ဖြစ်၍ တီထွင်ဆန်းသစ် ဖန်တီးမှုများကို ရှုမြင်ကြရသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဆက်နွယ်သော ပြပွဲဖြစ်ပေရာ စိတ်ဝင်စားစရာလည်းဖြစ်သည်။ ဖော်ပြပါ ကုဗမီတာ ၇၀၀၀ ရှိ သဲပန်းပု အနုပညာလက်ရာက ရင်သပ်ရှုမောဖွယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## သိပ္ပံသုတေသန ရလဒ်တစ်ခု

ဩစတြေးလျနိုင်ငံ၏ အနောက်ပိုင်းတွင် နှစ်သန်းပေါင်း ၃၄၀၀ ခန့်က တည်ရှိခဲ့သော ကျောက်ဖြစ်ရုပ်ကြွင်းကို သုံးဖက်မြင် ဖော်ပြထားခြင်းဖြစ်သည်။ သဘာဝသိပ္ပံပညာရှင်များက တွေ့ရှိခြင်းဖြစ်သည်။ အတိတ်က တည်ရှိခဲ့သော သက်ရှိသတ္တဝါ ပုံသဏ္ဌာန်ဖြစ်ပေသည်။ သုတေသနပြုချက်အရ နှစ်သန်းပေါင်း ၃၄၀၀ ခန့်က အနေအထားကို ကျောက်လွှာများအောက်မှ ဖော်ထုတ်ရရှိခြင်း ဖြစ်သည်။ တွေ့ရှိရသည့် နေရာမှာ ဩစတြေးလျနိုင်ငံ အနောက်ပိုင်း ဝေးလံခေါင်းပါးသောဒေသ၌ တွေ့ရမှုဖြစ်သည်။ ရှေးအခါက ဗက်တီးရီးယားပိုးမွှားများသည် အောက်ဆီဂျင်မရှိဘဲ အသက်ရှင်နေထိုင်နိုင်သည်ဟု ဆိုပါသည်။ ကမ္ဘာပေါ်တွင် တွေ့ရှိရသမျှထဲမှ သက်တမ်းအရှည်ဆုံး ဖြစ်သည်။

## အမျိုးသမီး သုတေသနပညာရှင်နှစ်ဦး ဂုဏ်ပြုခံရ



စင်ကာပူနိုင်ငံမှ သိပ္ပံနှင့် နည်းပညာ သုတေသန လုပ်ငန်းများတွင် ထူးထူးချွန်ချွန် ဆောင်ရွက်သော အမျိုးသမီး နှစ်ဦးကို ယခုနှစ်အတွက် ဂုဏ်ပြုပွဲကျင်းပသည်။ သူတို့နှစ်ဦးမှာ ဒေါက်တာလော်ဘင် (၃၇)နှစ်နှင့် ဒေါက်တာ ဂျူလီယာနာချန်း (၂၇)နှစ်တို့ ဖြစ်ကြပြီး စင်ကာပူဒေါ်လာ ၃၀၀၀၀ စီ ချီးမြှင့်ခံရသည်။ ယင်းတို့အနေဖြင့် သိပ္ပံသုတေသန လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးထားသည်။ သူမတို့နှစ်ဦးနှင့်အတူ အခြားအမျိုးသမီး ပညာရှင်များကိုပါ တွေ့မြင်နိုင်သည်။

မောင်ကောင်းယဉ်

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ငါးအရိုးမျက်သော်

**မိုးစက်အဏ္ဏဝါ (ရောဝတီ)**

အရိုးများသော ငါးကိုစားသုံးရာတွင် အဆင်မသင့်လျှင် လည်ချောင်းတွင် ငါးအရိုးမျက်(ဆူး)ခြင်း ဖြစ်တတ်ပါသည်။ ဤသို့ဖြစ်ခဲ့လျှင် အင်မတန်မှ အခံရခက်၏။ အခန့်မသင့်လျှင် အသက်ပင် အန္တရာယ်ရှိနိုင်၏။ သို့ဖြစ်၍ အရိုးများသော ငါးကိုစားသုံးလျှင် သတိနှင့်စားဖို့ အထူးလိုအပ်ပြီး အဆင်မသင့်၍ ငါးအရိုးမျက်ခဲ့လျှင် အရေးပေါ် အသုံးပြုနိုင်ရန် ငါးအရိုးကျစေသော နည်းလမ်းများကို စုစည်းဖော်ပြပေးလိုက်ပါသည်။

ထိုနည်းလမ်းများမှာ . . .

(၁) "ဦ လက်ပံပင်ခွကြား တင်ကျီးနားဟဲ့၊ မျက်တဲ့ငါးရိုး ထွက်ဆရာထွက်"ဟု ဂါထာကို ခုနစ်ခေါက် သို့မဟုတ် ကိုးခေါက် ရွတ်ပြီး လက်ဝါးဖြင့် ငါးရိုးမျက်သော လည်ချောင်းနေရာကို ခုနစ်ချက် အသက်အောင့်၍ ဆွဲသပ်ချပါ။

(၂) ထမင်းအဖြူကို မိမိမျိုသာရုံဆုပ်လုံး၍ မဝါးဘဲ မျိုချပါ။ နှစ်ဆုပ် သုံးဆုပ်အထိ မျိုနိုင်ပါသည်။

(၃) မိမိအိမ်၌ မွေးထားသော ကြောင်၏ လက်တစ်ဖက်ကို ကိုင်ပြီး ငါးအရိုးမျက်သော လည်ချောင်းနေရာသို့ ခုနစ်ချက် အသက်အောင့်၍ ကြောင်လက်ဖြင့် ဖြည်းညင်းစွာ ဆွဲသပ်ချပေးပါ။

(၄) ခေါင်းဖြီးရာတွင် အသုံးပြုသော ဘီး၏အသွားများဖြင့် ငါးအရိုးမျက်သော လည်ချောင်းနေရာမှ အောက်သို့ ခုနစ်ချက် အသက်အောင့်၍ ဆွဲသပ်ချပေးပါ။

အထက်ဖော်ပြပါ နည်းများထဲမှ မိမိနှင့်သင့်လျော်မည့်နည်းကို ရွေးချယ်၍ အသုံးပြုနိုင်ပါသည်။ (၂)နှင့်(၃)မှ နည်းများသည် စာရေးသူကိုယ်တိုင် ငယ်စဉ်က ငါးအရိုးမကြာခဏ မျက်တတ်ရာ ၎င်းနည်းများကို အသုံးပြုခဲ့ရာ သက်သာပျောက်ကင်းခဲ့ပါကြောင်း ရေးသားဖော်ပြပေးလိုက်ပါသည်။

❒ မိုးစက်အဏ္ဏဝါ (ရောဝတီ)

## ဆေးကောင်းလျှင် တစ်စက်

**အောင်ကို**

တစ်သက်စာ ဆေးတစ်ဖုံနဲ့ ကျေနပ်ဖွယ်ရာ ရှိပါတယ်။ မြန်မာနိုင်ငံ ရာသီဥတုအနက် မြန်မာလူမျိုးတို့၏ ဓာတ်ခံလေးပါး ညီညွတ်မျှတတဲ့ ဆေးတစ်လက်ဖြစ်ပါတယ်။

စာရေးသူကိုယ်တိုင် ဆေးကို မှီဝဲသုံးဆောင် ကြိုက်နှစ်သက်ပါသဖြင့် ဆေးစွမ်းတစ်လက် မျှဝေပေးလိုက်ပါတယ်။ ဆေးဖော်စပ်နည်းမှာ ရာသီဥတု သုံးပါးအတွက် ဇာတိပ္ဖိုလ်သီး သုံးလုံး၊ ဆယ့်နှစ်ရာသီအတွက် လင်းနေ ၁၂ တောင့်၊ ရက်ပေါင်း ၃၆၅ ရက် အတွက် ငရုတ်ကောင်းစေ့ ၃၆၅ စေ့၊ ၎င်း သုံးပါးကို အမှုန့်ပြုလုပ်ပါ။ ပျားရည် ၂၀ ကျပ်သားနှင့်ရောကာ ပုလင်း သို့မဟုတ် ဘူးထဲထည့်ပါ။

တစ်နေ့လျှင် လက်ညှိုးတစ်တို့ မှီဝဲပါ။ လေဖြန်း၊ လေဖြတ် ပျောက်၏။ သွေးတိုးဆီးချို ပျောက်၏။ နှလုံးရောဂါ အစာအိမ်ရောဂါ ပျောက်၏။ ဆေးကောင်းတစ်လက် ဖြစ်ပါသည်။

နောက်တစ်နည်း ရှောက်တစ်လုံးဆေးသည် လေမျိုးရှစ်ဆယ်အားကောင်း၍ ခန္ဓာကိုယ်အတွင်း လေပုပ်၊ လေသိုး၊ လေပြန်၊ လေလန် သက်သာပျောက်ကင်း၍ ဝမ်းသွားလျှင် လွယ်လင့်တကူ အဆင်ပြေစေပါသည်။ ဆီးရှင်သည်။ အစာကို ကြေညက်စေသည်။ အကြောအချဉ် ပြေစေသည်။ နေလို့ထိုင်လို့ကောင်းသည်။ အိပ်တဲ့အခါ အိပ်မောကျ၍ စားတဲ့အခါ မြိန်ရေရှက်ရေ ရှိ၏။

ဆေးဖော်စပ်ပုံနည်းမှာ ၃၀ သားခန့်ရှိသည့် ရှောက်သီးတစ်လုံးကို မီးဖုတ်ပါ။ ရှောက်သီးခွံကို ဓားနဲ့ခြစ်ပါ။ ၎င်းရှောက်သီးကို ပါးပါးလှီးပါ။ (၁) ရှောက်သီးမီးဖုတ် (၂) စမုန်မျိုး ငါးပါးလျော့် (၃) ထန်းလျက် ၅၀ သား၊ ၎င်းတို့ကို ပုလင်းထဲထည့်၍ မနက် တစ်ဇွန်း၊ ည တစ်ဇွန်းစားပါ။ လေနာ၊ လေထရောဂါအားလုံး ပျောက်ကင်းသက်သာစေပါတယ်။

❒ အောင်ကို

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ဗောက်သန်းကင်းစေရေး ပြုလုပ်ပေး

**နတ်မောက်ကောင်းမွန်မြင့်**

ဦးခေါင်းအရေပြားမှာ ဗောက်အစို၊ ဗောက်အခြောက်တွေ ထနေရင် အလွန်ပဲယားယံပြီး စိတ်ပါရှုပ်ထွေးညစ်ညူးရပါတယ်။ ဗောက်အပြင် သန်းများပါရှိနေရင် ပိုဆိုးပါတယ်။

ခေတ်ပေါ် ခေါင်းလျှော်ရည် Shampoo တွေဟာ ဦးခေါင်းအရေပြား ပျက်စီးပြီး ဆံပင်ကျွတ်ခြင်း၊ ပြတ်ခြင်းတွေပါ ဖြစ်နေတတ်တာ လက်တွေ့ပါပဲ။ စာရေးသူရဲ့ သမီးမှာ အဲလိုဖြစ်လို့ မသုံးရဲတော့ပါဘူး။

ဦးခေါင်းမှာ ဗောက်၊ သန်းရှင်းပြီး ဦးခေါင်းအရေပြားလည်း မပျက်စီး။ အေးမြစေတဲ့နည်းစနစ် တင်ပြအပ်ပါတယ်။

ရဲယိုပင်ကို လူတိုင်းသိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဖက်ဝင်ပစ္စည်းမှာ ရဲယိုပင်ဟာ ထိပ်တန်းက ပါဝင်နေတယ်ဆိုရင်လည်း မမှားပါဘူး။

အဲဒီရဲယိုပင်က ရဲယိုရွက်ခပ်ရင့်ရင့် စိမ်းစိမ်းစိုစို ဆယ်ရွက်၊ ငယ်ရင် ဆယ့်ငါးရွက်လောက် ခူးယူပြီး ‌ရေစင်အောင် ဆေးပါ။ ပြီးရင် ထုထောင်းကြိတ်ခြေပြီး သတ္တုရည် ညှစ်ယူပါ။ ရလာတဲ့ ရဲယိုရွက်သတ္တုရည်များကို ဦးခေါင်း ရည်ပြားထိ စိုစိုရွှဲရွှဲလိမ်းကျံပေးပါ။ ပြီးရင် ဆယ်မိနစ်ခန့် ခေါင်းပေါင်းထားပါ။

ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ခန့်ရှိရင် ခေါင်းလျှော်ပေးရပါမယ်။ တရော်၊ ကင်ပွန်းသီးပြုတ်ရည်နဲ့ ခေါင်းလျှော်ပေးရပါမယ်။

ငါးရက်တစ်ကြိမ် အထက်ပါနည်းအတိုင်း ပြုလုပ်ပေးရန် ဦးခေါင်းမှာ ဗောက်၊ သန်း ကင်းရှင်းတဲ့အပြင် ဦးရေပြား အေးမြပြီး ဆံပင်ပါမည်းနက်ပျော့ပျောင်းသန်မာကာ ဦးခေါင်းကြည်လင်ပြီး စိတ်ပါ လန်းဆန်းနေပါလိမ့်မယ်ဆိုတာ တင်ပြလိုက်ပါတယ်။

❒ နတ်မောက်ကောင်းမွန်မြင့်

## ခံတွင်းရနံ့ သင်းပျံ့စေဖို့

**နတ်မောက်မင်းသန့်ဇိုင်**

ဆေးလိပ်၊ အရက်သောက်သူများ တညင်းသီးနှင့် ကြက်သွန်ဖြူ ကြက်သွန်နီ အစိမ်းစားသူများသည် ခံတွင်းရနံ့ဆိုးရွားစေပါသည်။ ထို့အပြင် ဝမ်းမမှန်ဘဲ ဓာတ်၊ လေချုပ်ပြီး အပူခိုး၊ အပုပ်ဆိုးများ ပါးစပ်မှထွက်လျှင်လည်း ခံတွင်းရနံ့ဆိုးလှပါသည်။

သို့အတွက် ခံတွင်းရနံ့ သင်းပျံ့စေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ပါ။

နံနက်စောစော အိပ်ရာထတွင် ရေတစ်ဖန်ခွက် သောက်ပါ။ တစ်ပတ်ခန့်ရှိလျှင် ရေနှစ်ဖန်ခွက်သောက်ပါ။ နောက်ထပ် နှစ်ပတ်ခန့်ရှိလျှင် ရေသုံးဖန်ခွက်သောက်ပါ။ ထိုသို့ကျင့်ပေးခြင်းဖြင့် နောက်ဆုံးတွင် နံနက်တိုင်း ရေသန့်တစ်ဘူးသောက်နိုင်သည်အထိ အကျင့်ရသွားပါမည်။ အသားအရေစိုပြည်၊ ဆီး၊ ဝမ်း၊ ဓာတ်၊ လေ မှန်ကန် အပူအပုပ်များ ကင်းစင်၍ ကြည်လင်လန်းဆန်းလာပါမည်။

အကယ်၍ ဝမ်းချုပ်နေပါက မန်ကျည်းသီးအမှည့် အနှစ် ကွမ်းသီးလုံးခန့်ကို ဆားလက်ညှိုးတစ်ကော်နှင့် ရောစားပြီး ရေအေးဝဝသောက်ပေးပါ။ ဝမ်းပျော့၊ ဝမ်းမှန်သွားပါမည်။

သွားတိုက်ရန်အတွက် ဤနှာခေါင်းချိတ်ပင်ဟုခေါ်သည့် တောကြက်မောက်ဆူးပင် ပဥ္စငါးပါးကို အခြောက်ခံ၊ မီးရှို့ပြာချပြီး ထိုပြာနှင့် သွားတိုက်၊ ပလုတ်ကျင်းပေးပါ။

အထက်ပါအတိုင်း ဆောင်ရွက်ကျင့်ကြံ နေထိုင်ခြင်းဖြင့် ကျန်းမာရေး အထူးကောင်းမွန်စေပြီး ခံတွင်းရနံ့ သင်းပျံ့သည့်အပြင် ကိုယ်ရည်ကိုယ်သွေးပါ ကြည်လင်လှပ သင်းပျံ့စေပါမည်။

❒ နတ်မောက်မင်းသန့်ဇိုင်

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## လေဖြတ်မှာကြောက်လို့ တွေးပူနေသူတွေအတွက် ဆေးတစ်ခွက်

စနေဒေါင်း (တွင်းကြီး)

သရက်တောကျောင်းတိုက်ရှိ မြိတ်ကျောင်းမှာနေပြီး ဆရာတော်၊ သံဃာတော်တွေရဲ့ အရိပ်ကို မှီခိုနေခဲ့သည်မှာ ငါးနှစ် ခြောက်နှစ် ကျော်ခဲ့ပြီဖြစ်သည်။ ထိုကာလတွေအတွင်း စာပေလောကကို ဆင်းရဲကျပ်တည်းစွာ ဖြတ်သန်းရင်းနှင့် ရှိနေခဲ့သည်။ မြိတ်ကျောင်းမှာ ကျောင်းထိုင်ဆရာတော် ဦးကလျာဏ အပါအဝင် အခန်းနေ ဦးဇဝန၊ ဦးပဏ္ဍိတ၊ ဦးဝါယမိန္ဒ၊ ဦးပညာဇောတ တို့သာရှိပြီး ကျောင်းသားကတော့ အမှန်မရှိ။ ပြန်လိုက် သွားလိုက်၊ နိုင်ငံခြားထွက်လိုက်၊ ကျောင်းတက်လိုက်နှင့် ကျွန်တော်ကတော့ ကျောင်းအလုပ်တွေအတွက် အမြဲလိုလို ရှိနေသည်ဟု ဆိုရချိမ့်။

တစ်နေ့တွင် ဆရာတော်တစ်ပါးအပါအဝင် သံဃာသုံးပါး၊ ထို့ပြင် ယောကျ်ား မိန်းမကြီး ရှစ်ဦးခန့်၊ သံဃာ လေးပါးခန့် ကျောင်းကို ရောက်လာသည်။ မုံရွာနယ်စပ်ကဖြစ်ပြီး တရားပြဆရာတော်တစ်ပါး ဖြစ်သည်။ ဘွဲ့အမည်တော့ မမေးမိပါ။ ထိုဆရာတော်နှင့် ဦးဇဝနတို့က ဟံရားရိပ်သာမှာ ဆုံခဲ့ကြပြီး ခင်မင်ရင်းနှီးခဲ့သည်ဟုတော့ သိရသည်။

ယခုရောက်လာခြင်းမှာ တရားပြဆရာတော် အပါအဝင် နောက်ပါ ယောကျ်ားကြီး မိန်းမကြီးများမှာ ဗုဒ္ဓဂယာသို့ ဘုရားဖူးထွက်ကြမည်ဖြစ်၍ ခဏတာ ကျောင်းတွင် တည်းခိုကြခြင်း ဖြစ်သည်။ ကျောင်း၌ နှစ်ရက်ခန့်နေပြီး ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီး (၁၂)ရက်ကြာ သွားရောက်ကြပါသည်။ ရက်ပြည့်ပြီးသည့်နောက် ကျောင်းသို့ ရောက်လာကြပါတော့သည်။

သူတို့ပြန်ရောက်သည့်နေ့က ကျွန်တော့်မှာ အလုပ်တိုက်မှ မိုးချုပ်မှ ပြန်ခဲ့ရ၍ ည ၇ နာရီမှ ကျောင်းရောက်၊ ရေမိုးချိုး၊ အမှိုက်လှည်း၊ သောက်ရေဖြည့်၊ ထမင်းစားပြီး သတင်းကြည့်ဖို့ ကျောင်းအောက်က တီဗွီရှေ့ ထိုင်မိသည်။ ဧည့်သည်များသည် ကျောင်းအနောက်ဘက်မှာ သူ့နေရာနှင့်သူ သူ့ဖျာနှင့်သူ ရှိနေကြသည်။ ဘုရားခန်းမှာတော့ ဆရာတော် ဦးကလျာဏ အပါအဝင် ဦးဇဝနတို့ ရှိနေသည်။ ဦးကလျာဏနှင့် ဦးဇဝနတို့သည် ဧည့်သည်အမျိုးသမီးကြီး နှစ်ဦးနှင့် စကားပြောနေကြသည်။ ကျွန်တော်က နားထောင်နေသည်။ ဘာမျှ ဝင်မပြော။

ပထမဆုံး ပြောသည်က ဘုရားပွင့်ရာ ဗုဒ္ဓဂယာ အကြောင်း၊ အိန္ဒိယနိုင်ငံအကြောင်းကို ပြောနေသည်။ နေရာတကာ ညစ်ညစ်ပတ်ပတ်ဖြစ်ကြောင်း၊ လမ်းဘေးမှာ အပေါ့အလေး စွန့်ကြကြောင်း၊ မြန်မာပြည်ထက် စည်းကမ်းမဲ့ကြောင်းများကို သူတို့အမြင်ကိုပြောရင်း ကျန်းမာရေးအကြောင်း ရောက်သွားသည်။ ပြီးတော့ လေဖြတ်ခံရသည့် ဦးဇင်းတစ်ပါးအကြောင်းပါ ပြောနေကြသည်။ ထိုစဉ် ဒကာမကြီးတစ်ဦး အသက်(၆၀) ဝန်းကျင်ခန့်က . . .

"တင်ပါ့ဘုရား၊ လေမဖြတ်ခင် ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ဆေးနည်းရှိပါတယ် ဘုရား၊ ခက်လဲမခက် လွယ်လဲ လွယ်ပါတယ် ဘုရား"

"အိမ်း. . . ဒါဆိုရင် ပြောစမ်းပါဦး"

ဆရာတော်က မိန့်သည်။ ထိုဒကာမကြီးက . . .

"ဒလိုပါဘုရား၊ မြန်မာလပြည့်နေ့ရောက်တိုင်း အစိမ်းရောင်ရှိတဲ့ ဘဲဥတစ်လုံးကို ရေနွေးနဲ့ပြုတ်လိုက်ပါဘုရား"

ဟုတ်ပြီ ပြီးတော့ . . ."

"ပြီးတော့ ဘဲဥ ပြုတ်ပြီးပြီဆိုရင် အခွံခွာပြီး သကြားနဲ့ တို့စားပါဘုရား၊ အဲဒါက လေးလပြည့်အောင် လပြည့်နေ့တိုင်း ပြောခဲ့တဲ့အတိုင်း စားပေးရမှာပါဘုရား၊ ဥပမာ တန်ခူးလပြည့်နေ့ကစားရင်း တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို လပြည့်အထိ ဆက်စားရပါမယ်ဘုရား၊ တကယ်လို့ ပထမ.တန်ခူးလမှာ စားထားလို့ ကဆုန်လမှာ မစားမိရင် မရပါဘူးဘုရား၊ အဲဒီ လပြည့်ရက်ကို မဖြစ်မနေ သတိထားပြီး စားရပါမယ် ဘုရား"

"တယ်ဟုတ်ပါလား၊ ဦးဇင်းက လေဖြတ်မှာကြောက်နေ တယ်၊ ဟန်ကျတာပဲ၊ ဒကာမပြောတဲ့အတိုင်း လေဖြတ်ရောဂါ ကို ကြိုတင်ကာကွယ်မှုဖြစ်မှာ" →→



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## မြင်းခွေးဆေးနဲ့ ညှင်းစင်ဝေးရေး

**မိုးစက်အဏ္ဏဝါ (ရောဝတီ)**

လူအများပြောလေ့ရှိတဲ့ "ညှင်းခရင် လူလှတယ်" ဆိုတဲ့စကားဟာ တကယ်တော့ ညှင်းပေါက်လို့ စိတ်ညစ်နေတဲ့သူတွေကို နှစ်သိမ့်အားပေးတဲ့ စကားမျှသာ ဖြစ်ပါတယ်။ ညှင်းခလျှင် ဘယ်မှာလှပါတော့မည်နည်း။ အရေပြား မျက်နှာပြင်အနှံ့တွင် အဖြူကွက်များ ဖြစ်ပေါ်ပြီး ကြည့်ရဆိုးလှ၏။

ယခုခေတ်တွင် ညှင်းပျောက်ဆေးအဖြစ် ခေတ်မီဆေးဝါးများ၊ မြန်မာ့ဆေးနည်းပေါင်းများစွာ တွင်ကျယ်ပေါ်ပေါက်နေပြီ ဖြစ်သည်။

သို့ပေမဲ့ အကြောင်းတိုက်ဆိုင်၍ ပျောက်သည်လည်း ရှိသည်၊ မပျောက်သည်လည်း ရှိသည်။ အချို့မှာ မပျောက်သဖြင့် စိတ်ဓာတ်ကျပြီး ဆေးမလိမ်းဘဲ ထားရာမှ ညှင်းများ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူကုန်တော့၏။

စာရေးသူ ဖော်ပြလိုသော ညှင်းပျောက်နည်းမှာ မြင်း၏ခန္ဓာကိုယ်မှ ထွက်သောချွေးကို ညှင်းပေါ်တွင် မကြာခဏ လိမ်းပေးရန် ဖြစ်ပါသည်။ လွယ်ကူသော်လည်း အစွမ်းထက်သော ဆေးနည်းတစ်လက် ဖြစ်ပါသည်။ တိုက်ဆိုင်မှုရှိ၍ ပျောက်ကင်းနိုင်ကြပါစေ။

❒ မိုးစက်အဏ္ဏဝါ (ရောဝတီ)

## နှာယား၊ နှာချေပျောက် ဆေးမြီးတို

**တင်ဝင်းနိုင် (ထမင်းချေးမြို့)**

ကျွန်တော်သည် အခါမမှန်မိုးမိသဖြင့် နှာမွှန်ရာမှ နှာရည်များ တစိမ့်စိမ့်ထွက်လာပြီး နောက်ဆုံး၌ နှာခေါင်းအတွင်းမှာ ယားလာကာ အမြဲတမ်းနှာချေနေတော့သည်။ နှာရှူဆေးများ ဝယ်ရှူသော်လည်း မပျောက်ခဲ့ပါ။ ဒီလိုနှင့် တစ်နှစ်ကျော်ကြာလာခဲ့ပါသည်။ ထိုဆေးမြီးတိုကို အသုံးပြုရာ တစ်လအတွင်း လုံးဝပျောက်ကင်းခဲ့ပါသည်။

၎င်းဆေးမြီးတိုကား မရွေးရွက်ကို လက်ဖဝါးဖြင့် ပွတ်ခြေ၍ တစ်နေ့ သုံးခါရှူပေးရပါမည်။ ၎င်းမရွေးရွက် အရည်များကိုလည်း လက်သန်းဖျားဖြင့်ဆွတ်၍ နှာခေါင်းတွင်းသို့ နှံ့စပ်အောင် သုတ်လိမ်းပေးရပါမည်။ လက်သည်းများ ညှပ်ထားရန် လိုပါသည်။

နာရီဝက် (သို့) တစ်နာရီခန့်ကြာလျှင် ရေသန့်သန့်ကို ရှူသွင်း၍ နှာခေါင်းတွင်း သန့်ရှင်းအောင်ပြုလုပ်ပေးရပါမည်။ တစ်နေ့ သုံးကြိမ်မျှပြုလုပ်ပေးပါ။ ညအိပ်ရာဝင်လျှင်လည်း မရွေးရွက်အရည်ခပ်ပါးပါးကို နှာခေါင်းအတွင်း သုတ်လိမ်း၍ ပေးပါ။ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။

မှတ်ချက်။ ။ နှာမွှန်ရုံ မွှန်ပါက ၎င်းအရွက်ကိုရှူပေးရုံဖြင့် ပျောက်ကင်းစေပါသည်။

❒ တင်ဝင်းနိုင် (ထမင်းချေးမြို့)

→

ဆရာတော်က ပြောပါသည်။ ကျွန်တော် ထိုအမျိုးသမီးကြီး ပြောသည်ကို သဘောကျသွားသည်။ စိတ်ထဲမှာ မှတ်သားပြီး လေဖြတ်မှာကိုကြောက်သူတွေအတွက် ကုသိုလ်ပြုရမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

လေဖြတ်မှာ ကြောက်သူတွေ၊ ဆီးချိုသွေးချို ရှိသူတွေအတွက် အစိမ်းရောင်ရှိတဲ့ ဘဲဥတစ်လုံးကို ဝယ်ပါ။ ဘဲဥတွင် အဖြူရောင်သက်သက်နှင့် ခပ်ညစ်ညစ်အစိမ်းရောင်ရှိပါသည်။ ၎င်းအစိမ်းရောင်တစ်လုံး ဝယ်ပါ။ မိတ်ဆွေစပြီးစားမည့် လပြည့်နေ့တွင် ၎င်းဘဲဥကိုပြုတ်၊ သကြားနှင့်တို့စား၊ နောက်လ လေးလပြည့်အောင်စားပါ။ လေဖြတ်မည့်အန္တရာယ်မှ ကင်းဝေးပါလိမ့်မည်။

❒ စနေဒေါ်ဝင်း(တွင်းထီး)




www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးငယ်များနှင့် ခန္ဓာကိုယ် အလေးချိန်လျှော့ချခြင်း ပြဿနာ

ဘိုခေ



အခုတလော ဖက်ရှင်မဂ္ဂဇင်း မျက်နှာဖုံးများတွင် ဥရောပမှ ပိန်သွယ်သော ကိုယ်ဟန်ပြမယ်များ၏ ပုံရိပ်များကို ကြည့်ပြီး အမျိုးသမီးငယ်များအနေဖြင့် သွယ်လျသော ခန္ဓာကိုယ် ပိုင်ဆိုင်လိုခြင်းကြောင့် မိမိတို့ခန္ဓာကိုယ် အလေးချိန် လျှော့ချရန် ဆန္ဒပြင်းပြလျက် ရှိနေကြသည်။

ပြင်ပအလှအပကို နှစ်သက်သဘောကျခြင်းသည် မှားယွင်းသော စိတ်ဆန္ဒ မဟုတ်ပါ။ ပြင်ပအလှအပကို လိုချင်စိတ်သည် ကျွန်တော်တို့၏ ယုံကြည်စိတ်ချခြင်းကို တိုးပွားစေသဖြင့် ဤစိတ်ဆန္ဒသည် အရေးပါလှသည်။

ထို့ကြောင့် အမျိုးသမီးငယ်များသည် လှပကြော့ရှင်းသော ခန္ဓာကိုယ် ပိုင်ဆိုင်နိုင်ရန် ခန္ဓာကိုယ်အလေးချိန် လျှော့ချရန် ကြိုးပမ်းလျက်ရှိနေကြသည်။

သင်သည်လည်း သင်၏ခန္ဓာကိုယ် အလေးချိန်လျှော့ချရန် ကျန်းမာကြံ့ခိုင်ရေးအတွက် လိုအပ်သည့် အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် လေ့ကျင့်ခန်းများ ပြုလုပ်လိုစိတ် ဖြစ်ပေါ်လျက် ရှိကောင်းရှိနိုင်သည်။

အမျိုးသမီး အတော်များများသည် မဂ္ဂဇင်းမျက်နှာဖုံးတွင် ဖော်ပြထားသော ကိုယ်ဟန်ပြမယ်များ၏ ကိုယ်ခန္ဓာမျိုး ပိုင်ဆိုင်လိုစိတ် ရှိနေကြသည်။ သို့ပေမဲ့ ထိုကဲ့သို့သော ခန္ဓာကိုယ်မျိုး ရရှိနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်း မရှိကြပါ။ သင်၏ ခန္ဓာကိုယ်အလေးချိန် လျှော့ချလိုပါက ယခုပင် စတင်လုပ်ဆောင်သင့်သည်။

နေ့စဉ် လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းကြပ်မတ်ခြင်းရှိရန် ကိုယ်တိုင်ကိုယ်ကျ လေ့ကျင့်ပေးသူ၏ အကူအညီကို ရယူသင့်သည်။

❑ ထိုခေ



www.burmeseclassic.com

www.burmeseclassic.com

# လေ့ကျင့်ခန်းပြုလုပ်ရာတွင် နည်းပြ၏ အရေးပါမှု

ဘိုခေ



သင့်ခန္ဓာကိုယ် အလေးချိန်လျှော့ချရန် နေ့စဉ်ပြုလုပ်သော လေ့ကျင့်ခန်းများအတွက် နည်းပြတစ်ဦးရှိရန် အလွန်အရေးကြီးပါသည်။ အချို့သော ကြေးစားကျန်းမာကြံ့ခိုင်ရေး နည်းပြများ အခကြေးငွေမှာ မသေးလှပါ။

သင် လေ့ကျင့်ခန်းများလုပ်ရာတွင် ပို၍စည်းကမ်းရှိရန်နှင့် ပို၍ထိန်းသိမ်းကြပ်မတ်မှု ရှိစေရန် နည်းပြလိုအပ်မှုသည် အလွန်အရေးပါသည်။

အချို့သောသူများသည် လေ့ကျင့်ခန်းပြုလုပ်ရာတွင် လုပ်ထိုက် လုပ်သင့်သည်ကို မပြုလုပ်ကြပါ။ ထို့ကြောင့် ကြေးစားကြံ့ခိုင်ရေးနည်းပြများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်။

လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် သင်လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ရာတွင် ထိန်းသိမ်းကြပ်မတ်ရန် အခက်အခဲရှိပါက သူတစ်ပါး၏ အကူအညီကို လိုအပ်လာလိမ့်မည်။

ကြေးစားနည်းပြများသည် ရိုးရှင်းသော သွန်သင်လမ်းညွှန်မှုများ ပေးကြသဖြင့် သင့်အတွက် ငွေကြေးကုန်ကျမှု နည်းပါးပါသည်။

သင်၏ ခန္ဓာကိုယ် အလေးချိန်လျှော့ချရန်နှင့် သင်ဝတ်ဆင်လိုသော အဝတ်အထည်များသည် သင်၏ ခန္ဓာကိုယ်အချိုးအဆစ်နှင့် ဆီလျော်အောင် ဝတ်ဆင်လိုပါက ကျန်းမာရေးနှင့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပေးသည့် နည်းပြကို ဖုန်းဆက်လိုက်ရုံနှင့် အဆင်ပြေသွားနိုင်ပေလိမ့်မည်။

❒ ဘိုခေ



www.burmeseclassic.com

www.burmeseclassic.com



# သင်၏ခန္ဓာကိုယ်အတွက် အသင့်လျော်ဆုံးသော လေ့ကျင့်ခန်းအထောက်အကူပြု ပစ္စည်းကိရိယာ ရွေးချယ်ခြင်း

ဘိုခေ

လူတိုင်းလိုလိုပင် နေ့စဉ် မိမိတို့၏ ခန္ဓာကိုယ် အလေးချိန်နှင့် ပတ်သက်၍ ပူပင်မှု ရှိနေကြသည်။ ဤကဲ့သို့ ခန္ဓာကိုယ်အလေးချိန်နှင့် ပတ်သက်သော ပြဿနာတွင် ခန္ဓာကိုယ် အရွယ်အစားနှင့် ပုံပန်းသဏ္ဌာန်ကို ပို၍ပူပန်ကြသည်။

ခန္ဓာကိုယ် အလေးချိန်နှင့် ပုံပန်းသဏ္ဌာန်တို့သည် ကျန်းမာရေးအခြေအနေနှင့် မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုတို့ အပေါ် မူတည်လျက်ရှိသည်။

ထိုကဲ့သို့ ခန္ဓာကိုယ်အလေးချိန် လျှော့ချရန်နှင့် ခန္ဓာကိုယ် အချိုးအစား ကောင်းမွန်မှန်ကန်ရန်အတွက် လေ့ကျင့်ခန်း အထောက်ဒ.ကူပြု ပစ္စည်းကိရိယာ ရွေးချယ်ရန် အာရုံစိုက်လာကြသည်။ လေ့ကျင့်ခန်းများသည် ခန္ဓာကိုယ်အလေးချိန် လျှော့ချရန် အလွန်မှအရေးကြီးသည်။

ခန္ဓာကိုယ်အလေးချိန် လျှော့ချရန် အချို့သောသူများသည် မိမိတို့၏ နေအိမ်တွင်ဖြစ်စေ၊ ကျန်းမာကြံ့ခိုင်ရေး ဌာနများတွင်ဖြစ်စေ လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။ သို့ပါ၍ လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် မှန်ကန်သင့်လျော်သော လေ့ကျင့်ခန်း အထောက်အကူပြု ပစ္စည်းကိရိယာများ ရွေးချယ်ရန် အလေးပေး ဆောင်ရွက်သင့်သည်။

မှန်ကန်သင့်လျော်မှုရှိသော ပစ္စည်းကိရိယာ တန်ဆာပလာများ မရှိပါက အချိန်တိုအတွင်း ခန္ဓာကိုယ် အလေးချိန် လျှော့ချနိုင်မည် မဟုတ်ပါ။ အများသုံး ရေပန်းစားသည့် ကာယလေ့ကျင့်ခန်းလုပ် လမ်းလျှောက်စက်ကိရိယာမျိုးသည် ထိရောက်သော အထောက်အကူပြု ပစ္စည်းတစ်ခုပင် ဖြစ်သည်။

❒ ဘိုခေ



www.burmeseclassic.com

www.burmeseclassic.com



# လိပ်ခေါင်းရောဂါ မဖြစ်အောင်ကာကွယ်နည်း

အောင်ဘုန်းမြင့် (ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

**ဝမ်းနှင့်ဆိုင်သောရောဂါ**

"ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲ၊ တစ်သက်လုံး ကျန်းမာရွှင်လန်း ချမ်းသာသုခ ရစေမည်" ဟူသော ဆိုစကားရှိလေ၏။

မှန်ပါသည်။ ဝမ်းသည် လူ့ကျန်းမာရေးနှင့် အသက်ရှည် အနာမဲ့ရေး အတွက် အခရာဖြစ်၏။ ထို့ကြောင့် ဝမ်းတစ်လုံးကောင်းအောင် နေထိုင်သွားကြရပါမည်။

ဝမ်းနှင့်ပတ်သက်သော ရောဂါများထဲတွင် လိပ်ခေါင်းရောဂါသည်လည်း ထိပ်ဆုံးကပါဝင်လေ၏။

ကင်ဆာပြီးလျှင် ကြောက်စရာအကောင်းဆုံးထဲ ပါဝင်သည်။ သို့ဖြစ်၍ လိပ်ခေါင်းရောဂါမဖြစ်အောင်ကာကွယ်နိုင်ရေးအတွက် လိပ်ခေါင်းရောဂါ အပါအဝင် ဝမ်းနှင့်ဆိုင်သော ရောဂါများအကြောင်း အထိုက်အလျောက်သိထားသင့်ပါသည်။

လိပ်ခေါင်းရောဂါသည် လွန်စွာဖြစ်နှုန်းစံတင်ရလောက်အောင် မြင့်မားသော ရောဂါမျိုးဖြစ်သည်။ လူဆယ်ယောက်တွင် တစ်ယောက် လိပ်ခေါင်းရောဂါနှင့်မကင်းဟုဆိုကြသည်။ တစ်ဦးနှင့်တစ်ဦး ရောဂါ အကြီးအသေးသာ ကွာခြားကြ၏။ ဖြစ်နှုန်းမှာ လျော့မသွား၊ တစ်နေ့ထက်တစ်နေ့ ဖြစ်နှုန်းတိုးလျက်ရှိနေပါသည်။

လိပ်ခေါင်းရောဂါသည် အသက်အန္တရာယ်မစိုးရိမ်ရသော်လည်း အနေရအထိုင်ရခက်ခဲစေတတ်ပါသည်။ ဆူးရှိသော ထိုင်ခုံပေါ် ထိုင်ရသကဲ့သို့ စိတ်အနှောင့်အယှက်ပေးတတ်သည်။သက်ရှိသတ္တဝါချင်းအတူတူ၌ ခြေလေးချောင်းသတ္တဝါများသည် လိပ်ခေါင်းဝေဒနာကင်းရှင်းကြ၏။

လူသည်မတ်တတ်ရပ်၍ နေထိုင်သွားလာရသောသတ္တဝါဖြစ်သောကြောင့် ကမ္ဘာမြေကြီး၏ဆွဲအား သက်ရောက်စေကာ သွေးပြန်ကြောမှ တစ်ဆင့်နှလုံးသို့ပြန်စီးဝင်သော သွေးများသည် ကမ္ဘာမြေ သံလိုက်ဗဟိုသို့ဦးတည်စေပြီး ထိုမှတစ်ဖန် ကိုယ်ခန္ဓာအောက်ပိုင်းသို့ သက်ရောက်စေသော အလေးချိန် ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ လူ့ကိုယ်ခန္ဓာအောက်ပိုင်း စအိုဝ အူဖြောင့်ပိုင်းတွင် သွေးများကို တင်ကျန်စုပုံလာစေနိုင်၏။ အဆိုပါ အူဖြောင့် အထက်အောက် သွေးပြန်ကြောများ၏ နံရံများသည် လွန်စွာ ပါးလွှာကွေးကောက်လွယ်သဖြင့် တဖြည်းဖြည်းအစိုင်အခဲဖြစ်လာစေနိုင်ပါသည်။

ထို့ပြင် ဝမ်းချုပ်ခြင်း၊ ဝမ်းသွားချိန်မမှန်ခြင်း၊ ဝမ်းသွားရခက်ခဲတတ်ပြီး ဝမ်းသွားချိန်ကြာရှည်လွန်းခြင်း၊ တာရှည်စွာ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်း၊ မကြာခဏ ဝမ်းနှင့်ပတ်သက်သော ရောဂါ ဖြစ်ခြင်းတို့သည် လိပ်ခေါင်းရောဂါ ဖြစ်စေနိုင်သော အကြောင်းရင်းများ ဖြစ်သည်။ အထိုင်များသော အလုပ်လုပ်ကိုင်သူများ အထူးသတိထားရပါမည်။

စမြင်းခံစေတတ်သော အစားအစာများကိုစားသုံးခြင်း၊ အပူအစပ်များကို အစားများခြင်း၊ ဝမ်းကို သန့်ရှင်းကောင်းမွန်စေတတ်သော ဖိုင်ဘာအမျှင်ဓာတ်နည်းပါးသော ဂျုံနှူး၊ ဆန်ဖြူဖြူများကို အဓိက စားသုံးခြင်း၊ အနေအထိုင် အစားအသောက် မမှန်ခြင်း၊ ဖိုင်ဘာအမျှင်ဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများကိုအစားနည်းခြင်း၊ ဝမ်းမမှန်၊ ဝမ်းသွားရာတွင် အခက်အခဲဖြစ်စေကာ ဝမ်းနည်းနည်းချင်းသာ သွားစေခြင်း၊ ဝမ်းကျန်ခြင်း အစရှိသည့် ပြဿနာများ ကြာရှည်လာလျှင် လိပ်ခေါင်းရောဂါရစေနိုင်ပါသည်။

ကြာကြာရပ်၊ ကြာကြာလမ်းလျှောက်၊ ကြာကြာထိုင်၊ ကြာကြာကားမောင်းရသော အလုပ်များ၊ အလေးအပင်များကို မ,ရသူ ထမ်းရသူများ၊ ကြာကြာဆောင့်ကြောင့်ထိုင်၍ အလုပ်လုပ်ရသူများ၊ ကိုယ်ကာယအလှအတွက် အလေးမ,သူများသည် စအိုဝအူဖြောင့်လမ်းပိုင်းရှိ သွေးပြန်ကြောများခဲ့ကားတွန့်လိမ်ရှုပ်ထွေးစေသဖြင့် သွေးများကို အနည်ထိုင်စေသောကြောင့် လိပ်ခေါင်းရောဂါ ဖြစ်စေနိုင်သည်။ လိပ်ခေါင်းရောဂါသည် ကုသပျောက်ကင်းနိုင်သောရောဂါ ဖြစ်သည်။

**လိပ်ခေါင်းရောဂါ**

ဝေါဟာရပြော လိပ်ခေါင်းရောဂါဆိုသည်မှာ အူဖြောင့်အဆုံးပိုင်း စအိုလမ်းကြောင်းပွင့်၏ အရေပြားအောက်ရှိ သွေးပြန်ကြောအုံသည် ရှိရင်းစွဲသဘာဝထက် ပိုမိုခဲ့ကားနေရာယူလာပြီး ကွေးတွန့်ကျယ်ပြန့်လာမှုကြောင့် ဖြစ်ပေါ်လာရသော ပျော့အိအိအလုံးအခဲ ဖြစ်သည်ဟု ပညာရှင်တို့ဆိုကြ၏။

အတွင်းလိပ်ခေါင်း၊ အပြင်လိပ်ခေါင်း၊ ရောထွေးလိပ်ခေါင်းဟူ၍ အခြေအနေအရ ကွဲပြားခြားနားမှုရှိသည်။

လိပ်ခေါင်းရောဂါနှင့် အူမကြီးကင်ဆာဖြစ်ခါစ ပထမအဆင့်တွင် ဆင်တူယိုးမှားဖြစ်တတ်၏။ ဝမ်းသွားသည့်အခါ ထွက်လာသောသွေးသည် အနီရောင်မဟုတ်ဘဲ နီညိုရောင်ဖြစ်နေပြီး ပြည်များနှင့် ပျက်စီးသွားသော ဆဲလ်အစိတ်အပိုင်းများရောပါလာလျှင် အူမကြီးကင်ဆာဖြစ်နိုင်သဖြင့် လွန်စွာသတိထားရမည်။

သွေးရောင် နီမြန်းနေပြီး အညှီအမည်း အရိအခွဲ မရောလျှင် လိပ်ခေါင်းရောဂါ ဖြစ်နိုင်ပါသည်။

သို့ဖြစ်၍ ဝမ်းသွားသည့်အခါ မြို့၌ စအိုဝမှ တစ်စုံတစ်ခုကျဆင်းလာသကဲ့သို့ ခံစားရပြီး နာကျင်မှုဝေဒနာ ခံစားနေရလျှင်၊ စအိုဝနာကျင်နေလျှင် အမြန်ဆုံး ဆေးရုံ ဆေးခန်းများသို့ သွားရောက်ပြသ စစ်ဆေးမှု ခံယူပြီး တတ်ကျွမ်းသောသမားတော် ဆရာဝန်များနှင့်ကုသမှုခံယူခြင်းသည် အကောင်းဆုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

### ရောဂါကာကွယ်ခြင်း

ရောဂါအန္တရာယ်များကို ဖြစ်ပြီးမှ ကုသကာကွယ်ခြင်းထက် မဖြစ်မီကြိုတင်ကာကွယ်ခြင်းသည် ကျန်းမာအသက်ရှည်ရေးအတွက် အထိရောက်ဆုံးနှင့်အကောင်းဆုံးဖြစ်သည်။ သို့ဖြစ်၍ သမားတော်များ၏ လက်တွေ့ကုသမှု သုတေသန အတွေ့အကြုံများအရ လိပ်ခေါင်းရောဂါ ကာကွယ်နည်းများထဲမှ လွယ်ကူပြီးထိရောက်သော နည်းလမ်းများကို အကြံပေးတင်ပြရေးသားထားသည်။

၁။ နံနက် အိပ်ရာထချိန်တိုင်းတွင် သန့်ရှင်းသော ရေကောင်းရေသန့် များများသောက်သုံးပေးရမည်။

၂။ အရသာပြင်းသော အပူအစပ်များကို တတ်နိုင်သမျှရှောင်ကြဉ်လျှော့စားရမည်။

၃။ နေ့စဉ် နံနက်တိုင်း အချိန်မှန် ဝမ်းမှန်သွားတတ်အောင် အကျင့်လုပ်ထားရမည်။

၄။ လတ်ဆတ်ကောင်းမွန်၍ ကျန်းမာရေးအတွက် အမျှင်ဓာတ်ကြွယ်ဝသော သီးနှံဟင်းသီးဟင်းရွက်၊ သစ်သီးဝလံအမျိုးမျိုးကို များနိုင်သလောက်များအောင်(သို့) နေ့စဉ်လုံလောက်စွာ စားသုံးပေးရမည်။

၅။ သန့်စင်ခန်းဝင်ချိန်တွင် အကြာဆုံး ငါးမိနစ်(သို့) ခြောက်မိနစ်ခန့်သာ ရှိသင့်သည်။

၆။ ဝမ်းသွားလိုစိတ်ရှိတိုင်း မြန်မြန်ဆန်ဆန် ဝမ်းသွားခြင်းနှင့် ကုန်စင်အောင်စွန့်ထုတ်ရှင်းလင်းစေတတ်သည့် အကျင့်မျိုးဖြစ်အောင် လေ့ကျင့်ထားရမည်။

၇။ ဝမ်းနှင့်ပတ်သက်၍ ထူးခြားချက်တွေ့လျှင် (သို့) စအိုဝတွင် နာကျင်မှုရှိလျှင် မသက်သာစရာထူးခြားမှုတစ်ခုခု ခံစားတွေ့ရှိရလျှင် အချိန်မီ ဆေးဝါးကုသမှုခံယူရမည်။

၈။ အထိုင်များခြင်း၊ အလျှောက်များခြင်း စသည်ဖြင့် ကိုယ်နေကိုယ်ဟန်တစ်မျိုးတည်းဖြင့် အချိန်မြင့်စွာနေထိုင်ခြင်း၊ အလုပ်လုပ်နေရခြင်းများကို ရှောင်ရှားရမည်။

အထိုင်များသောအလုပ်၊ တရားကျင့်ကြံခြင်းများသည် နှစ်ကာလ ကြာရှည်လာလျှင် ကျီးပေါင်းတက်ရောဂါနှင့် လိပ်ခေါင်းရောဂါ နွယ်လာနိုင်ပါသည်။

အစားအသောက်တစ်မျိုး နှစ်မျိုး ကိုယ်ကြိုက်သော အစားအစာများကိုသာ ရွေးချယ်စားသောက်ခြင်းထက် ကျန်းမာရေးကိုအကျိုးပြုစေမည့် အစားအသောက်များကို ဦးစားပေးသင့်သည်။ အသား၊ ငါး၊ ပုစွန်၊ အသီးအနှံ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အစေ့အဆန် စုံလင်စွာစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးထူးစေနိုင်သည်။

အထိုင်ကြာရှည်စွာ အလုပ်အကိုင်များကို လုပ်ကိုင်နေရသူများသည် အလုပ်နားချိန်များတွင် ခဏရပ်၍ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်ပေးသင့်သည်။

နေ့စဉ် နံနက်ပိုင်းတွင် လမ်းအမြန်လျှောက်ခြင်း၊ အပြေးလျှောက်ခြင်း (သို့) ခေါင်း၊ ကိုယ်၊ လက်၊ ခါး၊ ခြေ လေ့ကျင့်ခန်း ပြုလုပ်ခြင်းများကို လုပ်ဆောင်ပေးသင့်သည်။

ထို့ပြင် ထမင်းစားပြီး အစာကြေလွယ်စေမည့် အစားအစာစားပေးခြင်း၊ သက်သောင့်သက်သာ လမ်းလျှောက်ပေးခြင်း ပြုလုပ်ပေးသင့်သည်။

စအိုဝ ကျန်းမာရေးအတွက် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့နှစ်ကြိမ် စအိုဝကိုကျုံ့စေခြင်း၊ ပြန်ဖြေလျှော့ခြင်း လေ့ကျင့်ခန်းလုပ်ပေးရမည်။

စအိုဝလေ့ကျင့်ခန်းကို တစ်ကြိမ်လုပ်လျှင် သုံးမိနစ်ခန့်ဖြင့် နေ့စဉ်အကြိမ် ၂၀ မှ ၃၀ အထိ ပြုလုပ်ပေးသင့်သည်။

ကြာကြာပြုလုပ်နိုင်လေ အကျိုးရှိလေဖြစ်သည်။

### တွဲဖက်ရောဂါများ

ဝမ်းခေါင်းအတွင်းပိုင်းကို ဖိအားများစေပြီးဒဏ်ဖြစ်စေတတ်သောရောဂါများသည် လိပ်ခေါင်းရောဂါဖြစ်စေရန် အကြောင်းရင်းများဖြစ်သည်။

ဥပမာ - နာတာရှည်·တဟွတ်ဟွတ်ချောင်းဆိုးခြင်း၊ တဟွတ်ဟွတ်နှင့် သလိပ်ခတ်ခြင်းများကြောင့် ဝမ်းခေါင်းအတွင်း ဖိအားဖြစ်စေတတ်သဖြင့် နာတာရှည် ချောင်းဆိုးခြင်းနှင့် အဆုတ်လေပြွန်နာ မဖြစ်အောင် သတိထားဆင်ခြင်နေထိုင်သင့်ပါသည်။

ပရိုစတိတ်ဂလင်းခေါ် သုက်ရည်အကျိတ် ရောင်ရမ်းနာ၊ အသည်းရောင်နာနှင့်အသည်းကြွပ်နာ၊ အသည်းမာတောင့်နာများသည်လည်း ဝမ်းခေါင်းအတွင်း ဖိအားများစေပြီး လိပ်ခေါင်းဖြစ်ရန် ဦးတည်စေနိုင်ပါသည်။

သို့ဖြစ်၍ လိပ်ခေါင်းရောဂါနှင့် အကြောင်းပါ နွယ်ယှက်ပတ်သက်နေသော (သို့) ပတ်သက်လာနိုင်သော ရောဂါများမှ ကင်းရှင်းအောင် နေထိုင်ကြရပါမည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် စွဲကပ်ပတ်သက်လာလျှင်လည်း ပျောက်ကင်းချမ်းသာရအောင် သမားတော် ဆရာဝန်များနှင့် ကြိုတင်ကုသကာကွယ်ထားမည်ဆိုပါက လိပ်ခေါင်းရောဂါမှ ကင်းစေနိုင်မည်ဖြစ်သည်။

လိပ်ခေါင်းရောဂါနှင့် အထက်ပါရောဂါများ တွဲဖက်ခံစားနေရသည် ဆိုပါက အထက်ပါရောဂါများကို ကုသပျောက်ကင်းသွားလျှင် လိပ်ခေါင်းရောဂါပါ မကုသဘဲ ပျောက်ကင်းသွားပါလိမ့်မည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

❒ အောင်ဘုန်းမြင့်(တချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးရောဂါရှင်များအတွက် နှလုံးသန်စွမ်းလေ့ကျင့်ခန်း

ရီရီဌေး

လူသားတို့၏ ခန္ဓာကိုယ်အတွင်း ရှိ နှလုံးသားသည် သန္ဓေတည်စမှပင် စတင်လှုပ်ရှားခြင်းကို လုပ်ဆောင်ခဲ့ရာ နောက်ဆုံး အသက်ဝိညာဉ်ချုပ်သည် အထိပင် နှလုံး၏ လုပ်ငန်းဆောင်တာ များကို ပြုလုပ်ရသည့် အရေးအကြီးဆုံး သော ကိုယ်တွင်းအင်္ဂါရပ်တစ်ခု ဖြစ်ပါ သည်။ လူတစ်ယောက်၏ ဘဝရှင်သန် ရန်အတွက် နှလုံးကျန်းမာသန်စွမ်းရေး သည် အဓိကလိုအပ်လှပေသည်။

ထိုသို့ လူ့ဘဝ၏ အရေးကြီး သော နှလုံးကျန်းမာသန်စွမ်းရန် နည်း လမ်းများကို ရှာဖွေသောအခါ အလွယ် ကူဆုံးနှင့် အသေချာဆုံးနည်းလမ်းမှာ မှန်ကန်သော လေ့ကျင့်ခန်းယူခြင်းပင် ဖြစ်ကြောင်း တွေ့ရှိရပါသည်။ လူအများ သည် အသက်ကြီးလာသည်နှင့်အမျှ ကိုယ်ကာယလှုပ်ရှားမှုများ နည်းပါးလာ သကဲ့သို့ အချိန်မှန်မှန် လေ့ကျင့်ခန်း ယူရန်လည်း အရေးမထားတော့ပေ။ အထူးသဖြင့် အသက် ၇၅ နှစ်အရွယ် အသက်ပိုင်းရှိသည့် အမျိုးသားဦးရေ သုံးပုံတစ်ပုံခန့်မှာ လေ့ကျင့်ခန်း လုံးဝ မယူကြသူများ ဖြစ်ပါသည်။

**နှလုံးကိုအန္တရာယ်ပြုစေမည့် အကြောင်းအချက်များ**

- ကိုယ်လက်လှုပ်ရှား နည်းပါးသူ များ၊
- အထိုင်များသူများ၊
- ဆေးလိပ်သောက်သုံးသူများ၊
- သွေးတိုးရောဂါရှိသူများ

အထက်ပါအကြောင်းများ သည် နှလုံးကိုအန္တရာယ်ဖြစ်စေမည့်အကြောင်း အချက်များဖြစ်သဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင် မိဘဆွေမျိုးများတွင် နှလုံး ရောဂါရှိနေပါက အထက်ပါအကြောင်း အရာများကို ရှောင်ရှားရမည် ဖြစ်ပါ သည်။

နှလုံးရောဂါ ကြိုတင်ကာကွယ် ရန်အကောင်းဆုံးမှာ လေ့ကျင့်ခန်းယူ ခြင်းပင် ဖြစ်ပါသည်။ နည်းစနစ်ကျစွာ လေ့ကျင့်ခန်းယူခြင်းသည် သွေးတိုး ရောဂါရှင်များ သွေးမတက်စေရန် ထိန်း သိမ်းနိုင်သဖြင့် နှလုံးရောဂါအတွက် ကြိုတင်ကာကွယ်နိုင်ပါသည်။ လေ့ကျင့် ခန်းပြုလုပ်ခြင်းကြောင့် ကောင်းသော ကိုလက်စထရော (HDL) မြင့်တက်စေ သည့်အပြင် မကောင်းသော ကိုလက် စထရော (LDL) နိမ့်ကျစေပါသည်။ ထို့အပြင် ထရိုင်ကလိုက်ခရိုက်ဓာတ်များ လျော့နည်းစေကာ သွေးထဲ၌ အဆီ ဓာတ်များ လျော့ကျစေသဖြင့် နှလုံး သန်စွမ်း လေ့ကျင့်ခန်းကို မှန်မှန်ပြုလုပ် သင့်ပါသည်။ နည်းစနစ်မှန်ကန်သော လေ့ကျင့်ခန်းယူခြင်းနှင့် လေ့ကျင့်ချိန် ပုံမှန်ပြုလုပ်ခြင်းကြောင့် ပိုနေသော အဆီများ လျော့နည်းကာ ခန္ဓာကိုယ် အလေးချိန် လျော့ကျစေပြီး သွေးလှည့် ပတ်မှုအား ကောင်းပါသည်။ နှလုံးသွေး ကြောကျဉ်းရောဂါတွင် သွေးလှည့်ပတ်မှု အားကောင်းပါက အန္တရာယ်ဖြစ်မှု လျော့နည်းစေပါသည်။

**နှလုံးသွေးကြောကျဉ်းရခြင်း အကြောင်းရင်း**

လူသားများ စားသောက်ရာ တွင် ပါဝင်သည့် ပြည့်ဝဆီများသည် နှလုံးသွေးကြောကျဉ်းစေခြင်း၏ အဓိက အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ပြည့်ဝဆီဖြစ်သည့် အမဲဆီ၊ ဝက်ဆီနှင့် စား အုန်းဆီများဖြင့် ချက်ပြုတ်ထားသည့် အစားအစာများကို ရေရှည်စားသုံးခြင်း ကြောင့် သွေးကြောများတွင် အဆီများ အနည်ထိုင်လာသည့်အတွက် သွေး လည်ပတ်ခြင်းကို ပုံမှန်မစီးဆင်းနိုင်ဘဲ ပိတ်ဆို့ခြင်း၊ ကျဉ်းမြောင်းခြင်းတို့ဖြစ်ကာ နှလုံးရောဂါ၏ အစကနဦးဖြစ်ရပ် ဖြစ် လာပါသည်။

ထိုသို့ နှလုံးသွေးကြောကျဉ်းနေ ချိန်တွင် ရောဂါကို တာရှည်စွာ အဖြစ် မခံဘဲ မှန်ကန်သည့်အစားအစာ၊ မှန် ကန်သည့်လေ့ကျင့်ခန်းယူခြင်းဖြင့် သွေး ကြောများပွင့်လာရန် အထောက်အကူ များစွာပြုပါသည်။ မှန်ကန်သည့် အစား အစာတွင် ပြည့်ဝဆီကို စားသုံးမည့် အစား မပြည့်ဝဆီဖြစ်သော နေကြာဆီ၊ ပဲဆီ၊ နှမ်းဆီနှင့် ကိုလက်စထရောထုတ် ထားသည့်ဆီတို့ကို ပြောင်းလဲစားသုံးရ ပေမည်။

**လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် ကွင်းဆက်အကျိုးထူးမှုများ**

နည်းစနစ်တကျ လေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ချိန် အချိန်မှန်ခြင်းသည် သွေးကြောအတွင်း သွေးလှည့်ပတ်မှုအားကောင်းစေသဖြင့် လေဖြတ်ခြင်းကို ကာကွယ်နိုင်သည့် အကျိုးထူးများကို ရရှိစေပါသည်။ ထိုသို့ လေ့ကျင့်ခန်းယူခြင်းနှင့်ပတ်သက်သည့် အကျိုးထူးများ အကြောင်းကို ဆေး သုတေသီများက နှလုံးရောဂါရှင်ပေါင်း ၁၁၀၀၀ ကျော်အား သုတေသနပြုခဲ့ပါ သည်။

၎င်းတို့၏ သုတေသနတွင် နှလုံး ရောဂါရှင်ပေါင်း ၁၁၀၀၀ကျော်ကို ရက် သတ္တပတ် တစ်ပတ်လျှင် ငါးရက်ခန့် တစ်နေ့လျှင် မိနစ် ၃၀ခန့်လမ်းလျှောက် စေခဲ့ပါသည်။ ဤသို့ ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်း၏ အကျိုးကြောင့် လေဖြတ်ရောဂါ ဖြစ်ခြင်းအတွက် ၂၅ ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း တွေ့ ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး ပညာရှင်များသည် လူသားများ လေ့ကျင့်ခန်းယူခြင်းနှင့် ပတ်သက်၍ ဆက်လက်လေ့လာရာတွင် လေ့ကျင့်ခန်းအမျိုးမျိုး ရှိသည့်အနက် နှလုံးရောဂါရှင်များသည် မည်သည့် လေ့ကျင့်ခန်းများကို ယူရမည်ဆိုသည့် အချက်မှာ အလွန်ပင်အရေးပါပါသည်။ နှလုံးသန်စွမ်း လေ့ကျင့်ခန်းယူခြင်းဖြင့် နှလုံးရောဂါကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များကို ကြိုတင်တားဆီးနိုင်ပေမည်။

**နှလုံးသန်စွမ်းလေ့ကျင့်ခန်းများ**

နှလုံးရောဂါရှင်များ အတွက် လေ့ကျင့်ခန်းများသည် အဓိကကျသည့် လေ့ကျင့်ခန်းများပင်ဖြစ်ပါသည်။ နှလုံးရောဂါရှင်များသည် လူကောင်းများကဲ့သို့ မောပန်းခြင်းမခံနိုင်သည့်အတွက် ပြင်းထန်သည့် လေ့ကျင့်ခန်းများယူရန် မသင့်လျော်ချေ။ ၎င်းတို့နှင့် သက်ဆိုင်သည့် လေ့ကျင့်ခန်းများမှာ များစွာ မပြင်းထန်ဘဲ ကိုယ်လက်လှုပ်ရှားနိုင်ပြီး အဆီဓာတ်များကို လောင်ကျွမ်းစေမည့် လေ့ကျင့်ခန်းများနှင့်သင့်လျော်ပါသည်။

- နံနက်စောစော (သို့) နံနက် ၅ နာရီမှ ၆ နာရီအတွင်း မှန်မှန် လမ်းလျှောက်ခြင်း၊ ထို့ထက်ပို၍ ပြုလုပ်နိုင်ပါက အပြေးမဟုတ်သော်လည်း လမ်းလျှောက်သည့်အရှိန်ထက် ပိုမိုလျှောက်ခြင်း၊ စက်ကိုအသုံးပြု၍ လမ်းလျှောက်ခြင်း။
- ဘိုင်စကယ်စီးခြင်း (စက်ကိုအသုံးပြု၍ ဘိုင်စကယ်စက်နင်းခြင်း)၊
- ခြေနှစ်ဖက်ခွဲ ခါးထောက် ဒူးကွေး ပြန်မတ် စသည့် လေ့ကျင့်ခန်းကို အုပ်စုနှင့်အတူ ပြုလုပ်နိုင်ခြင်း။
- ခံနိုင်ရည်ရှိပါက ရေကူးကန်တွင် ရေကူးနိုင်ခြင်း။
- လေ့ကားထစ် တက်ခြင်း။

မိမိအိမ်သည် အထပ်မြင့်ဖြစ်ပါက တစ်နေ့လျှင် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အတက်အဆင်း ပြုလုပ်ပါ။ သို့မဟုတ် ဈေးဝယ်ထွက်ရာ၌ အထပ်နှစ်ထပ်၊ သုံးထပ်သို့ လမ်းလျှောက်၍ အတက်အဆင်းပြုလုပ်ပါ။

- ပန်းဥယျာဉ်စိုက်ပျိုးပါ။

မြေကွက်လပ်နှင့် ခြံရှိသူများအတွက် နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပန်းပင်များကိုရေလောင်းခြင်း၊ မြေဆွခြင်း၊ ပန်းအိုး (မိမိနိုင်သည့်အရွယ်အစား)များကို မ,ပြီး နေရာရွှေ့ပါ၊

- အိမ်တွင်းလုပ်ငန်းများ ပြုလုပ်ခြင်း။

တံမြက်လှည်းခြင်း၊ ဖုန်သုတ်ခြင်း၊ ဘုရားပန်းအိုးရေလဲခြင်း။

- ပက်လက်အိပ် ဒူးကွေး၊ ဒူးဆန့် လေ့ကျင့်ခန်းပြုလုပ်ပါ။
- လက်ပိုက်ထိုင်ထ လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ပါသည်။

အထက်ပါ လေ့ကျင့်ခန်းများအနက် မိမိနှင့်ကိုက်ညီမည့်လေ့ကျင့်ခန်းကို တစ်နေ့နှစ်ကြိမ်ပြုလုပ်ပါ။ လေ့ကျင့်ခန်းယူချိန်အတွင်း သီချင်းနားထောင်နိုင်ပါသည်။

- အားလပ်ချိန်တွင် ခရီးထွက်ပါ။

မိမိစွမ်းနိုင်သည့် ကိုယ်လက်လှုပ်ရှားခြင်းကို ပြုနိုင်ပါသည်။ ခရီးထွက်စဉ် သိပ်မမြင့်သော တောင်ကိုတက်နိုင်သကဲ့သို့ ပုံမှန်ရေကူးခြင်းကိုလည်း ပြုလုပ်နိုင်ပါသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် စိတ်ကျခြင်း၊ စိတ်ပူပင်စိတ်ညစ်ခြင်းတို့ကိုပါ ပျောက်ကင်းပြီး စိတ်ရွှင်လန်းစေပါသည်။

**စနစ်မှန်မှန်လေ့ကျင့်ရန်**

- ရက်သတ္တတစ်ပတ်လျှင် လေးရက်မှ ငါးရက်ခန့် လေ့ကျင့်ခန်း ယူရမည်။
- အေရိုးဗစ်လေ့ကျင့်ခန်းပြုလုပ်နိုင်ပါက တစ်ပတ်လျှင် သုံးရက်မှ လေးရက် ပြုလုပ်ပါ။

လေ့ကျင့်ခန်း ပြုလုပ်ချိန်မှာ တစ်ကြိမ်လျှင် မိနစ် ၃၀ ခန့်ပြုလုပ်ပါ။

ပြင်းထန့်သည့် လေ့ကျင့်ခန်းများကို ရှောင်ကြဉ်သင့်ပါသည်။ ကိုယ်လက်လှုပ်ရှားခြင်းအနက် နှလုံးရောဂါရှင် အားလုံးနှင့် အသင့်တော်ဆုံးမှာ မှန်မှန်လမ်းလျှောက်ခြင်း ဖြစ်ပါသည်။

**မှန်ကန်သည့်ရွေးချယ်မှု**

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းယူရာတွင် မိမိပြုလုပ်နိုင်မည့် မိမိနှင့် အသင့်လျော်ဆုံးလေ့ကျင့်ခန်းကို ရွေးချယ်ရမည်။ လေ့ကျင့်ခန်းယူရာတွင် လေ့ကျင့်ခန်းယူချိန် အနည်းဆုံး မိနစ် ၃၀ ခန့်ယူရမည်။ ဖြစ်နိုင်လျှင် နေ့စဉ် ပုံမှန်ဆောင်ရွက်ရမည်။

**သက်လုံကောင်းမှု အနေးမှအစပြု**

လေ့ကျင့်ခန်းယူရာတွင် အဓိက စိတ်ရှည်ရန် အထူးလိုအပ်ပါသည်။ စတင်၍ လေ့ကျင့်ခန်းယူရာတွင် ဖြည်းညင်းစွာစတင်လေ့ကျင့်ရမည်။ တဖြည်းဖြည်း အရှိန်ရလာသောအခါ သွေးပူလာပြီဖြစ်၍ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ရမည်။ ထိုမှတဖြည်းဖြည်း မိမိသက်လုံပေါ်မူတည်၍ မည်မျှမြန်ဆန်စွာပြုလုပ်ရမည်။ မည်သည့်အတိုင်းအတာအထိ ပြုလုပ်ရမည်ကို ရွေးချယ်ရမည်။ လေ့ကျင့်ခန်းယူရာတွင် မနိုင်ပါက ချက်ချင်းရပ်ပစ်ပါ။

လေ့ကျင့်ခန်း မယူမီ သွေးပူလေ့ကျင့်ခန်းကို ဖြည်းညင်းစွာပြုလုပ်ပါ။ လေ့ကျင့်ခန်းယူပြီးပါက ရေများများသောက်ပါ။ လေ့ကျင့်ခန်းယူခြင်းဖြင့် ရေဓာတ်များစွာ ကုန်ခန်းသွားသဖြင့် ရေသောက်ရန်သတိပြုပါ။ လေ့ကျင့်ခန်းအသစ် စတင်ချိန်မှအစပြု၍ ဆရာဝန်နှင့် စမ်းသပ်စစ်ဆေးထားပါ။ လေ့ကျင့်ခန်းယူခြင်းဖြင့် တိုးတက်မှုရှိမရှိ ဆရာဝန်နှင့်စစ်ဆေးပါ။ လေ့ကျင့်ခန်းယူစဉ်က အနေအထိုင် ခက်ခဲလာသည်ဟု ခံစားရပါက ဆရာဝန်နှင့် အမြန်ဆုံး ပြသကာ ဆေးကုသမှုခံယူခြင်း၊ အနားယူခြင်းတို့ ပြုလုပ်ရပေမည်။

❒ ရီရီမွေး

Ref: Exercise your way to Healthy heart from Internet





www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေးနှင့် ကာယလေ့ကျင့်ခန်း

ဇော်မြင့်ကြက်ဖျား



ကျန်းမာရေး ပါရဂူများက ကိုယ်လက်လှုပ်ရှားခြင်း၏ အရေးပါမှုကို ကြာမြင့်ပြီဖြစ်သော ကာလကတည်းက သိရှိခဲ့ကြပါသည်။ ကိုယ်ကာယလေ့ကျင့်ခန်းသည် ခန္ဓာကိုယ် အသွင်အပြင်သာ တိုးတက်စေသည်မဟုတ်ပါချေ။ သင်၏ ကျန်းမာရေးကိုလည်း တိုးတက်စေပါသည်။ ကာယလေ့ကျင့်ခန်းသည် အချို့သော ရောဂါများ၏ အန္တရာယ်ကို လျော့ပါးစေပါသည်။ ထိုရောဂါများတွင် နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ဆီးချိုရောဂါ ဒုတိယအမျိုးအစား၊ အရိုးပွရောဂါ၊ (OSTEDSPOROSIS)နှင့် အချို့သောကင်ဆာရောဂါများပင် ပါဝင်ပါသည်။

နှလုံးရောဂါသည် အမေရိကန်ပြည်ထောင်စုတွင် သေဆုံးမှုများ၏ ထိပ်ဆုံးအကြောင်းရင်း ဖြစ်သည်ဟု အမေရိကန်ရောဂါ နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးဌာနက ပြောပါသည်။ ၂၀၀၆ ခုနှစ်အတွင်း အမေရိကန်လူမျိုး ၆၃၀၀၀၀ ကျော်မှာ နှလုံးရောဂါကြောင့် သေဆုံးခဲ့ရပါသည်။

သွေးဖိအား (သွေးပေါင်ချိန်) မြင့်တက်မှုနှင့် သွေးအတွင်း ကိုလက်စထရော (CHOLESTEROR)ပမာဏများပြားမှုသည် နှလုံးရောဂါဖြစ်ပွားရန် အန္တရာယ်ကို တိုးမြင့်စေပါသည်။ ထိုပြဿနာနှစ်ရပ်စလုံးကို သာမန် ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် လျှော့ချနိုင်ကြောင်း ပါရဂူများက ပြောပါသည်။ ကာယလှုပ်ရှားမှုသည် အင်ဒိုဖင်များ (ENDORPHINS) ထုတ်လုပ်မှုကို တိုးမြင့်စေကြောင်း သိရှိထားပြီး ဖြစ်ပါသည်။ ထိုဓာတ်ပစ္စည်းများသည်နာကျင်ခံစားမှုကိုလျော့နည်းစေပါသည်။ ထို့ပြင် ထိုဓာတ်ပစ္စည်းများက လူတို့အား ပို၍ပျော်ရွှင်ပြီး အေးချမ်းစွာစားသောက်နိုင်ရန် အကူအညီပေးပါသည်။

ဦးနှောက်မှ အင်ဒိုဖင်များ ထုတ်လုပ်ရန် မည်သည့်အရာက တွန်းအားပေးသည်ကို တိတိကျကျ တင်ပြရန် အငြင်းအခုံအချို့ ရှိနေပါသေးသည်။ အချို့သော ပါရဂူများက ထိုဖြစ်စဉ်မှာ ကာယ လေ့ကျင့်ခန်းလုပ်ခြင်းကြောင့်ပင်ဖြစ်သည်ဟုယုံကြည်ကြပါသည်။ အခြားပါရဂူများက လေ့ကျင့်ခန်း၏ ရည်မှန်းချက် ရောက်သောအခါ တစ်စုံ တစ်ယောက်၏ ခံစားမှုကြောင့်ဖြစ်သည်ဟု ပြောကြပါသည်။

မည်သို့ပင်ဖြစ်စေ တစ်စုံတစ်ဦး၏ စိတ်ခံစားမှုဆိုင်ရာ ကျန်းမာရေး တိုးတက်ရန်ကိစ္စတွင်မူ နှစ်မျိုးစလုံးက အတူတကွ ဆောင်ရွက်ကြပါသည်။

ကာယလေ့ကျင့်ခန်းများက နှလုံးနှင့် သွေးကြောများအတွင်းသို့ သွေးများ ပိုမို စီးဆင်းစေခြင်းဖြင့် သင်၏စွမ်းအင်ကို ပိုမိုကောင်းမွန်စေပါသည်။

လူအများအပြား ကာယ လေ့ကျင့်ခန်း ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းရန် သို့မဟုတ် လျှော့ချရန် ဖြစ်ပါသည်။ ကိုယ်ကာယ လှုပ်ရှားမှုသည် အစာတွင် သိုလှောင်ထားသည့် စွမ်းအင်ဖြစ်သော ကယ်လိုရီများ (CALORIES)ကို လောင်ကျွမ်းစေပါသည်။ သင်၏ ကယ်လိုရီများကို ပိုမိုလောင်ကျွမ်းစေနိုင်လေလေ သင်၏ အလေးချိန်ကို ထိန်းသိမ်းရန် သို့မဟုတ် လျှော့ချရန်လွယ်ကူလေလေဖြစ်ပါသည်။

ထို့ကြောင့် ကြီးမားသော ကျန်းမာရေး အကျိုးသက်ရောက်မှုကို ရရှိရန်



www.burmeseclassic.com

www.burmeseclassic.com

ကာယလေ့ကျင့်ခန်းများ မည်၍မည်မျှ သင် လိုအပ်ပါသနည်း။ ပါရဂူများက သင်ထင်မှတ်ထားသည်ထက် ပို၍လွယ်ကူကြောင်း ပြောကြပါသည်။

၂၀၀၈ ခုနှစ်တွင် ရောဂါ တိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးဌာနက အမေရိကန်လူမျိုးများ အမြဲအသုံးပြုရန် ပထမဦးဆုံး လမ်းညွှန်ချက် ထုတ်ပြန်ခဲ့ပါသည်။

ထိုအစီရင်ခံစာတွင် လူငယ်များ၊ လူကြီးများ၊ မသန်စွမ်းသူများနှင့် ကာလကြာရှည် ကျန်းမာရေးပြဿနာရှိသူများအတွက် အကြံပေးချက်များ ပါဝင်ပါသည်။ ထိုအစီရင်ခံစာတွင် ဖော်ပြထားသော ပဓာနကျသည့် အယူအဆတစ်ခုမှာ အနည်းငယ်မျှသော လှုပ်ရှားမှုသည် လုံးဝမရှိခြင်းထက် ပို၍ကောင်းမွန်ကြောင်း ဖြစ်ပါသည်။ ထို့ကြောင့် သင်သည် လေ့ကျင့်ခန်းတစ်စုံတစ်ရာ မလုပ်ရသေးလျှင် ယခုအခါ စတင်ရန်အချိန်ဖြစ်ပါသည်။

ရောဂါနှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးဌာနက ကာယလှုပ်ရှားမှုဆိုသည်မှာသင်၏ခန္ဓာကိုယ်ကိုရွေ့လျားနေအောင် ပြုလုပ်သော ဆောင်ရွက်မှုမှန်သမျှကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ထို့ပြင် ၎င်းဌာနက သီးခြားစီဖြစ်သော်လည်း အရေးပါမှုတွင် တူညီသော ခန္ဓာကိုယ်လှုပ်ရှားမှုများရှိသည်ဟု ပြောပါသည်။ အေရိုးဗစ် (AEROBIC) သို့မဟုတ် နှလုံးလေ့ကျင့်ခန်းသည် သင့်နှလုံးခုန်နှုန်းကို မြန်စေပြီး အသက်ရှူမှုကို တိုးတက်စေပါသည်။ အချို့သော ဥပမာများမှာ အရှိန်မြင့်၍ လမ်းလျှောက်ခြင်း၊ ကခုန်ခြင်း၊ ရေကူးခြင်း သို့မဟုတ် စက်ဘီးစီးခြင်းကဲ့သို့သော လှုပ်ရှားမှုများ ဖြစ်ပါသည်။

ကြွက်သားခွန်အား ရှိစေသော လှုပ်ရှားမှုများသည် ခန္ဓာကိုယ်၏ ကြွက်သားအုပ်စုများ တည်ဆောက်ခြင်းနှင့် ပိုမိုအားရှိစေခြင်းကို အကူအညီပေးပါသည်။ ထိုသို့သော လေ့ကျင့်ခန်းများတွင် အလေးမခြင်း သို့မဟုတ် ထိုင်ထနှင့် မတင်သော လေ့ကျင့်ခန်းများ ပါဝင်ပါသည်။

သင်၏လေ့ကျင့်ခန်း အစီအစဉ်မှ အကျိုးကျေးဇူး အများဆုံးရရှိစေရန် လူကြီးများသည် ရက်သတ္တပတ်တိုင်း၌ အနည်းဆုံး နှစ်နာရီခွဲခန့် ကြာအောင် အေရိုးဗစ် လေ့ကျင့်ခန်း ပြုလုပ်သင့်သည်ဟု ပါရဂူများက ပြောပါသည်။ ပို၍ ပြင်းထန်သော လှုပ်ရှားမှုဖြစ်လျှင် အကြံပြုထားသော အချိန်ကာလကို တစ်နာရီနှင့် ဆယ့်ငါးမိနစ်အထိ လျှော့ချနိုင်ပါသည်။ အချို့ ဥပမာများမှာ ဘတ်စကက်ဘောကစားခြင်း၊ ရေကူးခြင်းနှင့် တာဝေးပြေးခြင်းတို့ဖြစ်ပါသည်။

ရောဂါနှိမ်နင်းရေးဌာနမှ ယခင်လက မေးခဲ့သော အကြံပြုချက်အရ လေ့ကျင့်ခန်းမှ ကျန်းမာရေး အကျိုးကျေးဇူးခံစားရစေရန် လူအများသည် တစ်နေ့လျှင် မိနစ် ၃၀ ကြာလေ့ကျင့်ခန်းကို တစ်ပတ်လျှင် အနည်းဆုံးငါးရက် ပြုလုပ်ရန်ဖြစ်သည်။ ပို၍ လတ်တလောကျသော သုတေသနလုပ်ငန်းများအရ ငါးရက်ကြာ အချိန်တို လေ့ကျင့်ခန်း လုပ်ခြင်းနှင့် နှစ်ရက် သို့မဟုတ် သုံးရက်ကြာ အချိန်ပိုကြာသော လေ့ကျင့်ခန်း လုပ်ခြင်းတို့မှာ ထပ်တူ ထပ်မျှ အကျိုးရှိကြောင်း အကြံပြုထားပါသည်။

ပို၍ဆန်းသစ်သော အကြံပြုချက်များ၌ လေ့ကျင့်ခန်း အစီအစဉ်တိုင်းတွင် ကြွက်သား လေ့ကျင့်ခန်း အနည်းဆုံး နှစ်ရက်ပါဝင်သင့်ကြောင်း ထပ်လောင်းဖော်ပြထားပါသည်။ လေ့ကျင့်ခန်းကာလတစ်ခုစီသည်အနည်းဆုံး ၁၀ မိနစ် ကြာသင့်ပါသည်။ လှုပ်ရှားမှုပမာဏအားလုံးကို နှစ်ရက်အတွင်း ခွဲခြား၍ ဆောင်ရွက်သင့်ပါသည်။

အရေးကြီးဆုံး အချက်မှာ လူအများသည် ပျော်ရွှင်မှုအရဆုံး လှုပ်ရှားမှုကို ရွေးချယ်သင့်သည်ဟု ပါရဂူများက ပြောပါသည်။ ဤ အချက်သည် လေ့ကျင့်ခန်းအစီအစဉ်ပျက်မည်မဟုတ်ကြောင်းကို အာမခံနိုင်ပေသည်။

သို့ဖြစ်လျှင် အမေရိကန် ပြည်ထောင်စုတွင် လူကြိုက်အများဆုံး လေ့ကျင့်ခန်းပုံစံများမှာ အဘယ်နည်း။ စာရင်းတွင် လမ်းလျှောက်ခြင်းမှာ ထိပ်ဆုံးမှ ပါဝင်ပါသည်။ ကူးစက်ရောဂါနှိမ်နင်းရေးဌာန၏ ၂၀၀၆ ခုနှစ် အစီရင်ခံစာအရ ခန္ဓာကိုယ် ကြံ့ခိုင်မှုရှိရန် အမေရိကန်လူမျိုး ၇၉ သန်းက လမ်းလျှောက်ကြပါသည်။ လူအများအတွက် လေ့ကျင့်ခန်းပြုလုပ်ရန် အလွယ်ကူဆုံးနည်းဖြစ်ပါသည်။ ထိုနည်းတွင် ကျန်းမာရေး ကလပ်တစ်ခုတွင် အသင်းဝင်ရန် မလိုအပ်ပါ။ အန္တရာယ်လည်း ကင်းပါသည်။ ရွရွပြေးခြင်းကဲ့သို့ ပိုမိုပြင်းထန်သော လေ့ကျင့်ခန်းနှင့်ထပ်တူ လူတစ်ဦး၏ ကျန်းမာရေးကို အကျိုးပြုနိုင်သည်ဟု ပြောကြပါသည်။

လမ်းလျှောက်ခြင်းတွင် ဒူးနှင့် ခြေထောက်များ ထိခိုက်မှုနည်းပါးသည်ဟု ပြောကြပါသည်။ အသက်အရွယ်ကြီးရင့်သော လူကြီးများအတွက် ပို၍ကောင်းမွန်သောရွေးချယ်မှုဖြစ်ပါသည်။ အခြား လူကြိုက်များနေသော လေ့ကျင့်ခန်းတစ်ခုမှာ ဂျော့ကင်း (JOGGING) ခေါ် ရွရွပြေးခြင်း သို့မဟုတ် နှေးနှေးမှ မှန်မှန်နှုန်းဖြင့်ပြေးခြင်း ဖြစ်ပါသည်။

ဘီး(လ်)ဘိုဝါမင်းသည် ၎င်း၏ ပြေးခုန်ပစ် ခန်းမမှတစ်ဆင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် အမေရိကန် ပြည်ထောင်စုသို့ ရွရွပြေးခြင်းအား ယူဆောင်လာမှုကြောင့် ချီးမွမ်းခံရပါသည်။

ထိုသို့ပြုလုပ်ခဲ့ခြင်းမှာ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း နယူးဇီလန်နိုင်ငံခရီးစဉ်၌ ထိုလှုပ်ရှားမှုများကို လူကြိုက်များ ရေပန်းစားနေကြောင်း ကိုယ်တိုင်မြင်တွေ့ခဲ့ရသော်ကြောင့်ဖြစ်သည်။ ပထမဦးဆုံး အပြေးကလပ်အသင်းကို အမေရိကန်ပြည်ထောင်စုတွင် စတင်တည်ထောင်ခဲ့ပြီး ကျန်းမာကြံ့ခိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com

ရွရွပြေးခြင်းအကြောင်း စာအုပ်တစ်အုပ် ရေးသားခဲ့ပါသည်။

ဘီး(လ်)ဘိုဝါမင်းသည် တင်းနစ်ရိုက်ဖိနပ် ကုမ္ပဏီတစ်ခုဖြစ်သော နိုက်(NIKE) တည်ထောင်ရာတွင်လည်း ကူညီခဲ့ပါသည်။

ရွရွပြေးခြင်းသည် နှလုံးနှင့်အဆုတ်တို့၏ ကြံ့ခိုင်မှုကို များစွာအထောက်အပံ့ဖြစ်စေပါသည်။ ထို့ပြင် ခန္ဓာကိုယ်တွင်းသွေးနှင့် အောက်ဆီဂျင် ဓာတ်လှည့်ပတ်စီးဆင်းမှုကိုလည်း တိုးမြှင့်စေပါသည်။ ထိုဖြစ်စဉ်အားလုံး စုပေါင်းပြီး နှလုံး၏ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေခြင်း၊ သွေးဖိအားနှင့် ကိုလက်စထရော ပမာဏ ကျဆင်းခြင်း အပြင် အရိုးနှင့်ကြွက်သား ဆုံးရှုံးမှုများကိုလည်း ကာကွယ်ပေးပါသည်။

ပြေးလွှားခြင်းသည်လည်း ကိုယ်အလေးချိန် လျှော့ကျရန် ကောင်းသောနည်းလမ်းတစ်ခု ဖြစ်ပါသည်။ လူအများသည် ပြေးလွှားနေစဉ် ပျမ်းမျှအားဖြင့် တစ်ကီလိုမီတာ အကွာအဝေးရောက်တိုင်း ကယ်လိုရီ ၁၆၀ လောင်ကျွမ်းစေပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ရေကူးခြင်းသည် ဒုတိယ လူကြိုက်အများဆုံး အားကစားဖြစ်ကြောင်း ၂၀၀၈ ခုနှစ် စစ်တမ်းအရ သန်းခေါင်စာရင်းဗျူရိုက ပြောပါသည်။ လူကြိုက်အများဆုံး လှုပ်ရှားမှုမှာ လမ်းလျှောက်လေ့ကျင့်ခန်း ဖြစ်ပါသည်။ ရေကူးခြင်းမှာ လေ့ကျင့်ခန်းလုပ်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုဟု အဆိုရှိပါသည်။ အဓိကကြွက်သားအုပ်စု အားလုံးနီးပါးလှုပ်ရှားဆောင်ရွက်ရပါသည်။

ရေကူးခြင်းသည် ကြွက်သားနှင့် အဆစ်များ ထိခိုက်ခြင်းအန္တရာယ်နည်းပါးပါသည်။ 'အဘယ်ကြောင့်ဆိုသော် ရေထဲတွင် ခန္ဓာကိုယ်အလေးချိန်မရှိသောကြောင့် ဖြစ်ပါသည်။ ဤလေ့ကျင့်ခန်းသည် ကိုယ်ဝန်ဆောင် အမျိုးသမီး၊ သက်ကြီးရွယ်အိုများနှင့် အဝလွန်သူများကဲ့သို့ အထူးလိုအပ်ချက်ရှိနေသောလူများ ရွေးချယ်သင့်သော နည်းဖြစ်ပါသည်။

ရေကူးခြင်းသည် အခြားလေ့ကျင့်ခန်းများကဲ့သို့ ကယ်လိုရီ လောင်ကျွမ်းမှု ရှိနိုင်ပါ့မလားဟု အချို့လူများက မေးခွန်းထုတ်ကြပါသည်။ သို့ရာတွင် သေချာမှုတစ်ခုမှာ အခြားလေ့ကျင့်ခန်းများကဲ့သို့ပင် သင်၏ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုမှာကြီးမားပါသည်။

ဝါးတား(ရေ) အေရိုးဗစ်သည် လူကြိုက်များသော လေ့ကျင့်ခန်း ပုံစံနောက်တစ်မျိုး ဖြစ်ပါသည်။ ထို လေ့ကျင့်ခန်းမျိုးတွင် ရေ၏ ခုခံအားကို ဆန့်ကျင်၍ လမ်းလျှောက်ခြင်း၊ ပြေးခြင်းနှင့် ရေထဲတွင်ခုန်ခြင်း အားလုံးပါဝင်ပါသည်။

ကခုန်ခြင်းသည်လည်း ပျော်ရွှင်ဖွယ်ကောင်းသော လေ့ကျင့်ခန်း ဖြစ်ပါသည်။ ကာယလေ့ကျင့်ခန်းကို လိုအပ်သော မကောင်းဆိုးဝါးဟုထင်မြင်သူများနှင့် အထူးသင့်တော်ပါသည်။ လိုအပ်သော မကောင်းဆိုးဝါး ဆိုသည်မှာ မလုပ်ချင်သော်လည်း လုပ်မှဖြစ်မည့်ကိစ္စဖြစ်ပါသည်။ ဇမ်ဘာ(ZUMBA)၏ အကဖြင့် ကိုယ်ကာယကြံ့ခိုင်မှု အစီအစဉ်မှာ ယခုနှစ်များအတွင်း လူကြိုက်များမှု ကြီးထွားလာပါသည်။ ယနေ့ ကိုယ်ကာယကြံ့ခိုင်မှု အစီအစဉ်များတွင် အမြန်ဆုံးကြီးထွားလာသော အုပ်စုဖြစ်သည်ဟု အဆိုရှိပါသည်။

ဇမ်ဘာ ဝက်ဘ်ဆိုက်က သူ၏ သင်တန်းများကို ကမ္ဘာတစ်ဝန်းလုံးရှိ အားကစားခန်းမ ၁၀၀၀၀၀ ကျော် ကိုယ်ကာယကြံ့ခိုင်မှု စတူဒီယိုများနှင့် အက ကလပ်များသို့ပေးပို့ပြီးဖြစ်ကြောင်း ပြောပါသည်။ ၎င်းမှာ ၂၀၀၆ ခုနှစ်တွင် နေရာဒေသ ၂၀၀၀ ခန့်အထိ ဖြစ်ပါသည်။ ယခုအခါ နိုင်ငံပေါင်း ၁၂၅ နိုင်ငံရှိ လူပေါင်း ၁၂ သန်းကျော်သည် ဇမ်ဘာသင်တန်း တက်နေကြကြောင်း ဝက်ဘ်ဆိုက်က ပြောပါသည်။

မည်သည့်လေ့ကျင့်ခန်းကို သင်ရွေးချယ်သည်ဖြစ်စေ သင်သည်အနည်းအကျဉ်းမှစတင်ပြီး တိုးတက်လုပ်ဆောင်သွားသင့်ကြောင်း ပါရဂူများက သဘောတူကြပါသည်။ အစတွင် တစ်နေ့လျှင် ၁၀ မိနစ်ခန့်ကြာ လေ့ကျင့်ခန်းကို တစ်ပတ် နှစ်ကြိမ်ခန့် လုပ်ဆောင်ပါ။ ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ သင်၏ လေ့ကျင့်ခန်းပြုလုပ်ချိန်ကို ၁၅ မိနစ် သို့မဟုတ် မိနစ် ၂၀ အထိ တိုးမြှင့်ပြီး ရက်အရေအတွက်ကိုလည်း တိုးမြှင့်ပြုလုပ်သင့်ပါသည်။

ထို့နောက် သင်၏လုပ်ဆောင်မှုကို ပိုမိုပြင်းထန်အောင် ရည်ရွယ်ချက်ထားပါ။ သင် လမ်းလျှောက်နေခဲ့လျှင် ပို၍လျင်မြန်စွာ လျှောက်ပါ။ သို့မဟုတ် လမ်းလျှောက်ခြင်းတစ်လှည့်၊ ရွရွပြေးခြင်းတစ်လှည့် ပြုလုပ်ပါ။ ထို့ပြင် ကြွက်သားခွန်အားကို တိုးတက်စေသော လေ့ကျင့်ခန်းများ ပြုလုပ်ရန်လည်း မမေ့ပါနှင့်။ သင်က ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်ရန် အချိန်ပေးလေလေ ကျန်းမာရေးကောင်းမွန်မှု အကျိုးခံစားရလေလေဖြစ်ပါသည်။

ကျန်းမာရေးပါရဂူများက ခန္ဓာကိုယ်လှုပ်ရှားမှုမရှိခဲ့သော လူများသည် လေ့ကျင့်ခန်းအစီအစဉ်မစမီ ခန္ဓာကိုယ်စစ်ဆေးမှု ပြုလုပ်သင့်ကြောင်း အကြံပေးကြပါသည်။ အကယ်၍ သင်၏ ကာယလေ့ကျင့်ခန်း အစီအစဉ်ကို ပြုလုပ်ရခြင်း၏ ရည်မှန်းချက်မှာ ကိုယ်အလေးချိန်လျှော့ချရန်ဖြစ်လျှင် သင်မည်သည့်အစားအစာများကို မည်သို့စားသုံးလျက်ရှိသည်ကိုပါ ပြုပြင်ရန်လိုအပ်ပါသည်။


❒ တော်မြင့်(ဖွက်ဖျား)

(American Mosaie 2011/6 ပါ June Simms ၏ How much exercise do you really need ? ကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်)



www.burmeseclassic.com

www.burmeseclassic.com




# အရှောင်အတိမ်း အိမ်ထောင်ရေး

**လှတိုး(စိတ်ပညာ)**

အိမ်ထောင်သည်ဘဝတွင် ဖိုမဆက်ဆံလိုစိတ် ကင်းမဲ့နေခြင်းသည် သမားရိုးကျ ကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ထိုသို့ ဆက်ဆံရေးခက်နေတတ်သော အိမ်ထောင်ဖက်များအတွက် ပြဿနာ အကြောင်းရင်းက အိပ်ခန်းပြင်ပတွင် ဖြစ်နေလေ့ရှိသည်။

မိတ်ဆွေသူငယ်ချင်းများ အမြင်တွင်မူ ဘဏ်တစ်ခု၏အမှုဆောင်အရာရှိဖြစ်သူ အသက် (၃၁)နှစ်အရွယ်ရှိ အန် "Anne" နှင့် ကုမ္ပဏီတစ်ခု၏ ဘဏ္ဍာရေးအရာရှိ တစ်ဦးဖြစ်သူ အသက် (၃၇) နှစ်အရွယ်ရှိ သူမ၏လင်ယောကျ်ား ဘော့ "Bob" တို့၏ အိမ်ထောင်ရေးဘဝသည် သာယာချမ်းမြေ့ပုံရှိခဲ့သည်။ အန်နှင့်ဘော့တို့သာလျှင် ဖြစ်ရပ်မှန်ကို သိခဲ့ကြသည်။

ယင်းတို့၏ အိမ်ထောင်သက် ရှစ်နှစ်တာကာလတွင် သူတို့သည် အန်က ပုံမှန်ဟုဆိုသော ပုံမှန်ဖိုမဆက်ဆံရေးကိစ္စကို တစ်နှစ်တာမျှသာခံစားနိုင်ခဲ့ကြသည်။ ကျန်ကာလ တစ်လျှောက်လုံးသည် အဓိကအားဖြင့် အရှောင်အတိမ်း အိမ်ထောင်ရေးဖြစ်ခဲ့သည်။ ပို၍ စိတ်မကောင်းစရာ အကြောင်းကား သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး နှစ်နှစ်ကာကာချစ်သူများ ဖြစ်နေခြင်းပင်ဖြစ်သည်။ ရှားရှားပါးပါး သူတို့ ကာမဆက်ဆံရန် ကြိုးစားသောအခါတွင် ထိုကြိုးပမ်းမှုသည် တပ်မက်မှုကင်းစွာ အဆုံးသတ်သွားရလေ့ရှိသည်။

အခြားသူတို့လည်း ဤသို့ပင် ကြုံတွေ့ကြလေ့ရှိပါသလား။ ဖိုမဆက်ဆံရေး အဆင်မပြေသည့်ကိစ္စများတွင် ကြုံလေ့အရှိဆုံး ကိစ္စတစ်ရပ်ကား "Inhibited Sexual Desire (ISD)" ချုပ်တည်းထားသော ကာမဆန္ဒဟု ခေါ်ဆိုသောကိစ္စပင်ဖြစ်သည်ဟု စိတ်ရောဂါကုဆရာဝန်များနှင့် စိတ်ပညာရှင်များက ဆိုသည်။ လူငါးဦးတွင် တစ်ဦးသည် တစ်ချိန်ချိန်တွင် ဖိုမဆက်ဆံရေးပြဿနာ အငယ်စားမှ အကြီးစားအထိ တစ်မျိုးမျိုး သင့်နေတတ်သည်ဟု ပညာရှင်များက တွက်ဆကြသည်။ ဤကိစ္စကို အတော်များများက ဖွင့်ပြောရခက်သည့် အဖြစ်နှင့် ကြုံတတ်ရာ သမားတော်များထံမှ အကူအညီရရန် အတော်ခက်ခဲတတ်သည်။

မက်ဆာချူးဆက် ပြည်နယ် ကိန်းဘရစ်မြို့ရှိ ကန်တာမိသားစု သိပ္ပံ၏ ညွှန်ကြားရေးမှူး ဒေးဗစ်ကန်တာက



www.burmeseclassic.com

www.burmeseclassic.com

လင်နှင့်မယား ဖိုမဆက်ဆံရေးအခြေ အနေ ကျဆင်းနေသည့်တိုင်အောင် ကောင်းမွန်ပါသည်ဟု ဆိုလေ့ရှိသော အိမ်ထောင်သည်များ၏ အရေအတွက် ကို တအံ့တသြဖြစ်မိသည်ဟု ဆိုသည်။

"နှစ်ပေါင်းများစွာ ကာမဆက် ဆံမှု မပြုခဲ့ဖူးတဲ့ အိမ်ထောင်ဖက်တွေနဲ့ ကျွန်တော် တွေ့ဆုံခဲ့ဖူးတယ်"

ISD သည် တစ်ခါတစ်ရံတွင် အခြားကာမဆက်ဆံရေးပြဿနာများ ထက် သိရခက် ကုသရခက်သောရောဂါ ဖြစ်တတ်သည်။ ပြဿနာအကြောင်းခံ မှာ တစ်ခုတည်းမဟုတ်ချေ။ စိတ်ဓာတ် ကျခြင်း၊ စိတ်ဖိစီးခြင်း၊ အိမ်ထောင်ရေး အဆင်မပြေခြင်းနှင့် ဟော်မုန်းချို့တဲ့မှု ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာပြဿနာမျိုး ဖြစ်တတ်သည်။ အများအားဖြင့်ပင် ပို၍ ရှိပ်ကဲဖမ်းရခက်သော ရင်းမြစ်မှ အခြေ ခံတတ်သည်။ ယင်းကား ရင်းနှီးမှုကို ကြောက်လန့်ခြင်းပင် ဖြစ်သည်။

"တစ်ခါ တစ်ခါကျတော့ ကျွန်မ တို့ ယဉ်ကျေးမှုက လူတွေဟာ ကာမ ဆက်ဆံမှုထက် ရင်းနှီးကျွမ်းဝင်မှုကို ကြောက်လန့်ကြပုံရှိတယ်" ဟု စိတ်ပညာ ရှင် ဟယ်လင်စင်းဂါးကပ်ပလန် "Helen Singer Kaplan" က ဆိုသည်။ သမား တော်များသည် အိမ်ထောင်ဖက်ထက် သူစိမ်းနှင့် ကာမဆက်ဆံရသည်ကို ပို၍ လွယ်ကူစွာခံစားနိုင်သော လူနာများကို တွေ့ရလေ့ရှိသည်။

ရုပ်ရှင်များနှင့် ရုပ်မြင်သံကြား တွင် တင်ဆက်သည်ကဲ့သို့ ကာမဆက် ဆံရာတွင် စွမ်းစွမ်းတမံမရှိမည်ကို စိုးရိမ် ကြောက်လန့်စိတ်သည် တစ်ခုသော အတိုင်းအတာအထိ ချုပ်တည်းစိတ်ကို ဖြစ်ပေါ်စေနိုင်သည်။ ယောက်ျားရော အမျိုးသမီးများပါ အများအားဖြင့် စိတ် ကူးယဉ်ဆန်လှသော ဤစွမ်းဆောင်မှု အတိုင်းအတာ မမီမည်ကို စိုးရိမ်ကြ သည်။ ထိုသို့ စံမီအောင် စွမ်းဆောင် နိုင်မည်မဟုတ်ဟု ယူဆသောကြောင့် ကာမဆက်ဆံမှုကို ရှောင်တိမ်းသည့် [illegible] ယောက်ျားများ၏ [illegible] ဖြစ်ပုံရသည်။ အမျိုးသမီးများ၏ မျှော်လင့်မှု အတိုင်း အတာ အသစ်များက ဤစိုးရိမ်စိတ် ကိုပါ ပိုကဲစေသည်။

ISD ကို လွန်ခဲ့သော ဆယ်စုနှစ် ကာလမှ ကုသမှုဆိုင်ရာ ဘယတစ်ခု အဖြစ် သတ်မှတ်လာခဲ့သောကြောင့် ယင်းနှင့်ပတ်သက်၍ သုတေသနပြုချက် နည်းပါးပေသည်။ သို့သော် ISD လူနာ အများစုမှာ အလုပ်များပြားလှသော အလုပ်နှစ်မျိုးလုပ် စုံတွဲများပင်ဖြစ် ကြောင်း သိရှိရသည်။ ယင်းတို့သည် လွန်စွာပင်ပန်းနွမ်းနယ်နေသည် သို့ မဟုတ် နိစ္စဓူဝ အနေအထားကို ငြီးငွေ့ လွန်းလှပါသည်ဟု အကြောင်းပြလေ့ ရှိတတ်ကြသည်။

စုံတွဲတစ်တွဲသည် သူတို့ကလေး များကို သိပ်၊ ခလုတ်တစ်ခုပိတ်ပြီး ကာမ ဆက်ဆံမှု မပြုနိုင်ကြောင်း တွေ့ရှိလာ ကြသည်ဟု အနောက်မြောက်ပိုင်း တက္ကသိုလ် လိင်ပိုင်းဆိုင်ရာ ကုသမှုနှင့် ပညာပေးအစီအစဉ်၏ တွဲဖက်ညွှန်ကြား ရေးမှူးနှင့် ISD စာအုပ်တစ်အုပ် ရေး သားပြုစုထားသော စာရေးဆရာမဖြစ် သူ ဂျမ်နီဖာနော့ဖ် "Jennifer Knopf" က ဆိုသည်။

ကာမဆန္ဒ ကင်းပမှုတိုင်းကို ပူပန်ကြောင့်ကြစရာ ကိစ္စတစ်ရပ်ဟု ယူဆ၍ မရဟု သမားတော်များက ထောက်ပြကြသည်။ ရေတိုစိတ်ဝင်စားမှု ကင်းမဲ့ခြင်းကား ဖြစ်လေ့ဖြစ်ထ ပုံမှန် သဘာဝပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် လူနာများကို သူတို့၏ ကာမဆက်ဆံမှု အတိုင်းအတာ အကြိမ်အခါ စံမီသည် ဟုသာ နှစ်သိမ့်ပေးရန် လိုအပ်တတ် သည်။ သို့သော် ကာမဆက်ဆံမှု အကြိမ်နှုန်းသည် အသက်အရွယ်၊ အိမ် ထောင်ရေးသက်တမ်းနှင့် ကျန်းမာရေး အခြေအနေ တစ်ရပ်လုံး အပါအဝင် ကြောင်းရပ်ပေါင်းများစွာပေါ် မူတည် နိုင်သည်။ စုံတွဲတစ်တွဲကို စိတ်ချမ်းမြေ့ နေစေသည့် ကြိမ်နှုန်းသည်ပင်လျှင် လက်ခံသင့်သော ကြိမ်နှုန်းဖြစ်သည်။

"တစ်လမှတစ်ကြိမ်သမားက တစ်နေ့ တစ်ကြိမ်သမားနှင့်အိမ်ထောင်ဖက်လျှင် သာ" ဤကိစ္စမှာ ပြဿနာတစ်ရပ် ဖြစ် သည်ဟု ဘော့စတွန်ဒေသမှ စိတ်ပညာ ဆရာဝန်တစ်ဦးဖြစ်သူ ရစ်ချက်ဟာနစ်ရှ် "Richard Hanish" က ဆိုသည်။

အိမ်ထောင်ရေး မပျော်ရွှင်မှုတွင် အကြိမ်အခါနှင့် ပတ်သက်၍ ပဋိပက္ခ သည် အကြီးမားဆုံး အကြောင်းတရား တစ်ခု ဖြစ်သည်။ ပြောင်းပြန်အနေ အထားကလည်း ဟုတ်မှန်နေသည်။ ယင်းကား ကာမဆက်ဆံလိုစိတ် ချုပ် ငြိမ်းရသည့် အဓိကအကြောင်းတရား တစ်ခုမှာ အိမ်ထောင်ရေး မပျော်ရွှင်မှု ကြောင့်ပင် ဖြစ်သည်။ အတိအကျပြော ရလျှင် ISD လူနာတွင် ပုံမှန်ကာမဆန္ဒ ရှိနိုင်ပါသော်လည်း အောင့်အည်းထား ရသော ဒေါသ သို့မဟုတ် စိုးရိမ်ကြောင့် ကြစိတ်တို့ကြောင့် ထိုစိတ် ကုန်ခန်းရ ကိန်း ဆိုက်တတ်သည်။

အန်နှင့် ဘော့၏ အမှုတွင် ထို အနေအထား ဧကန်ရှိနေခဲ့သည်။ အန် ၏ စကားအတိုင်းပြောရလျှင် ဘော့ သည် သူ၏ဒေါသကို မြိုထားတတ်ပြီး သူ့လိုအင်ဆန္ဒကို သိရခက်စေတတ် သည်။ သူမကမူ အကဲဆတ်သူဖြစ်ပြီး ဘော့၏ စူးရှလှသော ဝေဖန်မှုက သူမ ကို အရည်အသွေးမရှိသလို ခံစားမိစေ သည်။ တစ်ပတ်တွင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် တစ်နှစ်တာကာလမျှ ကာမ ဆက်ဆံပြီးနောက်တွင်မူ သူတို့သည် တစ်ယောက်ကိုတစ်ယောက် တပ်မက် စိတ် ကုန်ခန်းသွားခဲ့သည်။ သူတို့ချင်း အဆင်မပြေမှုက အဓိကအကြောင်း တရား ဖြစ်သည်ဟု သူမ ယုံကြည်မိခဲ့ သည်။

"ဘယ်ဟာမှ အဆင်မပြေတဲ့ အတွက် ကျွန်မ လိင်ဆက်ဆံရမှာကို ကြောက်လာတဲ့အထိ အသေးအမွှား ကိစ္စလေးတွေက စုစည်းလာခဲ့တယ်" ဟု သူမက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ ပဋိပက္ခမျိုးဖြစ်နေသော စုံတွဲများသည် တွဲတိုးအိမ်ထောင်ရေး အကြံပေးမှုမှ အကျိုးရှိနိုင်သည်။ ISD အနေအထား ပို၍အမြစ်နက်သောအခါတွင် လူနာကို အခက်အခဲ ရင်းမြစ်ကို တိုးပေါက်ရောက်ရှိအောင် ဆွေးနွေးညှိနှိုင်းနည်းနှင့် သူတို့ဆန္ဒကို သူတို့ပြန်သိတတ်လာစေရန် အထောက်အကူပြုသည့် အကျင့်စရိုက် လေ့ကျင့်ခန်းများ ပြုလုပ်နည်းတို့ဖြင့် ပေါင်းစပ်ကုသမှု ပြုသည်။

သမားတော် တော်တော်များများသည် လူနာများအား လိင်ကိစ္စကို ချဉ်းကပ်မှုမပြုခင်တွင် အချစ်ခဲစေးချက် ပေးသွင်းရန် တိုက်တွန်းအားပေးမှုပြုသည်။ ဆန္ဒနှင့် ဆန့်ကျင်ဘက်သဘာဝရှိသော စိုးရိမ်ကြောင့်ကြစိတ် လျော့ပါးစေရန် ဖြစ်နိုင်ခြေရှိသည့် မည်သည့်အချက်မဆို ဝိုင်တစ်ခွက်သောက်ခြင်း၊ ရာဂစိတ်ကြွစေသော စာအုပ်ဖတ်ခြင်း၊ စိတ်ကူးယဉ်ခြင်းတို့ ပြုလုပ်ရန်တိုက်တွန်းသည်။

အန်နှင့်ဘော့ အတွက်မူ သမားတော်နှင့် တိုင်ပင်တွေ့ဆုံဆွေးနွေးမှုက အထောက်အကူပြုခဲ့သည်။ သူတို့ကို ချီကာဂိုမြို့ လိုယိုလာတက္ကသိုလ်ရှိ လိင်ပိုင်းဆိုင်ရာ ရောဂါကုသရေးဆေးခန်းမှ ညွှန်ကြားရေးမှူး ဒေါက်တာဒိုမီနာရန်ဆော "Dr. Domeena Renshaw" က အောင်မြင်စွာ ကုသခဲ့သည်။

လော့စ်အိန်ဂျလိစ်မြို့ရှိ လိင်ပိုင်းဆိုင်ရာ သိပ္ပံဌာန ညွှန်ကြားရေးမှူး ဒေါက်တာရွန်ပိုဒယ်ထံသို့ ဘီလ်နှင့်မေရီတို့ လာရောက်ပြသချိန်တွင် သူတို့လိင်ဆက်ဆံမှု မပြုခဲ့သည်မှာ လပေါင်းအတော်ကြာနေခဲ့ပြီ ဖြစ်သည်။ "သူတို့ဟာ ကျိတ်ပြီး အမျက်ထွက်နေခဲ့ပြီး သူတို့ခံစားချက်ကို ထုတ်မပြနိုင်ဖြစ်နေခဲ့တယ်"ဟု ပိုဒယ်က ဆိုသည်။

မေရီ့မှာ ရန်လိုအကြမ်းဖက်သော ဖခင်ရှိနေခဲ့ပြီး ကလေးဘဝက ကိုယ်ထိလက်ရောက် စော်ကားခံထားခဲ့ရဖူးသည်။ ဘီလ်၏ဖခင်တမူ အိမ်ကို စွန့်ခွာသွားခဲ့ပြီး သူ၏မိခင်မှာမူ မည်သည့်အခါမျှ ကျေနပ်ပုံမရှိခဲ့သော အလွန်အနိုင်ကျင့်သူတစ်ယောက် ဖြစ်နေခဲ့သည်။ "သူတို့နှစ်ဦးစလုံးမှာ ပယ်ချခံရမှာ ကြောက်လန့်စရာအကြောင်းတွေ အတော်ရှိနေခဲ့ကြတော့ သံယောဇဉ်နှယ်လာမှာကိုနှစ်ယောက်စလုံးကြောက်လန့်ခဲ့ကြတယ်" ဟု ပိုဒယ်က ဆိုသည်။

ပိုဒယ်သည် သူတို့စုံတွဲကို လိင်ကိစ္စမပါ ထိတွေ့မှုအသွင် ဆောင်ရွက်ရန် အိမ်စာပေးလိုက်သည်။ ကနဦးတွင် သူတို့သည် သူစိမ်းများတမျှ ရက်ရွံ့နေခဲ့ကြသည်။ သို့သော် တဖြည်းဖြည်းဖြင့် တစ်ယောက်ကိုတစ်ယောက် ကိုင်၍ သူတို့ခံစားချက်ကို ဆွေးနွေးပြောဆိုလာနိုင်ခဲ့သည်။

"တစ်ခါတစ်ရံကျတော့ အဖီအဆောင်ထဲမှာ ငါးမိနစ်လောက် ပွေ့ဖက်တာလောက်ပဲ ရှိခဲ့တယ်၊ ဒါပေမဲ့ ဘီလ်က ကျွန်မကို အလေးထားမှန်း ကျွန်မသိဖို့ လိုခဲ့တယ်" မေရီကဆိုသည်။

တစ်နှစ်ခွဲခန့် ကြာသောအခါ ဘီလ်နှင့်မေရီသည် ကာမဆက်ဆံမှုပြန်ပြုလာခဲ့ကြသည်။

"ကျွန်မတို့ အတော်ကြီး ပိုနီးစပ်တဲ့ အိမ်ထောင်ရေးသုခ ရှိနေပါပြီ၊ နောက်ပြီး အချစ်တွေပိုများပြားလာတာ အမှန်ပါပဲ" ဟု မေရီက ဆိုသည်။

သည်မှုနှင့် ကုသမှု ရင့်ကျက်သည့်တိုင်အောင် သုတေသီတို့သည် ISD အကြောင်း အတော်နားလည်ရန် လိုသေးသည်။ တစ်ခုသေချာသည်မှာ စုံတွဲအတော်များများအတွက် ကာမဆန္ဒသည် ခေတ်သစ်ယဉ်ကျေးမှုက ပုံဖော်ထားသည်ကဲ့သို့ လွယ်ကူ မကုန်မခန်းနိုင်သော တပ်မက်မှုတစ်ခု မဟုတ်ချေ။

❒ ရှာတိုး (စိတ်ပညာ)

Ref : NOT TONIGHT, DEAR by DAVID GELMAN

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■


စီးပွားရေးလုပ်ငန်းရှင်များ

**စီမံလုပ်ငန်း**

ပိုမိုတိုးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။


■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း

**တစ်မျက်နှာ**

ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း

မျက်နှာဝက်

ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**


အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊

အခန်း (၁၀) ပထပ်၊ မဟာဗန္ဓုလလမ်း။

(၁၇×၁၈)လမ်းကြား။

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၅၀၆၆၀






www.burmeseclassic.com

www.burmeseclassic.com

# အစားဆင်ခြင် ရောဂါဝင်

ရေကျော်စိုးအောင်

ဗုဒ္ဓဘုရားရှင်သည် လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့ အပေါ် မဟာကရုဏာထားရှိသည်မှာ ထင်ရှားလှ၏။ သူခပ်သိမ်းတို့အား အစားကြောင့် အန္တရာယ်မဖြစ်စေရန်အတွက် "ဘောဇနမတ္တညုု" တူသောတရားကို သတိပမာ ချပ်စေလို၍ ဟောတော်မူခဲ့သည်။ ကျန်းမာရေး လိုက်စားလိုသူများကိုလည်း ကျန်းမာရေးသတိ ရှိစေရန်လည်း နည်းနာပေးခဲ့ပြန်ပါသည်။

"ဘောဇန မတ္တညုု" ဟူသည်ကား ဘောဇနေ = အစားအသောက် မှီဝဲသုံးဆောင်ရာ၌၊ မတ္တညုု = အတိုင်းအရှည်ကို သိရန် ဟောကြားတော်မူခဲ့၏။ အစားအသောက် မှီဝဲစားသုံးရာတွင် မိမိ၏ဝမ်းနှင့်ချင့်၍ စားသုံးရန်လည်း သတိပေးစကား ဆိုခဲ့သည်ဖြစ်သည်။

မှန်ပါသည်။ အစားအစာသည် စားတတ်လျှင်မူ ဆေးဖြစ်သကဲ့သို့ မစားတတ်လျှင် ဘေးအန္တရာယ် ကျရောက်နိုင်သည်။ အစားအစာ ချင့်ချိန်စားတတ်လျှင် အစာက ကျန်းမာစေခြင်း စတဲ့အင်အား ဖြစ်စေနိုင်သည်။ အစားအသောက် မတော်၍ တစ်လုတ်စားမိစေကာမူ ယင်းအစားတစ်လုတ်ကပင် ဥပဒ်ဖြစ်စေပြီး ဒုက္ခရောက်စေနိုင်သည်။

အစားအစာ လွန်ကဲ၍ ကျန်းမာရေးထိခိုက်မည့် ပသေနဒီကောသလမင်းအား ဗုဒ္ဓဘုရားရှင်က အစားအစာကို စားတိုင်း မိမိဝမ်းနှင့် တော်သင့်ရုံစားရန်အတွက် ဤဂါထာဖြင့် သာကီပေးဆုံးမတော်မူခဲ့သည်။ ဂါထာကား . . .

"မနုဇဿ သဒါ သတိမတော" ဟူ၍ဖြစ်သည်။

အဓိပ္ပာယ်ကား အခါခပ်သိမ်း သတိနှင့်နေသူ၊ အစားအစာကို မှီဝဲစားသောက်ရာ၌ အတိုင်းအရှည်သိသောသူကို ဝေဒနာ ခေါင်းပါးစေ၏။ စားအပ်သော အစားအစာတို့သည်လည်း တဖြည်းဖြည်းကြေညက်၍ အသက်ကို စောင့်ပေ၏ဟု ဟောကြားတော်မူခဲ့သည်။

မှန်ပါသည်။ ထိုမင်းကြီးသည် အစားကြူးသည်။ ပွဲတော်တည်သည့်အခါ တစ်စိတ်ချက် နေ့တိုင်းစား၏။ အစားအသောက် အလွန်အကြူး စားသုံးနေ၏။ ကိုယ်ခန္ဓာမှာ ဝဝဖိုင့်ဖိုင့် ဖြစ်လာရုံမျှမက ဗိုက်ခေါက်ထူရွဲလာသည်။ ဗိုက်ခေါက်နံဘေး တစ်ဖက်တစ်ချက်မှာ မြစ်ချောင်းပမာ အစင်းနှစ်စင်းပေါ်နေ၏။

မူလ ကောသလမင်း အမည်အရင်းမှ ရေချိုးရာတွင်လည်း ခွေးများက နံဘေးဗိုက်ခေါက်ကြားမှာ မြစ်ရေပမာ တင်နေ၍ နံနှစ်ဖက်မှာ မြစ်ကဲ့သို့ ချွေးစီး ရေစီးကြောင်းရှိ၍လည်း မင်းကြီးအမည်မှာ ပသေ = နံပါးနှစ်ဖက်တွင်၊ နဒီ = မြစ်ကဲ့သို့ ရေစီးကြောင်း၊ ကောသလမင်းအစား ပသေနဒီ ကောသလမင်းဟု အမည်တွင်ခဲ့ရခြင်းလည်း ဖြစ်သည်။

အခါတစ်ပါးတွင် ပွဲတော်တည်နေစဉ်မှာ ဗုဒ္ဓရှင်အား သတိရ၏။ ဘုရားရှင်အား ဖူးမြော်ရန်ဖြစ်၏။ အစားအသောက် လွန်ကြူးစွာ သုံးဆောင်ထား၍ ဝမ်းပြည့်နေပြီ။ ဘုရားရှင်ရှေ့တွင် ကောင်းစွာနေလို့ပင် မဖြစ်နိုင်လောက်အောင် ခံစားနေရသည်။ လဲလျောင်းပြန်လျှင်လည်း ဝေဒနာ သက်သာမည်ဖြစ်သည်။ ဂါရဝတရားမဲ့မည် စိုးရိမ်၍ သည်းခံ၍နေရှာသည်ကို ဘုရားရှင် သိတော်မူ၏။

ဤအတိုင်းသာ မင်းကြီးသည် မိမိဝမ်းနှင့်အနေတော် ချင့်ချိန်မစားလျှင် ကျန်းမာရေးထိခိုက်မည်ကို မြင်တော်မူ၍ ကျန်းမာရေးအသိ ပေးတော်မူသည်ကား . . . "အသင်မင်းကြီး အခါခပ်သိမ်း သတိဖြင့်နေသူ အစားအစာကို အတိုင်းအရှည် သိသူတို့ကား ရောဂါဝေဒနာ ခေါင်းပါးပြီး အစားအစာ ကြေညက်ရုံမျှမက အသက်ရှည်စေနိုင်သည် စသဖြင့် "မနုဇဿ သဒါ သတိမတော" ဟူသော ဂါထာကို မင်းကြီးအား ဟောတော်မူ၏။

မင်းကြီးက ကိုယ်ရံတော် သုဒဿနအား သတိရ၍ ဘုရားထံပြန်သွားစေပြီး ဤဂါထာကို သင်ယူစေရန် စေလွှတ်တော်မူ၏။ ဘုရားရှင်က သုဒဿနအား ဂါထာကို သင်ကြားပေးပြီး ဤသို့ မှာကြား၏။

"ချစ်သား ဤဂါထာကို မင်းကြီး ပထမ စ,စားချိန် မရွတ်နှင့်၊ ပွဲတော်ပြီးခါနီး နောက်ဆုံးထမင်းလုတ် စားခါနီးမှာ ရွတ်ဆိုပါ" ရန် မှာကြားတော်မူ၏။ နောက်ဆုံး ထမင်းလုတ်ကိုစားရန် ဟန်ပြုစဉ်မှာ ဂါထာကြား၍ ဆက်မစားတော့ဘဲ အစားအစာကို တစ်စိတ်မှ တစ်စလယ်ချက် စသည် စသည်ဖြင့်လျှော့၍ ဗုဒ္ဓဟောကြားတော်မူသည့် ဂါထာကို သတိမလွတ်စေဘဲ သတိမူစား၍လည်း ကျန်းမာရေး ကောင်းမွန်လာ၏။ သုဒဿနအား ရွတ်ဆိုခအဖြစ် တစ်နေ့ အသပြာတစ်ရာ ဆုချတော်မူ၏။

ကျန်းမာရေး ကောင်းမွန်လာသည့် မင်းကြီးသည် ဗုဒ္ဓဘုရားရှင်ကား မျက်မှောက်နှင့် တမလွန် အကျိုးနှစ်ပါးဖြင့် စောင့်ရှောက်တော်မူသည်ဟု ချီးကျူးစကားဆိုလျက် ဘုရားရှင်အား နေ့တိုင်း ရိုသေစွာ ဦးနှိမ်ချလျက်ရှိခဲ့သည်။

➔➔



www.burmeseclassic.com

www.burmeseclassic.com

အစားအသောက်ကို အလွန်အကြူး စားသုံးခြင်းကြောင့် အဝလွန်ရောဂါရခဲ့သည်။ ကျန်းမာရေးမှာလည်း ချို့တဲ့ခဲ့ရပြီး စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်ခဲ့ရကာ ပသေနဒီကောသလဟုပင် အမည်တွင်ခဲ့ရသည်။

ဗုဒ္ဓဘုရားရှင်၏ ကြီးမားလှသည့် မေတ္တာတရားတော် ကြောင့်သာလျှင် ကျန်းမာစွာ တရားဒေသနာတော်ကို နာကြားနိုင်ပြီးလည်း ဖြစ်သည်။ မှန်ပါသည်။ အစားအသောက် အနေအထိုင် မှစ၍ သတိတရား ဆင်ခြင်စွာ နေထိုင်တတ်ခြင်းမှာ ကျန်းမာရေးကို စောင့်ရှောက်ခြင်းလည်း မည်ပါသည်။

လူ့ရယ်လို့ ဖြစ်လာသည်နှင့် ရှောင်ရန်၊ ဆောင်ရန်၊ သတိပြုရန် အချက်များက အလွန်အရေးပါလှပေသည်။

ရှောင်သင့်သည်ကို မရှောင်၊ ဆောင်သင့်သည်ကို မဆောင်၊ သတိပြုသင့်သည်ကို မပြုလျှင် လောကနိယာမတရားကြီးက ဒဏ်ခတ်တော့မည်သာ ဖြစ်၏။

အစားအသောက် အလွန်အကြူး စားခြင်း၊ စောင့်ထိန်းအပ်သောစကားကို မဆင်မခြင် ပြောခြင်းမျိုး ရှောင်ရန်နှင့် ဗုဒ္ဓဟောကြားတော်မူသော တရားတော်များ၊ ဆိုဆုံးမစကားများကို ဆောင်ထားခြင်း၊ အစစအရာရာ သတိတရားဖြင့် ဆင်ခြင်နေထိုင်တတ်ကြပါလျှင် သင်နှင့်ကျွန်ုပ်တို့၏အနာဂတ် လှပနေမည်သာ ဖြစ်ပါတော့သည်။

❒ ရေကျော်စိုးအောင်

<u>ကျမ်းကိုး</u>

ဒဂုံဦးစန်းငွေ၏ ဗုဒ္ဓကိုယ်ဆိုင်ဖြေကြားရသော မေးခွန်း ပြဿနာများ ပေါင်းချုပ်။

# ရုတ်တရက် လေဖြတ်ခံရသော လူနာအတွက်

## သွေးဖောက်ပြီး အမြန်ပြန်လည် ကယ်ဆယ်ကုသနည်း

**မောင်အင်တာနက်**

**ပထမအရေးအကြီးဆုံးအချက်**

လေဖြတ်ခံလိုက်ရသော လူနာကို ဖြစ်သည့်နေရာတွင်ပင် ထားရမည်။ မည်သည့်နေရာကိုမျှ မရွှေ့ပြောင်းပါနှင့်။ (ချက်ချင်းရွှေ့ပြောင်းလိုက်ပါက လှုပ်ရှားခြင်းကြောင့် ဦးနှောက်သွေးကြောကလေးများ လျင်မြန်စွာပေါက်ကွဲပြီး လူနာအခြေအနေ ဆိုးရွားသွားလိမ့်မည်။)

**ဒုတိယအရေးအကြီးဆုံးအချက်**

လူနာကို ဖြစ်သည့်နေရာ၌ပင် အသာအယာထူမပေးပြီး ပြန်လဲမသွားစေရန် အသာမှေး၍ ထိုင်စေရမည်။ လူနာကိုယ်တိုင် မထိုင်နိုင်ပါက တစ်ဦးဦးက ဘေးမှအသာမှေး၍ ထူမပေးထားရမည်။ ထူမပြီးပြီးချင်း ပိုးသတ်ထားသော ဆေးထိုးအပ်ဖြစ်စေ၊ လက်ချုပ်အပ်ဖြစ်စေ ထိပ်ဖျားကို မီးရှို့၍ လူနာ၏ လက်ဆယ်ချောင်း ထိပ်ဖျားများကို ပဲစေ့ခန့် သွေးစက်တစ်စက်စီ ထွက်လာအောင် ဖောက်ပေးရမည်။ သွေးသက် (ပဲစေ့ခန့်) ထွက်၊ မထွက်ကို ခေတ္တစောင့်ကြည့်ပါ။ အကယ်၍ သွေးမထွက်လျှင် သွေးထွက်လာအောင် လက်ဖြင့်ညှစ်ထုတ်ပေးရမည်။ လက်ချောင်းအားလုံး သွေးစက်တစ်စက်စီ ထွက်လာပြီးလျှင် မိနစ်ပိုင်းအတွင်း လူနာ ပြန်၍သတိရလာပါလိမ့်မည်။

**တတိယအရေးအကြီးဆုံးအချက်**

လူနာသည် လေဖြတ်လျှင်ဖြတ်ချင်း ပါးစပ်ရွဲ့စောင်းသွားပါက ၎င်း၏ နားရွက်နှစ်ဖက်စလုံးကို နီရဲလာသည့်တိုင်အောင် လက်ဖြင့်ပွတ်သပ်ဆွဲပေးပါ။ နားရွက်နီရဲလာလျှင် နားရွက်အောက်ပိုင်း နားဖောက်သည့်နေရာတွင် မီးရှို့ထားသည့် အပ်၊ ပိုးသတ်ထားသည့် ဆေးထိုးအပ်တို့ဖြင့် နားရွက်တစ်ဖက်လျှင် နှစ်ချက်စီဖောက်ပေးပါ။ ပဲစေ့ခန့် သွေးစက် နှစ်စက်စီ ထွက်လာပြီး မိနစ်ပိုင်းအတွင်းတွင် ပါးစပ်ရွဲ့စောင်းသွားခြင်းမှ ပြန်လည်တည့်မတ် ကောင်းမွန်သွားပါလိမ့်မည်။

**စတုတ္ထအရေးအကြီးဆုံးအချက်**

လူနာကို ပြုစုကုသပေးပြီး ပုံမှန်အခြေအနေရောက်အောင်စောင့်ကြည့်ပါ။ ပြီးမှ ဆေးရုံသို့ ပို့ခြင်း စသောလိုအပ်သည့် ဆေးကုသမှုကို ခံယူရန် ဆက်လက်ဆောင်ရွက်ပါ။

**အကျိုးကျေးဇူး**

အထက်ပါအတိုင်း ဆောင်ရွက်ပါက အကြောသေခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ ခြေလက်လှုပ်ရှားမရခြင်း၊ စကားမပီမသဖြစ်ခြင်း စသည့်လူဖြစ်ရှုံးရမည့် ဒုက္ခိတဘဝမှ ကင်းဝေးစေမည် ဖြစ်ပါသည်။

**နှီးဆော်တိုက်တွန်း မေတ္တာသွန်း**

ဤနည်းမှာ လက်တွေ့ပျောက်ကင်းစေသောနည်းဖြစ်၍ လူအများ လေဖြတ်ခြင်း ဘေးဒုက္ခမှ ကင်းဝေးကြစေရန် မေတ္တာစေတနာ ဖြူစင်စွာဖြင့် ကုသိုလ်အမှု ပြုလိုက်ပါသည်။ မိမိတို့ နီးစပ်ရာ မိတ်ဆွေများထံသို့ တစ်ဆင့် ဖြန့်ဝေလှူဒါန်းခြင်းဖြင့် ကုသိုလ်ထူးကို ရယူကြပါ။

(ဤကုသနည်းကို တရုတ်ပြည်မှ ပေးပို့သော ကုသနည်းမှ ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။)

❒ မောင်အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# ပိုလန်နှင့် မနှဲလေး

ဆွေရှိန်း(အင်္ဂပူ)




စာရေးသူ ဝန်ထမ်းဘဝက စက်ရုံစီမံကိန်း တစ်ခုတွင် ပိုလန်လူမျိုးများနှင့် တွဲဖက်လုပ်ကိုင်ဖူးသည်။

ပိုလန် အင်ဂျင်နီယာချုပ် ကားမား၏ ရုံးခန်းမှာ တာဝန်ပေးခံရသည်။ ပိုလန်ပြန် ဆရာ ဦးအေးတင်က တစ်ခါတစ်ရံသာ လာသည်။ အများအားဖြင့် မစ္စတာကားမားနှင့် စာရေးသူသာ နှစ်ဦးတည်း။

သူ့ထံမှ ပိုလန်ဝေါဟာရများကို "ဆိုတိုးယေ"(ဒါဘာခေါ်လဲ) ဆိုသည့် စကားတစ်ခွန်းဖြင့် အလုပ်ဖြစ်ခဲ့သည်။ ဒါကြောင့် ပိုလန်စကားကိုထမင်းစားရေသောက် အနည်းအပါး သိခဲ့ရသည်။

သူက စာရေးသူကို "ကပ်ပဲလူ" လို့ခေါ်သည်။ နာမည်ပြောင် (Nick Name) ပေါ့။ စာရေးသူက ဦးထုပ်ကို အမြဲတမ်း ဆောင်းလို့တဲ့။ ဟုတ်ချင်မှဟုတ်မည်။ ဦးအေးတင်ကို မေးကြည့်တော့ ဆပ်ကပ်ထဲက လူရွှင်တော် ဦးထုပ် အမြဲဆောင်းသလို ဆောင်းလို့တဲ့။ အမှန်တော့ ဂျော်ကာ (Joker)လို့ ခေါ်သလားမသိ။ ဦးအေးတင်ကလည်း ပိုလန်မှာ တစ်နှစ်ခန့်သာ နေဖူးသူ။ ဒီအထိ အဓိပ္ပာယ်အတိအကျ သိချင်မှ သိမည်။

စာရေးသူက အရပ်ပုပါသည်။ သက္ကလတ်ဦးထုပ် အမြဲဆောင်းတော့ သူ့စိတ်တွင် ဆပ်ကပ်ထဲက လူရွှင်တော်လို ရယ်စရာအဖြစ် မြင်ချင်မြင်မည်။ ချစ်စနိုးနှင့်ခေါ်သည်ဖြစ်၍ စာရေးသူ မကျေမနပ် မဖြစ်ခဲ့။

သူ့ကိုလည်း ကွယ်ရာမှာ"ငပာစ်ကြီး"လို့ ခေါ်မိသည်။

* * *

စက်ပစ္စည်းတပ်ဆင်ရေး ကာလတွင် ပိုလန်ကျွမ်းကျင် ပညာရှင်တွေ ရောက်လာကြသည်။ သူတို့နာမည်တွေက ရှည်လျားလှသည်။ များသောအားဖြင့် အဆုံးမှာ "စကီး"ပါတာများသည်။ ဗယောစကီး၊ ဇောစကီး၊ ဗက်စကီး စသည်ဖြင့်။

စာရေးသူတို့လိုပင် သူတို့ကလည်း နာမည်ပြောင်ပေးတတ်သည်။ ဥပမာ- ဝိတ်မထား၍ ရင်အုပ်ကားနေသူကို "မာဝေါ"(ယင်ကောင်)။ ငူတူတူ ငိုင်တိုင်တိုင်နေတတ်သူကို "စလိပင်း" တဲ့။ ထူးခြားသူမှန်သမျှ ပိုလန်လိုအမည်တွေ ပေးတတ်သည်။ ဒီလိုနာမည်ပြောင်ခေါ်သည့်ကိစ္စ တစ်နေ့တော့ ပြဿနာတက်ကြသည်။

အမည်ရင်းက "ယာနျူ"။ သူက ပိုလန်လျှပ်စစ်အင်ဂျင်နီယာ။ အသက်ငယ်သည်။ ၃၀ ဝန်းကျင်သာ။ သူ့အသံက ထူးခြားသည်။ အသံလုံးသေးသေးလေးနှင့် စူးစူးရှရှ စာတာတာ။ မြန်မာအလုပ်သမားတွေက သူ့ကို "မနှဲလေး" လို့ ခေါ်ကြသည်။

ပထမပိုင်းတွင် သူက ကျေကျေနပ်နပ်။ ပြန်၍ပင် ပြုံး၍ အသိအမှတ်ပြုသေးသည်။

www.burmeseclassic.com

တစ်နေ့ မြန်မာအလုပ်သမား သုံးဦးထဲမှ ရွတ်နောက်နောက်တစ်ဦးက စပ်ဖြဲဖြဲမျက်နှာဖြင့် "မနဲ့လေး ဟဲဟဲဟဲ" လို့ ရယ်ပြောပြောသည်။ ကျန်နှစ်ဦးက လိုက်ရယ်ကြသည်။ ဒီတော့ ဝိုင်းဟားသလိုဖြစ်သွား၍ ပိုလန်ယာန်ချူ့ ဒေါကန်သွားသည်။

မနဲ့လေးဆိုတာ သူ့ကိုစော်ကားသည့် နာမည်ပြောင်လို့ တွေးမိသွားသည်။ သူ၏ပြုံးရယ်လေ့ရှိသည့် မျက်နှာ ခပ်တင်းတင်း ခပ်တည်တည် ဖြစ်သွားသည်။ ချက်ချင်း ဆောင့်တောင့်တောင့် ခြေလှမ်းဖြင့် ပိုလန်ရုံးခန်းထဲသို့ ဝင်သွားသည်။

ပြီးတော့ ရှုံ့ရှုံ့ရှားရှား မျက်နှာထားဖြင့် ဦးအေးတင်ကို တိုင်ချက်ဖွင့်သည်ပဲဆိုပါစို့။ သူ့ကို မြန်မာအလုပ်သမားတွေက မနဲ့လေးလို့ ခေါ်နေကြကြောင်း။ မနဲ့လေးဆိုတာ ဘာလဲပေါ့။ ဦးအေးတင်က ခပ်လှမ်းလှမ်း မျက်နှာချင်းဆိုင် စားပွဲတွင် ထိုင်နေသည့် စာရေးသူကို ပြုံးတုံ့တုံ့ဖြင့် တစ်ချက်လှမ်းကြည့်သည်။

စာရေးသူကလည်း တုံ့ပြန်အပြုံးဖြင့် . . .

"အင်း ငါ့ဆရာ၊ ဒီကိစ္စ ဘယ်လိုများ ရှင်းမလဲ" ဆိုသည့်အတွေးဖြင့်။

* * *

တကယ်တော့ "မနဲ့လေး" ဆိုသည် "ရှင်နဲမိနတ်"။ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းတွင် အပြင် ၃၇ မင်း နတ်များတွင် ပါဝင်သည်။

အိမ်တွင်း ခုနစ်ဖော် နတ်များမှ တစ်ပါး ကလေးငယ်ရှိပြီး နတ်ယုံကြည်သူများက အလေးထား၍ ဘဲဥ၊ ချိုချဉ် စသည်ဖြင့် ဆက်သခြင်း ခံရသည့် ကလေးနတ်။

အိမ်တွင်းခုနစ်ဖော်နတ်ဆို သည် မဟာဂီရိနတ် (ပန်းပဲမောင်တင့်တယ်)၊ နှမတော်နတ် (ပုပ္ပားရွှေမျက်နှာ)၊ ရွှေနပေနတ်၊ သုံးပန်လှနတ်၊ ရှင်နဲမိနတ် (မနဲ့လေး)၊ တောင်မကြီးရှင်ညိုနတ်၊ မြောက်မင်းရှင်ဖြူနတ် ဟူလို။

ရှင်နဲမိကို မနဲ့လေးဆိုမှ လူသိများသည်။ မနဲလေးမှ "မနဲ့လေး" ဖြစ်သွားပုံရသည်။ သူမက မောင်တင့်တယ်၏တူမ။ ဥက္ကလာပမင်း သမိန်ထောနှင့် သုံးပန်လှ (မောင်တင့်တယ်၏ ညီမအထွေးဆုံး)တို့၏သမီး။ မယ်တော် သေဆုံး၍ ဝမ်းနည်းကြေကွဲပြီး သေဆုံးရာမှ ဖြစ်သွားသည့် နှစ်နှစ်သမီးကလေး နတ်ပေါက်စလေး။

မူကွဲကား တစ်နေ့သုံးကြိမ်လှသည့် ကျေးတောသူမ သုံးပန်လှကို မိဖုရားမြှောက်ရန် အခေါ်လွှတ်သည့် မင်းချင်းနှင့် ရည်ငံငြိတွယ်ရာမှ ရှင်နဲမိကို ဖွားမြင်သည်ဟု ဆိုပြန်သည်။ နတ်သမိုင်း ရေးသည်ဟု မထင်စေချင်။ ရိုးရာယဉ်ကျေးမှုအား သုတရသလေး ဖြည့်စွက်သည့်အနေဖြင့် အကျဉ်းမျှ ဖော်ပြရခြင်းပါ။

"မနဲ့လေး" ဆိုသည်ကို ပီပြင်ပေါ်လွင်စေချင်သည့် စေတနာလည်း ပါသည်ပေါ့လေ။ နတ်ဝင်သည် (နတ်ထိန်း/နတ်ကတော်)တွေက မနဲ့လေးနတ်ကို နတ်ချော့လျှင် ကလေးသံလေးဖြင့် အသံစာစာ မပီကလာ ပီကလာ ပြောလေ့ရှိသည်။ ယာန်ချူ့အသံကလည်း စူးတူးတူး စာတာတာမို့ ခေါ်ချင်စရာပါ။

* * *

ပိုလန်ပြန် ဆရာဦးအေးတင်၏ နာမည်ပြောင် ပြဿနာဖြေရှင်းပုံကို ပြန်ဆက်ကြပါစို့။ သူက ခဏမျှ ခေါင်းငုံ့ကာ စဉ်းစားလိုက်ပုံရသည်။ ပြီးတော့ ပိုလန်-မြန်မာ အဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်နှစ်အုပ်ကို ဗီရိုထဲမှ ထုတ်ယူလိုက်သည်။ ယာန်ချူ့က မျက်နှာချင်းဆိုင် ကုလားထိုင်မှာထိုင်လျက်။

ပထမဆုံး ဦးအေးတင်က "နှဲ့" ဆိုသည့် အဓိပ္ပာယ်ကို ပိုလန်-မြန်မာ အဘိဓာန်မှာ လှန်ရှာပြသည်။

တစ်ဖန် နှဲ့ကို မြန်မာ-အင်္ဂလိပ် အဘိဓာန်မှာ လှန်ရှာပြပြန်သည်။

"နှဲ့"ဆိုသည် အင်္ဂလိပ်လို Oboe တဲ့။ Oboe ဆိုတာ Musical wind instument တဲ့။ လေမှုတ် တူရိယာ တစ်မျိုးပေါ့။

ဦးအေးတင် ရှင်းပြနေသည်ကို သူက နားလည်ဟန်ဆောင်၍ ခေါင်း တညိတ်ညိတ်လုပ်နေသည်။အမှန်တော့ ယာန်ချူ့အင်္ဂလိပ်စာမကျွမ်း။ ဒါကိုသိထားသည့် ဦးအေးတင်က ခပ်တည်တည်ပင် စာရွက်ပေါ်မှာ ဘောပင်ဖြင့် နှဲပုံကြမ်းလေးဆွဲပြလျက် . . .

"နှဲ့ဆိုတာ အင်မတန် သာယာတဲ့အသံထွက်သည့် မြန်မာ့ လေမှုတ်တူရိယာတစ်မျိုးပါ၊ မင်းရဲ့ အသံက ကောင်းတော့ အဲဒီနှဲ့လို သာယာတယ်လို့ တင်စားပြီး ခေါ်ကြတာပါကွာ"

လို့ အဓိပ္ပာယ်ရသည့် ပိုလန်စကားဖြင့် လိပ်ပတ်လည်အောင် ရှင်းပြသည်။ ဒီတော့မှ ယာန်ချူ့ အတော်လန်းသွားပုံရသည်။ တည်နေသည့်မျက်နှာ ချက်ချင်းဝင်းသွားသည်။ သူ၏အပြုံး မျက်နှာတွင် သွားများပင် ပေါ်သွားသည်အထိ။

စာရေးသူကတော့ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ခဲ့ရသည်။ ဝါးလုံးကွဲ ရယ်ချလိုက်ချင်သော်လည်း ဣန္ဒြေတစ်ခွဲသားနှင့်ပေါ့။ ဒါတောင် ပြုံးစိစိတော့ ဖြစ်သွားမိသေးသည်။

ဩော် . . တတ်လည်းတတ်နိုင်သည့် ရွှေမြန်မာဆရာဦးအေးတင်ရယ်။ တခ်ဏုပ္ပတ္တိဉာဏ်ကတော့ အံ့လောက်ပါရဲ့ဗျာ။

❐ ဆွေရှိန်း (အင်ပူ)





www.burmeseclassic.com

www.burmeseclassic.com



# နတ္တလင်းမှာ အပြတ်ရှင်းခဲ့တဲ့
# နမော်နမဲ့ခင်အကြောင်း
## မောင်မောင်မိုးအောင်

မှတ်မှတ်ရရ . . .

အောက်တိုဘာလ ၂၃ ရက် သီတင်းကျွတ်လပြည့်နေ့တွင် ကျွန်တော်တို့ စာရေးဆရာတစ်စု ရန်ကုန်မှ ပြည်မြို့သို့ ခရီးထွက်ခဲ့ကြသည်။

ရန်ကုန်ဘူတာကြီးမှ ရထားစီး၍ ပြည်သို့ ထွက်လာခြင်း ဖြစ်သည်။ ဤခရီးစဉ်ကို ဦးဆောင်စီစဉ်သူမှာ "နမော်နမဲ့ခင်" ဖြစ်သည်။

နမော်နမဲ့ခင်သည် ဆရာတော်များ၏ ထေရုပ္ပတ္တိများ၊ ကျင့်စဉ်များ၊ ဘုရားစေတီ သမိုင်းများကို မြန်နှုန်းရှင် ကလောင်အမည်ဖြင့် ရေးသားနေသူ ဖြစ်သည်။

ဟာသဝတ္ထုများကို နမော်နမဲ့ခင် ခေါင်းစဉ်ဖြင့် ရေးသားနေသူလည်း ဖြစ်သည်။ သူမ စီစဉ်ပေးမှုဖြင့် ပြည်မြို့ ရွှေပေါက်ပင် တောရကျောင်းသို့လည်း အကြိမ်ကြိမ် ရောက်ခဲ့ဖူးပြီ ဖြစ်သည်။

ယခုလည်း ပြည်မြို့ မရှိခဏ ဆရာတော် သဲကုန်း အရှင်ကုဝေရ၏ သက်တော်(၃၉)နှစ်ရောက် ဝိဇာတ အခါတော်ပွဲအတွက် ခရီးထွက်လာကြခြင်းဖြစ်သည်။

ဤခရီးစဉ် ဖြစ်မြောက်ရေးအတွက် ဆရာတော်က နမော်နမဲ့ခင်ကို တာဝန်ပေး စေခိုင်းထားခြင်း ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့တွင် စာရေးဆရာများ ဖြစ်ကြသည့် ဂီတစာဆို မောင်မျိုးသူ၊ စန္ဒရား ခွန်တင်ကြွယ်၊ မောင်မြင့်အောင်၊ ဆရာဟိန်းဇေ စသည့် အမျိုးသား စာရေးဆရာများနှင့် မရည်မွန် (ကျုံပျော်)၊ နမော်နမဲ့ခင် စသည့် အမျိုးသမီး စာရေးဆရာမများလည်း လိုက်ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေသခံဖြစ်သည့် ပြည်မြို့တွင် နေထိုင်သူဆရာမောင်လွမ်းနွယ်(အောင်လံ) ထံသို့လည်း ကြိုတင်အကြောင်းကြား ဖုန်းဆက်ထားပြီးလည်းဖြစ်သည်။ ဆရာတော်၏ ဝိဇာတ အခါတော်ပွဲအတွက် ဗုဒ္ဓပူဇာတေး၊ ဓမ္မပူဇာတေးများဖြင့် သီဆိုဖျော်ဖြေရန်လည်း စီစဉ်ထားသည်။

ရန်ကုန်မှရထားအထွက် နောက်ကျခဲ့သဖြင့် ကျွန်တော်တို့ ပြည်မြို့သို့ လပြည့်ည သန်းခေါင်ယံနီးမှ ရောက်ခဲ့ကြသည်။ မရှိခဏကျောင်းမှ မော်တော်ယာဉ် လာရောက်ကြိုဆိုနေသည်ကို တွေ့ရသည်။ ဂီတစာဆို မောင်မျိုးသူ စီစဉ်ခဲ့သော အဆိုရှင်များလည်း ပါလာ၍ မော်တော်ယာဉ် နှစ်ခေါက်ကြိုဆိုရသည်။ ကျွန်တော့်တို့ မရှိခဏကျောင်းတည်းခိုဆောင်သို့ ရောက်ရှိချိန်တွင် မောင် လွမ်းနွယ်(အောင်လံ)က ရောက်နှင့်နေပြီဖြစ်သည်။ ဆရာတော် သဲကုန်းအရှင်ကုဝေရ၏ ဝိဇာတအခါတော်ပွဲက နောက်တစ်နေ့နံနက် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ရောက်ရှိသည့်ညမှာပင် နောက်တစ်နေ့ ဝိဇာတအခါတော်ပွဲအတွက် သီချင်းတိုက်ကြသည်။ ဆရာတော်က ဆောင်းဘောက်၊ ကီးဘုတ်အားလုံးစီစဉ်ထားသည်။ ဂီတစာဆိုမောင်မျိုးသူက တေးသီချင်း သုံးပုဒ် ရေးစပ်ခဲ့သည်။ ကျွန်တော်က ရှစ်ဆယ်ဖော်တေးထပ်တစ်ပုဒ်နှင့် ၁၁ ပိုဒ်ပါ ရှစ်လုံးဘွဲ့ကဗျာ ရေးစပ်ခဲ့သည်။ သီဆိုမည့်သူများနှင့် ဇာတ်တိုက်လေ့ကျင့်နေရသဖြင့် နံနက် ၃ နာရီထိုးမှ အိပ်ရာဝင်ဖြစ်ကြသည်။ ကျွန်တော်တို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ကြသည်။

နောက်တစ်နေ့နံနက်တွင် အိပ်ရာမှ အစောဆုံးနိုးနေသူမှာ နမော်နမဲ့ခင် ဖြစ်သည်။

သူလိုက်နှိုးတော့မှ ကျွန်တော်တို့ အိပ်ရာမှနိုးခဲ့ကြသည်။ ကျွန်တော်တို့နိုးချိန်တွင် နမော်နမဲ့ခင်က ဝတ်ကောင်းစားလှဝတ်ကာ အလှပြင်ထားပြီး ဖြစ်သည်ကို တွေ့ရသည်။ ယခုပွဲတွင် သူမက အစီအစဉ်တင်ဆက်သူ တာဝန်ယူမည်ဖြစ်သည်။

[စကားချပ်-သူမ စီစဉ်ခဲ့သော ဆရာတော်များ၏ သိက္ခာထပ်ပွဲ၊ ဝိဇာတပွဲ၊ အခြားအလှူပွဲများတွင် သူမက အစီအစဉ်တင်ဆက်သူ PRESENTER လုပ်နေကျဖြစ်သည်။]

ကျွန်တော်တို့ ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီး တိုက်ပုံအင်္ကျီများဝတ်ကာ ဆရာတော်ကျောင်းဘက်သို့ ထွက်လာခဲ့ကြသည်။ ဆရာတော်များ သိမ်ဆင်းအပြီးတွင် ကျွန်တော်တို့အဖွဲ့က ဗုဒ္ဓပူဇာတေး၊ ဓမ္မတေးများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဆရာစန္ဒရားခွန်တင်ကြွယ်နှင့် ဂီတစာဆို မောင်မျိုးသူတို့ တစ်လှည့်စီ ကီးဘုတ်တီးခတ်ကြသည်။

နမော်နမဲ့ခင်က သစ်လွင်သော ဝမ်းဆက်ဝတ်စုံဖြင့် ပဝါခြုံကာ တက်ကြွရွှင်လန်းစွာ အစီအစဉ်များ ကြေညာနေပါတော့သည်။ ကျွန်တော်အပါအဝင် ဆရာဟိန်းဇေ၊ ကိုသိန်းဝင်း၊ မရည်မွန်(ကျုံ့ပျော်)၊မစန္ဒာ၊ မလှဌေးဝင်းနှင့် ဆရာမောင်မြင့်အောင်တို့က တစ်လှည့်စီ သီဆိုဖျော်ဖြေကြသည်။

ဆရာတော်များ နေ့ဆွမ်းစားချိန်နီးမှ အစီအစဉ် ပြီးဆုံးတော့သည်။ နမော်နမဲ့ခင် ဦးဆောင်စီစဉ်သော ဆရာတော်၏ ဝိဇာတ အခါတော်ပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးဖြစ်သည်။ ဒီပွဲတွင် နမော်နမဲ့ခင် လုံးဝ နမော်နမဲ့ မဖြစ်ခဲ့ပေ။ အမှားအယွင်းတစ်ခုမျှ မရှိခဲ့ပေ။ နေ့လယ်ပိုင်းတွင် ကျွန်တော်တို့ အားလုံးနားနေကြသည်။

နောက်တစ်နေ့ နံနက်တွင် နမော်နမဲ့ခင် ဦးဆောင်၍ ရွှေပေါက်ပင် ဆရာတော်ကျောင်းသို့ သွားကြသည်။ ဆရာတော်အား ဖူးမြော်ရင်း နမော်နမဲ့ခင်က မော်တော်ယာဉ်တစ်စီး စီစဉ်ပေးရန် တင်ပြလျှောက်ထားခဲ့သည်။ ဆရာတော်က စီစဉ်ပေးခဲ့သည်။ ထိုကားဖြင့် ကျွန်တော်တို့အုပ်စု ခရီးထွက်ခဲ့ကြသည်။ ပြည်မြို့အနီး သမိုင်းဝင်စေတီဘုရားများ ဖူးမြော်ခဲ့ရသည်။ သမိုင်းဝင် ရွှေဆံတော်စေတီ၊ ရွှေအုဋ္ဌမှောက်စေတီ၊ ကြက်ခေါင်းစားစေတီ စသည့် ဘုရားစေတီများကို လှည့်လည် ဖူးမြော်ခဲ့ရသည်။

ပြီးနောက် ရွှေပေါက်ပင်တောရသို့ ပြန်လာခဲ့သည်။ ပြီးမှ မရှိခဏကျောင်းသို့ ဆက်လက်သွားခဲ့ကြသည်။ ည ရန်ကုန်ပြန်တော့မည်ဖြစ်၍ မရှိခဏကျောင်းဆရာတော်အား နှုတ်ဆက်ဖူးမြော်ကြသည်။ မရှိခဏကျောင်းမှ မော်တော်ယာဉ်ဖြင့်ပင် ကျွန်တော်တို့ ဘူတာ ဆင်းခဲ့ကြသည်။ ပြည်- ရန်ကုန် ရထားက ည ၁၁ နာရီခွဲတွင် စတင်ထွက်ခွာလာသည်။

ကျွန်တော်တို့အဖွဲ့ ရထားလက်မှတ်ကြိုတင်ဝယ်ခဲ့သော်လည်း လူများသဖြင့် အထက်တန်းတွဲ ထိုင်ခုံမရပါ။ ပထမတန်းအတွက်သာ ထိုင်ခုံရရှိသည်။ ရထားကြီးက ခရီးစဉ်အတိုင်းခုတ်မောင်းလာခဲ့သည်။ တစ်ဘူတာရပ်လိုက်တိုင်း ခရီးသည်များ တိုးဝှေ့ တက်လာကြသည်။ ဆင်မြီးဆွဲ၊ သဲကုန်းရောက်လာသည်။ ခရီးသည်များ ရိုးရိုးတန်းတွဲပေါ်သို့ တက်လာကြသည်။ ပုတီးကုန်းဘူတာအရောက်တွင် ခရီးသည်များ အထုပ်အပိုးများနှင့်အတူ တိုးဝှေ့တက်လာကြပြန်သည်။ ရိုးရိုးတန်းတွဲများ ပြည့်ကျပ်သွားပြီး လူသွားလမ်းပင်ခြေချစရာမရှိတော့ပေ။

အထက်တန်းတွဲ၊ ပထမတန်းတွဲများပေါ်သို့ ခုံမဲ့စီးနင်း လိုက်ပါခွင့်မရှိ၍ ခရီးသည်များမတက်ပါ။ သို့သော် ပေါင်းတည် ဘူတာ၌ ရထားရပ်တန့်စဉ် ခရီးသည်များ စုပြုံတက်လာကြသည်။ ရိုးရိုးတန်းတွဲပေါ်သို့ မတက်နိုင်တော့သည့် အဒေါ်ကြီးတစ်ဦးကို ကူညီသည့်အနေဖြင့် ကျွန်တော်တို့ပထမတန်းတွဲ တံခါးဝတွင် ဆရာမောင်မျိုးသူက နေရာချထား





www.burmeseclassic.com

www.burmeseclassic.com

“အေးပါ နမော်နမဲ့ခင်ရယ်၊ နင်ပြောတာလဲ ဟုတ်သလိုပါပဲလား”

ဤသို့ဖြင့် ကျွန်တော်တို့စီးလာသောရထား ညအမှောင်ထဲတွင် ဆက်လက်ခုတ်မောင်းလာခဲ့သည်။ ကိုမျိုးသူက တံခါးနားမှ အဒေါ်ကြီးကို လှမ်းပြောလိုက်သည်။

“နောက်ဆို ဘယ်သူပဲ တံခါးလာခေါက်ခေါက် ဖွင့်မပေးနဲ့တော့၊ ခုလက်တွေ့ပဲ၊ ဘာလို့မဖွင့်သလဲလို့မေးရင် တွဲစောင့်ကမဖွင့်နဲ့ ပြောထားလို့မဖွင့်တာလို့သာ ပြောလိုက်ပေတော့”

“အေးပါကွယ်၊ နားလည်ပါပြီကွယ်”

ရထားက ဆက်လက် ခုတ်မောင်းလာခဲ့သည်။ ညဉ့်နက်သန်းခေါင်ကျော်၍ အရုဏ်ဘက်သို့ပင် နီးလာပြီဖြစ်သည်။ မကြာမီ နတ်တလင်းဘူတာသို့ ရောက်လာသည်။ ရထားရပ်သည်နှင့် အောက်မှ အမျိုးသားတစ်ဦးက လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ တံခါးလာခေါက်သည်။ သူ့အနီးတွင် အထုပ်အပိုးများ တွေ့ရသည်။ တံခါးဖွင့်မပေးသဖြင့် ခပ်ကြမ်းကြမ်းထုရိုက်နေသည်။

သို့သော် အဒေါ်ကြီးက ဖွင့်မပေးတော့ပါ။

“တံခါးဖွင့်စမ်းပါ၊ ဘယ်သူပိတ်ထားတာလဲ၊ ဖွင့်စမ်း”

“ဒါပထမတန်းတွဲလေ၊ တက်ချင်ရင် ဟိုဘက်က ရိုးရိုးတန်းတွဲဘက်သွားတက်ပါလား”

ကိုမျိုးသူ၏ တုံ့ပြန်ပြောသံဖြစ်သည်။ ထိုသို့ပြောသော်လည်း အောက်မှတံခါးကို အဆက်မပြတ် ထုရိုက်နေပါသည်။ ကျွန်တော်တို့က ဖွင့်မပေးပါ။ ထိုသူ မကျေမနပ်ဖြင့် လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ အောက်မှ အော်၍ပြောသည်။

“ခင်ဗျားတို့က ဘာကောင်တွေမို့တံခါးပိတ်ထားရတာလဲ၊ ဖွင့်စမ်းကွ”

ထိုသို့မိုက်ရိုင်းစွာပြောပြီး ပါးစပ်မှ အယုတ္တအနတ္တပြောပြီး အော်ဟစ်ဆဲဆိုနေတော့သည်။ ကျွန်တော်တို့အမျိုးသားများ ရထားပြတင်းပေါက်သို့ စုပြုံရောက်ရှိလာသည်။ အောက်မှ ထိုသူနှင့် ခွန်းကြီးခွန်းငယ် စကားများနေကြသည်။

ထိုစဉ် ကျွန်တော်တို့နောက်မှ မမျှော်လင့်သော နမော်နမဲ့ခင်၏အသံကို ကြားလိုက်ရသည်။

“ဒီလူ တော်တော်မိုက်ရိုင်းတယ်၊ အစ်ကို ဆရာတို့ဖယ်ပါ၊ ကျွန်မ ပြောမယ်”

တစ်ချိန်လုံး ငြိမ်နေသော နမော်နမဲ့ခင်က ရထား ပြတင်းပေါက်နားရောက်လာပြီး အောက်ကလူကို လှမ်းပြောလိုက်သည်။

“အောက်ကနေ ဘာလို့ မိုက်ရိုင်းနေတာလဲ၊ သတ္တိရှိရင် တွဲပေါ်တက်ခဲ့စမ်းပါ”

သူ့ပုံက တကယ့်ဖိုက်တော့မည့်ပုံစံမျိုး ဖြစ်နေသည်။

“ဘာလို့ တံခါးပိတ်ထားရတာလဲလို့သိချင်ရင် ရထားတွဲစောင့်ကို သွားမေးပါလား၊ ရထားတွဲစောင့်က မဖွင့်နဲ့ပြောထားလို့ မဖွင့်ပေးတာ”

ထိုသူက မကျေမနပ်ဖြင့် နမော်နမဲ့ခင်၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးပြီးပြောလိုက်သည်။

“မိန်းမတန်မယ့် တော်တော်စွာနေတာ ခုမှ သဘောပေါက်တော့တယ်၊ ဪ. . . လတ်စသတ်တော့ ဒီတွဲမှာ ရထားတွဲစောင့်မိန်းမ ပါလာတာကိုး၊ မဖွင့်လဲနေတော့ အချိန်မရှိတော့ဘူး၊ ရရာအတွဲပေါ် သွားတင်တော့မယ်”

အောက်မှ ထိုသူ၏ပြောစကားကြောင့် အသားဖြူသော နမော်နမဲ့ခင်၏မျက်နှာ နီမြန်းသွားသည်ကို တွေ့လိုက်ရသည်။

“ရထားတွဲစောင့်မိန်းမ မဟုတ်ဘူး၊ စာရေးဆရာတွေဟဲ့ သိရဲ့လား”

နမော်နမဲ့ခင် နောက်ဆုံးပြောလိုက်သော စာရေးဆရာတွေ သိရဲ့လား ဆိုသည့်ပြောသံကို ထိုသူ ကြားနိုင်မည်မထင်ပါ။ ရထားက ဘီးစလှိမ့်ပြီး စတင်ထွက်ခွာနေပြီဖြစ်သည်။

“ကိုယ့်အစ်ကိုတွေ ဆရာတွေ ပြောနေတာသာ အသာနေပါတော့လား၊ ဘာလို့ ဝင်ပြောရတာလဲ နမော်နမဲ့ခင်ရယ်၊ ခုတော့ နင် ရထားတွဲစောင့်မိန်းမ ဖြစ်သွားပြီလေ”

ကျွန်တော့်စကား အဆုံးတွင် ကိုမျိုးသူက ကျွန်တော့်ကို ပြောလိုက်သည်။

“ကိုမိုးအောင် ဝတ္ထုတစ်ပုဒ်ရသွားပြီထင်တယ်”

“ဟုတ်တယ် ကိုမျိုးသူ၊ ဝတ္ထုတစ်ပုဒ်ရဲ့ ကုန်ကြမ်းရလိုက်ပြီ၊ ရန်ကုန်ပြန်ရောက်ရောက်ချင်းရေးမယ်၊ နတ်တလင်းမှာ အပြတ်ရှင်းတဲ့ နမော်နမဲ့ခင်အကြောင်းလို့ ရေးမယ်”

“ဟာ အစ်ကိုတို့ ဆရာတို့ မရေးပါနဲ့၊ ရန်ကုန်က ရေးဖော်တွေ သိသွားရင် ရှက်စရာကြီး”

“ဘာရှက်စရာရှိလဲ၊ ဒါမျိုးက ဖြစ်တတ်တဲ့ သဘာဝပဲ၊ ရေးရမယ်”

ကျွန်တော်တို့ စီးလာသော ရထားကြီးက နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ မင်းလှ၊ လက်ပံတန်း၊ သာယာဝတီ စသည့်မြို့များ တစ်မြို့ပြီးတစ်မြို့ ဖြတ်ကျော်လာသည်။ နံနက် ၉ နာရီခန့်တွင် ရန်ကုန်ဘူတာကြီးသို့ ရောက်လာသည်။

ကျွန်တော် စိတ်ကူးနှင့်ရေးနေတွေးနေခဲ့သော နမော်နမဲ့ခင် ဝတ္ထုဇာတ်လမ်းက ချောပြေနေပြီဖြစ်သည်။ လက်တွေ့ချရေးပြီး ဂန္ထာရီမဂ္ဂဇင်းတိုက်မှ ဆရာမောင်သာယာထံသို့ ပို့ရမည်။

❒ မောင်မောင်မိုးအောင်

မှတ်ချက် ။ ။ ဝတ္ထုဇာတ်လမ်းရအောင် နမော်နမဲ့ဖြစ်ခဲ့သည့် ညီမ နမော်နမဲ့ခင်အား ဤဝတ္ထုဖြင့် ကျေးဇူးတင်လျက်။



www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးဆန္ဒ ပြည့်ဝသော်လည်း

## တိုး ခ



စီးပွားရေး လောကတွင် အောင်မြင်ထင်ရှားခဲ့သည့် သူဌေးကြီး ဦးပေါ်ထင်တစ်ယောက် မမျှော်လင့်ဘဲ လေဖြတ်ပြီး အိပ်ရာပေါ် လဲနေခဲ့သည်မှာ နှစ်ပတ်လည်ခဲ့ပြီဖြစ်သည်။

ဦးပေါ်ထင်၏ အသက်ကား ၇၀ ရှိလေပြီ။

သူ၏ဇနီးဖြစ်သူ ဒေါ်ပိုပိုချစ်မှာ သူ့ထက် ၂၃ နှစ်ငယ်သည်။ သူမ သည် ကုမ္ပဏီပိုင်ရှင် သူဌေးကတော် တစ်ယောက် ဖြစ်သည်နှင့်အညီ နဂိုအလှအပပေါ်တွင် အပြင်အဆင် အမွမ်းအမံများနှင့် ဝင်းပပြည့်ဖြိုး လှလှပပ ရှိနေဆဲပင်။

ဦးပေါ်ထင်တို့ ဇနီးမောင်နှံတွင် သားသုံးယောက်ရှိသည်။ သားအကြီး နှစ်ယောက်မှာ အသက် ၁၈ နှစ်နှင့် ၂၀ အရွယ်များဖြစ်ပြီး အငယ်ဆုံးသားလေးမှာ ၁၀ နှစ်အရွယ်သာရှိပါသေးသည်။

သားအကြီး နှစ်ယောက်မှာ ဖြူဖြူချောချောတွေဖြစ်ကြပြီး အရပ်အမောင်းတွေလည်း ကောင်းကြသည်။ သားအငယ်မှာကား အသားကလည်း ညိုသည်။ ဆံပင်ကလည်း ကောက်သည်။ အရပ်အမောင်းကလည်းပုပျပ်ပျပ်ရှိ၏။ ဦးပေါ်ထင်ကိုယ်တိုင်ကလည်း အရပ်အမောင်း ကောင်းလှသည်တော့ မဟုတ်ပါ။

ဒေါ်ပိုပိုချစ်မှာ ဦးပေါ်ထင်၏ ငယ်ပေါင်းဇနီး မဟုတ်ပါ။ ဦးပေါ်ထင် သားသမီး မရခဲ့။ ဘယ်သူက ချို့ယွင်းသည်လည်းတော့ မသိခဲ့ကြချေ။ ဦးပေါ်ထင် အသက် ၄၈ နှစ်လောက်မှာ ပထမဇနီးသည် ကွယ်လွန်သွားခဲ့သည်။ မုဆိုးဖိုအဖြစ် စိတ်လေနေသည့်အချိန်တွင် စိတ်ပြေရာပြေကြောင်း သောက်စားသွားလာ လုပ်ချင်ရာလုပ်နေရင်းက မိန်းကလေး စားပွဲထိုးများထားရှိဧည့်ခံသည့် စားသောက်ဆိုင်တစ်ခုမှ စားပွဲထိုးမလေး ပိုပိုချစ်နှင့် တွေ့ဆုံငြိသွားကြခြင်း ဖြစ်သည်။

ပိုပိုချစ်မှာ မိဘမဲ့တစ်ယောက်ဖြစ်ပြီး ဆွေမျိုးနီးစပ်သူ အဒေါ် တစ်ယောက်အိမ်တွင် မှီခိုနေထိုင်လျက် ကိုယ့်ဝမ်းစာကိုယ်ရှာနေရသူလေး ဖြစ်သည်။

ရုပ်ရည်လေးကလှ အချိုးအစားကလည်း ပြေပြစ်သည့်အပေါ် အပြုအစု အညှအတာ အခရာတွေကိုလည်း ကျွမ်းကျင်သူလေးတစ်ယောက် ဖြစ်သဖြင့် သုံးနိုင်ဖြုန်းနိုင်သူ ကုမ္ပဏီသူဌေး မုဆိုးဖိုကြီး ဦးပေါ်ထင်ကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့ပါလေသည်။

အသက်အရွယ် ကွာခြားသည်က ပြဿနာမဟုတ်။ ဘဝပေး အသိအရ မိမိဘဝခရီးလမ်း ဖြောင့်တန်းအေးချမ်းဖို့ကို ပိုပိုချစ် အမိက အလေးထားသည် မဟုတ်ပါလား။





www.burmeseclassic.com

www.burmeseclassic.com

လုပ်ပြီး အပြုအစု အယုအယ အချွဲအတာ ကျွမ်းပါလှသော ပိုပိုချစ်လေးနှင့် လက်ထပ်ပြီးမှ ဦးပေါ်ထင်၏ ပြိုင်စံရှားကုမ္ပဏီကြီးမှာ လုပ်ငန်းတွေ ပိုမိုအောင်မြင်လာခဲ့သည်။ အကျိုးပေးသည့် ဇနီးလေးဟု မှတ်ယူပြီး ဇနီးလေးကို နာမည်နှင့်လိုက်အောင် တစ်နေ့တခြား ပိုပိုပြီးချစ်လျက် အလိုလိုက် အကြိုက်ဆောင်ပေးခဲ့သည်။

ဦးပေါ်ထင် တစ်ယောက်က ကုမ္ပဏီအလုပ်မှာ အစားမေ့ အအိပ်မေ့နှင့် ကြိုးစားလုပ်ကိုင် အိမ်ပြန်ချိန်မမှန်ဘဲရှိနေသည့် အချိန်များဟွင် သူဌေးကတော်လေး ပိုပိုချစ်မှာ အောက်ငရဲမှ အထက်နတ်ပြည် ရုတ်ခြည်းဝင်ရောက်ခဲ့သလိုရှိသော သူဌေးကတော်ဘဝကို ပီပြင်စွာအသုံးချ၍ ဝတ်ကာစားကာ ဝယ်ကာခြမ်းကာနှင့် သဘောရှိသုံးဖြုန်းနေလေသည်။

နဂိုက မိတ်ဆွေများခဲ့သူပီပီ ကျားရော မရောစုံသည့် ဟော့ဟော့ရမ်းရမ်း အပေါင်းအသင်းဆန်းတွေနှင့်လည်း လည်ကာ ပတ်ကာ လုပ်နေလေသည်။ ဦးပေါ်ထင်တစ်ယောက်သိသည်လည်းရှိ မသိသည်လည်းရှိ မသိသည်က များပေသည်။

ဒီလိုနှင့် သားအကြီးနှစ်ယောက် ရရှိလာပြီး ဆယ်နှစ်လောက်ခြားမှ သားအငယ်ကို မွေးလာခဲ့သည်။ ယခု သားတွေလည်း လူပျိုလူရွယ်တွေဖြစ်လာကြသည်တွင် အဖေချမ်းသာသည်ဖြစ်၍ သုံးချင်တိုင်းသုံး ဖြုန်းချင်တိုင်းဖြုန်း ရှိနေကြသည်။ ဒါတွေကိုလည်း ဦးပေါ်ထင် မငြိုငြင်ပါ။ သူအလုပ်လုပ်နေသည်မှာ ဒီဇနီး၊ ဒီသားတွေအတွက်ပင်မဟုတ်ပါလား။

တစ်ခုဆိုစရာရှိသည်က သားသုံးယောက်တွင် သားအငယ်ဆုံးလေးကို အကြီးနှစ်ယောက်လောက် မချစ်သလို သူ့စိတ်မှာ ရှိနေခဲ့သည်။

ကုမ္ပဏီအရေး သားရေး၊ ဇနီးအရေးတွေနှင့် လှုပ်ရှားကျင်လည်ရင်း ဦးပေါ်ထင်တစ်ယောက်အသက်အရွယ် ထောက်လာခဲ့သည်။ ကျန်းမာရေးလည်း ချို့ယွင်းလာသည်။ သွေးတိုးတွေ၊ သွေးချို ဆီးချိုရောဂါတွေနှင့် ဖြစ်လာပြီး တစ်နေ့ ရေချိုးမှားရာကအစ မမျှော်လင့်ဘဲ လေဖြတ်ကာ အိပ်ရာမှာ ဗုန်းဗုန်းလဲ နာတာရှည်ဘဝ ရောက်ခဲ့ရရှာပါလေပြီ။

အခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာပြီး နောက်ဆုံးအချိန်ကို စောင့်စားနေရရှာချေပြီ။

*

ဦးပေါ်ထင်သည် မိမိအိပ်ရာထက်တွင် ပက်လက်အနေအထားဖြင့် ရောဂါဝေဒနာများကို မသက်မသာ ခံစားနေရင်းမှ မိမိအား အနီးကပ်ပြုစုစောင့်ရှောက်မှုလုပ်ပေးနေသော ယခုတိုင် လှပပြည့်တင်းဆဲ၊ အရွယ်တင်နုပျိုနေဆဲ ရှိနေသေးသည့် ချစ်ဇနီး ဒေါ်ပိုပိုချစ်ကို ငေးမောကြည့်ရှုရင်း တစ်စုံတစ်ရာကို ပြောချင်နေသလို နှုတ်ခမ်းအစုံက တလှုပ်လှုပ်တရွရွ ဖြစ်နေလေသည်။

ဤသည်ကို ဒေါ်ပိုပိုချစ် မြင်တွေ့သွားလေသည်တွင် ဦးပေါ်ထင်အနီး အသာအယာထိုင်လိုက်ပြီး ဦးပေါ်ထင် လက်ချောင်းလေးများကို ဖြည်းညင်းစွာကိုင်ကာ ကြင်နာယုယသော အသံလေးဖြင့် . . .

"ကိုကြီး ဘာလိုချင်လို့လဲဟင်၊ ရေသောက်ချင်လို့လား၊ ပြောလေ . . ကိုကြီး"

ဟု မေးလေသည်တွင် ဦးပေါ်ထင်က အသာအယာ ခေါင်းခါပြပြီး ဇနီးဖြစ်သူကိုသာ စေ့စေ့ကြည့်နေလေသည်။ ဇနီးဖြစ်သူက ဦးပေါ်ထင် တစ်ခုခုပြောလိုနေသည်မှန်း ရိပ်မိသိရှိသည်ဖြစ်၍ ကြင်နာယုယသော လေသံလေးဖြင့် . . .

"ကိုကြီး ဘာများပြောချင်လို့လဲ၊ ပြောလေ ပိုလေး နားထောင်နေပါတယ်၊ အားမနာပါနဲ့ ကိုယ့်မိန်းမပဲ ကိုကြီး ပြောသာပြောပါ" ဟု စကားလမ်းကြောင်းပေးလေသည်။

ဒီရောဂါဖြင့် ဒီတောင်က မကျော်နိုင်တော့ပြီမှန်း ဒေါ်ပိုပိုချစ်က သိနေသလို ဦးပေါ်ထင်ကလည်း သူ့ကိုယ်သူ သိနေသည်။ မသေမီ ပြောစရာ မှာစရာများက ကိုယ်စီရှိနေကြသည်ကတော့ အမှန်ပင်ဖြစ်သည်။ ဇနီးဖြစ်သူကလည်း ဦးပေါ်ထင် သေဆုံးသွားခဲ့လျှင် သူနှင့် သားသုံးယောက် အမွေဆက်ခံရမည့် ဥစ္စာပစ္စည်းများအကြောင်းကို အကုန်အစင်သိချင်နေသည်။ မိမိသိရှိ ရရှိထားသမျှ အကုန်အစင်မှ ဟုတ်ပါရဲ့လား စသည်ဖြင့် သံသယရှိနေသည်။

သို့ဖြစ်၍ မိမိအား မပြောရသေးသည့် ပစ္စည်းဥစ္စာများအကြောင်း ပြောလာလေမလားဟု ပါးနပ်စွာ စကားလမ်းခင်းပေးနေခြင်းဖြစ်သည်။ ဦးပေါ်ထင်က အားယူကြိုးစား၍ တုန်ယင်လှိုက်မောစွာ တိုးညင်းလှသောအသံဖြင့် . . .

"ကိုကြီးကတော့ နေရတော့မှာမဟုတ်ပါဘူးကွယ်၊ ကိုကြီး သိပ်ချစ်တဲ့ ပိုလေးနဲ့ ခွဲခွာသွားရတော့မှာကို ကိုကြီးရင်မှာ မချိအောင် ခံစားနေရတယ်"

"အို ကိုကြီးကလဲ ကိုကြီး မသေနိုင်သေးပါဘူး၊ စိတ်မလျှော့စမ်းပါနဲ့ အားတင်းထားစမ်းပါ၊ ဆေးကောင်းဝါးကောင်းတွေ ရှိပါတယ်၊ဘယ်လောက်ကုန်ကုန်ပေါ့၊ ပိုလေးလဲ ကိုကြီးနားမှာ မပြတ် ပြုစုအားပေးနေတာပဲကို"

"ကိုကြီး ကိုယ့်ဝေဒနာကိုယ် သိပါတယ်ကွယ်၊ ဒီတော့ ကိုကြီးလေ နောက်ခရီးကို ဖြောင့်ဖြောင့်လေးသွားချင်လို့ ကိုကြီးသိသွားချင်တဲ့ ကိစ္စလေးတစ်ခု ပိုလေးကို မေးချင်တယ်၊ ပိုလေး အမှန်အတိုင်း ဖြေပါကွယ်၊ ဒါ ကိုကြီး အလိုချင်ဆုံး နောက်ဆုံးဆန္ဒလေးပါ"

"မေးလေ ကိုကြီး မေးပါ၊ ကိုကြီးကို ပိုလေး ဘာမှဖုံးကွယ်မထားပါဘူး၊ မေးချင်တာသာမေး"



www.burmeseclassic.com

www.burmeseclassic.com

"ဒီမေးခွန်းကို ကိုကြီးမေးချင်နေတာ ကြာခဲ့ပါပြီ၊ ပိုလေးကို ချစ်လွန်းတာကြောင့် မမေးရက် ပြောမထွက်ဖြစ်ခဲ့ရတာ၊ တစ်သက်လုံး ကြိတ်မှိတ်မျိုသိပ်နေခဲ့ရတာ"

ဦးပေါ်ထင်က သေလုမြောပါး ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ညောင်နာနာ ခပ်ချွဲချွဲ သနားစရာစကား ပြောလေသည်တွင် ဒေါ်ပိုပိုချစ်ကလည်း ဦးပေါ်ထင် နောက်ဆုံး အခြေအနေရောက်လာနေပြီကို သိထားပြီးဖြစ်၍ အသေဖြောင့်အောင် ကူညီပေးလိုသည်နှင့် . . .

"စိတ်ချပါ ကိုကြီးရယ်၊ ပိုလေးကိုကြီးကို မကွယ်မထောက် အဖြောင့်အမှန်ကို ဖြေပါ့မယ်၊ ကိုကြီးရဲ့ နောက်ဆုံးဆန္ဒ ပြည့်ဝစေရပါ့မယ်၊ မေးချင်တာပြောချင်တာကိုသာ အားမနာတမ်းမေးပါ"

ဦးပေါ်ထင်ကလည်း ပြောရသည်ကို အားမရနိုင်သေးဘဲ သေချာသည်ထက် သေချာအောင် ထပ်ကွန့်တုပ်နှောင်ပြန်သည်။

"ဒါဆိုရင် ကိုကြီးမေးမယ်နော်၊ ပိုလေး အမှန်ကိုဖြေပါ့မယ်လို့ ကတိပေးပါ၊ ပိုလေးဆီက အဖြေမှန်ကို သိသွားရမှ ကိုကြီးစိတ်ဖြောင့်ဖြောင့် သွားနိုင်မှာ"

ဒေါ်ပိုပိုချစ် စဉ်းစားသည်။

"ဒီလောက် ငါ့ကိုတုပ်ချည်ပြီးတော့ ဘာတွေများ မေးမလို့ပါလိမ့်၊ ငါမဟုတ်တာလုပ်ခဲ့တာတွေများ မေးလာခဲ့ရင်တော့ ဒုက္ခပဲ၊ အေးလေ ဘာတွေပဲမေးမေး နောက်ဆုံးအချိန်ရောက်နေမှတော့ ဘာမေးခွန်းပဲဖြစ်ဖြစ် သူ့ရဲ့နောက်ဆုံးဆန္ဒ ပြည့်ဝအောင် ဖြည့်စွမ်းပေးပြီး အမှန်ကို ငါဖြေလိုက်မယ်၊ အကောင်းပဲဖြစ်ဖြစ် အဆိုးပဲဖြစ်ဖြစ်သူလဲ နေရတော့မှာမှမဟုတ်ဘဲ၊ ဘုရားသိကြားမလို့ ကောင်းတဲ့မေးခွန်း ငါရှောရှောရှူရှူနဲ့ ဖြေနိုင်မယ့်မေးခွန်းမျိုးဖြစ်ပါစေ"

ဟူ၍ ရင်တမမဖြင့် ကျိတ်ပြီးဆုတောင်းလေသည်။ ဒီနောက် အားမာန်တင်းလျက် . . .

"စိတ်ချပါ ကိုကြီးရယ်၊ ကိုကြီးမေးတဲ့မေးခွန်းကို ပိုလေး မညာတမ်း၊ မလိမ်တမ်း အမှန်ကို ဖြေပါ့၊ ပြောပါ့မယ်လို့ ကတိပေးပါတယ်၊ ကဲ. . . မေးတော့"

ဦးပေါ်ထင်တစ်ယောက် ဇနီးသည်ကတိစကား အပီကြားရလေသောအခါ ဘဝတစ်ပါး ပြောင်းသွားခါနီးမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားသဘောမစောကြောနိုင်ဘဲ မယားဇောနှင့် မေးလေသည်။ မေးခွန်းမှာကား . . .

"ကိုကြီးမေးချင်တာက ကိုကြီးတို့ရဲ့ သားသုံးယောက်မှာ အကြီးနှစ်ကောင်က ပုံစံတူတယ်၊ အသားလဲ ဖြူတယ်၊ အရပ်အမောင်းတွေလဲကောင်းကြတယ်၊ ဆံပင်အရောင် မျက်နှာကျပုံသွားလာပုံ အကုန်တူကြတယ်၊ ချောလဲချောကြတယ်၊ ပိုလေးဘက်ကို လိုက်ကြတယ်နဲ့ တူတယ်နော်"

"ဟုတ်တာပေါ့ ကိုကြီးရယ်၊ တူမှာပေါ့ ညီကိုရင်းတွေပဲဟာ၊ ဒါ ဘာဆန်းလို့လဲ ကိုကြီးရဲ့၊ အဲဒါဘာဖြစ်လို့လဲ ကိုကြီး"

ဇနီးဖြစ်သူက စကားထောက်ပေးလိုက်သည်။ ဦးပေါ်ထင်က ပြောပြီးမောနေသဖြင့် စကားပြောခြင်းကို ခေတ္တရပ်နားပြီး အမောပြေရန် ရေတောင်းသောက်သည်နှင့် ရေတိုက်ပေးရလေသည်။ ခေတ္တ အမောဖြေပြီးမှ စကားကို ဆက်ပြောသည်။

"ဒါပေမဲ့ ဟို ဟို အငယ်ဆုံးကောင် မောင်မဲ၊ အသားကလဲ ညိုတယ်၊ အရပ်ကလဲ ပုချင်တယ်၊ ဆံပင်ကလဲ ကောက်လိုက်သေးတယ်၊ အကြီးနှစ်ကောင်နဲ့ သွင်ပြင်ပုံစံက တခြားစီပဲ၊ ဘာမှကို မတူဘူး၊ ဒီတော့ ဒီအငယ်ဆုံးကောင်ကို ကိုကြီး သံသယရှိတယ်၊ ဒီကောင်ဟာ ကိုကြီးနဲ့ရတဲ့ ကိုကြီးသားစစ်စစ်မှဟုတ်ရဲ့လား၊ မွေးလာကတည်းက ကိုကြီး သံသယဖြစ်ခဲ့၊ စိတ်ဆင်းရဲခဲ့တာ၊ ကဲ ကတိအတိုင်း ပိုလေး မှန်မှန်ဖြေပေတော့၊ ကိုကြီးကို မလိမ်ရဘူး၊ ဒါကိုကြီးရဲ့ နောက်ဆုံးဆန္ဒပါ"

ဟုမေးပြီး ဒေါ်ပိုပိုချစ်မျက်နှာကို စူးစိုက်ကြည့်၍ ဖြေကြားလာမည့်အဖြေကို မျှော်လင့်တကြီး စောင့်မျှော်နားစွင့်နေသည်။

ဒေါ်ပိုပိုချစ်မှာ ဦးပေါ်ထင်၏ အမေးစကားကို ကြားရသောအခါ သူမမျက်နှာ ဝင်းလက်သွားသည်။

ဒီမေးခွန်းသည် သူမအတွက် ခက်ခဲစွာ ဖြေရမည့် မဟာမေးခွန်းကြီး မဟုတ်ပါ။ အမှန်အတိုင်း အလွယ်တကူဖြေပြီး ဦးပေါ်ထင်၏ နောက်ဆုံးဆန္ဒကို ပြည့်ဝစွာ ဖြည့်စွမ်းပေးနိုင်သည့် အလွန်လွယ်ကူသော ပိစိကွေး မေးခွန်းလေးသာ ဖြစ်ပါလေသည်။

ဒီအငယ်ဆုံးသားသည် ဦးပေါ်ထင်နှင့်ရသော ရေမရောသည့်သား ဆိုသည်ကို သူမအပြင် မည်သူ သိနိုင်ပါမည်နည်း။

သို့ဖြစ်၍ အလှဆုံး အချိုဆုံး အပြုံးမျက်နှာဖြင့် အားရပါးရ ပြုံးပြီး ကြာမူပါပါဖြေသည်က . . .

"အမယ်လေး ဒါများကိုကြီးရယ်၊ နှစ်ရှည်လများ စိတ်သောကခံစားပြီး မျိုသိပ်ကြိတ်မှိတ်နေရတယ်လို့ ကိုကြီးကို သနားလိုက်ပါဘိတော့၊ စောစောစီးစီးကတည်းက မေးပါတော့လား၊ ဒီအတွက် ပိုလေးကို ယုံကြည်စိတ်ချလိုက်စမ်းပါ၊

ဒီသားနဲ့ပတ်သက်ပြီး ကိုကြီးပေါ်မှာ ပိုလေး လုံးဝသစ္စာမမဲ့ခဲ့ပါဘူး၊ ဒီအငယ်ဆုံးသားလေးက ကိုကြီးသား၊ ကိုကြီးသွေး စစ်စစ်ပါ၊ ရေတစ်စက်မှ မရောပါဘူး၊ ကိုကြီးလို အရပ်အမောင်းမျိုးမဟုတ်လား၊ ပိုလေး ဘုရားပေးပေးကျမ်းပေးပေး ကျိန်ရဲ ပြောရဲ အာမခံရဲတယ် သိလား၊ ကိုကြီး ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ချမ်းသာပါ၊ စိတ်ဖြောင့်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com

ဟု အားရပါးရ ပြောချလိုက်သည်တွင် ဦးပေါ်ထင်တစ်ယောက် ဝမ်းမြောက်ဝမ်းသာ ပြုံးယောင်သန်းပါသော မျက်နှာဖြင့် သူ၏ညာလက်ကို မမြောက်နိုင် မြောက်နိုင် ပက်လက်အနေအထားမှ မြောက်ကြွလိုက်ပြီး လက်သီးဆုပ်၍ လက်မထောင်ကာ ဒေါ်ပိုပိုချစ်ကို ပြလေသည်။

ပြီးနောက် အမောဖောက်သော လေသံဖြင့် တိုးညင်းစွာ . . .

"ကို ကိုကြီး ပိုလေးကို ကျေးဇူး တင် တင်"

ဟုသာ ပြောနိုင်ပြီး မြောက်ကြွထားသည့် အိပ်ရာထက် ပြုတ်ကျကာ ဘဝတစ်ပါးသို့ ပြောင်းသွားရှာလေသည်။ ဝမ်းသာလုံးဆို့ပြီး အသက်ပါသွားသည်ထင့်။

ဦးပေါ်ထင်၏ နောက်ဆုံးဆန္ဒ ပြည့်ဝသွားခဲ့ပါသည်။

သို့သော်လည်း. . .

*

ငြိမ်သက်သွားသော ဦးပေါ်ထင်ကိုကြည့်၍ အခြေအနေကို နားလည်သွားသော ဒေါ်ပိုပိုချစ်မှာ . . .

"ဪ ကိုကြီ ကိုကြီး သွားရှာပြီနဲ့တူတယ်"

ဟု ရေရွတ်လျက် ဦးပေါ်ထင်၏ ရင်ဘတ်ကို နားဖြင့် ကပ်ထောင်ကြည့်သည်။ ဟိုစမ်း. ဒီကိုင်လုပ်ပြီး ဦးပေါ်ထင်၏ နှာခေါင်းဝကို လက်ဖြင့်တေ့၍ အသက်ရှူ မရှူကို စမ်းသပ်ကြည့်သည်။

သွားရှာပြီဟု သေချာသိရတော့မှ သက်ပြင်းတစ်ချက်ချကာ တစ်ကိုယ်တည်း တီးတိုးပြောဆိုလိုက်သည့် စကားတစ်ခွန်းကိုသာ သွားလေသူ ဦးပေါ်ထင်တစ်ယောက် သေရာကများ ကြားရမည်သာဆိုလျှင် ကုန်းရုန်းထပြီး နားရင်းပါးရင်း ဗျင်းမည်ကတော့ သေချာလှပေတော့သည်။

ဒေါ်ပိုပိုချစ် ရေရွတ်ပြောဆိုလိုက်သည့် စကားမှာ . . .

"တော်ပါသေးရဲ့၊ ဘုရားသိကြားမလို့ အငယ်ဆုံးကောင်ပဲ မေးပေလို့ပေါ့။ အကြီးနှစ်ကောင်သာ မေးခဲ့ရင်တော့ ဒုက္ခပါပဲ၊ ကံကောင်းလို့ပါလား၊ အငယ်ကောင်ကိုပဲ မေးသွားတဲ့ကိုကြီးနဲ့ ဒါကိုပဲ မေးအောင် ကူညီမှိုင်းမကြသူများကို ကျေးဇူးတင်လိုက်တာနော်၊ ကိုကြီးရဲ့ နောက်ဆုံးဆန္ဒ ပြည့်ဝပါတယ်နော် ကိုကြီး" ဟူ၍ ဖြစ်ပါလေသတည်း။

စာရှုသူအားလုံး ပြုံးပန်းတစ်ရာ ဖူးပွင့်ကြပါစေသော်။

❐ တိုးခ

(ဝန်ခံချက်။ ။ အင်တာနက် ဇာတ်လမ်းတစ်ခု မှီငြမ်းပြုကြောင်းပါ။)


## ဆရာဦးခင်ထွန်း D.B.B.W - C.T (Med)

## အုန်းချွင် တိုင်းရင်းဆေးကုခန်း

### အထူးကုသသောရောဂါများ

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➻ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➻ အမှတ် (၄၉၄-ဘီ-၂)၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်ရိပ်သာ၊ နယ်မြေ (၈)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➻ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➻ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com

# နမော်နမဲ့ခင်ရဲ့ ရတ်ရတ်ကြဲအသွင်

ဟန်သိုင်း



ခင်တို့ မလာရ မနေနိုင်သော ရန်ကုန်မြို့ လမ်း ၄၀ (အောက်)ရှိ လေအန်ကုန်းစုရပ်မှာ ထိုင်ခါစရှိသေး ခင့်ရဲ့ လက်ကိုင်ဖုန်းမှ အချက်ပေးလို့လာချေပြီ။

"တန့် တန့်. . . တန့် တန့်"

"ဟုတ်ကဲ့ နမော်နမဲ့ခင် ပြောနေပါတယ်ရှင်"

"ဟဲ့ မိခင်ခင် နင့်ရဲ့ကြီးတော်ရင် ပြောနေတာပါအေ့"

"အဲ ကြီးတော် ဖုန်းရနေပြီလား"

"ဟုတ်ပ့ါတော်၊ ကျုပ်တို့ရွာတွေမယ် အရစ်ကျ တယ်လီဖုန်းတွေ လာရောင်းလို့ ဝယ်လိုက်တာပါတော်"

"အဟင်း ဟင်း. . . အရစ်ကျ တယ်လီဖုန်းပြောပါ ကြီးတော်ရဲ့"

"ညည်းရဲ့ကြီးတော်ပဲအေ. . . ဒီလောက်တော့ ရှိပေမပေ့ါ၊ ကျုပ် အခုရန်ကုန်ရောက်နေတာအေ့၊ စမတ်ဖုန်းလာဝယ်တာ၊ ညည်းတူကလဲ တက်ပလက်ပြားဆိုလား အဲဒါ လာဝယ်တာ"

"အွန်း ကြီးတော်တို့က တယ်ခေတ်မီပါလား၊ ခင်တို့ စာရေးဆရာတွေ မဝယ်နိုင်ပေါင်"



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး၊ ညည်းကို ကျုပ် လာတွေ့မလို့"

"ဟာ ခင် ခင်က အလုပ်များနေလို့ မြို့ထဲ မလာနိုင်သေးဘူး"

ကြီးတော်ရင် ယခုလိုအချိန်မှာ လေအန်ကုန်းသို့လာ၍ လုံးဝမဖြစ်ပေ။ ဒီနေ့က လူစုံတက်စုံ ဂုရုကြီး၊ ဂုရုလတ်၊ ဂုရုလေးတွေ အစီအရီရောက်ရှိကာ ဝိုင်းဖွဲ့နေကြတာ။ ကြီးတော်ရင်သာ ရောက်လာရင် ရှေ့နောက်မကြည့် သူပြောချင်ရာစကားတွေ ဖရုသဝါစာပွားတာနှင့် ခင် ပြဿနာတက်နိုင်သည်။

ခင့်မှာ သူငယ်ချင်းတစ်ဦး၏ ၆၈၀၀ ကျပ်တန် ကိုရီးယားစာအုပ် မိတ်ဆက်ပွဲအတွက် ကူညီလိုက်မိ၍ ကြားထဲက မျက်နှာပူစရာ ဒုက္ခဝေဒနာခံစားထားတာမှ မကြာသေးသဖြင့် ထပ်မံ၍ မျက်နှာပူစရာကိစ္စမဖြစ်လို၍ ကြီးတော်ရင်အား စတေးရှောင်နေခြင်း ဖြစ်ပါသည်။

"ညည်းရှိတဲ့နေရာ ကျုပ်လာခဲ့မယ်"

"ဟိုလေ ကြီးတော်က ရန်ကုန်မြို့ကို ရွာလိုမှတ်နေ့တာလား"

"အောင်မာအေ ကျုပ်က တယ်လီဖုန်းကိုင်ကတည်းက အင်တာနက်ချိတ်ထားပြီး ဖေ့စ်ဘွတ်မှာ သူငယ်ချင်းတွေ အများကြီးပါအေ့၊ ညည်းတို့လို စာရေးဆရာလောက်ကတော့ အပျော့ပဲ၊ ညည်းထိုင်နေတဲ့ ညောင်ပင်ရဲ့တစ်ဖက်ကို လှမ်းကြည့်လိုက်စမ်းပါအေ့၊ ညည်းဘိန်းမုန့်ထုပ်ကိုင်ပြီး လာကတည်းက ကျုပ်က ချက်နေတာပါအေ့"

ကြီးတော်ရင်၏စကား ဝါကျအဆုံးမှာ ခင်လှမ်းကြည့်လိုက်သောအခါမှာ ကောက်ညှင်းထုပ်ကိုယ်လုံးကို ကိုရီးယားစကတ်ရှည်ကြီးဝတ်ကာ လက်ထဲမှာ ဟန်းဖုန်းတစ်ဖက်၊ တက်ပလက်ပြားတစ်ဖက် စတိုင်ထုတ်ကိုင်ရင်း ခင်တို့လေအန်ကုန်းဝိုင်းရှိရာသို့ လာချေပြီ။

ခင့်မျက်နှာမှာ ပြုံတော့မည့်မိုးနှယ်။ ဒါပေမဲ့ လောကဝတ်အရ . . .

"ဆရာတို့ ဆရာမတို့ ဒါ ခင့်ရဲ့ ကြီးတော်ပါ" ဟူ၍ မိတ်ဆက်ပေးသဖြင့် အားလုံးက အပြုံးနှင့်နှုတ်ဆက်ကြသည်မို့ စာရေးဆရာကြီး၊ ဆရာမကြီးတွေက ဇည့်ခံစကားပြောသဖြင့် ကြီးတော်ရင်တစ်ယောက် သူ့လက်ထဲက တက်ပလက်ပြားကြီးကို ခလုတ်ဖွင့်ကာ ဂုရုကြီးတွေနှင့် ဓာတ်ပုံအမှတ်တရရိုက်ကာ သဘောအကျကြီး ကျနေတော့သည်။

ဝိုင်းထဲက ချကျွေးသော လက်ဖက်ရည် မုန့်များလည်း စားသောက်ရင်းမှ . . .

"ကျွန်မရဲ့တူမလေး နမော်နမဲ့ခင်ကို ခုလို နူးညံ့သိမ်မွေ့တဲ့ စာရေးဆရာမတစ်ယောက် ဖြစ်လာမယ်လို့ ထင်ကိုမထင်မိဘူး"

ကြီးတော်ရင်၏ စတင်လာသောစကားကြောင့် ဆရာ၊ ဆရာမတွေကလည်း စိတ်ဝင်စားကာ နားစွင့်လာကြသည်။ ခင့်မှာတော့ ရင်တထိတ်ထိတ် မျက်ခုံးတလှုပ်လှုပ်။ ဒါကို အလိုက်မသိစွာ သမုဒ္ဒရာဝေ တစ်ယောက်က . . .

"ပြောပြပါဦး ကြီးတော်ရဲ့" ဟုဆိုကာ စတင်၍ လျှာကို ဘီးတပ်ပေးလေသောအခါမှာ . . .

"ကျုပ်တူမ ခပ်ငယ်ငယ်ကတည်းက သူ့အဖေက ကရာတေးဆိုလား၊ ဂျူဒိုဆိုလား သင်တန်းတွေ တက်ခိုင်းခဲ့တာမှာ မိန်းမလို မနေတော့ဘဲ ဖင်ကျပ်ဘောင်းဘီနဲ့ စပို့ရှပ်နဲ့ ယောက်ျားလေးလို ဝတ်စားနေရှာတာ၊ ထစ်ခနဲဆို ခြေမြန် လက်မြန် ဆိုးခနဲ ဆတ်ခနဲ ဆတ်ဆတ်ကြဲမို့ ခုလို ဆရာ ဆရာမတို့နဲ့ ပြောဆိုဆက်ဆံရာမှာ အဆင်ပြေကြရဲ့လားလို့"

"ပြေပါတယ် ကြီးတော်ရဲ့၊ သူ့ရဲ့ ဆတ်ဆတ်ကြဲပုံလေး ဆက်ပါဦး"

သမုဒ္ဒရာဝေက ထပ်၍မီးလောင်ရာ လေပင့်ပြန်ရာ . . .

"အောင်မယ်လေး သူ ဆတ်ဆတ်ကြဲပုံက လူတွေတင်မကဘူး၊ ၃၇ မင်းနတ်ထဲက ကိုယ်တော်ကြီး ကိုယ်တော်လေးကိုပါ ချဲလင်းလုပ်ခဲ့တာ၊ နတ်လဲ မနေရအောင် ဆတ်ဆတ်ကြဲခဲ့တာအေ့"

"ဟင် ဟုတ်လား၊ ဆက်ပြောပါဦး ကြီးတော်ရယ်၊ စိတ်ဝင်စားလာပြီ"

မည်သို့မျှ အလိုက်ကမ်းဆိုးမသိလေသော သမုဒ္ဒရာဝေအား မျက်ရိပ်မျက်ခြည် ပြလည်းမရ။ ကြီးတော်ရင်ကလည်း ပြောချင်ရဲ့လက်တို့ဆိုတော့ သူမ၏ တော့ကင်(talking)ကို မောင်းတင်လေတော့သည်။

"ကျုပ်က အခုအသက်အရွယ်အထိ သင်းရဲ့ လက်သံပြောင်ခဲ့တာကို အမှတ်ရနေတုန်းပဲအေ့၊ ဒီလိုပါအေ၊ သူ့ရဲ့အဖေက ဗုဒ္ဓဘုရားကလွဲရင် အခြားဘိုးတော်တွေ နတ်တွေ ကိုးကွယ်တာလုံးဝမကြိုက်ဘူး၊ ကျုပ်တို့ညီအစ်မက ဝါသနာပါတယ်၊ နတ်မေးတာတို့ ဗေဒင်မေးတာတို့၊ ဝါသနာအရရော ယုံကြည်တာရော ပါတယ်၊

တစ်နေ့မှာ ဖျာပုံက လာတည်းတဲ့ ဧည့်သည်က ဓာတ်စီး နတ်စီးသမားလေ၊ ကျုပ်တို့ အပြင်ထွက်စရာမလိုဘဲ အိမ်မှာပဲ မေးကြမယ်ပေါ့၊

တစ်နေ့မှာ သူ့အဖေ ရုံးလဲသွားရော ကျုပ်တို့ရဲ့ လုပ်ငန်းစဖို့ အုန်းသီး၊ ငှက်ပျောသီးတွေဝယ် နတ်ပွဲတွေထိုးပြီး နတ်မေးဖို့ ပြင်ဆင်ကြတာပေါ့၊ သင်းတို့မောင်နှမတွေက ဥပုသ်နေ့လားမသိဘူး၊ ကျောင်းပိတ်ရက်ကိုး၊ ဒါနဲ့ ကလေးတွေကို အပြင်မှာ ဆော့ကစားဖို့ လွှတ်လိုက်တယ်၊ အောက်ထပ်အိမ်တံခါးကိုအသာစေ့ထားပြီး ကျုပ်တို့က အိမ်အပေါ်ထပ်မှာ နတ်ပင့်ပြီး သိချင်တာတွေ လျှောက်ကြပေါ့၊

အဲ ပုပ္ပားမယ်တော်နဲ့ ကိုယ်တော်ကြီး ကိုယ်တော်လေး ဝင့်နေတဲ့အချိန်မှာ သင်းက ဘယ်အချိန်က ရောက်နေတယ် မသိဘူး၊ သင်းရဲ့အမေကို ကိုယ်တော်တို့မကြိုက်တဲ့ ဝက်သားမစားဖို့ အိမ်ပေါ်မတင်ရေးကတိတောင်းနေချိန် သင်းက ဂေါ်လီပစ်ရာက လာ



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတော့ ကလေးပိပိ ကြမ်းပြင်ပေါ်မှာ ဂေါ်လီလုံးကို တဒေါက်ဒေါက်နဲ့ ခေါက်သံကြောင့် နတ်ကတော်က လှည့်ကြည့်ပြီး . . .

'သားတော်လေး လာ လာ ရှေ့ကိုတိုး' ဆိုပြီး သင်းကို ခေါ်တဲ့အခါမှာ 'ဟာ နတ်ကလဲ တန်ခိုးမရှိလိုက်တာ၊ မိန်းကလေးလား ယောကျ်ားလေးလား မခွဲခြားတတ်ဘူးလား' ဆိုပြီး ဘုတောလို့ ကျုပ်က ခေါင်းကို လှမ်းခေါက်ရတယ်၊

'ဩော် ညီမတော်ဆိုလဲ ညီမတော်ပေါ့၊ လာရှေ့တော်ကို'လို့ဆိုတော့ ကျုပ်ကလဲ မင်းကလေးရှေ့ကို တွန်းပို့ပေးတာပေါ့၊ သင်းက ဘောင်းဘီဖင်ကျပ်အမည်းနဲ့ အင်္ကျီအမည်း ဝတ်ထားတော့ ကိုယ်တော်က မကြိုက်ဘူးလေ၊ ဒါကြောင့် နောက်ကို အမည်းရောင်မဝတ်ဖို့ တားမြစ်စကား ဆိုတာပေါ့၊ နောက်ပြီး သင်းတို့သားအဖက ထမင်းစားရင် ဝက်သားဟင်းမပါရင် ထမင်းမျိုမကျတဲ့ လူစားတွေမို့ ကိုယ်တော်လေးနဲ့တွေ့တုန်း သင်းတို့ ဝက်သားပြတ်ရေးအတွက် ပြောခိုင်းရတာပေါ့၊

ဒါနဲ့ ကိုယ်တော်လေးက နားချရှာပါတယ်၊ ဝက်သားရှောင်ဖို့ အိမ်ပေါ်မတင်ဖို့၊ ဒီအသားကိုရှောင်ရင် ပိုက်ဆံတွေ ပေးမယ်၊ လိုချင်တာ အကုန်ရမယ်ပေါ့၊ ဝက်သားပြတ်ဖို့ ကတိတွေတောင်းတာကို သင်းကဘာပြောသလဲဆိုတော့-

'ဝက်သား အခုဖြတ်ရင် အခုပေး၊ အခုချက်ချင်း ရွှေတစ်ပိဿာပုံပေးရင် ခုချက်ချင်း ဖြတ်မယ်၊ ကတိစကားတော့ အရင်တောင်းပြီး နောက်မှပေးမယ်ဆိုတာ မယုံဘူး၊ အပေးအယူဆိုတာ ချက်ချင်းလုပ်ရတယ်' ဆိုပြီး ကန့်လန့်တိုက်စကား ပြောတာများ၊ ဒါနဲ့ ကိုယ်တော်လေးက ပြောစကား နားမထောင်ရင် သူ့ရဲ့စီးတော်ကျားနဲ့ တိုက်သတ်မယ်လို့ ကြိမ်းဝါး လက်ခမောင်းခတ်ပြီး စီးတော်ကျားကို ခေါ်တာပေါ့၊ ချက်ချင်း နတ်ကတော်ရဲ့ပုံစံက ကျားတစ်ကောင်လို မျက်လုံးဝင်းဝင်းတောက်လာပြီး လေးဖက်ထောက်ဖြစ်လာပြီး စားတော့ဝါးတော့မယ့်အသွင်ပေါ့၊ ပါးစပ်ဟပြီး ကျားဟိန်းသလို လုပ်မလို့ ရှိသေးတယ် 'ဒေါင်' ခနဲ မြည်သံနဲ့အတူ . . .

'အောင်မယ်လေး လေး သေပါပြီတော့' ဆိုပြီး နတ်ကတော် လဲကျသွားပြီး ပါးစပ်ထဲကသွေးတွေ ထွက်လာပါလေရော၊ သင်းလက်ထဲက ဂေါ်လီလုံးနဲ့ နတ်ကတော်ရဲ့ ပါးစပ်ထဲကို ပစ်ထည့်လိုက်တာများ ကျုပ်တို့မှာ မနည်းကိုတောင်းပန်ရတယ်၊ လုပ်ပြီး လစ်ပြေးသွားပြီ၊ ညနေ သူ့အဖေ ရုံးကပြန်လာပြီး ထမင်းစားပြီးချိန်မှာ နတ်ကတော်ရဲ့ပါးပြင်ကြီး ရောင်ကိုင်းနေတာ မြင်တွေ့သွားတာနဲ့ . . .

'မအေးသိန်း ဘာဖြစ်တာလဲ' လို့ မေးတာပေါ့၊ မအေးသိန်းကိုနတ်ကတော်မှန်း မသိရှာဘူးလေ၊

'ကျွန်မတို့ ဘုရားရှိခိုးနေတုန်း အစ်ကို့သမီးက ဂေါ်လီလုံးနဲ့လာပေါက်တာ၊ ကျွန်မရဲ့သွားထက်ပိုင်းကျိုးပြီး ခုလိုဖြစ်ရတာပါပဲ၊ အီး ဟီး ဟီး' အဲသလို ပြောဆိုပြီး ငိုယိုတိုင်တာပေါ့၊ သင်းအဖေလည်း ဧည့်သည်ကို ဒီလိုလုပ်ရပါ့မလားဆိုပြီး ဆုံးမဖို့ သင်းကို ခေါ်တာပေါ့၊ သင်းကလဲ ခပ်တည်တည်ပဲ၊

'အဖေ သမီးပြောတာကို နားထောင်ပြီးမှ မှားတယ်ဆိုရင် ရိုက်ပါ၊ သူညာပြောနေတာပါ အဖေရယ်၊ အဖေ ရုံးသွားပြီဆိုရင် သူတို့က နတ်ပူးပွဲစတော့တာ၊ သမီးဘာသာ အပေအတေခံတဲ့ ဘောင်းဘီအမည်းဝတ်တာ၊ အဲဒါ နတ်က မကြိုက်ဘူးတဲ့၊ မဝတ်ရဘူးတဲ့၊ ပြီးတော့ ဝက်သားဖြတ်ရမယ်တဲ့၊ ချမ်းသာအောင် လုပ်ပေးမယ်တဲ့၊

အဲဒါ သမီးက အခုချက်ချင်း ရွှေတစ်ပိဿာပုံပေးရင် ခုချက်ချင်း ဝက်သားဖြတ်ဖို့ ကတိပေးတယ်လို့ ပြောတာကို ပြောစကားနားမထောင်လို့ နင့်ကို စီးတော်ကျားနဲ့ တိုက်သတ်မယ်ဆိုပြီး ကျားပုံစံလုပ်ပြီး ကိုက်ဖို့ ပါးစပ်ကြီးဟလာတာ အဖေရဲ့၊ သမီးက စဉ်းစားတာပေါ့၊ သူတို့ပြောတဲ့ ကျားတော့ အကိုက်မခံနိုင်ဘူး၊ သူ့ကို အရင်လက်ဦးအောင် ဆော်ပစ်မယ်ဆိုပြီး ကျားပါးစပ်ထဲကို ဂေါ်လီလုံးပစ်သွင်းတာအဖေ၊ ဒေါ်အေးသိန်းကို ပစ်တာမဟုတ်ပါဘူး၊ သမီးကို သူတို့က ခြိမ်းခြောက်တာကို ကာကွယ်တာ သမီးမှားသလား ဟင်'

သင်းက အဲဒီလို စီကာစဉ်ကာ ပြောဆိုလိုက်တော့ စောစောက သင်းကို ရိုက်ဖို့ ကိုင်ထားတဲ့ ကြိမ်လုံးက ကျုပ်တို့သုံးယောက်ဘက် လှည့်လာပြီး လေးတန်းအရွယ်သာရှိသေးတဲ့ ကလေးကို ခါတ်တွေ နတ်တွေနဲ့ ခြိမ်းခြောက်ရမလားဆိုပြီး ပွဲကြမ်းလို့ ကျုပ်တို့လွတ်ရာကျွတ်ရာကို ကဆုန်ပေါက်ပြေးခဲ့ရတာပါတော်၊ ဒါကြောင့် မဟုတ်မခံ ကျုပ်တူမရဲ့အကြောင်းကို ပြောကိုမပြောချင်တော့ပါဘူးဆို"

သိတယ်၊ သိနေတယ်၊ ခင် . . . ကြိုသိနေပါတယ်။

ကြီးတော်ရင်နဲ့ တွေ့လို့ကတော့ သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ ရွာထဲကအကြောင်း၊ တစ်ဆွေတစ်မျိုးလုံးရဲ့အကြောင်း ရိုက်စစ်စရာမလို။ မုန်းလို့ရယ်လည်းမဟုတ် လျှာကြော်ချောင်တယ်ပြောရမလား။ တစ်ဦးတစ်ယောက်ရဲ့ လူသူမသိစေချင်တဲ့အကြောင်းဆိုလျှင် ကောင်းမှန်း ဆိုးမှန်းမသိ အားပါးတရပြောတတ်တဲ့ ဝသီအကျင့်ကိုသိလို့ ခင် စတေးရှောင်ချင်တာမှ တည့်တည့်တိုးရတဲ့ အဖြစ်။

ခုတော့ ခပ်ငယ်ငယ်က လက်စောင်းထက်ပုံကို အားလုံးသိကုန်ကြပြီ။ ဘယ်လိုလုပ်ရပါ့မလဲ ဟင်။

❐ တန်သီရင်



www.burmeseclassic.com

www.burmeseclassic.com



# ကဲဟယ် ကဲဟယ်

ရွှေခင်

ကျွန်မတို့မွေးရပ်မြေ၌ စစ်ကြို ခေတ်က ယခုလို လူဦးရေမများပြားသေးသဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်ကြသည်။ စည်းရုံးကြသည်။ အိမ်နီးချင်းများသည် လူမျိုးကွဲဘာသာကွဲများ ဖြစ်နေသည့်တိုင် သာရေး၊ နာရေးကိစ္စများ၌သာလျှင်မက ဘာသာရေးပွဲများတွင် အပြန်အလှန်ကူညီကြစမြဲဖြစ်သည်။

ကျွန်မတို့ အိမ်နီးချင်းဘာဘူကြီး (ကုလားအဘိုးကြီး)နှင့် သူ၏ဇနီး ရှမ်းမြန်မာအမျိုးသမီးကို တစ်ရပ်ကွက်လုံးက ချစ်ခင်ကြပါသည်။ အသက်ကြီးမှ အကြောင်းပါကြသူများဖြစ်၍ သားသမီးမထွန်းကားကြပါ။

ကုလားအဘိုးကြီးသည် ရပ်ရွာကိစ္စ၌ မပျက်မကွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သလို ဘာသာရေးအတွက် အလှူငွေကို ရက်ရက်ရောရော လှူဒါန်းသူဖြစ်၍ ထိုဘာဘူကြီးဆုံးသောအခါ တစ်ရပ်ကွက်လုံးက ပါဝင်ကူညီကြပါသည်။ ဘာဘူကြီးသည် သူ၏ဇနီးအား မြန်မာလိုထုံးစံအတိုင်း အသုဘကိစ္စ ဆောင်ရွက်ခွင့်ပြုထားခဲ့သဖြင့် ရပ်နီးရပ်ဝေးကမိတ်ဆွေများ၏ အားတက်သရော ဝိုင်းဝန်းကူညီမှုဖြင့် အလွန်စည်ကားလျက် ရှိပါသည်။

ကျွန်မ၏အဘွားသည် ဘာဘူကြီး၏ဇနီးနှင့် ညီအစ်မကဲ့သို့ အလွန်ရင်းနှီးချစ်ခင်ရုံမျှမက အသက်ကြီးသောအဘွားကို ရိုသေလေးစားရှာပါသည်။ စိတ်ကြမ်းလူကြမ်း စိတ်မြန်လူမြန်နှင့် စိတ်မထင်လျှင် ဝုန်းဒိုင်းကြဲတတ်သောအဘွားကို အတွင်းသိလူအများစုက အဘွားနှင့်ထိပ်တိုက်မတွေ့ရန် ကြိုးစားရှောင်လေ့ရှိပါသည်။

အသုဘချသောနေ့၌ ဇနီးဖြစ်သူမှာ ရင်ဘတ်စည်တီး ပဋာမြေလူးအော်ဟစ်ငိုကြွေးရုံမက ခြေလျင်ဖြင့် သွားရသော လမ်းတစ်လျှောက်လုံး ပစ်လှဲချပြီး တက်နေသဖြင့် တတ်သရွေ့ မှတ်သရွေ့ ဝိုင်းဝန်းပြီးခြေမချိုးခြင်း၊ နှာနှုတ်ခြင်း၊ ဆံပင်ကိုဖြည်ချ၍ ယပ်ခတ်ပေးကြ ပြုစုနေကြရပါသည်။ ထိုခေတ်က အသုဘယာဉ်မရှိသဖြင့် အသုဘကို ရပ်ကွက်မှ စေတနာအလျောက် ပခုံးနှင့်ထမ်းပြီး ပို့ဆောင်ကြရပါသည်။

သုသာန်သည် သုံးဖာလုံခန့်ဝေးသော မြို့ပြင်၌ရှိနေသဖြင့် နေမြင့်လာသောအခါ လူအများမှာ ပင်ပန်းစပြုနေကြပါပြီ။ ထိုကဲ့သို့ မကြာခဏလမ်းပေါ် လှဲချပြီး လူးလိမ့်လိုက်၊ အော်ငိုလိုက်၊ တက်လိုက်နှင့်ဖြစ်နေသော အမျိုးသမီးကို ကျွန်မအဘွားသည် စိတ်မရှည်တော့ဘဲ လူအများထဲသို့ တိုးဝင်သွားပြီး. . .

"လာ ထစမ်း ထစမ်း. . . ငိုနေလို့တော့ ဒီနေ့ကိစ္စပြီးတော့မှာမဟုတ်ဘူးဟေ့"ဟု ပြောပြောဆိုဆိုနှင့် ချိုင်းမှဆွဲမ,ထူပြီး တရွတ်တိုက်ဆွဲသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ရင်မခံသလို ဟုတ်ရင်လည်း မခံတတ်သောအဘွားနှင့် မည်သူမျှမဖက်ပြိုင်ကြသဖြင့် တိတ်တဆိတ် ရှေ့ဆက်သွားကြပါသည်။ အဘွားကို ငယ်ကြောက်ဖြစ်၍ မြေပေါ်သို့လူးလိမ့်ခြင်းမပြုဘဲ အမျိုးသမီးခမျာ အဘွားတရွတ်တိုက်ဆွဲရာသို့ ကန့်လန့်ကန့်လန့်ဖြင့် လိုက်ပါသွားရှာပါသည်။ သို့သော် သုသာန်နှင့် နီးလာသောအခါ ထိုအမျိုးသမီးသည် စိတ်မထိန်းနိုင်တော့ဘဲ လူအများ လန့်သွားလောက်အောင် အသံကုန် အော်ဟစ်ပြီး . . .

"အမယ်လေး သွားလေသူကြီးရဲ့ ကျွန်မတစ်ယောက်တည်း ပစ်ထားခဲ့ပြီလား" ဟု အော်ငိုလိုက်ပါသည်။

နောက်တစ်ကျော့ ငိုသောအခါ . . .

"ကျွန်မလင် သူတော်ကောင်းကြီးရေ" ဟု တမ်းတပြီး တတိယအကြိမ်တွင်မူ. . .

"ကျွန်မ လင်ကြီးက ဘုရားအလောင်းကြီးပါတော့" ဟု အော်ငိုလိုက်သောအခါ အလွန်စိတ်ဆတ်သော ကျွန်မ အဘွားက . . .

"ဟေ့. . . သူတော်ကောင်းဆိုရင် တော်ရောပေါ့ ဘုရားအလောင်းဆိုတာကတော့ လွန်လွန်းတယ်ကွဲ့" ဟု ပြောပြောဆိုဆိုနှင့် ခပ်ကြမ်းကြမ်းဆွဲခါလိုက်သဖြင့် အမျိုးသမီးခမျာ လန့်ဖျပ်ပြီး တိတ်သွားရှာပါတော့သည်။

ဤမျှနှင့်ပင် ဤဇာတ်လမ်းသည် မပြီးဆုံးနိုင်သေးဘဲ နောက်ဆက်တွဲဖြစ်ရပ်မှာ ရင်သပ်ရှုမောအံ့ဩဖွယ်ရာအတိနှင့် မယုံချင်သော်လည်း ပုံပြင်မဟုတ်သော တကယ့်ဖြစ်ရပ်တစ်ခုမို့ ဆက်လက်ရေးသားတင်ပြပါရစေ။

သုသာန်ဇရပ်သို့ ရောက်သောအခါ အဘွားလက်မှ ရုန်းထွက်ပြီး သရဏဂုံ တင်၍မရလောက်အောင် ဆံပင်ဖားလျားဖြင့် အော်ဟစ်လူးလိမ့်နေပြန်သဖြင့် လူအများအခက်ကြုံတွေ့ကြရပြန်ပါသည်။

ထို့နောက် မြေမြှုပ်သင်္ဂြိုဟ်ရန် အသင့်တူးထားသောကျင်းသို့ ခေါင်းကို သယ်ယူထားသောအခါ ထိုအမျိုးသမီးသည် ကျင်းထဲသို့ခုန်ဆင်းရန် အော်ဟစ်သောင်းကျန်းနေသဖြင့် လူအများက ဝိုင်းဆွဲနေကြရပါသည်။ ကျင်းထဲသို့ မြေဝိုင်းဖို့နေကြစဉ်တွင် နှုတ်ခမ်း၌သူ့ကိုပါ အတူမြှုပ်နှံပေးကြပါဟု အော်ငိုပြီး ခုန်ပေါက်နေသဖြင့် အူထဲ၌ယားကျိကျိကြီး ဖြစ်လာသောအဘွားသည် လူအုပ်ထဲသို့ တိုးဝင်ပြီး. . .

"အရပ်ကတို့ရေ ဒီလောက် သနားစရာဖြစ်နေတဲ့ သူ့ခမျာကို သူ့ဆန္ဒအတိုင်း မြှုပ်ပေးလိုက်ကြပါကွယ်"

ဟု ပြောပြောဆိုဆိုနှင့် ထိုအမျိုးသမီးအား . . .

"ကဲဟယ်. . . ကဲဟယ်. . . ဒီလောက်ရှိလှတာ" ဟုအော်ရင်း ကျင်းထဲသို့ တအား တွန်းချလိုက်ပါတော့သည်။ မမျှော်လင့်သောဖြစ်ရပ်ကြောင့် လူအများမှာ ဟန့်တားချိန်မရလိုက်ဘဲ အမျိုးသမီးခမျာ ကျင်းထဲသို့ ဖောက်ထိုးမိုးမျှော်အရှိန်ပြင်းစွာဖြင့်ကျသွားရာ. .

"ကယ်ကြပါရှင်. . . ကျွန်မကို ကယ်ကြပါဦး"

ဟု အော်ဟစ်ရင်း ဆံပင်ဖားလျားနှင့် ကျင်းပေါ်သို့ ကုတ်ကပ်တက်လာသော အမျိုးသမီးအား လူအများက ဝိုင်းဝန်းဆွဲတင်လိုက်ကြပြီး . . .

"ခင်ဗျားကလဲ ခင်ဗျားပဲ. . . တကယ့် ဘာဘူကတော်ပဲ"

"ဟိုအဘွားကလဲ တကယ့်ပြိုင်စံရှားတဲ့အဘွားပါပဲ"ဟု စိတ်မောလူမောဖြင့် မှတ်ချက်ချမိကြပါတော့သည်။

ထိုအချိန်မှစ၍ ရပ်ကွက်ထဲ၌ အဆင်မပြေသောကိစ္စပြဿနာတစ်ခုခု ဖြစ်ပေါ်လာလျှင်. . .

"ရပ်တန်းက ရပ်နော်. . . ကဲဟယ် ကဲဟယ်နဲ့ တွေ့သွားကြမယ်" ဟု ပြောစမှတ်တစ်ခုကျန်ရစ်ပါ[illegible]တော့သည်။

❒ ရွှေခင်

## တို့ ကုန်းပေါ်က မိန်းမကြီးတွေ

ရှေးခေတ် မြို့ငယ်မှ တံတားကြီးများသည် စစ်ကိုင်းတံတား၊ သန်လျင်တံတားများကဲ့သို့ ရထားလမ်းတစ်ဖက် တစ်ချက်၌ လူသွားလမ်း၊ ကားလမ်းများ မရှိကြပါ။ ရထားလမ်း ဇလီဖားတုံးများမှာ တံတားအလယ်၌ အလွန်ကျဲသဖြင့် အရေးတကြီး ကိစ္စရှိမှသာ မလွဲသာ မရှောင်သာ၍ ခြေကျင်ဖြင့် တံတားကို အရဲစွန့်ပြီး ရထားမလာသောအချိန်တွင် ကူးကြရပါသည်။

ကျွန်မတို့အရပ်မှ အချို့ချောင်းကြီးများမှာ မိုးတွင်း၌ အလွန်ရေစီးသန်ပြီး မြစ်ပြင်ကျယ်ကြီးအလား ပေါင်ပြည့်ပေါင်လျှံ ရေကြီးရုံမျှမက အသံမြည်နေသော ဝဲကတော့ကြီးများကြောင့် ပို၍ကြောက်မက်ဖွယ်ကောင်းလှပါသည်။

ယခု ဖော်ပြမည့် အကြောင်းအရာ ဖြစ်ပျက်သော တံတားကြီးရှိရာ ချောင်းကြီးမှာ နှစ်စဉ်လူစားပြီးမှ ရေပြန်ကျသည်ဟု အလွန်နာမည်ကြီးလှပါသည်။ လူစားသည်ဆိုသည်မှာ ရေကြီးချိန်၌ အနည်းဆုံး လူနှစ်ဦး၊ သုံးဦး ရေနစ်သေဆုံးတတ်သည်ဟု ယုံကြည်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိုးတွင်းကာလ ချောင်းရေလျှံချိန်၌ ကလေးလူကြီးများ မည်သူမျှချောင်းထဲသို့ ရေဆင်းချိုးခြင်းမပြုရဲကြပါ။ နေ့စဉ် ချောင်းထဲ၌ အဝတ်လျှော်ဖွပ်ကြရသော အမျိုးသမီးများပင်လျှင် တစ်ဦးချင်းမလာရဲကြဘဲ အနည်းဆုံး သုံး,လေးဦးစုပြီးမှ လာကြပါသည်။

တစ်နေ့တွင် အမျိုးသမီးကြီး သုံးဦး အတူစု၍ ကမ်းပါးပေါ်တွင် အဝတ်လျှော်ဖွပ်နေစဉ် အလွန်လေးလံသော အရာဝတ္ထုတစ်ခု တံတားပေါ်မှ ချောင်းထဲသို့ [illegible]ပြုတ်ကျသဖြင့် ထွက်ပေါ်လာသော အသံကြီးတစ်ခု ဝုန်းဟုကြားရပြီး ချက်ချင်းတိတ်သွားသဖြင့် အမျိုးသမီးကြီးများသည် အသံလာရာဘက်သို့ ကြည့်နေကြစဉ် ချောင်းအလယ်မှ လူ



www.burmeseclassic.com

www.burmeseclassic.com

# ဗျို့ . . . ကုန်းပေါ်က မိန်းမကြီးတွေ

ခင်ခင်အေး



တစ်ယောက်သည် လက်တစ်ဖက်ကို မြှောက်၍. . .

"ဗျို့. . . ကုန်းပေါ်က မိန်းမကြီးတွေ" ဟု အသံနက်ကြီးဖြင့် အော်ပြီး ချက်ချင်းပြန်မြုပ်သွားပါသည်။

အမျိုးသမီးကြီးများမှာ တံတားပေါ်မှ လူပြုတ်ကျသည်ကို ချက်ချင်းသဘောပေါက်သဖြင့် စိုးရိမ်စွာဖြင့် ငေးကြည့်နေကြစဉ် ပထမပေါ်လာသောနေရာမှ အတော်ဝေးသောနေရာ၌ ထိုလူသည် လက်တစ်ဖက်မြှောက်၍ ပေါ်လာပြီး. . .

"လာမကယ်ကြဘဲ ဘာလုပ်နေကြတာလဲဗျို့"ဟု အသံကုန်အော်ပြီး ပြန်မြုပ်သွားပါတော့သည်။

အမျိုးသမီးကြီးများမှာ ဆောက်တည်ရာမရဖြစ်သွားကြပြီး ကမ်းပေါ်ပြေးတက်၍. . .

"ကယ်ကြပါ. . . ချောင်းထဲမှာ လူရေနစ်နေပါတယ်" ဟုအော်ကြရာ အသင့်ရှိနေသောလှေဖြင့် ယောကျ်ားကြီးများက အရဲစွန့်ပြီး ရေစုန်အတိုင်း လှော်ခတ်သွားကြပါသည်။

ရေစီးအလွန်သန်သဖြင့် ဒုတိယပေါ်လာသောနေရာနှင့် ထိုလူကို အမီလိုက်၍ ကယ်မိသောနေရာမှာ အလွန်ကွာဝေးလှပါသည်။

ထိုမြို့ကလေး၌ လူတစ်ဦးတစ်ယောက် ချောင်းထဲ၌ရေနစ်လျှင် ကယ်ပါသောင်ဟုခေါ်သော သောင်ပြင်ကြီး၌ အလောင်းကို ပြန်ရရှိတတ်ပါသည်။ ချောင်းသည် ထိုသောင်နေရာ၌ အင်္ဂလိပ်စာလုံး 'S'ကဲ့သို့ကွေ့ဝိုက်နေသဖြင့် မျောပါသွားသောလူသည် ထိုသောင်ပေါ်မှာတင်ပြီး ကျန်နေတတ်ပါသည်။ သို့သော် အသက်ရှင်လျက် ပြန်ဆယ်၍ မရဖူးကြပါ။

သို့သော် အလွန်မြင့်သော တံတားကြီးပေါ်မှ ဝုန်းခနဲကျလာသော မိုးကျရွှေကိုယ်မှာ အလွန်ကံကောင်းသူဖြစ်၍ သောင်ပေါ်တွင် အသက်ရှင်လျက် ပြန်ဆယ်ယူရရှိကြပါသည်။

ထိုကံထူးရှင်၏အဖြစ်မှာ ငိုအားထက် ရယ်အားသန်ဆိုရမလို၊ ခုလိုဖြစ်တာ နည်းတောင်နည်းသေးတယ်ဟု ဝေဖန်စရာပါ ဒွန်တွဲလျက်ရှိနေပါသည်။

ကံထူးသလို ဉာဏ်ထူးသော ပုဂ္ဂိုလ်မှာ ထိုခေတ်က ပုလိပ်ဟုခေါ်သော သာမန်ရဲတစ်ယောက်ဖြစ်ပြီး တရားခံတစ်ဦးကို လက်ရဖမ်းဆီး၍ ပြန်လာသောအခါ ရထားလာချိန်ကို မစောင့်ဆိုင်းနိုင်ဘဲ လက်ထိပ်ခတ်ထားသော တရားခံကို နောက်မှာထားပြီး လက်ထိပ်ကြိုးစကို ရှေ့မှဆွဲ၍ စိတ်ချလက်ချ ချီတက်လာရာ အနောက်မှ လိုက်ပါလာသော တရားခံမှာ လည်ပင်းကို ကြိုးချည်ပြီး ဆွဲလာသော တိရစ္ဆာန်တစ်ကောင်မဟုတ်ဘဲ အကြံများသည့် လူသားစင်စစ်ကြီး ဖြစ်နေသောကြောင့် အခါအခွင့်သင့်သည်နှင့် တစ်ပြိုင်နက် တံတားအလယ် ချောင်းကျယ်သည့်နေရာအရောက်၌ အလွန်ကျဲသော သံလမ်းဇလီဖားတုံးကို ခြေလမ်းကျဲကြီးဖြင့် အားစိုက်၍လှမ်းနေဆဲ တရားခံက အရှိန်ပြင်းစွာဖြင့် ဆောင့်တွန်းလိုက်ရာ ရဲခမျာ လူတစ်ကိုယ်စာလွတ်လွတ်ကျွတ်ကျွတ် ကျယ်သော ဇလီဖားတုံးကြားထဲမှ . . .

"အမယ်လေး" ဟုပင် လန့်ပြီး အော်ချိန်မရဘဲ ဇောက်ထိုးမိုးမျှော်အောက်သို့ အရှိန်ပြင်းစွာ ကျသွားပါတော့သည်။

သူ၏ကိုယ်ပေါ်၌ အတူပါသွားသော ကျောပိုးအိတ်နှင့် စလွယ်သိုင်းထားသော ရိုင်ဖယ်သေနတ်အပြင် အလွန်ထူသော ဘွတ်ဖိနပ်ကြီးများမှာ ရေထဲ၌စိမ်လိုက်သောအခါ ပို၍ပို၍ လေးလံသွားပါသဖြင့် ရေနစ်လျှင် ထုံးစံအတိုင်း သုံးခါပြန်ပေါ်သည်ဟုဆိုကြသော်လည်း သူ့ခမျာနှစ်ခါသာပေါ်လာပြီး အော်နိုင်ရှာပါသည်။ အော်သည့်အသံမှာ ကျယ်လောင်ပြတ်သားသဖြင့် ယခုလို အချိန်မီဆယ်ယူလိုက်နိုင်ခြင်းဖြစ်ပါသည်။

ထိုသို့ဖြစ်ပျက်ပြီးနောက်ပိုင်း၌ ချောင်းထဲသို့အဝတ်လျှော်ရန် ရေချိုးရန်သွားကြသောအခါ အမျိုးသမီးကြီးများသည် တစ်ဦးကိုတစ်ဦး . . .

"ဗျို့. . . ကုန်းပေါ်က မိန်းမကြီးတွေ" ဟု အော်ခေါ်ကြသည်ဟု ပြောစမှတ်ကျန်ရစ်ခဲ့ပါသည်။

❒ ခင်ခင်အေး



www.burmeseclassic.com

www.burmeseclassic.com



# ဆရာသော်တာဆွေ နှင့် မှန်ရာရဝင်

## သုဝဏ္ဏကျော်စိန်

လွန်ခဲ့သော လေးငါးနှစ်ခန့်က ဆရာဗွေးမောင်နှင့် ကျွန်တော် အမှတ် ၄၃ ဘတ်စ်ကားပေါ်တွင် ဆုံမိကြသည်။ ဘတ်စ်ကားသည် နေ့လယ်ဘက်မို့ ခရီးသည်နည်းပါးပြီး နေရာလပ်များပြားသဖြင့် ဆရာဗွေးမောင်နှင့် ကျွန်တော်သည် ထိုင်ခုံချင်း ကပ်လျက်ထိုင်ခွင့်ရခဲ့သည်။ ကျွန်တော်တို့နှစ်ယောက် စကားလက်ဆုံကျကြရာတွင် ဆရာဗွေးမောင်ပြောခဲ့သော ဆရာတင့်တယ်၊ ဆရာသော်တာဆွေနှင့် ဆရာဗွေးမောင်တို့ အကြောင်းများတွင် ကျွန်တော်မှတ်မှတ်ရရ ရှိနေခဲ့သေးသည့် စကားတစ်ခွန်းကို ယနေ့တိုင် မမေ့နိုင်သေးပေ။

"ကိုကျော်စိန်ရေ၊ ဆရာတင့်တယ်၊ ဆရာသော်တာဆွေနဲ့ကျွန်တော် သုံးယောက်မှာ ဆရာတင့်တယ်က အသက်အကြီးဆုံးဗျ၊ ဆရာသော်တာဆွေက ဒုတိယဖြစ်ပြီး ကျွန်တော်က အသက်အငယ်ဆုံးပဲ၊ ဆရာတင့်တယ်က ဆရာသော်တာဆွေ့ကို 'မောင်ဆွေ' လို့ခေါ်တယ်၊ ဆရာသော်တာဆွေက ဆရာတင့်တယ်ကို သူနာမည်ရင်း 'ကိုဝင်းစိန်' လို့ခေါ်တယ်၊ ကျွန်တော်ကျတော့ ဆရာသော်တာဆွေ့ကို 'ကိုဆွေ' လို့ခေါ်ပြီး ဆရာသော်တာဆွေ ကျွန်တော့်ကို ခေါ်တာကျတော့ 'ကိုဗွေးမောင်' တဲ့ဗျ"

ယခုနှစ်ပိုင်း အတော်များများတွင် ဆရာဗွေးမောင်နှင့် ကျွန်တော် မတွေ့ဖြစ်ခဲ့သည်မှာ ကြာလေပြီ။

သို့သော်. . .

လွန်ခဲ့သောနှစ် ၄၀ ကျော်က ဆရာဗွေးမောင် အမျိုးသားစာပေဆုရရှိခဲ့သော 'တိုက်ပွဲခေါ်သံ' ဝတ္ထုကြီးကို ပြန်လည်ရိုက်နှိပ်ထုတ်ဝေသည့်ကြော်ငြာကို ဖတ်ရှုလိုက်ရသောအခါ ဆရာဗွေးမောင်ကို မျက်စိထဲတွင်မြင်ယောင်ရင်း ဆရာဗွေးမောင်ပြောခဲ့ဖူးသည့် အမှတ် ၄၃ ဘတ်စ်ကားပေါ်မှ စကားများကိုလည်း ပြန်လည် ကြားယောင်လာခဲ့သည် ။

ထို့အတူ ဆရာသော်တာဆွေ၏ ကမာရွတ်မြို့နယ်၊ မောင်ဗမာစုပ်ကျယ် စက်လမ်းနေအိမ်တွင် အဝင်အထွက်များစဉ်ကာလ ငယ်ဘဝကိုလည်း ပြန်လည်သတိရရင်း 'အပိုင်းအစ'အချို့ကို ပြန်လည်မြင်ယောင်လာခဲ့သည်။

*

ဆရာသော်တာဆွေ ကိုယ်ပိုင်ထုတ်ဝေခဲ့သော 'အပျို'အမည်ရှိ တစ်ကျပ်တန် မဂ္ဂဇင်း 'လ-တစ်ရာပြည့်' ထုတ်ဝေပြီး နောက်ပိုင်းတွင် ဆရာသော်တာဆွေအိမ်ကို အဝင်အထွက်များခဲ့ကြသလို အတွဲလည်းများပြီး ဆရာသော်တာဆွေနှင့် အနီးကပ်နေခဲ့ကြသူ တပည့်သုံးဦး ရှိခဲ့လေသည်။ ထိုသူတို့ကား . . .

ရွှေတည်ရန်နောင် (သက်ရှိ)၊ ကာတွန်းဝင်းမောင် (ကွယ်လွန်) နှင့် ကျွန်တော် သုဝဏ္ဏကျော်စိန်တို့ပါတည်း။ ကျွန်တော်တို့သုံးဦးတွင် ရွှေတည်ရန်နောင်က အသက်အကြီးဆုံး၊ ကာတွန်းဝင်းမောင်က ဒုတိယနှင့် ကျွန်တော်က အသက်အငယ်ဆုံးဖြစ်လေသည်။

ဆရာသော်တာဆွေအား ကျွန်တော်တို့ တစ်ဦးစီ၏ ခေါ်ဝေါ်ပုံမှာ ရွှေတည်ရန်နောင်က'ကိုဆွေ'၊ ကာတွန်းဝင်းမောင်က 'ဦးလေး'၊ ကျွန်တော် သုဝဏ္ဏကျော်စိန်က 'ဆရာ'။





www.burmeseclassic.com

ပြီး ကျွန်တော်တို့ အချင်းချင်း ခေါ်ဝေါ်ပုံမှာ ကျွန်တော်က ရွှေတည်ရန်နောင်ကိုသူ့နာမည်ရင်း 'ကိုထွန်းလှိုင်' ဟုခေါ်သလို ကိုထွန်းလှိုင် (ရွှေတည်ရန်နောင်) ကလည်း ကျွန်တော့်ကို နာမည်ရင်း 'ကိုကျော်စိန်' ဟုပဲခေါ်သည်။ ကာတွန်းဝင်းမောင်ကိုကျတော့ ကျွန်တော်က သူ့နာမည်ရင်း 'ကိုဝင်းမောင်'ဟုခေါ်သလို 'ကာတွန်းကြီး' ဟုလည်းခေါ်လေ့ရှိသည်။

တစ်ခါ ကာတွန်းဝင်းမောင်ကျပြန်တော့ ကျွန်တော့်အား နာမည်ရင်း 'ကိုကျော်စိန်'ဟုလည်းကောင်း၊ 'သုဝဏ္ဏ' ဟုလည်းကောင်း ခေါ်လေသည်။

တစ်နေ့ မွန်းလွဲပိုင်းတွင်ဖြစ်သည်။ ကျွန်တော်တို့သုံးယောက် ဆရာသော်တာဆွေအိမ်တွင် ဆုံဖြစ်ကြသည်။ ဆရာသော်တာဆွေသည် စာရေးနေသဖြင့် ကျွန်တော်တို့သည် စကားမပြောဖြစ်ကြဘဲ - ငြိမ်နေခဲ့သလို ဆရာသော်တာဆွေ စာရေးနေသည်ကိုလည်း စောင့်ကြည့်နေခဲ့ကြသည်။

ဆရာသော်တာဆွေ စာရေးနေသည်မှာ ငြိမ်ငြိမ်သက်သက်မဟုတ်။ ဦးခေါင်းစောင်းသည့်အခါ စောင်းသွားသည်။ ဦးခေါင်းနောက်လန်သည့်အခါ လန်သွားသည်။ မျက်ခုံးပင့်သည့်အခါ ပင့်ပြီး ပါးစပ်ဖြသည့်အခါ ဖြသည်။

ကြည့်စမ်း။ တစ်ခါတစ်ရံ 'တက်' ခေါက်သံပင် ကြားရသည်။ ဆရာသော်တာဆွေ၏ လှုပ်ရှားမှု အားလုံးကို ကျွန်တော်တို့ မြင်နေရသည်။ ဆရာသော်တာဆွေသည် နံနက်စောစောတွင်သာ စာရေးလေ့ရှိသည်။ ယခုအချိန်မျိုးတွင် စာရေးလေ့မရှိ။

ဒီတော့ 'အရေးတကြီး ပေးစရာရှိ၍သာ ယခုအချိန် စာရေးနေခြင်း'ဟု သဘောပေါက်ကာ ကျွန်တော်တို့ သုံးယောက် မြို့ထဲသို့ တစ်ကျော့ထွက်ခဲ့ကြသည်။

ကျွန်တော်တို့ မြို့ထဲမှ ပြန်လာကြသောအခါ ဆရာသည် အိမ်

[illegible]
လေပြီ။

"ဦးလေးစာရေးတဲ့အခါ ဘယ်ဆရာတွေရဲ့နည်းကို ယူပြီး ရေးတာလဲဟင်"

ဆရာ သော်တာဆွေအား ဦးလေး ဟုခေါ်သူမှာ ကာတွန်းဝင်းမောင်ပင် ဖြစ်သည်။ ဆရာသော်တာဆွေ၏ အဖြေမှာ . . .

"ကာရန်၊ နဘေ၊ ကဗျာနဲ့ ဟာသ ရေးတဲ့နေရာမှာ ဆရာကြီး ဒဂုန်နတ်ရှင်ဆီက နည်းယူပြီး ရိုးရိုးစကားပြေ ရေးတဲ့နေရာမှာတော့ ဆရာကြီး ရွှေဥဒေါင်းဆီက နည်းယူတယ်"

"ဟင်, ဆရာကြီးဒဂုန်နတ်ရှင်က ဟာသတွေရေးသလား ကိုဆွေ"

ဆရာ သော်တာဆွေအား ကိုဆွေ ဟုခေါ်သူမှာ ရွှေတည်ရန်နောင် ဖြစ်သည်။ ဆရာသော်တာဆွေ၏ အဖြေမှာ. . .

"ဆရာကြီး ဒဂုန်နတ်ရှင်က ဟာသတွေရေးတာပေါ့၊ ဒါပေမဲ့ ဒဂုန်နတ်ရှင်အမည်နဲ့ ရေးတာမဟုတ်ဘူး၊ ပါနောက်ဆိုတဲ့ နာမည်ခွဲနဲ့ ရေးတာ၊ ဟိုတုန်းက ဒဂုန်မဂ္ဂဇင်းမှာ ပါနောက်၏ ရုပ်ကြီးစင်ဆိုတာ အမြဲတမ်းပါတယ်၊ အဲဒီမှာရေးတဲ့ ပါနောက်ဆိုတာ ဆရာကြီးဒဂုန်နတ်ရှင်ပေါ့၊ ဆရာကြီးဒဂုန်နတ်ရှင် ရေးခဲ့တဲ့ လေးချိုးထဲက ငါကြိုက်တာလေးကိုရွေးပြီး ကျက်ထားတာ နားထောင်ကြည့်စမ်း၊

ကာလဆန်ဆန်
ခွန်းစနာနှောက်ပါလို့
ဟာသဉာဏ်ဆိုတာ
လွှမ်းတာပျောက်တယ်တဲ့
အဲဒါကြောင့် မှန်း
ပါနောက်ရယ်တဲ့ ဒဏ္ဍာရီ။
ခနီတောမှတော့ ငါးပိပေါသနဲ့
မိချောထဘီ ရေတွေစိုလို့
စိန်ရွှေကို ပျှိမမက်ပါဘူး
ကြွေနေ့ဂိုအရှက်ကို ဖုံးဝှက်လို့ငို၊
အာလူးကြော် အဲညှီတစ်ပွဲရယ်နဲ့
...ပြီနော်၊ အတည်ဆဲမိလိမ့်
ဟော့ဒီငနဲ့ကလဲ သောက်လကွာ၊
နောက်တစ်ခါဖြင့်
ဝီစကီ တစ်လုံး။
ဟား ဟား ဟား ဟား. . . ."

ဆရာသော်တာဆွေ၏ ရယ်သံအဆုံးတွင် ကျွန်တော်က. . .

"ကျွန်တော်တို့တစ်တွေ အဓိကသိချင်တာက အဲဒီအကြောင်းတွေ မဟုတ်ဘူး ဆရာ၊

ကျွန်တော်တို့နေ့လယ်က ဆရာစာရေးနေတဲ့ ပုံသဏ္ဍာန်ကိုတွေ့ပြီး 'အဲဒါ ဘယ်လိုဖြစ်တာလဲ' ဆိုတာကို သိချင်တဲ့ အကြောင်းကသာ အဓိကအကြောင်းပါ ဆရာ"

"ဟား ဟား . . . ဟား ဟား"

ကျွန်တော့်စကားကြားပြီး ဆရာသော်တာဆွေက ရယ်ပြန်ပါသည်။

ပြီးတော့မှ အရယ်တစ်ဝက်အပြုံးတစ်ဝက်နှင့် ရှင်းပြပါသည်။

"ဩ, မင်းတို့က ငါ စာရေးနေတဲ့ဟန်ကို တွေ့သွားကြပြီကိုး၊ အဲဒါ ငါရေးနေတဲ့ဝတ္ထုထဲက ဇာတ်ကောင်ရဲ့ အမူအရာလုပ်ပြီး အဲဒီပုံသဏ္ဍာန်ပေါ်အောင်ရေးတာလေ၊ အခု တော်သွားသေးတာပေါ့၊ ငါ စာရေးခါစတုန်းကဆိုရင် ဇာတ်ကောင်စရိုက် ပိုပြီးပေါ်လွင်အောင် ငါစာရေးတဲ့ စားပွဲပေါ်မှာ မှန်တစ်ချပ်ထောင်ထားပြီး မှန်ထဲက ငါ့ရုပ်ကို ဇာတ်ကောင်အတိုင်း သရုပ်ဆောင်ပြီး မှန်ကြည့်ရေးတာကွ"

"ဒါဆို အဲဒီနည်းကို ဆရာကြီး တစ်ယောက်ယောက်ဆီကများ ဆရာနည်းယူခဲ့တာလား"

"အစစ်ပေါ့ကွ သုဝဏ္ဏရဲ့"

"အဲဒါ ဘယ်သူ့နည်းလဲ"

"ဆရာကြီး ရွှေဥဒေါင်းနည်းလေကွာ၊ ဆရာကြီးရွှေဥဒေါင်း နည်းပေါ့၊ ပြောရရင် ငါစာရေးဆရာ ဖြစ်တော့မယ့်အချိန်မှာ ဆရာကြီးအိမ် ရောက်နေပြီးတော့ ဆရာကြီး နှုတ်ကရွတ်ပေးတာကို ငါက လက်နဲ့လိုက်ရေးခဲ့ရတယ်၊

www.burmeseclassic.com

သူ့ရဲကောင်းသုံးယောက်ဝတ္ထု တတိယအုပ်၊ ရန်ကြီးအောင်ဝတ္ထုနဲ့၊ ဝတ္ထုတို တော်တော်များများကိုပေါ့ကွာ၊

အဲဒီလို ဆရာကြီးက နှုတ်က ပြောပြီး ငါက လက်နဲ့လိုက်ရေးရင်း သတိပြုမိတာက ဆရာကြီးဟာ ပြောနေရင်းက သူ့ဇာတ်ကောင်စရိုက်တွေ သူ့ဆီမှာဝင်နေတယ်၊

ဒေါသဖြစ်တာကို နှုတ်ကပြောတော့မယ်ဆိုရင် သူ့သဏ္ဌာန်က လက်သီး လက်မောင်းတန်းလို့ကွ၊ အောင်မယ် အောက်ကျ အသနားခံ တောင်းပန်တဲ့ စကားမျိုးကို သူ့နှုတ်က ရွတ်တဲ့အခါမှာကျတော့ သူ့ခန္ဓာကိုယ်ကလေး ရှိ့သွားလိုက်သေးတာ၊

အဲဒါတွေကို ဆရာကြီး သိ,မသိတော့ ငါမသိဘူး၊ ငါတွေ့နေရတာတော့ ရှင်းရှင်းကြီးပဲ၊ ဒီတော့ကွာ ငါကလဲ ဆရာကြီးအတုကို အကုန်ယူတဲ့ကောင်ဆိုတော့ ငါလဲစာရေးဆရာဖြစ်ကရော ဆရာ့ထက် တပည့်လက်စောင်းထက်ပြီး စာရေးစားပွဲပေါ် မှန်ထောင်ရေးတော့တာပဲ၊ အခု မင်းတို့မြင်ရတာက ငါစာရေးသက်ရင့်လာတဲ့အခါ 'မှန်' ဖြုတ်လိုက်တဲ့ကာလ ကိုယ့်လူတို့ရေ"

ကြည့်စမ်း။

ယခုမှ သဘောပေါက်တော့သည်။ ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာသော်တာဆွေတို့ ဆရာတပည့် နှစ်ယောက်၏ စာသည် အသက်ပါလွန်းတာကြောင့် မည်သည့်အခါဖတ်ဖတ် လက်ကမချနိုင်အောင် ဖြစ်ရသည်ကိုး။

❒ သုဝဏ္ဏကျော်စိန်



# အဲဒီလူကြီး

အမေရိကန် ပြည်ထောင်စုရဲ့ သမိုင်းမှာ ထင်ရှားကျော်ကြားခဲ့တဲ့ ဗိုလ်ချုပ်ကြီးပါရှင်းဟာ ကြည်းတပ်ကိုတာဝန်ယူခဲ့ရပြီး ပထမကမ္ဘာစစ်မှာ ဥရောပ တစ်ခွင် ဖိမ့်ဖိမ့်တုန်စေခဲ့သူတစ်ယောက် ဖြစ်ပါတယ်။ သူမရှိတော့တဲ့ နောက်ပိုင်းမှာ ထွန်းပြောင်ခဲ့တဲ့ သူ့ရဲ့လုပ်ရပ်တွေကို နောင်းလူတွေ သိရှိစေဖို့အတွက် သူ့မွေးရာ ဇာတိမြို့ကလေးမှာ ပုံတူအမှတ်တရ မြင်းစီးရုပ်တုကြီး ထုလုပ်ပြီး ဂုဏ်ပြုခဲ့ကြပါတယ်။ (ကျွန်တော်တို့ဆီမှာဆိုရင် ခနုဖြူမှာရှိတဲ့ မဟာဗန္ဓုလ ရုပ်တုလိုပေ့ါ)

အဲဒီရုပ်တုကြီးရဲ့ အနီးအနားမှာ ကျောင်းလေးတစ်ကျောင်း ရှိပါတယ်။ ကျောင်းသူကျောင်းသားကလေးငယ်တွေဟာ ကျောင်းဘက်ကို သွားလေတိုင်း ရုပ်တုကြီးဘေးက ဖြတ်သွားကြရတယ်။ ဒီရုပ်တုကြီးဟာ ဘယ်သူဘယ်ဝါရဲ့ရုပ်တုဆိုတာကိုမသိကြသေးဘူးပေ့ါ။ ကျောင်းက ဆရာမတွေ သင်ပေးလို့ ဗဟုသုတအနေနဲ့သိလာရတော့ ကလေးတွေဟာ ကျောင်းသွား ကျောင်းပြန် ဖြတ်သွားတဲ့အခါတိုင်း တလေးတစားနဲ့ ဦးညွှတ်နှုတ်ဆက်ကြတယ်။

"ဟိုင်း. . . ဗိုလ်ချုပ်ကြီးပါရှင်း၊ မင်္ဂလာပါ"

တစ်ယောက်ကစလို့ အများဆိုသလို နှုတ်ဆက်ကြတော့ တစ်နေ့မှာ ကျောင်းပိတ်ရက် တစ်ရက်မှာတော့ မိခင်နဲ့အတူ ဈေးဝယ်လိုက်လာကြတဲ့ ကလေးတွေထဲက အငယ်ဆုံးကောင်လေးက ဗိုလ်ချုပ်ကြီးပါရှင်းရဲ့ ရုပ်တုရှေ့ရောက်တယ်ဆိုရင်ပဲ. . .

"ဟိုင်း ဗိုလ်ချုပ်ကြီးပါရှင်း" လို့ နှုတ်ဆက်လိုက်တယ်။ ပြီးတော့ သူ့မိခင်ဘက်ကို လှည့်ပြီး ပြောလိုက်ပုံက . . .

"အဲဒီပါရှင်းကို သား အရမ်းသဘောကျတာပဲ မေမေ"

ဒီစကားကြားတော့ မိခင်ဟာ သားဖြစ်သူရဲ့ မျိုးချစ်စိတ်ဓာတ်၊ သူ့ရဲကောင်းအပေါ် ချစ်ခင်တတ်တဲ့စိတ် ရှိနေပါလားဆိုပြီး ဝမ်းသာအားရဖြစ်သွားတာပေ့ါ။

"သားက အဲဒီသူ့ရဲကောင်းကြီးကို သဘောကျလို့လား"

"သဘောကျတာပေါ့ မေမေရဲ့၊ သားက ပါရှင်းကိုသိပ်ကြိုက်တာ၊ဒါပေမဲ့ မေမေရယ် သူ့ကျောပေါ်က ဦးထုပ်ဆောင်းပြီး ထိုင်နေတဲ့ လူကြီးကိုတော့ သားသဘောမကျဘူး" ဟူ၏။

❒ စောနိုင်ထူး



www.burmeseclassic.com

www.burmeseclassic.com

* မှတ်ချက် - ယခင်လတွင် ကျောကပ်စာမျက်နှာများယွင်းဖော်ပြမိပါသဖြင့် ယခုလတွင် ပြန်လည်ထည့်သွင်းဖော်ပြပေးခြင်း ဖြစ်ပါသည်။ *

# ဆည်းလည်းလေးများ သဲသိမ့်သိမ့်




"ဟယ်လို. . . အန်တီသဲလား၊ အန်တီသဲ နေကောင်းလား၊ ဘိုးဘိုး၊ ဘွားဘွားရော နေကောင်းလား၊ လေးလေးနဲ့ တီတီလေးတို့ကို ပြောလိုက်ပါ၊ ကျောင်းပိတ်ရင် သမီးတို့ လာမယ်လို့၊ အင်္ကျီလှလှလေးရယ်၊ ဖိနပ်လှလှလေးရယ်၊ လက်သည်းနီရယ် ဝယ်ပေးနော်၊ ကိုကို့ဖို့လဲ အင်္ကျီရယ်၊ ဘောင်းဘီရယ် ဝယ်ပေးနော်"

သန်လျင်မှ တူမဖြစ်သူ၏ ဖုန်းကို နားထောင်ပြီး ကျွန်မ ပြုံးမိသည်။ ကျွန်မမှာ တူနှစ်ယောက်၊ တူမ နှစ်ယောက်ရှိပါသည်။ အစ်ကိုကယောကျ်ား တစ်ယောက်၊ မိန်းမ တစ်ယောက်။ အစ်မက ယောကျ်ားတစ်ယောက်၊မိန်းမ တစ်ယောက် တစ်စုံစီမွေးထားကြတော့ တချို့အိမ်တွေလို ယောကျ်ားလေး မပါလို့၊ မိန်းကလေးမပါလို့ဆိုသောပြဿနာတွေ မရှိတော့ပါ။ တူအကြီးဆုံး သျှန်သူက ကိုးတန်းရောက်နေပေမယ့် အိမ်မှာလာနေလျှင် ခုထိ ကလေးလုပ်ချင်နေတုန်းပင်။ ကျွန်မ အလုပ်ကပြန်လာလျှင် မုန့်ပါလာမလားဟု မျှော်တတ်မြဲပင်။ အဒေါ်ဖြစ်သူရဲ့ မျက်နှာကို မကြည့်၊ အဒေါ်ရဲ့လက်ထဲက ခြင်းထဲမှာ မုန့်ပါမပါကို ပိုစိတ်ဝင်စားတတ်ကြတာတော့ တူ၊ တူမ အားလုံးရဲ့ အကျင့်ပင်။

ဆွေမျိုးများရှိတဲ့ သန်လျင်ကို အလည်သွားရင်း ကျွန်မ အစ်ကိုနှင့် သျှန်သူ့ အမေတို့ နဖူးစာရွာလည်ပြီး အိမ်ရဲ့မျိုးဆက်သစ် သျှန်သူ ဦးဆုံးရောက်လာခဲ့သည်။ တူဦးမို့ အဒေါ်တွေ၏အချစ်ကို ဦးဆုံးရရှိခဲ့သူ၊ ငယ်ငယ်က ဂျီတိုက်တတ်ပေမယ့် အသက်ကြီးလာတာနဲ့အမျှ အနေအေးလာသည်။ အပြင်တွေဘာတွေ သိပ်မသွား၊ အားလျှင် စာအုပ်ဖတ်ပြီး အေးအေးဆေးဆေး နေတတ်သည်။

သျှန်သူ့ညီမလေး မေမြတ်နိုးကတော့ သာလိကာမလေးပါ။ လူမလာနိုင်ရင်တောင် ဖုန်းဆက်ပြီး လိုချင်တာလေးတွေ ပူဆာတတ်သည်။ အဒေါ်တွေက ဝယ်ပေးလိုက်လျှင် သန်လျင်က အမျိုးတွေအိမ် တစ်အိမ်တက်ဆင်းလည်း ကြွားတတ်သည်။ အနေမနီးပေမယ့် အဘိုး၊ အဘွားနဲ့ အဒေါ်တွေကို အလွန်ခင်မင်တတ်သူလေး။

ကောင်းဆက်ကတော့ မမရဲ့သားကြီး။ အစ်မဖြစ်သူ ကလေးမွေးခါနီး အိမ်မှာလာနေသည်။ သူ့ကို မမွေးခင် ညဘက် ဗိုက်နာနေသည်ဟု နောက်မှ သိရသည်။ ကျွန်မမှာ အစ်မဖြစ်သူ ဗိုက်နာလို့ ညည်းနေလည်းမကြား၊ တကျွတ်ကျွတ် စုတ်သပ်နေလည်း မသိ။ အိပ်ပျော်ပြီး အိပ်မက်မက်နေရာ အိပ်မက်ထဲမှာ ရွာကအမေကြီး(ကျွန်မတို့အဘွားကို အမေကြီး ဟုခေါ်သည်) မမအိပ်သော အခန်းဝမှာ ထိုင်နေသည်ကို တွေ့ရသည်။

"အမေကြီး ရွာက ဘယ်သူနဲ့ လိုက်လာတာလဲ"

ကျွန်မက မေးလိုက်သည်။

"စိုးစိုးနဲ့ လိုက်လာတာ"

ညီမတစ်ဝမ်းကွဲနှင့် လိုက်လာကြောင်း ပြန်ဖြေသည်။ ထိုတစ်ညလုံး အမေကြီးကိုပဲ လှည့်ပတ်ပြီး အိပ်မက်မက်နေသည်။ မနက်ကျတော့ ကောင်းဆက်ကိုမွေးတော့ အမေကြီးများ ဝင်စားတာလားဟုမျှော်လင့်မိကြသည်။ အမေကြီးဆုံးတာ နှစ်နှစ်ကျော်လောက်တော့ ရှိလေပြီ။ ဒီလိုနှင့် ကောင်းဆက်လေး ကိုးလသားအရွယ်ရောက်တော့ စကားစပြောသည်။ ကလေး လေးယောက်ထဲမှာ စကားအစောဆုံးပြောသောကလေးဖြစ်ပြီး စကားအများဆုံး ပြောသူလည်းဖြစ်သည်။ သူငယ်ငယ်က ပုခက်ထဲထည့်ပြီး ဘွားအေက သိပ်သည်။

"ဘွားဘွား သီချင်းဆိုလေ"

"အေး . . . အေး"

"*တစ်မြို့စီခြားပေမယ့် ငယ်ကချစ်သူ သူ့ကိုသာလေ xxx ကျွန်းမာတော် မူပါစ*"

"သီချင်းအသစ်တွေ မဆိုနဲ့၊ သီချင်းအဟောင်းတွေပဲဆို"

ကောင်းဆက်က ကန့်ကွက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါဆို ဘာသီချင်းဆိုရမလဲ"

"ဖိုးကာဆို"

"ဘယ်က ဖိုးကာလဲ"

ကျွန်မတို့အမေမှာ အလွန်တရာ ခေတ်မီသူဖြစ်လေရာ အဆိုတော်ဖိုးကာကိုမသိ။

"ဖိုးကာတောင် မသိဘူးလား၊ ကာဖိုး . . . ကာဖိုး တဲ့"

ဘွားအေကို စိတ်မရှည်စွာအော်သည်။ သူမကြားဖူးတဲ့ သီချင်းတွေကို သီချင်းသစ်လို့ ထင်နေသော မြေးနှင့် ခေတ်သီချင်းတွေကို သိပ်မသိသော ဘွားအေတို့ တိုင်ပတ်နေလေရာ . . .

"ကဲ တီတီလေးဆိုမယ်၊ ဖိုးကာသီချင်း"

ညီမအငယ်ဆုံးလေး ရောက်လာပြီး ဖြေရှင်းမှပဲ ပြေလည်သွားတော့သည်။ ကောင်းဆက်က သီချင်းတွေကို အလွန်ကြိုက်သည်။ နောနော်ရဲ့ သီချင်းကို အမြဲဆိုသည်။

"ဒီလိုညဟီး ××× ငါနဲ့မင်း"ဆိုပြီး အသံနေ အသံထားနှင့်ဆိုသည်။

"ဒီလိုညတိုင်း သားရဲ့"

လို့ပြင်ပေးလည်းမရပါ။ သူကြားသလိုပဲ ဆိုသည်။ အခု ဒီအကြောင်း ပြန်ပြောလျှင် "အဲဒါ သားငယ်ငယ်တုန်းက" ဆိုပြီး ရှက်ကိုးရှက်ကန်းနှင့် သွားကျိုး လေး ပေါ်အောင် ရယ်တတ်သည်။ သူ မူကြိုတက်တော့ သူ့အမေ ကျောင်းအပ်ပြီး ပြန်လာရင်. . .

"အမယ်လေးဟယ် ကလေးတွေ နာမည်တွေကလဲ လန်ထွက်နေတာပဲ၊ အာကာမိုးမြင့်တို့ ထက်ဝေယံဦးတို့ ငါလဲ ငါ့သားကို စကြာမင်းလို့ ပြောင်းဦးမှပဲ"

အစ်မဖြစ်သူက ပြောဆိုပြီး လုပ်စရာရှိတာတွေ လျှောက်လုပ်နေသည်။ ကောင်းဆက်ကို လှမ်းကြည့်တော့ မှောက်ခုံကြီး ငိုနေသည်။

"သား ဘာဖြစ်လို့လဲ"

"မေမေက သားနာမည်ကို ဆပ်ပြာမင်းလို့ ပြောင်းမယ်တဲ့"

မျက်ရည်တွေကျရင်းပြောသည်။

"ဆပ်ပြာမင်း မဟုတ်ပါဘူး သားရယ်၊ စကြာမင်းပါ၊ စကြာမင်းဆိုတာက"

သူနားလည်အောင် ရှင်းပြပေမယ့် လက်မခံပါ။

"နီနီခင်ရေ ကောင်းဆက်ပိုင်ကို ဆပ်ပြာမင်းလို့ ဘာလို့ ပြောရတာလဲ"

မျက်ရည်ရော၊ နှာရည်တွေပါ စီးကျရင်း အမေဖြစ်သူကို ကက်ကက်လန် ရန်တွေ့နိုင်သည်။ ကောင်းဆက်က အဲဒီလိုကလေးမျိုး။ အဲဒါကြောင့်လည်း မကြာခဏ အဆော်ခံထိသည်။ တစ်ခါလည်း ပြောစကား နားမထောင်တော့ သူ့အမေက ဆူသည်။

"သွား . . . သွား ငါပြောစကား နားမထောင်ရင် ငါ့ကိုလဲ မေမေလို့ လာမခေါ်နဲ့၊ နင့်ကိုလဲ ငါ့သားလို့မခေါ်တော့ဘူး၊ ဒါပဲ"

ခဏလောက်တော့ အသံတိတ်ဆိတ်သွားသည်။ တစ်အောင့်ကြာမှ . .

"မေမေရေ သားလေးလို့ ခေါ်ပါဦးလား ဟား . . ဟား . . ဟား"

စူးခနဲ ထအော်ငိုလေရာ . . .

"ဟဲ့ဟဲ့. . . ကောင်းဆက် ပတ်ဝန်းကျင်က ငါသေတယ် ထင်ပါဦးမယ်ဟယ်၊ နင့်ငိုပုံကြီးကလဲ"

သူတို့သားအမိအဖြစ်ကို ကြည့်ပြီး ကျွန်မတို့မှာ မရယ်ဘဲ မနေနိုင်ပါ။ ကောင်းဆက်သည် လူကြီးတွေ ပြောသမျှ လုပ်သမျှ အကုန်လိုက်ပြော လိုက်လုပ်သည်။ သူ့ဦးလေး ဆေးလိပ်သောက်တာကြည့်ပြီး ဆေးလိပ်မြင်လျှင် ခဲတတ်သည်။ ညဘက် ခွေးဟောင်သံကြားလျှင် ငါ့သားလေးများလား၊ အမေက ကျွန်မမောင်လေး ပြန်လာတယ်ထင်ပြီး ပြောတတ်သည်။ အဲဒါကို မှတ်ထားပြီး ညဘက် ခွေးဟောင်သံ ကြားတော့ အမေက မပြောခင် . . .

"ငါ့သားလေးများလားဟဲ့"

သူက ဦးအောင်ပြောလိုက်တော့ အမေ ဘာပြောရမှန်းမသိဖြစ်သွားသည်။ တစ်ရက် သူငိုနေတော့ ကျွန်မက စလိုက်သည်။

"ရုပ်ဆိုးလိုက်တာဟယ်၊ မငိုစမ်းပါနဲ့"

နောက်တစ်နေ့ အလုပ်သွားခါနီး မိတ်ကပ်လိမ်းနေတာကို သေသေချာချာကြည့်ပြီး . . .

"ရုပ်ဆိုးလိုက်တာဟယ်"

ကျွန်မ ခံလိုက်ရသည်။ အလွန်တရာ စပ်စုသူ ဖြစ်လေရာ တစ်ရက် အိမ်နီးချင်းအိမ်က ကလေးမွေးတော့ သူ့ကိုခေါ်ပြီး သူ့အမေက ကလေးကြည့်သွားသည်။ အနှီးကလေးနဲ့ ကျစ်ကျစ်ထုပ်ထားသော မွေးကင်းစကလေးကို သေချာကြည့်ကာ . . .

"ဒီကောင် လက်မပါဘူးလား၊ ပိုင်သက်ကျော်လို ဖြစ်နေတာလား"

သူ့ဥပမာကြောင့် ညီအစ်မလို ခင်မင်နေသော အိမ်နီးချင်းမိသားစုက ရယ်သည်။ အမေကြီးများ ဝင်စားတာလား ဘာသာယရှိခဲ့ပေမယ့် ဒီနေ့အထိ ဘဝဟောင်းအကြောင်းတစ်စွန်းတစ်စမျှ မဟာပါ။ လူဝင်စားလို့လည်း ပြောလို့မရ။ သို့သော် မဟုတ်ဘူးလို့လည်း ယတိပြတ် ငြင်းမရ။ အဘယ်ကြောင့်ဆိုသော် ထူးခြားတဲ့ အမူအကျင့်လေးတွေက သူ့မှာ ရှိသည်။ ထမင်းဘူး၊ ရေဘူး၊ ကွန်ပါဘူး အသုံးအဆောင်ပစ္စည်းလှလှလေးများ ရလျှင် လက်ကမချတမ်းကြိုက်တတ်ပြီး အိပ်ရာထဲအထိ ယူအိပ်တတ်သည်။ သူငယ်ငယ်က လူကြီးတွေ လစ်တာနဲ့ အခန်းထဲဝင်ပြီး ဘွားအေထဘီ၊ အဒေါ်ထဘီကို တိတ်တိတ်လေးဝတ်ကြည့်နေတတ်သည်။ အခုတော့ ကောင်းဆက်လေး တတိယတန်း ကျောင်းသားဖြစ်ပေမယ့် ကလေးပင်ရှိသေးတော့ ပေါက်ကရ ပြောတုန်းပင်။ တစ်ရက်မှာတော့ သူ့အမေကို . . .

"မေမေရယ် ဟင်းကောင်းလေးများ ချက်ပါဦးလား"

"မေမေလဲ ချက်နေတာပဲ သားရယ်၊ ဒါနဲ့ ငါ့သားက ဘာဟင်းစားချင်လို့လဲ"

"လက်ဖက်သုပ်" ဆိုတာမျိုး။



www.burmeseclassic.com

www.burmeseclassic.com

သူ့အဘိုးလေး လိပ်ခေါင်းဖြစ်လို့ ဆေးရုံမှာ လိပ်ခေါင်းသွားဖြတ်တာကို-

"ဘဘကြီး လိပ်ခေါင်းဖြစ်လို့ ချိုးဖြတ်ပစ်လိုက်ပြီ"ဆိုပြီး ပတ်ဝန်းကျင်မှာ လျှောက်ပြောတတ်တုန်းပင်။

ညမိုးချုပ်လျှင် ကျွန်မကို ထွက်ကြိုချင်တတ်သူ။

"ဘိုးဘိုး အန်တီသဲကို သွားကြိုမယ်လေ"

"စောပါသေးတယ် သားရယ်၊ ၈ နာရီပဲ ရှိသေးတယ်"

"စောစောသွားမှပေါ့၊ ကားလမ်းမကူးတတ်လို့ ကားတိုက်သွားတော့ ဘယ်လိုလုပ်မလဲ"

အဲဒီလို ရစ်တတ်သူ။ အလုပ်က ပြန်လာလျှင် နင်းပေးရမလား လာလာမေးတတ်သည်။ နင်းပေးတတ်သည်။ မကြာခဏ အိမ်ကို လာတတ်ပေမယ့် မလာတာကြာလျှင် မျှော်နေရပါတယ်။

"မီးမီးက မိနီ" လို့ပြောတတ်တဲ့ ကောင်မလေးကတော့ ကလေး လေးယောက်ထဲမှာအငယ်ဆုံးလေးဖြစ်သည်။

"မမ မမသမီးက ဘာတွေပြောနေတာလဲ"

"သူ့ကိုယ်သူ ဘိုဘိုကာတွန်းကားထဲက မိနီတဲ့ဟယ်"

အစ်မဖြစ်သူက ရှင်းပြပါတယ်။ အဲဒီကောင်မလေးကလည်း မလွယ်ပါ။ အိမ်ကိုလာလျှင် တစ်နေ့လုံး မုန့်ပဲစားသည်။ ထမင်းကျွေးလျှင် ကောင်းကောင်းမစား၊ ငုံထားတတ်သည်။

"မီးမီး ဝါးလေ"

ဘွားအေက ပြောလျှင် . . .

"ဝါးနေတာပဲ မတွေ့ဘူးလား၊ အဲဒါကြောင့် ဘွားဘွားတို့ အိမ်မလာချင်တာ ပူညံပူညံနဲ့"

လူက မူကြိုကျောင်းသူပေမယ့် ဆင်ခြေဆင်လက်များသည်။

"မီးမီး မျက်လုံးစင်းနေပြီ၊ အိပ်ချင်နေပြီနဲ့ တူတယ်၊ သိပ်လိုက်တော့"

အမေက ပြောသည်။

"မီးမီး ၁၁ နာရီမှ အိပ်မှာ၊ ဒီမှာ မျက်လုံးကြီး ပြန်တက်သွားပြီ"

"မျက်လုံးပြာတက်သွားပြီ ဟုတ်လား၊ သမီးလေး အိပ်ချင်လို့နဲ့တူတယ်"

"မဟုတ်ဘူး၊ မအိပ်ချင်လို့ မျက်လုံးပြန်တက်သွားတာ"

"ဩော် အမေ သူဆိုလိုတာက မအိပ်ချင်လို့ စင်းနေတဲ့မျက်လုံး ပြန်တက်သွားပြီလို့ ပြောချင်တာနဲ့တူတယ်၊ ဟုတ်လား မီးမီး" ဆိုတော့ ခေါင်းညိတ်သည်။

တစ်ယောက်တစ်မျိုးစီ ချစ်ရသော ကျွန်မ တူ၊ တူမ များပါ။ အလုပ်မှာ အဆင်မပြေတာတွေ ကြုံလာရလည်း သူတို့မျက်နှာလေးတွေမြင်ရလျှင် အကုန်လုံး နေလာ နှင်းပျောက်ပင်။ ဒါပေမဲ့ ဘဝဇာတ်ခုံမှာ လောကဓံရဲ့ ရသစုံတဲ့ အခင်းအကျင်းတွေကို သူတို့လေးတွေ ကြုံရဦးမည်။ ကျွန်မတို့လောက် မရုန်းကန်စေချင်၊ မပင်ပန်းစေချင်ပါ။ ခေတ်ကောင်းကောင်း စနစ်ကောင်းကောင်းအောက်မှာ အရာရာ အကောင်းတွေနဲ့သာ ကြုံစေချင်တာ ကျွန်မ ဆန္ဒပါ။ သို့သော် . . .

❒ သဲသိမ့်သိမ့်




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

**တွေ့ချိန်** ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း


**လိပ်စာ** ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း → ၀၉-၇၃၂၄၂၄၄၂




www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



## အာသင့်ဖြစ်ရင်ပြော

ကျိုက်ပါကျောင်းတော်ကြီး၌ စုပေါင်းရှင်ပြုပွဲရှိသည်။ ရှင်လောင်းလှည့်ရန်အတွက် နီးစပ်ရာ ရွာအသီးသီးမှ မြင်းများငှားထားသော်လည်း ရှင်လောင်းလှည့်ခါနီးအထိ မြင်းများ အစုံအလင် မရောက်သေးပါ။ ထို့ကြောင့် ကာလသားခေါင်းကိုလူဝက အသံချဲ့စက်ဖြင့် . . .

"ရှင်လောင်းလှည့်ရန် အချိန်နီးကပ်နေပါသဖြင့် မြင်းများရောက်ရှိပါက မြင်းရှင်များလာပြီး သတင်းပို့ပါ" ဟု အော်နေရသည်။

ခဏအကြာတွင် မြင်းများအားလုံး စုံညီစွာရောက်ရှိလာကြောင်း လာရောက်အကြောင်းကြားသည်။ ထိုအခါတွင် ကိုလူဝတစ်ယောက် အသံချဲ့စက်မှ အော်ဟစ်လိုက်သော စကားသံကြောင့် ပရိသတ်အားလုံး တဝါးဝါး ရယ်မောလိုက်ကြရလေသည်။ သူ့စကားမှာ . . .

"မြင်းများ ရောက်ရှိလာပြီဖြစ်ပါ၍ ကွမ်းတောင်ကိုင် အမျိုးသမီးများအဆင်သင့်လုပ်ထားပါခင်ဗျား" ဟူသတည်း။

ကပ္ပိယမောင်ဝိုင်း



## တကယ့်ကိုပါဘုရား

စာသင်တိုက်တစ်ခုသို့ စာသင်သား သံဃာတော်တစ်ပါး ရောက်ရှိလာပြီး သီတင်းသုံးခွင့် တောင်းပန်လျှောက်ထားသည်။ ထိုအခါ တိုက်အုပ်ဆရာတော်က-

"စာသင်တိုက်ရဲ့ ထုံးစံအတိုင်း ရဟန်းဖြစ်ရင် ပါတိမောက်နှစ်စောင်ကို ရွတ်ဆိုပူဇော်ပြရပြီး ကိုရင်သာမဏေဖြစ်ရင် သေခိယတို့ လိင်ဆယ်ပါး ဒဏ်ဆယ်ပါးကို အလွတ်ရွတ်ဆိုပြနိုင်ရပါမယ်" ဟု မိန့်သည်။

စာသင်သားက . . .

"တပည့်တော် အကုန်မရပါဘုရား" ဟု ပြန်လျှောက်ရာ ဆရာတော်က သနားညှာတာသောစိတ်ဖြင့် . . .

"ကဲကဲ အကုန်မရရင်လဲ ရသလောက်ဆိုပါ" ဟု လျှော့ပေါ့၍ ပြန်ဆိုခိုင်းသည်။ ထိုအခါ စာသင်သား ရဟန်းငယ်၏ လျှောက်ထားချက်ကြောင့် တိုက်အုပ်ဆရာတော်လည်း သူ့နဖူးကို လက်ဖြင့်ပြန်ရိုက်ပြီး "အမယ်လေး" တလိုက်ရတော့သည်။ ထိုစာသင်သားရဟန်းငယ် တင်လျှောက်သည်မှာ . . .

"တပည့်တော် အကုန်လုံးကို မရတာပါဘုရား" ဟူသတည်း။

ကပ္ပိယမောင်ဝိုင်း





www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်မော ဟာသများ



## ချက်ချင်း . . . ဆိုင်းငံ့

နယ်အကျဉ်းထောင်မှ ထောင်မှူးတစ်ဦးသည် ရုံးချုပ်သို့ အလုပ်ကိစ္စဖြင့် လာရောက်စဉ် ရုံးတွင် စာတစ်စောင် အထက်သို့တင်ပြရန် အရေးကြီးနေသည်။ ရုံးချုပ်မှ လက်နှိပ်စက်စာရေးမထံ စာရိုက်ပေးရန် အကူအညီတောင်းစဉ် စာရေးမက ရိုက်ရန်စာမူကြမ်းကို စားပွဲပေါ်မှာရှိသော ဆိုင်းငံ့ဖိုင်နှင့် လက်ငင်းဖိုင်နှစ်ခုရှိသည့်အနက် ဆိုင်းငံ့ဖိုင်ထဲ ထည့်ထားသဖြင့် . . .

ထောင်မှူး - ကျွန်တော့်ရုံးစာက အရေးကြီးနေလို့ ချက်ချင်းရိုက်ဖို့ပေးတာ ဘာဖြစ်လို့ ဆိုင်းငံ့ဖိုင်ထဲ ထည့်ထားရတာလဲ။

လက်နှိပ်စက်စာရေးမ - ကျွန်မအတွက်ထော့ ချက်ချင်းဆောင်ရွက်ပေးဖို့ မလိုသေးလို့ ဆိုင်းငံ့ဖိုင်ထဲ ထည့်ထားခဲ့တာပါ။

ထောင်မှူး - ဩော် . . . ဒါကြောင့်ကိုး၊ ဒါဆိုလည်း ချက်ချင်းဆောင်ရွက်ပေးနိုင်အောင် ဆောင်ရွက်ပေးပါ့မယ်။

*စိုးဝေဟိန်း*



## ဗဟုသုတအကောင်းဆုံး သက်သေပြချက်

မူလတန်းကျောင်းတစ်ကျောင်း၏ စာသင်ခန်းတွင်ဖြစ်သည်။

ဆရာမ - မနေ့က ဆရာမ ကမ္ဘာကြီးအကြောင်းသင်တာ နားလည်ကြရဲ့လား။

တပည့်များ - နားလည်ပါတယ် ဆရာမ။

ဆရာမ - စာကောကျက်ခဲ့ကြရဲ့လား။

တပည့်များ - ကျက်ခဲ့ပါတယ် ဆရာမ။

ဆရာမ - ဒါဆို တစ်ယောက်ချင်းမေးမယ်၊ ကဲ သူဇာ့ကို အရင်မေးမယ်၊ ကမ္ဘာကြီးဟာ ဘယ်လိုပုံသဏ္ဌာန်ရှိသလဲ။

သူဇာ - ကမ္ဘာကြီးဟာ လုံးဝန်းတဲ့ပုံသဏ္ဌာန်ရှိပါတယ် ဆရာမ။

ဆရာမ - သိဂီဝင်းက ကမ္ဘာကြီးလုံးကြောင်း သိနိုင်တဲ့ အချက်တစ်ချက်ကိုပြောပါ။

သူဇာ - မြစ်ထဲမှာ ပင်လယ်ထဲမှာ အဝေးကလာတဲ့ သင်္ဘောရဲ့ခေါင်းတိုင်ကို စမြင်ပြီးမှ တဖြည်းဖြည်းနဲ့မှ သင်္ဘောကိုမြင်ရတာဟာ ကမ္ဘာကြီးလုံးကြောင်း သက်သေပြချက်တစ်ခုပါ ဆရာမ။

ဆရာမ - ဖိုးရွှေက နောက်တစ်ခု ပြောပါဦး။

ဖိုးရွှေ၏ အဖြေစကားကြောင့် တစ်တန်းလုံး ပွဲကျသွားလေတော့သည်။

ဖိုးရွှေ - စတိုးဆိုင်မှာ ရောင်းတဲ့ ကမ္ဘာလုံးပုံကို ကြည့်ခြင်းဖြင့် ကမ္ဘာလုံးကြောင်း သိနိုင်ပါတယ် ဆရာမ။

*ကိုရွှေရွှေ (တောင်ဒဂုံ)*





www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်ကြီးဆယ်ဘွဲ့ ဟောဗေဒင်

ကျော်ဇံဟိန်း



သို့ကြောင့်လည်း ငါးရာ့ငါးဆယ်နိပါတ်တော်နှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့မှ ဘုရားအလောင်းတော်၏ကျင့်ကြံအားထုတ်တော်မူခဲ့သော ကောင်းသောအလုပ်၊ကောင်းသောအကြံ၊ ကောင်းသောနေထိုင်မှု၊ ကောင်းသောအပြောအဆိုနှင့် ကောင်းမြတ်သော စိတ်ဓာတ်တို့အပြင် ဘဝများစွာမှာ ဖြစ်ပျက်ခဲ့ရသည့် အကြောင်းအရာများကို နောင်လာနောက်သားများ ရှောင်ရှားစရာ၊ ဆောင်ထားစရာစ် တစ်ခုအဖြစ် သတ်မှတ်ခံယူလာခဲ့ကြသည်။

ထိုစံများကိုပင် ဗေဒပညာရှင်များက ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်နိပါတ်တော်များနှင့် ညှိနှိုင်းကိုက်ယူကာလောကီလူသားများအတွက် ဟောပြောနိုင်သည့် နည်းလမ်းများကို ပြုစုလာခဲ့ကြသည်။

ထို့ကြောင့်လည်း အဗျင်းကျောင်းကြီးဆရာတော် ပြုစုရေးသားတော်မူခဲ့သော ဗေဒမကုဋ္ဌမာလာကျမ်းတွင် ဇာတ်ကြီးဆယ်ဘွဲ့နှင့် ကိုက်ညှိဟောကြားထားကြောင်း တွေ့ရသည်။

ဆရာတော်ကြီး၏ ဟောနည်းမှာ နည်းလမ်းနှစ်မျိုးဖြင့် ရေးသားထားသည်ကို တွေ့ရသည်။ ပထမနည်းမှာ မေးလာသူ၏ အမေးစကားလုံးအရေအတွက်ကိုတွက်၍ ဟောသောနည်းဖြစ်သည်။ စကားလုံး အရေအတွက်ကို တည် တစ်ဆယ်နဲ့စား၊ အကြွင်းကို တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ ဆယ်ခုတွင် ကျရာဂဏန်းဖြင့် ဟောကြားသောနည်းဖြစ်သည်။ တစ်ခုကြွင်းလျှင် တေ မိမင်းသားအဟော၊ နှစ်ခု

ဗေဒင်ပညာသည် ရှေးနှစ်ပေါင်းများစွာကပင် စတင်ပေါ်ပေါက်ခဲ့သော ပညာရပ်တစ်ခုဖြစ်သည်။ ယင်းပညာရပ်၏ မူလစတင်ခဲ့သောနေရာမှာ အိန္ဒိယဒေသဖြစ်ပြီး ယင်းဒေသမှ ယောဂီပုဂ္ဂိုလ်များ၏ သင်္ချာဗေဒဆိုင်ရာ ပညာရပ်တစ်ခုဖြစ်သည်ဟုလည်း အဆိုရှိခဲ့သည်။ ဗေဒင်ပညာ၏ မူလကျမ်းရင်းများမှာ အာထဗ္ဗဏ၊ ယဇု၊ သာမ ဟူ၍ သုံးကျမ်းရှိကြောင်း သိရပါသည်။ (ဗေဒသဒ္ဒါသည် အစိတ်အပိုင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တွေ့ရပါသည်)

ဗေဒင်ပညာသည် လူသတ္တဝါတစ်ဦးတစ်ယောက်က စပြီး ကမ္ဘာလောကကြီး တစ်ခုလုံး၏ အနာဂတ်အတွက် ဖြစ်ပျက်ပြောင်းလဲနိုင်မှု ကာလအပိုင်းအခြားကို ကြိုတင်ဟောပြောနိုင်သော ပညာရပ်တစ်ခုဖြစ်သည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံသည် အိန္ဒိယပညာရပ်များကို အခြေခံမှုစ၍ ဘာသာရေးအယူဝါဒမှုတစ်ဆင့် လက်ခံလာသောနိုင်ငံတစ်နိုင်ငံဖြစ်ရာ ဗေဒင်ပညာရပ်သည်လည်း မြန်မာနိုင်ငံအတွင်း၌ မရှိမဖြစ်သော ပညာရပ်တစ်ခုဖြစ်ကြောင်း မြင်တွေ့နေရပေသည်။

မြန်မာလူမျိုးများသည် ဘာသာရေးကို အခြေခံသော ငါးရာ့ငါးဆယ်နိပါတ်တော်နှင့် ဇာတ်ကြီးဆယ်ဘွဲ့များကို ဘိုးစဉ်ဘောင်ဆက်လက်ထက်ကပင် သားစဉ်မြေးမြစ်များအထိ ဆုံးမသွန်သင်ခဲ့ကြသဖြင့် ကြားနာမှတ်သားလာခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြွင်းလျှင် ၈ မဟာဇနက္က အဟော စသည်တို့ဖြစ်သည်။

ဥပမာ - မေးလာသူက အလုပ် အကိုင် တိုးတက်ပါမည်လားဟု မေးလာလျှင်အမေးစကားကိုးလုံးရသည့်အတွက် ထိုကိုးလုံးကိုတည်၊ တစ်ဆယ်ဖြင့်စား၊ မစားလောက်သဖြင့် အကြွင်း ကိုးရသည်။ ထိုကိုးကျရာသည် ဝိ ဖြစ်၍ ဝိဓူရဇာတ်တော် အဟောဖြင့် ဟောရသည်။

အခြားတစ်နည်းမှာ မေးလာသူ၏ မွေးသက္ကရာဇ် နောက်ဆုံးအစွန်ဂဏန်းကိုကြည့်ပြီး ဟောသောနည်းဖြစ်သည်။ ဥပမာ - ၁၃၀၅ ခုဖွားဆိုလျှင် အစွန်ဂဏန်း '၅' ကျရာဖြစ်သော မ မဟော်သဓာဇာတ်တော်နှင့် ညှိ၍ဟောခြင်းဖြစ်သည်။ မူကွဲတစ်ခုမှာ မေးလာသူ၏ မြန်မာသက္ကရာဇ်ကိုတည်၍ ရောက်ဆဲသက္ကရာဇ်နှင့်ပေါင်းပါ။ ပေါင်းရကိန်းကို တစ်ဆယ်ဖြင့်စား၍ ရရှိသောအကြွင်းကို အထက်ပါအတိုင်း ဟောပြောရသောနည်းပင်ဖြစ်သည်။ အဗျင်းဆရာတော်ကြီး၏ ဇာတ်ကြီးဆယ်ဘွဲ့ အဟောကို ကဗျာလင်္ကာဖွဲ့၍အောက်ပါအတိုင်း ဟောထားသည်ကို တွေ့ရပါသည်။

**တေ** - အကျတွေလှသည့် ကုသိုလ်ကံ၊ အကျိုးပေးပေးတဲ့ အေးဆေးစွာမစံရ၊ ဒုက္ခပူပန်၊ ကိုယ့်ဌာနီနေရင်းက ကွေကွင်းဖို့ကိန်းရောက်ပြန် ဧကန္တမလွဲ။ အသစ်ကိုမြင် အဟောင်းသူမကြင်လို့၊ အလုပ်ခွင်တစ်ဖုံပြောင်းမယ် အောက်မေ့ကြံဆဲ။

**ဇ**-အကျအာဂကွယ့် ယောက်ျားပါ၊ ပင်လယ်တွင်းသင်္ဘောတော် တစ်ချိုပျက်ပေတဲ့။ သက်မသေပြေ(ပြည်)ကို ရသည့်နှယ်။ ကိန်းကဖန်လာ၊ အစဆိုးပေတဲ့၊ မြမျိုးကွယ့်သဏ္ဍာန်ပမာ၊ နွံမှာပင်နစ်ဦး။ ရောင်မမှိန်၊ ပြောင်ထိန်ထိန် ဝါဝါဝင်းလို့ငယ်၊ လင်းမယ့်ရွှေဘုန်း။

**သု** **စဏ္ဍာသာမ** - တဲ့ ကိန်းအလို၊ ဝမ်းရင်မှာ ဥပဒ်များငယ်၊ ပွားတတ်သကို။ စီးပွားလမ်းမှာဖြင့် မှန်းတိုင်းပါပေါက်မယ်ဆို၊ ကြံလိုတကြံ့၌ ကြော ဆ စီးပွားရွှေငွေတို့၊ ဒီရေလို အလိုလို တိုးလိမ့်မယ်၊ ကျိုးကသန်လို့။

**နေမိမင်း** - မှန်ကင်းသို့ ယောက်ျားပါ။ သူ့သီလာဒ္ဒာစာရငယ် ကြောင့်၊ သက္ကဒေဝါက၊ မနေသာပြေ ရွာပင့်တယ်၊ ကိန်းဖြင့်ကြုံလာ။ လူကြီးမိဘတို့ မစ,လိမ့်အခါခါ၊ မျက်နှာက ပွင့်လန်း။ ကြံလိုရာ နှောင့်နှေးဘယ်မကြာနှင့် မင်္ဂလာဇေယျတုငယ်၊ အောင်ဆုထွတ်ပန်း။

**မ** **မဟော်သဓာ** - အကျော်ရ မြတ်ပညာ၊ စကားအတွက်ငယ်ကြောင့်၊ တခြားထွက်ရန် ကိန်းပုံဆိုက်ချေငဲ့၊ နားစိုက်လိုက်ပါ၊ ခဏမှန်းပေတဲ့၊ မြဘုန်းရဲ့ ပုံပမာလို၊ ကြာလျှင်ဖြင့်အချစ်ထူး။ ကိုယ့်စကားတရားတွေအ ကုန်အောင်လို့ လူ့ဘောင်မှာ ဂုဏ်ရည်နှစ်ကယ်၊ သစ်သစ်ထိန်မြူး။

**ဘူ** - အကျ၊ ပူရလိမ့်အခါခါ၊ ဘယ်လိုပင်သည်းခံငြားစေတော့၊ အများနှိပ်စက် ညှဥ်းတတ်တယ်၊ သွင်းမှတ်လိုက်ပါ။ တစ်ရပ်ကယ်တစ်ရွာ၊ ထွက်ခွာရပါလိမ့်ဦး၊ မယားတကွဲရယ်နှင့်၊ သားခွဲကာ တစ်ကိုယ်တည်းငယ်၊ ဟီးချွေနှုန်း။

**စံ** - အကျ၊ အမှန်ပဟောလိုက်မယ်၊ တစ်ပါးသူ မျက်မာန်ထောင့်ပါလို့၊ နှောင့်ယှက်တတ်တယ်၊ အချုပ်ခန်းထောင်တန်းတဲ့ကျလိမ့်မည်၊ တည်တည်ကွယ့်မှတ်စွဲ၊ ကြည်မပြောင်ဒီတောင်ကိုကျော်အောင်တက်နိုင်က၊ အနဂ္ဃရတနာမျိုးငယ်နှင့်၊ တန်ခိုးရှိန်တေဇာတို့ ဝေဆာဆာ သချာကောင်းပါလိမ့်မကွယ့်၊ လောင်းစန္ဒပဲ။

**နာရဲဒ** - ဇာတက ကိန်းအလို၊ တန်ခိုးဂုဏ်တေဇာအမျိုးငယ်၊ တိုးလိမ့်မကို။ ကိုယ့်သဘောရယ်နှင့်၊ ပြောတိုင်းပလိုက်မယ်ဆို၊ ထိုထိုကွယ့် လူအများ။ မြန်တိုင်အောင် ကြံတိုင်းအောင် ဆောင်လျှင် မြောက်မယ်၊ ဘုန်းတောက် ယောက်ျား။

**ဒိ နူရ** - [illegible] ပြန်၊ အထင်လွဲသော်မကြောင့်၊ [illegible] (နည်း)ကွယ်အပူတွေ တတ်တယ် [illegible] လေ့ဝေဖန်၊ သို့ဝင်သော်လဲ ညောင်စစ်တဲ့ ဂုဏ်အလျှံ၊ တန်တန်ကွယ့် တောက်မည်စွဲ။ ကြွကြွငယ်ဆူ ခဏပူသည် သဘောငယ်၊ ပြောပလောက်ပဲ။

**ဝေ** **သန္တရ** - ဇာတက ကိန်းအလာ၊ တစ်ရပ်ကယ်တစ်ဌာန၊ ပြောင်းရလိမ့်မှာ၊ နဂိုအလုပ်ကိုလဲ၊ ပြုတ်မည်လို့ ကြံသည်သာ၊ နေရာတဲ့ရှာတုန်း။ အများလူမကြည်ဖြူ မျက်မာန်နှာတယ်၊ တောထွက်တဲ့တုန်း။

ဟူ၍ ရေးသားစပ်ဆိုခဲ့သည်ကို တွေ့ရပါသည်။

လွန်ခဲ့သောအနှစ် ၅၀ ကျော်ခန့် ကျွန်တော်ငယ်စဉ်က ဘုန်းကြီးကျောင်း ရောက်ခါစတွင် ဆရာတော်ကြီးထံ ဗေဒင်ပညာ သင်ယူနေကြသော ကျောင်းသားကြီးများ၏ ရွတ်ဆိုသံကိုလည်း ကြားဖူးခဲ့ပါသည်။ ဗေဒင်ပညာ သင်ယူရာတွင် ဗေဒင်အစ ကိုးကြောင်းကဟူ၍လည်း မှတ်သားခဲ့ရပါသည်။

ကိုးကြောင်းကျေပြီးလျှင် မဟာဘုတ်ဗေဒင်၊ ပြီးလျှင် ခုကြွင်းအဟော၊ သက်ရောက်အဟောများနှင့်အတူ ယခုကျွန်တော်တင်ပြခဲ့သော ဇာတ်ကြီးဆယ်ဘွဲ့အဟောလင်္ကာများကိုလည်း နှုတ်တိုက်အာဂုံဆောင်ကြရပါသည်။

ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် နားယဉ်အောင် ကြားဖူးနေခဲ့ရသဖြင့် အထူးသတိရစွာ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

❐ ကောင်းစံဟိန်း(ဖန်နေဝန်း)

**ကိုးကား**

* ရှင်ရာဟုလာ၏ ပိဋကတ်လာ စိတ်တန်ခိုးနှင့် အကြားအမြင်

* ဆရာဦးအေးချို(မဟာဝိဇ္ဇာ)၏ ငါးရာ့ငါးဆယ် သိမှတ်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com




# သိုစိုရှင် လာပါ လာပါ

(၁)

ဘယ်နေရာပဲ သွားသွား၊ ဘယ်ဆိုင်ပဲ ဝင်ဝင် သူ့ကို မြင်တွေ့နေရသည်။ တစ်စုံတစ်ခုကို မဝင်ရသေးခင် သူ့ကို အရင်မြင်ရသည်။ ဆိုင်အတွင်း ဝင်လာသည့် လူပေါင်းစုံအား အစိမ်းအကျက် အယုတ်အလတ် အမြတ် မရွေး လက်ကလေးတစ်ဖက်ဖြင့် လာပါလာပါဟု လက်ယပ်ခေါ်နေကြသည်။ သင်သည် ကြောင်ချစ်သူပဲ ဖြစ်ဖြစ်၊ ကြောင်၏အပေါ် အမြင်မကြည်လင်သူပဲဖြစ်ဖြစ် သူကတော့ ပြုံးပြုံးဝင့်ဝင့်ရား အတိုင်း ဝယ်သူအပေါ် ပျူငှာစွာဖြင့် ဖိတ်ခေါ်လျက်ရှိသည်။

အရင်က ဒီလိုကြောင်ရုပ်ကလေးတွေကို မြင်လေ့မြင်ထ မရှိ။ နောက်ပိုင်း ဈေးကွက် စီးပွားရေးတွင် ကျယ်လာသည့်အချိန်ကျမှ ဈေးဆိုင်တိုင်းလိုလို တစ်ဆိုင် တစ်ရုပ်နှုန်းဖြင့် လက်ညှိုးထိုးမလွဲ တွေ့လာရခြင်းဖြစ်သည်။ ဆရာကြီးဦးနှင်းဆွေ၏ မဂ္ဂဇင်းတိုက်မှာပင် ထိုအရုပ်ကလေးကို မြင်တွေ့ရတော့ စိတ်ထဲထူးဆန်းလာသလိုလို ဖြစ်လာရသည်။

ကြောင်နှင့် ခွေးဟူသည်ကား မြန်မာတို့သာမက လူမျိုးတိုင်းလိုလို အဓိကတွင် မွေးမြူထားလေ့ရှိကြသည့် တိရစ္ဆာန်အကောင်ငယ်များ ဖြစ်ကြသည်။ ဈေးဆိုင်များ ရောင်းကောင်းစေရန်အတွက် ကြောင်ရုပ်ကို ဆောင်ထားခြင်းအပေါ် နားမလည်နိုင်အောင် ဖြစ်ရသည်။

အဘယ်ကြောင့် ထိုလက်တစ်ဖက်မြှောက်၍ လက်ယပ်ခေါ်နေသည့် ကြောင်ရုပ်ကလေးများအား ဆိုင်အဝင်ဝများတွင် တစ်ခမ်းတနားချထားကြရပါသနည်း။ တစ်စုံတစ်ရာသော အကျိုးထူးတော့ ရှိကိုရှိနေမည်။ ဘယ်ကပျံ့နှံ့လာတဲ့ ရိုးရာ ယုံကြည်မှုလဲ။ မြန်မာလူမျိုးတို့လို ဇီးကွက်နှစ်ကောင် ဆောင်ထားခြင်းဖြင့် လာဘ်လာဘကောင်းစေမည်ဟူသော အယူအဆနှင့် ဆင်ဆင်တူနေသော အနီကြောင်ဂျပုလေးများ အကြောင်း သိလိုစိတ်ဖြင့် စပ်စပ်စုစုပြုမိရာမှ ဤစာမူကိုရေးသားဖြစ်ပါသည်။ ဗဟုသုတ အလိုရှိသူများသို့ ဆင့်ပွားလိုက်ရပါသည်။

(၂)

"အဲဒီ ကြောင်ရုပ်ကလေးကို Maneki-neko လို့ ခေါ်တယ်ကွဲ့ . . . ၊ အဓိပ္ပာယ်ကတော့ ညှို့ခေါ်တဲ့ ကြောင်ပေါ့ကွယ်၊ အများအားဖြင့် ဒီလိုကြောင်ရုပ်ကလေးတွေကို ပြခန်းရဲ့ ပြတင်းပေါက်တွေ၊ ဘားဆိုင်ကောင်တာတွေနဲ့ အခြားစတိုးဆိုင် အတော်များများမှာ ချထားလေ့ ရှိကြတယ်။ သဘောကတော့ လာတဲ့သူတိုင်းကို ဖိတ်ခေါ်ပါတယ်လို့ ဆိုချင်တာပေါ့ကွယ်၊ ညှို့ကြိုတွေလိုပေါ့ကွာ"

"ဒီအရုပ်ကလေးတွေကို ဘယ်နိုင်ငံက စခဲ့တာလဲဟင်"

"ဂျပန်လေကွာ၊ သူ့အသံထွက်ကိုပဲ ကြည့်ပါလား၊ တကယ့် ဂျပန်စစ်စစ်၊ ငါ ဂျပန်ကို ရောက်တုန်းကဆိုရင် မင်းလိုပေါ့ကွာ၊ ကြောင်ရုပ်တွေ ပုံစံမျိုးစုံ၊ အရောင်မျိုးစုံ မြင်ရတော့ အံ့ဩနေတာပေါ့၊ တစ်နေ့မှာ ASAKUSA





www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ ရပ်ကွက်တစ်ခုထဲ ရောက်သွားတော့မှ ပိုအံ့ဩသွားရတယ်၊ ဘာလို့လဲဆိုတော့ (Imado) ဆိုတဲ့ နတ်ကွန်းကျောင်းထဲမှာ ကြောင်ထီးတစ်ကောင်နဲ့ ကြောင်မတစ်ကောင်အရုပ်တွေကို တွေ့ရလို့ပဲကွ၊ နောက်မှ သိရတာက ဂျပန်တွေဟာ အောင်အောင်မြင်မြင်နဲ့ လက်ထပ်လိုကြရင် အဲဒီတိုကျိုမြို့က နတ်ကွန်းထဲသွားပြီး ကြောင်နှစ်ကောင်ရဲ့ ရှေ့မှာ ဆုတောင်းပူဇော်ကြသတဲ့”


“တစ်မျိုးကြီးပဲနော်”

“ဒါပေါ့ကွ၊ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုတဲ့ စကားလိုပေါ့၊ ငါတို့ဆီမှာတောင် မယားနေစ ကြောင်သေမှ ဘာညာနဲ့တောင် ဆိုရိုးစကားရှိသေးတယ် မဟုတ်လား၊ အံ့မယ် ဒီကြောင်ရုပ်ကလေးတွေက အဓိပ္ပာယ်နဲ့ဗျ၊ ကြောင်ရုပ်ဟာ လက်ယာလက်ကို မြှောက်ထားရင် ငွေကြေးအတွက် ဆွဲဆောင်ဖို့ ကြိုးပမ်းခြင်းပဲလို့ သူတို့ ယုံကြည်ထားကြတယ်၊ လက်ဝဲဘက်ကတော့ ဈေးဝယ်လာတဲ့ ဧည့်သည်တွေကို ဖိတ်ခေါ်တာတဲ့၊ ငွေကြေးအတွက်ဆိုရင် အရုပ်ဟာ ရွှေရောင်၊ ကျန်းမာရေးအတွက်ဆိုရင် အနီရောင်၊ အချစ်အတွက်ဆိုရင် ပန်းရောင် ဆိုပြီး ခွဲထားကြသေးတယ်”

“ကြောင်တစ်ကောင် လိုရာသုံးပေါ့နော်”

“ဒါပေါ့ကွ၊ အမေရိကန်မှာ ဝေါ ဒစ္စနေဆိုတဲ့ ကာတွန်းဆရာက ကြွက်တစ်ကောင် အရင်းပြုပြီး ကမ္ဘာကျော် အချမ်းသာဆုံး ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့သေးတာပဲ၊ သူ့ရဲ့ မစ်ကီမောက်(စ်)ပဲ ကြည့်ပါလား၊ အခုလဲ ဒီကြောင်တစ်ကောင်ကို စတင်ခဲ့တဲ့သူဟာ တော်တော်ချမ်းသာနေလောက်ပြီ၊ ဒီအရုပ်က ဂျပန်မှာပဲ တွင်ကျယ်နေတာ မဟုတ်ဘူး၊ ကမ္ဘာပေါ်မှာရှိတဲ့ ဆိုင်တိုင်းလိုလို ဘာမသိညာမသိနဲ့ ဝယ်နေကြတာကွ၊ အများဆုံး ရောင်းရတာက လိင်ကွဲကြောင်ရုပ်ကလေးတွေပဲကွ”

## MANEKI-NEKO



“ဂျပန်တွေလဲ တော်တော်အယူသည်းကြတာပဲနော်”

“ဂျပန်တင်မကပါဘူးကွာ၊ တိုးတက်လွန် ကမ္ဘာ့နိုင်ငံကြီးတွေက မဟာအင်အားကြီးတွေတောင် ဟိုဟာဆောင် ဒီဟာရှောင်နဲ့ အခုထိ အယူသီးနေကြသေးတာပဲ၊

လူဆိုတာမျိုးက ပျော်ရွှင်ချမ်းမြေ့ချင်ကြတာကြီးပဲကွ၊ ဘယ့်နှယ့် ဘယ်သူက ပူဆွေးသောကဖြစ်ပြီး ငိုနေချင်ကြမှာလဲ၊ ပြီးတော့ လူဆိုတာ ရယူလိုတဲ့ဆန္ဒတွေနဲ့ အမြဲတမ်း တောက်လောင်နေကြတာ မဟုတ်လား၊ ဒီတော့ ဘဝအတွက် ကံကောင်းစေတဲ့ အရာတစ်ခုခုကို ဆောင်ထားရင် ဒုက္ခမရောက်တော့ဘူး၊ အန္တရာယ်ကင်းပြီး ငါတော့ ကံကောင်းပြီ၊ အဲဒီလို ထင်သွားကြတာ မဟုတ်လား”

“ဟုတ်တယ်နော်၊ ကျွန်တော်တောင် စာမေးပွဲဖြေတုန်းက ဘာရယ် မဟုတ်ဘူး၊ ဟိုဆောင် ဒီဆောင်နဲ့ ယောင်ခဲ့ဖူးသေးတယ်”

“အယူသီးတယ် ပြောလို့မရဘူးကွ၊ အာရုံပြောင်းတာ၊ ကိုယ့်ရဲ့မသိစိတ်နဲ့ လှည့်စားကြည့်တာ သက်သက်ပါကွာ၊ ငါ ဂျပန်မှာရှိနေတုန်းကဆိုရင် စာမေးပွဲ ဖြေခါနီးပြီဆိုရင် ဂျပန်ကျောင်းသားလေးတွေဟာ နတ်ကွန်းတွေဆီသွားပြီး သစ်သားပြားငယ်ကလေးတွေပေါ်မှာ သူတို့ရဲ့ရည်မှန်းချက် မျှော်လင့်ချက် ဆန္ဒတွေကို သူ့ထက်ငါ ရေးနေကြတာကို မြင်ရတယ်ကွ၊ ငါတို့ဆီမှာလို ယတြာချေတာတို့ ဘာတို့နဲ့ ခပ်ဆင်ဆင်ပေါ့ကွာ”

“ဒီယုံကြည်ချက်တွေကြောင့် သူတို့တွေပိုပြီး တိုးတက်လာတယ်လို့ ပြောလို့ရလား ဟင်”

“အင်း ယုံကြည်ချက်ဆိုတာက တော့ ရှိသင့်တာပေါ့ကွာ၊ ဒီအချက်လဲ ပါကောင်းပါနိုင်ပါတယ်၊ တစ်ခုတော့ရှိတယ်ကွ၊

ကိုယ်က မကြိုးစားဘဲ ကိုယ့်ကုန်ပစ္စည်းက ညံ့ဖျင်းမယ်၊ ဆက်ဆံရေး မပြေပြစ်ဘူးဆိုရင် ဒီကြောင်ရုပ်တွေ အကောင်ပေါင်း တစ်ရာလောက်ပဲ ချထား ချထား အလကားပဲကွ၊ စီးပွားရေး ကောင်းဖို့ စာမေးပွဲအောင်ဖို့ကို ဆုတောင်းနေရုံနဲ့ ဖြစ်မလာဘူး၊ ကိုယ်တိုင်က ကြိုးစားမှ ဖြစ်တာ”

“အဘရော ဂျပန်မှာနေတာ ကြာခဲ့တယ်ဆိုတော့ အဲဒီလို အရုပ်ကလေးတွေ ဝယ်ခဲ့သေးသလား”

“ဝယ်ခဲ့တာပေါ့ကွ၊ ကိုယ်က သူတို့လို ယုံကြည်လို့ ဆောင်ထားတာ မဟုတ်ဘဲ အထူးအဆန်းအရုပ်ကလေးတွေအနေနဲ့ ချစ်စရာကောင်းလို့ လှလို့ အိမ်က လူတွေအတွက် ဝယ်ခဲ့တာ အများကြီးပဲ”



www.burmeseclassic.com

www.burmeseclassic.com



# ပျော်ရွှင်မှုအတွက် ရွှေဇီးကွက်

"ဟာ ဒါဆို ကျွန်တော်ကြည့်ချင်လိုက်တာ အဘရာ၊ ဒီအရုပ်တွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးနိုင်မလား ဟင်"

"ရှင်းပြနိုင်တာပေါ့ကွ၊ ပထမတော့ ဝယ်သာ ဝယ်လာတာကွ၊ သေသေချာချာ သိတာမဟုတ်ဘူး၊ နောက်မှ ဂျပန်က ဆောင်းပါးရှင် Sanada Kuniko ဆိုတဲ့လူရေးတဲ့ ဆောင်းပါးဖတ်ရမှ ကိုယ်ဝယ်လာတဲ့ အရုပ်တွေအကြောင်း သိရတာ၊ မင်းတွေ့ချင်ရင် ငါနဲ့လိုက်ခဲ့လေကွာ"

ဒီလိုနဲ့ပဲ အမှတ်မထင် စပ်စုလိုက်မိသည့် ကြောင်ရုပ်ကလေးနှင့် ပတ်သက်၍ လိုက်မယ့်လိုက် မြေဆုံးအောင် လိုက်ပါရတော့သည်။ ဂျပန်လူမျိုးတွေရဲ့ ယုံကြည်ရိုးရာအဆောင်များနှင့် ပတ်သက်၍ ဂျပန်ပြန် အဘဦးကျော်မြင့်ထံမှ သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ ဇဝ်မေသုတ ဤသို့ ကြားမှတ်ခဲ့ပါ၏။

(၃)

သာကေတ အနော်မာလမ်းထဲရှိ အဘဦးကျော်မြင့်၏ နေအိမ်အတွင်း လှမ်းဝင်လိုက်သည်နှင့် ဧည့်ခန်းဗီရိုပေါ်ရှိ ရွှေရောင်ဇီးကွက်ရုပ်ကို ဦးစွာ တွေ့လိုက်ရသည်။

"ဘာလဲ မင်းက ဒီဇီးကွက်ကို အံ့ဩနေပြီလား၊ သူတို့လဲ ငါတို့လိုပဲကွ၊ ဇီးကွက်ရုပ်ကို ကံကောင်းစေတဲ့ လာဘ်ကောင်လို သဘောထားပုံရတယ်၊ သူတို့ အိမ်တွေမှာ ဆောင်ထားကြတယ်၊ သူတို့ ဂျပန်ဒဏ္ဍာရီတစ်ခုထဲက ဆင်းသက်လာတာလို့ ပြောတာပဲကွ၊ ဒီဇီးကွက်ရဲ့ အော်မြည်သံကို ကြားရရင် ကံကောင်းစေတယ်တဲ့၊ ရွှေဇီးကွက်က စည်းစိမ်ချမ်းသာနဲ့ ပျော်ရွှင်မှုအတွက်လို့ ဆိုကြတယ်"

"ဟိုဘက်က အစိမ်းရောင် လုံးလုံးကလေးကရော"

"အဲဒါ နဂါးလေကွာ၊ ဂျပန်နဂါးရုပ်တုပေါ့ကွ၊ သူတို့ ရာဇဝင် ဒဏ္ဍာရီတွေထဲမှာ နဂါးဆိုတဲ့သတ္တဝါဟာ ရေနဲ့ပင်လယ်မှာ ခွန်အားအကြီးဆုံး၊ တန်ခိုးအရှိဆုံး နတ်ဘုရားတွေလို့ အဆိုရှိကြတယ်၊ သူ့ကိုလဲ ဂျပန်လူမျိုးတွေက ကံကောင်းစေတဲ့ သတ္တဝါ၊ ကာကွယ်စောင့်ရှောက်ပေးမယ့် နတ်ဘုရားအဖြစ်နဲ့ ယုံယုံကြည်ကြည် ဆောင်ထားကြတာပဲကွ"

"သူ့အောက်က ပစ်တိုင်းထောင်လို အရုပ်ကြီးကရောဗျာ"

"ဟား ဟား မင်းထင်တာ မှန်တယ်၊ ငါတို့အနေနဲ့ ပြောရရင် ပစ်တိုင်းထောင်ပေါ့ကွာ၊ ဒီအရုပ်ကို ဘယ်လိုပဲ တွန်းတွန်းလှဲလှဲ ပြန်ထောင်လာတယ်ကွ၊ သူ့ကို (Daruma) လို့ခေါ်တယ်၊ ငါသိရသလောက်တော့ တရုတ်နိုင်ငံမှာ ဇင် (Zen) ဗုဒ္ဓဘာသာကို ထူထောင်ခဲ့တဲ့ အိန္ဒိယဘုန်းတော်ကြီး (Bodnidharma)ကို ကိုယ်စားပြုတယ်လို့ဆိုတယ်၊ ဇွဲရှိခြင်းရဲ့ သင်္ကေတအဖြစ် အရှုံးမပေးဘူး၊ ပြန်ထမယ်ဆိုတဲ့ စိတ်ဓာတ်ကို ဖော်ကျူးတာပေါ့ကွာ၊ ဒီအရုပ်ကိုဆောင်ထားရင် စီးပွားရေးသမားတွေ ငွေကြေးအများအပြားရမယ်၊ နိုင်ငံရေးသမားတွေဆိုရင် ရွေးကောက်ပွဲမှာ နိုင်မယ်၊ စာမေးပွဲအောင်မယ်လို့ ယုံကြည်ကြတယ်"

"ဒီရုပ်တုရဲ့ မျက်လုံးတစ်ဖက်က ဘာလို့ ဆေးအမည်း ခြယ်ထားပြီး တစ်ဖက်က ဘာလို့ အဖြူချန်ထားတာလဲဟင်"

"ဒီအကြောင်းပြောရရင် ရှက်စရာကြီးကွ၊ မင်းမေးတော့လဲ မထူးတော့








www.burmeseclassic.com

www.burmeseclassic.com

ပါဘူးကွာ၊ ဒီလိုကွ ဂျပန်မှာနေတုန်းက ဒီကိုပြန်ရောက်ရင် ဘာတွေလုပ်မယ်၊ ဘာညာနဲ့ ကြီးကြီးကျယ်ကျယ် မျှော်လင့်ခဲ့တာပေါ့ကွာ၊ အဲဒီ ဆုံးဖြတ်ချက်နဲ့ပဲ ဒီအရုပ်ရဲ့ မျက်လုံးတစ်ဖက်ကို မင်အနက်နဲ့ ခြယ်ခဲ့တာကွ"

"ကျွန်တော် နားမလည်ဘူး အဘ. . . ဘာကြောင့် ခြယ်ရတာလဲ"

"ဒီလိုလေ . . . ဒီအရုပ်အားလုံးဟာ မျက်လုံး အဖြူထည်တွေနဲ့ချည်းပဲကွ၊ ဝယ်တဲ့လူက တစ်ခုခုလုပ်မယ် သန္နိဋ္ဌာန်ချထားတဲ့လူတွေ၊ ရည်ရွယ်ချက်ကြီးကြီးမားမားထားကြတဲ့လူတွေဆိုတော့ သူတို့ဟာ ဒီအရုပ်ကို ရပြီဆိုတာနဲ့ လုပ်ငန်းထောင်တဲ့နေ့မှာ မျက်လုံးတစ်ဖက်ကို အနက်ရောင်ခြယ်ကြရတယ်၊ ကျန်တဲ့တစ်ဖက်ကိုတော့ ဒီအတိုင်း ချန်ထားရတယ်၊ မင်းပါ နားလည်အောင် ပြောရရင် သူတို့လုပ်ငန်းကို စတင်ပြီး အောင်မြင်လာပြီ ဆန္ဒရှိတဲ့အတိုင်း အောင်မြင်လာပြီဆိုတဲ့ ဘဝရောက်ပြီဆိုတာနဲ့ ကျန်တဲ့တစ်ဖက်ကို အနက်ရောင်ခြယ်ရတယ်၊ ဒါဆိုရင် သူတို့ဘဝ ပြီးပြည့်စုံပြီ အောင်မြင်ပြီဆိုတဲ့ သဘောပေါ့ကွာ"

"ရှင်းပါပြီဗျာ၊ မျက်လုံးတစ်လုံးက စတင်ခြင်း၊ နောက်တစ်လုံးက အောင်မြင်ခြင်း မဟုတ်လား၊ ဒါဆို အဘရဲ့ အရုပ်ကရော ဘာလို့ အခုထိ အဖြူတစ်လုံး အနက်တစ်လုံးနဲ့ ဖြစ်နေသေးတာလဲ"

"ဟ ဖြစ်မှာပေါ့ကွ၊ ငါက အခုထိ အောင်မှ မအောင်မြင်သေးတာ၊ လုပ်ချင်တာတွေ ပြီးပြည့်စုံအောင် လုပ်မှ မလုပ်ရသေးတာ၊ လုပ်လိုက်သမျှ တလွဲကြီးပဲ၊ တစ်ခုမှ မအောင်မြင်ဘူး၊ အောင်မြင်မှုနဲ့ တွေ့လွဲလွဲပြီး ရှောင်နေတဲ့ကြားကဒုက္ခချည်းပဲ ဝင်ဝင်တိုးနေတာကွ၊ ပိုနိုပ် စက်ကြီးတွေ ထောင်မယ်၊ ဂန္ထဝင်စာအုပ်တွေ ထုတ်မယ်၊ မြန်မာပြည်မှာ ငါသာ ထိပ်ဆုံးမှာရှိနေရမယ် ဆိုတဲ့ အိပ်မက်တွေက နေလာရင် ပျောက်တဲ့ နှင်းလို ကျန်ခဲ့ပါပြီကွာ၊ ဒီအရွယ်ကြီးရောက်မှ ဘာတွေကို ဒေါင်းတင် မောင်းတင်နဲ့ လုပ်နေတော့မှာလဲ အသက်ကြီးလာလေ ဘဝက ပိုပြောလေပဲကွ"

ဘယ်သောအခါမှ မျက်လုံးတစ်ဖက်အား အနက်ရောင်ခြယ်နိုင်တော့မည်မဟုတ်သည့် စာပြင်ဆရာကြီးဦးကျော်မြင့်အား ကြည့်ရင်း စိတ်ထိနင့်သွားရသည်။

ဘာရယ်မဟုတ် ကြောင်ရုပ်ကလေးတစ်ရုပ်ကို အကြောင်းပြုမိသောကျွန်တော်သည် စပ်စပ်စုစု လုပ်ချင်နေသော ကိုယ့်ကိုယ်ကိုယ် ဒေါသလည်းဖြစ်ရသည်။ ပျောက်ဆုံးခဲ့သော ရွှေရောင်ငယ်အိပ်မက်များအတွက် အဘဦးကျော်မြင့် ရှက်ရွံ့အားငယ်နေပြီလားမသိ။ မပြီးဆုံးသေးသော ပစ်တိုင်းထောင်၏ မျက်လုံးတစ်လုံးအား အဖြူကို မည်သူ အနက်သွင်းပေးနိုင်ပါမည်နည်း။ လူတို့သည် ယုံကြည်ချက်ဖြင့်နေထိုင်၍ မျှော်လင့်ချက်ဖြင့် ရှင်သန်ကြသည်။ အနာဂတ်ကို ကြိုးစား၍ ထုဆစ်ကြသည်။ မိမိတို့၏ယုံကြည်မှုအား အရုပ်ကလေးများအတွင်း သွတ်သွင်းထားကြသည်။

ဟုတ်သည်ရှိ မဟုတ်သည်ရှိ။ neo ဟု အမည်တွင်သည့် ဧည့်ခေါ်ကြောင်ကလေးကတော့ ခပ်တည်တည်ဖြင့် သူခေါ်ရင် လာပါ လာပါ ဟု မြိန့်မြိန့်ကြီး လက်ယပ်ခေါ်နေသည်ကို တွေ့လိုက်ရသည်။


❐ စောနိုင်ထူး






www.burmeseclassic.com

www.burmeseclassic.com




## လယ်တီဆရာတော်ဘုရားကြီး၏

# အန္တရာယ်ကင်း တံဆိပ်တော် နှင့် လယ်တီတရားသတင်းစာ

ရှင်ကုဏ္ဍောဘာသ

...ဘုန်းရှင်လယ်တီဆရာတော်ကြီးက မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်တွင် နေတစ်ဆူ လတစ်ဆူပမာ ထင်ရှားကျော်ကြားသည့် အရှင်သူမြတ်ကြီးပင် ဖြစ်သည်။

ဆရာတော်ကြီးသည် တန်ဖိုးမဖြတ်နိုင်သည့် ကျမ်းအဆူပေါင်း (၁၀၀)ကျော် ရေးသားပြုစုတော်မူခဲ့သည့် ကျမ်းတတ် အကျော် ပုဂ္ဂိုလ်ကြီးလည်းဖြစ်ပါ၏။

***လယ်တီဆရာတော်ကြီးထံ ရောက်ရှိလာသည့် အန္တရာယ်ကင်း တံဆိပ်တော်***

လယ်တီဆရာတော်ကြီးသည် ရောဂန္တရဒီပနီကျမ်းကို ရေးသားနေတော်မူစဥ်က ဖြစ်၏။

ထိုကာလ၏ ညတစ်ညဌ် ဆရာတော်ကြီးထံသို့ ရသေ့တစ်ပါးကြွလာပြီး အန္တရာယ်ကင်းတံဆိပ်တော်ထူးကို လာရောက်ကပ်လှူခဲ့၏။ ထိုတံဆိပ်တော်မှာ အလွန်ထူးခြားသော တစ်ကြောင်းဆွဲ အန္တရာယ်ကင်း ပထရမ တံဆိပ်တော် ဖြစ်၍ ထိုခေတ် ထိုကာလဌ် ဖြစ်ပွားလျက်ရှိသော ပလိပ်ရောဂါကို ကာကွယ်နိုင်သည့်အကြောင်း လျှောက်ထားခဲ့ပါသည်။ ထိုအကြောင်းကိစ္စနှင့် စပ်လျဥ်း၍ လယ်တီဝဏ္ဏိတကိုယ်တော် (လယ်တီဦးလှတင်)က လယ်တီမဟာထေရုပ္ပတ္တိကထာတွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့ပါသည်။

တိုင်းနယ်စပ်တွင်နေထိုင်သော ဆရာရသေ့သည် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ အဖူးအမြော်အကန်တော့ ရောက်ရှိလာ၏။ ဆရာရသေ့သည် ဆရာတော်ဘုရားကြီးအား ဤသို့ လျှောက်ထား၏။

"ဆရာတော်ဘုရားကြီးသည် ပလိပ်ရောဂါကို ကာကွယ်ရန် ရောဂန္တရဒီပနီကျမ်းစာအုပ် စီရင်တော် မူသည်ဟု ကြားသိရပါသည်၊ ဆရာတော်ဘုရားကြီးအား အကွရာ (စ-မ)တံဆိပ် လှူဒါန်းပါရစေ"

ဟု လျှောက်ထားလေ၏။

ဆရာတော်ဘုရားကြီးသည် ဆရာရသေ့၏ အကွရာ(စ-မ)တံဆိပ်၏ အကျိုး



www.burmeseclassic.com

www.burmeseclassic.com

သွားနှင့် အကြောင်းအရာ စုံလင်စွာ ပြောပြစေလိုကြောင်း အမိန့်တော်ရှိရာ ဆရာရသေ့က. . .

"တစ်နေ့သ၌ တပည့်တော် ဆွမ်းခံနေသော တောရွာကလေးမှာ ပလိပ်ကပ်ရောဂါဖြစ်ပါသည်။ ညဥ့်အခါ အိပ်မက် မြင်မက်သည်မှာ တပည့်တော်၏ ကျောင်းသခ်မ်းသို့ ဝတ်ဖြူစင်ကြယ်နှင့်လူဆယ်ယောက်ခန့် တက်လာပါသည်၊ အကြီးအမှူး ပြုလုပ်သူက တပည့်တော်အား ပြောဆိုသည်မှာ ဆရာရသေ့၏ အပေါ်၌ ကျေးဇူးများနေသော ရွာငယ်ကလေး၌ ပလိပ်ရောဂါဖြစ်နေသည်ကို အဘယ်ကြောင့် လျစ်လျူရှုနေသနည်း" ဟုပြောဆိုပါသည်။

ထိုအခါ တပည့်တော်က . .,.

"ထိုအန္တရာယ်ကို ဆရာရသေ့ ပျောက်ငြိမ်းအောင် မတတ်နိုင်ပါ" ဟု ပြန်ပြောပါသည်။ ဒါဖြင့် ထိုအန္တရာယ်ကို ပျောက်ငြိမ်းအောင် နည်းကောင်းပေးပါမည်၊ ခဲတံနှင့်စက္ကူ ပေးပါဟု တောင်းရာ တပည့်တော်က တောထဲ၌ ခဲတံ၊ စက္ကူ ဘယ်မှာရှိမလဲဟု ပြောပါသည်။

ထိုအခါ အကြီးအမှူးပြုလုပ်သူက နောက်ပါ လူတစ်ယောက်အား သစ်ရွက်တစ်ရွက်ကို အခူးခိုင်းလိုက်ပါသည်။ ကျောင်း၏ လှေကားရင်းတွင်ရှိသော ငှက်ပျောရွက်တစ်ခုကို ခူးယူခဲ့ပါသည်။ ၎င်းငှက်ပျောရွက်ပေါ်တွင် တစ်ကြောင်းဆွဲ အက္ခရာ(စ-မ)တံဆိပ်ကို ရေးဆွဲပြီး အဲဒီအက္ခရာတံဆိပ်သည် ပလိပ်ကပ်ရောဂါကို ပျောက်ငြိမ်းစေတတ်သည်ဟု ပြောပြီး ပျောက်ကွယ်သွားကြပါသည်။

နံနက်မိုးလင်းသောအခါ အနားတွင် ချထားသော ငှက်ပျောရွက်ကို ကြည့်ရှုရာ အက္ခရာ (စ-မ)တံဆိပ်ကို တွေ့မြင်ရ၍ ထန်းရွက်၊ ပေရွက်၊ စလူရွက်တို့တွင် ရေးပြီး ရေတွင် စိမ်၍တိုက်ခြင်း၊ ပက်ဖျန်းခြင်း၊ လည်ပင်း၌ဆွဲထားခြင်း စသည်တို့ကို ပြုလုပ်ရာ နေ့ချင်းညချင်း ပျောပ်ကင်းသွားပါကြောင်း၊ သို့ပါ၍ ဆရာတော်ဘုရားကြီးသည် တစ်နိုင်ငံလုံး၏ ကျေးဇူးရှင်ကြီး ဖြစ်တော်မူသည့်အတိုင်း ဤအက္ခရာ (စ-မ)တံဆိပ်ကို အသုံးပြုတော်မူပါဘုရား" ဟု လျှောက်ကြားသွားပါသည်။

## *အန္တရာယ်ကင်းတံဆိပ်တော်နှင့် ထူးခြားချက်များ*

လယ်တီဆရာတော်ကြီးသည် ၎င်းအက္ခရာ(စ-မ)တံဆိပ်ကို မီးခြစ်စည်သွပ်ပြားတွင်ရေး၍ လက်ဖွဲ့ပြုလုပ်ပြီးလျှင် ဘုရားရုပ်ပွားတော်၏ ရှေ့မှောက်၌ ဂုဏ်တော်ကိုးပါးနှင့် (၂၄)ပစ္စည်းတို့ကို ရွတ်ဖတ်မန်းမှုတ်ပြီးလျှင် မိမိထံသို့ လာ၍ဖြစ်စေ၊ တရားပွဲများ၌ဖြစ်စေ ကျွဲသား၊ နွားသားကို ရှောင်ရန် ကတိထားသူတို့ကို ဦးစွာ ပထမတစ်လုံးစီ ချီးမြှင့်တော်မူခဲ့ပါသည်။

ဝါကျွတ်သောအခါ မြန်မာနိုင်ငံအောက်ပိုင်းဒေသများက တရားဟောပင့်သည့်အတွက် တရားဟောကြွတော်မူလေ၏။

ထိုသို့ တရားဟောနေရင်းမှ သာစည်၊ မိတ္ထီလာ၊ မလှိုင်၊ ပန်းအိုင်စသော မြင်းခြံ မီးရထားလမ်းရှိ မြို့ရွာများတွင် အန္တရာယ်ဖြစ်နေကြောင်း၊ မန္တလေးမြို့ လေးပြင်လေးရပ် တစ်မြို့လုံးမှာ အနှံ့အပြား ပလိပ်ကပ်ရောဂါများ ဖြစ်နေ၍ မြို့ရှိ သံဃာတော်များ တိုက်ပျက်အောင် ထွက်ပြေးကြရသည် ဟု ကြားတော်မူလေ၏။

ထိုအခါ မန္တလေးသို့ ပြန်ကြွတော်မူပါသည်။ မန္တလေးမြို့သို့ ရောက်သောအခါ လေးပြင်လေးရပ်၌ ဖြစ်ပေါ်နေသော ပလိပ်ရောဂါကို ရက် (၂၀) အတွင်း နေ့ရော ညပါ မနေမနား အပင်ပန်းခံလျက် ငြိမ်းစဲအောင် အားထုတ်တော်မူသည်။

ထိုစဥ်က ပရိတ်ရေ၊ ပရိတ်မီးလုပ်ငန်း၊ တစ်ကြောင်းဆွဲ တံဆိပ်တို့ကို ပြသပေးလျက် ပလိပ်ရောဂါ ကပ်အပေါင်းမှ ကင်းဝေးစေခဲ့သည်။

## *လယ်တီတရားသတင်းစာနှင့် (စ-မ) တံဆိပ်တော်*

လယ်တီပဏ္ဍိတ ဦးမောင်ကြီး ဦးစီးထုတ်ဝေသော လယ်တီ တရားသတင်းစာသည် လယ်တီဆရာတော်ကြီး ပျံလွန်တော်မူပြီး သုံးနှစ်ပြည့်သည့်ကာလ အေဒီ ၁၉၂၆ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့သည်။

အဆိုပါ သတင်းစာ အဖုံး၌ လယ်တီပဏ္ဍိတဦးမောင်ကြီးဖြုပြင်၍ အသုံးပြုခဲ့သော ပထရမ တစ်ကြောင်းဆွဲ အက္ခရာပါ အန္တရာယ်ကင်း တံဆိပ်တော်ကို အမှတ်တံဆိပ်အဖြစ် ဖော်ပြထားပါသည်။

လယ်တီ တရားသတင်းစာ၌ ပါဝင်သည့် အကြောင်းအချက်များမှာ-

(၁) သာသနာ့ဇတ်နှင့် ဆိုင်သော အချက်များ

(၂) တရားဒေသနာနှင့် ဆိုင်သော အချက်များ

(၃) မြန်မာပြည်တွင် ထင်ရှားကျော်စောတော်မူခဲ့ကြသော ဆရာတော်ကြီးတို့နှင့် ဆိုင်သောအချက်များ

(၄) စေတီ၊ ပုထိုး၊ ဂူကျောင်း၊ ဘုရားကျောက်စာမှစ၍ သာသနာ့အဆောက်အအုံနှင့် သက်ဆိုင်သောအချက်များ

(၅) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာမှစ၍ ပိဋကတ် ကျမ်းဂန်တို့နှင့်တကွ သက်ဆိုင်သော အချက်များအပါအဝင် သာသနာတော်ကို အကျိုးပြုသည့် စာပေအမျိုးမျိုးတို့ကို အစဥ်သဖြင့် ရေးသားဖော်ပြထားခဲ့ရာ လယ်တီဆရာတော်ဘုရားကြီး၏ အစီအမံဖြစ်သော အန္တရာယ်ကင်း (စ-မ)၏ အစွမ်းအာနိသင်ဖြင့် အမျိုး၊ ဘာသာ၊ သာသနာ အကျိုးကို ဆောင်ရွက်ထုတ်ဝေနိုင်ခဲ့ကြောင်း လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသတည်း။

❐ ရှစ်တွဲမြှောထာဆ





www.burmeseclassic.com

www.burmeseclassic.com

# မာယာလေးဆယ် နည်းအသွယ်သွယ်

## နှင့်

# မိန်းမတို့၏ကောင်းခြင်း ကြောက်ဆယ့်လေးရပ်



## စိန်ဇောတိက

ကျွန်ုပ်မှာ.ကချင်ပြည်နယ် ဗန်းမော်မြို့၌ နေထိုင်သည့် မိတ်ဆွေကြီး ကိုအုန်းဖေအိမ်၌ သုံးရက်ခန့် နေထိုင်ရက်အတွင်း ကိုအုန်းဖေပြောပြသမျှ မိန်းမတို့၏ အဆိုးအကောင်းအကြောင်းအရာများကို မှတ်သားရလေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာ လူပျိုကြီးတစ်ဦးဖြစ်ခြင်းကြောင့်ပင်ဖြစ်လေ၏။ မိန်းမများနှင့် ပတ်သက်မှုရင်းနှီးမှုများ မရှိခြင်းကြောင့် ကိုအုန်းဖေ ပြောပြသမျှ မှတ်သားရ၏။

ကိုအုန်းဖေသည် ကျွန်ုပ်အား ဗန်းမော်မြို့တစ်ခွင် လှည့်လည်ပြ၏။ ဧရာဝတီမြစ်နံကမ်းသွားကာ ဧရာဝတီ၏ မြစ်အလှ၊ မြစ်လယ်ခေါင်၌ ဖြစ်ထွန်းနေသည့် သောင်ပြင်ကြီး သေးလေးများ၏ လျှို့ဝှက်ချက်အကြောင်းကလေးများအား ပြသပြောဆို၏။ ထို့နောက် ဧရာမြစ်ကမ်းနံဘေးရှိ ပန်းခြံကလေး၌ ထိုင်ကာ ဤသို့ စကားစမြည်ပြောဆိုကြလေ၏။ ကျွန်ုပ် က ကိုအုန်းဖေအား ဤသို့ မေးလိုက်လေ၏။

"ကိုအုန်းဖေ မနေ့ညက ခင်ဗျားကျုပ်ကို မိန်းမတွေရဲ့ မာယာလေးဆယ်ကို ပြောပြမယ်ဆို အခုပြောပြဗျာ"

ဟု ပြောလေသော် ကိုအုန်းဖေသည် ၎င်း၏ မေးစေ့ကိုပွတ်၍ ခဏစဉ်းစားလိုက်ကာ ကျွန်ုပ်အား ဤသို့ ပြောလေ၏။

"ဒီလိုဗျ၊ မိန်းမတွေဟာ သူတို့ကို ယောကျ်ားတွေ တပ်မက်နှစ်သက်လာအောင် လှည့်ပတ်ဖြားယောင်းတဲ့ မာယာ ပရိယာယ်အမျိုးမျိုးကို တတ်ကျွမ်းကြတယ် ကိုအေးသောင်ရဲ့၊ ဒါက လေ့ကျင့်ထားတာ မဟုတ်ဘူးနော်၊ မိန်းမတို့ရဲ့ သဘာဝပေးလက်ဆောင်တစ်ခုအနေနဲ့ သူတို့ ရထားကြတာ၊ ဘယ်နေရာမှာ ဘယ်နည်း သုံးရမလဲဆိုတာ သူတို့အလိုလို သိလာကြတာဟာ အံ့သြစရာပါပဲ ကိုအေးသောင်ရယ်" ဟု ပြောဆိုကာ ဆေးလိပ်တစ်လိပ်ထုတ် မီးညှိသောက်နေလေ၏။ အတန်ကြာမှ ဤသို့ စကားဆက်ပြန်၏။

"မိန်းမတွေဟာ ယောကျ်ားကိုမြင်ရင် ငါ ဒီလိုပြုလုပ်လိုက်မယ်၊ ငါ့ကို တပ်မက်နှစ်သက်လာအောင်ယောကျ်ားအပါးမှာ ရပ်ပြီး ကိုယ်လက်ဆန့်တဲ့ အမူအရာကို ပြုလုပ်ကြတယ်၊ မိမိရဲ့ ကိုယ်လက်ကျောပြင်ကို မြင်အောင် ညွတ်အောင်ပြု၏။



www.burmeseclassic.com

www.burmeseclassic.com

သွားလာ၊ အိပ်၊ ထိုင်၊ လျှောင်း၊ ပုံစံတို့ဖြင့် လည်းကောင်း၊ အတင့်အတယ် တန်ဆာဆင်ခြင်းဖြင့် လည်းကောင်း၊ ယောက်ျားတွေ စွဲမက်အောင် စံပယ်ပျောင်းပျသော အခြင်းအရာကို ပြုလုပ်ကြတယ် ကိုအေးသောင်ရဲ့"

ဟု ပြောဆိုကာ ဆေးလိပ်ကို မီးညှိသောက်ပြန်၏။ ထို့နောက် ဤသို့ စကားဆက်ပြန်၏။

"နောက်ပြီး မိန်းမတွေဟာ ရှက်စနိုးယောင်ပြုပြီး အဝတ်ဖြင့် ကိုယ်လက်ကို ဖုံးလွှမ်းခြင်း၊ နံရံတိုင်စသည်တို့ကို မှီကပ်ခြင်းစတဲ့ အပြုအမူတွေကို လုပ်ပြီး ရှက်ယောင်ဆောင်တတ်ကြတယ်ဗျ၊ ခြေသည်း လက်သည်းချင်းခြစ်၍ လှည့်ဖြားတတ်တယ်၊ ခြေဖဝါး တစ်ခုဖြင့် ခြေတစ်ခုကို နင်းပြတတ်တယ်၊ သစ်သားတုတ်ချောင်းဖြင့် မြေကြီးကို ခြစ်ရေးပြတယ်၊ ကလေးသူငယ်ကို ချီမြှောက်ပြီး နမ်းပြတယ်၊ ကလေးကို နမ်းခိုင်းပြတယ်၊ ယောက်ျားကို မြင့်သောအသံ၊ နှစ်သက်ဖွယ်သောစကား၊ ချိုမွမ်းတဲ့စကားတွေကို ပြောပြီး သူတို့ကို အာရုံရောက်စေတယ်၊ ဆွဲဆောင်မှုတွေပေါ့ဗျာ"

ဟုပြောဆိုကာ ကျွန်ုပ်၏ မျက်နှာအား အသေအချာကြည့်၍ ဤသို့ ပြောပြန်၏။

"ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ငိုခြင်း၊ ရယ်ခြင်း၊ တန်ဆာဆင်ခြင်း၊ ပြင်းစွာရယ်ခြင်း အမူတွေကို ပြုလုပ်ကြတာဟာ ယောက်ျားတွေကို မာယာနဲ့ လှည့်ဖြားတာပဲဗျ၊ နောက်ပြီး စောင်းငဲ့၍ ကြာကြည့်ကြည့်၏၊ ခါး၊ တင်ပါးကို နိမ့်တုံ မြင့်တုံပြု၏၊ လျှို့ဝှက်အပ်တဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှုပ်၏၊ အဲဒါ ဘာကိုပြောတာလဲဆိုတာ ကိုအေးသောင်သိတယ်မို့လား"

ဟု မေးသော် ကျွန်ုပ်က မသိကြောင်း ခေါင်းခါပြ၏။

ထိုအခါ ကိုအုန်းဖေသည် ကျွန်ုပ်၏ နားဘက်သို့ကပ်၍ နှစ်ကိုယ်ကြားပြောလေ၏။ ကျွန်ုပ်မှာ ရှက်လွန်း၍ မျက်နှာများ နီမြန်းကာ မျက်နှာ၌ ချွေးများပင် ပြန်လာ၏။

ကိုအုန်းဖေသည် ကျွန်ုပ်၏ ရှက်စနိုး အမူအရာကိုကြည့်၍ ၎င်း၏ ဝသီအတိုင်း အသံထွက်အောင် ရယ်လေ၏။ ၎င်းက ရယ်လေ ကျွန်ုပ်မှာ မျက်နှာမထားတတ်အောင် ဖြစ်၍နေလေ၏။ အတန်ကြာမှ ကိုအုန်းဖေသည် အရယ်ရပ်ကာ ဤသို့ ဆက်ပြောပြန်လေ၏။

"ပေါင်ကို ဖွင့်ဖော်ပြ၏၊ နို့သားမြတ်ကို ပြ၏၊ ပေါင်ကို ဖုံးပြန်၏၊ လက်ညှိုးကြားကို ဖော်ပြ၏၊ ချက်ကို ဖော်ပြ၏၊ မျက်စိကို မှိတ်၏၊ မျက်ခုံးချီပြ၏၊ မျက်စပစ်၏၊ နှုတ်ခမ်းကို ကိုက်ပြ၏၊ လျှာကို ထုတ်ပြ၏၊ ထဘီကို ကျွတ်အောင်ပြု၏၊ ထဘီကို ပြန်ဝတ်၏၊ ဆံထုံးကို ဖြေ၏၊ ပြန်ပြီး ထုံးပြ၏တဲ့ ကိုအေးသောင်ရဲ့၊ အခု ခင်ဗျားကို ပြောပြတာတွေဟာ မိန်းမတွေရဲ့ မာယာလေးဆယ်နည်းအသွယ်ထဲက မှတ်မှတ်ရရ ကလေးတွေပေါ့ဗျာ"

ဟု ပြောဆိုကာ စကားခဏရပ်ကာ ဇရာဝတီမြစ်ကလေးအား ငေးမောကြည့်ရှုရင်း ဤသို့ ပြောပြန်၏။

"ချိုပြုံးသော မျက်နှာပေး၊ ညင်းညင်းသာသာရယ်သံ၊ ကြောက်လန့်ထိတ်လန့်ဟန်ပြု၊ ရှက်ဟန်အသွင်၊ မကြားတကြားပြောသောစကား၊ မျက်နက်ထောင့်ကပ်၍ ကြည့်ခြင်း၊ ရှိုက်သံငိုသံပေးခြင်း၊ စကားပြန်ရရန် မခံချင်စရာကို စိတ်ဆိုးအောင်ဆွပေးပြောခြင်းမျိုးတွေဟာ မိန်းမတို့ရဲ့ ဆွဲငင်မာယာအတတ်ရှစ်ပါးလို့ ကျမ်းဂန်တွေမှာ ဖော်ပြထားတာ ကျုပ်ဖတ်ရဖူးလို့ အခုလို ကိုအေးသောင်ကို ပြောပြနိုင်တာပါဗျာ၊ မိန်းမတွေမှာ အားငါးပါးရှိတယ်၊ ကိုယ့်လူရဲ့ မှတ်ထား၊

(၁) အဆင်းအသွင် လှပခြင်း၊ (၂) ပစ္စည်းဥစ္စာ ပေါများခြင်း၊ (၃) ဆွေမျိုးကောင်းရှိခြင်း၊ (၄) သားရတနာရှိခြင်း၊ (၅) ကိုယ်ကျင့်သီလနှင့် ပြည့်စုံ

**မိန်းမတွေဟာ သူတို့ကို ယောက်ျားတွေ တပ်မက်နှစ်သက်လာအောင် လှည့်ပတ်ဖြားယောင်းတဲ့ မာယာပရိယာယ်အမျိုးမျိုးကို တတ်ကျွမ်းကြတယ်။**

ခြင်းတွေဟာ မိန်းမတွေရဲ့အားလို့ သဋ္ဌာယတနာသံယုတ်မှာ ဖော်ပြထားတာ ကျုပ်မှတ်မိပါရဲ့"

ဟုပြောဆိုကာ ကွမ်းယာထုပ်ကိုဖြေ၍ စားပြန်၏။ ထို့နောက် ဤသို့ ဆက်ပြောပြန်၏။

"မိန်းမတွေရဲ့ ကောင်းခြင်းခြောက်ဆယ့်လေးရပ်ရှိတယ်လို့ရေးထားသေးတယ် ကိုအေးသောင်ရဲ့၊ အသေးစိတ်တော့ မပြောတော့ဘူး၊ သဘောလောက်ပဲ ပြောပါမယ်၊ မှတ်ထား၊ ခြေဖဝါး လက္ခဏာ (၁၃)၊ ကိုယ်လက္ခဏာ (၁၆)၊ စိတ်လက္ခဏာ (၆)၊ လက်ဖဝါးလက္ခဏာ (၉)၊ အသံလက္ခဏာ (၃)၊ လည်ပင်းလက္ခဏာ (၁)၊ မျက်နှာလက္ခဏာ (၈)၊ နားလက္ခဏာ (၁)၊ မျက်စိလက္ခဏာ (၄)၊ ဆံပင်လက္ခဏာ (၃) ဆိုပြီးတော့ (၆၄)ရပ် ရှိတယ်ဗျ၊ သုတေသနသရုပ်ပြ အဘိဓာန်မှာ ဒီလိုရေးပြထားတယ် ကိုအေးသောင်ရဲ့၊ ခင်ဗျားအတွက် အတော်အရေးကြီးတဲ့ အပိုင်းဗျ" ဟုဆိုကာ ဤသို့နှုတ်မှ ကရားရေလွှတ်သည့်ပမာ တရစပ်ပြောလေ၏။

(၁) ပုဏ္ဏာစန္ဒီ= လပြည့်ဝန်းနှင့် တူသော လက္ခဏာရှိခြင်း၊
(၂) ဗလာစန္ဒသမပဘာ= တက်သစ်သော လရောင်နှင့် တူသော ကိုယ်ရောင်ရှိခြင်း၊
(၃) ဝိသာလနေတြသမ္ပန္န= မကျဉ်းမကျယ်သော မျက်စိရှိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၄) ကုဏ္ဍလံ = နားတောင်း သဏ္ဌာန်ရှိခြင်း၊

(၅) အင်္ကုသံ = လက်ဝါး၌ ချွန်းတောင်းသဏ္ဌာန်ရှိခြင်း၊

(၆) ကုဋိလကေသာ= အဖျားကော့သော ဆံပင်ရှိခြင်း၊

(၇) ဓနုတ္တဥပ္ပလသန္နိတံ= ကြာညိုပန်းနှင့်တူသော မျက်စိအရောင်ရှိခြင်း၊

(၈) ဒက္ခိဏနာဘိ= လက်ယာချက်ရှိခြင်း၊

(၉) အာဝတ္တဝိဠ= လက်ယာရစ်သော ဖွေ့ရှိခြင်း၊

(၁၀) ဟံသသဒ္ဒ= ဟင်္သာမ အသံကဲ့သို့ အသံရှိခြင်း၊

(၁၁) မိဂက္ခိ= သမင်မျက်စိနှင့် တူသော မျက်စိရှိခြင်း၊

(၁၂) သာဟု= ရှေသော အဆင်းရှိခြင်း၊

(၁၃) သုဟဒယသုတ္တ= ဖြူစင်သော နှလုံးသားရှိခြင်း၊

(၁၄) သုဂတသီလာ= ကောင်းသော သီလရှိခြင်း၊

(၁၅) သုဒ္ဓသီလာ= စင်ကြယ်သော သီလရှိခြင်း၊

(၁၆) ဂမ္ဘိရနာဘိ= နက်ရှိုင်းသော ချက်ရှိခြင်း၊

(၁၇) သမပန္တိဒန္တ= ညီညွတ်သော သွားအစဉ်ရှိခြင်း၊

(၁၈) ဒီဃဗာဟု= ရှည်သော လက်ရုံးရှိခြင်း၊

(၁၉) ဒီဃမုခိ= ရှည်သော မျက်နှာရှိခြင်း၊

(၂၀) သုခုမင်္ဂီ= သိမ်မွေ့သော ကြန်အင်္ဂါရှိခြင်း၊

(၂၁) ဒီဃမုဒ္ဒဇာ= ရှည်သော ဆံပင်ရှိခြင်း၊

(၂၂) ဝတ္တုလော= အဆိုအမိန့် သာယာခြင်း၊

(၂၃) သုဟဒါ= ချစ်ခင်ခြင်း၊

(၂၄) သုဗုဒ္ဓါ= အရိပ်အခြည် သိခြင်း၊

(၂၅) ပတိဝ္ဒိတော= ဖြောင့်မတ် တည်ကြည်ခြင်း၊

(၂၆) ဝပုလထနော= ကြီးပြန့်သော သားမြတ်ရှိခြင်း၊

(၂၇) ပိဗ္ဗေဌိ= နီသော နှုတ်ခမ်းရှိခြင်း၊

(၂၈) ကုလနာသာ= ဖြိုးမောက်သော နှာတံရှိခြင်း၊

(၂၉) ဂဇပတ်ဂမနာ= ဆင်မသွားသကဲ့သို့သွားခြင်း၊

(၃၀) ဒက္ခိဏာဝဋ္ဋနာဘိ= လက်ယာရစ်လှည့်သော ချက်ရှိခြင်း၊

(၃၁) သိဒ္ဓန်္ဂီ= သိမ်မွေ့သော ကိုယ်အင်္ဂါရှိခြင်း၊

(၃၂) လောမဟိနာ= ကိုယ်မွေး နည်းခြင်း၊

(၃၃) မုဒုဇင်ဃနာ= သိမ်မွေ့သော ခါးရှိခြင်း၊

(၃၄) သုဒေတော= ကောင်းသော ကိုယ်ရှိခြင်း၊

(၃၅) သိနောဂု= ဖွံ့ဖြိုးသော ပေါင်ရှိခြင်း၊

(၃၆) ပိနဂဏ္ဍာ= ပြည့်ဖြိုးသော ပါးရှိခြင်း၊

(၃၇) သမဒန္တာ= ညီညွတ်သော သွားရှိခြင်း၊

(၃၈) ပဒုမပတ္တက္ခိ= ပဒုမ္မာကြာရွက်ကဲ့သို့ စိမ်းသောမျက်စိရှိခြင်း၊

(၃၉) ဝိမလကောလခါ= မှဲ့၊ ဝက်ခြံကင်း၍ စင်ကြယ်သောနဖူးပြင်အရေးသားရှိခြင်း၊

(၄၀) သွတ္တိကရေခါ= နဖူးပြင်၌အရေးရှိခြင်း၊

(၄၁) ကုမ္ဘပိဋ္ဌိ= လိပ်ကျောကုန်းအင်္ဂါရှိခြင်း၊

(၄၂) ပဒုမဂန္ဓါ= ပဒုမ္မာကြာနံ့ရှိခြင်း၊

(၄၃) မိန်းမတို့၏ ကောင်းခြင်း ငါးဖြာ

(၄၄) မိန်းမအမျိုးအစား လေးမျိုးတွေကို ထည့်ပေါင်းလိုက်ရင် မိန်းမတွေရဲ့ ကောင်းခြင်း (၆၄)ရပ်ကို မြင်တွေ့ရတယ် ကိုအေးသောင်ရဲ့"

ဟု ရှည်လျားစွာ ရှင်းပြရင်း ကွမ်းယာထုတ်၍ စားနေ၏။

ထိုအခါ ကျွန်ုပ်က ဤသို့ပြောလိုက်လေ၏။

"ခင်ဗျားပြောတဲ့ မိန်းမတို့ရဲ့ ကောင်းခြင်းအတိုင်း လိုက်ရှာရင် ကျုပ်ဒီတစ်သက် မိန်းမရတော့မှာ မဟုတ်တော့ပါဘူးဗျာ"

ဟုပြောလိုက်လေသော် ကိုအုန်းဖေက. . .

"ခင်ဗျားကလဲ ဒါက စာပေတွေမှာ ရေးထားတာ ပြောတာပါဗျာ၊ ကိုယ်ကြိုက်တာ ကိုယ်ယူကြတာချည်းပါပဲ၊ ဖူးစာဆိုတာ ဘယ်သူမှ သိနိုင်တဲ့ ကိစ္စမဟုတ်ဘူးဗျ၊

ရေစက်ဆုံရင် အကြောင်းညီညွတ်ရင် တစ်ယောက်နဲ့တစ်ယောက် ပေါင်းဖက်ကြတာချည်းပါပဲဗျာ၊ ကဲ ကိုအေးသောင် ကျုပ်တော့ ဗိုက်ဆာပြီဗျာ၊ ခင်ဗျားကို ကျုပ်တို့ ဗန်းမော်မြို့မှာ နာမည်ကြီးပင်လယ်ပြာစားသောက်ဆိုင်ကိုပို့ပြီး အကောင်းဆုံး ဟင်းလျာနဲ့ ဧည့်ခံပါ့မယ် သွားကြရအောင်ဗျာ"

ဟုဆိုကာ အရှေ့မှ သွားနေသဖြင့် ကျွန်ုပ်လည်း ၎င်း၏နောက်မှ လိုက်ရလေ၏။

❐ စိန်ဓေတိတ

ကျမ်းကိုး

တက္ကသိုလ် သျှင်သီရိ (မဟာစရိယ-ဘီအေ)ရေးသည့် မယားကောင်း မယားမြတ် စာအုပ်ပါ အချက်အလက်များကို မှီး၍ ဇာတ်လမ်းဆင်ရေးသားပါ၏။



www.burmeseclassic.com

www.burmeseclassic.com

# နာညတြဂါထာ အစွမ်း အံ့မခန်း

သက်ဖောမာ(သာကေတ)

ကျွန်မသည် ငယ်စဉ်ကလေးဘဝတွင် မြတ်ဗုဒ္ဓ၏ (ဂုဏ်တော်)ဂါထာတော်များ၏ အစွမ်းထက်မြက်ပုံကို သေသေချာချာ မသိခဲ့ပါ။ ယခု ကျွန်မ ရေးမည့် အဖြစ်အပျက်မှာမူ မြတ်ဗုဒ္ဓ၏ ဂါထာတော်များရှိသည့်အနက် နာညတြဂါထာတော်နှင့် ကျွန်မ ကိုယ်တွေ့ဖြစ်ရပ် ဖြစ်ပါသည်။

မှတ်မှတ်ရရ ကျွန်မအသက် (၁၉)နှစ်တွင် နှလုံးရောဂါကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရပါသည်။ နှလုံးရောဂါနှင့်အတူ သွေးတိုး၊ လေးဖက်နာနှင့် အစာအိမ်ရောဂါတို့ကိုပါ ဆင့်ပွားခံစားခဲ့ရပါသည်။ နှလုံးရောဂါ၏ နှိပ်စက်မှုကြောင့် အသက်ရှူမဝခြင်းကို အလူးအလဲ ခံစားရသည့်အထဲမှ အစာအိမ်၏ ပြင်းထန်စွာ ထိုးအောင့်ခြင်းကိုပါ နောက်ဆက်တွဲ ခံစားရပါသည်။

ရန်ကုန်တွင် နာမည်ကြီးသည့် ပါရဂူကြီးများ ထိုင်သော ဆေးခန်းပေါင်းစုံသို့ လှည့်လည်ပြသပါသည်။ ဝဋ်နာကံနာကြောင့်လားမသိ ဆေးဖိုးများစွာ ကုန်ကျသော်လည်း ကျွန်မ ခံစားနေရသော ရောဂါမှာ အစပိုင်းတွင် သက်သာသလိုဖြင့် မသက်သာခဲ့ပါ။ ရောဂါနှင့် နပန်းလုံးနေ၍ ဘုရားဂုဏ်တော်ကိုပင် ရွတ်ဆိုရန် မေ့လျော့နေခဲ့ပါသည်။ တစ်နှစ်ကျော်ခန့် ကျွန်မ၏ရောဂါကို သက်သာစေမည့် ဆေးဆရာကို ရှာမတွေ့ခဲ့ပါ။ ဆရာဝန်က ရောဂါမှာ ပြင်းထန်၍ ခွဲစိတ်ရမည့် အကြောင်း ပြောပါသည်။ ငွေကြေးမတတ်နိုင်၍ ကျွန်မ မခွဲစိတ်ခဲ့ပါ။ အချိန်ကုန်လူပန်း၍ မည်သည့်ဆေးခန်းကိုမှ မပြ။ သေလိုလည်း သေပါစေတော့ဟု ကျွန်မ စိတ်လျှော့၍ အိမ်တွင် အိပ်နေပါသည်။

တစ်နေ့ ကျွန်မ၏ အစ်ကိုဖြစ်သူသည် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ဂါထာများပါသည့် စာအုပ်တစ်အုပ် ဝယ်လာပါသည်။ ကျွန်မ လှဲနေသော အိပ်ရာမှထ၍ ထိုစာအုပ်ကိုယူပြီး ဖတ်ကြည့်မိပါသည်။ တွေ့ပါပြီ။ "နာညတြဂါထာတော်" နှင့် ထိုဂါထာ၏ အနက်အဓိပ္ပာယ်နှင့် အစွမ်းထက်မြက်ပုံကို ရေးသားထားပါသည်။ မကျန်းမာခြင်းကို ခံစားရသူများ ရောဂါနှင့်ဆေး မတွေ့သူများ၊ အသက်ရှည်စေချင်သူများ နေ့စဉ်ယုံယုံကြည်ကြည် ရွတ်ဆိုပွားများရန် ရေးထားပါသည်။ ကျွန်မ ချက်ချင်းပင် ထိုဂါထာကို အသံနေ အသံထား မှန်အောင် ရွတ်ဆိုကြည့်ပါသည်။ အိပ်ရာထဲတွင် လှဲနေရင်းမှ မောသည့်အချိန်မှာရော သက်သာသည့်အချိန်တွင်ပါ နာညတြဂါထာတော်ကို ရွတ်နေခဲ့ပါသည်။ အဓိဋ္ဌာန်လည်း ပြုပါသည်။

နာညတြဂါထာတော်ကို ယုံကြည်စွာ ရွတ်ဆိုရသောကြောင့် ကျွန်မ၏ရောဂါကို သက်သာစေမည့် ဆေးဆရာကောင်း၊ ဆေးနှင့်ကုသရပါလို၏ ဆုတောင်းမိပါသည်။ မကြာခင်မှာဘဲ ကျွန်မ၏ ဆုတောင်းလည်း ပြည့်ခဲ့ပါပြီ။ ကျွန်မတို့နှင့် အိမ်နီးချင်း အဒေါ်လိုခင်မင်ရသောသူမှ ကျွန်မအား အင်းစိန်ဘက်တွင်ရှိသော ဆေးခန်းလိပ်စာတစ်ခုအား ပေးပါသည်။ ကျွန်မ ခံစားရသော ဝေဒနာမှာ ထိုဆရာနှင့်ကုသ၍ သက်သာခဲ့ပါသည်။ ဆေးသောက်မည့် အချိန်တွင်လည်း နာညတြဂါထာတော်ကို ရွတ်ဆိုပြီးမှ သောက်ပါသည်။

ထူးထူးခြားခြားပင် အလွန်မော၍ အသက်ရှူမဝသည့် လုံးဝပျောက်ကင်းရန် ခက်ခဲသည့် နှလုံးရောဂါမှာ အနာနှင့်ဆေးတွေ့သကဲ့သို့ ပျောက်ကင်းချမ်းသာခဲ့ပါသည်။ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ဒုတိယအကြိမ်မြောက် ရိုက်သည့် ဓာတ်မှန်တွင် သွေးကြောများကျဉ်း၍ ရောင်နေသည့် ကျွန်မ၏ နှလုံးမှာ အကောင်းပကတိပင် ရှိနေခဲ့ပါသည်။

ကျွန်မ၏ရောဂါမှာ နာညတြဂါထာတော်ကို ယုံကြည်စွာ ရွတ်ဆိုရသောကြောင့် ပျောက်ကင်းခဲ့သည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် စာဖတ်သူများအနေဖြင့် ဂါထာတော်ကို ရွတ်ဆိုနိုင်ကြရန် ရေးသားတင်ပြအပ်ပါသည်။

"နာညတြဂါထာ"

နာညတြ ဗောဇ္ဈတပ္ပသာ
နာညတြိန္ဒြိယ သံဝရာ
နာညတြ သဗ္ဗနိဿဂ္ဂါ
သောတ္ထိ ပဿမိ ပါဏိနံ
ဧတေန သစ္စ ဝဇ္ဇေန
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

<u>အနက်</u>

ဗောဇ္ဈတပ္ပာ - ဗောဇ္ဈ (၇)ပါး တရားမြတ်အကျင့်ကို၊ အညတြ- ဖယ်ကြဉ်ထား၍၊ ပါဏိနံ- သတ္တဝါတို့၏၊ သောတ္ထိ- ချမ်းသာခြင်းကို၊ နပဿာမိ- ငါဘုရားမြင်တော်မမူ၊ သဗ္ဗနိဿဂ္ဂါ- အလုံးစုံသော တပ်မက်နှစ်သက်ခြင်း ကင်းရာအမှန်မြတ်နိဗ္ဗာန်ကို၊ အညတြ- ဖယ်ကြဉ်ထား၍၊ ပါဏိနံ- သတ္တဝါတို့၏၊ သောတ္ထိ- ချမ်းသာခြင်းကို၊ နပဿာမိ- ငါဘုရားမြင်တော်မမူ၊ ဧတေန သစ္စဝဇ္ဇေန- ထိုသို့ မှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်၊ မေ- အကျွန်ုပ်အား၊ သဗ္ဗဒါ- အခါခပ်သိမ်း၊ သောတ္ထိ- ချမ်းသာခြင်းကို၊ ဟောတု- ဖြစ်ပါစေသတည်း။

စာဖတ်သူများ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

❐ သက်ဖောမာ (သာကေတ)



www.burmeseclassic.com

www.burmeseclassic.com

# နာမည်သိလျှင် ဗေဒင်ဟောပါ

မိုးအောင်(ချောင်းဆုံ)



ကျွန်ုပ်မကြာခဏ တွေ့မြင်နေရသည့် ပတ်ဝန်းကျင် ကျွန်ုပ်ကျင်လည်ကျက်စားရာနေရာတိုင်းတွင် လူတို့သည် ကိုယ်ကောင်းကြောင်း၊ သူများမကောင်းကြောင်း ပြောရသည်ကို အလွန်ဝါသနာထုံကြသည်။ ထိုသို့ပြောနေမှုလည်း လူ့ကျန်းမာရေးအရ ထမင်းစားဝင် အိပ်ပျော်ကြသည်ထင့်။ အားရပါးရ မြိန်ရေရှက်ရေ ပြောတတ်ကြသည်။

စာရေးသူ ကျွန်ုပ်အနေဖြင့် တစ်ပါးသူများ ကောင်းမွန်တိုးတက်ချမ်းသာစေဖို့ ဤဆောင်းပါးစာမူက ရည်ရွယ်သလို သူများကောင်းပြီး ကိုယ်မကောင်းကြောင်းကို ဦးစွာဖောက်သည်ချလိုပါ၏။

ယခုလ နာမည်သိလျှင် ဗေဒင်ဟောပါ ဆောင်းပါး (အခန်းဆက်)တွင် လူ့လောကထဲသို့ တစ်ဘဝအတွက် ခဏတာ ရောက်ရှိလာသည့် ညှော့သည်သစ် (ရင်သွေး) လေးအတွက် မိဘအဟောင်းအသစ် တစ်ပတ်ရစ်များ သားသမီးမွေးဖွားလာရသည်နှင့် အတွေးမမှားစေရန် ရေးရပါဦးမည်။

xxx

စာရေးသူအမည်မှာ မိုးအောင်။ ၂၄. ၁၂. ၁၉၆၁ ရက်နေ့ မြန်မာ ၁၃၂၃ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသန့်စင်ခဲ့၏။

နာမည်အရ မိုးပေါ် မိုးကောင်းကင်ကြီးကိုသာမက မိုးနတ်မင်းကြီးကိုပါ စိန်ခေါ်ပွဲတက်ထိုးပြီးတောင် အောင်နိုင်ခဲ့သလိုလို နာမည်အလွန်လှပါသည်။ အလွန်ကောင်း၏။ အားကျအတုယူဖွယ် ကောင်းသော နာမည်ကောင်းတစ်ခုဖြစ်သည်။

(ဤနေရာတွင် မိုးအောင်အမည်နှင့် ပတ်သက်ဆက်နွှယ်နေသော စာပေအနုပညာရှင်တို့၏ နာမည်တူများစွာရှိနေသော်လည်း စာရေးသူ၏အမည် မိုးအောင်တစ်ခုတည်းကိုသာ မွေးဖွားနေ့ရက်နှင့်တကွ ဗေဒင်ဟောပြ ဖောက်သည်ချပါအံ့)

xxx

စာရေးသူ မိုးအောင်ကို မွေးဖွားသော မွေးဖွားသက္ကရာဇ် ၁၃၂၃ ခုနှစ်အရ မဟာဘုတ်တိုင်ထူရသော် အောက်ပါအတိုင်း ဖြစ်ပေသည်။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

စာရေးသူသည် တနင်္ဂနွေသားဖြစ်၍ ပုတီဖွားဖြစ်သည်။ နေ့သင့်နံသင့်မှည့်ခေါ်ခြင်း မဟုတ်ဘဲ (ချော်တောငေါ့ကာ)ရာဇဂြိုဟ်၊ ကြာသပတေးနံ(မိုး)နှင့် တွဲဖက်ပြီး ကိုယ့်မွေးနံ တနင်္ဂနွေနံ (အောင်) ပုတိဂြိုဟ်နှင့် မိုက်မိုက်ကန်းကန်းမှည့်ခေါ်ပစ်လိုက်သည်။ မိုက်ကန်းလေစွတကား။

မိမိမွေးနံကို 'နာမည်၏ နောက်ဆုံးတွင် ထားသည်ကလည်း အလွန်မှားပါ၏။ နောက်ထပ်မံ၍ မွေးနေ့တနင်္ဂနွေအရ အင်္ဂဝိဇ္ဇာတိုင်ထူသော်တိုင်၏ ကောင်းပေ့ ညွန့်ပေ့ဆိုရသော ဟိုးအပေါ်ဆုံးတိုင်ထိပ်မှ ဂြိုဟ်နဝင်း ကြာသပတေးနှင့် မွေးနံ တနင်္ဂနွေဂြိုဟ်ကို ဖောက်ထိုးဖြစ်နေပြန်၏။ တနင်္ဂနွေသားအဖို့ အင်္ဂဝိဇ္ဇာတိုင်စဉ်အရ အောင်မိုးဟု မှည့်ခေါ်လျှင် မည်မျှကောင်းလိုက်ပါမည်နည်း။

မိုး ၅
↓ ၂
၆
အောင် - ၁ -
၄
၀
၃

အင်္ဂဝိဇ္ဇာတိုင်တွင် ဘဝကို တိုးတက်သက်သာချင်လျှင် အလယ်အချာမွေးနံမှ အပေါ်တက်ကာ အဆန်မှည့်ခေါ်သင့်သည်။

ယခုအမည်မှာ အစုန်နာမည်ဖြစ်၍ ဘဝကို မတိုးတက်မသက်သာစေခဲ့ပါ။

နာမည်ပေးနည်းများ တခြားဘာညာသာမကာများကို ဆက်ပြီး ဖော်ပြရန်ကိုပင် ကိုယ့်ကိုယ်ကိုယ် လက်တွန့်နေပါသည်။ ဒါတောင်မှ ကိုယ့်ရဲ့နာမည်



www.burmeseclassic.com

www.burmeseclassic.com

ကို နည်းနည်းလေး ဖနေ[illegible] လျှင် ရပါသေး၏။ စာရေးသူ၏ဖခင်က တရုတ်လူမျိုးဖြစ်၍ စာရေးသူလည်း တရုတ်ဖြစ်ပြီး အသားဖြူနေသည်။ မိုးဟူသော (မ)အက္ခရာနှင့် စသော နာမည်ရှင်များ၏ အသားအရောင်မှာ မှောင်မည်းလေ ကြိုက်လေ မဟုတ်ပါလား။

ဤသည်မှာ နေ့သင့် နံသင့်လည်း မဟုတ်။ ဘာမဟုတ် ညာမဟုတ်သော စာရေးသူ မိုးအောင် နာမည်ကို မဟာဘုတ်နှင့် အင်္ဂဝိဇ္ဇာတိုင် နှစ်မျိုးတည်းကိုသာ ဝေဖန်သုံးသပ်ပြခြင်း ဖြစ်၏။ နာမည်ပေးနည်းများစွာ ရှိခဲ့သည့်အတိုင်း အားလုံး အားလုံးနှင့် ဆက်လက် တွက်ချက်စစ်ဆေးရသော် မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့ မရိုက်သစ်ရွာ မြောက်ပိုင်းတွင် ရေတွင်းတူးရသလို တူးလေ နက်လေ ရေကြည်ရေသန့်မထွက်လေ ဖြစ်နေပေတော့မည်။

xxx

စောစောက ပြောခဲ့သလို စာရေးသူအဖေက တရုတ်၊ မော်လမြိုင်ဈေးကြီး အောက်လမ်းမကြီးတွင်နေ၏။ အမေက ဘီလူးကျွန်း ချောင်းဆုံသူ၊ ဘယ်လို ဘယ်လို ဆုံတွေ့ကြသည်မသိ။ အဖေနှင့် အမေတို့ပဲ သိကြလိမ့်မည်။ ဖူးစာလို့ပဲ မှတ်ယူရမည်။

ဒီလိုနဲ့ပဲ ၁၉၆၁ ခုနှစ်၏ အလွန်မှ အေးချမ်းလှသော ဒီဇင်ဘာလ (၂၄) ရက်တွင် မော်လမြိုင်မြို့ အမေရိကန်ဆေးရုံ ၅ ကျပ်အခန်းမှာ စာရေးသူကို မွေးခဲ့ပါ၏။

ထိုနေ့ကလည်း ခရစ်စမတ်နေ့ အကြိုနေ့ဖြစ်သည်။ ၅ ကျပ်အခန်းတွင် မွေးဖွားခဲ့သည်မှာ နည်းနည်းနောနော ငွေမဟုတ်ပါ။ ထိုခေတ် ထိုအချိန် မူလတန်းပြဆရာမ (စာရေးသူ၏ မိခင်) ရသော လခ မှ ၁၂၆ ကျပ် ဖြစ်ပြီး ရွှေတစ်ကျပ်သားကို ကျပ်(၁၈၀)ခေတ်တုန်းက ဖြစ်သည်။

[illegible] အကြိုနေ့တွင် မွေးသဖြင့် မော်လမြိုင်မြို့ အမေရိကန် ဆေးရုံအနီးရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ ဆရာမများနှင့် အဖွဲ့ပေါင်းစုံက ဆေးရုံပေါ်ရောက်လာကြ၏။ ကလေးအဖေ ဘယ်သူ ဘယ်ဝါဆိုသည်ကို စုံစမ်းမေးမြန်းကြ၏။

အဖေကလည်း လူလည်လုပ်လိုက်သေးသည်မှာ . . .

"ကျွန်တော်က ကလေးအမေရဲ့ အစ်ကိုပါ၊ ကလေးကို ဒီနေ့မွေးလို့ နိမိတ်ကောင်းတယ်ဆိုပြီး ခရစ်ယာန်ဘုရားရှိခိုးကျောင်းသွားမယ်ဆိုပြီး ထွက်သွားတာပဲဗျာ"

သို့နှင့် အဖေ့ကို ခရစ်ယာန်ဘာသာဝင်ဟု ထင်မှတ်လိုက်ကြသည်။ ခရစ်စမတ် မတိုင်မီနေ့(အကြိုနေ့)တွင် မွေးသဖြင့် ယေရှုရဲ့တမန်တော်ဟု ပြောကြသည်။ ခုတင်ပတ်လည်တွင် ဂီတာတီးပြီး ကျမ်းစာသီချင်းများ သီဆိုကြသည်။ လက်ဆောင်များလည်း ၂၀၀ ဖိုးခန့် ပေးသွားကြ၏။ ထိုခေတ်က ငွေ ၂၀၀ မှာ နည်းမှတ်လို့။

xxx

မပြောမဆို စာရေးသူ (ကျွန်ုပ်) အသက်တစ်နှစ်ခွဲခန့်တွင် အမေ နှင့် အဖေတို့ လမ်းခွဲလိုက်ကြ၏။

လူ့လောကထဲသို့ ရောက်လာပြီး လမ်းဖြင့် မလျှောက်ရသေးမီ လမ်းလျှောက်တတ်ရန် များစွာအားခဲခဲ့ရ၏။ လမ်းလျှောက်တတ်လာပြန်တော့လည်း တစ်ခြမ်းပဲ့ဘဝကြောင့် သူများတစ်လှမ်းလျှောက်နေချိန်တွင် ကိုယ်က မပြေးရုံတမယ် လေးငါးဆယ်လှမ်း လျှောက်ခဲ့ရ၏။ အဖေနှင့်အမေတို့ လမ်းခွဲခဲ့ချိန်တွင် အမေနှင့်သာ တစ်ခြမ်းပဲ့ ကြီးပြင်းခဲ့ရသည်။ သို့သော်လည်း လုံးဝမကျွေးမွေး မပေးကမ်းခဲ့သော အဖေမှာ ဘဝတွင် တော်တော်အရေးပါခဲ့သည်။

မွေးစာရင်းထည့်သွင်းတုန်းက တစ်ခါ၊ ကျောင်းအပ်တော့တစ်ခါနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်တော့ တစ်ခါ ဖြစ်သည်။ ရင်အုပ်မကွာအရိပ်တကြည့်ကြည့်ဖြင့် ဂရုတစိုက်ကျွေးမွေး ဝတ်ဆင်ခဲ့သော အမေ့နာမည်က မျက်နှာသာ မရခဲ့ရှာပါ။

လိုရင်းကို အတိုချုပ်ရလျှင် စာရေးသူ(ကျွန်ုပ်)၏ ဘဝလမ်း တစ်လျှောက်လုံးတွင် လောကဓံတရား၏ အရိုက်အပုတ် အထုအထောင်းတို့၏ ဒဏ်များကို ကြိုးဝိုင်းထဲတွင် ရွှေခါးပတ်ချန်ပီယံရှေ့မှုဝံနှင့် ဆုံတွေ့ရသလို အလူးအလဲခံခဲ့ရသည်။

xxx

ဤနေရာတွင် ရှင်းပြစရာရှိပါ၏။

စာရေးသူ (ကျွန်ုပ်)ကို မွေးဖွားပြီး နာမည်ပေးဗေဒင်ပညာကို နားလည်တတ်ကျွမ်းသူနှင့် အဖေကိုယ်တိုင်သွားရောက်၍ တွက်ချက်မေးမြန်းကာ မောင်တစ်လုံးတည်း ကင်ပွန်းတပ်မင်္ဂလာပြုကာ မှည့်ခေါ်ခဲ့သည်။

သို့ဆိုလျှင် ပုတိ၊ ဘင်္ဂ၊ မရဏ ဖွားများအတွက် နေ့သင့် နံသင့် မမှည့်အပ်သော အချက်နှင့် ညီညွတ်သည်။ မဟာဘုတ်တွင် ရာဇဖွားအဓိပ္ပာယ်ကို အားကူထားသည်။

အင်္ဂဝိဇ္ဇာတိုင်တွင် နဝင်းစီး (တိုင်ထိပ်)မှ ကြာသပတေးနံ တစ်လုံးတည်း နာမည်ကောင်း တစ်ခုဖြစ်သည်။ ထိုစဉ်က အဖေသွားရောက်ပြီး မေးမြန်းခဲ့သော(နာမည်ပေးခဲ့သော) ပညာရှင်မှာ ပညာပါပါ အဓိပ္ပာယ်ရှိရှိ ပေးခဲ့သော နာမည်ဖြစ်သည်။

စာရေးသူ (ကျွန်ုပ်) လူမှန်းသိတတ်စ အရွယ်တွင် မိခင်နှင့်သာ ကြီးပြင်းခဲ့ရသဖြင့် အဖေဆိုသော ဖခင်ကို အပြုံးတွေယိုဖိတ်စင်ပြီး အမုန်းစိတ်တွေဝင်ကာ "မောင်" ဆိုသော နာမည်ကို ပင် မလိုချင်တော့ဘဲ "မိုးအောင်"ဟုသာ ကိုယ့်ဟာကို အမည်တွင်စေခဲ့သည်။

ကောင်းလေစွတကား။

❒ မိုးအောင်(ချောင်းဆုံ)

သိပ္ပံလက္ခဏာနှင့်နက္ခတ္တဝေဒပညာရှင်



www.burmeseclassic.com

www.burmeseclassic.com


# မုဆိုးဖို မုဆိုးမ ဘာကြောင့်ဖြစ်ကြရသလဲ

ဆရာကြီးဦးအောင်မြိုင်

လွန်ခဲ့တဲ့ ၁၉၈၂ ခုနှစ်ခန့်က ကျွန်ုပ်ဟာ မြစ်ကြီးနား ဒေသကောလိပ်မှာ တက္ကသိုလ်စာပေးစာယူ အနီးကပ်သင်တန်း ဆယ်ရက်တက်ခဲ့စဉ်က သူမနဲ့ စတင်သိကျွမ်းခင်မင်ခွင့် ရခဲ့တာပါ။ အဲဒီတုန်းက သူမရဲ့အသက် (၂၆)နှစ်၊ ကလေး နှစ်ယောက်မိခင် အိမ်ထောင်ရှင်ဘဝ ဖြစ်ပါတယ်။


ကျွန်ုပ်ကတော့ အခကြေးငွေမယူဘဲ လက္ခဏာကြည့် ရှုဟောပြောပေးသူဖြစ်လို့ အတန်းဖော် အမျိုးသား၊ အမျိုးသမီး အတော်များများနဲ့ ရင်းနှီးသိကျွမ်းရခြင်းပါပဲ။

ယခု ဖော်ပြပေးလိုက်တာဟာ သူမရဲ့ဘယ်လက်ဖဝါး ပြင်ပုံစံ ဖြစ်ပါတယ်။





“က” အက္ခရာနဲ့ ညွှန်ပြပေးထားတာက အင်္ဂါဂြိုဟ်ခွင် ထဲ တိုးဝင်နေတဲ့ ဥပဒ်လမ်းတွေနဲ့ ခက်ရင်းခွလမ်း ထင်ရှားနေခြင်း ဖြစ်ပါတယ်။

ဒီသင်္ကေတရှိသူများဟာ အိမ်ထောင်ရေး ကံဆိုးတတ်တယ်။ အိမ်ထောင်ရေး အဆင်မပြေ၊ ကွဲကွာပျက်စီး၊ အိမ်ထောင်ရေးသောက ကြုံတတ်တယ်။ ဒီအကြောင်းတွေ သူမကို ကြိုတင်ဟောပြောခဲ့ဖူးတယ်။





“ခ” အက္ခရာနဲ့ ညွှန်ပြထားတာဟာ လက်သန်း အောက် ဗုဒ္ဓဟူးဂြိုဟ်ခွင်မှာ ကြက်ခြေသင်္ကေတ ထင်ရှားရှိခြင်းဖြစ်တယ်။ နှလုံးလမ်းအပြတ်တစ်ခုနဲ့ နီးကပ်နေတဲ့အတွက် အိမ်ထောင်ရေး၊ သားသမီးရေးကိစ္စတွေ ပူပန်သောက ကြုံနိုင်ကြောင်း၊ အိမ်ထောင်ရေးမှာ ကွဲကွာမှု ကြုံတတ်ကြောင်း သတိပေးခဲ့ပါသေးတယ်။




“ဂ” အက္ခရာနဲ့ ညွှန်ပြထားတာဟာ လက်သန်း အောက် အိမ်ထောင်ရေးလမ်း အနီးက ထပ်ပြတ်လမ်းဟာ အောက်ဘက်နှလုံးလမ်းကို ဖောက်ဆင်းသွားတယ်။

ယခုလို အိမ်ထောင်ရေးလမ်းချိုး ရှိသူဟာ အိမ်ထောင်ရေးမှာ ကွဲကွာပျက်စီးခြင်း၊ မုဆိုးဖို မုဆိုးမ ဖြစ်တတ်ခြင်းလို့ လက္ခဏာပညာ စာအုပ်တော်တော်များများမှာ ဖတ်ရှုမှတ်သားခဲ့ရဖူးတယ်။




“ဃ” အက္ခရာနဲ့ ညွှန်ပြထားတာကတော့ နှလုံးလမ်းကြောင်းဟာ ခက်ရင်းခွပုံနဲ့ ပြတ်နေခြင်းဖြစ်ပါတယ်။


ဒီလို နှလုံးလမ်း ခက်ရင်းခွပြတ်ဟာ နှလုံးရောဂါ အပြင်းအထန် ခံစားရခြင်း၊ နှလုံးရောဂါကြောင့် ကွယ်လွန်ခြင်း၊ နှလုံးသားကြေကွဲဝမ်းနည်း ပူဆွေးရခြင်းတွေ ဖြစ်တတ်တယ်။ ဒါမျိုးတွေ ဟောလိုက်တော့ သူမက ပြုံးနေတယ်။ “မှန်လား မမှန်ဘူးလား ဆိုတာတော့ စောင့်ကြည့်ရဦးမယ်” လို့လည်း ပြန်ပြောတယ်။

အဲဒီတုန်းက သူမတို့ဇနီးမောင်နှံ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com




ဒီအဟောမျိုးက ယုံနိုင်ဖို့ ခက်ခဲတာပေါ့။ ပြီးတော့ သူမတို့ဇနီးမောင်နှံက မြန်မာ ဗုဒ္ဓဘာသာ မဟုတ်ဘူး။ ဘာသာခြားကိုးကွယ်တဲ့ တိုင်းရင်းသူ တိုင်းရင်းသားတွေလေ။ သူတို့ဇနီးမောင်နှံ နှစ်ဦးစလုံး ကျွန်ုပ်နဲ့ ခင်မင်ရင်းနှီးကြပါတယ်။

ကျွန်ုပ်က ဝန်ထမ်း၊ အလုပ်အကိုင်နဲ့ ဟိုပြောင်းဒီပြောင်း၊ သူမလည်း ဝန်ထမ်း၊ အလုပ်အကိုင်နဲ့ ဟိုပြောင်းဒီပြောင်း ကွဲကွာသွားတာ ဆယ်နှစ်မက ကြာသွားပြီပေါ့။

ကျွန်ုပ်လည်း ဝန်ထမ်းအလုပ်ကထွက်ပြီး ရန်ကုန်မြို့မှာ နာမည်အထိုက်အလျောက် ကျော်ကြားတဲ့ လက္ခဏာဗေဒင်ဆရာ လုပ်ငန်းနဲ့ အခြေတကျ ဖြစ်နေချိန် ကျွန်ုပ်ရဲ့ လက္ခဏာဗေဒင်ဟောခန်းကို မမျှော်လင့်ဘဲ သူမ ရောက်ရှိလာပါတယ်။


ဟိုတုန်းက သူမကို ဟောခဲ့တာတွေ အခုတော့ မှန်သွားပြီဆိုတဲ့အကြောင်း၊ သူမရဲ့ခင်ပွန်း ရုတ်တရက် ကွယ်လွန်သွားလို့ မုဆိုးမဘဝ ရောက်နေပြီဖြစ်ကြောင်း၊ ရုံးစာရေးမလေးဘဝမှ အခုမြို့နယ်အဆင့် အရာရှိဖြစ်နေကြောင်းနှင့် နောက်ထပ် အိမ်ထောင်ရေးကံကြမ္မာအကြောင်းတွေ သိချင်ကြောင်း စသဖြင့် ပြောလည်းပြော မေးလည်းမေး လုပ်တော့တာပေါ့။

နှလုံးလမ်းကြောင်း၊ အိမ်ထောင်ရေးလမ်းကြောင်းနဲ့ အင်္ဂါပြိုဟ်ခွင်တွင် ညှံ့လွန်းရင် အမျိုးသမီးတို့ရဲ့ဘဝမှာ အိမ်ထောင်ပျက်စီး မုဆိုးမဖြစ်စေတတ်တယ်ဆိုတာ ကြိုသိဖို့လိုပါတယ်။

အဲဒီလို ကံကြမ္မာအဆိုးတွေ ဖြစ်မလာအောင် အစစအရာရာ သတိရှိပြီး ကာကွယ်မှုတွေ လုပ်မယ်ဆိုရင် မုဆိုးမဖြစ်ရမယ့်ကံကို ကျော်လွှားနိုင်မယ်လို့ ကျွန်ုပ် ယုံကြည်ပါတယ်။


* * *

အသက် (၃၉)နှစ်အရွယ် အမျိုးသမီးတစ်ဦးရဲ့ ဘယ်လက်ဖဝါးပြင်ပုံစံကို သေချာလေ့လာကြည့်ရှုပါ။




"က" အက္ခရာနဲ့ ညွှန်ပြထားတာဟာ နှလုံးလမ်းကြောင်းမှာ အပြတ်တွေရှိနေခြင်းပါပဲ။

ဒီလိုနှလုံးလမ်းကြောင်းမျိုးဟာ နှလုံးသားရေးရာ ကိစ္စတွေမှာ ကံမကောင်းဘူး။ ကွဲကွာပျက်ပြားခြင်းတွေ ကြုံရတတ်တယ်။ သာယာပျော်ရွှင် ခိုင်မြဲမှု မရတတ်ဘူး။








www.burmeseclassic.com

www.burmeseclassic.com


မူလအသက်လမ်း တိုပေမယ့် အရံအသက်လမ်း ရှည်ပါတယ်။ ဒါကြောင့် သူမကိုယ်တိုင်ကတော့ အများအားဖြင့် ကျန်းမာဘေးကင်း နုပျိုသန့်စွမ်း အသက်ရှည်တတ်တယ်။




"ခ" အက္ခရာနဲ့ ညွှန်ပြထားတာဟာ ကံလမ်း(ထီးရိုး) အပြတ် အပြတ်တွေ များနေခြင်းဖြစ်ပါတယ်။

ဒီလိုကံလမ်းကြောင်း အပြတ်များဟာ အိမ်ထောင်ရေး အလုပ်အကိုင်၊ စီးပွားရေးတို့ကို အညံ့အပျက် အပြောင်းအလဲများ ဖြစ်ပေါ် စေတတ်တယ်။ တည်ငြိမ်ခိုင်မြဲတဲ့ ကံကြမ္မာမျိုး မရတတ်ဘူး။




"ဂ" အက္ခရာနဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းအတွင်းမှာ အရံအသက်လမ်းကြောင်း ထင်ရှားအားကောင်းစွာရှိခြင်း ဖြစ်တယ်။

"ဃ" အက္ခရာနဲ့ ညွှန်ပြထားတာဟာ လက်ခလယ်အောက် စနေဂြိုဟ်ခွင်အောက်မှာ နှလုံးလမ်းကြောင်းပေါ်မှ အောက်ကိုခွဲဆင်းတဲ့ဟာ အင်္ဂါဂြိုဟ်ခွင်ထဲအထိ ရောက်ရှိနေတယ်။

ဒီလမ်းခွဲရှိသူများဟာ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကံဆိုးတတ်ကြတယ်။ ကွဲကွာမှုတွေနဲ့ ကြုံတတ်တယ်။ ခင်ပွန်းဖြစ်သူကို ဆုံးရှုံးရတတ်တယ်။

သူမရဲ့အသက် (၃၆)နှစ်ခန့် မှာ ခင်ပွန်းကွယ်လွန်ခဲ့ပြီး သားသမီးသုံးယောက်နဲ့ မုဆိုးမဘဝကို ဖြတ်သန်းနေရကြောင်း သိရပါတယ်။

နှလုံးလမ်းကြောင်း၊ ကံလမ်းကြောင်း၊ အသက်လမ်းကြောင်း၊ စနေဂြိုဟ်ခွင်၊ အင်္ဂါဂြိုဟ်ခွင်တို့မှာ အညံ့အဖျက် အပျက်သင်္ကေတတွေ ရှိနေရင် အိမ်ထောင်ရေးမှာ ဒုက္ခသောကတွေ ကြုံရဖို့ သေချာသလောက် ရှိပါတယ်။ အိမ်ထောင်မပြုဘဲ နေနိုင်ရင် အကောင်းဆုံးပေါ့။

အိမ်ထောင်ရေး ဒုက္ခ သောကများ ကင်းဝေးကြပါစေ။

❐ ဆရာကြီးဦးအောင်ဖြိုး





www.burmeseclassic.com

www.burmeseclassic.com

ခ နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၃ ခုနှစ်၊ မေလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ နှစ်ဌာနတို့တွင် ဘုန်းကံတက်နေသော ကာလဖြစ်ရာ ဇာတာရှင်အနေဖြင့် အခက်အခဲများ ရှိလင့်ကစား လွတ်မြောက်မည်။ မိတ်ဆွေတချို့အပေါ် စိတ်တိုင်းမကျဖြစ်လင့်ကစား အကျိုးပေးမည်။ မိတ်ဆွေများတွေ့မည်။ သွားလာလှုပ်ရှားမှုများမည်။ လုပ်ငန်းကြီးတစ်ခုလုပ်ရန် အခြေပြုရကိန်းရှိ၏။ စက်ကိရိယာအသစ်များ ဝင်မည်။ ငွေကြေးအများဆုံးသုံးစွဲနိုင်မည်။ ဆွေမျိုးညာတကာအတွက် စိတ်သောကရှိ၏။ ပြည်ပရေးရာကိစ္စများ အောင်မြင်မည်။ ဝန်ထမ်းများ အလုပ်တာဝန်များမည်။

ယတြာ - သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များအား မေတ္တာပို့ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - အစာအိမ် အူသိမ်အူမတွင် ဥပဒ်ရှိ၏။

ယတြာ - ဓမ္မာရုံတွင် တံမြက်လှည်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အင်္ဂါနေ့ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့သည် ညံ့၏။

**မှတ်ချက်။** နာယကဂုဏ် အာရုံပြုပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာန၏ ဆိုးအားကြောင့် မူလဌာန၏ကောင်းအားကို ထိခိုက်လျက်ရှိရာ ပြဿနာဟောင်းများနှင့် ရင်ဆိုင်ရတတ်ခြင်း၊ မကောင်းသောသတင်းပျံ့နှံ့မှုကြောင့် စိတ်ဆင်းရဲရခြင်း၊ သိက္ခာထိခိုက်ခြင်းများ ဖြစ်တတ်၏။ အသိပညာအသစ်များ လက်ခံရရှိမည်။ မြေကောင်းဝင်ကိန်းရှိ၏။ အကျိုးပေး၏။ စက်ပစ္စည်းများ ပျက်ကိန်းရှိ၏။ စက်ပစ္စည်းနှင့်ပတ်သက်၍ အန္တရာယ်ရှိ၏။ လုပ်ငန်းများ ပုံမှန်ရှိ၏။ ဝန်ထမ်းများ မှားယွင်းချက် တစ်စုံတစ်ရာကြောင့် ဖြေရှင်းရကိန်းရှိ၏။

ယတြာ - မုန့်လုံးရေပေါ် မွေးနေ့တွင် ကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - နှစ်ဦးပြိုင် အိမ်ထောင်ရေး ရှောင်ပါ။

(ဂ) **ကျန်းမာရေး** - နှလုံးအင်အားကောင်းခြင်း၊ ဓာတ်လိုက်တတ်ခြင်း ဖြစ်တတ်၏။

ယတြာ - ထန်းလျက်နှင့် ဘုရားဆွမ်းတော်တင်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

**မှတ်ချက်။** အကုသိုလ်ကင်းသော လျှို့ဝှက်အကြံအစည်သည် လျှို့ဝှက်အပ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ညံ့အားကို ယခုလအဖို့ ပဝတ္တိဌာန၏ ကောင်းအားများက ဖေးမကူညီမည်။ တိမ်မြုပ်ကြန့်ကြာနေသော အကြံအစည်များ အမှတ်မထင် အကောင်အထည်ဖော်ရတတ်၏။ မိတ်ဆွေအချို့၏ အကျိုးမပေးမှု အနည်းငယ်ရှိ၏။ နှစ်ဦးပိုင်စပ်တူလုပ်ငန်းများ ငွေကြေးများအတွက် သောကအနည်းငယ်ရှိ၏။ စက်ကိရိယာဟောင်းများကို အသစ်ဖြင့် အစားထိုးရတတ်၏။ တနင်္လာ၊ စနေနံ သားသမီးများအတွက် သောကရှိ၏။ ခြေနှစ်ချောင်းဝင်ကိန်းရှိရာ မကောင်းပါ။ ဝန်ထမ်းများ ရာထူးတစ်ခုအတွက် ယှဉ်ပြိုင်ရကိန်းရှိ၏။

**ယတြာ** - ဘုရား၏ မွေးနေ့ထောင့်တွင် (ရင်ပြင်အပြင်) အုန်းပင်စိုက်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - လက်ကျိုးတတ်၏။


**ယတြာ** - တန်ခိုးကြီးဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၇)ဂဏန်းနှင့် စနေနေ့ ညံ့၏။

***မှတ်ချက်။*** အကူအညီလိုသူများကို အကူအညီပေးပါ။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားများကို ပဝတ္တိဌာန၏ ကောင်းအားဖြင့် ကယ်မမည့်သဘောရှိရာ မကောင်းသတင်းပြန့်မှုများ ပျက်ပြယ်သွားလျက် ဂုဏ်သိက္ခာရှိလာမည်။ လူကြီးသူမတို့၏ ဘုန်းကံရှိပ်ကြောင့် လမ်းဖြောင့်လမ်းမှန်ကို ရောက်ရှိမည်။ မှားသူများ မိမိလက်အောက်ငုပ်လျှိုးဝင်လာကိန်း ရှိ၏။ ဗုဒ္ဓဟူးနံနှင့် ရွှေဝင်ကိန်းရှိ၏။ ခြေနှစ်ချောင်းကို သတိဖြင့်ကူညီပါ။ အမွေကိစ္စ၊ မြေကိစ္စ ယှဉ်ပြိုင်စကားပြောရမည်။ နိုင်မည်။ ဆွေမျိုးအတွင်း မိမိအား အထင်မှားခံရတတ်သည်။ ခရီးဝေး မသွားသင့်။ ပြည်ပရေးရာကိစ္စ မကောင်းသေးပါ။ ဝန်ထမ်းများ အလုပ်ထွက်လိုစိတ်ပေါက်တတ်၏။ မထွက်သင့်ပါ။

**ယတြာ** - ဘုရားတွင် မိမိမွေးနံထောင့်၌ ထီးလှူပါ။ သို့မဟုတ် သံဃာတော်များကို ထီးလှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်မတင့် ရှိတတ်မည်။


(ဂ) **ကျန်းမာရေး** - ဆေးမှားတတ်၏။

**ယတြာ** - မုန့်စိမ်းပေါင်း ဆွမ်းတော်တင်ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၂)ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

***မှတ်ချက်။*** ဆွေမျိုးထဲက လူငယ်ကို ဂရုစိုက်ပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာနများတွင် ကောင်းအားများတွေ့ရသဖြင့် ထင်ပေါ်ကျော်ကြားမည်။ သြဇာရှိမည်။ လူရိုသေမည်။ စပ်တူလုပ်ငန်းများလုပ်ရန် လက်တွဲဖိတ်ခေါ်လိမ့်မည်။ ပြည်ပဆိုင်ရာ လုပ်ငန်းကြီးများနှင့် တွဲစပ်လုပ်ကိန်းရှိ၏။ နှစ်ဦးပိုင်မြေ ဝင်ကိန်းရှိ၏။ ရွှေအတုများ ဝင်ကိန်းရှိ၏။ လက်မခံသင့်ပါ။ စနေသားသမီးအတွက် သောကရှိ၏။ အိမ်တွင်း/လုပ်ငန်းတွင်း ပစ္စည်းပျောက်တတ်၏။ ခိုးသူသည် စနေ/ဗုဒ္ဓဟူးသားသမီး ဖြစ်တတ်၏။ ဝန်ထမ်းများ ပူးတွဲတာဝန်များ ထမ်းဆောင်ရတတ်၏။ ပြည်ပခရီးစဉ်များ ကောင်း၏။

**ယတြာ** - ရေသန့်ကုသိုလ် လုပ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။ သာယာ၏။

(ဂ) **ကျန်းမာရေး** - လှေကား၊ အမြင့်မှ လိမ့်ကျတတ်၏။

**ယတြာ** - ဘုရားပန်းအိုး အသစ်လဲပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၇)ဂဏန်းနှင့် စနေနေ့တို့ ညံ့၏။

***မှတ်ချက်။*** ကုသိုလ်ကံတရားကို ယုံပါ။



www.burmeseclassic.com

www.burmeseclassic.com



## သောကြာသားသမီးများ

(က) **စီးပွား/လူမှု** - မူလ ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် ဆိုးအားများပြည့်နေ၏။ နာမည်ပျက်တတ်၏။ သိက္ခာ ထိခိုက်တတ်၏။ စကားမှားမှုကြောင့်လည်းကောင်း၊ လွယ်လွယ်နှင့်ကတိပေးမှု ကတိစကားတစ်ခုကြောင့် လည်းကောင်း အရှုပ်အရှင်းရှိမည်။ အထင်မှားခံရတတ်၏။ သောကြာနံလုပ်ငန်းတစ်ခုခု (အနုပညာ၊ ဂီတ၊ ခရီးသွားလာရေး)အတွက် မအောင်မမြင် ဖြစ်နေတတ်၏။ မိမိအမည်ကို ခုတုံးလုပ်ခံရတတ်၏။ စက်ပစ္စည်း ဝင်ကိန်းရှိ၏။ ပစ္စည်းမမှန် အကျိုးမပေး လက်မခံသင့်ပါ။ ဝန်ထမ်းများ အရက်သေစာကြောင့် နာမည်ပျက်တတ်၏။

ယတြာ - သီလစောင့်ထိန်းပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - ဥပေက္ခာမပြုသင့်ပါ။

(ဂ) **ကျန်းမာရေး** - ယားယံခြင်း၊ ရောင်ခြင်းဖြစ်တတ်၏။

ယတြာ - ဘုရားယပ်တော်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အင်္ဂါနေ့တို့ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

***မှတ်ချက်။*** တစ်ဖွတ်ထိုးပြုကျင့်မှုကို ရှောင်ပါ။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** - ပဝတ္တိဌာနက မူလဌာနကို ဆိုးအားဖြင့် ခြိမ်းခြောက်နေ၏။ ယင်းကြောင့် ဆုံးဖြတ်ချက်များတတ်၏။ မိမိ၏ ဂုဏ်သိက္ခာထိပါးစေမည့် လုပ်ရပ်များကို သတိလက်လွတ်ပြုလုပ်တတ်၏။ အရွဲ့တိုက်ချင်စိတ် ပေါ်တတ်မည်။ ဆင်ခြင်ပါ။ မိတ်ကောင်းဆွေကောင်းတွေ့မည်။ ဘုံဗိမာန်အသစ်များ ရရှိမည်။ အ,တဲ့သူများ မိမိအရိပ်အောက် ဝင်ရောက်ခိုအောင်းခွင့်တောင်းမည်။ သတိဖြင့်လက်ခံ ဆက်ဆံပါ။ နှစ်ဦးပိုင် ဗုဒ္ဓဟူးနံပစ္စည်းကြောင့် သောကရှိ၏။ မိမိ၏ ငွေကြေးပစ္စည်းကို တနင်္ဂနွေနံ သားသမီးက ခိုးယူတတ်၏။ ဝန်ထမ်းများ ဌာနစည်းကမ်းကို လေးစားပါ။

ယတြာ - အာနာပါန ထူထောင်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - အိမ်တွင်းရေး တန်ဖိုးထားပါ။ ငယ်သူများ ထိန်းမနိုင် သိမ်းမနိုင်ဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - ဦးနှောက်နှင့်အာရုံကြော ဥပဒ်ရှိ၏။

ယတြာ - ရေစစ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့တို့ အကျိုးပြု၍ (၆)ဂဏန်းနှင့် သောကြာနေ့တို့ ညံ့၏။

***မှတ်ချက်။*** ရုက္ခစိုးဆွမ်းကပ်ပြီး လိုရာဆုတောင်းပါ။


**မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။**

**ဦးညွန့်လှိုင်** (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၄၀၀၉၃၃

**နေ့စဉ်** - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

(ယတြာအတွက် သီးခြားပေးရန် မလိုပါ။)

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ် ရာသီခွင်နှင့် မေလဟောကိန်းများ

ဆရာဦးခန့်ကျော်
(အဘိဓာန်ကျမ်းပြုပညာရှင်)



## CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၂ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း စီးပွားရေး၊ လူမှုရေးတို့တွင် ထူးထူးခြားခြား ပြောင်းလဲမှုများရှိမည်။ မိတ်ကောင်းဆွေကောင်းများ တွေ့ရတတ်ခြင်း၊ ချစ်သူခင်သူ ပေါများရခြင်းများရှိမည်။ စာပေဆိုင်ရာလုပ်ငန်းဖြစ်သော ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေခြင်း၊ ဘာသာပြန်လုပ်ငန်း လုပ်ကိုင်ခြင်းတို့ဖြင့် ငွေကြေးအဆင်ပြေနိုင်ခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါကလည်း လုပ်ငန်းတာဝန်များပြားနေခြင်း၊ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ လုပ်ငန်းနေရာဌာန ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ မိသားစု အလှူအတန်းကုသိုလ်များလည်း ပြုရမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၅၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၅၊ ၂၈၊ ၃၀)ရက်များသည် သင့်အတွက် ကံကုသိုလ် ကောင်းစေသောရက်များဖြစ်၍ အဆိုပါရက်နှင့် တိုက်ဆိုင်ပြီး ထီထိုးခြင်း၊ လုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်ခြင်းပြုသင့်သည်။ ထီထိုးမည်ဆိုပါက (၅၊ ၁၊ ၀၊ ၈)ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ ဤကာလအတွင်း ဂရုစိုက်ရန်လိုမည်။ နှလုံးအားနည်းခြင်း၊ အသက်ရှူမဝခြင်း၊ ရင်ကျပ်ခြင်းများဖြစ်တတ်သည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အနေဝေးနေသော ချစ်သူနှင့်တွေ့နိုင်ရန်အချစ်စွန့်စားရမှုများရှိမည်။



## AQUARIUS
### ကုံ့ရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ဤကာလအတွင်း လက်ရှိစီးပွားရေးလုပ်ငန်းအပြင် အမျိုးမတူသော အခြားစီးပွားရေးလုပ်ငန်းတစ်ခုကိုလုပ်ကိုင်ရန် စိတ်ကူးအကြံဉာဏ်ကောင်းများ ပေါ်ပေါက်လာမည်။ လက်တွေ့ အကောင်အထည်ဖော် လုပ်ကိုင်နိုင်ရန်အတွက်လည်း အခြေအနေ အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်။ သတ္တိရှိရှိ နှင့် ဆုံးဖြတ်ချက်ခိုင်မာရန်တော့ လိုမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်တတ်မည်။ အထူးသဖြင့် နှစ်ဖက်ဆွေမျိုး အသိုင်းအဝိုင်းကြောင့် စိတ်ဘဝင်မကျရခြင်းများ ရှိမည်။ ကုံရာသီဖွားများအနေဖြင့် ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးပါ။ ထီထိုးမည်ဆိုပါက (၈၊ ၄၊ ၃၊ ၀)ဂဏန်းများ ပါပါစေ။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်စာမေးပွဲ ဖြေဆိုရခြင်း၊ သင်တန်းများ မတက်မဖြစ် တက်ရခြင်းများရှိမည်။ ပညာရေး လိုက်စားသူဖြစ်ပါက မိမိဆန္ဒရှိသည်များ ဖြစ်မြောက်မည် ဖြစ်သော်လည်း ပထမပိုင်းတွင် အခက်အခဲကလေးများနှင့် ကြုံရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သွေးသားဆိုင်ရာဝေဒနာ ဖြစ်ပေါ်ခံစားရခြင်း၊ ခွဲစိတ်ကုသမှု ခံယူရခြင်းများရှိမည်။ အချစ်ရေးမှာ လူပျိုကြီး၊ အပျိုကြီးများ ချစ်သူရည်းစားရတတ်ခြင်း၊ ရည်ရွယ်ချက်မရှိဘဲ အိမ်ထောင်ပြုလိုက်ရခြင်းများ ရှိမည်။



## PISCES
### မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း ငွေကြေးကိစ္စ အဆင်မပြေ ဖြစ်ရတတ်မည်။ ရန်ပြဿနာများလည်းဖြစ်တတ်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အပြိုင်အဆိုင် အတိုက်အခံများ ရှိနေမှုကြောင့် စိတ်အနှောင့်အယှက်ကြီးကြီးမားမားဖြစ်ရတတ်သည်။ မည်သည့်အရေးကြီးသော ကိစ္စအတွက်ကိုမဆို စနေသား လူကြီး၊ မိဘ၊ အကြီးအကဲ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် တိုင်ပင်ပြောဆို အကြံဉာဏ်တောင်းခံခြင်း ပြုလုပ်သင့်သည်။ သင်သည် ဤကာလအတွင်း ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေးများ အလုံးအရင်းနှင့်ဝင်ခြင်း၊ လက်ဆောင်ပစ္စည်းများရရှိခြင်း၊ စုတ်, လာဘ် နှစ်မျိုးစလုံး ဝင်ခြင်းများရှိမည်။ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၁၊ ၆) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစု တကွဲတပြားဖြစ်တတ်သည်။ ထို့ကြောင့် မိမိအိမ်ထောင်ဖက်နှင့် ခွဲနေစရာအကြောင်းများရှိပါက ခေတ္တခွဲခွာနေလိုက်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြင့် ယတြာချေပေးလိုက်ပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ ခြေထောက်ပိုင်း(သို့)မျက်နှာပိုင်းတို့တွင် မတော်တဆ ထိခိုက်အနာတရ ဖြစ်တတ်သည်။ သင့်အနေဖြင့် ဘာသာရေးအလုပ်များ၊ ကောင်းမှုကုသိုလ်အလုပ်များ ပြုလုပ်ရင်း အခြေအနေကောင်းများကို စောင့်ဆိုင်းသင့်သည်။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ဤကာလအတွင်း ကံကုသိုလ်အကောင်း၊ အဆိုးများ ရောနေဦးမည်ဖြစ်၍ မိမိ၏လုပ်ငန်းဝင်ငွေ အတက်အကျ ရှိနိုင်မည်။ သို့သော် မိတ်ဆွေကောင်း၊ ဆရာသမားကောင်းများနှင့် တွေ့ဆုံရတတ်သည့်အပြင် ယုံကြည်စိတ်ချရသော ဇာပည့်ကောင်းများနှင့်လည်း ဆုံစည်းရတတ်သည်။ လောလောဆယ်အနေဖြင့် လုပ်ငန်းချဲ့ထွင်လုပ်ကိုင်ရန် စီစဉ်ထားခြင်းများရှိပါက ခေတ္တရပ်ဆိုင်းထားသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက ငွေကုန်ကြေးကျများရတတ်ခြင်း၊ အိုးအိမ်နေရာ ပြောင်းရွှေ့ရ ခြင်း၊ မိမိအိမ်ထောင်ဖက်နှင့် ပဋိပက္ခ စိတ်ဆိုးစကားများရခြင်းများ ရှိနိုင်မည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် ကံကောင်းလိမ့်မည်။ ချစ်သူမရှိသေးသူများ ချစ်သူရတတ်မည်။ ချစ်သူရှိပြီးသူများ မိမိချစ်သူနှင့် စေ့စပ်ကြောင်းလမ်းရခြင်း၊ ပျော်ရွှင်ရခြင်း၊ လက်ထပ်မင်္ဂလာပြုရတတ်ခြင်းများရှိမည်။ ကျောင်းသားဖြစ်ပါက ပညာရေး စိတ်ဝင်စားမှု အားနည်းနေမည်။ ကျန်းမာရေးတွင် ကျောနှင့် ရင်ဘတ်အောင့်ခြင်း၊ အစာမကြေခြင်း၊ ဝမ်းချုပ်ခြင်းများ ဖြစ်တတ်သည်။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၆၊ ၉၊ ၀၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။ အလုပ်အကိုင် ရှာဖွေသူများလည်း စိတ်ချမ်းသာစရာ သတင်းကောင်းများ ကြားရမည်။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ရန် ကြိုးစားထားမှုများ အဆင်ပြေနိုင်မည်။ မည်သည့်ကိစ္စမဆို မိမိကိုယ်တိုင် ပါဝင်ဦးဆောင် လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေမှုများ ပိုနိုင်မည်။ သို့မဟုတ်ပါက အလိမ်ခံရတတ်ခြင်း၊ အမှုဖြစ်တတ်ခြင်း၊ အမှုပတ်တတ်ခြင်းများ ရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်အဆင်ပြေမှုများ ရှိမည်။ ရာထူးတိုးရန် အလားအလာကောင်းများလည်း ရှိမည်။ ပြိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၆၊ ၂၊ ၀၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။ ပညာသင်ကျောင်းသားဖြစ်ပါက ရင်ဆိုင်နေရသော အခက်အခဲတစ်ခု သူ့အလိုလို အဆင်ပြေသွားလိမ့်မည်။ သို့သော် ဤကာလအတွင်း ကျန်းမာရေးအတွက် ဂရုစိုက်ရန်လိုမည်။ သွေးတိုးခြင်း၊ ရုတ်တရက် သွေးပေါင်ကျခြင်း၊ အသည်းအဆီဖုံးခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက စနေသားသမီးကြောင့် အိမ်တွင်းရေးပြဿနာ ပေါ်ပေါက်၍ ရှုပ်ထွေးခြင်း ဖြစ်တတ်သည်ကို အထူးသတိထားပါ။ ငယ်ရွယ်သူများ အချစ်ရေးနှင့်ပတ်သက်၍ ကံဇာတာပွင့်လန်းနေမည်။ လိင်မတူသူတို့၏ စိတ်ဝင်စားခြင်းကို အထူးခံရတတ်သည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကံအနည်းငယ်ညံ့နေမည်။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

BURMESE CLASSIC

ယခုကာလအတွင်း အိုးအိမ်၊ ခြံမြေအရောင်းအဝယ်ကိစ္စများ အဆင်ပြေမည်။ အကျိုးအမြတ်များလည်း ထိုက်ထိုက်တန်တန်ရရှိတတ်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ မကြာခဏ ပြည်ပသို့ ခရီးထွက်ရခြင်းများရှိမည်။ သင့်တွင် ရင်ဆိုင်နေရသော အမှုအခင်းများရှိပါက ဤလအတွင်း ပြီးပြတ်သွားမည်။ အစစအရာရာ အကူအညီပေးနိုင်မည့်သူနှင့်လည်း တွေ့ရတတ်သည်။ မေထုန်ရာသီဖွားများအနေဖြင့် ထူးထူးခြားခြား အခြေအနေတစ်စုံတစ်ရာ ပြောင်းလဲမှုများရှိနိုင်မည်။ ထီထိုးခြင်း၊ ကံစမ်းခြင်းများပြုမည်ဆိုပါက (၃၊ ၇၊ ၀၊ ၁) ဂဏန်းများပါသော ထီကိုထိုးပါ။ ဝန်ထမ်းဖြစ်ပါက မမျှော်လင့်ဘဲ ရာထူးတိုး ပြောင်းရွှေ့ရခြင်းများရှိမည်။ အဖိုးတန်ပစ္စည်းများ လက်ဆောင်ရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားတစ်စုလုံး ဘုရားဖူးခရီးထွက်ခြင်း၊ အလှူအတန်းကုသိုလ် ကြီးကြီးမားမား ပြုရခြင်းများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆစ်အမျက်ကိုက်ခဲခြင်း၊ လေးဖက်နာဆန်ဆန်ဖြစ်ခြင်း၊ လေဖြန်းတတ်ခြင်းများအတွက် သတိထားပါ။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ မင်္ဂလာစကား ပြောရလိမ့်မည်။ ပညာရေးလိုက်စားသူများအနေဖြင့် ပညာရေးတွင် မိမိမျှော်မှန်းထားသလို ဖြစ်မလာတတ်ခြင်းများ ရှိနေမည်။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ဤကာလအတွင်း အဓိက စီးပွားရေးလုပ်ငန်းအနေဖြင့် ရေနှင့်ရေထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စားသောက်ကုန် ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းတို့နှင့် အထူးအကျိုးပေးနိုင်မည်။ သို့သော် အိုးအိမ်၊ ခြံမြေနှင့် ပတ်သက်၍ ပြဿနာဖြေရှင်းရခြင်း၊ အမွေကိစ္စ စကားပြောရခြင်းများသည် မထင်မှတ်ဘဲ ပြဿနာကြီးထွားလာတတ်သည်ကို အထူးသတိထားရန်လိုမည်။ ထို့အပြင် မိသားစုအကြား၊ ဆွေမျိုးများအကြား သွေးခွဲမည့်သူပေါ်ပေါက်တတ်သဖြင့် အလွယ်တကူ ယုံကြည်တတ်မှုများကိုလည်း သတိထားသင့်သည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၇၊ ၁၁၊ ၁၇၊ ၂၂၊ ၂၅၊ ၂၈) ရက်များသည် သင့်အတွက် ကံကောင်းမှုများကိုဖြစ်စေ၍ အဆိုပါရက်နှင့် တိုက်ဆိုင်ပြီး အရေးကြီးကိစ္စ ဆောင်ရွက်ခြင်းနှင့် ထီထိုးခြင်းများကို ပြုပေးသင့်သည်။ ထီထိုးမည်ဆိုပါက (၆၊ ၇၊ ၀၊ ၁) ဂဏန်းများပါသော ထီကိုထိုးပါ။ သင့်အိမ်တွင် ကပ်ဆင်ထားသော ခန်းဆီး၊ လိုက်ကာများ၊ ကုလားထိုင်စွပ်များ၏ အရောင်သည် ပန်းရောင်အနု(သို့) အဝါရောင်အနုကလေးများဖြစ်ပါက အလွန်ကောင်းမည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဆီးကျဉ်၊ ဆီးကိုက်ခြင်း၊ ကျောက်ကပ်ဝေဒနာဖြစ်ပေါ်ခံစားရတတ်ခြင်းများ ရှိမည်။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ခရီးများ အကြိမ်ကြိမ်သွားရတတ်သည်။ တစ်မျိုးထက်မကသောစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်မည်။ ထူးထူးခြားခြား ဝင်ငွေကောင်းခြင်းများရှိမည်။ ဝင်ငွေကောင်းသလိုထွက်ငွေလည်း ကောင်းနေလိမ့်မည်။ ထို့အပြင် လက်အောက်ငယ်သား၊ တပည့်တပန်း အလုပ်သမားကိစ္စတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာများရှိနေမည်။ အိမ်ထောင်ရှင် ဖြစ်ပါက သားယာပျော်ရွှင်ဖွယ် အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်နိုင်မည်။ ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းအချင်းချင်း အဆင်မပြေ ဖြစ်ရတတ်ခြင်းများအတွက် အတတ်နိုင်ဆုံး သည်းခံစိတ်မွေးလိုက်ခြင်းဖြင့် မိမိဆန္ဒရှိသည်များ ဖြစ်လာနိုင်မည်။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၇၊ ၄၊ ၀၊၅) ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မကြာခဏ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာမကြေ အောင့်အန်ခြင်းများ ဖြစ်တတ်သည်။ ငယ်ရွယ်သူများ အချစ်ရေး ဦးစားမပေးပါနှင့်။ အချစ်ရေးကိစ္စကြောင့် မိသားစုနှင့် အဆင်မပြေဖြစ်ရတတ်သည်။ အလုပ်အကိုင်ရှာဖွေနေသူများ၊ စောင့်ဆိုင်းနေသူများ မကြာမီ သတင်းကောင်းများ ကြားရမည်။ သင့်အိမ်သို့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ကြွရောက်လာခြင်း၊ မထင်မှတ်ဘဲ အလှူအတန်းပေးရခြင်းများရှိမည်။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ဤကာလအတွင်း နှုတ်ဖြင့်လုပ်ကိုင်ရသော နှုတ်မှုဆိုင်ရာလုပ်ငန်းများဖြင့် အကျိုးပေးမည်။ ရှေ့နေ၊ ပွဲစား၊ ကျောင်းဆရာ၊ ကျူရှင်ဆရာ စသည့်လုပ်ငန်းတို့မှ စီးပွားဝင်ငွေကောင်းမည်။ သို့သော် လက်ရှိလုပ်ငန်းအပြင် အခြားလုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်နိုင်မည်။ မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ စိတ်အေးအေးထားပြီး လုပ်ကိုင်ပါ။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာမှစေလွှတ်သော ခရီးများသွားရမည်။ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ လာဘ်လာဘဝင်ခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါကလည်း မိမိအိမ်ထောင်ဖက်နှင့် မကြာခဏ ခွဲခွာနေရတတ်သည်။ ကန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၂၊ ၀၊ ၇၊ ၁) ဂဏန်းများပါသော ထီကိုထိုးပါ။ ရပ်ဝေးနေ ဆွေမျိုးများ သင့်ထံသို့ရောက်လာမည်။ ၎င်းတို့အထဲတွင် အင်္ဂါသားသမီး ပါလာပါက သူ့အတွက် စိုးရိမ်ရစရာများ ရှိမည်။ ငွေကုန်ကြေးကျ များရတတ်ခြင်းများလည်း ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းပျက် ဝမ်းလျှောခြင်း၊ အစာအိမ်ရောင်ခြင်း၊ သွေးအားနည်းခြင်းများ ဖြစ်တတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးစန်းပွင့်မည်။ တစ်ယောက်ထက်မကသော ချစ်သူရည်းစား တွေ့ရတတ်သည်။ အိမ်ထောင်ပြုရန် အကြောင်းကိစ္စများလည်း ပေါ်ပေါက်တတ်မည်။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA

## တူရာသီ ♎

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

ယခုကာလအတွင်း တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ အနည်းငယ်ညံ့နေမည်။ ထို့အပြင် အပြိုင်အဆိုင် အတိုက်အခံများလည်း များပြားနေမည်။ သင့်အနေဖြင့် အပြောအဆို သတိထားဆင်ခြင်သင့်သည်။ မိမိအပြောကြောင့် တစ်ဖက်လူ၏ အငြိုးအတေးပြုခြင်း၊ အမုန်းပွားခြင်းများကို ခံရတတ်သည်။ ဝန်ထမ်းဖြစ်ပါက အပျော်အပါးနှင့် အလောင်းအစားဆန်ဆန် စီးပွားရှာလုပ်ကိုင်ခြင်းမျိုးကို ရှောင်ဆင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းမှုရှိသော်လည်း အိမ်ထောင်ဖက်၏ကျန်းမာရေး ညံ့ဖျင်းမှုကြောင့် စိုးရိမ်သောကရောက်ရတတ်မည်။ အလုပ်အကိုင်ရှာဖွေသူများ ယခုလ၏ ပထမပတ်အတွင်း သတင်းကောင်းကြားရနိုင်မည်။ ထီထိုး, ကံစမ်းမည်ဆိုပါက (၆၊ ၅၊ ၂ ၀)ဂဏန်းများပါသော ထီကိုထိုးပါ။ အချစ်ရေးမှာ လူပျိုကြီး၊ အပျိုကြီးများအနေဖြင့် ချစ်သူရရှိပြီး ချစ်ကမ္ဘာလေးတည်ဆောက်နိုင်မည်။ ဤကာလအတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်တို့ အဆင်ပြေကောင်းမွန်စေရန်အတွက် အနီရောင်ကျောက်ကလေးကို မိမိနှင့်အတူဆောင်ထားသင့်သည်။ ပညာရေးလိုက်စားသူဖြစ်ပါက အပြိုင်အဆိုင်များ၊ အခက်အခဲများကြားမှ အဆင်ပြေအောင်မြင်မည်။



## SCORPIO

## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဝင်ငွေကောင်းနေမည်ဖြစ်သော်လည်း အပြောင်းအလဲ တစ်စုံတစ်ရာရှိနိုင်သည်။ သို့သော် လုပ်ငန်းတွင် ယခင်ထက်ပို၍ ဝီရိယစိုက် ကြိုးစားလုပ်ကိုင်ခြင်းဖြင့် ထူးခြားမှုများရှိလာမည်။ မထင်မှတ်ဘဲ ပြည်ပခရီးသွားရန် အကြောင်းကိစ္စများ ပေါ်ပေါက်လာတတ်သည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်အတွင်းမှ လက်အောက်ငယ်သားတစ်ဦးကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် ကြုံရတတ်သည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ခြေဆစ်လက်ဆစ်ရောင်ခြင်းများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၈၊ ၉၊ ၃၊ ၀) ဂဏန်းများပါသော ထီကိုထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက စိတ်ဘဝင်မကျခြင်းများ ရှိနေမည်။ ငွေကြေးကုန်ကျစရာအကြောင်းများ တစ်မျိုးမဟုတ်တစ်မျိုး ပေါ်ပေါက်တတ်မည်။ မရောက်ဖူးသေးသော အရပ်ဒေသများသို့ ယခုကာလအတွင်း ရောက်ရတတ်မည်။ ပညာသင် ကျောင်းသားဖြစ်ပါက မိမိ၏ပညာအရည်အချင်းနှင့် အစွမ်းအစများကို ပြသခွင့်ရရှိမည်။ ဂုဏ်ပြုချီးမြှင့်ခြင်းလည်း ခံရမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် စိတ်ကူးမယဉ်သင့်ပါ။ အချစ်အတွက် စွန့်စားမှုများလည်း မလုပ်သင့်ပါ။



## SAGITTARIUS

## ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

သင်သည် ဤကာလအတွင်း လူမှုရေးကိစ္စများကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နေတတ်မည်။ သို့သော် စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ကိုင်ရန် စီစဉ်ထားမှုအပေါ် ဟန့်တားနှောင့်ယှက်မည့်သူ ပေါ်ပေါက်တတ်မည်။ သင့်အနေဖြင့် အရာရာကို သည်းခံစိတ်မွေးပြီး မိမိရည်ရွယ်ချက်အတိုင်းသာ ဆက်လက်လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သာယာသော အိမ်ထောင်ရေး တည်ဆောက်နိုင်မည်။ သင့်အိမ်တွင် ဟောင်းနွမ်းနေသည့် ပစ္စည်းများ၊ ကျိုးပဲ့ပြီး အသုံးမဝင်တော့သည့် ပစ္စည်းများရှိပါက စွန့်ပစ်လိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေးတွင် ချစ်သူဝိုင်းဝိုင်းလည်နေမည်။ လိင်မတူသူများ၏ စိတ်ဝင်စားခြင်းကို အထူးခံရတတ်မည်။ ဤကာလအတွင်း အချိန်အခါမဟုတ် ခရီးသွားလာခြင်းကို ရှောင်ပါ။ ဓနုရာသီဖွားများအနေဖြင့် ငွေကြေး အစုလိုက် အပြုံလိုက်ဝင်တတ်သဖြင့် ထီထိုးခြင်းအလုပ်ကို မကြာမကြာလုပ်ပေးပါ။ ထီထိုးမည်ဆိုပါက (၁၊ ၄၊ ၀၊ ၅) ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးမှာ ခန္ဓာကိုယ်အောက်ပိုင်းတွင် ထိခိုက်အနာတရ ဖြစ်ခြင်း၊ ဒူးခေါင်းရောင်ခြင်း၊ ကိုက်ခဲခြင်းများ ဖြစ်ပေါ်ခံစားရတတ်သည်။

ဆရာဦးခန့်ကျော်
(အသိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေတုန်းပွင့်ဘုရားဈေးတန်း၊(၉)ရပ်ကွက်၊
သခင်သမ်း၊ ဓရကျော်၊ ဗိုလ်ဗိုလ်တောင်မြို့နယ်၊ ရန်ကုန်မြို့။
✆ ၀၉-၅၁၃၉၈၂၄၁၊ ၀၉-၄၂၁၀၀၅၅၅၆၅



www.burmeseclassic.com